www.burmeseclassic.com

ဝံသကျမ်း

(ဝင် ၉ ဝင် ပေါင်းချုပ် တတိယအုပ်)



# မဟာဝင်ဝတ္ထု နှင့် ဇမ္ဗူဒ္ဒီပဓာတတမ်း

ကျီးသဲလေးထပ်ဆရာတော်

ဒုတိယအကြိမ်

www.burmeseclassic.com

SEIKKU CHO CHO

www.burmeseclassic.com

စိတ်ကူးချိုချိုစာအုပ်

# စံသကျမ်း

(ဝင် ၉ ဝင် ပေါင်းချုပ်၊ တတိယအုပ်)

# မဟာဝင်ဝတ္ထု

နှင့် ဇမ္ဗူဒီပစာတမ်း

ကျီးသဲလေးထပ်ဆရာတော်

၂၀၁၀ ပြည့်နှစ်၊ ဇွန်လ
ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

မဟာဝင်ဝတ္ထုနှင့်ဇမ္ဗူဒီပစာတမ်း

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၂၀၂၉၂၀၅၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၁၀၂၀၂၁၀ ဖြင့်

မျက်နှာဖုံးကို Kyaw Phyu San ရေးဆွဲပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်၊ ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဇွန်လတွင် တန်ဖိုး ၃၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်၊ ညီဝင်းမြင့်

၇၂၆ · ၁၄

ကြိုးသဲလေးထပ်ဆရာတော်

မဟာဝင်ဝတ္ထုနှင့်ဇမ္ဗူဒီပစာတမ်း / ကြိုးသဲလေးထပ်ဆရာတော် ။ - ရန်ကုန်။ စိတ်ကူးချိုချိုစာပေ၊ ၂ ကြိမ်၊ ၂၀၁၀။

စာမျက်နှာ ၂၀၈ မျက်နှာ၊ ၁၂·၅ စင်တီ× ၁၇·၅ စင်တီ

(၁) မဟာဝင်ဝတ္ထုနှင့်ဇမ္ဗူဒီပစာတမ်း

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဘာသာဝင်တို့၏ မဟာဝံသဋီကာလာ ဖြစ်စဉ်ကြောင်းရာ အတ္ထုပ္ပတ်ကို ပြဆိုရေးဖွဲ့သော "ဝံသကျမ်း" ဟူသည့် အမည်အောက်တွင် ဗုဒ္ဓဝင်၊ အနာဂတဝင် စသည်ဖြင့် များစွာသော ကျမ်းဝတ္ထုများ ရှိပါသည်။ ထို ဝံသကျမ်းများတွင်မှ "ဝင် – ၉ – ဝင်" ဟု အသိအမှတ်ပြု အကျုံးဝင်သည့် ကျမ်းဝတ္ထု (၉) ခုကို စုစည်းလျက် အဆိုပါကျမ်းစာများ မကွယ်မပျောက်စေရန်နှင့် ဗုဒ္ဓသာသနာတော်ကြီး တည်တံ့ ထွန်းကားပြန့်ပွားရေး အထောက်အပံ့ဖြစ်ရန် ရည်ရွယ်ကာ ပထမတွဲတွင် (၁) ဗုဒ္ဓဝင်၊ (၂) အနာဂတဝင်၊ (၃) နလာဋဓာတုဝင်၊ (၄) ဒီပဝင်၊ (၅) ဗောဓိဝင် ဟူ၍လည်းကောင်း၊ ဒုတိယတွဲတွင် (၆) ဒါဌာဓာတုဝင်၊ (၇) ထူပဝင်၊ (၈) ရွှေပြည်ဝင် ဟူ၍လည်းကောင်း၊ တတိယတွဲတွင် (၉) မဟာဝင် ဟူ၍လည်းကောင်း (၃) တွဲခွဲ၍ ရိုက်နှိပ်ဖြန့်ချိမည် ဖြစ်ပါသည်။ ယခုအတွဲမှာ တတိယတွဲအဖြစ် သတ်မှတ်သော်လည်း ဦးစွာ စီစဉ်ပြီးဖြစ်သည်ဖြစ်သောကြောင့် အစောဆုံး ထွက်ရှိလာသည့်အတွဲ ဖြစ်ပါသည်။

**စိတ်ကူးချိုချိုစာအုပ်တိုက်**



www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

အာဒိကပ္ပ၊ ကမ္ဘာမမှ၊ စ၍ရေတွက်၊ စဉ်ဆက်မပြတ်၊ ခတ္တိယမျိုး၊ အရိုးသန့်စင်၊ အမြင့်မြင့်တို့၊ ဘုရင်တစ်ဆူ၊ ဇမ္ဗူကွန့်မြူး၊ ချီးကျူးအံ့သြ၊ ပြောပဖွယ်ရာ၊ နယ်ပထဗျာတွင်၊ ရာဇာသမုတိ၊ ဘူပတိဟု၊ နရတိမှန်ကင်း၊မဟာသမ္မတမင်းမှ၊ သက်ဆင်းမပြတ်၊ စပ်ကာစပ်ကာ၊ သကျသာကီယ၊ ဥက္ကာမုခ၊ နဂရဂါမ၊ ဌာနထိုသို့၊ မြို့၏အင်္ဂါ၊ မင်္ဂလာအကြောင်း၊ ဆင်ကောင်းမြင်ကောင်း၊ သူ့ရဲကောင်းနှင့်၊ အောက်မေ့သကြိုဟ်၊ ကျင့်ဆိုလေးပါး၊ ဘုန်းကားဆက်သွယ်၊ မဟာသမ္မတအနွယ်မှ၊ ပြည်နယ်ကပိလဝတ်၊ အထွတ်ထုတ်ဟော၊ သုဒ္ဓေါဒန၊ ဘုရားခမည်းတော်၊ အကျော်ဟိတ်ထပ်၊ သိဒ္ဓတ္ထကုမာရ၊ အဇာတသတ္တု၊ မြတ်ရှုစဉ်လာ၊ ပထမသင်္ဂါယနာတင်၊ ထို့ပြင်ဒုတိယ၊ ဝင်ပြီးမုလျှင်၊ ရာဇရာဇာ၊ ဥဂ္ဂသေနမင်း၊ ဗိန္ဒုသာရမင်း၊ သားတော်ဓမ္မာသောကမင်း၊ တတိယသင်္ဂါယနာတင်ခြင်း၊ သိဟဗာဟုမင်း၊ ဝိဇယမင်း၊ ပဏ္ဍုဝါသုဒေဝမင်း၊ ပဏ္ဍုကာဘယမင်း၊ ဒေဝါနံပိယတိဿမင်း၊ ဧဠာရကျေးမင်း၊ ဒုဋ္ဌဂါမဏိမင်း၊ စစ်တက်စစ်ဆင်း၊ ချင်းနင်းဝင်ရောက်၊ ဖောက်ထွင်းခြင်းရှိ၊ နန္ဒိမိတ္တ၊ စသည့်သူရဲ၊ စွဲမြဲဆက်တွေ၊ အကျယ်ခွဲဝေအပ်သောစကား။ တခြားထိုမှ၊ သာလိကုမာရမင်း၊ သဒ္ဓါတိဿမင်း၊ မဟာစူဠိတိဿမင်း၊ မဟာစူဠကမင်း၊ အာမဏ္ဍဂါမဏိအဘယမင်း၊ နွယ်သင်းမပြတ်၊ ဆက်စပ်ခွဲဝေ၊ အထွေထွေပြခြင်း၊ ရဟန္တာအရှင်တို့၊ ပရိနိဗ္ဗာန်၊ စံဝင်တော်မူကြခြင်း၊ သာသနာတော်ကို ပူဇော်ချီးမြှင့်ခြင်း၊ စသည်များကို ပြဆိုရာဖြစ်သော ဤ **(မဟာဝင်ဝတ္ထု)** စကားပြေကျမ်းကို ရဟန်းရှင်–လူ သပ္ပုရိသကလျာဏတို့ ပသာဒကြေးမုံကို၊ အကုန်အစင်၊ ကြည်လင်နှစ်သက် ဆောင်ရွက်ကြည့်ရှုနိုင်ကြပါစေရန်၊ စီမံသိုက်မြိုက်၊ ပုံရိုက်လုပ်ဆောင် ကောင်းအောင်မပျက်၊ အက္ခရာပဒ၊ အကွက်ကျကျ၊ ဌာနပိုင်းဖြတ်၊ သတ်မှတ်ခွဲဝေ၊ သဝေပုဒ်မ၊ သဘောသဘာဝ၊ မတိမ်းရအောင်၊ အစောင်စောင်သောကျမ်းတို့နှင့်ညှိနှိုင်း၍ တိုင်းတိုင်းထွာထွာ၊ သေချာစေ့စပ်၊ အထပ်ထပ်ပြုပြင်၍၊ စက်တင်ပုံနှိပ်အပ်သော ဤ (မဟာဝင် ဝတ္ထု) စကားပြေကျမ်းကို၊ ပညဝန္တ၊ ကလျာဏတစ်ဆူ၊ ပြုလုပ်လိုသူအပေါင်းတို့၊ မညောင်းမညာ၊ ကောင်းစွာမှတ်သား၊ ထပ်မနားဖြင့်၊ မအားမလပ်၊ မပြတ်ကြည့်ရှုနိုင်ကြပါစေကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com

# ဗဟာ့ဝံသဝိဘာဝိနီနိဒါန်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

(၁) နမဿိတွာန၊ သမ္ဗုဒ္ဓံ၊ သုသုဒ္ဓံ, သုဒ္ဓဝံသဇံ။
မဟာဝံသံ ပဝက္ခာမိ၊ နာနာနူနာဓိကာရိကံ။
(၂) ပေါရာဏေဟိ ကတောပေသော၊ အတိဝိတ္ထာရိတော ကွစိ။
အတီဝ ကွစိ သင်္ခိတ္တော၊ အနေက ပုနရုတ္တကော။
(၃) ဝဇ္ဇိတံ တေဟိဒေါသေဟိ၊ သုခဂ္ဂဟဏ ဓာရဏံ။
ပသာဒ, သံဝေဂ, ကရံ သုသိတောဝ ဥပါဂတံ။
(၄) ပသာဒဇနကေ ဌာနေ၊ တထာ သံဝေဂ ကာရကေ။
ဇနယန္တော ပသာဒဉ္စ သံဝေဂဉ္စ သုဏာထ,တံ။

ဟူသော မဟာဝံသကျမ်း ပဏာမာ ပုဗ္ဗက ဂန္ထာရမ္ဘ လေးဂါထာ လာသည်နှင့်လျော်ညီရာ ကောင်းစွာ စင်ကြယ် ကြီးမြတ်တော်မူသော အသမ္ဘိန္န ခတ္တိယ မဟာသမ္မတနွယ် စစ်၌ ဖြစ်တော်မူသော ငါတို့ သကျဂေါတမမြတ်ဘုရားရှင် ၏ ဆွေတော်မျိုးတော် အနွယ်တော် စသည်တို့ကို ဖော်ပြ ရေးသားသော ကျမ်းကို 'မဟာဝံသန္တိ မဟန္တာနံ ဝံသော တန္တိ ပဝေဏီ မဟာဝံသော, တံ မဟာဝံသံ, မဟန္တာနံ ဝံသပဝေဏိန္တိ အတ္ထော'ဟူ၍ မဟာဝံသဋီကာ ပထမဂါထာ တတိယပါဒဝဏ္ဏနာ စာမျက်နှာ ၁၉–၁၅ ကြောင်း၌ လာ သည်နှင့်အညီ မဟာဝံသကျမ်းဟု ဆိုအပ်၏။ ဤနေရာ၌ 'ဝံသော'ဟူသောပုဒ်ကို ဝနောတိ ပတ္ထရတီတိ 'ဝံသော' သန္တာနောဟူသော ဗျာဒိမောဂ္ဂလ္လာန် ဝိဂြိုဟ်နှင့်လျော်စွာ ဝန,ဓာတ်၊ သ,ပစ္စည်း၊ ဓာတွန်နငယ်ကို နိဂ္ဂဟိတ်ပြု၍ ပုဒ်ပြီးရပ်ပြီး လုပ်နည်း အစီအရင်ကို သိအပ်၏။ ထိုဝံသော ကို ဝံသဟူ၍လည်းကောင်း၊ ဝင်ဟူ၍လည်းကောင်း ဤ မြန်မာနိုင်ငံတော်၌ ခေါ်ဝေါ်သုံးစွဲကြကုန်၏။

ထိုဝင်တို့သည် ၁–ဗုဒ္ဓဝင်ကျမ်း၊ ၂–အနာဂတဝင် ကျမ်း၊ ၃–ဒီပဝင်ကျမ်း၊ ၄–မဟာဝင်ကျမ်း၊ ၅–မဟာဗောဓိ ဝင်ကျမ်း၊ ၆–ဒါဌာဓာတုဝင်ကျမ်း၊ ၇–နလာဋဓာတုဝင် ကျမ်း၊ ၈–ဆကေသဓာတုဝင်ကျမ်း၊ ၉–ဓာတုဝင်ကျမ်း၊ ၁၀–မဟာထူပဝင်ကျမ်း၊ ၁၁–စူဠထူပဝင်ကျမ်း၊ ၁၂–ဟတ္ထ ဝနဂလ္လ ဝိဟာရဝင်ကျမ်း၊ ၁၃–ဂန္ထဝင်ကျမ်း၊ ၁၄–စူဠဂန္ထဝင် ကျမ်း စသည်ဖြင့် ၉–ဝင်မက များစွာ ရှိကြကုန်၏။ ၎င်း ဝင်တို့တွင် ဗုဒ္ဓဝင်ပါဠိတော်ကို ဘုရားဟောတော်မူသည်။ ပေယျာလဖော်သော် ဂါထာ ၁၄၅၈ မျှ ရှိသည်။ မဓုရတ္ထ ဝိလာသိနီ အမည်ရှိသော ဗုဒ္ဓဝင်အဋ္ဌကထာပါဠ်ကို ဇမ္ဗူဒိပ် ကျွန်း တောင်ပိုင်း စောဠတိုင်း ကာဝီရ ပဋ္ဋနမြို့ ကဏှ ဒါသကျောင်းနေ အရှင်ဗုဒ္ဓဒတ် စီရင်တော်မူသည်။

ဗုဒ္ဓဝင်ဋီကာပါဠ်ကို ၁၂၁၁ ခုက အရှင်သောဘိတ။ ဗုဒ္ဓဝင်ပါဠိတော် နိဿယဟောင်းကို ၁၁၂၂ ခု ရွှေဘိုမြို့၌ နန်းတက်သော မင်းလက်ထက် စစ်ကိုင်း တောရနေ အရှင် သဒ္ဓမ္မဓဇတ။ ဗုဒ္ဓဝင် ပါဠိတော် နိဿယသစ်ကို အမရပူရ ပထမမြို့တည်နန်းတည် မင်းလက်ထက် ပြာသာဒ်ကျောင်း ဆရာတော် အရှင်သာရဒဿီ။ ၎င်းတစ်စောင်ကို ကဝိန္ဒာ ဘိဝံသ စသော တံဆိပ်နှစ်ထပ်ရ ပင်းဆရာတော်ကလေး ဦးလွမ်းပြေ။ ၎င်းတစ်စောင်ကို ၁၂၇၃ ခုနှစ်က မှော်ဘီမြို့ အရှေ့ ရွှေပြည်ညောင်တောရ အရှင်ဥတ္တရ ဓိဝထေရ်။ ၎င်းတစ်စောင်ကို ၁၂၈၈ ခုက မန္တလေးမြို့ မိုးဃ်းထိတိုက် ကျောက်စာကြပ်ဆရာတော် အရှင်ဇာဂရ မဟာထေရ်။ သီဟိုဠ်ဘာသာ မဓုရတ္ထပကာသိနီမည်သော ပဒတ္ထဗျာ ချာနိဿယကို သာသနာတော် ၂၄၃၃ ခု၊ သက္ကရာဇ် ၁၂၅၁ ခု က သီဟိုဠ်ကျွန်း ဆေလဝိမ္ဗာရာမ ဝိဟာရဝါသီ သီလက္ခန္ဓ မဟာထေရ် ခုနစ်ဆယ်လေးရက်နှင့်အပြီး။ ဗုဒ္ဓဝင်အဋ္ဌကထာ နိဿယကို ရတနာပုရစတုတ္ထ မြို့တည် နန်းတည် ဘကြီးတော်

www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကြီးလက်ထက် အာဒိစ္စဝံသာဘိဓဇမဟာဓမ္မရာ ဇဂုရု တံဆိပ်တော်ရ ပထမ ငါးခုန်ဆရာတော် နယုန် လဆန်း ၁၀ ရက်နေ့ကစ၍ ရက်ပေါင်း ၈၀ နှင့် အပြီး သက္ကရာဇ်မပါ။ ဗုဒ္ဓဝင်ဝတ္ထုကို အမည်မသိ ဆရာ။ ဂါထာ ၁၄၂ ရှိသော အနာဂတဝင်ပါဠိတော်ပါဌ်ကို ဘုရား ဟောဟု ၎င်းအဋ္ဌကထာ၌ ဆိုသည်။ အနာဂတဝင် ပါဠိ တော်နိသျကို စလင်းမြို့ တောင်ဘက် သမန်းရင်းရွာ၌ ဦးကျော်ဇံအိမ်– မယ်လိုလေးတို့၏သား ၁၁၇၇ ခု၊ ဝါဆိုလပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့ဖွား ယေ်မည် ဦးယံ၊ ရှင်ဘွဲ့– ရဟန်းဘွဲ့ ရှင်ကေလာသဘ ရဟန်းနှစ်ဝါရ လူထွက်၍ ရွှေဘို၊ ပုဂံ၊ မင်းတုံး၊ သီပေါမင်းတို့လက်ထက် အမှုတော်ထမ်း၍ မင်းကြီးမဟာသိရိဇေယျသူဘွဲ့ရ မိုင်းခိုင်း မြို့စား နန်းမတော် ဝန်ကြီးသည် ၁၂၃၉ ခု၊ တပေါင်းလ ဆန်း ၉ ရက်၊ ၂– နေ့က။ ၎င်းဝန်ကြီးကို ၁၂၅၃ ခု၊ ဝါခေါင် လပြည့်ကျော် ၂ ရက်၊ ၆–နေ့ ကွယ်လွန်သည်ဟု ဆိုကြကုန် ၏။ ၎င်း အနာဂတဝင်၏ အဖွင့် သမန္တဘဒ္ဒိကာ အမည်ရှိ သော အနာဂတဝင် အဋ္ဌကထာပါဌ်ကို သီဟိုဠ်ကျွန်း ဓာတု သေနမင်း၏ ကာဠဝါပီကျောင်းတော်နေ အရှင်မဟာဥပတိ ဿထေရ်။ ၎င်းနိသျကို အမည်မသိဆရာ။ ဘုရားလောင်း တစ်ကျိပ်ကိုပြရာ အစက စုဏ္ဏိယအဆုံးအနီး ဂါထာ ၄၀ ရှိ ဒသဗုဒ္ဓ အနာဂတဝင်ပါဌ်ကို အမည်မသိဆရာ။ ၎င်းမယ် အနာဂတဝင်ဟူ၍လည်း ဆရာကြီးတို့ ဆိုကြကုန်၏။

ဒီပဝင်ကို သီဟိုဠ်ဘာသာဖြင့် ရှေးမဟာထေရ်တို့ ဂါထာ ၁၃၁၁ ရှိ မာဂဓဘာသာ ဒီပဝင်ကို အမည်မသိ ဆရာ။ ၎င်း နိသျကို ၁၂၃၅ ခု၊ တပေါင်းလဆန်း ၈ ရက် တနင်္လာနေ့က မန္တလေးမြို့ ဒက္ခိဏာရာမတိုက် ပထမ ဆရာတော်ဘုရားကြီး။ 'သာသန ဓောတိကာ'အမည်ရှိသော ဒီပဝင် ဋီကာပါဌ်ကိုလည်း ၎င်းဘုရားကြီး ဆရာတော်ဘုရား ကြီးပင်။ ဒီပဝင်နိသျ ပြီးသောနေ့အပြီး ဒီပဝင်ဋီကာနိသျ ကိုလည်း ၎င်းဘုရားကြီး ဆရာတော်ဘုရားကြီးပင် ဒီပဝင် ဝတ္ထုကို အမည်မသိဆရာ။ မဟာဝင်အဋ္ဌကထာအကျယ်ကို သီဟိုဠ်ဘာသာဖြင့် ရှေးမဟာထေရ်တို့။ မာဂဓဘာသာ ဂါထာပါဌ် ၃၆ ပိုင်းနှင့် ဂါထာ ၅၀ ကို မဟာနာမထေရ်။ ၎င်းအကြောင်းသည် နောက်၌ ထင်ရှားလတ္တံ့။ ၃၇ ပိုင်းမှ ၇၃ ပိုင်းအထိ။ မဟာဝင်ပါဌ် နောက်ဆက်တွဲကို သီဟိုဠ် မဟာထေရ် အဆက်ဆက်တို့။ ၎င်းကိုပေါင်းသော် အပိုင်း ၁၀၀ ဂါထာ ၉၀၀၀ ကျော် ရှိသည်။ မဟာဝင်နိသျဟောင်း ကို **ကဝိန္ဒာ** ဘိသဒ္ဓမ္မဓရ ဓဇမဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ ဆရာတော်။ ၎င်းနိသျသစ်ကို နန်းမတော်ဝန် မိုင်းခိုင်းမြို့ စား ပိဋကတ်တော်အုပ် **ဦးယံ**နှင့် စာတော်ပြင် နေမျိုးဓမ္မ ကျော်သူဘွဲ့ခံ **ဦးဘား**။ 'ဝံသတ္ထပ္ပကာသိနီ' အမည်ရှိသော မဟာဝင်ဋီကာပါဌ်ကို အမည်မပါ သီဟိုဠ်ဆရာတော်။ ၃၆ ပိုင်းနှင့် ဂါထာ ၅၀ မှ နောက်ပိုင်းတို့၌ ဋီကာမရှိ။ ဂါထာ ၃၀၀၀ ခန့် စုဏ္ဏိယ မဟာဗောဓိဝင် ပါဌ်ကို အနာဂတဝင် အဋ္ဌကထာပါဌ် ဆရာ မဟာဥပတိဿထေရ်ကိုပင် သီဟဠ ဘာသာမှ မာဂဓဘာသာသို့ ပြန်ထားသည်။ မဟာဗောဓိဝင် ဋီကာပါဌ်ကို သာသနာ တော် ၁၇၄၇–ခု သက္ကရာဇ် ၅၆၅– ခု၊ ဝါခေါင် လဆန်း ၁၃ ရက်၊ ၄–နေ့က ပုဂံပြည်ပေါင် လောင် ရှင်မဟာကဿပ။ ၎င်းဋီကာနိသျကို အမည်မသိ ဆရာ။ မဟာဗောဓိဝင် သီဟိုဠ် နိသျကို အမည်မသိ သီဟိုဠ် ဆရာ။ မဟာဗောဓိဝံသ သီဟိုဠ်ဘာသာ ဂဏ္ဌိပဒဝိဝရဏယ ကို သာသနာတော် ၁၈၄၆ ခု ခန့်က 'ဝိလ်ဂမ်မုဠ' သံဃ ရာဇာ သီဟိုဠ်မဟာထေရ်။ သီဟဠဘာသာ 'မဟာဗောဓိဝံ သတ္တဝဏ္ဏနာ'ကို သက္ကရာဇ် ၁၁၁၄ ခု၊ ဝါဆိုလပြည့် ၁– နေ့က။ ရဟန်းတော်ဖြစ်သော သျှာမနိကာယိက–မူလသင် ရာဇာ။ ပိဋကပါတိက'သရဏင်္ကရ'ထေရ်။ **ဒါဌာဓာတုဝင်** သီဟိုဠ်ဘာသာကို ရှေးသီဟိုဠ် ဆရာတော်တို့။ ၎င်းကို သာရတ္ထဒီပနီဋီကာဆရာ၏တပည့် အရှင်ဓမ္မကိတ္တိ မဟာ ထေရ်မာဂဓဘာသာသို့ ပြန်၍ထားသည်။ ၎င်းထေရ်သည် သာသနာတော် ၁၇၉၄ ခု၊ သီဟိုဠ်ကျွန်း ဇမ္ဗုဒေါဏိမြို့၌ နန်းတက်သော 'ကလိကာလ သာဟိစ္စ သဗ္ဗညုပဏ္ဍိတ ပရက္ကမဗာဟု' ဘွဲ့တံဆိပ်တော်ခံ မင်းလက်ထက် ဇမ္ဗူဒိတ် ကျွန်းတောင်ပိုင်း တမ္ဗတိုင်းမှ ပင့်၍ သီဟိုဠ်ကျွန်း၌ ကိုးကွယ တော်မူသည်ဟု မဟာဝံသပါဌ် ၈၄ ပိုင်း စာမျက်နှာနံပါတ် ၅၅၆ ၌ဆိုသော မဟာထေရ်ပင် ဖြစ်ဖွယ်ရာရှိသည်။ ၎င်း သည် ဂါထာ ၄၁၅ ရှိသည်။ သာသနာတော် ၈၄၆ ခုနှစ်၊ သီဟိုဠ်ကျွန်း၌ နန်းတက်၍ ၂၈ နှစ် နန်းစံသော ကိတ္တိသိရိ မေဃဝဏ္ဏမင်း၏ နန်းစည်း စိမ် ၉ နှစ်၊ သာသနာတော် ၈၅၅ ခုနှစ် ဇမ္ဗူဒိပ်ကျွန်း ကာလိင်္ဂတိုင်း ဒန္တပုရမြို့တော်မှ လက်ဝဲအောက် စွယ်တော် ရောက်လာသည်ကိုဆိုသည်။ ၎င်း နိသျကို ၁၂၄၀ ပြည့်နှစ် တော်သလင်းလဆန်း ၇ ရက်၊ တနင်္လာနေ့က။ မိုင်းခိုင်း မြို့စား ဦးယံ။ ၎င်းသီဟိုဠ်နိသျကို သီဟိုဠ်ဆရာ။ 'သာရ ဓနာနန္ဒ ဝိကာသိနီ' အမည်ရှိသော ဒါဌာဓာတုဝင်ဋီကာပါဌ်ကို သီဟိုဠ်ကျွန်း အနုရာဓမြို့ အရှင် မဟာသာမိထေရ်။ ဒါဌာဓာတုဝင် ဝတ္ထုကိုအမည်မသိဆရာ။ ဒါဌာဝံသ ဂီတိကျမ်းကို ၁၂၈၅ ခုက ငါးသိုင်းချောင်းမြို့

www.burmeseclassic.com

www.burmeseclassic.com



အရှင်ပညာဝဏ္ဏထေရ်။ ၎င်းကျမ်း၌ ဂါထာ ၄၁ဝ–ရှိသည်။ နလာဋဓာတုဝင်ပါဠ်ကို အမည်မပါ သီဟိုဠ်ဆရာ။ ၎င်းဋီကာပါဠ်ကို အမည်မသိ သီဟိုဠ်ဆရာ။ ဆကေသဓာတုဝင်ပါဠ်ကို အမည်မသိဆရာ။ ၎င်းနိသျကို အရိယဝံသအာဒိစ္စရံသီ မဟာထေရ်ခေါ် ဒုတိယ မုံရွေးဇေတဝန် ဆရာတော်။ ၎င်းသီဟိုဠ်ဘာသာ ဘာဝတ်သန္နယကို သီဟိုဠ်ကျွန်း အမရပုရ နိကာယိက ဝိမလဗုဒ္ဓိတိဿ ထေရ်။ ဓာတုဝင်ပါဠ်ကို အမည်မသိဆရာ။ မဟာထူပဝင် ပါဠ်ကို သီဟိုဠ်ကျွန်း ဓမ္မုဒေါဏိမြို့၌ သာသနာတော် ၁၇၄၉ ခု၊ နန်းတက်သော မင်း၏လက်ထက် မဟိန္ဒသေန ကျောင်းနေ အရှင်ဝါစိဿရ ထွေရပါဒ။ စူဠ ထူပဝင်ပါဠ်ကို အမည်မပါ သီဟိုဠ်ဆရာ။ မဟာစူဠနှစ်ဝသော ထူပဝင်တို့ပင် 'ဟေမမာလီ'အမည်ရှိသော မဟာစေတီ၏အကြောင်းကို ဆိုသည်။ အကျယ်အကျဉ်းမျှသာ ထူးသည်။

ဟတ္ထဝနဂလ္လဝိဟာရဝင်ကို အမည်မပါ သီဟိုဠ်ဆရာ။ ၎င်းသီဟဠဘာသာနိသျကို အမည်မသိဆရာ။ ဂန္ဓဝံသပါဠ်ကို အမည်မသိဆရာ။ ဂန္ဓဝံသနိသျကို ကျီးသဲလေးထပ်ဆရာတော် အရှင်မုနိန္ဒာဘိဓဇ။ စူဠဂန္ဓဝံသပါဠ်ကို ဟံသာရဋ္ဌဇာတိ နန္ဒပညာထေရ်။ ရွှေပြည်ဝင်ဝတ္ထု၊ ရွှေပြည်ဝင်ပျို့တို့ကို အမည်မသိဆရာ။ သာသနာဝံသပ္ပဒီပိကာပါဠ်ကို သက္ကရာဇ် ၁၂၂၃ ခုက ပညာသာမိ သိရိ ကဝိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်တော်ရ မောင်းထောင်ဆရာတော်ကြီးသည် မြန်မာဘာသာဖြစ်သော (သာသနာလင်္ကာရစာတမ်း)ကို ပါဠိဘာသာသို့ ပြန်ထားသည်။ သာသနဝံသဒီပနီကျမ်းကို မုံရွေးဇေတဝန်ဆရာတော်။ သာသနာဝံသဒီပပါဠ်ကို သာသနာတော် ၂၄၂၃–ခုက သီဟိုဠ်ကျွန်း အမရပုရနိကာယိက ဝိမလသာရမဟာထေရ်။ ၎င်းပါဠ်၌ ၁၂ ပိုင်း ဂါထာ ၁၆၇၁ ရှိသည်။ ၎င်း သီဟဠဗျာချာ နိသျကို အမရပုရနိကာယိက ဉာဏတိလကထေရ်။ ဇိနဝံသဒီပကာဗျပါဠ်ဂါထာ ၂ဝဝဝ ကို သီဟိုဠ်ကျွန်း ပါဏဒူရမြို့ အဘယကရဏာရတနမုဒ္ဒိဠ်နှာ ရာမကျောင်းတိုက် မေဓာနန္ဒထေရ်၊ ၎င်းကျမ်းသည် သန္တိကေနိဒါန်း၌ ဆုံးသည်။ သီဟိုဠ်ဘာသာ ၎င်းနိသျကို ၎င်းထေရ်ပင်။ ပုဂံမဟာရာဇဝင်ပါဠ်ကို ပေါက်ကန်မြို့ ငှက်ပစ်တောင်ကျောင်းဆရာတော် အရှင်ဂေါဓာဝရထေရ်။ ပုဂံရာဇဝင်ပါဠ်ကို ပုဏ္ဏားဗြာဟ္မဏဆရာ။ ပုဂံရာဇဝင်တစ်စောင်ကို အမည်မသိဆရာ။ တောင်ငူရာဇဝင်ကို အမည်မသိဆရာ။ ရာဇဝင်ကျော်ကို တောင်တွင်းဆရာတော် အရှင်မဟာသီလဝံသထေရ်။ ရာဇဝင်ချုပ်ကို မြောက်နန်းကျောင်းဆရာတော် အရှင်အဂ္ဂဓမ္မာလင်္ကာရထေရ်။ သထုံရာဇဝင်ဟောင်းကို အမည်မသိဆရာ။ မွန်ရာဇဝင်ကို အမည်မသိဆရာ။ ဇင်းမယ်ရာဇဝင်ကို မဟာရတနာပုံ တိုက်စိုးစည်သူ ဂါမဏိသင်္ကြံ။ ရခိုင်ရာဇဝင်၊ ယိုးဒယားရာဇဝင်၊ တရုတ်ရာဇဝင်ကို အမည်မသိဆရာတို့။ ပူတကေ ရာဇဝင်ခေါ်သော ပေါ်တုဂီရာဇဝင်ကို ဘရင်ဂျီဘုန်းကြီး ဒေါင်ဘီနာရှုနှင့် အခွန်ဝန် သီရိဇေတရုတ်ကျော်တို့။ အိန္ဒိယနိုင်ငံသားတို့၏ ရာဇဝင်အကျဉ်းချုပ်ကို ဟန်တာအမည်ရှိသောသူ။ သံလျင်ရာဇဝင်ကို အမည်မသိဆရာ။ ပုသိမ်ရာဇဝင်ကို တိုင်းရင်းသားပညာဝန် မောင်ဖိုးကျား။ သထုံရာဇဝင်ပေါင်းချုပ် ကျမ်းသစ် မုတ္တမရာဇဝင်ပေါင်းချုပ်၊ ကရင်ရာဇဝင်တို့ကို ဆရာကြီး ဦးပညာ။ ရာဇဝင်ချုပ်ကို မိုင်းခိုင်းအတွင်းဝန် ဦးယံ။ မဇ္ဈိမဒေသရာဇဝင် သီဟိုဠ်ရာဇဝင်တို့ကို အမည်မသိဆရာတို့။ မဟာရာဇဝင်ကြီး၊ ရာဇဝင်လတ်၊ ရာဇဝင်ချုပ်တို့ကို ၁ဝ၇၆ ခုနှစ် နန်းတက်သော ဆင်ဖြူရှင်လက်ထက် သူဌေးသား မောင်ကုလား။ မဟာရာဇဝင်သစ်ကို တွင်းသင်းတိုက်ဝန် မဟာစည်သူဘွဲ့ခံ ဦးထွန်းညို။ မဟာရာဇဝင်တော်တစ်မူကို **အရိယဝံသအာဒိစ္စရံသီ မုံရွေးဇေတဝန် ဒုတိယဆရာတော် ဦးနီး**။ မှန်နန်း မဟာရာဇဝင်တော်ကြီးကို ၁၁၈၁–ခု နန်းတက်သော ရတနာပုရ စတုတ္ထမြို့တည် နန်းတည် ဘကြီးတော် မင်းတရားကြီးလက်ထက်တော် ရဟန်းပညာရှိ ပုဏ္ဏားပညာရှိ အမတ်ပညာရှိအပေါင်းတို့။ ဒုတိယ ကုန်းဘောင် မဟာရာဇဝင်တော်ကို မိုင်းနိုင်းပိဋကတ်တော်အုပ် ဦးယံ။ ဧဿဝတီ ရာဇဝင်သစ်ကို ပဲခူးမြို့ **မင်းကျောင်းဆရာတော် ဦးပဏ္ဍိတ**။ ရာဇဝင်ချုပ် ၅၅ ဂါထာပါဠ်နိသျကို ကဝိန္ဒာဘိ သိရိ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရုတံဆိပ်တော်ရ အမရပုရ ရတနာဘုံကျော် ညောင်ကန်ဆရာတော်။ ၎င်းအဖွင့် မဟာရာဇဝင်ကြီး ဋီကာပါဠ်နိသျကို ပညာသီဟ သာသနာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရုတံဆိပ်တော်ရ ရတနာပုံ မြို့တော်မြောက်ပြင် မဟာဓေမိကာရာမ သစ်ဆိမ့်တိုက် **သစ်ဆိမ့်ဆရာတော်** ဘုရားကြီး။ ရာဇဝင်ညွှန့်ကို ဦးရှင်ကလေး ပြုစုစီရင်သည်။

ယခု ပြဆိုခဲ့သော ဝံသကျမ်း အမျိုးမျိုးတို့တွင် ပဇ္ဇ၊ ပဒေါ၊ ရဝံသ အမည်ရှိသော ဂါထာ မဟာဝံသပါဠ်ကို သီဟိုဠ်ကျွန်း အနုရာဓမြို့တော် မဟာမေဃဝနုယျာန အမည်ရသော မဟာမေဃဝန်ကျောင်းတိုက်အတွင်း ဒီဃသန္ဒကသေနာပတိ၏ စူဠပါသာဒအမည်ရှိသော ပြာသာဒ်ကျောင်းနေ အရှင်မဟာနာမ မဟာထေရ် စီရင်တော်မူသည်။ ၎င်း

www.burmeseclassic.com

www.burmeseclassic.com



မဟာဝင်ပါဠိ ၃၆ ပိုင်းနှင့် ဂါထာ ၅၀ ရှိ ရှေ့ပိုင်းကိုပေါင်းသော် သီဟိုဠ်စာအုပ်မူအလို ဂါထာပေါင်း ၂၇၀၅ ရှိသည်။ ကဝိန္ဒာဘိ သဒ္ဓမ္မဇရ ဓဇမဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ ဆရာတော်၏ မဟာဝင်နိသျှဟောင်း နိဂုံးအလို ဂါထာပေါင်း ၂၈၃၇ ရှိသည်။ မဟာဝင်ပါဠိနောက်ပိုင်းကို မြန်မာပြည်၌ စူဠဝင်ပါဠိဟု အချို့ဆရာတို့ ခေါ်ဝေါ်ကြကုန်၏။ ဆန္ဒောသာရတ္ထ ဝိကာသိနီဋီကာ နိဂုံးအဖွင့်၌ မဟာဝင်ပါဠိ ၅၇ ပိုင်း စာမျက်နှာ ၃၄၀၊ ၃၆–ဂါထာကိုပင် တထာဟိဝုတ္တံ မဟာဝံသေ။ ဥဒ္ဒိဿာရာမနံ သမ္မာ–စသည်ဖြင့် ပုဂံမြို့ ဉာဏသဒ္ဓမ္မဆရာတော် မိန့်တော်မူ၏။ သီဟိုဠ်ကျွန်း၌ ပဒ္မပဒေါရုဝံသ၊ မဟာဝံသပစ္ဆိမဘာဂ ဟူ၍ပင် ခေါ်ဝေါ်ကြကုန်၏။ သီဟိုဠ်မင်းဆက်လည်း ၁၀၈ ဆက် ရှိသည်။ သာသနာတော် ၂၃၅၉–ခုနှစ် သက္ကရာဇ် ၁၁၇၇–ခုနှစ်၊ သီဟိုဠ်တစ်ကျွန်းလုံးကို အင်္ဂလိပ်အစိုးရမင်းတို့ လက်ရသိမ်းယူသည်တိုင်အောင် မဟာဝင်ပါဠိ ရှိသည်။ ၎င်းမင်းဆက်ကို မဟာဝင် နောက်ဆက်တွဲ၌ ရှုကြည့်ကြပါကုန်။

မဟာဝင်ကျမ်းကို 'ပဒ္မပဒေါရုဝံသ'အမည်မှည့်ခြင်း၏ အကြောင်းကား သက္ကတဘာသာဖြင့် ဂါထာကို ပဒျခေါ်သည်။ မာဂဓဘာသာဖြင့် ဂါထာကို ပဇ္ဇခေါ်သည်။ ထိုပဒ္မသဒ္ဒါသည် ခရီးဟော ခြေတို့၏အကျိုးငှာ စီရင်အပ်သော ခြေဆေးရေ ခြေနယ်ဆီ စသည်ဟော ဂါထာဟောဟူ၍ သုံးမျိုးရှိ၏။ ပဇ္ဇေန ကတေန အတ္တနာ (သဘိယာတိဘဝဂါ) ဟူသော ခုဒ္ဒကနိကာယ် သုတ္တနိပါတ် ပါဠိတော်၊ (၃) မဟာဝဂ်၊ (၃၂) သဘိယသုတ်၊ သု–၂၆၃။ မဟာနိဒ္ဒေသ ပါဠိတော်၊ (၃) ဒုဋ္ဌဋ္ဌကသုတ္တနိဒ္ဒေသ၊ သု–၄၉။ ပဇ္ဇေန ကတေန အတ္တနာတိ ဂါထာယအယံ ပိဏ္ဍတ္ထော။ ယော အတ္တနာ ဘာဝိတေန မဂ္ဂေန ပရိနိဗ္ဗာနဂတောဟူသော သဒ္ဓမ္မပဇ္ဇောတိကာ အမည်ရှိသော မဟာနိဒ္ဒေသဋ္ဌကထာ (၃) သုတ္တဝဏ္ဏနာ၊ ယိုးဒယားစာအုပ် မျက်နှာနံပါတ် ၂၄၈ စသည်တို့၌ မဂ်ခရီးဟော လာ၏။ အာသနံ ဥဒကံ ပဇ္ဇံ၊ မဓုသာကဥ္စ ဗြဟ္မနော‌ဟူသော သုတ်မဟာဝါပါဠိတော် (၆) မဟာဂေါဝိန္ဒသုတ်၊ ၁၇၂ ဣဒံပဇ္ဇံ ပါဒါနံ ဟိတတ္တာယ အဘိသင်္ခတံ တေလံ စသော ၎င်းအဋ္ဌကထာ သီ–၄၇၁။ သု–၂၃၀။ သီဟိုဠ် စရိယာ ပိဋကအဋ္ဌကထာ ၄၀–စ သည်တို့၌ ခြေတို့၏အကျိုးငှာ စီရင်အပ်သော ရေစသည် ဟောလာ၏။ (၁၀၃၅) ပဇ္ဇံ သိလောကော ပဇ္ဇော၊ ဗဒ္ဓေ၊ ပဇ္ဇော ပါဒ ဟိတေတိသုဟူသော အဘိဓာန်၊ အနေကတ္ထဝဂ် အထွက် နပုလ္လိင်ပဒ္မသဒ္ဒါ၊ (၁၀၃) အာနန္ဒာ လ–ထေရာ

လိနာ ရစိဘာ ပဇ္ဇ မဓုမ္ပိဗန္တုပြဟူသော ရူပသိဒ္ဓိဆရာ စောဠိယ အရှင်ဗုဒ္ဓပ္ပိယ၏ ပဇ္ဇမဓုပါဠိ (၈) ပဇ္ဇ, ဂဇ္ဇ, ဝိမိဿာနံ၊ ဘေဒေနာယံ တိဓာဘဝေ၊ ဟူသော သုဗောဓာလင်္ကာရပါဠိ၊ (၈) တတ္ထ ပဇ္ဇံနာမ အမေဟိ ယေဝ ဝိရစိတ ဝုတ္တောဒယာ' ချေ–ဆန္ဒသိ နိရူပိတာ ဝုတ္တဇာတိပ္ပဘေဒါ စတုပ္ပဒါဒိ။ လ။ ယေဝ။ လ။ ဂဇ္ဇံနာမ ပါဒသန္တိဋ္ဌာနရဟိတောသျာဒျန္တ တျာဒျန္တ ပ္ပဗန္ဓော၊ အလင်္ကာဋီကာဟောင်း ၂၁။ (၈) ပဇ္ဇ–ဂဇ္ဇ ဝိမိဿာနံ ဘေဒေန–ဂါထာ စုဏ္ဏိယ, တဒုဘယမိဿ ကာနံ ဝသေန–တိဓာဘဝေ ဟူသော အလင်္ကာဋီကာသစ် စသည်တို့၌ ဂါထာ ဟောလာ၏။ (၈၁၉) ပဒံဌာနေ ပရိတ္တာဏေ၊ နိဗ္ဗာနမိုစကာရဏော။ သဒ္ဒေ, ဝတ္ထုမှိ, ကောဋ္ဌာသေ၊ ပါဒေ, တလ္လဥ္ဆ နေ့,မတံဟူသော အဘိဓာန်လာပဒ၏ ပရိယာယ် ၉–ချက် အနက်တို့တွင် ပဒံနာမ။ လ။ ယဥ္စပဒံ ယဥ္စ အနုပဒံဟူသော ပါစိတ်ပါဠိတော် ၂၃။ တေသု ဗျဉ္ဇန ပဒါနိ ပဒ္မတိ အတ္တော ဧတေဟီတိ ပဒါနိဟူသော နေတ္တိ အဋ္ဌကထာ၊ သင်္ဂဟဝါရ ဒုတိယဂါထာဝဏ္ဏနာ။ ၁၀။ ၁ဂံ၊ ပဒ္မတိ အဝဗုဇ္ဈိယတိ ဧတေနာတိဟိ ပဒံဟူသော အဋ္ဌသာလိနီ မူလဋီကာ တိကမာတိကာ ဝဏ္ဏနာ ၂၆ စသည်တို့၌ အက္ခရာ အပေါင်းတည်းဟူသော သဒ္ဒါဟော ပဒဖြစ်ရာ၏။

ဥရုသဒ္ဒါသည် သဲဟော အကြီးဟော နှစ်မျိုးလာ၏။ ဦရုသဒ္ဒါကား ပေါင်ဟောတည်း။ ဥရုဝေလာယန္တိ မဟာဝေလာယံ၊ မဟန္တေ ဝါလိကာရာသိမှိတိ အတ္ထော။ လ။ ဥရုဝေလာတိ ဝေမေတ္တ အတ္ထော ဒဋ္ဌဗ္ဗောဟူသော မူလပဏ္ဏာသဋ္ဌကထာ (၂၆) အရိယ ပရိယေသန အမည်ရှိသော ပါသရာသိ သုတ္တဝဏ္ဏနာ ၇၁–၇၂။ စတုက္ကင်္ဂုတ္တိုရ်၏ အဋ္ဌကထာ ၂၆၀–၂၃၁။ ဝိနည်းမဟာဝါအဋ္ဌကထာ။ ၂၁၀။ သီ ၁၄၈။ ပရမတ္ထဒီပနီ အမည်ရှိသော ဥဒါန်းအဋ္ဌကထာ (၁) ဗောဓိဝဂ် (၁) ဗောဓိသုတ်အဖွင့် သီဟဠအက္ခရာ။ ၁၈။ မဟာဝင်ဋီကာ သီဟဠအက္ခရာ ၁၂–ဂါထာအဖွင့် ၅၃။ ၁ ဂံ၊ သဲဟော လာ၏။ ဥရု မရု သိကတာ ဝါလုကာ ဝဏ္ဏုဝါလိကာတိ ဣမေ သဒ္ဒါ သမာနတ္ထာ၊ ဗျဉ္ဇန မေဝ နာနံဟူ၍ မူလ ပဏ္ဏာသဋီကာ ၂၆ ပါသရာသိသုတ် အဖွင့် ၁၀ ကြောင်းပေ၊ ၈–ချပ်၊ ကျောဘက် ၂–ကြောင်း။ စတုက္ကင်္ဂုတ္တိုရ်ဋီကာ ၂၁။ မဟာခန္ဓကအဖွင့်။ တေရသကဏ်ဋီကာ ၂၄၄။ သု–၌ သဲဟော ပရိယာယ် ၆ ပုဒ်လာ၏။

(၃၃) ဝေသာလိ မဟာဝနတော၊ ထေရောရု ဗုဒ္ဓရက္ခိတော။
အဒ္ဓာရသ သဟဿနိ၊ ဘိက္ခူ အာဒါယ အာဂမာ။

ဟူသော မဟာဝင် ၂၉ ကျေနတိ သတိမပရိစ္ဆေဒ။ သီဟိုဠ်စာ–၁၉၁၈–ခု ပုံရိုက် ၁၅၉။ (၃၃) ထေရောရု

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓရက္ခိတောတိ, မဟာဗုဒ္ဓရက္ခိတတ္ထေရော။ ဥရုသဒ္ဒေါ မဟန္တတ္ထေ ဝတ္တတိဟူသော သီဟိုဠ်စာလုံးဖြင့် သာသနာတော် ၂၄၃၈–ခု၊ ခရစ်ယာန်နှစ် ၁၉၈၅–ခု၊ သီဟိုဠ်ကျွန်းကောင္ဍမ္ဗိုမြို့ အစိုးရက ပုံရိုက်သော မဟာဝံသဋီကာပါဠ် ၂၉ ပိုင်း၊ ၃၃ ဂါထာဖွင့် စာမျက်နှာနံပါတ် ၃၇၆ ၌ အကြီးအမြွတ် ဟောလာ၏။ ပဓ္ဓ၊ ပဒ၊ ဥရု၊ ဝံသ။ ၎င်း ၄ ပုဒ်ကို မာဂဓိဘာသာယ အယံပဒျပဒေါ 'ရုဝံသော' ကာတဗ္ဗော–၂၉။ 'ပဓ္ဓပဒေါရုဝံသော' အတိသခေ်ပ ဒေါသဝိရဟိတတ္တာ သုခဂ္ဂဟဏော ဟောတိဟူ၍ တတိယဂါထာအဖွင့် မဟာဝင်ဋီကာ ၃၀ ၌ ၎င်းတန္တိနယာ နရူပေနကတသ ပဓ္ဓ ပဒေါ ရုဝံသသ အတ္ထဝဏ္ဏနာ–မယာတမေဝ သန္ဓိသိတေန အာရဒ္ဓါ။ နိဂမနဝဏ္ဏနာ၊ ၎င်းဋီကာ ၅၀၂ ၌လည်းကောင်း။ ပုဒ်စပ်၍ ဆိုသည်။ သက္ကတသို့လိုက်၍။ 'သိရိဒေဝရက္ခိတ ထေရ်၊ ဉာဏိသရထေရ်'တို့က ပဓ္ဓ–ကို ပဒျဟု ပြင်ကြကုန်၏။ ထိုမဟာဝင်ပါဠ် မဟာဝင်ဋီကာပါဠ်တို့ကို ဒီဃ သန္ဓသေနာပတိအမတ်ကြီး တောင်းပန်၍ အရှင်မဟာနာ မထေရ် စီရင်ကြောင်းကို ပိဋကတ်အုပ်ဦးယံစီရင်သော ပိဋကတ်သမိုင်း စာတမ်း၌ဆို၏။ ထိုစကားကို ပြလတ္တံ့သော အထောက်အထား ယုတ္တိတို့ဖြင့်နှိုင်းညှိ၍ ပညာရှိတို့ နှစ်သက်ရာ ယူတော်မူကြပါကုန်။

(၂၃၀) သေနာပတိ တဿ ရညော၊ ထေရဿ ဒီဃ
သန္ဓကော။
ကာရေသိ စူဠပါသာဒံ၊ မဟာထမ္ဘေဟိ အဋ္ဌဟိ။

(၂၃၁) ဒီဃသန္ဓသေနာပတိ၊ ပရိဝေဏန္တိ တံတပဟိ။
ဝုစ္စတေ ပရိဝေဏံ–တံ၊ ပမုခံ မမုခါကရုံ။

ဟူသော မဟာဝံသ (၁၅) ပရိစ္ဆေဒ သီ–၉၂။ (၂၃၀) ထေရဿဒီဃ သန္ဓကောတိ တဿ ဒေဝါနံပိယတိဿဿ ရညော ဒီဃသန္ဓကောနာမ သေနာပတိ မဟာမဟိန္ဒတ္ထေရဿအဋ္ဌဟိ ထမ္ဘေဟိ စူဠပါသာဒံ နာမကာရေသီတိ အတ္ထော။ သောပန ဒီဃသာဋကံ နိဝါသေသီတိ ဒီဃသန္ဓကောတိနာမံ လဘီတိ ဒဋ္ဌဗ္ဗော။ ဟူသော မဟာဝံသဋီကာ ၎င်းအဖွင့် ၂၅၉–တို့အလို သာသနာတော် ၂၇၇ ခုနှစ်က နတ်ရွာစံသော ဒေဝါနံ ပိယတိဿမင်းကြီး၏စစ်သူကြီးဖြစ်ကြောင်း ထင်ရှား၏။ သာသနာတော် ၈၁၉ ခုနှစ်။ နန်းတက်သော မဟာသေနမင်းအထိ။ ၃၆ ပိုင်းနှင့် ဂါထာ ၅၀ ကို မဟာနာမ–ထေရ် ဆိုခဲ့၏။ ဒီပဝင်လည်း မဟာသေနမင်း၌ ဆုံးသည်။ ထို ဒီဃသန္ဓသေနာပတိ တောင်းပန်သော် ၎င်းသေနာပတိသည် နှစ်ပေါင်း ၅၆၀ ကျော်အသက်ရှည်ရာ၏။ ဤကဲ့သို့ အသက်ရှည်ရန်လည်း မဖြစ်နိုင်ရာ။ ရှေးဆရာတို့ သီဟိုဠ်ဘာသာဖြင့်ရေးထားသောအပိုင်းရှိသမျှ။ မဟာသေနမင်း တိုင်ရုံသာလျှင် မာဂဓဘာသာပါဠိဂါထာသို့ မဟာနာမ မဟာထေရ် ပြန်ဆိုရေးတင်ထားသည်ဟု ယူဖွယ်ရာရှိသည်။ ထိုမဟာနာမထေရ်ကို။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ နိဂုံး ၅၂၆–၌။

ယံ တံ ဥတ္တရမန္တိ မန္တိ၊ ဂုဏယုတ္တေနာစ သဒ္ဓါယ။
ကာရယိ မဟာဝိဟာရေ ပရိဝေဏ မနေက သာဓုဂုဏံ။
ထေရေနေတ္ထ နိဝသတာ၊ သမာဝိတာယံ မဟာဘိဓာနေန။
တတိယေ ဝဿေ စုတိတော၊ မောဂ္ဂလ္လာနဿ စုတိနော။

ဟူ၍ လာသောကြောင့်လည်းကောင်း၊ ဒေသနာသီသေန အတ္ထာနံ ပရံဝိယကတ္တာ အာဟ မဟာဘိဓာနေနာတိ မဟာနာမ အဝှယေန မဟာထေရေန ထိရဂုဏဝတာတိ ဝုတ္တံဟောတိတိ။ လ။ တတိယေ ဝဿေ ယထာ အယံနိဋ္ဌံပရိယန္တံ ဂတာ ဥပါဂတာ ပါပိတာဟူ၍ ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိပဒပါဠ်၌ လာသောကြောင့်လည်းကောင်း၊ မဟာနာမထေရ်သည် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကို သာသနာတော် ၁၀၄၂ ခု၊ နန်းတက်၍ ၁၈ နှစ် နန်းစံသော သီဟိုဠ်ကျွန်းမောဂ္ဂလ္လာန်မင်း နတ်ရွာစံသော ၁၀၆၀ ပြည့်နှစ် နန်းတက်၍ ၉ နှစ် နန်းစံသော ၎င်းမောဂ္ဂလ္လာန်မင်း၏သားတော်ကုမာရဓာတုသေနမင်း နန်းစံသုံးနှစ်၊ သာသနာတော် ၁၀၆ခုနှစ်၊ စီရင်၍ပြီးကြောင်းကို မဟာဝင်မင်းစဉ်နှင့်အညီ သိရ၏။ ၎င်းမဟာထေရ်ပင် မဟာဝံသပါဠ်ကို စီရင်တော်မူသည်ဟု ယူဖွယ်ရာရှိသည်။ ဒီဃသန္ဓသေနာပတိဟူသော အမည်ကို ရှေးက ကျောင်းဒါယကာ၏နာမည် ဥတ္တရမန္တီဟူသော အမည်ကို ထို့နောက် ပြင်ဆင် အသစ်ဆောက်လှူသော ကျောင်းဒါယကာ၏နာမည်ဟု ယူဖွယ်ရာရှိ၏။ သင့်–မသင့်ကို ချင့်၍သာ ယူတော်မူကြပါကုန်။ သန္နိဋ္ဌာန်ကျ မရေးသာပြီ၊ မဟာဝင်ဝတ္ထုကို ရှေးဆရာတို့ စာကိုယ်၌ ဋီကာအဓိပ္ပာယ်သွင်းလျက် စီရင်တော်မူကြကုန်၏။ မဟာဝင်ဝတ္ထုသစ်ကို ရွှေတောင်မြို့ (ကျီးသဲရွာ သျှာမ်းတန်းကလေး၌ သက္ကရာဇ် ၁၁၇၉ ခု၊ သီတင်းကျွတ် လပြည့်ကျော် ၈ ရက်၊ ၅–နေ့ ဖွား) ၁၂၅၆ ခု၊ ပျံလွန်တော်မူသော ငယ်မည်တော် ဦးကောင်းဘွဲ့တော် အရှင်မုနိန္ဒာဘိဓဇခေါ် ကျမ်းပေါင်း ၃၀ ကျော်ပြုကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး စီရင်တော်မူခဲ့၏။ ၎င်းဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိကို အလိုရှိသူတို့သည် ၁၉၂၉ ခုနှစ် သုဓမ္မဝတီ ပိဋကတ်ပုံနှိပ်တိုက်က နောက်ထပ် ပုံရိုက်သော ဓိနတ္ထပကာသနီကျမ်းကြီး၏အစမာတိကာစဉ်၏ရှေ့ကရှိလေပြီ၊ ရှုကြည့်ကြပါကုန်။

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ

| ဦးရေနံပါတ် | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| | **ဇမ္ဗူဒီပစာတမ်း** | |
| ၁။ | လူနေ, တောနေ, တောင်နေ, ရေနေကိုပြခြင်း | ၁ |
| ၂။ | တိရစ္ဆာနဂတိကိုပြခြင်း | ၄ |
| ၃။ | ဒေဝဂတိကိုပြခြင်း | ၈ |
| ၄။ | မနုဿဂတိကိုပြခြင်း | ၁၂ |
| | **မဟာဝင်ဝတ္ထု** | |
| | ဂန္ဓာရမ္ဗုဂါထာပါဌ်အနက် | ၁၇ |
| ၁။ | သီဟိုဠ်ကျွန်း သုမနကူဋတောင်ထိပ် မဟိယင်္ဂဏစေတီ တည်မည့်အရပ်သို့ ဘုရားသခင်ကြွတော်မူခြင်း | ၁၈ |
| ၂။ | သီဟိုဠ်ကျွန်း နာဂဒီပသို့ ကြွတော်မူခြင်း | ၂၁ |
| ၃။ | သီဟိုဠ်ကျွန်း ကလျာဏီမြစ်သို့ ကြွတော်မူခြင်း | ၂၃ |
| ၄။ | မဟာသမ္မတ အစ အဇာတသတ်မင်းတိုင်အောင် ဇမ္ဗူဒိပ်မင်းဆက်ကိုပြခြင်း | ၂၃ |
| ၅။ | ရာဇဂြိုဟ်ပြည်၌ ပထမသင်္ဂါယနာတင်ခြင်းအကြောင်း | ၂၆ |
| ၆။ | ဝေသာလီပြည် ဝါလုကာရုံကျောင်း၌ ဒုတိယသင်္ဂါယနာတင်ခြင်း | ၃၂ |
| ၇။ | ပါဋလိပုတ်ပြည်၌ တတိယ သင်္ဂါယနာတင်ခြင်း | ၃၅ |
| ၈။ | ဝိဇယမင်းသား သီဟိုဠ်ကျွန်းသို့ ရောက်ခြင်းအကြောင်း | ၆၃ |
| ၉။ | ဝိဇယမင်းသား ကုဝဏ္ဏာဘီလူးမကို သိမ်းပိုက်ခြင်း | ၆၇ |
| ၁၀။ | ဝိဇယမင်းသားသည် သီဟိုဠ်ကျွန်း၌ တမ္ဗပဏ္ဏိမြို့ တည်ပြီး၍ အဘိသိက်ခံခြင်းအကြောင်း | ၆၉ |
| ၁၁။ | ဝိဇယမင်းသား၏တူတော် ပဏ္ဍုဝါသုဒေဝမင်းသည် သီဟိုဠ်ကျွန်း၌ မင်းအဖြစ်ကိုယူ၍ အဘိသိက်ခံခြင်းအကြောင်း | ၇၂ |
| ၁၂။ | ပဏ္ဍုဝါသုဒေဝမင်း နတ်ရွာစံ၍ အဘယမင်း နန်းတက်ခြင်း | ၇၄ |

www.burmeseclassic.com

www.burmeseclassic.com




၁၃။ ပဉ္စာ့ကာဘာယမင်းသည် ဦးရီးတော်တို့ကိုစစ်ပြုရာ
အောင်မြင်သဖြင့် နန်းတက်ခြင်းအကြောင်း ၇၅
၁၄။ မုဋသီဝမင်း, ဒေဝါနံပိယတိဿမင်းတို့ နန်းတက်ကြခြင်းအကြောင်း ၈၁
၁၅။ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုလွှတ်ခြင်း ၈၄
၁၆။ အရှင်မဟိန္ဒသည် မယ်တော်ရှိရာ ဝေဒိသကဂိရိမြို့သို့
ကြွရောက်တော်မူခြင်းအကြောင်း ၈၆
၁၇။ အရှင်မဟိန္ဒသည် သီဟိုဠ်ကျွန်းသို့ကြွရောက်၍
တရားဟောတော်မူခြင်းအကြောင်း ၈၇
၁၈။ ဒေဝါနံပိယတိဿမင်းကြီးသည် မဟာဝိဟာရကျောင်း
တိုက်ကြီးကို ပြုစုလှူဒါန်းခြင်းအကြောင်း ၉၁
၁၉။ အရိဋ္ဌအမတ်ညီနောင်တို့ ရဟန်းပြုခြင်းနှင့် ဒေဝါနံပိယတိဿမင်းသည်
စေတိယတောင်၌ ကျောင်းဆောက်လှူခြင်း ၁၀၁
၂၀။ ဒေဝါနံပိယတိဿမင်းသည် သီဟိုဠ်ကျွန်းသို့ ဓာတ်တော်, ညှပ်ရိုးတော်,
သပိတ်တော်တို့ကိုပင့်၍ ထူပါရုံစေတီ, ထူပါရုံကျောင်းတိုက်
တည်ခြင်းအကြောင်း ၁၀၂
၂၁။ မဟာဗောဓိပင်မှ ဒက္ခိဏသာခါ လက်ျာတောင်ကိုင်းကို
ဖြတ်ယူခြင်းအကြောင်း ၁၀၇
၂၂။ ဒက္ခိဏသာခါ လက်ျာတောင်ကိုင်း ဗောဓိပင်ကို သီဟိုဠ်ကျွန်းသို့
ပင့်ဆောင်ခြင်းအကြောင်း ၁၁၁
၂၃။ ဒေဝါနံပိယတိဿမင်း နတ်ရွာစံခြင်းနှင့် အရှင်မဟိန္ဒထေရ်နှင့်
သင်္ဃမိတ္တာထေရီတို့ ပရိနိဗ္ဗာန်စံခြင်းအကြောင်း ၁၁၆
၂၄။ ဧဠာရကျေးမင်းအကြောင်းကိုပြခြင်း ၁၁၉
၂၅။ သီဟိုဠ်ဘုရင်တို့ နန်းစံသက္ကရာဇ်ကို အကျဉ်းပြခြင်း ၁၂၂
၂၆။ ဒုဋ္ဌဂါမဏိမင်းသားအကြောင်းကိုပြခြင်း ၁၂၂
၂၇။ ဒုဋ္ဌဂါမဏိမင်း၏ သူရဲတစ်ကျိပ်တို့အကြောင်း ၁၂၈
၂၈။ ဒုဋ္ဌဂါမဏိမင်းညီနောင်တို့ စစ်ထိုးကြခြင်းအကြောင်း ၁၃၃
၂၉။ ဒုဋ္ဌဂါမဏိမင်းသည် ကျေးကုလားတို့နှင့်စစ်တိုက်ရာ
အောင်မြင်သည်ကို ပြဆိုခြင်းအကြောင်း ၁၃၆
၃၀။ ကဉ္စုကစေတီနှင့် မရိစဝဋ္ဋိကျောင်း ပူဇော်ပွဲကိုပြခြင်း ၁၄၃
၃၁။ လောဟပါသာဒပြာသာဒ် တည်ဆောက်ပူဇော်ခြင်း ၁၄၄
၃၂။ မဟာစေတီတည်ရန် အဆောက်အဦတို့ ဖြစ်ပေါ်လာရသည်ကိုပြဆိုခြင်း ၁၄၆
၃၃။ မဟာစေတီတည်ခြင်းကို ပြဆိုသောအကြောင်း ၁၄၈
၃၄။ မဟာစေတီ ဌာပနာတိုက် စီရင်ခြင်းအကြောင်း ၁၅၀
၃၅။ မဟာစေတီ၌ ဓာတ်တော်ဌာပနာတည်သည်ကို ပြဆိုခြင်းအကြောင်း ၁၅၄
၃၆။ ဒုဋ္ဌဂါမဏိမင်း နတ်ရွာစံ၍ တုသိတာနတ်ပြည်သို့ရောက်ခြင်းကို
ပြဆိုသောအကြောင်း ၁၅၉
၃၇။ ဒုဋ္ဌဂါမဏိမင်း၏သားတော် သာလိကုမာရ မင်းသားအကြောင်း ၁၆၄
၃၈။ လောဟပါသာဒပြာသာဒ် မီးလောင်၍ နောက်ထပ် ပြုပြင်ရခြင်းအကြောင်း ၁၆၈


www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၃၉။ | ဝဋ္ဋဂါမဏိမင်းလက်ထက် ဗြာဟ္မဏတိဿသူပုန်နှင့် ကျေးကုလားတို့ ရန်စစ်ပြုခြင်းအကြောင်း | ၁၇၀ |
| ၄၀။ | အဘဂိရိကျောင်းတည်ခြင်းနှင့် ပိဋကတ်သုံးပုံကို ပေထက် အက္ခရာတင်ခြင်းအကြောင်း | ၁၇၂ |
| ၄၁။ | ဝဋ္ဋဂါမဏိမင်းနောက် တစ်ကျိပ်တစ်ယောက်သောမင်းတို့ကိုပြခြင်း | ၁၇၃ |
| ၄၂။ | နားရှည်လူမျိုးတို့ စစ်ပြုခြင်းအကြောင်း | ၁၇၇ |
| ၄၃။ | ဝသဘမင်းအား အသက်ရှည်ရှည် နေရအံ့သောနည်းကို သံဃာတော်တို့ ဟောကြားညွှန်ပြခြင်းအကြောင်း | ၁၇၉ |
| ၄၄။ | ဘာတိကတိဿမင်းမှစ၍ တစ်ကျိပ်သုံးယောက်သောမင်းတို့ အကြောင်းကိုပြခြင်း | ၁၈၃ |
| ၄၅။ | မဟာဝိဟာရ ပျက်စီးခြင်း | ၁၈၈ |
| ၄၆။ | ကျမ်းပြီးနိဂုံး | ၁၉၁ |
| ၄၇။ | နောက်ဆက်တွဲ | ၁၉၃ |
| ၄၈။ | သီဟဠ ရာဇ နာမ မာလာ | ၂၀၅ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဇမ္ဗုဒီပစာတမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

**ဇမ္ဗူဒီပ်ကျွန်း၌တည်သော လူနေ, တောနေ, ဟိမဝန် တောင်တို့၏အနေကို လောကပညတ္တိကျမ်း ဆဂတိဒီပနီ ကျမ်းတို့၌လာသော ပါဠိပါဠိအရကို မြန်မာဘာသာဖြင့် သိသာလွယ်အောင် ရေးသားလိုက်သည့်စာတမ်း**

## ၁-လူနေ, တောနေ, တောင်နေ, ရေနေကိုပြခြင်း

နမးသဗ္ဗညုဿ။ ။ဘုရားသခင်သည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ ရဟန်း တစ်ဦးသည် ဘုရားသခင်အထံတော်သို့ကပ်၍ လေးမြတ်ရို သေစွာရှိခိုးလျက် ဤသို့ နားတော်လျှောက်၏။

### ဇမ္ဗူဒီပ်ကျွန်း

"ဘုန်းတော်ကြီးသောဘုရား၊ ဤဇမ္ဗူဒီပ်ကျွန်းသည် အဘယ်မျှလောက် ကျယ်ပါသနည်း။ အဘယ်သို့သဏ္ဌာန် ရှိပါသနည်း"ဟု နားတော်လျှောက်၏။ ။ဘုရားသခင်လည်း ဖြေတော်မူခြင်းငှာ 'မဟာ ခေါ ဘိက္ခု ဇမ္ဗူဒီပေါ ပုရတ္ထိမာ ဗာဟာ ဒွေယောဇနသဟဿာနိ၊ ပစ္ဆိမာဗာဟာ ဒွေယောဇန သဟဿာနိ'အစရှိသော စကားကို မိန့်တော်မူသည်။ ထို ပါဠိ၏အဓိပ္ပာယ်ကား ချစ်သားရဟန်း၊ ဤဇမ္ဗူဒီပ်ကျွန်း သည် ကျယ်ဝန်းလှစွာ၏။ အရှေ့မျက်နှာအပြင်သည် ယူဇနာ နှစ်ထောင်၊ အနောက်မျက်နှာအပြင်သည် ယူဇနာနှစ်ထောင်။ မြောက်မျက်နှာအပြင်လည်း ယူဇနာနှစ်ထောင်၊ တောင်မျက် နှာအပြင်ကား ယူဇနာလေးထောင် ကျယ်သည်။ အထောင့် ကြီးသုံးထောင်၊ အထောင့်ငယ် သုံးထောင် ရှိသည်ဖြစ်၍ လှည်းဦး၌ ခင်းအပ်သော ကပ်သဏ္ဌာန်ကဲ့သို့တည်သည်။ အချင်းအားဖြင့် ယူဇနာတစ်သောင်းရှိသည်။ အဝန်းအားဖြင့် ယူဇနာသုံးသောင်းရှိသည်ဟူ၍ မိန့်တော်မူသည်။

### ကျွန်းဦးသပြေပင်

ဤဇမ္ဗူဒီပ်ကျွန်း၏ မြောက်အစွန်း၌ ရောက်သော ဇမ္ဗူသပြေပင်သည် အစောက်အားဖြင့် ယူဇနာတစ်ရာမြင့် သည်၊ ပင်စည်လုံးပတ် တစ်ဆယ့်ငါးယူဇနာရှိသည်၊ မြေမှ သည် အကိုင်းအခွတိုင်အောင် ယူဇနာငါးဆယ်၊ ထိုအခွမှ သည် အဖျားတိုင်အောင် ယူဇနာငါးဆယ်ရှိသည်။ အရပ် ရှစ်မျက်နှာသို့ ခက်မကြီးငါးဖြာတို့သည် ယူဇနာငါးဆယ် ငါးဆယ်စီ ရှည်သွယ်လျက် ထွက်လေကုန်သည်၊ အထက် ကိုလည်း ငါးသွယ်ငါးသွယ်စီ အဆင့်ဆင့် ထွက်ကုန်သည်၊ အလွန်ထူထပ်သောအရွက် စိပ်သောအရွက် ရှိသည်ဖြစ်၏။ မိုယ်းပေါက်ဆီးနှင်းတို့သည် မထွက်မဖောက်နိုင်။ ဥပမာ ကား၊ လိမ္မာစွာသော ပန်းပုသမားသည် ထုလုပ်စီမံ၍ထား အပ်သော ပန်းပင်ပန်းသိုက်နှင့်တူ၏။ ထိုသပြေပင်အရိပ် ကား အချင်းအားဖြင့် ယူဇနာတစ်ရာ၊ အဝန်းအားဖြင့် ယူဇနာ သုံးရာရှိသည်၊ ထိုသပြေပင်၏ အသီးတို့သည်ကား လူတို့ တီးသော မရိုးစည်မျှလောက် ရှိကုန်၏။ ပျားလဘို့အရသာ ကဲ့သို့ လွန်စွာချိုမြိန် ကောင်းမြတ်သော အရသာရှိကုန်၏။ ထိုအသီးတို့ကို ဆင်ပမာဏရှိသော ငှက်ကြီးတို့သည် ဆွတ် ယူသုံးဆောင်ကြကုန်၏။ တန်ခိုးကြီးသော ရသေ့ရဟန်းတို့ သည်လည်းကောင်း၊ တပသီဇော်ဂီတို့သည်လည်းကောင်း ဆွတ်ယူသုံးဆောင်ကုန်၏။ အရှေ့မျက်နှာသို့ ထွက်သော အကိုင်း၊ အနောက်မျက်နှာသို့ ထွက်သောအကိုင်း၊ တောင် မျက်နှာသို့ ထွက်သောအကိုင်း တို့မှသီးသော အသီးတို့သည် ဇမ္ဗူဒီပ်ကျွန်း အပြင်သို့ ကျကုန်၏။ မြောက်မျက်နှာသို့ ထွက်သောအကိုင်းမှ အသီးတို့သည်ကား သီတာသမုဒ္ဒရာသို့ ကျလေကုန်၏။ ထိုအသီးတို့ကို ငါးတို့သည်လည်းကောင်း၊ နဂါးတို့သည်လည်း ကောင်းစားကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသပြေပင်သို့ ဘယ်သူတို့သည် ရောက်ဖူးကုန်သနည်းဟူမူကား ငါတို့ဘုရားသည် ဥရုဝေဠ, ကဿပတို့အား တရားဟောရွတ် ချွတ်တော်မူခြင်းငှာ ထိုရသေ့တို့၏ကျောင်းနှင့် မနီးမဝေးသောတောအုပ်၌ နေတော်မူသောအခါ တစ်နေ့သော နံနက်ထ၌ တန်ခိုးတော်ကိုပြလိုသဖြင့် ကျွန်းဦးသပြေပင်သို့ ကြွတော်မူ၍ သပြေသီးကိုယူခဲ့ပြီးလျှင် 'ငါ့ရှင် ကဿပ၊ ဤသစ်သီးကား ဇမ္ဗူဒိပ်ကျွန်းဦး၌တည်သော သပြေပင်၏အသီးတည်း၊ ဤသပြေပင်ကိုအကြောင်းပြု၍ ဤကျွန်းကို 'ဇမ္ဗူဒိပ်ကျွန်း'ဟု ခေါ်ရလေသတည်း။ သင်သည် မသုံးဆောင်ဖူးမူ သုံးဆောင်လော့'ဟု ပေးတော်မူ၏။ ကဿပရသေ့ကလည်း 'အရှင်ရဟန်းကြီး၊ ထူးမြတ်သော ဤသစ်သီးသည် တန်ခိုးကြီးသော အရှင်မြတ်နှင့်သာ ထိုက်ပေသည်။ အရှင်သာလျှင် သုံးဆောင်တော်မူပါလော့'ဟု လျှောက်၏။ (ဤအကြောင်းကို မဟာဝါ ပါဠိတော် ၃၄–၌ ဆိုသည်။) ရှာနလာသဖြစ်သော ရာဇဂြိုဟ်ပြည်သားရဟန်းနှစ်ဦးတို့သည် ဤကျွန်း၌ ဇမ္ဗူ သပြေပင်ရှိကြောင်းကို ဘုရားမိန့်တော်မူ၍ ကြားသိရလျှင် ထိုသပြေပင်ဆီသွား၍ အသီးကို ဆောင်ယူခဲ့ပြီးသော် သင်္ဃာတို့အားဝေခြမ်း၍ သုံးဆောင်ရကြောင်းကိုလည်းကောင်း၊ အရှင်မောဂ္ဂလာန်ထေရ်သည် ထိုအတူ ကြွတော်မူ၍ သပြေသီးကို ဆောင်ယူခဲ့ပြီးလျှင် သင်္ဃာတော်တို့အားဝေဖန်၍ သုံးဆောင်ပေကြောင်းကိုလည်းကောင်း သုတ္တန်ပါဠိတော်၌ ဆိုသည်။

### အရံတောများ

ထိုဇမ္ဗူ သပြေပင်ကိုရံလျက် အနံ ငါးယူဇနာလောက်အနံကျယ်သော ရှိရှားတောသည် လည်းကောင်း၊ ထိုမျှလောက် အနံကျယ်သော သဖန်းခါးတောသည်လည်းကောင်း ရှိ၏။ ထိုရှိရှားပင်၏အသီးတို့သည် ပြည်ဝင်အိုးမျှလောက်သော ပမာဏရှိကုန်၏။ ပျားလဘို့အရသာကဲ့သို့ လွန်စွာချိုမြိန်ကောင်းမြတ်သော အရသာရှိကုန်၏။ ဖန်ခါးပင်တို့၏အသီးတို့သည် ရွက်အိုးပမာဏရှိကုန်၏။ အလွန်ကောင်းမြတ်သော အရသာရှိကုန်၏။ ထိုတောနှစ်ရပ်တို့၏အပြင်၌ကား မြစ်တစ်စင်း–တစ်စင်းခြား၍ရံလျက် ခုနစ်တန်သော တောအုပ်တို့သည် တည်ကုန်၏။ ရှေးဦးစွာကား သရက်တော၊ ထို၏အပြင်မှ အင်ကြင်းတော၊ ထို၏အပြင်မှ ထန်းတော၊ ထို၏အပြင်မှ သျှူယောင်ယော၊ ထို၏အပြင်မှ ငှက်တော၊ ထို၏အပြင်မှ အုန်းပင်တော၊ ထို၏အပြင်မှ သီးပင်တောတို့လည်း တည်ကုန်၏။ ထိုသစ်ပင်တို့မှဖြစ်သော အသီးတို့သည် ကြီးလည်း ကြီးမားကုန်၏။ နတ်ဩဇာ အရသာကဲ့သို့ လွန်စွာ ချိုမြိန်ကောင်းမြတ်သော အရသာ ရှိကုန်၏။

'သျှူယောင်တောဟူရာ၌'ပါဠိတွင် (နရဝနံ)ဟူ၍ ရှိသည်။ မြန်မာပြန်သော် လူရုပ်သီးသောတောဟု ဆိုသည်။' ထိုတော၌ သစ်ပင်မှဖြစ်သော အသီးတို့သည် ဆယ့်ငါးနှစ်ရွယ် ဆယ့်ခြောက်နှစ်ရွယ်ဖြင့် တန်ဆာဆင်အပ်သော မိန်းမငယ် ယောကျ်ားငယ်ကဲ့သို့ တင့်တယ်သော မိန်းမသဏ္ဌာန်ယောကျ်ား သဏ္ဌာန်ချည်း သီးကုန်သည်။ ဦးစွန်းနေရာမှ အညှာတို့သည် ဖြစ်ကုန်၏။ တွဲရရွဲဆွဲလျက်သာ တည်ကုန်၏။ လေခပ်သောအခါ ကခုန်မြူးထူးဘိသကဲ့သို့ လည်းကောင်း တစ်ဦးသည် တစ်ဦးအား ပိုက်နွဲ့ဖက်ယမ်းဘိသကဲ့သို့လည်းကောင်း ဖြစ်ကုန်၏။

ထိုသျှူယောင်တော၌ာနသို့ ရာဂမကင်းသေးသော ဈာနလာဘီ ဇော်ဂီရသေ့တို့ရောက်၍ မြင်ရလျှင် ရှင်လန်းတပ်မက်သော ရာဂစိတ်သည် နှိပ်နယ်၍မရအောင် ဖြစ်ရာ၏။ ရာဂကင်းကွာသော ရဟန္တာအရှင်မြတ်တို့မှသော်လည်း ထိုအသီးတို့၏အသွင်ကိုမြင်လျှင် ရှင်လန်းရယ်မြူးမိချေ၏။ ထိုအသီးတို့ မှည့်ရင့်သောအခါ ငှက်တို့သာလျှင် စားကုန်၏။ ငှက်စားပြီး၍ စွန့်ပစ်သောအစေ့ဝို့၏ရနံ့သည် သုသာန်ပြင်ကဲ့သို့ အလွန်လျှင် စက်ဆုပ်ဖွယ်ရှိသတည်း။ ထို့ကြောင့် လောကပညတ္တိကျမ်း၌–

"တေသံ ဩရောသတ္တဝနာနိ သတ္တမ နဒီယော
အမ္ဗဝနံ သာလဝနံ တာလဝနံ နရဝနံ ကဒလိဝနံ
နာဠိကေရဝနံ ကပိဋ္ဌဝနံ။ တေသံဖလာနိ ပရမရသ
သမ္ပန္နာနိ ယထာ ခုဒ္ဒံ မဓု အနေဠကံ ဝေဝမေဝ
သာဓူနိ လဒ္ဓိကာနိ နရဝနေ နရဖလာနိ၊ သေယျထာပိ
နာမ ကောလိယကောဝိ ကောလိယ ဒါရိကာဝါပန္နရသ
ဝဿုဒ္ဒေသိကာဝါ သောဠသ ဝဿုဒ္ဒေသိကာဝါ
အလင်္ကတပ္ပဋိ ယတ္တာဒေဒိ သိကာနိ၊ သေယျ ထာပိ
နာမ မတ္တက ရုဠှကာ၊ ဇဝံ တေသံ ဗန္ဓနဝဏ္ဍကော'

အစရှိသည်ဖြင့် ဆိုသည်။ ထိုသို့ ခုနစ်ရပ်သော တောတို့၌ တစ်ရပ်တစ်ရပ်သော တော၏အကျယ်သည် ငါးယူဇနာစီချည်း ရှိကုန်သည်။ အလျားအားဖြင့်ကား ယူဇနာငါးဆယ်စီရှိ၏။ မြောက်ဘက်ဖြစ်သော ကျွန်းစွန်းမှသည်

• (၃၀၈၅) ကမလာသဒီသိတ္တိယောတိ ကမလာဝုစ္စတိ နာရိပုပ္ဖလတာ။ တာသံပုပ္ဖသဒီသဏ္ဍာတ္တိယော။ ၅၂၃–အလင်္ကာသာစာတ် အဋ္ဌကထာ–၁၆၇–အဆို။

www.burmeseclassic.com



ဤတော ခုနစ်ရပ်ဆုံးသည်တိုင်အောင် ဇမ္ဗူဒိပ်ကျွန်းသည် ယူဇနာခုနစ်ရာရှိလေ၏။ ထိုတောတို့၏အရှေ့ဘက် တောင်ဘက်မှာကား ခြောက်ပါးသော ဇနပုဒ်ကြီးတို့သည်ရှိကုန်၏။ **ကုရု**–မည်သော ဇနပုဒ်၊ **ကောရဗ္ဗ**–မည်သော ဇနပုဒ်၊ **ဝိဒေဟ**–မည်သော ဇနပုဒ်၊ **ဥတ္တရမဏ္ဍာ** –မည်သော ဇနပုဒ်၊ **သိဝ္ပိမလယ**–မည်သော ဇနပုဒ်၊ **ဝဏ်**–မည်သော ဇနပုဒ် ထိုခြောက်ပါးတို့တည်း။ ထိုဇနပုဒ်တို့၌နေသော လူတို့သည် အစာအာဟာရ သိမ်မွေ့သည်ဖြစ်၍ အလွန်လည်း အဆင်းလှကုန်၏။ မြတ်သောအကျင့်လည်း ရှိကုန်၏။ သတ္တဝါတို့၏ အသက်ကိုလည်းမသတ်ကုန်။ မညှဉ်းဆဲမရိုက်ခတ်ကုန်။ သေသော သတ္တဝါတို့၏ အသားကိုကား စားကြကုန်၏။ ထိုအရပ်တို့၌ **စာမရီ**မည်သောသားသည် အလွန်ပေါများ၏။ လူတို့ကား စာမရီသား၏အမွေး–အမြီးတို့ကို ဝတ်ရုံဖုံးလွှမ်း၍ သုံးဆောင်ကုန်၏။ (ဤကား ဟိမဝန္တာတောင်၏မြောက် ဘက်စွန်း၌တည်သော အခြင်းအရာတည်း)။

## တောင်ကြီး ၇ လုံး

ဇမ္ဗူဒိပ်ကျွန်း၏အလယ်ဖြစ်သော မဇ္ဈိမဒေသလူတို့၏ နေရာဌာနမှ မြောက်သို့လားသော် တော၏နယ်စပ် ဟိမဝန္တာ၏အရံဖြစ်သော တောင်ကြီးခုနစ်တန့်တို့သည် အစဉ်အတိုင်း တည်ကုန်၏။ ရှေးဦးစွာတည်သော တောင်ကား မျက်စဉ်းရောင်ကဲ့သို့ ညိုမှောင်သောအဆင်းရှိသည်ဖြစ်၍ **စူလကာဠ** တောင်မည်၏။ ထိုတောင်သည် တစ်ဂါဝုတ်ခွဲမြင့်၏။ ထိုမျှလောက်လည်း အပြန့်အပြင် ကျယ်၏။ ထိုတောင်မှသည် တစ်ဂါဝုတ် ခွဲခြားပြီးသော် **မဟာကာဠ**မည်သောတောင်သည် တည်၏။ ထိုတောင်သည် သုံးဂါဝုတ်မျှမြင့်၏။ ထိုမျှလောက်လည်း အပြန့်ကျယ်၏။ ထိုတောင်မှသည် သုံးဂါဝုတ်ခြားကွာပြီးသော် နွား၏မေးနှင့်တူသော **ဓါဟနုက** တောင်သည်တည်၏။ ထိုတောင်သည် တစ်ယူဇနာခွဲမြင့်၏။ ထိုမျှလောက်လည်း အပြန့်ကျယ်၏။ ထိုမှသည် တစ်ယူဇနာ ခွဲခြားပြီးသော် **သူရိယာဘ**မည်သော တောင်သည်တည်၏။ ထိုတောင်ကား သုံးယူဇနာ မြင့်၏။ ထိုမျှလောက်လည်း အပြန့်ကျယ်၏။ ထိုမှသည် သုံးယူဇနာခြားပြီးသော် ငွေစိုင်နှင့်တူသော **ကောလာသဘ** မည်သောတောင်သည် တည်၏။ ထိုတောင်ကား ခြောက်ယူဇနာမြင့်၏။ ထိုမျှလောက်လည်း အပြန့်ကျယ်၏။ ထိုမှသည် ခြောက်ယူဇနာခြားပြီးသော် နံ့သာအပေါင်းတို့၏တည်ရာဖြစ်သော **ဂန္ဓမာဒန**တောင်သည် တည်၏။ ထိုတောင်ကား တစ်ဆယ့်နှစ်ယူဇနာမြင့်၏။ ထိုမျှလောက်လည်း အပြန့်ကျယ်၏။ ထိုမှသည် တစ်ဆယ့်နှစ်ယူဇနာခြားပြီးသော် ရွှေစိုင်နှင့်တူသော **သုဝဏ္ဏ** တောင်သည် တည်၏။ ထိုတောင်ကား နှစ်ဆယ့်လေးယူဇနာမြင့်၏။ ထိုမျှလောက်လည်း အပြန့်ကျယ်၏။ ထိုသုဝဏ္ဏတောင်သည် တန်ဆောင်မုန်းလ သရဒအခါဝယ် ထက်ဝန်းကျင်သော အရပ်မျက်နှာမှ မြူလွှာတိမ်မြေးစင်လျက် ကောင်းကင်အလုံးစင်ကြယ်သော် ပက်ပါကျောက်အပ်သော နေလျှံ၊ လလျှံ၊ ကြယ်အလျှံတို့ကြောင့် နေ့ယံညဉ့်ယံ၌ပင် အလွန်လျှင် တောက်ပတင့်တယ်သော အရောင်ရှိ၏။ ထိုအခါ ဟိမဝန္တာ၏အနီး၌နေကုန်သော သူတို့သည် တန်ဆောင်မုန်းလပြည့်နေ့၌ အထက်နတ်ပြည်ကို ရှုကြည့်လိုကုန်သည်ဖြစ်၍ မဟာကာဠတောင်ထိပ်သို့တက်၍ မြောက်ဘက်မျက်နှာသို့မျှော်ကုန်သော် အံ့ဩဘနန်း တောက်ထွန်းသော အရောင်ကိုမြင်သဖြင့် ဤအရပ်ခွင်ကား ကုသိုလ်ရှင်ဖြစ်သော နတ်တို့၏နေရာ မဟာနေရ တောင်မင်းတည်းဟု ပြောလေ့ပြုကုန်၏။

## မန္ဒာကိနီရေကန်

ဤရွှေတောင်ကြီး၏မြောက်ဘက် နံပါးတွင် ညီညွတ်သော မြေအရပ်၌ **မန္ဒာကိနီ** အမည်ရှိသော ရေကန်ကြီးသည် အလျားအားဖြင့် ယူဇနာငါးဆယ် အနံအားဖြင့် ဆယ်ယူဇနာကျယ်လျက်ရှိ၏။ သန့်ရှင်းကြည်အေးသောရေလည်း ရှိ၏။ ကမ်းနားဝန်းကျင်၌ မြ၊ ဖလ်၊ ရွှေ၊ ငွေ လေးထွေသောအုတ်တို့ဖြင့် လှုပြုပြင် စီမံသကဲ့သို့ အလွန်တင့်တယ်၏။ ရွှေသလဲ၊ ငွေသလဲတို့သည် ကျဲထားဘိသကဲ့သို့ ရှိကုန်၏။ ရေအစ၌ ကြာစွယ်၊ ကြာရင်း၊ ကြာသင်း အမျိုးမျိုးတို့သည် စိုက်ပျိုး၍ထားဘိသကဲ့သို့ တစ်ကန့်တစ်ကန့်စီ ပေါက်ရောက်ကုန်၏။ ရွှေ၊ ငွေ၊ ကြောင်မျက်ရွဲဖလ်တို့ဖြင့် ပြီးသော စောင်းတန်းလှေကားတို့ဖြင့် တန်ဆာဆင်အပ်၏။

## လိုဏ်နန္ဒာ

ထိုရေကန်၏ အရှေ့တောင်ဘက်ဖြစ်သော မြေအပြင်၌ **နန္ဒာ**မည်သော ဂူလိုဏ်သည် အလျားအားဖြင့် ယူဇနာနှစ်ဆယ်၊ အနံအားဖြင့် ဆယ်ယူဇနာ ကျယ်လျက်ရှိ၏။ ထိုဂူ၏နံရံတို့သည် အထူးထူးသော ရတနာတို့ဖြင့် ပညာရှိသောသူတို့ မွမ်းမံခြယ်အပ်သကဲ့သို့ ဆန်းကြယ်တင့်တယ်ကုန်၏။ ဂူလိုဏ်၏အတွင်း၌ တည်သောမြေသည် ခြေနင်း

www.burmeseclassic.com

www.burmeseclassic.com



သောအခါ ပျောင်းအီလျက် ကြွသောအခါ တက်ကြွလာပြန်သည်ဖြစ်၍ လဲဂွမ်းမွေ့ရာ၏အတွေ့ကဲ့သို့ အလွန်နူးညံ့၏။ ထိုဂူ၏အထက် အမိုး၌လည်း လှူ့ပြည်၌ လူတို့ပြုအပ်သော တန်ဆောင်း ပြာသာဒ်ကဲ့သို့ တပ်အပ်သော စုလစ်မွန်းချွန်တို့ဖြင့် တင့်တယ်ကုန်၏။ ထိုစုလစ်မွန်းချွန်တို့သည် ရွှေဖြင့်လည်းကောင်း၊ ငွေဖြင့်လည်းကောင်း၊ ဖလ်ဖြင့်လည်းကောင်း၊ ကြောင်မျက်ရွဲဖြင့်လည်းကောင်း ပြီးကုန်၏။ ထိုဂူလိုဏ်၏အတွင်း၌ **မနောမယ**မည်သော ဆင်မျိုးတို့သည် အမြဲ နေကုန်၏။ **ရှစာဂိရိ** ဆင်မင်းလည်း တစ်ရံတစ်ရံ ပျော်စံလာ၏။ မန္တာကိနီရေကန်နှင့် နန္ဒာဂူ၏အကြား၌လည်း **သုပ္ပတိဋ္ဌ** မည်သော ပညောင်ပင်မင်းသည် သန့်ရှင်းစွာ ပေါက်ရောက်လေ၏။ အလွန် ထူထပ်သော ရွက်ချပ်၊ စိပ်သော ရွက်ချပ် ရှိသည်ဖြစ်၍ ချမ်းမြေ့သောအရိပ်လည်း ရှိ၏။ ထိုပညောင်ပင်စည်ရင်း၌ မြစ်ပျဉ်းတို့သည် လူတို့ပြုလုပ်သော မုခ်လိုဏ်ဝကဲ့သို့ လှပညီညွတ်စွာ ရှစ်ရာမျှ လောက်ဖြစ်၍ တည်ကုန်၏။ ထိုမန္တာကိနီ ရေကန်၏ အနောက်မျက်နှာတွင် သာယာသောမြေအဖို့၌ အမြင့်အားဖြင့် ရှစ်ယူဇနာ, ရိပ်ဝန်း-တစ်ဆယ့်ခြောက်ယူဇနာရှိသော **သုဒဿန**မည်သော အင်ကြင်းပင်သည် အခက်ချင်းယှက်ကာ သွယ်လျက် တင့်တယ်စွာ ပေါက်ရောက်၏။ ထိုအင်ကြင်းပင်ကို ရံပတ်လျက် ခုနစ်ထပ်သော အင်ကြင်းပင် အစဉ်တို့သည် ဝန်းကျင်ခက်လက် ယှက်ကာစပ်ကာ တည်ကုန်သည်ဖြစ်၍ နေခြည်တစ်ပေါက်မျှ မရောက်မထိုး လူမိုး၍ထားသော တန်ဆောင်းမဏ္ဍပ်ကဲ့သို့ ဖြစ်ကုန်၏။ ပန်း၏ ပွင့်ချပ်ဝတ်မှုန်တို့ဖြင့် ဖြန့်ကြဲအပ်သည်ဖြစ်၍ အလွန် မွေ့လျော်ဖွယ်ရှိသော မြေအခင်းရှိ၏။

## ၂-တိရစ္ဆာနဂတိကိုပြခြင်း

### ရှစာဂိရိဆင်မင်း

ထိုအင်ကြင်းတောအုပ်၌ ရှစာဂိရိအမည်ရှိသော ဆင်မင်းသည် ဆင်သင်းအရွေနှင့်တကွ မှီခိုစံနေ၏။ ထို ဆင်မင်းကား ငွေစိုင်တုံးကဲ့သို့ ကိုယ်အလုံးဆွတ်ဆွတ်ဖြူ၏။အရောင်ခြောက်သွယ်ထွက်သော အစွယ်လည်းရှိ၏။ ဆုန်းဟင်းသပြဒါး ရေးသားသကဲ့သို့ နီမြန်းသောခြေသည်း လက်သည်းလည်းရှိ၏။ အလုံးစုံသော ပတ်ယတ်သဏ္ဍာန် ကြန်အင်လက္ခဏာတို့နှင့်လည်း ပြည့်စုံ၏။ သတ္တပတိဋ္ဌိတ ဟု ဆိုအပ်သော အစွယ်နှစ်ချောင်း၊ ခြေလေးချောင်း၊ အမြီးတည်းဟူသော ခုနစ်ပါးသော တည်ခြင်းလည်းရှိ၏။ အလိုရှိတိုင်း အရုပ်သဏ္ဍာန်ကို ဖန်ဆင်းနိုင်၏။ တန်ခိုးအာနုဘော် လည်းရှိ၏။ ဖြူသောအဆင်းရှိသော ဆင်ထီးဆင်မ, ရွှေ အဆင်းရှိသော ဆင်ထီးဆင်မ, ညိုသောအဆင်းရှိသော ဆင်ထီးဆင်မ, နီသောအဆင်းရှိသော ဆင်ထီးဆင်မ, မည်းနက်သော အဆင်းရှိသော ဆင်ထီးဆင်မ အစရှိသောအားဖြင့် ဆင်အပေါင်းရှစ်ထောင်တို့သည် ဝန်းရံခစား၍ နေရ၏။ အကြင်အခါ၌ ရှစာဂိရိဆင်မင်းသည် မန္တာကိနီရေကန်သို့ ရေချိုးရန်သက်လို၏။ ထိုအခါ ကာဠာဝက ဆင်မျိုးတို့သည် ခရီးလမ်းကို သန့်ရှင်းအောင် သုတ်သင်ကြကုန်၏။ သုတ်သင်ပြီး ခရီးသန့်ရှင်းမှ ဆင်မင်းသည် ဆင်သင်းအပေါင်း ရံလျက် သက်နှင်းကြင်ဖော်ဖြစ်သော မျိုးမြတ်ဒေဝီ နာဂီညက်ထွား ဆင်မိဖုရားတို့၏အလယ်ဖြင့် တင့်တယ်စွာလိုက်လျက် ရေကန်သို့သက်တော်မူ၏။

ထိုအခါ လက်ဝဲလက်ျာမှ ဝန်းရံကာလိုက်ရသော ဆင်သင်းတို့သည်လည်း ရေသို့ဆင်း၍ ဦးကင်းချွင်းယှဉ်လျက် ကျောချင်းမှီလျက် အစွယ်ချင်း ယှက်ကာယှက်ကာ ရေစမွယ်ရာ၌ ရန်သူမလာအောင် ကာရံ၍စောင့်နေကုန်၏။ အချို့သော ဆင်တို့ကလည်း ကောင်းမွန်နုထွားသော ကြာရိုးကြာစွယ်ကိုယူ၍ ဆက်ကြကုန်၏။ အချို့သော ဆင်တို့လည်း စံပယ်မြတ်လေးစသော ပန်းတို့ကိုဆွတ်ခြွေလျက် ဆက်ကြကုန်၏။ အချို့သော ဆင်တို့လည်း ဆင်မင်း၏ကိုယ်၌ ရေသွန်းခြင်း၊ ကြေးတွန်းခြင်းတို့ကို ပြုကြကုန်သတည်း။

ယင်းသို့ ရေသဘင်မြူးရွှင်ပြီး၍ ရေမှတက်သောအခါ ကန်၏အရှေ့မျက်နှာ၌တည်သော သုပ္ပတိဋ္ဌမည်သော ပညောင်ပင်ရိပ်ခွင်သို့ ဝင်တော်မူ၏။ ရှစ်ထောင်မျှလောက်သော ဆင်ရံအပေါင်းတို့သည်လည်း နှာမောင်းဖြင့် ကြာရိုးကြာပန်းတို့ကိုပွေ့ယူလျက် အတူလိုက်၍ သောက်ကာစားကာ နေကြကုန်၏။ ဆောင်ယူခဲ့သော ကြာစွယ် ကြာရင်းတို့ကို ဆင်မင်းအားလည်းကောင်း မိမိ၏ ချစ်ကျွမ်းဝင်သော ဆင်မအမျိုးတူတို့အားလည်းကောင်း ပေး၍စားကြကုန်၏။ ဤသို့သောနည်းအားဖြင့် စားသောက်ရွှင်မျှ မြူးထူးကြလျက် မိုယ်းလေးလအခါဝယ် နန္ဒာအမည်ရှိသော ဂူလိုဏ်၌ပျော်စံ၍၊ ဟေမန္တကု ဆောင်းလေးလအခါ သာယာလှစွာသော သုပ္ပတိဋ္ဌမည်သော ပညောင်ပင်ရင်း၌ မှီတင်းတည်နေ၍၊ နွေလေးလအခါတို့၌ကား သာယာလှသော အင်ကြင်းမြိုင်၌ နေထိုင်ပျော်ပါးကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



## အရှင်သာရိပုတ္တရာ လေနာနှင့်ကြာစွယ်

ထိုအကြောင်းအရာကို အဘယ် သာဓကဖြင့် သိရသနည်းဟူမူကား ငါတို့ဘုရား၏လက်ျာရံဖြစ်သော အရှင်သာရိပုတ္တရာသည် တစ်ရံသောအခါ လေနာရောဂါသည် ကြီးကျယ်စွာဖြစ်လာ၏။ ဆေးသမားက 'ဤရောဂါသည် ကြာစွယ်ကိုသုံးဆောင်ရလျှင် ချမ်းသာရပါမည်'ဟူ၍လျှောက်၏။ ထိုစကားကိုကြားသော် အရှင်မောဂ္ဂလာန်က 'အရှင်ဘုရား၊ ကျွန်ုပ် မန္ဒာကိနီရေကန်သို့သွား၍ ကြာစွယ်ကိုဆောင်ပါအံ့'ဟု ဝန်ခံပြီးလျှင် ကောင်းကင်ခရီးဖြင့်ကြွခဲ့၍ ရေကန်သို့ရောက်သောအခါ ဤသို့ကြံ၏။ ဤရေကန်၌ကျက်စားသော ရုစာဂိရိဆင်မင်းသည် အလွန်ကြီးသော တန်ခိုးရှိ၏။ ငါသည် သက်ဆင်း၍ ကြာစွယ်ကိုယူဘိမူကား ငါ့အား နှောင့်ယှက်ဘိရာ၏။ ထိုရုစာဂိရိ ဆင်မင်းကို ထိတ်လန့်စေပြီးမှယူသော် သင့်ရာ၏ဟုကြံပြီးလျှင် ရုစာဂိရိဆင် မင်း၏ ကိုယ်သဏ္ဌာန်ထက် နှစ်ပြန်ထက် ကြီးမားသော ဆင်ပြောင်ကြီး၏သဏ္ဌာန်ကို ဖန်ဆင်းတော်မူပြီးလျှင် ဆင်ရဲတစ်သောင်းခြောက်ထောင်နှင့်တကွ ကောင်းကင်ထက်မှ ကျက်စားလှည့်လည်ဟန်ပြ၍ပြ၏။

ထိုနိမိတ်ရုပ်ကိုမြင်သောအခါ ရုစာဂိရိမင်းလည်း ဤသို့ကြံ၏။ မိုးယံမှ ယခု သက်၍ကျက်စားလာသော ဆင်မင်းသည် ငါ့ထက်လည်း တစ်ပြန်ကြီး၏။ အခြံအရံလည်း တစ်ပြန်ထက်များ၏။ ငါ့အား နိပ်စက်ခြင်းငှာလာလေယောင်တကားဟုကြံ၍ အလွန် ထိတ်လန့်၏။ ထိုအခါမှ ရှင်မဟာမောဂ္ဂလာန်လည်း ဆင်၏သဏ္ဌာန်ကိုကွယ်စေပြီးလျှင် ပကတိသော ကိုယ်တော်၏သဏ္ဌာန်ကိုပြလျက် ကြာရုံ၏အထက်၌ ထက်ဝယ်နေတော်မူ၏။ ထိုအခါ ရုစာဂိရိ ဆင်မင်းလည်း ဤသို့ကြံ၏။ ကောင်းကင်ယံ၌ အခြံအရံနှင့်တကွ ပြန်ကြွလှည့်လည်သော ဆင်ကား ပြကတေ့သော ဆင်မဟုတ်။ ဘုရားသခင်၏ ကိုယ်စားဖြစ်သော ရဟန်းပေတည်း–ဟု အောက်မေ့မိ၍ မိမိ၏အဆင်းသဏ္ဌာန်ကိုပယ်ပြီးလျှင် လုလင်၏အသွင်ကိုဖန်ဆင်း၍ ခေါင်းကျည်း၊ လက်ကြပ်၊ လက်စွပ်၊ နားတောင်း စသော တန်ဆာကိုဆင်ယင်လျက် အရှင်မောဂ္ဂလာန်ရှိရာသို့လာ၍ ရှိခိုးကာနေလေ၏။

ထိုအခါ အရှင်မြတ်ကလည်း 'ဆင်မင်းသည်ကား တန်ခိုးကြီးပေစွတကား' ဟူ၍ ပြောဆိုချီးမွမ်း၏။ ဆင်မင်းကလည်း 'အရှင်ဘုရား' အကျွန်ုပ်တို့ တိရစ္ဆာန်ဇာတ်ဖြစ်သောသူတို့၏ တန်ခိုးသည် အရှင်မြတ်တို့၏တန်ခိုးနှင့်စာနာမူ အဘယ်မှာ ကြီးနိုင်ငံအံ့နည်း။ ကျားသစ်ငယ်နှင့် ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့သာဖြစ်ပေ၏။ သို့ရာတွင် အရှင်မြတ်သည် အဘယ်အလို့ငှာ ကြွလာတော်မူသနည်း' ဟု မေးလျှောက်၏။ အရှင်မြတ်က 'ကြာစွယ်ကိုအလိုရှိ၍ ကြွလာကြောင်း'ကို မိန့်တော်မူလျှင် တစ်ဦးသော ကာဠာဝက ဆင်ကိုယူဆောင်စေ၍ နုထွတ် ကောင်းမြတ်သော ကြာစွယ်ကို စင်ကြယ်စွာဆေးပြီးမှ အရှင်မြတ် သီတင်းသုံးရာသို့ရောက်အောင် ကျောက်ကုန်းဖြင့်ဆောင်၍ ပို့ချေဟု စေပေ၏။

ထိုဆင်လည်း ဆင်မင်း၏အာဏာအတိုင်း အရှင်မောဂ္ဂလာန်၏နောက်တော်မှ ကောင်းကင်ခရီးဖြင့်လိုက်လာ၍ သာဝတ္ထိမြို့၏အနီးသို့ရောက်မှ မြေသို့သက်၍ အရှင်မြတ်အား ကပ်လှူခဲ့၍ ပြန်လေ၏။ နှောင်သောအခါ ဆင်းသက်ရာအရပ်၌ စေတီတည်ထားလေသည်။ (ထိုစေတီကို 'နာဂေါရောဟနစေတီ'ဟု သမုတ်လေသတည်း)။ ။အရှင်မောဂ္ဂလာန်လည်း ထိုကြာစွယ်ကို အရှင်သာရိပုတ္တရာအား ဘုဉ်းပေးစေသော် လေနာရောဂါသည် ချမ်းသာခြင်းသို့ ရောက်လေ၏။ ကြွင်းသော ကြာစွယ်များကို တစ်ပါးသော ရဟန်းတို့လည်း ဘုဉ်းပေးသုံးဆောင်ရကုန်၏။ ထိုကြာစွယ်မှဖြစ်သော ကြာပျားရည်တို့သည် ပြကတေ့သော ပျားလဘို့အရသာကဲ့သို့ လွန်စွာ ချိုမြိန်ကောင်းမြတ်၏။ တစ်ထွာမျှလောက်သော ကြာစွယ်အပိုင်းမှ ထွက်သောအရည်သည် သပိတ်ပြည့်မျှ ရကုန်သတည်း။ ထို့ကြောင့် လောကပညတ္တိကျမ်း၌–

"ယထာ ခုဒ္ဒံ မဓုအနေလကံ ဝေမေဝသာဒုနိ ဝိဒတ္ထိ
မဇ္ဈေ ခဏ္ဍေပတ္တပူရော ရသော ဟောတိ"

ဟူ၍ မိန့်ဆိုသည်။ ။ခုဒ္ဒံ၊ ချိုမြိန်သော။ အနေလကံ၊ ပျားကောင်မရှိသော။ မဓုယထာ၊ ပျားလဘို့ကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ သာဒုနိ၊ ချိုမြိန်ကောင်းမြတ်ကုန်၏။ ဝိဒတ္ထိမဇ္ဈေ၊ တစ်ထွာမျှလောက်သော။ ခဏ္ဍေ၊ အပိုင်း၌။ ပတ္တပူရော၊ သပိတ်ပြည့်မျှသော။ ရသော၊ ကြာရည်သည်။ ဟောတိ၊ ဖြစ်၏။ ။(ဤကား ရုစာဂိရိဆင်မင်းအခဏ်းတည်း)။

## ဥပေါသထဆင်မင်း

ဤမှတစ်ပါးလည်း ရွှေတောင်ကြီး၏ တောင်ဘက်နံပါးဖြစ်သော သမကဏ္ဍိကမည်သော မြေညီတောအုပ်၌

• ဝိနည်းမဟာဝါပါဠိတော် ၆–ဘေသဇ္ဇက္ခန္ဓက ၂၇၇။ ၂၇၈– တို့၌ ကာယဥာဟာဓာမဓာဓောဟောတိ–ဟု ဆိုသည်။

www.burmeseclassic.com



စကြဝတေးမင်းတို့သာ စီးခြင်းငှာထိုက်သော ရွှေအဆင်းနှင့်တူသော ဥပေါသထမည်သော ဆင်မင်းသည် များစွာကုန်သော ဆင်ရွှေ, ဆင်ဝါ, ဆင်ပြာ, ဆင်နီ, ဆင်စိမ်း, ဆင်နက် အပေါင်းတို့ကို စိုးအုပ်လျက်နေ၏။ ထိုဥပေါသထဆင်မင်းအား မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါမည်သော သမီးတော်နှစ်ဦးတို့သည် ရှိကုန်၏။ ထိုနှစ်ဦးသော ဆင်မတို့သည် ရစာဂိရိမည်သော ဆဒ္ဒန်ဆင်မင်း၏ မိဖုရားတည်း။ ကောင်းကင်သို့ သွားခြင်း၊ နာနာရုပ် ဖန်ဆင်းနိုင်ခြင်းတည်းဟူသော တန်ခိုး အာနုဘော်နှင့်လည်း ပြည့်စုံကြကုန်၏။ ဤဥပေါသထ ဆင်မင်းသည် ဆဒ္ဒန်အိုင်အနီးဖြစ်သော သုပ္ပတိဋ္ဌမည်သော ပညောင်ပင်ရင်း၌လည်းနေ၏။

## ဂန္ဓဆင်မင်း

ဤမှတစ်ပါးလည်း ဤရွှေတောင်ကြီး၏ နံပါးတစ်ခုသော ကျောက်လိုဏ်၌ ဖက်ရွက်ကဲ့သို့စိမ်းသော အဆင်းရှိသော ဂန္ဓဆင်မင်းသည် မိမိအဆင်းနှင့်တူသော ဆင်,အဆင်းမတူသော ဆင်အပေါင်းတို့ကို စိုးအုပ်လျက် မင်းလုပ်ကာနေ၏။

## ဟေမဆင်မင်း

တစ်ခုသော တောအုပ်၌လည်း ရွှေသားနှင့်တူသော ဟေမဆင်မင်းသည် ဆင်သင်းအများ ဝန်းရံလျက် စမွယ်တည်နေကြ၏။ ဤသို့လျှင် ထိုဆင်တို့သည် ရေးဘဝ၌ ကုသိုလ် အကုသိုလ်ကံ ရောသော မိဿက ကံကြောင့် ထိုတိရစ္ဆာန်ဘုံ၌ဖြစ်သော်လည်း ပဝတ္တိအခါ ချမ်းသာသော အကျိုးကိုပေးနိုင်သော ကုသိုလ်ကံအဟုန်ကြောင့် ပြည့်စုံစွာသော ကာမချမ်းသာကိုခံစားလျက် အဆင်းဖြင့်လည်း ထူးပြားစွာဖြစ်ကုန်၏။ ထို့ကြောင့် ဆင်္ဂဟဒီပနီ၌–

"ဂိဟိဝေါ မိဿကံ ကုသလာ ကုသလကမ္မံ ကတွာ
တိရစ္ဆာန ဂတိယံ နိဗ္ဗတ္တာပိ တထာဝိဓံ ကုသလမိဿာပိ
ပစ္စံ သမ္ပတ္တိံ အနုဘဝန္တိ"
ဟူ၍ မိန့်ဆိုသည်။

## ဝဠာဟကမြင်းအာဇာနည်

အနောတတ်အိုင်ကိုရံသော တောင်ငါးလုံးတို့တွင် စိတ္တကူဋတောင်၏နံပါး ပတ္တမြားဂူလိုဏ်၌ တိမ်တိုက်မှ သံသေဒဇဖြစ်ပွားသော ဝဠာဟကမည်သော မြင်းအာဇာနည်သည်နေ၏။ ထိုမြင်းသည် ခရုသင်းပွတ်သစ်ကဲ့သို့ ဖြူနုစ်သောကိုယ်အဆင်းရှိ၏။ သက်တင့်ရေးကဲ့သို့ သေးသွယ်လှပသော လည်မွေး မှင်ဆံလည်းရှိ၏။ အလုံးစုံချိုးမွမ်းအပ်သော ကောင်းမြတ်သော ကြန်အင်လက္ခဏာနှင့်လည်း ပြည့်စုံ၏။ မြက်မျိုးဟူသမျှတို့၌ ကျက်စားလျက် တစ်ရံတစ်ရံလည်း တိမ်ယံတိမ်ညွန့်ကိုစားလျက် မြင်းအမျိုးမျိုးတို့ကို စိုးအုပ်၍ နေ၏။

## အိုင်ကြီး ၇ အိုင်

ထိုရွှေတောင်ကြီး၏ မြောက်ဘက် မန္တာကိနီအိုင်မှ လွန်သော် အနောတတ္တ, ဆဒ္ဒန္တ, သီဟပ္ပပါတ, ကုဏာလ, ရထကာရ, ကဏ္ဏမုဏ္ဍဟူသော *အိုင်ကြီး ခုနစ်အိုင်တို့သည် တည်ကုန်၏။

## ဟိမဝန္တာတောင်

ဤအိုင်ကြီးတို့၏ မြောက်ဘက်၌ကား အစောက် ယူဇနာငါးရာရှိသော ဟိမဝန်တောင်မင်းသည် တည်၏။ ဤတောင်ကိုရံလျက် လူစိမ်းသကဲ့သို့ အနိမ့်အမြင့် အဆင့်ဆင့် တင့်တယ်သော တောင်အပေါင်းတို့သည် ရှစ်သောင်းလေးထောင်မျှလောက် တည်ကုန်၏။ ထိုတောင်၏အကြားအကြား၌လည်း မပြတ်စီးဆင်းသော မြစ်ငယ်တို့သည် ငါးရာမျှလောက် တည်ကုန်၏။

## ခြင်္သေ့ ၅ မျိုး

ထိုဟိမဝန္တာ၏အရံဖြစ်သော တောင်လိုဏ်ခေါင်းတို့၌ ကြီးသော တန်ခိုးရှိကုန်သော ခြင်္သေ့တို့သည် နေကုန်၏။ ထိုခြင်္သေ့တို့၏အမျိုးကား ကာဠခြင်္သေ့၊ တိဏခြင်္သေ့, ပဏ္ဍုခြင်္သေ့၊ ကေသရခြင်္သေ့၊ နရခြင်္သေ့ဟူ၍ ငါးမျိုးအပြားရှိ၏။ ထိုငါးမျိုးတို့တွင် ကာဠခြင်္သေ့သည် မည်းနက်သော အဆင်းရှိ၏။ တိဏခြင်္သေ့သည် မြက်သစ်ရွက်ကဲ့သို့ စိမ်းသော အဆင်းရှိ၏။ ပဏ္ဍုခြင်္သေ့သည် ဖက်ရွက်ကဲ့သို့ ဝါဖျော့သော အဆင်းရှိ၏။ ထိုခြင်္သေ့သုံးဦးဝို့သည် မြက်သစ်ရွက်ကို စားကြကုန်၏။ ကေသရခြင်္သေ့ကား တစ်သိန်းထိုက်သော ကမ္ဗလာနီဖြင့် ရစ်ရံသကဲ့သို့ လည်ဆံအမွေးတို့သည် ရှိကုန်၏။ ချိတ်ရည်ဟင်းသပြဒါးသွေးကဲ့သို့သော အရေးနှစ်ကြောင်းတို့သည် နာခေါင်းဝမှသည် ဦးခေါင်းသို့တက်၍

---

* သတ္တကင်္ဂုတ္တရပါဠိတော်=၇=မဟာဝဂ် သတ္တသူရိယသုတ်၊ ၄၁၆ လာ။ အိုင်ကြီးခုနစ်အိုင်တို့တည်း။

www.burmeseclassic.com



နားရွက်အကြားဖြင့်သွားပြီးသော် ကျောက်ကုန်းရိုးကို ပေါ်စေလျက် တစ်ဖက်အကြောင်းလာခဲ့၍ အင်္ဂါဇာတ်သို့ရောက်မှ လက်ျာရစ်လည်၍ တည်၏။ ထိုနီသော အမွေး၏အပေါ်၌လည်း သက်တင့်ရေး၏ပမာ စိမ်းဝါသောအမွေးတို့သည် တည်ကုန်၏။ ထိုမှကြွင်းသော အမွေးတို့သည် ငွေရောင်အသွေးကဲ့သို့ ဖွေးဖွေးဖြူကုန်၏။ ထိုခြင်္သေ့ကား ဆင်မှတစ်ပါးသော သတ္တဝါတို့၏ အဆီအသားကို စား၏။ နရခြင်္သေ့ကား ဘုရားသခင် တို့ပွင့်တော်မူသော အခါ၌သာ ဖြစ်၏။ မျက်နှာကား ခြင်္သေ့နှင့်တူ၏။ ကိုယ်မှုကား လူ၏သဏ္ဍာန်ကဲ့သို့ရှိ၏။ အဝတ် တန်ဆာတို့ဖြင့် တင့်တယ်စွာဆင်၏။ သတ္တဝါတို့၏အသားကို စားကုန်၏။ ထိုငါးမျိုးတို့တွင် ကေသရခြင်္သေ့သည် အလွန်တန်ခိုးကြီးသည်ဖြစ်၍ အလုံးစုံသော ခြေလေးချောင်း ခြေနှစ်ချောင်းရှိသော တိရစ္ဆာန်အပေါင်းကို စိုးအုပ်နှိမ်နင်းလျက် နေ၏။

## ဥသဘာနွားမင်း

ထိုဟိမဝန္တာ၏အရံဖြစ်သော တောင်တစ်လုံး၏နံပါး၌ ရွှေသားအတိပြီးသော လိုဏ်သည်ရှိ၏။ ထိုလိုဏ်၌ သုရဘိယမည်သော အာဇာနေယျဥသဘာနွားမင်းသည် နွားသင်းအပေါင်းတို့နှင့်တကွနေ၏။ ကျွဲ၊ နွား၊ ကြံ့၊ စိုင်၊ ဆိတ်၊ သိုး အစရှိသော သတ္တဝါတို့ကို အစိုးရ၏။ ထိုနွားမင်းကား **မန္တာဂိရိ**တောင်၌နေသော ပရမေသရာမည်သော ဘုမ္မစိုးနတ်ကြီး၏ စီးတော်ယာဉ်တည်း။

## နဂါးများ

ဟိမဝန္တာတော၏ တောင်လိုဏ်ခေါင်းတို့၌ တိရစ္ဆာန်မျိုးဖြစ်သော တောင်နေ နဂါးတို့သည် ရှိကြကုန်၏။ ထိုသတ္တဝါတို့၏အကြောင်းကံကို ဆဂတိဒီပနီ၌ ပြသည်ကား-

"ဟံသာ ပါရေဝတာဒီနံ၊ ဂဒြဘာနမ္ပိ ယောနိသု။
ဇာယန္တေ ကာမရာဂေန၊ မုဠှာ ကီတာဒိယောနိသု။
သပ္ပကောဓုပနာဟေဟိ၊ မာနထဒ္ဓါ မိဂါဓိပါ။
ဂဒြဘာသောဏယောနိသု၊ အတိမာနေန ဇာယရေ။
မစ္ဆေရာ ဥဿုယကောစာပိ၊ မဣဝါနရ ဇာတိသု။ပ။

ကာမရာဂေန၊ ကာမဂုဏ်၌ တပ်မက်သော ရာဂကြောင့်။ ဟံသာပါရေဝတာဒီနံ၊ ဟင်္သာ, ခို အစရှိသည်တို့၏လည်းကောင်း။ ဂဒြဘာနမ္ပိ။ မြည်းတို့၏လည်းကောင်း။ ယောနိသု၊ အမျိုးတို့၌။ ဇာယန္တေ၊ ဖြစ်ကုန်၏။ မုဠှာ၊ မိုက်မဲတွေဝေကုန်သောသူတို့သည်။ ကီတာဒိယောနိသု၊ ကင်း, သန်း, ဘောက်ဖတ် အစရှိသောအမျိုးတို့၌။ ဇာယန္တေ၊ ကုန်၏။ ။ ကောဓုပနာဟေဟိ၊ အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်းတို့ကြောင့်။ သပ္ပါ၊ မြွေဟောက် မြွေငန်းတို့သည်။ ဇာယန္တိ၊ ကုန်၏။ မာနထဒ္ဓါ၊ မာခက်ထန်ခြင်းကြောင့်။ မိဂါဓိပါ၊ ခြင်္သေ့ဖြစ်ကုန်၏။ အတိမာနေန၊ အလွန်သောမာန်ကြောင့်။ ဂဒြဘာသောဏယောနိသု၊ မြည်းမျိုး ခွေးမျိုးတို့၌။ ဇာယရေ၊ ဖြစ်ကုန်၏။ မစ္ဆေရာစ၊ ဝန်တိုတတ်သောသူသည်လည်းကောင်း။ ဥဿုယကောစာပိ၊ ငြူစူ ဆောင်းမြောင်းတတ်သော သူသည်လည်းကောင်း။ မဣဝါနရဇာတိသု၊ ကြောင်မျိုး မျောက်မျိုးတို့၌။ ဇာယန္တိ၊ ကုန်၏။ ။ယေစနရာ၊ အကြင်သူတို့သည်။ စပလာ၊ လျှပ်ပေါ်ကုန်၏။ မုခရာ၊ နှုတ်ထွက်ကြမ်းတမ်းကုန်၏။ အလဇ္ဇာစ၊ အရှက်လည်းမရှိကုန်။ တေနရာ၊ ထိုသူတို့သည်။ ကာကယောနိသု၊ တောကျီးကန်း, ကျီးအမျိုးတို့၌။ ဇာယန္တိ၊ ကုန်၏။ ပါပကမ္မံယော မကောင်းမှုကို ပြုလေ့ရှိကုန်သော။ ယေသတ္တာ၊ အကြင်သတ္တဝါတို့သည်။ ဟတ္ထိအဿ ဂဝါဒီနံယေဝ၊ ဆင်, မြင်း, နွား, ကျွဲ အစရှိသည်တို့ အားသာလျှင်။ ဝဓ, ဗန္ဓန, တာလနာဒီ၊ ညှဉ်းဆဲခြင်း, နှောင်ဖွဲ့ခြင်း, ရိုက်သတ်ခြင်း အစရှိသည်တို့ကို။ ကရောန္တိ၊ ပြုကုန်၏။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ ခန္ဓန ဝိစ္ဆိကာယော၊ ကိုက်ခဲတတ်သော ကင်းပုစွန်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ မဣာရဂေါမာယု အစ္ဆ, ကစ္ဆ, ဗကာဒယော၊ ကြောင်, မြေခွေး, ဝံ, ဖျံ, ဗျိုင်း အစရှိကုန်သော။ တေသတ္တာ၊ ထိုသတ္တဝါတို့သည်။ ဗျုဩ္ဂါပဟုတ္တာ၊ ကျားဖြစ်ကုန်၍။ ဇာယန္တေ၊ ဖြစ်ကုန်၏။ ယေနရာ၊ အကြင်သူတို့သည်။ မံသဘောဇနပ္ပိယာ၊ သားစိမ်းစားခြင်း၌ ချင်ခင်ကုန်၏။ ကောဓနာစ၊ အမျက်လည်းကြီးကုန်၏။ မစ္ဆရိနောစ၊ ဝန်လည်းတိုကုန်၏။ တေနရာ၊ ထိုသူတို့သည်။ ဗျဂ္ဃဒယော၊ ကျား, သစ်, ခြင်္သေ့, အစရှိသည်တို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ယေနရာ၊ အကြင်သူတို့သည်။ ဒါနပ္ပိယာ၊ ပေးကမ်းလှူဒါန်းခြင်း၌ ချစ်ခင်ကုန်၏။ ဝါ၊ အလှူပေးလေ့ရှိကုန်၏။ အထ၊ ထိုသို့အလှူပေးလျက်။ ကောဓနာစ၊ အမျက်လည်းကြီးကုန်၏။ ဒဠှဒေါသာ၊ ခက်ထန်သော ဒေါသမာန်လည်းရှိကုန်၏။ တေနရာ၊ ထိုသူတို့သည်။ နာဂမဟိဒ္ဓိကာ၊ တန်ခိုးကြီးသော နဂါးတို့သည် ဟောန္တိ၊ ကုန်၏။ နာဂါပဟုတ္တာပိ၊ နဂါးဖြစ်သော်လည်း။ ဒါနတောစ၊ အလှူပေးသောကြောင့်သာလျှင်။ ဘောဂဗဟုလာ၊ စည်းစိမ်ဥစ္စာ ရတနာများကုန်သည်။ ဟောန္တိ၊ ကုန်၏။ ပဋိဂ္ဂါဟကာနံ၊ အလှူခံတို့အား။ ဂါရဝေန၊ ရှိသေ

www.burmeseclassic.com



ခြင်းကြောင့်။ သတ္တစ္စပရိဝါရာ၊ ရှိသေတဲ့ဝပ်များမြတ်သော အခြံအရံရှိကုန်သည်။ ဟော်န္တိ၊ ဖြစ်ကုန်၏။ ဤသို့လာသော ဂါထာတို့ကားများ၏။ အလိုရှိမူ ထိုကျမ်း၌ယူလေကုန်။

---

## ၃-ဒေဝ ဂတိကိုပြခြင်း

### ဒေဝဂတိကိုပြသောအရာ၌ကား မဟေသရနတ်

ဤဇမ္ဗူဒီပါကျွန်း၌ နေကြသော ဘုမ္မဋ္ဌနတ်တို့တွင် မဟေသရ အမည်ရှိသောနတ်သည် ဟိမဝန္တာတော၏ အတွင်းမန္တဂိရိအမည်ရှိသောတောင်၌ ကမ္ဘာဦးကပင်ဖြစ်၏။ ရှေးရှေးသော ဘုရား-ပစ္စေကဗုဒ္ဓါတို့၏အထံ၌ ကြိုးနှံ၍ ဆည်းပူးခဲ့သော ကုသိုလ်ထူးရှိသည်ဖြစ်၍ ဇမ္ဗူဒီပါကျွန်း၌ ရှိကုန်သော ဘုမ္မစိုး-ရက္ခစိုးနတ်အမျိုးတို့ကို ပိုင်စိုးအုပ်ချုပ်ရသော နတ်တို့၏ အကြီးဖြစ်၏။ ထိုမဟေသရနတ်သည် အယူဖောက်ပြန်လျက် ဤသို့သော စိတ်အကြံဖြစ်၏။ ငါသည် ဤမည်သော ဌာန၌ နတ်အစုအဝေး ဖြစ်စေလိုသော် ဖြစ်လာ၏။ လူတို့၏ မြို့ရွာ ဖြစ်စေလိုသော်လည်း ဖြစ်လာရ၏။ ထို့ကြောင့် ဤလောကကို ငါပြုပြင်တတ်၏။ ငါသည် မကောင်းကျိုး၊ ကောင်းကျိုးကို ပေးနိုင်၏။ ငါသာလျှင် အစိုးရ၏။ ငါ့ထက်ကြီးမြတ်သူ မရှိဟူ၍ အယူရှိ၏။ ဘုရားမဖြစ်သောအခါ၌ သတ္တဝါတို့သည် ဤနတ်မင်းကိုသာ ပူဇော်ကြ၏။ အလွန်လည်း တန်ခိုးအာနုဘော်ကြီး၏။ အကြင်အကြင်သို့သော ကိစ္စကို အလိုရှိအံ့၊ ထိုထိုကိစ္စသည် ပြီးပြည့်စုံသည်သာဖြစ်၏။ ထို့ကြောင့် ကာလရှည်လျားမှားသော နှလုံးသွင်းခြင်းရှိ၏။ ဘုရားဖြစ်သောအခါလည်း ထိုသို့သော နှလုံးသွင်းသဖြင့်သာ လှည့်လည်ကာနေ၏။

ထိုငါတို့ဂေါတမ မြတ်စွာဘုရား ထင်ရှားဖြစ်တော်မူ၍ ကပိလဝတ်ပြည်၏အနီး တောအုပ်ကြီး၌ မဟာသမယသုတ်ကို ဟောတော်မူသောအခါ များစွာကုန်သော နတ်တို့၏ အစည်းအဝေးသည်ဖြစ်၏။ ထိုအခါ ဘုမ္မစိုးနတ်တစ်ထောင့်ငါးရာသည် အရံရှိသော နန္ဒိကာလအမည်ရှိသော နတ်,မဟာကာလ အမည်ရှိသော နတ်, ဤနတ်အပေါင်း ခြံရံလျက် မိမိ၏ မြောက်သားကြီးဖြစ်သော ဥမ္မာဒေဝီအမည်ရှိသော နတ်မိဖုရားနှင့်တကွ အလုံးစုံသော လောကကို လှည့်ပတ်၍ ကြည့်လတ်သော် တစ်သောင်းသော စကြဝဠာတိုက်၏ အတွင်း၌ အရှင်မရှိ ဆိတ်ငြိမ်သောနတ်တို့၏ ဗိမာန်ကိုမြင်လျှင် ဤဗိမာန်ရှင် နတ်တို့ကား ဘယ်သို့သွားသနည်းဟု ကြည့်လတ်သော် ကပိလဝတ်ပြည် မဟာဝုန်တော၌ သာကီဝင် မင်းသား ရဟန်းအပေါင်းတို့အား လည်းကောင်း, နတ်အပေါင်းတို့အားလည်းကောင်း, တရားဟောလျက် နေတော်မူသော ဘုရားသခင်၏ အထံ၌ ခြံရံ၍ တရားနာလျက် နေကြသည်ကို မြင်လေ၏။

ထိုအခါ ဤရဟန်း ဂေါတမကား လူအပေါင်းတို့အား တရားဟောလျက် မိမိအလိုသို့ဆောင်၏။ ငါသည် ဤလူနတ်တို့အား တရားနာပြီးသောအခါ ငါ၏အဆုံးအမဖြင့် ဖုံးလွှမ်း၍ ပြလိုက်ဦးအံ့, ရှင်ဂေါတမ ဟောကြားသော တရား၏ အန္တရာယ်ကို ငါပြုဦးအံ့,ဟု ကြံပြီးလျှင် မိမိတွင်ပါသော နတ်ပရိသတ်တို့ဝင်၍ နီ, ဖြူ, ကြောင်, ကျား, ဆန်းပြားသော အထည်တို့ကိုယူ၍ ကိုယ်၌ကပ်ပြီးလျှင် ကြီးစွာသောမြွေကို ဦးခေါင်း၌ ရစ်ပတ်လျက် လက်တစ်ဖက်က အိုးခြမ်းကွဲ, လက်တစ်ဖက်က တံကျင်သုံးချောင်းကို ထောက်လျက် တရားဟောရာအရပ်၏ အနီးသို့လာပြီးလျှင် များစွာသော ပရိသတ်တို့၏ ရယ်ဖွယ်ကိုပြလျက် အထူးထူးသော ကခြင်းတို့ဖြင့် က၏။ ထိုပုထုဇဉ်ဖြစ်သော လူပရိသတ်, နတ်ပရိသတ်တို့သည်လည်း မတည်မရပ်ဘဲ သဲသဲရုတ်မျှ ရယ်ရွှင်ကြကုန်၏။ ထို့နောက်မှ မိမိ၏ မိဖုရားဖြစ်သော ဥမ္မာဒေဝီကိုလည်း နမ-ထလော့, ကလော့ဟု ဆို၏။ ထိုအခါ ဥမ္မာဒေဝီနတ်သမီးလည်း အကြီးအငယ်ဖြစ်သော အခြံအရံမိန်းမတို့နှင့်တကွ အထူးထူးသော ကခြင်းတို့ဖြင့် က၏။ လူနတ် ပရိသတ်အပေါင်းတို့သည် ကောင်းချီးပေးခြင်း အပေါင်းတို့ဖြင့် ထိတ်ကျော်အောင် ကောင်းချီးပေးကြ၏။ ထို့နောက်မှ နန္ဒိကာလနတ်, မဟာကာလနတ်တို့ကိုလည်း ပရိသတ်နှင့်တကွ ကစေကုန်၏။ ဤနတ်တို့လည်း တတ်စွမ်းသမျှ ကကြကုန်၏။ ကပြီးသော် စည်ကြီး, မရီးစည်, မုဒိန်းစည်, ထက်စည်တို့ကို လည်းကောင်း။ ကြေးနင်း, မောင်း, စောင်း, တယော အစရှိသော နတ်တို့၏ တူရိယာတို့ကို လည်းကောင်း များစွာတီးမှုတ်၍ သီချင်းသီကြကုန်၏။ ထိုအခါ များလှစွာသော ပုထုဇဉ်ဖြစ်ကုန်သော လူနတ်ပရိသတ်တို့သည် အုတ်အုတ်ကျက်ကျက်သောအသံဖြင့် အလွန် ချောက်ချားကြ၏။ ဘုရားသခင်၏အနီး၌တည်ကုန်သော အရိယာသာဝကဖြစ်သော ပရိသတ်တို့သည်ကား စိုးစဉ်းမျှ ဖောက်ပြန်ခြင်း မရှိကြကုန်။ လှိုင်းမရှိသော အိုင်ကြီးရေကဲ့သို့ ကြည်လင်စွာ တရားနာလျက်ပင် နေကြ၏။

www.burmeseclassic.com



ထိုအခါ မဟောသရ နတ်သားသည် တရားတော်၏ အနှစ်ရသကိုပြုခြင်းငှာ မတတ်နိုင်လေရကား ရှက်သည်ဖြစ်၍ မိမိ၏ပရိသတ်နှင့်တကွ ထို ကရာအရပ်မှခွာခဲ့၍ တရားနာလိုသော ဆန္ဒမရှိပြားသော်လည်း အခြားနတ်၏ ကွဲရဲခြင်းမှ ကင်းစိမ့်သောငှာ သင့်တင့်သောအရပ်၌နေ၍ တရားကိုနာ၏။ မြတ်စွာဘုရားလည်း တရားနာသည်ကိုသိလျှင် ထိုမဟောသန နတ်မင်း၏ မာန်မာနကို နှိမ့်ချစိမ့်သောငှာ လျှောက်ပတ်စွာသော တရားစကားဖြင့် ဟောကြားတော်မူပေ၏။ ဒေသနာတော်၏အဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ ဓမ္မာဘိ သမယကို ရကြကုန်သတည်း။ မဟောသရ နတ်သားလည်း အခြားသောနတ်တို့၏ အကျွတ်တရားရခြင်းကိုမြင်သဖြင့် အလွန်ပင်ရှက်လှလျက် မိမိဌာနသို့ မျက်နှာမလှည့်ဘဲ ပြန်ရလေ၏။

ထိုမဟောသရ နတ်မင်း၏သားကား ခန္ဓကုမာရအမည်ရှိ၏။ ကြီးသော တန်ခိုးအာနုဘော်ရှိ၏။ ဥဒေါင်းယာဉ်ကို စီး၏။ ဇမ္ဗူဒိပ်ကျွန်း၏ တောင်စွန်း၌လည်းကောင်း၊ မြောက်စွန်း၌ဖြစ်သော စိန့်တိုင်း၌လည်းကောင်း လှည့်လည်လေ့ပြု၏။ ထိုခန္ဓာကုမာရကို မဟာပိန္နဲဟု ခေါ်ကြသည်။ အဘနှင့်တူသော အသွင်သဏ္ဍာန်ရှိရကား သိကြားမင်းက ယုံမှားကင်းစိမ့်သောငှာ ဆည်းလည်းငယ်ကို လည်၌ဆွဲစေသည်။ ထို မဟောသရနတ်မင်း ဥမ္မာဒေဝီ မိဖုရားတို့၌ သားသမီးပေါင်းကား နတ်ယောကျ်ား ငါးရာ၊ နတ်မိန်းမ ငါးရာရှိသတည်း။

ရှေးဘုရားတို့၏ သာသနာ၌ လူဖြစ်သောအခါ သံဃာတော်တို့အား ကျောင်းဆောက်၍ ဆွမ်း သက်န်းစသော ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ခဲ့သော ကောင်းမှု၊ ဥပုသ်ဆောက်တည်ခဲ့ရသောကောင်းမှုကြောင့် တစ်ကမ္ဘာပတ်လုံး အသက်ရှည်ကုန်သည်။ သံဃာတော်တို့အား နွားနို့အဖျော်လှူခဲ့ရသောကောင်းမှု၊ ခရီးသွားသော် နွားလှည်းယာဉ်တို့ဖြင့် တင်ပို့ရသောကောင်းမှုကြောင့် သုရတိယမည်သော အာဇာနည် နွားမကိုရသည်။ ထိုနွားမသည်လျှင် တစ်အမွှာဏမျှလောက်သော နို့ကို ယိုစေသည်။ ထိုနွားမမှ ကောင်းကင်သို့ပျံကြွ၍ ကျက်စားသော **သုရတိယ** မည်သော ဥသဘနွားမင်း ဖွားသည်ဖြစ်၍ ထိုနွားသည် နတ်ကြီး၏ စီးတော်ယာဉ်ဖြစ်၍ နတ်မင်း ကောင်းကင်ဖြင့်သွားလိုသော် ထိုနွားကို စီး၍ လှည့်လည်သတည်း။

ရှေးအခါ သံဃာတော်တို့အား အပ်သုံးစင်းလှူဖူးသော ကောင်းမှုကြောင့် စေလွှတ်တိုင်းသွားသော တံကျင်သုံးချောင်းကိုရသည်။ အလုံးစုံသော သပိတ်, သက်န်း, ရဟန်းပရိက္ခရာတို့ကို လှူခဲ့သောကြောင့် သုံးဆောင်ဖွယ်ဟူသမျှတို့ကို လိုတိုင်းရောက်လာရသတည်း။ ထို့ကြောင့် ဆဂတိဒီပနီအဋ္ဌကထာ၌-

"ယော ပုရိမဗုဒ္ဓကာလေ သံဃဿ သူစိဒါနေန
ဘိသူလံလဒ္ဓတိ သဗ္ဗပရိက္ခာရ ဒါနေနသဗ္ဗော ပကရ
ဏာနိ လဒ္ဓန္တိ"

ဟူ၍ ဆိုသည်။

## မြတ်စွာဘုရားနှင့်မဟောသရနတ်

တစ်ရံရောအခါ မြတ်စွာဘုရားသည် ဟိမဝန္တာအရပ်သို့ ကြွတော်မူ၍ နံ့သာတော၌ နေ့သန့်တော်မူ၏။ ထိုအခါ မဟောသရနတ်သည် ဘုရားသခင်ကိုမြင်၍ အထံတော်သို့ လာပြီးလျှင် မြင်ဖူးကြပြီးဖြစ်သောကြောင့် အတန်ငယ်လည်း ကြည်ညိုသည်ဖြစ်၍ ဘုရားသခင်နှင့်ပြိုင်ယှဉ်၍ ကစားလိုရကား ဤသို့ လျှောက်ထား၏။ 'အရှင်ဂေါတမ၊ အရှင်မြတ်သည် လူ့ရပ်နိုင်ငံတွင် ပြိုင်စံသူမရှိအောင် တန်ခိုးကြီးလှသည်ဟု ကျော်စောသည်။ အကျွန်ုပ်လည်း ဇမ္ဗူကျွန်းရပ်၌ နတ်အပေါင်းတို့တွင် သူမယှဉ်နိုင်သော တန်ခိုးနှင့်ပြည့်စုံသော နတ်မင်းတစ်ဦးပင်ဖြစ်သည်။ အရှင်၏တန်ခိုးနှင့် ကျွန်ုပ်၏တန်ခိုးကို ပြိုင်စံ၍စမ်းကြအံ့။ အရှင်၏တန်ခိုးကို အကျွန်ုပ် မြင်လိုပါသည်'ဟု လျှောက်၏။ ထိုစကားကိုကြားသော် ဘုရားသခင်လည်း ဤသို့ ဆင်ခြင်၏။ 'ဤနတ်ဘီလူးကား တန်ခိုးကြီးသော နတ်မင်းတစ်ဦးပင်ဖြစ်ပေသည်။ ငါ၌ကြည်ညို၍ သာသနာသို့ဝင်မှုကား များစွာအကျိုးရှိလတ္တံ့။ ထို့ကြောင့် သူ၏အလိုကိုလိုက်၍ အခွင့်ပေးမှ လျော်မည်ဟု' ကြံတော်မူ၍ 'အချင်းရဒြ၊ သင်သည် ငါ၏တန်ခိုးကို သိချင်လိုမှုကား သင်လိုသော ကိစ္စပမာဏကို ဆိုလော့'ဟု မိန့်တော်မူ၏။

## ပုန်းတမ်းကစားခြင်းအစ

မဟောသရ နတ်မင်းလည်း "အရှင်ဘုရား၊ လူသူငယ်များတို့သည် ကိုယ်ဝှက်တမ်း ကစားသကဲ့သို့ ကိုယ်ကိုဝှက်ကွယ်၍ ကစားလိုပါသည်'ဟု လျှောက်၏။ ဘုရားသခင်ကလည်း 'သင် အလိုရှိတိုင်း ကစားလော့။ သင်ပင် ရှေးဦးစွာဝှက် ကွယ်လော့။ ငါ ဖော်မည်'ဟု မိန့်တော်မူ၏။ နတ်မင်းကလည်း "အရှင်ဘုရား၊ အကျွန်ုပ်ကိုယ်ကို ဝှက်ပါမည်၊ အရှင်၏မျက်စိကိုမှိတ်၍ လက်ချောင်းတို့ဖြင့် ပိတ်လွှမ်းပါ

www.burmeseclassic.com



လော့'ဟု လျှောက်၏။ ဘုရားသခင်လည်း နတ်ဆိုတိုင်းပင် ပြုံး၍နေ၏။ မဟောသရနတ်လည်း ထိုနေရာ၌ ကိုယ်ခန္ဓာကို ကွယ်စေပြီးလျှင် မြေကြီးသို့ငုပ်၍ ပရမာဏုမြူမျှလောက် သိမ်မွေ့သောကိုယ်ကို ဖန်ဆင်းပြီးလျှင် မြေကြီးအထုကို အသိန်းမျှလောက်လွှာ၍ အတွင်းကြားမှနေပြီးလျှင် အသံကိုသာ ထင်စေလျက် 'အရှင်ဘုရား၊ အကျွန်ုပ်ကိုဖော်လော့'ဟု ခွင့်ပြု၏။ ဘုရားကိုယ်တော်မြတ်လည်း ဆင်ခြင်လေသော် ထိုခဏချင်းပင် သမန္တစက္ခုဉာဏ်ဖြင့်မြင်၍ လကျ်ာလက်တော်ဖြင့် မြေလွှာပါယူပြီးလျှင် လက်ဝဲလက်ဝါး၌ တင်ထားပြီးမှ လက်ယာလက်ချောင်းဖြင့် အထက်မြေလွှာကို ကြာကြာကြိုကာပစ်လျက် အောက်ဆုံးအလွှာသို့ကျသော် 'အချင်းရဟန်း၊ ထလော့ ထလော့'ဟု ဆိုတော်မူ၏။

ထိုအခါ မဟောသရနတ်သည် ဤသို့ ကြံပြန်၏။ 'ဤရဟန်းဂေါတမသည် ငါ့ကိုမမြင်ဘဲလျက် ရမ်းဆ၍ သင် ထလော့ဟု ဆိုရှာသည်။ ငါ မထအံ့'ဟု ကြံ၏။ ဘုရားသခင်လည်း ထိုအကြံကို သိတော်မူပြန်၍ 'အချင်းရဟန်း၊ သင်သည် ဤသို့မကြံလင့်။ ငါကား သင်၏ကိုယ်ကိုလည်းကောင်း၊ လက်ခြေတို့ကိုလည်းကောင်း၊ အူမ၊ အူသိမ်၊ လက်သည်း၊ အမွေးတို့ကိုလည်းကောင်း သိမြင်တော်မူသည်သာတည်း'ဟု မိန့်တော်မူ၏။ ဤစကားကိုကြားသော် မဟောသရနတ်မင်းလည်း ရုပ်နှင့်တကွထ၍ ဘုရားရှင်အား ဤသို့လျှောက်၏။ 'အရှင်ရဟန်း၊ အရှင်မြတ်သည် အလွန် တန်ခိုးကြီးပေ၏။ အံ့ဖွယ်သရဲ လွန်ကဲသောအာနုဘော်ရှိပေ၏။ အကျွန်ုပ် စိတ်အကြံကိုပင် သိပေသည်။ သို့ရာတွင် အရှင်ရဟန်းသည် ပုန်းဦးလော့၊ ကျွန်ုပ် ရှာပါအံ့'ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားကလည်း 'အချင်း ရဟန်း၊ ငါ ပုန်းဦးအံ့၊ သင်သည် အလုံးစုံသောလက်ဖြင့် မျက်နှာကိုဖုံး၍ နေလော့'ဟု ဆို၏။ မဟောသရနတ်လည်း ဆိုတိုင်းနေသောအခါ မြတ်စွာဘုရားသည် ပရမာဏုမြူမျှသော ကိုယ်တော်ကိုဖန်ဆင်းလျက် နတ်မင်း၏ မျက်စိနှစ်ဖက်ကြား၌ နေပြီးလျှင် ကောင်းကင်မှ အသံကိုပြု၍ 'လိုက်လော့ လိုက်လော့'ဟု ဆို၏။ မဟောသရနတ်လည်း မျက်နှာကိုဖွင့်လျက် ထက်ဝန်းကျင်သော အရပ်ကိုကြည့်လေသော် ကိုယ်တော်၏ နေရာကိုမမြင်ရကား ထိုင်ရာမှထ၍ အလုံးစုံသော တောအုပ်တောင်၊ လိုဏ်၊ ဂနိုင်၊ ကျောက်ကြား၊ ချုံဖျား၊ ရေ၊ မြေ စသည်တို့၌ ဆယ်ကြိမ်စီလှည့်၍ ကြည့်၏။ ထို့နောင်မှ သမုဒ္ဒရာ၏ အလယ်အနား၊ နဂါးပြည်၊ ဂဠုန်ပြည်၊ အသုရာပြည်၊ ပြိတ္တာပြည် စသည်တို့၌လည်းကောင်း၊ စကြဝဠာဝန်းကျင်၌တည်သော နတ်ပြည်ခြောက်ရွာ၊ ဗြဟ္မာတစ်ဆယ့်ခြောက်ဘုံတို့၌လည်းကောင်း၊ ဤစကြာဝဠာမှတစ်ပါး အခြားသော စကြဝဠာတိုက်တို့၌လည်းကောင်း ဆယ်ကြိမ်စီလှည့်လည်၍ရှာသော်လည်း မြတ်စွာဘုရားသခင်ကို မမြင်နိုင်ရကား "အရှင်ဘုရား၊ အကျွန်ုပ် မစွမ်းနိုင်ပါပြီ ထင်ရှားပြတော်မူပါလော့'ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားလည်း တာဝတိံသာမှ သက်တော်မူသောအခါ ရတနာအတိပြီးသော စောင်းတန်းဖြင့် ဖန်ဆင်းသကဲ့သို့ ၃၂ ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာ ရောင်ခြည်ခြောက်ဖြာတို့ဖြင့် ဖန်ဆင်းအပ်သော ကိုယ်တော်ကို ထင်စွာပြလျက် မဟောသရနတ်မင်း၏ မျက်မှောက်ထံရင်းမှ ဆင်းသက်တော်မူ၏။ ဤသို့သော တန်ခိုးပြာဋိဟာကိုမြင်သော် အလွန်လျှင် ဝမ်းမြောက်ခြင်း ကြည်ညိုခြင်းစိတ်ဖြစ်၍ ဦးထိပ်၌ လက်အုပ်ကိုချီတင်လျက် 'အရှင်ဘုရား၊ အကျွန်ုပ်အား ယနေ့မှစ၍ ဥပါသကာ မှတ်တော်မူပါ၊ အသက်ထက်ဆုံး အကျွန်ုပ်ဆရာပြု၍ ကိုးကွယ်တော့မည်'ဟု လျှောက်ကြား၍ သရဏဂုံယူလေ၏။

## ရုပ်ပွားတုကိုးကွယ်ခြင်းအစ

ထိုသို့ သရဏဂုံယူပြီးလျှင် အရှင်ဘုရားသည် လူသားပင် ဖြစ်သော်လည်း လူတို့၏ ဆွမ်းကွမ်းနှင့်မတန် နတ်တို့၏ ဆွမ်းကွမ်းနှင့်သာတန်ပါသည်။ အကျွန်ုပ်၏နေရာ မန္တာဂိရိတောင်၌ သီတင်းသုံးတော်မူပါ၊ ကျောင်းဆောက်၍ ကိုးကွယ်ပါမည်'ဟု လျှောက်၏။ ဘုရားသခင်က ခွင့်ပေးတော်မမူလေလျှင် 'အရှင်ဘုရား၏ ရုပ်ပွားသဏ္ဌာန်ကို ဖန်ဆင်း၍ ကိုးကွယ်ပါရစေ 'ဟု ခွင့်တောင်း၏။ ဘုရားသခင်ကလည်း 'ငါ၏အသွင်သဏ္ဌာန်ကိုစိမ်၍ ကိုးကွယ်လော့'ဟု ခွင့်ပြုတော်မူ၏။

ဤသို့ အခွင့်ရလျှင် မန္တာဂိရိတောင်၏အဝှမ်း အလွန်မွေ့လျော်ဖွယ်ရှိသောအရပ်၌ ရတနာခုနစ်ပါးတို့ဖြင့် ဆန်းကြယ်သော မုခ်ထွင့်မှန်းချွန် စသည်တို့ဖြင့် တန်ဆာဆင်အပ်သော ရွှေတောင်၏အနှစ်နှင့်တူသော ကျောင်းကြီးကို ပြုလုပ်၏။ အတွင်း၌ ရှုချင်စဖွယ် တင့်တယ်သော ဂန္ဓကုဋီတိုက်ကို ဖန်ဆင်း၏။ ထိုကုဋီ၏ အခံမြေအပြင်သည် ဖလ်ဖြင့်လည်းကောင်း၊ ပတ္တမြားဖြင့်လည်းကောင်း ပြီး၏။ နူးညံ့ ပျော့ပျောင်းလှသည်ဖြစ်၍ ခြေဖြင့်နင်းသောအခါ အောက်သို့ညွတ်လျက် ခြေကြွသောအခါ အထက်သို့တက်

www.burmeseclassic.com

www.burmeseclassic.com



လာ၏။ ထိုကုဋီ၏အပေါ်ဝယ် တံခါးဝ၌ ငွေဖြင့်ပြီးသော တံခါးမှန်တို့သည် ဖွေးဖွေးဖြူ တောက်ပလျက်တည်၏။ ထိုတံခါးဝ၌ ပရိသတ်တို့၏ညီမှုရာ ဖရပ်ကိုလည်း တင့်တယ်စွာ ဖန်ဆင်းထားပြီးမှ မဟောသရနတ်မင်းသည် တန်ခိုးဖန်ဆင်းလျက် မြတ်စွာဘုရားအား ခစား၍နေသော အရုပ်သဏ္ဌာန်ကိုလည်း စီမံပြုလုပ်၍ ဂန္ဓကုဋီတိုက်၏ အတွင်း၌ကား လက္ခဏာတော် ကြီးငယ်တို့ဖြင့် တင့်တယ်လှစွာသော ဘုရားသခင်၏ ရုပ်သွင်ဆင်းတုကို သက်တော်ထင်ရှားရှိသကဲ့သို့ ပြုလုပ်၍ထား၏။ ယင်းသို့ ပြုလုပ်ပြီးမှ တစ်ဦးသော မျောက်မင်းကို မျောက်သင်းအရံနှင့်တကွ ကျောင်း၏ပရိဘောဂကို ပြုပြင်ဆောင်ရွက်စိမ့်သောငှာ အပ်နှံထားပေ၏။ ဤသို့ ပြုပြင်၍ ဘုရားရုပ်သွင်ကို အစဉ် ကိုးကွယ်လေသတည်း။

ဂန္ဓမာဒနတောင် နန္ဒမူလိုဏ်၌ ရဟန္တာငါးရာတို့သည် နွေလအခါ၌ကြွ၍ သီတင်းသုံးကုန်သတည်း။ ထိုရဟန္တာတို့သည် မဟောသရနတ်မင်း ကိုးကွယ်သော ဘုရားဆင်းတုတော်ကို ပူဇော်ခြင်းငှာ နေ့တိုင်း သွားကြ၏။ နတ်မင်းကလည်း ထိုအရှင်တို့အား နေ့စဉ် နတ်ဆွမ်းဖြင့် လုပ်ကျွေးသတည်း။ တစ်ရံသောအခါ မဟောသရနတ်မင်းအား ခစားလေ့ရှိသော ရသေ့လေးဦးတို့သည် နတ်မင်းကို ဖူးမြင်ခြင်းငှာလည်းကောင်း၊ စင်ကြယ်သောအကျင့်ကို ရခြင်းငှာလည်းကောင်း၊ လိုအပ်သော ဆုတစ်ခုခုကို တောင့်တခြင်းငှာလည်းကောင်း ထိုအရပ်သို့လာကြကုန်သော် နတ်မင်းကိုးကွယ်လျက်ရှိနေသော ကျောင်းတော်ကိုမြင်၍ ဝင်ကာဖူးမျှော်ကြသဖြင့် အထူးထူးသော အံ့ဖွယ်သရဲလွန်ကဲဆန်းထူးဆန်းသော ရုပ်တုတော်ကို ပူဇော်ရှိခိုးရသဖြင့် အားမရနိုင်ရကား တစ်ပါးသောအံ့ဖွယ်ကို ကြည့်ဦးအံ့ဟုကြံလျက် ညီမှုရာဖရပ်၏နံရံကိုမှီ၍ နေကြ၏။

ထိုအခါ မျောက်မင်းသည် အသင်းနှင့်တကွ ဆွမ်းအဖျော်တို့ကို ပြုပြင်၍လည်းကောင်း၊ နှစ်ခုသော ပန်းပုံတောင်းဖြင့် ပန်းတို့ကို စီရင်၍လည်းကောင်း၊ ဘုရားဆင်းတုတော်ကို ပူဇော်ဆက်သလာ၏။ ထိုပန်းပုံတောင်း၌ ပန်းတို့ကား ရတနာခုနစ်ပါးဖြင့်ပြီး၏။ ထိုအခါ ရဟန္တာငါးရာတို့သည် ဂန္ဓမာဒနတောင်မှ ဟင်္သာမင်းကဲ့သို့ ကောင်းကင်ဖြင့် ပျံ၍လာပြီးသော် ထိုဖရပ်သို့ဝင်၍ ရုပ်ရှင်တော်ကို ပူဇော်ရှိခိုးကြကုန်၏။ မျောက်မင်းသည်လည်း ရှိခိုးကုန်သော ရဟန္တာမြတ်တို့၏လက်၌ ငါးခုငါးခုစီသော ရတနာပန်းခိုင်တို့ကို ကပ်ပေ၏။ ရဟန္တာမြတ်တို့လည်း ဂန္ဓကုဋီသို့ဝင်၍ ရုပ်ရှင်တော်ကို လကျာ်ရစ် သုံးပတ်လည်၍ ရှိခိုးပြီးမှ ထွက်လာကြ၏။

ထိုအခါ မဟောသရ နတ်မင်းသည်လည်း ဥမ္မာဒေဝီ မိဖုရားနှင့်တကွ သုရတိယမည်သော နွားဥသဘယာဉ်ကို စီး၍ နတ်သမီး အခြံအရံနှင့်တကွလာပြီးသော် ဖရပ်တံခါးဝသို့ရောက်လျှင် နွားယာဉ်မှသက်၍ အခြံအရံတို့ကိုထားခဲ့၍ မိဖုရားကိုလက်တွဲလျက် ခြေဖြင့်သာလျှင် ဖရပ်သို့ဝင်၍ ရဟန္တာအရှင်မြတ်တို့ကို နှုတ်ဆက်ခဲ့ပြီးမှ ဂန္ဓကုဋီတိုက်သို့ဝင်၍ ယခင် မျောက်မင်းထားအပ်သော ပန်းပုံတောင်း၌ ပန်းတို့ကိုယူ၍ ဆင်းတုတော်ကို ပူဇော်ရှိခိုး၏။ လကျာ်ရစ် သုံးပတ်လည်ပြီးမှထွက်ခဲ့၍ ရဟန္တာငါးရာအား နတ်၏ဆွမ်းခဲဖွယ်တို့ဖြင့် လုပ်ကျွေး၏။ ရဟန္တာမြတ်တို့လည်း ဆွမ်းဘုဉ်းပေးပြီးသော် သင့်လျော်စွာ အနုမောဒနာပြု၍ မိမိတို့၏နေရာ ဂန္ဓမာဒနတောင်သို့ ကောင်းကင်ခရီးဖြင့် ကြွကြကုန်၏။ နတ်မင်း နတ်မိဖုရားတို့လည်း ထိုအရှင်တို့အား မြင်သမျှ ကာလပတ်လုံး လက်အုပ်ချီကာ မြှောက်၍ ပူဇော်ကြကုန်သတည်း။ ယင်းသို့ ပူဇော်လိုက်ပြီးမှ မိမိတို့၏ပရိသတ်နှင့်တကွ မိမိ၏နေရာ မန္ဒာဂိရိတောင်သို့ ပြန်ကြလေသတည်း။

နတ်မင်းသို့ပြန်ကြလေလျှင် ဂဏိဿရ မျောက်မင်းလည်း ရဟန္တာတို့အားလုပ်ကျွေး၍ ကြွင်းကျန်သော ဆွမ်းဘောဇဉ်ကိုယူ၍ ရသေ့လေးဦးတို့အား လုပ်ကျွေး၏။ ရသေ့တို့လည်း ဆွမ်းဘုန်းပေးပြီးသော် မမြင်ဖူးမြဲ အံ့ဖွယ်သရဲကို မြင်ရပေသည်ဟု အောက်မေ့လျက် ဤသို့ဆိုကြ၏။ 'အချင်းတို့၊ အလွန်အံ့ဖွယ်ရှိစွ။ မမြင်စဖူး မကြားစဖူးသည်ကို မြင်ရ ကြားရပေသည်။ ငါတို့ရှိသေသော မဟောသရနတ်မင်းလည်း မြတ်စွာဘုရားအား အလွန်ကြည်ညို၍ ရိုသေစွာ ဆည်းကပ်ပေသည်တကား။ ရတနာသုံးပါးတို့၏ကျေးဇူးဂုဏ်ကို တစ်စုံတစ်ယောက်သောသူသည် ချီးမွမ်းပြောပြ၍ မကုန်နိုင်ရာ အပ္ပမေယျသာဖြစ်၏။ ငါတို့လည်း လူ၏အဖြစ်ကို အရတော်ပေစွာ့တကား။ ကြုံခဲလှစွာသော ဗုဒ္ဓုပ္ပါဒအခါနှင့် ကြုံရပေသည်တကား။ ဤရသေ့အသွင်ကိုပယ်ရှား၍ ဘုရားရှင်သာသနာ၌ ရဟန်းပြုကုန်အံ့'ဟု တိုင်ပင်ပြီးလျှင် မိမိတို့၏နေရာသို့ ပြန်ကြလေ၏။

ထိုရသေ့တို့ပြန်လျှင်ပင် ကျောင်းတော်သည် ကွယ်လေ၏။ ဤမဟောသရ နတ်မင်းသည် အရှင်ဟတ္ထကမည်သော ရဟန္တာမြတ်ဟောအပ်သော တရားကိုနာ၍ သောတာ

www.burmeseclassic.com



ပတ္တိဖိုလ်သို့ရောက်လေသည်။ ဤမဟောသဓနတ်ကို သသ်က ရိုင်ကျမ်းတို့၌ ပရမသေ့ရာဟူ၍လည်းကောင်း၊ ပရမီသွာဟူ၍ လည်းကောင်း ဆိုသည်။ မိဖုရားအမည်ကိုလည်း သူ၏နှလုံး ကိုဆောင်တတ်သောကြောင့် မနောဟာရိနီဟူ၍ ဆိုသည်။ ထို့ကြောင့် သာမုဒြိကလင်္ကာ ပဏ္ဏာမ၌–

(၂) "ကျော်ပြန့်ဝှန်ထိတ်၊ ကျွန်းလုံးညိတ်မျှ၊ ပရမီသွာ၊ နတ်ဒေဝါမူ၊ မန္တာဂီရိ၊ မဏိရောင်စွတ်၊ တောင်တောင်ထွတ်များ၊ ဘုရားရုပ်ဓာတ်၊ မွေမြတ် ဆူဆူ၊ ညွှတ်ကြည်ဖြူရ၊ အိမ်သူဇနီး၊ သမီးမကွာ၊ သားငါးရာနှင့်၊ သောတာပတ္တိ၊ မဂ်ဉာဏ်ရှိသား၊ သမာဓိမျိုး၊ နှစ်လို့နှစ်လိုင်း၊ ဂိုဏ်းနှင့်တကွ၊ သဗ္ဗ ဇည်၊ ဒေဝဲဒေဝေါ၊ ဖွေဖော်ဟောထုတ်၊ သဘော ဟုတ်သား၊ ဝိသုဒ္ဓိထွတ်၊ နတ်ထက်နတ်ကို၊ ဆယ် မြတ်လက်မိုး၊ တင်ညွှတ်ကျိုးသည်… ရှိခိုးသုံးကြိမ် ညွှတ်နှုးတည်း" ဟူ၍ စပ်ဆိုသတည်း။ (ဤကား ဘုမ္မဇိုဝ်းနတ်၏ အကြောင်းတည်း။)

## ၄-မနုဿဂတိကိုပြခြင်း

မနုဿဂတိကို ဝေဖန်၍ဆိုပေအံ့။

### ဟိတ် ၃ မျိုး

လူမျိုးသည် တိဟိတ်,ဒွိဟိတ်, အဟိတ်,ဟူ၍ သုံးမျိုး ရှိ၏။ ထိုသုံးမျိုးတို့တွင် မဟာဝိပါက် ဉာဏသမ္ပယုတ် ဥက္ကဋ္ဌ စိတ်လေးပါးတို့တွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေ သော သူသည် တိဟိတ်မည်၏။ မဟာဝိပါက် ဉာဏဝိပ္ပ ယုတ် စိတ်လေးပါးတို့တွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေ သောသူသည် ဒွိဟိတ်မည်၏။ အဟိတ် ကုသလဝိပါက် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသော သူသည် အဟိတ် မည်၏။ ထိုပဋိသန္ဓေသုံးမျိုးကို ပဝတ္တိအခါ၌ အဘယ်ယုတ္တိ ဖြင့် သိရာ သနည်းဟူမူကား အလောဘနှင့်တကွဖြစ်သော စိတ်သည် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်းဟူသော ဘောဂ သမ္ပတ္တိ ကိုပေး၏။ အဒေါသနှင့်တကွဖြစ်သော စိတ်သည် ကိုယ် အင်္ဂါနှင့်လည်းကောင်း, အခြံအရံနှင့်လည်းကောင်း ပြည့်စုံ ခြင်းဟူသော ပရိဝါရသမ္ပတ္တိကိုပေး၏။ အမောဟနှင့် တကွဖြစ်သော စိတ်သည် အသိပညာနှင့်ပြည့်စုံခြင်းဟူသော ပညာ သမ္ပတ္တိကိုပေး၏ဟူ၍ ဟောတော်မူသောကြောင့် စည်းစိမ်ချမ်းသာနှင့် လည်းကောင်း, အခြံအရံနှင့် လည်း ကောင်း, ပညာနှင့်လည်းကောင်း ပြည့်စုံသောသူကို တိဟိတ် ဟူ၍ သိအပ်၏။ တိဟိတ်ဩမကက ကံလေးခု၊ ဒွိဟိတ်ဥက္ကဋ္ဌ ကံ လေးခုသည် မဟာဝိပါက် ဉာဏဝိပ္ပယုတ်လေးခုတည်း ဟူသော ဒွိဟိတ်ပဋိသန္ဓေကို ပေးတတ်၏။ ထို့ကြောင့် ပဝတ္တိအခါ၌ ဘောဂသမ္ပတ္တိ, ပရိဝါရ သမ္ပတ္တိနှင့်သာ ပြည့်စုံ ၍ ပညာနှင့် မပြည့်စုံသောသူကို ဒွိဟိတ်ဟူ၍ သိအပ်၏။ ဒွိဟိတ်ဩမက ကံလေးခုသည် အဟိတ်ပဋိသန္ဓေကို ပေး တတ်၏ ဆိုသောကြောင့် သုံးပါးသော သမ္ပတ္တိမှကင်းသော ကျွန်အမှုလုပ်, ဇစ္စန္ဓ, ဇစ္စဗဓိရ, ဇစ္စမူဂအစရှိသော သူတို့ ကို အဟိတ်ဟူ၍ သိအပ်၏။ ထို့ကြောင့် ဆဂတိဒီပနီ အဋ္ဌကထာ၌–

"တိဝိဓသမ္ပတ္တိယုတ္တာ တိဟေတုကာ မနုဿာတိ ဝေဒိ တဗ္ဗာ။ ဒုဝိဓ သမ္ပတ္တိယုတ္တာ ဒွိဟေတုကာ။ တိဝိဓ သမ္ပတ္တိဝိရာ ဒါသကမ္မကရဏာ အန္ဓမူဂါဒယော အဟေ တုကာ မနုဿာတိ"

ဟူ၍ ဆိုတော်မူသည်။

### ကျွန်းလေးကျွန်း

တစ်နည်းလည်း နေရာဖြစ်သော ကျွန်း၏အစွမ်းအား ဖြင့် ပုဗ္ဗဝိဒေဟ ကျွန်းသား, ဥတ္တရကုရု ကျွန်းသား, အပ ရဂေါယာ ကျွန်းသား, ဇမ္ဗူဒီပ် ကျွန်းသားဟူ၍ လေးမျိုး အပြားရှိ၏။ ထိုလေးကျွန်းတို့တွင် ဇမ္ဗူဒီပ်ကျွန်းသည်ယူဇနာ တစ်သောင်းကျယ်၏။ လှည်းဦးကပ်သဏ္ဌာန်ရှိ၏။ ပုဗ္ဗ ဝိဒေဟကျွန်းသည် ယူဇနာ ခုနစ်ထောင်ကျယ်၏။ လဝန်း သဏ္ဌာန်ရှိ၏။ ဥတ္တရကုရုကျွန်းသည် ယူဇနာရှစ်ထောင် ကျယ်၏။ လေးထောင့် အင်းပျဉ်သဏ္ဌာန်ရှိ၏။ အပရ ဂေါယာကျွန်းသည် ယူဇနာ ခုနစ်ထောင်ကျယ်၏။ လခြမ်း သဏ္ဌာန်ရှိ၏။ ဤကျွန်း၌နေသော လူတို့၏မျက်နှာလည်း ကျွန်း၏သဏ္ဌာန်ကဲ့သို့ရှိ၏။ ကျွန်းကြီး၏အရံဖြစ်သော ကျွန်းငယ်၌နေသော သူတို့လည်း ကျွန်း၏သဏ္ဌာန်ကဲ့သို့ ပင် တူကုန်၏။ အပရဂေါယာ ကျွန်းသားတို့၏ဖွားသစ်စ ဖြစ်သော ကိုယ်ခန္ဓာသည် ဤဇမ္ဗူဒီပ်ကျွန်းသားတို့၏ လေးလသား ပမာဏရှိ၏။ ပုဗ္ဗဝိဒေဟကျွန်းသားတို့၏ဖွား သစ်စဖြစ်သော ကိုယ်ခန္ဓာသည် ဇမ္ဗူဒီပါ၌ ငါးလသား ပမာဏရှိ၏။ ဥတ္တရကုရု ကျွန်းသားတို့၏ ဖွားသစ်စဖြစ် သော ကိုယ်ခန္ဓာသည် ဇမ္ဗူဒီပ်၌ ခြောက်လသားပမာဏ ရှိ၏။ အပရဂေါယာ ကျွန်းသားတို့၏ ကိုယ်ရပ်အမြင့်သည် ဤဇမ္ဗူဒီပ်ကျွန်းသားတို့၏ တစ်သူ့ခွဲမျှလောက်မြင့်၏။ ပုဗ္ဗ ဝိဒေဟ ကျွန်းသားတို့၏ တစ်သူ့သည် အပရဂေါယာကျွန်း. သားတို့၏ တစ်သူ့ခွဲမျှမြင့်၏။ ဥတ္တရကုရုကျွန်းသားတို့၏ တစ်သူသည် ပုဗ္ဗဝိဒေဟ ကျွန်းသားတို့၏ တစ်သူ့ခွဲမျှမြင့်၏။

www.burmeseclassic.com

www.burmeseclassic.com



(လူတို့၏ လက်ခုပ်တစ်ဖောင်ကို တစ်သူခေါ်သည်။ ထို့ကြောင့် အဘိဓာန်၌ (၈၈၅) ပေါရိသံ၊ တစ်သူသည်။ ဥဒ္ဓတ ဗာဟု ဒွယပ္ပမာဏေ၊ အထက်၌ဆန့်အပ်သောလက်နှင့်တကွ အရပ်အတိုင်းအရှည်၌။ ပေါတိ၊ ၏။ ဟူ၍ဆိုသည်။)

ဇမ္ဗူဒိပ်ကျွန်းသားတို့သည် အဆင်းသဏ္ဌာန်အားဖြင့် အထူးထူး အပြားပြား ရှိကုန်၏။ အချို့လည်း ဖြူသည်။ အချို့လည်း မည်းသည်။ အချို့လည်း ညိုသည်။ ထို့အတူ ပုဗ္ဗဝိဒေဟကျွန်း၊ အပရဂေါယာ ကျွန်းသားတို့လည်း အထူးထူး အပြားပြား ရှိကုန်သည်။ ဥတ္တရကုရု ကျွန်းသားတို့ကား ဖြူစင်သော အဆင်းရှိသည်သာ ဖြစ်ကုန်၏။ ဇမ္ဗူဒိပ်ကျွန်းသားတို့သည် ဝါချည်လျှော်ချည် စသော ထူးပြားသော အဝတ်ကို ဝတ်ကြကုန်သည်။ ထို့အတူ ပုဗ္ဗဝိဒေဟကျွန်း အပရဂေါယာ ကျွန်းသားတို့လည်း ထူးပြားသောအဝတ်ကို ဝတ်ကြကုန်၏။ ဥတ္တရကုရု ကျွန်းသားတို့၌ကား ပဒေသာပင်မှဖြစ်သော နတ်ဝတ်လဲနှင့်တူသော အလျားအတောင်နှစ်ဆယ်, အနံဆယ်တောင်ရှိသော အဝတ်ကိုသာ ဝတ်ကြကုန်၏။ ဇမ္ဗူဒိပ်ကျွန်းသားတို့၏ အသွင်အပြင်သည် ရွှေရောင်, ငွေရောင်, ပုလဲရောင်ဖြင့် ပြီးသည်ဖြစ်၍ မမြဲသကဲ့သို့ ကြွင်းသော သုံးကျွန်းသားတို့၏ အသွင်အပြင်လည်း မမြဲကုန်။ တောင်ကျွန်းသားတို့သည် ထမင်း, မုန့်, ငါး, အမဲ အစရှိသော အထူးထူးသော ဘောဇဉ်ခဲဘွယ်ကို စားကုန်သကဲ့သို့ ထို့အတူ အရှေ့ကျွန်း အနောက်ကျွန်းသားတို့လည်း စားကြကုန်သည်။ မြောက်ကျွန်းသားတို့ကား သလေးထမင်းကိုသာ စားကုန်သည်။ အလိုလိုပေါက်သော သလေးပင်မှဖြစ်သော မကျိုးမကျဲ ဖွဲမလှမ်းသောဆန်ကို မိမိတို့ စားလိုသောအခါ ဆွတ်ယူ၍ တုဏ္ဍိယကမည်သော သစ်သီး၌ထည့်၍ ဇောတိပါသာဏမည်သော ကျောက်ထက်၌ထားသော် ထိုကျောက်မှ မီးလျှံထွက်၍ ကျက်နပ်၏။ ပျားလဘို့ကဲ့သို့ အနံ့အရသာနှင့်ပြည့်စုံ၏။ ထိုထမင်းကို တုဏ္ဍိယကမည်သော သစ်ခွက်၌ထည့်၍ စားကြကုန်၏။ လူတို့စားပြီးမှ ထသွားကြသောအခါ ကျန်သောထမင်းသည် ကွယ်လေ၏။

တောင်ကျွန်းသားတို့သည် အလုံးစုံသော သက်ရှိသက်မဲ့ဖြစ်သော ရွှေ, ငွေ, ဘဏ္ဍာတို့ဖြင့် ရောင်းခြင်း, ဝယ်ခြင်း, ကုန်သွယ်ခြင်းတို့ကို ပြုကုန်၏။ ထို့အတူ အနောက်ကျွန်းသားတို့လည်း ကုန်သွယ်ခြင်းကို ပြုကုန်၏။ အရှေ့ကျွန်းသားတို့ကား ဝယ်ခြင်းကိုသာ ပြုကုန်၏။ ရောင်းခြင်းကို မပြုကုန်။ သတ္တဝါတို့ကို မိမိလည်း မသတ်ကုန်။ သူ့ကိုလည်း မသတ်စေကုန်။ သေသော သတ္တဝါတို့၏ အသားကိုမူကား စားကြကုန်၏။ မြောက်ကျွန်းသားတို့ကား သေသောသတ္တဝါတို့၏အသားကိုလည်း မစားကုန်။ သတ်လည်းမသတ်ကုန်။ သူ၏ဥစ္စာကိုလည်း မခိုးမယူကုန်။ မမှန်သော စကားကိုလည်း မဆိုကုန်။ သုရာကိုလည်း မသောက်ကုန်။ အရှေ့ကျွန်း, တောင်ကျွန်း, အနောက်ကျွန်းသားတို့သည် သေသောအကောင်ကို သုသာန်သို့ဆောင်၍ မြေမြှုပ်ခြင်း, မီးတိုက်ခြင်း, ရေမျှောခြင်းတို့ကို ပြုကုန်ကြ၏။ မြောက်ကျွန်းသားတို့ကား ဤသို့ မသင်္ဂြိုဟ်ရကုန်။ အသေကောင်ကို ငှက်တို့သည်ချီယူ၍ တောအုပ်တောင်ကြား၌ စားလေကုန်၏။

အရှေ့ကျွန်း၊ တောင်ကျွန်းတို့၌ ပေါက်သောသစ်ပင်တို့သည် အချို့ကား ရွှေအဆင်း, အချို့ကား ငွေအဆင်း, အချို့ကား ဟင်းသပြဒါးအဆင်း, အချို့ကား ကြောင်မျက်ရွဲအဆင်း, အချို့ကား စိမ်းသောအဆင်းအားဖြင့် ငါးပါးပြားကုန်သည်။ ။မြောက်ကျွန်း၌ပေါက်သော သစ်ပင်တို့ကား စိမ်းသောအဆင်းသာ ရှိကုန်၏။ အသီးတို့လည်း သစ်ပင်နှင့်အတူသာဖြစ်ကုန်၏။ အရှေ့, တောင်, အနောက်, သုံးကျွန်းသားတို့၏နေရာအိမ်တို့သည် အထူးထူးသော ပုံသဏ္ဌာန်ဖြင့် စီမံပြုလုပ်၍နေကြကုန်သည်။ မြောက်ကျွန်းသားတို့၏ နေရာသည်ကား မဉ္ဇူသကမည်သော သစ်ပင်သည် စုလစ်မွန်းချွန်တပ်သော ပြာသာဒ်တန်ဆောင်းကဲ့သို့ ကောင်းမွန်လှပ်ခြုံစွာ တည်၏။ ထိုအပင်၌သာ မှီခိုကာ နေကြကုန်သည်။ အရှေ့, တောင်, အနောက်, သုံးကျွန်းသားတို့မှာ အရွယ်သို့ရောက်လာသောအခါ သမီးယူခြင်း သားပေးခြင်းဖြင့် ထိမ်းမြားကြကုန်သည်။ ။မြောက်ကျွန်းသားတို့မှာမူကား ပေးစားထိမ်းမြားခြင်းမရှိကုန်။ ။အကြင်အကြင် ယောကျ်ားသည် အကြင်အကြင် မိန်းမကို အလိုရှိအံ့။ ။ထိုထိုအလိုရှိသော မိန်းမသို့ကပ်၍ စိန်းစိန်းကြည့်၏။ မိန်းမကမူလည်း အကြင်အကြင် ယောကျ်ားကို အလိုရှိအံ့။ ထိုထိုအလိုရှိသော ယောကျ်ားသို့ ကပ်၍ စိန်းစိန်းကြည့်၏။ တစ်ယောက်ကြည့်သည်ကို တစ်ယောက်ကမမြင် မသိသည်ဖြစ်အံ့။ တစ်ပါးသောသူက စိန်းစိန်းကြည့်ကြောင်းကို ပြောဆို၏။ အကယ်၍ မိန်းမသည် အလိုတူအံ့။ မဉ္ဇူသကသစ်ပင်ရင်းသို့ ကပ်၍ လေး မြတ်ဖွယ်သောစကားဖြင့် စားတူ သောက်တူပြုကြ၏။ မေထုနသေဝန ကိစ္စအား လျောက်ပတ်သည်ဖြစ်အံ့။ ဤသစ်ပင်သည် ထက်ဝန်းကျင်မှ အခက်အရွက်တို့ဖြင့် ဖုံးလွှမ်း

www.burmeseclassic.com



၏။ မလျောက်ပတ်သည်ဖြစ်အံ့။ ဖုံးလွှမ်းကာရံခြင်း မရှိ။ ပကတိသာတည်၏။ လျောက်ပတ်၍ ဖုံးလွှမ်းသောအခါ မိမိတို့၏အလိုဖြင့်သာ ပျော်ပါးကုန်၏။ ပျော်ပါးဖူးသူမှတစ်ပါး အခြားသူတို့နှင့်လည်း မဆက်ဆံကုန်။ ။အရှေ့, တောင်, အနောက်ကျွန်း၌ဖြစ်ကုန်သော မိန်းမတို့အား ဥတုလာခြင်း, ကိုယ်ဝန်ယူခြင်း, သားဖွားခြင်း, သားငယ်တို့ကို နို့တိုက်ခြင်း, ထိန်းယမွေးမြူရခြင်းကို ပြုရကုန်သည်။ ။ မြောက်ကျွန်း၌ ဖွားသောမိန်းမတို့ကား ဥတုလာခြင်း, ကိုယ်ဝန်ယူခြင်း, သားဖွားခြင်းကိုကား ပြုရကုန်၏။ သားငယ်ကို နို့တိုက်ခြင်း ထိန်းယမွေးမြူရခြင်းကိုကား မပြုရကုန်။ ဖွားပြီးသော သူငယ်ကို ခရီးလေးခု၏အဆုံဖြစ်သော သစ်ပင်ရိပ်၌ သိပ်ထားလေ၏။ ခရီးသွားလူတို့မြင်လျှင် လက်ချောင်းကို ခံတွင်းသို့သွင်း၍ စုပ်စေကုန်၏။ ထိုလက်ချောင်းမှ ဩဇာဖြင့်ပင် ခုနစ်ရက်ပတ်လုံးမျှတ၍ သူငယ်ကြီးပွားရ၏။ အတန်ငယ်ကြီးလတ်သော် မိန်းမဖြစ်အံ့၊ မိန်းမပျိုတို့သည် ယူဆောင်၍ပြုစု၏။ ယောကျ်ားဖြစ်အံ့ ယောကျ်ားတို့သည် ယူဆောင်၍ပြုစုကုန်၏။ ။ ဇမ္ဗူဒီပ်ကျွန်း၌ လူတို့သည် အကြိမ် အတိုင်းအရှည်မရှိမူ၍ မေထုန်မှီဝဲကြကုန်သည်။ အချို့ အနည်းငယ်သော သူတို့သည် မေထုန်မှကြဉ်လတ်၍ မြတ်သောအကျင့်ကို ကျင့်ကြကုန်သည်။ အပရဂေါယာကျွန်း၌ လူတို့ကား ခုနစ်ကြိမ်သာ မေထုန် မှီဝဲကြကုန်သည်။ ပုဗ္ဗဝိဒေဟကျွန်း၌ လူတို့ကား ခြောက်ကြိမ်လည်းကောင်း၊ ခုနစ်ကြိမ်လည်းကောင်း မေထုန်မှီဝဲကြကုန်သည်။ အချို့ အနည်းငယ်သော သူတို့သည်လည်း မြတ်သောအကျင့်ကို ကျင့်ကုန်သည်။ ဥတ္တရကုရုကျွန်း၌ လူတို့ကား လေးကြိမ်လည်းကောင်း၊ ငါးကြိမ်လည်းကောင်း မေထုန်မှီဝဲကြကုန်သည်။ အချို့ အနည်းငယ်သော သူတို့သည်လည်း မြတ်သောအကျင့်ကို ကျင့်ကြကုန်သည်။ အလုံးစုံသော ကျွန်းကြီးလေးကျွန်း ကျွန်းငယ်နှစ်ထောင်၌နေသော သူတို့သည် မစင်မကြယ် စက်ဆုပ်ဖွယ်ဖြစ်၍ ပျက်စီးကုန်သည်။ အလုံးစုံသော ကာမာဝစရနတ်တို့သည် လေဖြစ်၍ ပျက်စီးကုန်သည်။ *ဇမ္ဗူဒီပ်ကျွန်းသားတို့သည် မြောက်ကျွန်းသားတို့ထက် ဒါနသီလစသော ပါရမီကို ဖြည့်ခြင်း၌ ရဲရင့်သောအဖြစ်, သတိရှိသောအဖြစ်, မဂ္ဂဗြဟ္မစရိယပညာနှင့်ပြည့်စုံသော အဖြစ်တည်းဟူသော ဂုဏ်သုံးပါးတို့ဖြင့် လွန်ကဲကုန်သည်။ ။မြောက်ကျွန်းသားတို့ကလည်း ဇမ္ဗူဒီပ်ကျွန်းသားတို့ထက် ဥစ္စာ သားမယားကို မသိမ်းဆည်းခြင်း, အသက်တမ်းအတိုင်းတည်ခြင်း, သေသော် လူ့ပြည် နတ်ပြည်တို့သာ လားခြင်းဟူသော ဂုဏ်သုံးပါးတို့ဖြင့် ကဲလွန်ကုန်သည်။ ဤကား ဆဂတိဒီပနီ အဋ္ဌကထာ၌လာသော စကားရပ်တည်း။

## လောကပညတ်ကျမ်း၌ကား

'ဥတ္တရကုရုဒီပေါ အဋ္ဌယောဇန သဟဿာနိ စတုရ သော ဒီပေါ သုဝဏ္ဏကေန ပဗ္ဗတေန ပရိက္ခိတ္တော သဒါ ဩဘာသ ဇာတော သမောသိ အကဏ္ဍကော'ဟူ၍ဆိုသည်။ အဓိပ္ပာယ်ကား ဥတ္တရကုရုကျွန်းသည် ယူဇနာရှစ်ထောင်ကျယ်၏။ လေးထောင့်အင်းပျဉ်ကဲ့သို့တည်၏။ ထိုကျွန်း၌ ရွှေအတိပြီးသောတောင်သည် ရံအပ်သည်ဖြစ်၍ အခါခပ်သိမ်း အရောင်ထွန်း၏။ အလယ်၌ ကျောက်စိုင်, ကျောက်ဆောင်, တောင်, ကမ်းပါးချောက်, ထုံးအိုင်တို့သည်မရှိ၊ ပကတိ စည်မျက်နှာကဲ့သို့ ညီညွတ်၏။ ထိုကျွန်း၌ ခြသေ့, သစ်ကျား, ကြောင်, ဖား, သိုး, အောင်း အစရှိသော နှိပ်စက်တတ်သော သတ္တဝါတို့သည် မရှိကုန်။ မြွေကောင်ပုပ်, ခွေးကောင်ပုပ်, လူကောင်ပုပ် အစရှိသော စက်ဆုပ်ဖွယ်ဝတ္ထုတို့လည်း မရှိကုန်။ လူတို့စွန့်အပ်သော ကျင်ကြီးကျင်ငယ်တို့ကိုလည်း ပျောက်ကွယ်စိမ့်သောငှာ မြေကြီးသည် ဟင်းလင်းဖွင့်၍ပေး၏။ ဤကျွန်းအပြင်၌ မကောင်းသော အနံ့ရှိသော မြက်သစ်ပင်တို့သည် လည်းကောင်း၊ အဆူးရှိသော သစ်ပင်တို့သည်လည်းကောင်း မပေါက်ရောက်ကုန်။ အလွန် ရှုချင်ဖွယ်သော ဒေါင်းလည်ဆံမွေးနှင့်တူသော မြက်နုတို့သာလျှင် ပေါက်ကုန်၏။ ကျွန်းပေါ်၌စီးသော မြစ်တို့သည်လည်း တင့်တယ်သာယာသော ဆိပ်ကမ်းတို့ဖြင့် ချမ်းမြေ့သောရေ, ကြည်သောရေ ရှိကုန်လျက် သဲချက်ချက်သာ တည်ကုန်၏။ ဥတ္တရကုရုကျွန်းနှင့် ပုဗ္ဗဝိဒေဟကျွန်း၏ အကြား၌လည်းကောင်း, ပုဗ္ဗဝိဒေဟကျွန်းနှင့် ဇမ္ဗူဒီပ်ကျွန်း၏အကြား၌လည်းကောင်း, ဇမ္ဗူဒီပ်ကျွန်းနှင့် အပရဂေါယာကျွန်း၏အကြား၌လည်းကောင်း. အပရဂေါယာကျွန်းနှင့် ဥတ္တရကုရုကျွန်း၏အကြားလည်းကောင်း ယူဇနာတစ်ထောင် တစ်ထောင်ကျယ်သော သုပဏ္ဏဒီပကျွန်းတို့သည် ရှိကုန်သတည်း။

## ဂဠုန်နာနာရုပ်

ထိုလေးကျွန်း၏အထက်၌ လက်ပံပင်တောဝယ် ဂဠုန်တို့သည် နေကုန်၏။ ထိုဂဠုန်တို့သည် ယူဇနာတစ်ရာလည်း

* နဝကဝိတ္တိရ်ပါဠိတော်။ သတ္တဝါသဝဂ်–၁၇၈–လာ။ ဂုဏ်သုံးပါးတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကောင်း, တစ်ရာ့ငါးဆယ်လည်းကောင်း ကြီးလေသည်။ သမုဒ္ဒရာ၏အလယ်ကျွန်းငယ်၏ အနီးအပါး၌ ကျက်စားကုန်သော နဂါးတို့ကို ထိုဂဠုန်တို့သည် အတောင်လေတို့ဖြင့် ရေကိုခွဲဝင်၍ နဂါးကိုဖမ်းယူကာ စားကြကုန်၏။ ထို့ကြောင့် သုပဏ္ဏကျွန်းအလုံးသည် မကောင်းသောရနံ့တို့ဖြင့် ဖုံးလွှမ်း၏။ ထိုဂဠုန်တို့တွင် အချို့သော ဂဠုန်တို့သည် တန်ခိုးကြီးကုန်၏။ အားနှင့်ပြည့်စုံကုန်၏။ လူရုပ်, ဆင်ရုပ်, မြင်းရုပ် စသည်တို့ကို ဖန်ဆင်းနိုင်၏။ အလံတစ်ရာ အလံနှစ်ရာရှည်သော နဂါးကိုလည်း သုတ်ယူ၍စားနိုင်၏။

ထိုဂဠုန်တို့၏ နာနာရုပ်ဖန်ဆင်းနိုင်ကြောင်းကို အဘယ်သာဓကဖြင့် သိရသနည်းဟူမူကား—

## ကာကဝတီဇာတ်

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုလတ်သည်ရှိသော် ငါတို့ဘုရားအလောင်းတော်သည် ထိုမင်း၏သားတော်ဖြစ်၍ အရွယ်ရောက်သောအခါ မင်းသားတို့၏တတ်ရာသော အတတ်ဟူသမျှကိုသင်စေ၍ တတ်မြောက်သောအခါ ခမည်းတော်မင်းကြီးသည် လွန်လေ၍ သားတော်လည်း အဘ၏ရိုက်ရာဖြစ်သော တိုင်းပြည်ထီးနန်းကိုသိမ်းယူ၍ မင်းမူရသဖြင့် ဗြဟ္မဒတ်မင်းဟု တွင်သတည်း။ ထိုမင်း၏ အဂ္ဂမဟေသီဖြစ်သော မိဖုရားကား နတ်သမီးကဲ့သို့ အလွန်အဆင်းလှ၏။ မိန်းမတို့၏ အမူအယာ၌ လိမ္မာယဉ်ကျေး၏။ ကာကဝတီအမည်ရှိ၏။

ထိုဗြဟ္မဒတ်မင်းသည် မင်းဆွေ စိုးမျိုးတို့နှင့်လည်းကောင်း, ပြည်ထောင်ချင်းမင်းတစ်ပါးတို့နှင့်လည်းကောင်း အန်ကစားလေ့ပြု၏။ ထိုအခါ တစ်ယောက်သော ဂဠုန်မင်းသည် လူ၏အသွင်ကို ဖန်ဆင်းကာလာ၍ မင်းကြီးနှင့် အန်ကစားခြင်းကိုပြု၏။ ကာကဝတီ မိဖုရားလည်း မင်း၏အပါးသို့လာ၍ ရံခါရံခါနေသည်နှင့် ဂဠုန်မင်းမြင်လျှင် ကြင်နာတပ်ငြိသော စိတ်ရှိရကား။ ဤမင်းသည် အခြားကိစ္စဖြင့်နေသောအခါ ဂဠုန်သည် မင်း၏အရုပ်အဝါကို ဖန်ဆင်းလျက် တိုက်တွင်းသို့ဝင်၍ မိဖုရားကို နှစ်သက်စေပြီးလျှင် မိမိနေရာဖြစ်သော ဂဠုန်ပြည်သို့ဆောင်လေ၍ မိမိဇိမာန်၌ ထိုမိဖုရားနှင့်မွေ့လျော်စွာနေ၏။

ဗြဟ္မဒတ်မင်းသည်လည်း နန်းတော်၌ မိဖုရားကြီးပျောက်လေလျှင် ဆင်ခြင်တွေးဆ၍ နဋကုဝေရမည်သော စောင်းသမားကို 'အမောင် ရှာဖွေလေ'ဟု စေ၏။ စောင်းသမားလည်း မင်းကြီးနှင့် အန်ကစားလာသော ဂဠုန်မှတစ်ပါး အခြားသူတို့ မယူဆောင်နိုင်ရာဟု ကြံပြီးလျှင် ထိုနိမိတ္တဖြစ်သော ယောကျ်ားသည် မြို့၏မြောက်မှထွက်သွား၍ တစ်ခုသော ရေအိုင်၏အပါး ပြိတ်မြက်တော၌ အိပ်နေပြီးလျှင် ဂဠုန်၏အသွင်ကိုယူ၍ ပျံလေသောအခါ ဂဠုန်၏ တောင်ပံကြားဖြင့် လိုက်လေ၏။ ဂဠုန်ပြည်သို့ရောက်သောအခါ ဝှက်ကွယ်ရာမှနေ၍ စုံစမ်းလေသော် မိဖုရားကြီးကိုမြင်သဖြင့် ဂဠုန်မင်း အစာရှာသွားခိုက် မိဖုရားထံသို့ဝင်၍ ကိလေသာဖြင့် ပျော်ပါးပြီးသော် ဂဠုန်မင်းသည် ဗာရာဏသီပြည်သို့ အန်ကစားရန် လာသောအခါ အတောင်ကြားဖြင့်လိုက်လာ၍ မင်းကြီးနှင့် ဂဠုန်မင်း အန်ကစားလျက်နေစဉ် နဋကုဝေရမည်သော စောင်းသမားသည် ဤသို့သီချင်းသီ၏။

"ဝါတိဝါယံ တတော ဂန္ဓော၊ ယတ္ထမေဝ သတိဝိယာ။
ဒူရေဣတောဟိ ကာကဝတိ၊ ယတ္ထ မေ နိရတော မနော။

အဓိပ္ပာယ်ကား၊ အကျွန်ုပ် ချစ်လှစွာသော ကာကဝတီ မည်သော မိဖုရားသည် ဂဠုန်တို့၏ဇိမာန်ဖြစ်သော လက်ပံပင်ထက်၌ နေ၏။ ထိုမိဖုရား၏ ကိုယ်လုံးကြိုင်မှုလှိုင်သော ရနံ့ရှိသည်။ ဂဠုန်မင်းကိုယ်မှာ ကပ်လျက်ပါ၍ လိုက်လာချေ၏။ ထို့ကြောင့် ဤဗာရာဏသီပြည်မှ ဝေးလှစွာသော ဂဠုန်ရွာ၌ ကာကဝတီ မိဖုရားရှိသည်ဟု သိတော်မူလော့ ဟူလိုသည်။

ထိုစကားကိုကြားသော် ဂဠုန်မင်းဖန်ဆင်းသော နိမိတ္တယောကျ်ားကလည်း—

ကထံ ဘမုဒ္ဒ မတိရိ ကထံ အတရိ ကေပုကံ။

အစရှိသော ဂါထာဖြင့်ဆို၏။ အဓိပ္ပာယ်ကား 'စောင်းသမားနဋကုဝေရ၊ ငါ့ကို အဘယ်ကြောင့် သင် စွပ်စွဲသနည်း။ ငါတို့နေရာ ဂဠုန်ရွာကား သမုဒ္ဒရာလည်း ကျယ်စွာခြား၏။ ထိုမှတက်ကမ်းထက်၌ ကေပုမမည်သော မြစ်လည်း တစ်တန်ခြား၏။ သီဒါနှင့် သတ္တရဘန်လည်း ခုနစ်တန်ပင် ခြားသေး၏။ သို့ကလောက်ဝေးလျက် ရောက်နိုင်ခက်ခဲသော ငါတို့နေရာကို သင် အဘယ်သို့ ရောက်နိုင်ပါအံ့နည်း'ဟူလိုသည်။

နဋကုဝေရကလည်း 'ဤမျှလောက် သမုဒ္ဒရာ သီဒါမြစ်ကြီးတို့ကို သင်၏ကိုယ်ကိုစီး၍ ကူးရောက်သဖြင့် သင်၏မြောက်သားဖြစ်သော ကာကဝတီနှင့် သင် စံသော လက်ပံနန်းပေါ်တွင် မွေ့လျော်ခဲ့ပြီးဖြစ်သတည်း'ဟု ဆိုပေ၏။ ထို

www.burmeseclassic.com



စကားကိုကြားရမှ ဂဠုန်မင်းသည် စိတ်ပျက်လှသည်ဖြစ်၍ 'အချင်း နင်္ဂကုဝေ၊ ကြီးမားလှသောကိုယ်ခန္ဓာသည် လွန်စွာ စက်ဆုပ်ဖွယ်ရှိစွ၊ ငါ၏မယား သယောက်ထားသော ယောက်ျားကို ဤကိုယ်ဖြင့် လိုက်သည်ကိုလည်း ငါမသိ။ ပြန်သည်ကိုလည်း ငါမသိ။ မင်း၏ မိဖုရားသည်လည်း အများနှင့်မဆက်ဆံဟု အလွန်စုံမက်၍ နှစ်သက်မိခြင်းသည် လည်း မှားလေစွ" ဟု ဆိုပြန်၍ မိမိရပ်ဌာန်သို့ ပြန်လေ ပြီးလျှင် ကာကဝတီကို တစ်ဖန်ဆောင်ခဲ့၍ မင်းကြီးအား ဆက်ပေ၏။

ဤသို့လျှင် မိန်းမတို့မည်သည်ကား သမုဒ္ဒရာအခြား ၌ထား၍ ဆီးတားစောင့်ရှောက်သော်လည်း မစောင့်ရှောက် နိုင်။ ဖျားယောင်းသော သူ၏အလိုသို့သာ ပါတတ်ချေသည် ဖြစ်၍ နှစ်သက်ဖွယ်မရှိဟု မိန့်တော်မူ၍ ဇာတ်တော်ကို ပေါင်းတော်မူ၏။ ထိုအခါ နင်္ဂကုဝေရမည်သော စောင်း သမားသည် သင် ဥက္ကဏ္ဌိတရဟန်းပင်တည်း။ ဗာရာဏသီ မင်းကား ငါ ဘုရားဖြစ်၏ဟု ဇာတ်ကို ပေါင်းတော်မူ၏။

**စတုက္ကနိပါတ် ၃၂၇–ကာကဝတီဇာတ်ကိုထောက်၍ ဂဠုန်တို့သည် နာနာရုပ် ဖန်ဆင်းနိုင်ကြောင်းကို သိရာသည်။**

**ဤတွင်ရွှေကား ဓမ္မဒီပ ဇာတ်တော်ပြီး၏။**

---

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မဟာဝင်ဝတ္ထု

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

(၁) မဟာဝံသံ မဟာဉာဏံ၊ မဟိဒ္ဓိကံ မဟီဿရံ။
မဟာမုနိံ ဘိဝန္ဒိတွာ၊ မဟာဝံသဿ အတ္ထကံ။
(၂) ပေါရာဏာဝိ ကတာ တဿ၊ အဝိသဒ္ဒေန ဘာ
သတော။
ကမံ မရမ္မဘာသာယ၊ ဒုက္ကရာဝ သုလက္ခိတုံ။
(၃) တသ္မာ တံ တွံ့ သံလိခါဟိ၊ ပါဠိက္ကမံ သုနိဿာယ။
*ပိတုဌာန သဓိဝဿာ၊ နုဿရန္တော ဘိယာစနံ။
(၄) အာဿယာစ မေ စောဒိတံ၊ လိခိဿာမိ ကထာမဂ္ဂံ။
မဟာဝံသဿ ဂန္ထဿ၊ တဋ္ဋီကာဟိစ သန္ဓနံ။

**(ဂန္ထာရမ္ဘ လေးဂါထာ)**

(၁) အဟံ၊ 'မုနိန္ဒာဘိဓေ' နာမသမုတ်၊ အကျွန်ုပ်သည်။ မဟာဝံသံ၊ မနုဿမ္မတ အမွန်စသော အသမ္မိန္နအာဒိစ္စဝင် မင်းစဉ်မပြတ် နွယ်တော်မြတ်၌ ဖြစ်တော်မူထသော။ မဟာဉာဏံ၊ ကောင်းကင်မြေလွှာ၊ မြူပမာသို့၊ တူရာမရ၊ များမြတ်လှသော ဉာဏ်လည်းရှိတော်မူထသော။ မဟိဒ္ဓိကံ၊ အံ့ချီးစဖွယ် ကြီးကျယ်လွန်မြတ်သော တန်ခိုးတော်လည်း ရှိထသော။ မဟီဿရံ၊ သုံးဆယ့်တစ်ထပ်၊ ဘဝရပ်လုံး၊ ခညွတ်ကျိုးသော များသော အစိုးရခြင်းလည်း ရှိထသော။ မဟာမုနိံ၊ မုနိ ငါးပါးတို့ထက် မြတ်တော်မူထသော မြတ်စွာဘုရားကို။ အဘိဝန္ဒာမိ၊ အလွန်ရှိကျိုး ရှိခိုးပါ၏။ အဘိဝန္ဒိတွာ၊ ရှိခိုးပြီး၍။ မဟာဝံသဿ၊ မဟာဝင်ကျမ်း၏။ အတ္ထကံ၊ မြန်မာဝေါဟာ ဘာသာသက်သက်အနက်အစဉ်ကို။ လိခိဿာမိ၊ ရေးစီလိုက်အံ့။ (အထက်ကိရိယာနှင့်စပ်)

(၂) ပေါရာဏာ၊ ရှေးဆရာတို့သည်။ တဿ၊ ထိုမဟာဝင်ကျမ်း၏။ ကမံ၊ အနက်စဉ်ကို။ မရမ္မဘာသာယ၊ မြန်မာတိုင်းသူတို့၏ဘာသာဖြင့်။ ကတာပိ၊ ရေးပြုကြကုန်သော်လည်း။ အဝိသဒ္ဒေန၊ မသန့်ရှင်းသောစကားဖြင့်။ ဝါ၊ မပြေပြစ်သောအားဖြင့်။ ဘာသတော၊ ဆိုလေသောကြောင့်။ (သုဓနာ၊ မှတ်နာလိုကုန်သော သူတော်ကောင်းတို့သည်။) သုလက္ခိတုံ၊ ကောင်းစွာမှတ်ယူခြင်းငှာ။ ဒုက္ကရာဝ၊ ခဲယဉ်းကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(၃-၄) တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုမဟာဝင်စကားအစဉ်ကို။ တွံ၊ အရှင်ဘုရားသည်။ ပါဠိက္ကမံ၊ ပါဠိ၌လာသော အစဉ်ကို။ သုနိဿာယ၊ ကောင်းစွာ အမှီပြု၍။ သံလိခါဟိ၊ ရေးစီရင်ပါလော့။ ဣတိ၊ ဤသို့။ ပိတုဋ္ဌာန သဓိဝဿ၊ အဘအရာ ထင်မှတ်ရာသော 'မင်းကြီးမဟာမင်းကျော် နော်ရထာအမတ်ကြီး'၏။ အဘိယာစနံ၊ တောင်းပန်တိုက်တွန်းခြင်းကို။ အနုဿရန္တော စ၊ အစဉ်အောက်မေ့သည်ဖြစ်၍လည်းကောင်း။ မေ-မမ၊ ငါ၏။ အာဿယာ၊ အလိုဆန္ဒ အာသယသည်။ စောဒိတဥ္စ၊ တိုက်တွန်းအပ်သည်ဖြစ်၍လည်းကောင်း။ တဋ္ဋီကာဟိစ၊ ထိုကျမ်း၏အဖွင့်ဖြစ်သော ဋီကာတို့နှင့်လည်း။ သန္ဓနံ၊ ညီညွတ်သည်ကို။ ကတွာ၊ ပြု၍။ မဟာဝံသဿ၊ မဟာဝင်အမည်ရှိသော။ ဂန္ထဿ၊ ကျမ်း၏။ ကထာမဂ္ဂံ၊ အဓိပ္ပာယ်သွားစကားအစဉ်ကို၊ လိခိဿာမိ၊ ရေးစီပေအံ့။

**ဂန္ထာရမ္ဘ အနက်ပြီး၏။**

---

* အချို့ပေမူ၌ ဝိတုဋ္ဌဝသဋ္ဌိတဿ—ဟု ရှိ၏။

www.burmeseclassic.com



## တထာဂတာဘိဂမန ကဏ္ဍ-ပထမပိုင်း

### ၁-သီဟိုဠ်ကျွန်း သုမနကူဋတောင်ထိပ်မဟိယင်္ဂဏ စေတီတည်မည့်အရပ်သို့ ဘုရားသခင် ကြွတော်မူခြင်း

#### ဗျာဒိတ်ခံ

လူသုံးပါးတို့၏ကိုးကွယ်ရာ ဆရာအထွတ်ဖြစ်တော်မူသော ငါတို့ဂေါတမဘုရား၏ အလောင်းတော်သည် ဤကမ္ဘာမှ ပြန်၍ရေသော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းမြောက်ကျသော သာရမဏ္ဍကမ္ဘာ၌ တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ, ဒီပင်္ကရာဟူသော ဘုရားလေးဆူတို့တွင် ဒီပင်္ကရာဘုရား ထင်ရှားပွင့်တော်မူသောအခါ ရမ္မဝတီပြည် ဝယ် **သုမေဓာ** ရှင်ရသေ့ဖြစ်၍ ရှေ့တော်ပါး၌ တံတားပြုလျက် ဘုရားဆုကို ပန်ယူလေလျှင် 'သင်ကား ငါကဲ့သို့ ဘုရားမချွတ် ဖြစ်လတ္တံ့'ဟု ဗျာဒိတ်စကား ကြားတော်မူသည်။ ထို့နောက် ကမ္ဘာတစ်သင်္ချေ လွန်သောကာလ **ကောဏ္ဍည** အမည်တော်ရှိသော ဘုရားပွင့်တော်မူ၏။ ထိုအခါ အလောင်းတော်သည် **ဝိဇိတာဝီ** မည်သော စကြဝတေးမင်းဖြစ်၍ အလှူကြီးပေးလျက် ဘုရားဆုကို ပန်လေလျှင် 'သင်ကား ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ပေးသည်ကိုခံရ၏။

ထို့နောက် ကပ်အသင်္ချေလွန်ပြန်သောအခါ တစ်ခုသော ကမ္ဘာ၌ **မင်္ဂလဘုရား, သုမနဘုရား, ရေဝတဘုရား, သောဘိတဘုရား** တည်းဟူသော လေးဆူသော ဘုရားတို့သည် ပွင့်တော်မူကုန်၏။ ထိုလေးဆူတို့တွင် မင်္ဂလဘုရား၏ လက်ထက်တော်၌ အလောင်းတော်မြတ်သည် **သုရုစိ** အမည်ရှိသော ပုဏ္ဏားသူဌေးဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေးပြီးလျှင် ဘုရားဆုကိုတောင်း၍ ဗျာဒိတ်ခံရ၏။ **သုမနဘုရား**၏ လက်ထက်တော်၌ အလောင်းမြတ်သည် **အတုလ** မည်သော နဂါးမင်းဖြစ်၏။ နဂါးပရိသတ်နှင့်တကွ လာပြီးလျှင် မြတ်စွာဘုရားအား လည်းကောင်း, သံဃာတော်တို့အား လည်းကောင်း နတ်၌ဖြစ်သော တူရိယာမျိုးတို့ဖြင့် တီးမှုတ် ကခုန်ကာ ပူဇော်၍ အဖျော်, ဆွမ်း, ဟင်း, သင်္ကန်း အစုံတို့ဖြင့် လှူဒါန်းလျက် သရဏဂုံသီလကို ခံယူဆောက်တည်၏။ ဘုရားကိုယ်တော်မြတ်လည်း 'သင် နဂါးမင်းသည် ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်စကားကို ကြားတော်မူ၏။ **ရေဝတ** ဘုရား၏ လက်ထက်တော်၌ အလောင်းတော်မြတ်သည် **အတိဒေဝ** အမည်ရှိသော ပုဏ္ဏားဖြစ်၍ သရဏဂုံသီလကိုဆောက်တည်လျက် ဘုရားဆုကို တောင်းသဖြင့် ဗျာဒိတ်ကိုခံရ၏။ **သောဘိတဘုရား** လက်ထက်တော်၌ အလောင်းတော်သည် **အဇိတ**မည်သော ပုဏ္ဏားဖြစ်၍ သရဏဂုံ သီလကို ဆောက်တည်လျက် အလှူကြီးကိုပေး၍ ဗျာဒိတ်ပေးတော်မူသည်။

ထို့နောက် ကမ္ဘာအသင်္ချေလွန်ပြန်သောအခါ တစ်ခုသော ကမ္ဘာ၌ **အနောမဒဿီဘုရား, ပဒုမဘုရား, နာရဒဘုရား** တည်းဟူသော သုံးဆူသော ဘုရားတို့လည်း ပွင့်တော်မူကုန်၏။ ထိုသုံးဆူတို့တွင် အနောမဒဿီဘုရား၏ လက်ထက်တော်၌ အလောင်းတော်သည် တန်ခိုးကြီးသော နတ်စစ်သည်မှူး ဘီလူးမျိုး၌ဖြစ်တော်မူ၍ အကုဋေမကသော နတ်သရဲနှင့်တကွ ဘုရားထံသို့လာ၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူကြီးပေး၍ ဘုရားဆုကို တောင်း၏။ ဘုရားသခင်လည်း 'သင်သည် နောင်သောအခါ ငါကဲ့သို့ ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ကြားတော်မူ၏။ **ပဒုမဘုရား**၏လက်ထက်တော်၌ အလောင်းတော်သည် **ကေသရရာဇာ** ခြင်္သေ့မျိုး၌ ဖြစ်တော်မူ၍ တစ်ခုသော တောအုပ်၏အတွင်း၌ နိရောဓသမာပတ်ကို ဝင်စား၍နေတော်မူသော ဘုရားသခင်ကို ဖူးမြင်ရလေလျှင် ခြင်္သေ့မင်းသည် ကြည်ညိုလသောစိတ်ရှိလျက် ခုနစ်ရက်ပတ်လုံး အစာမရှာဘဲ ဘုရားကိုသာ ပူဇော်လျက်နေ၏။ ဘုရားသခင်လည်း ခုနစ်ရက်လွန်သောအခါ ထိုသမာပတ်မှ ထတော်မူ၍ ခြင်္သေ့မင်း၏စိတ်ကိုသိသဖြင့် 'သင်သည် နောင်သောအခါ ငါကဲ့သို့ ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ကြားတော်မူ၏။ **နာရဒဘုရား** လက်ထက်တော်၌ကား အလောင်းတော်သည် သူကြွယ်မျိုး၌ဖြစ်၏။ ကိုယ်တော်မြတ်ကို ဖူးမြင်ရသည်နှင့် ဘုရားအမှူးရှိသော သံဃာတော်မြတ်တို့အား အလှူကြီးကိုပေး၍ စန္ဒကူးနီဖြင့်ပူဇော်၍ ရသေ့ရဟန်းပြုပြီးသော် ဘုရားသခင်လည်း 'သင်သည် ငါ၏အလားကဲ့သို့ ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ကြားတော်မူ၏။ ထို့နောက် ကပ်တစ်သင်္ချေလွန်ပြန်၍ ဤကမ္ဘာမှ တစ်သိန်းကျသော သာရကမ္ဘာဝယ် **ပဒုမုတ္တရ** အမည်တော်ရသော ဘုရားသည် ထင်ရှားပွင့်တော်မူ၏။ ငါတို့အလောင်းတော်သည် **ဇဋိလ** မည်သော သူဌေးကြီးဖြစ်၏။ ဘုရားနှင့်တကွ သံဃာတော်တို့အား အလှူကြီးပေး၍ ဗျာဒိတ်တော်ကိုခံရ၏။

ထို့နောက် ကမ္ဘာသုံးသောင်း လွန်ပြီးသောအခါ တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



သော ကမ္ဘာ၌ **သုမေဓ,သုဇာတ** ဟူသော နှစ်ဆူသော ဘုရားတို့သည် ပွင့်တော်မူကုန်၏။ ထိုနှစ်ဆူတို့တွင် သုမေဓဘုရား၏လက်ထက်တော်၌ အလောင်းတော်မြတ်သည် **ဥတ္တရ** မည်သော ပုဏ္ဏားလုလင်ဖြစ်၍ ကုဋေရှစ်ဆယ်မျှလောက်သော ဥစ္စာဖြင့် မဟာဒါနကိုပြုပြီးမှ ဘုရားရှင်ထံ၌ ရဟန်းပြုလေ၏။ ဘုရားသခင်လည်း 'သင်သည် နောင်သောအခါ ငါကဲ့သို့ ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ကြားတော်မူ၏။ **သုဇာတ** ဘုရားလက်ထက်တော်၌ကား အလောင်းတော်သည် **ဝိဇိတာဝီ** မည်သော စကြဝတေးမင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးပြီးမှ သာသနာသို့ဝင်၍ ရဟန်းပြုလေ၏။ ဘုရားသခင်ကလည်း 'သင်သည် နောင်သောအခါ ငါကဲ့သို့ ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ပေးသည်ကို ခံရ၏။

ထို့နောက် ဘဒ္ဒကမ္ဘာမှ တစ်ရာ့တစ်ဆယ့်ရှစ်ကမ္ဘာမြောက်သော ဝရကမ္ဘာ၌ **ပိယဒဿီဘုရား, အတ္ထဒဿီဘုရား, ဓမ္မဒဿီဘုရား**တည်းဟူသော သုံးဆူသော ဘုရားတို့သည် ပွင့်တော်မူကုန်၏။ ထိုသုံးဆူတို့တွင် ပိယဒဿီဘုရားပွင့်သောအခါ ငါတို့ဘုရား၏အလောင်းတော်သည် ဗေဒင်သုံးကျမ်းကို ကမ်းတစ်ဖက်ရောက် တတ်မြောက်သော **ကဿပ**မည်သော ပုဏ္ဏားသူဌေးဖြစ်၍ ကုဋေတစ်သိန်းမျှလောက်သော ဥစ္စာကိုစွန့်လျက် ကျောင်းတော်ကို ဆောက်လှူ၏။ ဘုရားသခင်ကလည်း 'သင်သည် နောင်သောအခါ ငါကဲ့သို့ ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်စကား ကြားတော်မူသည်ကို ခံရ၏။ **အတ္ထဒဿီ** ဘုရားလက်ထက်တော်၌ အလောင်းတော်သည် တန်ခိုးကြီးစွာသော ပဉ္စာဘိညာဉ်ရနလာဘီဖြစ်သော **သုသီမ**မည်သော ရသေ့ဖြစ်၍ နတ်ပြည်၌ဖြစ်သော မန္ဒာရဝ ပန်းထီးဖြင့် ဘုရားရှင်အား ပူဇော်၏။ ကိုယ်တော်မြတ်လည်း 'သင်ရသေ့သည် ငါကဲ့သို့ ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ပေးတော်မူ၏။ **ဓမ္မဒဿီ** ဘုရားလက်ထက်တော်၌ကား ငါတို့ ဘုရားအလောင်းတော်သည် သိကြားမင်းဖြစ်၍ နတ်၌ဖြစ်သော အဖျော်ယမကာတို့ဖြင့်လည်းကောင်း၊ ပန်းနံ့သာတို့ဖြင့်လည်းကောင်း မြတ်စွာဘုရားအား ပူဇော်ဆည်းကပ်၏။ ကိုယ်တော်မြတ်လည်း 'သင်သည် ငါ၏အလား ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ပေးတော်မူ၏။

ထို့နောက် ဤကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာကျသော သာရကမ္ဘာ၌ **သိဒ္ဓတ်** အမည်တော်ရှိသော ဘုရားသည် ဖြစ်တော်မူ၏။ ထိုအခါ ငါတို့ဘုရားအလောင်းသည် အလွန်ထက်သော တန်ခိုးနှင့်ပြည့်စုံသော **မင်္ဂလ**အမည်ရှိသော ရသေ့ဖြစ်၍ ကျွန်းဦး၌တည်သော ဇမ္ဗုသပြေသီးကိုဆောင်၍ ဘုရားသခင်အား လှူဒါန်းပူဇော်လျက် ဘုရားဆုကိုပန်၏။ ကိုယ်တော်မြတ်လည်း 'သင်သည် ငါကဲ့သို့ ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ကြားတော်မူ၏။ ဤကမ္ဘာမှ ကိုးဆယ့်နှစ်ကမ္ဘာကျသော ဝရကမ္ဘာ၌ **တိဿဘုရား, ဖုဿဘုရား** အားဖြင့် ဘုရားနှစ်ဆူပွင့်တော်မူ၏။ ထိုနှစ်ဆူတို့တွင် တိဿဘုရားရှင်၏လက်ထက်၌ အလောင်းတော်သည်**သုဇာတ** မည်သော ပဒေသရာဇ်မင်းဖြစ်၍ ရသေ့ရဟန်းပြုလေရာ ဘုရားဖြစ်ကြောင်းကိုကြားလျှင် အထံတော်သို့လာ၍ မန္ဒာရဝမည်သော နတ်ပန်း ပင်လယ်ကသစ်ပန်းတို့ဖြင့် လှူဒါန်းခြင်းကိုပြု၏။ ဘုရားသခင်လည်း 'သင်သည် ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ပေးတော်မူ၏။ ဖုဿဘုရား၏လက်ထက်၌ အလောင်းတော်သည် **ဝိဇိတာဝီ**မည်သော ပဒေသရာဇ်မင်းဖြစ်၍ ဘုရားသခင်နှင့်တွေ့ကြုံမိလေလျှင် မင်း၏စည်းစိမ်ကိုပယ်ရှား၍ ရဟန်းပြုပြီးလျှင် ပိဋကတ်သုံးပုံကို သင်၍ ထက်ဝန်းကျင်သော ပရိသတ်တို့အား တရားစကားဖြင့် ဟောကြားသင်ကြားပြ၏။ ဘုရားကိုယ်တော်မြတ်လည်း 'သင်သည် နောင်သောအခါ ငါကဲ့သို့ ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ပေးတော်မူ၏။

ထို့နောက် ဤကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်၌ **ဝိပဿီ** ဘုရားပွင့်တော်မူ၏။ ထိုအခါ အလောင်းတော်သည် တန်ခိုးကြီးသော **အတုလ** အမည်ရှိသော နဂါးမင်းဖြစ်၍ ရတနာခုနစ်ပါးဖြင့် ပြီးသောအင်းပျဉ်ကို ဘုရားသခင်အားကပ်လှူ၍ ဘုရားဆုကို တောင်း၏။ ကိုယ်တော်မြတ်လည်း 'သင်သည် ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ပေးတော်မူ၏။

ထို့နောက် ဤကမ္ဘာမှ သုံးဆယ့်တစ်ကမ္ဘာမြောက်သော ဝရကမ္ဘာ၌ **သိခီဘုရား, ဝေဿဘူဘုရား** နှစ်ဆူပွင့်တော်မူ၏။ ထိုနှစ်ဆူတို့တွင် သိခီဘုရားရှင်၏လက်ထက်၌ အလောင်းတော်သည် **အရိန္ဒမ**မည်သော မင်းဖြစ်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူကြီးကို ပေး၍ ဘုရားဆုကိုတောင်း၏ ဘုရားသခင်လည်း သင်သည် ငါကဲ့သို့ ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ပေးတော်မူ၏။ ထို့နောက် ဝေဿဘူ ဘုရားပွင့်တော်မူသောအခါ အလောင်းတော်သည် **သုဒဿန** မည်သော မင်းဖြစ်၍ ဘုရားနှင့်တကွသော သံဃာတော် တို့အား ပစ္စည်းလေးပါးတို့ဖြင့် အလှူကြီးကို ပေးပြီးမှ ရဟန်းဖြစ်၍ ကျင့်ဝတ်တရားကို အလွန်အားထုတ်တော်မူ၍ ကျင့်၏။ ဘုရားသခင်လည်း 'သင်သည် ငါကဲ့သို့ ဘုရားဖြစ် လတ္တံ့'ဟု ဗျာဒိတ်ပေးတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှ ဤကမ္ဘာထက်၌ **ကကုသန်ဘုရား, ကောဏာဂုံဘုရား, ကဿပဘုရား** ဟူသော သုံးဆူသော ဘုရားတို့သည် ပွင့်တော်မူကုန်၏။ ဤသုံးဆူသော ဘုရားတို့တွင် ကကုသန်ဘုရား၏လက်ထက်တော်၌ အလောင်းတော်သည် **ခေမ** အမည်ရှိသော မင်းဖြစ်၍ ဘုရားနှင့်တကွသော သံဃာတော်တို့အား သပိတ်, သင်္ကန်း, ရဟန်း၏ ပရိက္ခရာတို့ကို အကြိမ်များစွာ လှူဒါန်းပြီးမှ မိမိလည်း ရဟန်းပြုလေ၏။ ဘုရားကိုယ်တော်မြတ်လည်း 'သင်သည် ဤကမ္ဘာတွင်ပင် **ဂေါတမ** အမည်တွင်သော ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ကြားတော်မူ၏။ **ကောဏာဂုံဘုရား** ပွင့်သောအခါ အလောင်းတော်သည် **ပဗ္ဗတ** မည်သော မင်းဖြစ်၍ အမတ်အပေါင်းနှင့်တကွ တရားတော်ကိုနာ၍ ဗုဒ္ဓပ္ပမုခ သံဃာတို့အား ကြီးစွာသောအလှူကိုပေးပြီးမှ ဘုရားအထံတော်၌ ရဟန်းပြုလေ၏။ ဘုရားသခင်လည်း 'သင်သည် ဤကမ္ဘာတွင်ပင် ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ကြားတော်မူ၏။ **ကဿပဘုရား** ပွင့်သောအခါ ငါတို့ဘုရားအလောင်းတော်သည် **ဇောတိပါလ** မည်သော ပုဏ္ဏားလုလင်ဖြစ်၍ ဗေဒင်သုံးကျမ်း၌ ကမ်းတစ်ဖက်ရောက် တတ်မြောက်၏။ ဤပုဏ္ဏားသည် ဘုရားအထံတော်သို့ကပ်၍ တရားကိုနာသဖြင့် သာသနာတော်၌ သဒ္ဓါတရားဖြစ်ရကား ရဟန်းပြုလေ၍ ပိဋကတ်သုံးပုံကို အာဂုံဆောင်ပြီးလျှင် ပရိသတ် လေးပါးတို့အား သင်ကြားပို့ချ၏။ ကိုယ်တော်မြတ်လည်း 'သင် ရဟန်းအား ငါ၏အလားကဲ့သို့ ဘုရားမချွတ်ဖြစ်လတ္တံ့'ဟူ၍ ဗျာဒိတ်စကား ကြားတော်မူ၏။

## ဘုရားဖြစ်ခြင်း

ဤသို့လျှင် ဒီပင်္ကရာ ဘုရားမှစ၍ ကဿပဘုရားတိုင်အောင် နှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့၏အထံ၌ ခံယူအပ်သော ဗျာဒိတ်ရှိလျက် အဆက်ဆက်သောဘဝ၌ ဗောဓိသမ္ဘာရ အပေါင်းကိုဖြည့်တော်မူရာ အစဉ်လာသဖြင့် မဟာသမ္မတမင်းမှစ၍ သုံးသိန်းသုံးသောင်း လေးထောင့်ငါးရာ ခြောက်ကျိပ် ကိုးယောက်မြောက်သော သုဒ္ဓေါဒနမင်း၏ ရင်နှစ် **သိဒ္ဓတ္ထ**မင်းသားဖြစ်၍ နှစ်ဆယ့်ကိုးနှစ်ရောက်သော် ရဟန်းပြုတော်မူ၏။ ခြောက်နှစ်ပတ်လုံး ဒုက္ကရ စရိယာ ကျင့်တော်မူပြီးမှ သက္ကရာဇ် တစ်ရာသုံးခု ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ဝယ် ဗောဓိမဏ္ဍိုင်သို့ ကပ်တော်မူ၍ 'သော္တိယ ဒါယကာလှူသော 'သမန်းမြက်'ရှစ်ဆုပ် အခင်းရှိသော တစ်ဆယ့်လေးတောင် မြင့်ကျယ်သော ရတနာပလ္လင်တော်အထက်၌ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ် အစရှိသော အသာဓာရဏဂုဏ်ကိုရသဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူ၏။

ယင်းသို့ ဘုရားဖြစ်ပြီးသော် ခုနစ်ပါးသော သတ္တာဟကို လွန်စေ၍ ဗာရာဏသီပြည်သို့ ကြွပြီးလျှင် ပဉ္စဝဂ္ဂီငါးဦးအမှူးရှိသော နတ်ဗြဟ္မာ ပရိသတ်တို့အား ဓမ္မစကြာတရားကို ဟောကြားတော်မူ၍ ဤဗာရာဏသီပြည်၏အနီး ဣသိပတနမည်သော မိဂဒါဝုန်တောကြီး၌ ဝါကပ်တော်မူသည်။ ထိုဝါ၌ပင် **ပဉ္စဝဂ္ဂီ** ငါးဦးတို့အား လည်းကောင်း၊ **ယသ**သတို့သားအမှူးရှိသော ငါးကျိပ်ငါးယောက်သော သူဌေးသားတို့အားလည်းကောင်း တရားတိုက်ကျွေး၍ ရဟန္တာအဖြစ်သို့ ရောက်စေတော်မူသည်။ ရဟန္တာခြောက်ကျိပ်ပြည့်လေသော် သဝ္ဂဝါတို့အား တရားဟောစိမ့်သောငှာ ထိုထိုမြို့ရွာသို့ စေလွှတ်တော်မူသည်။ ဘုရားကိုယ်တော်မြတ်လည်း ကပ္ပါသိကတောအုပ်သို့ ကြွတော်မူ၍ အဆွေခင်ပွန်းဖြစ်ကြသော **ဘဒ္ဒဝဂ္ဂီ** မင်းသားသုံးကျိပ်တို့အား တရားဩဝါဒဖြင့် ဆုံးမတော်မူ၍ အနာဂါမိဖိုလ်သို့ ရောက်စေတော်မူသည်။ ထို့နောက်မှ ဥရုဝေလတောအုပ်သို့ ကြွတော်မူ၍ ထိုတောအုပ်၌နေသော မိစ္ဆာဝါဒအယူရှိသော **ဥရုဝေလကဿပ** အမှူးရှိသော ရသေ့တို့အား တရားရစေခြင်းငှာ အထူးထူးအပြားပြားသော တန်ခိုးပြာဋိဟာကို ပြလျက် ဆောင်းလအတွင်း၌ နေတော်မူသည်။

## မဟာယဇ်ဏသို့ ဘုရားကြွခြင်း

ပြာသိုလပြည့်နေ့ရောက်သောအခါ များစွာကုန်သော မဂဓတိုင်းသားတို့သည် ကဿပရသေ့တို့အား အလှူကြီးကို ချီးမြှောက်ပူဇော်ခြင်းငှာ အစီရင်ပြုလတ်သော် ရသေ့တို့ကလည်း "ယနေ့ ရှင်ကြီးဂေါတမသည် မကြွလာမူ ကောင်းစွာ၏'ဟု အကြံဖြစ်ရကား ဤအကြံကိုသိတော်မူ၍ ဤလပြည့်နေ့ နံနက်ထ၌ ဥတ္တရကုရုကျွန်းသို့ ဆွမ်းခံဝင်တော်မူ၍ အနောက်တတ်အိုင်၏အနီး ဆေးဒန်းမြင်းသီလာကျောက်ဖျာကြီးထက်၌ ဆွမ်းဘုဉ်းပေးပြီးသော်...

## ဘီလူးတို့အား တန်ခိုးပြခြင်း

ညချမ်းသောအခါ၌ နောင်သာသနာ ထွန်းစိမ့်သောငှာ **လင်္ကာဒီပ** မည်သော သီဟိုဠ်ကျွန်းသို့ ကြွတော်မူ၍

---

• ယသို့ဟိရက္ခမှလေ ကုသပလ္လာ၏ နီသိဒိတွား။ (ပေ) ဗောဓိရက္ခမူလေတိ။ (မဟာဝံသဋီကာ–ဒွာဒသမဂါထာဝဏ္ဏနာ–၅၃)

www.burmeseclassic.com



ကျွန်းအလယ်ဖြစ်သော အလျားသုံးယူဇနာ, အနံတစ်ယူဇနာရှိသော **မဟာနာဂဝန်** ဥယျာဉ်တည်ရာ၌ များစွာကုန်သော နတ် ဘီလူးတို့ အစည်းအဝေးပြုလျက်နေကြသည်တွင် အထက်ကောင်းကင်ဖြင့် ရပ်တော်မူ၍ မနောစိဋ္ဌာန်တော်မူလျက် ကမ္ဘာပျက်သောအခါ ရွာသောမိုယ်းကြီးနှင့်တူသော မိုယ်းကိုရွာစေခြင်း၊ ကမ္ဘာပျက်သောအခါ လာသောလေကြီးနှင့်တူသော လေကိုလာစေခြင်းတို့ဖြင့်လည်းကောင်း၊ လောကန္တရိတ် ငရဲနှင့်တူသော အမိုက်တိုက်ကိုဖြစ်စေခြင်း အချမ်းကိုဖြစ်စေခြင်းဖြင့်လည်းကောင်း ဘီလူးအပေါင်းတို့ကို ထိတ်လန့်စေပြီးမှ ကိုယ်တော်ကို ထင်ရှားပြတော်မူ၏။

ထိုအခါ စည်းဝေးကြီးသော ဘီလူးအပေါင်းတို့ အလွန်ထိတ်လန့်ကြ၍ 'အရှင်ဘုရား၊ ဤကြောက်မက်ဖွယ်သော မိုယ်း, လေ အမိုက်တိုက်တို့ကို ငြိမ်းအောင် ပြုတော်မူပါ'ဟု တောင်းပန်ကြ၏။ ဘုရားသခင်လည်း တန်ခိုးတော်အားဖြင့် မိုးယ်း, လေ, အမိုက်တိုက်တို့ကို ငြိမ်းစေပြီးသော် 'ငါ့အား နေရာကိုပေးကြကုန်လော့'ဟု မိန့်တော်မူ၏။ ဘီလူးတို့လည်း ကြည်ညိုကြ၍ 'ဤကျွန်းမြေဌာန၌ နေတော်မူပါ' ဟု လျှောက်နှင်းကြကုန်၏။ ဘုရားသခင်လည်း ကောင်းကင်မှသက်တော်မူ၍ **မဟိယင်္ဂဏ** စေတီတည်ရာ၌ စမ္မခဏ်ကိုဖြန့်၍ ထိုင်တော်မူ၏။ ထိုအခါ များစွာသော နတ်ဘီလူးတို့သည် ဖူးမြင်ခြင်းငှာ စည်းဝေးလာကြသော် ကိုယ်တော်မြတ်လည်း အံ့ဖွယ်သရဲ ဖြစ်စီမံသောငှာ ထိုင်တော်မူသော စမ္မခဏ်မှ အလျှံပြောင်ပြောင်တောက်၍ ကြောက်မက်ဖွယ် အသံကို ဖြစ်စေ၏။ ဘီလူးအပေါင်းတို့လည်း အလွန်ကြောက်လန့်၍ သမုဒ္ဒရာနားသို့ ပြေးကြကုန်၏။ ဘုရားသခင်လည်း ဘီလူးကြမ်းတို့ကို သီဟိုဠ်ကျွန်း၏အရှေ့တောင်ထောင့်၌တည်သော **ဂိရိဒီပ**သို့ ရောက်စေတော်မူ၍ ထိုဘီလူးတို့ မလာစိမ့်သောငှာ ကျွန်းအလုံးကို သုံးကြိမ်လကျ်ာရစ် လည်တော်မူ၍ ပရိတ်အရံအတားကို ပြုတော်မူ၏။ ယင်းသို့ ပရိတ်ရွတ်ပြီးမှ ယခင် စမ္မခဏ်ဖြန့်ရာ အရပ်၌ ဖလသမာပတ်ဝင်စား၍ နေတော်မူ၏။

ဤအခါများစွာကုန်သော နတ်တို့အား တရားဟောတော်မူ၏။ အချို့ကား သောတာပန်, အချို့ကား သရဏဂုံ, ပဉ္စသီလစသည် တည်လေကုန်၏။ **သုမနကူဋ** တောင်၌နေသော **မဟာသုမန** မည်သော နတ်မင်းသည်လည်း ထိုအခါ သောတာပတ္တိဖိုလ်သို့ရောက်၍ ဘုရားထံရင်းသို့ကပ်ပြီးလျှင် 'အရှင်ဘုရား၊ အကျွန်ုပ်နှင့်တကွသော သတ္တဝါအပေါင်းတို့အား သနားတော်မူပါသဖြင့် ရှည်မြင့်စွာ ကိုးကွယ်ရအောင် ကိုယ်တော်မှဖြစ်သော အမွေအနှစ်ကို သနားတော်မူပါ'ဟု တောင်းပန်လေသော် ကိုယ်တော်မြတ်လည်း ဦးခေါင်းကို လက်ဖြင့်သုံးသပ်၍ ပါလတ်သော ဆံတော်ဓာတ် တစ်ဆုပ်ကို ပေးတော်မူပြီးမှ ဇမ္ဗူဒိပ်ကျွန်း ဥရုဝေလတောသို့ ပြန်ကြွတော်မူလာ၏။

မဟာသုမန နတ်မင်းလည်း အောင်မဲညှိုပွင့် အဆင်းနှင့်တူသော ဆံတော်တစ်ဆုပ်ကိုရလျှင် ရွှေပန်းတောင်းဖြင့်ယူ၍ ဘုရားထိုင်တော်မူရာအရပ်၌ ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော စေတီကိုပြု၍ ဆံတော်ကို ဌာပနာပြီးမှ ဣန္ဒနီလာကျောက်ဖြင့် လွှမ်းထပ်ပြန်၍ ထိုစေတီကို **မဟိယင်္ဂဏ** စေတီဟု သမုတ်၏။ ဘုရားပရိနိဗ္ဗာန်စံသောအခါ ရှင်သာရိပုတြာ၏တပည့်ဖြစ်သော **သရဘူ** အမည်ရှိသော မဟိဒ္ဓိကရဟန္တာကြီးသည် အရံဖြစ်သော ရဟန်းတစ်ထောင်နှင့်တကွ စန္ဒကူးထင်းပုံတော်ကို လကျ်ာရစ်လည်၍ ပူဇော်ပြီးလျှင် ကိုယ်တော်မှ လည်ရိုးတော်ဓာတ်ကို တန်ခိုးဖြင့်ယူ၍ ဤသီဟိုဠ်ကျွန်းသို့ ကောင်းကင်ခရီးဖြင့်ကြွလာ၍ ဤမဟိယင်္ဂဏစေတီ၌ ဌာပနာပြီးလျှင် အဆီခဲ အဆင်းနှင့်တူသော မေဒဝဏ္ဏကျောက်တို့ဖြင့် လွှမ်းထပ်၍ စေတီရပ် တစ်ဆယ့်နှစ်တောင်မြင့်အောင်ပြု၍ သုမနနတ်မင်းအားအပ်လျက် ထိုအရှင်မြတ်သည် ကုသိနာရုံပြည်သို့ ကြွတော်မူ၏။

ထို့နောက် ဒေဝါနံပိယတိဿမင်း၏ ညီတော်ဖြစ်သော ဥဒ္ဓစူဠာဘယမင်းသားသည် ဤအရပ်ကို စားရသည်တွင် မဟိယင်္ဂဏစေတီတော်၌ များစွာသော ရဟန္တာတို့ ပူဇော်လာသည်ကိုလည်းကောင်း, နဂါးဂန္ဓဗ္ဗနတ်တို့ ပြုအပ်သော ပူဇော်သက္ကာရကိုလည်းကောင်း, ညဥ့်အခါ နတ်၏တီးမှုတ်ပူဇော်သောအသံကိုလည်းကောင်း ကြား၍ ထိုကျောက်စေတီမြတ်ကို ပကတိသော အုတ်တို့ဖြင့် လွှမ်းထပ်၍ အရပ်အတောင် သုံးဆယ်မြင့်အောင် တည်ပြန်သည်။ ၎င်းနောက် ဒုဋ္ဌဂါမဏိမင်းမြတ်သည် အလုံးစုံသောအကြောင်းကိုကြား၍ သဒ္ဒါပြန့်ပွားလှရကား ထိုစေတီကိုလွှမ်းထပ်၍ သံတောင်ရှစ်ဆယ်မြင့်အောင် လုပ်ဆောင်တော်မူ၏။ (ဤကား သီဟိုဠ်ကျွန်းသို့ ရှေးဦးစွာ ကြွတော်မူသော အကြောင်းတည်း)။

**မဟိယင်္ဂဏာဂမနအခန်းပြီး၏။**

---

## ၂-သီဟိုဠ်ကျွန်း နာဂဒီပသို့ကြွတော်မူခြင်း

### ဒုတိယကြွသောအကြောင်းကား

ဘုရားဖြစ်တော်မူသည်မှ ငါးနှစ်မြောက် ဇေတဝန်ကျောင်းသို့ ရောက်တော်မူသောနှစ်၌ သီဟိုဠ်ကျွန်းတွင်

www.burmeseclassic.com

www.burmeseclassic.com



တူဦးရီးဖြစ်သော စူဠောဒရနဂါး, မဟောဒရနဂါးတို့သည် ရန်စစ်ကြီးစွာ ဖြစ်ကုန်၏။

## နဂါးစစ်ပွဲ

စစ်ပွဲဖြစ်သောအကြောင်းကား ရာစမည်သောမြစ်၏ အလယ်၌တည်သော နာဂဒီပ ကျွန်းငယ်၌နေသော စူဠောဒရသည် တောင်ခေါင်းမြေထဲ၌နေသော မြေနဂါးမျိုးတည်း။ မဟောဒရကား သမုဒ္ဒရာ၌နေသော ရေနဂါးမျိုးတည်း။ ထိုမဟောဒရ၏မိခင် ဖခင်တို့သည် သမီးဖြစ်သော ကဏ္ဏဝမုမာနာဒေဝီကို စူဠောဒရ၏အဖဖြစ်သော တောင်နေ နဂါးမင်းနှင့် ထိမ်းမြားသတည်း။ (ဋီကာ၌ နဂါး၏ အမည်ကို တိရစ္ဆိကာဒေဝီဟုဆို၏။) ထိုအခါ ရတနာခုနစ်ပါးတို့ဖြင့် စီသော စိမ်းညိုသောအရောင်ရှိသော **မဏိပလ္လင်**ကို လက်ဖွဲ့လိုက်၏။ ပေးရင်းဖြစ်သော မိဘနှစ်ပါးတို့လွန်ခဲ့၍ သားမဟောဒရသည် မင်းဖြစ်လေလျှင် ထိုမဏိပလ္လင်ကို လိုချင်သောကြောင့် နှမ ယောက်ဖနှစ်ဦးတို့အား အကြည်အနူးတောင်း၏။ ထိုသူတို့ကလည်း မပေးကုန်။

နှမ ယောက်ဖတို့သေလွန်၍ တူ–စူဠောဒရ မင်းဖြစ်လျှင် ယခင် မဟောဒရက 'ငါ့နှမအား ငါ့မိဘပေးလိုက်သော ပတ္တမြားပလ္လင်ကို ငါ ရသင့်သည်'ဟု အတင်းအကျပ်တောင်း၏။ စူဠောဒရကလည်း 'ငါ့ဘိုးဘွား ငါ့မိဘအမွေကို ငါ ဆိုင်သူဖြစ်သည်၊ မပေးချေ'ဟုဆို၍ အငြင်းအခုံပွားစီးသဖြင့် ရန်စစ်ကြီးစွာဖြစ်ကြ၍ နဂါးတို့ သေကျေပျက်စီးကုန်၏။

ဘုရားသခင်လည်း ထိုအကြောင်းကို ဒိဗ္ဗစက္ခုဖြင့် မြင်တော်မူ၍ ဆင်ခြင်တော်မူလတ်သည်ကား ငါဘုရားသည် သီဟိုဠ်ကျွန်းသို့ကြွ၍ ဤနဂါးနှစ်ဦးတို့၏ ခိုက်ရန်ကိုဖြေဖြန်ဆုံးမရသော် များစွာသော သတ္တဝါတို့ ချမ်းသာရခြင်းဖြစ်လတ္တံ့။ ငါ၏သာသနာသည်လည်း ဤကျွန်း၌ာန၌ ကာလအရှည် သက်ဆင်းလတ္တံ့ဟု ကြံတော်မူ၍ အဖော်ပြုထိုက်သော သူကို ရှုလေသော် **သမိဒ္ဓိသုမန** နတ်သားကိုမြင်၏။ အဘယ်သို့မြင်သနည်းဟူမူကား ကဿပ ဘုရားသခင်၏ သာသနာအစွန်း၌ ဤနာဂဒီပကျွန်းဝယ် နတ်သားသည် မထင်ရှားသောသူတစ်ဦးဖြစ်၍ တစ်ရံသောအခါ ဂန္ဓမာဒနတောင်မှ ကြွလာသော ပစ္စေကဗုဒ္ဓါတစ်ဆူကိုတွေ့၍ ကြည်ညိုလေးမြတ်စွာ တစ်ထပ်စာသော ဆွမ်းကိုလည်းလှူ၏။ တည်းခိုနေထိုင်ရာအလို့ငှာ အရိပ်ကြီးစွာသော သစ်ပင်ရင်းကိုသုတ်သင်၍ အိပ်ရာနေရာ လှူဖူး၏။ ဤကောင်းမှုကြောင့် ထိုလူ၏အဖြစ်မှ စုတေလေသော် သာဝတ္ထိပြည်၏ အနီး တစ်ခုသော လင်းလွန်းပင်ကြီး၌ အခြွေအရံများစွာ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော သမိဒ္ဓိသုမနမည်သော ရုက္ခစိုးဖြစ်၍နေ၏။ ဘုရားသခင်သည်လည်း ထိုအကြောင်းကိုမြင်တော်မူ၍ သုမနနတ်ကို 'သီဟိုဠ်ကျွန်း နာဂဒီပသို့ ငါနှင့်လိုက်လှည့်'ဟုခေါ်၍ သက္ကရာဇ် **တစ်ရာ့ရှစ်ခု** တန်ခူးလကွယ်နေ့ နံနက်အခါဝယ် နာဂဒီပသို့ ဝေဟာသခရီးဖြင့် ကြွတော်မူလာ၏။

နတ်သားလည်း မိမိဗိမာန်ဖြစ်သော လင်းလွန်းပင်ကို နုတ်၍ ထီးပြု၍မိုးလျက်လိုက်၏။ ရောက်သောအခါ မြတ်စွာဘုရားလည်း နဂါးနှစ်ဦးတို့ စစ်ဆိုင်ကြသော၌ာန၏အလယ်ဖြစ်သော ကောင်းကင်ထက်၌ ထက်ဝယ် ဖွဲ့ခွေနေတော်မူလျက် ထက်ဝန်းကျင်အရပ်မှ အခိုးအလျှံ ထွက်စေလျှင် ရှောက်ရှာမိုယ်းကြီး, လောင်မီးမိုယ်းကြိုး, တိမ်ခိုးမှန်တိုင်းမိုက်ကြီးမှောင်ကြီးတို့ကို ဖြစ်စေတော်မူ၏။ နဂါးတို့လည်း အလွန် ကြောက်လန့်ခြင်းဖြစ်သောအခါမှ ထိုအမိုက်တိုက်ကို လင်းအောင် နေမင်းတစ်ထောင်ထွက်သကဲ့သို့ ပြိုးပြိုးပြက် တောက်လောင်သော ရောင်ခြည်တော်ခြောက်သွယ်ကိုလွှတ်လျက် ကြည်ညိုဖွယ်သော ကိုယ်တော်ကိုပြတော်မူ၏။ ထိုအခါ နဂါးတို့လည်း ကြောက်လန့်ခြင်းငြိမ်းကြ၍ မိမိတို့စွဲသမျှသော လက်နက်ကိုချပြီးလျှင် ဘုရားရှင်ထံသို့ ဝန်းရံကာ ပူဇော်လာကုန်၏။ မြတ်စွာဘုရားလည်း ထိုနဂါးနှစ်ဦးသားတို့အား ခိုက်ရန်မပွားစိမ့်သောငှာ အထူးထူးသော တရားဒေသနာဖြင့် ကောင်းစွာ ဆုံးမတော်မူ၏။ အကုဋေမကသော ရေနဂါး, ကြည်းနဂါးတို့အား သရဏဂုံ ပဉ္စသီလကို ပေးတော်မူ၏။

## ပတ္တမြားပလ္လင်နှင့် ရာဇာယတနစေတီ

ကလျာဏီမြစ်ဝ သမုဒ္ဒရာ၌နေသော မဟောဒရ နဂါးမင်း၏ဦးရီးဖြစ်သော မဏိအက္ခိကမည်သော နဂါးမင်းသည် ဘုရားသခင် ပထမကြွသောအခါကပင် တရားတော်ကို နာရ၍ သရဏဂုံသီလ၌ တည်၏။ ဤမဏိအက္ခိက နဂါးမင်းသည် နဂါးအပေါင်းတို့၏အလယ်၌နေ၍ ဘုရားသခင်ကို ဤသို့ နားတော်လျှောက်၏။ 'ခပ်သိမ်းသော သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော အရှင်ဘုရား၊ ယခုအခါ၌ ဤနာဂဒီပကျွန်းသို့ အရှင်မြတ် မကြွလာသော် အကျွန်ုပ်တို့နဂါးဟူသမျှသည် ပြာဖြစ်ရပါတော့မည်။ ကြွတော်မူလာ၍ နှစ်ဖြာသော နဂါးတို့၏ခိုက်ရန်ကို ငြိမ်းစေလျက် ညီညွတ်သင့်တင့်အောင် ပြုတော်မူခြင်းသည် အလွန်အကျိုးရှိလှပေ

www.burmeseclassic.com



သည်။ နောက်ကိုလည်း တစ်ဖန် ကြွ၍ ချီးမြှောက်ခြင်းကို ပြုတော်မူပါ။ ဤပတ္တမြားပလ္လင်ကိုလည်း အရှင်မြတ် သုံးဆောင်တော်မူပါ'ဟု လျှောက်၏။ ကိုယ်တော်မြတ်လည်း အလှူခံ၍ ထိုင်တော်မူပြီးမှ 'ငါဘုရားတို့ သုံးဆောင်ပြီးသောနေရာသည် သင်တို့ ပူဇော်ခြင်းငှာ ထိုက်တော့သည်။ ဤပလ္လင်ကိုလည်းကောင်း, ဆောင်တော်မူခဲ့သော လင်းလွန်းပင်ကိုလည်းကောင်း, ပရိဘောဂစေတီပြု၍ ကိုးကွယ်ပူဇော်ကြလေကုန်။ ဤသို့ ပူဇော်ခြင်းသည် သင်တို့၏အကျိုးစီးပွားများလတ္တံ့'ဟု မိန့်တော်မူ၍ လင်းလွန်းပင်ကိုလည်း စိုက်တော်မူခဲ့၏။ သမိဒ္ဓိသုမန နတ်သားကိုလည်း ထိုသစ်ပင်၌ ထားခဲ့၏။ နဂါးတို့အားလည်း အချင်းချင်း မြတ်နိုးစိမ့်သောငှာ ဩဝါဒပေးတော်မူ၏။ ယင်းသို့ပြုပြီးမှ ဇမ္ဗူဒိပ်ကျွန်း ဇေတဝန်ကျောင်းသို့ ပြန်ကြွတော်မူသည်။ ဤပတ္တမြားပလ္လင်ကို ဤကျွန်း၌ လူနေ၍ သာသနာတော်ဖြစ်ထွန်းသောအခါ လူတို့ထပ်လွှမ်း၍ စေတီတည်ကြသည်။ ထိုစေတီကား 'ရာဇာယတနစေတီ'မည်၏။

**(ဤကား သီဟိုဠ်ကျွန်းသို့ နှစ်ကြိမ်မြောက် ကြွသော အကြောင်းတည်း။)**

**နာဂဒီပါဂမနအခန်းပြီး၏။**

---

## ၃-ကလျာဏီမြစ်သို့ ကြွတော်မူခြင်း

### တတိယ ကြွတော်မူသောအကြောင်းကား

နာဂဒီပသို့ ကြွတော်မူသည့်နောက် သုံးနှစ်မြောက် ဘုရားဖြစ်တော်မူသည်မှ ရှစ်နှစ်မြောက်ကျသော် တစ်ရာ့တစ်ဆယ့်တစ်ခုနှစ် ကဆုန်လဆန်း ရှစ်ရက်နေ့၌ ကလျာဏီမြစ်ဝတွင်နေသော မဟောဒရနဂါးမင်း၏ ဦးရီးဖြစ်သော မဏိအက္ခိကမည်သော နဂါးမင်းသည် ဘုရားသခင်နှင့်တကွသော သံဃာတော်အား လှူဒါန်း ပူဇော်လိုသည်ဖြစ်၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့သွားလျက် လက်ာဒီပသို့ ကြွပါမည်အကြောင်းဖြင့် ပင့်လျှောက်၏။ ဘုရားသခင်လည်း ဝန်ခံတော်မူ၍ သံဃာတော်ပေါင်း ငါးရာနှင့်တကွ ၎င်းကဆုန်လပြည့်နေ့နံနက်ထ၌ ကြွတော်မူပြီးလျှင် လက်ာဒီပကျွန်း ကလျာဏီမြစ်၏အနီး နဂါးတို့ဖန်ဆင်း၍ ထားသော ရတနာမဏ္ဍပ်ကြီး၌ ဆွမ်းဘုဉ်းပေးတော်မူ၏။ ပြီးသောကာလ စည်းဝေးသမျှသော နဂါးပရိသတ်တို့အား ဆန်းကြယ်သော တရားစကားဖြင့် ဟောကြားတော်မူပြီးမှ ကလျာဏီမြစ်၌ ရေသပ္ပာယ်တော်မူသည်။

ထိုမှသည် ကောင်းကင်ခရီးဖြင့်ကြွပြီးသော် သုမန နတ်မင်းကြီးနေသောတောင်သို့ရောက်လျှင် နတ်မင်းကြီး တောင်းပန်သောကြောင့် ထိုတောင်ထိပ်၌ ခြေတော်ရာနှံခဲ့ပြီးမှ ဒီဃဝါပိ အရပ်သို့ကြွ၍ စေတီတည်ထိုက်သောဌာန၌ ဖလသမာပတ်ကိုဝင်စား၍ နေတော်မူသည်။ ထို့နောက် မဟာမေဃဝန်ဥယျာဉ်တည်ရာသို့ကြွ၍ ဗောဓိပင်တည်လတ္တံ့သောအရပ်၌ ဖလသမာပတ်ကို ဝင်စားတော်မူသည်။ ထိုမှ တစ်ဖန် ကြွပြန်၍ မဟာစေတီ တည်လတ္တံ့သောအရပ်, ထူပါရာမစေတီ တည်လတ္တံ့သောအရပ်, သေလစေတီတည်လတ္တံ့သောအရပ်တို့၌ ဖလသမာပတ်ကို ဝင်စားတော်မူခဲ့ပြီးမှ ဇမ္ဗူဒိပ်ကျွန်း, သာဝတ္ထိပြည်, ဇေတဝန်ကျောင်းသို့ ပြန်ကြွတော်မူသည်။ (ဤကား သီဟိုဠ်ကျွန်းသို့ သုံးကြိမ်မြောက် ကြွတော်မူခြင်းတည်း။)

**'ကလျာဏီအာဂမန'အခန်းပြီး၏။**

**'မဟာဝံသကျမ်း'၌ (၈၄)ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော 'တထာဂတာဘိဂမန' အမည်ရှိသော ပထမအပိုင်း၊ အခန်းကားပြီး၏။**

---

# မဟာသမ္မတဝံသကထာ-ဒုတိယပိုင်း

## ၄-မဟာသမ္မတ အစ အဇာတသတ်တိုင်အောင် ဇမ္ဗူဒိပ်မင်းဆက်ကို ပြခြင်း

လူသုံးပါးတို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် မဟာသမ္မတမင်းမှ ဆင်းသက်သော မင်းမျိုး၌ ဖြစ်တော်မူ၏။ ထို့ကြောင့် ဤမင်းတို့၏အစဉ်ကို အဦးတင်၍ ပြလိုက်အံ့။

ဤကပ်ဦးအစ၌ ငါတို့ဘုရားအလောင်းသည် မဟာသမ္မတမင်း ဖြစ်တော်မူ၏။ ထိုမင်း၏သားကား ရောဇမင်းတည်း။ ရောဇမင်း၏သားကား ဝရရောဇမင်း၊ ၎င်းသားကား ကလျာဏမင်း၊ ၎င်းသား ဝရကလျာဏမင်း၊ ၎င်းသား ဥပေါသထမင်း၊ ၎င်းသား မန္ဓာတ်မင်း၊ ၎င်းသား ဝရမင်း၊ ၎င်းသား ဥပဝရမင်း၊ ၎င်း၏သား စေတိယမင်း၊ ၎င်း၏သား မုစလမင်း၊ ၎င်း၏သား မဟာမုစလမင်း၊ ၎င်း၏သား မုစလိန္ဒမင်း၊ ၎င်း၏သား သာဂရမင်း၊ ၎င်း၏သား သာဂရဒေဝမင်း၊ ၎င်း၏သား ဘရတမင်း၊ ၎င်း၏သား အင်္ဂီသမင်း။ ၎င်း၏သား ရုစိမင်း၊ ၎င်း၏သား သုရုစိမင်း၊

www.burmeseclassic.com



ငင်း၏သား ပတာပမင်း၊ ငင်း၏သား မဟာပတာပမင်း၊ ငင်း၏သား ပနာဒမင်း၊ ငင်း၏သား မဟာပနာဒမင်း၊ ငင်း၏သား သုဒဿနမင်း၊ ငင်း၏သား မဟာသုဒဿန မင်း၊ ငင်း၏သား နေရုမင်း၊ ငင်း၏သား မဟာနေရုမင်း၊ ငင်း၏သား အစ္စိမမင်း။ ဤနှစ်ကျိပ်ရှစ်ယောက်သောမင်း တို့သည် မဟာသမ္မတမင်း၏သား, မြေး, မြစ် အဆက် တို့တည်း။ အသက်အသချေ် ရှည်ကြကုန်၏။

ထို နှစ်ကျိပ်ရှစ်ယောက်သော မင်းတို့တွင် အချို့ မင်းတို့ကား ရာဇဂြိုဟ်ပြည်၌ နေကုန်၏။ အချို့သောမင်း ကား မိဓိလာပြည်၌ နေကုန်သည်။ ထိုနှစ်ကျိပ်ရှစ်ယောက် တို့တွင် နောက်ဆုံးဖြစ်သော အစ္စိမမင်း၏သားတော်သည် မိဓိလာပြည်မှထွက်၍ ကုသဝတီမြို့ကို တည်ထောင်၍ နေ၏။ ထိုမင်း၏သား မြေးဖြစ်သော မင်းဆက်ကား တစ်ရာ ဖြစ်သတည်း။ ထိုတစ်ရာတွင် နောက်ဆုံးဖြစ်သော အရိန္ဒမ မင်း၏သားတော်သည် အယုဇ္ဈမြို့ကိုတည်၍ မင်းပြု၏။ ထိုမင်းသား၏ သား မြေးဖြစ်သော မင်းဆက်တို့ကား ငါးဆယ့်ခြောက်ဆက် ရှိသတည်း။ ဤငါးဆယ့်ခြောက် ဆက်တွင် နောက်ဆုံးဖြစ်သော ဒုပ္ပသဟမင်း၏သားတော် သည် ဗာရာဏသီမြို့ကို တည်ထောင်၍ မင်းပြု၏။ ဤမင်း ၏သား၊ မြေးဖြစ်သော မင်းဆက်ကား ခြောက်ကျိပ်တည်း။ ဤခြောက်ကျိပ်တို့တွင် နောက်ဆုံးဖြစ်သော အဇိတဇိနမင်း ၏သားတော်, မြေးတော်, မြစ်တော်သည် ကပိလဝတ်မြို့ ကိုတည်၍ မင်းပြု၏။ ထိုမင်း၏သား၊ မြေးဖြစ်သော မင်း ပေါင်းကား ရှစ်သောင်းလေးထောင်ရှိသတည်း။ ထိုရှစ် သောင်းလေးထောင်တို့တွင် နောက်ဆုံးဖြစ်သော ဗြဟ္မဒတ် မင်း၏သားတော်သည် ဟတ္ထိပုရမြို့ကိုတည်၍ မင်းပြု၏။ ထိုမင်း၏ သား, မြေး, မြစ်အဆက်ကား သုံးဆယ့်ခြောက် ဆက်တည်း။ ထိုသုံးဆယ့်ခြောက်ဆက်တို့တွင် နောက်ဆုံး ဖြစ်သော ကမ္ဗလဝသနမင်းသားသည် ဧကစက္ခုပြည်ကို တည်၍ မင်းပြုလေ၏။ ထိုပြည်၌ မင်းပေါင်းကား သုံး ဆယ့်နှစ်ဆက်ရှိ၏။ ထိုသုံးဆယ့်နှစ်ဆက်တွင် နောက်ဆုံး ဖြစ်သော မုစိန္ဒဒေဝမင်း၏သားသည် ဝဇိရဝုတ္တိပြည်ကိုတည် ၍နေ၏။ ဤပြည်၌ မင်းဆက်ကား နှစ်ကျိပ်ရှစ်ဆက် တည်း။ ထိုနှစ်ဆယ့်ရှစ်ဆက်တို့တွင် နောက်ဆုံးကား သာဓိ နမင်းတည်း။ ထိုမင်း၏သားသည် မဓုရမြို့ကိုတည်၍ မင်း ပြု၏။ ထိုမင်း၏သား, မြေးအဆက်ကား နှစ်ကျိပ်ရှစ် ယောက်တည်း။ ဤနှစ်ကျိပ်ရှစ်ယောက်တို့တွင် နောက်ဆုံး ဖြစ်သော ဓမ္မဂုတ္တမင်း၏သားသည် အရိဋ္ဌာပုရမည်သော မြို့ ကိုတည်၍ မင်းပြု၏။ ထိုမင်း၏အဆက်ကား တစ်ကျိပ်ရှစ် ဆက်တည်း။ ဤတစ်ကျိပ်ရှစ်ဆက်တို့တွင် နောက်ဆုံးကျ သော သိပ္ပိမင်း၏သားသည် ဣန္ဒပတ္တနဂိုရ်ပြည်ကိုတည် ထောင်၍ မင်းပြု၏။ ထိုမင်း၏အဆက်ကား တစ်ကျိပ်ခုနစ် ယောက်တည်း။ ဤတစ်ကျိပ်ခုနစ်ယောက်တို့တွင် နောက် ဆုံးဖြစ်သော ဗြဟ္မဒေဝမင်း၏သားသည် ဧကစက္ခုပြည်၌ မင်းပြု၏။ ထိုမင်း၏အဆက်ကား တစ်ကျိပ်ငါးဆက်တည်း။ ဤတစ်ကျိပ်ငါးဆက်တွင် နောက်ဆုံးဖြစ်သော ဗလဒတ္တမင်း ၏သားသည် ကောသမ္ဗီပြည်၌ မင်းပြု၏။ ဤမင်း၏ အဆက်ကား တစ်ကျိပ် ခြောက်ယောက်တည်း။ နောက်ဆုံး ဖြစ်သော ဟတ္ထိဒေဝမင်း၏သားသည် ကဏ္ဏဂေါစ္ဆမြို့ကို တည်ထောင်၍ မင်းပြု၏။ ဤမင်း၏အဆက်ကား ကိုး ယောက်သာတည်း။ နောက်ဆုံးဖြစ်သော နရဒေဝမင်း၏ သားသည် ရောမမြို့ကိုတည်၍ မင်းပြု၏။ ဤမင်း၏ အဆက်ကား ခုနစ်ယောက်တည်း။ နောက်ဆုံးဖြစ်သော မဟိန္ဒမင်း၏သားသည် စမ္ပာမြို့ကိုတည်၍ မင်းပြု၏။ ဤ မင်း၏အဆက်ကား တစ်ကျိပ်နှစ်ယောက်တည်း။ နောက်ဆုံး ဖြစ်သော နာဂဒေဝမင်း၏သားသည် မိဓိလာမြို့ကိုတည် ထောင်၍ မင်းပြု၏။ ဤမင်း၏အဆက်ကား နှစ်ကျိပ် ငါးယောက်တည်း။ နောက်ဆုံးဖြစ်သော သမုဒ္ဒဒတ္တမင်း၏ သားတော်သည် ရာဇဂြိုဟ်မြို့ကိုတည်ထောင်၍ မင်းပြု၏။ ဤမင်းအဆက်ကား နှစ်ကျိပ်ငါးယောက်ပင်တည်း။ နောက် ဆုံးဖြစ်သော ဒိဝင်္ကရမင်း၏သားသည် တက္ကသိုလ်ပြည် ၌ မင်းပြု၏။ ဤမင်းအဆက်ကား တစ်ကျိပ်နှစ်ယောက် တည်း။ နောက်ဆုံးဖြစ်သော တာလိဿရမင်း၏သားသည် ကုသိနာရုံပြည်၌ မင်းပြု၏။ ဤမင်း၏အဆက်ကား တစ် ကျိပ်နှစ်ယောက်တည်း။ နောက်ဆုံးဖြစ်သော သုဒိန္နမင်း၏ သားသည် တာမလိတ္တိယမြို့၌ မင်းပြု၏။ ဤမင်းဆက် ကား ကိုးယောက်တည်း။ နောက်ဆုံးဖြစ်သော သာဂရဒေဝ မင်း၏သားသည် မိဓိလာမြို့၌ပင် မင်းပြု၏။ မင်းဆက် ကား *မဃဒေဝမင်းမှစ၍ ရှစ်သောင်းလေးထောင်တို့တည်း။

ထိုရှစ်သောင်းလေးထောင်တို့တွင် နောက်ဆုံးဖြစ်သော မင်းကား နေမိမင်းတည်း။ ဤမင်း၏သားတော် ကဠာရ ဇနကမင်းသည် ဗာရာဏသီပြည်၌ မင်းပြု၏။ ဤမင်း၏ သား မြေးအဆက်ဖြစ်သော မင်းဆက်ကား ရှစ်သောင်း လေးထောင်ပင်တည်း။ (အဋ္ဌကထာ၌ကား နေမိမင်း၏သား တော် ကဠာရဇနကမင်းတည်း။ ထိုမင်း၏သားကား သမက် ရမင်း။ ထိုမင်း၏သားကား အသောစမင်းတည်း။ ထို

* မခါဒေဝ (သီဟိုဠ်မဟာဝင်ဋီကာ–စ၃။)

www.burmeseclassic.com

www.burmeseclassic.com



အသောစမင်း၏ သား, မြေး, မြစ်အဆက်ဖြစ်သော ရှစ်သောင်းလေးထောင်သောမင်းတို့သည် ဗာရာဏသီပြည်၌ မင်းပြုကုန်၏ဟူ၍ ဆိုသည်။) ဤအဋ္ဌကထာ၏အလိုတော်ကား ရှစ်သောင်းလေးထောင် သုံးယောက်ဖြစ်၏။ ထိုရှစ်သောင်းလေးထောင် သုံးပါးသောမင်းတို့၏အဆုံးစွန်ကား ဝိဟာသဝမင်းတည်း။ ထိုမင်း၏သားကား ဝိဇိတသေနမင်း။ ထိုမင်း၏သားကား ဓမ္မသေနမင်း၊ ထိုမင်း၏သား နာဂသေနမင်း၊ ထိုမင်း၏သား သမထမင်း။ ဤမင်း၏သား ဒိသမ္ပတိမင်း၊ ထိုမင်း၏သား ရေဏုမင်း၊ ထိုမင်း၏သား ကုသမင်း၊ ဤမင်း၏သား မဟာကုသမင်း၊ ဤမင်း၏သား ဘရတမင်း၊ ဤမင်း၏သား ဒသရထမင်း၊ ထိုမင်း၏သား ရာမမင်း၊ ထိုမင်း၏သား ဝိဠာရတမင်း၊ ဤမင်း၏သား စိတ္တရံသိမင်း၊ ဤမင်း၏သား အမ္ဗရံသိမင်း၊ ဤမင်း၏သား သုဇာတမင်းတည်း။ ဤမင်း၏သားတော်ကား ဩက္ကာကရာဇ်မင်းတည်း။

ထိုဩက္ကာကရာဇ်မင်း၏ မိဖုရားသည် ဟတ္ထာမိဖုရား, စိတ္တာမိဖုရား, ဇန္တုမိဖုရား, ဇာလိနီမိဖုရား, ဝိသာခါမိဖုရားဟူ၍ ငါးယောက်ရှိသတည်း။ ထိုငါးယောက်တို့တွင် အကြီးဖြစ်သော ဟတ္ထာမိဖုရား၌ သားတော်လေးပါး၊ သမီးတော်ငါးပါး ဖွားသတည်း။ သားတော်တို့၏အမည်ကား ဩက္ကာမုခမင်း, ကရဏ္ဍုမင်း, ဟတ္ထိနိကမင်း, သိနိသူရမင်း, ဤလေးပါးတည်း။ သမီးတော်တို့၏အမည်ကား ပိယာတစ်ပါး၊ သုပ္ပိယာတစ်ပါး, အာနန္ဒာလည်းတစ်ပါး, ဝိဇိတာလည်းတစ်ပါး, ဝိဇိတသေနာလည်းတစ်ပါး ဤငါးပါးတည်း။ ဩက္ကာကရာဇ်မင်း၏ သားတော်အကြီးဖြစ်သော ဩက္ကာမုခမင်းသည် ညီတော်သုံးပါး နှမတော် ငါးပါးနှင့်တကွ ဗာရာဏသီပြည်မှထွက်လေ၍ ကပိလဝတ်မြို့ကို တည်ထောင်ကာ မင်းပြု၏။

ဤဩက္ကာမုခမင်း၏သားကား နိပုရမင်းတည်း။ ၎င်းမင်းသား စန္ဒိမာမင်း၊ ၎င်း၏သား စန္ဒမုခမင်း၊ ၎င်းသား သိဝိမင်း၊ ၎င်းသား သဉ္စယမင်း၊ ၎င်းသား ဝေဿန္တရာမင်း၊ ၎င်းသား ဇာလိမင်း၊ ၎င်းသား သီဟဝါဟနမင်း၊ ၎င်းသား သီဟဿရမင်း။ ဤသီဟဿရမင်း၏ သား မြေးအဆက်တို့သည် ရှစ်သောင်းလေးထောင် ရှိကုန်၏။ ဤရှစ်သောင်းနှစ်ထောင်တွင် အဆုံးဖြစ်သောမင်းကား ဇယသေနမင်းတည်း။ ဩက္ကာမုခမင်းမှစ၍ ရှစ်သောင်းနှစ်ထောင် တစ်ကျိပ်သောမင်းတို့သည် ကပိလဝတ်ပြည်၌ မင်းပြုကုန်၏။ အခြားမြို့နှင့် မဆက်ဆံသည်ဖြစ်၍ အမျိုးကိုစောင့်လှသောကြောင့် **သာကီဝင်မင်း**ဟု ထင်ရှားကုန်၏။ ဇယသေနမင်းကြီးအား သီဟဟနုမည်သော သားတော်တစ်ပါး၊ ယသောဓရာမည်သော သမီးတော်တစ်ပါး ဤနှစ်ပါးရှိသတည်း။

သာကီဝင်မင်းတို့ ရေဖျန်းကစားရာဖြစ်သော ရေအိုင်ကြီးသည် ရှိ၏။ ထိုရေအိုင်ကြီးအနီး၌ မင်းကွန်း တည်းနန်းဆောက်၍နေကြသည်နှင့် ပြန့်ပွားကြီးကျယ်သောကြောင့် ဒေဝဒဟပြည်ဟု တွင်၏။ ကာလရှည်လတ်သော် ကပိလဝတ်မှ သီးခြား၍ တစ်ထီးတစ်နန်းဖြစ်သတည်း။ ထိုဒေဝဒဟပြည်ကို အစိုးရသောမင်းနှင့် ကပိလဝတ်ပြည်ကို အစိုးရသောမင်းတို့သည် အမျိုးချင်း စုံဖက်ကြသတည်း။ ဒေဝဒဟပြည်ကို အစိုးရသော ဥက္ကာသက္ကမင်း-ယသဝတီမိဖုရား၏သားဖြစ်သော ဒေဝဒဟ သက္ကမင်းအား သားတော်အဥ္စနမင်း၊ သမီးတော် ကစ္စနာဟူ၍ နှစ်ပါးရှိ၏။

ဇယသေနမင်း၏သားတော် သီဟဟနုမင်းနှင့် ဒေဝဒဟမင်း သမီးတော် ကစ္စနာကိုစုံဖက်ရာတွင် သုဒ္ဓေါဒန, ဓောတောဒန, သက္ကောဒန, သုက္ကောဒန, အမိတောဒနဟူ၍ သားတော်ငါးပါး။ အမိတာမင်းသမီး, ပါလိတာမင်းသမီးဟူ၍ သမီးတော်နှစ်ပါး ဖွားမြင်သည်။

ဇယသေနမင်း သမီးတော် ယသောဓရာနှင့် ဒေဝဒဟမင်းသားတော် အဥ္စနကိုစုံဖက်ရာတွင် သိရိမဟာမာယာမင်းသမီး, ပဇာပတိဂေါတမီမင်းသမီး၊ မောင်တော် ဒဏ္ဍပါဏိ, ညီတော် သုပ္ပဗုဒ္ဓ ဤလေးပါးကို ဖွားမြင်သည်။

သီဟဟနုမင်း၏သားတော် သုဒ္ဓေါဒနနှင့် အဥ္စနမင်းသမီးတော် သိရိမဟာမာယာတစ်ပါး, ဂေါတမီတစ်ပါး ဤနှစ်ပါးနှင့် စုံဖက်ရာတွင် ညီမတော် ဂေါတမီက ဇနပဒကလျာဏီနှင့် နန္ဒမင်းသားကို ဖွားမြင်ပြီးမှ အစ်မတော် သိရိမဟာမာယာတွင် ဘုရားလောင်း သိဒ္ဓတ္ထကုမာရမင်းသားကို ဖွားမြင်သည်။

သီဟဟနုမင်း သမီးတော် အမိတာနှင့် အဥ္စနမင်းသားတော် သုပ္ပဗုဒ္ဓကို စုံဖက်ရာတွင် သမီးတော် ဘဒ္ဒကစ္စနာနှင့် မောင်တော် ဒေဝဒတ်ကို ဖွားမြင်သည်။

သုဒ္ဓေါဒနမင်းသားတော် ဘုရားလောင်း သိဒ္ဓတ္ထကုမာရနှင့် သုပ္ပဗုဒ္ဓမင်း သမီးတော် ဘဒ္ဒကစ္စနာကို စုံဖက်ရာတွင် ရာဟုလာ မင်းသားကို ဖွားမြင်သည်။

သိဒ္ဓတ်မင်းသားသည် ရမ္မ, သုရမ္မ, သုဘ ဟူသော ရွှေနန်းသုံးဆောင်ဖြင့် ကပိလဝတ်ပြည်ကြီး၌ ထီးနန်းစည်းစိမ်ကို ဆယ့်သုံးနှစ်ပတ်လုံး စံစားပြီးမှ သက်တော် နှစ်ဆယ့်ကိုးနှစ်အရောက်တွင် တောထွက်၍ ရဟန်းပြုတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်ပြီးမှ သုံးဆယ့်ငါးနှစ်အကျ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် ဗောဓိရိပ်ခွင် ရွှေပလ္လင်၌ သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ ဘုရားဖြစ်ပြီးသော် မိဂဒါဝုန်တော၌ ဝါဆိုတော်မူ၍ ပဥ္စဝဂ္ဂီ အမှူးရှိသော သူတို့အား တရားရစေတော်မူပြီးမှ ဥရုဝေလသို့ ကြွတော်မူ၍ ရသေ့တစ်ထောင်တို့အား တရားပြသ၍ ဘိက္ခုဘာဝသို့ရောက်စေပြီးလျှင် ဤအရှင်တို့နှင့်တကွ ရာဇဂြိုဟ်ဌာနသို့ ကြွတော်မူသည်။

ကပိလဝတ်ပြည်ကို အစိုးရသော သုဒ္ဓေါဒနမင်းနှင့် ရာဇဂြိုဟ်ပြည်ကို အစိုးရသော ဘာဂီနိယမင်းသည် မဟာမိတ်ဖြစ်ကြသတည်း။ သုဒ္ဓေါဒနမင်း၏သားတော် သိဒ္ဓတ္ထကုမာရနှင့် ဘာဂီနိယမင်း၏သားတော် ဗိမ္ဗိသာရမင်းလည်း မဟာမိတ် အဆွေခင်ပွန်းဖြစ်ကြသည်။ ဘုရားလောင်း သိဒ္ဓတ်မင်းသားသည် ဗိမ္ဗိသာရမင်းထက် ငါးနှစ်ကြီးသည်။ ထို့ကြောင့် 'ဗောဓိသတ္တော ဗိမ္ဗိသာရာ ပဉ္စသဿာဓိကော အဟု'ဟူ၍ ဂါထာလာသည်။

ဤအခါ ဗိမ္ဗိသာရမင်းလည်း ရာဇဂြိုဟ်ပြည်၌ မင်းအဖြစ်သို့ရောက်၍ တစ်ဆယ့်ခြောက်နှစ်မြောက်ရှိသည်နှင့် ဘုရားကြွလာကြောင်းကိုကြားလျှင် များစွာသော မှူးမတ်ဝန်းရံလျက် အထံတော်သို့ကပ်၍ တရား‌တော်ကိုနာသဖြင့် သောတာပတ္တိဖိုလ်၌ တည်လေသတည်း။ ဘုရားသခင် သုံးဆယ့်ခုနစ်ဝါရှိသောအခါ ဗိမ္ဗိသာရမင်းကို သားတော် အဇာတသတ်လုပ်ကြံ၍ ကံကုန်တော်မူ၏။ မိတ္တဒုဗ္ဘိဖြစ်သော အဇာတသတ်မင်းသည် သက်တော်ထင်ရှား ရှိတော်မူစဉ် ရှစ်နှစ်, ဘုရားသခင် နိဗ္ဗာန်ဝင်ပြီးနောက် နှစ်ဆယ့်လေးနှစ်အားဖြင့် သုံးဆယ့်နှစ်နှစ် မင်းပြုသည်။

**'ပပဉ္စပဒေါရုဝ်သ'အမည်ရှိသော မဟာဝံသကျမ်း၌**
**၃၃-ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော**
**'မဟာသမ္မတဝံသ'အမည်ရှိသော**
**ဒုတိယအပိုင်း အခန်းကားပြီး၏။**

---

# ပထမ ဓမ္မသင်္ဂီတိကဏ္ဍ-တတိယပိုင်း

## ၅-ရာဇဂြိုဟ်ပြည်၌ ပထမသင်္ဂါယနာတင်ခြင်း

လောကသုံးဘုံတွင် အတုမရှိ အသဒိသမင်းစစ် မဟာဓမ္မရာဇ်မင်းဖြစ်တော်မူသော မြတ်စွာဘုရားသည်လည်း လေးဆယ့်ငါးဝါ ကာလပတ်လုံး တည်တော်မူနေ၍ လူ, နတ်, ဗြဟ္မာ, သတ္တဝါအပေါင်းတို့အား တရားမြိုက်ဆေးတိုက်ကျွေးတော်မူပြီးမှ ဘိုးတော် အဥ္စနမင်း ဖြိုကြွင်း သက္ကရာဇ် တစ်ရာလေးဆယ်ရှစ်အကျ ကဆုန်လပြည့် အင်္ဂါနေ့ နံနက်အချိန်ဝယ် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၏အလယ် တင့်တယ်လှစွာသော အင်ကြင်းပင်စုံကြား၌ ပရိနိဗ္ဗာန်စံတော်မူသောအခါ ပူဇော်ခြင်းငှာ စည်းဝေးလာကုန်သော ရဟန်း ယောကျ်ား, ရဟန်းမိန်းမတို့သည်၊ ဤမျှဤရွေ့ဟု ရေတွက်ခြင်းငှာ မတတ်နိုင်ကုန်။ မင်း, ပုဏ္ဏား, သူဌေး, သူကြွယ်ဟူသော လူပရိသတ်သည်လည်းကောင်း၊ သိကြား, အသုရာ အစရှိသော နတ်ပရိသတ်, ဗြဟ္မာ ပရိသတ်သည် လည်းကောင်း ရေတွက်ခြင်းငှာ မတတ်နိုင်ကုန်။ ရဟန်းတို့တွင် သံဃာ့ထေရ်ဖြစ်သော ဂဏပါမောက္ခဆရာကြီးပင် ခုနစ်သိန်းမျှလောက်ရှိ၏။ ထိုခုနစ်သိန်းတွင် အရှင်မဟာကဿပသည် သံဃာ့ထေရ် အကြီးဆုံးဖြစ်သတည်း။

မြတ်စွာဘုရား၏ အလောင်းတော်ကိုလည်း လူနတ်အပေါင်းတို့သည် အထူးထူးသော ပူဇော်ခြင်းတို့ဖြင့် ပူဇော်၍ ခုနစ်ရက်ပတ်လုံး ချီးမြှောက်ကြသည်ကား သာဓုကီဠနသတ္တာဟမည်၏။ ထို့နောက် စန္ဒကူးထင်းစင်ထက်တင်၍ ပူဇော်ကြသည်ကား စိတကသတ္တာဟမည်၏။ ထိုသတ္တာဟအတွင်း၌ဖြစ်သော ကဆုန်လပြည့်ကျော် တစ်ဆယ့်နှစ်ရက် တနင်္ဂနွေနေ့ တေဇောဓာတ်လောင်သည်။ ထို့နောင် သတ္တာဟကုန်သော် နယုန်လဆန်း ငါးရက်နေ့၌ ရှစ်ပြည်ထောင်မင်းတို့ ဓာတ်တော်ကို ဝေသန်၍ ပြီးမြောက်ကြသည်။ ၎င်းနေ့တွင် အရှင်မဟာကဿပလည်း သုဘဒ်ရဟန်းကြီးဆိုသောစကားကို နှလုံးထားတော်မူလျက် စည်းဝေးလာကြသော သံဃာ့ထေရ် ခုနစ်သိန်းတို့အား ဓာတ်တော်ထားရာ ဇရပ်၌ တညီတညွတ် စည်းဝေးစေ၍ ဤသို့ မိန့်ဆိုတော်မူသည်။

"ငါ့ရှင်တို့၊ ငါတို့ဆရာ မြတ်စွာဘုရားသည် ကြီးမားလှစွာသော မဟာကရုဏာဖြင့် သတ္တဝါအပေါင်းတို့အား အပါယ်တံခါးပိတ်စိမ့်သောငှာ သိက္ခာပုဒ်အများကို မိန့်ကြားပညတ်တော် မူခဲ့ပါသည်ကို မလိမ္မာသော ရဟန်းတို့သည် ပယ်ရှားတွန်းလှန်ကုန်သည်။ ဘုရားလွန်ပြီဟု ထင်မှတ်ကြကုန်သည်။ ငါ့ရှင်တို့၊ ငါသည် ဘုရားကိုဖူးမြင်ခြင်းငှာ ပါဝါပြည်မှသည် ကုသိနာရုံပြည်သို့ သံဃာငါးရာနှင့်တကွ လာခဲ့ကြရာတွင် အာဇီဝက ရဟန်းတစ်ဦးသည် မန္ဒာရဝမည်သော ပန်းထီးကိုဆောင်းကိုလာသည်ကို မြင်သဖြင့် ငါ့ရှင်သင်သည် ငါတို့ဆရာ မြတ်စွာဘုရားကို သိပါ၏လောဟု

www.burmeseclassic.com



မေးသော် ကျွန်ုပ် သိပါ၏။ သင်တို့၏ ဆရာဂေါတမသည် ပရိနိဗ္ဗာန်လွန်၍ ယနေ့ခုနစ်ရက်ရှိပြီ ဤပန်းကား ရှင်ဂေါတမနိဗ္ဗာန်ဝင်ရာဌာနမှရခဲ့သော ပန်းပင်တည်းဟု ဆို၏။ ထိုအာဇီဝက ၏စကားကိုကြားလျှင် ရဟန်းအများတို့သည် ပြင်းစွာငိုကြွေး ကြကုန်သည်။ ထိုအခါ အာတုမာပြည်သား ဖြစ်သော သုဘဒ်ရဟန်းကြီးသည် ငါ့ရှင်တို့ အဘယ့်ကြောင့် ငိုကြွေးကြသနည်း။ ရဟန်းဂေါတမလက်မှ ငါတို့ ထွက်လွတ်တပြီးကား။ ဤဂေါတမရဟန်းကြီးကား ငါတို့အား နှိပ်စက်သည် များလှပြီ၊ ဤအခါမှစ၍ ငါတို့ အလိုရှိတိုင်း နေရတော့မည်ဟု ဆိုချေသည်။ ငါ့ရှင်တို့ ဤသုဘဒ် ရဟန်းကဲ့သို့သော သူဖျင်း သူညံ့တို့သည် မင်း၏စည်းစိမ်ကိုပေးပေသော ကျေးဇူးရှင်ကိုလျက် ရန်သူထင်မှားသကဲ့သို့ ချုပ်ချယ်ထိပါးလျက် ဖြစ်မှားပြောဆိုကုန်သည်။ ဤသို့သော သူဖျင်းတို့သည် အပင်းအသင်းကို ရကုန်သည်ရှိသော် သူတော်ကောင်းတရားတည်းဟူသော ဘုရားဩဝါဒသည် မကြာမီ ကွယ်ပျောက်ရာသည်။ စင်စစ်ကား အကြင်မျှ လောက် သုတ်, ဝိနည်း, အဘိဓမ္မာတရားသည် တည်၏။ ဤမျှလောက် ဘုရား မကွယ်သေးသည်သာတည်း။ ယင်းသို့ ဖြစ်ရကား မသူတော်တို့ ၏တရားသည် မပြန့်ပွားမတောက်ပမီ။ သူတော်ကောင်းတို့၏တရားသည် မရွေ့မရှားမပျောက်ပျက်မီ။ အလဇ္ဇီ သူယုတ်တို့ပြုလုပ်သော အဝိနယဓမ္မသည် မထွန်းပမပြန့် ပွားမီ၊ ဝိနည်းတရားသည် မပျက်ပြား မယိုယွင်းမီ။ အဓမ္မဝါဒီ အလဇ္ဇီပုဂ္ဂိုလ်များသည် အားမကြီးမီ။ ဓမ္မဝါဒီလဇ္ဇီ သူတော်ကောင်းများသည် အားမနည်းမီ။ ဤသုတ်, ဝိနည်း, အဘိဓမ္မာကို သင်္ဂါယနာတင်ကြကုန်အံ့' ဟု ဆိုပေ၏။ ထို စကားကိုကြားသော် သံဃာတို့ကလည်း 'အရှင်ဘုရား၊ ဤ အကြောင်းကား အလွန်ကောင်းလှ၏။ သင်္ဂါယနာတင်ခြင်းငှာ အရှင်မြတ် အားထုတ်တော်မူပါလော့၊ လျောက်ပတ်သော သံဃာကို အရှင်သာ ရွေးကောက်ပါလော့ဟု လျှောက်၏။

ထိုအခါ အရှင်မဟာကဿပလည်း အလုံးစုံသော ပရိယတ္တိ သာသနာကို ဆောင်ကုန်သော ရာ, ထောင်, သောင်း, သိန်းမကကုန်သော ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်, ဈာန်မရသော ရဟန္တာပုဂ္ဂိုလ်တို့ကိုချန်ထား၍ များသောအားဖြင့် ဘုရားဓတဒဂ် မိန့်မြွက်ချီးကျူးတော်မူအပ်သော ပိဋကတ်သုံးပုံတည်းဟူသော ပရိယတ္တိဓမ္မကို နေ့ညဉ့် သရဇ္ဈာယ်ကုန်သော ပဋိသမ္ဘိဒါပတ္တ, တေဝိဇ္ဇ, ဆဠဘိညဖြစ်သော ရဟန္တာတို့ကိုသာလျှင် ငါးရာတွင် တစ်ပါးလျော့၍ ရွေးကောက်တော်မူ၏။ အဘယ့်ကြောင့် တစ်ပါးလျော့သနည်းဟူမူ အရှင်အာနန္ဒာကို သွင်းခြင်းအကျိုးငှာ လျော့၍ကောက်သတည်း။ အဘယ့်ကြောင့် ရှင်အာနန္ဒာကို သွင်းလိုသနည်းဟူမူကား ရှင်အာနန္ဒာသည် မြတ်စွာဘုရား၏မျက်မှောက်တော်၌သာ သုတ္တဂေယျစသော ပိဋကတ်သုံးပုံကို အကုန်သင်ရ၏။ မျက်ကွယ်၌သင်ရသော မည်သည်မရှိ။ ထို့ကြောင့် ရှင်အာနန္ဒာနှင့်ကင်း၍ သင်္ဂါယနာတင်ခြင်းငှာ မတတ်ကောင်း။ မိမိအလိုဖြင့် သွင်းရမည် လည်း ထိုအရှင်အာနန္ဒာသည် သောတာပန်သာဖြစ်သေး၏။ ရဟန္တာမဟုတ်သေး။ ထိုသို့လျက် ရေတွက်ကောက်ယူပြားအံ့။ သူတစ်ပါးကဲ့ရဲ့ခြင်း ဖြစ်ဘိရာသည်။ ဤရွေ့သာလည်း မဟုတ်သေး။ အရှင်အာနန္ဒာနှင့် အရှင်မဟာကဿပသည် အလွန်ချစ်ကျွမ်းဝင်၏။ ဆုံးမပြောဆိုသင့်သောအရာရှိလျှင် ရှင်အာနန္ဒာကို သက်တော်ခြောက်ဆယ်ကျော်၍ ဦးခေါင်းတော်၌ ဆံဖြူရောက်သည့်တိုင်အောင် ဤသူငယ်သည် အတိုင်းအရှည်ကိုမျှ မသိသေးဆို၍ သူငယ်ဟူသော ဝေါဟာရဖြင့်သာ ဆုံးမလေ့ပြု၏။ ဤသို့ ချစ်ကျွမ်းဝင်သူဖြစ်ရကား ရှင်မဟာကဿပသည် ဆန္ဒာဂတိသို့ လိုက်သောအားဖြင့် ရဟန္တာအများရှိလျက် သေက္ခသာဖြစ်သော ရှင်အာနန္ဒာကို ကောက်တော်မူသည်ဟု သူတထူး ကဲ့ရဲ့မည်ကို ရှောင်လိုသောကြောင့်လည်း ခြွင်းတော်မူသည်။ ထိုသို့ ခြွင်းသော်လည်း သံဃာတော်၏အလိုနှင့် သွင်းရအံ့သည်ကို မြင်တော်မူလျက်ပင်တည်း။

ထိုအခါ သံဃာတော်တို့က ဤသို့ တောင်းပန်ကြ၏။ 'အရှင်ဘုရား၊ အာနန္ဒာမထေရ်ကား သေက္ခပင်ဖြစ်သော်ငြားလည်း တရားတော်မြတ် ပိဋကတ်အရာဝယ် ဘဏ္ဍာစိုးကြီး ဖြစ်ပေသည်။ ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာကို ဘုရားရှေ့တော်မှောက်မှာသင်၍ နှုတ်တွင် ဆောင်ထားသူဖြစ်ပေသည်။ အရှင်အာနန္ဒာနှင့်ကင်း၍ သင်္ဂါယနာတင်ခြင်းငှာ မလျော်ပါ။ ထို့ကြောင့် အရှင်အာနန္ဒာကို ကောက်ပါလော့'ဟု တောင်းပန်ကြ၏။ ဤအခါမှ ရှင်မဟာကဿပလည်း အရှင်အာနန္ဒာနှင့်တကွ ငါးရာပြည့် ကောက်တော်မူ၏။

ဤသို့ ရွေးကောက်ပြီးလျှင် ငါတို့သည် အဘယ်မြို့ရွာ၌ ဝါကပ်၍ သင်္ဂါယနာတင်ရသော် သင့်လျော်မည်နည်းဟု တိုင်ပင်ကြ၏။ ထိုအခါ သံဃာတော်တို့သည် ဤသို့ အကြံဖြစ်၏။ ရာဇဂြိုဟ်ပြည်သည် ကျယ်သော ဆွမ်းခံရွာလည်းရှိ၏။ မှီခိုရာကျောင်းလည်းများ၏။ ပြည်သူပြည်သားတို့လည်း ရတနာသုံးပါး၌ ကြည်ညိုကြ၏။ ငါတို့မှတစ်ပါး

www.burmeseclassic.com



အခြားသံဃာတို့ ဤရာဇဂြိုဟ်ပြည်၌ ဝါမကပ်လာမူ သင်္ဂါယနာတင်ခြင်းငှာ သင့်လှ၏ဟု အကြံဖြစ်၏။ အဘယ့်ကြောင့် ဤသို့ ကြံသနည်းဟူမူကား ငါတို့ပြုလတ္တံ့သော ဤသင်္ဂါယနာကံသည် ထာဝရဖြစ်သော ကံကြီးတည်း။ တစ်စုံတစ်ယောက်သော ဝိသဘာဂပုဂ္ဂိုလ်သည် မဆိုးမညစ် မပစ်မပယ် သော်သာ ကောင်းစွာဖြစ်လတ္တံ့။ ပစ်ပယ်ခဲ့မူကား အားထုတ်ကျိုးမနပ်ရှိလတ္တံ့သည်ဟူ၍ ဤအကြောင်းကို ရည်မှတ်သဖြင့် အကြံဖြစ်လတ်သတည်း။

## ကမ္မဝါစာ

ဤသို့ ကြံပြီးမှ ရှင်မဟာကဿပသည် ဤသို့သော ဉတ္တိဒုတိယ ကမ္မဝါစာကိုရွတ်၏။ 'သုဏာတု မေ အာဝုသော သံဃော ယဒိသံဃဿ ပတ္တကလ္လံ သံဃော ဣမာနိ ပဉ္စ ဘိက္ခုသတာနိ သမန္နေယျရာဇဂဟေ ဝဿံဝသန္တာ ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယိတုံ။ နာညေဟိဘိက္ခူဟိ ရာဇဂဟေ ဝဿံ ဝသိတဗ္ဗန္တိ သောဉတ္တိ။ သုဏာတုမေ အာဝုသောသံဃော ဓာရေတု' ဟူသတည်း။ ထိုကမ္မဝါစာ၏ မြန်မာဘာသာကား 'ယခု စည်းဝေးကြသော ငါ့ရှင်ရဟန်းတို့၊ သံဃာသည် ငါ၏စကားကို နာကုန်လော့။ သံဃာတော်အား သင့်လျော် ညီညွတ်သောကံသည် အကယ်၍ဖြစ်အံ့။ သံဃာတော်သည် ငါ ရွေးကောက်အပ်သော ဤငါးရာသော ရဟန်းတို့ကို ရာဇဂြိုဟ်ပြည်၌ ဝါကပ်၍ သုတ်, အဘိဓမ္မာ, ဝိနည်း တရားတော်ကို သင်္ဂါယနာတင်ခြင်းငှာ သမုတ်ပေး၏။ ဤငါးရာမှ တစ်ပါးသော ရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါဆို၍နေခြင်းကို မရအပ်။ ဤသည်ကား အများကိုသိစေခြင်းတည်း' ဟူလိုသည်။

ယင်းသို့ ကမ္မဝါ ရွတ်ပြီးသောအခါ ရှင်မဟာကဿပသည် သံဃာတို့ကို ဤသို့ဆို၏။ 'ငါ့ရှင်တို့၊ ယနေ့သည် ဘုရားပရိနိဗ္ဗာန်စံတော်မူသည်မှ နှစ်ဆယ့်တစ်ရက်လွန်ပြီ။ နွေလအချက်သည် ရက်လေးဆယ်မျှသာကြွင်း၍ ဝါကပ်ခြင်းနီးချေပြီ။ ဤမှ နောက်ကာလ၌ ဤမည်သော ပလိဗောသည် ရှိကြပါသည်ဟု မဆိုရအောင် ရောဂါကြောင့်ဖြစ်သော ပလိဗောဓ, ဆရာတို့ကြောင့်ဖြစ်သော ပလိဗောဓကို ထမြောက်စေကုန်လော့။ သင်္ကန်းချုပ်ခြင်း, သပိတ်ဖုတ်ခြင်း စသော ကိစ္စတို့ကိုလည်း ပြီးကြစေကုန်လော့' ဟု ဆို၍ မိမိ၏တပည့် ငါးရာသံဃာအပေါင်းနှင့် တစ်ကြောင်းသောခရီးဖြင့် ရာဇဂြိုဟ်ပြည်သို့ကြွလေ၏။ အရှင်အနုရုဒ္ဓါစသော သာဝကကြီးတို့သည်လည်း မိမိတပည့်အပေါင်းနှင့် တစ်ကြောင်းသောခရီးဖြင့် သွားကြ၏။ ပုဒ္ဒေဿထေရ်မူကား နုနစ်ရာသော ရဟန်းတို့နှင့်တကွ ဘုရားနိဗ္ဗာန်လွန်သော ဌာနဝယ် ရောက်လာသမျှသော ပရိသတ်တို့အား တရားဟောကာ ကုသိနာရုံပြည်တွင်နေရစ်၏။

## ဆွမ်း, ပန်း, ရေ, ဆီမီးကပ်ခြင်းစဉ်လာ

အရှင်အာနန္ဒာမူကား ဘုရားထင်ရှားစွာရှိသောအခါကကဲ့သို့ သင်္ကန်း, သပိတ်, ပရိက္ခရာတော်ကို ဆောင်ယူပြီးလျှင် သာဝတ္ထိခရီးဖြင့် ရဟန်းငါးရာနှင့်တကွ ကြွတော်မူ၏။ ရောက်ရာရောက်ရာဖြစ်သော ဇနပုဒ်နိဂုံး၌ အလုံးစုံသောသူတို့သည် အရှင်အာနန္ဒာကိုမြင်လျှင် ပူပင်လှိုက်လှဲ ကြေကွဲကြရကား သနားဖွယ်သောအသံကိုငင်လျက် 'အရှင်အာနန္ဒာ၊ ရှေးရှေးအခါ စောမြတ်စွာနှင့် အတူသာ လာမြဲဖြစ်ပါလျက် ယခုအခါ ထိုမြတ်စွာကို ဘယ်မှာထား၍ တစ်ပါးတည်းသာ ကြွခဲ့ပါသနည်း။ အကျွန်ုပ်တို့ ဘုရားသခင်ရှင်ကို မမြင်ရချေသည်တကား'ဟု ဆို၍ ခြေတော်ကို ဖက်ယမ်းလျက် ထက်ဝန်းကျင်မှ ငိုကြွေးကြ၏။ အရှင်အာနန္ဒာလည်း များစွာသော ဤပရိသတ်တို့အား တရားဟောပြ၍ သက်သာရာရစေပြီးလျှင် အစဉ်သဖြင့်လာ၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ရောက်သော် ဘုရားကျိန်းဝပ်တော်မူသော ဂန္ဓကုဋိတိုက်သို့ဝင်၍ ညောင်စောင်း, အင်းပျဉ်တို့ကို ထုတ်လှမ်းလျက် ပန်းမှိုက်တို့ကို သုတ်သင်ပြီးမှ ဘုရားရှင်ရှိတော်မူသောအခါကဲ့သို့ နေရာမြဲ၌ ခင်းထားပြီးမှ သောက်တော်ရေ တည်ခြင်းစသော ဝတ်တို့ကိုလည်းကောင်း ရေချိုးရာဌာန၌ ရေတည်ခြင်း, ဝစ္စကုဋိ-ပဿာဝကုဋိတို့ကို သုတ်သင်ခြင်း, ကျောင်းကိုပြုပြင်ခြင်းစသော ဝတ်တို့ကိုလည်းကောင်း, ဘုန်းတော်ကြီးသောဘုရားဤအခါကား မျက်နှာသစ်တော်မူသောအခါပါတည်း။ ဤအခါကား တပည့်တို့အား တရားဟောပြ၍ ဩဝါဒပေးတော်မူသော အခါတည်း။ ဤအခါကား ရောက်လာသောပရိသတ်တို့အား တရားဟောသောအခါတည်း။ ဤသို့စသည်ဖြင့် ကိစ္စအလုံးစုံကို ငိုကား ငိုကာ လျှောက်၍ပြု၏။

ဤသို့ပြုသည်ကို ဇေတဝန်ကျောင်းတော်၌ စောင့်သော နတ်တစ်ယောက်မြင်လျှင် 'အရှင်အာနန္ဒာ၊ သောတာပန်ဖြစ်ပြီးသော အရှင်မြတ်တို့မှ ဤမျှလောက် ချောက်ချားရှိက်ငင်လျက် ပူပင်ငိုယိုဘိမူကား သူတစ်ပါး အဘယ်မှာ သက်သာရာရတော့အံ့နည်း'ဟု ဆို၏။ ထိုနတ်၏စကားကို ကြားသောအခါမှ ရှင်အာနန္ဒာလည်း သတိပညာဖြင့် ကောင်း

www.burmeseclassic.com

www.burmeseclassic.com



စွာ ချုပ်တည်းတော်မူ၏။ ဘုရားသခင် နိဗ္ဗာန်ဝင်သည်မှ စ၍ ထိုင်ခြင်း, ရပ်ခြင်း, သွားခြင်းများသည်ဖြစ်၍ ကိုယ်တော်၌ ပြေပြောသောသလိပ် သည်းခြေရှိရကား နို့ရည်ဖြင့် ဖျော်သော ဝမ်းလားဆေးကို ဘုဉ်းပေးတော်မူ၏။

ထို့နောက် မိုးသောက်သောနေ့၌ တောဒေယျပုဏ္ဏား၏သားဖြစ်သော သုဘလုလင်သည် အရှင်အာနန္ဒာ ကြွလာရာ၌ ဖူးမြင်ခြင်းငှာသွားသော် ကျောင်းတော်၌ ပရိသတ်များလှ၍ တရားမနာရရှိလတ္တံ့။ အိမ်သို့ပင့်၍ ဆွမ်းလုပ်ကျွေးပြီးလျှင် တရားနာရသော် ကောင်း၏ဟုကြံပြီးလျှင် အရှင်အာနန္ဒာထံသို့ တမန်စေ၍ပင့်လျှောက်၏။ ရှင်အာနန္ဒာလည်း 'ငါကား ယနေ့ ဆေးဘုဉ်းပေးမိသည်။ နက်ဖြန်လာနိုင်ငြားအံ့လည်းမသိ'ဟု မိန့်လိုက်ပြီးမှ နံနက်ထသောအခါ၌ စေတကထေရ်ကို ပစ္ဆာသမဏပြု၍ သုဘလုလင်၏ အိမ်သို့ကြွပြီးလျှင် ဒီဃနိကာယ် သုဘသုတ်ကို ဟောပေ၏။ ထို့နောက် ရှင်အာနန္ဒာလည်း ဘုရားနေရာဖြစ်သော ဇေတဝန်ကျောင်းတော်၌ ကျိုးသည်၊ ပျက်သည်တို့ကို ပြုပြင်စေပြီး၍ ဝါနီးသောအခါ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၏။

အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာထေရ်တို့သည် မိမိပရိသတ်နှင့်တကွ ရာဇဂြိုဟ်ပြည်သို့ ရောက်ကြလျှင် အဇာတသတ်မင်းအား အကြောင်းကိုကြား၍ မြို့၏ ထက်ဝန်းကျင်၌ရှိသော တစ်ဆယ့်ရှစ်ရပ်သော ကျောင်းကြီးတို့၌ ပျက်စီးယိုယွင်းသမျှကို ပြုပြင်သုတ်သင်ပြီးသော် ဝါဆိုလပြည့်နေ့၌ ဥပုသ်ပြုကြ၍ လပြည့်ကျော် တစ်ရက်နေ့၌ ဝါကပ်ပြီးလျှင် ဤသို့ တိုင်ပင်ကြ၏။ 'ငါတို့၏ ပြုဖွယ်ကိစ္စကား ပြီးပြီ။ ယခုအခါ သင်္ဂါယနာတင်ခြင်းငှာ စည်းဝေးရာမဏ္ဍပ်သာ လိုတော့သည်။ ဤအရာကို အဇာတသတ်မင်းအား ကြားကြကုန်အံ့'ဟု တိုင်ပင်လျက် နောက်နေ့နံနက်အခါ သံဃာရှစ်ဦးတို့သည် မင်းအိမ်သို့ဝင်၍ မင်းအား ဤသို့ဆို၏။ 'ဒါယကာမင်းမြတ်၊ ငါတို့ပြုအပ်သမျှကိစ္စ ပြီးပြီ။ ယခုအခါ ဓမ္မက္ခန္ဓာကို သင်္ဂါယနာတင်ရန်သာ လိုတော့သည်'ဟု ဆို၏။ မင်းကလည်း အရှင်ဘုရား အလိုရှိတိုင်း ခွင့်ပြုတော်မူပါ၊ အကျွန်ုပ်၏အာဏာစက်လည်းဖြစ်ပါစိမ့်မည်။ အရှင်ဘုရားတို့၏ ဓမ္မစက်လည်း ဖြစ်ပါစေကုန်။ အရှင်တို့လိုအပ်သော အကျွန်ုပ်၏ပြုဖွယ်သည်အဘယ်အမှုဖြစ်ပါသနည်း'ဟုလျှောက်သော် 'မင်းကြီး၊ ငါတို့ သံဃာတော်ငါးရာ စည်းဝေးခြင်းငှာ လျှောက်ပတ်သောမဏ္ဍပ်ကို အလိုရှိသည်။ ဤမဏ္ဍပ်ကိုလည်း စရည်းပင်ရောက်သော လိုဏ်ဝ၌ ပြုစေချင်သည်'ဟုဆိုလျှင် 'အရှင်ဘုရား၊ ကောင်းပါပြီ အကျွန်ုပ် ဆောက်လုပ်ပါမည်'ဟု ဝန်ခံ၍ မြန်စွာ သစ်အုတ်ရိုးစုပြီးသော ကောင်းစွာညှိပြီးသော မြေအခုံ၌ ဝိသုကြံနတ်သားသည် ဖန်ဆင်းအပ်သည်နှင့်တူသော ကြီးကျယ်နိမ့်မြင့် အသင့်ဝေဖန်အပ်သော နံရံ၊ သည်တိုင်, စောင်းတန်း, ခြူးပန်း, ခြူးနွယ်တို့ဖြင့် ဆန်းကြယ်စွာ ရေးခြယ်စီခင်းလျက် မင်းအိမ်နန်းတော်၏ ကြက်သရေကို နှိပ်စက်လေသကဲ့သို့ မြင်းမိုရ်ထိပ်ဖျား၌ သိကြားဗိမာန်နှင့်တူသော ရှုဖွယ်တနန်း အံ့မခန်းသောမဏ္ဍပ်ကို ဆောက်လုပ် စီမံပြီးလျှင် သံဃာတော်ငါးရာတို့၏ နေရာများစွာ အဖိုးထိုက်သော အခင်းတို့ကိုခင်းလတ်၍ မဏ္ဍပ်၏အလယ်၌ ဘုရားတို့သာနေခြင်းငှာထိုက်သော ဓမ္မာသနပလ္လင်ကို ဆင်စွယ်စီသော ယပ်နှင့်တကွထားပြီးလျှင် တောင်ဘက်နံရံပါးကိုမှီကာ ဥတ္တရာမုခ သံဃာ့ထေရ်ကြီး၏နေရာကို ထား၏။ ဤသို့ စီမံပြီးသော် သံဃာတော်တို့အား 'အရှင်ဘုရားတို့၊ အကျွန်ုပ်၏ကိစ္စ ပြီးပါပြီ'ဟု လျှောက်၏။ ထိုအခါ ဝါခေါင်လဆန်း တစ်ဆယ့်လေးရက်နေ့ကျ၍ သံဃာတော်တို့ကလည်း ဤလပြည့်နေ့ကပင်စ၍ သင်္ဂါယနာတင်မည်ဟု တိုင်ပင်ကြကုန်၏။

## ရှင်အာနန္ဒာရဟန္တာဖြစ်ခြင်း

ဤအခါ အချို့ သံဃာတော်တို့က အရှင်အာနန္ဒာကို ရည်၍ ငါတို့ အစည်းအဝေးဝယ် ကိလေသာတည်းဟူသော အဆိပ်နံ့တကြိုင်ကြိုင်ဖြင့် လှိုင်လာလတ္တံ့သော သူတစ်ဦး ရှိတကားဟု ပြက်ရယ်စကားဆိုကုန်၏။ ထိုအသံကိုကြားသော် အရှင်အာနန္ဒာကလည်း ငါမှတစ်ပါး ကိလေသာဟူသော အဆိပ်နံ့လှိုင်လျက် ထိုင်လတ္တံ့သူ မရှိပြီ။ ဤရဟန်းတို့သည် ငါ့ကိုရည်၍ ဆိုချေသည်တကားဟု ကြီးမားသော သံဝေဂသည်ဖြစ်၏။ အချို့သော ရဟန်းတို့ကလည်း 'အရှင်အာနန္ဒာ၊ နက်ဖြန်ပင် သံဃာ့အစည်းဝေးသည် ဖြစ်လတ္တံ့။ အရှင်ကား သေက္ခသာဖြစ်၍ အထက်မဂ်အလို့ငှာ ပြုဖွယ်ရာ ရှိချေသေး၏။ မမေ့မလျော့ အားထုတ်ပါလော့၊ ရဟန္တာပရိသတ်သို့ ဝင်ရပါလိမ့်မည်'ဟု ဆိုကုန်၏။ ထိုအခါ အရှင်အာနန္ဒာလည်း ငါသည် သောတာပန်သာဖြစ်လျက် ရဟန္တာပရိသတ်သို့ ဝင်၍မသင့်။ အားထုတ်၍ကျင့်က အရဟတ္တဖိုလ်စိတ်သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်ခန့်သာတည်း။ ငါ၏ကိစ္စကိုလည်း ယနေ့ ပြည့်စုံစေအံ့ဟုကြံလျက် ညဉ့်ဦးယံကပင် ကျောင်းစင်္ကြံသို့တက်၍ လူးလာသွားလျက် ကာယဂတာသတိဟု ဆိုအပ်သော ဒွတ္တိံသာကာရကို အနုလောမ ပဋိလောမအားဖြင့် စီးဖြန်း၏။

www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်ယာမ် လွန်မြောက်၍ မိုးသောက်ယာမ်ကူး၍မှ တရားထူးကို မရလေသော် ဆင်ခြင်တော်မူပြန်သည်ကား မြတ်စွာဘုရားသည် ငါ့အား ချစ်သားအာနန္ဒာ၊ သင်ကား ဖြည့်ပြီးသော ပါရမီ ရှိ၏။ ကမ္မဋ္ဌာန်းကိုသာ ကောင်းစွာ အားထုတ်လော့။ မကြာမြင့်မီ ရဟန္တာဖြစ်လတ္တံ့ဟု မိန့်တော်မူဖူးပါသည်။ ဘုရားတို့၏စကားလည်း ဖောက်ပြန် ချွတ်ယွင်းသည် မရှိစဖူး။ လွန်ကျူးသော ဝီရိယကြောင့်သာ သတိ, သမာဓိ, ပညာကိုမရဘဲ ဥဒ္ဓစ္စအားကြီးဟန်ရှိသည်၊ ယခုအခါ ဝီရိယနှင့် သမာဓိကို မျှစေဦးအံ့ဟုကြံလျက် စင်္ကြံမှဆင်းပြီးလျှင် ကျောင်းအာရာမ်တွင်းသို့ဝင်၍ ပင်ပန်းဖြေခြင်းငှာ အိပ်ရာညောင်စောင်းထက်ထိုင်၍ ခန္ဓာငါးပါးတို့၏ အနိစ္စလက္ခဏာကိုမျှော်လျက် ကိုယ်တော်ကို လျောင်းလိုက်သော် ခြေတော်ကိုလည်း မြေမှအကြွ ခေါင်းတော်လည်းအုံးသို့မကျမီ အထက်မဂ်သုံးတန်ကိုရ၍အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။

(ထို့ကြောင့် ငါတို့ ဘုရားသာသနာ၌ လျောင်းစဉ်လည်းမဟုတ်, ထိုင်စဉ်လည်းမဟုတ်, ရပ်စဉ်လည်းမဟုတ်, သွားစဉ်လည်းမဟုတ်, ဣရိယာပုတ်လေးပါးမှလွတ်ကွာလျက် ရဟန္တာဖြစ်သည်ကား အဘယ်သူနည်းဟုမေးလျှင် အရှင်အာနန္ဒာတည်းဟု ဖြေအပ်၏။)

ယင်းသို့ အရှင်အာနန္ဒာ ရဟန္တာဖြစ်ပြီးသည်နောက် မိုးသောက်နေ့၌ လေးရာ့ကိုးကျိပ် ကိုးပါးသော ရဟန်းတို့သည် ဆွမ်းစား၍ပြီးကြသော် သပိတ်, သင်္ကန်းတို့ကို သိမ်း၍ မဏ္ဍပ်ကြီးသို့ကပ်ပြီးလျှင် ထေရ်စဉ်နေရာဖြင့် ကောင်းစွာ စည်းဝေးကြ၏။ အရှင်အာနန္ဒာ၏အလို့ငှာလည်း နေရာထားကြ၏။ အချို့ရဟန်းတို့က ဤနေရာကား အဘယ်ပုဂ္ဂိုလ်၏နေရာနည်းဟု မေးကြလျှင် အရှင်အာနန္ဒာ၏နေရာပင်တည်းဟု ပြောလင့်၏။ ရှင်အာနန္ဒာကား မိမိ၏ ရဟန္တာဖြစ်ကြောင်း သိစိမ့်သောငှာ သံဃာတို့နှင့်အတူ မလိုက်မူ၍ သံဃာတို့ တောင့်တသောအခါမှ ပထဝီသို့ငုပ်၍ (မြေသို့ငုပ်လျှိုး၍)သွားသဖြင့် ထားလင့်သော နေရာထက်၌ ရုတ်ခြည်း ကိုယ်တော်ကိုပြ၏။ ထိုအခါမှ ရဟန္တာဖြစ်ကြောင်းကို သံဃာတော်အပေါင်းတို့ သိကြသတည်း။ *တစ်ရံတစ်ခါလည်း အာကာသခရီးဖြင့်သွား၍ ထင်ရှားပြသတည်း။

## သာသနာ၏အသက်

သံဃာတော်များ စည်းဝေးမိသောအခါ ရှင်မဟာကဿပက 'ငါ့ရှင်တို့၊ သုံးပုံသော ပိဋကတ်တို့တွင် အဘယ်ကို ရှေးဦးစွာ သင်္ဂါယနာတင်သင့်သနည်း'ဟု မေး၏။ သံဃာတို့ကလည်း 'အရှင်ဘုရား၊ ဝိနည်းတရားမည်သည်ကား သာသနာတော်၏ အသက်ပေတည်း၊ ဝိနည်းတည်သက်သာလျှင် သာသနာတော် တည်ရာ၏။ ထို့ကြောင့် ရှေးဦးစွာ ဝိနည်းပိဋကတ်ကို သင်္ဂါယနာတင်သင့်ပါသည်'ဟု လျှောက်၏။ 'ဝိနည်းကို တင်ကြမည်ဆိုသော် ဘယ်ပုဂ္ဂိုလ်ကို အမှူးထား၍ တင်သင့်သနည်း'ဟု မေးပြန်၏။ 'အရှင်ဥပါလိကို အမှူးထား၍ တင်ကြအံ့'ဟု လျှောက်၏။ 'အသို့နည်း၊ အရှင်အာနန္ဒာသည် မစွမ်းနိုင်ပါသလော'ဟု မေးမြန်းလျှင် 'ရှင်အာနန္ဒာလည်း စွမ်းနိုင်ပါ၏။ သို့ရာတွင် ရှင်ဥပါလိကိုမူကား ဘုရားရှိစဉ်ကပင် ဝိနယဓရအရာ၌ ဧတဒဂ်ထား၍ ချီးမြှောက်စားတော်မူပေသည်။ ထို့ကြောင့် ရှင်ဥပါလိကို အမှူးထား၍ တင်သင့်ပါသည်'ဟု လျှောက်၏။

## ဝိနယသင်္ဂါယနာ

ယင်းသို့ မေးမြန်းညှိနှိုင်းပြီးမှ အရှင်မဟာကဿပနှင့် အရှင်ဥပါလိတို့သည် သမ္မုတိညတ်ကို ထားကြ၏။ ယင်းသို့ထားပြီးလျှင် အရှင်ဥပါလိသည် ဆင်စွယ်စိသောယပ်ကို ကိုင်လျက် တရားပလ္လင်ထက်၌ အရှေ့ကိုမျက်နှာမူ၍ နေ၏။ အရှင်မဟာကဿပလည်း တောင်ဘက်နံရံကိုမှီကာ မြောက်သို့ မျက်နှာမူ၍ ထေရာသန၌နေပြီးသော် ဤသို့ မေးတော်မူ၏။ 'ငါ့ ရှင်ဥပါလိ၊ ပထမ ပါရာဇိက သိက္ခာပုဒ်ကို မြတ်စွာဘုရားသည် အဘယ်ပြည်ရွာ၌ အဘယ်ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ပညတ်တော်မူသနည်း'ဟု မေး၏။ အရှင်ဥပါလိကလည်း 'အရှင်ဘုရား၊ ဝေသာလီပြည်၌ ကလန္ဒသူဌေး၏ သားဖြစ်သော သုဒိန်သည် မိမိမယားဟောင်း၌ မေထုန်မှီဝဲခြင်းတည်းဟူသော အကြောင်းကြောင့် ပညတ်တော်မူပါသည်' ဟု လျှောက်၏။ ဤသို့သော နည်းအားဖြင့် **အလုံးစုံသော သိက္ခာပုဒ်တို့၌ ဝတ္ထုကိုလည်းကောင်း, နိဒါန်းကို လည်းကောင်း, ပုဂ္ဂိုလ်ကိုလည်းကောင်း, ပညတ်ရင်းကို လည်းကောင်း, အနုပညတ်ကိုလည်းကောင်း, အာပတ္တိဝါရကို လည်းကောင်း, အနာပတ္တိဝါရကို လည်းကောင်း, ပဒဘာဇနီကို လည်းကောင်း မေး**၏။ မေးတိုင်း

* အာကာသေနာဂန္တွာနိသီဒတီတိပိဧကေ (ပါရာဇိကဏ် အဋ္ဌကထာ–ဓာဟိရနိဒါန်စသည်)

www.burmeseclassic.com



မေးတိုင်း အရှင်ဥပါလိလည်း ဖြေဆို၏။ ထိုသို့ မေးဖြေကြပြီးမှ ဤမျှလောက်သော သိက္ခာပုဒ်အစုကား ပါရာဇိက ကဏ္ဍတည်း။ ဤမျှကား သံဃာဒိသိသ်တည်း။ ဤမျှကား အနိယတတည်း။

ဤသို့ စသည်ဖြင့် ပါရာဇိကလေးပါး၊ သံဃာဒိသိသ် တစ်ဆယ့်သုံးပါး၊ အနိယတ နှစ်ပါး၊ နိဿဂ္ဂိပါစိတ် သုံးဆယ်၊ သုဒ္ဓပါစိတ် ကိုးဆယ့်နှစ်၊ ပါဋိဒေသနီ လေးပါး၊ သေခိယ ခုနစ်ဆယ့်ငါးပါး၊ အဓိကရဏ သမထခုနစ်ပါး အားဖြင့် ပေါင်း နှစ်ရာနှစ်ဆယ့်ခုနစ်ပါးသော တရားစုကို ဘိက္ခုဝိဘင်းဟူသော အမည်ဖြင့်ထား၍ ရဟန်းမိန်းမတို့ အား ပညတ်တော်မူသော ပါရာဇိကရှစ်ပါး၊ သံဃာဒိသိသ် တစ်ဆယ့်ခုနစ်ပါး၊ နိဿဂ္ဂိပါစိတ် သုံးဆယ်၊ သုဒ္ဓပါစိတ် တစ်ရာခြောက်ဆယ့်ခြောက်ပါး၊ ပါဋိဒေသနီ ရှစ်ပါး၊ သေခိယ ခုနစ်ဆယ့်ငါးပါး၊ အဓိကရဏ သမထ ခုနစ်ပါး၊ အားဖြင့် သုံးရာနှစ်ဆယ့်တစ်ပါးသော သိက္ခာပုဒ်တို့ကို ဘိက္ခုနီဝိဘင်းဟူသောအမည်ဖြင့်ထား၍ ကြွင်းသောတရား ကို မဟာဝါခန္ဓက၊ စူဠဝါခန္ဓက၊ ပရိဝါဟူသော အမည်ဖြင့် သီးသန့်၍ထားပြီးမှ ရဟန္တာငါးရာလုံးပေါင်းရုံး၍ သရဇ္ဈာယ် ကြကုန်၏။

## သုတ္တန် အဘိဓမ္မာ သင်္ဂါယနာ

ဝိနည်းကို သင်္ဂါယနာတင်ပြီးသော် အရှင်မဟာ ကဿပလည်း 'ငါ့ရှင်တို့၊ သုတ် အဘိဓမ္မာကို သင်္ဂါယနာ တင်ရာဝယ် အဘယ်ပုဂ္ဂိုလ်ကို အမှူးထား၍ တင်သင့် သနည်း'ဟု မေးပြန်၏။ 'အရှင်အာနန္ဒာကို အမှူးထား၍ တင်သင့်ပါသည်'ဟု လျှောက်ကြလျှင် ရှင်အာနန္ဒာကို ရှင် ဥပါလိ၏ နေရာသို့တက်စေ၍ ဤသို့ မေးပြန်၏။ 'ငါ့ရှင် အာနန္ဒာ၊ မြတ်စွာဘုရားသည် ဗြဟ္မဇာလသုတ်ကို အဘယ် ဌာန၌ အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ဟောတော်မူ သနည်း'ဟု မေး၏။ 'အရှင်မဟာကဿပ၊ ဤဗြဟ္မဇာလ သုတ်ကို ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့၏အကြားသို့ ဘုရား ကြွတော်မူသောကာလ သုပ္ပိယပရိဗိုဇ်နှင့် ဗြဟ္မဒတ်လုလင် တို့ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း ဖြစ်သည်ကို အကြောင်းပြု၍ ဟောတော်မူပါသည်'ဟု လျှောက်၏။ ဤသို့ စသည်ဖြင့် အလုံးစုံသော သုတ္တန်ပိဋကတ် အဘိဓမ္မာပိဋကတ်တို့ကို အရှင်မဟာကဿပ မေးတော်မူသည်။ မေးတိုင်း မေးတိုင်း လည်း အရှင်အာနန္ဒာ ဖြေတော်မူသည်။ ဤသို့ မေးဖြေ ကြပြီးမှ ရှည်သော ပမာဏရှိသော သုံးဆယ့်လေးသုတ်ကို ပေါင်း၍ **ဒီဃနိကာယ်** သမုတ်သည်။ အလယ် ပမာဏ ရှိသော တစ်ရာ့ငါးဆယ့်နှစ်သုတ်ကို ပေါင်း၍ **မဇ္ဈိမနိကာယ်** ဟု သမုတ်သည်။ ငယ်သော ပမာဏရှိသော ခုနစ်ထောင် ခုနစ်ရာ ခြောက်ဆယ့်နှစ်သုတ်ကိုပေါင်း၍ **သံယုတ္တနိကာယ်** ဟု သမုတ်သည်။ အင်္ဂါတစ်ပါးလွန်သော သုတ်ပေါင်း ကိုးထောင့်ငါးရာ ငါးဆယ့်ခုနစ်သုတ်ကို ပေါင်း၍ **အင်္ဂုတ္တရ နိကာယ်**ဟု သမုတ်သည်။ ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန်း၊ ဣတိဝုတ်၊ သုတ္တနိပါတ်၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရ ဂါထာ၊ ထေရီဂါထာ၊ ဇာတ်၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ်၊ အပဒါန်၊ ဗုဒ္ဓဝင်၊ စရိယာ ပိဋကအားဖြင့် တစ်ဆယ့်ငါး ကျမ်းသော သုတ်တို့ကိုလည်းကောင်း အဘိဓမ္မာခုနစ်ကျမ်း တို့ကိုလည်းကောင်း၊ ထိုမှကြွင်းသော ဘုရားစကားတော် တို့ကိုလည်းကောင်း ပေါင်းချုပ်၍ **ခုဒ္ဒကနိကာယ်**ဟု သမုတ် သည်။ ဤသို့သော အမည်ပညတ်ဖြင့် မှတ်သား သီးသန့် ပြီးမှ ရဟန္တာငါးရာလုံး ပေါင်း၍ ရွတ်အံ သရဇ္ဈာယ်ကြ ကုန်၏။

ထို့ကြောင့် (သမောဓာနေတွာ ဂါယန္တိ ဧတ္ထာတိ သင်္ဂါယနာဟူသော ဝစနတ္ထနှင့်အညီ သင်္ဂါယနာမည် သတည်း။ ဧတ္ထသမယေ၊ ဤအခါ၌။ ဝါ၊ အစည်းအဝေး၌။ သမောဓာနေတွာ၊ ပေါင်းရုံး၍။ ဂါယန္တိ၊ ရွတ်ကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ပေါင်းရုံး၍ ရွတ်ရာဖြစ်သော သတ္တိ ကြောင့်။ သင်္ဂါယနာ၊ သင်္ဂါယနာမည်၏။ ။ သံရှေးရှိသော ဂါဓာတ်, ယုပစ္စည်းဖြစ်ရကား တတိယက္ခရာ – ဂနှင့် ရေးသား ရွတ်ဖတ်ရမည်။)

ယင်းသို့ သင်္ဂါယနာတင်ကြ၍ ပြီးဆုံးသောအခါ ရှင်မဟာကဿပသည် ဘုရားစကားတော်မြတ်ကို နှစ်ပေါင်း ငါးထောင် တည်အောင်ပြုပေသည်တကားဟု ကောင်းချီး ပေးသည်မှာ ဤမဟာပထဝီမြေကြီးသည် ရေအဆုံးရှိသည် ကိုပြု၍ အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်၍ တုန်လှုပ် ၏။ သုရာ၊ ဂဠုန်၊ ကုမ္ဘဏ်၊ နဂါး၊ သိကြား၊ ဗြဟ္မာ တို့၏ ကြော်ငြာဟစ်ကြွေး ကောင်းချီးပေးသော အသံတို့ သည်လည်း ညံမစဲမှုဖြစ်ကုန်၏။ အံ့ဖွယ်သမှု မဖြစ်စဖူး ထူးကဲသော တိတ်နိမိတ်တို့သည်လည်း ဖြစ်ကုန်၏။ ထို သင်္ဂါယနာကို ဝါခေါင်လပြည့်ကျော် တစ်ရက်နေ့မှစ၍တင် သည်။ တပေါင်းလပြည့်အရောက် ခုနစ်လမြောက်တွင် ပြီး ဆုံးသတည်း။

www.burmeseclassic.com

www.burmeseclassic.com



**သာသနာသက္ကရာဇ်**

ဤသင်္ဂါယနာပွဲကြီး ပြီးသောအခါ အဇာတသတ်မင်းသည် ရှင်မဟာကဿပအား လျှောက်ထားညှိနှိုင်း၍ ဘုရားသာသနာနှင့် ကောဇာ တညီတည်းရှိစိမ့်သောငှာ တစ်ရာ လေးဆယ်ရှစ်ခုသော သက္ကရာဇ်ကိုဝေဖန်၍ ကိန်းသစ်ထားလေသတည်း။ ဤသင်္ဂါယနာတင်ကြောင်းကို မဟာဝင်စာ၌ စကားမစေ့တတ်သောကြောင့် ပါရာဇိကကဏ် အဋ္ဌကထာနှင့်ညှိ၍ ရေးလိုက်သည်။

**ပထမ သင်္ဂါယနာတင်သော အခန်းပြီး၏။**
**'ပ ပဒ္ဓပဒေါရုဝံသ' အမည်ရှိသော မဟာဝံသကျမ်း၌**
**၄၂–ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော**
**'ပထမ ဓမ္မသင်္ဂီတိ'အမည်ရှိသော**
**တတိယအပိုင်း အခန်းကား ပြီး၏။**

---

# ဒုတိယဓမ္မသင်္ဂီတိကဏ္ဍ-စတုတ္ထပိုင်း

## ၆-ဝေသာလီပြည် ဝါလုကာရုံကျောင်း၌ ဒုတိယ သင်္ဂါယနာတင်ခြင်း

**အဖသတ်မင်းဆက်**

အဇာတသတ်မင်းသည် 'ဘုရားနိဗ္ဗာန်မဝင်မီ ရှစ်နှစ်၊ နိဗ္ဗာန်ဝင်ပြီးမှ နှစ်ဆယ့်လေးနှစ်အားဖြင့် သုံးဆယ့်နှစ်နှစ် ပြုပြီးသော် သက်တော် **လေးဆယ့်ရှစ်နှစ်**တွင် သားတော် ဥဒယဘဒ္ဒ လုပ်ကြံ၍ ကံကုန်လေ၏။ ထိုဥဒယဘဒ္ဒမင်းလည်း မင်းပြု၍ တစ်ဆယ့်ခြောက်နှစ်အကြာတွင် သားတော် အနုရုဒ္ဓါလုပ်ကြံ၍ မင်းပြုသည်။ ထိုအနုရုဒ္ဓါကိုလည်း ၎င်းသား မုဏ္ဍာလုပ်ကြံ၍ မင်းပြုသည်။ မင်းနှစ်ဦးစည်းစိမ်ရှစ်နှစ်။ သက္ကရာဇ် လေးဆယ့်ရှစ်ခုရှိသောအခါ သားတော် နာဂဒါသသည် ခမည်းတော် မုဏ္ဍာကိုသတ်၍ မင်းပြုသည်။ နာဂဒါသ စည်းစိမ် နှစ်ဆယ့်လေးနှစ် သက္ကရာဇ် ခုနစ်ဆယ့်နှစ်ခုရှိသောအခါ လိမ္မာသော မှူးမတ်ပြည်သူတို့သည် အဖသတ်မင်း ငါးဆက်ကိုဖြုတ်၍ သုသုနာဂ အမတ်ကြီးကို မင်းမြှောက်ကြလေသည်။

**ထို သုသုနာဂ၏ အကြောင်းကား**

ဝေသာလီပြည်၌ မင်းပြုသော လိစ္ဆဝီမင်းတို့သည် ပြည်ရွာဆိတ်ငြိမ်သောကြောင့် မှူးမတ်တို့ကို ဤသို့မေး၏။ 'ငါတို့၏မြို့ရွာသည် မြို့၏အင်္ဂါလေးပါး၊ ပြည်၏အင်္ဂါရှစ်ပါးနှင့် ပြည့်စုံပါလျက် အဘယ်ကြောင့် ဆိတ်ငြိမ်ပါသနည်း' ဟုမေး၏။ မှူးမတ်တို့ကလည်း ပြည့်တန်ဆာမရှိသောကြောင့် ဆိတ်ငြိမ်ပါသည်။ မဆိတ်ငြိမ်ဘဲဖြစ်လိုမူကား ပြည့်တန်ဆာထားရမည်'ဟု ပြောလျှင် မိမိတို့၏အမျိုးမှ အဆင်းပြင်လျာ ကောင်းစွာလှသော မင်းသမီးတစ်ယောက်ကို ချီးမြှောက်၍ ပြည့်တန်ဆာအရာဖြင့် ထား၏။ အသပြာငါးရာ ပေးမှ မွေ့လျော်ရ၏။ ပြည်သူတို့ မပျော်ပါးစိမ့်သောငှာလည်း အမျိုးမိန်းမကို ထားပေ၏။ ထိုအခါ အမျိုးတို့၏ အသရေကို စောင့်လေ့ရှိသော လိစ္ဆဝီမင်းတစ်ယောက်သည် ပြည့်တန်ဆာမကို မိမိအိမ်သို့ဆောင်၍ ခုနစ်ရက်တိုင်နေစေသဖြင့် ပဋိသန္ဓေရှိမှ အစောင့်နှင့်တကွ လွှတ်လိုက်၏။

ပြည့်တန်ဆာမလည်း ကိုယ်ဝန်ရင့်၍ ဖွားလတ်သော် သားတစ်စိုင်ဖွားရကား ရှက်စနိုးသောကြောင့် အိုးသစ်တွင် ဝှမ်း စိုင်ခင်း၍ ထိုသားစိုင်ကိုထည့်သွင်းပြီးမှ လုံစွာဖုံးအုပ်၍ ဤ အိုးကို မိုးသောက်လျှင် မြို့ပြင် တံမြက်ချေးစုရာ၌ပစ်ချေ ဟု အထိန်းမိန်းမကို စေလိုက်၏။ အထိန်းမိန်းမလည်း စေလိုက်တိုင်း ထားလေသော် ထိုခဏ၌ မြို့ကိုစောင့်နေသော နတ်နဂါးမင်းသည် သိလေ၍ လျင်စွာလာပြီးလျှင် ကိုယ်အငွေ့ဖြင့် အိုးကိုရစ်ပတ်လျက် အထက်၌ ပါးပျဉ်းအုပ်မိုး၍ အမှီးအလျှံလွှတ်လျက်နေ၏။ ထိုနဂါးကိုမြင်၍ လူအများ ဝိုင်းဝန်းကြည့်ရှုကြသော် နဂါးသည် သျှူး... သျှူး ဟူသော အသံကိုပြု၍ ကွယ်လေ၏။

လူတို့သည် အိုးကိုဖွင့်၍ကြည့်လေသော် အသားစိုင်မဖြစ်သော ပြည့်စုံသော ကြန်အင်လက္ခဏာရှိသော သူငယ်ကိုမြင်၍ ချစ်ခင်စုံမက်ခြင်း ရရှိကား အုတ်အုတ်ကျက်ကျက် လာ၍ကြည့်ကြ၏။ ထိုသူငယ်ကို လိစ္ဆဝီမင်းတို့ မွေးမြူလေ၏။ အမည်မှည့်အံ့သောနေ့၌ သူငယ်ကို လူတို့ကြည့်အံ့ဟု ဝန်းရံသောအခါ အိုး၌ပတ်နေသော နဂါးကြီးသည် သျှူး... သျှူး... အသံကိုပြု၍ ကွယ်လေသည်ကိုအကြောင်းပြု၍ 'သုသုနာဂလုလင်'ဟူ၍ ခေါ်ဝေါ်ကုန်၏။ ထိုသုသုနာဂသည် ခုနစ်နှစ်ရွယ်ရှိသောအခါ အဇာတသတ်မင်းသည် စစ်ချီ၍ လုပ်ကြံသဖြင့် ဝေသာလီပြည် အလုံးကိုရ၍ အလိုရှိသမျှသော လူသူဘဏ္ဍာကို ရာဇဂြိုဟ်ပြည်သို့ဆောင်လေသည့်အခါ သုသုနာဂကို ရာဇဂြိုဟ်အမတ်ကြီးယူ၍ သားအဖြစ်ဖြင့် မွေးပေ၏။ အရွယ်သို့ရောက်သောအခါ အလွန်လိမ္မာ၏။ ပညာသတ္တိလည်းရှိ၏။ ကောင်းသော အကျင့်သီလနှင့်ပြည့်စုံ၏။ အဖစစ်သူကြီး ကံကုန်လေလျှင် ဖခင်၏နေရာဖြစ်သော စစ်သူကြီးအဖြစ်သို့ရောက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစစ်သူကြီးသည် ဘုန်း, ပညာ, သဒ္ဓါ, သီလနှင့် ပြည့်စုံရကား ပြည်သူပြည်သားတို့ အလွန်ကြည်ညိုသည် ဖြစ်၍ အဖသတ် မင်းယုတ်ဖြစ်သော နာဂဒါသကိုဖျောက်၍ သုသုနာဂ စစ်သူကြီးကို မင်းမြှောက်လေ၏။ သုသုနာဂ မင်းလည်း ဝေသာလီပြည်မှာ နေတော်မူ၏။ ထိုမင်းစည်းစိမ် ဆယ့်ရှစ်နှစ် သာသနာသက္ကရာဇ် ကိုးဆယ်ပြည့်ရောက်သောအခါ ကြမ္မာကုန်၍ ၎င်းသား ကာလာသောကသည် မင်းဖြစ်၏။ ထိုကာလာသောကမင်း နန်းစံ၍ ဆယ်နှစ်ရှိသောအခါ ရှင်မဟာယသ ဒုတိယ သင်္ဂါယနာ တင်တော်မူသည်။

## ဒုတိယ သင်္ဂါယနာတင်ရသောအကြောင်းကား

ဝေသာလီပြည်၌ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် ဝိနည်းကျမ်းဂန်ကို ဆရာ့ထံ၌ နည်းခံခြင်း မများကြသောကြောင့်လည်းကောင်း၊ လောဘ မောဟ ပြောထူ၍ မသူတော်တို့၏ စရိုက်ကို နှစ်ခြိုက်ကြသောကြောင့်လည်းကောင်း ဝိနည်းအမှန်ကို ပျက်ပြားစေ၍ ဆယ်ပါးသောအဓမ္မမှုကို ထင်စွာ ပြုကြကုန်သတည်း။

**အဓမ္မဆယ်ပါး** ဟူသည်ကား–

(၁) ရဟန်းတို့အား ယမန်နေ့ အကပ်ခံပြီးသော ယာဝဇီဝကဝတ္ထုကို နောက်နေ့ အကပ်ခံသော ယာဝကာလိကနှင့်ရော၍သုံးဆောင်သော် သန္နိဓိပါစိတ်သင့်သည်ဟု ပညတ်ပါသည်။ သားချိုဖြင့်သိုမှီး၍ ထားသော အကပ်ခံပြီးဆားကို နောက်နေ့အခါ ဆွမ်း စသည်နှင့်ရော၍ သုံးဆောင်ခြင်းမှာ အပ်၏။ သန္နိဓိ မဖြစ်ဟူ၍ ယူသည်လည်း တစ်ပါး။

(၂) နေရိပ်လက်နှစ်သစ် မွန်းလွဲသည့်တိုင်အောင် ဆွမ်းစားကောင်း၏ဟူ၍ ယူသည်လည်း တစ်ပါး။

(၃) ရွာတစ်ပါးသို့သွားလိုသော ရဟန်းသည် ပဝါရိတ်သင့်လျက် အတိရိက်ဝိနည်းကံမပြုဘဲ ဆွမ်းစားခြင်းသည်အပ်၏ဟု ယူသည်လည်း တစ်ပါး။

(၄) တစ်သိမ်တည်း၌ နှစ်စု, သုံးစု, သံဃာနေလျက် ဥပုသ် ပဝါရဏာ စသော ကံပြုခြင်းသည် အပ်၏။ ဝဂ်မဖြစ်ဟု ယူသည်လည်းတစ်ပါး။

(၅) မလာသေးသော ရဟန်းတို့အလိုကို လာသောအခါ ယူအံ့ဟူ၍ မလာမီက သံဃကံပြုခြင်းမှာ အပ်၏ဟု ယူသည်လည်းတစ်ပါး။

(၆) ဥပဇ္ဈာယ်ဆရာတို့၏ အလေ့အကျင့် ဟူသမျှတို့သည် အပ်၏ဟု ယူသည်လည်းတစ်ပါး။

(၇) နို့ရည်အဖြစ်ကိုလွန်၍ နို့ခမ်းအဖြစ်သို့ မရောက်သေးသော နို့ကို ဘုဉ်းပေး၍ ပဝါရိတ်သင့်သော ရဟန်းသည် အတိရိက် ဝိနည်းကံမပြုဘဲ သုံးဆောင်ခြင်းမှာ အပ်၏–ဟု ယူသည်လည်းတစ်ပါး။

(၈) မရင့်သေးသော သေနကိုသောက်ခြင်းမှာ အပ်၏–ဟု ယူသည်လည်းတစ်ပါး။

(၉) အဆာမရှိသော နိသီဒိုန်သည် အပ်၏–ဟု ယူသည်လည်းတစ်ပါး။

(၁၀) သံဃာကိုရည်၍ လှူသော ရွှေငွေသည် အပ်၏–ဟု ယူသည်လည်းတစ်ပါး။ ဤဆယ်ပါးသော အဓမ္မဝါဒကို လူရဟန်းတို့အားပြ၍ နေကြကုန်၏။

## ရှင်မဟာယသ

ထိုအခါ ကောသမ္ဗီပြည်၌နေသော ကာကဏ္ဍက ပုဏ္ဏားၡ၏သားဖြစ်သော ရှင်မဟာယသသည် ရဟန်းတို့၏ ပါမောက္ခ သံဃာ့ထေရ်ဖြစ်၏။ ထိုအရှင်ယသသည် ထိုအကြောင်းကိုကြားသိလေသော် မသူတော်ဖြစ်သော ဝေသာလီ အလဇ္ဇီရဟန်းတို့သည် ဘုရားရှင် ဝိနည်းတော်ကိုဖျက်၍ သာသနာ၌ ခြောင့်တံသင်းနက်သကဲ့သို့ ပြုချေပြီ။ ဤအလဇ္ဇီတို့သည် အသင်းအပင်းကို များစွာရသော် ဘုရားသာသနာကို လျင်စွာကွယ်စေလတ္တံ့ဟု ဓမ္မသံဝေဂဖြစ်ရကား တရားပြခြင်းငှာ မိမိကိုယ်တိုင်လာ၍ **ဝေသာလီ**ပြည်သို့ ရောက်လေသော် ဘုရားသီတင်းသုံးနေတော်မူဖူးသော မဟာကူဋာဂါရ၌နေ၍ ထိုပုဂ္ဂိုလ်တို့၏အမှုအရာကို နာခံ၍ကြည့်ရှု၏။

ဝဇ္ဇီတိုင်းသား ရဟန်းတို့လည်း ဥပုသ်နေ့ကြိမ်လျှင် ဥပုသ်အိမ်၌ ရေဖြင့်ပြည့်သော ကြေးခွက်ကြီးကိုထား၍ ရောက်လာသမျှသော ဒါယကာတို့အား စွမ်းနိုင်သမျှ မူးစမတ်စဖြစ်သော အသပြာကိုလည်း လှူကြကုန် ထည့်ခဲ့ကြကုန်။ တစ်စုံတစ်ခုသော သံဃာ့ကိစ္စ၌ သံဃာတို့ အသုံးအဆောင်ဖြစ်လတ္တံ့ဟု ဆို၍ခံယူ၏။ အရှင်မဟာယသလည်း ထိုသို့ပြုကြသည်ကိုမြင်လျှင် ထိုသံဃာတို့အားလည်းကောင်း, ဒါယကာတို့အားလည်းကောင်း 'အချင်းတို့၊ ဤသို့ပြုခြင်းသည် မအပ်။ ရဟန်းတို့၏ အရာမဟုတ်'ဟုဆို၍ တားမြစ်၏။ ထိုစကားကိုကြားသော် လိမ္မာသော ဒါယကာတို့သည် ရှောင်ရှားကြကုန်၏။ ရဟန်းတို့ကား အရှင်ယသအား 'မပေါင်းဖက် မဆက်ဆံကြလင့်'ဟု ဥက္ခေပနီယကံထား၍ ပယ်ရှားကြ၏။ ယင်းသို့ ပယ်ရှားလေလျှင်

www.burmeseclassic.com

www.burmeseclassic.com



အရှင်ယသလည်း မိမိ၏ ဓမ္မဝါဒီ လဇ္ဇီသူတော်ကောင်းဖြစ်ကြောင်း ရဟန်းတစ်ဦးအားပြခဲ့၍ အလဇ္ဇီတို့ကို နှိမ်နင်းခြင်းငှာ အားထုတ်၏။

ထိုအကြောင်းကိုသိလျှင် အလဇ္ဇီတို့က အရှင်ယသရှိရာကျောင်းသို့လာ၍ တုတ်, တောင်ဝှေး ကိုင်ကာဖြင့် များစွာဝန်းရံကြ၏။ ထိုအခါ ရှင်မဟာယသသည် စတုဗ္ဗချာန်ကို ဝင်စားပြီးလျှင် ကောင်းကင်ဖြင့်ပျံ၍ **ကောသမ္ဗီ**ပြည်သို့ လာခဲ့၏။ ရောက်သော် သံဃာတော်တို့နှင့် ရုံးစုတိုင်ပင်၍ **ပါဝေယျကတိုင်း အဝန္တိတိုင်း**၌နေကုန်သော ရဟန်းတို့ထံ တမန်စေလွှတ်၏။ အသီးသီးသော တိုင်းနိုင်ငံတို့၌နေသော ရဟန္တာကြီးတို့အထံသို့လည်း တမန်စေလွှတ်၏။ မိမိလည်း **အဟောဂင်္ဂါ**မည်သော တောင်သို့သွား၍ ထိုတောင်၌နေသော **သမ္ဘူတထေရ်**အား အကြောင်းအမျိုးကို ပြန်ကြား၍ သံဃာတော်များကို စည်းဝေးစေ၏။ ပါဝေယျကတိုင်း၌နေသော ရဟန်းခြောက်ကျိပ်တို့သည်လည်းကောင်း အဝန္တိတိုင်း၌နေသော ရဟန်းရှစ်ကျိပ်တို့သည်လည်းကောင်း အခြားမြို့ရွာ၌နေကြကုန်သော ရဟန်းတို့သည်လည်းကောင်း အဟောဂင်္ဂါသို့ချည်းလာ၍ ကိုးသောင်းသော သံဃာတို့စည်းဝေးမိကြသော် **သောရေယျ**တိုင်း၌နေသော **ရေဝတ** မထေရ်၏အထံသို့ တစ်ဖန်လာကြ၍ ခြင်းရာစကားကို လျှောက်ကြားတိုင်ပင်ပြီးလျှင် သင်္ဂါယနာတင်ခြင်းငှာ ဝေသာလီပြည်သို့ချည်း လာကုန်၏။

**ကာလာသောကမင်း**

ဝဇ္ဇီတိုင်းသား ဖြစ်ကြကုန်သော အဓမ္မဝါဒီရဟန်းတို့သည်လည်း သံဃာအများတို့လာကြောင်း သတင်းစကားကို ကြားသိလေလျှင် ကာလာသောကမင်း၏ထံသို့ဝင်၍ 'ပြည့်ရှင်မင်းကြီး၊ ငါတို့၏ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏ ကိန်းဝပ်တော်မူရာ **မဟာဝုန်တော–ကူဋာဂါရ**ကို စေတီကြီးထင်မှတ်၍ မပြတ်ကိုးကွယ်လျက်နေကြသည်ကို အဝေးအာဂန္တုဖြစ်သော တစ်ပါးတိုင်းသား ရဟန်းများတို့သည် ငါတို့အားနှိပ်စက်၍ အနိုင်အထက်ယူမည်ဟု လာကြောင်း ကြားသိရလေသည်။ ဤအရာ၌ ဒကာမင်းကြီးတားမြစ်မှ ငါတို့ ချမ်းသာရတော့မည်။ ဂန္ဓကုဋီလည်း မပျက်မစီး ရှိချေတော့မည်'ဟု ပြောဆို၏။ ထိုစကားကိုကြားသော် ကာလာသောကမင်းလည်း မဆင်ခြင်တတ်သော ပညာနည်းပါးသူဖြစ်ရကား အလဇ္ဇီတို့၏စကားကို ယုံမှတ်၍ အမတ်တို့ကို ရဲမက်ဗိုလ်ပါနှင့်တကွ 'သင်တို့သွား၍ တိုင်းတစ်ပါး ရဟန်းတို့အား တားမြစ်ချေကုန်။ တားမြစ်၍ မရသော သံဃာတို့ကို မင်းအာဏာဖြင့် ရိုက်ခတ်လေကုန်' ဟု စေလိုက်၏။ တားမြစ်ခြင်းငှာ သွားလေသော အမတ်မှက်တို့လည်း သာသနာစောင့်နတ်တို့၏ ၊ ခာနုဘော်ကြောင့်မျက်စိလည်၍ ခရီးလွဲလေကုန်၏။

ကာလာသောကမင်းလည်း ထိုညဥ့်တွင် အိပ်မက်မြင်သည်ကား ကြီးမားကြမ်းကြုတ် အရုပ်ဆိုးလှသော ဘီလူးတစ်ကျိပ်တို့သည် ထီးဖြူရိပ်၌နေသော မင်းကို အတင်းဆွဲငင်၍ မြို့ပြင်သို့ရောက်သောကာလ အလျှံပြောင်ပြောင်တောက်သော သံမယ်နှုဖြင့်သီ၍ လောဟကုမ္ဘီ ငရဲအိုးသို့ ဖောက်ထိုးချမည်ရွယ်သည်ဟု မြင်မက်၏။ နံနက်ထသောအခါ မင်းဆရာ ပုရောဟိတ်ကိုခေါ်၍ တိုင်ပင်ပြောဆိုပါသော်လည်း သင့်လျော်စွာ မဖတ်နိုင်ကြသောကြောင့် အလွန် ကြောက်လန့်ရကား စားတော်မခေါ်နိုင်ရှိ၏။ ထိုအကြောင်းကို မင်း၏နှမတော်ဖြစ်သော အာသဝေါကင်းပြီးသော နန္ဒာထေရီဘိက္ခုနီမ သိလေလျှင် ကောင်းကင်ခရီးဖြင့်လာ၍ ကာလာသောကမင်းကြီးအား ဤသို့ဆိုပေ၏။ "မောင်တော်မင်းကြီး၊ သင်သည် အလွန် ဝန်လေးသော အမှုကိုပြုဘိသည်တကား၊ အဓမ္မဝါဒီတို့၏ စကားကိုလိုက်နာ၍ ရဟန်းကောင်းတို့ကို နှိပ်စက်ခြင်းငှာ ကြံရွယ်မိချေသည်။ အကယ်၍ ကေန် အထမြောက်သည်ဖြစ်အံ့။ စင်စစ် လောဟကုမ္ဘီငရဲသို့ လားရလတ္တံ့သော ပုဗ္ဗနိမိတ်ပင်တည်း။ လျင်စွာ ဤဓမ္မဝါဒီလဇ္ဇီရဟန်းကောင်းတို့ကို ပူဇော်ကန်တော့ပါလော့' ဟု ဆိုပေ၏။

ထိုစကားကိုကြားရမှ မင်းကြီးလည်း သတိရ၍ မိမိကိုယ်တိုင် မဟာဝုန်တောသို့သွား၍ ကူဋာဂါရသို့ ရောက်လာသမျှသော သံဃာတော်တို့ကို စည်းဝေးစေ၏။ နှစ်သင်းသော ယံသာတို့ စည်းဝေးမိသောအခါ ဝိနည်းပါဠိတော် အဋ္ဌကထာနှင့် ဝါဒနှစ်ဦးကိုတိုက်ဆိုင်မိသော် ဝဇ္ဇီတိုင်းသားတို့၏ဝါဒသည် မညီမျှ အဓမ္မဝါဒီဖြစ်ကြောင်းကိုသိ၍ မိမိ၏ ဓမ္မဝါဒီအသင်းဖြစ်ကြောင်းကို လျှောက်ကြားလျက် အရှင်ဘုရားတို့သည် တရားမှန်ရာကိုသာ ဆုံးဖြတ်တော်မူပါဟု တောင်းပန်၏။ ဓမ္မဝါဒီရဟန်းတို့ကိုလည်း ဘေးရန်မရှိစိမ့်သောငှာ များစွာသော အစောင့်အရှောက်ကိုလည်း ထား၍ပြန်ခဲ့၏။ စည်းဝေးမိသော သံဃာတော်ကိုလည်း ရေဝတထေရ်, သဗ္ဗကာမိထေရ်တို့အား တရားဆုံးဖြတ်စေ၏။ ထိုအရှင်နှစ်ပါးတို့လည်း ဘုရားပညတ်တော်ကိုပြ၍ ဥဗ္ဗာဟိကကံဖြင့် ထိုဆယ်ပါးသော အဓမ္မဝတ္ထုကိုပယ်လှန်၍ တရားမှန်၌သာ တည်စေပြီးမှ မင်းကြီးအား သင်္ဂါယနာတင်လိုသော အကြောင်းကိုကြား၏။

www.burmeseclassic.com

www.burmeseclassic.com



ကာလာသောကမင်းလည်း သံဃာတော်တို့ စည်းဝေးခြင်းအကျိုးငှာ ကြီးကျယ်စွာသော မဏ္ဍပ်ကိုလည်းကောင်း, ကိန်းဝပ်ရာ ကျောင်းကိုလည်းကောင်း, ကောင်းစွာဆောက်လုပ်ပေ၏။ ထိုကျောင်းအရပ်သည် ခပ်သိမ်းသော ငွေပြားခင်းကဲ့သို့ သန့်ရှင်းဖြူစင်သော သဲတို့ဖြင့် ကျဲဖျန်းဘိရကား **ဝါလိကာရုံ**ဟု တွင်၏။ တရားဆုံးဖြတ်၍ပြီးလျှင် သံဃာတော်တို့လည်း ဝါလိကာရုံကျောင်းသို့လာ၍ ပဋိသမ္ဘိဒါပတ္တခီဏာသဝဖြစ်သော ရဟန္တာခုနစ်ရာကိုရွေးချယ်ပြီးမှ အရှင်မဟာကဿပတို့ ပထမသင်္ဂါယနာတင်သကဲ့သို့ ပိဋကတ်သုံးပုံကို အကုန်ထပ်မံ၍ [1] (သင်္ဂါယနာတင်ပြန်ကုန်၏။) ထိုသင်္ဂါယနာကား ရှစ်လမြောက်မှ ပြီးဆုံးသတည်း။

အဓမ္မဝါဒီ အလဇ္ဇီရဟန်း တစ်သောင်းတို့သည် အချို့လည်း လူထွက်ကုန်သည်။ အချို့လည်း ပြေးလွှားကုန်သည်။ အချို့လည်း ထပ်၍ ရဟန်းပြုပြန်သည်။ ဤဒုတိယ သင်္ဂါယနာတင်ရာ၌ သံဃာ့ထေရ် ဖြစ်သော သက်တော်တစ်ရာ့နှစ်ဆယ်ရှိသော ရေဝတထေရ်, သဗ္ဗကာမိထေရ်, သာဠှထေရ်, ခုဇ္ဇသောဘိတထေရ်, မဟာယသထေရ်, သမ္ဘူတထေရ်အားဖြင့် ခြောက်ပါးသော မထေရ်ကြီးတို့သည် အရှင်အာနန္ဒာ၏ သဒ္ဓိဝိဟာရိက တပည့်တို့တည်း။ ဘုရားသခင်ကို ဖူးမြင်လိုက်ရကုန်၏။ ဝါသဘဂါမိထေရ် သုမနထေရ်, ဤနှစ်ပါးတို့သည် အရှင်အနုရုဒ္ဓါ၏ သဒ္ဓိဝိဟာရိက တပည့်တို့တည်း။ ဘုရားသခင်ကို ဖူးမြင်ရကုန်၏။ ထို ဒုတိယ သင်္ဂါယနာ တင်ပြီးနောက် ရဟန်းသံဃာတို့သည် [3](ဝါဒကွဲပြား၍ ဂိုဏ်းသီးခြားကြဟန်ကို မဟာဝင်စာကိုယ်၌သာ ယူလေကုန်။)

**ဒုတိယ သင်္ဂါယနာတင်သော အခန်းပြီး၏။**

**မဟာဝံသကျမ်း၌ ၆၆-ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော 'ဒုတိယဓမ္မသင်္ဂီတိ' အမည်ရှိသော စတုတ္ထအပိုင်း အခန်းကားပြီး၏။**

---

# တတိယ ဓမ္မသင်္ဂီတိကဏ္ဍ-ပဉ္စမပိုင်း

## ၇-ပါဋလိပုတ်ပြည်၌ တတိယ သင်္ဂါယနာတင်ခြင်း

ဒုတိယ သင်္ဂါယနာတင်ပြီးသည့်နောက် ဆယ့်ရှစ်နှစ်မြောက်သောအခါ ကာလာသောကမင်း အနိစ္စရောက်၍ ၎င်းသားတော် ဘဒ္ဒသေန မင်းပြု၏။ ဤကာလာသောကမင်းအား သားတော်တစ်ကျိပ်ရှိ၏။ ထိုတစ်ကျိပ်တို့သည် အစဉ်အတိုင်း မင်းပြုကြသတည်း။[2] (တစ်ကျိပ်တို့၏အမည်ကား ဘဒ္ဒသေနမင်း၊ ကုရဝဏ္ဏမင်း၊ မငုရမင်း၊ သဗ္ဗဇဟမင်း၊ ဇာလိကမင်း၊ ဥဘကမင်း၊ ကဉ္စယမင်း၊ ကောရဗျမင်း၊ နန္ဒိဝဍ္ဎမင်း၊ ပဉ္စမကမင်း) ဤညီနောင် တစ်ကျိပ်တို့သည် နှစ်ဆယ့်နှစ်နှစ် ပတ်လုံး မင်းပြု၍ အငယ်ဆုံးဖြစ်သော ပဉ္စမကမင်းကို ခိုးမှူးကြီး နန္ဒာသတ်၍ ဥဂ္ဂသေနဟူသော အမည်ကိုခံ၍ မင်းပြု၏။

### ထိုနန္ဒာ၏ အကြောင်းကား

ကာလာသောကမင်း၏ သားတော်တို့၏ တိုင်းစွန်ဇနပုဒ်ဝယ် ယောကျ်ားတစ်ဦးသည် ငါးရာသော အပေါင်းအဖော်တို့နှင့်တကွ ခိုးသူကြီးပြု၍ ရွာစွန်ဇနပုဒ်တို့ကို တိုက်ဖျက်၍ ထိုရွာသားတို့ကိုပင် ဥစ္စာကိုဆောင်စေ၍ မလယအရပ်သို့ပို့စေပြီးမှ လူတို့ကိုလွှတ်လိုက်၏။ တစ်နေ့သောအခါ ဖမိလွှန်လေ၍ ဆင်းရဲစွာနေရသော စွမ်းပကားအင်အားနှင့်ပြည့်စုံသော နန္ဒာ အမည်ရှိသော လုလင်တစ်ဦးကို ခိုးသားတို့ကဖမ်း၍ ဥစ္စာကို ထမ်းဆောင်စေပြီးသော် မလယအရပ်သို့ ခေါ်ခဲ့ကုန်၏။ ထိုလုလင်ကလည်း ခိုးသားတို့၏အကျင့်အမူ အသက်မွေးမှုကိုမြင်လျှင် 'သင်တို့နှင့်အတူ ငါလည်းလိုက်၍ တိုက်ဖျက်ကာ အသက်မွေးအံ့'ဟု ဆို၍ လိုက်လေ၏။

တစ်ရံသောအခါ ခိုးမှူးကြီးသည် ဇနပုဒ်တစ်ခုကို တိုက်ဖျက်ရာတွင် လက်နက်ထိ၍သေသဖြင့် ကြွင်းသော ခိုးသားတို့သည် ငါတို့အား ကိုးကွယ်ရာမရှိပြီ။ ဤမလယရွာ၌နေခြင်းငှာ မတတ်နိုင်လတ္တံ့ဟုဆို၍ ငိုကြွေးကြ၏။ ထိုအခါ နန္ဒာက သင်တို့ မစိုးရိမ်ကြလင့်၊ ငါသည် သင်တို့၏ခိုးမှူးကြီးနေရာ၌နေ၍ စီမံအံ့။ သူတစ်ပါးပြုခြင်းငှာ မစွမ်းနိုင်သောအရာကို ငါ ပြုအံ့ဆို၍ သက်သာရာရစေ၏။ ထိုနေ့မှစ၍ နန္ဒာသည် ခိုးမှူးကြီးပြုလျက် မြို့ရွာ ဇနပုဒ်ကိုဖျက်၍ ဥစ္စာတို့ကိုယူပြီးလျှင် မလယရွာ၌ချည်း စုထား၏။ မိမိ၏ညီ, သား, ဆွေမျိုးတို့ကိုလည်း စည်းဝေးစေ၏။ ယင်းသို့ စည်းဝေးမိသော် ခိုးသားတို့အား ဤသို့တိုင်ပင်၏။ အမောင်တို့ ဤပြည်စွန်ရွာနားကိုဖျက်ဆီး၍ လုယက်ခြင်းမည်သည်ကား ယောကျ်ားရဲသူကောင်းတို့၏ အမှုအရာမဟုတ်၊ မင်းအဖြစ်သို့ရောက်အောင် ကြံဆောင်ကြကုန်အံ့။ မင်းအဖြစ်သို့ရောက်မှသာလျှင် ငါတို့ ရှည်မြင့်စွာ ချမ်းသာလတ္တံ့ဟု ဆို၏။ ထိုခိုးသားတို့လည်း ကောင်းပြီဟုဝန်ခံကြ၍ အခြံအရံနှင့်တကွ စစ်အင်္ဂါကျင်းပပြီးလျှင် တစ်ခုသော ပစ္စန္တမြို့ကိုသွားကြ၍ မင်းအဖြစ်ကိုလည်း ပေးမည်လော။

www.burmeseclassic.com



စစ်ထိုးခြင်းကိုလည်း ပြုမည်လောဟု မေး၏။ ထိုမြို့သားတို့ကလည်း နိုးမှူးနန္ဒာ၏စကားကိုကြားလျှင် ငါတို့ကား စစ်မထိုးလိုပါ။ မင်းအဖြစ်ကိုသာ ပေးပါမည်ဆို၍ နန္ဒာ၏အလိုတူ ဖြစ်ကြကုန်၏။ ဤသို့သောနည်းဖြင့် များစွာသော တိုင်းငယ်တို့ကို သိမ်းယူပြီးမှ ပါဋလိပုတ်ပြည်သို့ သွား၍ စစ်ထိုးပြီးလျှင် ပဌမက မင်းကိုသတ်၍ ဥဂ္ဂသေနဟူသော အမည်ကိုခံလျက် မင်းပြု၏။

## နန္ဒာဥဂ္ဂသေနမင်းဆက်

ထိုမင်းသည် မကြာမီ ကံကုန်လေသော် ထိုမင်း၏ ညီရှစ်ယောက်တို့သည် အစဉ်သဖြင့် မင်းပြုကြကုန်၏။ ရှစ်ယောက်တို့အမည်ကား ပဏ္ဍုကာနန္ဒမင်း၊ တိသနန္ဒမင်း၊ ဘူတပါလနန္ဒမင်း၊ ကောမိသာနန္ဒမင်း၊ ဖုသဝိဓိကနန္ဒမင်း၊ ကောလိယနန္ဒမင်း၊ ဓနနန္ဒမင်း ဟူသည်တည်း။ ထိုညီနောင်ရှစ်ယောက်တို့သည် နှစ်ဆယ့်နှစ်နှစ် မင်းပြုကုန်၏။ အဆုံးဖြစ်သော မင်းသည် ဥစ္စာကိုသိမ်းဆည်းခြင်း၊ မြှုပ်နှံခြင်း၌ နှစ်သက်တတ်သည်၏ အဖြစ်ကြောင့် ဓနနန္ဒမင်းမည်သတည်း။ ထိုမင်းသည် မင်းအဖြစ်သို့ရောက်သော် တိုက်တော်၌ရှိသော ကုဋေရှစ်ဆယ်သော ဥစ္စာတို့ကို လုံးစွာမြှုပ်ထားအံ့ဟုကြံ၍ ဂင်္ဂါမြစ်၏ကမ်းနားသို့သွားပြီးလျှင် မြစ်ကို မြောင်းသွယ်၍ ရေလွှဲ၍ စီးစေပြီးလျှင် မြစ်၏အတွင်း ကျောက်ဖျာအပြင်၌ တွင်းကြီးစွာတူး၏။ ထိုတွင်း၌ ဥစ္စာတို့ကို ထားပြီးမှ အထက်၌ကျောက်ဖျာကိုခင်း၍ အစပ်၌ ကြေးနီရည်လောင်းစေ၍ အပေါ်၌ ကျောက်ခဲလုံးတို့ကို ခင်းပြန်စေ၍ တစ်ဖန် ကြေးနီရည်လောင်းပြီးမှ ရေစီးမြဲ စီးစေ၏။ တစ်ဖန် မိမိ၏ အာဏာနှံ့ရာအရပ်၌ သားရေ၊ သားရိုး၊ ချိပ်၊ သစ်စေး စသည်တို့ဖြင့် ဥစ္စာကို ဆည်းပူးခြင်းကိုပြု၏။ ရှေးအတူ မြှုပ်ပြန်သတည်း။ သာသနာသက္ကရာဇ် တစ်ရာ့ခြောက်ဆယ့်နှစ်နှစ် ရှိသောအခါ ဥစ္စာမက်လှစွာသော ထိုဓနနန္ဒမင်းကိုပယ်၍ သာကီဝင်အနွယ် ဖြစ်သော စန္ဒဂုတ်ကို •ဓာနက္ကပုဏ္ဏားမင်းမြှောက်၍ မင်း အဖြစ်သို့ ရောက်လေသတည်း။

## ထိုဓာနက္ကပုဏ္ဏား၏ အကြောင်းကား

တက္ကသိုလ်ပြည်၌ ဓာနက္ကမည်သော ပုဏ္ဏားသည် ဗေဒင်သုံးပုံကိုလည်း တတ်၏။ ဆေးဝါးမန္တရားတို့ကိုလည်း တတ်၏။ အထူးထူးသော ပရိယာယ် ဝေဝုစ်တို့၌လည်း ကောင်း၊ ဥပါယ်တံမျဉ်တို့၌လည်းကောင်း လိမ္မာ၏။ ဉာဏ်ပဋိဘာန်လည်း ထက်မြက်၏။ အထူးထူးသော ထုံးပုံနိဒါန်းတို့၌ ကျွမ်းကျင်လိမ္မာ၏။ ထီးဖြူဆောင်းထိုက်သော ဘုန်းကျက်သရေရှိပေသည့် သူဟူ၍လည်း ထင်ရှား၏။ အဖမရှိသည့်နောက် မိခင်ကို လုပ်ကျွေးပေသည့်သူဟူ၍ လူအများကြည်ညို၏။

## ဓာနက္ကစိတ်ထား

တစ်ရံသောအခါ မိခင် ပုဏ္ဏေးမသည် သား၏မင်းဖြစ်လတ္တံ့သော ကျော်စောခြင်းကိုကြားသော် လွန်စွာ ငိုကြွေး၏။ ဓာနက္ကပုဏ္ဏားလည်း "မိခင်၊ ဘယ့်ကြောင့် ငိုသနည်း" ဟု မေး၏။ "ချစ်သား၊ သင်ကား ထီးဖြူဆောင်းထိုက်သော ဘုန်းကျက်သရေရှိ၏။ နောင်မင်းဖြစ်လတ္တံ့။ မင်းတို့မည်သည်ကား တစ်စုံတစ်ယောက်သောသူ၌ ချစ်မြတ်နိုးခြင်းရှိတတ်၏။ ထိုအခါ ငါ့အား ချစ်မြတ်နိုးခြင်းကင်းလတ္တံ့။ ထိုသို့ကင်းခဲ့လျှင် မိခင်သည် ကိုးကွယ်ရာမဲ့ဖြစ်လတ္တံ့ဟု အောက်မေ့၍ ငိုသည်"ဟု ပြော၏။ ပုဏ္ဏားကလည်း "မိခင် ငါ၌ မင်းဖြစ်ထိုက်သော ဘုန်းကျက်သရေသည် အဘယ်၌ တည်သနည်း"ဟု မေး၏။ "ချစ်သား၊ အစွယ်တို့၌ တည်သည်"ဟု ဆိုသော် မိခင်ကို လုပ်ကျွေးရခြင်းသည်သာလျှင် အကျိုးရှိလှ၏ဟုဆို၍ အစွယ်တို့ကိုချိုးစေ၍ ပစ်ပြီးလျှင် မိခင်ကို လုပ်ကျွေးလျက်နေ၏။ ဤဂုဏ်ကျေးဇူးကြောင့်လည်း လူအလုံးသည် ချီးမွမ်းအပ်၏။ ထိုဓာနက္ကပုဏ္ဏားသည် သွားကျိုးခြင်းကြောင့်သာ မဟုတ်သေး၊ ရှေးကပင် ကိုယ်သဏ္ဌာန်၏ မလှခြင်း, ခြေကောက်ခြင်းဟူသော အပြစ်တို့နှင့်လည်း ပြည့်စုံ၏။

တစ်နေ့သ၌ ထိုပုဏ္ဏားသည် ဥစ္စာရှာခြင်းငှာ လှည့်လည်သဖြင့် ပါဋလိပုတ်ပြည်သို့ ရောက်လေ၏။ ထိုအခါ ကြုံကြိုက်သည်ကား ဓနနန္ဒမင်းသည် ဥစ္စာကို ဆည်းပူးမြှုပ်နှံပြီး၍ တစ်ဖန် အလှူပေးလိုသော အကြံဖြစ်ရကား ထိုနန်းတွင်း၌ အလှူတင်းကုပ် ဆောက်လုပ်စေ၍ ပုဏ္ဏားတို့ကို ပင့်ခေါ်ပြီးလျှင် •(ပုဏ္ဏားကြီးအား သပြာတစ်ကုဋေထိုက်သော၊ ပုဏ္ဏားငယ်အား သပြာတစ်သိန်းထိုက်သော အလှူဝတ္ထုတို့ကိုစီရင်၍) အလှူကြီးကိုပေး၏။ ယင်းသို့

• 'ဓာနက္ကာ'ဟု အချို့မူ၌ 'စာဏက္က'ဟု (ဋီကာ ၁၁၉)၌ရှိသည်။ သက္ကတကျမ်းများအလိုလည်း 'စာဏကျ'ဟု ရှိသည်။

• သယံဖြဟ္မဏဿ ကောဋိအဍ္ဎနကံ သယံနဝကဿ သတသဟဿ သဍ္ဎနကံ ဒါနဝတ္ထုံပဋိယာဒေတွာ။ (သီဟိုဠ်မူမဟာဝင်ဋီကာ-၁၂၀) ကောဋိသတဍ္ဎနကံ။ (မြန်မာမူ မဟာဝင်ဋီကာ ၉ ကြောင်းပေ-စာမျက်-ဂံ:)

www.burmeseclassic.com



အလှူကြီးပေးသောအခါနှင့် ကြုံရကား ဇာနက္ကပုဏ္ဏားလည်း အလှူတင်းကုပ်သို့ဝင်၍ ပုဏ္ဏားကြီး၏နေရာ၌နေ၏။

ဓနနန္ဒမင်းသည် မင်္ဂလာဆင်တော်ကိုစီး၍ ထွက်လာသဖြင့် ပုဏ္ဏားတို့၏အထက်ကနေသော ဇာနက္ကပုဏ္ဏားကို မြင်လျှင် မကြည်လင်သောစိတ်ရှိရကား 'ဤပုဏ္ဏားကို ဤနေရာမှနှင်စေ'ဟု မင်းချင်းတစ်ယောက်ကို စေ၏။ အလှူစီမံသော အမတ်တို့က နှင်၍မသင့်ကြောင်းကို လျှောက်ပါသော်လည်း မင်းကြီးမကြိုက်လွန်းသည်ဖြစ်၍ နှင်ထုတ်ချေဟု အဖန်ဖန်ဆို၏။ မင်းစေသော လုလင်တို့လည်း မနှင်ဝံ့ရကား ပုဏ္ဏား၏ အနီး၌ထိုင်၍ 'ပေးလှူလေသည့် ဒါယကာ မနှစ်သက်ဘဲလျက် ပစ္စည်းကိုစုံမက်၍ နေမှားကြကုန်၏။ ပစ္စည်း၌တပ်သော တဏှာသည် အလွန်စက်ဆုပ်ဖွယ်ရှိ၏'ဟု တဏှာကိုသာလျှင် အပြစ်တင်ကုန်၏။ ပုဏ္ဏားလည်း မင်းချင်းတို့၏စကားကိုကြားလျှင် ငါ့အား ရည်မှတ်၍ ဤသူတို့ ဆိုလာချေသည်ဟု သိသဖြင့် ရှက်ရကား နေရာမှထ၍ ထွက်ခဲ့၏။ တံခါးဝသို့ရောက်လျှင် *စလွယ်ချည်ကြိုးတို့ကိုလည်း အထုံးအထုံးဖြတ်၍ မိမိကိုင်သော ကရားကို တံခါးတိုင်၌ ပုတ်ခွဲပြီးသော် မြေပြင်အလုံး၌ ဓနနန္ဒမင်း၏ အစီးအပွားမဲ့ကိုသာ ဖြစ်စေသော-ဟု ကျိန်ဆဲ၍ ထွက်ခဲ့၏။ ထိုအကြောင်းကို မင်းကြီးသိသော် "ကျွန်ကို မိအောင်ဖမ်း၍ သတ်လေ"ဟု စေလိုက်၏။ ပုဏ္ဏားလည်း အဝတ်မဆီး အချည်းနီးသော အာဇီဝကအသွင်ကိုယူ၍ပြေးလျက် နန်းတော် အရံအတွင်း၌ စားဦးကာလ, စားပြီးကာလ ရေသွန်ရာအရပ်၌ ပုန်း၍နေ၏။ မင်းချင်းယောကျ်ားတို့လည်း ထိုဇာနက္က ပုဏ္ဏားကိုလိုက်၍ မမြင်ကုန်ရကား မတွေ့ကြောင်းကို လျှောက်ကြားကုန်၏။

ဓနနန္ဒမင်း၌လည်း ပဗ္ဗတမည်သော သားတော်တစ်ယောက်သာရှိ၏။ ထိုသားတော်ကိုလည်း နန်းတော်တွင်း၌ ရေကန်တူး၍ ထိုရေကန်၏အပေါ်၌ အိမ်ငယ်ဖြင့် အခြားသို့ မထွက်ရဘဲ ကျဉ်းကျပ်လုံခြုံစွာ ထား၏။ ပုဏ္ဏားလည်း မင်းသားရှိရာသို့ အပြင်မှ ဥမင်တူး၍ဝင်ပြီးသော် သွေးဆောင်၍ ခေါ်လေ၏။ ပဗ္ဗတမင်းသားလည်း ပုဏ္ဏားကို ယုံကြည်သဖြင့် သုံးစားရန် ရိက္ခာဘဏ္ဍာနှင့်တကွ ထွက်၍ လိုက်လေ၏။ ပုဏ္ဏားလည်း မင်းသားနှင့်တကွ သွားလေပြီးသော် ဝိဈ္ဈာဋဝီမည်သော တောကြီး၌နေ၍ မိမိ တတ်လိမ္မာသော ပညာအစွမ်းဖြင့် တစ်ကျပ်တန်သော ဘဏ္ဍာကို သပြာရှစ်ကျပ်တန်အောင်ပြု၍ ရဲမက်တို့အား ဖြည့်တင်းစရာ ဥစ္စာပစ္စည်းတို့ကို ရုံးစု၏။ ထူးမြတ်သော ဆေးမန္တရားဖြင့်လည်း ရွှေငွေတို့ကို ပြုလုပ်၏။ ကုဋေရှစ်ဆယ်မျှလောက်သော ရွှေငွေ အစုအပုံသည် ဖြစ်လေ၏။ ထိုရွှေငွေတို့ကို တောအုပ်၌ မြှုပ်ထားပြီးလျှင် ပဗ္ဗတမင်းသားမှတစ်ပါး ထီးဖြူဆောင်းထိုက်သော ဘုန်းပညာရှိသော ယောကျ်ားကို ရှာပြန်သော် မောရိယမင်းမျိုးမှဖြစ်သော စန္ဒဂုတ္တမည်သော မင်းသားကိုတွေ့လေ၏။

### ထိုစန္ဒဂုတ္တ၏ အကြောင်းကား

မြတ်စွာဘုရား ထင်ရှားရှိတော်မူစဉ် *ဝိဋဋူဘသည် သာကီဝင်မင်းတို့ကို ဖျက်ဆီးသောအခါ အချို့သော သာကီဝင်မင်းတို့သည် အသက်လွတ်လိုသောကြောင့် ဟိမဝန္တာ၏ အစပ်ဖြစ်သော တောအုပ်ကိုခိုသဖြင့် မြို့ရွာဖွဲ့၍ နေကြ၏။ ထိုအရပ်သည် ဥဒေါင်းသံ, ကြိုးကြာသံတို့ဖြင့် နှစ်လိုမွေ့လျော်ဖွယ်ရှိရကား မောရိယမြို့-ဟု တွင်၏။ ထိုမောရိယမြို့၌ မင်းပြုသော မင်း၏မိဖုရားသည် ကိုယ်ဝန်ရှိသောအခါ ပြည်နီးချင်း မင်းတစ်ပါးသည် စစ်ပြုပြန်၍ မောရိယမင်းကို သတ်၍ မင်းအဖြစ်ကိုယူ၏။ ထိုအခါ မိဖုရားကြီးသည် ကိုယ်ဝန်စောင့်လို၍ မောင်းမတို့နှင့်တကွ မထင်ရှားသော အသွင်ဖြင့် မြို့မှထွက်ခဲ့၍ ပါဋလိပုတ်ပြည်သို့လာခဲ့သော် မြို့၏အနီး ရွာကြီးတစ်ခု၌ သားကိုဖွားမြင်၏။ နတ်၏ အာနုဘော်ဖြင့် ပင်ပန်းဆင်းရဲသောအခိုက်ဖြစ်၍ သားကို မမွေးမြူလိုရကား သူငယ်ကို အိုးသစ်၌ထည့်သွင်း၍ နွားနင်းစိမ့်သောငှာ နွားခြံဝ၌ထား၏။ နတ်တို့ စောင့်မရကား စန္ဒမည်သော နွားလား ဥသဘသည် တစ်ပါးနွားမထွက်မီ ထွက်လာ၍ ကောင်းစွာ စောင့်နေ၏။ နွားထိန်းသော ယောကျ်ားလည်း သတို့သားကိုမြင်သော် ချစ်ခင်စွာယူ၍ မွေးမြူလေ၏။ စန္ဒနွားလား စောင့်သည်ကိုအကြောင်းပြု၍ သူငယ်ကို 'စန္ဒဂုတ္တ'ဟု ခေါ်ဆိုကြ၏။

ထိုစန္ဒဂုတ္တသည် နွားကျောင်းသားအရွယ်ရှိသောအခါ နွားထိန်းသမား၏အဆွေဖြစ်သော မုဆိုးတစ်ယောက်သည် မြင်၏။ သားကဲ့သို့ ချစ်ခင်လှသောကြောင့် နွားထိန်းအိမ်မှ သည် မိမိအိမ်သို့ယူ၍ မွေးမြူကာထား၏။ စန္ဒဂုတ္တသည် မုဆိုးရွာ၌နေ၍ သူငယ်တို့နှင့် ကစားကြသောအခါ မိမိသည် မင်းပြု၍ အခြားသူငယ်တို့ကို အိမ်ရှေ့မင်းအရာ,

* ယညသုတ္တဉ္စ ဆိန္ဒိတွာ။ (မဟာဝင်ဋီကာ-၁၂၀)

* ဝိဍူဍဘ ဟု (သီဟိုဠ်စာမူ)ထိုထို၌ ရှိကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



မျုးမတ်အရာတို့၌ထား၍ အချို့သော သူငယ်တို့ကို မင်းချင်းယောကျ်ားပြုစေ၍ အချို့သော သူငယ်တို့ကို ခိုးသူ စသည်ကိုပြုစေ၍ ခိုးသူတစ်ယောက်ကိုမိ၍ မိမိထံ ဆက်လာသော် တရားစီရင်သော အမတ်တို့ကိုအပ်စေ၍ အပြစ်ရှိ၊ အပြစ်မဲ့ကို စစ်ပြီးလျှင် ၁ (ဤသူကို လက်ခြေဖြတ်ထိုက်၏။ ဤသူကို သတ်ထိုက်၏ ဟူ၍ တရားသူကြီးတို့ ဆုံးဖြတ်သည့်အတိုင်း မင်းမှာလျှောက်လာ၍ မင်းက လက်ခြေကို ဖြတ်စေဟု အမိန့်ပေး၏။ စေသူတို့လည်း မိမိတို့ကိုင်သော လှံတံကို တုတ်, ဓား အဟန်ပြု၍ စန္ဒဂုတ္တမင်း၏ အာဏာတော်ဆို၍ ဖြတ်ကြ၏။ ခံရသောသူတို့လည်း လက်ခြေပြတ်ဟန်ပြု၏။ စန္ဒဂုတ္တမင်း၏ ဘုန်းအာဏာဖြင့် ပကတိ ရှိပြန်စေဆို၍လည်း ရှေးအတိုင်း ဖြစ်ပြန်စေဟန်ပြု၏။)

ထိုသို့သော အကြောင်းကို ဓာနက္ကပုဏ္ဏား မြင်လေသော် ဤသူငယ်သည် အံ့ဖွယ်သရဲဖြစ်၏တကား-ဟု အားရဝမ်းသာလျက် ဥစ္စာတစ်ထောင်ကို မုဆိုးအားပေး၍ ဤသူငယ်ကို ငါ ဗေဒင်သင်အံ့ဆို၍ ယူမွေးလေ၏။ မိမိထံသို့ရောက်လျှင် တစ်သိန်းတန်သော ရွှေတန်ဆာကြိုးလုပ်၍ နဝရတ်ကြိုးနှင့်သီပြီးလျှင် လည်၌ဆင်စေ၍ ပဗ္ဗတ သတို့သားကိုလည်း ထို့နည်းပင် ဆင်စေ၏။ မင်းသားနှစ်ပါးတို့လည်း ရှည်လျားစွာ ပုဏ္ဏား၏လက်၌ကြီး၍ အရွယ်ရောက်ပြီးသော် အသီးသီး အိပ်မက်မြင်ကြသဖြင့် မိမိတို့၏အိပ်မက်ကို ဆရာပုဏ္ဏားအား ပြန်ကြားသော် "ပဗ္ဗတကား မင်းမဖြစ်၊ စန္ဒဂုတ္တကား မင်းဖြစ်မည်"ဟု သိ၏။ ထိုသို့သိသော်လည်း မင်းသားတို့အား ဘာမှမကြား ဆိတ်ဆိတ်သာနေ၏။

တစ်ရံရောအခါ တစ်ခုသော တောခန်းဝါ၌ အိပ်ကြစေ၍ ဓာနက္ကပုဏ္ဏားသည် ရှေးဦးစွာနိုး၍ ပဗ္ဗတ သတို့သားကိုနှိုးလျှင် လက်၌ သန်လျက်ကိုထည့်၍ "စန္ဒဂုတ္တ၏လည်တွင် ဆင်ထားသော တန်ဆာကြိုးကို မဖြေမချွတ် မဖြတ်ဘဲ ရအောင်ယူချေ"ဟူ၍ စေ၏။ ပဗ္ဗတလည်း ယူအံ့-ဟု သွားသော် မဖြေမချွတ် မဖြတ်ဘဲကို မရသာ-ဟု ပြန်ခဲ့၏။ အခါတစ်ပါးတို့၌ ထို့အတူလည်းကောင်း။ တော၌အိပ်ကြပြန်သော် စန္ဒဂုတ္တကို "ပဗ္ဗတလည်၌ ဆင်သောတန်ဆာကို မဖြေမချွတ်မဖြတ်ဘဲ ရအောင်ယူချေ" စေပြန်၏။ စန္ဒဂုတ္တလည်း သန်လျက်ကိုင်ကာ သွား၍ ပဗ္ဗတ သတို့သားအိပ်ရာ အနီး၌ ထိုင်ပြီးသော် ဤရွှေတန်ဆာကို မဖြေမချွတ်ဘဲ ရအောင်ကိုကား-ချင်း၏လည်ကို ဖြတ်မှသာ ရရာသည်ဟု ကြံ၍ သန်လျက်ဖြင့် ပဗ္ဗတ၏လည်ကိုဖြတ်၍ တန်ဆာကို ယူခဲ့၏။ ဆရာပုဏ္ဏားလည်း ထိုအခြင်းအရာကိုမြင်သော် ပညာရှိပေစွ၊ ရဲစွမ်းပေစွဟု ချီးမွမ်းလျက် ဆိတ်ဆိတ်နေ၏။

စန္ဒဂုတ္တလည်း အရွယ်သို့ရောက်သော် ဗေဒင်အတတ်ကိုလည်းကောင်း ဆင်စီး, မြင်းစီးစသော အတတ်မျိုးတို့ကိုလည်းကောင်း သင်ကြား၍ အပြီးတိုင် တတ်မြောက်၏။ လုပ်ရည်ကြံရည်နှင့်လည်း ပြည့်စုံ၏။ ထိုအခါ ဆရာဖြစ်သော ဓာနက္ကပုဏ္ဏားက မိမိမြုပ်ထားသော ရွှေ, ငွေ, ဥစ္စာတို့ကို ဆောင်နှင်း၍ ပြည်ကို လုပ်ကြံစိမ့်သောငှာ ဗိုလ်ပါကို ရုံးစုစေ၏။ မိမိမူကား ဤအကြံသည် အထမြောက်အောင် ခဲယဉ်းစွ-ဟု ကြံ၍ ရှောင်ရှားကာ နေလေ၏။

စန္ဒဂုတ္တလည်း တံခိုးပညာဖြင့် ရဲမက်ဗိုလ်ပါတို့ကို ပေါင်းသင်း၍ ဓနနန္ဒမင်းအား စစ်ပြုလေ၏။ အစွန်အဖျား၌နေသော မြို့ရွာတို့က တစ်ဆင့်ဆီး၍ တိုက်ဖျက်လေသောကြောင့် စန္ဒဂုတ္တမင်း၏ ရဲမက်တို့ တပ်ပျက်စီးချေ၏။ ထိုအခါ မင်းချင်းတို့ကို စနည်းတစ်ဆောင်နာစေသော် ရွာစွန်၌နေသော မုန့်သည်မတစ်ယောက်သည် မုန့်လုပ်ရာ၌ သားငယ်သည် အမိပေးသော မုန့်ကိုစားသော် အနားဝန်းကျင်ကို စ၍မစားဘဲ အလယ်သားကိုထွင်း၍ လက်ချောင်းနှင့်ကော်ကာ စားသဖြင့် (မစားနိုင်၍ ပူလှသောကြောင့် ချိတုံ့ချတုံ့ပြု၏။) အမိလည်း သားငယ်၏ အမူအရာကိုမြင်လျှင် "နင် မုန့်စားသည်ကား စန္ဒဂုတ္တမင်း ပြည်ထဲရေးကို လုပ်ကြံသည်နှင့် တူသည်တကား"ဟု ဆို၏။ သားငယ်က "မိခင်၊ စန္ဒဂုတ္တမင်း ဘယ်သို့ပြုသနည်း၊ ငါနှင့် ဘယ်သို့တူသနည်း"ဟု မေး၏။ "ချစ်သား၊ စန္ဒဂုတ္တမင်းသည် ပြည်ထဲရေးကို လုပ်ကြံရာ ကျေးစွန်းရွာလက်တို့ကို အလျင်မဖျက်ဆီးဘဲ မင်းနေပြည်ကြီးကို ဦးစွာလုပ်ကြံလေသောကြောင့် မင်း၏အဖြစ်ကို မရနိုင်။ သင်သည်လည်း မုန့်ကို အနားမှ မစားဘဲ အလယ်သား၌ (ပူရာကို)ထွင်း၍ စားသောကြောင့် (မစားနိုင်ဖြစ်လေသည်)ထို့ကြောင့် တူသည်"ဟု ငါ ပြောပေ၏။

ထိုစကားကို စနည်းနာသူကြား၍ စန္ဒဂုတ္တမင်းနှင့် ဓာနက္ကပုဏ္ဏားအား လျှောက်ကြားလေသော် ဤအရေးဟုတ်လှပေသည်ဟု တစ်ဖန် ဗိုလ်ပါတို့ကို ရုံးစုပြန်၍ပြည်စွန်ရွာနားမှစ၍ တစ်စတစ်စ သိမ်းပြီးလျှင် ပုပ္ပပုရပြည်ကိုရ၍ ဓနနန္ဒမင်းကြီးအား စစ်ပြုသဖြင့် မင်းအဖြစ်ကို ရလေ၏။ ဓာနက္ကပုဏ္ဏားလည်း မိမိ ကရားကိုပုတ်ခွဲ၍ လည်ဆွဲသော စလွယ်ကိုဖြတ်ပြီးသော် ဓနနန္ဒမင်းကြီး၏ စီးပွားမဲ့ကိုသာ ငါ ပြုတော့အံ့-ဟူသော အကြံသည် မြောက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဓာနက္ကပုဏ္ဏားလည်း စန္ဒဂုတ္တမင်းအား အဘိသိက်မသွန်းစေဘဲ ဓနနန္ဒမင်းသည် ခဲယဉ်းစွာ ဥစ္စာထားရာကိုသိသော တံငါသည်ကြီးအား မင်းမြှောက်၏။ ထိုတံငါသည်ကြီးသည် အကြွင်းအကျန်မရှိအောင် ဥစ္စာ ရွှေငွေတို့ကို ဖော်ယူ၏။ ထိုသို့ ဖော်ပြီးသောအခါမှ တံငါကြီးကိုပယ်ရှား၍ စန္ဒဂုတ်အား ရာဇာဘိသေက ဘိသိက်ကိုခံ၍ ရာဇမြှကို ကျင့်စေ၏။

(ထို့ကြောင့် မင်းတို့မည်သည်မှာ အမျိုးလေးပါးနှင့် မဆန့်ကျင်ဘဲ သင်္ဂဟတရားလေးပါးနှင့် ညီညွတ်စေရာ၏။ သာယာသော စကားကို ပြောဆိုရာ၏ဟူ၍ မှတ်ရာသည်။ ။ အမှာစကား)။

စန္ဒဂုတ်မင်းသည် မင်းအဖြစ်သို့ရောက်လျှင် မိမိ သိမြင်ဖူးသော ဆေးမန္တန်၌ လိမ်မာလှသော ပဏ်ယတပ္ပ မည်သော ရသေ့ကို ပင့်ခေါ်စေ၍ ထိုရသေ့အား အရာအထူး ပေးပြီးလျှင် "သင်သည် ငါ၏နိုင်ငံကို ရန်သူတို့ မကြံနိုင်စိမ့်သောငှာ အရံအကာ စီရင်လော့"ဟု ဆို၏။ ပဏ်ယတပ္ပရသေ့သည် ခိုးသားစသော ဘေးရန်မရှိစိမ့်သောငှာ အထူးထူးသော အင်းမန္တန် ယန္တရားတို့ကို စီရင်လေ၏။ ဓာနက္ကပုဏ္ဏားလည်း စန္ဒဂုတ်မင်းအား စားတော်၌ ဆေးထည့်သော် အန္တရာယ်မပြုနိုင်စိမ့်သောငှာ စားတော်ဟူသမျှတို့၌ အနည်းငယ် အဆိပ်ရော၍စားစေ၏။ မိဖုရားကား မောရိယပြည်က မယ်တော်နှင့်အတူ ပုပ္ဖပုရပြည်သို့ ရောက်လာသော ဦးရီးတော်၏ သမီးရင်းဖြစ်သော မိန်းမတည်း။

တစ်ရံသောအခါ ထိုမိဖုရား၌ ရင့်ပြီးသော ကိုယ်ဝန်ရှိလျက် ရှေ့ခုနစ်ရက်ရောက်လျှင် သားဖွားအံ့သောအခါတွင် မင်းကြီးစားတော်ခေါ်ရာ၌ တစ်လုတ်မျှကိုယူ၍ ခံတွင်းသို့ သွင်းမျို၏။ မင်းကြီးလည်း ထွေးလော့ ထွေးလော့ဟူ၍ ဆိုပါသော်လည်း မထွေးဘဲမျို၍ လည်ချောင်းသို့ဝင်လေ၏။ ဝင်ကြောင်းကိုသိလျှင် မိဖုရား၏လည်ကို သန်လျက်ဖြင့် ခုတ်ဖြတ်၍ ဝမ်းမှသားကို အမြွှေးနှင့်တကွ ထုတ်၍ ဆိတ်မဝမ်းတွင်ထည့်၏။ တစ်နေ့လျှင် ဆိတ်မတစ်ကောင် လဲ၍ သားငယ်ကို အောင်းစေလျက် နေ့ရက်စေ့သောအခါ၌ နို့ထိန်းတို့ကို အပ်မွေးစေ၏။ မင်းသား၏ကိုယ်သည် ဆိတ်မွေးတို့ဖြင့်ထိရကား အရေလွှာပါးတို့သည် အပိမ့်ပေါက်သောကြောင့် ထိုမင်းသားအား 'ဗိန္ဒုသာရ'ဟူသော အမည်ကို မှည့်၏။ ထိုမင်းသားလည်း အရွယ်သို့ရောက်သောအခါ စန္ဒဂုတ်မင်းသည် မင်းပြု၍ နှစ်ဆယ့်လေးနှစ်ရှိသည်ဖြစ်၍ အနိစ္စရောက်လေ၏။

**စန္ဒဂုတ်မင်း ဖုတ်ဝင်ခြင်း အနိစ္စရောက်ကြောင်းကား**

မင်း၏ကိုယ်၌ ဒေဝဂန္ဓ မည်သော ဘီလူးသည် ဝင်၍ မင်းကြီး အသက်ရှည်သကဲ့သို့ ဖြစ်စေ၍နေ၏။ သားစိမ်း, ငါးစိမ်းကို များစွာစား၍ ကိုယ်နံ့တို့သည် မကောင်းခြင်း, ကြမ်းကြုတ်စွာ ကျင့်ခြင်းတို့သည် ဖြစ်ကုန်၏။ ပညာရှိသော အမတ်တို့သည် သမားဟူးရားတို့ကို စူးစမ်းသော် ဘီလူးဝင်နေသောအဖြစ်ကိုသိ၍ ဗိန္ဒုသာရမင်းအား ဤသို့လျှောက်၏။ "အရှင့်ခမည်းတော် မရှိပြီ၊ ဘီလူးဝင်၍သာ မင်းပြုကာနေတော့သည်"ဟု မှန်စွာသိအောင်ပြုပြီးမှ ဘီလူးကိုသတ်ခြင်းငှာ ဉပါယ်တံမျဉ်ဖြင့်ကြံ၍ မင်းချင်းနှစ်ယောက်ကို ဓားလက်နက် လုပဟန်ပြုစေ၏။ သူတစ်ပါးတို့ တားမြစ်သော်လည်း မရ။ မင်း၏ ရှေ့တော်တိုင်အောင် ရောက်၏။ ဗိန္ဒုသာရမင်းလည်း ဘီလူးနှင့်အကျွမ်းတဝင် ဖခင်ကဲ့သို့ပြု၍ အနီး၌ ခစားကာနေ၏။ လက်နက်လုသော သူနှစ်ဦးကို ဘီလူးမြင်လျှင် 'ငြိမ်းအောင်ပြုဘိ'ဟု မင်းသားအား စေ၏။ မင်းသားလည်း အကြိမ်ကြိမ်သွား၍ မဆီးတားနိုင်ကြောင်းကိုဆိုလျှင် ဘီလူးက "ငါ့ထံ ခေါ်ခဲ့"ဟု ဆို၏။ ချင်းတို့လက်တွင် ဓားလက်နက်ရှိသောကြောင့် မချဉ်းလာစေသည်ဟုဆိုလျှင် လာစေလော့ ငါ ငြိမ်းအောင် ပြုမည်ဟုဆို၍ ထိုသူနှစ်ဦးလည်း ဘီလူး၏အပါးသို့ လက်နက်နှင့်တကွ ချဉ်းကပ်၍ သန်လျက်ကိုတောင်းရာ ပေးဟန်ပြုပြီးမှ ဘီလူးအား ခုတ်သတ်လေ၏။ ဘီလူးသေလျှင် ဖခင်မင်းကြီး၏ အလောင်းကို ကောင်းစွာ သင်္ဂြိုဟ်ပေ၏။ စန္ဒဂုတ်မင်းကား နန်းစံ နှစ်ဆယ့်လေးနှစ် သာသနာသက္ကရာဇ် တစ်ရာ့ရှစ်ဆယ့်ခြောက်ခုနှစ်တွင် အနိစ္စရောက်၍ သားတော် ဗိန္ဒုသာရမင်းဖြစ်တော်မူလေသည်။

## ထိုဗိန္ဒုသာရမင်းသည်

မောရိယ သာကီဝင်မျိုးဖြစ်သော ဓမ္မာမင်းသမီးကို ဆောင်၍ မိဖုရား မြှောက်သတည်း။ ထိုဓမ္မာ မိဖုရား၌ အသောကမင်းကို ပဋိသန္ဓေရလေလျှင် ချင်ခြင်း ငါးပါးဖြစ်၏။ ချင်ခြင်းငါးပါးဟူသည်ကား (၁) ခြေတစ်ဖက်ဖြင့် နေဝန်းကို, ခြေတစ်ဖက်ဖြင့် လဝန်းကို နင်းလိုသည်လည်း တစ်ပါး။ (၂) ကောင်းကင်၌ရှိသော ကြယ်တို့ကို စားချင်ခြင်းသည်လည်းတစ်ပါး။ (၃) ကောင်းကင်၌ မြွေးယှက်သော တိမ်ညွန့်တို့ကို စားချင်ခြင်းသည်လည်း တစ်ပါး။ (၄) မြေထက်၌ ပေါက်ရောက်သမျှသော သစ်ပင်တို့၏ အညွန့်ကို စားချင်ခြင်းသည်လည်း တစ်ပါး။ (၅) မြေထဲ

www.burmeseclassic.com

www.burmeseclassic.com



၌ရှိသော တီကို စားချင်ခြင်းသည်လည်းတစ်ပါး။ ဤသို့ ချင်ခြင်းငါးပါးဖြစ်လတ်၍ ထိုချင်ခြင်းကို တစ်စုံတစ်ယောက်သော သူအား မပြောကြားဝံ့ဘဲ သည်းခံ၍သော နေဘိရကား မိဖုရားသည် ဖျော့တော့ခြင်း, အဆင်းမလှခြင်းသို့ရောက်၏။

မင်းကြီးလည်း မိဖုရား၏ အဆင်းဖောက်ပြန်ခြင်းကို မြင်သော် "ရှင်မိဖုရားသည် အဘယ့်ကြောင့် ကြုံလှီညှိုးငယ်ခြင်းဖြစ်သနည်း"ဟု မေး၏။ မိဖုရားလည်း "အကျွန်ုပ်အား ငါးပါးသော ချင်ခြင်းသည် ဖြစ်ပါကုန်သည်"ဟု လျှောက်သော် သင်၏ချင်ခြင်းကို လျှောက်ဆိုလော့-ဟု ခွင့်ပေးသော် "အရှင်မင်းကြီး၊ ကျွန်ုပ်၏ချင်ခြင်းကား အလွန်ရခဲ၏။ ထို့ကြောင့် မလျှောက်ဝံ့ပါ" ဟုဆိုလျှင် မင်းကြီးကလည်း "မိဖုရား၊ ငါသည် အလုံးစုံကို အစိုးရသော မင်းတည်း။ အဘယ်ဆန္ဒကို မပြည့်စုံစေနိုင်ရှိအံ့နည်း။ လွတ်လွတ်သာ လျှောက်ဆိုလော့"ဟု ခွင့်ပေး၍ မိဖုရားသည် နေစုံစွာ လျှောက်လေသော် မင်းကြီးလည်း ဥပါယ်တံမျဉ်၌ လိမ္မာသည်၏အဖြစ်ကြောင့် ပညာရှိသော မှူးမတ်တို့နှင့် တိုင်ပင်ပြီးလျှင် ခဲဖွယ်, စားဖွယ်တို့ကို နေရုပ်, လရုပ်လုပ်၍ ထိုအရုပ်တို့၌ရုပ်စေပြီးသော အခြားသော နေရုပ်, လရုပ်, ကြယ်သဏ္ဌာန် ပြုအပ်သော မုန့်တို့ကိုလည်း စားစေ၏။ ထို့နောက်မှ တိမ်၏အသွင်ဖြင့် ပြုလုပ်အပ်သော မုန့်တို့ကိုလည်း စားစေ၏။ ထို့နောက်မှ မင်းရင်ပြင်ကို သုတ်သင်၍ သဲကြဲစေပြီးသော် သဲအထက်၌ ဖျာတို့ကိုခင်း၍ တီ၏သဏ္ဌာန်, သစ်ပင် သစ်ညွှန့်သဏ္ဌာန် ပြုအပ်သော စတုမဓုမုန့်, ကတွတ်မုန့်ကိုထား၍ ထိုအထက်၌ အပေါက်ရှိသော ဖျာတို့ကိုခင်းစေပြီးသော် ထိုဖျာပေါက်မှ ထွက်ပေါ်သော တီတို့ကိုလည်းကောင်း, သစ်ညွှန့်တို့ကိုလည်းကောင်း ယူ၍ ရွှေခွက်၌ထည့်ပြီးမှ မိဖုရား "မြေမှထွက်သော တီတို့ကို စားလော့၊ သစ်ညွှန့်တို့ကို စားလော့" ဟု ဆို၍ စားစေ၏။ ဤသို့စားရမှ မိဖုရား၏ ချင်ခြင်းသည် ငြိမ်းလေသတည်း။

ဝိန္ဓုသာရမင်းကြီးလည်း မိဖုရား၏ချင်ခြင်းဖြစ်သော အကျိုးကို သိလို၍ ပုဏ္ဏားတို့ကိုခေါ်ပြီးသော် အထိုက်အလျောက် ပူဇော်၍ ချင်ခြင်း၏အကျိုးကို မေး၏။ ပုဏ္ဏားတို့က "အရှင်မင်းကြီး၊ အကျွန်ုပ်တို့ မသိနိုင်ပါ၊ နတ်တို့သာ သိပါသည်"ဟု လျှောက်ကြ၏။ ထို့နောက် နဂရဝမုက ကိုခေါ်၍ မေးပြန်လျှင် "ကျွန်ုပ်တို့ကား မသိပါကုန်၊ အာဇီဝကတို့သည် သိတတ်ပါကုန်၏"ဟု လျှောက်၏။

ထိုအာဇီဝကတို့ကိုလည်း ရှေးနည်း မေးမြန်းတော်မူသော် ဓမ္မာမိဖုရား၏ဆရာဖြစ်သော •ဇနသာန အမည်ရှိသော အာဇီဝကသည် ဤသို့ဆို၏။ "မင်းကြီး၊ ဤမိဖုရားသည် အမျိုး၏ကောင်းခြင်း, အဆင်း၏ကောင်းခြင်း, အကျင့်သီလနှင့် ပြည့်စုံခြင်းရှိသည်ဖြစ်၍ ဧကရာဇ်မင်း၏ မိခင်ဖြစ်ထိုက်သည်။ ခပ်သိမ်းသော အင်္ဂါနှင့်ပြည့်စုံသော ဘုန်းရှိသော သားမြတ်ကို ရလတ္တံ့"ဟူ၍ ဟောပေ၏။ မင်းကြီးသည်လည်း ဤမှုဖြင့်လျှင် အားရဝမ်းသာစွာရှိရကား မိဖုရား၏ ချင်ခြင်းငြိမ်းရာသောအကြောင်းကို ဇနသာန အာဇီဝက၏အလိုအားဖြင့် ပြုပြန်လေ၏။

ထိုအာဇီဝကကား ရှေးကောင်းမှုနှင့်ပြည့်စုံသော ဘုန်းရှိလှသော သူပေတည်း။ ထိုအာဇီဝကသည် ကဿပဘုရားလက်ထက်တော်၌ စပါးကြီးမြွေဖြစ်၍ အဘိဓမ္မာကိုရွတ်သော ရဟန်းတို့၏အသံကိုကြားသော် တရားဟူသော အာရုံကို ယူ၍နာသဖြင့် သေသောအခါ နတ်ရွာ၌ဖြစ်၍ ငါတို့ဘုရား နိဗ္ဗာန်လားသည်တိုင်အောင် နတ်၏ချမ်းသာကို ခံစားခဲ့၍ ဘုရားနိဗ္ဗာန်စံပြီးသော် တစ်ဦးသော ပုဏ္ဏားမျိုး၌ဖြစ်၍ ကြီးလတ်သော် အာဇီဝကတို့၏ထံ၌ ရဟန်းပြု၍ ဝိန္ဓုသာရမင်းကြီး၏ မိဖုရားဆရာ ဖြစ်လေသတည်း။ ထိုဇနသာန အာဇီဝကလည်း မင်းနှင့်တကွသော ပရိသတ်တို့ထံမှ ထခဲ့ပြီးသည်နောက် ချင်ခြင်း၏အကျိုးကို အကျယ်အားဖြင့်ဟောခြင်းငှာ မိဖုရားကြီးအထံသို့လာခဲ့၍ ခင်းအပ်သော နေရာ၌နေပြီးသော် မိဖုရားက "ဆရာ၊ အဘယ်ကြောင့် လာပြန်သနည်း"ဟု မေး၏။ "ဆရာပြောအပ်သော စကားရှိသည်၊ ထိုစကားကို မင်းနှင့်တကွသော ပရိသတ်၏ အထံ၌ မပြောခဲ့လေ၊ သင် မိဖုရားတစ်ဦးကိုသာ ပြောလို၍ လာသည်"ဟု ဆို၏။ မိဖုရားကလည်း "ပြောတော်မူပါ" ဟု တောင်းပန်သော် "သင်မိဖုရားအားဖြစ်သော ချင်ခြင်းငါးရပ်တို့တွင်–

(၁) လနေတို့ကိုနင်းလိုသော ချင်ခြင်းမှာ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ရှိကုန်သော တစ်ရာတစ်ပါးသော မင်းတို့သည် ရှင်မိဖုရားသားတော်၏ခြေရင်း အလုပ်အကျွေးသာဖြစ်အံ့သော ပုဗ္ဗနိမိတ်တည်း။

(၂) ကြယ်အပေါင်းကိုစားလိုသော ချင်ခြင်းမှာ အမိကွဲအဖတူဖြစ်သော မင်းတို့ကို သတ်လတ္တံ့သော ပုဗ္ဗနိမိတ်တည်း။

---

• ဇနသာဓကဟူ၍လည်းကောင်း၊ ဇနသာဓိဝကဟူ၍လည်းကောင်း (အချို့စာမူ၌)ရှိသည်။ ဓဝ 'ဇနသာဓက'ဿ အဓိကာရဋ္ဌ (မဟာဝံဋီကာ၊ စားချပ်၊ ကျော၊ ၈၊)

www.burmeseclassic.com



(၃) ကောင်းကင်၌ မြေးယှက်သောတိမ်ကို စားလိုသော ချင်ခြင်းမှာ သာသနာတော်မှ အပဖြစ်သော ကိုးဆယ့်ခြောက်ပါးသော ပါသဏ္ဍအယူတို့ကိုဖျက်ဆီး၍ ဘုရားသာသနာကို ချီးမြှောက်အံ့သော ပုဗ္ဗနိမိတ်တည်း။

(၄) သစ်ပင်၏အညွန့်ကို စားလိုသော ချင်ခြင်းမှာ အထက်ကောင်းကင်သို့ တစ်ယူဇနာတိုင်အောင် အာဏာနံ့လတ္တံ့သော ပုဗ္ဗနိမိတ်တည်း။

(၅) မြေ၌ တီကိုစားလိုသော ချင်ခြင်းမှာ မြေ၏အတွင်းကို တစ်ယူဇနာတိုင်အောင် အာဏာနံ့လတ္တံ့သော ပုဗ္ဗနိမိတ်တည်း။ ဤသို့ ဆရာပြဆိုခဲ့သော အကျိုးဖြစ်လတ္တံ့သည်၏ ပုဗ္ဗနိမိတ်အလို့ငှာ ငါးဖြာသော ချင်ခြင်းသည်ဖြစ်သတည်း''ဟု ဟောပေ၏။

မိဖုရားလည်း အလွန်အားရ နှစ်သက်သည်ဖြစ်၍ ဟောသော အကျိုးငါးပါးစီကို ရွှေပြား၌ရေးစေ၍ ''ဆရာ ဟောသောအတိုင်းမှန်မူ ဆရာကို နေရာအရပ်မှ ရွှေထမ်းစင်ဖြင့်ယူ၍ ပူဇော်ပါအံ့''ဟု လျှောက်ပြီးလျှင် ထိုက်လျောက်သော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်၍ လွှတ်လိုက်၏။

## အသောကမင်းသား

ဓမ္မာ မိဖုရားသည်လည်း ဖွားချိန်သင့်သောအခါ ကောင်းမြတ်သော လက္ခဏာနှင့်ပြည့်စုံသော သားတော်ကို ဖွား၍ အသောကမင်းသားဟု အမည်ကိုမှည့်၏။ မင်းသားသည် ထိုင်တတ်သော အရွယ်သို့ရောက်သောအခါ မင်းကြီး၏အထံသို့ ဆောင်ခဲ့လေ၍ မင်း၏ရင်ခွင်ထက်၌ ကစားကာ နေစေ၏။ လက်ျာရစ် ခရုသင်းကိုလည်း မင်းကြီးကိုင်လျက်နေသည်နှင့် မင်းသားသည် ကျင်ငယ်စွန့်လေသော် ခမည်းတော်မင်းသည် ကျင်ငယ်ကို ခရုသင်းဖြင့်ခံ၍ မင်းသား၏ထိပ်၌ လောင်း၏။ ဓမ္မာမိဖုရားလည်း မြင်၍ အမျက်ထွက်ရကား မင်း၏လက်မှ သားကိုယူ၍ ထိုအကြောင်းကို ဆရာဖြစ်သော ဇနသာန အာဇီဝကအား ပြောဆို၏။ ထိုဆရာကလည်း ''မိဖုရား၊ မစိုးရိမ်လင့်၊ သားတော်သည် (ဘီသိက်သွန်းပြီး ဖြစ်လေပြီ) ဇမ္ဗူဒိပ်၌ မြတ်သောမင်းဖြစ်လတ္တံ့ဟု ပြောပြီးမှ ငါ ဟောသည့်အတိုင်းမှန်မူ ငါ့ရှိရာလာ၍ ပင့်စေ''ဆိုပြီးသော် ပါဋလိပုတ်ပြည်မှသည် ယူဇနာ တစ်ရာဝေးသောအရပ်၍ သွား၍နေလေ၏။

၁။ (ဓမ္မာသောကမင်း မယ်တော်၏ ချင်ခြင်း ဖြစ်ခြင်းကိုလည်းကောင်း။ ဇနသာန အာဇီဝက၏ အကြောင်းအရာကိုလည်းကောင်း။ မဇ္ဈိမနိကာယ် စူဠသီဟနာဒသုတ်သီဟိုဠ် အဋ္ဌကထာ၌ ဆိုသည်။)

ဓမ္မာသောကမင်း အရွယ်သို့ရောက်လတ်သော် ခမည်းတော်က အိမ်ရှေ့အရာပေး၍ အဝန္တီတိုင်း ဥဇ္ဇေနီပြည်ကြီးကို စားစေ၏။ တစ်ရံသောအခါ အမောင်စားရာမြို့သို့ သွားနေလေဟု စေလိုက်၏။ ဓမ္မာသောကမင်းသားလည်း ယူဇနာတစ်ရာ ဝေးခြားသော ဥဇ္ဇေနီတိုင်းပြည်သို့သွားလေသော် ခရီးအကြား ယူဇနာငါးဆယ်ရှိသောအရပ်၌ ဝိဋူဒဘ ဘေးကြောင့် သာကီဝင်မင်းတို့ ပြေးပုန်း၍နေသော ဝေဒိသကမြို့သည်ရှိ၏။ ထို၌နေသော သာကီဝင်သူဌေးသမီးဖြစ်သော ဝေဒိသကဒေဝီကို ယူခဲ့၍ ဥဇ္ဇေနီပြည်ကြီး၌ မင်း၏စည်းစိမ်ကို ခံစား၍နေလေ၏။ ဝေဒိသကဒေဝီကိုယူ၍ မကြာမီ မဟိန္ဒမင်းသားကို ပဋိသန္ဓေယူလေ၏။ ထိုမင်းသားကိုဖွား၍ ဖဝါးခြေဖြင့် သွားတတ်သော် သမီးတော် သင်္ဃမိတ္တာကို ဖွားမြင်ပြန်၏။ အခါတစ်ပါး၌ ခမည်းတော် ဗိန္ဒုသာရမင်းကြီးသည် နာတော်မူကြောင်းကိုကြား၍ ဥဇ္ဇေနီပြည်မှ အလျင်ချီခဲ့ပြီးသော် ဝေဒိသကဒေဝီနှင့် သမီးတော်သားတော်တို့ကို ဝေဒိသကပြည်တွင်ထားခဲ့၍ မိမိချည်းသာ ပါဋလိပုတ်ပြည်သို့လာခဲ့၍ ခမည်းတော်အား လုပ်ကျွေးပြုစု၏။ ဗိန္ဒုသာရမင်းကြီးလည်း နန်းသက်စည်းစိမ် ဆယ်နှစ်သာသနာသက္ကရာဇ် နှစ်ရာတစ်ဆယ့်လေးခုနှစ်တွင် အနိစ္စရောက်တော်မူ၏။ ခမည်းတော် ခန္ဓာငြိမ်းခဲ့သော် ပြည်အလုံးကို သိမ်းယူ၍ မင်းပြုတော်မူလေ၏။

## နိဂြောဓသာမဏေ

ထိုအကြောင်းကို နောင်တော် သုမနမင်းသား ကြားသော် ကိုးကျိပ်ကိုးယောက်သော ညီတော်တို့နှင့်တကွ သမုဒ္ဒရာလှိုင်းထသကဲ့သို့ စစ်ကြီးစီရင်၍ လာပြီးလျှင် ပါဋလိပုတ်ပြည်ကို ဝန်းရံလေ၏။ ဓမ္မာသောကမင်းလည်း မြို့တွင်း ရဲမက်နှင့်တကွ စည်းရုံး၍တိုက်လေလျှင် နောင်တော်ကိုးကျိပ်ကိုးယောက်ကိုရ၍ သတ်လေ၏။ နောင်တော် သုမနမင်း၏ မိဖုရား သုမနဒေဝီသည် မင်းသားသေကြောင်းကို ကြားလေလျှင် ရင့်သော ကိုယ်ဝန်နှင့်တကွ မထင်ရှားသော အသွင်ဖြင့် ပြေး၍ မနီးမဝေးသော ဒွန်းစဏ္ဍားတို့၏ ရွာသို့ သွားလေ၍ရောက်လျှင် ထိုရွာ၏အနီး ပညောင်ပင်ကြီး၌စောင့်သော နတ်သည် သုမနဒေဝီအား ဤသို့လာလော့-ဟု ခေါ်နှင့်ပေ၏။ မိဖုရား ချဉ်းကပ်လေလျှင် တစ်ခုသော ဇရပ်ကို ဖန်ဆင်း၍နေစေ၏။

www.burmeseclassic.com

www.burmeseclassic.com



သုမနဒေဝီလည်း ဇရပ်သို့ရောက်သော နေ့၌ပင်လျှင် သတို့သားကို ဖွားမြင်၏။ ထိုသားအား ပညာစောင့်နတ်မသည်ကို အကြောင်းပြု၍ 'နိဂြောဓလုလင်'ဟု သမုတ်ပေ၏။ ဒွန်းစဏ္ဍားအကြီးလည်း ထိုမိဖုရားကို မြင်သည်မှစ၍ မိမိ၏ အရှင်သမီးကဲ့သို့မှတ်လျက် လုပ်ကျွေးပြုစုပေ၏။ နိဂြောဓသတို့သား ခုနစ်နှစ်အရွယ်သို့ရောက်လတ်သော် မဟာဝရုဏမည်သော ရဟန္တာသည် သူငယ်၏ ရဟန္တာဖြစ်အံ့သောအကြောင်းကို မြင်၍ သုမနဒေဝီအား တရားစကားဟောကြားဆုံးမပြီးလျှင် သတို့သားကိုယူ၍ ရဟန်းပြုစေ၏။ နိဂြောဓ လုလင်လည်း ဦးခေါင်းရိတ်စဉ်ပင် တစပဉ္စကကမ္မဋ္ဌာန်းကို ဆရာရဟန်း သင်ကြားသဖြင့် သင်တုန်းစား၏ အဆုံး၌ပင် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ သိရိဓမ္မာသောကမင်းကြီးကား မိမိနှင့် တစ်မိတစ်ဖတည်းဖြစ်သော ညီတော် တိဿကိုထား၍ တစ်ဖသားချင်းဖြစ်သော နောင်တော် ကိုးကျိပ်ကိုးယောက်ကိုဖျောက်၍ လေးနှစ်တိုင်တိုင် ဘိသိက်မခံဘဲ ပြည်ထဲရေးကိုသာ သုတ်သင်စီရင်လျက် သက္ကရာဇ် နှစ်ရာ့တစ်ဆယ့်ရှစ်ခု ရောက်သောအခါမှ ရာဇာဘိသေကကို ခံတော်မူ၏။ ညီတော် တိဿကုမာရကိုလည်း အိမ်ရှေ့ပေးတော်မူ၏။

## သိရိဓမ္မာသောကမင်း၏ ရှေးကောင်းမှု

*ဝေဒိသကဒေဝီလည်း မဟိန္ဒမင်းသားနှင့် သမီးတော် သင်္ဃမိတ္တာကိုပါ ပါဋလိပုတ်ပြည်သို့ ပို့စေ၏။ မိမိမူကား ဝေဒိသကပြည်၌ပင် နေလေ၏။ သိရိဓမ္မာသောကမင်းလည်း ရှေးကောင်းမှု၏ အာနုဘော်, ဘိသိက်၏အာနုဘော်ကြောင့် ဇမ္ဗူဒီပါကျွန်းပေါ်၌ တစ်ယောက်တည်းသော မင်းအဖြစ်သို့ ရောက်တော်မူ၏။ အောက်မြေထဲကိုလည်း တစ်ယူဇနာ ထွင်း၍, ကောင်းကင်ကိုလည်း တစ်ယူဇနာတက်၍ အာဏာစက်တော်နှံ့၏။ အနဝတတ်အိုင်မှ တစ်နေ့ ရှစ်ထမ်းသော ရေတို့ကို နတ်တို့သည် နေ့တိုင်း ပို့ဆက်လာကုန်၏။ ထိုရေအိုး တစ်ဆယ့်ခြောက်လုံးတို့တွင် ရှစ်လုံးသော ရေအိုးတို့ကို သံဃာတော်တို့အား ကပ်လှူသည်။ နှစ်လုံးသော ရေအိုးတို့ကို ပိဋကတ်သုံးပုံဆောင်သော ရဟန်းတို့အား လှူတော်မူသည်။ နှစ်လုံးသော ရေအိုးတို့ကို အသန္ဓိမိတ္တာ မိဖုရားကြီးအား ပေးတော်မူသည်။ နှစ်လုံးသော ရေအိုးတို့ကို တစ်သောင်းခြောက်ထောင်သော မောင်းမတို့အား ပေးတော်မူသည်။ နှစ်လုံးသော ရေအိုးတို့ကို ကိုယ်တော် သုံးဆောင်သည်။

ထိုမှတစ်ပါး ဟိမဝန္တာတောမှ နူးညံ့သိမ်မွေ့စွာသော အရသာနှင့်ပြည့်စုံသော နာဂလတာမည်သော ကွမ်းရိုးဒန်ပူတို့ကိုလည်းကောင်း, ဆေးဖြင့်ပြီးသော ရှိန်းသီးတို့ကိုလည်းကောင်း, နတ်တို့ ပို့ဆက်လာကုန်၏။ ထိုမှတစ်ပါး အနံ့အရသာနှင့်ပြည့်စုံသော သရက်သီးမှည့်တို့ကိုလည်းကောင်း, ဆဒ္ဒန်အိုင်၏အနီး၌ဖြစ်သော ပဒေသာပင်မှ အဆင်းငါးပါးရှိသော ဝတ်စရာ ရုံစရာ အထည်တို့ကိုလည်းကောင်း, လိမ်းကျံစရာ နံ့သာပြောင်း နံ့သာမှုန့်တို့ကိုလည်းကောင်း ချည်ဖြင့်ရက်သော မုလေးပွင့်ကဲ့သို့ နူးညံ့သိမ်မွေ့သော အပေါ်ရုံ ပုဆိုးတို့ကိုလည်းကောင်း, နတ်တို့သည် ပို့ဆက်လာကုန်၏။ မြတ်သောသူတို့အား ထိုက်သော မျက်စဉ်းတို့ကိုလည်းကောင်း နဂါးတို့သည် ဆက်လာကုန်၏။ ဆဒ္ဒန်အိုင်၏ အနီး၌ဖြစ်သော သလေးစပါးတို့ကိုလည်း ကျေးသား, ငုံး, ခါ စသော ငှက်တို့သည် ချီဆောင်၍ လှည်းကိုးထောင်တိုင်တိုင် ဆက်လာကုန်၏။

လှည်းကိုးထောင်ဟူသည်ကား လေးဆုပ်ကို တစ်ကုံချ, လေးကုံချကို တစ်ကွမ်းစား, လေးကွမ်းစားကို တစ်ပြည်, လေးပြည်ကို တစ်စိတ်, လေးစိတ်ကို တစ်တင်း, ၁ (အတင်း တစ်ရာ့ နှစ်ဆယ်သည် တစ်ဝါဟ, နှစ်ဝါဟကို တစ်လှည်း, ဤကား လှည်းပေါင်း ကိုးထောင်တည်း။ ဤကား သုတ္တနိပါတ် အဋ္ဌကထာ စသည်တို့၌ လာသော ဝေါဟာရတည်း။ ဂဏာန်းကျမ်းတို့၌ကား လေးတင်းကို တစ်တို့, လေးတို့ကို တစ်ပုတ်, လေးပုတ်ကို တစ်ကတ်, လေးကတ်ကို တစ်ကျ, လေးကျကို တစ်ကျီ တင်းပေါင်း လေးဆယ်သည် တစ်ဝါဟ မည်၏–ဟု ဆိုကုန်သည်။ ယခု သုံးစွဲသော တင်းဖြင့်ရေတွက်သော် လှည်းပေါင်းကိုးထောင်ကို တင်းပေါင်း သုံးသောင်းခြောက်ထောင်ရှိ၏။

ထိုသို့ ကျေးငှက်တို့ ဆောင်ခဲ့သော စပါးကို ညဉ့်အခါ၌ ရှဉ့်, ကြွက်, မြွေ စသော သတ္တဝါတို့သည် ဆန်အလုံးမပျက်စေဘဲ ဖွဲနု ဖွဲကြမ်းကိုသာ နွာ၍ပေးကုန်၏။ ထိုဆန်ဖြင့် အရိယာ သံဃာတော်တို့အားလည်း ဆွမ်းလုပ်ကျွေး၏။ မင်း, မိဖုရား, မောင်းမမိဿံ, ဖြေရုံ, မှူးမတ်တို့ကိုလည်း ရိက္ခာစားနပ် ပေးတော်မူ၏။ ထိုမှတစ်ပါးလည်း ပျားကြီး ပျားငယ်တို့ကို နီးရာနီးရာ အရပ်၌ အသလက်

* (မဟာဝင်စာကိုယ်ဋီကာ)၌ ဓမ္မာသောကာဘိသေက ကထာ– ဤတွင်ဆုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ လဘို့ဖြစ်သော စွဲလာကုန်၏။ တောဌ်နေသော ဝံ, မျောက် စသော သတ္တဝါတို့သည် ပန်းဘဲဖိုသို့ဝင်၍ နေ့ညဥ့် မပြတ် တူပေကိုင်၍ စတ်ပုတ်ရကုန်၏။ ကရဝိက်ငှက်တို့ သည်လည်း နန်းတော်ထက်ဝန်းကျင်မှ သာယာသော အသံဖြင့် ကျူးရင့်လာကုန်၏။

## ကာဠနဂါး ဘုရားဖန်ဆင်းခြင်း

ဤသို့ ဘုန်းတန်ခိုးအာနုဘော်နှင့် ပြည့်စုံသော တက်သစ်သော နေမင်းသဖွယ် ဖြစ်တော်မူသော သီရိဓမ္မာသောကမင်းကြီးသည် အစဉ်အဆက် မီကုန်သော မှူးမတ်တို့၏ စကားဖြင့် ဘုရားသခင်၏ အသွင်အပြင်ကို ဖူးမြင်လိုရကား ဘုရားလေးဆူကို မီလိုက်သော ဝိဝဋ္ဋာဋ္ဌာယီတစ်ကပ်ပတ်လုံး အသက်ရှည်သော ကာဠနဂါးကိုခေါ်၍ ရွှေခြေကျဉ်းအဖွဲ့ကို •သမုဒ္ဒရာထဲသို့ ချလိုက်၏။ ထိုခြေကျဉ်းသည် ကာဠနဂါးမင်းနေရာသို့ ရောက်လေသော် ထိုနဂါးနေရာလည်း မြေအောက် တစ်ယူဇနာအတွင်း၌ဖြစ်၍ မင်း၏နိုင်ငံတော် ဖြစ်သောကြောင့် မနေဝံ့ရကား ထင်ရှားစွာ လာရလေ၏။ သီရိဓမ္မာသောကမင်းကြီးလည်း ကာဠနဂါးမင်း ရောက်သောအခါ ထီးဖြူမိုးကာသော ရတနာပလ္လင်ထက် နေစေ၍ ကျက်သရေရှိသော ရေပန်း,ကြည်းပန်းတို့ဖြင့်လည်းကောင်း, ရွှေပန်း, ငွေပန်း, ပေါက်ပေါက်ပန်းတို့ဖြင့်လည်းကောင်း ပူဇော်၍ ရှုပျော်ဖွယ်သော ကချေသည်အပေါင်း တစ်သောင်းခြောက်ထောင်တို့ကို ခြံရံစေလျက် နဂါးမင်းအား ဤသို့ ဆို၏။

"အဆုံးမရှိသော အားတော်ဆယ်တန်၊ ဉာဏ်တော်ဆယ်ပါးနှင့်ပြည့်စုံသော စကြဝဠာမင်း၏ ရတနာခုနစ်ပါးနှင့်တူသော ဗောဇ္ဈင်ခုနစ်ပါးတည်းဟူသော ရတနာခုနစ်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကို သင်၏ကိုယ်တိုင် မြင်ဖူးရသည်။ ငါမူကား မမြင်ပါရ။ ထိုဘုရားသဏ္ဌာန်ကို ဖန်ဆင်း၍ ငါ့အား ပြပါလော့"ဟု ဆို၏။ နဂါးမင်းလည်း "အရှင်မင်းကြီး၊ အစိန္တေယျလေးပါးနှင့် ပြည့်စုံတော်မူသော ကိလေသာကင်းသော ဘုရားသခင်၏သဏ္ဌာန်ကို အကျွန်ုပ် ဖန်ဆင်း၍ ဘယ်မှာတူနိုင်အံ့နည်း။ မပြစွမ်းနိုင်ပါ"ဟု ဆို၏။ မင်းကြီးကလည်း "ပီပြင်စွာ မပြနိုင်သော်လည်း တစ်စိတ်တစ်ဒေသမျှပင် ပြပါလော့"ဟု ဆိုလျှင် ကာဠနဂါးလည်း သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်, ရောင်ခြည်ခြောက်သွယ်တို့ဖြင့် တန်ဆာဆင်အပ်သော လူ, နတ်, နဂါး, သိကြား, ဗြဟ္မာတို့၏ စက္ခုပသာဒ၏ တည်ရာဖြစ်သော ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ–ဟူသော ဘုရားလေးဆူတို့၏အသွင်တော်ကို ပြပေ၏။ မင်းကြီးလည်း ထိုသို့သော အဆင်းတော်ကိုရှုလျက် ခုနစ်ရက်ပတ်လုံး မျက်စိဖြင့် ပူဇော်ခြင်းကို ပြုတော်မူ၏။ သီရိဓမ္မာသောကမင်းကား ဘိသိက်ခံပြီးမှ လေးနှစ်တိုင်တိုင် သာသနာတော်မှ အပဖြစ်သော လောကီစည်းစိမ်ကိုသာ များစွာ ဆည်းပူးတော်မူ၏။ လေးနှစ်လွန်သောအခါမှ သံသရာကြောင်းကို တိုင်းထွာ၍ ဆရာကောင်း ဆရာမြတ်တို့ကို ရှာ၏။

• (မဟာဝင်ဋီကာ)၌ ဤသို့မဆို ဂင်္ဂါမြစ်၌ချအပ်သော ရွှေခြေကျဉ်းသည်ဖြင့် (သာရတ္ထဒီပနီဋီကာ–၁၁၆)၌ ဆိုသည်။

## နိဂြောဓနှင့် သီရိဓမ္မာသောက

တစ်ရံသောအခါ ငါသည် ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို အစိုးရသော ကေရာဇ်မင်း၏ စည်းစိမ်ကို ရတော်မူသည်။ ထိုသို့ ဖြစ်လတ္တံ့သောအကြောင်းကို ပဋိသန္ဓေနေစဉ်ကပင် တစ်စုံတစ်ခုသော နိမိတ်ထင်ဖူးလေသလောဟု မယ်တော်ဖြစ်သော ဓမ္မာမိဖုရားအား မေးတော်မူ၏။ မယ်တော်လည်း ရွှေပေနှင့်ရေး၍ထားသော အခြင်းအရာကိုပြပေ၏။ မင်းကြီး မြင်လျှင် ယခင် နိမိတ်ဖတ်ဖူးသော ဆရာ ဇနသာန အာဇီဝကကို ပူဇော်သက္ကာရပြုလို၍ ရတနာအတိပြီးသော ထမ်းစင်ဖြင့် ဆောင်လေ၏။ ဆရာလည်း ပူဇော်ခံခြင်းငှာ လိုက်လာ၍ လမ်းခရီးအကြား၌ အဿဂုတ္တ ရဟန္တာကိုတွေ့၍ တရားတော်ကို နာရလျှင် ရဟန္တာအဖြစ်သို့ရောက်၍ ပူဇော်မခံလိုဘဲ ထိုအရှင်ထံ၌ပင် နေလေ၏။

ထိုမင်း ခမည်းတော် ဗိန္ဒုသာရမင်းကြီးသည် ပုဏ္ဏားမျိုးဖြစ်သော ပါသဏ္ဍအယူရှိသော သက်န်းယောင် ပုဆိုးဝတ်သော ပဏ္ဍာရင်္ဂတိတ္ထိတို့အားလည်းကောင်း၊ ဒုစရိုက်ဆယ်ပါးကိုသာ ရှောင်လျက် ရဟန်းယောင်ပြုနေသော ပရိဗ္ဗာဇကတိတ္ထိတို့အားလည်းကောင်း၊ အချည်းစည်းနေသော အစေလက တိတ္ထိတို့အားလည်းကောင်း၊ ငါတို့အား ကိလေသာတည်းဟူသော အနှောင်အဖွဲ့မရှိ ရဟန္တာဖြစ်ပြီဟု ဝန်ခံလျက် သူတစ်ပါးထံ အလှူခံ၍ များစွာသော ပရိက္ခရာတို့ကို ဆောင်ယူတတ်သော နိဂဏ္ဌာတိတ္ထိတို့အားလည်းကောင်း၊ ငါတို့ဆရာကား ထာဝရဘုရားတည်း၊ ထိုဘုရားကို ကိုးကွယ်မှု လူတို့၏ မကောင်းသော အကျင့်ဟူသမျှကို ထာဝရ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသာ ကိုယ်စားခံတော်မူသည်ဖြစ်၍ မကောင်းမှုမရှိပြီဟု ယူသော နတ္ထိကတိတ္ထိတို့အားလည်းကောင်း ဤသို့ စသည်ဖြင့် ပြားသော ခြောက်သောင်းမျှလောက်သော တိတ္ထိတို့အား ဝတ်ထားလုပ်ကျွေးပြုစု၏။ သိရိဓမ္မာသောကမင်းလည်း ခမည်းတော် ကျွေးမြဲသောဝတ်ကို မချွတ်စေခြင်းငှာ အိမ်တော်၌ အမြဲ လုပ်ကျွေး၏။

တစ်နေ့သ၌ ခြသေ့်ခံအပ်သော လေသာဝယ် နံရံတံခါးကိုလှပ်၍ ကြည့်တော်မူသော် လျှပ်ပေါ်သော ဣန္ဒြေနှင့် နေထိုင်စားသောက်ကြသော ထိုတိတ္ထိပရိဗိုဇ်တို့ကိုမြင်၍ ဤသူတို့၌ မြတ်သောတရားသည် မရှိရာ၊ သွားလာနေထိုင်ခြင်းကိစ္စ၌ ငြိမ်သက်သိမ်မွေ့ခြင်းမရှိ၊ ပကတိ လူကဲ့သို့ပင်တကား။ မြတ်သောအလှူခံတို့ကို ရှာကြံရွေးချယ်၍ လှူမှသာလျှင် အကျိုးရှိရာသည်တကားဟု ကြံမိလေ၏။ ထိုသို့ကြံပြီးသော် အမတ်များတို့ကိုခေါ်၍ "အမောင်တို့၊ သူတော်ကောင်းဟု သမုတ်အပ်သော အလှူခံတို့ကိုရှာ၍ ပင့်ခဲ့ကုန် ငါ အလှူပေးလိုသည်"ဟု ဆို၏။ ထိုအမတ်တို့သည် တိတ္ထိပုဂ္ဂိုလ်တို့ကိုပင့်ဆောင်၍ "အရှင်မင်းကြီး၊ ဤပုဂ္ဂိုလ်ကား အကျွန်ုပ်တို့၏ ဆရာရဟန္တာပါတည်း"ဟု လျှောက်ကုန်၏။ မင်းကြီးလည်း သူမြင့်မဟုတ်မှန်းကိုသိ၍ ထိုတက္ကတွန်းတို့နှင့် သင့်လျော်ရုံသော ပူဇော်သက္ကာရကိုသာ ပြု၍ သွားစေ၏။ ဤသို့ အလှူခံမြတ်ကို ဖွေရှာ၍ နေ့စဉ် လှူ၏။

တစ်နေ့သ၌ နိဂြောဓသာမဏေသည် နံနက်အခါ ဆရာတို့၌ပြုထိုက်သော ဝတ်ကိုပြုခဲ့ပြီး၍ သပိတ်, သင်္ကန်း ပြင်ဆင်လျက် မယ်တော်အိမ်သို့ ဆွမ်းခံအံ့သောငှာ မြို့၏ တောင်မျက်နှာမှ ဝင်လာ၍ အရှေ့မျက်နှာသို့ ရှေးရှုသွားသတည်း။ မယ်တော်အိမ်ကား မြို့၏ အရှေ့မျက်နှာ၌ရှိသည်။ ထိုအခါ သိရိဓမ္မာသောကမင်းလည်း လေသာ နံရံတံခါးဝ၌ရပ်၍ အရှေ့အရပ်သို့မျှော်စဉ် မင်းရင်ပြင်သို့ သန်း၍လာသော နိဂြောဓသာမဏေငယ်ကိုမြင်လျှင် ဤသို့ ဆင်ခြင်၏။ မြင်မြင်သမျှသော လူအပေါင်းကား မတည်ကြည်သော နှလုံးရှိ၏။ တုန်လှုပ်လျှပ်ပေါ်သော ဣန္ဒြေလည်းရှိ၏။ ကျောက္ကွင်း၌မိသော သမင်ကဲ့သို့လည်းကောင်း၊ ကျီး၏ မျက်နှာကဲ့သို့လည်းကောင်း ရှိ၏။ ဤနန်းရင်ပြင်ဖြင့်သွားသော သူငယ်မူကား အလွန်တည်ကြည်သော ဣန္ဒြေသည် ရှိ၏။ ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း, တူရူကြည့်ခြင်း တစ်စောင်းကြည့်ခြင်းတို့သည် မရှိပေ။ လက်ခြေတို့၏ကွေးခြင်း၊ ဆန့်ခြင်းစသော အမူအရာသည်သိမ်မွေ့စွာ၏တကား။ ဤသူငယ်၏ ကိုယ်တွင်း၌ မြတ်သောတရားသည် ရှိပေရာ၏ဟု ကြံပြီးလျှင် အလွန်ချစ်ခင်ကြည်ညိုသောစိတ်သည် ဖြစ်၏။ အဘယ့်ကြောင့် ဖြစ်သနည်း ဟူမူကား ရှေးကောင်းမှု ပြုကြသောအခါ နိဂြောဓသာမဏေသည် အစ်ကိုကြီး, ဒေဝါနံပိယတိဿမင်းသည် ညီအလတ်, သိရိဓမ္မာသောက မင်းကြီးသည် ညီအထွေး ဖြစ်ဖူးသောကြောင့် မြင်တော်မူလျှင် လွန်စွာ ကြင်နာစုံမက်ခြင်းသည် ဖြစ်သတည်း။ ထိုသို့ ရှေးဘဝ၌ အတူတကွ ကောင်းမှုပြုဖူးသောကြောင့်လည်းကောင်း၊ မျက်မှောက်သောအဖြစ်ဝယ် နှစ်သက်ဝမ်းသာ စီးပွားချမ်းသာကို ဆောင်ပေသောကြောင့် လည်းကောင်း ဤအကြောင်းနှစ်ပါးဖြင့် ချစ်ခြင်းတရားသည် ဖြစ်သတည်း။ ထို့ကြောင့် ဘုရားသခင်လည်း–

*ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။
ဧဝံတံ ဇာယတေပေမံ၊ ဥပ္ပလံဝ ယထောဒကေ။

ဟူသော ဂါထာကို ဟောတော်မူသတည်း။

ဘိက္ခဝေ၊ တို့။ ပုဗ္ဗေဝေ၊ ရှေးဘဝကလျှင်။ သန္နိဝါသေန၊ အတူတကွ မိ၊ ဖ၊ ပေါက်ဖော် တော်စပ်နီးကာ ကောင်းမှုကို ပြုရာဖူးသောကြောင့်လည်းကောင်း။ ပစ္စုပ္ပန္နဟိတေနဝါ၊ ပစ္စုပ္ပန်ဘဝ၌ အကျိုးစီးပွားကို ရွက်ဆောင်ခြင်းကြောင့်လည်းကောင်း။ ဧဝံ၊ ဤသို့ အကြောင်းနှစ်ပါးဖြင့်။ တံပေမံ၊ ထိုချစ်ခင်ခြင်းသည်။ ဇာယတေ၊ ဖြစ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဥဒကေ၊ ရေ၌။ ဥပ္ပလံ၊ ကြာသည်။ ဥဒကဥ္စ၊ ရေကိုလည်းကောင်း။ ကဒ္ဒမဥ္စ၊ ညွန်ကိုလည်းကောင်း၊ နိဿာယ၊ မှီ၍။ ဇာယတေယထာ၊ ဖြစ်သကဲ့သို့တည်း။

မင်းကြီးလည်း သာမဏေအား ထိုအကြောင်းနှစ်ပါးဖြင့် အားကြီးသော မြတ်နိုးခြင်းရှိသည်ဖြစ်၍ "သာမဏေကို မြန်စွာလိုက်၍ ပင့်ချေ"ဟု အမတ်တို့ကို စေ၏။ အမတ်တို့ လိုက်၍ပင့်စဉ် မင်းကြီးလည်း ကြာသည်ဟူ၍ တစ်ဖန်ထပ်၍ အမတ်တို့ကို စေပြန်၏။ ထိုသို့ အကြိမ်ကြိမ်ထပ်၍ အမတ်တို့ကို ပင့်စေသော်လည်း သာမဏေသည် လျင်စွာ မကြွမူ၍ ပြကတေ့သော လာခြင်းဖြင့်သာလာ၍ မင်းအိမ်သို့ တက်မိလေသော် "သင်နှင့်လျော်သော နေရာ၌ နေလော့"ဟု မိန့်တော်မူ၏။ သာမဏေလည်း ထိုမှ ဤမှ ကြည့်ရှုလေသော် ယခုအခါ ငါ့ထက် သိက္ခာကြီးသော ရဟန်းသည် ဤအိမ်ထက်၌ မရှိပြီဟု ကြံပြီးလျှင် ထီးဖြူ

* (ဒုကနိပါတ်- ၂၃၇၊ သာကေတဇာတ်)လာ ဂါထာတည်း။

www.burmeseclassic.com



အုပ်သော ရာဇပလ္လင်ထက်သို့ တက်အံ့သော အခြင်းအရာကို ပြုလျက် မင်းကြီးလက်သို့ သပိတ်ကို ကမ်း၏။ မင်းကြီးလည်း ထိုအခြင်းအရာကိုမြင်လျှင် ဤရှင်သာမဏေယသည် ယနေ့ ငါ၏အိမ်တော်အလုံး၌ အရှင်ဖြစ်လတ္တံ့ဟု ကြံ၍ သပိတ်တော်ကို လှမ်း၏။ သာမဏေလည်း ရာဇပလ္လင်ထက်သို့တက်၍ ထိုင်လေလျှင် မင်းကြီးသည် အထူးထူးသော ခဲဖွယ်ဘောဇဉ်တို့ကို သပိတ်၌ လောင်း၍ကပ်၏။ သာမဏေလည်း ဘုဉ်းပေးသုံးဆောင်ပေ၏။ ပြီးစီးသော အခါ မင်းကြီးသည် ဤသို့ မိန့်တော်မူ၏။ "သာမဏေ သင်၏အမျိုးအနွယ်ကား အဘယ်သူ၏ အမျိုးအနွယ်နည်း၊ အဘယ်သူ၏ အဆုံးအမကို ခံသနည်း၊ သင်၏အယူကား အဘယ်သို့ ယူသနည်း"ဟု မေးတော်မူ၏။ သာမဏေကလည်း "ငါ၏အမျိုးအနွယ်ကား ဉေယျခံ တရားငါးပါးကို အကုန်သိမြင်သော သဗ္ဗညုဘုရား၏အနွယ်တည်း။ ထိုဘုရားရှင် အဆုံးအမ၌သာ ငါ တည်သတည်း။ ငါ၏ အယူလည်း အဆူဆူသော ဘုရားသခင်တို့ရောက်စဉ် ပျော်စံရာဖြစ်သော နိဗ္ဗာန်ကိုသာ အာရုံပြုသတည်း"ဟု မိန့်တော်မူ၏။

မင်းကြီးလည်း "သင်တို့ဆရာ မြတ်စွာဘုရား၏အဆုံးအမကို သိလျှင် ငါ့အား ကြားပါ"ဟု ဆို၏။ သာမဏေကလည်း "မင်းကြီး၊ ငါ အတန်ငယ်မျှသာ သိပါသေးသည်။ နာလိုမူ ငါ ဟောအံ့"ဟု ဆို၍ ဓမ္မပဒ၌ အပ္ပမာဒဝဂ်ကို ဟော၏။ အပ္ပမာဒေါ အမတံ ပဒံ၊ ပမာဒေါ မစ္စုနော ပဒံ၊ အစရှိသော ဂါထာကိုကြားလျှင်ပင် "မောင်ရှင်သာမဏေ၊ ငါ သိပြီ၊ စုံလင်စွာဟောပါဦး"ဟူ၍ တောင်းပန်၏။ သာမဏေလည်း အပ္ပမာဒဝဂ် ဆုံးသည်တိုင်အောင် တရားကို ဟောပေ၏။ ယင်းသို့ တရားနာပြီးသော် မင်းကြီးလည်း "သာမဏေ၊ ရှစ်ဝတ်သောဆွမ်းတို့ကို ကျွန်ုပ် နေ့တိုင်း မပြတ် သင့်အား လှူ၏"ဟု မိန့်တော်မူ၏။ သာမဏေလည်း "ဒကာမင်းကြီး၊ လှူသော ဆွမ်းရှစ်ဝတ်ကို ငါ၏ ဥပဇ္ဈာယ် ဆရာအား လှူအံ့"ဟု ဆိုပေ၏။ မင်းကြီးလည်း "ဥပဇ္ဈာယ်ဟူသည် အဘယ်သို့သော သူနည်း"ဟု မေးပြန်၏။ "မင်းကြီး၊ အပြစ်ကြီးငယ်တို့ကို ကဲ့ရဲ့ဆုံးမ၍ ဤသို့ ကျင့်အပ်၏၊ ဤသို့ ဆိုအပ်၏ဟု သင်ပြသော သူတည်း" ဟု ပြောပေ၏။ မင်းကြီးကလည်း "ချစ်သား၊ သင်၏ ဥပဇ္ဈာယ်အားလည်း ဆွမ်းရှစ်ဝတ်၊ ချစ်သားအားလည်းဆွမ်း ရှစ်ဝတ် လှူ၏"ဟု မိန့်တော်မူပြန်၏။ သာမဏေလည်း "မင်းကြီး၊ ငါ့အဖို့ကို ငါ့ဆရာအား လှူအံ့"ဟု ဆိုပြန်၏။ "ချစ်သား၊ ဆရာဟူသည် အသို့သောသူနည်း"ဟု မေးပြန်သော် "မင်းကြီး၊ ဆရာဟူသည်ကား ပိဋကတ်သုံးပုံကို သင်ပေးသော သူတည်း"ဟု ပြောပေ၏။ မင်းကြီးကလည်း "ချစ်သား၊ သင်၏ ဆရာအားလည်း ဆွမ်းရှစ်ဝတ်၊ သင့်အားလည်း ဆွမ်းရှစ်ဝတ် လှူ၏"ဟု မိန့်တော်မူပြန်၏။ သာမဏေလည်း "မင်းကြီး၊ ငါ့အဖို့ကို သီတင်းသုံးဖော် သံဃာတို့အား လှူအံ့"ဟု ဆိုပြန်၏။ "ချစ်သား သီတင်းသုံးဖော် သံဃာဟူသည် အသို့သောသူနည်း"ဟု မေးပြန်သော် "မင်းကြီး၊ သံဃာဟူသည်ကား ငါ့အား ရဟန်းပြုသော အတူတကွ သီလဆောက်တည်ဘက်ဖြစ်သော သူတည်း"ဟု ပြောပေ၏။ "ချစ်သား၊ သံဃာတော်အားလည်း ဆွမ်းရှစ်ဝတ်၊ ချစ်သားအားလည်း ဆွမ်းရှစ်ဝတ် လှူအံ့"ဟု မိန့်တော်မူပြန်၏။ မင်းကြီးလည်း အတိုင်းထက်အလွန် ကြည်ညိုသော စိတ်ရှိတော်မူ၏။ နိဂြောဓသာမဏေလည်း ကောင်းပြီဟု ဝန်ခံ၍ ကြွတော်မူ၏။ မိုးသောက်သောနေ့၌ ရှစ်ဝတ်လေးလီ သုံးဆယ့်နှစ်ဝတ်သော ဆွမ်းတို့ကို သုံးကျိပ် နှစ်ပါးသော ရဟန္တာတို့အား ပင့်ခေါ်၍ နန်းတော်၌ ဆွမ်း ဘုဉ်းပေးတော်မူကြ၏။ ဆွမ်းဘုဉ်းပေးပြီးသော် မင်းကြီးက နိဂြောဓ သာမဏေကို ပင့်ခေါ်တော်မူ၍ "ချစ်သား၊ ယနေ့ ကြွလာသော ရဟန္တာ သုံးကျိပ်နှစ်ပါးကိုလည်းကောင်း၊ ထိုမှတစ်ပါး အလွန်ကိုလည်းကောင်း ပင့်ခေါ်၍ နက်ဖြန် ဆွမ်းဘုဉ်းပေးတော်မူပါ"ဟု လျှောက်ပြန်၏။ ဤသို့သော နည်းအားဖြင့် နေ့တိုင်းနေ့တိုင်း ပွားစေ၍ ခြောက်သောင်း သော တိတ္ထိတို့အား လှူသော ဆွမ်းဝတ်ကို ဖြတ်လျက် ခြောက်သောင်းသော ရဟန္တာတို့အား နန်းတော်တွင်း၌ အမြဲ ဆွမ်းလုပ်ကျွေးပေ၏။

## တိဿမင်းသား၏အကြံမှား

သိရိဓမ္မာသောကမင်းကြီးလည်း နိဂြောဓ သာမဏေ အား ပုထုဇဉ်တို့၏ ကြည်ညိုခြင်းထက် လွန်စွာ သဒ္ဓါကြည် ညိုတော်မူ၏။ သာမဏေလည်း ပရိသတ်တို့နှင့်တကွ မင်းကြီးအား သုံးပါးသော သရဏဂုံ၌လည်းကောင်း၊ ငါးပါး သော သီလ၊ ရှစ်ပါးသော သီလတို့၌လည်းကောင်း တည် စေ၏။ မင်းကြီးလည်း သံဃာတို့ နေစိမ့်သောငှာ အသော ကာရာမကျောင်းကို ဆောက်စေ၍ ခြောက်သောင်းသော ရဟန္တာမြတ်တို့အား ဆွမ်းဝတ်နှင့်တကွ လှူတော်မူ၏။ မင်းကြီးလည်း အဘိသိက်ခံ၍ လေးနှစ်မြောက်သောအခါ နန်းလျာအိမ်ရှေ့ထားသော မင်း၏ညီတော်ဖြစ်သော တိဿ မင်းသည် တောကစားအံ့သောငှာ သွားလေသော် တောအုပ် တွင်း၌ အချင်းချင်း ပျော်ပါးမြူးထူးကုန်သော သမင်

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းကိုမြင်၍ ဤသို့ကြံမိ၏။ မြက်သစ်ရွက်ကို စားရကုန်သော သမင်တို့လျက် အမှုကိစ္စမရှိ၊ မိမိတို့အလျောက် နေရသဖြင့် ပျော်ပါးမြူးထူးကြသေး၏။ သိမ်မွေ့သောအစာကို သုံးကာ သိမ်မွေ့သောအိပ်ရာ၌ အိပ်ကာနေကုန်သော ရဟန်းတို့မှုကား အဘယ်မှာ မမြူးထူးဘဲ နေတော့အံ့နည်းဟု ကြံ၏။ ထိုသို့ကြံ၍ တောကစားရာမှပြန်လာသော် နောင်တော် မင်းကြီးအား ထိုအကြောင်းကို လျှောက်ကြား၏။

မင်းကြီးလည်း ညီတော် အိမ်ရှေ့မင်းသည် အရာမဟုတ်သည်ကို ကြံဘိ၏တကားဟု မသက်သာရှိတော်မူ၍ ထိုအကြံကို ဥပါယ်တံမျဉ်ဖြင့် သိစေလို၍ တစ်နေ့သ၌ တစ်စုံတစ်ခုသောအကြောင်းဖြင့် အမျက်လိုသကဲ့သို့ပြု၍ "အမောင်သည် ခုနစ်ရက်လည်အောင် မင်းပြုဘိလော့၊ ခုနစ်ရက်လွန်လျှင် သင့်ကို ငါ သတ်တော့အံ့"ဟု ခြိမ်းခြောက်၍ အကြောင်းကို သိစေ၏။ အိမ်ရှေ့မင်းလည်း ခုနစ်ရက်လွန်သောနေ့၌ နောင်တော်သည် ငါ့ကို သတ်လတ္တံ့ဟု မစားမသောက်ဘဲ ချောက်ချားနေသောကြောင့် ခေါင်းပါးသော ကိုယ်ရှိသည်ဖြစ်၍ ခုနစ်ရက်စေ့သောအခါ၌ မင်းကြီးသည် အိမ်ရှေ့မင်းကိုခေါ်၍ မေးတော်မူ၏။ "ညီတော် သင်ကား အဘယ့်ကြောင့် ခေါင်းပါးညစ်ညှိုးသော ကိုယ်ရှိသနည်း"ဟု မေးတော်မူ၏။ "အရှင်မင်းကြီး၊ သေဘေးကို ကြောက်သောကြောင့် ဖြစ်ပါသည်"ဟု လျှောက်သော် "ညီတော်၊ သေအံ့သော နေ့ရက်ကို မြင်နိုင်သေးလျက် မမြူးထူးနိုင် ရှိသေး၏။ အရှင်ဖြစ်သော ရဟန်းတို့မှာကား အာနပါနနှင့် စပ်သော သေခြင်းတရားကို နေ့ညဉ့် ရှုကုန်လျက် အဘယ်မှာ မြူးထူးကုန်အံ့နည်း"ဟု မိန့်တော်မူ၏။ အိမ်ရှေ့မင်းလည်း ထိုနေ့မှစ၍ သာသနာတော်၌အလွန်ကြည်ညို၏။

တစ်နေ့သ၌ တောကစားသွားပြန်လေသော် ဆင်ပြောင်တစ်စီးသည် အင်ကြင်းခက်ကိုကိုင်၍ အရှင်ယောနကမဟာဓမ္မရက္ခိတထေရ်အား ကပ်လေ၍ အသောကာရာမကျောင်း၏အနီး၌ လေးထောင့်အပြင်ရှိသော ကန်၏အနားဝယ် ရပ်လျက် သက်န်းကို ကောင်းကင်၌ဆွဲ၍ ရေချိုးအံ့သောဟု သက်၏။ ထိုမဟာထေရ်၏ တန်ခိုးအာနဘော်ကို မြင်၍ အတိုင်းထက်အလွန် ကြည်ညိုခြင်းသည် ဖြစ်၏။ အိမ်ရှေ့မင်းလည်း ယနေ့ပင် ရဟန်းပြုအံ့ဟု ပြည်သို့ပြန်၍ မင်းအား ခွင့်တောင်းလေ၏။ မင်းကြီးလည်း မြတ်နိုးတော်မူသော နှလုံးတော်ရှိသည်ဖြစ်၍ အထူးထူးသော တောင်းပန်ခြင်းဖြင့် တောင်းပန်တော်မူ၏။ ထိုသို့ တောင်းပန်ငြားသော်လည်း မတတ်နိုင်သည်ဖြစ်၍ အသောကာရာမကျောင်းသို့ သွားသော ခရီးကို တန်ဆာဆင်စေ၍ အထူးထူးသော ချပ်တန်ဆာ, မိန်ညို, မောက်တို, မောက်လူ ဆင်ယင်သော စစ်သည်အပေါင်း ခြံရံစေ၍ ကျောင်းသို့ဆောင်လေ၏။ အိမ်ရှေ့မင်းလည်း အခြွေအရံ တစ်သိန်းနှင့်တကွ အရှင်ယောနက မဟာဓမ္မရက္ခိတ ထေရ်မြတ်ထံ၌ ရဟန်းပြုလေ၏။ အိမ်ရှေ့မင်းသည် အခြံအရံ တစ်သိန်းနှင့်တကွ ရဟန်းပြုလေသည်ဟူ၍ ပြည်သူတို့ကြားလေလျှင် လိုက်၍ ရဟန်းပြုလေသောသူကား မရေမတွက်နိုင် ဖြစ်သတည်း။

သိရိဓမ္မာသောကမင်းကြီး၏ တူတော်ဖြစ်သော အဂ္ဂိဗြဟ္မာအမည်ရှိသော မင်းသားကိုလည်း သမီးတော် သင်္ဃမိတ္တာနှင့် ထိမ်းမြား၍ သားတော် သုမနမင်းကိုရသဖြင့် ယရာဝါသမှ ငြီးငွေ့ရကား အိမ်ရှေ့မင်း ရဟန်းပြုပြီဟု ကြားလျှင် မင်း၏အထံတော်သို့သွား၍ အကျွန်ုပ် ရဟန်းပြုပါရစေဟု တောင်းပန်၏။ မင်းကြီးလည်း ခွင့်ပေးတော်မူ၏။ ထိုနေ့ ရဟန်းပြုလေ၏။

## ဓမ္မက္ခန္ဓာစေတီပေါင်း ရှစ်သောင်းလေးထောင်

တစ်နေ့သ၌ မင်းကြီးသည် အသောကာရာမကျောင်းသို့ သွား၍ ခြောက်သောင်းမျှလောက်သော ရဟန်းတို့ကို စည်းဝေးစေပြီးလျှင် ကြီးစွာသော အလှူကိုပေး၍ ပစ္စည်းလေးပါးဖြင့် ဖိတ်၏။ ဤသို့လည်း မေးလျှောက်၏။ "အရှင်ဘုရားတို့၊ ဘုရားသခင် ဟောတော်မူသော တရားတော်ကား အဘယ်မျှရှိသနည်း"ဟု လျှောက်၏။ ရဟန္တာမြတ်တို့လည်း "ဓမ္မ, ဝိနယအားဖြင့် နှစ်ပါး၊ ပိဋကတ်အားဖြင့်သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိသည်ဟု ဖြေပေ၏။ မင်းကြီးလည်း တရားတော်၌ အညွန့်ကြည်ညိုရှိရကား တစ်ပါး တစ်ပါးသော ဓမ္မက္ခန္ဓာကိုရည်၍ စေတီတစ်ဆူ, တစ်ဆူ တည်တော်မူလိုသော အကြံရှိတော်မူသည်ဖြစ်၍ ဘုရားသခင်၏သရီရဓာတ်တော်တို့ကို တောင့်တ၏။ သံဃာတော်တို့လည်း ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်း ခဲယဉ်းစွာမြှုပ်ထား၍ ကိုးကွယ်တော်မူသော သရီရဓာတ်တော်ခုနစ်စုတ်တို့ကို မင်းကြီးပင့်၍ စေတီတည်လတ္တံ့."ဟု မိန့်တော်မူကုန်၏။ မင်းကြီးလည်း ဝမ်းမြောက်တော်မူလှ၍ ဓာတ်တော်ထားရာကို သိသောသူသည် သပြာထောင်ထုပ်ကိုယူလေဟူ၍ ဆင်တွင်တင်၍ မြို့ထက် ဝန်းကျင်ကို လည်ရ၏။ မည်သူမျှ သိသည်ဟူ၍ မပေါ်ထွက်ကုန်၊ ရက်လည်သောနေ့၌ ˚ရဟန်းမိန်းမတစ်ယောက်သည် သိကြောင်းကို ဆိုလေ၏။

- "တခြေကော ဝီသဝဿသတိကော ထေရော"ဟူ၍ အသက် ၁၂၀ ရှိ ရဟန်းယောကျ်ားဖြစ်ကြောင်း (သုတ်မဟာဝါ အဋ္ဌကထာ မဟာပရိနိဗ္ဗာနသုတ် အဖွင့် ၁၈၅)၌ ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးလည်း ထိုရဟန်းမိန်းမကို ပင့်၍မေး၏။ ရဟန်းမိန်းမကလည်း "ငါ ခုနစ်နှစ်အရွယ် သာမဏေဖြစ်သောအခါ ဆရာနှင့် ဆီမီးပန်းနံ့သာတင်၍ လိုက်ဖူးသည်၊ ငါ့ဆရာ ရဟန်းမနှင့် ဤနိမ့်သော မြေအဖို့တွင် နံ့သာပန်းပူဇော်၍ ရှိခိုးရဖူးသည်"ဟု ပြောပေ၏။ သိရိမွှာသောက မင်းကြီးလည်း ရဟန်းမိန်းမပြော၍ စေတီကိုသိလျှင် မိမိ၏ မှူးမတ်ပရိသတ်နှင့်တကွ သွားလေ၍ ဓာတ်တော်ရှိရာသို့ ရောက်သောအခါ များစွာသော ပူဇော်သက္ကာရကိုပြု၍ တူးဖော်စေသည်ရှိသော် ကျောက်အင်္ဂတေအမိုးတို့ကိုမြင်၍ ထုတ်ငင်ရလေ၏။ ထို့နောက် အုတ်ကြွပ်မိုး, ထို့နောက် သံအမိုး, ထို့နောက် ကြေးဖြူအမိုး, ထို့နောက် ကြေးနီအမိုး, ထို့နောက် သလွဲဖြူအမိုး, ထို့နောက် သလွဲမည်းအမိုးတို့ကိုလည်း အစဉ်အတိုင်း ထုတ်ယူစေ၍ အမိုးကုန်လျှင် အလုံးစုံ ရတနာအတိပြီးသော ပြာသာဒ်၏ တံတိုင်းခုနစ်ထပ်အတွင်းဝယ် ဝင်းဝင်းညီးသော ဓား, လှံ, သန်လျက်ကိုစွဲငင်၍ အသက်ရှိသော သူကဲ့သို့ ပြေးသွားကာနေသော ယန္တရားစက်ရုပ်တို့ကို မင်းနှင့်တကွသော လူအပေါင်းတို့မြင်လျှင် ရင်သပ် လက်တီး ချီးမွမ်းအံ့သြကြကုန်လျက် တစိုက်မတ်မတ် ကြည့်မျှော်လျက်သာ နေကုန်၏။ ထို့နောက်မှ မင်းကြီးသည် ဤသို့ အကြံရ၏။ အထက်က စီရင်တတ်သောသူ မရှိဘဲ အဇာတသတ်မင်းသည် ဤယန္တရားကို မထားနိုင်လေရာ တတ်သော အဆက်အနွယ်ကို ရှာဦးအံ့ဟု အသပြာတစ်ထောင်ထုပ်ကို ဆင်ကျောက်ကုန်းထက်တင်၍ အကြင်သူသည် ယန္တရားစက်ကို ဖျက်နိုင်တုံအံ့၊ ထိုသူသည် ဤအသပြာကို ယူလော့ဟု ကြွေးကြော်၍ ရာဇဂြိုဟ်ပြည်၌ လည်စေ၏။ ထိုအခါ အထက်ရောမတိုင်းကလာ၍ စေတီကို စီရင်ခဲ့သော ဆရာ၏ သားမြေးတို့ကြားလေသော် ငွေထုပ်ကို သိမ်းယူပြီးလျှင် မင်းကြီးအထံသို့ သွားလေ၏။

## ယန္တရားစက် တတ်သူအဆက်

ထိုသူတို့၏အကြောင်းကား ရောမတိုင်း၌ ဘူတဝါဟနယန္တရားအတတ်ကို တတ်ကုန်သော သူတို့သည် မိမိအမည်ကိုပေး၍ စာရင်းမှတ်ထား၏။ တစ်ပါးနိုင်ငံသို့သွားလျှင် ယန္တရားအတတ်ဖြင့် လိုက်၍သတ်လေကုန်၏။ တစ်ရံသောအခါ ပါဋလိပုတ်ပြည်သားတစ်ယောက်သည် ရောမတိုင်း၌ အဖိုးအတိုင်းမသိထိုက်သော ယန္တရားအတတ်ကို ငါ ဆောင်အံ့ဟု ကြံပြီးလျှင် ရောမတိုင်းသို့ သွားလေ၏။ ထိုအတတ်ကို တတ်သောသူ၏သမီးကို ဥစ္စာ ရွှေ, ငွေစုနှင့် မယားပြုလေ၏။ ဆရာလည်း သမက်အား အလုံးစုံသော အတတ်ကိုသင်၍ ပေါင်တွင် စာရင်းထိုးလေ၏။ နှစ်လရှည်လျား၍ သားငယ်အရွယ်သို့ရောက်လျှင် "ငါသည် ပါဋလိပုတ်ပြည် ပြန်သွားအံ့။ ဤတိုင်းသားတို့သည် သွားကြောင်းကိုသိလျှင် ကောင်းကင်ဖြင့်လိုက်၍ ငါ့ကို သတ်လတ္တံ့၊ သင်မူကား ငါ၏အလောင်းဝယ် ပေါင်တွင်ရှိသော အတတ်ကို ထုတ်ယူ၍ ငါ၏ဆွေမျိုး၌ ဤအတတ်ဖြင့် အသက်မွေးလေလော့"ဟု သားကိုမှာ၍ ပြေးခဲ့လေ၏။ ပြေးကြောင်းကိုသိလျှင် ထိုတိုင်းသားတို့က လိုက်လံဝန်းဝိုင်း၍ သတ်လေ၏။ သားလည်း အဖ မှာခဲ့သောအတိုင်း အတတ်ကိုယူ၍ အဖအလောင်းကို သင်္ဂြိုဟ်ပြီးလျှင် ပါဋလိပုတ်ပြည်၌နေလာ၍ အဇာတသတ်မင်း၏ သရီရဓာတ်တော်ကိုထားသောအခါ ထိုဆရာကို ရာဇဂြိုဟ်ပြည်သို့ခေါ်၍ စီရင်စေ၏။ ထိုသူ၏အနွယ်ဖြစ်သော သားမြေးတို့ကို တွေ့လေသတည်း။

မင်းကြီးလည်း ထိုသူတို့ကိုတွေ့လျှင် ဝမ်းမြောက်ဝမ်းသာ သပြာတစ်ထောင်ပေး၍ ယန္တရားစက်ကို ဖျက်စေ၏။ ထို့နောက်မှ မြေကိုတူး၍ တံတိုင်းခုနစ်ထပ်တို့ကို အစဉ်အတိုင်း ပယ်ရှားလျက် ရဟန်းသံဃာပါသမျှသော မှူးမတ်ပရိသတ် နှင့်တကွ ဓာတ်တော် ပြာသဒ်ကို လကျာရစ်သုံးကြိမ်လည်၍ ဖူးမြော်လေလျှင် ရှင်မဟာကဿပ မိဋ္ဌာန်၍ထွန်းခဲ့သော ဆီမီးလေးတိုင်၌ မီးမသေသေးသည်ကို မြင်၍ အလွန် အံ့သြလျက် ပြာသာဒ်တွင်းသို့ဝင်၍ ရွှေအတိလုပ်သော မြင်းရုပ်ကို ယန္တရားအကြည်ဖြင့်ဖွင့်သော် မြင်း၏ ဝမ်းတွင်း၌ကား ဝဇိရစိန်ကဲ့သို့ ထွန်းတောက်လျက် တည်သော ဓာတ်တော်အစုကို မင်းကြီးမြင်လေလျှင် ရွှင်ကြည်လှစွာသော စိတ်တော်ရှိသည်ဖြစ်၍ ခုနစ်ရက်ပတ်လုံး ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ဖြင့် ပူဇော်ချီးမြောက်ပြီးမှ ပြာသာဒ်နှင့်တကွ မြင်းရုပ်တို့ကိုထုတ်၍ ကောင်းစွာ သုတ်သင်ဆင်ယင်ပြီးသော် တံခွန်, ကုက္ကား, မုလေးပွားတို့ဖြင့် စည်လည်လျက် မြို့တွင်းသို့ ဝင်၍ ပြာသာဒ်ဦးကင်ထက်၌ ထားတော်မူ၏။ ယင်းသို့ယူပြီးမှ မိမိပြည်သို့ပြန်ခဲ့ပြီးသော် သရီရဓာတ်တော်ကို ဇမ္ဗူဒိပ်ကျွန်းအလုံး၌ အနှံ့ကိုးကွယ်စေခြင်းငှာ ရှစ်သောင်း လေးထောင်သော မြို့နိုင်ငံတို့၌ တစ်မြို့လျှင် စေတီတစ်ဆူ တစ်ဆူတည်လေစေဟူ၍

---

• သဏ္ဌာဝေဒဇာရာ။ လ။ ဝိသုကမ္မဲဿာမမ္ဘေသိ။ (သုတ်မဟာဝါ အဋ္ဌကထာ–၁၈၆၊)

www.burmeseclassic.com

www.burmeseclassic.com



ကိုးဆယ့်ခြောက်ကုဋေသော ငွေအသပြာတို့ကို အမတ်တို့အားအပ်၍ စေတီတည်စေ၏။ ကျောင်းလည်း တစ်ဆောင်တစ်ဆောင်စီ ဆောက်လေ၏။

မင်းကြီးလည်း ထိုကျောင်းစေတီတို့ကို လုပ်စေမည့်အခါ ကြီးသော တန်ခိုးအာနုဘော်ရှိသော ဣန္ဒဂုတ္တ အမည်ရှိသော ရဟန္တာမြတ်ကို တောင်းပန်၏။ ထိုအရှင်လည်း မိမိ၏ တန်ခိုးစွမ်းအင်ဖြင့် စောင်မ၍ ၁(သုံးနှစ်ရှိလျှင် အလုံးစုံသော ကျောင်း စေတီတို့သည် ပြီးကုန်၏။) ထိုစေတီတို့တည်သောအခါ လကို ရာဟုဖမ်းသည့်နေ့ တစ်ပြိုင်နက်တည်ကုန်၏။ လကို ရာဟုဖမ်းသောနေ့ တစ်ပြိုင်နက်ပြီးကုန်၏။ ပြီးကြောင်းကို ရှစ်သောင်းလေးထောင်သော မင်းတို့သည် ကမ္ပည်းစာနှင့် တစ်ပြိုင်တည်းရောက်လာကြလေ၏။ *တစ်ဖိုးသော ဓာတ်တော်ကို ပါဋလိပုတ်ပြည်မြစ်နားဝယ် တစ်ကောဋိသခွဲအရပ်ကို လက်ဝါးပြင်ကဲ့သို့ ညီညွတ်စေ၍ အထူးထူးသော ရတနာတို့ဖြင့် တန်ဆာဆင်လျက် မဟာစေတီ တည်လေ၏။ တည်ပြီးသော် ခုနစ်ရက်တိုင်တိုင် ကြီးစွာသော ပူဇော်ပွဲကို ပြုအံ့ဟု ကြံ၏။

## ရှင်ဥပဂုတ်ထေရ်

ထိုအခါ အနုမောဒနာပွဲ၏ အန္တရာယ်သည် စဉ်းငယ်မျှ မရှိစိမ့်သောငှာ အရိယာသံဃာတော်တို့ကို တောင်းပန်အံ့ဟု မှူးမတ်နှင့်တကွ အသောကာရာမကျောင်းသို့လာ၍ သံဃာတော်တို့အား ရိုသေစွာရှိခိုး၍ သံဃာ့ထေရ်အား ဤသို့လျှောက်၏။ "အရှင်ဘုရား၊ အကျွန်ုပ်ကောင်းမှု၏ အန္တရာယ်ကို တန်ခိုးဖြင့် တားမြစ်ခြင်းငှာ စွမ်းသော ရဟန်းတစ်ဦးကို စေတော်မူပါ"ဟု လျှောက်၏။ သံဃာ့ထေရ်လည်း "မင်းကြီး တန်ခိုးရှိသော ရဟန်းကို ရှာဦးအံ့"ဟု မိန့်တော်မူ၏။ မင်းကြီးလည်း နန်းတော်သို့ ပြန်လေ၏။ ရဟန်းသံဃာတို့လည်း စည်းဝေးတိုင်ပင်ကြကုန်သည်ရှိသော် မာရ်နတ်သည် ကောင်းမှုအန္တရာယ်ကို ပြုအံ့သည်မချွတ် ဖြစ်သည်။ ထိုမာရ်နတ်ကို တားမြစ်ခြင်းငှာ "ငါရှင် အားထုတ်ပါ၊ ငါရှင် အားထုတ်ပါ"ဟု သံဃာစဉ်အတိုင်း တိုက်တွန်းကြသော်လည်း တစ်ယောက်သော ရဟန်းမျှ ဆုံးမမည့်သူမထွက်၍ သုံးရက်မြောက်သောနေ့၌ သံဃာစည်းဝေးသော ကာလ နဂါးမင်းတစ်ယောက်သည် သံဃာတော်တို့ကို ရှိခိုးအံ့ဟု လာ၏။

သံဃာအစည်းအဝေးကို ရှိခိုး၍နေစဉ် ကောင်းကင်ဖြင့် လာသော ဂဠုန်သည် နဂါးကိုမြင်၍ ဖမ်းအံ့သောငှာ မြေသို့ သက်လတ်သော် လေ၏ အဟုန်ဖြင့်သိ၍ နဂါးသည် ကြောက်လန့်လျက် သံဃာ့ထေရ်၏ ခြေတော်ကြားသို့ဝင်၍ "အကျွန်ုပ် အသက်ကိုကယ်ပါ"ဟု လျှောက်၏။ သံဃာ့ထေရ်လည်း ဒုတိယထေရ်ကို ဤသို့ဆို၏။ "ငါသည် ဇရာဒုဗ္ဗလဖြစ်၍ ဈာန်ဝင်စားခြင်းငှာ မတတ်နိုင်။ အရှင်သည် နဂါးကို ဂဠုန်ဘေးမှ ကယ်ပါ"ဟု ဆိုလေ၏။ ဒုတိယထေရ်လည်း ထို့အတူ တိုက်တွန်း၏။ ။ဤနည်းဖြင့် အဆင့်ဆင့် တိုက်တွန်းသော် ခုနစ်နှစ်အရွယ်ရှိသော သာမဏေငယ် တစ်ဦးက "အကျွန်ုပ် ဂဠုန်ကို ဆုံးမပါမည်"ဟု ဝန်ခံ၍ မျှော်လင့်ကာနေ၏။ ဂဠုန်လည်း နဂါး၏အထက် တစ်သျှူမျှ လောက်ရောက်လျှင် သံဃာကြီးတို့က "ငါ့ရှင် သာမဏေ ထပါလော့"ဟု တိုက်တွန်းကြ၏။ သာမဏေလည်း စတုတ္ထဈာန်ကို မြန်စွာဝင်စား၍ မီးခွာခန်လျှင် ဂဠုန်၏ လျင်ခြင်းအဟုန်သည် ကုန်၍ ထုလှစွာသော ကျောက်ဖျာကြီးကဲ့သို့ ဖြစ်၍ ပြေးရှောင်ရလေ၏။ နဂါးလည်း သံဃာတော်ကိုလည်းကောင်း၊ သာမဏေကိုလည်းကောင်း ကြည်ညိုစွာ ရှိခိုးလျက် နဂါးပြည်သို့ သွားလေ၏။

ရဟန်းအပေါင်းတို့သည် သာမဏေကို ဤသို့ မိန့်တော်မူကုန်၏။ "သာမဏေ၊ သင်သည် ငါတို့တောင်းပန်သည်ကို တစ်ကြိမ်တည်း ဝန်မခံဖြစ်၍ ဒဏ်ကိုထားလိုသည်" ဟု ဆို၏။ "အဘယ်ဒဏ်ကို ထားလိုပါသနည်း"ဟု သာမဏေ လျှောက်လျှင် "သိရိဓမ္မာ သောကမင်းကြီးသည် ခုနစ်လ ခုနစ်ရက်ပတ်လုံး စေတီပူဇော်ခြင်းကိုပြုသောအခါ မာရ်နတ်သည် ကောင်းမှုအန္တရာယ်ကို ပြုလတ္တံ့။ ထိုမာရ်နတ်ကို သင် နိုင်အောင်တားမြစ်ပါ"ဟု မိန့်ကုန်၏။ သာမဏေလည်း "အကျွန်ုပ် မတတ်နိုင်ပါ၊ အကျွန်ုပ်ထက် တန်ခိုးကြီးသော ရဟန်းကို ညွှန်ပါအံ့။ ထိုအရှင်သာ တားနိုင်ပါလတ္တံ့"ဟု လျှောက်၏။ အဘယ်သူနည်းဟုမေးသော် မဟာသမုဒ္ဒရာ၏အတွင်းဝယ် ပြာသာဒ်ကိုဖန်ဆင်းလျက် ထိုပြာသာဒ်အထက်၌နေတော်မူသော *(တိသနာဂ)အမည်ရှိသော အရှင်ဥပဂုတ်ထေရ်သည် ဈာန်သမာပတ်တို့ဖြင့် များစွာသော နေ့ရက်တို့ကိုလွန်စေ၍ အစာမစားဘဲနေတော်မူသည်။ ထိုအရှင်နှင့်တူသော မာရ်နတ်ကို ဆုံးမနိုင်သောသူ မည်သည်မရှိ။ ထိုအရှင် ဆုံးမမည့်အကြောင်းကိုလည်း ဘုရားသခင် ဤသို့ ဗျာဒိတ်ကြားတော်မူ၏။

- ဤစကားစု (မဟာဝင်အဋ္ဌကထာဋီကာ)တို့၌မလာ။

- တိသနာဂ–ဟု (လောကပညတ္တိပါဠ်) စာပေစာမူ၌ တွေ့ရသည်။ (မဟာဝင်စာကိုယ်ဋီကာ)တို့၌ ဝိယဒဿိဝတ္ထု–မပါ၊ (လောကပညတ္တိပါဠ်)၌ ပါသည်။

www.burmeseclassic.com



မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်တော်မူသောအခါ သူငယ်တို့သည် မြေမှုန့်ကစား၍ နေကုန်၏။ ထိုသူငယ်တို့တွင် ခုနစ်နှစ်အရွယ်ရှိသော ပိယဒဿီ အမည်ရှိသော သူဌေးသားသည် ဘုရား၌ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ လက်၌ရှိသော မြေမှုန့်ကို လှူအံ့ဟု ယူခဲ့၍ အခြေအရံ သူငယ်တို့ကိုခေါ်ပြီးသော် လက်၌ရှိသော မြေမှုန့်ကို လှူ၏။ ဘုရားသခင်လည်း ထိုသူငယ်ကိုမြင်လျှင် ရွှင်လှသော နှလုံးတော်ဖြင့် ရှင်အာနန္ဒာကို ကြည့်တော်မူ၏။ ရှင်အာနန္ဒာလည်း သပိတ်တော်ကပ်လျှင် သူငယ်လောင်းအပ်သော မြေမှုန့်ကိုခံတော်မူ၍ ရှင်အာနန္ဒာအား တစ်ဖန် ပေးပြီးမှ ပြုံးတော်မူ၏။ ရှင်အာနန္ဒာက ပြုံးတော်မူသောအကြောင်းကို လျှောက်သော် "ချစ်သား အာနန္ဒာ၊ ဤပိယဒဿီ သတို့သားသည် မြေမှုန့်လှူသော အကျိုးအားဖြင့် နတ်ပြည်၌ခံစားပြီးသော် သာသနာတော် နှစ်ရာ့တစ်ဆယ့်ရှစ်နှစ်ရောက်သောအခါ ပါဋလိပုတ်ပြည်၌ ဗိန္ဒုသာရမင်း၏ တစ်ရာ့တစ်ယောက်သောသားတို့တွင် အသောကမည်သော ဇလစကြာမင်း ဖြစ်လတ္တံ့။ ထိုအခါ ငါ၏သာသနာ၌ သဒ္ဓါခြင်းအားကြီးသည်ဖြစ်၍ ခုနစ်လ ခုနစ်ရက်တိုင်တိုင် အလှူကြီးကိုပေး၍ မိမိကိုယ်ကို နံ့သာဆီဖြင့်ဆွတ်သော ဝါဂွမ်းဖြင့်ရစ်၍ မီးညှိကာ ပူဇော်လတ္တံ့။ ထိုအခါ မာရ်နတ် ဖျက်ဆီးသည်ကို ³(ဥပဂုတ္တတိဿနာဂမည်သော မထေရ်)သည် တန်ခိုးအားဖြင့် တားပေးလတ္တံ့ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

ယင်းသို့ သာမဏေဆိုသော စကားကိုကြားလျှင် များစွာသော သံဃာတော်တို့သည်လည်း ဝမ်းမြောက်ဝမ်းသာအနုမောဒနာခေါ်၍ ရဟန်းတော်နှစ်ဦးအား ရှင်ဥပဂုတ်ကို သွား၍ပင့်ချေဟု စေလိုက်၏။ ထိုရဟန်းနှစ်ဦးတို့လည်း မြေကငုပ်လျှိုး၍သွားသဖြင့် ရောက်လျှင် ပြာသာဒ်၏ပြင်က အသံပြုကြ၏။ ရှင်ဥပဂုတ်လည်း သမာပတ်မှထ၍ အကြောင်း အသို့နည်းဟု မေး၏။ ရဟန်းတို့လည်း သံဃာတို့အစည်းအဝေးသို့ ပင့်လိုသည်ဟု လျှောက်၏။ သံဃာတို့ကို ရိုသေသဖြင့် ငါ လာခဲ့အံ့။ အရှင်တို့ ကြွနှင့်လော့ဆို၍ လွှတ်လိုက်ပြီးသော် မိမိသည် တန်ခိုးအဟုန်ဖြင့် လျင်စွာလာ၍ သံဃာတို့ အစည်းအဝေး၌ မထေရ်ကြီးတို့ကို ရှိခိုးလျက်နေ၏။ ရှေ့လာနှင့်သော ရဟန်းတို့သည် နောက်မှရောက်၍ ရှင်ဥပဂုတ်ကိုမြင်လျှင် ဤအရှင်ကား တန်ခိုးကြီးပေစွ၊ ငါတို့နောက်မှလာလျက် ဦးစွာရောက်နှင့်ပေသည်ဟု အံ့သြကြကုန်၏။ သံဃာ့ထေရ်တို့လည်း "ငါ့ရှင်ဥပဂုတ်၊ သင်သည် လဆန်းလဆုတ် ပက္ခတို့၌ ဥပုသ်ပြုခြင်းကိုလည်းကောင်း၊ သံဃာ့အစည်းအဝေးကိုလည်းကောင်း မရောက်မလာ မိမိချမ်းသာကို အလေးပြုဘိ၏။ သံဃာတော်ကို အလေးမပြု။ ဤကဲ့သို့ နေရာ၌ မြတ်စွာဘုရားလည်း မဟာကပ္ပိနထေရ်ကို ကဲ့ရဲ့တော်မူဖူး၏။ ထို့ကြောင့် သင့်ကို ဒဏ်ထားခြင်းငှာ ထိုက်၏"ဟု ဆိုကုန်၏။ ရှင်ဥပဂုတ်လည်း ဦးခေါင်းနှင့်တကွ ရေချိုးပြီးသော် ကောကနဒမည်သော ကြာပန်းကို တန်ဆာဆင်သကဲ့သို့ "အရှင်တို့ထားသော ဒဏ်ကို ဦးဖြင့်ခံပါအံ့။ အဘယ်ဒဏ်ကို ပေးလိုကြသနည်း"ဟု မေး၏။ သံဃာ့ထေရ်လည်း "ငါ့ရှင်ဥပဂုတ်သာသနဒါယကာဖြစ်သော အသောကမင်းကြီးသည် ရဟန်းတို့ အလုပ်အကျွေးဖြစ်သည်။ ယခုအခါ ခုနစ်လ ခုနစ်ရက်တိုင်အောင် စေတီ ကျောင်းပူဇော်ပွဲ ပြုလိုသည်။ ထိုအခါ မာရ်နတ်လာ၍ ကောင်းမှု၏အန္တရာယ်ကို ပြုလတ္တံ့။ ထိုမာရ်နတ်ကို ငါ့ရှင် ဆုံးမပါ"ဟု မိန့်၏။ ရှင်ဥပဂုတ်လည်း "ကောင်းပါပြီ"ဟု ဝန်ခံ၏။ ရှင်ဥပဂုတ်က ဆွမ်းမဘုဉ်းပေးရသေးကြောင်းကိုဆိုလျှင် ရဟန်းတစ်ဦးက "အကျွန်ုပ်အား ရှေးကောင်းမှုကြောင့် ဆွမ်းလေးသပိတ် နေ့တိုင်းမပြတ်ရသည်။ တစ်သပိတ်ကို အကျွန်ုပ်ဖို့ချန်၍ သုံးသပိတ်ကို အလိုရှိတိုင်း သုံးဆောင်ပါ"ဟု လျှောက်၏။ ရှင်ဥပဂုတ်က "အဘယ်ကောင်းမှုကြောင့် သင် ရသနည်း"ဟု မေးရာတွင် "ကျွန်ုပ် ရှေးသောအခါ ဤပါဋလိပုတ်ပြည်၌ သူဌေးသားဖြစ်၍ မိဘ ချစ်မြတ်နိုးသော တစ်ယောက်တည်းသောသားဖြစ်လျက် ခင်ပွန်းကောင်းနှင့် ပေါင်းဖက်မိသဖြင့် ရဟန်းပြု၍ သီလာဘာဝနာကို လွန်စွာအားထုတ်၏။ မိဘတို့ နေ့တိုင်း ဆွမ်းစားပင့်လျှင် အဆွေခင်ပွန်းဖြစ်သော ရဟန်းလေးယောက်တို့ကိုခေါ်၍ ဆွမ်းလုပ်ကျွေးသည်။ ဤကောင်းမှုကြောင့် ဆွမ်းလေးသပိတ်ရသည်" ဟူ၍ မိန့်၏။ ရှင်ဥပဂုတ်လည်း "သင်၏ဆွမ်းသည် မစင်ကြယ်၊ သဒ္ဓါ၍လှူသောဆွမ်းမဟုတ်၊ သား၏ချစ်ခြင်းဖြင့်လှူသောကောင်းမှုအကျိုးသာဖြစ်သည် ငါ အလိုမရှိ"ဟု မိန့်၏။ ရဟန်းတစ်ဦးက ဤသို့လျှောက်ပြန်၏။ "အရှင်ဥပဂုတ်၊ အကျွန်ုပ်ကောင်းမှုကြောင့်ရသော ဆွမ်းသည်ရှိ၏။ ထိုဆွမ်းကို ဘုဉ်းပေးတော်မူပါ"ဟု လျှောက်၏။ အဘယ် ကောင်းမှုကြောင့် ရသနည်းဟု မေးလျှင် "အရှင်ဘုရား အကျွန်ုပ်သည် ရှေးသောအခါ ဤပါဋလိပုတ်ပြည်၌ ဗေဒင် တတ်သော ဆရာဖြစ်၍ များစွာသောလူတို့သည် စတုမဓုနှင့် ယှဉ်သော ဘောဇဉ်ကိုလုပ်ကျွေး၍ စားပြီးလျှင် မြို့ပြင်သို့ ထွက်၍

www.burmeseclassic.com

www.burmeseclassic.com



ကန်ရိုးသို့သွားသောအခါ ခွေးမငယ်တစ်ခုသည် ကျွန်ုပ် ရှေ့တွင် လက်အုပ်ချီ၍ အသံပြုသည်ကိုမြင်လျှင် ကြင်နာသနားလှသော စိတ်ရှိရကား ကျွန်ုပ် စားပြီးသော အစာကို အန်၍ ကျွေးဖူး၏။ ထိုကောင်းမှုကြောင့် ဤဘဝ၌ စတုမဓုနှင့်ယှဉ်သော ရေမရောသော ဆွမ်း နှစ်သပိတ်ကို ရပေသည်။ အရှင့်အား တစ်သပိတ်ကို လှူပါ၏"ဟုလျှောက်၏။ ရှင်ဥပဂုတ်လည်း ပြုံးတော်မူ၍ "ငါ့ရှင်၊ သင်၏ဆွမ်းကား အော့ဖတ်စော်နံသည်။ ငါ အလို မရှိ။ ငါ့အလိုအလျောက် ဆွမ်းခံ၍စားအံ့"ဟု ဆို၍နေ၏။

တစ်နေ့သ၌ အသောကမင်းကြီးသည် ကျောင်းသို့လာ၍ သံဃာ့ထေရ်၏ထံသို့ ကပ်ပြီးလျှင် "အရှင်ဘုရား၊ အကျွန်ုပ်ကောင်းမှု၏ အဋ္ဌရာယ်ကို ပြုလတ္တံ့သော မာရ်နတ်အား တားမြစ်နိုင်အံ့သော ရဟန်းကို ရပါပြီလော"ဟု လျှောက်၏။ သံဃာ့ထေရ်ကလည်း "မင်းကြီး ရပြီ၊ တစ်ယောက်ကိုမဆိုထားဘိ တစ်သောင်းသော မာရ်နတ်ကိုလည်း ဆီးတားနိုင်သော တန်ခိုးအာနုဘော်ရှိသော တိဿနာဂ ဥပဂုတ်အမည်ရှိသော ဤသူပင်တည်း"ဟု ပြလေသော် မင်းကြီးလည်း အရှင်ဥပဂုတ်အနီးသို့ကပ်၍ ဖူးမြော်လျှင် အလွန်ကြမ်းသော မလှသော အဆင်းတော်ကိုမြင်သဖြင့် ဤအရှင် တတ်နိုင်ပါအံ့လောဟုကြံလျက် နန်းတော်သို့ ပြန်လေ၏။ မိုးသောက်သောအခါ စူးစမ်းအံ့ဟုကြံလျက် နေလင့်၏။ အရှင်ဥပဂုတ်လည်း နန်းတော်သို့ ဆွမ်းခံဝင်လေ၏။ မင်းကြီးလည်း ဆွမ်းလှူလိုက်၍ ကြွသောကာလ အမုန်ယစ်သော ဆင်တစ်စီးကိုလွှတ်၏။ ထိုဆင်လိုက်၍ အနီးသို့ရောက်သောအခါ အရှင်မြတ်လည်း မင်းကြီးက လွှတ်သော အဖြစ်ကိုသိ၍ ကြည့်စဉ် အဓိဋ္ဌာန်တော်မူလျှင် ထိုဆင်သည် ကျောက်တိုင်ကဲ့သို့ဖြစ်၍ နှာမောင်းချီလျက် ရပ်လေ၏။ ရှင်ဥပဂုတ်လည်း မကြည့်ဘဲ ကြွတော်မူလေ၏။ မင်းကြီးလည်း အမှူးအမတ်နှင့်တကွ ဆင်၏ အနီးသို့သွား၍ ကျောက်ဖြစ်သည်ကိုမြင်လျှင် ထိုအရှင်၏ တန်ခိုးအာနုဘော်ကို အံ့ဩကြကုန်လျက် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသောဆင်သည် ကျောက်ဖြစ်ချေ၏။ မာရ်နတ်ကိုကား မချွတ် ဆုံးမနိုင်လတ္တံ့ဟု ဝမ်းမြောက်ဝမ်းသာ ခြံရံကာလိုက်လေ၍ "အရှင်ဥပဂုတ်၊ အရှင့်ကို နှိပ်စက်လို၍မပြုပါ၊ စုံစမ်းလို၍သာ ပြုပါသည်။ အပြစ်ကို သည်းခံတော်မူပါ"ဟု ကန်တော့၏။ ရှင်ဥပဂုတ်လည်း "မင်းကြီး၊ ချမ်းသာသောကိုယ်ရှိစေ, ဆင်လည်း ပြကတေ့အတိုင်းဖြစ်စေ"ဟု မိန့်တော်မူလျှင် ဆင်သည် မိမိနေရာသို့ သွားလေ၏။ ထိုအခါ များစွာသော လူအပေါင်းတို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်၏။ သိရိဓမ္မာသောကမင်းကြီးလည်း ရှစ်သောင်းလေးထောင်သော ကျောင်းစေတီတို့ကို ပူဇော်လိုသော် မြို့အလုံးကို စည်လည်စေ၍ ဤနေ့မှ ခုနစ်ရက်လွန်သဖြင့် စေတီပူဇော်ခြင်းသည် ဖြစ်လတ္တံ့၊ ပြည်တွင်းပြည်ပ၌နေသော လူအပေါင်းတို့သည် သုံးပါးသော သရဏဂုံနှင့်တကွ ရှစ်ပါးသော သီလကိုဆောက်တည်၍ စေတီ ပူဇော်ကြကုန်ဟု နှိုးဆော်စေ၏။ ခုနစ်ရက်လွန်သောနေ့၌ တန်ဆာဆင်အပ်သော အင်္ဂါလေးပါးရှိသော စစ်အင်္ဂါအပေါင်းခြံရံလျက် သိကြားမင်း၏နေရာ တာဝတိံသာနတ်ပြည်ကဲ့သို့ ကျက်သရေရှိသော ပြည်တော်ကို လက်ျာရစ် သုံးပတ်လည်ပြီးမှ အသောကာရာမကျောင်းသို့သွား၍ ရဟန်းတို့၏အလယ်၌ နေပြီးမှ မဟာစေတီ၏ထက်ဝန်းကျင် ယွဇနာခွဲအရပ်ကို ဆီမီးထွန်းညှိစေ၏။ စေတီကို ရှိခိုးပူဇော်ခြင်းငှာ လာကုန်သော ရဟန်းသံဃာ လူအပေါင်းတို့သည်လည်း စည်းဝေးကုန်၏။

အင်္ဂါလေးပါးရှိသော စစ်အင်္ဂါဆိုရာ၌ အရေအတွက်ကား ဆင်တစ်စီးတွင် ဆင်စီးသူရဲ တစ်, ကုံးလယ်စီး တစ်, နောက်ပဲ့စီး တစ်, လုံ့ကမ်းလက်ျာနှစ်, လက်ဝဲနှစ်, ဆင်ခြေဖုံးလေး, မြီးစောင့်တစ်, ဆင်ကဲကျွေးတစ်, ပေါင်းသော် လူတစ်ကျိပ်သုံးယောက်တည်း။ ရထားတစ်စီးတွင် ရထားစီး သူရဲတစ်, နားပန်းစောင့်လက်ျာတစ်, လက်ဝဲတစ်, လုံ့ကမ်း လက်ျာတစ်, လက်ဝဲတစ်, ပေါင်းငါးယောက်တည်း။ မြင်းတစ်စီးတွင် မြင်းစီးသူရဲတစ်, လုံ့ကမ်းလက်ျာတစ်, လက်ဝဲတစ်, မြင်းကဲကျွေးတစ်, ပေါင်းလေးယောက်တည်း။ ဆင်တစ်စီးကို ရထားတစ်ရာရုံသည်။ ရထားတစ်စီးကို မြင်းတစ်ရာရုံသည်။ မြင်းတစ်စီးကို သူရဲကောင်းတစ်ရာရုံသည်။ သူရဲကောင်းတစ်ယောက်ကို သမီးကညာတစ်ရာရုံသည်။ သမီးကညာတစ်ယောက်ကို အလုပ်အကျွေးတစ်ရာရုံသည်။ သို့ဖြစ်၍ ဆင်ကိုးထောင်, ရထားကိုးသိန်း, မြင်းကိုးကုဋေ, သူရဲကောင်း ကုဋေကိုးရာ, သမီးကညာ ကုဋေကိုးသောင်း, အလုပ်အကျွေးမိန်းမ ကုဋေကိုးသန်း အလုံးစုံကိုပေါင်းသော် အင်္ဂါဘိဏီဖြစ်သည်။ ဤအင်္ဂါဘိဏီကား မင်းတို့၏စစ်ဆင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



အရာ၌ သုံးစွဲခေါ်ဝေါ်ရိုးတည်း။ ကစ္စည်းကျမ်း၌လာသော အက္ခောဘိဏီကား အသက်ရှည်သောကာလ၌ ဖြစ်လာသော လူတို့၏ခေါ်ဝေါ်မှတ်သားသော သင်္ချာတည်း။

## ရှင်ဥပဂုတ်ထေရ်နှင့် မာရ်နတ်

ထိုအခါ ရဟန်းသံဃာတို့လည်း ကုဋေရှစ်ဆယ်တိုင်တိုင် စည်းဝေးမိ၏။ မိန်းမယောကျ်ားတို့ကိုထား၍ ရဟန္တာတို့ကိုရွေးကောက်သော် တစ်သိန်းအရေအတွက် ရ၏။ ထိုသူတို့ အသီးအသီး ဆိမ်းညီသောအခါ မီးသေစိမ့်သောငှာ ²မာရ်နတ်သားလည်း ပြင်းစွာသော လေကိုလာစေ၏။ ရှင်ဥပဂုတ်လည်း တန်ခိုးတော်ဖြင့်ယူ၍ အဝေးသို့ လွှင့်ပေ၏။ တစ်ဖန် မာရ်နတ်သားလည်း သဲမိုယ်း၊ ကျောက်စရစ်မိုယ်း, မီးကျီးမိုယ်းတို့ကို အစဉ်အတိုင်း ရွာစေ၏။ ရှင်ဥပဂုတ်လည်း အမိန့်ရှိသော တန်ခိုးဖြင့်ခုခံ၍ စကြဝဠာတံတိုင်း အပသို့ လွှင့်ပေ၏။

မာရ်နတ်လည်း မိမိလွှတ်သော လက်နက်မရောက်သည်ကိုမြင်လျှင် အမျက်ထွက်၍ ကြီးစွာသော နွားလားဥသဘအဟန် ဖန်ဆင်း၍ မီးကိုငြိမ်းခြင်းငှာ ပြေးလာ၏။ ရှင်ဥပဂုတ်လည်း ကျားရုပ်ဖန်ဆင်း၍ ကြောက်မက်ဖွယ်သော အသံကို မြည်လျှက်လိုက်၏။ လူအပေါင်းတို့ကလည်း ကြည့်ကြကုန်၏။

မာရ်နတ်သားလည်း နွားလားဥသဘအဖြစ်ကိုစွန့်၍ ဦးခေါင်းခုနစ်လုံးသော နဂါးအဟန်ဖန်ဆင်း၍ ကျားကို ကိုက်အံ့သောငှာ လိုက်၏။ ရှင်ဥပဂုတ်လည်း ကျားအသွင်ကိုစွန့်၍ ဂဠုန်အဟန် ဖန်ဆင်း၍ နဂါးကို ဖမ်းလေ၏။

မာရ်နတ်သားလည်း နဂါးအသွင်ကိုစွန့်၍ ဘီလူးကြီးအဟန် ဖန်ဆင်း၍ ထန်းပင်ရှိလောက် ပြောင်ပြောင်တောက်သော သံလုံကန့်ကိုင်လျက် ဦးခေါင်းကိုရိုက်အံ့သောငှာ လာ၏။ ရှင်ဥပဂုတ်လည်း ဂဠုန်အသွင်ကိုစွန့်၍ မာရ်နတ်ထက်နှစ်ဆကြီးသော ဘီလူးအဟန် ဖန်ဆင်း၍ ဝင်းဝင်းငြီးသော သံလုံကန် နှစ်ချောင်းကိုကိုင်လျက် မာရ်နတ်သားကို ရိုက်နက်ခြင်းငှာ လာ၏။

မာရ်နတ်လည်း အလွန် ကြောက်ရွံ့သည်ဖြစ်၍ အရောင်အဆင်းနှင့်ပြည့်စုံသော လူ၏အသွင်ကိုဖန်ဆင်း၍ ရှင်ဥပဂုတ်၏ရှေ့မှ ရပ်လေ၏။ ရှင်ဥပဂုတ်လည်း ပိုးလောက်အတိပြည့်သော စက်ဆုပ်ရွံရှာဖွယ်ရှိသော ခွေးကောင်ပုပ်ကို လည်၌ဆွဲ၍ တစ်စုံတစ်ယောက်သော နတ်, သိကြား, ဗြဟ္မာတို့သည် မချွတ်နိုင်အောင် အဓိဋ္ဌာန်၍ မာရ်နတ်ကို လွှတ်လိုက်၏။ မာရ်နတ်လည်း စတုလောကပါလာနတ်သားတို့ကို ချွတ်ပါဟု ဆို၏။ ထိုနတ်တို့က "အဘယ်သူ ဆွဲသနည်း"ဟု မေး၏။ ရှင်ဥပဂုတ်ဆွဲကြောင်းကိုဆိုသော် ထိုအရှင်ဆွဲမှု အကျွန်ုပ်တို့ မချွတ်နိုင်ပါဟုဆိုလျှင် မာရ်နတ်လည်း သိကြား, သုယာမ, သန္တုသိတ, သုနိမ္မိတ, ဝသဝတ္တီနတ်မင်းတို့၏အထံသို့သွား၍ ချွတ်ပါချွတ်ပါဟု တောင်းပန်၏။ နတ်မင်းတို့ကလည်း ထိုအရှင်သည် တန်ခိုးကြီးလှ၏။ ငါတို့မချွတ်နိုင်ဟု ဆိုကြကုန်၏။ မာရ်နတ်လည်း ဗြဟ္မာ့ဘုံသို့ကပ်၍ အကျွန်ုပ်အား သနားကြပါသဖြင့် အရှင်ဗြဟ္မာမင်းတို့သည် ဤခွေးကောင်ပုပ်ကို ချွတ်ပါဟု ဆို၏။ ထိုဗြဟ္မာမင်းတို့လည်း မြတ်စွာဘုရား၏ တပည့်ကြီးဖြစ်သော ရဟန္တာမြတ် ဆွဲထားလတ်သည်ကို ငါတို့လည်း မချွတ်နိုင်ချေ။ သင် သွား၍ အရှင်အား တောင်းပန်လေ၊ အရှင်မြတ်ပင် ဖြေချွတ်လတ္တံ့ဟု ဆိုလိုက်၏။

ထိုစကားကိုကြားသောအခါ မာရ်နတ်လည်း အရှင်ဥပဂုတ်ထံသို့လာ၍ "အရှင်ဘုရား၊ အကျွန်ုပ် ရှုံးပါပြီ၊ ဤခွေးကောင်ပုပ်ကို ချွတ်တော်မူပါ"ဟု လျှောက်၏။ အရှင်ဥပဂုတ်လည်း မာရ်နတ်သားကိုခေါ်၍ တောင်ကြီးတစ်လုံး၏အပါးကိုကပ်ပြီးသော် မာရ်နတ်၏လည်မှ ခွေးကောင်ပုပ်ကို ချွတ်ပြီးလျှင် ခါးပန်းတော်ကို ရှည်အောင်ဖန်ဆင်း၍ ခါး၌ချည်ပြီးမှ တောင်၌ မြဲမြဲစွာချည်၍ "မာရ်နတ်သား၊ သင်သည် တစ်ပါးသို့မသွားလင့်၊ ဓမ္မာသောကမင်း၏ ပူဇော်ပွဲမပြီးမချင်း ဤအရပ်၌ နေရစ်"ဟု မိန့်တော်မူလျှင် မာရ်နတ်လည်း ဆိတ်ဆိတ်သာ ခံနေရ၏။ အရှင်ဥပဂုတ်လည်း အလိုရှိရာ၌ ချမ်းသာစွာ နေလေ၏။ ခုနစ်လ ခုနစ်ရက်လွန်၍ စေတီပူဇော်ပွဲ ပြီးသောအခါ မာရ်နတ်ရှိရာသို့သွား၍ အသံကိုနားထောင်သော် မာရ်နတ်သားက ဘုရားကျေးဇူးတော်ကို အောက်မေ့သဖြင့် ဤသို့ဆို၏။ (ငါသည် ရှေးအခါက မြတ်စွာဘုရားအား များစွာဖောက်ပြန်သောအမှုကို ပြုသည်။ မြတ်စွာဘုရားသည် ငါ့အား တစ်စုံတစ်ခုသော အပြစ်ကိုမပြု။ ယခု သာဝကသည် သနားခြင်းမရှိသည်ဖြစ်၍ ငါ့အား ညှဉ်းဆဲနှိပ်စက်ဘိသည်ဟု မြည်တမ်းလျက် တောင်ဝှမ်းကို အစဉ်လှည့်၍နေ၏။ တစ်ဖန် အကြံဖြစ်ပြန်၍ ငါသည် ရှေးရှေးသော ဘဝကလည်း ဘုရားရဟန္တာဖြစ်ရအောင် ပုညအစုကောင်းမှုအထူးကို ဆည်းပူးခဲ့လှပြီ။ ဤကုသိုလ်တို့၏ အာနိသင်ကြောင့် နောင်သောအခါ ဘုရား

www.burmeseclassic.com



ဆုကိုသာ ရလိုပါ၏။ သတ္တဝါတို့အား သနားခြင်းမရှိသော သာဝကမဖြစ်လိုပါဟု မြည်တမ်း၏။)

## မာရ်နတ် ဘုရားအသွင် ဖန်ဆင်းပြခြင်း

ထိုသို့ မြည်တမ်းစဉ်လျှင် အရှင်ဥပဂုတ်လည်း အလျင်တဆောလာ၍ ခါးပန်းတော်ကိုဖြည်ပြီးမှ "မာရ်နတ်သား၊ ငါ့အား သည်းခံလော့၊ ငါသည် သင်၏အကျိုးကိုလည်း ပြီးစေပြီ၊ မင်းကြီး၏ကောင်းမှုကိုလည်း အန္တရာယ်ကင်းစေပြီ။ ယနေ့မှစ၍ သင်သည် ဘုရားဆုကိုယူပေသည်ဖြစ်သောကြောင့် သင့်ကို ပူဇော်ထိုက်ပေ၏"ဟု ဆို၏။ ထိုအခါ မာရ်နတ်ကလည်း "အရှင်ဥပဂုတ်၊ သင်တို့ကဲ့သို့ သာဝကသည် သနားခြင်းမရှိ။ ကဲ့ရဲ့ဖွယ်အတိသာ များ၏။ ထို့ကြောင့် ကျွန်ုပ်သည် သာဝကအဖြစ်ကို မဖြစ်လိုပြီ၊ သာဝကဟူက သင်ကဲ့သို့ သနားခြင်းမရှိသည်သာတည်း"ဟု ဆို၏။ ရှင်ဥပဂုတ်ကလည်း "မာရ်နတ်၊ သင် နှလုံးမသာမရှိလင့်။ ငါ၏အာနုဘော်ကြောင့်ပင် သင် ဘုရားဆုကိုတောင်း၏။ တောင်းသည့်အတိုင်းလည်း မချွတ်ဖြစ်လတ္တံ့။ ဘုရားသခင်လည်း ဗျာဒိတ်စကား ကြားတော်မူဖူး၏"ဟု မိန့်ပြီးလျှင် "မာရ်နတ် ဘုရားဖြစ်တော်မူသောအခါ သင် မြင်ဖူးရသည် ငါ မမြင်ဖူးပါ၊ မြတ်စွာဘုရား၏ကိုယ်တော်ဟန်ကို သာဝကအခြွေအရံနှင့်တကွ ငါ့အား ဖန်ဆင်း၍ပြပါ"ဟု ဆို၏။ မာရ်နတ်သားလည်း "အရှင်ဥပဂုတ်၊ ကျွန်ုပ်ကို ရှိမခိုးမူကားပြပါအံ့"ဟု ဆိုလျှင် အရှင်ဥပဂုတ်လည်း ကောင်းပြီဟု ဝန်ခံ၍ မြန်စွာ သံဃာတော်တို့ကို စည်းဝေးစေ၏။ ဘုရားသခင်ကို ဖူးမြင်လိုသမျှသော သူတို့လည်း ပန်းနံ့သာ လက်စွဲလျက် ရဟန်းတို့ကိုခြံရံ၍ လိုက်ကြကုန်၏။

မာရ်နတ်လည်း တစ်ခုသော တောအုပ်သို့ဝင်ပြီးမှ ထွက်လာသောအခါ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်အပ်သော တစ်လံမျှလောက်သော ရောင်ခြည်တော်အဝန်းဖြင့် တောက်ထွန်းသော ဘုရားအသွင်တော်ဖန်ဆင်းလျက် လက်ဝဲရံ, လက်ျာရံ အဂ္ဂသာဝကအစုံ, ရှစ်ကျိပ်သော မဟာသာဝကတို့ ခယမ်းပုံနှင့်တကွ အလုံးစုံတောက်ပသော ဘုရားအသရေအဆင်းကို ဖန်ဆင်း၍ပြပေ၏။ ရှင်ဥပဂုတ်လည်း မတုန်မလှုပ်သော သက်ဝင်ကြည်ညိုခြင်းဖြစ်၍ မာရ်နတ်အား ပေးအပ်သော ပဋိညာဉ်ကို မအောက်မေ့နိုင် ဒေးမှိုင်မိန်းမောကာ သဒ္ဓါအလွန်ပွားရကား ငါးပါးသော ရှိခိုးခြင်းတို့ဖြင့် ရှိခိုး၏။ ပါလာသမျှသော မင်းမှူးမတ် ပရိသတ်အပေါင်းတို့လည်း အလွန် ဝမ်းမြောက်ဝမ်းသာ ကြည်ညိုစွာဖြစ်ကုန်၏။ မာရ်နတ်သားလည်း ဘုရားအသွင်ကိုကွယ်စေ၍ "ရှင်ဥပဂုတ်၊ ဘယ့်ကြောင့် ကျွန်ုပ်ကို ရှိခိုးသနည်း"ဟု မေး၏။ ရှင်ဥပဂုတ်ကလည်း "သင့်ကို ငါ ရှိမခိုး။ မျက်မှောက်၌ သာဝက ရှစ်ကျိပ်နှင့်တကွသော ဘုရားသခင်ကိုသာ ငါ ရှိခိုးသည်"ဟု ဆို၏။ ထိုအခါမှစ၍ မာရ်နတ်သားလည်း သာသနာ၌ သဒ္ဓါနူးညံ့သော စိတ်ရှိသည်ဖြစ်၍ မိမိနေရာသို့ ပြန်လေ၏။

## သီရိဓမ္မာသောကမင်းကြီး မီးဖြင့် မိမိကိုယ်ကို ပူဇော်ခြင်း

ရှင်ဥပဂုတ် စသော ရဟန္တာအပေါင်းတို့လည်း ကြွကြကုန်၏။ မင်းကြီးသည် ပြုအပ်သော ရှစ်သောင်းလေးထောင်သော ကောင်းမှုအလုံးစုံတို့ကို အကုန်မြင်သည်ရှိသော် ဘုရားသာသနာတော်၌ အတိုင်းထက်အလွန် ကြည်ညိုခြင်းဖြစ်လတ္တံ့ဟုကြံ၍ မိမိတို့ရျာန်ကို ဝင်စားပြီးလျှင် လူဒိဗ္ဗဝိဓအဘိညာဉ်ဖြင့် အရပ်ထက်ဝန်းကျင် မင်းလွင်မြူမြေးညစ်ကြေးကုန်ကင်း၍ အကြွင်းမဲ့မြင်စေတတ်သော **လောကဝိဝရဏ** မည်သော တန်ခိုးပြာဋိဟာကို ပြုကုန်၏။ မင်းကြီးသည် အသောကာရာမ ကျောင်းကြီးထက် ရပ်လျက်ပင်ထက်ဝန်းကျင်သော အရပ်မျက်နှာကို ရှုမျှော်သော် သမုဒ္ဒရာအပိုင်းအခြားရှိသော ဇမ္ဗူဒိပ်ကျွန်းအလုံးကိုလည်းကောင်း, လက်ဝါးပြင်တွင် တင်၍ကြည့်သကဲ့သို့ မြင်တော်မူသော် အတိုင်းတက်အလွန် နှစ်သက်ဝမ်းမြောက်ခြင်းသည်ဖြစ်၍ ဇမ္ဗူဒိပ်ကျွန်း အလုံးရအပ်သော မင်းစည်းစိမ်ဖြင့် ပူဇော်တော်မူ၏။

ထို့နောက်မှ သရီရဓာတ် စေတီမြတ်ကို ပရမတ္ထဒါနဖြင့် ပူဇော်ခြင်းငှာ မိမိကိုယ်ကို ဝါဂွမ်းတို့ဖြင့်ရစ်၍ နံ့သာဆီနှစ်ပြီးမှ မီးထွန်းလျက် ပူဇော်ပေ၏။ ထိုဆီမီးလျှံသည် ခုနစ်ယူဇနာမျှလောက်သော ကောင်းကင်သို့တက်လေ၏။ မင်းကြီးလည်း 'ဣတိပိသော"အစရှိသော ဂုဏ်တော်ကို အစဉ်အောက်မေ့လျက် နှစ်သက်ခြင်း ပီတိအဟုန်ဖြင့် မတုန်မလှုပ်နေတော်မူရကား မီးလျှံသည် ကိုယ်တော်၏ဖောက်ပြန်ခြင်းကို တစ်စုံတစ်ခုမဖြစ်စေဘဲ စန္ဒကူးဖြင့် လိမ်းကျံသကဲ့သို့ ချမ်းမြေ့သည်သာဖြစ်၏။ ဤကဲ့သို့ ခုနစ်ရက်တိုင်တိုင် ပူဇော်ပြီးမှ နံ့သာရေဖြင့်ချိုး၍ ကန်ဆာဆင်ယင်ပြီးသော် မျိုးတော်မတ်တော်အပေါင်း ခြံရံလျက် လက်ျာရစ် သုံးပတ်လည်၍ စေတီကိုပူဇော်ပြီးမှ သံဃာတော်တို့အား ဆွမ်းလုပ်ကျွေး၍ တရားတော်ကိုနာပြီးသော် နန်းတော်သို့ပြန်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



## ရတနာတံတင်းလက်ဆောင်

ယင်းသို့ သီရိဓမ္မာသောကမင်းကြီးသည် အဇာတသတ်မင်း ယန္တရားစက်ဖြင့် ခဲယဉ်းစွာထားခဲ့သော ဓာတ်တော်တို့ကို တည်လုပ်သောအကြောင်းစကားကို ရေမတိုင်းကို အစိုးရသော မင်းကြီး ကြားလေသော် "အဘယ်သူသည် ယန္တရားစက်ကို ဖျက်လေသနည်း"ဟု မှူးမတ်တို့ကိုမေး၏။ မှူးမတ်တို့က "အကျွန်ုပ်တို့၏နိုင်ငံတွင် အတတ်သင်လာဖူးသောသူ၏ သားတစ်ယောက်သည် ပါဋလိပုတ်ပြည်ကြီးတွင်ရှိ၍ ထိုသူကို ဖျက်ဆီးစေပါသည်"ဟု လျှောက်လျှင် ထိုသူကို သတ်အံ့ဟုကြံ၍ သံဖြင့်ပြီးသော ယန္တရားတံတင်းကို လုပ်စေပြီးလျှင် ဖုတ်သွင်းသော ယောကျ်ားရုပ်ကို သန်လျက်စွဲလျက် တံတင်းထဲ၌ထည့်၍ အပေါ်က လျှို့ဝှက်သော ယန္တရားအဖုံးကိုပြု၍ **ရတနာတံတင်းလက်ဆောင်** သပါသည်ဟု ဓမ္မာသောကမင်းကြီးအား ဆက်လေ၏။ မင်းကြီးလည်း ဆက်လာသော တံတင်းကို လက်ဆောင်ပဏ္ဏာထင်၍ ထိုတံတင်းကို ယန္တရားတတ်သော ဆရာကိုပြ၍ "သင်ဖွင့်လော့"ဟု စေ၏။

ဆရာလည်း မိမိပညာဖြင့် တိုင်းထွာစူးစမ်းသော် ရတနာတံတင်းမဟုတ်ကြောင်း မိမိ၏ရန်သူဖြစ်ကြောင်းကို သိ၍ "အရှင်မင်းကြီး၊ ဤတံတင်းသည် ကျွန်ုပ်ကိုသတ်စိမ့်သောငှာသာ ဆက်လာပါသည်၊ ရတနာမဟုတ်ပါ၊ အကျွန်ုပ်ကဲ့သို့ ဘူတဝါဟနယန္တရားစက်တတ်သောသူကို ဤဇမ္ဗူဒိပ်ကျွန်း၌ အလွန်ရှောက်ခဲ ရခဲပါသည်။ အကျွန်ုပ်ဖခင်သည် ဤအတတ်ကို ရေမတိုင်းသို့ သွား၍ အသက်စွန့်စားသဖြင့် သင်ယူပါသည်။ ယခု အကျွန်ုပ်ရှိကြောင်းကိုသိ၍ သတ်ခြင်းငှာ ဆက်ရောက်လာပါသည်။ အကျွန်ုပ်အသက်ကို သနား တော်မူပါ"ဟု လျှောက်လျှင် မင်းကြီးကလည်း "သင့်အား ပေးလိုက်သည်မဟုတ် ငါ့ကိုသာ ဆက်သည်။ အဘယ်အကြောင်းဖြင့် သင့်ကို သတ်နိုင်အံ့နည်း"ဟုမေးပြန်သော် "ဘုန်းတော်ကြီးလှသော တရားမင်းမြတ်၊ ဖုတ်သွင်းအပ်သော ယုရုပ်သည် ထိုးခုတ်ရန် လက်နက်နှင့်တကွ ဤတံတင်းတွင်း၌ ပါပါသည်၊ ဖွင့်မိလျှင် မြန်စွာသတ်၍ သူ့ အရပ်သို့ သွားပါလိမ့်မည်"ဟု လျှောက်၏။ မင်းကြီးက "အဘယ်အကြောင်းဖြင့် သင် သိသနည်း"ဟု မေးလျှင် "ဥပါယ်တံမျဉ်ဖြင့် ပြုသည်ကိုမြင်၍ သိရပါသည်" ဟု သံတော်ဦးတင်၏။ ထိုအခါ မင်းကြီးက အမတ်တို့ကို အဘယ်သို့ ပြုသင့်သနည်းဟု တိုင်ပင်ပြန်၏။ အမတ်တို့ကလည်း "ဤသူ၏ စကားကို မယုံကြည်အပ်၊ လေးမြတ်ရိုညွတ်စွာ ဆက်လာသည်ဖြစ်တကား ရတနာတံတင်းသာ ဖြစ်ရာသည်"ဟု လျှောက်ကြ၏။ ဆရာယောကျ်ားကလည်း မိမိကိုသတ်အံ့သောငှာ လာကြောင်းကို လျှောက်ပြန်သော် အမတ်တို့က အဘယ်သို့ ပြုသင့်သနည်းဟု မေး၏။ မီးပုံကြီး၌ပင် ချသင့် ကြောင်းကိုဆိုသော် ထိုအမတ်တို့က မင်းအား ဤသို့ လျှောက်ကြ၏။ "အရှင်မင်းမြတ်၊ ယန္တရားတတ်သော ဆရာသည် အရာမဟုတ်သည်၌ တွေးတော၍ ကြောက်ဘိ၏။ ဤသူကြံတိုင်း ဟုတ်မည်ဟုမထင်ပါ"ဟူ၍ လျှောက်၏။ မင်းကြီးလည်း အမတ်တို့၏စကားကို ယုံကြည်တော်မူ၍ ထိုသူကို တံတင်းကို ဖွင့်လော့ဟု မိန့်တော်မူ၏။ ထိုသူလည်း အိမ်သို့သွား၍ သားမယားတို့အား ဥစ္စာပစ္စည်းပေး၍ မှာထားပြီးလျှင် မင်းအိမ်သို့ပြန်ခဲ့၍ မိမိအရာအထူးကို မင်းကြီးအားဆောင်နှင်း၍ တံတင်းကိုကိုင်ကာ ရတနာသုံးပါးကိုအောက်မေ့လျက် သော့ချက်ဖြင့်ဖွင့်လေ၏။ ထိုဖွင့်သောခဏ၌ တံတင်းတွင်းမှ လူသည် ထွက်လေ၏။ ထိုသူ၏ဦးခေါင်းကို ဝါးညွန့်ကဲ့သို့ဖြတ်၍ ရေမတိုင်းသို့ ပြန်လေ၏။ သီရိဓမ္မာသောကမင်းကြီးလည်း ကြောက်လန့်တကြားဖြစ်၍ အမတ်တို့ကို များစွာ အပြစ်တင်တော်မူ၏*။

## သာသနာ့အမွေ

တစ်ရံသောအခါ မင်းကြီးလည်း စစ်အင်္ဂါလေးပါး ခြံရံလျက် အသောကာရာမကျောင်းသို့ ထွက်တော်မူ၍ သံဃာတို့၏အလယ်၌နေပြီးလျှင် သံဃာတော်တို့အား ဤသို့ မေးလျှောက်၏။ "အရှင်ဘုရားတို့၊ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော ဘုရားသခင်၏ သာသနာတော်၌ အဘယ်သူသည် အကျွန်ုပ်ကဲ့သို့ ကြီးကျယ်စွာ သဒ္ဓါပရိစ္စာဂဖြင့် ချီးမြှောက်ကြဖူးသနည်း။ အဘယ်သို့ စွန့်ကြဲခြင်းသည် ကြီးမြတ်ပါသနည်း"ဟု လျှောက်၏။ ထိုအခါ သံဃာတော်တို့က အရှင်မောဂ္ဂလိပုတ္တတိဿထေရ်အား ဖြေတော်မူပါဟု တိုက်တွန်းကြ၏။ အရှင်မြတ်လည်း "ဒကာမင်းကြီး၊ ငါတို့ဆရာ မြတ်စွာဘုရားသည် သက်တော်ထင်ရှားရှိသည်မှစ၍ ယခုကာလတိုင်အောင် ဘုရားသာသနာ၌ ဒကာတော်မင်းကြီး၏ စွန့်ကြဲခြင်းသည်သာလျှင် သာလွန်ကြီးမြတ်သတည်း"ဟု မိန့်တော်မူပေ၏။

* ခာမျက်နှာ (၉၄)မှစ၍ ( )ဤအတွင်း စကားစုသည် (မဟာဝင် အဋ္ဌကထာဋီကာ)တို့၌မလာ။ (လောကပညတ္တိ)လာ စကားများ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးလည်း ထိုစကားကိုကြားရသော် အလွန် ဝမ်းမြောက်သော စိတ်တော်ရှိလှ၍ ဤသို့ မေးလျှောက်ပြန်၏။ "အရှင်ဘုရား၊ အကျွန်ုပ်သည် ဤမျှလောက်သော ဒါနကို ပြုရသဖြင့် သာသနာတော်၏အမွေကို ခံရပါအံ့လော"ဟု လျှောက်၏။ အရှင်မောဂ္ဂလိပုတ္တတိဿကလည်း (မဟိန္ဒမင်းသား၏ ရဟန္တာဖြစ်လတ္တံ့သော ဥပနိဿယနှင့်ပြည့်စုံခြင်းကိုလည်းကောင်း, သာသနာတော်၌ လွန်စွာကြီးပွားလတ္တံ့သော အဖြစ်ကိုလည်းကောင်း, ရည်ရွယ်တော်မူ၍) "မင်းကြီး၊ ဤသို့ ပစ္စည်းကို စွန့်ကြဲကာမျှဖြင့် သာသနာ၏ အမွေခံ မဖြစ်ချေသေး။ ဤမြေမှသည် ဗြဟ္မာ့ပြည်တိုင်အောင် ပစ္စည်းလေးပါးကိုစုပုံ၍ လှူပြောသော်လည်း ဘုရားရှင်သာသနာအမွေခံ မဖြစ်ချေသေး"ဟု မိန့်တော်မူ၏။ "အရှင်ဘုရား၊ အဘယ်သို့သော ကောင်းမှုကိုပြုမှ သာသနာ့အမွေကို ခံရအံ့နည်း"ဟု လျှောက်ပြန်သော် "ဒကာမင်းကြီး မိမိရင်၌ဖြစ်သော သားသမီးတို့ကို ရဟန်းပြုစေခြင်းသည်သာလျှင် သာသနာတော်၏ အမွေခံဖြစ်သတည်း"ဟု မိန့်တော်မူ၏။

မင်းကြီးလည်း ငါသည် ဤမျှလောက်သော အလှူကြီးကိုပေးပါလျက် သာသနာတော်၏ အမွေကိုမခံရချေသေး။ သာသနာတော်၏အမွေခံဖြစ်ရအောင် အဘယ်သို့ ပြုရအံ့နည်းဟု အောက်မေ့လျက် ထိုမှ ဤမှကြည့်သော် သားတော် မဟိန္ဒသည် မင်း၏အပါးတွင်နေသည်ကိုမြင်၍ ကြံဆင်ခြင်လတ်သည်ကား အိမ်ရှေ့မင်းဖြစ်သော ညီတော် တိဿသည် ရဟန်းပြုလေသော် သားတော် မဟိန္ဒကို အိမ်ရှေ့အရာထားမည်ဟု အကြံတော်ရှိ၏။ ထိုသို့ရှိသော်လည်း အိမ်ရှေ့မင်း၏အဖြစ်ထက် ရဟန်းအဖြစ်သည် မြတ်၏ဟု အကြံတော်ရှိ၍ "ချစ်သား မဟိန္ဒ၊ သင်သည် ရဟန်းပြုခြင်းငှာ စွမ်းနိုင်ပါအံ့လော"ဟု မေး၏။ မင်းသားလည်း အိမ်ရှေ့မင်း ရဟန်းပြုသည်မှစ၍ ရဟန်းအဖြစ်ကို တောင့်တလျက်နေသောကြောင့် ခမည်းတော်၏စကားကိုကြားလျှင် ရွှင်လန်းဝမ်းမြောက်သော စိတ်ရှိလှ၍ "အရှင်မင်းမြတ်၊ ကျွန်ုပ် ရဟန်းပြုနိုင်ပါ၏၊ အကျွန်ုပ်ကို ရဟန်းပြု၍ သာသနာ့အမွေ ခံတော်မူပါ"ဟု လျှောက်၏။

သမီးတော် သင်္ဃမိတ္တာလည်း အပါးတော်တွင် ရှိသည်နှင့် "ချစ်သမီး၊ သင်သည်လည်း ရဟန်းပြုနိုင်ပါအံ့လော"ဟု မေး၏။ မင်းသမီးကလည်း "အကျွန်ုပ်၏ခင်ပွန်းဖြစ်သော အဂ္ဂိဗြဟ္မာမင်းသားသည် ရဟန်းပြုသည်မှစ၍ အကျွန်ုပ်လည်း ရဟန်းအဖြစ်ကို တောင့်တလျက်နေပါသည်"ဟု လျှောက်၏။ မင်းကြီးလည်း သားတော် သမီးတော်တို့လျှောက်သော စကားကို ကြားသိတော်မူလျှင် ရွှင်သော နှလုံးတော်ရှိသည်ဖြစ်၍ ရဟန်းသံဃာတို့အား "အရှင်ဘုရားတို့၊ ဤသတို့သားငယ် သမီးငယ်တို့ကို ရဟန်းပြု၍ အကျွန်ုပ်အား သာသနာတော်၏အမွေကို ခံရပါစေ"ဟု လျှောက်၏။ သံဃာတော်တို့ကလည်း မင်းကြီးစကားကို ကြားလျှင် မဟိန္ဒမင်းသားအား အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကို ဥပဇ္ဈာယ်ပြု၍ မဟာဒေဝထေရ်သည် သရဏဂုံဒသသီပေး၍ မဇ္ဈန္တိကထေရ်ကား အနုသာသနပြု၍ မင်းသား၏ အသက်နှစ်ဆယ်ပြည့်ပြီးဖြစ်သောကြောင့် ပဉ္စင်းခံလေ၏။ မဟိန္ဒမင်းသားကား ကမ္မဝါစာအဆုံး၌ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ သင်္ဃမိတ္တာမင်းသမီးကား အသက် ဆယ့်ရှစ်နှစ်သာဖြစ်၍ ပဉ္စင်းမခံဘဲ သာမဏေပြု၏။ ဥပဇ္ဈာယ်ဆရာကား ဓမ္မပါလိထေ‌ရီတည်း။ သရဏဂုံ ဒသသီပေးသော ဆရာကား အာယုပါလိထေရီတည်း။ ဤသို့ သားတော် သမီးတော်တို့ကို ရဟန်းပြုသော အခါ မင်းကြီး ဘိသိက်ခံ၍ ခြောက်နှစ်မြောက်သော သက္ကရာဇ် နှစ်ရာ့နှစ်ဆယ့်ငါးခုတည်း။

အရှင်မဟိန္ဒလည်း ရဟန်းပြုသောနေ့မှစ၍ မိမိ ဥပဇ္ဈာယ်ဆရာထံ၌ ပိဋကတ်သုံးပုံဖြစ်သော ဘုရားစကားတော်ကို သင်ကြားသဖြင့် သုံးနှစ်ရှိသောကာလ ထေရဝါဒနှင့်တကွ တတ်မြောက်၍ တစ်ထောင်သော သံဃာတို့၏ ပါမောက္ခ ဖြစ်သတည်း။

• (ပါရာဇိကဏ် အဋ္ဌကထာနိဒါန်း ၃၄ ၌ စေတီ ပူဇော်ပွဲပြုသောနေ့ပင် သံဃာတော်တို့အား အကျွန်ုပ်သည် သာသနာ၏အမွေခံ ဖြစ်ပါအံ့လော ဟု လျှောက်ကြောင်းကို ဆို၏။ ရှင်ဥပဂုတ်၏ အတ္ထုပ္ပတ္တိ စသည်ကိုမဆို၊ ယင်းသို့မဆိုသော်လည်း ထို အတ္ထုပ္ပတ္တိကို စူဠဝင် မဟာဝင်ဋီကာတို့၌ ထင်ရှားစွာ လာသောကြောင့်လည်းကောင်း ကစ္စည်းကျမ်း၌ပင် ဥပဂုတ္တေန မာရော ဗန္ဓောဟူသော ပါဠ်ကို ဥဒါဟရဏ် ပြသောကြောင့်လည်းကောင်း ပမာဏ ပြုလောက်သော စကားဖြစ်၍ သွင်းဆိုလိုက်သည်။ အဋ္ဌကထာ၌ မလာသည်ဟူ၍မဟုတ်မယူသင့်။ အကျဉ်းအားသာ စီရင်သောကြောင့်

• (စူဠဝင်)၌လည်းကောင်း၊ (မဟာဝင်ဋီကာပါဠ်)၌လည်းကောင်း မလာချေ။

www.burmeseclassic.com

www.burmeseclassic.com



စကားကြွင်းလေသည်ကို ဋီကာဆရာတို့သွင်း၍ ရေးသားသည်လည်း အများပင်ဖြစ်သည်။)

### အချိုကန်ကြီး ၄ ကန်

သိရိဓမ္မာသောကမင်းကြီး ဘိသိက်ခံ၍ ရှစ်နှစ်ရှိသောအခါ ကောန္တပုတ္တတိဿထေရ် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထိုမထေရ်ညီနောင်တို့၏အကြောင်းကား ပါဋလိပုတ်ပြည်၌နေသော မုဆိုးတစ်ယောက်သည် တောကစားသွားရာ၌ ကောန္တီမည်သော ကိန္နရီမနှင့်သင့်မြတ်ကြ၍ သားငယ်နှစ်ယောက် ရလေသတည်း။ အကြီးကိုကား ကောန္တပုတ္တတိဿဟု မှည့်၏။ အငယ်ကိုကား သုမိတ္တဟု မှည့်၏။ ထိုသားငယ်တို့ကို ဓမ္မာသောကမင်းကြီး ယူ၍မွေးမြူလေသဖြင့် အရွယ်သို့ရောက်လျှင် အရှင် မဟာဝရုဏမည်သော ရဟန္တာမြတ်ထံ၌ အပ်နှံ ရဟန်းပြုလေသဖြင့် မကြာမြင့်မီပင် အဘိညာဉ်ခြောက်ပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်ကြ၏။

တစ်ရံသောအခါ အရှင် ကောန္တပုတ္တတိဿထေရ်အား အားကြီးစွာသော *(လေနာသည်ဖြစ်၍ ဆေးကုအံ့သောငှာ တစ်လက်ဆွမ်းမျှလောက်သော ထောပတ်ကို ရှာ၍မရသည်ရှိသော်) ညီတော် သုမိတ္တထေရ်သည် ပါဋလိပုတ်ပြည်အလုံးကို လှည့်ပတ်၍ ဆွမ်းခံဝတ်ဖြင့် ရပ်ပါသော်လည်း မရနိုင်၍ ပြန်လာခဲ့လျှင် ကောင်းကင်ပြင်၌ ထက်ဝယ်နေ၍ သံဃာတော်တို့အား အပ္ပမာဒတရားဖြင့် ဟောကြားဆုံးမလျက် တေဇောဓာတ် သမာပတ်ဝင်၍ ပရိနိဗ္ဗာန် ပြုတော်မူလေ၏။ ဓမ္မာသောကမင်းကြီးလည်း ထိုအကြောင်းကို ကြားတော်မူသော် ငါသို့သော သာသနာ၌ သဒ္ဓါပသန္နရှိသော မင်းကေရာဇ်လက်ထက်၌ တစ်လက်ဆွမ်းမျှသော ထောပတ်ကို သံဃာတို့ မရမရှိရာအံ့လောဟု သံဝေဂဖြစ်၍ မြို့လေးမျက်နှာ၌ တစ်မျက်နှာ တစ်မျက်နှာဝယ် ကျယ်စွာသော ကန်ကြီးလေးကန် တူးပြီးလျှင် တစ်ကန်ကို ထောပတ်, တစ်ကန်ကို ပျားရည်, တစ်ကန်ကို တင်လဲ, တစ်ကန်ကို သကာဖြင့် ပြည့်စေလျက် ဆေးအလို့ငှာ သံဃာတော်တို့အား ဖိတ်လှူ၏။

*ကေစိဆရာတို့ကား ကဋ္ဌဝါဟနမင်းမျိုးဖြစ်သော ကုဏ္ဍာအမည်ရှိသော မင်းသမီးသည် ဂဠုန်ငှက်ယန္တရားဆင်၍ ကောင်းကင်ဖြင့် ပျော်ပါးလျက် ကျက်စားလေသော် ပါဋလိပုတ်ပြည်မှ မုဆိုးတစ်ဦးနှင့်တွေ့၍ သံဝါသဖြစ်သဖြင့် ကောန္တပုတ္တနှင့် သုမိတ္တကိုရသည်ဟု ဆို၏။ ဒီပဝင်ကျမ်း၌လည်း ကောန္တပုတ္တတိဿထေရ်၏အနာကို *(ကင်းကိုက်၍)ပရိနိဗ္ဗာန်ပြုသည်ဟု ဆို၏။

ထိုမင်း၏လက်ထက် ပါဋလိပုတ်ပြည်၏ တံခါးလေးမျက်နှာတွင် တစ်မျက်နှာ၊ တစ်မျက်နှာမှ သပြာတစ်သိန်း၊ တစ်သိန်းစီသော အခွန်ကို နေ့တိုင်းရ၏။ မြို့လယ် တရားဆုံးဖြတ်ရာ၌လည်း ကွမ်းဖိုး တစ်နေ့လျှင် တစ်သိန်းရ၏။ ဤငါးသိန်းသော သပြာတို့မှ ရှစ်သောင်းလေးထောင်သော စေတီတော်၌ ပန်းနံ့သာပူဇော်အံ့သောငှာ တစ်သိန်း၊ ရဟန္တာတို့အား တစ်သိန်း၊ တရားတော်ကို သင်ကြားဆောင်ရွက်သော ရဟန်းတို့အား တစ်သိန်း၊ တံခါးလေးမျက်နှာ၌ ထောပတ်, ပျား, တင်လဲ အလို့ငှာ တစ်သိန်း၊ နိဂြောဓသာမဏေအား တစ်သိန်း၊ ဤငါးသိန်းသော ဥစ္စာတို့ကို စွန့်၍ သာသနာတော်၌ ပူဇော်သက္ကာရပြု၏။ နတ်တို့မှဆက်သော ပုဆိုးကို သင်္ကန်းပြု၍ တစ်နှစ်လျှင်သုံးကြိမ် ဆင်နှင့်တင်၍ အရှင်နိဂြောဓ သာမဏေအား လှူတော်မူ၏။ ထိုအခါ ဇမ္ဗူဒီပါကျွန်းအလုံး၌ ရဟန်းသံဃာတော်တို့ ဝတ်ရုံသော သင်္ကန်းဟူသမျှသည် နိဂြောဓသာမဏေ၏ သင်္ကန်းသာ များ၏။

ဤသို့ ဘုရားသာသနာတော်၌ ပြန့်ပြောစွာသော လာဘသက္ကာရဖြစ်လေသော် တိတ္ထိတို့သည် စားရာမဲ့ ဝတ်ရာမဲ့ဖြစ်ကုန်ရကား ရဟန်းခွင်သို့ ခိုဝင်လာကြ၍ ရဟန်းပြုကြပြီးလျှင် မိမိတို့၏အယူဝါဒကို ထင်ရှားပြလျက် အဓမ္မကို ဓမ္မဟုပြဆိုကုန်၏။ ရဟန်းကောင်းတို့က လက်မခံသော် မိမိတို့အလိုလို ဦးပြည်းပြု၍ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ကုန်လျက် ထိုထိုသော ကျောင်းတို့သို့လည်း၍ ဥပုသ်ပဝါရဏာ၌ ဝင်ကုန်၏။ ရဟန်းကောင်းတို့ကလည်း ထိုရဟန်းတို့နှင့် အတူတကွ ဥပုသ်ပဝါရဏာ မပြုကြကုန်။ ထိုအခါ မဟာမောဂ္ဂလိပုတ္တတိဿထေရ်သည် အဓိကရုဏ်းကြီးစွာဖြစ်လတ္တံ့သည်ကိုမြင်၍ အရှင်မဟိန္ဒအား သံဃာအပေါင်းကို အပ်ခဲ့ပြီးသော် မိမိသည် အဟောဂင်္ဂါမည်သော တောင်သို့ကြွ၍ နေတော်မူ၏။

### မောဂ္ဂလိပုတ္တတိဿ

အရှင် မဟာမောဂ္ဂလိပုတ္တတိဿ၏ အကြောင်းကို အရင်းမှစ၍ ပြဆိုလိုက်ဦးအံ့။ ဒုတိယ သင်္ဂါယနာတင်

* (သာရတ္ထဒီပနီဋီကာ ၁၂၇)၌ပြသော ကေစိဝါဒတည်း။

www.burmeseclassic.com

www.burmeseclassic.com



ကုန်သော ရဟန္တာကြီးတို့သည် မိမိတို့ကိစ္စပြီးသည်နောက် ဤကဲ့သို့သော သာသနာတော်၏ အညစ်အကြေး ဘေးရန်သည် နောင်သောအခါ ဖြစ်ရာဦးအံ့လောဟု ဆင်ခြင်ပြီးသော် သာသနာတော် နှစ်ရာတစ်ဆယ့်ရှစ်နှစ် ရောက်သောအခါ ဇမ္ဗူဒီပါတစ်ကျွန်းလုံးကို အစိုးရသော ဓမ္မာသောကမင်းသည် ပါဋလိပုတ်ပြည်၌ မင်းအဖြစ်ကိုရ၍ သာသနာတော်ကို အလွန် ချီးပင့်လတ္တံ့။ ထိုအခါ သံဃာတို့၌ လာဘသက္ကာရ အလွန်ပြန့်ပြောသဖြင့် တိတ္ထိတက္ကတွန်းတို့သည် ရှင်ရဟန်း ပြုကြ၍ ကြီးစွာသော အဓိကရဏ်းပြုလတ္တံ့ဟု မြင်တော်မူ၏။ ထိုအခါ ငါတို့မျက်မှောက်၌ ဖြစ်ဦးအံ့လောဟု ဆင်ခြင်ပြန်သော် မဖြစ်လတ္တံ့ဟုမြင်၍ ထိုအဓိကရဏ်းကို ငြိမ်းစိမ့်သောငှာ စွမ်းနိုင်ရာသောသူကို ကြည့်လတ်သော် နတ်နှင့် ဗြဟ္မာသော လူ့ဘုံတွင် တစ်စုံတစ်ယောက်သောသူကိုမျှ မမြင်၍ ဗြဟ္မာရပ်ခွင်သို့ ရှုပြန်သော်နည်းသော အသက်ကြွင်းရှိလျက် အထက်ဗြဟ္မာဘုံသို့ လားလတ္တံ့သောတိဿ ဗြဟ္မာကြီးကိုမြင်၍ ဤတိဿဗြဟ္မာကို ငါတို့တောင်းပန်ရသော် မောဂ္ဂလိပုဏ္ဏေးမ၏ ဝမ်း၌ ပဋိသန္ဓေနေလာ၍ အရွယ်ရောက်သောအခါ ရဟန်းပြု၍ ပိဋကတ်တော်ကို သင်သဖြင့် လေးအင်သောပဋိသမ္ဘိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့။ ထိုသူသာလျှင် သာသနာတော်၌ ဖြစ်သော အဓိကရဏ်းကို ငြိမ်းစေ၍ သင်္ဂါယနာတင်သဖြင့် သာသနာတော်ကို ချီးမြှောက်ပေလတ္တံ့ဟုသိ၍ မိမိတို့ကိုယ်တိုင် ဗြဟ္မာ့ပြည်သို့တက်ပြီးလျှင် တိဿဗြဟ္မာကြီးအား ဤသို့ တောင်းပန်၏။

"အချင်းတိဿ၊ ငါတို့ လွန်သည့်နောက် တစ်ရာ့တစ်ဆယ့်ရှစ်နှစ်မြောက်သောကာလ ဘုရားသာသနာ၌ ကြီးစွာသော ဘေးရန်ဖြစ်လတ္တံ့။ ထိုအခါ သာသနာ၏အညစ်အကြေးကိုလည်း သုတ်သင်ရှင်းလင်း၍ ချီးမြှောက်နိုင်အံ့သောသူကို ကြည့်ရှုပါသော် လူ့ရပ်နတ်ရွာ ဗြဟ္မာတစ်ဆယ့်ခြောက်ခွင်၌ သင် တိဿကိုထား၍ တစ်ပါးသောသူကို တစ်စုံတစ်ယောက်မျှ မမြင်ကုန်။ ထို့ကြောင့် သင် သူတော်ကောင်းသည်သာလျှင် လူ့ရွာရပ်ဌာန၌ ပဋိသန္ဓေယူလာ၍ မြတ်စွာဘုရား၏ တရားဩဝါဒ သာသနာကို ကောင်းစွာ ချီးမြှောက်ပါလော့"ဟု တောင်းပန်၏။ တိဿဗြဟ္မာလည်း ရဟန္တာကြီးတို့၏ တောင်းပန်သော စကားကိုကြားလျှင် ငါကား သာသနာတော်၏ဘေးရန်ကို ပယ်လှန်သန့်ရှင်း၍ ချီးမြှောက်ခြင်းငှာ စွမ်းနိုင်လတ္တံ့ဟု အလွန်အားတက် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ "ကောင်းပါပြီ"ဟု ဝန်ခံလိုက်၏။

ရဟန္တာကြီးတို့လည်း လူ့ပြည်သို့ပြန်လာခဲ့၍ သိက္ခာငယ်သေးသော သိဂ္ဂဝမထေရ်၊ စဏ္ဍဝဇ္ဇီထေရ်ဟူသော ရဟန္တာနှစ်ဦးကိုခေါ်၍ ငါ့ရှင်တို့သည် ငါတို့၏ အဓိကရဏ်းငြိမ်းရာ သင်္ဂါယနာတင်ကိစ္စဝယ် အဖော်မျှမဖြစ်ပါကုန်။ ထို့ကြောင့် သင်တို့အား ဤသို့သော ဒဏ်အမှုကို ငါတို့ပြုလိုသည်ဟုဆိုပေသော် ထိုရဟန်းတို့ကလည်း အရှင်ဘုရားတို့ထားတိုင်းသော ဒဏ်ကို အကျွန်ုပ်တို့ ဆောင်ပါအံ့ဟု လျှောက်သော် မောဂ္ဂလိပုဏ္ဏား၏အိမ်၌ တိဿဗြဟ္မာသည် သန္ဓေယူလာလတ္တံ့။ ထိုသူကို သင်တို့နှစ်ဦးတို့တွင် တစ်ဦးသော ပုဂ္ဂိုလ်သည် ရဟန်းဖြစ်အောင်ကြံယူ၍ ပြုလေလော့၊ တစ်ဦးသော ပုဂ္ဂိုလ်သည် ပိဋကတ်ကိုတတ်မြောက်အောင် သင်ကြားလေလော့ဟု ဒဏ်ထား၏။ ရဟန္တာနှစ်ပါးလည်း ကောင်းပါပြီဟု ဝန်ခံကြ၏။ ထိုရဟန္တာကြီးတို့လည်း ဤသို့စီမံခဲ့ပြီးမှ အသက်အတိုင်းတည်၍ ပရိနိဗ္ဗာန်စံလေကုန်၏။ တိဿဗြဟ္မာကြီးသည်လည်း ဗြဟ္မာ့ပြည်မှ စုတေခဲ့၍ ဝေသာလီပြည်၏အနီးဖြစ်သော ပုဏ္ဏားတို့၏မြို့ကြီးဝယ် မောဂ္ဂလိအမည်ရှိသော ပုဏ္ဏေးမ၏ဝမ်းဝယ် ပဋိသန္ဓေယူလေ၏။

**ကန်တော့ဆွမ်း**

သိဂ္ဂဝမထေရ်သည်လည်း ပဋိသန္ဓေနေသောနေ့မှ စ၍ ပုဏ္ဏားအိမ်၌ နေ့စဉ်မပြတ် ဆွမ်းရပ်၍ ခုနစ်နှစ်ပတ်လုံးကြာသော်လည်း တစ်လုတ်စာသော ဆွမ်းတစ်ဇွန်း တစ်ယောက်မသော ယာဂုကိုမျှ မစားရဖူးလေ။ တစ်နေ့သောအခါ၌ကား အိမ်ရှင် ပုဏ္ဏားသည် အခြားဌာနသို့သွားခိုက်ကြိမ်၍ အိမ်၌ ဆွမ်းခံသော် ကန်တော့ပါ၏ဟူသော စကားကိုရလေ၏။ ပုဏ္ဏားလည်း တစ်ပါးဌာနမှ ပြန်လာသဖြင့် အရှင်သိဂ္ဂဝနှင့် ခရီးရင်ဆိုင်တွေ့ကြလေလျှင် "ရှင်ရဟန်း၊ ယနေ့ ငါတို့အိမ်၌ ဆွမ်းရပ်ခြင်းသည် ရခဲ့ပါ၏လော"ဟု မေး၏။ "ရခဲ့ပါ၏"ဟု ပြောပေသော် ပုဏ္ဏားလည်း အိမ်သို့လာ၍ သားမယားတို့ကို "သင်တို့ ယနေ့ ဆွမ်းခံသော ရဟန်းအား ဆွမ်းပေးလိုက်သလော"ဟု မေး၏။ မည်သည်ကိုမျှ မပေးမကမ်းလိုက်ကြောင်းကို ဆိုလျှင် သင်တို့ မပေးမကမ်းဘဲလျက် ရဟန်းက ရခဲ့၏ဟု ပြောပေသည်။ နက်ဖြန် မုသာဝါဒကံဖြင့် ရဟန်းကို ငါ ဆိုအံ့ဟု ကြံ၍နေ၏။ အရှင်

www.burmeseclassic.com



သိဂ္ဂဝလည်း ဒုတိယနေ့၌ ဆွမ်းခံကြွ၍ ပုဏ္ဏားအိမ်ဝသို့ ရောက်သောအခါ ပုဏ္ဏားသည် အပါးသို့ရပ်၍ "အရှင်ရဟန်း၊ ယမန်နေ့က ငါတို့အိမ်က တစ်စုံတစ်ခုမျှ မရဘဲ လျက် ရ၏ဟု သင်ဆိုသည်။ ရဟန်းတို့အား မဟုတ်မမှန်သော စကားသည် အပ်သလော"ဟု မေး၏။ သိဂ္ဂဝထေရ်လည်း "ပုဏ္ဏား၊ သင်၏အိမ်၌ ငါ ဆွမ်းရပ်သည်ကား ခုနစ်နှစ်ရှိပြီ ကန်တော့ပါ၏ဟူသော ပဋိသန္ထာရစကားမျှကို မရမူ၍ မနေ့က ရသောကြောင့် ရခဲ့၏"ဟု ငါ ဆိုသတည်းဟု ပြော၏။

ပုဏ္ဏားလည်း ထိုစကားကိုကြားလျှင် ဤအရှင်တို့ကား ဤမျှလောက်သောစကားကို ရရုံမျှပင် အားရဝမ်းသာ ချီးမွမ်းရှာသေး၏။ တစ်ဖွန်း တစ်ယောက်မျှသော ဘောဇဉ်ခဲဘွယ်တို့ကို ရဘိမူကား အဘယ်မှာ မချီးမွမ်းဘဲ ရှိတော့အံ့နည်းဟု ကြံဆင်ခြင်လျက် ရွှင်လန်းသော သဒ္ဓါစိတ်ရှိသည်ဖြစ်၍ မိမိစားခြင်းငှာ ထားသောထမင်းမှ တစ်ဖွန်းမျှ ယူ၍ "အရှင်ရဟန်း၊ ဤမျှလောက်သော ဆွမ်းကိုကား နေ့တိုင်းရပါလတ္တံ့"ဟု ဆို၍ လောင်းပေ၏။ ထိုနေ့မှစ၍ တစ်နေ့ထက်တစ်နေ့ ကြည်ညိုရကား အိမ်ပေါ်သို့ပင့်ပြီး၍ တစ်ထပ်စာသော ဆွမ်းကို နေ့တိုင်း မပြတ်လှူပေ၏။ မထေရ်လည်း အတန်ငယ် အတန်ငယ်သော တရားစကားကို ဟောကြား၍ သွားပေ၏။ တိဿဗြဟ္မာ ပဋိသန္ဓေယူရာမှ ဖွားသောသူငယ်သည်လည်း တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သော် ထွန်းတောက်လျှင်မြန်သော ဉာဏ်ဖြင့်သင်၍ ဗေဒင်ကျမ်းကို ကမ်းကစ်ဖက်ရောက် တတ်မြောက်နိုင်လေ၏။ ဗြဟ္မာပြည်မှလာသောသူဖြစ်၍ အလွန်သန့်ရှင်းစင်ကြယ်လေရကား သူငယ်၏အိပ်ရာနေရာ၌ တစ်စုံတစ်ယောက်သောသူမျှ အိပ်ရနေရသောသူ မည်သည်မရှိ။ ဆရာ၏အိမ်သို့ သွားသောအခါ သူငယ်၏အိပ်ရာကို ဖြူသော အဝတ်ဖြင့်လွှမ်းလျက် အထက်၌သာ ဆွဲထားရ၏။

တစ်နေ့သ၌ အရှင်သိဂ္ဂဝသည် ဤသို့ကြံ၏။ သူငယ်အိမ်၌ ငါ ဆွမ်းခံသည်ကား တစ်ဆယ့်ခြောက်နှစ်မျှ ကာလကြာပြီ။ ဤသူငယ်ကား ရှင်ရဟန်းပြုခြင်းငှာလည်း လျော်ပြီ။ ဤသူငယ်နှင့် တစ်စုံတစ်ခုသော စကားကိုမျှလည်း ငါ မပြောရသေး။ ယနေ့ ပြောဆိုရအောင် သူငယ်၏နေရာမှ တစ်ပါး အခြားနေရာကို ဤအိမ်မှာ ရှာ၍မရစေသတည်းဟု အဓိဋ္ဌာန်၍ ဆွမ်းခံကြွလေ၏။ အိမ်သို့တက်သောအခါ အိမ်မှာရှိလင့်သော သူတို့လည်း သူငယ်၏နေရာမှတစ်ပါး အခြားခင်းဖို့ရာကို မမြင်၍ သူငယ်၏အိပ်ရာကိုပင် ရှင်သိဂ္ဂဝအား ခင်းပေး၏။ ရှင်သိဂ္ဂဝလည်း ထိုနေရာထက် ငြိမ်သက်စွာနေ၏။ တိဿသူငယ်သည် ဆရာထံမှပြန်လာ၍ မိမိနေရာထက်၌ အရှင်သိဂ္ဂဝနေနှင့်သည်ကိုမြင်၍ မရွှင်မသာသော နှလုံးရှိလျက် အမျက်ထွက်ဘိရကား ဦးပြည်းရဟန်းအား ဤနေရာကို ဘယ်သူခင်းလင့်သနည်း စသည်ဖြင့်ဆိုမြည်ရေရွတ်၏။ အရှင်သိဂ္ဂဝလည်း ဆွမ်းဘုဉ်းပေးခြင်းကိစ္စကိုပြုပြီး၍ သူငယ် အမျက်နည်းသောအခါ "မောင်လုလင်၊ သင် ဗေဒင်သင်သည်ကား စိုးစဉ်းမျှ တတ်ပါပြီလော"ဟု မေး၏။ တိဿလုလင်ကလည်း "ရှင်ရဟန်းကျွန်ုပ်မှမတတ်သော် ဘယ်သူတတ်တော့အံ့နည်း"ဟု ဆို၏။ ထိုသို့ဆိုပြီးလျှင် "ရှင်ရဟန်းကား ဗေဒင်တတ်ပါ၏လော" ဟု မေးပြန်၏။ "တတ်သည် မတတ်သည်ကို မေးလိုသမျှ သင် မေးလော့၊ မေးလျှင် သိရလတ္တံ့"ဟု ဆိုပေ၏။

ထိုစကားကိုကြားလျှင် တိဿလုလင်လည်း မိမိ သင်ခဲ့သမျှသောပညာ၌ ခဲရာခဲဆစ်ဟူသမျှကို မေး၏။ အရှင်သိဂ္ဂဝလည်း ရဟန္တာမဖြစ်မီကပင် ဗေဒင်သုံးကျမ်း၌ ကမ်းတစ်ဖက်ရောက်ဖူးသူ ဖြစ်ရကား ရဟန္တာဖြစ်သောအခါ မည်သည့်ပညာမျှ ထွေးယှက်ခြင်းမရှိ၊ ယုတ္တိအာဂုံနှင့်တကွ မေးသမျှကိုပင် တစ်ခဏချင်း ဖြေဆို၏။ ထိုသို့ ဖြေဆိုနိုင်သောကာလ တိဿလုလင်သည် အလွန် ဝမ်းမြောက်၏။ ထို့နောက်မှ အရှင်သိဂ္ဂဝသည် ဤသို့ဆိုပြန်၏။ "လုလင်သည် ငါ့အား မေးသော ပြဿနာကို ငါ များစွာဖြေဆိုပြီ၊ သင့်ကိုလည်း တစ်ခုသော ပြဿနာကို ငါ မေးလို၏။ ထိုပြဿနာကို သင် ဖြေအံ့လော"ဟု မေး၏။ "အရှင်ဘုရားမေးလော့ဖြေပါအံ့"ဟုဝန်ခံလျှင် အရှင်သိဂ္ဂဝလည်း စိတ္တယမိုက်၌ •"ယဿ စိတ္တံ ဥပ္ပဇ္ဇတိ န နိရုဇ္ဈတိ၊ တဿ စိတ္တံ နိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတိ။ ယဿဝါပန စိတ္တံနိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတိ၊ တဿစိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ"ဟူသော ပြဿနာကို မေး၏။

ထိုပါဠိ၏အဓိပ္ပာယ်ကား အကြင်ပုဂ္ဂိုလ်၏စိတ်သည် ဖြစ်ဆဲချုပ်ဆဲမဟုတ် ထိုပုဂ္ဂိုလ်၏စိတ်သည် ချုပ်လတ္တံ့ မဖြစ်လတ္တံ့လော၊ အကြင်ပုဂ္ဂိုလ်၏စိတ်သည် ချုပ်လတ္တံ့ မဖြစ်လတ္တံ့ ထိုပုဂ္ဂိုလ်၏စိတ်သည် ဖြစ်ဆဲမဟုတ်လော ဟူလိုသည်။ သန္နိဋ္ဌာန်ပုဒ်ကား ရဟန္တာတို့ စုတိစိတ်၏ ဥပ္ပါဒက္ခ

• စိတ္တယမိုက်–ပါဠိတော်–ဥဒ္ဒေသဝါရ–၂၇၁ အစ–ဌင်းအဋ္ဌကထာ ၂၇၇။ သာရတ္ထ ဒီပနီဋီကာ–နိဒါန ဝဏ္ဏနာ–၁၁၃။

www.burmeseclassic.com

www.burmeseclassic.com



ဏာ, သေက္ခပုထုဇ္ဇဉ်စိတ်၏ ဥပ္ပါဒက္ခဏာဖြင့် ဖြေအပ်၏။ သံသယကား ရဟန္တာ၏စိတ်သာတည်း။ ထိုပြဿနာကို ကြားသော် တိဿလုလင်သည် မိမိသင်သော ဗေဒင်ကျမ်း၌ အထက်ကိုလည်းကောင်း, အောက်ကိုလည်းကောင်း အောက်မေ့တွေးတော ဆင်ခြင်ပါသော်လည်း ထိုပြဿနာ၏အနက်ကို အမြွက်မျှ မမြင်ရကား "အရှင်ရဟန်း၊ ထူးဆန်းလှပေ၏။ ဤဗေဒင်ကား အဘယ်ဗေဒင်နည်း"ဟု မေး၏။ "လုလင်၊ ဗုဒ္ဓဗေဒင်မည်၏"ဟု ပြောပေသော် "အရှင်ဘုရား၏၊ ဗုဒ္ဓဗေဒင်ကား အဘယ်မျှလောက် များပြားကျယ်ဝန်းသနည်း"ဟု မေးလျှင် "လုလင်၊ ငါတို့ ဗုဒ္ဓဗေဒင်ကား ရှစ်သောင်းလေးထောင်မျှလောက် များ၏။ သိကြား, ဗြဟ္မာတို့မှမြင်ခြင်းငှာ မစွမ်းနိုင်သော ဓမ္မသဘာဝကိုလည်း သိတတ်ရ၏"ဟု ဆိုပေသော် ထိုသို့ဖြစ်ပြီးကား "အရှင်ရဟန်း၊ ဤဗေဒင်ကို အကျွန်ုပ်အား သင်ပါလော့" ဟု တောင်းပန်၏။ အရှင်သိဂ္ဂဝလည်း "အချင်းတိဿ ငါကဲ့သို့ ရဟန်းအသွင်ဖြင့်နေသောသူကိုသာ ငါ သင်နိုင်၏" ဟု ဆိုလျှင် "အရှင်ရဟန်း၊ ကောင်းပါပြီ၊ ကျွန်ုပ် ရဟန်းအသွင်ဖြင့်နေ၍ သင်ပါအံ့"ဟု လျှောက်ပြီးလျှင် မိဘတို့ထံ ကပ်ပြီးသော် "မိခင် ဖခင်တို့၊ ဤရဟန်းသည် ဗုဒ္ဓဗေဒင်ကို တတ်၏။ မိမိကဲ့သို့ သင်္ကန်းဝတ်သော သူကိုသာလျှင် သင်အံ့ဟု ဆိုချေသည်။ ထိုဗေဒင်ကို သင်ယူရအောင် ကျွန်ုပ် ရဟန်းပြုပါရစေ"ဟု ခွင့်တောင်း၏။ မိဘတို့ကလည်း ငါတို့သားသည် ဗေဒင်တတ်ရုံသင်ပြီးလျှင် လူ့ခွင်သို့ ပြန်လာလတ္တံ့ဟု နှလုံးထား၍ "ချစ်သား၊ ကောင်းပြီ ရဟန်းပြုလော့"ဟု ခွင့်ပေး၏။

အခွင့်ရလျှင် အရှင်သိဂ္ဂဝလည်း ဆံမုတ်ဆိတ်ကိုပယ်ချ၍ ရှင်ပြုလေ၏။ ရှင်ဖြစ်သော် တစ ပဉ္စက စသော ကာယဂတာသတိ ကမ္မဋ္ဌာန်းကိုသင်၍ မမြင့်မီပင် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထိုအခါ ရှင်သိဂ္ဂဝသည် ဤသို့ ကြံ၏။ ဤတိဿကား ပထမဖိုလ်သို့ရောက်၍ နောက်သို့ ဆုတ်လတ္တံ့သော အကြောင်းမရှိပြီ။ အလီလီသော ကမ္မဋ္ဌာန်းကို ပွားစေရသော် အရဟတ္တဖိုလ်သို့ ရောက်မည်ကား မချွတ်ပြီ။ ယခု စဏ္ဍဝဇ္ဇီထေရ်၏အထံသို့ စေလွှတ်ခါတန်ပြီဟု ကြံအောက်မေ့လျက် သာမဏေကိုခေါ်ပြီးလျှင် "ငါ့ရှင် တိဿ၊ ဤမည်သောအရပ်၌ ငါ၏အဆွေခင်ပွန်းဖြစ်သော စဏ္ဍဝဇ္ဇီထေရ်၏ အထံသို့သွား၍ ဘုရားရှင်စကားတော်ကို သင်ချေ။ ငါ၏စကားဖြင့်လည်း ထိုအရှင်အား အနာကင်းခြင်း, ချမ်းသာစွာနေရခြင်းကို မေးလေလော့၊ ထိုအရှင်က သင်၏ဆရာ အဘယ်သူနည်းဟုမေးသော် ကျွန်ုပ်ဆရာကား သိဂ္ဂဝထေရ်ပါတည်းဟု လျှောက်၏။ ငါကား အဘယ်အမည်ရှိသနည်းဟု မေးသော် အရှင်၏အမည်ကို အကျွန်ုပ် ဥပဇ္ဈာယ်ဆရာ သိပါ၏ဟု လျှောက်လော့။ ဆရာ၏အမည်ကို ရှေ့တွင်ထုတ်ဖော်၍ ခေါ်ခြင်းမည်သည်ကား မရှိညွတ်ရာရောက်သည်၊ သင် ထုတ်ဖော်မခေါ်မပြောလေလင့်"ဟု သင်လိုက်၏။

တိဿသာမဏေလည်း ကောင်းပါပြီဟုဝန်ခံ၍ ဆရာထံ ပူဇော်ခဲ့ပြီးလျှင် အရှင်စဏ္ဍဝဇ္ဇီထေရ်ရှိရာသို့ လာခဲ့၏။ ရောက်သောအခါ သင့်တင့်ရာအရပ်မှ ရှိခိုးလျက်ကပ်သော် စဏ္ဍဝဇ္ဇီထေရ်လည်း "သာမဏေ၊ သင် ဘယ်အရပ်မှ ဘယ်သို့သောအကြောင်းဖြင့် လာသနည်း"ဟု မေး၏။ "ကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာသည် အရှင်ဘုရားထံ၌ ပိဋကတ်ကို သင်ချေဟု စေလွှတ်သောကြောင့် လာသတည်း"ဟု လျှောက်လျှင် "သင်၏ဆရာကား အဘယ်အမည်ရှိသနည်း" ဟု မေး၏။ "သိဂ္ဂဝထေရ်မည်ပါသည်"ဟု လျှောက်လေသော် "ငါ၏အမည်ကား အသို့ခေါ်သနည်း"ဟု မေး၏။ "အရှင်ဘုရား၏အမည်ကို အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာ သိပါ၏"ဟု လျှောက်ပြန်၏။ "သာမဏေ ထိုသို့ဖြစ်တပြီးကား သင်၏ သပိတ်, သင်္ကန်းကို သိမ်းလော့"ဟု အခွင့်ပေး၏။ သာမဏေလည်း မိမိ၏ သပိတ်, သင်္ကန်းကိုသိမ်းလျက် ထိုညဉ့်အိပ်စက်၍ နံနက်သောအခါ စောစွာထ၍ ကျောင်းအာရာမ်၌ တံမြက်လှည်းပြီးသော် မထေရ်ထသောအခါ မျက်သစ်ရေ ဒန်ပူတို့ကိုလည်းကောင်း, မျက်နှာသုတ်ပုဆိုးတို့ကိုလည်းကောင်း ကပ်ပေ၏။

စဏ္ဍဝဇ္ဇီထေရ်လည်း သာမဏေငယ်၏ သည်းခံခြင်းရှိမရှိကို သိခြင်းငှာလည်းကောင်း, အခွင့်အရာ၌ လိမ္မာသည် မလိမ္မာသည်ကို သိခြင်းငှာလည်းကောင်း, ကပ်လာသောရေကိုလည်းသွန်၍ ဒန်ပူကိုလည်း ပယ်ရှား၍ တစ်ပါးသောရေဒန်ပူကိုသာ ယူ၍သုံးဆောင်၏။ တံမြက်လှည်းရာ၌လည်း ထပ်၍သာ တံမြက်လှည်း၏။ သာမဏေလည်း နေ့စဉ် မချွတ် ပြုမြဲတိုင်းသော ဝတ်ကိုသာ ခုနစ်ရက်ပတ်လုံးပြု၏။ ခုနစ်ရက်စေ့သောအခါ သာမဏေငယ်ကိုခေါ်ပြန်၍ "သင်သည် ငါ့ထံသို့ ဘယ်အကျိုးငှာ လာသနည်း" ဟု မေး၏။ သာမဏေလည်း ရှေးလျှောက်မြဲအတိုင်းပင် လျှောက်ထား၏။ ထိုအခါ စဏ္ဍဝဇ္ဇီထေရ်ကလည်း သာမဏေကား တော်တည့်မှန်ကန်သော စကားရှိ၏။ ဝတ်ပြည့်စုံလှလျက် သီလသိက္ခာပုဒ်ကိုလည်း ဂရုပြု၏။ ဥပဇ္ဈာယ် ဆရာတို့၏ ထားသော ဒဏ်ကိုလည်း သည်းခံလေ့ရှိ၏။ ဗြဟ္မာပြည်သို့ သွား၍ တောင်းပန်ရသော တိဿဗြဟ္မာ စင်စစ်ပင်တည်း

www.burmeseclassic.com



ဟု ပိဋကတ်တော်ကို သင်စိမ့်သောငှာ အခွင့်ပေး၏။ သာမဏေလည်း ရှိသေစွာ သင်မှတ်သဖြင့် သုတ္တန် ပိဋကတ် အဘိဓမ္မာပိဋကတ်တို့ကို အဋ္ဌကထာနှင့်တကွ သာမဏေ ဖြစ်စဉ်ကပင် အာဂုံဆောင်နိုင်၏။ ဝိနည်းပိဋကတ်ကိုကား ပဉ္စင်းဖြစ်မှ သင်သည်၊ တစ်ဝါမပြည့်မီပင် သုံးအင်သော ပိဋကတ်တို့ကို အဆုံးသတ် ဆောင်နိုင်၏။

ဆရာဥပဇ္ဈာယ်ဖြစ်သော သိဂ္ဂဝထေရ်၊ စန္ဒဝဇ္ဇိထေရ်တို့ သည်လည်း အရှင်မောဂ္ဂလိပုတ္တတိဿ၏အထံ၌ မိမိတပည့်တို့ ကို အပ်နှံထားပြီးသော် အသီးသီး ပရိနိဗ္ဗာန် စံယူလေကုန် ၏။ အရှင် မောဂ္ဂလိပုတ္တတိဿလည်း ကမ္မဋ္ဌာန်း ဝိပဿနာ ကို လွန်စွာအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်တော် မူ၏။ ထိုအရှင်သံဃာ့ထေရ် မြောက်သောအခါ "သိရိဓမ္မာ သောက"မင်းဖြစ်သည်နှင့် ဆိုင်မိလေသတည်း။ ရဟန်းခွင် သို့ဝင်လာကြသော တိတ္ထိတို့သည်လည်း ပိဋကတ်တော်ကို မသင်မကြား မိမိတို့၏ အလေ့အကျင့်အားလျော်စွာသာ ကျင့်၍ အချို့ကား မီးကိုလုပ်ကျွေးကုန်သည်။ အချို့ကား ပဉ္စာတပအကျင့်ကို ကျင့်ကုန်သည်။ အချို့ကား နေကို အတုလိုက်၍ ကျင့်သည်။ အချို့ကား တရားမဟုတ်သည် ကို တရားကျမ်းဂန် ပြုလုပ်ကုန်သည်။ ရဟန်းသံဃာတို့ ကား ထိုတိတ္ထိတို့နှင့်အတူတကွ ဥပုသ် ပဝါရဏာ စသော ကံကြီး ကံငယ်ကို မပြုကြကုန်။ အသောကာရုံကျောင်း၌ ခုနစ်နှစ်ပတ်လုံး ဥပုသ် ပဝါရဏာပြုခြင်းမှ ကင်းကုန်၏။

ထိုအကြောင်းကို မင်းကြီး ကြားသိလေသော် အမတ် တစ်ယောက်ကိုခေါ်၍ "အချင်းအမတ်၊ ကျောင်းတော်သို့ သွား၍ အဓိကရုဏ်းကို ငြိမ်းအောင်စီရင်ချေ။ သံဃာတော် တို့အား အညီအညွတ် ဥပုသ်ပြုစေလော့"ဟု စေလိုက်၏။ အမတ်လည်း အကြောင်းကို မင်းကြီးအား ပြန်၍ ဇေစုံစွာ မလျှောက်ဝံ့သောကြောင့် အမတ်တစ်ယောက်ကို ဤသို့ မေး၏။ "အမတ်ကြီး၊ ကျွန်ုပ်ကို မင်းကြီးက ရဟန်းတို့၏ အဓိကရုဏ်းကို ငြိမ်းအောင်ပြုချေဟု စေတော်မူသည်၊ အဘယ်သို့ စီရင်ရအံ့နည်း"ဟုမေးသော် ထိုအမတ်ကလည်း "အဆွေ၊ တူသောပမာကား ပစ္စန္တ ရစ်မြို့ရွာကို ငြိမ်းစေလို သော် ခိုးသူဓားပြတို့ကို သတ်ရကုန်၏။ မင်း၏အာဏာကို မခံညားသောသူအား ပယ်ရှားရ၏။ ထို့အတူ အကြင်ရဟန်း တို့သည် ဥပုသ်ပြုဆို၍ မပြုလိုသော် ထိုရဟန်းတို့ကို သတ် စေလိုသတည်း"ဟု ပြောပေ၏။ စေသော အမတ်လည်း ထိုစကားကို ဟုတ်မှန်၏ဟု နှလုံးသွင်း၍ ကျောင်းသို့သွား လေပြီးသော် သံဃာတို့ကို အညီအညွတ် ဥပုသ်ပြုကုန်လော့

ဟု ဆို၏။ တိုက်နေ ရဟန်းကောင်းတို့က တိတ္ထိတို့နှင့်အတူ တကွ ငါတို့ဥပုသ်မပြုကုန်ဟု ဆို၏။ ထိုအခါ သံဃာကြီးမှ စ၍ အစဉ်အတိုင်းလျှင် သံလျက်ဖြင့် ဦးခေါင်းကို ဖြတ် ဘိ၏။

ထိုသို့ သတ်သည်ကို အိမ်ရှေ့မင်းဖြစ်ဖူးသော တိဿ ထေရ်မြင်လျှင် မင်းသည် ဤအမှုကို မစေလေရာ၊ အမတ် မိုက်၏ ချွတ်ယွင်းခြင်းသာ ဖြစ်လတ္တံ့ဟု အကြံတော်ရှိ၍ မိမိ၏တန်နိုးဖြင့်လာ၍ အမတ်နှင့်နီးစွာသောနေရာ၌ နေ တော်မူ၏။ အမတ်လည်း ဤရဟန်းကား မင်း၏ညီတော် ဖြစ်ပေသည်ဟု မသတ်ဝံ့ရကား မင်းကြီးအား မြန်စွာ နား တော်လျှောက်၏။ "အရှင်မင်းကြီး၊ ဥပုသ်ပြုပါဟု လျှောက် သည်ကို မပြုလိုသော ရဟန်းတို့အား သတ်ခဲ့လေပြီ။ ညီတော် တိဿ၏အလှည့်သည် ကျချေပြီ။ အသို့ပြုရပါ အံ့နည်း"ဟု လျှောက်၏။ မင်းကြီးလည်း ထိုစကားကိုကြား လျှင် ဘဝင်လှိုက်ခုန်လျက် တုန်လှုပ်သော စိတ်တော်ရှိသည် ဖြစ်၍ "ဟယ်... အမတ်မိုက် သင့်ကို ရဟန်းတို့ကို သတ် ချေဟု ငါ မစေဘဲလျက် အဘယ့်ကြောင့် သင် သတ်ဘိ သနည်း"ဟု ဆို၍ တောက်တပိုထပြီးသော် အတန်ငယ် သော ပရိသတ်တို့ကိုခေါ်၍ ကျောင်းတော်သို့ လာခဲ့၏။ ရောက်လျှင် သံဃာ့ထေရ်ဖြစ်ကုန်သော ရဟန္တာတို့အား ဤသို့လျှောက်၏။

"အရှင်ဘုရားတို့၊ ဤအမတ်သည် အကျွန်ုပ် သတ် ချေဟု မစေဘဲလျက် ဤသို့သောအမှုကို ပြုဘိ၏။ ထို မကောင်းမှုသည် အဘယ်သူအား အကုသိုလ်တရားဖြစ်ရာ သနည်း"ဟု မေးလျှောက်၏။ ထိုအခါ အချို့သော သံဃာ တို့ကလည်း ဤအမတ်သည် မင်းကြီးစကားဖြင့်သာ ပြုလေ ရကား မင်းကြီးအားသာ မကောင်းမှုဖြစ်ချေရာသည်ဟု ဆို၏။ အချို့သော မထေရ်တို့ကည်း မင်းအားလည်း ကောင်း၊ အမတ်တို့အားလည်းကောင်း၊ မကောင်းမှုဖြစ်ရာ သည်ဟု ဆိုကုန်၏။ အချို့ မထေရ်တို့ကလည်း မင်းကြီး ၏ သတ်စေလိုသော စေတနာဖြင့် အမတ်အား ရဟန်းတို့ ကို သတ်ချေဟု မစေသောကြောင့် မင်းကြီး မကောင်းမှု မရှိဟု ဆိုကုန်၏။ မင်းကြီးလည်း အသီးသီးဆိုကြသော မထေရ်တို့၏ စကားတော်ကိုကြားရသော် နှလုံးတော်နှစ်ခွ ဖြင့် ယုံမှားသင်္ကာရှိလှသည်ဖြစ်၍ မကောင်းမှုမှ ကြောက် လန့်ရကား သံဃာတော်တို့အား ဤသို့လျှောက်ပြန်၏။

"အရှင်ဘုရား၊ ကျွန်ုပ်၏ ယုံမှားသံသယကို ပျောက်ပ စင်ကြယ်အောင် အဘယ်ပုဂ္ဂိုလ်သည် ပျောက်နိုင်ပါအံ့နည်း"

www.burmeseclassic.com

www.burmeseclassic.com



ဟု သာသနာတော်ကိုလည်း ချီးမြှောက်နိုင်ပါအံ့နည်း"ဟု လျှောက်ပြန်လျှင် သံဃာတို့လည်း "ဒကာတော် မင်းကြီး၊ ယုံမှားသက်ဘကို ပယ်ခွာနိုင်အံ့သော ပုဂ္ဂိုလ်ကား အဟောဂင်္ဂါမည်သော မြစ်ညာတောင်၌နေသော အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည်သာလျှင် ထိုသံသယကို ပယ်ခွာ၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှာ စွမ်းနိုင်လတ္တံ့"ဟု မိန့်တော်မူကုန်၏။ မင်းကြီးလည်း ထိုနေ့ကိုပင်လျှင် ရဟန္တာ တစ်ထောင် အရံရှိသော ဓမ္မကထိက ပုဂ္ဂိုလ်လေးဦးတို့ကိုလည်းကောင်း, သူရဲတစ်ထောင်စီ အရံရှိသော အမတ်လေးဦးတို့ကိုလည်းကောင်း စေလွှတ်၍ ပင့်လေ၏။ စေလိုက်သော သူတို့လည်း "မင်းကြီးပင့်ခေါ်ပါသည် ကြွတော်မူပါ"ဟု လျှောက်၏။ အရှင်မောဂ္ဂလိပုတ္တတိဿလည်း မကြွဘဲ နေတော်မူ၏။ ပင့်သူတို့က မကြွကြောင်းကိုလျှောက်သော် တစ်ဖန် ရှစ်ဦးသော ဓမ္မကထိက ပုဂ္ဂိုလ်တို့ကိုလည်းကောင်း, ရှစ်ယောက်သော အမတ်တို့ကိုလည်းကောင်း ထပ်မံ၍စေပြန်၏။ ပင့်သူတို့လည်း ရှေးနည်းအတူ လျှောက်သဖြင့် မကြွဘဲ နေပြန်၏။

ထိုအခါ မင်းကြီးသည် သံဃာတော်တို့ထံသွား၍ "အရှင်ဘုရားတို့ဆရာကို ကျွန်ုပ်ပင့်ပါးသည် နှစ်ကြိမ် ရှိပြီ။ မကြွမလာပါ"ဟု လျှောက်သော် သံဃာထေရ်တို့သည်လည်း "မင်းကြီး ပင့်ခေါ်သည်ဟူ၍ မလျှော်သောစကားဖြင့် လျှောက်သောကြောင့်သာ မကြွလာခြင်းဖြစ်ရာသည်။ သာသနာတော်၌ ကြီးစွာသော ဘေးရန်ဖြစ်ပါသည်။ ထိုဘေးရန်ကို သုတ်သင်ပြီး၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှာ ကြွတော်မူပါဟု လျှောက်လေလျှင် ကြွလတ္တံ့သတည်း"ဟု မိန့်ကုန်၏။ ထိုစကားကိုကြားလျှင် တစ်ကျိပ်ခြောက်ပါးသော ဓမ္မကထိက ပုဂ္ဂိုလ်တို့ကိုလည်းကောင်း တစ်ကျိပ်ခြောက်ယောက်သော အမတ်တို့ကိုလည်းကောင်း ထိုစကားအတိုင်း သင်ကြား၍ ယောကျ်ားအရံ တစ်ထောင်စီနှင့် ပင့်စေပြန်၏။ သံဃာတော်တို့အားလည်း ဤသို့ မေးလျှောက်၏။ "အရှင်ဘုရားတို့၊ အရှင် မောဂ္ဂလိပုတ္တတိဿထေရ်သည် အရွယ်ဘယ်မျှရှိပြီနည်း၊ အိုမင်းပြီလော ငယ်သေး၏လော"ဟု မေး၏။ "မင်းကြီး အသက်တော် ခုနစ်ဆယ့်နှစ်နှစ်ဖြစ်၍ အိုမင်းပြီ"ဟု ဆိုလျှင် အရှင်မြတ်သည် "ယာဉ်ကိုလည်းကောင်း, ထမ်းစဉ်ကိုလည်းကောင်း စီးလတ္တံ့လော"ဟု မေး၏။ "မင်းကြီး မစီးလတ္တံ့"ဟု ဆိုသော် လှေအများတို့ကို ဖောင်ဖွဲ့၍ ပင့်ချေဟု စေတော်မူ၏။ ပင့်သောသူတို့ရောက်၍ သာသနာကို ချီးမြှောက်ခြင်းငှာ ကြွတော်မူပါဟု လျှောက်လေလျှင် အရှင်မြတ်ကလည်း "ငါသည် သာသနာတော်ကို ချီးမြှောက်ခြင်းငှာသာလျှင် ဖြဟ္မာပြည်မှ စုတေလာ၍ ရဟန်းအဖြစ်ကို ယူသည်။ ထိုအခါသည် ယခု ရောက်ချေပြီ"ဟု စမ္မခဏ်ကို ခါတွက်ပြီးမှ ထ၍ လိုက်တော်မူ၏။

ယင်းသို့ စုန်လာ၍ ပါဋလိပုတ်ပြည်သို့ရောက်အံ့သော နေ့ ညဉ့်၌ မင်းကြီး အိပ်မက်မြင်မက်တော်မူသည်ကား ကိုယ်လုံးဖြူသော ဆင်ပြောင်ကြီးသည် ကောင်းကင်ခရီး ဖြင့်လာ၍ မင်းကြီး ဦးခေါင်းမှသည် လက်ျာလက်ရုံးတိုင်အောင် နာမောင်းဖြင့် သုံးသပ်သည်ဟု မက်၏။ မိုးသောက်သောကာလ အိပ်မက်ကိုကြံတတ်သောသူတို့အား အကြောင်းကို ပြန်ကြားလျှင် "အရှင်မင်းကြီး၊ ရတနာဆင်ဖြူနှင့်တူသော ရဟန္တာမြတ်သည် ကြွရောက်၍ လက်ျာလက်ရုံးကို သုံးသပ်လတ္တံ့"ဟု လျှောက်၏။ များမကြာပင် အရှင်မောဂ္ဂလိပုတ္တတိဿထေရ် ကြွတော်မူလာပြီဟုကြား၍ မြစ်နားသို့ လာပြီးလျှင် မင်းကြီးသည် လည်တိုင်အောင်သော ရေသို့ ဆင်းသက်၍ မဟာထေရ်၏လက်ကို လှမ်းတော်မူလင့်၏။ မဟာထေရ်လည်း မင်းကြီး၏လက်ကို ကိုင်တော်မူ၏။

ထိုသို့ ကိုင်သည်ကို သန်လျက်စွဲသော သက်တော်စောင့်မြင်လျှင် မထေရ်၏ဦးခေါင်းကို ဖြတ်အံ့ဟု သန်လျက်ကို အိမ်မှထုတ်၍ ခုတ်အံ့ဟု မိုးသည်ကို ရေ၏အရိပ်တွင် မင်းကြီးမြင်လေသော် "ဟယ... အချင်း၊ သင်တို့ရှေး၌လည်း ရဟန်းသံဃာတို့အား ပြစ်မှားခြင်းကြောင့် နှလုံးမသာငါ ရှိရပြီ။ ယခုလည်း အရှင်ဘုရားအား ပြစ်မှားခြင်းကို မပြုကုန်လင့်"ဟု မိန့်တော်မူပြီးမှ မင်းကြီးကိုယ်တိုင် လမ်းညွှန်လျက် ဥယျာဉ်သို့ ပင့်ဆောင်လေ၏။ အကြင်သူသည် မင်း၏လက်ကိုကိုင်၏။ ထိုသူအား သန်လျက်ဖြင့်ဖြတ်ခြင်းသည် မင်းမျိုးတို့၌ဖြစ်သော စာရိတ္တပင်တည်း။ အရှင်မြတ်လည်း ထိုစာရိတ္တကိုသိလျက် အဘယ့်ကြောင့် ကိုင်သနည်းဟူမူကား မင်းကြီးသည် ငါ့အား ပြဿနာမေးခြင်းငှာ ပင့်လျှောက်လာသည်ဖြစ်၍ ငါ၏ဓမ္မန္တေဝါသိကပင်တည်း။ ငါ ချီးမြှောက်သင့်ပေသည်ဟု နှလုံးပြု၍ ကိုင်တော်မူသတည်း။

ယင်းသို့ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကို ဥယျာဉ်၌ သီတင်းသုံးစေ၍ သူရဲသူခက်တို့ကို သုံးထပ်တိုင်အောင် ဝန်းရံစောင့်ရှောက်နေစေ၏။ မင်းကြီးသည် မိမိ ကိုယ်တိုင်ပင် အရှင်မြတ်၏ ခြေတော်ကို ဆေးသုတ်ပြီးမှ အနီး၌ နေလျက် ဤအရှင်သည် ငါ၏ ယုံမှားသက်ဘကို ဖျောက်၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှာ စွမ်းနိုင်ပါ အံ့လောဟု

www.burmeseclassic.com



စုံစမ်းခြင်းအကျိုးငှာ "အရှင်ဘုရား၊ တစ်ခုသော တန်ခိုးပြာဋိဟာကို အကျွန်ုပ် ဖူးမြင်လိုပါသည်"ဟု နားတော်လျှောက်၏။ အရှင်မောဂ္ဂလိပုတ္တတိဿကလည်း "ဒကာမင်းကြီး၊ အဘယ်သို့သော တန်ခိုးပြာဋိဟာကို မြင်လိုပါသနည်း"ဟု မေးလျှင် "အရှင်ဘုရား၊ မဟာပထဝီ၏ တုန်လှုပ်ခြင်းကို မြင်လိုပါသည်"ဟု လျှောက်သော် "မင်းကြီး၊ အလုံးစုံသော မြေ၏လှုပ်ခြင်းကို မြင်လိုသလော, တစ်စိတ်တစ်ဒေသသော မြေ၏လှုပ်ခြင်းတို့ကို မြင်လို သလော"ဟု မေး၏။ "အရှင်ဘုရား၊ အဘယ်လှုပ်ခြင်းသည် ခဲယဉ်းပါသနည်း"ဟု လျှောက်ပြန်သော် "မင်းကြီး၊ ရေဖြင့်ပြည့်သော တစ်ခုသောခွက်၌ အလုံးစုံသောရေ၏ လှုပ်ခြင်းသည် ခဲယဉ်းသလော၊ တစ်စိတ်တစ်ဝက်သောရေ၏ လှုပ်ခြင်းသည် ခဲယဉ်းသလော" ဟု မေးပြန်၏။ တစ်စိတ်တစ်ဝက်သော ရေ၏လှုပ်ခြင်းသည်သာလျှင် ခဲယဉ်းပါသည်" ဟု လျှောက်သော် "ဒကာတော်မင်းကြီး၊ ဤအတူပင် ထက်ဝန်းကျင်သော မြေ၏ လှုပ်ခြင်းသည် မခဲခက်၊ "တစ်စိတ်တစ်ဝက်သော မြေ၏လှုပ်ခြင်းသည်သာ ခဲယဉ်းစွာ၏" ဟု ဆိုလျှင် "အရှင်ဘုရား၊ ထိုသို့တပြီးကား တစ်စိတ်တစ်ဝက်သော မြေ၏လှုပ်ခြင်းကိုပင် မြင်ချင်ပါသည်" ဟု လျှောက်၏။

"မင်းကြီး ယင်းသို့မြင်လိုမူ တစ်ယူဇနာမျှလောက်သော အရပ်ကို သတ်မှတ်သီးခြား၍ အရပ်လေးပါးတွင် အရှေ့ မျက်နှာ၌ ကြီးစွာသော ရထားကို အတွင်းမှ ဘီးနှစ်ခု၊ အပြင်မှ ဘီးနှစ်ခုပြု၍ တည်စေ။ တောင်မျက်နှာ၌ တစ်စီးသော မြင်းကို အတွင်းမှ ခြေနှစ်ဖက်၊ အပြင်မှ ခြေနှစ်ဖက်ထောက်၍ နေစေ။ အနောက်မျက်နှာ၌ တစ်ဦးသော ယောကျ်ားကို အတွင်းမှ ခြေတစ်ဖက်၊ အပြင်မှ ခြေတစ်ဖက်ထောက်၍နေစေ။ မြောက်မျက်နှာ၌ တစ်ခုသောရေခွက်ကို ထက်ဝက်စီပြု၍ တည်စေ"ဟု မိန့်တော်မူ၏။ မင်းကြီးလည်း အရှင်မြတ်စီရင်တိုင်း တည်ထားပေ၏။

မထေရ်မြတ်လည်း အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထဈာန်ကို ဝင်စားပြီးလျှင် ထိုဈာန်မှထ၍ တစ်ယူဇနာမျှလောက်သော အတွင်း၌ မြေလှုပ်ခြင်းကို အဓိဋ္ဌာန်ပြု၏။ အဓိဋ္ဌာန်သည်နှင့်တစ်ပြိုင်နက် မှတ်သားသော ရပ်ကွက်၏ အတွင်း၌ မြေပြင်းစွာ တုန်လှုပ်၍ ရထားဘီး, မြင်းခြေ, လူခြေ, ရေထက်ဝက်တို့သည် သွက်သွက်ခါမျှ လှုပ်ကုန်၏။ အပ၌တည်သော လှည်းဘီး, မြင်းခြေ စသည်တို့သည် မတုန်လှုပ်ကုန်။ ဤသို့ အံ့ဖွယ်သရဲ ထူးကဲသော တန်ခိုးပြာဋိဟာတို့ကို မင်းကြီး မြင်ရလျှင် ဤအရှင်ကား ငါ၏ ယုံမှားသံသယကိုဖျောက်၍ သာသနာတော်ကို ချီးမြှောက်ခြင်းငှာ စွမ်းနိုင်ရာ၏ဟု အောက်မေ့ပြီးလျှင် "အရှင်ဘုရား အကျွန်ုပ်သည် အမတ်တစ်ယောက်အား ကျောင်းသို့သွား၍ အဓိကရုဏ်းကို ငြိမ်းစေပြီးလျှင် သံဃာတော်တို့ တညီတညွတ် ဥပုသ်ပြုကြပါစေဟု စေလိုက်သော် အမတ်မိုက်သည် ဤမျှလောက်သော ရဟန်းတို့ကို သတ်လာချေသည် အရှင်ဘုရား၊ ဤမကောင်းမှုသည် ဘယ်သူ့အား ဖြစ်ရာသနည်း"ဟု နားတော်လျှောက်၏။ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်ကလည်း "ဒကာမင်းကြီး၊ ဤအမတ်သည် သံဃာတို့အား နှိပ်စက်သတ်ညှစ်စေသတည်းဟု သင် စိတ်ရှိသလော"ဟု မေး၏။ "အရှင်ဘုရား၊ အကျွန်ုပ် စိတ်မရှိပါ"ဟု လျှောက်လျှင် "မင်းကြီး၊ သတ်စေလိုသော စိတ်မရှိက သင်၌ မကောင်းမှုမရှိ၊ ဤအကြောင်းကို ဘုရားသခင် ဟောတော်မူအပ်သော တိတ္တိရဇာတ်ဖြင့် သိအပ်၏။"

## တိတ္တိရဇာတ်

မင်းကြီး၊ ရှေးလွန်လေပြီးသောအခါ ငါတို့ဘုရားအလောင်းတော်သည် ရသေ့ရဟန်းပြု၍ တစ်ခုသော တောအုပ်၌ နေသတည်း။ တစ်ခုသော ပစ္စန္တရွာ၌ မုဆိုးတစ်ဦးသည် ခါတိန်ညင်ကိုမွေး၍ လိမ္မာစွာသင်ပြီးသော် ထိုခါတိန်ညင်ဖြင့် တော၌ရှိသော ခါအပေါင်းကို ဖမ်းယူခြင်းငှာ တောသို့လာပြီးသော် သင့်ရာ၌ ခါတိန်ညင်ကိုထား၍ အပါး၌ ညွှတ်ကွင်းတို့ကိုထောင်၏။ ခါတိန်ညင် တွန်ကျူးသော အသံကိုကြား၍ ခါအများတို့လာလျှင် ညွှတ်ကွင်းမှာ မိလေသဖြင့် မုဆိုးသည် ဖမ်း၍ ဖမ်း၍သတ်ကာ ထိုခါတို့ကို ရောင်းလျက် အသက်မွေး၏။ ခါတိန်ညင်သည် ကြံ၏။ ငါ တစ်ခုကို အကြောင်းပြု၍ ငါ၏အမျိုး ခါတို့သည် ပျက်စီးကုန်၏ဟု ကြံပြီးလျှင် ငါ့အား အပြစ်ရှိသည် အယူရှိ၍ မတွန် တိတ်ဆိတ်စွာနေသော ခါတိန်ညင်၏ဦးခေါင်းကို မုဆိုးသည် ဝါးခြမ်းစိတ်ဖြင့်ရိုက်၍ နာသောကြောင့် တွန်ရပြန်၏။ မုဆိုးသည် ဤသို့လျှင် ထိုခါကိုမိ၍ ခါတို့ကိုဖမ်းလျက် အသက်မွေးရ၏။

တစ်နေ့သ၌ ခါတိန်ညင်ကိုပိုက်လျက် တော၌နေသော ရသေ့ကျောင်းသို့ရောက်လေလျှင် ခါအိမ်ကို ကျောင်းဝ၌ထား၍ မုဆိုးကား သဲအပြင်၌ အိပ်ပျော်ခြင်းသို့သက်၏။ ထိုအခါ ခါတိန်ညင်က ရှင်ရသေ့အား ဤသို့လျှောက်၏။ "ရှင်ရသေ့၊ ကျွန်ုပ်၏တွန်သံကိုကြားသဖြင့်လည်းကောင်း,

www.burmeseclassic.com



အဆင်းကို မြင်သဖြင့်လည်းကောင်း တော၌ရှိသော ခါ အပေါင်းတို့သည် ငါတို့ဆွေမျိုး ရှိချေသည်ဟုလာကြ၍ မုဆိုး၏ညွှတ်ကွင်း၌ မိလေသဖြင့် ခါအများတို့ အသက်ခံရလေသည်။ ဤမကောင်းမှုကံကို အကျွန်ုပ် ခံရလတ္တံ့လော လွတ်ပါလတ္တံ့လော"ဟု မေးလျှောက်၏။ ရသေ့ကလည်း "ခါတိန်ညင်၊ သင်သည် ရောက်လာသော ခါတို့ကို သေစေလိုသော စိတ်ရှိသလော"ဟုမေး၏။ "အရှင်ဘုရား၊ အကျွန်ုပ် သေစေလိုသော စိတ်မရှိပါ၊ တွန်မြည်ခြင်းဖြစ်၍သာ တွန်ပါသည်"ဟု လျှောက်လျှင် ရှင်ရသေ့က ထိုပြဿနာကို ဖြေခြင်းငှာ-

"သစေတော နတ္ထိ စိတ္တံ နတ္ထိပါပံ စေတယန္တံ့မေဝဟိ ပါပံ ဖုသတိ နာစေတယန္တံ"အစရှိသော [၁]ဂါထာဖြင့် "ခါတိန်ညင်၊ သင်သည် သေစေလိုသော စိတ်မရှိက သင့်အား မကောင်းမှုမရှိ။ စိတ်စေတနာနှင့်တကွ ပြုသောသူအားသာလျှင် မကောင်းမှုအကျိုး ဖြစ်သတည်း။ ခါတိန်ညင် သိမြင်လိမ္မာသော ပညာရှိတို့သည် စေတနာကိုသာလျှင် ကံ ဟူ၍ ဆိုကုန်၏။ ကိုယ်, နှုတ်, နှလုံး သုံးပါး၌ဖြစ်သော အမှုအရာတို့သည် စေတနာသာလျှင် အကြောင်းရင်းဖြစ်၏" ဟု ဖြေပေ၏။ ထိုဇာတ်ကို ပေါင်းသောအခါ ခါတိန်ညင်သည် အရှင်ရာဟုလာဖြစ်၍ ရသေ့သည် ငါကိုဆရာ မြတ်စွာဘုရားဖြစ်တော်မူသော ဤအတ္ထုပ္ပတ္တိနှင့်လျော်သော အကြောင်းဖြစ်၍ ဤတိတ္တိရဇာတ်ကို ဟောကြားတော်မူသတည်း။

မင်းကြီး [၂]ဤတိတ္တိရဇာတ် ဥပဒေကို သက်သေပြုထားသဖြင့် သတ်စေလိုသော စိတ်မရှိသော် မင်းကြီးအား အရဟန္တဃာတက ပါဏာတိပါတကံမရှိဟု မှတ်တော်မူ၍ ဟောပေ၏။ မင်းကြီးလည်း အလွန်ဝမ်းသာလျက် သင်္ကာယနကင်း၍ ထိုအရှင်ထံရင်းတွင်ပင် ခုနစ်ရက်ပတ်လုံး ဘုရားအဆုံးအမဖြစ်သော အယူတော်ကို သင်ကြား၏။ တတ်မြောက်သောအခါ အသောကာရာမကျောင်းသို့လာ၍ သံဃာတော်တို့ကို ဝါဒတူရာတူရာ စည်းဝေးစေပြီးလျှင် တစ်သင်း တစ်သင်းကို စစ်ဆေး၍ "အရှင်ရဟန်းတို့၊ အရှင်တို့ဆရာ မြတ်စွာဘုရားသည် အဘယ်သို့ အယူရှိသနည်း" ဟု မေး၏။ အချို့ကလည်း **သဿတဝါဒ** ရှိပါသည်ဟု ပြော၏။ အချို့ကလည်း **ဧကစ္စသဿတဝါဒ** ရှိပါသည်ဟု ပြော၏။ အချို့ကလည်း **အမရာဝိက္ခေပဝါဒ** ရှိပါသည်ဟု ပြော၏။ အချို့ကလည်း **အဓိစ္စသမုပ္ပန္နဝါဒ** အချို့ကလည်း **သညီဝါဒ, နေဝသညီနာသညီဝါဒ, ဥစ္ဆေဒဝါဒ, ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ** ရှိပါသည်ဟု ပြော၏။ ဓမ္မာသောကမင်းကြီးလည်း မိမိသည် အယူတို့ကို သိမြင်တတ်မြောက်ပြီးဖြစ်၍ ဤသူတို့ကား ဘုရားတပည့်စစ်မဟုတ်။ တိတ္ထိတို့သာတည်းဟု သိ၍ **ဝတ်ဖြူဆီး၍ လူပြုစေပြီးသော်** ကျောင်းကြီးမှ နှင်ထုတ်ကုန်၏။ ထိုတိတ္ထိတို့ကား ခြောက်သောင်းမျှ အရေအတွက်ရှိ၏။

ထို့နောက်မှ တစ်စုသော ရဟန်းတို့ကို ပင့်ခေါ်ပြီးလျှင် "အရှင်ဘုရားတို့၊ ဘုရားသခင်သည် အဘယ်သို့ အယူရှိသနည်း"ဟု လျှောက်မေးသော် "ဒကာတော်မင်းကြီး၊ ဘုရားမြတ်စွာကား ကမ္မဝါဒီ-ဝိဘဇ္ဇဝါဒီတည်း"ဟု ဖြေလျှင် "အရှင်ဘုရား၊ ဟုတ်မှန်ပေပြီ။ ဤယခုအခါ၌ သာသနာတော် သန့်ရှင်းစင်ကြယ်ပါပြီ။ ဥပုသ်ပဝါရဏာပြုပါကုန်လော့"ဟု လျှောက်ကြား၍ သံဃာတော်အများကို စည်းဝေးစေပြီးလျှင် တညီတညွတ်တည်း ဥပုသ်ပြုကြကုန်၏။ ထိုအစည်းအဝေး၌ သံဃာတော်အပေါင်းတို့ကား **ခြောက်သန်း** အရေအတွက် ရှိ၏။

## ကထာဝတ္ထုကျမ်း

အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် ထိုသံဃာအလယ်၌ အသွယ်သွယ်သော အဓမ္မဝါဒကို နှိမ်နင်းလျက် တရားမင်းဖြစ်တော်မူသော ဘုရားသခင်၏ နှုတ်နက်ရှစ်ချက်သော မာတိကာကို အမှီပြုလျက် **ကထာဝတ္ထုကျမ်း**ကို ဟောတော်မူပေ၏။

## တတိယသင်္ဂါယနာ

ထို့နောက်မှ ခြောက်သန်းမျှလောက်သော သံဃာတို့တွင် ပဋိသမ္ဘိဒါ ပတ္တ, တေဝိဇ္ဇ, ဆဠာဘိည, တိပိဋကဓရဖြစ်သော **ရဟန္တာတစ်ထောင်**ကို ရွေးကောက်တော်မူလျက် အသောကာရာမကျောင်းထက်တွင် အရှင်မဟာကဿပ, အရှင်မဟာယသတို့ ပဌမ၊ ဒုတိယ သင်္ဂါယနာတင်ကုန်သကဲ့သို့ ဘုရားစကားတော်ဖြစ်သော ပိဋကတ်သုံးပုံ အလုံးစုံရွေးချယ် သန့်ရှင်းလျက် နယုန်လမှစ၍ ကိုးလတိုင်တိုင် သင်္ဂါယနာ တင်တော်မူပြန်သတည်း။

---

[၁] ဂါထာမဟုတ် (ပါရာဇိကဏ် အဋ္ဌကထာ ဗာဟိရနိဒါန်-၄၁) လာ စုဏ္ဏိယတည်း။
[၂] (စတုက္ကနိပါတ် ၃၁၉-တိတ္တိရဇာတ်ပါဠိတော်-၅၇)

www.burmeseclassic.com

www.burmeseclassic.com



### ဤတတိယသင်္ဂါယနာကား

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှ နှစ်ရာသုံးဆယ့်ငါးနှစ်မြောက်သော တပို့တွဲလ၌ ပြီး၏။ အချို့သော ဆရာတို့ကား နှစ်ရာတစ်ဆယ့်ရှစ်နှစ်မြောက်၌ သင်္ဂါယနာတင်သည်ဟု ဆို၏။ ထိုဆရာတို့ကား အဋ္ဌသာလိနီ ၂၉ ကြောင်း ၃၉၆ ၌ "မမပရိနိဗ္ဗာနတော အဋ္ဌာရသဝဿာဓိကာနံ ဒွိန္နံဝဿသတာနံ မတ္ထကေ"ဟူသောပါဌ်ကို သင်္ဂါယနာတင် သက္ကရာဇ်မှတ်၍ ဆိုဟန်ရှိသည်။ ထိုပါဌ်ကား ဓမ္မာသောကမင်း ဖြစ်လတ္တံ့သည်ကို ရည်၍ဆိုသောပါဌ်တည်း။ အချို့ဆရာကား နှစ်ရာသုံးဆယ့်ခြောက်နှစ်တွင် သင်္ဂါယနာတင်သည်ဟု ဆို၏။ ထိုစကားလည်း ပါရာဇိကဏ် အဋ္ဌကထာ ၅၀ ၌ အရှင်မဟာမဟိန္ဒတို့ သီဟိုဠ်သို့ သာသနာပြုကြွရောက်သည့်အခါကို ပြဆိုသောစကားတည်း။ ထိုစကားကို ထောက်ထား၍ ဆိုဟန်ရှိသည်။ စင်စစ်သော်ကား နှစ်ရာသုံးဆယ့်ငါးနှစ်အကျ နယုန်လမှစ၍ သင်္ဂါယနာတင်သည်၊ ကိုးလမြောက်ဖြစ်သော တပို့တွဲလ၌ ပြီးဆုံးကြ၍ အရှင်မောဂ္ဂလိပုတ္တတိဿက၊ အရှင်မဟိန္ဒစသော ရဟန္တာကြီးတို့အား ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်သဖြင့် အရှင်မဟိန္ဒသည် နှစ်ရာသုံးဆယ့်ခြောက်နှစ် နယုန်လ သီဟိုဠ်ကျွန်းသို့ ကြွရောက်တော်မူသည်ကို ဆိုသောစကားတည်း။

**တတိယ သင်္ဂါယနာအခန်းပြီး၏။**

**'ပပဉ္စပဒေါရုဝံသ'အမည်ရှိသော မဟာဝံသကျမ်း၌ (၂၈၃) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော 'တတိယဓမ္မသင်္ဂီတိ' အမည်ရှိသော ပဌမ အပိုင်း အခန်းကားပြီး၏။**

---

# ဝိဇယာဂမနကဏ္ဍ၊ ဆဋ္ဌပိုင်း

## ၈-ဝိဇယမင်းသား သီဟိုဠ်ကျွန်းသို့ရောက်ခြင်းအကြောင်း

### သီဟဗာဟု

ငါတို့ဘုရား ဖြစ်တော်မူသည်မှ ရှေးဖြစ်သော အနှစ်တစ်ရာခန့်ကာလ၌ ဝင်္ဂတိုင်း ဝင်္ဂပြည်ကို အစိုးရသော ဝင်္ဂရာဇ်မင်းသည် ကာလိင်္ဂမင်း၏ သမီးတော်ကိုဆောင်ယူ၍ မိဖုရားပြုပြီးလျှင် ထိုးနန်းစံသည်တွင် ထိုမိဖုရား၏ဝမ်း၌ ပဋိသန္ဓေရ၍ တစ်ယောက်သောသမီးကိုဖွား၏။ ထိုမင်းသမီး ဖွားစသောအခါကပင် ဇာတာစန်းလင်္ဂကို တွက်ချက်၍ နိမိတ်ဖတ်သော ပညာရှိတို့က ဤမင်းသမီးသည် 'ကေသရရာဇာခြင်္သေ့မင်း၏ မျောက်သားဖြစ်လတ္တံ့'ဟု နိမိတ်ဖတ်ကြ၏။ ထိုအကြောင်းကြောင့် မင်းသမီးကို •(ကေသရီ)ဟူသော အမည်ဖြင့် သမုတ်ကြကုန်၏။ ထိုမင်းသမီးသည် အလွန်လှပတင့်တယ် ရှုချင်ဖွယ်သော အဆင်းအင်္ဂါရှိ၏။ ကာမဂုဏ်တို့၌ ခုံမင်မက်မောခြင်း အားကြီး၏။ အရွယ်သို့ ရောက်သောအခါ မယ်တော် မိဖုရားသည် တားမြစ်ဆုံးမ၍ မရနိုင်ရှိရကား ပြည်သူအများမှ ရှက်၍ စက်ဆုပ်ရွံရှာခြင်း အားကြီးသဖြင့် သမီးကို ပြည်မှ နှင်ထုတ်၏။

မင်းသမီးလည်း အလိုရှိတိုင်းကျင့်၍ ချမ်းသာစွာ နေလိုရကား မထင်ရှားသော ဆင်းရဲသူမငယ်၏အသွင်ဖြင့် တစ်ယောက်ချင်း မြို့မှထွက်ခဲ့သော် မဂဓတိုင်းသို့ သွားအံ့သော လှည်းကုန်သည်တို့နှင့်တွေ့၍ ထိုကုန်သည်တို့ကို အဖော်ပြုပြီးလျှင် တောအုပ်ခရီးဖြင့် သွားလေ၏။ လာဠတိုင်းဖြစ်သော တောအုပ်သို့ရောက်သောအခါ ထိုတောအုပ်၏အတွင်း ကျောက်ဂူ၌နေသော ကေသရရာဇာ ခြင်္သေ့မင်းသည် လှည့်ပတ်၍ အသံကိုကြားသော် မိမိနေရာ ဂူမှထွက်၍ လှည်းအပေါင်းတို့ကို လိုက်၏။ လှည်းသားတို့လည်း အလွန်ကြောက်လန့်သည်ဖြစ်၍ လှည်းနှင့်နွားကို ထားခဲ့၍ ထိုမှ ဤမှ ပြေးပုန်းရှောင်ရှားကြကုန်၏။ မင်းသမီးမှာမူကား နိမိတ်ဖတ်သော ဆရာတို့၏စကားကို ကြားရဖူးသည်နှင့် မကြောက်မရွံ့ဘဲ ခြင်္သေ့ရှိရာသို့ ပက်ပင်းပါပြေးလေ၏။

ခြင်္သေ့မင်းလည်း စားလိုသောအစာကိုယူ၍ မိမိကျောက်ဂူသို့ သွားသည်ရှိသော် အဝေးမှလာသော မင်းသမီးကိုမြင်လျှင် ရွှင်လန်းတပ်မက်သော စိတ်ရှိသဖြင့် ခါး, အမြီးတို့ကိုလှုပ်လျက် နားနှစ်ဖက်ကိုချ၍ မိန်းမငယ်အနီးသို့ကပ်၍ မင်းသမီးသည် ခြင်္သေ့မင်း၏အပါးကိုကပ်ပြီးလျှင် အင်္ဂါကြီးငယ်တို့ကို သုံးသပ်၏။ ခြင်္သေ့မင်းသည် မင်းသမီး၏ ကိုယ်အတွေ့ဖြင့် အလွန်တပ်စွန်းခြင်းရှိရကား မင်းသမီးကို ကျောကုန်းထက်၌တင်ပြီးလျှင် မိမိ၏နေရာ ကျောက်ဂူသို့ဆောင်၍ အတူတကွ နေကြလေ၏။

ရက်လရှည်လတ်သော် ထိုမင်းသမီးအား ခြင်္သေ့ကိုစွဲ၍ ကိုယ်ဝန်ရသဖြင့် နေ့လစေ့သော် သားတစ်ယောက်

---

• 'သုပ္ပါဒေဝီ'တီ နာမ မကာသိ။ (မဟာဝင်ဋီကာ–၁၆၇– ၁၆၈။) 'သုသီမာ' နာမ (ဒီပဝံသပါဠ် ၉–နဝမပရိစ္ဆေဒ ၃ ဂါထာ ၅၃)

www.burmeseclassic.com



သမီးတစ်ယောက်အားဖြင့် နှစ်ယောက်သော သူငယ်တို့ကို အမြွာဖွား၍ သတို့သား၏ လက်ရုံး, လက်မောင်း, ခြေချောင်း အင်္ဂါတို့သည် ခြင်္သေ့မင်း၏ လက်မောင်း, လက်ရုံးနှင့်တူသော အခြင်းအရာရှိရကား သတို့သားကို 'သီဟဗာဟု'ဟူသော အမည်ကိုမှည့်၏။ သတို့သမီးကို 'သီဟသီဝလိ'ဟူသော အမည်ကိုမှည့်၏။ ထိုသူငယ်နှစ်ဦးတို့သည် အစဉ်အတိုင်း ကြီးမြောက်၍ တစ်ဆယ့်ခြောက်နှစ်အရွယ် ရှိသောအခါ မိခင်ကို ဤသို့မေး၏။

"မိခင်၊ အခြားသော ကျွဲ, နွား, ဆင်, မြင်း အစရှိသော သတ္တဝါတို့သည် အဖနှင့်အမိသည်လည်းကောင်း, သား သမီးသည်လည်းကောင်း အသွင်သဏ္ဌာန် တူကြမြဲဖြစ်ပါသည်။ အကျွန်ုပ်တို့မှာကား မိခင်နှင့် ဖခင်သည် အသွင်သဏ္ဌာန် မတူပါ။ ကွန်ုပ်တို့မှာလည်း အမိနှင့်သာ တူပါသည်။ အဘယ့်ကြောင့် ဤသို့မတူဘဲ ဖြစ်ပါသနည်း" ဟု မေး၏။ အမိကလည်း ဤသို့ပြောပေ၏။ "ချစ်သား ချစ်သမီးတို့၊ ငါမူကား ဇာတိဖြစ်သော ဝင်္ဂတိုင်းကို အစိုးရသော မင်း၏ရင်သွေးရင်း အစစ်တည်း။ ငါ့ကိုဖွားစဉ်အခါက ခြင်္သေ့စက်ပါသည်ဟု ပညာရှိတို့ ဟောပြောသောကြောင့် တောအလုံးကို အစိုးရသော ခြင်္သေ့မင်းရုပ်သွင်ကို မြင်လို ကြည့်လိုသော ဆန္ဒကြီးလှသဖြင့် အရွယ်သို့ရောက်စအခါက လှည်းကုန်သည်တို့နှင့်လိုက်၍ လာသည်ကွင် ဤကောသရရာဇာ ခြင်္သေ့မင်းနှင့်တွေ့သဖြင့် မိခင်အား ဖမ်းယူပြီးလျှင် ဤဂူ၌ထား၍ မယားပြုလေသောကြောင့် မောင်တို့ကို ဖွားလေသည်"ဟု အလုံးစုံသော အကြောင်းအရာတို့ကို ပြန်ပြော၏။

"မိခင်၊ ယင်းသို့ဖြစ်တပြီးကား အဘယ့်ကြောင့် နေရင်းရပ်ဌာနသို့ မပြန်သွားဘဲ နေသနည်း"ဟု မေးသော် "ချစ်သား၊ သင်တို့ဖခင်သည် အစာရှာသွားသောအခါ ဤကျောက်ဂူ၌ ကြီးစွာသော ကျောက်ဖျာဖြင့် ပိတ်ထားခဲ့သောကြောင့် မသွား မပြေးနိုင်ဘဲ နေရပါသည်"ဟု ပြောဆို၏။ ထိုစကားကိုကြားရသော် သားတော် 'သီဟဗာဟု'လည်း ဤသို့ကြံ၏။ ငါ၏မိခင်နှင့် နှမတို့ကို ငါဆောင်မှသာလျှင် နေရင်းဌာနသို့ ရောက်နိုင်တော့မည်။ သို့ရာတွင် ဤခြင်္သေ့ကြီး၏ပိုင်နက်မှ လွတ်ထွက်အောင် ငါ ဆောင်နိုင်အံ့လော မဆောင်နိုင်အံ့လော စူးစမ်းအံ့ဟုကြံလျက် ထွက်ကာလှည့်ပတ်သော် တစ်ရက်မျှကိုပင် ယူဇနာ ငါးဆယ် အသွားအပြန် ရောက်နိုင်သည်ကိုသိ၍ တစ်နေ့သ၌ ခြင်္သေ့ အစာရှာသွားသောအခါ ဂူ၌ပိတ်ထားသော ကျောက်ဖျာကို ဖွင့်လှစ်၍ အမိကို လကျာ်ပခုံးဖြင့် နှမကို လက်ဝဲပခုံးဖြင့် ထမ်းဆောင်လျက် မယ်တော်၏နေရပ်ဖြစ်သော ဝင်္ဂတိုင်းသို့ ရှေးရှုပြေးလေ၍ တစ်နေ့ချင်း ယူဇနာနှစ်ဆယ်သောခရီးကို လွန်၍ ဝင်္ဂတိုင်းနယ်စွန်းဖြစ်သော ပစ္စန္တရွာသို့ ရောက်လေ၏။ ရွာအနီးသို့ရောက်သောအခါ မင်းသမီးသည် သစ်ရွက်ကို တည်းအပ်ဖြင့်စပ်လျက် မိမိကိုယ်ကိုလည်းကောင်း, သားသမီးတို့ကိုလည်းကောင်း ဝတ်စေ၏။

ထိုအခါ မင်းသမီး၏ ဦးရီးတော်၏သားဖြစ်သော •အနုနမည်သော မင်းသည် စစ်သူကြီးအရာ၌ တည်သည်ဖြစ်၍ ထိုပစ္စန္တရွာကို အုပ်ချုပ်စီရင်ရ၏။ ထိုစစ်သူကြီးသည် အမှုကြီးငယ်ကို စီရင်ခြင်းငှာ ထိုရွာသို့လာ၍ ရွာ၏အနီးဖြစ်သော ညောင်ပင်ကြီးရင်း၌ တရားစီရင်၍ နေစဉ်အခါ တောမှရောက်လာသော မိသားစုသုံးယောက်တို့ကိုမြင်လျှင် "သင်တို့သည် အဘယ်သူနည်း, အဘယ်အရပ်မှ လာကြသနည်း"ဟု မေး၏။ "အကျွန်ုပ်တို့ကား တော၌ကြီးပွားသော သူတို့တည်း။ မြို့ရွာကို ရှုမြင်ခြင်းငှာ လာပါသည်" ဟု ပြော၏။ စစ်သူကြီးလည်း ထိုမိသားစု သုံးယောက်တို့အား သနားလေးမြတ်ခြင်းရှိသည်ဖြစ်၍ ဝတ်ဆင်ရန် ပုဆိုးကြမ်းနှစ်ထည်ကို ပေး၏။ မိသားစုသုံးယောက်တို့ယူ၍ ဝတ်ဆင်ကြသော် ထိုသူတို့ ဘုန်းကံအာနုဘော်ကြောင့် အလျား အနံငယ်သော အဝတ်တို့သည်လည်း ကြီးပြန့်ရှည်လျားစွာ ဖြစ်ကုန်၏။ ရန့်ရင်းကြမ်းတမ်းသော အဝတ်သည်လည်း ချောမောသိမ်မွေ့စွာ ဖြစ်ကုန်၏။ သစ်ရွက်သစ်ခက်တို့ဖြင့် ထမင်းအစာတို့ကို ထည့်၍ပေးပြန်သည်ရှိသော် ထိုသူတို့၏ ဘုန်းကံအာနုဘော်ကြောင့် ရွှေခွက်, ငွေခက်, မြခွက်တို့သည် ဖြစ်ကုန်၏။

ထိုသို့ဖြစ်သည်ကို စစ်သူကြီးမြင်လေလျှင် ဤသူတို့ကား အံ့ဖွယ်သူရဲ မဖြစ်ဖူးမြဲ ထူးကဲသော သူတို့ပေတကားဟု များစွာ ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ "သင်တို့သည် ဘယ်အနွယ်မှ ဘယ်သူ၏ သားသမီးတို့နည်း"ဟု မေးကုန်၏။ မင်းသမီးကလည်း "အကျွန်ုပ်ကား အခြားသူမဟုတ် ဤဝင်္ဂတိုင်းကို အစိုးရသော ဝင်္ဂမင်းကြီး၏ သမီးပါတည်း။ ဖွားစသောအခါကပင် ခြင်္သေ့စက်ပါသည်ဟု အရွယ်ရောက်စအခါက မြို့ရွာမှနှင်သောကြောင့် တော၌ နေခဲ့ရပါသည်။ ခြင်္သေ့မင်းနှင့် စပ်မိကြသဖြင့် ဤသူငယ်တို့ကို ရသည်။ ယခုအခါ ဤသားငယ် သမီးငယ်တို့သည်

• အနုရ (သီဟိုဠ်မှ မဟာဝံသဋီကာ=၁၆၉) အနုရကျွ (မြန်မာမူ ပေစာ–ဓုချုပ်)

www.burmeseclassic.com



တော၌ မပျော်ပိုက်သောကြောင့် မြို့ရွာ၌နေခြင်းငှာ လာခဲ့ပါသည်”ဟု စေ့စုံစွာ ပြောပေသော် “သင်ကား အခြားသူမဟုတ် ငါ၏အရီးတော် မိဖုရား၏သမီးဖြစ်၍ ငါ့နမပင်တည်း၊ ငါနှင့်လိုက်လှည့်”ခေါ်၍ ဝင်္ဂမြို့သို့ဆောင်ပြီးလျှင် မယားပင်ပြု၍ ထားလေ၏။

ခြင်္သေ့မင်းလည်း အစာရှာသွားရာမှ ပြန်လာ၍ နေရာကျောက်ဂူ၌ မယားကိုလည်းကောင်း, သားနှင့် သမီးတို့ကိုလည်းကောင်း မမြင်လေလျှင် ပူပင်လွှမ်းလုံ ကြေကွဲစိုးရိမ်ခြင်း ရှိလှသည်ဖြစ်၍ အစာကိုလည်း မစား, ရေကိုလည်း မသောက်, အိပ်လည်း မအိပ်စက်ဘဲ တောနက် တောင်ဝှမ်းမြစ်ကမ်းရှိသမျှ စေ့အောင်ရှာဖွေ၍ မတွေ့ရသောအခါ လူတို့၏နေရာ တိုင်းစွန်ရွာနားတို့ကိုဝင်၍ အစဉ်လှည့်ပတ်ကာရှာ၏။ ခြင်္သေ့ဝင်သမျှ ရွာတို့လည်း လွန်စွာ ကြောက်လန့်ကြသည်ဖြစ်၍ ပြေးထွက်ကုန်ရကား ရွာငယ်အများပင်ပျက်စီး၏။ ထိုအခါ ရွာစွန်သား လူကြီးတို့သည် ဝင်္ဂရာဇ်မင်းကြီး၏အထံ ကပ်၍ “အရှင်မင်းကြီး၊ အကျွန်ုပ်တို့၏ရပ်ရွာသို့ ခြင်္သေ့တစ်ကောင် ဝင်လာ၍ သတ္တဝါတို့ကို နှိပ်စက်သောကြောင့် ရွာအများ ပျက်စီးချေသည်၊ အရှင်မင်းမြတ်သည် ဤခြင်္သေ့ကို တားမြစ်တော်မူပါ ”ဟု လျှောက်ကုန်၏။

ဝင်္ဂရာဇ်မင်းကြီးလည်း ပြည်သူတို့၏စကားကိုကြားသော် ခြင်္သေ့အား တားမြစ်နိုင်အံ့သော မှူး, မတ်, သူရဲတို့ကို စုံစမ်းရှာဖွေသော်လည်း တစ်စုံတစ်ယောက်မျှ မရသောကြောင့် ဆင်ကျောကုန်းထက်၌ သပြာတစ်ထောင်ထုပ်ကိုတင်၍ အကြင်သူသည် ငါတို့၏တိုင်းစွန်ရွာသို့ ဝင်လာသော ခြင်္သေ့ကို ဖမ်းနိုင် သတ်နိုင်အံ့၊ ထိုသူသည် ဤသပြာတစ်ထောင်ထုပ်ကို ယူလေဟူ၍ စည်လည်စေ၏။ ထိုသို့စည်လည်လျက် တစ်ယောက်မျှ မပေါ်မထွက်သော် ဆင်ကျောကုန်းထက်၌ သပြာနှစ်ထောင်ထုပ် တင်၍ ရှေးအတူစည်လည်စေပြန်၏။ တစ်ယောက်မျှ မပေါ်ထွက်သော် သပြာသုံးထောင်တင်၍ စည်လည်စေပြန်၏။ ထိုအသံကိုကြားသော် ‘သီဟဗာဟု’မင်းသားသည် ဤသို့ကြံ၏။ ဤခြင်္သေ့ကား ငါတို့ကိုမတွေ့သမျှ ရှာဖွေလိမ့်မည်၊ မင်း၏သပြာထုပ်ကိုယူ၍ ငါ သတ်မှ ငြိမ်းလွယ်မည်ဟုကြံပြီးလျှင် မယ်တော်ကို တိုင်ပင်၏။ မယ်တော်လည်း မပြုပါလင့်ဟု နှစ်ကြိမ်တိုင်တိုင် တားမြစ်၏။ သုံးကြိမ်မြောက်သောအခါ၌ကား မယ်တော်ကို မပန်ကြားဘဲ မင်း၏သပြာထုပ်ကိုယူ၍ ခြင်္သေ့ကို ငါ သတ်မည်ဟု ဆိုလိုက်၏။ မင်းချင်း အမတ်တို့လည်း အလွန်ဝမ်းမြောက်ကြသဖြင့် ‘သီဟဗာဟု’မင်းသားကိုဆောင်၍ မင်းကြီးအား ပြလေကုန်၏။

မင်းကြီးလည်း “ချစ်သား၊ အမောင်သည် အကယ်၍ ခြင်္သေ့ကို ဖမ်းနိုင် သတ်နိုင်သည်ဖြစ်အံ့ ဤတိုင်းရပ်အားလုံးကို မင်းပြုစိမ့်သောငှာ အမောင်အား ငါ ပေးမည်”ဟု ဆိုလိုက်၏။ ‘သီဟဗာဟု’မင်းသားလည်း ကောင်းပါပြီဟု ဝန်ခံ၍ ဓား, လှံ, လေး, မြားတို့ကိုယူပြီးလျှင် ခြင်္သေ့နေရာကျောက်ဂူသို့သွားလေ၏။ ခြင်္သေ့လည်း အဝေးကလာသော သားကိုမြင်လျှင် ချစ်ခင်သော မေတ္တာစိတ်ဖြင့် ကိုယ်လုံးနှံ့လျက် မျှော်လင့်ကာ နေလေ၏။ မင်းသားလည်း မြားရောက်သော နေရာမှရပ်၍ ခြင်္သေ့ကို စူးစမ်းအံ့သောငှာ မြားဖြင့်ပစ်လွှတ်၏။ ခြင်္သေ့လည်း သား၌ ချစ်ခြင်းမေတ္တာအဟုန်ဖြင့် တုန်လှုပ်လျက်နေသောကြောင့် ပစ်လွှတ်သောမြားမစူးဘဲ နဖူးကိုမှန်ပြီးမှ ပြန်လည်၍ မင်းသားခြေရင်း၌ကျ၏။ သုံးကြိမ်မြောက် ပစ်ပါသော်လည်း ရှေးအတူသာ ပြန်လည်၍ကျလာ၏။ ပစ်ဖန်များသော် ခြင်္သေ့သည် အမျက်ထွက်သဖြင့် လိုက်၍ နှိပ်စက်ခြင်းငှာ ကိုယ်ကိုလှုပ်ရှား၏။ ထိုအခါမှ လေးကြိမ်မြောက် ပစ်လွှတ်သောမြားသည် နဖူးက စူးဝင်၍ ရင်သားမှထွင်းဖောက်၍ နောက်ကျောက်ကုန်းသို့ ထွက်သဖြင့် မြေသို့ဝင်လေ၏။ ထိုနေရာ၌ပင် သေခြင်းသို့ ရောက်လေ၏။

သီဟဗာဟု မင်းသားလည်း သေလေသော ခြင်္သေ့ဦးခေါင်းကို မှင်ဆံနှင့်ဖြတ်၍ မင်းအား ပြခြင်းငှာ ယူဆောင်လာခဲ့၏။ ဝင်္ဂရာဇ်မင်းကြီးလည်း ခြင်္သေ့ရန်ကို ပယ်လှန်စိမ့်သောငှာ ‘သီဟဗာဟု’ မင်းကို လွှတ်ပြီး၍ မကြာမီ ကိုယ်တွင်းရောဂါဖြင့် ကြမ္မာကုန်လေ၏။ အလောင်းတော်ကို သဂြိုဟ်ပြီးသည်နောက် ခုနစ်ရက်မြောက်သောအခါ မင်းသား ပြန်ရောက်လာသတည်း။ ဝင်္ဂရာဇ်မင်းအား သားတော်လည်း အခြားမရှိသည်အဖြစ်ကြောင့်လည်းကောင်း, သီဟဗာဟုမင်းသည် မြေးတော်ရင်းဖြစ်သောကြောင့်လည်းကောင်း, ကေသရရာဇာခြင်္သေ့မင်းရန်ကိုလည်း ပယ်လှန်ဖျက်ဆီးနိုင်သော သတ္တိရှိသောကြောင့်လည်းကောင်း မှူးမတ်အပေါင်းတို့သည် တညီတညွတ်တည်း တိုင်ပင်၍ “အရှင့်မြေးတော်ပင် ဤတိုင်းပြည်ကို မင်းပြုပါ”ဟု ဆောင်နှင်းကြကုန်၏။

သီဟဗာဟု မင်းသားသည် ကောင်းပြီဟုဝန်ခံ၍ မယ်တော်၏ခင်ပွန်းဖြစ်သော ဦးရီးစစ်သူကြီး ‘အနုရက္ခ’

www.burmeseclassic.com



အား ထီးနန်းတိုင်းပြည်အပ်၍ မင်းပြုစေ၏။ မိမိမူကား၊ နှမတော် 'သီဟသီဝလိ'ကို မိဖုရားပြု၍ လိုက်လိုသောသူ အပေါင်းကိုခေါ်၍ ဖွားတော်မူရာ ဌာနဖြစ်သော လာဠတိုင်း တောအုပ်တွင် ခြင်္သေ့ဂူကို အဦးထား၍ တောအုပ်ကိုသုတ်သင်ကာ မြို့တည်နေလေ၏။ ထိုမြို့ကို သီဟပုရမြို့ဟု သမုတ်၏။ ထက်ဝန်းကျင် ယူဇနာတစ်ရာရှိ၏။ အထက်၌ ရွာငယ် ရွာကြီးတို့ကို အသီးအသီးဖွဲ့၍ နေစေ၏။ လာဠတိုင်း သီဟပုရမြို့၌ သီဟဗာဟု မင်းကြီးသည် နှမတော်ဖြစ်သော 'သီဟသီဝလိ'ကို မိဖုရားမြှောက်၍ မင်းပြုသည်တွင် ထိုမိဖုရားသည် အစုံအစုံသော သားယောကျ်ားတို့ကို တစ်ဆယ့်ခြောက်ကြိမ် ဖွားသည်ဖြစ်၍ သားတော်သုံးကျိပ်နှစ်ယောက် ရလေသတည်း။ အကြီးဆုံးဖြစ်သော သားတော်ကား 'ဝိဇယ'မင်းမည်၏။ ထိုအောက် သားတော်သည် 'သုမိတ္တ'မည်၏။ 'ဝိဇယ'မင်းသားကို အိမ်ရှေ့ အဘိသိက်ကိုသွန်း၏။

(ထိုအောက် သားတော်တို့၏အမည် ကျမ်းရင်း၌မပါ။ ထိုသို့မပါခြင်းသည် အသက်မရှည်ကြ၍ မသွင်းဟန်ရှိသည်။)

## ဝိဇယမင်း

သားတော်အကြီးဖြစ်သော 'ဝိဇယ'မင်းသားသည် အရွယ်သို့ရောက်သောအခါ ခုနစ်ရာမျှလောက်သော ကျေးကျွန်သင်းပင်းတို့ကို မွေးမြူ၍ ပြည်သူပြည်သားတို့အား နှိပ်စက်ခြင်း, လုယက်ခြင်း, အနိုင်အထက်မူခြင်း အစရှိသော မတရားသောအကျင့်ကို ကျင့်လေ့ရှိသည်ဖြစ်၍ ထိုမင်းသား၏ မင်းချင်းယောကျ်ားတို့သည်လည်း စော်ကားရမ်းကား ခိုးယူစဉ်းလဲ ညှဉ်းဆဲနှိပ်စက်ခြင်းကိုသာ များစွာပြုလေကုန်၏။ ထိုသို့ ပြုကုန်ရကား ပြည်သူပြည်သားတို့သည် မခံနိုင်ကုန်သည်ဖြစ်၍ သီဟဗာဟု မင်းကြီးထံသို့ကပ်၍ ထိုအကြောင်းကို ကြားလျှောက်ကြကုန်၏။ မင်းကြီးသည်လည်း ပြည်သူတို့အား နှစ်သိမ့်စေ၍ သားတော်ဝိဇယကိုခေါ်၍ ကောင်းစွာ ကျင့်စိမ့်သောငှာ ဆုံးမ၏။ မင်းသားကလည်း မကောင်းကျင့်မြဲပင် ကျင့်ပြန်သောကြောင့် ပြည်သူတို့က မင်းကြီးအား လျှောက်ကြားကြပြန်သော် မင်းကြီးလည်း ရှေးနည်းအတူခေါ်၍ ဆုံးမ၏။ ထို့နောင်လည်း အကျင့်ကိုမဖောက်ဘဲ ဆိုးသွမ်းပြန်သော် များစွာသော ပြည်သူပြည်သားနှင့်တကွ မှူးမတ်တို့သည် မင်းကြီးထံသို့ကပ်၍ "အရှင့်သားကို ပြည်၌ထား၍ မလျော်ပါ။ အရှင့်အာဏာကို ကျူးလွန်လျက် ပြည်သူတို့ကို ဖျက်ဆီးသောသူဖြစ်၍ အဆုံးစီရင်သင့်ပါသည်"ဟု လျှောက်ကြ၏။

ထိုအခါ သီဟဗာဟုမင်းလည်း ပြင်းပြစွာ အမျက်ထွက်ရကား သားတော် ဝိဇယကို ကျွန်သင်းခုနစ်ရာနှင့်တကွ ဦးခေါင်း၌ ထက်ဝက်သောဆံပင်ကို ရိတ်စေပြီးလျှင် ကြီးစွာသော လှေ၌တင်၍ သမုဒ္ဒရာအပြင်သို့ မျှောစေ၏။ ထိုသူတို့၏ မယားခုနစ်ရာတို့ကို လှေကြီးတစ်စင်းဖြင့်တင်၍ သားငယ်, သမီးငယ်တို့ကိုလည်း လှေကြီးတစ်စင်းဖြင့် တင်၍ သမုဒ္ဒရာအပြင်သို့ မျှောစေ၏။ ယင်းသို့ အသီးအသီး မျှောလိုက်သောသူတို့သည် အခြား အခြားစီ မျောသွားလေသဖြင့် လင်္ကာဒီပမည်သော သီဟိုဠ်ကျွန်း၏ မနီးမဝေးဖြစ်သော ကျွန်းငယ်တို့၌ လှေတစ်စင်း တစ်ကျွန်း တစ်ကျွန်းစီ တင်၍ ဆင်းကြရကုန်၏။ *(လူငယ်တို့၏ဆိုက်၍ တက်ရာဖြစ်သော ကျွန်းသည် "'မဂ္ဂဒီပ'မည်၏။ မယားခုနစ်ရာတို့၏ ဆိုက်၍တက်ရာဖြစ်သော ကျွန်းသည် "မဟိလာဒီပ" မည်၏။ 'ဘရိယောက္ကန္တဒီပ'လည်း မည်၏။ ဝိဇယမင်း အစရှိသော ယောကျ်ား ခုနစ်ရာတို့တက်ရာ ကျွန်းမူကား 'သုပ္ပါရက' မည်သောဆိပ်၌ ဆိုက်၍ ဆင်းသက်သော် ညွန်တို့ဖြင့် နှိပ်စက်လှသောကြောင့် ထိုမှတစ်ဖန် သွားလေပြန်၍ လင်္ကာဒီပကျွန်းရင်းသို့ ဆိုက်သောကာလ လှေမှ သက်ဆင်းကြကုန်၏။)

ကောင်းသော လာခြင်းရှိတော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူခြင်းငှာ ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်၌ အစုံသော အင်ကြင်းပင်ပျို့တို့၏အကြား ခင်းထားအပ်သော ရတနာညောင်စောင်း၌ လျောင်းတော်မူသောနေ့၌ပင် ဝိဇယမင်း အမှူးရှိသော လူခုနစ်ရာတို့သည် လင်္ကာဒီပမည်သော သီဟိုဠ်ကျွန်းသို့ ဆိုက်ရောက်ကြလေသတည်း။

**'ပပဉ္စပဒေါရုဝံသ'အမည်ရှိသော**
**မဟာဝံသကျမ်း၌ (၄၇) ဂါထာတို့ဖြင့်**
**တန်ဆာဆင်အပ်သော 'ဝိဇယာဂမန'အမည်ရှိသော**
**ဆဋ္ဌအပိုင်း အခန်းကား ပြီး၏။**

---

• နာဂဒီပ–ဟု (အချို့မှ)ရှိ၏။ *မဟိန္ဒဒီပ–ဟု (အချို့မှ)ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



# ဝိဇယာဘိသေကကဏ္ဍ၊ သတ္တမပိုင်း

## ၉- ဝိဇယမင်းသားသည် ကုဝဏ္ဏာ ဘီလူးမကို သိမ်းပိုက်ခြင်း

လောကသုံးပါးတို့၏ စီးပွားချမ်းသာကို လွန်စွာ ရှုက်ဆောင်တော်မူတတ်သော မြတ်စွာဘုရားသည် ရှေ့ပြည့်နိဗ္ဗာန်စံဝင်တော်မူခြင်းငှာ ရတနာညောင်စောင်း၌ လျောင်းတော်မူသောအခါ ဤစကြဝဠာ၌နေသော နတ်ဗြဟ္မာအပေါင်းတို့သည် သောင်းသောင်းကြွေးကြော်လျက် ပူဇော်ခြင်းငှာ ဆည်းကပ်လာကုန်ရကား များစွာသော နတ်တို့၏ အစည်းအဝေးသည် ဖြစ်သတည်း။ ထိုအစည်းအဝေးတွင် ဘုရားသခင်၏ အနီးအပါး၌ ခစား၍နေသော သိကြားမင်းကို ဘုရားမြင်တော်မူ၍ "အချင်း သိကြားမင်း၊ လာဠတိုင်း သီဟပုရပြည်မှ သီဟဗာဟုမင်း၏ သားဖြစ်သော ဝိဇယမင်းသည် ကျွန်သင်းခုနစ်ရာနှင့်တကွ လင်္ကာဒီပကျွန်းသို့ ရောက်လေပြီ။ ဤသူတို့သည် ဤကျွန်းမြေ၌ လူ၏နေရာ မြို့ကျေးရွာ စည်ပင်စွာဖြစ်လတ္တံ့။ ယင်းသို့ဖြစ်သောအခါ ငါ ဘုရား၏ သာသနာလည်း ရှည်မြင့်စွာ ထွန်းပလတ္တံ့။ ထို့ကြောင့် သင် သိကြားမင်းသည် ထိုသူတို့အား ဘေးရန်မရှိစိမ့်သောငှာလည်းကောင်း, သီဟိုဠ်ကျွန်းကို ဖြစ်ပွားစိမ့်သောငှာလည်းကောင်း, ကောင်းစွာစောင့်ရှောက်ဘိလော့"ဟူ၍ မိန့်တော်မူ၏။

သိကြားမင်းလည်း ဘုရားအမိန့်တော်ကိုကြားလျှင် ရိုသေစွာနာခံ၍ မိမိ၏အခြွေအရံ၌ပါသော "ဥပလပတ္တ' မည်သော နတ်သားအား လင်္ကာဒီပ ဝိဇယမင်းသားတို့ကို စောင့်မစိမ့်သောငှာ မြန်စွာသွားချေဟု စေလိုက်၏။ 'ဥပလပတ္တ'နတ်သားလည်း သိကြားမင်း၏ အမိန့်အာဏာအတိုင်း မြန်စွာသွားလေ၍ လင်္ကာဒီပကျွန်း၏အထက်၌ ပရိဗိုဇ်ရဟန်း၏အသွင်ဖြင့် တစ်ခုသောတစ်ပင်ရင်း၌ နေလင့်၏။ ဝိဇယမင်းသား အမှူးရှိသော လူခုနစ်ရာတို့သည်လည်း သစ်ပင်ရင်း၌နေသော ပရိဗိုဇ်ရဟန်းကိုမြင်လျှင် အနီးသို့ကပ်၍ "အရှင်ဘုရား၊ ဤကျွန်းကား အဘယ်မည်သော ကျွန်းနည်း၊ လူတို့၏နေရာသည် အဘယ်မှာရှိသနည်း"ဟု မေး၏။ ရဟန်းလည်း "ဒါယကာတို့၊ ဤကျွန်းကား လင်္ကာဒီပ အမည်ရှိသော ကျွန်းတည်း။ ဤကျွန်း၌ လူနေမြို့ရွာ မဖြစ်စဖူး နတ်ဘီလူးတို့၏ နေထိုင်ရာသာလျှင် ဖြစ်၏။ ယင်းသို့ဖြစ်သော်လည်း သင်တို့အား ဘီလူးတို့ဘေးရန် မပြုစိမ့်သောငှာ ဤပရိတ်ရေဖြင့် ငါ ဖျန်းလိုက်အံ့။ ဤပရိတ်ချည်ကိုလည်း ဆောင်ကြလော့"ဟု ဆို၍ မိမိ ကရားမှ ပရိတ်ရေကိုသွန်းပြီးလျှင် လူတို့၏ကိုယ်၌ ပက်ဖျန်း၏။ ပရိတ်ချည်ကိုလည်းပေး၍ လက်၌ ရစ်ပတ်စေ၏။ ယင်းသို့ ပေးခဲ့ပြီးမှ ပရိဗိုဇ်ရဟန်းသည် ကောင်းကင်သို့ ကြွလေ၏။ မင်းသားနှင့်တကွသော လူတို့သည် သစ်ပင်ရင်း၌ပင်စုလျက် နေကြ၏။

### ဘီလူးမ ကုဝဏ္ဏာ

'ကုဝဏ္ဏာမည်သော နတ်ဘီလူးမ၏ ကျွန်ဖြစ်သော 'သီသပါတိ'မည်သော ဘီလူးမတစ်ကောင်သည် ထိုလူတို့အား လှည့်ပတ်၍စားခြင်းငှာ ခွေးနက်မအယောင်ဖြင့်လာ၍ မနီးမဝေး၌သွား၏။ ယောကျ်ားတစ်ယောက်က ထိုခွေးကို မြင်လျှင် လူတို့၏နေရာ မြို့ရွာရှိသောကြောင့်သာလျှင် ခွေးမလာသည် ဖြစ်လတ္တံ့။ ဤခွေးမသွားရာသို့ လိုက်ရမူ ရွာကိုတွေ့လတ္တံ့။ ထို့ကြောင့် ငါ လိုက်ချေဦးမည်ဟုဆို၏။ ဝိဇယမင်းသားကလည်း ပရိဗိုဇ်ရဟန်း၏စကားကို ကြားရပြီးဖြစ်၍ သင် မလိုက်လေလင့်ဟု တားမြစ်၏။ တားသော်လည်း ထိုယောကျ်ားသည် မနာယူဘဲ ခွေးနက်မ၏နောက်သို့လိုက်လေသော် ရေကန်တစ်ခု၏အနီးဖြစ်သော သစ်ပင်ကြီး၏အရင်း၌ ကုဝဏ္ဏာမည်သော ဘီလူးမသည် ရသေ့မ၏အသွင်ကိုဆောင်လျက် ဗိုင်းငင်၍နေ၏။

ထိုယောကျ်ားသည် သန့်ရှင်းသာယာသော ရေကန်ကိုလည်းကောင်း, ရသေ့မကိုလည်းကောင်း မြင်လျှင် ရေချိုးချင်, ရေသောက်ချင်သော ဆန္ဒရှိရကား ရေကန်သို့သက်ဆင်း၍ ရေချိုးခြင်း ရေသောက်ခြင်းကိုလည်း ပြု၏။ မင်းအား ဆက်ခြင်းငှာ ကြာစွယ်ကြာရင်းတို့ကိုလည်းယူ၍ ကြာရွက်ဖြင့် ရေကိုထုပ်ပြီးသော် ရေကန်မှ တက်ခြင်းငှာ ထ၏။ ထိုအခါ ကုဝဏ္ဏာ ဘီလူးမသည် ရသေ့မ၏အသွင်ကိုကွယ်စေ၍ ဘီလူးမ၏ရုပ်ဝါကိုပြလျက် "ဟယ်... ယောကျ်ား သင် ဘယ်သို့သွားအံ့နည်း။ သင်ကား ငါ၏ အစာဖြစ်ပြီ၊ ဤတွင်ထိုင်လော့"ဟု ဆို၏။ ထိုအသံကိုကြားလျှင် ယောကျ်ားသည် သည်းဖျားတုန်မျှ ကြောက်လန့်လျက် ချည်တိုင်၌ဖွဲ့အပ်သော ဆင်ကဲ့သို့ တုန်တုန်ယင်ယင်ဖြင့် ရပ်၏။ ဘီလူးမသည် ထိုယောကျ်ားကို ရုတ်ခြည်းစားလိုသော်လည်း ပရိတ်ချည်၏ တန်ခိုးအာနုဘော်ကြောင့် မစား

• "ဥပ္ပလဝဏ္ဏ" သီဟိုဠ်မှ

• 'ကုဗေဏီ' သီဟိုဠ်မှ။

www.burmeseclassic.com

www.burmeseclassic.com



တည့်နိုင် ဖြစ်၍ "သင်၏လက်၌ ရစ်သော ချည်ကို ငါ့အား ပေးပါလော့"ဟု တောင်း၏။ ထိုယောကျ်ားက မပေးဘဲနေလျှင် ဘီလူးမသည် အတင်းဆွဲငင်၍ ငိုမြည်တမ်းစဉ်ပင် မိမိအိမ်တွင်း၌ပင် ထားလိုက်၏။

ခွေးမ၏နောက်သို့လိုက်သောသူ မပြန်လာသော် အဖော်ဖြစ်သောသူတို့သည် တစ်ကျိပ်လည်းကောင်း၊ နှစ်ကျိပ်လည်းကောင်း ထပ်မံ၍ လိုက်ပြန်၏။ ထိုသူတို့လည်း ရေကန်ကိုမြင်လျှင် သောက်ချင် ချိုးချင်သော ဆန္ဒရှိရကား ဆင်း၍သောက်ကြ ချိုးကြသော် ကုဝဏ္ဏာဘီလူးမလည်း ကြောက်မက်ဖွယ်သော မိမိအသွင်ကိုပြ၍ ခြိမ်းခြောက်ပြီးမှ မိမိအိမ်သို့ချည်း သွင်းထားလေ၏။ ခုနစ်ရာသော ကျွန်ယောကျ်ားတို့သွား၍ အားလုံး မပြန်လေသော် ဝိဇယမင်းသည် ဤသို့ကြံ၏။ ငါ၏ကျွန်အပေါင်းတို့သည် ဘေးတွေ့ကြပြီ။ ငါလိုက်မှ သင့်မည်ဟုကြံလျက် စက်ကွင်း၊ လေး၊ မြား၊ တုတ်၊ ဓား၊ သန်လျက်ဟူသော လက်နက်ငါးပါးကို မြဲမြံစွာဖွဲ့၍ ထိုသူတို့သွားသော ခရီးဖြင့် လိုက်လေသော် ရေကန်ကိုလည်းကောင်း၊ ရသေ့မကိုလည်းကောင်း မြင်၍ ရေကန်၏လက္ခဏာကိုကြည့်၍ အဆင်းခြေရာရှိလျက် အတက်ခြေရာကို မမြင်သောကြောင့် ဤရသေ့မ၏အနီးသို့ကပ်ပြီးလျှင် "ရှင်ရသေ့မ၊ ငါ၏အချင်းအရင်းဖြစ်သော လူများကို မြင်ပါသလော"ဟု မေး၏။ ရသေ့မကလည်း "အရှင့်သား၊ အချင်းအရင်းဖြစ်သော လူများဖြင့် အဘယ်ပြုအံ့နည်း၊ အရှင်မင်းသားသာလျှင် ဤရေကန်၌ သောက်လိုလျှင်လည်းသောက် ချိုးလိုလျှင်လည်း ချိုးတော်မူလော့" ဟု ဆို၏။ ထိုစကားကိုကြားလျှင် ရသေ့မသည် ငါ၏အမျိုးအမည် ဇာတိကို ရုတ်ခြည်းသိတည့်သည်။ ဤသူကား လူမဟုတ် ဘီလူးစင်စစ်တည်း။ ငါ၏လူများကို ဤသူပင် ဝှက်ထားလတ္တံ့ဟု ကြံပြီးလျှင် ရသေ့မ၏အနားသို့ကပ်၍ စဉ်းသွား၌တပ်သော ကျော့ကွင်းဖြင့် လည်ပင်း၌စွပ်ကာဆွဲပြီးလျှင် လက်ဝဲလက်က ဘီလူးမဆံပင်ကို လကျ်ာလက်က သံလျက်ကိုင်လျက် မိုးပြီးလျှင် "ဟယ်... ကျွန်မ၊ လာဠတိုင်း လူအလုံးကို ရန်းရင်းခတ်၍ ဆတ်ဆတ်တုန်စေသော ဝိဇယမင်းသားဟူသည် ငါမဟုတ်လော"ဟု မိမိအမည်ကို ကြား၍ ကြုံးဝါးပြီးမှ "ဟယ်... ဘီလူးမ၊ နင်သည် ငါ၏ ကျွန်တော်မျိုးအများကို အဘယ့်ကြောင့် ဝှက်ထားဘိသနည်း၊ ငါ့အား ပေးအပ်လော့၊ မအပ်လျှင် ယခု နင့်ကို သတ်အံ့"ဟု ခြိမ်းခြောက်၏။

ထိုအခါ ကုဝဏ္ဏာ ဘီလူးမလည်း သေဘေးမှကြောက်သည်ဖြစ်၍ "အရှင့်သား၊ အကျွန်ုပ်ကို မသတ်ပါလင့်။ အသက်ကို ပေးတော်မူပါ၊ ကျွန်တော်မျိုးတို့ကိုလည်း အပ်ပါမည်၊ ဤသီဟိုဠ်ကျွန်း၌ မင်းအဖြစ်ကိုလည်း ကျွန်ုပ်ပေးပါမည်၊ မိန်းမကိစ္စကိုလည်း ပြုပါမည်၊ ဤမှတစ်ပါး အရှင့်သား အလိုရှိသမျှသော အမှုတော်ကိုလည်း ထမ်းရွက်ပါမည်"ဟု ဝန်ခံ၏။ ဝိဇယမင်းသားသည် ပြစ်မှားခြင်းကို မပြုစိမ့်သောငှာ ထိုဘီလူးမကို သစ္စာပြု၍ ကျိန်ဆိုစေပြီးမှ ငါ့ကျွန်တို့ကို အပ်လော့ဟု တောင်း၏။ ဘီလူးမလည်း ထိုခဏချင်းဖြင့်ပင် ကျွန်တော်မျိုး လူခုနစ်ရာတို့ကို အပ်ပေ၏။ ဝိဇယမင်းသားကလည်း ကျွန်အများကိုရလျှင် "ဘီလူးမ၊ ငါ၏ကျွန်များသည် အစာပြတ်၍ ဆာမွတ်ကြသည်၊ လူတို့စားဖွယ်ရာ ဆန်ရိက္ခာကို ပေးနိုင်ပါအံ့လော"ဟု တောင်းသော် ဘီလူးမလည်း ရေးခုနစ်ရက် ရှစ်ရက်ခန့် ကာလပင် လှေဖြင့်ကပ်ရောက်လာကုန်သော ကုန်သည်လူမျိုးတို့ကို မိမိစား၍ လှေ၌ပါသော ပဲ မုန့် အစရှိသည်တို့ကို လှေထဲ၌ရှိလေသည်ကို ညွှန်ပြ၏။

မင်းချင်းယောကျ်ားတို့လည်း ထိုလှေ၌ရှိသော စားဖွယ် ခဲဖွယ်၊ ဆီ၊ ပျား၊ သကာတို့ကိုယူပြီးလျှင် အရှင်ဖြစ်သော ဝိဇယမင်းအား လုပ်ကျွေးပြီးမှ မိမိတို့လည်း စားကြ၏။ စားဦး သောက်ဦးကိုယူ၍ ဘီလူးမ၏အဖို့ကိုလည်း ပေးစေ၏။ ကုဝဏ္ဏာဘီလူးမလည်း ခွေးနက်မသဏ္ဍာန်ဖြင့် ရုပ်ဖန်ဆင်း၍စား၏။ လူတို့၏ အစာအာဟာရကို ဝလင်စွာ စားရသော် လှပပြည့်ဖြိုးသော ဣန္ဒြေရှိသည်ဖြစ်၍ မင်းသားနှင့်ယှက်ဆုံ၍ ကာမဂုဏ်ဖြင့် ပျော်ပါးလိုရကား မိမိကိုယ်ကို ကြင်နာချစ်ခင်စဖွယ် တင့်တယ်လှသော အဆင်းရှိသော တစ်ဆယ့်ခြောက်နှစ်ရွယ် မိန်းမငယ်၏သဏ္ဍာန်ကိုဖန်ဆင်းလျက် ခပ်သိမ်းသော မိန်းမတို့၏ဆင်ရာ ဘယက်တန်ဆာ ဒွာဒရာကိုဆင်ပြီးလျှင် ဝိဇယမင်းသား၏အနီးသို့ ကပ်လေ၏။ မင်းသားကလည်း "ချစ်နှမ၊ ယနေ့ညဥ့် ငါတို့၏ အိပ်ဖို့ရာသည် အဘယ်မှာသင့်သနည်း။ အိပ်ခန်းနေရာကို စီရင်ပါ"ဟုဆိုလျှင် သစ်ပင်ကြီး၏အရိပ်၌ သာယာစွာပြု၏။ ထက်ဝန်းကျင်သောအရပ်၌ မြတ်သောသူတို့အား ထိုက်သော တင်းတိမ်အရံကာလျက် ဖြူလှစွာသော ဗိတာန်ဖြင့် ကြက်အပ်သော ညောင်စောင်းသလွန်ကို ကောင်းမွန်စွာ ဖန်ဆင်းခင်းထား၏။ မင်းသားလည်း ဤသီဟိုဠ်ကျွန်း၌ မင်း၏အဖြစ်ကိုယူ၍ ပေးလတ္တံ့လော အကျိုးကိုမျှော်သဖြင့် ထိုဘီလူးမကိုပင် ကြင်ယာမျှောက်သား မိဖုရားပြုလျက်

www.burmeseclassic.com

www.burmeseclassic.com



ထိုညဥ့်၌ အိပ်စက်တော်မူ၏။ အလုံးစုံသော မင်းချင်းယောကျ်ားများတို့သည်လည်း မင်းသားစိမ်သော တင်းတိမ်ရံ၏အပြင်ဘက်မှ ခြံရံလျှက် အိပ်ကြကုန်၏။

ဝိဇယမင်းသားလည်း အိပ်စက်၍ ညဥ့်နက်သောအခါ စည်, စောင်း, ပတ်သာ, တူရိယာတို့၏ တီးမှုတ်သောအသံကိုလည်းကောင်း, များစွာသော ခေါ်သံကြွေးကြော်သံကိုလည်းကောင်း, သာယာစွာသော သီချင်းသံကိုလည်းကောင်း ကြား၍ အတူတကွ အိပ်စက်ကြသော ဘီလူးမကို ဤသို့ မေး၏။ "ချစ်နှမ၊ ယခု တည်ညံကြားရသော အသံကား အဘယ်အသံနည်း:"ဟု မေး၏။ ဘီလူးမကလည်း ဤသို့ ကြံ၏။ ငါသည် ဤကျွန်း၌ လူတို့၏နေရာဖြစ်စေ၍ ဤမင်းသားအား မင်းအဖြစ်ကို ပေးသည်ဖြစ်အံ့။ ငါ၏ဆွေမျိုးဖြစ်သော ဘီလူးတို့သည် အမျက်ထွက်၍ ငါ့အား သတ်ကြကုန်လတ္တံ့။ ချင်းတို့မသတ်မီ ခပ်သိမ်းသော ဘီလူးအပေါင်းတို့အား ဤမင်းသားကို သတ်စေမှသင့်မည်ဟု ကြံပြီးလျှင် မင်းသားအား နှစ်သက်ဖွယ်စကားဖြင့် ဤသို့ လျှောက်ကြား၏။

"အရှင်မင်းသား၊ ဤပြည်သည်ကား ဘီလူးတို့၏နေရာဖြစ်သော *(သီရိသဝတ္ထုမည်သော ပြည်ပါတည်း။) ဤပြည်၌ မင်းပြုသော 'မဟာကာလသေန'မည်သော ဘီလူးမင်းသည် မိဖုရားအလို့ငှာ လင်္ကာမြို့၌နေသော ဘီလူးမင်း၏သမီးဖြစ်သော 'ပေါလမိတ္တာ' မင်းသမီးကို ဤမြို့သို့ ဆောင်ယူခဲ့ပါသည်။ ထိုမင်းသမီး၏မယ်တော်ဖြစ်သော "ကောဏ္ဍာ'မည်သော မိဖုရားကြီးသည်လည်း များလှစွာသော ဘီလူးအခြံအရံဖြင့် ပဏ္ဏာကာရအများကို ဆောင်လျက်လာပါသည်။ ထိုမင်းသမီးကညာဆက်သော ထိမ်းမြားမင်္ဂလာပွဲ ကြီးကျယ်စွာသော ပွဲသဘင်ကို ခုနစ်ရက်ပတ်လုံး ပြုကြသည် ယနေ့အပြီးပင်တည်း။ အရှင့်သား ကြားအပ်သော အသံသည် ဘီလူးတို့ သဘင်ပြုသော အသံပင်တည်း။ ဘီလူးပရိသတ်တို့၏ အစည်းအဝေးသည် အလွန်ကြီးကျယ်များပြား၏။ အရှင့်သားသည် ဤကျွန်း၌ လူတို့၏နေရာမြို့ရွာကို တည်ထောင်၍နေလိုမူ ထိုဘီလူးဟူသမျှကို ယနေ့ညဥ့် သတ်တော်မူလော့။ ဤနေ့မှ နောက်ကာလ၌ကား ဤမျှလောက်သော အစည်းအဝေးကို မရနိုင်ရာဖြစ်၍ အရှင့်သားသည် သတ်လိုငြားသော်လည်း သတ်ခြင်းငှာ မတတ်နိုင်ရာ"ဟု ဆို၏။

ထိုစကားကိုကြားသော် ဝိဇယမင်းသားကလည်း "ချစ်နှမ၊ လူတို့၏မျက်စိဖြင့် မထင်မြင်ကောင်းသော ဘီလူးတို့ကို အဘယ်သို့ သတ်နိုင်အံ့နည်း"ဟု ဆိုလျှင် "အရှင့်သား အကျွန်ုပ်၏အသံကိုနာခံ၍ မှန်အောင် လေးဖြင့်သော်လည်း ပစ်တော်မူလော့၊ သန်လျက်ဖြင့်သော်လည်း ခုတ်တော်မူလော့၊ ကျွန်ုပ်၏မန္တန်အာနုဘော်ဖြင့် ထိုဘီလူးတို့ကိုယ်ထက်သို့ လက်နက်ကျစေအံ့"ဟူ၍ ဆို၏။ ထိုစကားကိုကြားသော် မင်းသားကလည်း ကောင်းပြီဟုဝန်ခံ၍ ဓား, လှံ, လေး, မြား, သန်လျက် လက်နက်ငါးပါးတို့ကို မြဲစွာစွဲပြီးလျှင် သင်နှမသည် သွား၍ အသံပြုချေဟု စေလိုက်၏။ မင်းသားသည် ကိုယ်တိုင်လိုက်၍ ဘီလူးတို့ကိုသတ်လေလျှင် မြေပြင်ပြည့်မျှ စည်းဝေးကြသော ဘီလူးတို့သည် သေကြေ ပျက်စီးကုန်၏။ အချို့သော ဘီလူးတို့သည် အခြားကျွန်းသို့ ပြေးကြကုန်လေ၏။ ဝိဇယမင်းလည်း ဘီလူးတို့အား တစ်ညတွင်းဖြင့် အောင်ခြင်းကို ရသည်ရှိသော် ကိုယ်တော်ကား သီရိသဝတ္ထုမြို့ကို အစိုးရသော 'မဟာကာလသေန'မည်သော ဘီလူးမင်း၏ဆင်ဝတ်သော တန်ဆာတို့ကို ဆင်ယင်တော်မူ၏။ အရာအထူးဖြင့် ထားအပ်သော မှူးမတ်ကျွန်တော်မျိုးတို့ကိုလည်း ဘီလူးအမတ်တို့ ဆင်ဝတ်သော တန်ဆာကို ရာထူးအလျောက် ဆင်ယင်စေ၏။ ထိုမှကြွင်းသော ကျွန်တော်မျိုးများကိုလည်း ဘီလူးသရဲတို့၏ အဝတ်တန်ဆာကို ဆင်ဝတ်စေ၏။

## ၁၀-ဝိဇယမင်းသားသည် သီဟိုဠ်ကျွန်း၌ တမ္ဗပါဏိမြို့တည်ပြီး၍ အဘိသိက်ခံခြင်း

ဝိဇယမင်းသည် 'သီရိသဝတ္ထု'မြို့၌ သုံးရက် လေးရက်နေပြီး၍ မြို့ရွာတည်ခြင်းငှာ သာယာလျောက်ပတ်သော အရပ်ကိုရှာသော် ကြံ့ကြံ့နီသော ညီညွတ်သော မြေအပြင်ကိုမြင်၍ ထိုမြေပြင်၌ မြို့တည်၍ တမ္ဗပါဏိမြို့ဟု သမုတ်ပေ၏။ ထိုမြို့၌ မိမိနှင့်အတူပါသော မှူးမတ်ကျေးကျွန်တို့ဖြင့်ခြံရံလျက် ကုဝဏ္ဏာဘီလူးမကို မိဖုရားပြု၍ နေတော်မူသည်။ ထိုအခါ မဟီလာကျွန်း၌တင်သော မိန်းမခုနစ်ရာတို့သည်လည်းကောင်း, သားငယ် သမီးငယ်တို့သည်လည်းကောင်း ထိုကျွန်းမှခွာ၍ ရောက်လာကြသဖြင့် တကွပေါင်းမိလေသတည်း။

* ဇေါဏ္ဍာ-ဟု အချို့ဋီကာစာမူ၌ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## သီဟိုဠ်–သိန်းဃိုဠ်

"(မိမိတို့စီးခဲ့သော လှေမှ မြေသို့တက်ကြသောအခါ လွန်စွာပင်ပန်းကုန်သည်ဖြစ်၍ လက်ဝါးနှစ်ဖက်ဖြင့်ထောက်လျက် သွားကြသော် နီသောမြေမှုန့်တို့သည် လိမ်းကျံကုန်ရကား နီမြန်းသော လက်ဝါးရှိသောကြောင့် 'တမ္ဗာ ပါဏိ ဧတ္ထာတိ တမ္ဗပါဏိ'ဟူသော ဝစနတ္ထနှင့်ညီစွာ တမ္ဗပါဏိဟု သမုတ်ကြကုန်သည်။ ဧတ္ထပဒေသ၊ ဤအရပ်၌။ တမ္ဗာ၊ နီမြန်းသော။ ပါဏိ၊ လက်ဝါးသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုသို့နီမြန်းသော လက်ဝါးရှိရာဖြစ်သောကြောင့်။ သောပဒေသော၊ ထိုအရပ်သည်။ တမ္ဗပါဏိ၊ တမ္ဗပါဏိ မည်၏။) တစ်စိတ်တစ်ဒေသဖြစ်သော ထိုတမ္ဗပါဏိမြို့၏ အမည်ကို အလုံးစုံသောကျွန်း၌ တင်စား၍ ဧကဒေသူပစာရအားဖြင့် ကျွန်းကိုလည်း တမ္ဗပါဏိကျွန်းဟူ၍ ခေါ်လေသည်။ "(ခြင်္သေ့၏မျိုးနွယ်ဖြစ်သော ဝိဇယမင်းသည် ယူအပ်သောကြောင့်လည်း 'သီဟေန လာယတေ ဂယှတေတိ သီဟလော'ဟူသော ဝစနတ္ထနှင့်ညီစွာ သီဟဠဒီပလည်း မည်၏။ အယံဒီပေါ၊ ဤကျွန်းကို။ သီဟေန၊ ခြင်္သေ့မျိုးနွယ်ဖြစ်သော မင်းသည်။ လာယတေ ဂယှတေ၊ ယူအပ်၏။ ဣတိတသ္မာ၊ ထိုသို့ယူအပ်သော သတ္တိကြောင့်။ သီဟဠော၊ 'သီဟဠ'မည်၏။) ဤသို့ယူအပ်သော ဝစနတ္ထကြောင့် သီဟိုဠ်ကျွန်းဟု ခေါ်ဆိုကုန်၏။ ဟာကို–ဃပြု၍ သိန်းဃိုဠ်ကျွန်းဟူ၍လည်း ခေါ်ဆိုသည်။

နှစ်လည်သောအခါ ထိုမင်း၏ အမတ်တို့သည် ထိုထိုသောအရပ်တို့၌ မြို့ရွာတည်၍ နေကြကုန်၏။ အနုရာဓမည်သော အမတ်သည် ကဒမ္ဗမည်သော မြစ်နား၌ ရွာတည်၍ အနုရာဓဟု သမုတ်၏။ ဥပတိဿအမတ်တည်သောရွာကို ဥပတိဿဟု သမုတ်၏။ ပုရောဟိတ်ပုဏ္ဏားသည် ဂမ္ဘီရမည်ဖြစ်သော မြစ်၏ကမ်းနား၌ တည်သောရွာကို ဂမ္ဘီရရွာဟု သမုတ်၏။ အနုရာဓမြို့၏ မြောက်အရပ်၌ ဥဇ္ဇေနီမည်သော အမတ်သည် ဥဇ္ဇေနီ မြို့ကို တည်၏။ ဥရုဝေလအမတ်သည် ဥရုဝေလမြို့ကို တည်၏။ ဝိဇိတအမတ်သည် ဝိဇိတမြို့ကို တည်၏။ ယင်းသို့ အသီးသီး မြို့ရွာဇနပုဒ်တည်ပြီးသော် အမတ်တို့သည် တညီတညွတ်တည်း စည်းဝေးကြ၍ ဝိဇယမင်းသားအား မင်းအဖြစ်၌ အဘိသိက်ခံတော်မူပါဟု လျှောက်ကြ၏။

ဝိဇယမင်းလည်း အဘိသိက်ခံခြင်းငှာ ထိုက်သော မင်းသမီးကို ဤအရပ်၌ မရနိုင်ချေ။ ဇမ္ဗူဒိပ်ကျွန်း မဓုရပြည်သို့သွား၍ ပဏ္ဍုမင်း၏သမီးတော်ကို ပညာရှိသော မှူးမတ်သူတော်ကောင်းတို့အား တောင်းချေဟု စေတော်မူ၏။ မှူးမတ်တို့သည် မင်းကြီးစေတိုင်း ကြီးစွာသော သင်္ဘောလှေကို ပြုလုပ်၍ သီဟိုဠ်ကျွန်း၏ တောင်မျက်နှာမှ များစွာဖြစ်ထွန်းကြကုန်သော ပုလဲ, ပတ္တမြား, ဥဿဖယား အစရှိကုန်သော အဖိုးထိုက်ကုန်သော ပဏ္ဏာကာရတို့ကို ယူဆောင်၍ သမုဒ္ဒရာကိုကူးလာသဖြင့် မဓုရပြည်သို့ ရောက်လေ၏။ ရောက်သောအခါ မဓုရပြည့်ရှင်ဖြစ်သော ပဏ္ဍုမင်းကြီးအား ထူးမြတ်သော လက်ဆောင်ပဏ္ဏာတို့ကိုလည်းကောင်း, ဝိဇယမင်းက ခယရိုသေစွာလျှောက်လိုက်သော သဝဏ်စာကိုလည်းကောင်း ဆက်ကြကုန်၏။

ပဏ္ဍုမင်းလည်း ထိုလျှောက်စာကိုကြားရလျှင် သမီးတော်ကိုလည်း ဝိဇယမင်းအလို့ငှာ မှူးမတ်၏ သမီးတို့ကိုလည်း သီဟိုဠ်ကျွန်းက မှူးမတ်တို့၏အလို့ငှာ ပေးတော်မူ၍ တစ်ယောက်လျော့ တစ်ရာမျှလောက်သော မိန်းမပျိုတို့ကို ရွေးကောက်ပြီးလျှင် ပြည်၌ စည်လည်စေ၏။ ဤမဓုရပြည်၌နေသော လူတို့သည် သီဟိုဠ်ကျွန်းသို့ ငါ၏သမီးတော်နှင့် အတူတကွ သွားရောက်ခြင်းကို အလိုရှိသည်ဖြစ်အံ့။ သမီးတို့အား ခါးဝတ်ပုဆိုးကို နှစ်ထပ်ဝတ်စေပြီးသော် မိမိတို့အိမ်ဝ၌ နေစေကုန်လော့။ ငါသည် ထိုသမီးတို့ကို ကြီးစွာသော လှေဖြင့်တင်၍ ပို့အံ့ဟု စည်လည်စေ၏။ စည်လည်သောအတိုင်း သမီးပေးသော သူတို့ကိုလည်း မြို့ရွာကံကျေး ပေးတော်မူ၏။

ယင်းသို့ မိဘတို့ကို နှစ်သက်စေပြီးမှ ထိုသမီးတို့ကို ယူ၍ မင်းသမီး၏ အခြံအရံပြုလျက် ခပ်သိမ်းသော တန်ဆာတို့ဖြင့် ဆင်ယင်ပြီးလျှင် ထိုမိဘတို့ သမီးတို့၏သုံးဆောင်ရာ ဥစ္စာဘဏ္ဍာတို့ကိုလည်းကောင်း၊ မင်းအား သုံးဆောင်ထိုက်သော ဆင်, မြင်း, ရထားတို့ကိုလည်းကောင်း၊ အစေအပါး အမှုလုပ်ဖြစ်သော သူတို့ကိုလည်းကောင်း၊ အမှုထမ်းဖြစ်သော ဒိုင်းစု, လမိုင်းစုဖြစ်သော တစ်ဆယ့်ရှစ်ရပ်သော အသင်းရှိကုန်သော တစ်ထောင်သော လူမျိုးတို့ကိုလည်းကောင်း၊ စီရင်ခန်း စီရင်ဖွယ် အသွယ်သွယ်သော အမှာတော်စာကိုလည်းကောင်း, ဝိဇယမင်းအား ပေးလိုက်၏။ ထိုပေးလိုက်သော ပဏ္ဏာကာရနှင့်တကွ များလှစွာသောလူအပေါင်းတို့သည် သင်္ဘောလှေတို့ဖြင့်ကူး၍ သီဟိုဠ်ကျွန်းဆိပ်သို့ ဆိုက်ကြလေကုန်၏။ ထိုဆိုက်ရာဆိပ်ကို 'မဟာတိတ္ထ'ဟု သမုတ်ကြသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ကုဝဏ္ဏာနှင်ခန်း

ဝိဇယမင်းကြီးသည် ကုဝဏ္ဏာဘီလူးမအား မိဖုရားမြှောက်သည်တွင် *'ဇိဝဟတ္တ'မည်သော သားတစ်ယောက် 'ဒိပေလ္လာ'မည်သော မင်းသမီးတစ်ယောက် ဤနှစ်ယောက်ကို ဖွားမြင်လေသည်။ ထိုသူငယ်နှစ်ဦးတို့ ပြေးသွားနိုင်လောက်သောအခါ မဓုရပြည်မှ မဓုရာဓိမင်းကြီး၏ သမီးတော်ကိုပေးလိုက်၍ မင်းသမီး ဆိုက်ရောက်ကြောင်းကို ကြားတော်မူလျှင် ကုဝဏ္ဏာဘီလူးမကိုခေါ်၍ ဤသို့ဆိုတော်မူသည်။

"အရှင်မိဖုရား၊ လူတို့မည်သည်ကား အခါခပ်သိမ်း ဘီလူးတို့မှ ကြောက်လန့်ကြကုန်သည်။ ယခုလည်း အဘိသိက်ခံခြင်းငှာထိုက်သော ခတ္တိယဇာတိဖြစ်သော မင်းသမီးသည် ရောက်လာချေပြီ။ သင်၏သားနှစ်ယောက်ကို ငါ့ထံ၌ထားခဲ့၍ သင်မူကား မွေ့လျော်ရာဌာန၌ နေပါလေလော" ဟု ဆို၏။

ကုဝဏ္ဏာဘီလူးမကလည်း "အရှင်မင်းမြတ်၊ ကျွန်ုပ်ကို ဘီလူးမျိုးတို့သည် ရန်ငြိုးထားကြသည်ဖြစ်၍ ကျွန်ုပ်ချည်းသာနေရမူ စင်စစ် သတ်လတ္တံ့။ ထို့ကြောင့် နှင်ထုတ်တော်မမူပါလင့်"ဟု တောင်းပန်၏။

မင်းကြီးကလည်း "မိဖုရား၊ သူတစ်ပါးရန်ကိုလည်း မကြောက်လင့်၊ ဆင်းရဲမည်ကိုလည်း မကြောက်လင့်၊ အစောင့်အရှောက် လူနှင့်တကွ တစ်ထောင်မျှလောက်သော သပြာဥစ္စာကို ငါ ပေးစေအံ့"ဟု ဆို၏။

ကုဝဏ္ဏာဘီလူးမကလည်း "အရှင်မင်းမြတ်၊ အကျွန်ုပ်သွားရသည်ဖြစ်အံ့၊ သားငယ်နှစ်ပါးကို ယူဆောင်၍သွားပါရစေ"ဟု အဖန်တလဲလဲ တောင်းပန်၏။ မင်းကြီးလည်း ယူတော့ဟု ခွင့်ပြုလေလျှင် လင်္ကာကျွန်းသို့ သွားလေ၏။ ဝိဇယမင်းထံ၌ နေသည်မှစ၍ လင်္ကာကျွန်းသို့ မရောက်ခြင်းကြောင့် ဘီလူးတို့မှ ကြောက်လျက်ပင် သွားပြီးသော် သားနှစ်ယောက်တို့ကို မြို့၏အပ၌ထားခဲ့၍ မိမိတစ်ယောက်ချင်း မြို့တွင်းသို့ဝင်လေသော် ဘီလူးအပေါင်းတို့သည် ကုဝဏ္ဏာကိုမြင်လျှင် ပြည်ကိုဖျက်စီး၍ လုယူသော သူခိုးကြီးလာပြီဟု မြို့အလုံး ချောက်ချားကြ၏။ ထိုအခါ ရက်ရောကြမ်းကြုတ်စွာသော 'သာဟသိက' ဘီလူးတစ်ယောက်သည် လက်ဝါးဖြင့် တစ်ချက်ချင်း ပုတ်ခတ်လေသဖြင့် သေခြင်းသို့ရောက်လေ၏။

ကုဝဏ္ဏာ ဘီလူးမ၏ ဦးရီးဖြစ်သော ဘီလူးတစ်ယောက်သည် လင်္ကာမြို့မှထွက်လေသော် မြို့၏အပ၌နေသော သူငယ်နှစ်ယောက်တို့ကိုမြင်၍ သင်တို့သည် အသူ၏သားနည်းဟု မေး၏။ ကုဝဏ္ဏာ၏သားဖြစ်ကြောင်းကို ဆိုလျှင် သင်တို့မိခင်ကို ဘီလူးတို့သတ်၍ သေလေပြီ။ သင်တို့ကိုလည်းမြင်လျှင် သတ်ဘိကုန်ရာ၏။ မြန်စွာပြေးလော့ဟု ဆို၏။ ထိုသူငယ်နှစ်ဦးလည်း ပြေးခဲ့ကြသဖြင့် သုမနကူဋ တောင်ခြေသို့ ရောက်လေ၏။ ထိုဘီလူးငယ်တို့ အရွယ်သင့်သောအခါ အမိ၏ဦးရီးဖြစ်သော ဘီလူးမင်းက မောင်နှမကိုပေးစား၍ ထိုသုမနကူဋတောင်၌ပင် နေစေ၏။ ထိုအကြောင်းကို ခမည်းတော် ဝိဇယမင်းသိလေသော် ထိုတောင်၏အနီးဖြစ်သော မလယဇနပုဒ်၌ နေသောသူတို့ကို ပူဇော်သက္ကာရပြုစေ၏။ ထိုမောင်နှမတို့မှ သား သမီး အဆက်ဆက်တို့သည် ပွါးများသဖြင့် 'ပုလိန္ဒာ'မည်သော ဘီလူးမျိုးတို့သည်ဖြစ်ကုန်၏။ ထိုမလယအရပ်၌နေသော လူအဆက်ဆက်တို့သည်လည်း ထိုပုလိန္ဒာ နတ်ဘီလူးတို့အား အခွန်ဆက်ခြင်းသည် အစဉ်အလာ ဖြစ်လေသတည်း။

မဓုရပြည်မှ ပဏ္ဍုမင်း၏ တမန်တို့သည်လည်း ဝိဇယမင်းအား ပေးလိုက်သော အထူးထူးသော ပဏ္ဏာကာရတို့ကိုလည်းကောင်း အခြံအရံနှင့်တကွသော မင်းသမီးတို့ကိုလည်းကောင်း ဆက်သကြကုန်၏။ ဝိဇယမင်းသည်လည်း တမန်တို့အား များစွာ ချီးမြှောက်ပေးကမ်းခြင်းကိုပြု၍ မင်းသမီးနှင့်အတူပါသော အမျိုးကောင်းသမီးတို့ကို အသီးသီးသော မှူးတော်မတ်တော်တို့အား ပေးကမ်းတော်မူ၏။ မှူးတော်မတ်တော်အပေါင်းတို့ကလည်း တညီတညွတ်တည်း စည်းဝေးကြ၍ ဝိဇယမင်းကို မဓုရမင်းသမီးနှင့်တကွ စုံဖက်၍ မင်းအဖြစ်၌ အဘိသိက် သွန်းကြကုန်၏။ အဘိသိက်သဘင်၌ စီရင်မြဲဖြစ်သော ပွဲကြီးသဘင်လည်း ပြုစေ၏။ ပွဲကြီးပြီးသောအခါ မဓုရပြည်မှ သီဟိုဠ်ကျွန်း၌နေခြင်းငှာ လိုက်လာသော မှူးမတ်တို့ကိုလည်း မြို့ရွာ ကံကျေးပေးတော်မူ၏။ ပါလာသော ကျေးကျွန် သင်းပင်းတို့အား သင့်ရာသင့်ရာ ထား၍ မြှောက်စားတော်မူ၏။ ယောက္ခမတော်ဖြစ်သော မဓုရမင်းအားကား နှစ်စဉ်မပြတ် သပြာနှစ်သိန်း နှစ်သိန်းထိုက်သော ခရုသင်း ပုလဲတို့ကို အမြဲ ဆက်သစေ၏။ ထိုဝိဇယမင်းသည် ငယ်စဉ်အခါက ကြမ်းကြုတ်စွာ ကျင့်ခဲ့သော ဝိသမာစာရ အကျင့်ကိုစွန့်ပစ်၍ တရားနှင့်ညီညွတ်စွာ

---

* 'ဇေဝဟတ္ထ' 'ဝိပေလ္လနာ' 'ဒီသလ'အချို့ စာမူရှိသည်။

www.burmeseclassic.com



မင်းကောင်းမင်းမြတ်တို့၏ ကျင့်ရိုးကိုသာ ကျင့်သဖြင့် သုံးဆယ့်ရှစ်နှစ်ပတ်လုံး တမ္ဗပဏ္ဏိမြို့၌ မင်းပြုတော်မူ၏။

**'ပပဉ္စပဒေါရုဝံသ'အမည်ရှိသော မဟာဝံသကျမ်း၌ (၇၄) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော 'ဝိဇယာဘိသေက'အမည်ရှိသော သတ္တမအပိုင်းအခန်းကား ပြီး၏။**

---

# ပဏ္ဍုဝါသုဒေဝါဘိသေကကဏ္ဍ အဋ္ဌမပိုင်း

## ၁၁-ဝိဇယမင်း၏တူတော် ပဏ္ဍုဝါသုဒေဝမင်းသည် သီဟိုဠ်ကျွန်း၌ မင်းအဖြစ်ကိုယူ၍ အဘိသိက်ခံခြင်း

ထိုဝိဇယမင်းသည် ပစ္ဆိမအရွယ်သို့ရောက်သောအခါ ဤသို့ ကြံတော်မူ၏။ ငါသည် အသက်အရွယ် ကြီးရင့်ပြီ။ ငါ၌ အရိပ်အရာကို ဆက်ခံအံ့သော သားသမီးသည် မရှိချေ။ ငါ သေလွန်သည်ရှိသော် ဆင်းရဲငြိုငြင်စွာ ငါ တည်ထောင်အပ်သော ဤတိုင်းကြီးသည် ပျက်စီးချေရာ၏။ ထို့ကြောင့် ဤတိုင်းပြည်ကို စောင့်စေခြင်းငှာ ငါ၏ညီတော်ဖြစ်သော သုမိတ္တမင်းကို ခမည်းတော်ထံသို့တောင်းရန် စေလွှတ်မှ သင့်မည်ဟု ကြံတော်မူ၏။ ယင်းသို့ကြံပြီးသော် မှူးမတ်တို့နှင့်တိုင်ပင်၍ သီဟပုရမြို့သို့ သဝဏ်မှာစာနှင့် လိမ္မာသော အမတ်တစ်ယောက်ကို စေလွှတ်၏။ စေလွှတ်၍ မကြာမြင့်မီ ဝိဇယမင်းသည် နတ်ပြည်စံတော်မူ၏။ မင်းကြီး လွန်ခဲ့သော် မှူးတော်မတ်တော်တို့သည် ပင့်ခေါ်စေသော မင်း၏လာခြင်းကို ငံ့လင့်ကာ မြို့ရွာကို ငြိမ်ဝပ်စွာဆုံးမလျက် ဥပတိဿရွာ၌ နေကြကုန်၏။ ဝိဇယမင်း လွန်လေသည့်နောက် မင်းသားရောက်သည့်တိုင်အောင် ဤလင်္ကာကျွန်းသည် တစ်နှစ်ပတ်လုံး မင်းလပ်၏။

သီဟပုရမြို့၌လည်း သီဟဗာဟုမင်းကြီး လွန်လေသောကြောင့် မင်း၏သားတော်ဖြစ်သော သုမိတ္တမင်းသည် မင်းပြုရ၏။ ထိုသုမိတ္တမင်းသည် မဒ္ဒရာဇ်မင်း၏သမီးတော် 'စိတ္တာ'မင်းသမီးကို မိဖုရားပြု၍ နန်းစံသည်တွင် သားတော်သုံးယောက် ရသတည်း။ သီဟိုဠ်မှလွှတ်လိုက်သော တမန်အမတ်တို့သည် သီဟပုရမြို့သို့ရောက်လေသော် ညီတော်ဖြစ်သော သုမိတ္တမင်းအား နောင်တော်ပါးလိုက်သော မှာစာကို ဆက်ကြကုန်၏။ သုမိတ္တမင်းသည် မှာစာကို ကြားတော်မူလျှင် သားသုံးယောက်တို့ကိုခေါ်၍ တိုင်ပင်တော်မူ၏။ "ချစ်သားတို့၊ ငါကား အိုမင်းပြီ။ သင်တို့ သုံးယောက်တို့တွင် တစ်ယောက်သောသူတို့သည် ငါ၏ နောင်တော်ဖြစ်သော ဝိဇယမင်း၏ ဥစ္စာဖြစ်သော များစွာ ကျေးဇူးရှိသည်ဖြစ်၍ နှစ်သက်ဖွယ်ရှိလှသော သီဟိုဠ်ကျွန်း သို့သွား၍ နောင်တော်၏ထံ၌ နေလေကုန်။ နောင်တော် လွန်သောအခါ ထိုကျွန်းမှာပင် မင်းပြုလေကုန်"ဟု ဆိုတော်မူ၏။

ထိုစကားကိုကြားသော် သားတော်အငယ်ဖြစ်သော 'ပဏ္ဍုဝါသုဒေဝ'မင်းသည် ဤသို့အားဖြင့်ဆို၏။ "နောင်တော်နှစ်ပါးတို့သည် ခမည်းတော် မယ်တော်တို့ကိုလုပ်ကျွေး၍ အရိပ်အရာကို ယူတော်မူပါ၊ အကျွန်ုပ်သည် သီဟိုဠ်ကျွန်းသို့လိုက်၍ ဘကြီးတော်၏ အရိပ်အရာကိုယူ၍ မင်းပြုပါအံ့"ဟု ဝန်ခံ၏။ ခမည်းတော် သုမိတ္တမင်းလည်း "ကောင်းပြီ၊ ငါ့သား သွားပါချေ"ဟု စေတော်မူ၏။ ပဏ္ဍုဝါသုဒေဝမင်းသားလည်း အရွယ်တူသော အမတ်သား သုံးကျိပ်နှစ်ယောက်တို့ကိုခေါ်၍ ပရိဗိုဇ်ရဟန်းတို့၏အသွင်ကိုဆောင်လျက် ကြီးစွာသော လှေဖောင်ဖြင့် ကူးခဲ့ကြသော် 'မဟာကန္ဒရ'မြစ်၏ တံခါးဝ၌ ဆိုက်ကြကုန်၏။ သီဟိုဠ်ကျွန်းသူ လူအပေါင်းတို့သည်လည်း ထိုပရိဗိုဇ်၊ ရဟန်း သုံးကျိပ်နှစ်ယောက်တို့ကိုမြင်လျှင် ရှင်လန်းစွာ ပူဇော်ကြကုန်၏။

မင်းသား၌ရှိသော သုံးကျိပ်နှစ်ယောက်သောသူတို့သည်လည်း ဤကျွန်း၌ မင်းနေသောမြို့သည် ဘယ်မှာနည်းဟုမေး၍ အစဉ်အားဖြင့် လာကြကုန်သော် နတ်တို့သည် စောင်မသဖြင့် ဥပတိဿရွာသို့ ရောက်ကြလေကုန်၏။ ဤဥပတိဿရွာ၌ စည်းဝေး၍နေကြသော လူတို့သည်လည်း မင်း ရောက်ခဲလှသောကြောင့် နိမိတ်ဖတ်တတ်သော ပုဏ္ဏားဆရာတို့၏အထံသို့ အမတ်တစ်ယောက်ကိုစေ၍ မေးစေသော် ထိုပုဏ္ဏားဆရာက ယနေ့မှစ၍ နောက် ခုနစ်ရက်မြောက်သောနေ့တို့၌ ငါတို့မင်း၏ အနွယ်အဆက်ဖြစ်သော မင်းသည် ရောက်လာလတ္တံ့၊ ထို့နောက် အတန်ကြာသော် မင်းသမီးလည်း ရောက်လာလတ္တံ့ဟူ၍ ဖတ်ကြ၏။ နိမိတ်သမား ဖတ်ကြားလင့်သော နေ့ည၌ပင် ပဏ္ဍုဝါသုဒေဝမင်းသား အမှူးရှိသော သုံးကျိပ်နှစ်ယောက်သောသူတို့သည် ရောက်လာကြသည်ဖြစ်၍ အမတ်တို့က မေးမြန်းစိစစ်သော်

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ အရှင့်ညီတော်၏ သားစစ် ဖြစ်သည်ဟု သိကြ၍ ပဏ္ဍုဝါသုဒေဝမင်းသားအား အလုံးစုံသော တိုင်းပြည် ထီးနန်းကို ဆောင်နှင်းကြကုန်၏။ ထိုမင်းသား အားလည်း မိဖုရား မရှိသေးသည်၏အဖြစ်ကြောင့် အဘိသိက်မခံဘဲ ပြည်ရေးရွာမှုကို စီရင်၍သာ နေစေ၏။

'သုဒ္ဓေါဒန'မင်းကြီး၏ ညီတော်အငယ်ဖြစ်သော 'အမိတောဒန'မည်သော သာကီဝင်မင်းအား 'ပဏ္ဍုသက္က'မည်သော သားတော်သည် ရှိ၏။ ထိုသားတော်ဖြစ်သော ပဏ္ဍုသက္ကမင်းသည် 'ဝိဋူဍဘ'သာကီဝင်မင်းတို့အား ဖျက်ဆီးလတ္တံ့ဟု နိမိတ်ဖတ်တတ်သောသူတို့၏ စကားကိုကြား၍ ရှောင်ရှားခြင်းအကျိုးငှာ မိမိ အခြံအရံ ပရိသတ်ကိုယူ၍ မထင်ရှားသော ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်းအမှု၌ ယှဉ်သောသူတို့၏အသွင်ဖြင့် ကပိလဝတ်ပြည်မှထွက်လာ၍ ဂင်္ဂါမြစ်၏တစ်ဖက်သို့ကူးပြီးလျှင် ထိုဂင်္ဂါ၏အနီး၌ ပြည်တည်၍ 'သုသီမဒေဝီ'ကို အဂ္ဂမဟေသီမြှောက်ပြီးလျှင် ထိုပြည်ကို မင်းပြုလျက်နေ၏။ ထိုပဏ္ဍုသက္ကမင်းအား သားတော် ခုနစ်ယောက်ကိုရပြီးမှ နောက်ဆုံး၌ သမီးတစ်ယောက်ကိုရ၏။ ထိုမင်းသမီးသည် ရွှေစင်ကိုသွန်းလုပ်သော မိန်းမရုပ်ကဲ့သို့ အလွန် ရှုဖွယ်တင့်တယ်သော အဆင်းအရောင်ရှိရကား "ဘဒ္ဒကစ္စာနာ'ဟူသောအမည်ကို မှည့်၏။

ထိုမင်းသမီးသည် အရွယ်သို့ရောက်သောအခါ လူတို့ရွာတွင် သူမယှဉ်နိုင်အောင် လှပသဖြင့် ယောကျ်ားဟူသမျှတို့ တောင့်တကုန်သည်သာဖြစ်ရကား တိုင်းတစ်ပါး၌နေသော ခုနစ်ပြည်ထောင်မင်းတို့သည် အသီးအသီး အဖိုးများစွာထိုက်တန်သော လက်ဆောင်ပဏ္ဏာဖြင့်ပို့ဆက်ကာ မင်းသမီးကို တောင်းလာကြကုန်၏။ သီဟိုဠ်ကျွန်းသို့ရောက်လေသော ပဏ္ဍုဝါသုဒေဝမင်းသည်လည်း မှူးမတ်တို့ကို စေ၍ တောင်းလေသတည်း။

ထိုအခါ ပဏ္ဍုသက္ကမင်းသည် ဤသို့ကြံ၏။ ငါသည် ဤသမီးတစ်ယောက်ဖြင့် ခုနစ်ပြည်ထောင်မင်းတို့ကို စိတ်ကျေအောင်မပြုနိုင်၊ တစ်ယောက်ယောက်ကိုသာပေးခဲ့လျှင် မရသော မင်းခြောက်ယောက်တို့သည် ရန်သူဖြစ်ချေတော့မည်။ သီဟိုဠ်ကျွန်း၌နေသော ပဏ္ဍုဝါသုဒေဝမင်း၏အထံသို့ ပို့ရမူကား ငါလည်း ရန်ကင်း၏။ ငါ့သမီးလည်း အဘိသိက်ခံ မိဖုရားကြီးဖြစ်၍ ချမ်းသာပေတော့မည်ဟုကြံလျက် နိမိတ်ဖတ်တတ်သော ပညာရှိတို့နှင့်တိုင်ပင်ပြီးလျှင် သမီးတော်ကို အဖော်ပြုစိမ့်သောငှာ အမတ်သမီးသုံးကျိပ်နှစ်ယောက်နှင့်တကွ ကြီးစွာသော သင်္ဘောလှေဖြင့် တင်၍ ဆောင်ကြဉ်းအံ့သော ယောကျ်ားကောင်းတို့ကိုလည်း အသင့်စီမံပြီးသော် တောင်းလာသော ခုနစ်ပြည်ထောင်မင်းတို့၏ အထံသို့ သဝဏ်စာဖြင့် ဤသို့ မှာတော်မူ၏။

"အဆွေတော်တို့၊ ငါ့၌ သမီးတစ်ယောက်သာရှိသည်ကို မင်း ခုနစ်ဦးတို့ တောင်းကြချေသည်။ တစ်ဦးဦးကိုသာ ပေး၍ မသင့်ချေ။ ဤမည်သောနေ့ရက်သို့ ရောက်သောအခါ ဂင်္ဂါမြစ်ဝ၌ ပစ်ချတော့မည်။ ထိုက်သောမင်းသည် ရပါလိမ့်မည်၊ အလိုရှိမူ ဆယ်ယူကြကုန်'ဟု မှာစာပေးတော်မူ၏။ ခုနစ်ပြည်ထောင်မင်းတို့လည်း မှာစာအတိုင်း ဂင်္ဂါမြစ်ဝသို့လာ၍ ဆယ်ကြသော်လည်း မတတ်နိုင်ကုန်။ မင်းသမီးတင်သော သင်္ဘောလှေသည်ကား လျင်စွာသောအဟုန်ဖြင့်သွားလေ၍ သမုဒ္ဒရာကိုဖြတ်လျက် နှစ်ရက်မြောက်သော နေ့၌ပင် သီဟိုဠ်ကျွန်း "ဂေါဏ'ရွာ သင်္ဘောဆိပ်သို့ဆိုက်လေ၏။ မင်းသမီးနှင့်တကွ သုံးကျိပ်နှစ်ယောက်သော မိန်းမတို့သည်လည်း ပရိဗိုဇ်ရဟန်း၏ အသွင်ကိုယူ၍ လှေမှ သက်ဆင်းပြီးသော် မင်းနေသော မြို့ကိုမေး၍ အစဉ်အတိုင်း သွားကြလေသဖြင့် နတ်တို့စောင်မသောကြောင့် နေ့ရက်မကြာမီ ဥပတိဿရွာသို့ ရောက်လေကုန်၏။

ဤရွာ၌နေသော ဝိဇိတမည်သော အမတ်သည် နိမိတ်ဖတ်တတ်သော 'ကာဗေဠဒေဝ'မည်သော ဆရာက "ယနေ့ မင်းသမီးရောက်လိမ့်မည်"ဟု ဟောသောစကားကို ကြားရသောကြောင့် တ,မျှော်ကာနေသည်နှင့် ရောက်လာသော ပရိဗိုဇ်မ သုံးကျိပ်နှစ်ယောက်တို့ကိုမြင်လျှင် ကောင်းမွန်စွာနေရာပေး၍ ကျွေးမွေးပြီးမှ မေးမြန်းစိစစ်သော် ဘဒ္ဒကစ္စာနာ မင်းသမီး၏အဖြစ်ကိုသိ၍ ပဏ္ဍုဝါသုဒေဝမင်းအား ဆက်လေ၏။ မင်းလည်း မြင်လျှင် ခင်မင်စုံမက်တော်မူလှသောကြောင့် ထိုနေ့ပင် နန်းတင်တော်မူ၏။ စင်ကြယ်သော အသိပညာရှိကုန်သော သီဟိုဠ်အမတ်အပေါင်းတို့သည် ကောင်းချီးပေးကာ ငါတို့၏စိတ်အလိုအတိုင်း ပြည့်စုံပေသည်ဟု ဝမ်းမြောက်ကြသည်ဖြစ်၍ ပဏ္ဍုဝါသုဒေဝမင်းလည်း မြတ်သော အဆင်းကိုဆောင်သော ဘဒ္ဒကစ္စာနာ မင်းသမီးအား မိဖုရားကြီးအရာ၌ အဘိသိက်သွန်း၍ မင်းသမီးနှင့်အတူပါသော အမတ်သမီး သုံးကျိပ်နှစ်ယောက်တို့ကိုလည်း မိမိနှင့်အတူ

---

• ဘဒ္ဒကဉ္စနီ (အချို့စာမူ)ဘဒ္ဒကစ္စာနီ(ဋီကာမူ)

• 'ရောမ' (အချို့မူ)

www.burmeseclassic.com

www.burmeseclassic.com



ပါသော အမတ်သား သုံးကျိပ်နှစ်ယောက်တို့နှင့်ထိမ်းမြား၍ မြို့စား ရွာစား မှူးမတ်အရာဖြင့် ကောင်းစွာထားတော်မူ၏။

**'ပပဉ္စပဒေါ ရုဝံသ'အမည်ရှိသော မဟာဝံသကျမ်း၌ (၂၈) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော 'ပဏ္ဍုဝါသုဒေဝါဘိသေက' အမည်ရှိသော အဋ္ဌမပိုင်းအခန်းကား ပြီး၏။**

---

# အဘယာဘိသေကကဏ္ဍ၊ နဝမပိုင်း

## ၁၂-ပဏ္ဍုဝါသုဒေဝမင်း၏သား အဘယမင်း နန်းတက်ခြင်း

ဘဒ္ဒကစ္စာနာ မိဖုရားအား သားတော်တစ်ကျိပ် ဖွားပြီးသည်နောက်မှ တစ်ယောက်သော သမီးကိုဖွား၏။ ထိုမင်းသမီးသည် ရှုချင်ဖွယ် ဆန်းကြယ်သော အဆင်းရှိသောကြောင့် စိတ္တာမင်းသမီးဟု သမုတ်၏။ အကြီးဆုံးဖြစ်သော သားတော်ကား အဘယမင်းမည်၏။

### တပင်တိုင်မင်းသမီး

ဗေဒင်ကျမ်း၌ ကမ်းတစ်ဖက်ရောက် တတ်မြောက်ကုန်သော ပုဏ္ဏားပညာရှိတို့သည် စိတ္တာမင်းသမီး၏အပြင်အလျာ လက္ခဏာကိုရှုကုန်၍ "ဤမင်းသမီး၏ဝမ်း၌ ဖွားသော သားသည်ကား မင်းပြုလိုသောကြောင့် ဦးရီးတော်တို့ကို သတ်လတ္တံ့"ဟူ၍ ဟောပြောကုန်၏။ ထိုစကားကို ကြားသဖြင့် မောင်တော်ကိုးယောက်တို့က နှမငယ်ကိုသတ်မည်ဟု ကြံစည်သော် နောင်တော်အကြီးဖြစ်သော အဘယမင်းက "ချင်းကို မသတ်ကြပါလင့်၊ သားမရအောင် တပင်တိုင်နန်းနှင့် ထားမည်"ဟုဆို၍ တားမြစ်၏။ ထိုစိတ္တာမင်းသမီးသည် အရွယ်သို့ရောက်သောအခါ ခမည်းတော်ဖြစ်သော ပဏ္ဍုဝါသုဒေဝမင်း၏ ရွှေနန်းကျက်သရေတိုက်၏အဝ၌ တပင်တိုင် နန်းပြာသာဒ်ပြု၍ နေစေကုန်၏။ ပြာသာဒ်၏အတွင်း၌ လုပ်ကျွေးရန် ကျွန်မတစ်ယောက်ကိုသာထား၍ ပြာသာဒ်၏အဝ၌ ယောကျ်ားတစ်ရာတို့သည် ခြံရံကာစောင့်နေစေ၏။ ထိုစိတ္တာမင်းသမီးသည် အဆင်းအားဖြင့် ကဲလွန်လှရကား ယောကျ်ားတို့သည် ရှုမြင်ရမှု ရူးကြသည်သာ ဖြစ်၏။

ထို့ကြောင့် မင်းသမီးကို 'ဥမ္မာဒစိတ္တာ'ဟူ၍လည်း ခေါ်ဝေါ်ကြကုန်၏။ ဇမ္ဗူဒိပ်ကျွန်း ဂင်္ဂါပါရမြို့မှ ပဏ္ဍုသက္ကမင်း၏ မိဖုရားကြီး 'သုသိမဒေဝီ'သည်လည်း သမီးတော် ဘဒ္ဒကစ္စာနာသည် သီဟိုဠ်ကျွန်း၌ မိဖုရားဖြစ်လေပြီဟု ကြားလျှင် *(ငါ့သမီး တစ်ယောက်ချင်းသာ နေရလေသည်။ သားတော် ခုနစ်ယောက်တို့လည်း လိုက်ကြချေကုန်။)ဟု တိုက်တွန်းလေရကား ဂါမဏီမင်းသားတစ်ပါးကိုသာ မယ်တော် ခမည်းတော်တို့၏အထံ၌ ထားခဲ့၍ မင်းသားခြောက်ယောက်တို့သည် လိုက်လာကြသဖြင့် နှမတော် ဘဒ္ဒကစ္စာနာကိုမြင်လျှင် ကြင်နာစုံမက်ကြရကား များစွာငိုကြကုန်၏။ ပဏ္ဍုဝါသုဒေဝမင်းလည်း ယောက်ဖတော်ခြောက်ယောက်တို့အား များစွာ ချီးမြှောက်ခြင်းကိုပြု၍ သင်တို့အလိုရှိအပ်သောနေရာ၌ မြို့ရွာဇနပုဒ် ပြုလုပ်၍ နေလေကုန်ဟု ခွင့်ပြု၏။ မင်းသားတို့လည်း သီဟိုဠ်ကျွန်းအလုံးကို လှည့်လည်ကြည့်ရှုပြီးမှ နှစ်သက်ရာဒေသ၌ မြို့ရွာတည်၍ နေကြလေသည်။

*(ရာမမင်းနေသောဌာနကို ရာမမြို့ဟု သမုတ်သည်။ ဥရုဝေလမင်းနေသောဌာနကို ဥရုဝေလမြို့ဟု သမုတ်သည်။ အနုရာဓမင်းနေသောဌာနကို အနုရာဓမြို့ဟု သမုတ်သည်။ ဝိဇိတမင်းနေသောဌာနကို ဝိဇိတမြို့ဟု သမုတ်သည်။ ဒီဃာဝုမင်းနေသောဌာနကို ဒီဃာဝု ဇနပုဒ်ဟု သမုတ်သည်။ ရောဟဏမင်းနေသောဌာနကို ရောဟဏဇနပုဒ်ဟု သမုတ်သတည်း။) အနုရာဓမင်းကြီးသည်ကား ကြီးစွာသော ရေကန်ကိုပြုလုပ်၍ ထိုရေကန်၏တောအရပ်၌ မင်းအိမ်ဆောက်ပြီးလျှင် ထိုအိမ်၌နေခြင်းကို ပြုသတည်း။

ပဏ္ဍုဝါသုဒေဝမင်းသည် သားတော်အကြီးဖြစ်သော အဘယမင်းသားသည် အရွယ်သို့ရောက်သောအခါ အိမ်ရှေ့မင်း၏အရာ၌ အဘိသိက်သွန်း၍ မပြတ် ခစားစေ၏။ မင်းကြီးယောက်ဖတော်ဖြစ်သော ဒီဃာဝုမင်း၌ ဒီဃဂါမဏီမည်သော သားသည် ရှိ၏။ ထိုမင်းသားသည် ဥမ္မာဒစိတ္တာမင်းသမီး၏ ဂုဏ်ကျေးဇူးစကားကို ကြားလျှင် အလွန်တပ်မက်သော စိတ်ရှိရကား ဥပတိဿရွာသို့လာ၍ ပဏ္ဍုဝါသုဒေဝ မင်းကြီးအား ခစားခြင်းကိုပြု၏။ မင်းကြီးလည်း တူတော်ဖြစ်သော ထိုဒီဃဂါမဏီမင်းသားကို အိမ်ရှေ့မင်းနှင့် တကွ ခစားစေသော အခွင့်ကိုပေး၏။ ထိုမင်းသား၏ထိုင်ရာဌာနသည် ဥမ္မာဒစိတ္တာ မင်းသမီး၏ လေသွန်တံခါးဝဖြင့်

---

• (ဋီကာ) ၁၉၁နှင့်မတူ။

www.burmeseclassic.com



ရှမျှော်သောအခါ ထိုဒီဃဂါမဏိ မင်းသားကိုမြင်၍ ကြင်နာတပ်စွန်းသော စိတ်ဖြစ်ရကား မိမိ ကျွန်မအား "ဤသူကား အဘယ်သူနည်း"ဟု မေး၏။ ကျွန်မကလည်း "အရှင်မ၏ ဦးရီးတော်ဖြစ်သော ဒီဃာဝုမင်း၏ သားတည်း"ဟု ဆိုပေသော် "ထိုမင်းသားကို ငါ၏ထံသို့ရောက်အောင် သင်စေစပ်လော့"ဟု ဆို၍ ပြောဆိုစေစပ်စေ၏။

ဒီဃဂါမဏိမင်းသားလည်း ကျွန်မကို စကားချိန်းချက်၍ အလုံးစုံပြီးသော ပုစွန်ရုပ် ယန္တရားကို လေသွန်တံခါး၀၌ထား၍ မင်းသားသည် ညဥ့်အခါ ထိုယန္တရားဖြင့် တံခါးကိုဖွင့်၍ဝင်ပြီးသော် မင်းသမီးနှင့်မွေ့လျော်၍ မိုးသောက်ယံကျမှ ထွက်ခဲ့၏။ ဤသို့သောနည်းဖြင့် ဒီဃဂါမဏိမင်းသည် တပင်တိုင်နန်းပြာသာဒ်ထက်၌ နေ့တိုင်း အိပ်စက်သော်လည်း ဖွင့်ရာအပေါက် မထင်ရှားသည်၏အဖြစ်ကြောင့် (တံခါးမဖွင့်သောကြောင့်) မသိကြသည်သာတည်း။ ကာလရှည်လေသော် ဥမ္မာဒစိတ္တာမင်းသမီး၌ ကိုယ်ဝန်တည်လေ၏။ ထိုကိုယ်ဝန်ရင့်လေသော် ကျွန်မသည် မယ်တော်မိဖုရားအား လျှောက်၏။ မယ်တော်သည် သမီးကို မေးမြန်းပြီးမှ ပဏ္ဍုဝါသုဒေဝ မင်းကြီးအား ကြားလျှောက်၏။ မင်းကြီးလည်း သားတော်တို့ကိုခေါ်၍ ဤသို့တိုင်ပင်၏။ "အမောင်တို့၊ ဤဂါမဏိလည်း အခြားလူမဟုတ် ငါတို့ မွေးမြူပြုစုထိုက်သော သူပင်ဖြစ်တော့သည်၊ ထို့ကြောင့် ဥမ္မာဒစိတ္တာကို ဂါမဏိနှင့်ထိမ်းမြားကုန်အံ့၊ ချင်းတို့၏သား ဖွားသောအခါ ယောကျ်ားဖွားမူ သတ်ကုန်အံ့။ မိန်းမဖွားမူ ရှိစေအံ့"ဟုတိုင်ပင်၍ ဥမ္မာဒစိတ္တာကို ဒီဃဂါမဏိမင်းအား ပေးကြကုန်၏။

ဥမ္မာဒစိတ္တာ မင်းသမီးသည် ကိုယ်ဝန်ရင့်၍ သားဖွားအံ့သော ကာလသို့ရောက်လေသော် သားဖွားရာအိမ်သို့ ဝင်၏။ ဒီဃဂါမဏိမင်းသား၏ အလုပ်အကျွေးဖြစ်သော စိတ္တကိုလည်းကောင်း, ကာလဝေဠကိုလည်းကောင်း, ချင်းတို့နှစ်ယောက်ကိုမှီ၍ အမှုဖြစ်သည်ဟု နှလုံးထား၍ ဤကျွန်နှစ်ယောက်ကို သတ်လေကုန်၏။ ထိုသူနှစ်ယောက်တို့လည်း သေသောအခါ ဘီလူးဖြစ်၍ ဝမ်း၌ရှိသောသူငယ်ကို စောင့်နေကုန်၏။ ဥမ္မာဒစိတ္တာ မင်းသမီးလည်း သားဖွားခါနီးသော် ကျွန်မကို "ငါကဲ့သို့ ဖွားခါနီးသော သမီး ဖွားလတ္တံ့သော မိန်းမတစ်ယောက်ကိုရှာ၍ ငါ၏အနီး၌ ထားပါ"ဟုဆို၏။ ကျွန်မလည်း ထိုစကားအတိုင်း ရှာ၍ထားပေ၏။ ဥမ္မာဒစိတ္တာသည် သားယောကျ်ားဖွားလေသော် ထိုသမီးငယ်ကို သပြာတစ်ထောင်ပေး၍ယူပြီးမှ မိမိသားကို ထိုမိန်းမအား ပေး၍ မွေးစေ၏။

အဘယမင်း အစရှိသော မောင်တော်မင်းသားတို့သည် နှမတော်ဖြစ်သော ဥမ္မာဒစိတ္တာသည် မိန်းမဖွားသည်ဟုကြားလျှင် နှစ်သက်ဝမ်းသာစွာနေ၏။ မယ်တော်ဖြစ်သော ဘဒ္ဒကစ္စာနာ မိဖုရားသည်သာလျှင် ထိုအကြောင်းကိုသိ၏။ ထိုသတို့သားကို အမည်မှည့်အံ့သောအခါ မယ်တော် ဘဒ္ဒကစ္စာနာနှင့် ဥမ္မာဒစိတ္တာတို့သည် တိုင်ပင်ကြ၍ ဘိုးတော်မင်းကြီး၏လည်းကောင်း, ဦးရီးတော် အဘယမင်း၏လည်းကောင်း အမည်နှစ်ရပ်ရောစပ်၍ 'ပဏ္ဍုကာဘယ'ဟု အမည်ကိုပြုကြ၏။ ပဏ္ဍုဝါသုဒေဝမင်းကြီးသည် သီဟိုဠ်ကျွန်း၌ အနှစ်သုံးဆယ်ပတ်လုံးမင်းပြု၍ မြေးတော် ပဏ္ဍုကာဘယကိုဖွားပြီးသော် ထိုလပင် ကြမ္မာကုန်လေ၍ မင်းညီမင်းသားမှူးတော်မတ်တော်အပေါင်းတို့သည်လည်း သားတော်အကြီးဖြစ်သော အဘယမင်းကို မင်းအဖြစ်သို့ အဘိသိက်သွန်းကြကုန်၏။

**'ပပဉ္စပဒေါရုဝံသ'အမည်ရှိသော မဟာဝံသကျမ်း၌**
**(၂၉) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော**
**'အဘယာဘိသေကာ'အမည်ရှိသော**
**နဝမအပိုင်းအခန်းကား ပြီး၏။**

---

# ပဏ္ဍုကာဘယာဘိသေကကဏ္ဍ ဒသမပိုင်း

## ၁၃–ပဏ္ဍုကာဘယမင်းသည် ဦးရီးတော်တို့ကို စစ်ပြုရာအောင်မြင်သဖြင့် နန်းတက်ခြင်း

ဥမ္မာဒစိတ္တာ မင်းသမီးသည်လည်း ဤသားကို ငါ၏အပါး၌ထား၍ မသင့်ချေ။ မောင်တော်တို့သိလျှင် သတ်ချိမ့်မည်ဟု ကြံပြီးလျှင် ဂုမ္ဘကာဘူတာမည်သော ကျွန်မကို "မင်းသားငယ်ကို ခင်းနီးနှင့်တကွ အပိတ်ရှိသောတောင်း၌ထည့်၍ ဒွာရမဏ္ဍလက ရွာသို့ပို့ပါချေ။ ဤမည်သော အထိန်းအား အပ်ထားပါလေ"ဟု သပြာတစ်ထောင်နှင့်တကွ ပေးလိုက်၏။ ကျွန်မလည်း မင်းသမီးစေလိုက်တိုင်း တောင်းဖြင့်ရွက်၍ ထွက်သွားလေသော် ဥပတိဿရွာနှင့် ဒွာရမဏ္ဍလကရွာ၏အကြား တုမ္ဗရကန္ဒရမည်သော အရပ်

www.burmeseclassic.com



သို့ရောက်လျှင် သူငယ်၏ ဦးရီးတော်ဖြစ်သော မင်းသားတို့သည် သမင်တောဖြင့် လှည့်လည်ခြင်းငှာ ထွက်လာသည်နှင့် ဆိုင်မိ၍ ကျွန်မကိုမြင်လျှင် "သင် အဘယ်သို့ သွားအံ့သနည်း။ သင်ရွက်သောတောင်း၌ အဘယ်ဝတ္ထုနည်း"ဟု မေး၏။ ကျွန်မကလည်း 'ဒွာရမဏ္ဍလက ရွာသို့သွားပါအံ့။ ထိုရွာ၌နေသော ကျွန်ုပ်သမီးအားပေးခြင်းငှာ တင်လဲမုန့်ကို ရွက်ခဲ့ပါသည်"ဟု ပြော၏။ မင်းသားတို့ကလည်း "ခေါင်းမှချ၍ ပြလော့"ဟု ဆိုပြန်လျှင် ကျွန်မလည်း တောင်းကို ချရ၏။ ထိုအခါ ပဏ္ဍုကာဘယမင်းသား၌ စောင့်နေသော စိတ္တဘီလူးနှင့် ကာလဝေဠ ဘီလူးတို့သည် မင်းသားကို မကြည့်အောင် ထိုခဏချင်း ကြီးစွာသော တောဝက်ကို ဖန်ဆင်း၍ပြ၏။ မင်းသားတို့လည်း တောင်းကိုဖွင့်၍မကြည့်ဘဲ ဝက်ကြီးကိုသာ အစဉ်လိုက်လေကုန်၏။ ထိုဂုမ္ဘကာဘုတာမည်သော ကျွန်မသည်လည်း တောင်းကိုအမြန်ရွက်၍ သွားလေသဖြင့် ဒွာရမဏ္ဍလက ရွာသို့ရောက်သော် အထိန်းအား ဆိတ်ကွယ်ရာ၌ သပြာတစ်ထောင်ကိုပေး၍ ပဏ္ဍုကာဘယ မင်းသားကို အပ်ထားခဲ့၏။ ထိုမင်းသားရောက်သောနေ့ပင် လျှင် အထိန်း၏မိန်းမသည် သားငယ်ကို ဖွားမြင်၏။ အထိန်းယောကျ်ားသည်လည်း ငါ၏မယား၌ သားမြွာမွေးသည်ဟု ပြောဆို၍ ထိုပဏ္ဍုကာဘယကို ရှိသေစွာ မွေးမြူ၏။

ထိုမင်းသား ခုနစ်နှစ်အရွယ်သို့ရောက်သောအခါ ဦးရီးတော်တို့သည် ဤရွာ၌ရှိကြောင်းကို သိကြကုန်၍ ခုနစ်နှစ်အရွယ်ရှိ သူငယ်တို့ ရေကန်၌ ရေကစားသောအခါ ဖမ်း၍သတ်စိမ့်သောငှာ သူသတ်ယောကျ်ားတို့ကို စေ၏။ သူငယ်တို့၏ ကစားရာဖြစ်သော ရေကန်၌လည်း ရေပြည့်လွှမ်းအပ်သော အခေါင်းရှိသော •ရေခံတက်ပင်ရှိ၏။ ပဏ္ဍုကာဘယသည် ရေကစားသောအခါ ရေသို့ငုပ်၍ ထိုသစ်ပင်၏အခေါင်းသို့ဝင်၍ ကြာမြင့်စွာနေပြီးရသော် အဖော်သူငယ်အား လှည့်စား၍ ပြောမြဲဖြစ်သတည်း။ ထိုသူသတ်တို့လာသောနေ့၌လည်း ပဏ္ဍုကာဘယသည် မိမိပုဆိုးကိုဝတ်၍ ရေ၌ငုပ်ပြီးလျှင် ထိုသစ်ပင်၏အခေါင်းသို့ ဝင်၍နေ၏။ ထို့ကြောင့် သူသတ်တို့သည် ပုဆိုးကိုရေတွက်၍ သူငယ်မြင်သမျှကို သတ်ပြီးလျှင် ဥပတိဿမြို့သို့ပြန်၍ "သူငယ်တို့ကို အကုန်သတ်ခဲ့ပါသည်"ဟု မင်းအား လျှောက်၏။ ပဏ္ဍုကာဘယလည်း သူသတ်တို့သွားကြသောအခါမှ သစ်ခေါင်းမှထွက်၍ ရေမှတက်ပြီးသော် အဖော်သူငယ်တို့၏ အကောင်ကိုမြင်လျှင် အလွန်ကြောက်လှသဖြင့် အထိန်း၏ အိမ်သို့ သွားလေ၏။ အထိန်းလည်း သက်သာရာမှ ရစေလျက် သို့ဝှက်ကာ မွေးမြူ၍ထား၏။

သူငယ် တစ်ဆယ့်နှစ်နှစ်ရွယ်ရှိလေသော် ဦးရီးတော်မင်းသားတို့ ပဏ္ဍုကာဘယ မသေဘဲရှိကြောင်းကို ကြားပြန်၍ ထိုဒွာရမဏ္ဍလကရွာ၌ ခပ်သိမ်းသော နွားကျောင်းသားတို့ကို သတ်စိမ့်သောငှာ သူသတ်တို့ကို စေလွှတ်ပြန်၏။ သူသတ်တို့လာရောက်သောနေ့၌ နွားကျောင်းသားသူငယ်တို့သည် တစ်ခုသော ခြေလေးချောင်းရှိသော သတ္တဝါကိုရ၍ ဖုတ်ကင်ခြင်းငှာ ပဏ္ဍုကာဘယ သူငယ်ကို ရွာသို့ မီးယူစေလိုက်၏။ ပဏ္ဍုကာဘယလည်း ခရီး၌ ခလုတ်တိုက်မိ၍ အိမ်သို့ရောက်သောအခါ အထိန်းသား သူငယ်ကို "ငါ ခြေနာလှသည် သင်သွား၍ မီးပို့ပါချေ၊ ပို့ပြီးလျှင် မီးကင်၍ ကျက်သောအသားကိုလည်း သင် စားရလတ္တံ့" ဟု ဆို၍ လွှတ်လိုက်၏။ အထိန်းသားသည်လည်း ထိုစကားကိုကြားလျှင် နွားကျောင်းသားတို့၏ထံသို့ မီးပို့ခြင်းငှာ သွားလေ၏။ ထိုခဏ၌ ဦးရီးတော်မင်းတို့ စေအပ်သော သူသတ်တို့သည် ခပ်သိမ်းသော နွားကျောင်းသားတို့ကို ဝန်းရံလျက် သတ်ကြကုန်၏။ သတ်ပြီးမှ ဦးရီးတော်တို့အား သေကြောင်းကို ကြားလျှောက်၍ ငြိမ်သက်စွာ နေကြကုန်၏။

သူငယ်သည် တစ်ဆယ့်ခြောက်နှစ်ရှိသောအခါ ဦးရီးတော်တို့သည် မသေဘဲရှိကြောင်းကို ကြားပြန်ကုန်၏။ ထိုအခါ မယ်တော်က သားကို စောင့်ရှောက်စိမ့်သောငှာ တစ်ထောင်သော ကျေးကျွန်သင်းပင်းတို့ကိုလည်း စေလွှတ်၏။ ဥပတိဿမြို့မှ တောင်အရပ်ဖြစ်သော ပဏ္ဍုလရွာ၌ ဗေဒင်တတ်မြောက်စွာသော ပဏ္ဍုလမည်သော ပုဏ္ဏားကြီးသည်ရှိ၏။ ထိုပုဏ္ဏား၏အထံသို့သွား၍ အတတ်ပညာ တတ်လိမ္မာအောင် သင်၍နေချေဟု သဝဏ်မှာစာကိုလည်း အထိန်းသို့ ပို့စေ၏။ အထိန်းသည်လည်း မယ်တော် ပေးလိုက်သော မှာစာကိုပြ၍ တစ်ထောင်မျှလောက်သော ကျေးကျွန်လူစုတို့ကိုအပ်ပြီးလျှင် ပဏ္ဍုလပုဏ္ဏားကြီး၏အထံသို့ သွားစေ၏။ ပဏ္ဍုလပုဏ္ဏားသည်ကား များသော စည်းစိမ်ဥစ္စာလည်း ရှိ၏။ ဗေဒင်၌ ကမ်းတစ်ဖက်သို့ရောက်အောင် တတ်မြောက်၏။ ထိုပုဏ္ဏားကြီးက မိမိအိမ်သို့ရောက်လာသော မင်းသားကိုမြင်လျှင် "သင်ကား ပဏ္ဍုကာဘယမည်သော မင်းပင်လော"ဟု မေး၏။ မင်းသားကလည်း

• 'ဇမ္ဗုဝါရုဏီ' ဇမ္ဗုနရု (သီဟိုဠ်မဟာဝံသဋီကာ–၁၉၅)

www.burmeseclassic.com



ဟုတ်မှန်ပါ၏။ ဆရာ စီရင်အပ်သမျှသော ကိစ္စကို စီရင်ပါဟု အပ်နှံသည်ရှိသော် ထိုမင်းသားအား များစွာ ပူဇော်သက္ကာရကိုပြု၍ "အမောင်မင်းသား၊ သင်သည် မစိုးရိမ်လင့် နှစ်ပေါင်းခုနစ်ဆယ်တိုင်တိုင် သီဟိုဠ်ကျွန်း၌ မင်းအဖြစ်ကို ပြုရလတ္တံ့၊ အတတ်ပညာကိုသာ ကောင်းစွာသင်လော့"ဟု ဆို၍ အထူးထူးသော အတတ်ပညာကို သင်စေ၏။

ပဏ္ဍုလ ပုဏ္ဏား၏သားဖြစ်သော စန္ဒအမည်ရှိသော ပုဏ္ဏားကိုလည်း ကြပ်မတ်၍ သင်စေ၏။ ထို့ကြောင့် မင်းသားလည်း တတ်မြောက်လွယ်သတည်း။ တတ်မြောက်သောအခါ ဆရာဖြစ်သော ပဏ္ဍုလပုဏ္ဏားသည် မင်းသားအား သူရဲသူခက်တို့ကို ပေးကမ်းခြင်းအကျိုးငှာ တစ်သိန်းသော သပြာတို့ကိုပေး၏။ မင်းသားလည်း ငါးရာသော သူရဲတို့ကို အမြဲ ရိက္ခာဖြင့် ချီးမြောက်၏။ ထို့နောက်မှ ပဏ္ဍုလ ပုဏ္ဏားသည် ဤသို့ ပြောဆိုပြန်၏။ "မင်းသား၊ အကြင်သတို့သမီးအား ယူအပ်ကိုင်အပ်သော သစ်ရွက်တို့သည် ရွှေဖြစ်ကုန်အံ့။ ထိုသတို့သမီးအား မိဖုရားပြုလေလော့။ ထိုသို့ပြုရမူ သင့်ကို သူတစ်ပါးတို့ မနှောင့်ယှက်နိုင်လတ္တံ့"ဟု ဆို၍ ဥစ္စာတို့ကိုပေးလျက် ရဲမက်နှင့်တကွ ပဏ္ဍုလရွာမှ ထွက်စေ၏။ ဘုန်းရှိလှသော ပဏ္ဍုကာဘယမင်းသားသည်လည်း မိမိအမည်ကို သိကြားအောင် ကြွေးဝါး၍ ပဏ္ဍုလရွာမှ ထွက်ခွာသွားပြီးသော် ကာသတောင်၏ အနီး အာပဏမြို့ကြီး၌ ရဲမက်ခုနစ်ရာတို့ကိုလည်းကောင်း ရဲမက်တို့၏ သုံးဆောင်ရာ ရိက္ခာစားနပ်တို့ကိုလည်းကောင်း၊ ဝယ်ယူပြီးလျှင် တစ်ထောင့်ခုနစ်ရာသော ရဲမက်တို့ဖြင့် ခြံရံလျက် ဂိရိကဏ္ဍကမည်သော တောင်သို့ သွားလေ၏။

ထိုတောင်၏ အနီး၌လည်း ပဏ္ဍုကာဘယမင်း၏ ဦးရီးဖြစ်သော ဂိရိကဏ္ဍကသိဝမည်သော မင်းသည် ခမည်းတော် ပဏ္ဍုဝါသုဒေဝမင်းကြီး ပေးအပ်သည်ဖြစ်၍ ထိုအရပ်၌ မြို့စားပြု၍နေ၏။ ထိုအခါ ဂိရိကဏ္ဍကသိဝမင်းသည် ပယ်တစ်ရာမျှလောက်သော လယ်ကို ရိတ်စေ၍နေ၏။ ထိုသိဝမင်း၏သမီးလည်း အလွန်တင့်တယ် ရှုချင်ဖွယ်သော အဆင်းနှင့်ပြည့်စုံ၏။ ပါလီအမည်ရှိ၏။ ထိုမင်းသမီးသည် များစွာသော အခြံအရံနှင့်တကွ တင့်တယ်လှပသော လှည်းယာဉ်ကိုစီး၍ ခမည်းတော် သိဝမင်းအားလည်းကောင်း၊ ကောက်ရိတ်သော သူအားလည်းကောင်း ကျွေးမွေးခြင်းငှာ လာလတ်၏။ ပဏ္ဍုကာဘယ မင်းသား၏လူတို့သည် ထို ပါလီမင်းသမီးကိုမြင်လျှင် အရှင်ဖြစ်သော မင်းသားအား ကြားလျှောက်ကြကုန်၏။

မင်းသားလည်း လျင်စွာလာခဲ့၍ ပါသောပရိသတ်တို့ကို ထက်ဝက်ခွဲစေ၏။ ထိုပရိသတ်နှင့်တကွ လှည်းယာဉ်ကို စီး၍ မင်းသမီး၏အပါးသို့ကပ်ပြီးလျှင် "ရှင်မ၊ သင်သည် အဘယ်သို့ သွားအံ့နည်း၊ အဘယ်သူ၏ သမီးနည်း"ဟု မေး၏။ ပါလီမင်းသမီးကလည်း "ဂိရိကဏ္ဍက အရပ်ကို စားရသော သိဝမင်း၏သမီးဖြစ်ကြောင်းကိုလည်းကောင်း၊ ဖခင်တို့အားလည်းကောင်း၊ လယ်ရိတ်သမားတို့အားလည်း ကောင်း၊ ထမင်းအစာကျွေးခြင်းငှာ လာကြောင်းကိုလည်း ကောင်း အလုံးစုံကို ပြောသည်ရှိသော် မင်းသားလည်း မင်းသမီးအား ချစ်ခင်တပ်မက်သော စိတ်ရှိသည်ဖြစ်၍ "ချစ်နှမ၊ ငါတို့သည် ခရီးသွား ဧည့်သည်ဖြစ်ပါသည်။ စားဖွယ် စားရာပါလျှင် ငါတို့ကိုလည်း ဝေဖန်ပါ"ဟု ဆို၏။ ထိုစကားကိုကြားသော် ပါလီမင်းသမီးကလည်း ပညောင်ပင်ကြီးအရင်း၌ လှည်းယာဉ်ကိုရပ်စေပြီးသော် လှည်းမှဆင်းသက်၍ ရွှေခွက်ဖြင့်ထည့်၍ မင်းသားအား ကျွေး၏။ ကြွင်းသော လူပရိသတ်တို့အားလည်း ကျွေးမွေးခြင်းငှာ ပညောင်ရွက်တို့ကို ဆွတ်ယူ၏။ ယူသမျှသော ပညောင်ရွက်တို့သည် ရွှေခွက်ချည်း ဖြစ်လေကုန်၏။

သို့ဖြစ်သည်ကို မင်းသားမြင်လျှင် ငါ့ဆရာဖြစ်သော ပဏ္ဍုလပုဏ္ဏား ပြောကြားအပ်သော မိန်းမသည် ဤသူပင် ဖြစ်တော့သည်၊ မိဖုရားဖြစ်ခြင်းငှာထိုက်သော သမီးကညာကို ငါ ရပေပြီ။ အမျိုးအားဖြင့်လည်း ငါ့နှမပင်ဖြစ်တော့သည်ဟု အလွန်နှစ်သက်၏။ ပထမခွက်၌ ထည့်သော တစ်ယောက်စာသော ထမင်းသည် ထပ်ခါထပ်ခါ များစွာသော သူရဲတို့စားငြားသော်လည်းမကုန် ကြွင်းလျက်သာ ရှိသည်တည်း။ ရှုချင်စဖွယ် စင်ကြယ်လှစွာသော အဆင်းရှိခြင်း၊ နူးညံ့သိမ်မွေ့သော အတွေ့ရှိခြင်း၊ ကျွေးမွေး၍မကုန်ဘဲ ပြည့်စုံနိုင်ခြင်းတည်းဟူသော ကောင်းမှုဘုန်းကံဖြင့် အလွန် ချီးပထိုက်သော မိန်းမဖြစ်သည်၊ ထိုအခါမှစ၍ သုဝဏ္ဏပါလီဟူသော အမည်လည်းဖြစ်၏။

ပဏ္ဍုကာဘယ မင်းသားသည်လည်း များစွာသော ဗိုလ်ပါအခြံအရံရှိသည်ဖြစ်၍ ထိတ်လန့်ကြောက်ရွံ့ခြင်းမရှိဘဲ သုဝဏ္ဏပါလီ မင်းသမီးကို မိမိစီးသော လှည်းယာဉ်ထက်သို့တင်၍ ဆောင်လေ၏။ မင်းသမီး၏ အခြံအရံဖြစ်သော သူတို့သည်သာလျှင် လှည်းပေါ်တွင်ကျန်ရစ်သော ဘောဇဉ်ခဲဖွယ်တို့ကိုဆောင်၍ သိဝမင်း ကောက်ရိတ်ရာသို့ ပို့ရလေသတည်း။ ဦးရီးတော် သိဝမင်းလည်း ထိုစကားကို ကြားလျှင် ပြင်းစွာအမျက်ထွက်၍ ခပ်သိမ်းသော လူတို့ကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြကုန်ဟုစေ၏။ လူအများတို့လည်း သိဝမင်း၏ အာဏာအတိုင်း လိုက်၍ နိုက်ရန်ပြုကြသော် ပဏ္ဍုကာဘယ မင်း၏ ရဲမက်တော်တို့သည် ခြိမ်းခြောက်၍ ပြန်စေကုန်၏။ နှောင်သောအခါ ထိုနေရာ၌ မြို့ရွာတည်၍ ထိုဌာနကို 'ကလဟမြို့'ဟု သမုတ်ကြသတည်း။

သုဝဏ္ဏပါလီမင်းသမီး၏ မောင်တော်ငါးယောက်တို့သည် ခြိမ်းခြောက်လိုက်သောစကားကိုကြား၍ ရှိသမျှသော ရဲမက်ကိုရုံးစုပြီးလျှင် စစ်ထိုးခြင်းငှာကပ်လာသော် အလုံးစုံသော လူတို့ကို ပဏ္ဍုလပုဏ္ဏား၏သားဖြစ်သော စန္ဒပုဏ္ဏားသည်သာလျှင် ခုခံကာ တိုက်၍သတ်လေကုန်၏။ ထိုသူတို့၏စစ်ထိုးရာမြေတို့သည် သွေးအလိမ်းလိမ်းကပ်သည်ဖြစ်၍ 'လောဟိတ ဝါဟခဏ္ဍ''အမည်ရသတည်း။ ပဏ္ဍုကာဘယ မင်းသားလည်း စစ်ထိုးရာအရပ်မှသည် များစွာသော ဗိုလ်ပါ အပေါင်း ခြံရံလျက် *ဂင်္ဂါမြစ်၏ ထိုမှာဘက်ကမ်း၌တည်သော ဒေါ့ဠမည်သောတောင်သို့ သွားလေ၏။ ထိုတောင်၏ အနီး၌ တပ်ဖွဲ့၍ လေးနှစ်ပတ်လုံးနေ၏။

ဦးရီးတော်ဖြစ်သော မင်းသားတို့သည် ပဏ္ဍုကာဘယ မင်းသား ဒေါ့ဠတောင်၌နေကြောင်းကိုကြားလျှင် နှောင်တော် အဘယမင်းကို ဥပတိဿမြို့၌ထား၍ ကိုးယောက်သောမင်းတို့သည် စစ်ထိုးခြင်းငှာ လိုက်လာကုန်ပြီးလျှင် ဥဒုမ္ဗရတောင်၏အနီး၌ သစ်တပ်တည်၍ တူတော်ဖြစ်သော မင်းသားနှင့် စစ်ထိုးကြ၏။ မင်းသားလည်း အစဉ်အတိုင်းလိုက်၍ ဂင်္ဂါ၏ ဤမှာဘက်တိုင်အောင် ပြေးစေပြီးမှ ဦးရီးတော်တို့ တည်လုပ်သော သစ်တပ်၌ နှစ်နှစ်ပတ်လုံးနေ၏။

ဦးရီးတော် ကိုးယောက်တို့သည် ဥပတိဿရွာသို့သွား၍ ပြေးလာခဲ့ရသောအကြောင်းကို နှောင်တော် အဘယ မင်းအား လျှောက်ကြားလေသော် အဘယမင်းသည်လည်း တူတော်မှ ကြောက်လန့်ခြင်းရှိသည်ဖြစ်၍ "ငါ့တူ ပဏ္ဍုကာဘယ၊ သင်သည် ဂင်္ဂါမြစ်တစ်ဖက်၌ရှိသော မြို့ရွာဟူသမျှကို မြို့စားပြု၍နေပါလော့။ ဂင်္ဂါမြစ်၏ ဤမှာဘက်သို့ မကူးလာပါလင့်"ဟု လျှို့ဝှက်ခြင်းနှင့်တကွသော သဝဏ်စာကို ရေး၍ပို့စေ၏။ ညီတော်ဖြစ်သော မင်းကိုးယောက်တို့သည် ထိုစကားကိုကြားသော် အဘယမင်းအား အမျက်ထွက်ကုန်၍ "သင်သည်ပင်လျှင် ပဏ္ဍုကာဘယအား ထောက်ပံ့ခြင်းကို ကြာမြင့်စွာပြုပြီ။ ယခုလည်း ထိုပဏ္ဍုကာဘယအား တိုင်းနိုင်ငံကိုခွဲ၍ပေး၏။ ထို့ကြောင့် သင့်ကို ငါတို့သတ်ကုန်အံ့"ဟု ဆိုကြ၏။ အဘယမင်းသည် ကိုးယောက်သော ညီတော်တို့အား မင်းအဖြစ်ကို ဆောင်နှင်း၏။ ညီတော်တို့လည်း ကိုးယောက်တို့တွင် အကြီးဆုံးဖြစ်သော တိဿကို မင်းပြုစေ၏။ ဥမ္မာဒစိတ္တာမင်းသမီးအား ဘေးမရှိခြင်းကိုပေးတတ်သော အဘယမင်းသည် ထိုဥပတိဿမြို့၌ အနှစ်နှစ်ဆယ်ပတ်လုံး မင်းအဖြစ်ကိုပြု၏။

ဥဒုမ္ဗရတောင်၌နေသော ဝဠဝါမုခီမည်သော နတ်ဘီလူးမသည် တုမ္ဗရိယအပြင်၌တည်သော ရေကန်နား၌ ကိုယ်အလုံးဖြူလျက် နီသောအခြေရှိသော အလွန်နှစ်သက်ဖွယ်သော မြည်းမ၏သဏ္ဌာန်ကို ဖန်ဆင်းလျက် ကျက်စား၏။ ထိုဘီလူးမ၏အမည်ကား စေတိယာအမည်ရှိသတည်း။ ထိုစေတိယာဘီလူးမ၏လင်ကား ဥဒုမ္ဗရတောင်၌နေသော ဇုတိန္ဓရမည်သော ဘီလူးတည်း။ ထိုဘီလူးမင်းသည် သိရိသဝတ္ထုမြို့ကို ဝိဇယမင်း စစ်ထိုးသောအခါကပင် ကျနှင့်လေသတည်း။ ပဏ္ဍုကာဘယမင်းသား၏ အချင်းဖြစ်သော ယောကျ်ားတစ်ယောက်သည် အလွန်လှပသော မြည်းမကို မြင်၍ အရှင်ဖြစ်သော ပဏ္ဍုကာဘယမင်းအား လျှောက်ကြားလေသော် မင်းသားလည်း ထိုမြည်းမကိုဖမ်းယူခြင်းငှာ ကြိုးကိုကိုင်၍ မြည်းမအနီးသို့ကပ်လေသော် မြည်းမသည် နောက်မှလာသော မင်းသားကိုမြင်၍ မင်းသား၏ တန်ခိုးကြောင့် ကြောက်လန့်ရကား ကိုယ်ကို မကွယ်ဝှက်နိုင်ဘဲ ရေကန်ကိုသာ လှည့်လည်၍ပြေး၏။

မင်းသားလည်း မြည်းမပြေးတိုင်း အစဉ်လိုက်၍ ခုနစ်ပတ်ရှိလေသော် မဟာဂင်္ဂါသို့သက်၍ ရေငုပ်၏။ ထိုရေမှ တက်ပြီးလျှင် ဥဒုမ္ဗရတောင်ကိုပင် ခုနစ်ပတ်လှည့်၍ ပြေးပြန်၏။ ထိုမှသည် ရေကန်သို့ပြေး၍ သုံးပတ်ရစ်ပြီးမှ ဂင်္ဂါမြစ်သို့သွား၍ ကစ္ဆကဆိပ်မှ ရေသို့ဆင်း၏။ ထိုအခါ ပဏ္ဍုကာဘယမင်းသားလည်း မြည်းမ၏အမြီးကို ဆွဲမိ၏။ ရေ၌မျောလာသော ထန်းရွက်ကိုလည်းကိုင်၍ ထိုထန်းရွက်သည် မင်းသား၏ဘုန်းကံကြောင့် သန်လျက်ကြီးဖြစ်လေ၏။ ထိုသန်လျက်ဖြင့်သတ်ခြင်းငှာ မိုးလေသော် မြည်းမက ဤသို့ဆို၏။ "အရှင့်သား၊ အကျွန်ုပ်ကို မသတ်ပါလင့်၊ သင် မင်းသားအား ဤသီဟိုဠ်ကျွန်း၌ မင်းအဖြစ်ကို ငါ ပေးအံ့"ဟု ဆို၏။

ထိုစကားကိုကြားသော် မင်းသားလည်း မြည်းမ၏ လည်ကို ကြိုးဖြင့်ဖွဲ့၍ သန်လျက်ဦးနှင့် နှာခေါင်းကိုထွင်း၍ ကြိုးတပ်၏။ ကြိုးတပ်မိသော် မြည်းမသည် မင်း၏လက်သို့ လိုက်ရ၏။ ၁(မင်းသားလည်း ထိုမြည်းမကိုစီးလျက် ဥဒုမ္ဗရတောင်သို့သွား၍ တောင်သို့တက်ပြီးလျှင် ထိုဘီလူးမ

---

* မျှော်ဒိပ်ဂင်္ဂါမဟုတ်။ သီဟိုဠ်ဂင်္ဂါမြစ်ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



၏ဗိမာန်သို့ဝင်၍ ခုနစ်ရက်ပတ်လုံး ဘီလူးမနှင့်မွေ့လျော်၍ တိုင်ပင်ကြပြီးလျှင် ထိုဗိမာန်မှထွက်ခဲ့၍ စိတ္တမည်သော လိုဏ်တံခါး၌စောင့်နေသော လူများတို့အား မိမိကိုယ်ကို ထင်စွာပြ၍ လူတို့ကိုရှင်စေပြီးမှ နေရင်းဖြစ်သော သစ်တပ်သို့ လာသတည်း။) "ဥတ္တရဝိဟာရ အဋ္ဌကထာ"၌လာသော စကားကို သွင်း၍ပြသည်။

## ဦးရီးတော်တို့အားအောင်ခြင်း

ပဏ္ဍုကာဘယ မင်းသားသည်လည်း သင်းပင်းဗိုလ်ပါ နှင့်တကွ ဥဒုမ္ဗရ တောင်မှထွက်ခဲ့၍ အရိဋ္ဌမည်သော တောင်သို့လာပြီးလျှင် စစ်ထိုးအံ့သောအခါကို ဆင်ခြင်၍ ထိုအရိဋ္ဌ တောင်၏အနီး၌ တပ်ကြီးတည်လျက် ခုနစ်နှစ်တိုင်တိုင်နေ၏။ (အဋ္ဌကထာ၌ကား ခြောက်နှစ်နေသည်ဟု ဆို၏။) ထိုမင်းသား၏ဦးရီးတော်ဖြစ်သော မင်းတစ်ကျိပ်တို့သည်လည်း အဘယမင်းကိုလည်းကောင်း, သိဝမင်းကိုလည်းကောင်း ထားခဲ့၍ ကြွင်းသော မင်းရှစ်ယောက်တို့သည် မိမိဗိုလ်ပါသင်းပင်း ဆင်မြင်း လက်နက်နှင့်တကွ စစ်ထိုးခြင်းငှာ အရိဋ္ဌတောင်သို့ လာကြ၏။ နဂရမည်သောရွာ၌ လုံခြုံစွာ သစ်တပ်တည်၍နေပြီးသော် စစ်သူကြီးကိုလွှတ်၍ အရိဋ္ဌတောင်ကို ထက်ဝန်းကျင်မှ ရံစေ၏။

ထိုအခါ ပဏ္ဍုကာဘယ မင်းသားသည် ဝဠဝါမုခီ မည်သော ဘီလူးမနှင့်တိုင်ပင်၍ ထိုဘီလူးမ ပြောဆိုအပ်သော နည်းနာဖြင့် မင်းတို့၏သုံးဆောင်ရာ ဘဏ္ဍာကိုလည်းကောင်း, အထူးထူးသော လက်ဆောင် ပဏ္ဍာကိုလည်းကောင်း ပို့ဆက်၍ "ကျွန်ုပ်သည် သင် ဦးရီးမင်းတို့အား ကန်တော့ခြင်းငှာ လာပါအံ့"ဟု လျှောက်လိုက်၍ ရဲမက်ဗိုလ်ပါတို့ကို ရှေးဦးစွာ စေလွှတ်၏။ ဦးရီးတော်မင်းတို့ကလည်း ဝင်လာသော ပဏ္ဍုကာဘယကို အလွယ်တကူ ဖမ်းယူတော့မည်ဟု နှလုံးထား၍ ရွှင်ရှားခြင်းကင်းလျက် နေကြကုန်၏။ ထိုအခါ ပဏ္ဍုကာဘယ မင်းသည် ဘီလူးမ ဖန်ဆင်းသော မြည်းမကိုစီး၍ များစွာသော ဗိုလ်ပါခြံရံလျက် တပ်တွင်းသို့ဝင်လေ၏။

အလယ်သို့ရောက်သော် ဘီလူးမသည် ကြီးလှစွာသော မြည်းသံကို မြည်၏။ ထိုအခါ တပ်တွင်းသို့ဝင်မိသော ရဲမက်တို့သည်လည်းကောင်း, အပဋ္ဌိတည်သော ရဲမက်တို့သည်လည်းကောင်း, တစ်ပြိုင်နက် ကြော်ကြာခြင်းကိုပြု၍ ထိတ်လန့်စေပြီးမှ ဦးရီးတော် ရှစ်ယောက်တို့ကိုလည်းကောင်း, ရဲမက်တို့ကိုလည်းကောင်းသတ်၍ ရှစ်လုံးသော ဦးခေါင်းစုတို့ကို ရလေကုန်၏။ ထိုအခါ တောင်ကိုရံသော စစ်သူကြီးသည် ပြေး၍ တောချုံအရပ်သို့ဝင်လေ၏။ ထိုအရပ်ကို နောင်သောအခါ 'သေနာပတိဂုမ္ဗ'ဟု တွင်လေ၏။ မိမိသူရဲတို့၏ ဦးခေါင်းထက်၌ ဦးရီးတော်တို့၏ဦးခေါင်းကို တင်၍ထားအပ်သော ရှစ်လုံးသောဦးခေါင်းစုတို့ကို ပဏ္ဍုကာဘယမင်း မြင်းလေသော် ဘူးသီးပုံကဲ့သို့တကားဟု ဆိုလေသည်ကိုအကြောင်းပြု၍ ထိုအရပ်၌ တည်သောရွာကို 'လာဗုရွာ'ဟု သမုတ်ကြသတည်း။

## အနုရာဓမြို့

မင်းသားလည်း ဤသို့သော စစ်သူကြီးကို အောင်မြင်ပြီးသော် ဘိုးတော်ဖြစ်သော အနုရာဓမင်းသည် မိမိ၏နေအိမ်ကို ထိုပဏ္ဍုကာဘယမင်းအားပေး၍ တစ်ပါးသောအရပ်၌ မိမိနေခြင်းကိုပြု၏။ ပဏ္ဍုကာဘယမင်းလည်း ဘိုးတော်ပေးသောအိမ်၌ နေပြီးလျှင် မြို့သစ်တည်လုပ်ခြင်းငှာ ပညာရှိတို့နှင့်တိုင်ပင်သော် ဤအနုရာဓရွာပင် သင့်တင့်သည်ဟု ဆိုကြသောကြောင့် ထိုရွာကိုပင် မြို့, ပြ, ကျုံး, မြောင်း, တန်ဆောင်း, တံခါး အစရှိသော မြို့၏အင်္ဂါဖြင့် စုံလင်စွာ ပြုလုပ်စေသည်။ ထိုအရပ်ကို ဝိဇယမင်း၏ အနုရာဓမည်သော အမတ်၊ ဘဒ္ဒကစ္စာနာမိဖုရား၏ မောင်တော်ဖြစ်သော အနုရာဓမင်းတို့၏ နေရာဖြစ်သောကြောင့်လည်းကောင်း အနုရာဓနက္ခတ်နှင့်ယှဉ်၍ တည်သည်၏အဖြစ်ကြောင့်လည်းကောင်း 'အနုရာဓမြို့'ဟု သမုတ်ပေ၏။

ထိုပဏ္ဍုကာဘယမင်းသည် ဥပတိဿမြို့မှ ဦးရီးတော်တို့ ဆောင်းအပ်သော ထီးဖြူ, မြောက်စည် အစရှိသော မင်းခမ်းတော်တို့ကိုယူစေ၍ ဇာတဿရ အိုင်ရေဖြင့် ဆေးလျှော်ပြီးသော် ထိုဇာတဿရအိုင်ရေဖြင့် အဘိသိက်သွန်းခြင်းငှာ ပြုလေ၏။ သုဝဏ္ဏပါလီ မင်းသမီးကိုလည်း မိဖုရားကြီးအဖြစ်၌ အဘိသိက်သွန်းစေ၏။ စန္ဒပဏ္ဍားကိုလည်း ဆရာဖြစ်သော ပဏ္ဍုလပုဏ္ဏား၏ အစီအရင်ရှိသည်အတိုင်း ပုရောဟိတ်အရာ၌ ထားပေ၏။ ကြွင်းကုန်သော မင်းခစားယောကျ်ားတို့ကိုလည်း ထိုက်သည်အားလျော်စွာသော အရာ၌ထား၍ မြောက်စားတော်မူ၏။

---

• 'ဥတ္တရဝိဟာရ အဋ္ဌကထာ'ဆိုသည်မှာ သီဟိုဠ်ဘာသာဖြင့် အကျယ်ရေးသော မဟာဝင် အဋ္ဌကထာ တစ်စောင်ပင်ဖြစ်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုပဏ္ဍုကာဘယမင်းသည် ဦးရီးတော်အကြီးဖြစ်သော အဘယမင်းကိုမူကား မယ်တော်အားလည်းကောင်း, မိမိအားလည်းကောင်း များစွာသော ကျေးဇူးပြုဖူးသည်အဖြစ်ကြောင့် စည်းစိမ်ချမ်းသာကို မယုတ်စေမူ၍ မြို့စောင့်မြို့ကွပ်တို့၏ မင်းအဖြစ်ကို ပေးပေ၏။ ထိုအခါမှစ၍ မြို့စောင့်မင်းထားခြင်းသည် အစဉ်ဖြစ်သတည်း။ ယောက္ခမတော်ဖြစ်သော ဂိရိကဏ္ဍကာသိဝ အမည်ရှိသော ဦးရီးတော်မင်းကိုလည်း ထိုအရပ်ကိုပင်လျှင် အပိုင်စား ပေးတော်မူ၏။ အဘိသိက်ရေယူရာဖြစ်သော ဇာတဿရ ရေကန်ကိုလည်း ရေ များစွာတည်အောင် တူးစေ၏။ ကန်ရိုးကန်ပေါင် ခိုင်လုံအောင် ပြုပြီးမှ 'ဇယဝါပိ'ဟု သမုတ်တော်မူ၏။

ကျေးဇူးကို သိတတ်လှသော ပဏ္ဍုကာဘယမင်းသည် ကာလဝေဠဘီလူးကို အနုရာဓမြို့၏ အရှေ့အရပ်၌နေစေ၏။ စိတ္တရာဇ ဘီလူးကို အဘယရေကန်၏ အောက်အဖို့၌နေစေ၏။ ဂုမ္ဘကာဘူတာမည်သော နတ်ဘီလူးတို့အားလည်းကောင်း, ဝဠဝါမုခီဘီလူးမအားလည်းကောင်း, တစ်ပါးကုန်သော နတ်ဘီလူးတို့အားလည်းကောင်း နှစ်စဉ်မပြတ် လူတို့ပူဇော်သက္ကာကို ပြုစေ၏။ မွေ့လျော်ရွှင်ပျခြင်းငှာ ပွဲသဘင်ခံရာ၌လည်း စိတ္တရာဇာမည်သော နတ်ဘီလူးနှင့်တကွ တူသောနေရာ၌ နေစေ၏။ နတ်ဘီလူးတို့၏ကခြင်း လူတို့၏ကခြင်း နှစ်ပါးဖြင့် ကခုန်ခြင်းကိုပြုစေလျက် မွေ့လျော်တော်မူ၏။ မြို့တံခါး လေးမျက်နှာ၌ ရွာကြီးလေးရွာတို့ကို တည်စေ၍ ထိုရွာ၏အနီး၌လည်း ရေကန်ကြီးတို့ကိုလည်း ပြုလုပ်စေ၏။ ထိုရေကန်၌လည်း သားငှက်တို့ကို ဘေးမဲ့ပေးတော်မူ၍ 'အဘယရေကန်'ဟု တွင်စေ၏။ မြို့၏အနောက်၌ ကျယ်စွာသော သုသာန်တို့ကိုလည်းကောင်း, လူသတ်ရာဖြစ်သော အာဃာတန သုသာန်ကိုလည်းကောင်း အသီးအခြား ထားပေ၏။

ဝေဿဝဏ္ဏနတ်မင်း၏နေရာ ပညောင်ပင်ကိုလည်းကောင်း, ဗျာဓနတ်တို့၏နေရာဖြစ်သော ထန်းပင်ကိုလည်းကောင်း ထားပေ၏။ • သဘာဂနတ်ကွန်းကိုလည်းကောင်း, ပဘောဒနတ်ကွန်းကိုလည်းကောင်း မြို့အနောက်မျက်နှာ၌ ကောင်းစွာ တည်လုပ်စေ၏။ စဏ္ဍာလ အမျိုးတို့ကို ရွေးချယ်စေ၍ မြို့ကို ပြုပြင်သုတ်သင်သော လူပေါင်းငါးရာ, မသန့်မစင်သုတ်သင်သော လူပေါင်းနှစ်ရာ, လူသေကောင်ဖုတ်သော လူပေါင်းတစ်ရာ့ငါးဆယ်တို့ကိုလည်း သီးခြား၍ နေစေ၏။ သုသာန်စောင့် ဒွန်းစဏ္ဍား တစ်ရာ့ငါးဆယ်တို့ကိုလည်း အခြားထားပေ၏။ ထိုစဏ္ဍာလတို့၏ရွာကိုသုသာန်၏အနောက်မြောက်၌ တည်စေ၏။ ဤသူတို့သည် မင်းစီရင်တိုင်းသော အမှုကိုသာ ပြုပေ၏။ ထိုစဏ္ဍာလတို့ရွာ၏ အရှေ့မြောက်အရပ်၌ကား စဏ္ဍာလတို့၏ နီစသုသာန်ကို အမြဲထားပေ၏။ ထိုသုသာန်၏မြောက်ဖြစ်သော ပါသာဏတောင်၏အတွင်း၌ သားမုဆိုး, ငှက်မုဆိုးတို့၏ နေရာအိမ်အစဉ်ကို တည်စေကုန်၏။ ထိုမုဆိုးရွာ၏မြောက်ဖြစ်သော အရပ်၌ ဂါမဏိရေကန်တိုင်အောင် များစွာသော ရသေ့တို့၏ ကျောင်းကို ဆောက်လုပ်စေတော်မူ၏။ စဏ္ဍာလတို့၏ နီစသုသာန်၏ အရှေ့အရပ်၌ကား ဇောတိယနိဂဏ္ဌဆရာ၏ ကျောင်းကို ဆောက်လုပ်စေ၏။ ထိုကျောင်း၏အနီး၌လည်း ဂိရိအမည်ရှိသော နိဂဏ္ဌဆရာသည်လည်းကောင်း, အထူးထူးသော အယူဝါဒရှိကုန်သော များစွာကုန်သော ပါသဏ္ဍရဟန်းတို့ကိုလည်းကောင်း နေစေကုန်၏။ နိဂဏ္ဌဆရာတို့၏နေရာအရပ်၌သာလျှင် ကုမ္ဘဏ္ဍနိဂဏ္ဌ၏ နတ်ကွန်းကိုလည်း ပြုစေ၏။ ထိုနတ်ကွန်းလည်း 'ကုမ္ဘဏ္ဍနတ်ကွန်း' ဟူ၍ပင် တွင်သတည်း။ ထိုကုမ္ဘဏ္ဍနတ်ကွန်း၏ အနောက်မျက်နှာ မုဆိုးရွာအရှေ့ဖြစ်သောအရပ်၌ကား ငါးရာမျှလောက်သော မိစ္ဆာတိတ္ထိ အမျိုးတို့ကို နေစေကုန်၏။ ဇောတိယကျောင်းမှ မြောက်ဂါမဏိ ရေကန်မှ တောင်ဖြစ်သော အရပ်၌ကား ပရိဗိုဇ်ရဟန်းတို့၏ ကျောင်းကိုလည်းကောင်း, နိဂဏ္ဌဆရာတို့၏ ကျောင်းကိုလည်းကောင်း, အာဇီဝက တက္ကတွန်းတို့၏ ကျောင်းကိုလည်းကောင်း, ပုဏ္ဏားတို့နေရာကိုလည်းကောင်း, ယာဉ်နှင့်တူစွာ ဆောက်လုပ်အပ်သော ဇရပ် ပုဏ္ဏားတို့၏ မင်္ဂလာရွတ်ရာ ဇရပ်ကိုလည်းကောင်း ဆောက်လုပ်စေ၏။

ဤပဏ္ဍုကာဘယမင်းသည် ရာဇာဘိသေကခံပြီးသည့်နောက် ဆယ်နှစ်တိုင်တိုင် အလုံးစုံသော သီဟိုဠ်ကျွန်း၌ မြို့ရွာအပိုင်းအခြား လူ၏အပိုင်းအခြားကို စီရင်တော်မူ၏။ ထိုမင်းသည် ဘီလူးနတ်ဟူသော အဆွေခင်ပွန်းရှိသည်ဖြစ်၍ ထင်ရှားပြကုန်သော ကာလဝေဠဘီလူး, စိတ္တရာဇာဘီလူးတို့နှင့်တကွ မင်း၏စည်းစိမ်ကို ခံတော်မူ၏။ အဘယမင်း နန်းကျပြီးသည်မှ ပဏ္ဍုကာဘယမင်း နန်းတက်ပြီးသည်တိုင်အောင် အကြား၌ တစ်ဆယ့်ခုနစ်နှစ်တို့သည် သီဟိုဠ်ကျွန်း၌ မင်းမရှိသော နှစ်တို့တည်း။ ထိုပဏ္ဍု

• (မှုရင်း၌) ယောဇသဘာဂ, မယေဓနို့၏။ သောန်သဘာဂဝဏ္ဏူ၊ ပဘောဒယရမေဝစ။ (မဟာဝံသသီဟိုဠ်မှု)

www.burmeseclassic.com

www.burmeseclassic.com



ကာဘယမင်းသည် သုံးဆယ့်ခုနစ်နှစ် ရှိသောအခါမှ မင်းအဖြစ်ကိုရ၍ ဤအနုရာဓမြို့၌ နှစ်ပေါင်း ခုနစ်ဆယ်ပတ်လုံး မင်းပြုသည်။ သက်တော် တစ်ရာ့ခုနစ်နှစ်ရှိမှ အနိစ္စရောက်လေသတည်း။

**'ပပဉ္စပဒေါရှဝံသ'အမည်ရှိသော မဟာဝံသကျမ်း၌ (၁၀၆) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော 'ပဏ္ဍုကာဘယာဘိသေက' အမည်ရှိသော ဒသမအပိုင်းအခန်းကား ပြီး၏။**

---

# ဒေဝါနံပိယတိဿာဘိသေက ကောဒသမပိုင်း

## ၁၄-မုဋသီဝမင်း, ဒေဝါနံပိယတိဿမင်းတို့နန်းတက်ကြခြင်း

ပဏ္ဍုကာဘယမင်း ကံကုန်လေသော် ထိုမင်းနှင့် သုဝဏ္ဏပါလီမိဖုရားမှဖွားသော မုဋသီဝမင်းသားသည် နှောင့်ယှက်ခြင်းမရှိဘဲ မင်းအဖြစ်သို့ ရောက်တော်မူ၏။ ထိုမင်းသည် အသီး အပွင့်ကိုဆောင်သော ပန်းသစ်ပင်တို့နှင့်ပြည့်စုံသော နှလုံးမွေ့လျော်ဖွယ် တင့်တယ်ကြီးမြတ်လှသော ဥယျာဉ်ကိုပြုလုပ်၏။ ထိုဥယျာဉ်သည် ဥယျာဉ်မြေကိုသိမ်းဆည်းသောနေ့၌ အခါမဲ့ မိုးကြီးသည်းထန်စွာ ရွာသောကြောင့် 'မဟာမေဃဝန်ဥယျာဉ်'ဟု တွင်သတည်း။ မုဋသီဝမင်းသည် သိဟိုဠ်ကျွန်း အနုရာဓမြို့၌ အနှစ်ခြောက်ဆယ်ပတ်လုံး မင်းအဖြစ်ကိုပြု၏။ ထိုမုဋသီဝမင်းအား အချင်းချင်း အကျိုးစီးပွားကို ရှာလေ့ရှိကုန်သော ^သားတော် တစ်ကျိပ်တို့သည်လည်းကောင်း, အချင်းချင်းတူသော အဆင်းရှိကုန်သော အမျိုးအားလျော်သော အကျင့်ရှိကုန်သော သမီးနှစ်ယောက်တို့သည်လည်းကောင်း ရှိကုန်၏။

### ဒေဝါနံပိယတိဿမင်း ရှေးဘုန်းရှေးကံ

ထိုသားချင်း တစ်ကျိပ်နှစ်ယောက်တို့တွင် ဒုတိယသားတော်သည် ဒေဝါနံပိယတိဿမင်းမည်၏။ ဘုန်းပညာနှင့် လွန်စွာထွန်းပ၏။ ထိုဒေဝါနံပိယတိဿမင်းသည် ခမည်းတော် လွန်သဖြင့် မင်းအဖြစ်ကိုပြုရ၏။ ထိုမင်းဘိသိက်ခံသည်နှင့်တစ်ပြိုင်နက် များစွာကုန်သော အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲ ထူးကဲသော အခြင်းအရာတို့သည် ဖြစ်လာကုန်၏။ အလုံးစုံသော သိဟိုဠ်ကျွန်း၌ မြေထဲ၌တည်ကုန်သော ရွှေအိုး, ငွေအိုးတို့သည်လည်းကောင်း အထူးထူးသော ဣန္ဒနီလာ, ရတနာ, စိန်, ကျောက်တို့သည်လည်းကောင်း မြေအပြင်သို့ အလိုလိုတက်၍ ပေါ်ထွက်လာကုန်၏။ လင်္ကာဒီပကျွန်း၏အနီး၌ ကွဲပျက်မြုပ်နေသော လှေ၌ တည်သော ရတနာတို့သည်လည်း ကမ်းနားသို့သာ ဆိုက်တက်လာကုန်၏။ သမုဒ္ဒရာ၌ဖြစ်သော ပုလဲ, သင်္ခ စသော ရတနာတို့သည်လည်း ကြည်းကုန်းသို့သာ တက်ရောက်လာကုန်၏။

အနုရာဓမြို့၏ အရှေ့တောင်ထောင့် တစ်ယူဇနာကွာသော အရပ်၌တည်သော ဆာတမည်သော တောင်သည် ရှိ၏။ ထိုတောင်၏ခြေရင်း၌ အလျားသုံးပတ် ပမာဏအားဖြင့် ရထားနှင်တံမျှလောက်ကုန်သော သုံးချောင်းသော ဝါးတို့သည် ထင်ရှားစွာ ဖြစ်ကုန်၏။ ထိုသုံးချောင်းတို့တွင် တစ်ချောင်းသော ဝါးသည် လတာယဋ္ဌိ မည်၏။ အဆင်းကား ငွေအဆင်းနှင့်တူ၏။ ထိုဝါး၌ ရွှေအဆင်းနှင့်တူသော နွယ်တို့သည် နှလုံးမွေ့လျော်ဖွယ် တင့်တယ်ကုန်၏။ တစ်ချောင်းသော ဝါးသည် ကုသုမယဋ္ဌိမည်၏။ အဆင်းကား ရွှေအဆင်းကဲ့သို့ ဝင်းဝင်းဝါ၏။ ထိုဝါး၌ များစွာကုန်သော အထူးထူးသော အဆင်းရှိကုန်သော ရေပန်း, ကြည်းပန်း, အပွင့်တို့သည် ပွင့်ချပ်ဝတ်ဆံတို့ဖြင့် အလွန်ဖူးရရှုထလျက် ထင်ကုန်၏။ တစ်ချောင်းသော ဝါးသည် သကုဏယဋ္ဌိ မည်၏။ အဆင်းကား ငွေအဆင်းကဲ့သို့ ဖွေးဖွေးဖြူ၏။ ထိုဝါး၌ အထူးထူးသောအဆင်း၊ အထူးထူးသော အမျိုးရှိကုန်သော ဇီဝဇိဝ်း, စက္ကဝက်, ဆက်ရက်, ငုံး, ခါ အစရှိကုန်သော ငှက်ရုပ်တို့သည်လည်းကောင်း၊ ဆင်, မြင်း, ကျွဲ, နွား, လား, မြည်း, ကြံ့, စိုင် အစရှိကုန်သောသားရုပ်တို့သည် လည်းကောင်း အသက်ရှိသကဲ့သို့ ထင်ကုန်၏။

ဤမှတစ်ပါး သမုဒ္ဒရာကမ်းနား၌လည်း ဆင်ရုပ်နှင့်တူသော ပုလဲ၊ မြင်းရုပ်နှင့်တူသော ပုလဲ၊ ရထားသဏ္ဌာန်ရှိသော ပုလဲ၊ ရှိုးသီးသဏ္ဌာန်ရှိသော ပုလဲ၊ လက်ကောက်သဏ္ဌာန်ရှိသော ပုလဲ၊ လက်စွပ်သဏ္ဌာန်ရှိသော ပုလဲ၊ ရေခံတက်သီးသဏ္ဌာန်ရှိသော ပုလဲ၊ ပြကတေ့သော ပုလဲ၊ ဤရှစ်ပါးသော အမျိုးရှိသော ပုလဲတို့သည် သမုဒ္ဒရာလှိုင်းခတ်ရာ၌ တိုက်၍ ကန်သင်းရိုးကဲ့သို့ တည်ကုန်၏။ ဣန္ဒနီလာ ပတ္တမြား, ကြောင်မျက်ရွဲ ပတ္တမြား, နီသောပတ္တမြား, စိမ်းသောပတ္တမြားတို့သည်လည်း ထိုထိုသော ဌာနမှဖြစ်ပေါ်ကြကုန်၏။ ဤသို့အားဖြင့် များလှသော ရတနာတို့သည်

www.burmeseclassic.com



လည်းကောင်း, ရှစ်ပါးသော ပုလဲမျိုးတို့သည်လည်းကောင်း, ခုနစ်ချောင်းသော ရတနာနှင်တံတို့သည်လည်းကောင်း, မင်းဘိသိက်ခံ၍ ခုနစ်ရက်အတွင်း၌သာ မင်း၏ထံသို့ ရောက်လာကုန်သတည်း။ ဤဒေဝါနံပိယတိဿမင်းနှင့် ပါဠိလိပုတ်ပြည်ကို အစိုးရသော သိရိဓမ္မာသောကမင်းသည် အချင်းချင်း မမြင်ဖူး မတွေ့ဖူးငြားသော်လည်း ကုန်သည်တို့ဆောင်အပ်သော သတင်းစကားကိုကြားရုံမျှဖြင့် အဒိဋ္ဌသဟာယ အဆွေခင်ပွန်း ဖြစ်ကြသတည်း။

## ဝါးဆက်သည့်ဒေဝါနံ

ဒေဝါနံပိတိဿမင်းသည် မိမိထံသို့ ပို့ရောက်လာသော ရတနာအမျိုးမျိုးတို့ကိုမြင်လျှင် ရွှင်လန်းဝမ်းမြောက်သည် ဖြစ်၍ အဖိုးများစွာထိုက်ကုန်သော ဤရတနာတို့ကို ငါ၏အဆွေခင်ပွန်းဖြစ်သော ဓမ္မာသောကမင်းအား ဆက်သရသော် ကောင်း၏ဟု အကြံဖြစ်၍ ယင်းသို့ကြံပြီးလျှင် မိမိ၏တူဖြစ်သော မဟာအရိဋ္ဌမည်သော အမတ်ကို အကြီးပြု၍ တာလိပဗ္ဗတမည်သော ပုဏ္ဏား, တေလမည်သော အမတ်, တိဿမည်သော စာချီ, ဤလေးယောက်သောသူတို့ကို တမန်ပြု၍ပို့စေ၏။ ပို့သောလက်ဆောင်တော်ကား ပတ္တမြားမျိုးသုံးမျိုး သုံးချောင်းသောရထား နှင်တံဝါး, လက်ျာရစ်ခရုသင်း, ပုလဲရှစ်ပါး, ဤအဖိုးများစွာ ထိုက်ကုန်သော ရတနာတို့တည်း။

တမန်တော်တို့သည် ဇမ္ဗုကောလ သင်္ဘောဆိပ်၌ လှေသို့သက်၍ လွှင့်ကြလေသော် ခုနစ်ရက်မျှဖြင့် ဇမ္ဗုဒိပ်ကျွန်းဆိပ်သို့ရောက်၍ ထိုဆိပ်မှ သွားပြန်သဖြင့် ခုနစ်ရက်ရှိလျှင် ပါဋလိပုတ်ပြည်သို့ရောက်၍ ဓမ္မာသောကမင်းကြီးအား ထိုလက်ဆောင်များကို ဆက်သကြကုန်၏။ ဓမ္မာသောကမင်းလည်း လက်ဆောင်တို့ကိုမြင်လျှင် အလွန်ကြည်ညို၍ ငါတို့ဇမ္ဗုဒိပ်ကျွန်း၌ ဤသို့သော ရတနာတို့သည် မရှိပေကုန်၊ ရခဲစွာသော ရတနာကို ဆက်လာပေသည်ဟု လွန်စွာနှစ်သက်သည်ဖြစ်၍ အရိဋ္ဌအမတ်အား စစ်သူကြီးအရာကို ပေး၏။ တာလိပဗ္ဗတ ပုဏ္ဏားအား ပုရောဟိတ်အရာကို၊ တေလမည်သော အမတ်အား ဘဏ္ဍာစိုးအရာကို၊ တိဿမည်သော စာချီအား သူဌေးအရာကို ပေး၏။

ထိုတမန်တို့အား များစွာသော စည်းစိမ်ချမ်းသာတို့ကိုလည်းကောင်း, နေရာအိမ်တို့ကိုလည်းကောင်း ပေး၍ထားပြီးမှ မှူးမတ်တို့နှင့်တိုင်ပင်၍ လက်ဆောင်တုံ့ပြန်ရန်စီမံတော်မူသည်ကား စာမရီသားမြီးယပ်၊ နဖူးသင်းကျစ်၊ သန်လျက်၊ ထီးဖြူ၊ ရတနာခြေနင်း၊ ဦးရစ်ပေါင်း၊ နားသွယ်ပန်း၊ ရတနာဖြင့်ပြီးသော ဆောက်လုံးထိုးကြိုး၊ ရွှေကရား၊ ကျိုက်ကျိုက်ဆူသောဆီ၌ ထည့်လိုက်သော် ဆီပူကိုလည်းကောင်း, မီးပူကိုလည်းကောင်း ငြိမ်းစေခြင်းငှာ စွမ်းနိုင်သော ဂေါသီတစန္ဒကူး၊ အဝတ်နွမ်းညစ်သော် မီး၌ထည့်သဖြင့် စင်ကြယ်သည်ဖြစ်၍ ရေဖြင့်မဖွတ်အပ်သော ပုဆိုးတစ်စုံ၊ အဖိုးများစွာထိုက်သော ရွှေသားအဆင်းရှိသော လက်သုတ်ပုဆိုး၊ နဂါးတို့ဆက်သအပ်သော စန္ဒကူး၊ နေအရုဏ်တက်သည်နှင့်တူသော အဆင်းရှိသော အရုဏဝတီမြေ၊ အနောတတ်အိုင်မှဖြစ်သော ရေတစ်ထမ်း၊ ဂင်္ဂါရေတစ်ထမ်း၊ အဘိသိက်သွန်းခြင်းငှာထိုက်သော သမုဒ္ဒရာမှဖြစ်သော လက်ျာရစ် ခရုသင်း၊ ကျီးခြေသဏ္ဌာန်ကဲ့သို့ မင်္ဂလာအကျိုးငှာပြုအပ်သော ရွှေဖြင့်ပြီးသော မင်းခမ်း၊ မျက်နှာချေရန်ဖြစ်သော အမှုန့်၊ မင်းမျိုးအစစ်ဖြစ်သော သမီးကညာ၊ စားတော်ပွဲကျင်းရန် ရွှေခွက်ဘဏ္ဍာ၊ မြတ်သောသူတို့သာစီးထိုက်သော ယာဉ်၊ ဆေးဖြစ်သော သဖန်းခါးသီး၊ ဆေးဖြစ်သော ရှိရှားသီး၊ အဖိုးများစွာထိုက်သော မြေ၊ ကင်းအစရှိသည်တို့၏အဆိပ်ကို ပယ်ဖျောက်နိုင်သော ဂုဠိကာမည်သော ဆေးတောင့်၊ ကျေးငှက်တို့သည် ဆဒ္ဒန်အိုင်မှဆောင်ခဲ့အပ်သော သလေးစပါး၊ တစ်သောင်းခြောက်ထောင်သော အခြံအရံတို့ဖြင့် အထူးပြုအပ်သော အဘိသိက်ခံရာအဆောက်အဦ၊ အဘိသိက်ခံသော ထုံးစံနည်းနာကိုပြသော စာတမ်း ဤအလုံးစုံသော လောကီပဏ္ဏာကာရကို ပေးကမ်းတော်မူလိုက်၏။

## ဓမ္မပဏ္ဏာကာရ

ဤမှတစ်ပါးလည်း ဓမ္မပဏ္ဏာကာရအလို့ငှာ ရွှေပေအက္ခရာဖြင့်ရေး၍ မှာတော်မူလိုက်သည်ကား "လူတို့ထက်မြတ်သော အဆွေတော် ဒေဝါနံပိယတိဿမင်း၊ ငါသည် မြတ်စွာဘုရားကိုလည်းကောင်း, တရားတော်ကိုလည်းကောင်း, သံဃာတော်ကိုလည်းကောင်း ရိုသေလေးမြတ်လျက် ဆည်းကပ်ကိုးကွယ်ခြင်းကိုပြုသည်၊ သာကီဝင်မင်းသားဖြစ်သော မြတ်စွာဘုရား၏ အဆုံးအမတော်၌တည်၍ ရတနာသုံးရပ်ကို ဆည်းကပ်သော ဥပါသကာ၏အဖြစ်ကို ယူ၏။ အဆွေတော်ဖြစ်သော သင်သည်လည်း ဤရတနာသုံးပါး၌ လေးမြတ်စွာ ကြည်ညိုရှိသေခြင်းကိုပြု၍ ဆည်းကပ်ကိုးကွယ်လေသော် နှောင်တမလွန်ဘဝ၌ လိုအပ်သမျှသော ကောင်းကျိုးကို ရလတ္တံ့." ဟူ၍ သူတော်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



တရားဟူသော ပဏ္ဏာကာရကိုလည်း ဆက်သလိုက်၏။ ငါ၏အဆွေတော်ဖြစ်သော ဒေဝါနံပိယတိဿမင်းအား ဤမည်သော နေ့ရက်အခါ၌ အဘိသိက်သွန်းခြင်းကိုပြုကြလေဟု မှာတော်မူ၍ သီဟိုဠ်မှလာသော အမတ်တို့ကိုလည်း အထိုက်အလျောက် ချီးမြှောက်၍ လွှတ်တော်မူ၏။

သီဟိုဠ်အမတ်တို့လည်း ပါဋလိပုတ်ပြည်၌ ငါးလပတ်လုံးနေ၍ ကဆုန်လဆန်းတစ်ရက်နေ့ ရောက်သောအခါ ပါဋလိပုတ်ပြည်မှ ထွက်ကြပြီးသော် တာမလိတ္တိ သင်္ဘောဆိပ်၌ လှေသို့သက်၍ သမုဒ္ဒရာသို့ ကူးကြလေသဖြင့် ဇမ္ဗုကောလ သင်္ဘောဆိပ်၌ လှေမှတက်၍သွားလေသော် အနုရာဓပြည်သို့ ကဆုန်လဆန်း တစ်ဆယ့်နှစ်ရက်နေ့၌ ဆိုက်ရောက်၍ ဒေဝါနံပိယတိဿမင်းအား ဖူးမြင်ကြကုန်၏။ တမန်တို့သည် ဓမ္မာသောကမင်း ပေးလိုက်သော ပဏ္ဏာကာရအလုံးစုံတို့ကို ဆက်ကြကုန်သော် ဒေဝါနံပိယတိဿမင်းလည်း အလွန်ဝမ်းမြောက်တော်မူသည်ဖြစ်၍ ပါလာသမျှသော တမန်အမတ်တို့အား များစွာသော ချီးမြှောက်ခြင်းကို ပြုတော်မူ၏။ အရှင်မင်း၏ အစီးအပွားကို အလွန်အလိုရှိကုန်သော ထိုအမတ်တို့သည် လွန်ခဲ့သော နတ်တော်လဆန်း တစ်ရက်နေ့၌ သီဟိုဠ်ကျွန်းထုံးစံဖြင့် အဘိသိက်သွန်းပြီးဖြစ်လျက် ကဆုန်လပြည့်နေ့၌ ဓမ္မာသောကမင်းမှာလိုက်သောအတိုင်း ဇမ္ဗူဒိပ်မင်းတို့၏ ထုံးစံဖြင့် တစ်ဖန်အဘိသိက်သွန်းကြပေကုန်၏။

မင်းတို့၏ အဘိသိက်သွန်းရာသော အစီအရင်ကို မဇ္ဈိမနိကာယ် စူဠသီဟနာဒသုတ်အဖွင့် သီဟိုဠ်အဋ္ဌကထာ၌ဆိုသည်ကား အဘိသိက်ခံရန်အကျိုးငှာ တန်ဆာဆင်အပ်သော မဏ္ဍပ်ကြီး၏အတွင်း၌ ဆောက်လုပ်အပ်သော ရေသဖန်းမဏ္ဍပ်၏အလယ်၌ ကောင်းစွာ ခင်းကျင်းအပ်သော သဖန်းသားအင်းပျဉ်ထက်၌ အဘိသိက်ထိုက်သော အမျိုးမြတ်သော မင်းကိုထိုင်နေစေ၍ ရှေးဦးစွာ မင်္ဂလာရှိသော တန်ဆာတို့ဖြင့် ဆင်အပ်သော မင်းမျိုးစစ်ဖြစ်သော မင်းသမီးသည် ဂင်္ဂါရေဖြင့်ပြည့်သော သမုဒ္ဒရာမှဖြစ်သော လက်ျာရစ် ခရုသင်းကို လက်နှစ်ဖက်တို့ဖြင့် ရိုသေစွာကိုင်၍ မင်းဦးခေါင်းထက်၌ စိုက်ထားပြီးလျှင် နှုတ်က ဤသို့ဆိုအပ်၏။

"အရှင်မင်းကြီး၊ သင့်ကို ခပ်သိမ်းသော မင်းအပေါင်းတို့သည် မိမိကိုယ်ကို စောင့်ရှောက်ခြင်းငှာ အဘိသိက်သွန်းခြင်းကို ပြုကြကုန်၏။ သင်မင်းကြီးသည် မင်းကျင့်တရားတို့၌တည်၍ တရားသဖြင့် ပြုတော်မူလော့။ ထိုမင်းအပေါင်းတို့ကို သင်မင်းကြီးသည် သားကဲ့သို့ ချစ်သနားခြင်းဖြစ်စေလော့။ အစီးအပွား၌ မှုသော မေတ္တာစိတ်သည် ဖြစ်စေလော့။ ခပ်သိမ်းသော မင်းတို့အား စောင့်ရှောက်တားမြစ်ခြင်း လုံခြုံခြင်းဖြင့် စောင့်ရှောက်တော်မူလော့"ဟု ဆို၍ အဘိသိက်ရေကို သွန်းအပ်၏။

ထို့နောက်မှ ပုရောဟိတ်ပုဏ္ဏားသည် မိမိအရာ အားလျော်သော တန်ဆာကိုဆင်၍ ဂင်္ဂါရေဖြင့်ပြည့်သော ငွေခရုသင်းကို လက်နှစ်ဖက်ဖြင့် ရိုသေစွာကိုင်ပြီးလျှင် မင်း၏ဦးခေါင်းထက်၌စိုက်ထား၍ ဤသို့ဆိုအပ်၏။

"မြတ်သောမင်းကြီး၊ သင် မင်းကြီးကို ခပ်သိမ်းသော ပုဏ္ဏားအပေါင်းတို့သည် မိမိကိုယ်ကို စောင့်ရှောက်စေခြင်းငှာ အဘိသိက်သွန်းခြင်းကို ပြုကုန်၏။ သင်မင်းကြီးသည် မင်းကျင့်တရားတို့၌တည်၍ တရားသဖြင့် မင်းပြုတော်မူလော့။ ထိုပုဏ္ဏားအပေါင်း၌ သင်မင်းကြီးသည်သားကဲ့သို့ ချစ်ခြင်းသနားခြင်းကို ဖြစ်စေလော့။ အစီးအပွား၌ မှုတလော့။ မှုတသောမေတ္တာစိတ် ရှိသည်ဖြစ်ဘိလော့။ ထိုပုဏ္ဏားအား စောင့်ရှောက်ခြင်း, တားမြစ်ခြင်း, လုံခြုံစေခြင်းဖြင့် စောင့်ရှောက်တော်မူလော့"ဟုဆို၍ အဘိသိက်ရေကို သွန်းအပ်၏။

ထို့နောက် သူဌေးကြီးသည် သူဌေးကြီးအရာအား လျော်သော တန်ဆာကိုဆင်၍ ဂင်္ဂါရေဖြင့်ပြည့်သော ရတနာခရုသင်းကို လက်နှစ်ဖက်ဖြင့် ရိုသေစွာကိုင်လျက် ထိုမင်း၏ ဦးထိပ်၌ စိုက်ထားပြီးလျှင် ဤသို့ဆိုအပ်၏။

"အရှင်မင်းကြီး၊ သင့်ကို ခပ်သိမ်းကုန်သော အိမ်ရှင်အပေါင်းတို့သည် မိမိကိုယ်ကို စောင့်ရှောက်စိမ့်သောငှာ ဤအဘိသိက်ဖြင့်သွန်းခြင်းကို ပြုကုန်၏။ သင်မင်းကြီးသည် မင်းကျင့်တရားတို့၌တည်၍ တရားနှင့်ညီစွာ မင်းပြုလော့။ ထိုအိမ်ရှင်အပေါင်းတို့၌ သားကဲ့သို့ သနားခြင်း, ချစ်ခင်ခြင်းကိုဖြစ်စေလော့။ ထိုအိမ်ရှင်အပေါင်းတို့အား စောင့်ရှောက်ခြင်း, တားမြစ်ခြင်း, လုံခြုံစေခြင်းဖြင့် စောင့်ရှောက်တော်မူလော့"ဟု ဆို၍ အဘိသိက်ရေကို သွန်းအပ်၏။

ဤသို့ဆိုကုန်သော မင်း, ပုဏ္ဏား, သူကြွယ်တို့သည် ငါတို့စကားနှင့်ညီစွာ သင်မင်းကြီးသည် အကယ်၍ မင်းပြုငြားအံ့ ကောင်းပါစေသတည်း။ ငါတို့စကားနှင့်ညီစွာ အကယ်၍ မင်းမပြုငြားအံ့၊ ဦးခေါင်းခုနစ်စိတ်ကွဲစေသတည်း

www.burmeseclassic.com

www.burmeseclassic.com



ဟု မင်းအား ကျိန်သကဲ့သို့ ဖြစ်ကုန်၏ဟု မှတ်အပ်၏။ ဤသို့ သီဟိုဠ်ကျွန်း၌ကား ဒေဝါနံပိယတိဿမင်း၏ဦးထိပ်၌ ဓမ္မာသောကမင်းသည် စေအပ်သော မင်းသမီးသည် အနောဝတတ်အိုင်ရေဖြင့်ပြည့်သောသမုဒ္ဒရာ၌ဖြစ်သော လက်ျာရစ် ခရုသင်းဖြင့် အဘိသိက်သွန်းလေသည်။ ပုဏ္ဏားကြီး သူဌေးကြီးတို့သည် အနောတတ်ရေဖြင့် သွန်းလေသည်ဟု သိအပ်၏။

ထိုမင်း၏ရှေ့၌ မင်းပြုသော မင်းတို့သည် ဤကဲ့သို့ အဘိသိက်ခံခြင်းမည်သည် မရှိကုန်။ အသစ်ဖြစ်သော ကြိမ်လုံးကိုကိုင်၍ အဘိသိက်သွန်းခြင်းဖြင့်သာလျှင် မင်းပြုကုန်၏။ ထိုအကြောင်းကို ဓမ္မာသောကမင်းကြား၍ ငါ၏အဆွေတော်အား နေရာတကျ အဘိသိက်ခံပါစေဟု နှလုံးပြု၍ အဘိသိက် အဆောက်အဦတို့ကို ဆက်သလိုက်အံ့ဟုဆို၍ သမုဒ္ဒရာမှဖြစ်သော လက်ျာရစ် ခရုသင်း, ငွေခရုသင်း, ရတနာခရုသင်း သုံးလုံး။ အနောတတ်ရေ, အရုဏဝတီမြေ, ရှစ်ယောက် ရှစ်ယောက်စီသော မင်းသမီး, ပုဏ္ဏားသမီး, သူကြွယ်သမီးတို့ကိုလည်းကောင်း, ရှစ်လုံး ရှစ်လုံးစီသော ရွှေအိုး, ငွေအိုး, ကြေးနီအိုး, မြေအိုးတို့ကိုလည်းကောင်း, ဤမျှလောက်သော အဆောက်အဦတို့ကို ဆက်သလိုက်သတည်း။

**'ပပဉ္စဒေါရုဝံသ'အမည်ရှိသော မဟာဝံသကျမ်း၌ (၄၂) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော ဒေဝါနံပိယတိဿာ ဘိသေကအမည်ရှိသော ဧကာဒသမအပိုင်း အခန်းကား ပြီး၏။**

---

## နာနာဒေသ ပသာဒကဏ္ဍာ ဒွါဒသမပိုင်း

### ၁၅-ကိုးတိုင်းကိုးဌာနသို့ သာသနာပြုလွှတ်ခြင်း

မြတ်စွာဘုရား၏ သာသနာတော်ကို လွန်စွာ ထွန်းပစေတတ်သော မောဂ္ဂလိပုတ္တတိဿမထေရ်သည် တတိယသင်္ဂါယနာတင်ပြီး၍ နောင်အခါ သာသနာတော်တည်လတ္တံ့သော အရပ်ကိုရှုမျှော်သော် ပစ္စန္တရစ်အရပ်တို့၌ သာသနာထွန်းလတ္တံ့သည်ကို မြင်တော်မူ၍ ထိုထိုသော မထေရ်တို့ကို ငါးပါး ငါးပါးစီ ဂိုဏ်းခွဲ၍ ကိုးပါးသော ပစ္စန္တရစ်ဌာနများသို့ တန်ဆောင်မုန်းလပြည့်နေ့၌ စေလွှတ်တော်မူသည်။

(၁) 'မဇ္ဈန္တိကထေရ်'အမျိုးရှိသော ငါးဦးသော မထေရ်တို့ကို ကသ္မီရဂန္ဓာရသို့ စေတော်မူသည်။

(၂) '*မဟာဒေဝထေရ်'အမျိုးရှိသော ငါးဦးသောမထေရ်တို့ကို မဟိံသကတိုင်းရပ်သို့ စေတော်မူသည်။

(၃) 'ရက္ခိတထေရ်'အမျိုးရှိသော ငါးဦးသောမထေရ်တို့ကို ဝနဝါသီတိုင်းသို့ စေတော်မူသည်။

(၄) 'ယောနကဓမ္မရက္ခိတထေရ်'အမျိုးရှိသော ငါးဦးသော မထေရ်တို့ကို အပရန္တကတိုင်းသို့ စေတော်မူသည်။

(၅) 'မဟာဓမ္မရက္ခိတထေရ်'အမျိုးရှိသော မထေရ်တို့ကို မဟာရဋ္ဌသို့ စေတော်မူသည်။

(၆) 'မဟာရက္ခိတထေရ်'အမျိုးရှိသော မထေရ်တို့ကို ယောနကတိုင်း ပန်းသေးပြည်သို့ စေတော်မူသည်။

(၇) 'မဇ္ဈိမထေရ်'အမျိုးရှိသော ငါးဦးသောမထေရ်တို့ကို ဟိမဝန္တာအရပ်သို့ စေတော်မူသည်။

(၈) 'သောဏထေရ်, ဥတ္တရထေရ်'အမျိုးရှိသော ငါးဦးသော မထေရ်တို့ကို သုဝဏ္ဏဘူမိမည်သော သထုံမြို့သို့ စေတော်မူသည်။

(၉) 'မဟာမဟိန္ဒမထေရ်, ဣဋ္ဋိယမထေရ်, ဥတ္တိယမထေရ်, သမ္ဗလမထေရ် ဘဒ္ဒသာလမထေရ်' ဤငါးဦးသောမထေရ်တို့ကို သင်တို့သည် လင်္ကာဒီပမည်သော သီဟိုဠ်ကျွန်းသို့သွား၍ သာသနာပြုချေဟု စေတော်မူ၏။

(၁) ထိုကိုးပါးသော မထေရ်တို့တွင် **မဇ္ဈန္တိကထေရ်** အမျိုးရှိသော ငါးပါးသော မထေရ်တို့သည် ကသ္မီရဂန္ဓာရတိုင်းသို့ကြွ၍ ရောက်သောအခါ ထိုတိုင်း၏ချက်မ **အာရဝါဠအိုင်၌နေသော တန်ခိုးကြီးလှသော အာရဝါဠနဂါးမင်းသည် လူတို့အား အမျက်ထွက်လေရကား အလုံးစုံမှည့်သော ကောက်စပါးတို့ကို သမုဒ္ဒရာသို့ရောက်အောင် မျှောစိမ့်သော ငှာ ကြီးစွာ ဆီးနှင်းနှင့်တကွသော ရွာက်စွာမိုယ်းကို ရွာစေ၏။ မြေအပြင်၌ ရေအယဉ်တို့ ဖြိုင်ဖြိုင်စီး၏။ အချို့သော ကောက်တို့သည် မျှောလေ၏။ မဇ္ဈန္တိကမထေရ်သည် ထိုရေကိုမြင်လျှင် ကောင်းကင်ခရီးဖြင့်ကြွတော်မူ၍ အာရဝါဠအိုင်၏အချက် ရေပြင်ထက်၌ စင်္ကြံကြွခြင်း အစရှိသည်ကို ပြု၏။

နဂါးတို့လည်း ထိုမထေရ်ကိုမြင်လျှင် ငါတို့ ရေကို ဖျက်ရာသလောဟု အမျက်ထွက်ကုန်၍ နဂါးမင်းအား ကြားလျှောက်ကုန်၏။ နဂါးမင်းလည်း အထူးထူးသော ကြောက်မက်ဖွယ်တို့ကိုဖန်ဆင်း၍ ကြီးစွာသောလေကိုလည်း လာ

* မဟာရေဝတ္ထေရ်။ (ပါရာဇိကဏ်အဋ္ဌကထာ—၄၃)။
** 'အရဝါဠဒ္ဒဟ' နာဂရာဇာ (ပါရာဇိကဏ်အဋ္ဌကထာ—၄၄)

www.burmeseclassic.com

www.burmeseclassic.com



စေ၏။ ကောင်းကင်အလုံး ထစ်ချုန်းရိုက်ကြိုးလျက် မိုယ်းကြီးကို သည်းထန်စွာ ရွာစေ၏။ ထက်ဝန်းကျင်မှ လျှပ်စစ်တိမ်မီးတို့သည် တညီးညီးပြတ်ကုန်လျက် ကြောက်မက်ဖွယ် မိုယ်းကြီးတို့သည် ထစ်ကုန်၏။ သစ်ပင်တို့သည် အပိုင်းအပိုင်း ပြတ်ကုန်၏။ တောင်ထွဋ်တို့သည် ကွဲ၍ ဖရိုဖရဲကျကုန်၏။ ဖောက်ပြန်သော အဆင်းရှိကုန်သော နဂါးတို့သည် ထက်ဝန်းကျင်မှ အရောင်အဝါကိုပြကုန်လျက် ငါတို့ရေထက်၌သွားသော ဦးပြည်းကိုသတ်ခြင်းငှာ လာကြကုန် ထွက်ကြကုန် စသည်ဖြင့် ဆဲရေးလျက် ကြောက်မက်ဖွယ်သော အခိုးအလျှံကိုလည်း လွှတ်ကုန်၏။ မဇ္ဈန္တိကထေရ်မြတ်သည်လည်း အရပ်ရပ်သော ကြောက်မက်ဖွယ်ကို တန်ခိုးတော်ဖြင့်တားမြစ်၍ ထိုအာရဝါဠနဂါးမင်းကို ဤသို့ ဆိုတော်မူ၏။

"နဂါးကြီး၊ နတ်နှင့်တကွသော သင်တို့အပေါင်းသည် လာလတ်၍ ငါ့အား ကြောက်အောင်ပြုကြားသော်လည်း ငါ့အား ကြောက်လန့်ခြင်းမရှိချေ။ သင်သည် သမုဒ္ဒရာလေးစင်း တောင်မြင်းမိုရ်နှင့်တကွသော ဤမြေကြီးကိုချီ၍ ငါ့အထက်၌ ပစ်ကြားသော်လည်း ငါ့အား ကြောက်လန့်ခြင်း မရှိ၊ သင် ပင်ပန်းရုံမျှသာဖြစ်လတ္တံ့."ဟူ၍ မိန့်တော်မူ၏။ ထိုစကားကိုကြားသော် နဂါးမင်းလည်း မာန်စောင်တင်းသော စိတ်လျှော့သည်ဖြစ်၍ မဇ္ဈန္တိကမထေရ်၏အထံ၌ လူ၏သဏ္ဍာန်ကို ဖန်ဆင်း၍ ရှိခိုးလေ၏။ မထေရ်မြတ်လည်း တရားစကားဖြင့် ဟောကြားပြသ၏။ သရဏဂုံသီလ၌ တည်စေ၏။ ထို့အတူ ရှစ်သောင်းလေးထောင်သော နဂါးတို့သည်လည်းကောင်း, ဟိမဝန္တာ၌နေသော များစွာသော ဂန္ဓဗ္ဗနတ်, များစွာသော ကုမ္ဘဏ်ဘီလူးတို့သည်လည်းကောင်း, သရဏဂုံ၌ တည်လေကုန်၏။ [*]ပဥ္စကမည်သော နတ်ဘီလူးသည် မယားဘီလူးမ သားငါးရာနှင့်တကွသောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထိုအခါ နဂါးမင်းကိုလည်း ဤသို့ ဆုံးမ၏။

'ဒကာနဂါးမင်း၊ သတ္တဝါတို့သည် ချမ်းသာကို အလိုရှိကုန်၏။ သင်သည် ဤအခါမှ နောင်ကာလ၌ ရှေ့ကဲ့သို့ ကြမ်းကြုတ်စွာ အမျက်ထွက်ခြင်းကို မပြုပါလင့်။ သတ္တဝါတို့၏ အစာဖြစ်သော စပါးကောက်ပဲတို့ကို ဖျက်ဆီးခြင်းကို မပြုလင့်, သတ္တဝါခပ်သိမ်းတို့အား ချစ်ခြင်း သနားခြင်း မေတ္တာကို အခါခပ်သိမ်းဖြစ်စေလော့"ဟု ဆုံးမပေ၏။ နဂါးတို့လည်း မထေရ်မြတ် ဆုံးမသောအတိုင်း ကျင့်ပါမည်ဟု ဝန်ခံကြ၍ မိမိတို့၏ ရတနာပလ္လင်ကို အရှင်မြတ်အား လှူ၏။ နဂါးမင်းလည်း အနီး၌ရပ်ကာနေ၏။ ကသ္မီရဂန္ဓာရတိုင်း၌နေသော လူတို့သည် နဂါးမင်းကို ပူဇော်ခြင်းငှာ အထူးထူးသော ပူဇော်ဖွယ်တို့ကိုဆောင်လျက် လာကြကုန်သော် မထေရ်မြတ်၏ တန်ခိုးကြီးသောအဖြစ်ကိုမြင်၍ အရှင်မြတ်ကိုသာလျှင် ရှိခိုးလျက်နေကုန်၏။ မထေရ်မြတ်လည်း ထိုလူပရိသတ်တို့အား [၃](အာသိဝိသောပမသုတ်)ကို ဟောတော်မူ၏။ ရှစ်သောင်းကုန်သော လူတို့အား သစ္စာလေးပါးတရားကို သိခြင်းသည်ဖြစ်၏။ တစ်သိန်းမျှလောက်ကုန်သော ယောကျ်ားတို့သည် မဇ္ဈန္တိကမထေရ်၏ထံ၌ ရဟန်းပြုကြကုန်၏။ ထိုအခါမှစ၍ ကသ္မီရဂန္ဓာရတိုင်းသားတို့သည် သင်္ကန်းရောင်ဖြင့် ပြောင်ပြောင်တောက်ပလျက် ယခုထက်တိုင်အောင် ရတနာသုံးပါးသာလျှင် ကိုးကွယ်ရာဖြစ်ကုန်၏။

(၂) မဟာဒေဝ မထေရ်သည်လည်း ငါးဦးသော ရဟန်းတို့နှင့်တကွ [*]မဟိံသကတိုင်းသို့ ကြွတော်မူ၍ ထိုတိုင်းရပ်သူ လူအပေါင်းတို့အား [၄](ဒေဝဒူတသုတ်)ကို ဟောတော်မူသဖြင့် လေးသောင်းကုန်သော သူတို့သည် မဂ္ဂဖိုလ်ကို ရကြကုန်သဖြင့် လေးသောင်းသော သူတို့သည် ထိုမထေရ်၏အထံ၌ ရဟန်းပြုကြကုန်၏။

(၃) ရက္ခိတ–မထေရ်သည်လည်း ငါးဦးသော ရဟန်းတို့နှင့် ဝနဝါသီတိုင်းရပ်သို့ ကြွတော်မူ၍ ကောင်းကင်မှ သက်၍ လူအပေါင်းတို့၏အထက်၌ ရပ်တန့်ပြီးလျှင် [၅](အနမတဂ္ဂသုတ်)ကို ဟောတော်မူ၍ ခြောက်သောင်းကုန်သော လူတို့အား မဂ္ဂဖိုလ်သမယကို ရစေတော်မူသည်။ သုံးသောင်းခုနစ်ထောင်ကုန်သော လူတို့သည် ထိုမထေရ်အထံ၌ ရဟန်းပြုကြကုန်သည်။ ထိုအခါ ကျောင်းပေါင်းငါးရာတို့သည် ထိုအရပ်မှာတည်ထောင်၍ ဘုရားသာသနာတော် သက်ဆင်းလေသတည်း။

(၄) ယောနက ဓမ္မရက္ခိတမထေရ်သည် ငါးဦးသော ရဟန်းတို့နှင့်တကွ အပရန္တကတိုင်းသို့ ကြွတော်မူ၍ လူအပေါင်းတို့အား [၆](အဂ္ဂိက္ခန္ဓောပမသုတ်)ကို ဟောသဖြင့် သုံးသောင်းခုနစ်ထောင်ကုန်သော သူတို့အား သောတာပတ္တိဖိုလ်၌ တည်စေကုန်၏။ မင်းမျိုးမှထွက်၍ တစ်ထောင်မျှလောက်သော ယောကျ်ားတို့သည်လည်းကောင်း, တစ်ထောင်မျှလောက်သော မိန်းမတို့သည်လည်းကောင်း ရဟန်းပြုကြလေ၏။

• ပဏ္ဏာက (အချို့စာမူ)

• မဟိံသမဏ္ဍလ (သီဟိုဠ်မူ–၂၂၁)

www.burmeseclassic.com

www.burmeseclassic.com



(၅) မဟာဓမ္မရက္ခိတ–မထေရ်သည် အဖော်ရဟန်းတို့နှင့်တကွ မဟာရဋ္ဌသို့ ကြွတော်မူ၍ တိုင်းသူပြည်သားတို့အား [၁](မဟာနာရဒကဿပဇာတ်)ကိုဟော၍ ရှစ်သောင်းလေးထောင်သော သူတို့သည် မဂ်ဖိုလ်သို့ရောက်ကုန်၏။ တစ်သိန်းသုံးသောင်းသော သူတို့သည် ရဟန်းပြုကြကုန်၏။

(၆) မဟာရက္ခိတ–မထေရ်သည်လည်း အဖော်ရဟန်းတို့နှင့်တကွ ယောနကတိုင်းသို့ ကြွတော်မူ၍ ထိုမင်းသားအား [၂](ကာလကာရာမသုတ္တန်)ကို ဟောပြ၍ တစ်သိန်းခုနစ်သောင်းမျှလောက်သော သတ္တဝါတို့သည် မဂ်ဖိုလ်ချမ်းသာကို ရကြကုန်သည်။ တစ်သောင်းမျှလောက်သော သတ္တဝါတို့သည် ရဟန်းပြုကြလေကုန်၏။

(၇) မဇ္ဈိမ–မည်သော မထေရ်သည်လည်း [၃](အဖော်ရဟန်းလေးဦး)နှင့်တကွ ဟိမဝန္တာ၏အနီးအရပ်သို့ ကြွတော်မူ၍ ထိုတိုင်းသားတို့အား [၄](ဓမ္မစကြာတရား)ကို ဟော၍ ကုဋေရှစ်ဆယ်သော သတ္တဝါတို့သည် မဂ်ဖိုလ်ချမ်းသာကို ရကြကုန်သည်။ ယောကျ်ားတစ်သိန်းတို့သည် ရဟန်းပြုကြလေကုန်သည်။ ။ထိုငါးဦးသော မထေရ်မြတ်တို့သည် တိုင်းကြီးငါးရပ်၌ ဘုရားသာသနာကို ထွန်းစိမ့်သောငှာ ပြုတော်မူကုန်သတည်း။

(၈) ကြီးသော တန်ခိုးရှိသော **သောဏမထေရ်၊ ဥတ္တရမထေရ်**တို့သည် အဖော်ရဟန်းသုံးပါးနှင့်တကွ ကြွတော်မူရာတွင် သုဝဏ္ဏဘုမ္မိမည်သော သထုံပြည်၌ ကြုံကြိုက်သည်ကား မင်းအိမ်၌ဖွားသော သူငယ်ကို သမုဒ္ဒရာ၌နေသော ရေစောင့် ဘီလူးမသည် လှ၏အသွင်ဖြင့် တက်လာပြီးသော် မင်းအိမ်သို့ဝင်၍ ဖွားတိုင်း ဖွားတိုင်းသော သူငယ်ကို စား၍သွားလေ့ရှိသတည်း။ ထိုအရှင်တို့ ကြွရောက်သောအခါလည်း မင်းအိမ်၌ သူငယ်ဖွား၏။ မင်းချင်းယောကျ်ားတို့သည် ဓားလက်နက်စွဲကိုင်လျက် မြို့ကိုလှည့်လည်သဖြင့် အရှင်သောဏမထေရ်၊ ဥတ္တရမထေရ်တို့ကိုမြင်လျှင် ရေစောင့် ဘီလူးမ၏ အဖော်ပင်မှတ်၍ ထိုအရှင်တို့ကိုသတ်ခြင်းငှာ ဝန်းရံလာကုန်၍ အခြင်းအရာကို မေးကုန်၏။ သောဏထေရ်၊ ဥတ္တရထေရ်တို့ကလည်း ငါတို့ကား ဘီလူးမ၏အဖော် ပရိသတ်တို့မဟုတ် သီလနှင့်ပြည့်စုံသော ရဟန်းမြတ်တို့တည်း။ ငါတို့ကား လူတို့အသက်ကို ညှဉ်းဆဲခြင်းစသော မကောင်းမှုကို ရှောင်ကြဉ်ကုန်၏။

ဤသို့ပြောဟော၍ နေစဉ်ပင် ဘီလူးမသည် အခြံအရံနှင့်တကွ ရေမှတက်လာ၍ လူတို့မြင်ကြလေလျှင် အုတ်အုတ်ကျက်ကျက် ကြွေးကြော်ခြင်းကိုပြု၏။ ထိုအခါ မထေရ်မြတ်တို့ကလည်း ဘီလူးမထက် နှစ်ဆကြီးသော ကိုယ်ကိုလည်းကောင်း၊ ကြောက်မက်ဖွယ်သော ကိုယ်ကိုလည်းကောင်း ဖန်ဆင်း၍ ဘီလူးမ၏ပရိသတ်ထက်များသော ပရိသတ်များ ခြံရံသည်ကိုမြင်လျှင် ဘီလူးမသည်လည်း ငါတို့ထက် တန်ခိုးကြီးသော ဘီလူးတို့သည် ဤအရပ်သို့ ရောက်လေပြီဟုထင်မှတ်၍ ထွက်ပြေးလေကုန်၏။ မြို့သူမြို့သားတို့လည်း အရှင်မြတ်တို့ တန်ခိုးကြီးသည်ကိုမြင်၍ ရွှင်လန်းဝမ်းမြောက်လှသဖြင့် အပါးသို့ကပ်၍ ဝန်းရံပတ်ခါနေကုန်၏။ အရှင်မြတ်သည် စည်းဝေးသမျှသော ပရိသတ်တို့အား (ဗြဟ္မဇာလသုတ်)ကို ဟောသဖြင့် သရဏဂုံသီလ၌ တည်စေကုန်၏။ ခြောက်သောင်းသော သတ္တဝါတို့သည် မဂ္ဂဘိသမယကို ရကြလေကုန်၏။ လေးသောင်းငါးထောင်သော ယောကျ်ား၊ တစ်သောင်းနှစ်ထောင်သော မိန်းမတို့သည် ရဟန်းပြုကြလေကုန်သတည်း။ ထိုအခါမှစ၍ မင်းအိမ်၌ဖွားမြင်သော သူငယ်တို့ကို 'သောဏုတ္တရ သတို့သား' ဟူသော အမည်ကို မှည့်ကုန်၏။

**"ပပဉ္စပဒေါရုဝံသ'အမည်ရှိသော မဟာဝံသကျမ်း၌ (၅၅) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော 'နာနာဒေသပသာဒ'အမည်ရှိသော ဒွာဒသမအပိုင်းအခန်းကား ပြီး၏။**

---

# မဟိန္ဒာဂမနကဏ္ဍ၊ တေရသမပိုင်း

## ၁၆-အရှင်မဟိန္ဒသည် မယ်တော်ရှိရာ ဝေဒိသက ဂိရိမြို့သို့ ကြွရောက်တော်မူခြင်း

သီရိဓမ္မာသောကမင်း၏ သားတော်ဖြစ်သော ကြီးသော ပညာတော်ရှိသော မဟာမဟိန္ဒ မထေရ်မြတ်သည် ဥပဇ္ဈာယ်ဆရာဖြစ်သော အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်သည်လည်းကောင်း၊ သံဃာတော်တစ်ထောင်တို့သည်လည်းကောင်း တိုက်တွန်းအပ်သည်ဖြစ်၍ သီဟိုဠ်ကျွန်းသို့ ကြွအံ့သောအခါ တစ်ဆယ့်နှစ်ဝါသာရှိသေးသတည်း။ ထိုအရှင်သည် ဤသို့ ရှုမျှော်ဆင်ခြင်၏။ ယခု တန်ဆောင်မုန်းလ၌ သီဟိုဠ်သို့ ငါကြွ၍ မသင့်သေး၊ သီဟိုဠ်ကျွန်း၌ မုဋသိဝမင်းသည် အိုမင်းကြီးရင့်ပြီ၊ ထိုမင်း၏သားဖြစ်သော ဒေဝါနံပိယတိဿမင်းသည် မင်း၏အဖြစ်သို့ရောက်စေဦး၊ ငါ့ခမည်းတော်ဖြစ်သော ဓမ္မာသောကမင်းသည် ဒေဝါနံပိယတိဿမင်းအား အဘိသိက်ခံခြင်းငှာ လောကီ ပဏ္ဏာကာရနှင့်တကွ ရတနာသုံးပါးတည်းဟူသော သဒ္ဓမ္မပဏ္ဏာကာရတို့ကိုလည်း

www.burmeseclassic.com



ဆက်သစေဦး၊ ဆက်သ၍ပြီးသောအခါမှ ငါ ကြွတော်မူမည်။ ဤကာလ၏အကြား၌ ငါ၏မယ်တော် မိဖုရားနှင့်တကွ ဆွေတော် မျိုးတော်တို့ကို ချီးမြှောက်ဦးအံ့ဟု ကြံစည်တည် ဆောက်ပြီးလျှင် ဥပဇ္ဈာယ်ဆရာဖြစ်သော မောဂ္ဂလိပုတ္တတိဿမထေရ်ကိုလည်းကောင်း, သံဃာတော်တို့ကိုလည်းကောင်း ရှိခိုး၍ ခမည်းတော်ဖြစ်သော ဓမ္မာသောကမင်းကြီးအား ပန်ကြားခဲ့၍ အဖော်ဖြစ်သော မထေရ်လေးပါးတို့ကိုလည်းကောင်း, သင်္ဃမိတ္တာ၏သားဖြစ်သော ဆဠာဘိညသိခပ္ပတ္တ ဖြစ်၍ ကြီးသော တန်ခိုးအာနုဘော်ရှိသောတူတော် သုမနသာမဏေကိုလည်းကောင်း ခေါ်၍ ဆွေတော်မျိုးတော်တို့၏နေရာဖြစ်သော ဒက္ခိဏာဂိရိသို့ကြွတော်မူ၏။ ထိုဒေသစာရီကြွခြင်းသည် ခြောက်လတိုင်အောင် ကြာသတည်း။ အစဉ်သဖြင့် ကြွလေ၍ မယ်တော်မိဖုရား၏နေရာ ဝေဒိသကဂိရိမြို့သို့ ရောက်လေသော် မယ်တော်မိဖုရားလည်း ချစ်လှစွာသော သားကိုမြင်၍ ရွှင်လန်းဝမ်းမြောက်စွာ သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးပြီးလျှင် မိမိဆောက်ထားအပ်သော အလွန်တင့်တယ် ကောင်းမြတ်သော ဝေဒိသကဂိရိကျောင်းကြီးကို အရှင်မဟိန္ဒအား လှူလေသတည်း။

ထိုမိဖုရား၏အကြောင်းကို ဆိုလိုက်ဦးအံ့။ ထိုဓမ္မာသောကမင်းသည် မင်းသားဖြစ်စဉ်အခါ ခမည်းတော် ဗိန္ဒုသာရမင်းကြီးသည် အဝန္တီတိုင်း ဥဇ္ဇေနီပြည်ကို မြို့စားပေးတော်မူ၏။ ထိုဥဇ္ဇေနီပြည်သို့သွားရာတွင် ခရီးအကြား၌ ဝေဒိသကမြို့သို့ရောက်လေသော် ထိုမြို့၌ 'ဒေဝ'အမည်ရှိသော သူဌေးကြီး၏သမီးဖြစ်သော အလွန်တင့်တယ် ရှုချင်ဖွယ်ရှိသော ဘုန်းလက္ခဏာနှင့်ပြည့်စုံသော 'ဒေဝီ'အမည်ရှိသော သတို့သမီးကိုမြင်၍ မိဖုရားပြုပြီးလျှင် ထိုမြို့တွင်ပင် အတန်ကြာနေ၏။ ထိုမိဖုရားမှ မဟိန္ဒမင်းသားကို ဥဇ္ဇေနီမြို့၌ဖွားမြင်၍ မင်းသား နှစ်နှစ်ရှိလတ်သော် သမီးတော် သင်္ဃမိတ္တာကို ဖွားပြန်၏။ ထိုသားတော် သမီးတော်တို့ ခုနစ်နှစ်ရွယ်ရှိမှ ဓမ္မာသောကမင်းသည် ခမည်းတော်၏အရိုက်အရာဖြစ်သော ရွှေထီးရွှေနန်းကို ရလေသည်။ ထိုအခါ မိဖုရားသည် ဝေဒိသကမြို့၌ပင် နေလေသတည်း။

ထို့ကြောင့် ရှင်မဟိန္ဒသည် မယ်တော်နှင့်တကွ ဆွေမျိုးတို့အား ချီးမြှောက်ခြင်းငှာ ဝေဒိသကမြို့သို့ကြွ၍ နေတော်မူသတည်း။ ထိုသို့နေသောအခါ မယ်တော်မိဖုရား၏ ညီမတော်၏ သမီး၏သားဖြစ်သော ဘဏ္ဍုကမည်သော သူငယ်သည် မယ်တော်အား ဟောသောတရားကို နာရသဖြင့် အနာဂါမိဖိုလ်သို့ ရောက်သည်ဖြစ်၍ မဟိန္ဒထေရ်၏ထံတော်၌ပင် နေ၏။ ဝေဒိသကဂိရိကျောင်း၌နေ၍ တစ်လစေ့သဖြင့် နယုန်လပြည့်သို့ရောက်သောအခါ သိကြားမင်းသည် အရှင်မဟိန္ဒ၏ထံတော်သို့ ကပ်လာ၍ "အရှင်ဘုရား၊ မြတ်စွာဘုရားသည် နောင်သောအခါ ငါ၏တပည့်တော်ကြီးဖြစ်သော မဟိန္ဒထေရ်မြတ်သည် သီဟိုဠ်ကျွန်းသူတို့ကို ကြည်ညို စေလျက် ငါ၏သာသနာကို ပြုရစ်လတ္တံ့ဟု ဗျာဒိတ်စကားကြားတော်မူခဲ့ပါသည်။ အရှင်ဘုရားသည် သီဟိုဠ်ကျွန်းသို့ ကြွခြင်းငှာ အခါတန်ပါပြီ ကြွတော်မူပါ၊ အကျွန်ုပ်လည်း ထောက်ပံ့ ချီးမြှင့်ပါမည်"ဟု လျှောက်လာ၏။ ထိုအရှင်မဟိန္ဒထေရ်မြတ်သည် ဣဋ္ဋိယ, ဥတ္တိယ, သမ္ဗလ, ဘဒ္ဒသာလဟူသော မထေရ်လေးဦး တူတော် သုမနသာမဏေ, ဘဏ္ဍုကမည်သော လူသီတင်းသည် ဤခုနစ်ဦးသော အခြံအရံနှင့်တကွ ဝေဒိသကဂိရိကျောင်းမှသည် နယုန်လပြည့်နေ့ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ ဤသီဟိုဠ်ကျွန်း မိဿကတောင်ထိပ်ဝယ် အလွန် မွေ့လျော်ဖွယ်ရှိသော အမ္ဗဋ္ဌအပြင်၌ သက်ဆင်း၍ တည်တော်မူ၏။

**'ပပဉ္စပဒေါရုဝံသ'အမည်ရှိသော မဟာဝံသကျမ်း၌ (၂၁) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော 'မဟိန္ဒာဂမန' အမည်ရှိသော တေရသမအပိုင်းအခန်းကား ပြီး၏။**

---

# နဂရပ္ပဝေသနကဏ္ဍ၊ စုဒ္ဒသမပိုင်း

## ၁၇-အရှင်မဟိန္ဒသည် သီဟိုဠ်ကျွန်းသို့ကြွရောက်၍ တရားဟောတော်မူခြင်း

### ရှင်မဟိန္ဒနှင့် မင်းတွေ့ခြင်း

ဒေဝါနံပိယတိဿ မင်းသားလည်း မြို့၌နေကုန်သော လူတို့အား သဘင်ကစားခြင်းကို နှိုးဆော်ခဲ့၍ မိမိသည် တောကစားလှည့်လည်ခြင်းငှာ လေးသောင်းသော ဗိုလ်ပါခြံရံလျက် ခြေဖြင့်သာလျှင် မိဿကတောင်သို့သွားလေသော် တောင်၌စောင့်နေသော နတ်သည် မထေရ်မြတ်တို့ကိုပြခြင်းငှာ အလိုရှိရကား *စိုင်၏အသွင်ကိုဆောင်၍

---

* 'ဓါကဏ္ဍ' (မဟာဝင်ပါဠိ) 'ရောဟိတမိဂ' (ပါရာဇိကအဋ္ဌကထာ ၅၁) 'ရောဟိတမိဂရူပန္တိ ဓါကဏ္ဍမိဂဝေသံ' (သာရတ္ထဒီပနီဋီကာ–၁၄၉)။ မဟာဝင်ဝတ္ထုမှုရင်း၌ကား ကြံ့ဟုရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



တောရျှုကို စားလျက်နေ၏။ မင်းကြီးလည်း ထိုစိုင်ကိုမြင်လျှင် မေ့လျော့စဉ် လေးနှင့်ပစ်ခြင်းငှာ မသင့်သေး၊ ပြေးသောအခါမှ ပစ်အံ့ဟုကြံ၍ လေးညှို့ကိုဖြန့်၏။ လေးညှို့ဖြန့်သံကိုကြားသော် စိုင်သည် တောင်ကြားသို့ပြေးလေသဖြင့် မထေရ်မြတ်တို့၏အနီးသို့ရောက်သော် ကွယ်လေ၏။

စိုင်ကို အစဉ်လိုက်သဖြင့် မဟိန္ဒထေရ်ကိုမြင်သည့်ရှိသော် အရှင်မြတ်ကလည်း မင်းသည် တစ်ယောက်ချင်းလာသောအခါဖြစ်သည်၊ ငါတို့ ခုနစ်ဦးလုံးကိုမြင်ရသော်ကြောက်လတ္တံ့. ငါတစ်ဦးကိုသာ မြင်စေအံ့ဟု ကြံတော်မူ၍ ကိုယ်တော်တစ်ပါးတည်းကိုသာ မြင်စေ၏။ မင်းကြီးလည်း ကြောက်လန့်ရကား ရပ်တန့်၍ကြည့်၏။ အရှင်ကလည်း "အချင်းတိဿ၊ ငါ၏ထံသို့ လာလော့ လာလော့" ဟု ခေါ်ပေ၏။ မင်းကြီးကလည်း ဤကျွန်းတွင် ငါ့ကို ငယ်မည်ဖြင့် ခေါ်ဝံ့သောသူမရှိ၊ ယခု ခေါ်သောသူကား နတ်ဘီလူးဖြစ်လတ္တံ့. ဟု အကြံဖြစ်၏။ အကြံကို သိ၍ မထေရ်မြတ်ကလည်း "အချင်း တိဿ၊ ငါတို့ကား တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား၏ တပည့်သားဖြစ်သော ရဟန်းတော်တို့တည်း။ သင်မင်းကြီးအား သနားသောကြောင့် ချီးမြှောက်ခြင်းငှာ သီဟိုဠ်ကျွန်းသို့ လာခဲ့သတည်း။ သင် မကြောက်လင့် ဤအပါး၌သာ ထိုင်လာလော့"ဟု ဆိုတော်မူ၏။

ထိုစကားကိုကြားသောအခါမှ ဒေဝါနံပိယတိဿမင်းလည်း ကြောက်ခြင်းမှ ကင်းသည်ဖြစ်၍ ငါ၏အဆွေဖြစ်သော ဓမ္မာသောကမင်း မှာလိုက်သော သတင်းစကား၌ပါသော ရဟန်းသံဃာဟူသည်ကား ဤအရှင်ပင်တည်းဟု နှလုံးသွင်းလျက် လက်၌ပါသော လေးကိုလည်းကောင်း, မြားကိုလည်းကောင်း ချ၍ အရှင်မြတ်၏အနီးသို့ကပ်၏။ မထေရ်မြတ်လည်း လျောက်ပတ်သော အာလာပ သလ္လာပ စကားဖြင့် ဝမ်းမြောက်စွာ ပြောဟောတော်မူလျက်နေ၏။ ထိုအခါ နောက်မှလိုက်လာသော ဒေဝါနံပိယတိဿမင်း၏ အမတ်ပရိသတ်တို့သည် မင်းကို ခြံရံလျက် တည်ကုန်၏။ မဟာမဟိန္ဒအရှင်မြတ်လည်း မိမိနှင့်တကွလာသော မထေရ်တို့ကို ထင်ရှားစွာမြင်စေ၏။

မင်းကြီးလည်း ထိုအရှင်တို့ကို မြင်လေသော် "အရှင်ဘုရား၊ ဤအရှင်တို့သည် အဘယ်အခါက လာကုန်သနည်း" ဟု မေး၏။ "မင်းကြီး၊ ငါနှင့် အတူတကွပင် လာသည်။ သင်မင်းကြီး တစ်ယောက်ချင်းတွေ့၍ ငါတို့ ခုနစ်ဦးလုံးမြင်လျှင် ကြောက်လန့်ရာသောကြောင့် ငါတစ်ဦးတည်းကိုသာ မြင်စေသည်" ဟု မိန့်တော်မူ၏။ မင်းကြီးကလည်း "အရှင်ဘုရား၊ ဇမ္ဗူဒိပ်ကျွန်း၌ ဤသို့ သဘောရှိကုန်သော တစ်ပါးကုန်သော ရဟန်းတို့သည် ရှိကုန်သေးသလော" ဟု မေးလျှောက်၏။ "မင်းကြီး၊ ဇမ္ဗူဒိပ်ကျွန်းသည် ရဟန်းတို့၏ သင်္ကန်းရောင်ဖြင့် ပြောင်ပြောင်တောက်ပ၏။ ဤကျွန်း၌ကား ဝိဇ္ဇာသုံးပါး ရှိကုန်သော၊ တန်ခိုးအထူးသို့ ရောက်ကုန်သော၊ စေတောပရိယဉ်၌ လိမ္မာကုန်သော ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတနှင့် ပြည့်စုံကုန်သော ရဟန္တာဖြစ်ပြီးကုန်သော ဘုရားတပည့်တော်တို့သည် အလွန်များကုန်၏" ဟူ၍ မိန့်တော်မူ၏။

"အရှင်ဘုရား... အရှင်မြတ်တို့သည် အဘယ်ခရီးဖြင့် ကြွလာကုန်သနည်း" ဟု မေးလျှောက်သော် "မင်းကြီး၊ ငါတို့ကား ကြည်းကြောင်းခရီးဖြင့်လည်းမလာ, ရေကြောင်းခရီးဖြင့်လည်းမလာ" ဟု ဆိုပေသော် ဒေဝါနံပိယတိဿမင်းလည်း ကောင်းကင်ခရီးဖြင့် လာသည်ဟု သိလေလျှင် "အဘယ်ရက်၌ လာသနည်း" ဟု လျှောက်သော် "ယနေ့နံနက်အခါ ဇမ္ဗူဒိပ်ကျွန်း ဝေဒိသကကျောင်းမှ ဆွမ်းဘုဉ်းပေးပြီးမှ ကြွလာခဲ့သည်" ဟု ဆိုပေသော် စိတ်နှင့်ထပ်တူပင် ရောက်ပေသည်ဟု အံ့ဘွယ်သရဲသော စိတ်သည် ဖြစ်၏။ ပညာတော်ကြီးလှသော မဟာမဟိန္ဒထေရ်မြတ်လည်း မင်းကြီးအား ငါ တရားဟောသော် သိလွယ်သော ဉာဏ်ရှိပါအံ့လောဟု စုံစမ်းခြင်းငှာ သိမ်မွေ့သောပြဿနာကို ဤသို့ မေး၏။

"မင်းကြီး ငါ ပြဿနာမေးအံ့၊ ဖြေနိုင်အံ့လော" ဟု မေးသော် "အရှင်ဘုရား၊ မေးတော်မူပါ" ဟု ခွင့်ပေး၏။ "မင်းကြီး၊ ဤသစ်ပင်သည် အဘယ်အမည်ရှိသနည်း" ဟု မေး၏။ "အရှင်ဘုရား၊ သရက်ပင်မည်ပါ၏" ဟု ဆိုလျှင် "မင်းကြီး၊ ဤသရက်ပင်ကိုလွှတ်၍ တစ်ပါးသော သရက်ပင်ရှိသလော" ဟု မေး၏။ "အရှင်ဘုရား၊ များစွာသော သရက်ပင်တို့သည် ရှိပါ၏" ဟု လျှောက်သော် "မင်းကြီး၊ ဤသရက်ပင်ကို လည်းကောင်း, တစ်ပါးသော သရက်ပင်ကိုလည်းကောင်း လွှတ်၍ သစ်ပင်တို့သည် ရှိကုန်သေး၏လော" ဟု မေး၏။ "အရှင်ဘုရား၊ များစွာသော သစ်ပင်တို့သည် ရှိကုန်၏။ ထိုသစ်ပင်တို့ကား သရက်ပင် မဟုတ်ကုန်" ဟု လျှောက်သော် "မင်းကြီး၊ တစ်ပါးကုန်သော သရက်ပင်တို့ကို လည်းကောင်း, သရက်ပင်မဟုတ်သော သစ်ပင်တို့ကို လည်းကောင်း လွှတ်ထား၍ အခြားသစ်ပင် ရှိကုန်သေးသလော"ဟု မေး၏။ "အရှင်ဘုရား၊ ဤသရက်

www.burmeseclassic.com

www.burmeseclassic.com



ပင်သည် ရှိပါ၏" ဟု လျှောက်သော် မင်းကြီးသည် ပညာရှိပေစွဟု ချီးမွမ်းတော်မူ၏။

"မင်းကြီး၊ သင်အား ဆွေမျိုးတို့သည် ရှိသလော" ဟု မေး၏။ "အရှင်ဘုရား၊ ဆွေမျိုးကား အများပင် ရှိပါ၏" ဟု လျှောက်သော် "အဆွေမတော်သောသူကား ရှိပါ၏လော" ဟု မေးပြန်၏။ "အရှင်ဘုရား၊ ဆွေမျိုးဖြစ်သောသူထက် အဆွေမတော်သောသူသည် များပါ၏" ဟု လျှောက်သော် "မင်းကြီး၊ ဆွေမျိုးတော်သောသူကို လည်းကောင်း, ဆွေမျိုးမတော်သောသူကို လည်းကောင်း ထား၍ အခြားသောသူရှိ၏လော" ဟု မေးလျှင် "အရှင်ဘုရား၊ အကျွန်ုပ်သာလျှင် ရှိပါ၏" ဟုလျှောက်သော် မင်းကြီးသည် ပညာရှိပေစွဟု ချီးမွမ်း၏။ ဤသို့ ချီးမွမ်းပြီးလျှင် "သင်မင်းကြီးသည် ငါတို့ဆရာ မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို နာဦးလော" ဟု မိန့်တော်မူ၍* (စူဠဟတ္ထိပဒေါပမသုတ္တန်) ကို ဟောတော်မူ၏။ ဒေသနာတော်၏ အဆုံး၌ ဒေဝါနံပိယတိဿမင်းသည် လေးသောင်းမျှလောက်သော ပရိသတ်နှင့်တကွ သရဏဂုံတည်သော ဥပါသကာအဖြစ်သို့ ရောက်လေ၏။

ထိုအခါ ဒေဝါနံပိယတိဿမင်းအား နေလွဲ ပွဲတော်တည်ချိန်အခါ ရောက်ပြီဖြစ်၍ မှူးမတ် မင်းချင်းတို့သည် စားတော်ထမင်း အဖျော်တို့ကို ဆက်လာကုန်၏။ မင်းကြီးသည် တရားတော်ကို နာရပြီးဖြစ်၍ ဤအရှင်တို့သည် ဤအချိန်အခါ၌ အာဟာရ မစားကုန်ဟု သိ၏။ သိသော်လည်း မမေးမူ၍စားခြင်းငှာ မသင့်ဟု အောက်မေ့ပြီးလျှင် "အရှင်ဘုရားတို့၊ ယခု ထမင်းသုံးဆောင်တော်မူအံ့လော" ဟု လျှောက်၏။ "မင်းကြီး၊ ဤအခါ၌ ငါတို့ မစားကုန်" ဟု ဆိုလျှင် "အရှင်ဘုရား၊ အဘယ်အခါ၌ စားပါသနည်း" ဟု မေး၏။ "မင်းမြတ်၊ နံနက်အရုဏ်တက်မှသည် မွန်းတည့်တိုင်အောင် ဤအခါ၌သာ စားရသည်" ဟု ပြော၏။

မင်းလည်း သင့်တင့်ရာ၌နေ၍ စားတော်မူပြီးသော် "အရှင်ဘုရား၊ မြို့သို့ သွားကြကုန်အံ့၊ အရှင်တို့လည်း ကြွတော်မူပါ" ဟု ပင့်လျှောက်၏။ "မင်းကြီး၊ သင်သာလျှင် မြို့သို့ သွားလေလော့၊ ငါတို့ကား ဤအရပ်၌ပင် နေကြကုန်အံ့"ဟု ဆို၏။ "အရှင်ဘုရား၊ ဤတောင်ထက်၌ အရှင်မြတ်တို့နေလိုတပြီးကား ဤဘဏ္ဍုက သူငယ်ကို ကျွန်ုပ်တို့နှင့်တကွ မြို့သို့လိုက်ပါစေလော့" ဟု လျှောက်ဆို၏။ မဟိန္ဒထေရ်မြတ်ကလည်း "မင်းကြီး၊ ဤသူငယ်သည် ရောက်အပ်ပြီးသော အနာဂါမိဖိုလ်ရှိ၏။ သိအပ်ပြီးသော ဘုရားအဆုံးအမတော် ရှိ၏။ ရဟန်းအဖြစ်ကိုသာလျှင် အလွန်အလိုရှိ၏။ ထို့ကြောင့် ငါတို့နှင့်ပင် နေရစ်ပါစေလော့ ယနေ့ပင်လျှင် ဤသူငယ်ကို ရှင်ရဟန်းပြုကုန်အံ့၊ မင်းကြီးတို့ သည်သာလျှင် မြို့သို့သွားကြကုန်လော့"ဟု ဆိုပေ၏။

ဒေဝါနံပိယတိဿမင်းလည်း မထေရ်တို့ကို ရှိခိုး၍ အတန်ငယ် ခွာခဲ့ပြီးလျှင် ဘဏ္ဍုကသူငယ်ကို သင့်တင့်ရာအရပ်သို့ခေါ်၍ မထေရ်၏အမျိုးအမည်ကို မေး၏။ ဘဏ္ဍုကသူငယ်ကလည်း ဤမဟိန္ဒမည်သော အရှင်မြတ်သည် ဓမ္မာသောကမင်းကြီး၏ မိဖုရားဦးရီးဖြစ်သော ဝေဒိသကဒေဝီမှ ဖွားသော သားတော်အကြီးပင်တည်း။ ထိုအရှင်၏နှမတော် သင်္ဃမိတ္တာမင်းသမီးသည် ဘိက္ခုနီမပြု၍ နေသည်။ ယခု ပါလာသော သုမနသာမဏေသည် ထိုသင်္ဃမိတ္တာ၏သားပင်တည်း။ ကျွန်ုပ်လည်း အရှင်မဟိန္ဒ၏မယ်တော် မိဖုရား၏ညီမတော်သမီး၏ သားပင်တည်း။ ဤသို့ စသည်ဖြင့် အလုံးစုံသော အကြောင်းတို့ကို စေ့စုံစွာပြောကြားပေသော် ဒေဝါနံပိယတိဿမင်းလည်း ငါ၏အဆွေတော်ဖြစ်သော ဓမ္မာသောကမင်း၏သားတော် မြေးတော်တို့ပေတကားဟု သိ၍ ငါသည် ဤအရှင်ကောင်းတို့ကို အလွန်အရတော်ပေစွဟု အတိုင်းထက်အလွန် ဝမ်းမြောက်လှသော စိတ်ရှိသည်ဖြစ်၏။ မင်းကြီးလည်း ဘဏ္ဍုကသည် လူဖြစ်သောကြောင့် ဤအရှင်ရဟန်းမြတ်တို့ကား လူမျိုးစင်စစ်ပင်တည်းဟု ယုံမှားခြင်းမရှိဘဲ သိတော်မူလေသတည်း။ ယင်းသို့သိပြီးမှ "အရှင်ဘုရားတို့၊ နက်ဖြန်နံနက်အခါ၌ အရှင်မြတ်တို့၏ထံသို့ ရထားကိုလွှတ်ပါအံ့၊ ရထားကိုစီး၍ ကြွတော်မူပါ" ဟု လျှောက်ပြီးလျှင် မြို့သို့ပြန်တော်မူ၏။ အရှင်မဟိန္ဒလည်း သိစေလိုရင်းကိစ္စသည် ပြီးစီးရကား ဤဘဏ္ဍုကသူငယ်ကို ရဟန်းပြုကြကုန်ဟု မိန့်တော်မူ၍ ထိုမိဿကတောင်တည်းဟူသော ဂါမသိမ်၌ပင်လျှင် အရှင်မြတ်ငါးဦးတို့သည် ရှင်ပြု၍ ပဉ္စင်းခံတော်မူ၏။ ဘဏ္ဍုကလည်း ရဟန်းဖြစ်ပြီးလျှင်ပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထို့နောင်မှ တူတော် သုမနသာမဏေကိုခေါ်၍ "ဤတောင်၏ ထက်ဝန်းကျင်၌နေသော နတ်အပေါင်းတို့ကို တရားနာ ကြွေးကြော်လော့"ဟု မိန့်တော်မူ၏။ "အဘယ်မျှလောက်သော အရပ်ထိကြားအောင် ကြွေးကြော်ရပါအံ့နည်း"ဟု လျှောက်သော် "အလုံးစုံသော သီဟိုဠ်ကျွန်း

---

* မဇ္ဈိမနိကာယ်။ မူလပဏ္ဏာသပါဠိတော် (၂၇) စူဠဟတ္ထိပဒေါပမသုတ်—၂၀၃။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကျွန်းလုံးကြားအောင် ကြွေးကြော်လော့”ဟု မိန့်တော်မူ၏။ သုမနသာမဏေလည်း စတုတ္ထဈာန်ပဒကဋ္ဌိပါဒ်ကို လွှတ်ပြီးလျှင် ယူဇနာသုံးရာအဝှမ်းရှိသော သီဟိုဠ်ကျွန်းအလုံးကို ကြားစေလျက် တရားနာအံ့သောအခါကို ကြွေးကြော်၏။

ဒေဝါနံပိယတိဿမင်းလည်း မြို့သို့မရောက်သေးဘဲ နာဂစတ္တမည်သော ထုံးအိုင်နားဌ် ညဥ့်စာစားနေစဉ် ထိုအသံကိုကြား၍ အရှင်မြတ်တို့အား ဥပဒ္ဒဝါဖြစ်လေသလောဟု အောက်မေ့၍ ထိုအရှင်တို့ထံသို့ တမန်စေလိုက်၏။ မထေရ်တို့ကလည်း ငါတို့အား ဥပဒ္ဒဝါမရှိ၊ မြတ်စွာဘုရား၏စကားတော်ကို နတ်အများ နာစိမ့်သောငှာ အခါကို ကြွေးကြော်စေသော အသံတည်းဟု မိန့်တော်မူလိုက်၏။

သုမနသာမဏေ၏အသံကို ကြားကုန်သော် ဘုမ္မစိုးနတ်တို့သည် တစ်ဆင့် ကြွေးကြော်ကုန်၏။ ထိုနတ်တို့အသံကိုကြားသဖြင့် အာကာသစိုးနတ်တို့သည် တစ်ဆင့် ကြွေးကြော်ကုန်၏။ ဤသို့ အဆင့်ဆင့် ကြွေးကြော်ကြသဖြင့် ဗြဟ္မာ့ပြည်တိုင်အောင် ရောက်လေ၏။ ယင်းသို့ ကြွေးကြော်သံကိုကြား၍ များစွာသော နတ်တို့၏ အစည်းအဝေးသည် ဖြစ်လေသတည်း။ အရှင်မြတ်သည်လည်း ထိုနတ်တို့၏ အစည်းအဝေး၌ •သမစိတ္တသုတ္တန်ကို ဟောလေ၏။ ဒေသနာတော်၏အဆုံး၌ မရေတွက်နိုင်ကုန်သော နတ်တို့၏ဓမ္မာဘိသမယသည် ဖြစ်ကြလေကုန်သတည်း။ များစွာကုန်သော နဂါး ဂဠုန်တို့သည်လည်း သရဏဂုံသုံးပါး၌ တည်လေကုန်၏။

### ပထမစေတီ

ဘုရားသခင်၏ လက်ထက်တော်၌ အရှင်သာရိပုတြာသည် ဤသမစိတ္တသုတ်ကို ဟောသောအခါ များစွာသော နတ်အစည်းအဝေးသည် ဖြစ်သကဲ့သို့ အရှင်မဟိန္ဒ၏ ဤသုတ်ကို ဟောရာ၌လည်း များစွာသောနတ်တို့၏ အစည်းအဝေးသည် ဖြစ်သတည်း။ မင်းကြီးသည်လည်း မိုးသောက်သောအခါ ရထားမှူးကိုခေါ်၍ “ငါ စီးတော်မူသောရထားဖြင့် အရှင်များကို တင်ဆောင်ချေ”ဟု စေတော်မူ၏။ ရထားထိန်းလည်း မင်းစေသောအတိုင်းသွား၍ “အရှင်ဘုရားတို့ ရထားသို့ တက်တော်မူပါ မြို့သို့ဆောင်ပါအံ့”ဟု လျှောက်၏။ မထေရ်တို့ကလည်း “ရထားထိန်း၊ ငါတို့ကား ရထားမစီးကုန်၊ သင် သွားလင့်လော့၊ ငါတို့ နောက်ကလိုက်ခဲ့အံ့”ဟု ဆို၍ ရထားထိန်းကို လွှတ်လိုက်ပြီးလျှင် အရှင်မြတ်ခုနစ်ပါးတို့သည် ကောင်းကင်ဖြင့် ကြွလာ၍ အနုရာဓမြို့၏ အရှေ့တံခါးဝ၌ သက်ကြ၏။

ထိုသက်ရာဌာနကို နောင်အခါ၌ လူတို့ပူဇော်ရာဖြစ်စိမ့်သောငှာ စေတီတည်လေ၏။ ထိုစေတီကို ‘ပထမစေတီ’ ဟု သမုတ်သတည်း။ ဒေဝါနံပိယတိဿမင်းလည်း ညဥ့်အခါကပင် အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးစကားကို နန်းတွင်းသူ မောင်းမတို့အား ပြောကြားလေသဖြင့် နန်းတွင်းသူအပေါင်းတို့လည်း အရှင်တို့ကို အလွန်အမြတ် ဖူးမြင်လိုရကား မင်းအိမ်တော်၏ အတွင်း၌သာလျှင် ဖြူသောအဝတ်တို့ဖြင့် နေရာကိုခင်းလျက် ဖြူသောပုဆိုး ဗိတာန်ကြက်သော နှစ်သက်မွေ့လျော်ဖွယ်ရှိသော မဏ္ဍပ်ကို ပြုပြင်စီမံ၏။ အရှင်မြတ်တို့၏ တရားနာစဉ်ကပင် ရဟန်းတို့သည် မြင့်သောနေရာ၌ နေခြင်းမှကြဉ်၏ဟူသော စကားကိုကြားနာရသည်အဖြစ်ကြောင့် ငါ ပြုပြင်အပ်သောနေရာ၌ အရှင်ကောင်းတို့သည် နေပါအံ့လောဟု တွေးတောယုံမှားခြင်းသည်ဖြစ်၏။

ရထားထိန်း ပြန်လာခဲ့၍ မြို့တံခါး၌ သက်နှင်းရုံလျက် နေကြသော မထေရ်ခုနစ်ပါးတို့ကိုမြင်လျှင် အလွန်အံ့သြလျက် ကြည်ညိုသော စိတ်သည်ဖြစ်၍ လျင်မြန်စွာဝင်၍ မင်းကြီးအား လျှောက်လေ၏။ “အကျွန်ုပ်သည် စေတော်မူလိုက်သောအတိုင်းသွား၍ ရထားသို့ တက်တော်မူပါ”ဟု လျှောက်လျှင် အရှင်မြတ်တို့က “ငါတို့ရထားမစီးကုန် သွားလင့်တော့ ငါတို့ နောက်မှလာအံ့”ဟုဆို၍ ကျွန်ုပ် မြန်စွာ လာခဲ့သော် အရှင်ကောင်းတို့ကို မြို့တံခါးဝ၌ အလျင်ရောက်၍ ဖူးမြင်ရချေသည် အံ့ဖွယ်သရဲသော အရှင်တို့ပေတည်း” ဟု လျှောက်၏။

မင်းကြီးလည်း ထိုစကားကိုကြားသော် အရှင်မြတ်တို့ကား ရထားကိုမှ မစီးချေသော် ငါခင်းထားသော အင်းပျဉ်နေရာတို့၌ မနေပေရာဟု နှလုံးပြု၍ သာခုခေါ်ပြီးလျှင် နန်းရင်ပြင်၌ မဏ္ဍပ်ကိုပြု၍ မြေ၌ အခင်းတို့ကို ခင်းကြကုန်လော့ဟုဆို၍ မထေရ်တို့ကို ခရီးဦးကြိုဆိုခြင်းငှာ သွားလေ၍ ရိုသေစွာရှိခိုးပြီးလျှင် အရှင်မဟိန္ဒ၏ လက်တော်မှ သပိတ်ကိုလှမ်းယူ၍ ပူဇော်သက္ကာရအထူးဖြင့် ချီးမြှင့်လျက် နန်းတွင်းသို့သွင်း၏။ နိမိတ်ဖတ်တတ်သော ပညာရှိတို့သည် မြေ၌ နေရာခင်းသည်ကိုမြင်၍ ဤအရှင်တို့သည် သီဟိုဠ်ကျွန်းမြေကို ယူအပ်ကုန်ပြီ။ ဤကျွန်းအလုံးကို သိမ်းကျုံး၍ အစိုးရသည်ဖြစ်လတ္တံ့ဟု ဆိုကြကုန်၏။

• ဒုကင်္ဂုတ္တိုရ်ပါဠိတော် ၄ သမစိတ္တဝဂ်၊ ပဌမသုတ် ၅၇။

www.burmeseclassic.com



ဒေဝါနံပိယတိဿမင်းလည်း မထေရ်မြတ်တို့ကို နန်းတွင်းသို့ ပင့်ဆောင်၍ ပုဆိုးအခင်း ရှိသောနေရာ၌ နေစေပြီးသော် မင်း၏ကိုယ်တိုင်ပင် ယာဂု ခဲဘွယ်ဘောဇဉ်တို့ဖြင့် လုပ်ကျွေး၏။ ဆွမ်းဘုဉ်းပေးပြီးသော် မိမိသည် သင့်လျော်သောနေရာ၌ ထိုင်၍ခစား၏။ ထိုအခါ မင်းအိမ်၌ နေသော (ညီတော် မဟာနာဂ)မည်သော အိမ်ရှေ့မင်း၏ မိဖုရားဖြစ်သော အနုဠာဒေဝီကိုလည်း ခေါ်တော်မူ၏။ အနုဠာဒေဝီသည်လည်း မိန်းမပေါင်းငါးရာနှင့်တကွလာ၍ မထေရ်မြတ်တို့ကို ရှိခိုးပူဇော်လျက် သင့်လျော်သော အရပ်မှနေ၏။ မဟိန္ဒထေရ်မြတ်တို့သည်လည်း ထိုပရိသတ် အစည်းအဝေး၌ **ပေတဝတ္ထု**ကိုလည်းကောင်း, **ဝိမာနဝတ္ထု**ကိုလည်းကောင်း, ***သစ္စသံယုတ်**ကိုလည်းကောင်း ဟောတော်မူ၏။ ဒေသနာတော်၏အဆုံး၌ ထိုမိန်းမအပေါင်းတို့သည် သောတာပတ္တိဖိုလ်၌ တည်လေကုန်၏။

များစွာကုန်သော ပြည်သူပြည်သားတို့သည် ယမန်နေ့က မင်းနှင့်တကွ မိဿကတောင်ထက်တွင် အရှင်မြတ်တို့ကို ဖူးမြင်ခဲ့ရသောသူတို့က ပြောဆိုသော မထေရ်မြတ်တို့၏ဂုဏ်ကျေးဇူးစကားကို ကြားရသဖြင့် ဖူးမြင်ခြင်းငှာ အလိုရှိကုန်ရကား များစွာ တညီတညွတ် လာကုန်၍ မင်းအိမ်တံခါးဝ၌ တိုးမအားမျှ စည်းဝေးကုန်၍ အုတ်အုတ်ကျက်ကျက်သော အသံကို ပြုကုန်၏။

မင်းကြီးလည်း ထိုအသံကိုကြားလေသော် ဤနေရာကား ပြည်သူတို့စည်းဝေးခြင်းငှာ မတတ်ကောင်း အလွန်ကျဉ်းမြောင်း၏။ မင်္ဂလာဆင်တော်ထားရာ တင်းကုပ်၌ မထေရ်တို့ကို ကိန်းဝပ်စေ၍ ဖူးမြင်စေမှ သင့်မည်။ ထို့ကြောင့် ဆင်တော် တင်းကုပ်ကို သုတ်သင်၍ ပုဆိုးဇိတာန်တို့ဖြင့် တန်ဆာဆင်သောနေရာကို ခင်းချေလော့ဟု စေ၏။ မြတ်သော ဓမ္မကထိကဖြစ်သော မဟာမဟိန္ဒထေရ်မြတ်သည်လည်း အခြံအရံနှင့်တကွ ဆင်တင်းကုပ်သို့ ကြွ၍နေတော်မူပြီးသော် စည်းဝေးရောက်လာသော ပြည်သူတို့အား **ဒေဝဒူတသုတ္တန်**ကို ဟောတော်မူ၏။ ထိုတရားဒေသနာကို ကြားနာရသော သူတို့သည် အလွန်ကြည်ညိုကုန်ရကား သရဏဂုံသီလ၌ တည်ကုန်လေသတည်း။ တစ်ထောင်မျှလောက်ကုန်သော သူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကုန်သတည်း။

* မဟာဝဂ္ဂ (၁၂) သစ္စသံယုတ်ပါဠိတော် ၂၉၈။

ဤသို့ **လင်္ကာမည်သော ဘီလူးမင်း၏နေရာကျွန်းဖြစ်၍ လင်္ကာဒီပအမည်ရှိသော သီဟိုဠ်ကျွန်း၌ မြတ်စွာဘုရားနှင့် အလားတူတော်မူသော မဟာမဟိန္ဒထေရ်မြတ်သည် နန်းရင်ပြင်၊ ဆင်တင်းကုပ်အားဖြင့် †နှစ်ပါးသော ဌာနတို့၌ စည်းဝေးသမျှသော ဒါယကာတို့အား သီဟိုဠ်ကျွန်းသူတို့၏ ဘာသာဖြင့်သာလျှင် တရားဟောတော်မူ၍ သူတော်ကောင်း၏အဖြစ်သို့ သက်ဝင်စေတော်မူ၏။

**'ပပဉ္စပဒေါရဝံသ'အမည်ရှိသော မဟာဝံသကျမ်း၌**
**(၆၅) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော**
**'နဂရပ္ပဝေသန'အမည်ရှိသော**
**စုဒ္ဒသမအပိုင်းအခန်း ပြီး၏။**

# မဟာဝိဟာရ ပဋိဂ္ဂဟဏကထာ ပန္နရသမပိုင်း

## ၁၈-ဒေဝါနံပိယတိဿမင်းကြီးသည် မဟာဝိဟာရကျောင်း တိုက်ကြီးကို ပြုစုလှူဒါန်းခြင်း

**မဟာမေဃဝန်**

ပြည်သူပြည်သားတို့သည်လည်း တစ်ယောက်သည် တစ်ယောက်အား ဆင့်ကာဆင့်ကာ ပြောကြားသဖြင့် ထပ်ခါထပ်ခါ စည်းဝေးလာသော လူအပေါင်းတို့သည် များလှရကား မင်္ဂလာဆင်တော် တင်းကုပ်သည် ကျဉ်းကျပ်လှသည်ဟူ၍ မင်းအား လျှောက်ကြားပြီးလျှင် အနုရာဓမြို့ပြင်ဖြစ်သော တောင်တံခါးဝ၌ တည်သော တစ်ခဲနက်အရိပ်ရှိလျက် နေဇာမြက်တို့ဖြင့် တင့်တယ်သော အလွန်မွေ့လျော်ဖွယ် သာယာပြန့်ပြူးသော နန္ဒဝန်အမည်ရှိသော မင်းဥယျာဉ်သည် ရှိ၏။ ထိုဥယျာဉ်၌ နေရာတို့ကိုခင်းပြီးလျှင် အရှင်မြတ်ကို ပင့်ဆောင်၏။

မဟာမဟိန္ဒထေရ်လည်း သံဃာတော်တို့နှင့်တကွ မြို့မှထွက်ကြွ၍ နန္ဒဝန် ဥယျာဉ်တွင်း၌ သီတင်းသုံးနေတော်မူလျှင် ဖူးမြင်လိုကြသော များလှစွာကုန်သော မင်းမျိုး, ပုဏ္ဏားမျိုး, သူဌေးမျိုး ဖြစ်ကုန်ကြသော မိန်းမတို့သည်

** လင်္ကာမိဋ္ဌာနေ ဒွီသုဋ္ဌာနေသု ထေရော၊ ဓမ္မံဘာသိတွာ (မဟာဝံသအဋ္ဌကထာ ၇၅-၆၅ သီဟိုဠ်မူ)

† ဒွီသုဋ္ဌာနေသုဒီပဘာသာယဓမ္မံဘာသိတွာ (မဟာဝံသဋီကာ ၂၃၇)

www.burmeseclassic.com



လာကြကုန်၍ ဥယျာဉ်ပြည့်မျှ ဝန်းရံလျက် ဆည်းကပ်ပူဇော်ကြကုန်၏။ မဟိန္ဒထေရ်မြတ်လည်း ထိုမိန်းမ ပရိသတ်တို့အား *ဗာလပဏ္ဍိတသုတ်ကို ဟောတော်မူ၏။ ဒေသနာတော်၏အဆုံး၌ တစ်ထောင်မျှလောက်ကုန်သော မိန်းမတို့သည် သောတာပတ္တိဖိုလ်၌ တည်လေကုန်၏။ ယင်းသို့ တရားဟောပြစဉ်ပင် ညချမ်းအခါရောက်သော် ငါတို့ ညဉ့်ကျိန်းရန်အလို့ငှာ မိဿကတောင်သို့ သွားဦးအံ့ဟု ဆိုတော်မူ၍ ဥယျာဉ်မှ ထွက်တော်မူကြ၏။

ထိုအကြောင်းကို မင်းကြီးအားလျှောက်လေကုန်သော် မင်းလည်း လျင်စွာလာ၍ "အရှင်ဘုရား၊ မိဿကတောင်သည် ဝေးလှပါ၏။ ဤနန္ဒဝန်ဥယျာဉ်၌ ကျိန်းဝပ်တော်မူပါ၊ နေရာတန်ဆောင်း ပြုပြင်ပါမည်"ဟု လျှောက်၏။ အရှင်မဟိန္ဒကလည်း "မင်းကြီး၊ ဤဥယျာဉ်သည်ကား အနုရာဓမြို့နှင့် အလွန်နီးသည်ဖြစ်၍ ရဟန်းတို့အား မလျောက်ပတ်ချေ"ဟု မိန့်တော်မူလျှင် "အရှင်ဘုရား၊ နီးလည်းမနီးလွန်း ဝေးလည်းမဝေးလွန်းသော အရပ်၌တည်သော မဟာမေဃဝန်ဥယျာဉ်သည် ရှိပါ၏။ ထိုဥယျာဉ်၌ သီတင်းသုံးခြင်းငှာ သင့်လျော်ပါသည်။ ထိုမဟာမေဃဝန် ဥယျာဉ်သည်ကား သန့်ရှင်းသာယာသည်ဖြစ်၍ မွေ့လျော်ဖွယ်ရှိလှ၏။ အရိပ်ရေနှင့်လည်းပြည့်စုံပါ၏။ အရှင်ဘုရား၊ ဤမဟာ မေဃဝန်ဥယျာဉ်၌နေခြင်းကို နှစ်သက်တော်မူပါ၊ ဤနေရာကပင် ပြန်နှင့်တော်မူပါ"ဟု လျှောက်၏။ မဟိန္ဒထေရ်မြတ်လည်း မင်းကြီးလျှောက်ထားသောအတိုင်း ပြန်နှင့်တော်မူ၏။ ကဒမ္ဗမြစ်၏အနားဖြစ်သော ပြန်လည်တော်မူရာအရပ်၌ စေတီတည်သည်ကို **'နိဝတ္တနစေတီ'**ဟု ခေါ်လေသည်။

## အနုဠာဒေဝီ

ဒေဝါနံပိယတိဿမင်းလည်း ကိုယ်တိုင်ပင် အရှင်မြတ်တို့ကို လမ်းပြ၍ နန္ဒာဝန်ဥယျာဉ်ကို လကျာ်ပြု၍ လာသဖြင့် မဟာမေဃဝန် ဥယျာဉ်၏အရှေ့တံခါးမှ ဝင်ပြီးလျှင် ထိုဥယျာဉ်၌ အစဉ်ဆောက်ထားအပ်သော မွေ့လျော်ဖွယ်ရှိလှသော မင်းအိမ်တော်သည် ရှိ၏။ ထိုမင်းအိမ်၌ အလွန်ကောင်းသော ညောင်စောင်းအင်းပျဉ်ကိုလည်း ခင်းထားသည်ဖြစ်၍ ဤနေရာ၌ ချမ်းသာစွာ နေတော်မူပါလော့ဟု လျှောက်ထား၍ မင်းကြီးသည် အမတ်ပေါင်းခြံရံလျက် မြို့တွင်းသို့ ဝင်လေ၏။ မထေရ်တို့သည်လည်း ထိုညဉ့်အခါ မဟာမေဃဝန်ဥယျာဉ်၌ပင် သီတင်းသုံးတော်မူကြ၏။

မင်းကြီးလည်း မိုးသောက်သောအခါ များစွာသော ပန်းတို့ကိုယူဆောင်ကာ လာလတ်၍ မထေရ်မြတ်တို့ကို ရှိခိုးပူဇော်ပြီးလျှင် "အရှင်ဘုရားတို့၊ ညဉ့်အခါ ချမ်းသာစွာ နေရပါကုန်၏လော၊ ဤဥယျာဉ်သည် ရဟန်းတို့အား သင့်လျော်ပါ၏လော"ဟု မေး၏။ မထေရ်မြတ်ကလည်း "မြတ်သောမင်းကြီး၊ ချမ်းသာစွာနေရပေ၏။ ဤဥယျာဉ်သည် ရဟန်းတို့အား သင့်လျော်ပေ၏"ဟု ပြောလျှင် "အရှင်ဘုရား၊ ဤဥယျာဉ်သည် ရဟန်းတို့အား အလှူခံအပ်ပါ၏လော"ဟု မေး၏။ အရှင်မဟိန္ဒကလည်း "မြတ်သောမင်းကြီး၊ ငါတို့ဆရာ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူစဉ်ကာလ၌ ဗိမ္ဗိသာရမင်းသည် ဝေဠုဝန်ဥယျာဉ်၌ ဆောက်ထားအပ်သော နန်းတော်ကို ကောင်းစွာပြု၍ ဥယျာဉ်နှင့်တကွ တင်လှူတော်မူသည်ကို ခံယူသုံးဆောင်တော်မူသည်။ ထို့ကြောင့် ရဟန်းတို့အား အလှူခံခြင်းငှာ အပ်၏'ဟု ဆို၍ ဝေဠုဝန်ကျောင်းခံတော်မူသော တရားကို ဟော၏။

မင်းကြီးလည်း ထိုတရားကိုနာရလျှင် လွန်စွာနှစ်သက်၏။ အရှင်မြတ်ကို ပူဇော်ခြင်းငှာ ဆည်းကပ်လာသော အနုဠာဒေဝီ မိဖုရားနှင့်တကွ ငါးရာသော မိန်းမတို့သည် သကဒါဂါမိဖိုလ်သို့ ရောက်ကြ၏။ ယင်းသို့ရောက်ပြီးသော် "အရှင်မင်းကြီး၊ အကျွန်ုပ်တို့သည် ရဟန်းပြုလိုပါကုန်သည်၊ အရှင်မြတ်ကို လျှောက်၍ပေးပါ"ဟု တောင်းပန်ကြ၏။ (ဒေဝါနံပိယတိဿမင်းကလည်း "အရှင်ဘုရား၊ ဤမိန်းမငါးရာကို ရဟန်းပြုတော်မူပါလော့"ဟု တောင်းပန်၏။ အရှင်မဟိန္ဒထေရ်ကလည်း "မင်းကြီး၊ ငါတို့ကား မိန်းမတို့ကို ရဟန်းပြုခြင်းငှာ မတတ်ကောင်းချေ။) ပါဋလိပုတ်ပြည်၌ ငါ၏ နှမတော်အငယ်ဖြစ်သော သင်္ဃမိတ္တာမည်သော ရဟန်းမိန်းမရှိ၏။ ထိုသင်္ဃမိတ္တာသည် မြတ်စွာဘုရားလက်ထက်တော်၌ရှိသော ဘိက္ခုနီမတို့ကဲ့သို့ များသော အတတ်ပညာ အကြားအမြင်လည်းရှိ၏။ တန်ခိုးဣဒ္ဓိပါဒ်နှင့်လည်း ပြည့်စုံ၏။ ထိုသင်္ဃမိတ္တာထေရီသည် ရဟန်းတို့၏ မင်းဖြစ်တော်မူသော ဘုရားသခင် ပွင့်တော်မူရာ မဟာဗောဓိပင်၏ ဒက္ခိဏသာခါ လကျာ်တောင်ကိုင်းကိုယူဆောင်၍ ကြွလာပါစေဟု ငါ၏ခမည်းတော်ဖြစ်သော မွန်သောကမင်းကြီး၏ထံသို့ တမန်စေလွှတ်လော့။ ငါ၏ဖခင်မင်းမြတ်လည်း စေလွှတ်လတ္တံ့၊ ထိုသင်္ဃမိတ္တာ လာရောက်သောအခါမှ မိန်းမတို့သည် ရဟန်းပြုရလိမ့်သတည်း"ဟု မိန့်တော်မူ၏။

ဒေဝါနံပိယတိဿမင်းကြီးလည်း ကောင်းပါပြီဟု ဝန်ခံ၍ မြတ်လှစွာသော ရွှေကရားကိုကိုင်ပြီးလျှင် 'ဤမံ

---

• (မဇ္ဈိမနိကာယ်။ ဥပရိပဏ္ဏာသပါဠိတော်–၂၉ ဗာလပဏ္ဍိတသုတ် ၁၈၂)။

www.burmeseclassic.com

www.burmeseclassic.com



မဟာမေဃဝနဉယျာန် သံဃဿဒေမ'ဟု ဆို၍ အရှင်မဟိန္ဒ၏လက်တော်၌ ရေစက်သွန်းချ၍ လှူလေ၏။ မြေသို့ ရေစက်ကျသည်နှင့်တစ်ပြိုင်နက် မဟာပထဝီ မြေကြီးသည် သည်းစွာတုန်လှုပ်၏။ မင်းကြီးကလည်း "အရှင်ဘုရား၊ အဘယ်အကြောင်းကြောင့် မြေလှုပ်သနည်း"ဟု လျှောက်၏။ "မင်းကြီး၊ ဤသီဟိုဠ်ကျွန်း၌ ဘုရားသခင် သာသနာတော်သည် ကောင်းစွာတည်ပေပြီဟု ကောင်းချီးပေးသောအားဖြင့် လှုပ်သတည်း"ဟု မိန့်၏။ မင်းကြီးလည်း အလွန်ဝမ်းမြောက်လှသည်ဖြစ်၍ မုလေးပန်းတို့ကို အရှင်မြတ်အား ကပ်၏။ မဟိန္ဒထေရ်မြတ်လည်း ထိုပန်းတို့ကိုယူဆောင်လျက် မင်းအိမ်သို့ကြွပြီးလျှင် ထိုအိမ်၏တောင်မျက်နှာ၌တည်သော ပဉောင်ပင်ရင်း၌ ရှစ်ဆုပ်သောပန်းတို့ကို ကြဲဖြန့်လေ၏။ ထိုအခါ မြေလှုပ်၏။ အဘယ်အကြောင်းကြောင့် မြေလှုပ်ပါသနည်းဟု မေးသော် "မင်းကြီး၊ ဤအရပ်၌ သုံးဆူသော ဘုရားသခင်တို့၏လက်ထက်တော်၌ပင် သံဃာတို့၏ ဉပုသ်အိမ် သိမ်သည် ဖြစ်ဖူးပြီ၊ ယခုအခါလည်း ရဟန်းသံဃာတို့၏ ကံကြီး ကံငယ်ကိုဆောင်ရာဖြစ်သော ဉပုသ်အိမ် သိမ်သည်ဖြစ်လတ္တံ့။ ထိုအကြောင်းကိုသိစေလို၍ မြေလှုပ်သတည်း"ဟု မိန့်ဆို၏။

ထို့နောက်မှ အရှင်မဟိန္ဒထေရ်မြတ်သည် မင်းအိမ်မှ မြောက်အရပ်၌တည်သော 'စာရု'မည်သော ရေကန်သို့ ကြွတော်မူ၍ ထိုကန်၏အနီး၌လည်း ရှစ်ဆုပ်သောပန်းတို့ကို ကြဲဖြန့်တော်မူ၏။ ထိုအခါလည်း မြေလှုပ်၏။ အဘယ့်ကြောင့် မြေလှုပ်ပါသနည်းဟု မေးလေသော် "မင်းကြီး၊ ဤရေကန်သည် သံဃာတော်တို့၏ ဇရုံးအိမ်သည်ဖြစ်လတ္တံ့။ ထိုအကြောင်းကိုသိစေလို၍ လှုပ်သတည်း"ဟု မိန့်ဆို၏။

ထို့နောက် အရှင်မဟိန္ဒသည် မင်းအိမ်တံခါးမုခ်ဝသို့ ကြွတော်မူပြန်၍ ထိုအပြင်၌ ရှစ်ဆုပ်သောပန်းတို့ကို ကြဲဖြန့်ပြန်၏။ ထိုအခါလည်း မြေကြီး ပြင်းစွာလှုပ်၏။ မင်းကြီးလည်း ကြက်သီးထမျှ ထိတ်လန့်လှလျက် "အရှင်ဘုရား၊ အဘယ့်ကြောင့် မြေလှုပ်ပါသနည်း"ဟု လျှောက်၏။ မထေရ်ကလည်း "မင်းကြီး၊ ဤအရပ်သည်ကား ဤဘဒ္ဒကမ္ဘာမှ ပွင့်တော်မူကုန်သော သုံးဆူသော ဘုရားသခင်တို့၏ မဟာဗောဓိပင်မှ ဒက္ခိဏသာခါ လက်ျာတောင်ကိုင်းကိုယူဆောင်၍ ဤအရပ်၌ စိုက်ပျိုးဖူးကြကုန်ပြီ။ ငါတို့ဆရာ မြတ်စွာဘုရား၏ မဟာဗောဓိ ဒက္ခိဏသာခါသည်လည်း ဤအရပ်မှာ တည်ပေလတ္တံ့။ ဤအကြောင်းကို သိစိမ့်သောငှာ မြေလှုပ်သတည်း"ဟု မိန့်တော်မူ၏။

မဟာမဟိန္ဒမထေရ်မြတ်လည်း ထိုအရပ်မှတစ်ဖန် ကြွတော်မူပြန်၍ မဟာမုစလမည်သော ဉပုသ်အိမ်တည်အံ့သောအရပ်သို့ရောက်လျှင် ရှစ်ဆုပ်သောပန်းတို့ဖြင့် ကြဲဖြန့်တော်မူပြန်၏။ ထိုအခါလည်း မဟာပထဝီ တုန်လှုပ်၏။ အဘယ့်ကြောင့် မြေလှုပ်သနည်းဟု လျှောက်ပြန်လျှင် "မင်းကြီး၊ ဤအရပ်သည်ကား ရဟန်းသံဃာတို့၏ ဉပုသ်ပြုရာ သိမ်သည်ဖြစ်လတ္တံ့။ ထိုအကြောင်းကို သိစေလို၍ လှုပ်သတည်း"ဟု မိန့်တော်မူ၏။

ထိုအရပ်မှသည် တစ်ဖန် ကြွတော်မူပြန်၍ ပဉ္စမ္ဗမည်သော ဉပုသ်အိမ်တည်အံ့သော အရပ်သို့ ရောက်ပြန်သော် ဉယျာဉ်စောင့်သည် ဒေဝါနံပိယတိဿမင်းကြီးအား အလွန်ကောင်းမြတ်သော၊ အနံ့အရသာနှင့် ပြည့်စုံသော သရက်သီးမှည့်ကို ဆက်လာ၏။ မင်းကြီးသည် အလွန်နှစ်သက်စဖွယ်ရှိလှသော ထိုသရက်သီးကို မထေရ်မြတ်အား ကပ်စေ၏။ အရှင်မြတ်လည်း ထိုအရပ်၌ ထိုင်တော်မူအံ့သော အခြင်းအရာကို ပြုလေသော် မင်းကြီးလည်း ထိုအရပ်၌ လျောက်ပတ်ကောင်းမွန်သော အခင်းတို့ကို ခင်းစေ၏။ မထေရ်မြတ်သည် ခင်းအပ်သောနေရာ၌ ထိုင်တော်မူ၏။ မင်းကြီးသည် ထိုသရက်သီးမှည့်တို့ကို အရှင်မြတ်အား ကပ်ပေ၏။ အရှင်မဟိန္ဒလည်း ထိုသရက်သီးမှည့်တို့ကို ဘုဉ်းပေး၍ အစေ့တို့ကို စိုက်စိမ့်သောငှာ ဒေဝါနံပိယတိဿမင်းကြီးအား ပေး၏။ မင်းကြီးလည်း ကိုယ်တိုင်ပင် ထိုအရပ်၌ စိုက်လေသော် မင်း၏လက်ပေါ်၌ မထေရ်မြတ်က ရေကိုသွန်းဖျန်း၏။ ထိုသွန်းဖျန်းသော ခဏ၌ပင်လျှင် သရက်စေ့က အညွန့်အညောက်တို့သည် ပေါ်ထွက်ကြီးပွားလာသဖြင့် အရိပ်နိုခြင်းငှာ တတ်ကောင်းသော အသီးအပွင့်နှင့် ပြည့်စုံသော အလွန်တင့်တယ်သော သရက်ပင်ကြီးသည် ဖြစ်လေ၏။

ထိုသို့ အံ့ဖွယ်သူရဲ မဖြစ်ဖူးမြဲ လွန်ကဲစွာဖြစ်လတ်သော တန်ခိုးပြာဋိဟာကို မြင်လျှင် မင်းနှင့်တကွသော ပရိသတ်တို့သည် နှစ်သက်ခြင်းအားကြီးသဖြင့် ကြက်သီးမွေးညင်း ထကုန်လျက် အလွန်အံ့သြပြီးလျှင် အရှင်မြတ်ကို ရှိခိုးလျက် တည်ကုန်၏။ မဟိန္ဒထေရ်မြတ်လည်း ထိုအရပ်၌ရှစ်ဆုပ်သောပန်းတို့ကို ကြဲဖြန့်ပြန်၏။ ထိုကြဲဖြန့်သော ခဏ၌ မြေလှုပ်ခြင်းသည်ဖြစ်၏။ အဘယ်အကြောင်းကြောင့် မြေလှုပ်ပါသနည်းဟု မေးလျှောက်ပြန်သော် "မင်းကြီး၊ ဤအရပ်သည် များစွာသောသံဃာတို့ စည်းဝေး၍ ဒါယကာတို့အား အပ်သော ပစ္စည်းပရိက္ခရာတို့ကို ဝေဖန်ရာဌာနသည် ဖြစ်လတ္တံ့။ ဤအကြောင်းကြောင့်လှုပ်သတည်း"ဟု မိန့်တော်မူသတည်း။

ထိုအရပ်မှသည် တစ်ဖန် ကြွတော်မူပြန်လေ၍ စတုဿာလတည်ရာ ဌာနသို့ရောက်သော် ရှစ်ဆုပ်သောပန်းတို့ကို ကြဲဖြန့်ပြန်၏။ ထိုကြဲဖြန့်သော ခဏ၌ မြေကြီးတုန်လှုပ်

www.burmeseclassic.com

www.burmeseclassic.com



ပြန်၏။ မင်းကြီးလည်း အဘယ်အကြောင်းကြောင့် မြေလျှပ်ပါသနည်းဟု မေးပြန်လျှင် "မင်းကြီး၊ ဤအရပ်သည်ကားရှေးဘုရားသုံးဆူတို့၏ လက်ထက်၌ သာသနာတော်တည်သောအခါ များစွာကုန်သောကျွန်းသူကျွန်းသား ဒါယကာတို့သည် ထိုထိုရပ်ရွာမှ ဆောင်လာခဲ့ကုန်သော ဒါနဝတ္ထုတို့ကို ဤအရပ်၌ထား၍ သံဃာတော်တို့နှင့်တကွသော ဘုရားရှင်တို့အား ဆွမ်းလုပ်ကျွေးကြသော ဌာနပေတည်း။ ယခုငါတို့ဘုရားရှင်၏သာသနာ၌လည်း ဤအရပ်မှာပင် ကြီးစွာသော ဇရပ်လေးဆောင်သည်ဖြစ်လတ္တံ့။ ဤဇရပ်လေးဆောင်မှာပင် သံဃာတော်တို့၏ ဆွမ်းပြုပြင်ခြင်းသည် ဖြစ်လတ္တံ့။ ထိုအကြောင်းကိုသိစေလို၍မြေလျှပ်သတည်း"ဟု မိန့်တော်မူ၏။

အရပ်နေရာ၌ သိမြင်လိမ္မာတော်မူသော သီဟိုဠ်ကျွန်းသူတို့၏ ကုသိုလ်တရားကို ပွားစေတတ်သော မဟိန္ဒထေရ်မြတ်သည် ထိုအရပ်မှ တစ်ဖန် ကြွတော်မူပြန်သော် မဟာစေတီ တည်လတ္တံ့သောအရပ်သို့ ရောက်လေ၏။ ထိုအရပ်ကား မင်းဥယျာဉ်၏အရံအတွင်း ငယ်သော ကကုဓမည်သော ရေကန်သည်ဖြစ်၏။ ထိုရေကန်၏အထက်၌ မြင့်သော ကုန်းကျောသည်ရှိ၏။ ထိုကုန်းကျောသို့ရောက်လေသော် မထေရ်မြတ်သည် တန့်ရပ်၍နေတော်မူ၏။ ထိုအခါ ဥယျာဉ်စောင့်သည် စကားပန်း ရှစ်ဆုပ်တို့ကိုဆောင်၍ မင်းကြီးအား ဆက်လာ၏။ မင်းကြီးလည်း ထိုစကားပန်းကို မထေရ်မြတ်အား ကပ်ပေ၏။ မထေရ်မြတ်လည်း ထိုစကားပန်းတို့ဖြင့် ကုန်းကျောအရပ်သို့ ကြဲဖြန့်၍ပူဇော်၏။ ထိုခဏ၌လည်း မြေပြင်းစွာလှုပ်၏။ မင်းကြီးလည်း အဘယ်ကြောင့် မြေလှုပ်ပါသနည်းဟုလျှောက်သော် မထေရ်မြတ်သည် ဤသို့မိန့်တော်မူ၏။ "မင်းကြီး၊ ဤကုန်းကျောအရပ်သည် လူသတ္တဝါတို့၏ စီးပွားချမ်းသာ များစွာဖြစ်စေခြင်းငှာလည်းကောင်း၊, နတ်ရွာ, မဂ်, ဖိုလ်သို့ရောက်စေခြင်းငှာလည်းကောင်း၊, စေတီတည်ခြင်းငှာထိုက်သော ဘုရားလေးဆူတို့သည် မိုဝဲတော်မူဖူးသော အရပ်မြတ်တည်း။

## ကကုသန်ဘုရား

မင်းကြီး၊ ဤဘဒ္ဒကမ္ဘာ၌ ရှေးဦးစွာ ပွင့်တော်မူသော ကကုသန်အမည်ရှိတော်မူသော ဘုရားသည် ထင်ရှားဖြစ်တော်မူ၍ ထိုကျွန်းသို့ ကြွရောက်တော်မူသောအခါ ဤမဟာမေဃဝန်ဥယျာဉ်သည် မဟာတိတ္ထမည်သော ဥယျာဉ်သည်ဖြစ်၏။ အရှေ့အရပ်ဖြစ်သော ကဒမ္ဗမြစ်၏ ထိုမှာဘက်ကမ်းနား၌ အဘယမည်သော မင်းနေပြည်သည်ဖြစ်၏။ ထိုပြည်၌ အဘယမည်သော မင်းသည် မင်းပြု၏။ ထိုအခါ သီဟိုဠ်ကျွန်းသည် 'ဩဇဒီပ'ဟူသော အမည်သည်ဖြစ်၏။ ထိုအခါ လူတို့၏ကိုယ်တွင်း၌ ရောဂါကိုသွင်းတတ်သော *ပုဏ္ဏကာဠ အမှုူးရှိသော ဘီလူးရက္ခိုသ်တို့ကြောင့် ကျွန်း၌နေကုန်သော လူအပေါင်းတို့အား †ဦးခေါင်းပူသော အနာသည် (ဝါ) များသော အနာသည် များစွာဖြစ်ကုန်သတည်း။ ကကုသန်မြတ်စွာဘုရားလည်း ထိုသို့ဖြစ်သော ဥပဒ္ဒဝေါတို့ကို မြင်တော်မူ၍ မဟာကရုဏာ သမာပတ်ကို လွှတ်တော်မူပြီးလျှင် ဩဇကျွန်း၏ ထက်ဝန်းကျင်မှ ပရိတ်အရံအတားကို ပြုတော်မူ၍ ထိုဥပဒ္ဒဝေါကို ငြိမ်းစေပြီးလျှင် သာသနာတော်၏ တည်ရာကိုပြုခြင်းငှာ တာဒိဂုဏ်နှင့်ပြည့်စုံသော ရဟန္တာလေးသောင်း ခြံရံလျက် ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ ဒေဝကူဋမည်သော တောင်ထွဋ်၌ တည်တော်မူ၏။ ရဟန္တာလေးသောင်းတို့ကိုလည်း ထိုထိုသောတောအုပ်သို့ကြွစေ၍ ပရိတ်အရံအတားကို ပြုစေတော်မူ၏။ ယင်းသို့ ပြုတော်မူသော ဘုရားရဟန္တာတို့၏ မေတ္တာအာနုဘော်တော်ကြောင့် အလုံးစုံသော ကျွန်းသူ ကျွန်းသားတို့၌ ကျရောက်သော ပဇ္ဇရက ရောဂါသည် ငြိမ်းချမ်းသာယာခြင်းသို့ ရောက်လေ၏။ ကကုသန် မြတ်စွာဘုရားသည်လည်း ထိုဒေဝကူဋတောင်၌ နေတော်မူလျက် ဤဩဇကျွန်း၌နေသော လူအပေါင်းတို့တွင် ငါ၏ထံသို့ လာလိုကုန်သော လူဟူသမျှတို့သည် မငြိုမငြင် မပင်မပန်းသဖြင့် ငါ၏ရှေ့မှောက်သို့ရောက်၍ ငါဘုရားကို ဖူးမြင်စေကုန်သတည်းဟု စိတ္တာန်တော်မူ၏။ ခြောက်သွယ်သော ရောင်ခြည်ကိုလည်း လွှတ်တော်မူ၏။ ကျွန်းအလုံးကို အစိုးရသော အဘယမင်းကြီးသည်လည်းကောင်း၊, မြို့သူမြို့သားတို့သည်လည်းကောင်း ဘုရားရှင်၏ ကိုယ်ရောင်တော်ဖြင့် တပြောင်ပြောင်ထွန်းပသော ဒေဝကူဋတောင်ကိုမြင်လျှင် ဤတောင်၌နေသော နတ်မင်းသည် အလွန်တန်ခိုးရှိချေသည်။ ငါတို့သွား၍ ဖူးမြင်ပူဇော်ကုန်အံ့ဟု ပြည်သားတို့ကိုခေါ်ပြီးလျှင် တစ်ပြိုင်နက်လာ၍ ပူဇော်သက္ကာရ ပြုကြကုန်၏။

ကကုသန် မြတ်စွာဘုရားလည်း ရောက်လာသမျှသော ပရိသတ်တို့အား နတ်မဟုတ်ကြောင်း ဘုရားဖြစ်ကြောင်းကို သိစေတော်မူပြီးမှ တရားဟောပြတော်မူ၏။ အဘယမင်းကြီးလည်း အလွန်ဝမ်းမြောက်ရကား ဘုရားသခင်နှင့်တကွ သံဃာတော်တို့အား ရှိခိုး၍ မိမိနေရာမြို့သို့ ပင့်ဆောင်ခဲ့ပြီးလျှင် သံဃာတော်တို့နေခြင်းငှာ လျောက်ပတ်သောအရပ်ကိုကြည့်ရှုသော် မွေ့လျော်ဖွယ်ရှိလှသော ဤမဟာစေတီတည်ရာဌာနကိုမြင်၍ ဤအရပ်၌ပင် ရှုချင်စဖွယ်ကြီးကျယ်ကောင်းမြတ်သော မဏ္ဍပ် တန်ဆောင်းတို့ကိုဆောက်လုပ်လျက် ထိုအတွင်း၌ အခင်းနေရာတို့ကို တင့်

• 'ပုဏ္ဏကာနရက' (ဒီပဝံသအဋ္ဌကထာ သတ္တရသမပရိစ္ဆေဒ ၉၆)။

† ရက္ခသေဟိ ဓနသေယတ္တရောဂေါ ပဇ္ဇရကော အဟု။ (မဟာဝံသ သီဟိုဠ်မူ ၇၉–၆၀)။

www.burmeseclassic.com



တယ်စွာခင်းထားလျက် ဘုရားနှင့်တကွသော သံဃာတော်လေးသောင်းတို့အား သီတင်းသုံးစေ၏။ ဩဇကျွန်း၌နေကုန်သော လူအပေါင်းတို့သည်လည်း သောင်းသောင်းဖြဖြ လာကြကုန်၏၊ ဘုရားသခင်ကို ဖူးမြင်ကြကုန်သည်၊ တရားတော်ကိုလည်း နာကြကုန်သည်၊ အထူးထူးသော လှူဖွယ်ဝတ္ထုတို့ကိုလည်း ဆောင်ခဲ့ကုန်လေသတည်း။

အဘယမင်းကြီးသည်လည်း သံဃာတော်တို့နှင့်တကွသော ကကုသန်ဘုရားသခင်အား မိမိခဲဘွယ် ဘောဇဉ်တို့ဖြင့်လည်းကောင်း ပြည်သူတို့ဆောင်ခဲ့သော လှူဖွယ်ဝတ္ထုတို့ဖြင့်လည်းကောင်း၊ လုပ်ကျွေးပြုစုပေ၏။ ဆွမ်းစားပြီးသောအခါ သံဃာတော်တို့နှင့်တကွသော ဘုရားကိုယ်တော်မြတ် သီတင်းသုံးစိမ့်သောငှာ အခါမဲ့ပွင့်သောပန်း၊ အခါမဲ့သီးသော သစ်သီးဖြင့် တင့်တယ်သော မဟာတိတ္ထမည်သော ဥယျာဉ်ကို ဘုရားသခင်အား ကပ်လှူပူဇော်၏။ ရေစက်သွန်းချ ပြီးသောအခါ မဟာပထဝီမြေကြီးသည် ကောင်းချီးပေးသဖြင့် တုန်လှုပ်၏။ ကကုသန် မြတ်စွာဘုရားလည်း ရောက်လာသော လူပရိသတ်တို့အား တရားဟောတော်မူ၍ လေးသောင်းမျှသော လူတို့သည် မဂ်ဖိုလ်သို့ရောက်ကြကုန်၏။ ဘုရားသခင်သည်လည်း ဤမဟာတိတ္ထဥယျာဉ်၌ နေ့သန့်တော်မူ၍ ညချမ်းသောအခါ၌ မဟာဗောဓိဒက္ခိဏသာခါ တည်အံ့သောအရပ်သို့ ကြွတော်မူ၍ ထိုအရပ်၌ ဖလသမာပတ်ကိုဝင်စား၍ နေတော်မူသည်။

သမာပတ်မှထပြီးသောအခါ ဩဇာကျွန်းသူတို့၏ အကျိုးစီးပွားများစေခြင်းငှာ *ရူပနန္ဒာမည်သော ဘိက္ခုနီမသည် ရဟန်းမိန်းမ အရံငါးရာနှင့်တကွ ငါပွင့်တော်မူသော ကုက္ကိုဗောဓိဒက္ခိဏသာခါ လကျ်ာတောင်ကိုင်းကိုယူ၍ ဇမ္ဗူဒိပ်ကျွန်းမှသည် ဤဩဇကျွန်းသို့ လာစေသတည်းဟု ကြံတော်မူ၏။ ရူပနန္ဒာ ဘိက္ခုနီမသည် စေတောပရိယ အဘိညာဉ်ဖြင့် ဘုရားသခင်၏အကြံတော်ကိုသိ၍ မဟာဗောဓိပင်ကိုဆောင်ခြင်းငှာ ခေမအမည်ရှိသော မင်းကြီးကိုတိုက်တွန်း၍ ကုက္ကိုဗောဓိပင်သို့ ကပ်စေပြီးလျှင် မိမိသည်လည်း တန်ခိုးအဘိညာဉ်ဖြင့်ပြည့်စုံသော ရဟန်းမိန်းမငါးရာ ခြံရံလျက် ဗောဓိပင်သို့ကပ်၍ လကျ်ာတောင်ကိုင်းကို ဆေးဒန်း မြင်းသီလာဖြင့် ရေးသားကာဖြတ်၏။ ထိုဖြတ်သောခဏ၌ ဗောဓိကိုင်းသည် ရွှေဖျဉ်း၌တည်လေ၏။ ထေရီမသည်လည်း ထိုဗောဓိကိုင်းကို နတ်အပေါင်းခြံရံလျက် မိမိတန်ခိုးဖြင့်ဆောင်ခဲ့၍ ဩဇကျွန်းသို့ရောက်သောအခါ ရတနာ ရွှေဖျဉ်းနှင့်တကွ ဘုရားသခင်အား ဆက်လေ၏။

ဘုရားကိုယ်တော်မြတ်လည်း ထိုဗောဓိကိုင်းကို ဖြန့်အပ်သော လက်တော်၌ထား၍ ပရိသတ်တို့အား မြင်စေတော်မူပြီးမှ ကောင်းစွာ စိုက်စိမ့်သောငှာ အဘယမင်းကြီးအား အပ်ပေ၏။ အဘယမင်းကြီးလည်း အထူးထူးသော ပူဇော်ခြင်းတို့ဖြင့် ပူဇော်ပြီးမှ မဟာစေတီတည်ရာဖြစ်လတ္တံ့သော မဟာတိတ္ထဥယျာဉ်၌ စိုက်ထားပေ၏။ ကကုသန်မြတ်စွာဘုရားသည် ဗောဓိပင်ကို စိုက်စေပြီးသော် သံဃာတော်နှင့်တကွ မြောက်အရပ်သို့ကြွတော်မူ၍ ကုက္ကုတန်ဆောင်း ပြုရာဌာန၌ နေတော်မူပြီးလျှင် လူအပေါင်းတို့အား တရားဟောတော်မူ၏။ အဆုံး၌ နှစ်သောင်းမျှလောက်ကုန်သော သတ္တဝါတို့သည် ဓမ္မာဘိသမယကို ရကြလေကုန်သတည်း။

ထိုကုက္ကုတန်ဆောင်း တည်ရာဌာန၌ နောက်သောအခါ ဒေဝါနံပိယတိဿမင်းကြီးသည် 'သီလာသောဗ္ဘကဏ္ဍက' မည်သော စေတီကို တည်လေသတည်း။ ကကုသန်ဘုရားသခင်လည်း ထိုမှတစ်ဖန် မြောက်အရပ်သို့ ကြွတော်မူပြန်၍ ထူပါရုံတည်ရာဒေသသို့ ရောက်သောအခါဖလသမာပတ်ကိုဝင်စား၍ နေတော်မူသည်။ ထိုသမာပတ်မှ ထသောအခါ စည်းဝေးလာသော ပရိသတ်တို့အား တရားဟောတော်မူလေသည်။ ထိုအစည်းအဝေး၌လည်း တစ်သောင်းမျှလောက်သောသူတို့ မဂ်ဖိုလ်သို့ ရောက်ကြကုန်သည်။ ဘုရားသခင်လည်း ထက်ဝန်းကျင်သော သတ္တဝါအပေါင်းတို့အား အမြဲ ကိုးကွယ်စိမ့်သောငှာ ကိုယ်တော်ဆောင်သော ဓမ္မကရိုဏ် ရေစစ်တော်ကို ပေးတော်မူခဲ့၍ အခြံအရံနှင့်တကွသော ရူပနန္ဒာအမည်ရှိသော ဘိက္ခုနီမကိုလည်း ဤဩဇကျွန်း၌ထားခဲ့၍ ကိုယ်တော်နှင့်ထပ်တူပါသော 'မဟာဒေဝ'ထေရ် သာဝကကြီးကိုလည်း ရဟန်းတစ်ထောင်နှင့်တကွ ဤဩဇကျွန်း၌ထားခဲ့၍ တပည့်သံဃာတော်အပေါင်းခြံရံလျက် ကောင်းကင်ဖြင့်ပျံ၍ ဇမ္ဗူဒိပ်ကျွန်းသို့ ကြွတော်မူလာ၏။ (ဤကား ကကုသန်ဘုရား ရောက်တော်မူဖူးသော အကြောင်းတည်း)။

## ကောဏာဂုံဘုရားလက်ထက်

ဤဘဒ္ဒကမ္ဘာ၌ နှစ်ကြိမ်မြောက် ပွင့်တော်မူသော ကောဏာဂုံဘုရား၏ လက်ထက်တော်၌ ဤမဟာမေဃဝန်ဥယျာဉ်သည် မဟာနာမ အမည်ရှိသော ဥယျာဉ်သည်ဖြစ်၏။ ထိုဥယျာဉ်မှ တောင်မျက်နှာအရပ်၌ ဝဍ္ဍမာနမည်သော မင်းနေပြည်သည်ဖြစ်၏။ ထိုပြည်၌ *သမိဒ္ဓအမည်ရှိသော မင်းသည် မင်းပြု၏။ ထိုအခါ ဤကျွန်းသည် ဝရဒီပဟူသော အမည်ကိုရ၏။ တစ်ရံသောအခါ ဤဝရဒီပကျွန်း၌ မိုးခေါင်လှသည်ဖြစ်၍ သတ္တဝါတို့ ငတ်မွတ်ခြင်းတည်းဟူသော ဥပဒ္ဒဝေါသည် ဖြစ်လတ်သတည်း။

• ရှစ်နန္တား (ဒီပဝံသပါဠိ–သတ္တရသမပရိစ္ဆေ ၉၈–၉၉)။

• ရာဇာသမဓဇ္ဈာနာမ (ပါရာဇိကထ်အဋ္ဌကထာ–၆၀)။

www.burmeseclassic.com

www.burmeseclassic.com



ကောဏာဂုံ မြတ်စွာဘုရားသည် မဟာကရုဏာ သမာပတ်ကို ဖြန့်လွှတ်တော်မူရာ သတ္တဝါတို့၏ ဥပဒ္ဒဝေါဖြစ်သည်ကို မြင်တော်မူသဖြင့် သတ္တဝါတို့အား မစ ချီးမြှောက်တော်မူခြင်းငှာလည်းကောင်း, သာသနာတော် အရှည်တည်စိမ့်သောငှာလည်းကောင်း, တာဒီကျေးဇူးနှင့်ပြည့်စုံကုန်သော ရဟန္တာအပေါင်း သုံးသောင်းခြံရံလျက် ကောင်းကင်ခရီးဖြင့်ကြွလာ၍ သုမနကူဋမည်သော တောင်ထိပ်၌ တည်တော်မူ၏။ ထိုအခါ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကြောင့် မိုဃ်းခေါင်ခြင်း ဘေးငြိမ်းသဖြင့် ခပ်သိမ်းသောအရပ်တို့၌ မိုဃ်းမပြတ် ရွာလေသတည်း။ ထိုအခါမှစ၍ ဘုရားသာသနာတော် မကုန်မချင်း မိုဃ်းကောင်းခြင်းသည် ဖြစ်လေ၏။ ကောဏာဂုံ မြတ်စွာဘုရားသည်လည်း ဤဝရဒီပကျွန်း၌နေသော လူအပေါင်းတို့သည် ယနေ့ ငါဘုရားအား ဖူးမြင်စေကုန်သတည်း။ ငါ၏ထံသို့လာလိုသောသူဟူသမျှတို့သည် မငြိုမငြင် မပင်မပန်းသဖြင့် ငါ့ထံသို့ရောက်စေကြသတည်းဟု အဓိဋ္ဌာန်တော်မူ၍ သုမနကူဋတောင်အလုံးကို ဖုံးလွှမ်းလျက် ရောင်ခြည်တော်ကို လွှတ်ပေ၏။

သမိဒ္ဓမင်းသည်လည်းကောင်း, ဝဍ္ဍမာန မြို့သားတို့သည်လည်းကောင်း သုမနကူဋတောင်အလုံး ထွန်းတောက်သည်ကိုမြင်လျှင် ငါတို့၏ အရှင်နတ်မင်းသည် တန်ခိုးပြချေသည်ဟု ပူဇော်သက္ကာရဖြင့် ပူဇော်ကြကုန်အံ့ဟု လျင်စွာဆည်းကပ်ကြလေကုန်၏။ တောင်သို့ရောက်သော လူအပေါင်းတို့သည် သံဃာနှင့်တကွသော ဘုရားသခင်ကို ဖူးမြင်ရသော်လည်း နတ်ဟူသော အမှတ်ဖြင့်သာ ဖူးမြင်ပူဇော်ကြ၏။ ဘုရားကိုယ်တော်မြတ်လည်း ထိုသူအပေါင်းတို့အား နတ်မဟုတ်ကြောင်း ဘုရားဖြစ်ကြောင်းကို သိစေတော်မူ၍ တရားစကား ဟောကြားတော်မူပေ၏။

သမိဒ္ဓမင်းသည် အလွန်ရွှင်လန်းဝမ်းမြောက်စွာ သံဃာတော်နှင့်တကွသော ကောဏာဂုံမြတ်စွာဘုရားအား ပင့်ဖိတ်၍ ဝဍ္ဍမာနမြို့သို့ ပင့်ဆောင်ခဲ့ပြီးလျှင် ဘုရားသခင်နှင့် လျောက်ပတ်သောအရပ်ကို ကြည့်ရှုတော်မူ၍ ဤမဟာစေတီ တည်လတ္တံ့သော အရပ်ကိုပင်လျှင် လျောက်ပတ်သည်ထင်၍ မဟာနာမမည်သော ဥယျာဉ်၏အတွင်း၌ သန့်ရှင်းမွေ့လျော်ဖွယ်ရှိလှသော မဏ္ဍပ်တန်ဆောင်းတို့ကို ကောင်းစွာ ပြုပြင်စေ၍ ဘုရားသခင်ကို သံဃာတော်နှင့်တကွ သီတင်းသုံးစေ၏။ ကျွန်း၌နေသော လူအပေါင်းတို့သည် ဘုရားသခင်ကို ဖူးမြင်ပူဇော်ခြင်းငှာ များစွာသော ပဏ္ဏာကာရကို ဆောင်၍လာကုန်၏။ သမိဒ္ဓမည်သော မင်းကြီးသည်လည်း သံဃာတော်နှင့်တကွသော ကောဏာဂုံ မြတ်စွာဘုရားကို မိမိခဲဘွယ် ဘောဇဉ်တို့ဖြင့်လည်းကောင်း ပြည်သူတို့ဆောင်အပ်သော ခဲဘွယ်ဘောဇဉ်တို့ဖြင့်လည်းကောင်း လုပ်ကျွေးပြုစု၏။

ဘုရားသခင် သီတင်းသုံးစိမ့်သောငှာ အခါမဲ့ ပွင့်သော ပန်း, အခါမဲ့သီးသော သစ်သီးတို့ဖြင့် တင့်တယ်လျက် အလွန်မွေ့လျော်ဖွယ်ရှိလှသော ထိုမဟာနာမမည်သော ဥယျာဉ်ကို မြတ်စွာဘုရားသခင်အား ကပ်လှူလေသည်။ ရေစက်သွန်းလောင်းသော နောက်ဆုံး၌ မဟာပထဝီ မြေကြီးသည် ကောင်းချီးပေးသဖြင့် တုန်လှုပ်၏။ ကောဏာဂုံ မြတ်စွာဘုရားသည်လည်း ထိုအရပ်၌ နေတော်မူ၍ လူတို့အား တရားဟောတော်မူသဖြင့် သုံးသောင်းသော လူတို့သည် မဂ်ဖိုလ်သို့ ရောက်ကြကုန် သတည်း။ ဘုရားသခင်လည်း ထိုဥယျာဉ်တွင်း၌ နေ့သန့်ခြင်းကိုပြု၍ ညချမ်းသော အခါ ဗောဓိတည်ရာအရပ်သို့ ကြွတော်မူ၏။

ထိုဗောဓိတည်လတ္တံ့သော ဌာန၌ ဈာန်သမာပတ်ကို ဝင်စားတော်မူပြီးလျှင် ဤဝရဒီပကျွန်းသူတို့၏ အကျိုးစီးပွားများစိမ့်သောငှာ *'ကဏကဒတ္တာ'အမည်ရှိသော ဘိက္ခုနီမသည် အခြံအရံဖြစ်သော ဘိက္ခုနီမ ငါးရာနှင့်တကွ ငါ ပွင့်တော်မူသော ရေသဖန်းဗောဓိပင်၏ ဒက္ခိဏသာခါလက်ျာအကိုင်းကိုယူ၍ လာစေသတည်းဟုကြံလျက် အဓိဋ္ဌာန်တော်မူ၏။ ထိုကဏကဒတ္တာ ဘိက္ခုနီမသည်လည်း ကောဏာဂုံ ဘုရား၏စိတ်တော်ကို မိမိစေတောပရိယ အဘိညာဉ်ဖြင့် သိလေ၍ ထိုဗောဓိပင်ရှိရာသို့ †'သောဘ' အမည်ရှိသော မင်းကို ခေါ်ဆောင်ပြီးလျှင် ထိုဗောဓိပင်၏ လက်ျာတောင်ကိုင်းကို ဆေးဒန်းမြင်းသီလာဖြင့်သားကာ ဖြတ်၍ ရွှေဖျဉ်း၌ တည်စေ၏။ ယင်းသို့ တည်စေပြီးမှ နတ်အပေါင်းခြံရံလျက် မိမိ၏တန်ခိုးဖြင့် ဤဝရဒီပကျွန်းသို့ဆောင်ခဲ့၍ ကောဏာဂုံ ဘုရားသခင်အား ဆက်လေ၏။ ဘုရားကိုယ်တော်မြတ်လည်း ဖြန့်အပ်သော လက်ျာလက်၌တင်ထား၍ သမိဒ္ဓမင်းကြီးအားအပ်ပြီးလျှင် ထိုမဟာနာမမည်သော ဥယျာဉ်၌ပင် စိုက်ထားစေ၏။ ယင်းသို့ စိုက်စေပြီးမှ ကောဏာဂုံ ဘုရားသခင်လည်း သိရီသတန်ဆောင်း၏မြောက်ဖြစ်သော ကုံကော်တန်ဆောင်းသို့ ကြွ၍နေတော်မူ၏။ စည်းဝေးလာသော လူအပေါင်းတို့အား တရားဟောပြ၍ နှစ်သောင်းသော သတ္တဝါတို့သည် မဂ္ဂဘိသမယကို ရကြကုန်သည်။ (ထိုကုံကော်တန်ဆောင်းတည်ရာကို နောက်အခါ၌ ထူလတ္ထနမည်သော မင်းသည် စေတီတည်လေသည်။)

---

* 'ကန္တနန္တာ' (ဒီပဝံသပါဠိ၊ စာမျက်နှာ–၉၆) 'ကနကနန္တာ' (ကမ္ဘောဓမ္မ)။

† 'သောဘန်' နာမရာဇာနံ (မဟာဝံသဋီကာ ၂၅၀) 'သောဘော' နာမ *ဗုဒ္ဓဝံသပါဠိ–၆၄၆)။

www.burmeseclassic.com



ကောဏာဂုံ မြတ်စွာဘုရားသည်လည်း ထိုအရပ်မှလည်း ကြွတော်မူ၍ ကကုသန်ဘုရား နေဖူးသော ထူပါရုံစေတီ တည်လတ္တံ့သောအရပ်၌ နေတော်မူလျက် ဖလသမာပတ်ကို ဝင်စားတော်မူသည်။ ထိုသမာပတ်မှ ထပြီးသော် ပရိသတ်တို့အား တရားဟောတော်မူ၍ တစ်သောင်းမျှလောက်သော သတ္တဝါတို့ မဂ်ဖိုလ်ချမ်းသာကို ရလေကုန်သည်။ ယင်းသို့ တရားဟောပြီးမှ လူတို့အား အမြဲရှိခိုးကိုးကွယ်စိမ့်သောငှာ ခါးပန်းတော်ကိုပေးခဲ့၍ 'ကဏက ဒတ္တာ'ဘိက္ခုနီမကိုလည်း အခြံအရံနှင့်တကွ ဤဝဒီပကျွန်း၌ထားခဲ့၍ "မဟာသုမ အမည်ရှိသော ရဟန္တာသာဝကကြီးကိုလည်း ရဟန်းတစ်ထောင်နှင့်တကွ ဤဝဒီပကျွန်း၌ထား၍ လူအပေါင်းတို့အား တရားဩဝါဒပေးပြီးလျှင် သံဃာတော်နှင့်တကွသော ဘုရားကိုယ်တော်မြတ်သည် ကောင်းကင် ခရီးဖြင့်ပျံ၍ ဇမ္ဗူဒိပ်ကျွန်းသို့ ကြွတော်မူ၏။ (ဤကား ကောဏာဂုံဘုရား ရောက်တော်မူဖူးသော အကြောင်းတည်း)။

### ကဿပဘုရားခေတ်

ဤဘဒ္ဒကမ္ဘာ၌ သုံးကြိမ်မြောက် ပွင့်တော်မူသော အစွယ်အားဖြင့် ကဿပအမည်ရှိသော ဘုရားသခင်သည် လူတွင်ထင်ရှားဖြစ်တော်မူသောအခါ ဤမဟာ မေဃဝန် ဥယျာဉ်သည် မဟာသာဂရအမည်ဖြစ်သော ဥယျာဉ်ကြီးဖြစ်၏။ ထိုဥယျာဉ်၏ အနောက်မျက်နှာ၌ ဝိသာလအမည်ရှိသော မင်းနေမြို့ကြီးသည် ဖြစ်၏။ ထိုဝိသာလပြည်၌ 'ဇယန္တ'အမည်ရှိသော မင်းသည် မင်းပြု၏။ ထိုအခါ ဤသီဟိုဠ်ကျွန်းသည် မဏ္ဍဒီပဟူသော အမည်ကိုရ၏။ ထိုအခါ ဇယန္တမင်းကြီးသည် ညီတော်ဖြစ်သော သမိဒ္ဓမင်းသားနှင့် ခိုက်ရန်ဖြစ်ကြ၍ ညီတော်လည်း တောသို့သွား၍ ဗိုလ်ပါ စစ်သည် ရုံးစုခဲ့ပြီးလျှင် အစ်ကိုဖြစ်သော ဇယန္တမင်းနှင့် ကြောက်မက်ဖွယ် စစ်ထိုးကြ၍ သတ္တဝါတို့များစွာ ပျက်စီးခြင်းသည် ဖြစ်၏။ ကဿပ မြတ်စွာဘုရားသည်လည်း မဟာကရုဏာတည်းဟူသော ကွန်ရက်ကိုဖြန့်လျက် ကြည့်တော်မူလျှင် မဏ္ဍကျွန်းခွင်၌ မင်းညီနောင်တို့ စစ်ထိုးခြင်းကြောင့် များစွာသော သတ္တဝါတို့၏ ပျက်စီးခြင်းကို မြင်တော်မူသောကြောင့် ထိုပျက်စီးခြင်းကို ပယ်ဖျောက်၍ သာသနာတော်၏ ဖြစ်ထွန်းခြင်းကို ပြုတော်မူခြင်းငှာ တာဒီ ကျေးဇူးနှင့် ပြည့်စုံကုန်သော ရဟန္တာအပေါင်း နှစ်သောင်းခြံရံလျက် ကောင်းကင်ခရီးဖြင့်ကြွလာ၍ သုဘတောင်ထိပ်၌ တည်တော်မူ၏။

ရဟန်းမင်းဖြစ်တော်မူသော ကဿပ မြတ်စွာဘုရားသည်လည်း ထိုသုဘတောင်ထိပ်၌ တည်တော်မူလျက် ယနေ့ မဏ္ဍကျွန်း၌နေကုန်သော လူအပေါင်းတို့သည် ငါ့ကိုမြင်၍ ငါထံသို့လာကြကုန်သော သူခပ်သိမ်းတို့သည် မငြိုမငြင်ဘဲ လျင်စွာရောက်ပါစေသောဟု မနောဓိဋ္ဌာန်တော်မူ၍ သုဘတောင်အလုံးကို အဆုံးမဲ့ မီးလျှံတောက်သကဲ့သို့ ခြောက်သွယ်သော ဘုရားရောင်ခြည်တော်တို့ကို လွှတ်တော်မူ၏။ ဇယန္တမင်းသည်လည်းကောင်း, ပြည်သူတို့သည်လည်းကောင်း, များစွာသော စစ်သည်တို့သည် လည်းကောင်း သုဘတောင်၌ လောင်ဘနန်းမျှ ထွန်းတောက်ပသော ဘုရားရောင်ခြည်တော်တို့ကိုမြင်လျှင် ရွှင်လန်းဝမ်းမြောက်ကြလျက် ဤသုဘတောင်၌နေသော အရှင်နတ်မင်းသည် ထွန်းလင်းသော တန်ခိုးအာနုဘော် ပြချေသည်။ စစ်ထိုးကာလ အောင်ပွဲကိုရအောင် ဗလိနတ်စာပေး၍ ပူဇော်ကြအံ့ဟု ဆင်ခြင်လျက် နတ်ဟူသောအမှတ်ဖြင့်သာ လျင်စွာ ကပ်ကြလေကုန်၏။ အထံတော်သို့ရောက်သောအခါ သံဃာတော်နှင့်တကွသော ဘုရားကိုမြင်သော်လည်း နတ်ဟူသော အမှတ်ဖြင့်သာ ရှိသေစွာဆည်းကပ်၍ ရှိခိုးကြ၏။

ဇယန္တမင်းကြီးသည်လည်းကောင်း, ညီတော် သမိဒ္ဓမင်းသားသည်လည်းကောင်း စစ်ထိုးလိုသော အမျက်ဒေါသ ပြေပျောက်လျက် အလွန်ကြည်ညို ရိုသေမြတ်နိုးသော စိတ်ရှိသည်ဖြစ်၍ ကိုယ်တော်မြတ်ကို ဝိသာလမြို့သို့ ပင့်ဆောင်ပြီးလျှင် ဤမဟာစေတီ တည်လတ္တံ့သော အရပ်ကိုပင် လျောက်ပတ်သာယာလှသည်ဟု နှလုံးသွင်း၍ အလွန်မွေ့ လျော်ဖွယ် တင့်တယ်သော မဏ္ဍပ်ကြီးကိုပြုလုပ်၍ ပလ္လင်ညောင်စောင်း ကောင်းမြတ်သော နေရာတို့ကို ခင်းထားပြီးလျှင် ဘုရားနှင့်တကွသော သံဃာတော်တို့ကို သီတင်းသုံးနေစေ၏။

ယင်းသို့ သီတင်းသုံးသည်ကို ဖူးမြင်ရသောအခါ များစွာကုန်သော မဏ္ဍကျွန်းသူ၊ မဏ္ဍကျွန်းသားတို့သည် ထက်ဝန်းကျင်မှ များစွာသော ပဏ္ဏာကာရကိုဆောင်၍ လာကုန်၏။ ထိုဇယန္တမင်းကြီးသည် မိမိခဲဘွယ်ဝဘောဇဉ်တို့ဖြင့်လည်းကောင်း, ကျွန်းသူကျွန်းသားတို့ ဆောင်ယူခဲ့သော ခဲဘွယ်ဘောဇဉ်တို့ဖြင့် လည်းကောင်း သံဃာတော်တို့နှင့်တကွသော ကဿပဘုရားသခင်အား လုပ်ကျွေးခြင်းကိုပြု၏။ ဆွမ်းစားပြီးသောအခါ ဤနေရာ၌ မြတ်စွာဘုရား

---

•• မဟာသုမန် နာမထေရ်၊ (ပါရာဇိကဏ်အဋ္ဌကထာ-၆၀)။

www.burmeseclassic.com

www.burmeseclassic.com



သီတင်းသုံးစိမ့်သောငှာ အခါမဲ့ ပွင့်သောပန်း, အခါမဲ့ သီးသော သစ်သီးတို့ဖြင့် တင့်တယ်သော ဤမဟာသာဂရ ဥယျာဉ်ကို ဘုရားသခင်အား ကပ်လှူလေ၏။ ထိုအခါ လည်း ပြင်းစွာ မြေလှုပ်ခြင်းဖြစ်၏။ ကဿပဘုရားကိုယ် တော်မြတ်လည်း ဤမဟာမေဃတီတည်လတ္တံ့သော အရပ်၌ ပင် နေတော်မူ၍ ပရိသတ်တို့အား တရားဟောတော်မူ သည်။ ဒေသနာ၏အဆုံး၌ နှစ်သောင်းသော ပရိသတ်တို့ အကျွတ်တရားကို ရကုန်သတည်း။

## ကဿပဘုရား၏ ပဿောင်ဗောဓိဒက္ခိဏာသာခါ

ဘုရားသခင်လည်း ထိုမဟာသာဂရဥယျာဉ်၌ နေ့သန့် တော်မူပြီး၍ ညချမ်းသောအခါ ရှေးဗောဓိတည်ဖူးရာဌာန သို့ ကြွတော်မူ၍ ထိုအရပ်မှ ဖလသမာပတ်ကို ဝင်စားတော် မူသည်။ ဖလသမာပတ်မှထပြီးသော် ငါ၏သာသနာတော် တည်၍ မဏ္ဍကျွန်းသူတို့အား အကျိုးစီးပွားများစိမ့်သော ငှာ သုဓမ္မာအမည်ရှိသော ဘိက္ခုနီမသည် အခြံအရံဖြစ်သော ရဟန်းမိန်းမ ငါးရာနှင့်တကွ ငါ ပွင့်တော်မူသော ပဿောင် ဗောဓိ၏ ဒက္ခိဏာသာခါမည်သော လက်ျာတောင်ကိုင်းကို ယူ၍ လာစေသတည်းဟု ကြံတော်မူ၏။

သုဓမ္မာဘိက္ခုနီမလည်း စေတောပရိယ အဘိညာဉ် ဖြင့် ဘုရားသခင်၏စိတ်အကြံကိုသိလေ၍ ဇိကီအမည်ရှိ သော မင်းကြီးကို ထိုဗောဓိပင်၏ လက်ျာတောင်ကိုင်းကို ဆေးဒန်းမြင်းသီလာဖြင့် သားကာဖြတ်၍ ရွှေဖျဉ်း၌ထည့်စေ ပြီးမှ တန်ခိုးကြီးလှသော ထိုဘိက္ခုနီမသည် နတ်အပေါင်း ခြံရံလျက် မိမိ တန်ခိုးဖြင့် ဤမဏ္ဍကျွန်းသို့ဆောင်ခဲ့၍ ကဿပ ဘုရားသခင်အား ကပ်၏။ ဘုရားကိုယ်တော်မြတ် လည်း ဆန့်အပ်သော လက်တော်၌ထား၍ ဇယန္တမင်းကြီး အား စိုက်စိမ့်သောငှာ ပေးတော်မူ၏။ ဇယန္တမင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာစွာ ထိုမဟာသာဂရဥယျာဉ်၌ပင် တည် စေ၏။

ကဿပဘုရားလည်း ထိုဗောဓိပင် တည်စေပြီးသော် ကုံကော်တန်ဆောင်း၏မြောက်ဘက်၌တည်သော အသော ကမာဠကမည်သော တန်ဆောင်းသို့ကြွတော်မူ၍ စည်းဝေး လာသမျှသော လူအပေါင်းတို့အား တရားဟောတော်မူ၏။ (ထိုအသောကမာဠက တန်ဆောင်းနေရာ၌ နောက်သော အခါ ဒေဝါနံပိယတိဿမင်း၏ညီတော် အဘယလမင်းသား လည်း စေတီတည်လေသည်။) ထိုအသောကတန်ဆောင်း နေရာ၌နေ၍ တရားဟောတော်မူရာ၌ လေးထောင်ကုန်သော လူသတ္တဝါတို့သည် သစ္စာလေးပါးတရားကို သိကုန် သတည်း။

ကဿပဘုရားသည်လည်း ထိုအရပ်မှ ကြွတော်မူပြန် ၍ ရှေးဘုရားတို့နေတော်မူဖူးသော ထူပါရုံစေတီ တည်ရာ သို့ရောက်လျှင် ဖလသမာပတ်ဝင်၍ နေတော်မူ၏။ ထို သမာပတ်မှထပြီးသောအခါ စည်းဝေးလာသော ပရိသတ် တို့အား တရားဟောတော်မူသည်။ ဒေသနာတော်၏အဆုံး ၌ တစ်သောင်းမျှလောက်သော လူတို့သည် မဂ်ဖိုလ်သို့ ရောက်ကြကုန်သတည်း။

## ရေသနုပ်တော်

ကဿပဘုရားသခင်သည်လည်း လူအပေါင်းတို့အား ရှိခိုးကိုးကွယ်ရစ်စိမ့်သောငှာ ရေသနုပ်သင်္ကန်းကို ပေးတော်မူ ခဲ့၍ သုဓမ္မာမည်သော ဘိက္ခုနီမကိုလည်း အခြံအရံနှင့်တကွ ဤမဏ္ဍကျွန်း၌ထားခဲ့၍ သဗ္ဗနန္ဒီအမည်ရှိသော တပည့် ရဟန္တာကြီးကိုလည်းရဟန်းတစ်ထောင်နှင့်တကွ ထားခဲ့၍ မြစ်၏ဤမှာဘက်ကမ်း၌တည်သော သုဒဿနတန်ဆောင်း၊ ထိုမှာဘက်ကမ်း၌တည်သော သောမနဿတန်ဆောင်းတို့ ၌ရှိနေသော လူအပေါင်းတို့အား ဆုံးမခဲ့ပြီးမှ သံဃာတော် အပေါင်းနှင့်တကွ ကောင်းကင်သို့ပျံတက်၍ ဇမ္ဗူဒိပ်ကျွန်း ထက်သို့ ပြန်ကြွတော်မူခဲ့၏။ (ထိုသောမနဿ တန်ဆောင်း နေရာ၌ နောက်သောအခါ ဒေဝါနံပိယတိဿမင်း၏ ညီတော် ဥတ္တိယမင်းသည် စေတီတည်လေသည်။) (ဤကား ကဿပဘုရား ကြွတော်မူဖူးသော အကြောင်းတည်း။)

## ဂေါတမဘုရားနှင့် သီဟိုဠ်ကျွန်း

ဒကာတော် ဒေဝါနံပိယတိဿမင်းကြီး ဤဘဒ္ဒကမ္ဘာ ၌ လေးကြိမ်မြောက် ပွင့်တော်မူသော နတ်နှင့်တကွသော လူအပေါင်းတို့အား သနားသဖြင့် ဆုံးမတော်မူတတ်သော အနွယ်အားဖြင့် လွန်မြတ်လှသော အသမ္ဘိန္နခတ္တိယမျိုးစစ် ဖြစ်၍ ဂေါတမအမည်ရှိတော်မူသော ငါတို့၏ဆရာ မြတ်စွာ ဘုရားသည်လည်း ဤသီဟိုဠ်ကျွန်းသို့ ဘုရားဖြစ်ဦးကပင် ကြွတော်မူလာ၍ ကျွန်း၌နေသော ဘီလူးတို့အား နှိမ်နင်း ဆုံးမခြင်းကို ပြုတော်မူပြီ။ နှစ်ကြိမ်မြောက် ကြွတော်မူ၍ စူဠောဒရ, မဟောဒရ အမည်ရှိသော နဂါးတို့အား ဆုံးမ ခြင်းကို ပြုတော်မူပြီ။ သုံးကြိမ်မြောက်၌ကား ကလျာဏီမြစ် နား၌နေသော မဏိအက္ခိက နဂါးမင်းသည် ပင့်ဖိတ်အပ်

www.burmeseclassic.com

www.burmeseclassic.com



သည်ဖြစ်၍ တပည့်သံဃာတို့နှင့်တကွ ကြွတော်မူ၍ ထို ကလျာဏီမြစ်နားဌ်ပင် ဆွမ်းဘုဉ်းပေးတော်မူသည်။ ရေ လည်း သပ္ပာယ်တော်မူသည်။

သပ္ပာယ်ပြီးသော် ရှေးနောင်တော်ဘုရားတို့၏ ဗောဓိ ပင်တည်တော်မူရာဌာနသို့ ကြွတော်မူ၍ ဖလသမာပတ်ကို ဝင်စားတော်မူသည်။ ထို့နောင် ဤမဟာစေတီ တည်ရာ အရပ်၌လည်းကောင်း, ရှေးဘုရားတို့၏ **ဓမ္မကရိုဏ်တော်, ခါးပန်းတော်, ရေသနုပ်တော်** တည်းဟူသော ပရိဘောဂ တို့၏တည်ဖူးရာ အရပ်၌လည်းကောင်း, ဖလသမာပတ်ကို ဝင်စားတော်မူသည်။ ထို့နောင်မှ ကဿပဘုရားတည်တော် မူသော သောမနဿ တန်ဆောင်းနေရာ၌လည်းကောင်း, ဂင်္ဂါမြစ်၏ ထိုမှာဘက်ဖြစ်သော လင်္ကာဒီပအမည်ရှိသော ကျွန်း၌လည်းကောင်း နေတော်မူ၏။ ထိုအခါ လူနေမရှိသေး သည်၏အဖြစ်ကြောင့် သီဟိုဠ်ကျွန်း၌ရှိသော နတ်အပေါင်း တို့ကိုလည်းကောင်း, နဂါးတို့ကိုလည်းကောင်း, ဘီလူးတို့ ကိုလည်းကောင်း ဆုံးမတော်မူခဲ့၍ ကောင်းကင်သို့ ပျံတက် ပြီးလျှင် သံဃာနှင့်တကွ ဇမ္ဗူဒိပ်ကျွန်းသို့ ကြွတော်မူ၏။

## မဟာစေတီတော်တည်ရာဌာန

ဒကာတော် ဒေဝါနံပိယတိဿမင်းကြီး၊ ဤကုန်းကျော အရပ်သည် ဆိုအပ်ခဲ့ပြီးသောနည်းအားဖြင့် ဘုရားလေးဆူတို့ ၏ မိုဝဲသုံးဆောင်ရာ မင်္ဂလာအရပ်ဖြစ်ပေသည်။ ဤအရပ် ၌ နောင်သောအခါ ငါတို့ဘုရား၏ ကိုယ်တော်အစိတ်ဖြစ် သော တစ်ဒေါဏလောက်သော ဓာတ်တော်တို့ကို သိုမှီးရာ ဌာနဖြစ်သော သံတောင် တစ်ရာနှစ်ဆယ်မြင့်သော "*ဟေမ မာလီ'ဟူ၍ ကျော်စောထင်ရှားသော စေတီတော်ကြီးသည် ဖြစ်လတ္တံ့ဟူ၍ ဗျာဒိတ်စကား ကြားတော်မူ၏။

ဒေဝါနံပိယတိဿမင်းကြီးလည်း ထိုစကားကိုကြား သောအခါ လွန်စွာ ဝမ်းမြောက်လှလျက် "အရှင်ဘုရား၊ အကျွန်ုပ်ပင် ဤစေတီကို ပြုပါအံ့"ဟု လျှောက်၏။ မဟိန္ဒ ထေရ်မြတ်ကလည်း "မင်းကြီး၊ သင် ပြုရအံ့သောကိစ္စကား အလွန်များ၏။ ထိုကိစ္စတို့ကို ပြုဦးလော့၊ ဤမဟာစေတီ ကိုကား နောင်သောအခါ သင်၏အနွယ်ဖြစ်သော မြေးတော် သည် ပြုလတ္တံ့"ဟု မိန့်တော်မူ၏။ "အရှင်ဘုရား၊ အဘယ် မျှ ကြာလတ္တံ့နည်း"ဟု လျှောက်ပြန်လျှင် "သင် မင်းကြီး ညီတော် မဟာနာဂမင်း၏ သားတော်ဖြစ်သော ယဋ္ဌာလယ ကတိဿမင်းသည် ဖြစ်လတ္တံ့။ ထိုမင်း၏သားတော် ဂေါဌာ ဘယမင်းသည် ဖြစ်လတ္တံ့။ ထိုမင်း၏သားတော်သည် ကာကဝဏ္ဏတိဿမည်သော မင်းဖြစ်လတ္တံ့။ ထိုမင်း၏သား ကား †'ဒုဋ္ဌဂါမဏိအဘယ'မည်သော မင်းဖြစ်လတ္တံ့။ ထို မင်းသည် ကြီးသော ဘုန်းတန်ခိုးအာနုဘော်ရှိသည်ဖြစ်၍ ဘုရားသခင် သာသနာကို လွန်စွာမြတ်နိုးလျက် လူနတ် တို့၏ ကောင်းကျိုးများစိမ့်သောငှာ ဤကုန်းကျောဌာန၌ မဟာစေတီတည်လတ္တံ့"ဟု မိန့်တော်မူ၏။

ယင်းသို့ မိန့်တော်မူသော စကားကိုကြားရသော် ဒေဝါနံပိယတိဿမင်းသည်လည်း အရှင်မြတ် မိန့်တော်မူ သော စကားအတိုင်း ကျောက်စာတိုင်၌ အက္ခရာစာရေး သား၍ ထိုကုန်းကျောအရပ်၌ စိုက်ထားစေ၏။ ကြီးသော တန်ခိုးရှိတော်မူသော မြေကြီးအထုကဲ့သို့ ပညာတော်ကြီး ကျယ်လှသော မဟာမဟိန္ဒမထေရ်မြတ်သည် နလုံးမွေ့လျော် ဖွယ်ရာရှိလှသော မဟာမေဃဝန်ဥယျာဉ်ကို မင်းအိမ်နှင့် တကွ ခံတော်မူ၍ မင်း၏နန်းတော်မှ ထွက်ခဲ့ပြီးသော် နန္ဒဝန် ဥယျာဉ်၌ နေတော်မူ၍ ထိုဥယျာဉ်၌ ဖူးမြင်ခြင်းငှာ ရောက် လာကုန်သော လူအပေါင်းတို့အား 'အဂ္ဂိခန္ဓောဂမသုတ်' ကို ဟောတော်မူသည်။ တစ်ထောင်မျှလောက်သောသူတို့ သည် မဂ်ဖိုလ်သို့ ရောက်ကြကုန်သတည်း။ ယင်းသို့ ဟော တော်မူပြီးမှ မဟာမေဃဝန်ဥယျာဉ်သို့ ကြွ၍နေတော်မူ၏။ မဟာမဟိန္ဒထေရ်မြတ်သည် သုံးရက်မြောက်သောနေ့တွင် မင်းအိမ်တော်၌ ဆွမ်းဘုဉ်းပေးပြီးလျှင် နန္ဒဝန်ဥယျာဉ်၌ နေတော်မူ၍ 'အာသိဝိသောပမသုတ်'ကို ဟောတော်မူ၏။ တစ်ထောင်မျှလောက်သော ယောကျ်ားတို့ကို ပထမမဂ်ဖိုလ် သို့ ရောက်စေပြီးမှ မဟာမေဃဝန်ဥယျာဉ်သို့ ကြွတော် မူ၏။

## အနုရာဓ မဟာသိမ်တော်ကြီး

မင်းကြီးလည်း တရားနာပြီးလျှင် အရှင်မဟိန္ဒထေရ် အား ဤသို့လျှောက်၏။ "အရှင်ဘုရား၊ ဤသီဟိုဠ်ကျွန်း၌ ဘုရားရှင်သာသနာသည် တည်ပါပြီလော"ဟု လျှောက်၏။ အရှင်မဟိန္ဒကလည်း "လူတို့အရှင်ဖြစ်သော မင်းကြီး၊ ဤ သို့ တရားနာကြားရုံမျှဖြင့် ဘုရားသာသနာတော်သည်

* မဟာစေတီကိုဆိုသည်။

† ဒုဋ္ဌာဂါမနီအဘယ ဟု-(သီဟိုဠ်မဟာဝင် အဋ္ဌကထာ-စစ)။ (ဒုဋ္ဌဂါမဏိအဘယ) ရဉ္စောကမ္မဝိယ၊ (တိကင်္ဂုတ္တရအဋ္ဌကထာ သေဝဒူတဝဂ္ဂ၊ စတုတ္ထသုတ္တ-၉၃) စူရင်း၌ အဘယဒုဋ္ဌဂါမဏိ ရှိ၏။

www.burmeseclassic.com



မတည်ချေသေး။ ရဟန်းတော်တို့ ဥပုသ် ပဝါရဏာ, ကံကြီး ကံငယ်ပြုခြင်းငှာ ဘုရားရှင် အာဏာတော်ဖြစ်သော ဥဒက ကမ္မဝါစာဖြင့် သိမ်ကိုဖွဲ့ပြီးမှသာလျှင် ဘုရားသာသနာတော် တည်လတ္တံ့"ဟု မိန့်တော်မူ၏။

ဒေဝါနံပိယတိဿ မင်းကြီးလည်း "ပညာတော် အရောင်ဖြင့် တပြောင်ပြောင် ထွန်းတောက်တော်မူသော အရှင်ဘုရား၊ အကျွန်ုပ်သည် ဘုရားမြတ်စွာ၏ အာဏာ တော်ဖြစ်သော ဉတ်ကမ္မဝါစာ၏အတွင်း၌ နေလိုပါသည်။ ထို့ကြောင့် ဤအနုရာဓမြို့ကို အတွင်းပြု၍ လျင်မြန်စွာ သိမ်ဖွဲ့တော်မူပါ"ဟု လျှောက်၏။ "ရေမြေ့ရှင် ဖြစ်တော် မူသော မင်းကြီး၊ ဤသို့အလိုရှိတပြီးကား သင်မင်းကြီးပင် သိမ်၏ အပိုင်းအခြားကိုလည်းကောင်း, နိမိတ်ကိုလည်း ကောင်း မှတ်သား၍ထားတော်မူလော့။ ငါတို့သည် သိမ်ဖွဲ့၍ သမုတ်အံ့"ဟု ဆိုတော်မူ၏။ မင်းကြီးလည်း ကောင်းပါပြီ ဟု ဝန်ခံ၍ တာဝတိံသာနတ်ရွာ၌ နတ်တကာတို့၏ဘုရင် ဖြစ်သော သိကြားမင်းသည် နန္ဒဝန်ယျာဉ်သို့ ထွက်ဘိသကဲ့ သို့ ထို့အတူ များစွာသော ဗိုလ်ပါခြံရံလျက် မဟာမေဃဝန် ဥယျာဉ်မှထွက်ခဲ့၍ မိမိနန်းတော်သို့ဝင်၏။

အရှင်မဟိန္ဒထေရ်မြတ်သည် လေးရက်မြောက်သော နေ့၌ မင်း၏နန်းတော်၌ ဆွမ်းဘုဉ်းပေးပြီးလျှင် နန္ဒဝန် ဥယျာဉ်သို့ဝင်နေ၍ ရောက်လာသော ပရိသတ်တို့အား 'အနမတဂ္ဂသုတ်'ကို ဟောတော်မူ၍ တစ်ထောင်မျှလောက် သော သူတို့အား တရားရသာကို သောက်စေပြီးမှ မဟာ မေဃဝန်ဥယျာဉ်သို့ ကြွတော်မူ၏။ ထိုဒေဝါနံပိယတိဿ မင်းကြီးလည်း နံနက်အခါကပင် မြို့တော်မှာ စည်လည် စေ၏။

ငါတို့၏နေရာ အနုရာဓပြည်မြတ်ကိုလည်းကောင်း, ကျောင်းသို့သွားရာခရီးကိုလည်းကောင်း, မဟာဝိဟာရ ကျောင်း၏ ထက်ဝန်းကျင်ကို လည်းကောင်း သန့်ရှင်းစွာ ပြုပြင်၍ တံခွန် ကုက္ကား စသည်တို့ဖြင့် တန်ဆာဆင်ကြ ကုန်လော့ဟု စည်လည်စေပြီးသော် မင်းကြီးသည် မင်းတို့ ဆင်အပ်သော မကိုဋ် သင်းကျစ်စသော တန်ဆာကိုဆင်ယင် အပ်လျက် ရထားစီး၍ မျူးကြီးမတ်ကြီးတို့ကိုလည်းကောင်း, မောင်းမမိဿံတို့ကို လည်းကောင်း အထိုက်အလျောက် တန်ဆာ ဆင်ယင်စေ၍ များလှစွာသော ဗိုလ်ပါစစ်သည် အပေါင်း ဝန်းရံလျက် မဟာမေဃဝန်ဥယျာဉ်သို့ ထွက်တော် မူပြီးသော် မထေရ်မြတ်တို့ကို ရှိခိုးပူဇော်၍ လျောက်ပတ် စွာ တန်ဆာဆင်ယင်အပ်သော ဆင်ကြီးနှစ်စီးကအပ်သော ထွန်ဖြင့် ထွန်ရေးငင်သည်ကား အနုရာဓမြို့ကို အတွင်း ထားခြင်းငှာ ကဒမ္ဗမြစ်၏ အညာဖြစ်သော [၃](မင်္ဂလာဆိပ် မှသည် ကုန်းသို့တက်သွားပြီးလျှင် အစဉ်သဖြင့် ထွန်ရေး ငင်ခဲ့၍ ကဒမ္ဗမြစ်၏အကြေဖြစ်သော နဂ်လဆိပ်သို့ ဆင်း ပြီးမှ မြစ်ကမ်းသို့လျှောက်၍ ယခင် မင်္ဂလာဆိပ်၌ အပြီး သတ်၏။ ဝသိဝဖော်ငါးပါးနှင့် ပြည့်စုံတော်မူသော မဟာ မဟိန္ဒထေရ်မြတ်သည်လည်း ဆင်ကြီးနှစ်စီးကအပ်သော ထွန်ဖြင့် အရေးငင်အပ်သော ထွန်ရေးကြောင်း၏ပြင်ဘက် ၌ နိမိတ်တို့ကိုကြား၍ သုံးဆယ့်နှစ်ပါးသော ဥပုသ်အိမ်တည် ရာ၌လည်းကောင်း နိမိတ်တို့ကိုကြား၍ ဝိနည်းအဋ္ဌကထာ ၌လာသောအတိုင်း သီမန္တရိက်တို့ကိုလည်း ကြားတော်မူ ၍ ခပ်သိမ်းသော သိမ်တို့ကို သမုတ်တော်မူသည်။ သိမ် သမုတ်သည်၏အဆုံး၌ မဟာပထဝီမြေကြီးသည် ကောင်း ချီးပေးသော အခြင်းအရာဖြင့် ပြင်းစွာတုန်လှုပ်၏။)

မဟာမဟိန္ဒထေရ်မြတ်သည် ငါးရက်မြောက်သော နေ့၌ ဒေဝါနံပိယတိဿမင်းကြီး၏ နန်းတော်၌ ဆွမ်း ဘုဉ်းပေးပြီးလျှင် နန္ဒဝန်ဥယျာဉ်သို့ ဝင်တော်မူ၍ စည်းဝေး လာသောသူတို့အား [၄](ဓမ္မနိယာမသုတ္တန်)ကို ဟောတော်မူ၍ တစ်ထောင်သောသူတို့အား အမြိုက်တရားကို ရစေသည်။ ထို့နောက်မှ မဟာမေဃဝန်ဥယျာဉ်၌ နေတော်မူသည်။ ခြောက်ရက်မြောက်သော နေ့၌လည်း မင်း၏နန်းတော်၌ ဆွမ်းဘုဉ်းပေးတော်မူ၍ နန္ဒဝန်ဥယျာဉ်၌နေလျက် [၅](ဂေါမယ ပိဏ္ဍိကသုတ္တန်)ကို ဟောတော်မူ၍ တစ်ထောင်သောသူတို့ အား တရားအထူးကိုရစေပြီးမှ မဟာမေဃဝန်ဥယျာဉ်၌ နေတော်မူသည်။ ခုနစ်ရက်မြောက်သောနေ့၌လည်း မင်း၏ နန်းတော်၌ ဆွမ်းဘုဉ်းပေးတော်မူ၍ နန္ဒဝန်ဥယျာဉ်၌နေ လျက် ဓမ္မာစကြာတရားကို ဟောတော်မူ၍ တစ်ထောင်သော သူတို့အား သစ္စာလေးပါးကို သိစေတော်မူပြီးမှ မဟာမေဃ ဝန်ဥယျာဉ်၌ နေတော်မူသည်။

ဤသို့လျှင် အရှင်မဟိန္ဒထေရ်မြတ်သည် ခုနစ်ရက် အတွင်း၌ ရှစ်ထောင့်ငါးရာသော လူတို့ကို သောတာပတ္တိ ဖိုလ်သို့ရောက်စေလျက် မဟာမေဃဝန်ဥယျာဉ်အတွင်း၌ သီတင်းသုံးနေတော်မူသည်။ ထို့ကြောင့် ဤနန္ဒဝန်ဥယျာဉ် သည် ရှင်မဟိန္ဒထေရ်မြတ်၏ သာသနာတော် ထွန်းပစေရာ အရပ်ဖြစ်သတည်း။ ထို့ကြောင့် နန္ဒဝန်ဥယျာဉ်ကို သာသနာ ရောင် ထွန်းပြောင်စေရာ ဌာနဖြစ်သောကြောင့် 'ဇောတိဝန' ဟူ၍ လူတို့သမုတ်ကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



### ပရိဝုဏ် ၆ မျိုး

ထိုဒေဝါနံပိယတိဿမင်းသည် မဟာမေဃဝန်ဥယျာဉ်ကို ရှေးဦးစွာ မီးရှူးတို့ဖြင့် မြေကိုခြောက်စေ၍ ပြာသာဒ်တော်ကိုပြု၏။ ထို့ကြောင့် ပြာသာဒ်နေရာသည် မည်းနက်သော အဆင်းရှိရကား 'ကာဠပါ သာဒပရိဝုဏ်'ဟု ခေါ်ကြ၏။ ထို့နောင်မှ မဟာဗောဓိအိမ်ကိုလည်းကောင်း, လောဟပါသာဒကိုလည်းကောင်း, စာရေးတံဝေစရာဖြစ်သော ဇရပ်ကိုလည်းကောင်း, ဆွမ်းစားဇရပ်ကိုလည်းကောင်း ကောင်းမွန်တင့်တယ်စွာ ဆောက်လုပ်စေ၏။ (ဒေဝါနံပိယတိဿမင်းကြီး ဆောက်လုပ်အပ်သော လောဟပါသာဒကို နောက်အခါ ဒုဋ္ဌဂါမဏီမင်းဖျက်၍ ရွှေမွမ်းမံသော လောဟပါသာဒပြာသာဒ်ကို ပြုလေသည်။) မင်းကြီးလည်း များစွာကုန်သော ပရိဝုဏ်တို့ကိုလည်းကောင်း, ရေကန်တို့ကိုလည်းကောင်း, ညဥ့်သန့်ရာ နေ့သန့်ရာ စသည်တို့ကိုလည်းကောင်း ကောင်းမွန်စွာ ပြုလုပ်စေသည်။ ရှင်မဟိန္ဒထေရ်ရေချိုးတော်မူသော ရေကန်၏ကမ်းနားပြုအပ်သော ပရိဝုဏ်ကို 'သုနှာတပရိဝုဏ်'ဟု ခေါ်သည်။ သီဟိုဠ်ကျွန်းသူတို့၏ ဆီမီးသဖွယ်ဖြစ်သော အရှင်မဟိန္ဒ၏ စင်္ကြံကြွရာအရပ်၌ ပြုအပ်သော ပရိဝုဏ်ကို 'ဒီဃစင်္ကမနပရိဝုဏ်'ဟု ခေါ်သည်။ အရှင်မြတ်သည် ဖလသမာပတ်ဝင်စား၍ နေတော်မူရာအရပ်၌ ပြုလုပ်အပ်သော ပရိဝုဏ်ကို 'ဖလဂ္ဂပရိဝုဏ်'ဟု ခေါ်သည်။ အကြင်အရပ်၌ မထေရ်မြတ်ကို များစွာသော နတ်တို့သည် ပူဇော်ဆည်းကပ်၏။ ထိုဆည်းကပ်ရာ၌လည်း ပရိဝုဏ်ကို ပြုလုပ်၏။ ထိုပရိဝုဏ်ကို 'မရုဂဏပရိဝုဏ်'ဟု ခေါ်သည်။ ဒေဝါနံပိယတိဿမင်း၏ စစ်သူကြီးဖြစ်သော ဒီဃသန္ဒအမတ်သည် ရှစ်လုံးသောသည်တိုင်တို့ဖြင့် တင့်တယ်စွာ ဆောက်လုပ်အပ်သော စူဠပါသာဒကို အရှင်မဟိန္ဒအား တင်လှူလေသည်။ ထိုပြာသာဒ်၏ တံတိုင်းအရံကိုလည်း ဒီဃသန္ဒပရိဝုဏ်ဟု ခေါ်သည်။ ဒေဝါနံပိယတိဿမင်းကြီးသည် အရှင်မဟိန္ဒတို့ကို အကြောင်းပြု၍ ဤမဟာဝိဟာရကျောင်းတိုက်ကြီးကို ဦးစွာအစ ပြုစုတည်ထောင်လေသည်။

**'ပပဉ္စပဒေါရဝံသ'အမည်ရှိသော မဟာဝံသကျမ်း၌ (၂၃၂) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော 'မဟာဝိဟာရပဋိဂ္ဂဟဏ' အမည်ရှိသော ပဉ္စာရသမအပိုင်းအခန်းကား ပြီး၏။**

---

## စေတိယပဗ္ဗတဝိဟာရ ပဋိဂ္ဂဟဏကထာ၊ သောဠသမပိုင်း

### ၁၉-အရိဋ္ဌအမတ်ညီနောင်တို့ ရဟန်းပြုခြင်းနှင့် ဒေဝါနံပိယ တိဿမင်းသည် စေတိယတောင်၌ ကျောင်းဆောက်လှူခြင်း

အရှင်မဟိန္ဒထေရ်မြတ်သည်လည်း နှစ်ဆယ့်ခြောက်ရက်ပတ်လုံး လူတို့ကို ချီးမြှောက်ခြင်းငှာ အနုရာဓမြို့၌ ဆွမ်းခံဝင်တော်မူ၍ မင်းအိမ်၌ ဆွမ်းဘုဉ်းပေးပြီးလျှင် မဟာမေဃဝန်ဥယျာဉ်၌ နေတော်မူ၏။ ဝါဆိုလဆန်း တစ်ဆယ့်သုံးရက်နေ့သို့တိုင်ရောက်သော အခါ၌ကား ထိုအရှင်မြတ်သည် မင်းအိမ်၌ ဆွမ်းစားပြီးသော် ဒေဝါနံပိယတိဿမင်းကြီးအား မဟာအပ္ပမာဒသုတ်ကိုဟောတော်မူ၍ စေတိယတောင်၌ ဝါဆိုရန် ကျောင်းကိုအလိုရှိရကား မင်းအိမ်မှ ဆင်းသက်၍ အရှေ့တံခါးဖြင့်ထွက်ပြီးသော် စေတိယတောင်သို့ ကြွတော်မူ၏။

ဒေဝါနံပိယတိဿမင်းကြီးလည်း အရှင်မြတ်တို့သည် စေတိယတောင်သို့ကြွကြောင်းကို ကြားတော်မူသော် ရထားစီး၍ မိဖုရားနှစ်ဦးကိုလည်း ရထား၌တင်၍ အရှင်မဟိန္ဒ ကြွတော်မူရာသို့ မြန်စွာလိုက်၏။ အရှင်မြတ်လည်း နာဂစတုက္ကအိုင်၌ ရေချိုးပြီးလျှင် မိဿကတောင်သို့တက်ခြင်းငှာ အစဉ်သဖြင့် ရပ်၍နေစဉ် မင်းကြီး မြင်လေသော် ရထားမှဆင်းသက်၍ အရှင်မြတ်ကိုရှိခိုးလျက် အနီးသို့ကပ်၏။ မထေရ်မြတ်ကလည်း "ဒကာမင်းကြီး၊ အဘယ့်ကြောင့် နေပူလှသောအခါ၌ အပင်ပန်းခံ၍ လိုက်လာသနည်း"ဟု မေး၏။ "အရှင်ဘုရား၊ အရှင်မြတ်သည် မကြွဖူးသောအရပ်သို့ ကြွတော်မူသောကြောင့် အကျွန်ုပ်အား ပစ်ထားခဲ့ပြီထင်၍ လျင်စွာ လိုက်လာပါသည်"ဟု လျှောက်သော် "(မင်းကြီး မဟာမေဃဝန်ဥယျာဉ်ကား မြို့နှင့်နီးသည်ဖြစ်၍ ဝါဆိုခြင်းငှာ မသင့်သေးသောကြောင့် ဤမိဿကတောင်၌ ဝါဆိုခြင်းငှာ ငါတို့လာခဲ့သည်ဟု မိန့်တော်မူ၍)ဝါဆိုရခြင်းအကြောင်းကိုဆိုရာ ဝဿုပနာယိကက္ခန္ဓကကို မင်းကြီးအား ဟောကြားပေ၏။

ထိုအခါ မင်း၏တူဖြစ်သော မဟာအရိဋ္ဌမည်သော အမတ်သည် ထိုခန္ဓကတရားကိုနာပြီး၍ ညီအစ်ကိုဖြစ်ကုန်

---

• (မဟာဝင်အဋ္ဌကထာ—ဋီကာ)တို့၌ ဤစကားမပါ။

www.burmeseclassic.com



သော ငါးကျိပ်ငါးယောက်သော သားချင်းတို့နှင့်တကွ မင်းအနီး၌နေလျက် ရဟန်းပြုခြင်းငှာ မင်းအား တောင်းပန်ကြ၏။ မင်းကြီးလည်း သင်တို့ရဟန်းပြုလိုမူ ပြုကြကုန်လော့ဟု ခွင့်ပြုတော်မူ၏။ ကြီးသော ပါရမီသမ္ဘာပညာရှိကုန်သော ငါးကျိပ်ငါးယောက်သော သားချင်းညီနောင်တို့သည် အရှင်မြတ်ထံ တောင်းပန်၍ ထိုနေ့ပင် ရဟန်းပြုကြကုန်၏။ ထိုသူတို့ကို ဆံရိတ်သော ကာလ လက္ခဏာယာဉ်ကိုပြ၍ ဆုံးမသဖြင့် ဆံချသောအဆုံး၌ပင် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ *(ပဋ္ဌပညာသဘာတွဟိ–ဟူ၍ မဟာဝင်ဂါထာရှိသောအရသည် ရှေးဆိုလတ္တံ့သော 'စတေဒွာသဋ္ဌိ အရဟန္တေ'ဟူသောပါဠိနှင့် မညီသည်ဖြစ်၍ ထိုပါဠိအတိုင်း အဓိပ္ပာယ်ဆိုလိုက်သည်။ အချို့စာ၌ 'စတုပညာသဘာတုဟိ'ဟု ရှိသည်။ သီဟိုဠ်ဘာသာဖြင့် မဟာဝင်ကျမ်း၌လည်း 'စတုပညာသာယသဒ္ဓိ'ဟူ၍ ဆိုသည်ဟု နိဿယရေးသော ဆရာပြ၏)။

ဒေဝါနံပိယတိဿမင်းကြီးသည် ကဏ္ဍကစေတီတည်ရာ အရပ်ကို ခြံရံ၍ ထိုနေ့ပင်လျှင် ခြောက်ဆယ့်ရှစ်ခုသော လိုဏ်တို့ကို ပြုစိမ့်သောငှာ အမှုလုပ်တို့ကိုစေခိုင်း၍ အနုရာဓမြို့သို့ ပြန်တော်မူ၏။ မထေရ်တို့လည်း နံနက်အခါ၌ ဆွမ်းအလို့ငှာ အနုရာဓမြို့သို့ဝင်ကုန်၍ ထိုမိဿကတောင်၌ပင် နေကြကုန်၏။ မင်းကြီးလည်း လိုဏ်အမှုသည် ပြီးလတ်သည်ရှိသော် ဝါဆိုလပြည့်နေ့၌ ပရိသတ်နှင့်တကွ ထွက်တော်မူ၍ မထေရ်တို့အား ကျောင်းအလှူကို လှူတော်မူ၏။

အရှင်မဟိန္ဒထေရ်မြတ်လည်း ခြောက်ဆယ့်နှစ်ခုသော တန်ဆောင်းတို့၏ လည်းကောင်း, မိမိ သီတင်းသုံးရန် ကျောင်း၏လည်းကောင်း, သိမ်ကိုသမုတ်၍ အလုံးစုံတို့၏ ရှေးဦးစွာ မိမိ သမုတ်အပ်သော တုမ္ဗရုမည်သောသိမ်၌ ရဟန်းပြုလိုကုန်သော ထိုငါးကျိပ် ငါးယောက်ကုန်သော သူတို့အား ပဉ္စင်းအဖြစ်ကို ပြုတော်မူသည်။ အလုံးစုံ ခြောက်ကျိပ်နှစ်ပါးကုန်သော ရဟန္တာတို့သည် ထိုစေတိယတောင်ကျောင်း၌ မိုဃ်းဥတုပတ်လုံး ဝါကိုကပ်၍ မင်းကြီးအား ချီးမြှောက်ခြင်းကို ပြုကြကုန်၏။ သီဟိုဠ်ကျွန်း၌နေကုန်သော လူအပေါင်း နတ်အပေါင်းတို့သည်လည်း အလွန်ကျော်စောထင်ရှားသော မဟိန္ဒမထေရ်မြတ်ကိုလည်းကောင်း တပည့်ရဟန္တာ ခြောက်ကျိပ်တစ်ပါးတို့ကို လည်းကောင်း မြတ်နိုးတနာ လွန်စွာ ဆည်းကပ်ကြကုန်လျက် ဒါနသီလစသော ကောင်းမှုမျိုးတို့ကို အားထုတ်ကြကုန်သတည်း။

**'ပပဒ္ဓပဒေါရုဝံသ'အမည်ရှိသော မဟာဝံသကျမ်း၌ (၁၈) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော 'စေတိယပဗ္ဗတဝိဟာရပဋိဂ္ဂယဏ'အမည်ရှိသော သောဠသမအပိုင်းအခန်းကား ပြီး၏။**

---

## ဓာတုအာဂမနကဏ္ဍ၊ သတ္တရသမပိုင်း

### ဒေဝါနံပိယတိဿမင်းသည် သီဟိုဠ်ကျွန်းသို့ ဓာတ်တော်, ညှပ်ရိုးတော်, သပိတ်တော်တို့ကိုပင့်၍ ထူပါရုံစေတီ ထူပါရုံ ကျောင်းတိုက်တည်ခြင်း

ကြီးသော ဘုန်းပညာရှိတော်မူသော အရှင်မဟိန္ဒထေရ်မြတ်သည် တန်ဆောင်မုန်းလပြည့်နေ့၌ ပဝါရဏာပြုပြီးသော် မင်းအိမ်တော်၌ ဆွမ်းစားပြီး၍ ဒေဝါနံပိယတိဿမင်းကြီးအား ဤသို့မိန့်ဆို၏။

"လူတို့ကိုအစိုးရသော မင်းကြီး၊ ငါတို့သည် နတ်နှင့်တကွသော လူကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရားကို မဖူးမမြင်ရသည်ကား ကြာမြင့်ပြီ၊ ကိုးကွယ်ရာမရှိသောနေခြင်းဖြင့် ငါတို့ နေရကုန်၏။ ဤအရပ်၌ ငါတို့၏ပူဇော်အပ်သော ဆရာသည် မရှိတော့ချေ။ ထို့ကြောင့် ဇမ္ဗူဒိပ်ကျွန်းသို့သွားလိုသည်"ဟု ဆို၏။ ထိုစကားကိုကြားသော် မင်းကြီးကလည်း "အရှင်ဘုရားသည် အကျွန်ုပ်အား ဘုရားသခင်နိဗ္ဗာန်ဝင်တော်မူပြီဟု ဟောသည်မဟုတ်ပါလော"ဟူ၍ လျှောက်၏။ "မြတ်သောမင်းကြီး၊ ဘုရား နိဗ္ဗာန်ဝင်သည်ကား မှန်၏။ ဓာတ်တော်တို့ကို ဖူးမြင်ရသည်ရှိသော် ဘုရားကိုယ်တော်ကို ဖူးမြင်ရသည်နှင့်တူ၏"ဟူ၍ မိန့်တော်မူသော် "အရှင်ဘုရား၊ အရှင်တို့သည် စေတီတည်လိုကြောင်းကို ကျွန်ုပ် သိပါပြီ။ စေတီတည်လုပ်ပါအံ့၊ ဓာတ်တော်တို့ကို ရအောင်သာလျှင် အရှင်မြတ် လုံ့လပြုတော်မူပါ" ဟု လျှောက်၏။

#### သုမနသာမဏေနှင့် ဒေဝါနံပိယတိဿ

ထိုအခါ အရှင်မဟိန္ဒကလည်း "ဒကာမင်းကြီး၊ သုမနသာမဏေနှင့် တိုင်ပင်ကြလော့" ဟူ၍ မိန့်တော်မူ၏။

* ယခုရှိသီဟိုဠ်မူ (မဟာဝင်)၌ 'မဟာရိဋ္ဌောမဟာမစ္စော၊ ပဉ္စပညာသဘာတုဟိ'ရှိ၏။

www.burmeseclassic.com



ဒေဝါနံပိယတိဿမင်းကြီးလည်း ကောင်းပါပြီဟု ဝန်ခံ၍ သုမနသာမဏေထံသို့ ကပ်ပြီးလျှင် "အရှင်သုမန၊ ယခုအခါ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို အဘယ်မှာ ရပါအံ့နည်း" ဟု လျှောက်၏။

သာမဏေလည်း "မင်းမြတ်၊ သင်သည် ကြောင့်ကြတော် မမူလင့်၊ မြို့တော်ကိုလည်းကောင်း၊ လမ်းခရီးတို့ကိုလည်းကောင်း၊ ကောင်းစွာ သုတ်သင်၍ တံခွန်ကုက္ကား၊ ပန်းပွား၊ မြူတာ၊ ကြာသွတ်အိုး စသည်တို့ဖြင့် တင့်တယ်စွာ တန်းဆာဆင်ပြီးလျှင် မင်းကြီးနှင့်တကွသော မှူးမတ် ပရိသတ်တို့သည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ဆောက်တည်၍ အလုံးစုံသောပဉ္စင်၊ ဒုံမင်း၊ ခွက်ခွင်း၊ စည်ကြီး၊ မှုတ်တီးဖွယ် အမျိုးမျိုးတို့ကို ခြံရံစေပြီးလျှင် မင်္ဂလာရှိသော ဆင်တော်ရတနာကို တန်ဆာဆင်ယင်စေလျက် အထက်၌ ထီးဖြူစိုက်၍ လပြည့်နေ့ ညချမ်းသောအခါ ဓာတ်တော်ကြိုခြင်းငှာ မဟာနာဂဝန်ဥယျာဉ်သို့ ထွက်တော်မူလော့။ ထိုဥယျာဉ်၌ ဓာတ်တော်တို့ကို ရလတ္တံ့" ဟု ဆိုပေ၏။ မင်းကြီးလည်း ကောင်းပါပြီဟု ဝန်ခံ၏။

## မွှာသောကမင်းနှင့် သိကြားမင်းထံ

မဟိန္ဒထေရ်မြတ်လည်း မင်းအိမ်မှသက်ခဲ့၍ စေတီယတောင်သို့ ကြွပြီးလျှင် တူတော်သုမနသာမဏေကို ဤသို့ မိန့်တော်မူ၏။ "ကောင်းသောဂုဏ်ကျေးဇူးမျိုး တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော သုမန... သင်သည် ဇမ္ဗူဒိပ်ကျွန်း ပါဋလိပုတ်ပြည်သို့သွား၍ သင်၏ ဘိုးတော်ဖြစ်သော ဓမ္မာသောက မင်းကြီးအား ငါ၏စကားဖြင့် ဤသို့ဆိုလေလော့၊ "(သင်မင်းကြီး၏ အဆွေတော်ဖြစ်သော ဒေဝါနံပိယတိဿမင်းသည်) တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား၏ သာသနာ၌ လွန်စွာ ကြည်ညိုခြင်းသို့ ရောက်ပါပြီ၊ ယခုအခါ စေတီတည်ခြင်းကို အလိုရှိပါ၏။ မြတ်သော ဘိုးတော်မင်းကြီး၊ သင်မင်းကြီးအထံ၌ များစွာကုန်သော သရီရဓာတ်တော်တို့သည် ရှိကုန်၏။ ထိုဓာတ်တော်တို့ကို တစ်သပိတ်မျှလောက် ခွဲဝက်၍ ပေးတော်မူပါ၊ မြတ်စွာဘုရားသည် သုံးဆောင်တော်မူသော သပိတ်တော်ကိုလည်း ပေးတော်မူပါဟု တောင်းပြီးလျှင် တာဝတိံသာနတ်ပြည်သို့ သွား၍ သိကြားမင်းအားလည်း ဤသို့ဆိုလေလော့၊ ဒကာ သိကြားမင်း၊ ငါ၏ ဦးရီးတော်ဖြစ်သော မဟိန္ဒထေရ်မြတ်သည် စေလွှတ်အပ်သည်ဖြစ်၍ သင် နတ်မင်း၏ထံသို့ ငါ လာရသည်။ သုံးပါးသောလူတို့၏ အလှူကို ခံတော်မူထိုက်သော ဘုရားသခင်၏ **လက်ျာစွယ်တော်ဓာတ်** သည်လည်းကောင်း၊ **လက်ျာညှပ်ရိုးတော်ဓာတ်**သည် လည်းကောင်း၊ သင်မင်းမြတ်၏အထံ၌ ရှိသည်တွင် လက်ျာစွယ်တော်ဓာတ်ကိုသာလျှင် မပြတ်ပူဇော်တော်မူ၍ ညှပ်ရိုးတော်ဓာတ်ကိုကား ငါ့အား ပေးအပ်လော့၊ သီဟိုဠ်ကျွန်း၌ ပြုအပ်သော ကိစ္စတို့ကိုလည်း ငါတို့အား လျှောက်ထားပြီးဖြစ်လျက် အဘယ့်ကြောင့် မေ့လျော့၍ နေဘိသနည်းဟူ၍ ဆိုလော့" ဟု စေလိုက်၏။

သုမနသာမဏေလည်း ကောင်းပါပြီဟု ဝန်ခံပြီးလျှင် ထိုခဏ၌ သပိတ်သင်္ကန်းကိုပြင်၍ ကောင်းကင်ခရီးဖြင့်ကြွ၍ ပါဋလိပုတ်ပြည်တံခါးဝ၌ သက်လေသော် ဘိုးတော်မြတ်သည် ယူဆောင်၍ ပြည်၏အနီး အင်ကြင်းပင်ကြီးရိပ်၌ ထားအပ်သော မဟာဗောဓိပင်၏ ဒက္ခိဏသာခါလက်ျာတောင်ကိုင်းကို များစွာသော ပြည်သူအပေါင်းတို့သည် သောင်းသောင်းအုတ်အာ ကြတ္တိကာနက္ခတ်သဘင်ဖြင့် ပျော်ရွှင်လျက် ပူဇော်ကြသောအရာကို ကြည့်ရှုပြီးမှ မင်းကြီး၏ ထံသို့ဝင်၍ အရှင်မဟိန္ဒမှာလိုက်သော စကားဖြင့် ပြောကြားပေ၏။ ဓမ္မာသောကမင်းကြီးလည်း အလွန်အားရနှစ်သက်သည်ဖြစ်၍ **သပိတ်တော်** နှင့်တကွသော **ဓာတ်တော်** တို့ကို သုမနသာမဏေအား ပေးအပ်လေ၏။

သုမနသာမဏေလည်း ထိုရသော ဓာတ်တော်ကို သပိတ်တော်ဖြင့် ထည့်၍ ယူဆောင်ကာ ဟိမဝန္တာ၌ထားခဲ့ပြီးလျှင် တာဝတိံသာသို့ တက်ပြန်၏။ သိကြားမင်း၏ ထံသို့ဝင်၍ သိကြားမင်းသည် သုမနသာမဏေကိုမြင်လျှင် "အရှင်သုမန၊ အဘယ်အလို့ငှာ ကြွလာသနည်း" ဟု မေး၏။ သာမဏေကလည်း "ဒကာသိကြားမင်းသည် ငါတို့အား သီဟိုဠ်ကျွန်းသို့ ကြွပါဟု တိုက်တွန်းပြီးလျှင် အဘယ့်ကြောင့် မေ့လျော့စွာ နေဘိသနည်း" ဟု အပြစ်တင်၏။ "အရှင်ဘုရား၊ အကျွန်ုပ်ကား မေ့လျော့စွာမနေပါ၊ လိုတော်မူရာကို မိန့်ဆိုပါလော့" ဟု လျှောက်၏။ "ဒကာသိကြားမင်း သင်၏အထံ၌ရှိသော စွယ်တော် ညှပ်ရိုးတော် ဓာတ်နှစ်ဆူတို့တွင် စွယ်တော်ကို ဒကာ အမြဲကိုးကွယ်တော်မူ၍ ညှပ်ရိုးတော်ဓာတ်တော်ကို ငါ့အား ပေးအပ်လော့" ဟု ဆိုပေ၏။

သိကြားမင်းလည်း အရှင်ဘုရား ပေးပါမည်ဟုဝန်ခံ၍ တစ်ယူဇနာပမာဏရှိသော မြကျောက်ဖြင့်ပြီးသော စူဠာမဏိစေတီတော်ကိုလှပ်၍ ညှပ်ရိုးတော်ကိုယူပြီးလျှင် အရှင်သုမနအား အပ်ပေ၏။ သုမနသာမဏေသည်လည်း ညှပ်

www.burmeseclassic.com

www.burmeseclassic.com



ရိုးတော်ကိုရလျှင် မြန်စွာကြွခဲ့၍ ဟိမဝန္တာ၌ထားသော ဓာတ်တော်နှင့် သပိတ်တော်ကိုလည်းဆောင်ခဲ့၍ ပြန်လာသဖြင့် မွန်းယိမ်းအခါ၌ပင် လက်ာဒီပကျွန်း မိဿကတောင်သို့ရောက်၍ အရှင်မဟိန္ဒအား ကပ်ဆက်၏။

(မှော်သောကမင်း၏အထံ၌ ဓာတ်တော်ကိုလည်းကောင်း၊ သပိတ်တော်ကိုလည်းကောင်း တောင်းယူကြောင်းကို မဟာဝင်စာကိုယ်၌လာသည်။ ပါရာဇိကဏ်အဋ္ဌကထာ၌ကား သပိတ်တော်မပါ ဓာတ်တော်တောင်းကြောင်းသာ လာသည်။)

## စေတိယဂိရိ

မဟာမဟိန္ဒထေရ်မြတ်သည်လည်း ဆောင်ခဲ့အပ်သော ဓာတ်တော်အပေါင်းတို့ကို မိဿကတောင်၌သာ စုဝေးကာ ထားတော်မူသည်။ ထို့ကြောင့် **ဤမိဿကတောင်**သည် **'စေတိယဂိရိ'**တောင် မည်လေသတည်း။

ဒေဝါနံပိယတိဿမင်းကြီးသည်လည်း လပြည့်နေ့ညချမ်းသောအခါ သုမနသာမဏေသည် မိန့်မှာချိန်းချက်သည့်အတိုင်း အင်္ဂါရှစ်ပါးရှိသော ဥပုသ်ကိုဆောက်တည်၍ မှူးမတ်ဗိုလ်ပါအပေါင်း ခြံရံလျက် ထက်ဝန်းကျင်မှ စည်ကြီး၊ ခွက်ခွင်း၊ ကြေးနှင်း၊ ခရာ စသော တူရိယာမျိုးတို့ဖြင့်လည်းကောင်း၊ တံခွန်၊ ကုက္ကား၊ ပန်းပွား၊ မြူတာစသော ပူဇော်သက္ကာရတို့ဖြင့်လည်းကောင်း ဝန်းရံလျက် ကောင်းမွန်စွာ တန်ဆာဆင်အပ်သော မင်္ဂလာဆင်တော်၏ ကျောကုန်းထက်၌ ထီးဖြူကိုစိုက်ပြီးလျှင် မင်းကြီးသည် ဓာတ်တော်တည်ရာ ရတနာပန်းတောင်းကိုပိုက်လျက် ထွက်တော်မူ၏။

## ညှပ်ရိုးတော်

မဟာမဟိန္ဒထေရ်မြတ်သည်လည်း ဓာတ်တော်သပိတ်တော်ကို စေတိယတောင်၌ထားခဲ့ရ၍ ညှပ်ရိုးတော်ကိုသာ ယူပြီးလျှင် သံဃာအပေါင်းဝန်းရံလျက် ချိန်းချက်ရာဖြစ်သော မဟာနာဂဝန် ဥယျာဉ်သို့ကြွလာ၍ ဒေဝါနံပိယတိဿမင်းကြီးအား ညှပ်ရိုးတော် ဓာတ်တော်ကိုပေး၏။ မင်းကြီးလည်း ဓာတ်တော်ကိုမြင်လျှင် 'ဤဓာတ်တော်သည် ဘုရားကိုယ်တော်မှဖြစ်သော ဓာတ်တော် အကယ်၍ မှန်ပါမူကား ဤမင်္ဂလာဆင်တော်သည် လူမဆိုဘဲ အလိုလို ပုဆစ်တုပ်လျက် မြေ၌ဝပ်သည်ဖြစ်စေသော၊ ထီးဖြူလည်း အလိုလို ပွင့်သည်ဖြစ်စေသော၊ ဓာတ်တော်သည် ပန်းတောင်းသို့ ကြွလာ၍ ငါ၏ဦးခေါင်းထက်၌ တည်သည်ဖြစ်စေသော''ဟု စိတ်ကြံသည်နှင့်တစ်ပြိုင်နက် ထီးဖြူလည်း အလိုလို ပွင့်၏။ ဆင်တော်လည်း မြေ၌ပုဆစ်တုပ်၍ ဝပ်၏။ ဓာတ်တော်ပန်းတောင်းလည်း မင်း၏ဦးခေါင်းထက်၌ တည်လေ၏။

ယင်းသို့ စိတ်ကြံတိုင်းဖြစ်သောအခါ ဒေဝါနံပိယတိဿမင်းကြီးအား အမြိုက်ရေဖြင့် သွန်းဘိသကဲ့သို့ ဝမ်းမြောက်ခြင်းအားကြီးသဖြင့် ကြက်သီးဖြန်းဖြန်း ကိုယ်လုံးမွှန်းလျက် ရွှင်လန်းနှစ်သိမ့်သော ပီတိသည်ဖြစ်ရကား ဘုရားတရားဟူသောအသံကို အဖန်ဖန် ရေရွတ်ပြီးလျှင် "အရှင်ဘုရား၊ ဤဓာတ်တော်ကို အဘယ်မှာထားပါအံ့နည်း'ဟု လျှောက်၏။ အရှင်မဟိန္ဒကလည်း "မင်းကြီး ဆင်တော်ဦးကင်း၌ပင် သီတင်းသုံးစေလော့"ဟု မိန့်တော်မူ၍၊ မင်းသည် ဓာတ်တော်ပန်းတောင်းကိုပိုက်လျက် ဆင်ဦးကင်းထက်သို့ တက်လေလျှင် မင်္ဂလာဆင်တော်သည် အလွန်ရွှင်လန်းရကား ကြိုးကြာသံကဲ့သို့သော အသံကိုမြည်၏။ ကောင်းကင်အလုံးမှ တိမ်ထပ်တို့သည် အချုပ်ချုပ်တက်လာ၍ အခါမဲ့မိုးယံကြီးသည် သည်းစွာရွာ၏။ မဟာပထဝီ ဤမြေအလုံးသည်လည်း ရေအဆုံးရှိသည်ကိုပြုလျက် သွက်သွက်ခါ တုန်လှုပ်၏။ လူအပေါင်းတို့၏ ကောင်းချီးပေးသောအသံလည်း မိုးယံမြိမ်မျှဖြစ်၏။

ယင်းသို့ ဆင်ဦးကင်းထက်သို့တင်ပြီးလျှင် အရှင်မြတ်တို့သည်လည်းကောင်း၊ ဗိုလ်ပါပရိသတ်တို့သည်လည်းကောင်း မင်္ဂလာဆင်တော်ကိုဝန်းရံလျက် တီးမှုတ်မျိုး မှုတ်မျိုး အစုံဖြင့် ဝန်းအုံခြံရံကာ မဟာနာဂဝန်ဥယျာဉ်မှထွက်ခဲ့၍ အနုရာဓမြို့၏ အရှေ့တံခါးဖြင့်ဝင်ပြီးလျှင် မြို့လယ်သို့သွား၍ တောင်တံခါးဖြင့်ထွက်ပြီးမှ ထူပါရုံစေတီတည်ရာသို့လာ၍ အနောက်မျက်နှာ၌နေသော •**ပမောဇဝတ္ထု** မည်သောအရပ်သို့ သွားပြီးလျှင် အရှေ့မျက်နှာသို့ ရှေးရှုလာလျက် ရပ်၏။ ထိုအခါ ထူပါရုံစေတီတည်ရာ၌ များစွာကုန်သော ဆူးရစ်နွယ်၊ ကလိန်နွယ်တို့သည် ယှက်သွယ်လွှမ်းခြုံလျက် တည်၏။

(အဘယ့်ကြောင့် တည်သနည်းဟူမူကား ဤထူပါရုံစေတီတည်ရာသည် ဤကမ္ဘာ၌ ပွင့်တော်မူသော ကကုသန်၊ ကောဏာဂုံ၊ ကဿပဟူသော ဘုရား

• မဟော၏ (မှုရင်း) ပဘော၁ (အချို့မဟာဝံသမူ၊ ပမောဇမည်သော ဘီလူး၏နတ်ကွန်းဟူလို။ သီဟိုဠ်မဟာဝံသမှတ်ချက်၈) ဒသမပရိစ္ဆေဒ၌ ပဘော၁နတ်ကွန်းအကြောင်းကို ဆိုခဲ့ပြီ။ မျက်နှာ (၁၅၇) ပြန်ကြည့်ပါ။

www.burmeseclassic.com



သုံးဆူတို့၏ရေစစ်တော်၊ ခါးပန်းတော်၊ ရေနုပ်တော် ဟူသော ပရိဘောဂစေတီတော်တို့၏ တည်ရာဌာန ဖြစ်၏။ ထိုပရိဘောဂတို့သည် ထိုဘုရားတို့၏ သာသနာ ကွယ်ပပျောက်ပျက်လေသော် ဤနေရာဌာန၌ သတ္တဝါတို့သည် စားရီးစားဖတ် မသန့်မစင်တို့ဖြင့် စွန့်ပစ်၍ မဖျက်မဆီးစိမ့်သောငှာ နတ်တို့သည် ကောင်းစွာ စောင့်ရှောက်၍ အဆူးရှိသော ဆူးချုံကလိန်နွယ်တို့ဖြင့် ယှက်သွယ်ကာ တည်လေသတည်း။)

ယင်းသို့တည်သော ချုံပိတ်ပေါင်းတို့ကို ဆင်တော်၏ ရှေ့မှလိုက်သော မင်းချင်းဗိုလ်ပါတို့သည် သုတ်သင်ရှင်းလင်းခြင်းပြုကြသဖြင့် ထိုခဏချင်းပင် လက်ဝါးပြင်ကဲ့သို့ စင်ကြယ်ခြင်းသို့ရောက်လေ၏။ မင်္ဂလာဆင်တော်လည်း ထိုနေရာမှ နောက်သို့ဆုတ်၍ ဇောဓိပင်တည်လတ္တံ့သော ဌာန၌ ရပ်လေ၏။ ထိုအခါ ဒေဝါနံပိယတိဿမင်းသည် ဆင်တော်၏ကျောကုန်းမှ ဓာတ်တော်ကိုချခြင်းငှာ အားထုတ်သော် ဆင်တော်သည် အခွင့်မပေးဘဲ ရပ်လျက်သာနေ၏။ မင်းကြီးလည်း ဆင်၏စိတ်ကိုသိလိုသောငှာ မဟာမဟိန္ဒထေရ်မြတ်အား "အရှင်ဘုရား၊ ဤမင်္ဂလာဆင်တော်သည် ဦးကင်းပေါ်မှ ဓာတ်တော်ကိုချခြင်းငှာ အဘယ့်ကြောင့် ခွင့်မပေးပါလိမ့်နည်း"ဟု လျှောက်၏။ "မင်းကြီး၊ ဤမြင့်ရာသို့ရောက်ပြီးသော ဓာတ်တော်ကို နိမ့်ရာသို့ချခြင်းငှာ မသင့်၊ မိမိကျောကုန်းနှင့်မျှသော မြေအမြင့်၌ ဓာတ်တော်ကိုထားခြင်းငှာ အလိုရှိချေသည်။ ထို့ကြောင့် ကျောကုန်းမှချခြင်းငှာ အခွင့်မပေးသတည်း"ဟု မိန့်တော်မူ၏။

မင်းကြီးလည်း ထိုစကားကိုကြားလျှင် အနီးအပါး၌ရှိသော အဘယရေကန်မှ ခြောက်သွေ့သောညွန်တို့သည် ကွာလျက်ရှိသည်နှင့် များစွာသော လူတို့ကိုယူစေ၍ ဆင်ကျောကုန်းနှင့်ညီမျှအောင် စီစေပြီးလျှင် အဝတ်တန်ဆာတို့ဖြင့် တင့်တယ်စွာဆင်ယင်၍ ဆင်ကျောကုန်း၌ရှိသော ဓာတ်တော်တို့ကိုပြောင်း၍ ထိုမြေစု၌ထားပေ၏။ ယင်းသို့ထားပြီးမှ မင်းကြီးသည် ဓာတ်တော်ကို စောင့်ရှောက်အံ့သောငှာ လူတို့ကို စီမံခန့်ထား၍ မင်္ဂလာဆင်တော်ကိုလည်း သင်စောင့်ရမည်ဟုမှာခဲ့၍ ဓာတ်တော်ဌာပနာရန် စေတီကိုပြုခြင်း၌ လျင်စွာပြစ်စေခြင်းငှာ များစွာကုန်သော လူတို့ကို အဘယရေကန်မှ ပပ်ကြားကွာသောမြေကိုယူ၍ အုတ်လုပ်ကြကုန်ဟု စီမံပြီးမှ ဓာတ်တော်၏ဂုဏ်ကျေးဇူးကို အထူး အောက်မေ့လျက် မှူးမတ်အပေါင်းနှင့်တကွ အနုရာဓမြို့သို့ ဝင်လေ၏။

အရှင်မဟိန္ဒထေရ်မြတ်မူကား သံဃာတော်အခြံအရံနှင့်တကွ မဟာမေဃဝန်ဥယျာဉ်သို့ကြွ၍ သီတင်းသုံးတော်မူ၏။ ညဉ့်အခါ မင်္ဂလာဆင်တော်သည်လည်း ဓာတ်တော်ထားရာအရပ်ကို ပတ်ပတ်လည်လျက် ညဉ့်သုံးယံပတ်လုံး စောင့်နေ၍ နေ့အဖို့သို့ရောက်သောအခါ ဇောဓိပင်တည်လတ္တံ့သောနေရာ၌ ဆောက်အပ်သော မင်းကွန်း၌နေ၏။ (ပါရာဇိကဏ် အဋ္ဌကထာနိဒါန်းကား ဆင်ဦးကင်းထက်၌ပင် သုံးလေးရက် ကျိန်းဝပ်စေသည်ဟု ဆိုအပ်၏။)

## စေတီတော်သဏ္ဌာန်

ဒေဝါနံပိယတိဿမင်းကြီးလည်း အုတ်လုပ်ပြီးသောအခါ စေတီတည်ရာအနီး၌ စုပုံစေ၍ အရှင်မဟိန္ဒအား ဘယ်သို့သဏ္ဌာန်ရှိသော စေတီကို ပြုပါအံ့နည်းဟု လျှောက်၏။ မင်းမြတ် **အရှည်ခံစေလိုမူကား စပါးစုသဏ္ဌာန်ကဲ့သို့ တည်ရပါမည်**ဟု မိန့်တော်မူလျှင် အရှင်ဘုရား ကောင်းပါပြီ ဘုရားဟု ဝန်ခံ၍ အောက်အကြည်ကို စီလုပ်စေသဖြင့် မြင်းခေါင်းမျှလောက်မြင့်သောအခါ အလယ်မှ လိုဏ်ဂူမြင့်၍ ဓာတ်တော်ဌာပနာလိုရကား ယခင် ထားရာမှသည် မင်္ဂလာဆင်တော်၏ဦးကင်း၌တင်ပြီးလျှင် ထက်ဝန်းကျင်သော ပြည်သူပြည်သားတို့အား ဤသို့ ကြွေးကြော်စေ၏။ ဘုရားသခင်ဓာတ်တော်ကို စေတီ၏အတွင်း၌ သီတင်းသုံးစေတော့အံ့၊ ဌာပနာခြင်းကိုမပြုမီ အထင်အမြင်ပူဇော်လိုသော သူတို့သည် ယနေ့လာ၍ ပူဇော်ကြကုန်ဟု ကြွေးကြော်တော်မူ၏။

## ညှပ်ရိုးတော်၏ တန်ခိုးပြာဋိဟာ

ပြည်သူပြည်သားတို့သည်လည်း အားရဝမ်းသာလာကြကုန်၍ စည်းဝေးပူဇော်ကြသော် ညှပ်ရိုးတော်ဓာတ်လည်း မီးရှပပ်ကဲ့သို့ တလျှပ်လျှပ် တထိန်ထိန် အရှိန်အလျှံကို ထွက်စေလျက် ဆင်ဦးကင်းထက်မှ ထန်းခုနစ်ဆင့်မျှသော ကောင်းကင်သို့တက်၍ အရှေ့ဘက်မှ မီးအလျှံ, အနောက်ဘက်မှ ရေအယာဉ်, တောင်ဘက်မှ မီးအလျှံ, မြောက်ဘက်မှ ရေအယာဉ်တို့ဖြင့် အစဉ် လည်ကာလည်ကာ ခြောက်ဖြာသော ရောင်ခြည်ကွန်ရက် ထွေးယှက်ကွန့်မြူးသော တန်ခိုးပြာဋိဟာကို ပြတော်မူ၏။ သက်တော်ထင်ရှား ဘုရားကိုယ်တော်မြတ်သည် ကဏ္ဍမ္ဗမည်သော သရက်ဖြူပင်ရင်း၌

www.burmeseclassic.com

www.burmeseclassic.com



ယမိုက်ပြာဋိဟာကို ပြဘိသကဲ့သို့ ညှပ်ရိုးတော်ဓာတ်မှ ထူးမြတ်လွန်ကဲ အံ့ဖွယ်သရဲသော ရေမီးအစုံအစုံတည်းဟူသော ယမိုက်ပြာဋိဟာကို ပြတော်မူ၏။

ယူဇနာသုံးရာရှိသော သီဟိုဠ်ကျွန်းအလုံးသည် မီးအလျှံဖုံးလွှမ်းသောအခါလည်း မီးကြီးအ၀ါကဲ့သို့ဖြစ်၏။ ရေအလျှံဖုံးမိသောအခါ ရေလုံးပမာကဲ့သို့ လွန်စွာစိုစွတ်ခြင်းသည် ဖြစ်၏။ ထိုသို့ဖြစ်ခြင်းသည် အရှင်မဟိန္ဒတို့၏ တန်ခိုးအာနုဘော်ကြောင့်လည်းမဟုတ်, နတ်တို့၏ တန်ခိုးအာနုဘော်ကြောင့်လည်းမဟုတ်, စင်စစ်ကား မြတ်စွာဘုရား၏အဓိဋ္ဌာန်ဒွိဖြစ်သော တန်ခိုးအာနုဘော်ကြောင့်သာ ဖြစ်သတည်း။ ထိုစကားကို ထင်စွာပြဦးအံ့။

ဘုရားသခင်သည် သက်တော်ထင်ရှားရှိစဉ် ပရိနိဗ္ဗာန်စံယူခါနီးသောအခါ ရတနာညောင်စောင်းထက် လျောင်းတော်မူ၍ ငါးပါးသော အဓိဋ္ဌာန်ကြီးတို့ကို ဓိဋ္ဌာန်တော်မူခဲ့၏။ အဘယ်သို့ အဓိဋ္ဌာန်သနည်းဟူမူကား-

### အဓိဋ္ဌာန် ၅ ချက်

(၁) ငါဘုရားသည် ပရိနိဗ္ဗာန် စံယူတော်မူသည့်နောက် နှစ်ရာ့ သုံးဆယ့်ခြောက်နှစ်လွန်သောအခါ ဓမ္မာသောက မင်းကြီးသည် ငါပွင့်တော်မူသော မဟာဗောဓိပင်၏ ဒက္ခိဏာသာခါ လက်ျာတောင်ကိုင်းကို သီဟိုဠ်သို့ပို့ခြင်းငှာ ဆောင်ယူလာသောကာလလက်ျာတောင်ကိုင်းသည် ဆေးဒန်းမြင်းသီလာဖြင့် သားရာ အရပ်တော်မှ အလိုလိုပြတ်၍ ရွှေဖျဉ်း၌ တည်စေသော ဟူ၍ လည်းကောင်း။

(၂) ရွှေဖျဉ်း၌တည်ပြီးသော ဗောဓိကိုင်းသည် ပထမပင်ရင်းကဲ့သို့ အမြစ်, အသီး, အပွင့်, အရွက်ကောင်းစွာထွက်၍ အခက်အလက်ကြားတို့မှ ခြောက်ပါးသော ရောင်ခြည်ကွန်ရက်ကို လွှတ်ထွက်စေသတည်းဟူ၍လည်းကောင်း။

(၃) ထိုသို့ လွှတ်ထွက်ပြီးမှ ရွှေဖျဉ်းနှင့်တကွသော ဗောဓိပင်သည် ကောင်းကင်သို့ပျံတက်၍ ခုနစ်ရက်ပတ်လုံး ဆီးနှင်းတိမ်တိုက်၌ တည်သည်ဖြစ်စေသောဟူ၍လည်းကောင်း။

(၄) သီဟိုဠ်ကျွန်း အနုရာဓမြို့၏ တောင်မျက်နှာ၌ ရှေးဘုရားတို့၏ ပရိဘောဂစေတီ တည်ဖူးရာဌာန၌ စေတီ တည်လုပ်ကြသောအခါ ငါဘုရား၏ လက်ျာညှပ်ရိုးတော်ဓာတ်သည် ထန်းခုနစ်ဆင့်မြင့်သော ကောင်းကင်ထက်၌တန့်နား၍ ငါဘုရား ပြာဋိဟာပြသကဲ့သို့ ရေမီးအစုံအစုံထွက်သော တန်ခိုးပြာဋိဟာကို ပြစေသတည်းဟူ၍လည်းကောင်း။

(၅) သီဟိုဠ်ကျွန်း၏ တန်ဆာသဖွယ်ဖြစ်သော 'ဟေမမာလီ'မည်သော မဟာစေတီကို တည်သောအခါ ဌာပနာအပ်ကုန်သော အညစ်အကြေးကင်းကုန်သော တစ်ဒေါဏမျှလောက်သော ငါ၏ဓာတ်တော်တို့သည် ငါဘုရား၏အသွင်ကို ဆောင်ကုန်လျက် ကောင်းကင်သို့ပျံတက်၍ ရေမီးအစုံအစုံထွက်သော ယမိုက်ပြာဋိဟာကို ပြရစ်စေသတည်း ဟူ၍လည်းကောင်း အဓိဋ္ဌာန်တော်မူခဲ့၏။

ထိုသို့ အဓိဋ္ဌာန်တော်မူခဲ့သော မနောမယိဒ္ဓိဟူသော အကြောင်းကြောင့်သာလျှင် လက်ျာညှပ်ရိုးတော်ဓာတ်သည် အထူးထူးမြတ်သော တန်ခိုးပြာဋိဟာကို ပြတော်မူလေသည်။

ယင်းသို့ ပြပြီးသော် ကောင်းကင်မှ ဆင်းသက်၍ မင်းကြီးဦးခေါင်းထက်၌ တည်လေ၏။ ဒေဝါနံပိယတိဿမင်းလည်း ရိုးတွင်းခြင်ဆီစိမ့်မျှ နှစ်သိမ့်သော ဖရဏာပီတိကို ရလျက် ဦးထိပ်ထက်လာသော ညှပ်ရိုးတော်ဓာတ်ကို ရတနာပန်းတောင်းဖြင့်ထည့်၍ ပိုက်တော်မူကာ လက်ျာရစ်ပတ်လှည့်ပြီးမှ ထူပါရုံစေတီတိုက်၌ ဌာပနာလေ၏။ ယင်းသို့ ဌာပနာသည်နှင့်တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက်တော်ဟီး၍ ကြက်သီးမွေးညှင်းသဖွယ်ဖြစ်သော မြေကြီးလျှင်သည် ပွဲတင်ထပ်မျှ တုန်လှုပ်၏။ ထို့ကြောင့် အဋ္ဌကထာ ဆရာသည်-

*ဓဝံ အစိန္တိယာဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။

ဟူ၍ မိန့်တော်မူသည်။

ဧဝံ-ဤမေဟိ ပကာရေဟိ၊ ဤသို့ မဟာဗောဓိ သီရိဓေယျ မြေအခုံ၌ ဝန်းခြံရံလည်း မာရ်စစ်သည်ကို နှံ့လည်ပယ်သင် ဘုန်းတော်နှင်၍ အောင်မြင်တော်မူနိုင်ခြင်း, ရေမီးအစုံ မြေကြီးတုန်မျှ ရောင်ဟုံစိုက်ဖြာ ယမိုက်ဟာက လေးဌာနတွင် ထင်စွာပြတော်မူခြင်း မြယုဂန် တောင်မြင့်မိုရ်မှ လိုတော်ရှိရာ စက်အောက်မှာလျှင် ညွတ်ကာခံရောက်ရခြင်း, ကိုယ်တိုင်တော်အလား အပွားသောင်းထောင် မကအောင်လျှင် ဖန်ဆောင်စီမံတော်မူနိုင်ခြင်း, ကိုယ်တော်မှီမိ သက်မရှိသည့် ဗောဓိပင်လျက် အထက်အဇ္ဇာ အာကာတိမ်ဗွေတက်လေပြီးခါ ရေမီးပါကို ထင်စွာလွှတ်လျက် မြေသို့သက်

* ထေရအပဒါန်ပါဠိတော်-၇ နေတ္တိပါဠိတော် ပရိနိဗ္ဗာန်သဝါရ ၁၀၅ ပါရာဇိကဏ် အဋ္ဌကထာ ၆၂-မဟာထူပဝင် ၄၀ ဧသည်လာ ဂါထာ။

www.burmeseclassic.com

www.burmeseclassic.com



၍ ပြကတေ့တည်လာခြင်း, ဝိညာဉ်မပါ ဓာတ်တော်သာဖြစ်လျက် ခန္ဓာတည်ငြား မြတ်ဘုရားကဲ့သို့ ခြောက်ပါးသော ရောင်ခြည်ကိုလွှတ်၍ ယမိုက်ပြာဋိဟာကို ပြခြင်းအစရှိသော အသီးအသီး အံ့ဖွဲချီးလည်း အပြီးမတိုင် မကုန်နိုင်ရာ မဟာအစ္ဆရိယ အဗ္ဘုတအပြားတို့ဖြင့်။ ဗုဒ္ဓါ၊ ဘုရားသခင်ဖြစ်အင်ကြောင်းချာ အရာရာတို့ကို။ အစိန္တိယာ၊ မကြံစည်အပ်ကုန်။ ဝါ၊ ကြံစည်ခြင်းငှာ မတတ်လေကုန်။ ဗုဒ္ဓမ္မော၊ ဘုရားရှင်တို့ အစဉ်ပြည့်စုံမြဲဖြစ်သော တန်ခိုးဣဒ္ဓိပါဒ်တော်ကျေးဇူးတော်တို့ကိုလည်း။ အစိန္တိယာ၊ ကြံစည်ခြင်းငှာ မထိုက်ပါကုန်။ အစိန္တိယေ၊ မကြံစည်နိုင်ကြီးခိုင်လွန်ကျူးဂုဏ်တော်ထူး၌။ ပသန္နာနံ၊ ကြည်ညိုကုန်သောသူတို့အား။ အစိန္တိယော၊ မကြံနိုင်သော။ ဝိပါကော၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။

## ရဟန်းသစ်သုံးသောင်း

သီဟိုဠ်ကျွန်းသူ လူအပေါင်းတို့သည်လည်း ညပ်ရိုးတော် ဓာတ်မြတ်၏ပြအပ်သော တန်ခိုးပြာဋိဟာ၌ လွန်စွာကြည်ညိုကြကုန်၏။ မုဋသိဝမင်း၏သား ဒေဝါနံပိယတိဿမင်း၏ညီတော်ဖြစ်သော မတ္တာဘယမင်းသားသည်လည်း ဘုရားသာသနာ၌ သက်ဝင်လိုရကား နောင်တော်မင်းကြီးအား တောင်းပန်၍ ယောကျ်ားတစ်ထောင်နှင့်တကွ ရဟန်းပြုကြလေကုန်၏။

•စေတာပိဂ္ဂာမှလည်းကောင်း, ဒွါရမဏ္ဍလဂ္ဂာမှလည်းကောင်း, ဝိဟီရဗီဇဂ္ဂာမှလည်းကောင်း, ဂလ္လကပိဋ္ဌဂ္ဂာမှလည်းကောင်း,ဥပတိဿဂ္ဂာမှလည်းကောင်း ငါးရာငါးရာကုန်သော လုလင်ပျိုတို့သည် ကြည်ညိုနှစ်သက်ခြင်း အားကြီးကြလှသောကြောင့် ဘုရားသာသနာသို့ ဝင်၍ ရှင်ရဟန်းပြုကြကုန်၏။ မင်းနေပြည်ဖြစ်သော အနုရာဓမြို့တွင်းမှ လည်းကောင်း, မြို့ပမှလည်းကောင်းထွက်၍ ရဟန်းပြုကြကုန်သည်။ အလုံးစုံသော လူအပေါင်း သုံးသောင်းမျှလောက်ဖြစ်သတည်း။

ဒေဝါနံပိယတိဿမင်းကြီးသည်လည်း ထူပါရုံစေတီတော်မြတ်ကို အပြီးသတ်အောင် တည်လုပ်တော်မူ၍ များစွာသော ရတနာတို့ဖြင့် ပူဇော်သက္ကာရ ပြုတော်မူသည်။ မိဖုရားမောင်းမမိဿံတို့သည် လည်းကောင်း, မှူးမတ်သေနာပတိတို့သည်လည်းကောင်း, မြို့သူမြို့သားတို့သည်လည်းကောင်း, ခပ်သိမ်းသော ဇနပုဒ်သားတို့သည်လည်းကောင်း စွမ်းအားရှိသမျှဖြင့် ပူဇော်ကြကုန်သတည်း။

• စေတာရဋ္ဌ (ပါရာဇိကဏ်အဋ္ဌကထာ–၆၂)။

ဒေဝါနံပိယတိဿမင်းသည်လည်း စေတီတော်၏ အနီး ကြီးစွာသောကျောင်းကို ဆောက်လုပ်၍ ရဟန်းတို့ကို သီတင်းသုံးနေစေသတည်း။ ထိုကျောင်းသည် 'ထူပါရာမကျောင်း'ဟု ထင်ရှားစွာ ဖြစ်လေသတည်း။ ဤသို့လျှင် ဘုရားသခင်သည် နိဗ္ဗာန်စံလေငြားသော်လည်း ကိုယ်တော်စားကျန်ရစ်သော ဓာတ်တော်သည် လူအပေါင်းတို့၏ ကောင်းကျိုးစီးပွားကို များစွာပြုတော်မူလေသည်။ သက်တော်ထင်ရှား ရှိစဉ်အခါမှာမူ အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း။

**'ပပဉ္စုပသေဒါရုဝံသ'အမည်ရှိသော မဟာဝံသကျမ်း၌ (၆၅)ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော 'ဓာတုအာဂမန'အမည်ရှိသော သတ္တရသမအပိုင်းအခန်းကား ပြီး၏။**

---

# မဟာဗောဓိဂဟဏကဏ္ဍ၊ အဋ္ဌာရသမပိုင်း

## မဟာဗောဓိပင်မှ ဒက္ခိဏသာခါလက်ျာတောင်ကိုင်းကို ဖြတ်ယူခြင်း

ဒေဝါနံပိယတိဿမင်းကြီးသည် ညီတော်၏မိဖုရားဖြစ်သော အနုဠာဒေဝီသည် ရဟန်းပြုလို၍ လျှောက်တောင်းပန်ရာ မဟာမဟိန္ဒထေရ်မြတ်က မာတုဂါမတို့ကို ငါတို့ရဟန်းမပြုကောင်းချေ။ ပါဋလိပုတ်ပြည်၌ ငါ၏နှမတော်ဖြစ်သော သင်္ဃမိတ္တာထေရီကို မဟာဗောဓိဒက္ခိဏသာခါလက်ျာတောင်ကိုင်းကိုယူ၍ ကြွစေတော်မူပါမည့်အကြောင်းဖြင့် ငါ၏ခမည်းတော်ဖြစ်သော မွောသောကမင်းကြီးအထံ၌ တမန်စေလွှတ်ရမည်ဟု မိန့်ဆိုသောစကားကို နှလုံးထားတော်မူ၍ ဝါတွင်းအခါကပင် ပါဋလိပုတ်ပြည်သို့ စေလွှတ်ခြင်းငှာ မဟာမဟိန္ဒထေရ်၏ ရှေ့တော်၌နေလျက် မှူးမတ်တို့နှင့် တိုင်ပင်တော်မူ၍ စေအံ့သောသူကို ရွေးချယ်သော် မိမိ၏တူတော်ဖြစ်သော အရိဋ္ဌအမတ်ကိုမြင်၍ မင်း၏ကိုယ်တိုင်ပင် ဤသို့ တိုက်တွန်း၏။

"အရိဋ္ဌအမတ်၊ အမောင်သည် ငါ့အဆွေတော်ဖြစ်သော မွောသောကမင်းကြီး၏အထံသို့သွား၍ သမီးတော် သင်္ဃမိတ္တာထေရီကိုလည်း ဤသီဟိုဠ်ကျွန်းသို့ စေလွှတ်ပါမည်ဖြစ်ကြောင်း၊ ပွင့်တော်မူရာ မဟာဗောဓိပင်၏ ဒက္ခိဏသာခါလက်ျာတောင်ကိုင်းကို ဖြတ်ယူ၍ ပေးတော်မူပါမည့်အကြောင်းကို တောင်းပန်လျှောက်ထားချေမည်။ ပေးလိုက်

www.burmeseclassic.com



သောအခါလည်း ကောင်းစွာရောက်အောင် ဆောင်ယူခဲ့ရမည်။ ဤကိစ္စကို သင် ဆောင်နိုင်ပါအံ့လော'ဟု မေး၏။

အရိဋ္ဌအမတ်ကလည်း "အရှင်မင်းကြီး၊ အကျွန်ုပ် ပင့်ဆောင်၍ အနုရာဓမြို့သို့ရောက်သောအခါ အကျွန်ုပ်ကို ရဟန်းပြုခြင်းငှာ ခွင့်ပေးတော်မူပါသည်ဖြစ်အံ့၊ အကျွန်ုပ် ရောက်အောင် ပင့်ဆောင်ပါမည်"ဟု လျှောက်၏။ မင်းကြီးကလည်း "အမောင်သည် ဤကိစ္စကိုဆောင်ရွက်ပြီးသော် ရဟန်းပြုလိုမူ ပြုတော့"ဟု အခွင့်ပေးတော်မူ၏။

အရိဋ္ဌအမတ်လည်း ဝမ်းမြောက်ဝမ်းသာစွာ မဟာမဟိန္ဒထေရ်မြတ်ကို ရှိခိုး၍ အရှင်မဟိန္ဒ မှာတော်မူသော သတင်းစကားနှင့် ဒေဝါနံပိယတိဿမင်းကြီး၏ သတင်းစကားတို့ကိုဆောင်ယူ၍ သီတင်းကျွတ်လဆန်း နှစ်ရက်နေ့ အနုရာဓမြို့မှထွက်၍ ဇမ္ဗုကောလ သင်္ဘောဆိပ်မှ လှေသို့ တက်ပြီးလျှင် သမုဒ္ဒရာသို့ကူးလေသော် မဟိန္ဒထေရ်မြတ်၏ အဓိဋ္ဌာန် တန်ခိုးတော်ကြောင့် ထွက်သောနေ့ပင်လျှင် ပါဋလိပုတ်ပြည်သို့ ရောက်လေ၏။

## သီတင်းသည်မတို့ကျောင်း

အနုဠာဒေဝီမိဖုရားသည်လည်း ငါးရာကုန်သော အမျိုးကောင်းသမီးတို့နှင့်လည်းကောင်း, ငါးရာကုန်သော နန်းတွင်းသူ မိန်းမတို့နှင့်လည်းကောင်း အတူတကွ ဆယ်ပါးသော သီလကိုဆောက်တည်၍ ဖန်ရည်စွန်းသော အဝတ်ကိုဝတ်လျက် သင်္ဃမိတ္တာထေရီ၏ လာခြင်းကိုမျှော်လျက် အနုရာဓမြို့၏တစ်စိတ်သော အရပ်မျက်နှာ၌ ဒေဝါနံပိယတိဿမင်းသည် 'ဒေါဠ'အမည်ရှိသော အမတ်၏အိမ်ကို ရံ၍ ဆောက်လုပ်အပ်သော မွေ့လျော်ဖွယ်ရှိသော ဘိက္ခုနီမတို့၏ကျောင်း၌ ကောင်းစွာကျင့်နေကြကုန်၏။

ထို့ကြောင့် ထိုကျောင်းကို သီဟိုဠ်ကျွန်းသူတို့သည် 'ဥပါသိကာဝိဟာရ'ဟု ခေါ်ဆိုကြကုန်၏။

ဒေဝါနံပိယတိဿမင်းကြီး စေလွှတ်သော အရိဋ္ဌအမတ်သည်လည်း ဓမ္မာသောကမင်းကြီးထံသို့ဝင်ပြီးလျှင် မိမိ၏အရှင်ဖြစ်သော ဒေဝါနံပိယတိဿမင်း ပေးမှာအပ်သော သတင်းစကားကိုလျှောက်ပြီးမှ သားတော် မဟိန္ဒထေရ်မြတ် မှာအပ်သော သတင်းစကားကိုလည်း ဤသို့ လျှောက်ကြား၏။

"သုံးပါးသော သာသနာ့ဒါယကာဖြစ်သော ခမည်းတော်မင်းမြတ်၊ သင်မင်းမြတ်၏အဆွေတော်ဖြစ်ဖူးသော ဒေဝါနံပိယတိဿမင်းသည် သာသနာတော်အတွင်း၌ ခမည်းတော်မင်း၏ အပင်းအသင်းဖြစ်စေပြီ။ ထိုမင်း၏ညီပော် မိဖုရားဖြစ်သော အနုဠာဒေဝီသည် သဘောညီသော မိန်းမပေါင်းတစ်ထောင်နှင့်တကွ ရဟန်းအဖြစ်ကို အလိုရှိလှသည်ဖြစ်၍ ဒသဂံသီလကို ဆောက်တည်လျက် နေရှာကြသည်။ ထိုမိန်းမတို့အား ရဟန်းပြုစိမ့်သောငှာ နှမတော်သင်္ဃမိတ္တာထေရီကို ဘိက္ခုနီမအခြံအရံနှင့်တကွ အနုရာဓမြို့သို့ လွှတ်ပါလော့၊ ထိုသင်္ဃမိတ္တာနှင့်အတူပါအောင် မဟာဗောဓိပင်၏ ဒက္ခိဏသာခါ လက်ျာတောင်ကိုင်းကိုလည်း ခမည်းတော် ဆောင်ယူ၍ ပေးတော်မူလိုက်ပါ"ဟူ၍ မှာလိုက်ကြောင်းကို လျှောက်ကြား၏။

သင်္ဃမိတ္တာထေရီမ၏ထံသို့သွား၍လည်း မောင်တော် မဟိန္ဒထေရ် မှာလိုက်သောစကားကို ကြားလျှောက်၏။ ထေရီမလည်း မောင်တော် မှာလိုက်သော သတင်းစကားကို ကြားလျှင် ခမည်းတော်ထံသို့သွား၍ မောင်တော်မှာကြားလိုက်ကြောင်း သီဟိုဠ်ကျွန်းသို့ သွားလိုကြောင်း ခွင့်တောင်း၏။ ထိုအခါ ဓမ္မာသောကမင်းကြီးက ဤသို့ ဆိုတော်မူ၏။

"ချစ်သမီး၊ သားတော်ကြီးဖြစ်သော အရှင်မဟိန္ဒနှင့် မြေးတော် သုမနသာမဏေတို့သည် ခမည်းတော်အား လက်ကိုဖြတ်ထားသကဲ့သို့ အားကိုးရာမဲ့အောင် ပစ်ထားခဲ့သောကြောင့် ဖခင်သည် အလွန်ကြေကွဲလျက် ဆင်းရဲစိုးရိမ်ခြင်း ဖြစ်ပါသည်။ ယင်းသို့ဖြစ်သော်လည်း ချစ်သမီးမျက်နှာကို မြင်ရပါမူ သောကငြိမ်သက်ပါသေး၏။ ချစ်သမီးမျက်နှာကို မမြင်ရမူ ဖခင် ဘယ်မှာ သက်သာရာရနိုင်တော့အံ့နည်း" ဟု ဆို၏။

ထိုစကားကိုကြားသော် ထေရီမကလည်း "ခမည်းတော်မင်းမြတ် မောင်တော်၏ အမိန့်အာဏာသည် ဝန်လေးလှပါ၏။ ငြင်းဆန်ခြင်းငှာ မဝံ့ပါ၊ သီဟိုဠ်ကျွန်းမှာလည်း ရဟန်းပြုလိုသော မိန်းမတို့သည် များလှကုန်ပေသည်၊ ထို့ကြောင့် ကျွန်ုပ် သွားမှသာ သင့်ပါမည်"ဟု ဆို၏။

ယင်းသို့ သွားလိုတပြီးကား ဗောဓိပင်ကိုဆောင်၍ သွားရအောင် ခမည်းတော် အားထုတ်ဦးမည်ဟုဆိုပြီးလျှင် မင်းကြီးသည် ဤသို့ ဆင်ခြင်၏။ ဘုရားသခင် ပွင့်တော်မူရာဖြစ်သော ဗောဓိပင်သည် ဘုရားရှင်၏ကိုယ်တော်နှင့် အလားတူရကား ဓားဖြင့်ဖြတ်ခြင်းငှာ မထိုက်။ ငါသည် အဘယ်သို့ အကိုင်းကို ယူရအံ့နည်းဟု ကြံဆင်ခြင်၍ အပါးတွင်ရှိသော မဟာဒေဝမည်သော အမတ်ကိုတိုင်ပင်သော် "အရှင်မင်းကြီး နေပြည်တော်၌ ပညာရှိကုန်သော ရဟန္တာအရှင်မြတ်တို့နှင့် တိုင်ပင်တော်မူပါ"ဟု လျှောက်၏။

မင်းကြီးလည်း သတိရတော်မူကာ သံဃာတော်တို့အား ပင့်၍ ဆွမ်းလုပ်ကျွေးရာမှာ မင်းကြီးသည် ဤသို့မေးလျှောက်

www.burmeseclassic.com

www.burmeseclassic.com



၏။ "အရှင်ဘုရားတို့ ပွင့်တော်မူပြီးသော မဟာဗောဓိပင်သည် သီဟိုဠ်ကျွန်းသို့ ကြွခြင်းငှာ ထိုက်ပါသလော" ဟု မေး၏။ သံဃာတော်တို့နှင့်တကွ မဟာမောဂ္ဂလိပုတ္တတိဿထေရ်ကလည်း "မြတ်သောမင်းကြီး၊ ဗောဓိပင်သည် လင်္ကာဒီပမည်သော သီဟိုဠ်ကျွန်းသို့ကြွခြင်းငှာ သင့်ပေသည်။ အဘယ့်ကြောင့်နည်းဟူမူ ဘုရားသခင်သည် သက်တော်ထင်ရှား ရှိစဉ်အခါ နိဗ္ဗာန်ဝင်ရာ ရတနာညောင်စောင်း၌လျောင်းတော်မူလျက် ငါးချက်သော အဓိဋ္ဌာန်ခြင်းတို့ကို အဓိဋ္ဌာန်တော်မူသည်ဟု ငါတို့ ကြားရသည်။ အဘယ်သို့ကြားသနည်းဟူမူကား–

## အဓိဋ္ဌာန် ၅ ချက်

(၁) ငါဘုရား နိဗ္ဗာန်စံပြီးသောအခါ ငါ၏သာသနာသည် လင်္ကာဒီပကျွန်း၌ ထွန်းလတ္တံ့။ ထိုအခါ မဟာဗောဓိ တည်စေခြင်းငှာ ဓမ္မာသောကမင်းသည် ဆောင်ယူလာလတ္တံ့။ ထိုအခါ မဟာဗောဓိ၏ ဒက္ခိဏသာခါသည် ဆေးဒန်း မြင်းသီလာဖြင့် သားရာအရပ်မှ အလိုလိုပြတ်၍ ရွှေဖျဉ်း၌တည်သည်ဖြစ်စေသောဟူ၍ အဓိဋ္ဌာန်သည်လည်းတစ်ပါး။

(၂) ရွှေဖျဉ်း၌တည်ပြီးလျှင် ပဌမ ပင်ရင်းကဲ့သို့ အမြစ်, အသီး, အရွက်, အညွန့်တို့သည် တက်၍ ကောင်းကင်သို့ ပျံတက်ပြီးလျှင် ခုနစ်ရက်ပတ်လုံး ဆီးနှင်းတိမ်တိုက်၌ တည်သည်ဖြစ်စေသောဟူ၍ အဓိဋ္ဌာန်သည်လည်းတစ်ပါး။

(၃) ခုနစ်ရက် လွန်သောအခါ ဆီးနှင်း တိမ်တိုက်မှ ထွက်၍ သက်လာပြီးလျှင် အသီး, အပွင့်, အခက်, အရွက်တို့မှ မြေးယှက်တင်တယ်လျက် ခြောက်သွယ်သော ရောင်ခြည်ကွန်ရက်ကို လွှတ်ထွက်သည်ဖြစ်စေသောဟူ၍ အဓိဋ္ဌာန်သည်လည်းတစ်ပါး။

(၄) သီဟိုဠ်ကျွန်း အနုရာဓမြို့၏ တောင်မျက်နှာထူပါရုံ စေတီတည်ရာ၌ ဌာပနာအပ်သော ငါ၏ညပ်ရိုးတော်ဓာတ်သည် ရေမီးအစုံအစုံထွက်သော ယမိုက်ပြာဋိဟာကို ပြပါစေသတည်းဟူ၍ အဓိဋ္ဌာန်သည်လည်းတစ်ပါး။

(၅) မဟာစေတီကိုတည်သောအခါ ငါ၏ဓာတ်တော်အပေါင်းတို့သည် ငါဘုရား၏သဏ္ဍာန်ကိုဆောင်လျက် ကောင်းကင်ထက်၌ ယမိုက်ပြာဋိဟာကို ပြပါစေသတည်းဟူ၍ အဓိဋ္ဌာန်သည်လည်းတစ်ပါး။ ဤအဓိဋ္ဌာန်ကြီး ငါးပါးရှိကြောင်းကို ကြားဖူးရချေသေးသည်။

ထို့ကြောင့် ဗောဓိပင်သည် သီဟိုဠ်ကျွန်းသို့ ကြွသင့်ပေသည်"ဟု မိန့်တော်မူ၏။ ဓမ္မာသောကမင်းကြီးလည်း ထိုအမိန့်ကို ကြားသောအခါ လွန်စွာကြည်ညို ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ မဟာဗောဓိပင်သို့သွားခြင်းငှာ ပါဋလိပုတ်ပြည်မှသည် ဗောဓိပင်သို့ကျအောင် လမ်းခရီးကို သုတ်သင်စေ၍ ဗောဓိပင်တည်ရာဖြစ်သော ရွှေဖျဉ်းကိုပြုလုပ်ခြင်းငှာ ဘဏ္ဍာတိုက်တော်မှ များစွာသော ရွှေငွေတို့ကို ထုတ်၍ ပန်းထိမ်သမားတို့ကို စုစမ်း၏။

ထိုခဏ၌ သိကြားမင်းသည်သိ၍ ဝိသကြုံနတ်သားကို စေလိုက်၏။ ဝိသကြုံနတ်သားလည်း ပန်းထိမ်သမားအသွင်ဖြင့်လာပြီးလျှင် "အရှင်မင်းကြီး၊ အဘယ်ဝတ္ထုကို ပြုလိုသနည်း"ဟု မေး၏။

မင်းကြီးကလည်း "အမောင်ယောက်ျား၊ မဟာဗောဓိမှ ဒက္ခိဏသာခါကို စိုက်ပျိုး၍ယူခြင်းငှာ ရွှေဖျဉ်းကို ပြုလုပ်လိုသည်"ဟု ပြောလျှင် "အရှင်မင်းကြီး၊ အဘယ်မျှသော ပမာဏဖြင့် ပြုရအံ့နည်း" ဟု မေး၏။ ငါကားအကြီးအငယ်ပမာဏကို ဤရွေ့ဤမျှ ပြုရမည် မဆိုနိုင်ချေ။ အမောင်သာလျှင် ပညာဖြင့် ထောက်ရှုပြုလုပ်လော့" ဟု ခွင့်ပေး၏။

### ရွှေဖျဉ်းအိုး၏ အရွယ်အစား

ထိုစကားကိုကြားသော် ပန်းထိမ်လက်သမားသည် ကောင်းပါပြီဟုဝန်ခံ၍ ရွှေကိုယူ၍ မြေညက်ကဲ့သို့ လက်ဖြင့် ဆုပ်နယ်ပြီးလျှင် ကြီးစွာသော ရွှေဖျဉ်းကို ဖန်ဆင်းပြုလုပ်ပေ၏။ ထိုရွှေဖျဉ်းအဝကား အချင်းအားဖြင့် သုံးတောင် အဝန်းအားဖြင့် ကိုးတောင်, အစောက်အားဖြင့် ငါးတောင်ရှိသည်။ အထုအားဖြင့် လက်ရှစ်သစ်, အနားရေးနှုတ်ခမ်း၏ အလုံးကား ဆင်ပျိုနှာမောင်းလုံးမျှလောက် ကြီးသတည်း။

မင်းကြီးလည်း တက်သစ်သော နေလုလင်၏အရောင်ကဲ့သို့ ထွန်းပြောင်တောက်ပလျက် လှပတင့်တယ်ခြင်းရှိသော ရွှေဖျဉ်းကိုမြင်လျှင် ပြုလုပ်သော ဤလုလင်ကား လူ့ခွင်က လူမဟုတ်၊ သိကြားနတ်မင်းသည် ဖန်ဆင်း၍ ပေးသည်တကားဟု အားရဝမ်းသာလျက် သပြာလက်ခကို အမောင်လိုသမျှဆိုလော့ ငါ ပေးအံ့ဟု ဆိုတော်မူ၏။ လုလင်ကလည်း အရှင်မင်းမြတ် ရွှေသပြာကို ကျွန်ုပ် မလိုပါ၊ မင်းကြီးပြုအပ်သော ကုသိုလ်ဟူသမျှ၏ အဖို့ကိုသာ ပေးပါလော့ဟုဆို၍ ကွယ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးလည်း ရွှေဖျဉ်းကို ရထားထက်တင်ပြီးလျှင် ဗောဓိပင်သို့သွားခြင်းဌာ အရိယာ သံဃာတော်တို့ကို ရှေ့တင်၍ အလျား နှနှစ်ယူဇနာ အနံ သုံးယူဇနာတိုင်အောင် ပြည့်သော စစ်အင်္ဂါလေးပါးရှိသော စစ်သည်ဗိုလ်ပါအပေါင်းနှင့်တကွ ပါဋလိပုတ်ပြည်မှ ကြွတော်မူ၏။

မဟာဗောဓိပင်၏အနီးသို့ရောက်သောအခါ စစ်သည်ဗိုလ်ပါတို့ စိုက်ထောင်အပ်သော တံခွန်အစဉ်, အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်စွာ တန်ဆာဆင်အပ်သော ပန်းခိုင်, ပန်းကုံးအစဉ်, ဆီမီးအစဉ်, ထီးဖြူအစဉ်တို့ဖြင့်လည်းကောင်း, သံညှင်း, သံသာများစွာ တီးမှုတ်ကြွေးကြော်အပ်သော ပဉ္စင် တူရိယာအစဉ်တို့ဖြင့်လည်းကောင်း ဗောဓိပင်ကို ထက်ဝန်းကျင်ခြံရံလျက် ပူဇော်တော်မူ၏။

မင်းကြီးသည်လည်း ဂဏပါမောက္ခဖြစ်ကုန်သော မထေရ်ကြီးတစ်ထောင်တို့ကိုယူ၍ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ထင်ရှားကုန်သော အဘိသိက်ခံပြီးသော ထီးဆောင်းမင်းတစ်ထောင်တို့ကို မိမိကိုလည်းကောင်း, ဗောဓိပင်ကိုလည်း၊ ကောင်း ဝန်းရံစေ၍ ဗောဓိပင်၏အနီး၌ရပ်ပြီးသော် မဟာဗောဓိကို မော်၍ကြည့်၏။

## ဗောဓိပင်မင်း၏ တန်ခိုးပြာဋိဟာ

ထိုအခါ မဟာဗောဓိ ပင်စည်ကို လည်းကောင်း, ဒက္ခိဏသာခါ လက်ျာတောင်ကိုင်း၏ အရင်းလေးတောင်မျှကိုလည်းကောင်း မြင်ရ၍ ကြွင်းသောအခက်, အလက်, အရွက်ဟူသမျှတို့သည် ကွယ်ပျောက်၍ မမြင်ခြင်းသို့ရောက်လေ၏။

မင်းကြီးလည်း ထိုသို့သော တန်ခိုးပြာဋိဟာကိုမြင်လျှင် အလွန်အံ့ဩလျက် ပြန့်ပြောသော ပီတိပါမောဇ္ဇသည်ဖြစ်၍ နှစ်သက်လှရကား ဇမ္ဗူဒိပ်ကျွန်းအလုံးကို သိမ်းကျုံးစိုးမိုးရသော မင်း၏စည်းစိမ်ဖြင့် ပူဇော်တော်မူ၏။ ထိုသို့ပူဇော်ပြီးမှ အရှင်ဗောဓိပင်သည် ဤကျွန်းရပ်ခွင်၌ အရှင်ပြုတော်မူပါဆို၍ အဘိသိက်ရေဖြင့် သွန်း၏။ ထိုနောက်မှ ပန်းနံ့သာတို့ဖြင့် လက်ျာရစ် သုံးပတ်လည်ပြီးသော် ရှစ်မျက်နှာမှနေ၍ ရှိခိုးပူဇော်လျက် လက်အုပ်ချီကာ ငါသည် ဤဗောဓိပင်တောင်ကိုင်းကို ယူထိုက်သည်ဖြစ်အံ့၊ အလုံးစုံသော ဗောဓိပင်ကို ဖူးမြင်ရစေသောဟု သစ္စာပြု၏။ ထိုအခါမှ အလုံးစုံသော ပင်စည်ခက်ရွက်တို့ကို မြင်ရလေသတည်း။

ယင်းသို့ မြင်ရသော် မြေမှသည် လက်ျာတောင်ကိုင်းသို့ကျအောင် စင်အဆင့်ဆင့်ကိုပြုစေ၍ ထိုစင်၌ ရတနာအင်းပျဉ်ကိုကိုင်၍ထားလျက် အင်းပျဉ်ထက်၌ ရွှေဖျဉ်းကိုတင်ပြီးသော် ရွှေစုတ်ကို ကိုင်၍ ဆေးဒန်းမြင်းသီလာဖြင့် ရေးသားပြီးမှ ဤဗောဓိပင်သည် လင်္ကာဒီပသို့ ကြွထိုက်သည်ဖြစ်အံ့။ ငါလည်း ဘုရားသာသနာ၌ ယုံမှားကင်းသော ဥပါသကာမြတ်အဖြစ်သည် အကယ်၍ မှန်ပါအံ့။ ယခု မြင်းသီလာဖြင့်သားရာမှ ပြတ်၍ ရွှေဖျဉ်း၌ မတ်ရပ်တည်သည်ဖြစ်စေသောဟု သစ္စာပြု၏။ သစ္စာပြုသည်နှင့်တစ်ပြိုင်နက် ဗောဓိခက်သည် ပြတ်လာ၍ နံ့သာညွန်ပျောင်းဖြင့်ပြည့်သော ရွှေဖျဉ်း၌ တည်လေ၏။

ထိုဗောဓိခက်သည် ပင်စင်အမြင့်အားဖြင့် ဆယ်တောင်မြင့်၏။ လေးတောင်လေးတောင်စီရှည်သော ခက်မငါးဖြာတို့သည် အသီးကြီးငါးလုံးတို့ဖြင့် တန်ဆာဆင်အပ်၏။ တစ်ထောင်သော ခက်ငယ်တို့ဖြင့် တင့်တယ်၏။ ဓမ္မာသောကမင်းကြီးလည်း ထိုဗောဓိပင်သစ်က အမြစ်ထွက်စိမ့်သောငှာ နံ့သာညွန့်၏ အထက်လက်လေးသစ်ခန့်ရှိသော အရပ်၌ မြင်းသီလာဖြင့်တားလိုက်သော် ဆယ်ခုသော မြစ်ဖုတို့သည် ရုတ်ခြည်းတက်၍ လေးသစ်ခန့်ရှည်လျက် နှစ်သက်ဖွယ်တည်ကုန်၏။ ထိုမူလသစ်၏အထက်၌ သုံးသစ်စီခွာ၍ ကိုးပတ်ရစ်ပြန်သော် ထိုရစ်ရာဌာနမှ ဆယ်ခုစီသော အမြစ်ဖုတို့သည် ဆင့်ကာဆင့်ကာထွက်၍ ရွှေဖျဉ်းကိုထိလျက် အထက်ဆုံး အမြစ်ဆယ်ခုတို့သည် ရွှေဖျဉ်းနှုတ်ခမ်းကိုကုပ်လျက် ပုလဲကွန်ရက်ကဲ့သို့ တည်ကုန်၏။

ဤကဲ့သို့ အံ့ဖွယ်သရဲ ထူးကဲသော ပြာဋိဟာကို ဓမ္မာသောကမင်းကြီးမြင်လျှင် ရတနာအင်းပျဉ်ထက် ရပ်နေလျက်ပင် ထက်ဝန်းကျင်သော ပရိသတ်ကို ကြားရလောက်အောင် အားရဝမ်းမြောက်သော အသံဖြင့် ကြွေးကြော်၏။ ဝန်းရံကာနေကြသော သံဃာတော်အပေါင်းတို့လည်း သောင်းသောင်းညာမျှ သာဓုခေါ်ကုန်၏။ အလုံးစုံသော ရဲမက်ဗိုလ်ပါတို့သည်လည်း ဝမ်းသာသောအသံဖြင့် အလွန်ကြွေးကြော်ခြင်း၊ ပုဆိုးမြှောက်ခြင်း၊ ဦးရစ်မြှောက်ခြင်း၊ ပန်းပေါက်ပေါက်ကြဲခြင်းကို ပြုကြကုန်၏။ ဘုမ္မဇိုဝ်းနတ်ကို အစပြု၍ ဗြဟ္မာ့ပြည်တိုင်အောင် ပဲ့တင်ဟီးမျှ ကောင်းချီးညာသော အသံသည် ဖြစ်၏။

ဓမ္မာသောကမင်းကြီးလည်း အတိုင်းထက်အလွန် ကြက်သီးဖုန်မျှ နှစ်သက်လှသော ဖရဏာပီတိကိုရလျက် လက်အုပ်ချီကာ ပူဇော်၏။ ယင်းသို့ ပူဇော်စဉ်ပင်လျှင် ဗောဓိပင်၏အမြစ်သည် အရင်းပင်မကဲ့သို့ တစ်ရာမျှလောက် အမြစ်တို့သည် ယှက်ထွက်၍ ရွှေဖျဉ်းပြည့်လျက်တည်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မဟာပထဝီမြေကြီးလည်း ကောင်းချီးပေးသံဖြင့် တုန်လှုပ်၏။ ထက်ဝန်းကျင်သော ကောင်းကင်မှမြည်လျက် နတ်စည် နတ်မောင်းသံတို့ဖြင့်လည်းကောင်း၊ တောင်တို့၏ညွတ်ခြင်း၊ နတ်တို့၏ ကောင်းချီးပေးခြင်း၊ ဘီလူးတို့၏ ဟေးလားဟစ်ခြင်း၊ နတ်အသုရာတို့၏ ကြော်ကြောခြင်း၊ ဗြဟ္မာတို့၏ လက်ပန်းခတ်ခြင်း၊ အခါမဲ့ မိုယ်း၏ ထစ်ခြိမ်းကြိုးညံခြင်း၊ အခြေလေးချောင်းရှိသော တိရစ္ဆာန်တို့၏ မြည်တွန်ခြင်း၊ အလုံးစုံသော စည်၊ စောင်း၊ ပတ်သာ၊ တူရိယာတို့သည် ထင်စွာအသံဖြစ်ခြင်းတည်းဟူသော တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက်သော အသံသည် ညံမစဲမျှဖြစ်လေသတည်း။

ထိုအခါ ဒက္ခိဏသာခါ၏ ငါးဖြာသော ခက်သေးခက်မတို့မှလည်းကောင်း၊ ငါးလုံးသော အသီးတို့မှလည်းကောင်း၊ အညို၊ အရွှေ၊ အဖြူ၊ အမောင်း၊ အနက်၊ ပြိုးပြိုးပြက်သော ရောင်ခြည်ခြောက်သွယ်တို့သည် ထွက်၍ စကြဝဠာတိုက်အလုံးကို လွှမ်းဖုံးမြှေးယှက်လျက် အထက်ဗြဟ္မာ့ပြည်တိုင်အောင် ရောက်လေ၏။

ထိုနောက်မှ ရွှေဖျဥ်းနှင့်တကွသော ဗောဓိပင်သည် ရတနာအင်းပျဥ်မှ ကောင်းကင်သို့ပျံတက်၍ ခုနစ်ရက်ပတ်လုံး လူတို့မမြင်ဘဲ ဆီးနှင်းတိမ်တိုက်သို့ ဝင်၍တည်၏။

ဓမ္မာသောကမင်းကြီးလည်း ရတနာအင်းပျဥ်မှသက်ခဲ၍ ခုနစ်ရက်ပတ်လုံး ထိုဗောဓိပင်ရင်း၌သာနေ၍ တံခွန်ကြက်လှျာတို့ဖြင့် များစွာသော ပူဇော်ခြင်းကိုပြု၏။ ခုနစ်ရက်လွန်သောအခါ အုပ်လွှမ်းလာသော တိမ်မြူ၊ ဆီးနှင်းတို့သည် စင်ကြယ်ခြင်းဖြစ်လေရကား ထွက်သွားသော ရောင်ခြည်တော်တို့သည် ပြန်လည်လာဘိ၍ ဗောဓိပင်သို့သာ ဝင်လေကုန်၏။ ကောင်းကင်သည် သန့်စင်သည်ရှိသော် ပင်စည်၊ အကိုင်း၊ အခက်၊ အရွက်၊ အသီးတို့နှင့်တကွ နလုံးမွေ့လျော်ဖွယ်ရှိလှသော ဗောဓိပင်သည် ရွှေဖျဥ်း၌ တည်သည်ကို အလုံးစုံသော လူများတို့ ထင်ရှားမြင်ရလေသတည်း။

ယင်းသို့ အထူးထူးသော တန်ခိုးပြာဋိဟာဖြင့် များစွာသောလူအပေါင်းတို့၏ အံ့ဖွယ်သရဲဖြစ်စေလျက် အင်းပျဥ်ထက်၌တည်သော ဗောဓိပင်ကို မြေသို့သက်စေ၍ ထိုသို့ပြအပ်သော တန်ခိုးပြာဋိဟာ၌ လွန်စွာနှစ်သက်ခြင်းရှိရကား ဇမ္ဗူဒိပ်ကျွန်းအလုံးကို သိမ်းကျုံး၍ရသော မင်း၏ စည်းစိမ်ဖြင့် တစ်ဖန် ပူဇော်၍ အဘိသိက်သွန်းခြင်းကို ပြုပြန်၏။ ထိုနေ့မှစ၍ အထူးထူးသော ပူဇော်ခြင်းတို့ဖြင့် ပူဇော်ချီးမြှောက်လျက် ခုနစ်ရက်ပတ်လုံး ဗောဓိပင်ရင်း၌ပင်နေတော်မူသည်။

ဤသို့လျှင် ဓမ္မာသောကမင်းကြီးသည် သီတင်းကျွတ်လဆန်း တစ်ဆယ့်ငါးရက် လပြည့်နေ့ ညချမ်းအခါ၌ ပူဇော်နေစဥ် မဟာဗောဓိဒက္ခိဏသာခါသည် မူလပင်ရင်း၌ ရွှေဖျဥ်းသို့သက်၍ တည်သည်။ ထိုနောက် ဆီး၊ နှင်း၊ တိမ်တိုက်သို့ဝင်၍ တည်သည်။

ခုနစ်ရက် မြေသို့သက်၍ အထူးထူးသော ပူဇော်ခြင်းတို့ဖြင့် ပူဇော်သည်။ ခုနစ်ရက်အားဖြင့် သီတင်းကျွတ်လကွယ်နေ့သို့ကျသောအခါ တစ်နေ့ချင်းဖြင့်လျှင် ပါဋလိပုတ်ပြည်သို့ဆောင်၍ တင့်တယ်စွာ တန်ဆာဆင်အပ်သော မဏ္ဍပ်ကြီးကို ဆောက်လုပ်စေလျက် တန်ဆောင်မုန်းလဆန်း တစ်ရက်နေ့၌ ပါဋလိပုတ်ပြည်၏ အရှေ့မျက်နှာသာယာတင့်တယ် ကြီးကျယ်လှသော အင်ကြင်းပင်ရိပ်၌ထား၍ နေ့တိုင်းနေ့တိုင်း များစွာသော ပူဇော်သက္ကာရတို့ဖြင့် ပူဇော်ခြင်းကိုပြု၏။ ထိုဗောဓိပင်ပျိုသည် ဖြတ်ယူသည်မှ တစ်ဆယ့်ခုနစ်ရက်မြောက်ကျသော တန်ဆောင်မုန်းလဆန်း သုံးရက်တိုင်သောအခါ အညွန့်သစ်တို့သည် ထွက်ပေါ်လာသောကြောင့် ဓမ္မာသောကမင်းကြီးသည် အလွန်ဝမ်းမြောက်ရကား ထိုဗောဓိပင်ကို မင်း၏စည်းစိမ်ဖြင့် တစ်ဖန် ပူဇော်ပြန်၏။ ထိုနောက်မှလည်း မပြတ် ရေသွန်းလျက် ပြည်သူပြည်သားတို့လည်း များစွာပူဇော်ကြသဖြင့် တန်ဆောင်မုန်းလပြည့်နေ့ရောက်သောအခါ မြေးတော် သုမနသာမဏေသည် ဓာတ်တော်ကို ယူခြင်းငှာ ကြွလာသောကာလ၊ ထိုဗောဓိပင်ကို မြင်ရလေသတည်း။

**'ပပဉ္စပဒေါရုဝံသ'အမည်ရှိသော မဟာဝံသကျမ်း၌**
**(၆၈) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော**
**'မဟာဗောဓိဂဟဏ' အမည်ရှိသော**
**အဋ္ဌာရသမအပိုင်းအခန်းကား ပြီး၏။**

---

# ဗောဓိအာဂမနကဏ္ဍ
# ကျေနဝီသတိမပိုင်း

## ၂၁-ဒက္ခိဏသာခါ လက်ျာတောင်ကိုင်း ဗောဓိပင်ကို သိဟိုဠ်ကျွန်းသို့ ပင့်ဆောင်ခြင်း

### အစောင့်အရှောက်

ဓမ္မာသောကမင်းကြီးလည်း ထိုဗောဓိပင်ကို စောင့်ရှောက်စိမ့်သောငှာ တစ်ကျိပ်ရှစ်ယောက်သော နတ်မျိုးတို့

www.burmeseclassic.com



ကိုလည်းကောင်း, ရှစ်ယောက်သော အမတ်မျိုး, ရှစ်ယောက်သော ပုဏ္ဏားမျိုး, ရှစ်ယောက်သော သူဌေးမျိုး, ရှစ်ယောက်သော ဘဏ္ဍာထိန်းမျိုးတို့ကိုလည်းကောင်း, ရှစ်ယောက် ရှစ်ယောက်စီသော နွားကျောင်းမျိုး, ဆိတ်ကျောင်းမျိုး, ရက်ကန်းသည်မျိုး, အိုးထိန်းမျိုး အစရှိသော အမျိုးတို့ကိုလည်းကောင်း, နဂါး ဘီလူးတို့၏ အမျိုးတို့ကိုလည်းကောင်း ပေးတော်မူ၍ ရှေးဦးစွာ မဟာဗောဓိပင်ကို ဂင်္ဂါမြစ်၌ လှေနှင့်တင်ပြီးလျှင် သမီးတော် သင်္ဃမိတ္တာထေရီကိုလည်း ³(တစ်ကျိပ်တစ်ယောက်သော ရဟန်းမိန်းမတို့နှင့်တကွ) ထိုဗောဓိပင်ကိုတင်သော လှေ၌တက်စေ၍ သီဟိုဠ်မှလာသော အရိဋ္ဌအမတ်အမှူးရှိသော သူတို့ကိုလည်း လှေ၌ပင်စီးစေ၍ ပါဋလိပုတ်ပြည်မှထွက်ပြီးသော် ဝိဥ္စာဋဝီမည်သော တောအုပ်သို့လွန်၍ ခုနစ်ရက်ဖြင့်ပင်လျှင် တာမလိတ္တိမည်သော သင်္ဘောဆိပ်သို့ရောက်၏။

ထိုအခါ သမုဒ္ဒရာ၏အနီး၌ တည်ကုန်သော နတ်တို့သည်လည်းကောင်း, နဂါးတို့သည်လည်းကောင်း, လူတို့သည်လည်းကောင်း လွန်မြတ်ကုန်သော ပူဇော်ခြင်းတို့ဖြင့် ပူဇော်ကုန်လျက် ခုနစ်ရက်ပတ်လုံး ဆည်းကပ်စည်းဝေးလာကုန်သည်။ ဓမ္မာသောကမင်းတရားသည် သမုဒ္ဒရာ၏ကမ်းနား၌ ဗောဓိပင်ကိုထားတော်မူ၍ တစ်ဖန် မြတ်သော မင်းစည်းစိမ်ဖြင့်ပူဇော်၍ အဘိသိက်သွန်း၏။ ထိုသို့သွန်းပြီးလျှင် နတ်တော်လဆန်းတစ်ရက်နေ့၌ သမုဒ္ဒရာကမ်းနားမှသည် သင်္ဘောလှေသို့တင်ခြင်းငှာ ယခင် အင်ကြင်းပင်ရင်း၌ လှူအပ်ခဲ့ကုန်သော အမျိုးနှင့်ပြည့်စုံသော အမတ်ပုဏ္ဏားအစရှိသည်တို့ကို ကြွချီစေ၍ သင်္ဘောထက်သို့တင်သည်။ မင်းလည်း သမုဒ္ဒရာရေသို့ လည်ပင်းနစ်အောင်ဆင်း၍ရှိုးလျက် လိုက်ပြီးလျှင် အရိဋ္ဌအမတ်အား ဤသို့ မှာတော်မူသည်။

## မှာတမ်း

အမောင်အရိဋ္ဌ၊ ငါသည် မဟာဗောဓိပင်ကို မင်း၏စည်းစိမ်ဖြင့် သုံးကြိမ်တိုင်အောင် ပူဇော်အပ်ပြီ။ ဤအတူ ငါ၏အဆွေတော်ဖြစ်သော ဒေဝါနံပိယတိဿ မင်းသည်လည်း ပူဇော်ပါစေ။ ငါသည် သမုဒ္ဒရာရေသို့ဆင်း၍ လည်ပင်းရှိုနစ်အောင် လိုက်၍ပို့သည်။ ငါ၏ထပ်တူ ဒေဝါနံပိယတိဿမင်းသည်လည်း လည်ပင်းနစ်မျှသော ရေသို့ဆင်း၍ ကြိုပါစေဟု မှာတော်မူ၍ လှေသင်္ဘောထွက်သောအခါ ဓမ္မာသောကမင်းကြီးလည်း သမုဒ္ဒရာကမ်းနား၌ လက်အုပ်ချီလျက် ရပ်၍ကြည့်မျှော်ပြီးလျှင် အို...လူများအပေါင်းတို့... အားတော်ဆယ်တန် ဉာဏ်တော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် သက်တော်ထင်ရှားရှိသကဲ့သို့ ရောင်ခြည်တော် ကွန်ရက်ကိုထွက်အောင် လွှတ်ပေတတ်သော အဿတ္ထဒုမရာဇာ မဟာဗောဓိပင်မင်းသည် ငါတို့ကို ပစ်ထား၍သွားလေခဲ့ပြီတကားဟုဆို၍ မျက်ရည်ယိုတော်မူ၏။ မင်းကြီးသည် ကြည်ညိုခြင်းပြင်းလှသဖြင့် ဗောဓိပင်နှင့် ကွေကွင်းခြင်းဒုက္ခကြောင့် သောကပရိဒေဝမီးသည် ကြီးစွာလောင်လတ်ရကား ငိုကြွေးမြည်တမ်းလျက်သာ ပါဋလိပုတ်ပြည်သို့ ပြန်တော်မူ၏။

## ဗောဓိပင်ကို နဂါးပြည်သို့ဖြတ်၍ ပင့်ဆောင်ခြင်း

မဟာဗောဓိပင်တင်သော သင်္ဘောလှေသည် သမုဒ္ဒရာအပြင်သို့သွားသော် ထက်ဝန်းကျင် တစ်ယူဇနာခန့်ရှိသောအရပ်၌ လှိုင်းတံပိုးသည် ငြိမ်သက်၍ အင်းပျဉ်ထက်၌ရှိသော ရေကဲ့သို့ဖြစ်၍ လှေ၏ထက်ဝန်းကျင်မှ အဖြူ, အနီ, အညို, အဝါ, ငါးဖြာသော အဆင်းရှိကုန်သော ပဒုမ္မာကြာတို့သာလျှင် ပွင့်ကာ ပွင့်ကာ တည်ကုန်၏။ ကောင်းကင်အရပ်မှ နတ်တို့၏ စည်သံ, စောင်းသံ, တူရိယာသံတို့သည် တညံညံ မြည်ကုန်၏။ လက်ဝဲလက်ျာ ရှေ့နောက်မှာပင် များစွာသော နတ်တို့၏ပူဇော်ခြင်းသည် ဖြစ်၏။ သမုဒ္ဒရာ၏အတွင်း၌နေသော နဂါးတို့သည်လည်း ဗောဓိပင်ကို ယူအံ့သောငှာ တန်ခိုးဖန်ဆင်းလျက် ဝန်းရံလာကုန်၏။ ထိုအခါ ခြောက်ဖြာသော အဘိညာဉ်တန်ခိုးကို အစိုးရသော သင်္ဃမိတ္တာထေရီသည် ဂဠုန်ငှက်၏အသွင်ကိုဆောင်လျက် အထောင်အသောင်းမျှလောက်သော နဂါးတို့ကို ဟန့်တားခြိမ်းခြောက်၏။

ထိုအခါ တန်ခိုးကြီးစွာသော နဂါးတို့သည် ထေရီအား လျှောက်ထားတောင်းပန်ပြီးလျှင် မိမိတို့၏နေရာ နဂါးပြည်ရွာသို့ ဗောဓိပင်ကို ဆောင်၍သွားကြ၏။ နဂါးတို့လည်း ခုနစ်ရက်ပတ်လုံး နဂါးပြည်၌ဖြစ်သော မင်း၏ချမ်းသာဖြင့်လည်းကောင်း, အထူးထူးအပြားပြား များစွာသော ပူဇော်ခြင်းတို့ဖြင့်လည်းကောင်း ပူဇော်ကြပြီးလျှင် တင်ခဲ့သော သင်္ဘောလှေ၌ ထားကုန်၏။

ဗောဓိပင်သည် သင်္ဘောထက်သို့ရောက်သောနေ့မှာပင်လျှင် သီဟိုဠ်ကျွန်း ဇမ္ဗုကောလသင်္ဘောဆိပ်သို့ ကပ်လေ၏။

## ဗောဓိပင်ကိုကြိုဆိုခြင်း

လူတို့၏ စီးပွားကိုရှာခြင်း၌ လွန်စွာမွေ့လျော်သော ဒေဝါနံပိယတိဿ မင်းကြီးသည်လည်း အရှင်သုမနသာမဏေ ပြောဆိုလေသောစကားကို ကြားဖူးသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



နတ်တော်လဆန်း တစ်ရက်နေ့မှစ၍ အနုရာဓမြို့ မြောက်တံခါးမှသည် ဇမ္ဗုကောလ သင်္ဘောဆိပ်တိုင်အောင် ခရီးကို သုတ်သင်ကာ တန်ဆာဆင်ယင်၍ မြို့မှထွက်ပြီးလျှင် မြို့တံခါး၏အနီးဖြစ်သောအရပ်၌ ဗောဓိပင်၏လာခြင်းကို မျှော်လင့်ကာနေသည်နှင့် သမုဒ္ဒရာရေပြင်မှ တင့်တယ်စွာ လာသော မဟာဗောဓိပင်ကို အရှင်မဟိန္ဒ၏ တန်ခိုးတော်ကြောင့် ထင်စွာမြင်လေသော် အလွန်ရွှင်လန်းသော စိတ်ရှိရကား အလုံးစုံသောခရီးကို အဆင်းငါးပါးရှိသော ပန်းတို့ဖြင့် ကြဲဖြန့်လျက် လက်ဝဲလက်လကျာမှ ကာရံမှတ်သားထားပြီးလျှင် အကြားအကြား၌ ပန်းစေတီတို့ကိုထား၍ တစ်နေ့ချင်းရောက်အောင် သင်္ဘောဆိပ်သို့သွား၏။

အလုံးစုံသော တီးမျိုးမှုတ်မျိုးတို့ဖြင့်ခြံရံကာ ပန်းနံ့သာအနိမ်းအထုံတို့ဖြင့်ပူဇော်လျက် လည်ပင်းမျှရှိလောက်သော ရေသို့ဆင်းသက်၍ အချင်းတို့၊ ဘုရားကိုယ်တော်ကဲ့သို့ ရောင်ခြည်တော် ကွန်ရက်ကို လွှတ်ထွက်စေတတ်သော ဗောဓိပင်မင်းသည် ငါတို့နေရာသို့ကြွခဲ့ပြီတကားဟု အားရဝမ်းသာဆိုလျက် ဗောဓိပင်ကို ရံလျက်ပါလာသော ဇာတိသမ္ပန္နဖြစ်သော တစ်ဆယ့်ခြောက်မျိုးသော လူတို့ကို ချီမစေလျက် မင်းကြီးသည် ဦးခေါင်းဖြင့်ရွက်၍ ကမ်းထက်သို့တင်လျှင် တင့်တယ်စွာ မဏ္ဍပ်၌ထား၍ သီဟိုဠ်ကျွန်း၌ မင်း၏အဖြစ်ဖြင့် ပူဇော်၏။ ဗောဓိပင်၏အလုပ်အကျွေးဖြစ်သော တစ်ဆယ့်ခြောက်မျိုးသော လူတို့အား မင်းအဖြစ်ကို သုံးရက်ပတ်လုံး အပ်နှင်း၍ မိမိသည် တံခါးစောင့်အရာ၌သာ တည်၏။

နတ်တော်လဆန်း ဆယ်ရက်နေ့သို့ရောက်သောအခါ ထမ်းဆောင်ခြင်းငှာ ကောင်းစွာစီရင်၍ သစ်ပင်တကာတို့၏မင်းဖြစ်သော မဟာဗောဓိပင်ကို ဆောင်ယူပြီးလျှင် အနုရာဓမြို့၏ အရှေ့မျက်နှာ သာယာသောအရပ်၌ထား၍ ပြည်သူပြည်သားတို့ကို ပူဇော်စေပြီးမှ သံဃာတော်နှင့်တကွသော လူအပေါင်းအား ထမင်းနံနက်စာစားစေ၍ အရှင်မဟိန္ဒထေရ်မြတ်သည် မင်းနှင့်တကွသော ပရိသတ်တို့အား ငါတို့ဘုရားမြတ်စွာသည် ဘုရားဖြစ်စ အခါကပင် နာဂဒီပသို့ကြွတော်မူ၍ စူဠောဒရ, မဟောဒရ, နဂါးတို့အား တရားဟောပြ၍ ဆုံးမတော်မူသောအကြောင်း, ခုနစ်ပါးသောအရပ်၌ သမာပတ်ဝင်၍ နေတော်မူသောအကြောင်းတို့ကို အကြွင်းမဲ့ ဟောတော်မူ၍ ကြားနာရလေလျှင် ဒေဝါနံပိယတိဿမင်းကြီးသည် ငါတို့ဘုရားသခင်သည် ထိုင်တော်မူခြင်းငှာ သမာပတ်ဝင်၍ သုံးဆောင်တော်မူခြင်းကိုပြုရာ ဌာနတို့ကို မှတ်သားစေပြီးသော် သမာပတ်ဝင်တော်မူရာ 'တိဝင္က'မည်သော ပုဏ္ဏား၏ရွာတံခါး၌လည်းကောင်း, ထိုထိုသော အရပ်တို့၌လည်းကောင်း မဟာဗောဓိကိုထားစေ၍ ထိုအရပ်မှသည် လျောက်ပတ်တင့်တယ်စင်ကြယ်သော သဲတို့ဖြင့် ခင်းထားလျက် အထူးထူးသော ရေပန်းကြည်းပန်းတို့ဖြင့် ရောပြွမ်းကြဲဖြောက်လျက် ဆောင်အပ်သော ပန်းတံခွန်ရှိသော ပန်းထီး ပန်းစေတီတို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်အပ်သော ခရီးဖြင့်ဆောင်၍ နေ့ညဉ့်မပြတ် မပျင်းမရိ ပူဇော်ကြလျက် နတ်တော်လဆန်း တစ်ဆယ့်လေးရက်နေ့သို့ ရောက်သောအခါ အနုရာဓမြို့၏အနီးတို့ ဆောင်လာ၍ ထိုနေ့မွန်းယိမ်းအခါတွင် တင့်တယ်စွာ တန်ဆာဆင်အပ်သောမြို့၏မြောက်တံခါးဖြင့် သွင်း၏။ မြို့တွင်းအလယ်သို့ဆောင်၍ တောင်တံခါးဖြင့်ထွက်ပြီးလျှင် ထူပါရုံစေတီ၏ အနောက်မျက်နှာ အလွန်သာယာသော မဟာမေဃဝန်ဥယျာဉ်၏ အတွင်း သုမနသာမဏေ၏စကားဖြင့် သန့်ရှင်းတင့်တယ်လှသော ရှေးဘုရားသုံးဆူတို့၏ ဗောဓိပင်တည်ဖူးရာဌာနသို့ ဆောင်၍ တင့်တယ်စွာ တန်ဆာဆင်အပ် ကုန်သော တစ်ကျိပ်ခြောက်ဦးသော အမျိုးသားတို့ချီမလျက် ရွှေဖျဉ်းနှင့်တကွ မြေတွင်စိုက်ခြင်းငှာ သာယာစွာ လွှတ်ကြကုန်၏။

## ဗောဓိပင်၏ တန်ခိုးပြာဋိဟာ

ယင်းသို့ လူ့လက်မှ လွှတ်လေလျှင် ထိုဗောဓိပင်သည် ကောင်းကင်သို့ ပြန်တက်၍ အတောင်ရှစ်ဆယ် ရှိလောက်သော အရပ်၌ တည်လျက် ပင်စည်, ကိုင်းကြီး အသီး, အရွက်, ခက်သေး, ခက်မြှာတို့မှ ပြာ, ဝါ, စိမ်းလဲ့ နဂါးသွဲ့အတူ ဖြူချည်–နီချည် အရည်ဒီးဒီး ယိုစီးမည့်သဖွယ် ခြောက်သွယ်သော ရောင်ခြည်တို့သည် ထွက်ကုန်၏။

လူအလုံးတို့ ရွှင်ပြုံးမွေ့လျော်ဖွယ် အသွယ်သွယ်ထွန်းပသော ရောင်ခြည်တို့သည် နေဝင်သည့်တိုင်အောင် ထွက်ထွန်း၍ သီဟိုဠ်ကျွန်းအလုံးကို လွှမ်းဖုံးပျံ့နှံ့ပြီးမှ ဗြဟ္မာ့ပြည်တိုင်အောင် တက်လေကုန်၏။ နေဝင်သောအခါ ထိုမဟာဗောဓိပင်သည် ကောင်းကင်မှ သက်ဆင်း၍ တွင်း၌ တည်လာ၏။ ယင်းသို့ တည်သောအခါ မဟာပထဝီ မြေကြီးသည် ကောင်းချီးပေးသဖြင့် တုန်လှုပ်၏။ ထိုဗောဓိသာခါမှ တစ်ရာသောအမြစ်တို့သည်လည်း ရွှေဖျဉ်းကို မြေးယှက်ကုန်လျက် မြေသို့ သက်လေကုန်၏။ ယင်းသို့ မြေ၌တည်သောအခါ များစွာသော လူအပေါင်းတို့သည် သောင်းသောင်းဖြာမျှ စည်းဝေးလျက် ပန်းနံ့သာတို့ဖြင့် များစွာ ပူဇော်ကြကုန်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဗောဓိပင် မြေသို့ရောက်၍ နှစ်ရက်မြောက်အခါတွင် ထက်ဝန်းကျင်သောအရပ်မှ အထပ်ထပ်သော တိမ်တိုက်တို့သည် တက်၍ မိုးကြီးသည်းထန်စွာ ရွာ၏။ လွှမ်းခြုံကာ ခုနစ်ရက်ပတ်လုံး တည်သဖြင့် လူတို့ မမြင်ရခြင်းသို့ ရောက်လေ၏။ ခုနစ်ရက် လွန်သောအခါ ဆီးနှင်း တိမ်လွှာတို့ ကင်းသဖြင့် သန့်ရှင်းစင်ကြယ်လှရကား ခြောက်ပါးသော ရောင်ခြည်နှင့်တကွ ထွန်းပလျက် တည်သော ဗောဓိပင်ကို ဖူးမြင်ရကြကုန်သတည်း။

ထိုဗောဓိပင်၏ တန်ခိုး ပြာဋိဟာ၌ လွန်စွာ ကြည်ညို ကုန်ရကား တစ်ထောင်မျှလောက်သော ယောကျ်ားတို့သည် ဝိပဿနာတရားကို အားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

ရဟန်းသံဃာ အရံနှင့်တကွသော မဟာမဟိန္ဒထေရ်သည်လည်းကောင်း, ဘိက္ခုနီ သံဃာအရံနှင့်တကွသော သင်္ဃမိတ္တာထေရီသည် လည်းကောင်း, မှူးမတ်အရံနှင့်တကွသော ဒေဝါနံပိယတိဿမင်းသည် လည်းကောင်း မဟာဗောဓိပင်ကို ပူဇော်ခြင်းငှာ ကပ်လာကြကုန်၏။

## ဗောဓိ ၈ ပင်

ကာဇရရွာကို အစိုးရသော မင်းတို့သည် လည်းကောင်း၊ စန္ဒနရွာကို အစိုးရသောမင်း တိဝက္ကပုဏ္ဏားတို့သည် လည်းကောင်း, ထိုမှတစ်ပါး ထင်ရှားသော သီဟိုဠ်ကျွန်းသားတို့သည် လည်းကောင်း ဗောဓိပင်ကို ဖူးမြင်ပူဇော်ခြင်းငှာ လာရောက်ကြကုန်လျှင် ဗောဓိပင်၏ အကိုင်း၌ သီးသော သီးမှည့်တစ်လုံးသည် ကြွေကျလာသတည်း။ မဟာမဟိန္ဒထေရ်မြတ်သည် ထိုသီးမှည့်ကို ယူ၍ စိုက်စိမ့်သောငှာ ဒေဝါနံပိယတိဿမင်းအား ပေးတော်မူ၏။ မင်းကြီးသည် မွှန်မြတ်သောနေရာမှ မြေကိုယူ၍ ရွှေဖျဉ်း၌ ထည့်ပြီးလျှင် နံ့သာရေ ဖျန်းလျက် စိုက်တော်မူသော်လူအပေါင်းတို့ ကြည့်ကြကုန်စဉ်လျှင် အပင်ငယ်တို့သည် ပေါက်၍ ရှစ်ခုသော အညွန့်တို့သည် ဖြစ်ကုန်၏။ ထိုရှစ်ပင်သော ဗောဓိပင်ပျိုတို့သည် နတ်တို့အာနုဘော်ကြောင့် တစ်နေ့ တစ်ညဉ့်ချင်းဖြင့်ပင်လျှင် လေးထောင်မျှလောက် အတိုင်းအရှည် ရှိကုန်၏။ ယင်းသို့ အံ့ဖွယ်သရဲ ထူးကဲစွာ ဖြစ်လာသည်ကိုမြင်၍ အလွန်လျှင် ကြည်ညိုသောစိတ်ရှိရကား ဒေဝါနံပိယတိဿမင်းကြီးသည် ထီးဖြူဖြင့် ပူဇော်၍ အဘိသိက် သွန်းခြင်းကို ပြု၏။ ထိုရှစ်ပင်သော ဗောဓိပင်ပျိုတို့ကို တစ်ပင် တစ်ပင်စီခွဲ၍–

(၁) တစ်ခုသောအပင်ကို ဇမ္ဗုကောလမည်သော သင်္ဘောဆိပ်၌ သင်္ဘောမှချ၍ ဒက္ခိဏာသာခါ ဗောဓိပင်ကို ထားရာဖြစ်သော နေရာ၌ စိုက်စေသည်။
(၂) တစ်ပင်ကို တိဝက္ကပုဏ္ဏားရွာ၌ စိုက်စေသည်။
(၃) တစ်ပင်ကို ထူပါရုံစေတီ၏အနီး၌ စိုက်စေသည်။
(၄) တစ်ပင်ကို ဣဿရ သမဏဟု ဆိုအပ်သော ကဿကဂိရိကျောင်း၌ စိုက်စေသည်။
(၅) တစ်ပင်ကို စေတိယင်္ဂဏ ပထမစေတိယ အပြင်၌ စိုက်စေသည်။
(၆) တစ်ပင်ကို စေတိယတောင်ကျောင်း၌ စိုက်စေသည်။
(၇) တစ်ပင်ကို ကာဇရရွာ၌ စိုက်စေသည်။
(၈) တစ်ပင်ကို စန္ဒနရွာ၌ စိုက်စေသည်။

ဤသို့လျှင် ရှစ်ပင်သော ဗောဓိပင်ပျိုတို့ကို စိုက်ထားပြီး၍ ကြွင်းသောအသီး လေးလုံးမှဖြစ်သော ဗောဓိသုံးဆယ့်နှစ်ပင်တို့ကိုလည်း ထက်ဝန်းကျင် တစ်ယူဇနာကွာသော ကျောင်းရပ်တို့၌ စိုက်စေကုန်သတည်း။

အနုဠာဒေဝီမိဖုရားသည်လည်း အခြံအရံဖြစ်သော မိန်းမတစ်ထောင်နှင့်တကွ သင်္ဃမိတ္တာထေရီ၏ အထံ၌ ရဟန်းပြု၍ မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သည်။ မင်း၏ တူတော်ဖြစ်သော အရိဋ္ဌ အမတ်သည်လည်း ယောကျ်ားအရံ ငါးရာနှင့်တကွ မဟာမဟိန္ဒထေရ်၏ အထံ၌ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကြလေသတည်း။ ဗောဓိပင်ကို သီဟိုဠ်ကျွန်းသို့ ဆောင်လာသော ရှစ်ယောက်သော သူဌေးမျိုးတို့ကို ဗောဓာဟရသူဌေးမျိုးဟု ခေါ်ဆိုကုန်၏။

## ပြာသာဒ်သုံးဆောင်

သင်္ဃမိတ္တာထေရီသည်လည်း မိမိ၏ တပည့်မဖြစ်သော ဘိက္ခုနီအပေါင်းနှင့်တကွ ဥပါသိကာဝိဟာရဟူ၍ သမုတ်ကြသော ထိုရဟန်းမိန်းမတို့၏ကျောင်း၌ နေတော်မူ၏။ ထိုအခါ ဒါယကာတို့သည် စူဠင်္ဂဏမည်သော ပြာသာဒ်, မဟင်္ဂဏမည်သော ပြာသာဒ်, သိရိဝမှမည်သော ပြာသာဒ်အားဖြင့် ပြာသာဒ်ကြီး သုံးဆောင် အစရှိကုန်သော တစ်ဆယ့်နှစ်ဆောင်ကုန်သော ပြာသာဒ်တို့ကို ဆောက်လုပ်စေ၏။ ထိုပြာသာဒ်ဆောင်တို့တွင် တစ်ဆောင်သော စူဠင်္ဂဏပြာသာဒ်၌ မဟာဗောဓိ ဆောင်ခဲ့သော လှေ၏

www.burmeseclassic.com

www.burmeseclassic.com



လင်းယဉ်တိုင်ကိုထားစေသည်။ မဟာင်္ဂဏမည်သောပြာသာဒ်ကြီး၌ ထိုလေ့၏တက်ကို ထားစေသည်။ သိရိဝမုမည်သော ပြာသာဒ်ကြီး၌ တွန်းဝါးတက်ငယ်တို့ကို လည်းကောင်း၊ ကြိုးရွက်တို့ကို လည်းကောင်း ထားစေသည်။ ထို့ကြောင့် ပြာသာဒ်တို့သည် လင်းယဉ်တိုင် ပြာသာဒ်,တက်မပြာသာဒ်, တွန်းဝါးပြာသာဒ်ဟူ၍လည်း ထင်ရှားကုန်သတည်း။ ထိုတစ်ဆယ့်နှစ်ကျောင်းတို့သည် တစ်ပါးသောဂိုဏ်းဖြစ်သော်လည်း ဟတ္ထာဠ္ဌကကျောင်း၌နေကုန်သော ရဟန်းမိန်းမတို့သည် အခါခပ်သိမ်း သုံးဆောင်ကြကုန်၏။

## သဃမိတ္တာထေရီမကျောင်းပြောင်းခြင်း

ဒေဝါနံပိယတိဿမင်း၏ မင်္ဂလာဆင်တော်သည်လည်း ထိုအတိုင်း ကျက်စားလှည့်လည်သည်ရှိသော် အနုရာဓမြို့၏ နံပါးတစ်ဖက်ဖြစ်သော ချောင်းနား၌ ချမ်းအေးသော (ဆူးရစ်ချုံ) တွင် ကျက်စား၍ နေစမှတ်ပြုသော် ဆင်တော်သည် ဤအရပ်၌ မွေ့လျော်သည်ဟု သိကြ၍ ထိုအရပ်၌ ချည်တိုင်ပြုကြ၏။ ထိုအခါ မင်္ဂလာဆင်တော်သည် အစာကို လည်းကောင်း, ရေကို လည်းကောင်း မယူမလုမ်းဘဲ နွမ်းညှိုးသော မျက်နှာဖြင့်သာနေ၏။ ဒေဝါနံပိယတိဿမင်းလည်း အရှင်မဟိန္ဒအား ဤဆင်သည် အဘယ်သို့ စိတ်အလိုရှိပါသနည်းဟု လျှောက်၏။ မထေရ်မြတ်ကလည်း မင်းကြီး၊ ဆင်တော်သည် ဤဆူးရစ်ချုံ၌ စေတီတည်ခြင်းကို အလိုရှိသည်ဟု မိန့်တော်မူသည်။ ပြည်သူလူ ရဟန်းတို့၏ စီးပွားချမ်းသာဖြစ်ဖို့ရာ၌ လွန်စွာ အလိုရှိသော ဒေဝါနံပိယတိဿမင်းကြီးလည်း ထိုဆင်တော် အလိုရှိရာအရပ်၌ ဓာတ်တော်နှင့်တကွသော စေတီကို လည်းကောင်း, လျင်စွာ တည်စေ၏။ သဃမိတ္တာထေရီသည်လည်း မိမိ သီတင်းသုံးရသော ဥပါသိကာ ဝိဟာရသည် များစွာသော ပရိသတ်တို့နှင့် ပြွမ်းသည်၏အဖြစ်ကြောင့် ဆိတ်ငြိမ်သောကျောင်းကို အလိုရှိသည်ဖြစ်၍ လည်းကောင်း, သာသနာတော်၏ ကြီးပွားစည်ပင်ခြင်းကို အလိုရှိကုန်သော တစ်ပါးသော ရဟန်းမိန်းမတို့၏ နေရာဖြစ်သောကျောင်းကို အလိုရှိသည်ဖြစ်၍ လည်းကောင်း, အရိယဝိဟာရ အစရှိသည်၌ လိမ္မာသော အညစ်အကြေးကင်းသော စိတ်ရှိသော သဃမိတ္တာသည် ဝိဝေကသုခ ဖြစ်စိမ့်သောငှာ ထိုစေတီအိမ်သို့ သွား၍ နေ့သန့်ခြင်းကို ပြု၏။

ဒေဝါနံ ပိယတိဿ မင်းသည် ထေရီမကို ရှိခိုးပူဇော်ခြင်းငှာ ရဟန်းမိန်းမတို့၏ကျောင်းသို့ သွားလေသော် ကျောင်း၌ကားမရှိ၊ စေတီအိမ်၌နေခြင်းကို သိသဖြင့် လိုက်၍ သဃမိတ္တာထေရီမအား ရှိခိုးပြီးလျှင် ဝမ်းမြောက်ဝမ်းသာ ပြောဟောကာနေ၏။ ယင်းသို့ပြောဟောသည်တွင် သူ၏အလိုကို သိတတ်သော ပညာရှိလှသော မင်းဖြစ်ရကား ထူပါရုံ စေတီအိမ်၏ ထက်ဝန်းကျင်မှ မွေ့လျော်ဖွယ်ရှိလှသော ရဟန်းမိန်းမတို့၏ကျောင်းကို ဆောက်စေတော်မူ၏။ ထိုကျောင်းသည် ဆင်ချည်တိုင်၏အနီး၌ ဆောက်သောကျောင်း ဖြစ်သောကြောင့် ဟတ္ထာဠ္ဌကဝိဟာရဟူ၍ ထင်ရှားလေသတည်း။ မြတ်သောပညာတော်ရှိသော သဃမိတ္တာ ထေရီမသည်လည်း အချို့သော ဘိက္ခုနီမတို့နှင့် အတူ ဤဟတ္ထာဠ္ဌကကျောင်း၌ သီတင်းသုံးပေ၏။

• ဇဝံ လင်္ကာ လောကဟိတံ သာသနဝုဍ္ဎိံ၊
သံသာမေန္တော ဧသ မဟာဗောဓိဒုမိန္ဒော။
လင်္ကာဒီပေ ရမ္မမဟာမေဃဝနသ္မိံ၊
အဋ္ဌာ ဒီဃံ ကာလ မနေကဗ္ဘုတယုတ္တော။

ဇဝံ၊ ဤသို့။ အနေကဗ္ဘုတယုတ္တော၊ များလှစွာသော အံ့ဖွယ်သရဲနှင့်ယှဉ်သော။ ဧသဧသော မဟာဗောဓိဒုမိန္ဒော၊ ဤဗောဓိပင်မင်းသည်။ လင်္ကာ လောကဟိတံ၊ သီဟိုဠ်ကျွန်းသူတို့၏ အစီးအပွားကို လည်းကောင်း။ သာသနဝုဍ္ဎိဥ္စ၊ သာသနာတော်၏ အစီးအပွားကို လည်းကောင်း။ သံသာမေန္တော၊ ကောင်းစွာပြီးစေလျက်။ လင်္ကာဒီပေ၊ သီဟိုဠ်ကျွန်း၌။ ရမ္မမဟာမေဃဝနသ္မိံ၊ မွေ့လျော်ဖွယ်ရှိလှသော "မဟာမေဃဝန်" ဉယျာဉ်၌။ ဒီဃံကာလံ၊ ရှည်မြင့်စွာအခါ ကာလပတ်လုံး။ အဋ္ဌာ၊ တည်တော်မူ၏။

**'ပပဉ္စပဒေါရုဝံသ' အမည်ရှိသော မဟာဝံသကျမ်း၌**
**(၈၄) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော**
**'ဗောဓိအာဂမန' အမည်ရှိသော**
**ဧတ္တနဝီသတိမအပိုင်းအခန်းကား ပြီး၏။**

---

• မဟာဝင်ဝတ္ထုမူရင်း၌ အနက်သာပါ၍ ဂါထာပါဠိမပါသဖြင့်၊ မဟာဝံသ အဋ္ဌကထာ သီဟိုဠ်မူ ၁၁၂–၈၄ မှ ယူ၍ ထည့်လိုက်သောဂါထာတည်း။

www.burmeseclassic.com

www.burmeseclassic.com



# ထေရပရိနိဗ္ဗာနကဏ္ဍ၊ ဝီသတိမပိုင်း

## ဒေဝါနံပိယတိဿမင်း နတ်ရွာစံခြင်းနှင့် အရှင်မဟိန္ဒနှင့် သင်္ဃမိတ္တာထေရီတို့ ပရိနိဗ္ဗာန်စံခြင်း

### အသန္ဓိ မိတ္တာ

ပါဋလိပုတ်ပြည်၌ ဓမ္မာသောကမင်းသည် မင်းပြု၍ တစ်ဆယ့်ရှစ်နှစ်မြောက်၌ မဟာဗောဓိ၏ ဒက္ခိဏသာခါကို လင်္ကာဒီပသို့ ပို့သည်ဖြစ်၍ မဟာမေဃဝန်ဥယျာဉ်အတွင်း၌ ဗောဓိပင်တည်လာသည်။ ထိုဗောဓိပင် တည်သည်မှ နောက် တစ်ဆယ့်နှစ်နှစ်မြောက်၌ ထိုဓမ္မာသောကမင်း၏ မိဖုရားခေါင် တောင်ညာဒေဝီဖြစ်သော မိဖုရားကိုသာလျှင် လွန်စွာ မြတ်နိုးခြင်းရှိသော † ကရဝိက်ငှက်၏ တွန်သံကြောင့် သောတာပန်အဖြစ်သို့ရောက်သော အသန္ဓိမိတ္တာမည်သော မိဖုရားကြီးသည် နတ်ရွာစံလေသည်။

### ဓမ္မာသောကမင်း

ထိုနောက်မှ လေးနှစ်မြောက်သောအခါ ယုတ်မာသော အလိုဆန္ဒရှိသော "တိဿာရက္ခာ" မည်သော မိဖုရားကို အဂ္ဂမဟေသီ ပြုထားတော်မူသည်။ ထိုမိဖုရားသည် မိမိ၏ အဆင်းအရောင်ကိုသာ လွန်စွာ မြတ်နိုးလျက် မာန်ယစ်ခြင်းရှိ၏။ ကာမဂုဏ်၌လည်း အလွန်မွေ့လျော်၏။ မင်းကြီးသည် မဟာဗောဓိပင်မှ မျိုးစေ့ကိုယူ၍ မိမိပြည်တွင် စိုက်အပ်သော (ဗောဓိပင်ပျိုကို လေးမြတ်လျက် တစ်နေ့မပြတ် ဆည်းကပ်ခြင်းကို ပြုရာတွင် ဤမင်းကြီးသည် ငါ့ထက်ပင် ဗောဓိပင်ကို မြတ်နိုးရာသလောဟု အဆိပ်ရှိသောဖားရိုးနှင့် ယှဉ်သဖြင့် ထိုဗောဓိပင်ကို သတ်စေ၏။) မိဖုရားဖြစ်၍ သုံးနှစ်မြောက်တွင် ဗောဓိပင်ကိုသတ်သည်။ ထိုမှ နောက်လေးနှစ်မြောက်၌ များသော ဘုန်းကျက်သရေ အခြံအရံနှင့် ပြည့်စုံသော ဓမ္မာသောကမင်းကြီး အနိစ္စရောက်တော်မူသည်။ ဤသို့လျှင် မင်းကြီး၏ စည်းစိမ်ခံသောနှစ်တို့ဖြစ်ကုန်၏။

(ဤမဟာဝင်ဂါထာလာသော စကား၌ မဟာမေဃဝန် ဥယျာဉ်သို့ ဗောဓိပင်ရောက်သောနှစ်တိုင်လျှင် ဓမ္မာသောကမင်းစည်းစိမ် တစ်ဆယ့်ရှစ်နှစ်, ထိုနောက် အသန္ဓိမိတ္တာမိဖုရား နတ်ရွာလားအောင် တစ်ဆယ့်နှစ်နှစ်, ထိုနောက် တိဿာရက္ခာကို မိဖုရားကြီးအရာ၌ ထားသည့်တိုင်အောင် လေးနှစ်, ထိုနောင်မိဖုရား ဗောဓိပင်ကို သတ်သည်တိုင်အောင် သုံးနှစ်, ထိုနောင် ဓမ္မာသောကမင်း နတ်ရွာစံသည့်တိုင်အောင် လေးနှစ်, ဤငါးရပ်ကို ပေါင်းသော် လေးဆယ့်တစ်နှစ်ရှိလျက် ဘယ်သို့ သုံးဆယ့်ခုနစ်နှစ်ဟူ၍ ဆိုသင့်အံ့နည်းဟူဖြားအံ့၊ ရှေးရေတွက်သော နှစ်တို့၏ အဆုံးအဆုံးဖြစ်သော နှစ်တို့ကို နောက်နောက်၌ တစ်ဖန်ယူ၍ ရေတွက်ပြန်သောကြောင့် နှစ်တိုးသည်၊ ထိုအတိုးကို မယူမူ၍ တွက်စစ်သော် သုံးဆယ့်ခုနစ်နှစ်သာလျှင် ဖြစ်သည်ဟု မှတ်ရမည်။ ။ ဤကားအမှာ)။

### ဓာတ်တော်တစ်သပိတ်

ကုသိုလ်အစု ကောင်းမှုအရာ၌ လွန်စွာ မွေ့လျော်သော ဒေဝါနံပိယတိဿ မင်းသည်ကား မဟာဝိဟာရ၌ ပြုဖွယ်ကိစ္စတည်းဟူသော အမှုသစ်ကို လည်းကောင်း, စေတိယတောင်၌ အမှုသစ်ကို လည်းကောင်း, ထူပါရာမစေတီကျောင်းတော်တို့၌ အမှုသစ်ကို လည်းကောင်း, မပြတ်မလတ်ကြည့်ရှု၍ ပြုပြင်ဆောင်ရွက်တော်မူသည်။ တစ်ရံသောအခါ လင်္ကာကျွန်းသူတို့၏ ကြည်ညိုခြင်းကို ပွားစေတတ်သော မဟိန္ဒထေရ်မြတ်အား ဤသို့ နားတော်လျှောက်၏။ "အရှင်ဘုရား၊ ကျွန်ုပ်သည် ဤသီဟိုဠ်ကျွန်း၌ များစွာသောကျောင်းကို ဆောက်လုပ်၍ ထိုကျောင်းဦးတို့၌ စေတီတည်လုပ်ပါသည်။ ထိုစေတီတို့၌ ဌာပနာခြင်းငှာ မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို အဘယ်မှာရအံ့နည်း" ဟု လျှောက်၏။ မထေရ်မြတ်ကလည်း "မင်းကြီး၊ သုမနသာမဏေသည် ဘိုးတော်ဖြစ်သော ဓမ္မာသောကမင်း၏ထံမှ တောင်း၍ ဘုရားရှင့်သပိတ်ကို ပြည့်စေလျက် ဆောင်ခဲ့အပ်သော ဓာတ်တော်တို့သည် စေတိယတောင်၌ပင် ရှိသည်။ မင်းကြီးသည် စေတီတည်လိုသောအခါ ပေးမည်ဟု ရည်၍ပင် ထားသည်။ ထိုဓာတ်တော်တို့ကို ဆင်မကျောက်ကုန်းဖြင့် တင်၍ ဤအရပ်သို့ ဆောင်ယူလော့"ဟု မိန့်တော်မူ၏။ ဒေဝါနံပိယတိဿမင်းလည်း အရှင်မဟိန္ဒမိန့်တော်မူသောအတိုင်း စေတိယတောင်မှ ဓာတ်တော်တို့ကို များစွာသော ပူဇော်သက္ကာရဖြင့် ဆောင်ပေ၏။

### ဓာတ်တော်

တစ်ယူဇနာရှိသော အရပ်၌ ကျောင်းတို့ကို ဆောက်စေ၍ ထိုကျောင်းဦးတို့၌ စေတီတည်စေသည်။ ထိုစေတီ၌ ထိုက်သည်အားလျော်စွာ ဓာတ်တော်တို့ကို ဌာပနာစေ၏။

† သုတ်မဟာဝါအဋ္ဌကထာ၊ မဟာပဒါနသုတ်အဖွင့်-၄၀။ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာဗြဟ္မာယုသုတ်အဖွင့် ၂၃၃-၌ ကြည့်ရန်။

www.burmeseclassic.com



## သပိတ်တော်

ဘုရားဆောင်တော်မူသော သပိတ်တော်ကိုကား မင်းသိမ်းဆည်းသော မြေအရပ်၌ တိုက်ရုံဆောက်ထားပြီးလျှင် အထူးထူးသော ပူဇော်ခြင်းတို့ဖြင့် ပူဇော်တော်မူသည်။

## ကျောင်းနှင့်လိုဏ်

မဟာမဟိန္ဒထေရ်မြတ်၏ အထံ၌ ရဟန်းပြုကြကုန်သော၊ မင်းဖြစ်ဖူးကုန်သော ရဟန်းငါးရာတို့၏ နေရန်အလို့ငှာ ဆောက်ထားအပ်သောကျောင်းသည် "ဣဿရသမဏကျောင်း" မည်၏။

ကုန်သည်ကြီး ငါးရာတို့သည် မဟာမဟိန္ဒထေရ်၏ ထံ၌ ရဟန်းပြုကုန်၍ ထိုရဟန်းတို့၏ နေရန်အလို့ငှာ ဆောက်အပ်သောကျောင်းသည် တောင်နှင့်နီးသည်ဖြစ်၍ "ဝေဿဂိရိကျောင်း" မည်၏။

တောင်အနီးရှိသော ကျောင်းဟူသမျှ အကြင်အကြင် တောင်၌ ဂူလိုဏ်ကိုပြုစေ၍ အရှင်မဟိန္ဒသည် သီတင်းသုံးလေ့ပြု၏။ ထို့ကြောင့် လိုဏ်သည် "မဟိန္ဒလိုဏ်" မည်သတည်း။

## အလှူတော်မင်္ဂလာ

ဒေဝါနံပိယတိဿမင်းကြီးသည် ရှေးဦးစွာ မဟာဝိဟာရကျောင်းတိုက်ကို ပြုသည်။ ထို့နောက် နှစ်ကြိမ်မြောက် စေတိယင်္ဂဏကျောင်းကို ပြုသည်။ သုံးကြိမ်မြောက် ထူပါရာမကျောင်းကို ပြုသည်။ လေးကြိမ်မြောက် မဟာဗောဓိပင် တည်ခြင်းကို ပြုသည်။ ငါးကြိမ်မြောက်ကား **မဟာစေတီ** တည်အံ့သော အရပ်၌ ဌာန၏ ဂုဏ်ကျေးဇူးကိုပြသော **ကျောက်စာတိုင်**ကို လည်းကောင်း, မြတ်စွာဘုရား၏ **လည်ရိုးတော်ဓာတ်**ကို ဌာပနာရာဖြစ်သော **မဟိယင်္ဂဏကျောက်စေတီ**ကို လည်းကောင်း ပြုစေသည်။ ခြောက်ကြိမ်မြောက်ကား ဣဿရသမဏကျောင်းကို ပြုစေသည်။ ခုနစ်ကြိမ်မြောက်ကား တိဿဝါပိ ရေကန်ကို ပြုစေသည်။ ရှစ်ကြိမ်မြောက်ကား ပထမစေတီကို ပြုစေသည်။ ကိုးကြိမ်မြောက်ကား ဝေဿဂိရိကျောင်းကို ပြုစေသည်။ ဆယ်ကြိမ်မြောက် ဥပါသိကာရာမကျောင်းကို လည်းကောင်း, ဟတ္ထာဠ္ဟကကျောင်းကို လည်းကောင်း ပြုလုပ်သည်။

ဘိက္ခုနီမတို့၏ကျောင်း၌ ရဟန်းသံဃာသည် စည်းဝေးကာ သွား၍ ဆွမ်းခံခြင်းဟူသော အကြောင်းကြောင့် ဥပစာနှင့်တကွ အလွန်တင့်တယ်သော အလုံးစုံသော အဆောက်အဦတို့နှင့် ပြည့်စုံသော အလုပ်အကျွေးသမားပါထားအပ်သော မဟာပါဠိကမည်သော ဆွမ်းစားဇရပ်ကိုလည်းကောင်း ပြုလုပ်စေ၏။ ထိုမှတစ်ပါး တစ်ထောင်သော ရဟန်းတို့အား ရှစ်ပါးသော ပရိက္ခရာတည်းဟူသော အလှူကို နှစ်စဉ် လှူတော်မူ၏။ ပဝါရဏာ နေ့တိုင်း နှစ်စဉ် အလှူကိုလည်း လှူပေ၏။ **နာဂဒီပကျွန်း၌ ဇမ္ဗုကောလ** မည်သောကျောင်းကို လည်းကောင်း, ဇမ္ဗုကောလသင်္ဘောဆိပ်၌ တိဿမည်သော ကျောင်းကြီးကိုလည်းကောင်း, ပါစီနာရာမကျောင်းကို လည်းကောင်း ဆောက်လုပ်စေ၏။

ဤသို့လျှင် သီဟိုဠ်ကျွန်းသူတို့၏ စီးပွားချမ်းသာကို လွန်စွာ ရှာမှီးလေ့ရှိသော ဘုန်းပညာနှင့် လွန်စွာ ပြည့်စုံတော်မူသော ဒေဝါနံပိယတိဿမင်းသည် ဤမျှလောက်သော ကုသိုလ်ကောင်းမှုတို့ကို ပထမနှစ်ကပင် ပြုစုတော်မူ၍ သက်တော်တည်သမျှ၌ကား များလှစွာသော ကောင်းမှုတို့ကို ဆည်းပူးတော်မူလျက် နှစ်ပေါင်းလေးဆယ်ပတ်လုံး မင်းပြုတော်မူသည်။ (ဤမင်းလက်ထက်မှ ဘုရားသာသနာသည် လင်္ကာဒီပသို့ရောက်သတည်း။)

## ဥတ္တိယမင်း

ဒေဝါနံပိယတိဿမင်း လွန်လေလျှင် ထိုမင်း၏ သားတော် သမီးတော် မရှိသည်၏အဖြစ်ကြောင့် မင်း၏ ညီတော်ရင်းဖြစ်သော မုဋသိဝမင်း၏ သားတော် ဥတ္တိယမင်းသည် နောင်တော်၏ အရိပ်အရာကို ယူ၍ မင်းပြုလေသတည်း။

## အရှင်မဟိန္ဒပရိနိဗ္ဗာန်စံသောနေ့

သီဟိုဠ်ကျွန်းသူတို့၏ မှီခိုရာ မြတ်စွာဘုရားနှင့် အလား တူတော်မူသော များသော အခြံအရံရှိသော ဝသီဘော်ငါးဖြာနှင့် လွန်စွာ တင့်တယ်တော်မူသော မဟာမဟိန္ဒထေရ်မြတ်သည်လည်း တပည့်ရဟန်းတော်တို့အား ပရိယတ္တိတရားကို သင်ကြားလေ့လာစေသည်။ ပဋိပတ္တိမေ့ကိုလည်း ပြသတော်မူ၍ ပဋိဝေဓသာသနာကိုလည်း လွန်စွာ ပွင့်လင်းစေ၍ သီဟိုဠ်ကျွန်းသားများစွာကုန်သော လူအပေါင်းတို့၏ ကောင်းကျိုးစီးပွားကို ပြုတော်မူသည်။ ဥတ္တိယမင်းလည်း ထိုအရှင်မြတ်တို့အား ဘုရားပြု၍ပင် ကိုးကွယ်ဆည်းကပ်သည်။ ဥတ္တိယမင်းသည် မင်းဖြစ်၍ ရှစ်နှစ်မြောက်သော အခါ မဟာမဟိန္ဒထေရ်သည် ဝါတော် ခြောက်ဆယ်ရှိသည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍စေတီယတောင်၌ ဝါဆိုတော်မူလျက် သီတင်းကျွတ် လဆန်း ရှစ်ရက်သည် အရှင်မဟိန္ဒထေရ်ပရိနိဗ္ဗာန်စံသော နေ့မည်သည် ဖြစ်၏။

## သာဓုကီဠနပွဲ

ဥတ္တိယမင်းသည်လည်း ရှင်မဟိန္ဒ ပရိနိဗ္ဗာန် စံတော်မူကြောင်းကိုကြားလျှင် သောကတည်းဟူသော ခြောင့်တံသင်းတို့သည် စူးဝင်သောနှလုံးရှိသည်ဖြစ်၍ လျင်စွာလာလျက် အလောင်းတော်ကို ပူဇော်ရှိခိုးပြီးလျှင် အရှင်မြတ်၏ ဂုဏ်ကျေးဇူးများဟန်ကို အဖန်ဖန်အောက်မေ့လျက် သည်းအူပြောင်းပြန် လန်ဘနန်းမျှ လွမ်းမော, တ, သ၍ ငိုကြွေး၏။ ယင်းသို့ငိုကြွေးပြီးသော် အလောင်းတော်ကို ရွှေစကျင်း၌ သွင်း၍ နံ့သာဆီတို့ဖြင့် လောင်းပြီးမှ ကောင်းမွန်စေစပ်စွာ ပိတ်၍ စုလစ်မွန်းချွန်တပ်သော ရွှေပြာသာဒ်၌ တင်ပြီးလျှင် သံဝေဂဝတ္ထုကို ကြားသဖြင့် ဖြစ်စေအပ်သော ပွဲသဘင်ကို ပြုစေလျက် များစွာသော ပြည်သူဗိုလ်ပါအပေါင်းနှင့်တကွ ပူဇော်သက္ကာရကို ဖြစ်စေလျက် တန်းဆာဆင်အပ်သော ခရီးမဖြင့် အနုရာဓမြို့သို့ ဆောင်ပြီးလျှင် မင်းလမ်းမ အစဉ်ဖြင့် လည်စေ၍ မဟာဝိဟာရ ကျောင်းတိုက်သို့တစ်ဖန်ဆောင်ယူပြီးသော် ကြီးကျယ်စွာပြုအပ်သော မွန်းချွန် ငါးဆူတပ်သော ပြာသာဒ်ဆောင်ကြီး၌ ထားစေ၍ ထက်ဝန်းကျင်သုံးယူဇနာရှိသောအရပ်ကို တုရိုဏ်တိုင်, တံခွန်တိုင်, ပန်းခိုင်တို့ဖြင့် လည်းကောင်း, နံ့သာရေတို့ဖြင့် ပြည့်သော အိုးတို့ဖြင့်လည်းကောင်း, ဝန်းရံကာ ပူဇော်စေ၍ ခုနစ်ရက်ပတ်လုံး ကျွန်းသား ကျွန်းသူတို့ကို အလှူကြီးကိုပြုစေ၍ **မဟာစေတီတော်** တည်အံ့သောအရပ်၏ အနီး၌ နံ့သာထင်းပုံကို ပြုပြီးသော် စေတီတော်တည်အံ့သောအရပ်ကို လကျာ်ရစ်ပတ်၍ မွန်းချွန်တပ်သော ပြာသာဒ်ဖြင့် ဆောင်ယူပြီးလျှင် ထင်းပုံသို့တင်၍ မီးသင်္ဂြိုဟ်တော်မူ၏။ သင်္ဂြိုဟ်ရာမှ ဓာတ်တော်တို့ကိုယူ၍ ထိုအရပ်၌ပင် စေတီတည်လေသတည်း။

ဥတ္တိယမင်းသည် ထက်ဝက်သော ဓာတ်တော်တို့ကို ယူ၍ စေတိယတောင်၌ လည်းကောင်း, ခပ်သိမ်းသော ကျောင်းတို့၌ လည်းကောင်း, စေတီတည်စေသည်။ အကြင်အရပ်၌ အရှင်မဟိန္ဒ၏ အလောင်းတော်ကို ချထား၍ အများပူဇော်ကြ၏။ ထိုအရပ်ကို **"ဣသိဘူမင်္ဂဏ"** အရပ်ဟူ၍ ခေါ်ဆိုကုန်၏။ ထိုအခါမှစ၍ ထက်ဝန်းကျင် သုံးယူဇနာရှိသောအရပ်၌ အရိယာပုဂ္ဂိုလ်တို့ နိဗ္ဗာန်ဝင်လျှင် အလောင်းကို ဆောင်ခဲ့၍ ထိုဣသိဘူမင်္ဂဏအရပ်၌သော သင်္ဂြိုဟ်မြဲဖြစ်သတည်း။

## သင်္ဃမိတ္တာထေရီ

မြတ်သော အဘိညာဉ်ခြောက်ဖြာနှင့် ပြည့်စုံသော ကြီးသော ပညာရှိသော သင်္ဃမိတ္တာ ထေရီသည်လည်း သာသနာတော်၏ အကျိုးစီးပွား များစွာသော လူ ရဟန်းတို့၏ အကျိုးစီးပွားကို ဆောင်တော်မူ၍ ဥတ္တိယမင်းသည် မင်းပြု၍ ကိုးနှစ်မြောက်သောအခါ သက်တော်ခုနစ်ဆယ့်ကိုးနှစ် ဝါတော် ငါးဆယ့်ကိုးဝါ ပြည့်သည်ဖြစ်၍ ဟတ္ထာဠကမည်သော ရဟန်း မိန်းမတို့၏ ကျောင်း၌နေလျက် ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဥတ္တိယမင်းကြီးသည်လည်း အရှင်မဟိန္ဒထေရ်၏ အလောင်းတော်ကို ပူဇော်သင်္ဂြိုဟ်သကဲ့သို့ ထိုအတူ သင်္ဃမိတ္တာထေရီ၏ အလောင်းကိုလည်း ကောင်းမွန်စွာသော ပူဇော်သက္ကာရတို့ဖြင့် ပူဇော်၍ ထူပါရုံစေတီတော်၏ အရှေ့စိတ္တသာလ၏ အနီးဖြစ်သော မဟာဗောဓိမည်သော ရဟန်းမိန်းမတို့၏ ကျောင်းတွင်း၌ မီးသင်္ဂြိုဟ်တော်မူ၏။ ဓာတ်တော်တို့ကို ယူ၍လည်း သင်္ဂြိုဟ်ရာ၌ပင် စေတီတည်စေသည်။

မဟာမဟိန္ဒထေရ် အမှူးရှိကုန်သော ငါးပါးသော မထေရ်တို့သည် လည်းကောင်း၊ အရိဋ္ဌထေရ် အစရှိကုန်သော ကိုးပါးသော မထေရ်တို့သည် လည်းကောင်း၊ များစွာကုန်သော ရဟန္တာအရှင်တို့သည် လည်းကောင်း၊ သင်္ဃမိတ္တာထေရီ အမှူးရှိကုန်သော အာသဝေါကုန်ပြီးသော များစွာသော ဘိက္ခုနီထေရီမတို့သည် လည်းကောင်း၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ်, ဝိနည်း, အဘိဓမ္မာဟူသော ပိဋကတ်သုံးပုံကို အာဂုံဆောင်ရွက်ကာ လွန်စွာ ထွန်းပစေ၍ အချိန်သင့်က အနိစ္စနိုင်ငံသို့ လိုက်ကြလေကုန်သည်။ ဥတ္တိယ အမည်ရှိသော မင်းသည်လည်း ဆယ်နှစ်တို့ပတ်လုံး မင်းအဖြစ်ကိုပြု၍ အနိစ္စရောက်လေသည်။

* ဧဝံ အနိစ္စတာ သောသဗ္ဗလောကဝိနာသိနီ။
(ပထျာဝတ္တဂါထာ)

* တံ တေံ အတိသာဟာသံ အတိဗလံ နာဝါနိယံ ယောနရော။
ဇာနန္တောပိ အနိစ္စတံ ဘဝဂတေ နိဗ္ဗိန္ဒတေ နေဝစ။
(သဒ္ဒူလဝိက္ကီဠိတ–ဂါထာ)

ဧဝံ၊ ဤသို့။ သောအနိစ္စတာ၊ ဤအနိစ္စအဖြစ်သည်။ သဗ္ဗလောက ဝိနာသိနီ၊ အလုံးစုံသော လောကကိုဖျက်ဆီးတတ်၏။ နရော၊ ထိုထိုပုဂ္ဂိုလ်သည်။ အတိသာဟသံ၊ အနိုင်

* မဟာဝင်ဝတ္ထု–မူရင်း၌ အနက်ယောဇနာသာပါ၍ ဂါထာပါဠိမပါ။ (မဟာဝံသ သီဟိုဠ်မူ ၁၁၆–၅၇–၅၈) မှယူ၍ ထည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အထက်အလွန် နိပ်စက်တတ်သော။ အတိဗလံ၊ အလွန်အားကြီးစွာထသော။ နာဝါရိယံ၊ ဖြစ်ခြင်းငှာလည်း မတတ်နိုင်ထသော။ တံဖေတံအနိစ္စတံ၊ ထိုအနိစ္စ၏ အဖြစ်ကို၊ ဓာနန္တေ့ာပိ၊ သိမြင်လျက်လည်း။ ဘဝဂတော၊ သံသရာ၌ လူးလာပယ်ရှား သွားရခြင်း၌။ နေဝစ နိဗ္ဗိန္ဒတော၊ မငြီးငွေ့ ကြသလျှင်ကတည်း။ နိဗ္ဗိန္ဒတောဇဝ၊ ငြီးငွေ့သင့်သည်သာလျှင်တည်း။ ။ (ယောကားနိပါတ်မျှသာ)

**'ပဗ္ဗုပဒေါရုဝံသ'အမည်ရှိသော မဟာဝံသကျမ်း၌ (၅၉) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော 'ထေရပရိနိဗ္ဗာန'အမည်ရှိသော ငါးသတိမအပိုင်းအခန်းကား ပြီး၏။**

---

# ပဥ္စရာဇကဏ္ဍ၊ ကေဝိသတိမပိုင်း

## ဥဒ္ဒေါရကျေးမင်းအကြောင်း

### မဟာသီဝမင်း

ဥတ္တိယမင်း လွန်ခဲ့သော် ထိုမင်း၏ ညီတော်ဖြစ်သော မဟာသီဝမင်းသည် ဆယ်နှစ်ပတ်လုံး မင်းပြု၏။ ထိုမဟာသီဝမင်းကား နူးညံ့သောနှလုံးရှိ၏။ သူတော်ကောင်းတို့ကို အလွန်မြတ်နိုးတတ်သည်ဖြစ်၍ အလှူဝတ်တို့ဖြင့် မပြတ်ချီးမြှောက်ပေ၏။ ထိုမင်းသည် ဘဒ္ဒသာလမထေရ်၌ ကြည်ညိုသည်ဖြစ်၍ အနုရာဓမြို့၏ အရှေ့အရပ်၌ နဂရင်္ဂဏ မည်သော နှလုံးမွေ့လျော်ဖွယ်ရှိသောကျောင်းကို ဆောက်လုပ်၍ လှူဒါန်းပေ၏။

### သူရတိဿမင်း၏ ကျောင်း ၅၀၀

ထိုမဟာသီဝမင်း လွန်ပြန်သောအခါ ထိုမင်း၏ ညီတော်ဖြစ်သော သူရတိဿအမည်ရှိသော မင်းသည် ဆယ်နှစ်ပတ်လုံး မင်းပြု၏။ ထိုမင်းကား ရတနာသုံးပါး၌ ရိုသေ၏။ ကောင်းမှုတို့၌ အလွန်အားထုတ်ခြင်းရှိ၏။ ထိုမင်းသည် အနုရာဓမြို့၏ တောင်အရပ်၌ နဂရင်္ဂဏ အမည်ရှိသော ကျောင်းကိုလည်းကောင်း၊ မြို့၏အရှေ့အရပ်၌ ဟတ္ထိခန္ဓအမည်သော ကျောင်းကို လည်းကောင်း၊ ဂေါဏ္ဏဂိရိက အမည်ရှိသော ကျောင်းကိုလည်းကောင်း၊ ဝင်္ဂုတ္တရတောင်၌ ပါစီနပဗ္ဗတ အမည်ရှိသော ကျောင်းကိုလည်းကောင်း၊ ရဟေရက မည်သော အိုင်၏အနီး၌ ကောဠမ္ဗကာဋကမည်သော ကျောင်းကိုလည်းကောင်း၊ အရိဋ္ဌတောင်ခြေ၌ လင်္ကာမည်သော ကျောင်းကိုလည်းကောင်း၊ အနုရာဓမြို့၏ အရှေ့အရပ်၌ အစ္ဆဂလ္လက ကျောင်းကိုလည်းကောင်း၊ မြို့မြောက်၌ ဂိရိနေလပနာဂ ကျောင်းကို လည်းကောင်း၊ ဤသို့ အစရှိကုန်သော ကျောင်းပေါင်း ငါးရာတို့ကို ဆောက်လုပ်၍ လှူဒါန်းတော်မူသည်။

မင်းမဖြစ်မီ ရှေ့ကာလ၌လည်း သီဟိုဠ်ကျွန်း၏ အလယ်၌ စီးသော ဂင်္ဂါမြစ်၏ ဤမှာဘက်ကမ်းအနီးဖြစ်သော ထိုထိုအရပ်တို့၌ ဇရပ်တန်ဆောင်းဆောက်၍ လာသမျှသော ရဟန်း ရှင်လူတို့အား လှူဒါန်းခြင်းကို ပြုစေ၏။ အနှစ်ခြောက်ဆယ်ပတ်လုံး တရားသဖြင့်သာ ကျင့်တော်မူသည်။ မင်းမဖြစ်မီ မင်း၏ညီတော်ဖြစ်သောအခါက မူကား "သုဝဏ္ဏပိဏ္ဍတိဿ" ဟူသော အမည်ကိုရသည်။ မင်း၏အဖြစ်သို့ ရောက်တော်မူရကား သူရတိဿဟူသော အမည်ကို ခံလေသတည်း။

### လှေသူကြီးသား ဘုရင်ညီနောင်

ထိုသူရတိဿမင်းသည် မင်းသားစဉ်က *(ဒမိဠ, ခေါ်သော ကျေးလူမျိုးတစ်ဦးကို) လှေသွားစေနိုင်း၏။ ထိုလှေသူကြီး၏ သားနှစ်ယောက်တို့သည် သေန,ဟူသောအမည် ဂုတ္တ,ဟူသောအမည်ဖြင့် ထင်ရှား၏။ အလွန်လည်း အားအင် ကြီးကုန်၏။ ထိုညီနောင် နှစ်ဦးတို့သည် မင်း၏ထံပါး၌ ခစားနေထိုင်ရ၏။ ထိုသေန, ဂုတ္တ, မည်သော ကျေးညီနောင် နှစ်ဦးတို့သည် မင်း၏ မိဖုရားနှင့် ချစ်ကျွမ်းဝင်ကုန်ရကား သူရတိဿမင်းကို ပယ်ရှား၍ တရားနှင့်ညီသဖြင့် နှစ်ဆယ့်ရှစ်နှစ်ပတ်လုံး မင်းပြုကြကုန်၏။

### အသေလမင်း

ထို့နောက်မှ မုဋသီဝမင်း၏ သားတော် အငယ်ဆုံးဖြစ်သော သားတစ်ကျိပ်တို့တွင် ကိုးယောက်မြောက်ကျသော အသေလမင်းသည် ထိုကျေးမင်းတို့ကိုဖမ်း၍ အနုရာဓမြို့၌ ဆယ်နှစ်တို့ပတ်လုံး မင်းပြု၏။

---

* မင်းသားအဖြစ်နှင့် နန်းစည်းစိမ် ၁၀ နှစ်ပါ။ ကုသိုလ်ပြုသော နှစ်ပေါင်း ၆၀။

www.burmeseclassic.com



## ဧဠာရကျေးမင်း

ထိုအခါ ဖြောင့်မတ်သော သဘောရှိသော ဧဠာရအမည်ရှိသော ကျေးမင်းသည် ငါ့အနွယ်ဖြစ်သော သေန, ဂုတ္တတို့၏ စည်းစိမ်ကိုယူမည်ဟု နှလုံးပြု၍ စောဠတိုင်းမှ ရဲမက်ဗိုလ်ပါနှင့်တကွ လာပြီးလျှင် အသေလမင်းကို ဖမ်း၍ လေးဆယ့်လေးနှစ်ပတ်လုံး မင်းပြု၏။ ထိုဧဠာရကျေးမင်းသည်ကား ရတနာသုံးပါးကို မကိုးကွယ် မရှိသေအမျိုးတို့၏ အကျင့်သို့ လိုက်၍သာလျှင် သတ္တဝါတို့ကို မနှိပ်စက်ခြင်း ဖြောင့်မတ်စွာ စီရင်ခြင်းတို့ဖြင့် မင်းပြုလေသည်။ ထိုမင်းသည် တရားစီရင်သောအခါ မိတ်ဆွေဟူ၍ လည်းကောင်း, ရန်သူဟူ၍ လည်းကောင်း အထူးအပြားမရှိအမှုဖြစ်သော လျစ်လျူသဘော၌သာ တည်၍ တရားလမ်းအတိုင်းသာ ဆုံးဖြတ်လေ့ရှိသည်။ ဥစ္စာတံစိုး, မျက်နှာတံစိုး စသည်ကိုလည်း လိုက်စားလေ့မရှိ။ မိမိကိုယ်တိုင်လည်း တရားစီရင်လေ့ရှိသည်။ တရားအဆုံးအဖြတ်ခံလိုသော ပြည်သူပြည်သားတို့သည် လျှောက်ကြား လွယ်စိမ့်သောငှာ "မိမိအိမ်ရာ ခေါင်းရင်းနံဘေး အထက်၌ ခေါင်းလောင်းဆွဲ၍ ရှည်စွာ သောကြိုးဖြင့်သာထားပြီးလျှင် ပြည်သူအမျိုးတို့အား ကြားအောင် ကြော်ငြာစေသည်။ ယင်းသို့ ဖြောင့်မတ်စွာ တရား စီရင်ခြင်းကိုပြုရကား မြို့စောင့်ဖြစ်သောနတ်, ရက္ခစိုးဘုမ္မစိုး ဖြစ်သောနတ်တို့လည်း ကောင်းချီးပေးကြကုန်သည်။ အခြေ လေးချောင်း, အခြေနှစ်ချောင်းရှိသောတိရစ္ဆာန်, ကျေးငှက် တိရစ္ဆာန်တို့သည်လည်း အလွန်နှစ်သက်ကြကုန်သည်။

## သားတော်နှင့်နွားငယ်

ထိုဧဠာရ ကျေးမင်းအား သားတစ်ယောက် သမီးတစ်ယောက်အားဖြင့် နှစ်ယောက်သော သားသမီးပျိုတို့သည်ရှိကုန်၏။ တစ်ရံသောအခါ ထိုမင်း၏သားသည် ရထားစီး၍ တိဿဝါပိရေကန်သို့သွားသည်ရှိသော် လမ်းခရီး၌ သားငယ်နှင့်တကွ အိပ်နေသော နွားမတစ်ခုကို တွေ့၍ ချင်းတို့ရှောင်လိမ့်မည် နှလုံးထား၍ မတန့်ဘဲ ရထားကို နှင်လေသော် နွားငယ် အိပ်ပျော်နေခိုက် ကျသဖြင့် မရှောင်လေရကား လည်ကို ရထားနင်းမိ၍ သေခြင်းကို ရောက်လေ၏။ အမိနွားမလည်း သားငယ်ကိုနမ်း၍ သေမှန်းသိလေသည်ကို သည်းမခံနိုင်လှသောကြောင့် မင်းထံသို့လာ၍ ခေါင်းရင်း၌ဆွဲထားသော တရားခေါင်းလောင်းကို ဦးချိုဖြင့် ဇော့ခတ်၏။

ထိုမင်းလည်း ခေါင်းလောင်းသံကိုကြား၍ အဘယ်လူမျိုး တီးခတ်သနည်းဟု မေးလေသော် အစောင့်လူတို့က နွားမသည် ဦးချိုနှင့် ဇော့လာကြောင်းကို လျှောက်ကြ၏။ ထိုနွားမ၏ကိစ္စကို သိရအောင်လိုက်၍ ကြည့်ချေဟု မင်းချင်းတို့ကို စေသောကြောင့် လိုက်၍ကြည့်လေသဖြင့် သားငယ်သေ၍ အစီရင်ခံလာကြောင်းကို သိသော ဤခရီးကို အဘယ်သူ သွားသနည်းဟုမေး၍ နံနက်အခါက သားတော်ရထားစီး၍ သွားကြောင်းကို လျှောက်လေသော် သားတော်ကို ခေါ်၍ မေးမြန်း၏။

သားတော်ကလည်း အမှန်ကိုလျှောက်ကြား၍ ထင်ရှားစွာ သိလေသော် သားတော်ကို နွားငယ်၏နေရာ၌ အိပ်စေ၍ နွားမရှေ့တွင် ရထားနှင့်နင်းစေဟု စီရင်၏။ *(မှူးမတ်တို့က အရှင်မင်းကြီး၊ ဤနွားမအား သားငယ် အသက်ရှင်သော်လည်း အမိကို လုပ်ကျွေးပြုစုတော်မရပါ။ လုပ်ကျွေးပြုစုအံ့သော လူတစ်အိမ်ထောင်ပေး၍ သားတော်ကို လွှတ်ပါစေဟူ၍ တောင်းပန်သော်လည်း အခွင့်မပေး။ "အရှင်မင်းကြီး၊ ယူဇနာရှစ်သောင်းလေးထောင်နက်သော သမုဒ္ဒရာတောင်ထဲမှ ပုလဲရတနာကို ရလာသကဲ့သို့ လည်းကောင်း, ဝေပုလ္လတောင်ထဲမှ မရဖူးမြဲသာ မနောမယ ပတ္တမြားရတနာကို ရလာဘိသကဲ့သို့ လည်းကောင်း, အာကာသဋ္ဌ ရတနာတွင် အာနိပုလဲကို မရဘူးမြဲရသကဲ့သို့ လည်းကောင်း ရခဲတောင်းရလာသော သားကောင်းရတနာကို ပမာဏ မပြုလောက်သော နွားငယ်မျှနှင့် ထပ်တူမပြုသင့်ပါ။ နွားမတစ်သက်လျာတွင် ချမ်းသာအောင် လုပ်ကျွေးပြုစုလျှင် လွှတ်ခွင့်သင့်ပါသည်" ဟု အထပ်ထပ် တောင်းပန်ကြသော်လည်း ငါထားသော တရားခေါင်းလောင်းကို ငါ မဖျက်ကောင်းပေဟုဆို၍ သားတော်ကို နွားငယ်၏ နေရာ၌ အိပ်စေ၍ ရထားနှင့်နင်း၍ လည်ကို ဖြတ်လေဟု စီရင်တော်မူသည်။)

## ငှက်ငယ်နှင့်မြွေငန်း

တစ်ခုသော ထန်းပင်ထက် အသိုက်၌နေသော ငှက်ငယ်ကို မြွေငန်းတစ်ခုသည် တက်၍မျိုသည်ကို ငှက်မသည်

---

• အိမ်ခေါင်းရင်း၌ (မဟာဝင်ဝတ္ထုမူရင်း) သယနဿသီသေ ပဒေသေ၊ ယဏ္ဍံသုဒီယ ယောတ္တကာ (မဟာဝံသပါဠိ–သိဟိုဠ်မူ ၁၁၈–၁၅)

• ဤစကားစုသည်။ (မဟာဝင်အဋ္ဌကထာပါဠိ–မဟာဝင်ဋီကာပါဠိ) တို့၌မပါ။

www.burmeseclassic.com

www.burmeseclassic.com



မခံလိုသောကြောင့် တရားစည်ဖြစ်သော ခေါင်းလောင်းကို နှုတ်သီးဖြင့် ခေါက်၏။ ထိုအသံကိုကြား၍ စုံစမ်းပြန်သဖြင့် သိလေသော် မြွေကို ဖမ်းစေ၊ မြွေ၏ဝမ်း၌ရှိသော ငှက်ငယ်ကို ထုတ်၍ မြွေ၏ပါးပျဉ်း၌ သံမှိုနှက်လျက် မြွေကို ထန်းပင်၌ ဆွဲထားစေသည်။ ဤသို့လျှင် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတရားကို မသိလျက်လည်း ထိုဥ္ဘောရမင်း၏ ကျင့်သုံးသော တရားကိုစောင့်သဖြင့် ဖြောင့်စွာ ကျင့်စေသည်။

## လျော်ကြေး ၁၅၀၀

တစ်ရံသောအခါ စေတီယတောင်သို့ သွား၍ ရဟန်းသံဃာတို့အား စကားပြောဟောပြီးသော် အလိုရှိသမျှကို ဖိတ်မံခဲ့၍ ရထားစီးလျက် ပြန်လာသည်ရှိသော် တစ်ခုသော စေတီတော်၏ တစ်စိတ်သော အစွန်းကို ရထားထမ်းပိုးဖြင့် တိုက်မိ၍ အုတ်ချပ်တို့ ပျက်စီးလေ၏။ ထိုအခါ အမတ်တို့က "အရှင်မင်းကြီးသည် ငါတို့၏ကိုးကွယ်ရာဖြစ်သော စေတီကို ဖျက်ဆီးချေသည်။ ကျွန်ုပ်တို့ မနှစ်သက်" ဟု ဆိုကြကုန်၏။ ထိုစကားကိုကြားလျှင် ဥ္ဘောရမင်းသည် စေတနာမရှိဘဲ ပြုငြားသော်လည်း ပြုစားပြုစိမ့်သောငှာ ရထားမှ ဆင်းသက်၍ "ငါ၏ ဦးခေါင်းကိုလည်း ရထားလှည်းဘီးဖြင့် ဖြတ်ကုန်လော့" ဟု ဆို၍ လမ်းခရီး၌ အိပ်၏။ အမတ်တို့ကလည်း "မြတ်သော မင်းကြီး၊ ကျွန်ုပ်တို့၏ ဆရာ မြတ်စွာဘုရားသည် သူတစ်ပါးတို့အား ညှဉ်းဆဲခြင်းကို အလိုမရှိ။ ထို့ကြောင့် ကျွန်ုပ်တို့လည်း မင်း၏ကိုယ်တော်ကို ထိခိုက်အောင် မပြုလိုပါ စေတီပျက်သည့်နေရာ ပြကတေ့ရှိအောင်သာ ပြုပြင်၍ ကန်တော့ပါလော့" ဟု လျှောက်ကြ၏။ မင်းကြီးလည်း ကောင်းပါပြီဟု ဝန်ခံ၍ ထိုစေတီ၌ ပျက်၍ကျသော တစ်ဆယ့်ငါးချပ်သော ကျောက်ဖျာတို့ကို ကောင်းစွာ ထားစိမ့်သောငှာ သပြာတစ်ထောင့်ငါးရာတို့ကို ပေး၏။

## ဥ္ဘောရကျေးမင်း၏ သစ္စာသီလတန်ခိုး

အနုရာဓမြို့၌နေသော မိန်းမအိုတစ်ယောက်သည် ကောက်စပါးကို သွေ့စိမ့်သောငှာ ဖျာဖြင့် နေပူလှမ်း၏။ မိုးသည် အခါမဟုတ်သည်၌ တက်၍ရွာသဖြင့် ထိုမိန်းမအို၏ ကောက်စပါးတို့သည် စိုစွတ်လေ၏။ မိန်းမအိုလည်း ထိုစပါးအစိုကို ယူ၍လာပြီးလျှင် မင်းကြီး၏ ခေါင်းလောင်းကို တီးခတ်၏။ မင်းကြီးလည်း ထိုမိန်းမအိုကို ခေါ်စေ၍ အဘယ်အကြောင်းကြောင့် တီးခတ်သနည်းဟု မေး၏။ မိန်းမအိုကလည်း "အရှင်မင်းမြတ်၊ အကျွန်ုပ်တို့သည် ငယ်သောအခါမှစ၍ ယခုသေခါနီး အရွယ်တိုင်ပြီ၊ အဘိုး,အဘွားတို့၏အရွယ်သို့ ရောက်ပါပြီ၊ အချိန်မဟုတ်သော နေ့အခါ၌ မိုးရွာသည်ကို မတွေ့ဖူးပါ။ ယခု အခါမဲ့မိုးရွာသောကြောင့် ကျွန်ုပ်စပါး မိုးစွတ်ရခြင်းသည် မင်းပြုသောသူတို့ တရားမစောင့်၍သာ ဖြစ်သည်ဟု ကြားဖူးပါသည်။ ထို့ကြောင့် အရှင်မင်းကြီးတို့ တရားစောင့်စိမ့်သောငှာ ကြားလျှောက်လို၍ ခေါင်းလောင်းကို တီးခတ်ပါသည်" ဟု လျှောက်၏။

ဥ္ဘောရကျေးမင်းလည်း အလွန်ရှက်ရကား မိန်းမအိုကို "သင်သွားလေလော့"ဟု လွှတ်လိုက်၍ မင်းတို့၏ ကျင့်ရိုးဖြစ်သော တရားကိုသာလျှင် ကောင်းစွာ ကျင့်သောငါသည် သင့်တင့်သော အခါ၌သာလျှင် မိုးရွာခြင်းကို ရအောင် ထိုမိန်းမအို၏တရားကို ဆုံးဖြတ်အံ့သောငှာ ဥပုသ်ကျင့်သုံးလျက် ဆားပါသောအစာကို မစားဘဲ လျောင်း၏။ ဥ္ဘောရကျေးမင်း၏ သစ္စာသီလတန်ခိုးသည် လွှမ်းမိုး၍ နှိပ်စက်ဘိရကား ပူဇော်ခံရသော နတ်သားသည် မနေနိုင်၍ စတုမဟာရာဇ်နတ်မင်းတို့၏ အထံသို့သွား၍ ထိုအကြောင်းကို လျှောက်ကြား၏။ စတုမဟာရာဇ် နတ်မင်းတို့လည်း ပူဇော်ခံသော နတ်သားကိုခေါ်၍ သိကြားမင်း၏ အထံ၌ ကြားလျှောက်ကုန်၏။ သိကြားမင်းလည်း ပဇ္ဇုန္နနတ်ကို ခေါ်၍ အမောင်သည် ဥ္ဘောရကျေးမင်း၏ နိုင်ငံ၌ ညဉ့်ယာမ် ညဉ့်ယာမ်၌သာ မိုးကိုရွာစေလော့ဟု ဆို၏။ ပဇ္ဇုန္နနတ်သားလည်း သိကြားမင်း၏အမိန့်ကို နာခံ၍ ဝန်ခံလေလျှင် အပူဇော်ခံရသော နတ်သားလည်း ပြန်လာခဲ့၍ ဥ္ဘောရကျေးမင်းအား ထိုအကြောင်းကိုပြော၏။ ထိုအခါမှစ၍ ဥ္ဘောရကျေးမင်းနိုင်ငံ၌ နေ့အခါ မိုးရွာခြင်းမရှိ၊ ညဉ့်အခါ၌သာလျှင် အစဉ်မပြတ် ခုနစ်ရက်တစ်ကြိမ် ရွာခြင်းလည်း ဖြစ်သတည်း။ အလုံးစုံသော ရေကန်, ရေတွင်း, အိုင်, အင်း, ချောင်း, မြောင်းတို့သည် ရေပြည့်လျက်သာ တည်ကုန်၏။

ဤဥ္ဘောရကျေးမင်းသည် မိစ္ဆာဒိဋ္ဌိ အယူရှိသောသူဖြစ်လျက် အဂတိလေးပါးသို့ မလိုက်စားဘဲ တရားဆုံးဖြတ်ခြင်း၌ မှန်ကန်သော သစ္စာရှိခြင်း၊ မေတ္တာရှိခြင်းတည်းဟူသော ဓမ္မတာသီလကြောင့် မိုးနတ်မှလည်း အလိုသို့လိုက်၍ ရွာရခြင်းတည်းဟူသော တန်ခိုးအထူးသို့ ရောက်ပေသေး၏။ ကောင်းမြတ်သောအယူဖြင့် စင်ဖြူသော နှလုံးရှိလျက် ရတနာသုံးပါး၏ တပည့်ပြုလုပ်သော မင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



တို့သည် အဂတိသို့မလိုက်ဘဲ ဖြောင့်မှန်စွာ စီရင်ပါမှုကား အဘယ်မှာ ဆန္ဒမပြီးရှိတော့အံ့နည်း။

**"ပပဉ္စပဒေါရုဝံသ" အမည်ရှိသော မဟာဝံသကျမ်း၌ (၃၄) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော "ပဋ္ဌရာဇကေ" အမည်ရှိသော ကောဝိသတိမအပိုင်းအခန်းကား ပြီး၏။**

---

## သီဟိုဠ်ဘုရင်တို့ နန်းစံသက္ကရာဇ်ကို အကျဉ်းပြခြင်း

ပြခဲ့ပြီးသောမင်းတို့ နန်းစံသက္ကရာဇ်ကို အကျဉ်းပြဆိုလိုက်ဦးအံ့။ ဝိဇယဗာဟုမင်းသည် ဘုရားနိဗ္ဗာန်လွန်သောနှစ်ပင် သီဟိုဠ်သို့ရောက်၍ မင်းပြုသည်။ နန်းစံ သုံးဆယ့်ရှစ်နှစ်ရှိသောအခါ ကြမ္မာကုန်သည်။ သာသနာတော် သုံးဆယ့်ကိုးခုတွင် ၎င်းညီတော် သား ပဏ္ဍုဝါသုဒေဝမင်း ရောက်လာ၍ မင်းပြုသည်။ နန်းစံ သုံးဆယ်တွင် ထိုမင်းလွန်သည်။ သာသနာ ခြောက်ဆယ့်ကိုးခုတွင် ပဏ္ဍုဝါသုဒေဝမင်း၏ သားတော် အဘယမင်း မင်းပြုသည်။ နန်းစံနှစ်ဆယ်ရှိသောအခါ တူတော် ပဏ္ဍုကာဘယမင်းကြောင့် တစ်ဆယ့်ခုနစ်နှစ် မင်းလပ်သည်။ သာသနာတော် တစ်ရာ့ခြောက်ခုနစ်တွင် ပဏ္ဍုကာဘယမင်း နန်းတက်၍ နှစ်ပေါင်းခုနစ်ဆယ် မင်းပြုသည်။ သာသနာတော် တစ်ရာ့ခုနစ်ဆယ့်ခြောက်နှစ် ရောက်သောအခါ ပဏ္ဍုကာဘယမင်း၏ သားမုဋသီဝမင်း နန်းတက်၍ နှစ်ပေါင်းခြောက်ဆယ် မင်းပြုသည်။ သာသနာတော် နှစ်ရာ့သုံးဆယ့်ခြောက်ခု ရောက်သောအခါ မုဋသီဝမင်း၏ သားတော် ဒေဝါနံပိယတိဿမင်း နန်းတက်၍ နှစ်ပေါင်းလေးဆယ် မင်းပြုသည်။ နှစ်ရာ့ခုနစ်ဆယ့်ခြောက်ခုနှစ် ရောက်သောအခါ ၎င်းညီတော် ဥတ္တိယမင်း နန်းတက်၍ ဆယ်နှစ်မင်းပြုသည်။ နှစ်ရာ့ရှစ်ဆယ့်ခြောက်ခု ရောက်သောအခါ ထိုမင်းညီတော် မဟာသီဝမင်း နန်းတက်၍ ဆယ်နှစ် မင်းပြုသည်။ နှစ်ရာကိုးဆယ့်ခြောက်ခု ရောက်သောအခါ ထိုမင်းညီတော် သူရတိဿနန်းတက်၍ ဆယ်နှစ် မင်းပြုသည်။ သာသနာ သုံးရာ့ခြောက်ခုတွင် သေန,ဂုတ္တ,မည်သော ကျေးမင်းညီနောင်တို့ နန်းတက်၍ နှစ်ဆယ့်နှစ်နှစ် မင်းပြုသည်။ သာသနာ သုံးရာ့သုံးဆယ်ပြည့် ရောက်သောအခါ မုဋသီဝမင်း၏ သား အသေလမင်း နန်းတက်၍ ဆယ်နှစ်မင်းပြုသည်။ သာသနာ သုံးရာ့လေးဆယ်ပြည့်တွင် ဧဠရကျေးမင်း နန်းတက်၍ လေးဆယ့်လေးနှစ် မင်းပြုသည်။ ထိုဧဠာရကျေးမင်းကို ပယ်ရှား၍ သာသနာတော် သုံးရာ့ခြောက်ဆယ့်လေးခုတွင် အဘယဒုဋ္ဌဂါမဏီမင်း နန်းတက်၍ နှစ်ပေါင်း နှစ်ဆယ့်လေးနှစ် မင်းပြုသည်။ ၎င်းမင်း လွန်သောအခါ ညီတော် သဒ္ဓါတိဿမင်း နန်းတက်၍ တစ်ဆယ့်ရှစ်နှစ် မင်းပြုသည်။ နောက်နောက်မင်းတို့၏ နန်းစံနှစ် သက္ကရာဇ်ကို ဆိုလတ္တံ့သောအတိုင်း မှတ်လေ။

မဟာဝင်စာကိုယ်၌ သာသနာနှစ်ကိုမဆို မင်းတို့၏ နန်းစံနှစ်ကိုသာဆိုသည်။ ထိုအတိုင်း တွက်စစ်သော် သက္ကရာဇ်ထက်လွန်သည်။ ထိုသို့လွန်ခြင်းကား မင်းဖြစ်သော နှစ်ကို ထည့်၍ရေတွက်ခြင်းကြောင့် တစ်နှစ်တစ်နှစ်စီပိုသည်ဟု မှတ်ရမည်။

---

# ဂါမဏိကုမာရသုတိကဏ္ဍ

## ဗာဝီသတိမပိုင်း

### ဒုဋ္ဌဂါမဏိ မင်းသား အကြောင်းကိုပြဆိုခြင်း

ဒုဋ္ဌဂါမဏီမင်း၏ အကြောင်းကား ဒေဝါနံပိယတိဿမင်းလည်း မိမိ၏ ညီတော်ရင်းဖြစ်သော မဟာနာဂမင်းသားကို အိမ်ရှေ့အရာ၌ထား၍ မြှောက်စားတော်မူ၏။ မင်းကြီး၏ မိဖုရားကား မိမိ၏သားကို အိမ်ရှေ့ထားစေလိုသည်ဖြစ်၍ အိမ်ရှေ့မင်းအား သတ်ခြင်းငှာသာ ကြံစည်၏။ တစ်ရံသောအခါ အိမ်ရှေ့ဖြစ်သော မဟာနာဂမင်းသားသည် သင်းပင်း ကျေးကျွန်တို့နှင့်တကွ မြို့၏အပ၌ တရစ္ဆမည်သော ရေကန်ကို ပြုလုပ်၏။ မိဖုရားလည်း ထိုမင်းသားထံသို့ သရက်သီးကို ပို့စေသော် အပေါ်၌ သရက်သီးတစ်လုံးကို အဆိပ်ဆေးဖြင့် စီရင်၍ ထည့်လိုက်၏။ ထိုမိဖုရား၏ သားငယ်လည်း အိမ်ရှေ့မင်းနှင့်အတူ ပါလာသောကြောင့် ထိုသရက်သီးအုပ် ပို့လာသည်ကို မြင်လျှင် ခွက်ကိုဖွင့်ချင်း အပေါ်တွင်ပါလာသော သရက်သီးကို ယူ၍စားတည့်သည်နှင့် မင်းသား အဆိပ်ခိုက်၍ သေလေ၏။

ထိုအကြောင်းကို အိမ်ရှေ့မင်း ဆင်ခြင်မိသော် မိမိကိုယ်ကို စောင့်ရှောက်ခြင်းငှာ နောင်တော်ထံမှ အခွင့်သာ

www.burmeseclassic.com

www.burmeseclassic.com



အောင် တောင်း၍ သားမယား ကျေးကျွန်တို့နှင့်တကွ [၁](ရောဟနဇနပုဒ်) သို့သွား၍ နေလေ၏။

## မဟာဂါမ

ထိုဇနပုဒ်၌[၂] (ယဋ္ဌာလယက) မည်သော ကျောင်းကြီးကို ဆောက်လုပ်၏။ ထိုသို့ဆောက်လုပ်စဉ် အိမ်ရှေ့မင်း၏ မိဖုရား၌ သားတော်ကို ဖွားမြင်၏။ ထိုသားကို နောင်တော်၏ အမည်ကိုယူ၍ တိဿမည်သော အမည်ကိုမှည့်၏။ အိမ်ရှေ့မင်း ရောက်သည်မှစ၍ ရောဟနဇနပုဒ်လည်း တစ်နေ့ထက်တစ်နေ့ တိုးပွား ကြီးကျယ်လေသဖြင့် မဟာဂါမဟူသော အမည်သည်ဖြစ်၏။ အိမ်ရှေ့မင်းလည်း ထိုအရပ်ကို စိုးကွပ်အုပ်ချုပ်ကာ နေလေ၏။ နောင်သောအခါ မဟာနာဂမည်သော ကျောင်းကြီးကိုလည်း ဆောက်ပေ၏။ ဥဒ္ဓကန္ဒရ အစရှိသော ကျောင်း တို့ကိုလည်း ဆောက်တော်မူ၏။ ထိုမင်းလွန်သောအခါ မင်း၏သားတော်ဖြစ်သော ယဋ္ဌာလယကတိဿမင်းသည် ဤအရပ်ကို မင်းပြု၏။ ထိုယဋ္ဌာလယကတိဿမင်းလွန်သောအခါ ၎င်းသားတော်ဖြစ်သော[၃] (ဂေါဌာဘယ) မင်းပြု၏။ ထိုဂေါဌာဘယမင်း၏ သားတော်ကား ကာကဝဏ္ဏ တိဿမင်းတည်း။ ခမည်းတော် ဂေါဌာဘယမင်းလွန်၍ ထိုအရပ်ကို မင်းပြုရသောအခါ ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံသော ကလျာဏီ မင်းကြီး၏ သမီးတော်ဖြစ်သော ဝိဟာရဒေဝီကိုရ၍ မိဖုရားမြှောက်တော်မူသတည်း။

ထိုဝိဟာရဒေဝီမိဖုရား၏ အကြောင်းကား ကလျာဏီမြစ်၏အနီး၌တည်သော မြို့ကြီးဝယ် ထီးနန်းစိုက်ထူ၍ မင်းမူသောကြောင့် ကလျာဏီတိဿအမည်ရှိသတည်း။ ထိုမင်းသည် သာသနာတော်ကိုလည်း ကြည်ညို၏။ သဒ္ဓါတရားနှင့်လည်း ပြည့်စုံ၏။ မင်းအဖြစ်သို့ ရောက်သည်မှစ၍ [၄](အဘယ) အမည်ရှိသော မထေရ်မြတ်အား သံဃာ့ပရိသတ်နှင့်တကွ ပင့်ဆောင်၍ နန်းတော်၌ အမြဲဆွမ်းလုပ်ကျွေး၏။ ထိုမင်း၏ ညီတော်ဖြစ်သော ဥတ္တိယမင်းသားသည် မိဖုရားကြီး၌ ယဉ်ပါးဆက်ဆံခြင်းကို ပြုမိသဖြင့် မင်းကြီးသိသောအခါ ရာဇဝတ်အပြစ်ကို ကြောက်ရကား အရပ်တစ်ပါးသို့ ထွက်ပြေး၍ ကျေးသိမ်ရွာငယ်၌ နေလေ၏။ ထိုရွာကား ဥတ္တိယဟူသော အမည်ကိုရ၏။

## ရဟန်းယောင်နှင့် ချစ်စာခွေ

မင်းသားလည်း ရက်၊ လ ရှည်လျားသော် ပေါင်းဖော်ဖူးသော မိဖုရား၌ တပ်ကြိုက်သောအားဖြင့် ဆောင်းပါးစာခွေရေး၍ မင်းချင်းတစ်ယောက်ကို ရဟန်းယောင်ဆောင်စေပြီးမှ မိဖုရားကြီးထံသို့ ပို့ချေဟု စေလိုက်၏။ ထိုမင်းချင်းလည်း လာခဲ့၍ မင်းအိမ်တံခါးဝ၌ စောင့်နေပြီးသော် မင်းအိမ်၌ အမြဲဆွမ်းဘုဉ်းပေးခြင်းငှာ ကြွလာသော အဘယမထေရ်၏ ပရိသတ်အစွန်းမှ လိုက်လေ၏။ အဘယမထေရ်သည်လည်း ထိုရဟန်းယောင်ကိုမြင်သဖြင့် မိမိ၏တပည့်မဟုတ်သည်ကို သိလျက်ပင် မင်းကျွမ်းဝင်သော ရဟန်းဖြစ်လတ္တံ့ဟု မှတ်ထား၍ မမေးမစစ်ဘဲ ဆွမ်းဘုဉ်းပေးကြပြီးသော် အနုမောဒနာပြု၍ နေရာမှထခဲ့၏။ မင်းလည်း သံဃာတို့ကြွကြလျှင် မိမိနေရာမှထ၍ နန်းတွင်းသို့ ဝင်ခြင်းငှာ အားထုတ်၏။ မိဖုရားသာလျှင် ဆွမ်းလုပ်ကျွေးရာ၌ အိုးခွက်တို့ကို သိမ်းစေ၍တည်၏။ ထိုအခါ ရဟန်းယောင်သည် မိဖုရားအနီးသို့ ချဉ်း၍ ခါးပိုက်မှ စာခွေကို ချပြီးလျှင် သံဃာတို့နောက်သို့ လိုက်၏။

## ဝဋ်ကြွေးမှာ

စာခွေကျသောအသံကို မင်းကြီးကြား၍ ယူကာ ဖတ်လေသော် မလျော်သောစကားဖြင့် မှာထားလိုက်သည်များကို ကြား၍ ထိုရဟန်းအား အမြန်လိုက်၍ ခေါ်တော်မူပြီးမှ စစ်မေးလေသော် ရဟန်းယောင်လည်း ဤသို့ကြံ၏။ ငါသည် ညီတော်၏ တမန်ဖြစ်ကြောင်းကို ဟုတ်တိုင်းပြောဆိုလိုက်လျှင် ငါ့ကို လည်းကောင်း၊ ငါ့အရှင်ကို လည်းကောင်း မချွတ်သတ်လေတော့မည်၊ အဘယမထေရ်ကိုမူကား မင်းကြီးလည်း သဒ္ဓါကြည်ညို၏။ ထိုအရှင်က ပေးစေသည်ပြောမှ သက်သာရာရတော့မည်ဟု ကြံ၍ ငါတို့ဆရာဖြစ်သော အဘယမထေရ်က ဤသဝဏ်စာကို မိဖုရားကြီး၏အပါးတွင် ချခဲ့ဆိုသောကြောင့် ချပါသည်ဟုပြောလေ၏။

ထိုစကားကို ကြားလျှင် ကလျာဏီတိဿမင်းလည်း ပြင်းစွာ အမျက်ထွက်၍ ငါသည် ဤဆရာကို ရဟန္တာဟူသောအမှတ်နှင့် အလေးအမြတ် လုပ်ကျွေးပြုစုပါသည်။ ဆရာထေရ်တမူကား ငါ၏မိဖုရားကိုယူ၍ မင်းမူအံ့သော အကြံကို ကြံသည်တကားဟု အာဏာသားတို့ကိုလွှတ်၍ အဘယမထေရ်ကို ခေါ်စေပြီးလျှင် မင်းရင်ပြင်၌ ကျိုက်

---

၁–ရောဟဏ (သီ) ၂–ယဋ္ဌာလယက (အချို့ပေမူ) ၃–ဂေါဌာဘယ (ဦးဖုန်ရာဇဝင်)

www.burmeseclassic.com



ကျိုက်ဆူသော (ဆီပူအိုးကင်း) ဖြင့် ကြော်လေဟု အာဏာပေး၏။ မှူးမတ်ပြည်သူတို့ အူအူသောင်းသောင်း တောင်းပန်သော်လည်း ပညာအဆင်ခြင်နည်းသော မင်းဖြစ်၍ ပြင်းစွာထွက်သော အမျက်ကို မသိမ်းဘဲ အာဏာပေးမြဲအတိုင်း စီရင်လေ၏။ အဘယမထေရ်လည်း သံအိုးကင်းသို့ ဆင်းရခါနီး၌ပင် ကြီးစွာသော သတိ သံဝေဂကို ဖြစ်စေလျက် ဝိပဿနာကို ပြသဖြင့် အရဟတ္တဖိုလ်သို့ ရောက်တော်မူ၏။ အနီး၌ရှိသော ပရိသတ်လေးပါးတို့အား[3] (တရားသြဝါဒကို ပြသတော်မူ၍) ရေးကပြုခဲ့သော ဝဋ်ကိုဆင်ခြင်လျက် ထိုအိုးကင်းတွင် အကြော်ခံ၍ နိဗ္ဗာန်ယူလေ၏။ စာသဝဏ်ချသော ရဟန်းကိုလည်း သုံးပိုင်းဖြတ်၍ သမုဒ္ဒရာ၌ ပစ်လေ၏။

## ရဟန္တာကိုပြစ်မှားသဖြင့် ရေလွှမ်းမိုးခြင်း

ထိုအခါ များစွာသော ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးနတ်၊ သမုဒ္ဒရာစောင့်နတ်တို့သည် အမျက်ထွက်ကုန်၍ သမုဒ္ဒရာကို တက်စေကြီးစေကုန်၏။ သုံးရက်ခန့်ရှိလျှင်ပင် မြို့တွင်းသို့ဝင်လေ၏။ အမတ်တို့လည်း မင်းကြီးထံကပ်၍ အရှင်မင်းမြတ်၊ သမုဒ္ဒရာရေသည် အခါမဲ့ကြီးလာချေပြီ၊ သမုဒ္ဒရာစောင့်နတ်တို့ကို ပူဇော်မှ ချမ်းသာရမည်ထင်ပါသည်ဟု လျှောက်ကြ၏။ အသို့ပူဇော်ရအံ့နည်းဟုမေးလျှင် အရှင်မင်းကြီး၏ သမီးတော်ကို တင့်တယ်စွာ တန်ဆာဆင်ယင်၍ မဏိမေခလာနတ်၏ အလုပ်အကျွေး အလို့ငှာ ပေးရမည်ဟု လျှောက်ကြ၏။ မင်းကြီးလည်း ပညာနည်းသောသူဖြစ်၍ မိစ္ဆာအယူရှိသော ပုဏ္ဏားအမတ်တို့စကားကို ယုံကြည်သဖြင့် တစ်ဆယ့်နှစ်နှစ်ရွယ်သာဖြစ်သော ဒေဝီအမည်ရှိသော သမီးတော်ကို နတ်နှင့်လျော်သော တန်ဆာဆင်စေလျက် ရွှေအိုးစရည်းဖြင့်ထည့်၍ လုံစွာပိတ်ပြီးသော် မင်းသမီးဟူသော ရွှေပြားကမ္ပည်းကိုလည်းရေးလျက် သမုဒ္ဒရာနတ်ကို ပူဇော်ပါသည်ဆို၍ ပင်လယ်၌ မျှောလေ၏။ မင်းနှင့်တကွသော ပြည်သူပြည်သားတို့သည် ထိုနေ့ပင် သမုဒ္ဒရာရေလွှမ်း၍ ပျက်စီးလေကုန်၏။

## ဝိဟာရဒေဝီ

အိုးနှင့်မျှောလိုက်သော မင်းသမီးသည်လည်း နတ်ကြီးတို့ စောင့်ရှောက်အပ်သည်ဖြစ်၍ သီဟိုဠ်ကျွန်းကို လက်ဝဲရစ်ကပ်လျက် မျောလာသဖြင့် မဟာဂါမအနီး ယောဋ္ဌကလက်ာကျောင်းကြီးဆိပ်သို့ ရောက်လာ၏။ မြစ်နား၌နေသော လူတို့သည် ဆယ်ယူ၍ မွေးမြူလေ၏။ ထိုအကြောင်းကို ကာကဝဏ္ဏတိဿမင်းကြီး ကြားလျှင် များစွာသော မင်း၏အသရေဖြင့် ဆောင်ယူ၍ မိဖုရားကြီးအရာ၌ ထားပေ၏။ ထိုကြောင့် ထိုမိဖုရားကို "ဝိဟာရဒေဝီ" ဟု ခေါ်ဝေါ် သမုတ်ကြလေသတည်း။

## ကောင်းမှုကုသိုလ်

ထိုမင်း မိဖုရားနှစ်ဦးတို့သည် ဘုရားရှင်သာသနာ၌ သဒ္ဓါတရားအလွန်များသည်ဖြစ်၍ ပြည်မှ ရအပ်သော အခွန်အတုတ်တို့ကို ထက်ဝက် ထက်ဝက်ခွဲ၍ စွန့်ကြဲလှူဒါန်းခြင်းကိုပြု၏။ မိမိနေရာမြို့၏ အနီး၌ တိဿမည်သော ကျောင်းကြီးအမည်ရှိသော ကျောင်း၊ ပါလိအမည်ရှိသော ကျောင်းကြီးတို့ကို လည်းကောင်း၊ များစွာသော စေတီရုပ်ပွားတော်တို့ကို လည်းကောင်း ပြုစုတည်ထောင်၍ ခြောက်ထောင်မျှလောက်သော သံဃာတော်တို့အား ပစ္စည်းလေးပါးဖြင့် ချီးမြှင့်လုပ်ကျွေးပေ၏။

## ဂါမဏီမင်းသားအလောင်းအလျာ သာမဏေ

ထိုအခါ ကောဋိတဗ္ဗတကျောင်း၌ သာမဏေတစ်ဦးသည် ဆရာဥပဇ္ဈာယ်တို့ ဆုံးမသောစကားကို ရိုသေစွာနာလျက် စင်ကြယ်စွာသော သီလကျင့်ဝတ်ကိုလည်း ဖြည့်ကျင့်၏။ သံဃာတော်တို့၏ သောက်ရေ သုံးရေဝတ်တို့ကိုလည်း မပြတ်လှူဒါန်း၏။ သေနာသနဝတ်၊ ဇန္တာဃရဝတ်၊ စေတီယင်္ဂဏဝတ် စသည်တို့ကိုလည်း မပြတ်ပြုပေ၏။ တောင်ထက် စေတီပြင်သို့ လူ ရဟန်းတို့ ချမ်းသာစွာတက်စေခြင်းငှာ ကျောက်ဖျာကြီး သုံးချပ်ကိုလည်း ခင်းပေ၏။ ထိုသာမဏေသည် တစ်ရံသောအခါ နာသည်ဖြစ်၍ ပင်ပန်းခြင်းသို့ ရောက်၏။ ကျေးဇူးသိတတ်သော ရဟန်းတို့သည်လည်း ထိုသာမဏေကို ထမ်းစင်ဖြင့်ဆောင်ခဲ့၍ ကာကဝဏ္ဏတိဿ မင်းကြီးသည် လှူနာတို့ကို လုပ်ကျွေးခြင်းငှာ ဆောက်လုပ်၍ထားသော သိလာပဿယမည်သော ကျောင်းပရိဝုဏ်၌ ထား၍ လုပ်ကျွေးကြကုန်၏။

## ဝိဟာရဒေဝီနှင့် သားတော်လောင်း

သဒ္ဓါသီလနှင့် ပြည့်စုံလှသော ဝိဟာရဒေဝီမိဖုရားသည်လည်း နံနက်သောအခါ မင်းအိမ်၌ သံဃာတော်တို့ကိုပင့်၍ ဆွမ်းလုပ်ကျွေးပြီးသော် ညချမ်းသောအခါ တိဿကျောင်းတိုက် အာရာမ်အတွင်း သိလာပဿယအမည်ရှိသော ပရိဝုဏ်သို့လာ၍ မကျန်းမမာသော သံဃာတို့ကို အဖျော်ရှစ်ပါး ဆေးဝါးတို့ဖြင့် ထိုက်သည့်အားလျော်စွာ

www.burmeseclassic.com

www.burmeseclassic.com



ပူဇော်မြဲဖြစ်သတည်း။ ထိုသာမဏေ ရောက်သောအခါ ဝိဟာရဒေဝီ မိဖုရားသည် ကျောင်းသို့လာ၍ သံဃာ့ထေရ်၏ အထံသို့ကပ်ပြီးသော် တရားတော်ကို နာ၍နေ၏။

မထေရ်ကြီးကလည်း "မိဖုရား၊ သင်တို့သည် ရှေးက ပြုသော ကောင်းမှု၏ အာနိသင်ကြောင့် ဤလူ့ခွင်၌ သူမယှဉ်နိုင်သော မင်း၏စည်းစိမ်ကို ရပေသည်။ ယခုဘဝလည်း ကုသိုလ်ပုညကို မမေ့မလျော့ အားထုတ်လော့" ဟုဆို၏။ ထိုစကားကိုကြားသော် မိဖုရားကလည်း "အရှင်ဘုရား၊ သားသမီးတစ်ယောက်မျှ မရှိသော အကျွန်ုပ်တို့အား များစွာသော စည်းစိမ်ကိုရသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ သားညွန့် မြေးဆက် ရှိသော်သာ အကျိုးရှိပေရာ၏" ဟု လျှောက်၏။

အဘိညာဉ် ခြောက်ပါးနှင့် ပြည့်စုံသော ထိုမထေရ်မြတ်ကလည်း သားရရာ မရရာသောအကြောင်းကို ဆင်ခြင်ပြီးသော် "သင် မိဖုရားသည် ယခု နာသော သာမဏေအား သွား၍ ရှုချေလော့" ဟု တိုက်တွန်း၏။ မိဖုရားလည်း သာမဏေ၏အပါးသို့ ကပ်လေသော် သေခြင်းအနီးသို့ ရောက်သည်ကိုမြင်၍ "မောင်ရှင်၊ ငါတို့ စည်းစိမ်ချမ်းသာကား အလွန်များပြား ကြီးကျယ်၏။ ငါတို့၏သားဖြစ်ခြင်းငှာ ပတ္ထနာလော့" ဟု ဆို၏။ သာမဏေကလည်း ငါ မင်းဖြစ်ခြင်းကို အလိုမရှိဟု ပယ်လေသော် မိဖုရားလည်း များစွာသော သံဃာဘတ်, ဂိလာနဘတ်တို့ကို လှူဒါန်း၍ ပန်းလှူပူဇော်ခြင်း စသည်ကို ပြုစေလျက် သာမဏေအား ကျွန်ုပ်သားဖြစ်အောင် ဆုတောင်းပါဟု တိုက်တွန်း၏။ ထိုအခါမှ သာမဏေလည်း ဆုတောင်းပတ္ထနာပြု၏။ စုတေခဲ့လျှင် ဝိဟာရဒေဝီ၏ ဝမ်း၌ စွဲလမ်းတည်နေလေ၏။ မိဖုရားက ထိုအကြောင်းခြင်းရာကို ကာကဝဏ္ဏတိဿ မင်းကြီးအား ကြားလျှောက်၍ သာမဏေ၏ အလောင်းကိုလည်း ကောင်းမွန်စွာ ဖုတ်ကြည်း သင်္ဂြိုဟ်ပေ၏။ သင်္ဂြိုဟ်ပြီးသော် မင်းမိဖုရားနှစ်ဦးတို့သည် ထိုပရိဝုဏ်၏ အနီး၌ နေ၍ သံဃာတော်တို့အား အလှူကြီးကိုပေးလျက် နေ့ရက်ရှည်စွာ နေတော်မူ၏။

## ချင်ခြင်း ၃ ပါး

ကိုယ်ဝန်ရှိသောအခါ ဝိဟာရ ဒေဝီမိဖုရားအား ဤသို့သော ချင်ခြင်းသည်ဖြစ်၏။

(၁) နွားလားလောက်ရှိသော ပျားအုံကို ဦးခေါင်းရင်း၌ထား၍ လက်ဝဲနံပါးဖြင့် လျောင်းပြီးသော် တစ်သိန်းနှစ်သောင်းသော သံဃာတော်တို့အား ပျားဆွမ်းလှူပြီးမှ ထိုအကြွင်းကို စားလိုသည်လည်း တစ်ပါး။

(၂) ဧဠာရ ကျေးမင်း၏ သူရဲကြီးဦးခေါင်းကို ဖြတ်သော သန်လျက်ဆေးရေကို ဦးခေါင်းထက်၌ ရပ်၍ သောက်လိုသည်လည်း တစ်ပါး။

(၃) အနုရာဓမြို့၏အနီး ကြီးစွာသော ကြာကန်မှ ကြာပန်းကို ဆင်လိုသည်လည်းတစ်ပါး။

ဤသုံးပါးသော ချင်ခြင်းသည် ဖြစ်သတည်း။ ထိုအကြောင်းကို ကာကဝဏ္ဏတိဿမင်းကြီးအား ကြားလျှောက်လေသော် နိမိတ်ဖတ်တတ်သော ပညာရှိတို့ကို ခေါ်၍ မေးတော်မူ၏။ ပညာရှိတို့ကလည်း အရှင်မိဖုရား ဝမ်းတွင် တည်သော သားတော်သည်ကား ကြီးမားသော ဘုန်းအာနုဘော်ရှိလတ္တံ့။ ဧဠာရကျေးမင်းတို့ကို ပယ်ဖျောက်၍ တစ်ယောက်တည်းသော ဧကရာဇ်၏အဖြစ်ကို ပြုလတ္တံ့။ ဘုရားသာသနာတော်ကိုလည်း လွန်စွာ ထွန်းပစေလတ္တံ့ဟု လျှောက်ကြကုန်၏။

## နွားလားပမာဏပျားအုံ

ထိုစကားကိုကြားသော် မင်းကြီးလည်း အားရတော်မူ၍ မိဖုရား၏ ချင်ခြင်းကို ငြိမ်းစေလိုရကား အကြင်သူသည် နွားလားပမာဏရှိသော ပျားအုံကို ပြနိုင်သည်ဖြစ်အံ့ ထိုသူအား ဤမျှလောက်သော ကျေးဇူးစည်းစိမ်ကို ပေးအံ့ဟုဆို၍ မြို့ကို ကြွေးကြော်စေ၏။ ထိုကြွေးကြော်သော အသံကို ဇနပုဒ်၌နေသော ခပ်သိမ်းသော သတ္တဝါတို့၏ ဘာသာကိုသိသော ခြေဆွံ့သော ညဉ့်ကိုသိသော ကန်းသော သူအိုတစ်ယောက် ကြားလေသော် မိမိသားတို့ကိုခေါ်၍ "အမောင်တို့၊ ငါသည် ရှေးအခါ မြင်ဖူးသော မှဒရက်ပင်သည် ဤမည်သော တောင်ကြား၌ရှိ၏။ ထိုအပင် ပွင့်သည် မပွင့်သည်ကို သင်တို့သွား၍ ကြည့်ကြချေလော့" ဟု စေလိုက်၏။ ထိုသားတို့လည်း အဖစကားဖြင့် သွား၍ ကြည့်လေသော် ပွင့်သော မှဒရက်ပင်ကို မြင်၍ ဖခင်အား အကြောင်းကို ကြား၏။ အဖလည်း "အမောင်တို့၊ ငါ့ကို ထိုသစ်ပင်သို့ဆောင်၍ သစ်ခွကြား၌ ငြမ်းဖွဲ့၍ ထားပါလော့" ဟု ဆို၏။ သားတို့လည်း အဖဆိုတိုင်းပြုကြ၏။ သူအိုလည်း ထိုငြမ်းထက်၌ ငြိမ်သက်စွာ လျောင်းအိပ်ပျော်

www.burmeseclassic.com

www.burmeseclassic.com



၍ အရဏ်တက်သောအချိန်၌ ထ၍ ပန်းရက်ယူလာသော ပျားတို့၏အသံကို နာခံ၍နေ၏။

ထိုအခါ တစ်ခုသော ပျားကြီးသည် ပန်းတစ်ခု၌ ပန်းရက်ယူ၍ နေရာဝယ် ပျားငယ်တစ်ခုသည် ပန်းတစ်ပွင့်၌ ပန်းရက်ယူ၍ ပျားကြီးအပေါ်သို့ကျော်ကာ ပျံလာသဖြင့် ပျားကြီးဦးခေါင်းပေါ်သို့ ခြေမှုန့်ကျလေ၏။ ထိုအခါ ပျားကြီးက "ဦးခေါင်းထက်သို့ ခြေမှုန့်ချ၍ သွားသည်ကား သင် အဘယ်မည်သော ပျားနည်း" ဟု ဆို၏။ ပျားငယ်ကလည်း "ငါသွားသည် သင်အဘယ်သို့ ဖြစ်သနည်း။ သင် ကျယ်ဝန်းလှ၏တကား" ဟု ဆို၏။ ပျားကြီးကလည်း "ဟယ်... ကျွန်သား ပျားငယ်၊ သင်၌ အဘယ်ဂုဏ်ရှိ၍ ငါ့ကို မထီမဲ့မြင်ဆိုသနည်း" ဟု ဆဲရေး၏။ ပျားငယ်က "ဟယ်... ပျားကြီး၊ ငါ့ကို ပျားဆင်းရဲ, ပျားငမွဲ မှတ်သလော၊ ဤမည်သော တောင်ကြားဝါးရုံကြီး၏အလယ်တွင် အဆစ်မရှိသော ဝါးလုံးကြီးသည်ရှိ၏။ ထိုဝါးလုံး၏ အခေါင်းတွင်း၌ အရင်းမှစ၍ အဖျားတိုင်အောင် ငါ၏ဥစ္စာဖြစ်သော ပျားလဘို့တို့ဖြင့် ပြည့်၏။ သို့စင်သော ဥစ္စာရှင်ကို သင်-ကျွန်သားအား အဘယ်မှု၍ လေးစားအံ့နည်း" ဟု ဆို၏။ ထိုစကားကိုကြားသော် ပျားကြီးကလည်း "ဟယ်... ပျားငယ်၊ အနည်းငယ်သော ဥစ္စာနှင့် သင် ကြုံးဝါး၏။ ငါတို့၏ လက်ရှိဥစ္စာနှင့်ကား သင် ကြားဖူးရုံမျှ ရှိပါ၏လော၊ ဂေါဋသမုဒ္ဒရာ၏ ကမ်းနား၌ တစ်ခုသော •ဆူးရစ်ချုံအောက်တွင် လှေကို မှောက်၍ထား၏။ ထိုလှေ၏အတွင်း၌ ငါတို့ဥစ္စာဖြစ်သော ပျားလဘို့တို့ဖြင့် ပြည့်၏။ ဤသို့သောဥစ္စာကို သင် အဘယ်မှု၍ တုပသနည်း" ဟု ကြိမ်းမောင်း၏။ ထိုစကားကိုကြားမှ ပျားငယ်လည်း ဆိတ်ဆိတ်ပျံလေ၏။

ယင်းသို့ ငြင်းခုံကြသော ပျားတို့၏စကားကို သူအိုကြီးကြားခဲ့၏။ သားတို့ ယူဆောင်လာ၍ အိမ်သို့ရောက်သောအခါ ရှေးဦးစွာ ပျားငယ်ဆိုသောအရပ်ကိုစေ၍ ဝါးလုံးကြီးကို ယူစေပြီးသော် လူများတို့နှင့် ပျားကိုဝေ၍ စားကြ၏။ ပျားကြီးဆိုရာအရပ်၌လည်း အမှန်ရှိရာ၏ဟု ကြံ၍ သားတို့ကို ကြည့်စေသော် လှေစကျင်းအပြည့်ရှိသော ပျားတို့ကို တွေ့၍ မင်းကြီးအား ကြားလျှောက်၏။ မင်းကြီးလည်းတောခုတ်သောသူတို့ကို ခေါ်၍ ဆောင်ယူစေလျှင် လှေတစ်စကျင်းပြည့်မျှလောက်သော ပျားကို မြင်၍ ရွှင်လန်းဝမ်းသာ ကြီးစွာသောမဏ္ဍပ်ကို ဆောက်လုပ်၍ ထိုဖနှပုဒ်သားအား များစွာသော ဆုလာဘ်ကိုပေး၍ ပျားနှင့်တကွသော လှေကို ဦးခေါင်းရင်း၌ စိုက်ပြီးလျှင် ခင်းအပ်သော မြတ်သောနေရာ၌ မိဖုရားကို နေစေ၍ သံဃာတော်တို့အား ပျားဆွမ်းအလှူပေး၏။ ကြွင်းသောပျားကိုလည်း မိဖုရားအား စားစေ၍ ထိုချင်ခြင်းကို ငြိမ်းစေတော်မူ၏။

### ဝေဠုသုမန

ဤမှတစ်ပါး ချင်ခြင်းကို ပြည့်စုံစိမ့်သောငှာ •ဝေဠုသုမန အမည်ရှိသော သူရဲကောင်းကို ကျေးမင်းတို့၏နေရာ အနုရာဓမြို့သို့ စေတော်မူ၏။

### ဦးခေါင်းနှင့်ကြာပန်း

ထိုသူရဲလည်း အနုရာဓမြို့သို့ တစ်ယောက်တည်း သွားလေပြီးသော် ဧဠာရကျေးမင်း၏ မင်္ဂလာ မြင်းထိန်းအိမ်သို့ဝင်၍ အဆွေခင်ပွန်းဖွဲ့၏။ ခုနစ်ရက်- ရှစ်ရက်ကြာ၍ ချစ်ကျွမ်းဝင်ကြသောအခါ တစ်ခုသော မာယာဖြင့် ပြောဆို၍ သန်လျက်ကို လည်းကောင်း ကြာကန်မှ ကြာတို့ကိုလည်းကောင်းယူ၍ ကဒမ္ဗမြစ်၏အနီး ဝှက်ထားသော ဧဠာရမင်းစီးသော သိန္ဓောမြင်းကို အတင်းဖမ်းယူကာ စီးလျက် ကာကဝဏ္ဏတိဿမင်းကြီး၏ သူရဲဖြစ်ကြောင်းကို လူအပေါင်းတို့အား ကြားစေလျက် မြို့မှထွက်ပြီးလျှင် သန်လျက်ဖြင့် ကြာပန်းကို ယူ၍လာခဲ့၏။

ထိုအကြောင်းခြင်းရာကို ဧဠာရမင်းကြားသော် ဝေဠုသုမနအား ဖမ်းစိမ့်သောငှာ နန္ဒသာရထိ မည်သော သူရဲကြီးကို စေလိုက်၏။ ထိုနန္ဒသာရထိလည်း သိရိဂုတ္တမည်သော မြင်းကိုစီး၍ လျင်စွာ လိုက်လာ၏။ ဝေဠုသုမန သူရဲလည်း လိုက်၍ လာသည်ကိုမြင်လျှင် တစ်ခုသော ချုံသို့ ဝင်၍ မြင်းစီးလျက်ပင် သန်လျက်ကိုကိုင်ကာ နေနှင့်၏။ နန္ဒသာရထိ သူရဲကြီး၏ဦးခေါင်းကို ခုတ်ဖြတ်၍ မြင်းနှစ်စီးနှင့်တကွ ခေါင်းကို ဆောင်ခဲ့၍ ညချမ်းသောအခါ၌ မဟာဂါမသို့ ရောက်လာ၏။ ကာကဝဏ္ဏတိဿ မင်းကြီးလည်း အလွန်အားရတော်မူ၍ ဝေဠုသုမနအား များစွာသော ဆုလာဘ်တို့ကို ပေးတော်မူရ၏။

• "ကာဒမ္ဗဝလ္လိဂုမ္ဗေ" ဟု (မဟာဝံသဋီကာ-၃၁၄) ၌ ရှိသည်။

• ဝေဠုသုမဏ (သီဟိုဠ်မူ-မဟာဝံသအဋ္ဌကထာ)

www.burmeseclassic.com

www.burmeseclassic.com



### ရတနာသဘော်ခုနစ်စင်း

ဝိဟာရဒေဝီမိဖုရားသည်လည်း ချင်ခြင်းအားလျော်စွာ ပြည့်စုံလာသဖြင့် အာသာရှိတိုင်းပင် သုံးဆောင်ရပေ၏။ ဆယ်လစေ့သောအခါ ဘုန်းပညာလက္ခဏာနှင့် ပြည့်စုံသော သားတော်ကိုဖွား၍ ပြည်သူပြည်သားတို့နှင့်တကွသော မင်းဆွေ စိုးမျိုးတို့သည် အလွန် ဝမ်းမြောက်ကြပြန်ကုန်သတည်း။ ထိုမင်းသား၏ ဘုန်းအာနုဘော်ကြောင့် ဖွားမြင်သောနေ့၌ပင် အထူးထူးသော ရတနာတို့ဖြင့် ပြည့်သော သဘော်ခုနစ်စင်းတို့သည် သမုဒ္ဒရာမှလာ၍ မဟာဂါမမြို့ ဆိပ်မှ ကပ်လာကုန်၏။ ပြည်သူ-ပြည်သားတို့သည် မင်းအား ကြားလျှောက်လေသော် ကာကဝဏ္ဏတိဿမင်းကြီးလည်း အဿာမိက, သဿာမိကအဖြစ်ကို စိစစ်တော်မူ၍ ထိုလှေသဘော်၌ ပါလာသော ရတနာရွှေငွေတို့ကို မင်းအိမ်သို့ဆောင်၍ ပုံစေသည်။ ထန်းခုနစ်ဆင့်မြင့်သတည်း။

### ဆင်တော်

ကောင်းကင်ပျံသော ဆဒ္ဒန်ဆင်မျိုးမှ ဖြစ်ပွားသော ဆင်ငယ်ကိုလည်း မိဘတို့ ယူဆောင်၍ မဟာဂါမ၏အပါး စီးသွားသော ဂင်္ဂါမြစ်၏အနီး ချုံကြီးအတွင်း၌ ထားလာပေ၏။ ထိုဆင်ငယ်ကို ကဏ္ဍုလမည်သော ငါးများချိတ်သော တံငါတွေ့၍ မင်းကြီးအား လျှောက်လေသော် မင်းလည်း ဆင်ဆရာတို့ကိုစေ၍ ဖမ်းယူလျက် မွေးမြူ ချီးမြှောက်တော်မူ၏။ ထိုဆင်အား ကဏ္ဍုလတံငါသည် ကြားလာသောကြောင့် ကဏ္ဍုလ ဆင်တော်ဟူသောအမည်ကို သမုတ်ကြ၏။

### အမည်တော်မဂ်လာသဘင်

ကာကဝဏ္ဏတိဿ မင်းကြီးလည်း သားတော်ကို အမည်မှည့်အံ့သောအခါ ကြီးစွာသော တန်ဆောင်းမဏ္ဍပ်ကိုပြု၍ တစ်သောင်းနှစ်ထောင်မျှလောက်သော သံဃာတို့ကို ပင့်ဖိတ်ပြီးလျှင် ငါ၏သားတော်သည် သီဟိုဠ်ကျွန်းလုံးကို အုပ်ချုပ်၍ မင်းပြုရသဖြင့် မြတ်စွာဘုရား သာသနာကို အကယ်၍ ချီးမြှောက်နိုင်ပါသည်ဖြစ်အံ့၊ ငါ့နေရာဖြစ်သော တိုက်ခန်းသို့ ရဟန်းတော်တစ်ထောင့် ရှစ်ပါးတို့သည် ဝင်လာစေသတည်း။ ထိုရဟန်းတို့လည်း သင်္ကန်းရုံလျက်သာ ကြွလာစေသတည်း။ ဤတံခါးခုံ၌ လက်ျာခြေကိုသာ ရှေးဦးစွာချစေသတည်း။ တစ်ခုသောထီးနှင့် ယှဉ်သော ဓမ္မကရိုဏ်ကို ထုတ်ဆောင်စေသတည်း။ ဂေါတမအမည်ရှိသော မထေရ်မြတ်သာလျှင် ငါ ထားလင့်သော* သားငယ်ကိုလည်း ကိုင်စေသတည်း။ ထိုအရှင်သာလျှင် သရဏဂုံ သီလကို ပေးစေသတည်းဟု ကြံလျက် မိဋ္ဌာန်၍ နေလင့်၏။

သံဃာတို့ ကြွလာသောအခါ ထိုအလုံးစုံကြံသောအတိုင်း ဖြစ်လေလျှင် စင်စစ်မချွတ် ငါ့သားမြတ်သည် ဤကျွန်းရပ်အလုံးကို သိမ်းကျုံး၍ မင်းမှုလတ္တံ့ဟုသိ၍ ပီတိသောမနဿဖြစ်လျက် သံဃာတော်တို့အား ယနာဆွမ်းဖြင့် လှူဒါန်းပူဇော်၍ တရားတော်ကိုနာပြီးမှ သားတော်၏အမည်ကို ရွေးချယ်သောအခါ မဟာဂါမ၌ မင်းကြီးဖြစ်၍ ဂါမဏိဟူသောအမည် ခမည်းတော်၏ အဘယဟူသောအမည်နှစ်ပါးကို စပ်ဘိ၍ "ဂါမဏိအဘယ" ဟူသောအမည်ကို မှည့်၏။

### တိဿမင်းသား

ထိုအမည်မှည့်ပြီးသည်နောက် ကိုးရက်မြောက်သောနေ့၌ မင်းကြီးသည် ဝိဟာရဒေဝီ မိဖုရားနှင့် ပျော်ပါးရွှင်မြူးတော်မူသည်ကို အကြောင်းပြု၍ မိဖုရား၌ ကိုယ်ဝန်တစ်ဖန် တည်ပြန်လေ၏။ ထိုအခါ မိဖုရားအား ဤသို့သော ချင်ခြင်းသည် ဖြစ်၏။ စကားပင်ကြီး၏ အရင်း၌သန့်ရှင်းတင့်တယ်သော နေရာထက်၌ အိပ်ပြီးလျှင် ထက်ဝန်းကျင် ကြွေသော စကားပန်းတို့ကို နမ်းတော်မူလို၏။ ဤအကြောင်းကို မင်းအား ကြားလျှောက်ပြန်သော် အလိုအတိုင်း စီရင်၍ ထိုချင်ခြင်းကို ငြိမ်းစေတော်မူ၏။ ဆယ်လစေ့၍ ဖွားလေသော် ထိုသားတော်အား "တိဿ" ဟူသောအမည်ကို မှည့်၏။

မင်းသားနှစ်ဦးတို့လည်း များစွာသော အခြံအရံတို့ဖြင့် ကြီးပွား၍ ငါးနှစ်အရွယ်ရှိသဖြင့် ထမင်းခွံ့ခြင်း မင်္ဂလာကို ပြုအံ့သောအခါ ကာကဝဏ္ဏတိဿ မင်းကြီးလည်း သံဃာတော် ငါးရာတို့အားပင့်ဖိတ်၍ ယနာဆွမ်းဖြင့် လှူဒါန်းလုပ်ကျွေးပြီးသော် သံဃာတော်တို့မှကြွင်းသော ယနာထမင်းကို ရွှေခွက်ဖြင့်ထည့်၍ မိဖုရားကိုလည်း စားစေ၏။ သားတော်နှစ်ဦးတို့ကိုလည်း သင်တို့သည် မြတ်စွာဘုရား သာသနာတော်ကို အကယ်၍ စွန့်ပစ်ကုန်သည်ဖြစ်အံ့။

---

* အချို့မှု၍-ပရိတ်ချည်ကိုဟုရှိ၏။ သင်္ဂဟသည်ဝင် 'ပဗ္ဗိဂထုတု ပုဏ္ဏက်' (သီဟိုဠ်မူ မဟာဝံသပါဠိ-၁၂၄) "ပဗ္ဗိဂထုတု-သုဏ္ဏက်" (မြန်မာ-ဆဋ္ဌမူမဟာဝံသပါဠိ)

www.burmeseclassic.com



ဝမ်းသို့ဝင်သော ဤထမင်းသည် အစာမကျေရှိစေသတည်း ဟုဆို၍ ကျွေး၏။ မင်းသားတို့လည်း အမြိုက်သုဓာဘုတ် ကဲ့သို့ နှစ်လိုဝမ်းသာစွာ စားကြကုန်၏။

## အလိုကိုစမ်းခြင်း

ဂါမဏိမင်းသားသည် တစ်ဆယ့်နှစ်နှစ်ရွယ်, တိဿ မင်းသားသည် ဆယ်နှစ်ရွယ်ရှိသောအခါ ကာကဝဏ္ဏတိဿ မင်းကြီးသည် သားတော်တို့၏အလိုကို စမ်းခြင်းငှာ သံဃာတော် ငါးရာကိုပင့်ဖိတ်၍ ဆွမ်းလုပ်ကျွေးပြီးသော် သံဃာတော်တို့မှ ကြွင်းသော ထမင်းကို ရွှေခွက်သုံးခုဖြင့်သုံးဖို့ ထည့်ပြီးလျှင် သားတော်နှစ်ဦးကိုခေါ်၍ "ချစ်သားတို့၊ မောင်တို့သည် ဘိုးဘစဉ်ကာ နွယ်လာမပြတ် ကိုးကွယ်အပ်သော အမျိုးတို့၏ နတ်ဖြစ်ကုန်သော ရဟန်း သံဃာတို့၏ မျက်ကွယ်သည် ဘယ်အခါမှ မဖြစ်ပါကုန်အံ့၊ ဖြစ်မူ ဤထမင်းသည် အစာမကျေဖြစ်စေသတည်း မိဋ္ဌာန်၍ စားကြကုန်လော့" ဟုဆို၍ ကျွေး၏။ ညီနောင်နှစ်ပါးတို့လည်း အားရဝမ်းသာ ထိုသစ္စာကို ပြု၍စားကြ၏။

ထို့နောက် တစ်ခုသော ထမင်းခွက်ကိုကိုင်၍ "ငါတို့ ညီနောင်နှစ်ပါးတို့သည် အချင်းချင်း ယုံမှားကင်းလျက် အသက်တည်သမျှ သင့်တင့်ညီညွတ်သည် ဖြစ်ပါကုန်အံ့၊ မသင့်မူကား ငြူစူနှောင့်ယှက် မျက်လိုသူအား အစာမကျေစေသတည်းဟု မိဋ္ဌာန်၍ စားကုန်လော့" ဟု ဆို၍ ကျွေး၏။ ညီနောင်နှစ်ပါးလည်း အားရဝမ်းသာ သစ္စာပြု၍ စားကြ၏။ ထို့နောက် တစ်ခုသော ထမင်းခွက်ကိုကိုင်၍ "ငါတို့သည် ကျေးမင်းတို့နှင့် စစ်ထိုးခြင်းကို မပြုကုန်အံ့၊ စစ်ထိုးသော် ဤအစာမကျေစေသတည်း။ မိဋ္ဌာန်၍ စားကုန်လော့" ဟု ဆို၍ ပေးပြန်၏။ ထိုစကားကိုကြားသော် ညီတော်တိဿသည် ထမင်းကိုယူ၍ ပစ်လိုက်၏။ နောင်တော်ကား ထမင်းကို ပစ်ကြဲ၍ မစားဘဲ သခင်ကိုရှိခိုး၍ အိပ်ရာထက်၌ ကွေးလျက်အိပ်နေ၏။

မယ်တော်မိဖုရားသည် သားထံသို့ သွား၍ ဖျောင်းဖျ သာယာသော စကားဖြင့် "ချစ်သားဂါမဏိ၊ သင်သည် အဘယ့်ကြောင့် အိပ်ရာထက်၌ ခွေလျက်အိပ်နေသနည်း။ သင်၏လက်ခြေကို ဆန့်တန်းလျက် ချမ်းသာစွာ အိပ်ပါတော့လော" ဟု မေး၏။ မင်းသားကလည်း "မယ်တော် ဂင်္ဂါမြစ်၏ တစ်ဖက်၌ ကျေးလူမျိုးတို့သည် နေကုန်၏။ ဂေါဌမည်သော သမုဒ္ဒရာသည်လည်း အိမ်၏ အနီးမှာပင် ရှိ၏။ ထိုသို့ အိပ်ရာကျဉ်းကျပ်စွာသောကြောင့် လက်ခြေ မဆန့်သာ၍ ကွေးကာ အိပ်ရဘိသတည်း" ဟု ဆိုပေ၏။ ထိုစကားကို ခမည်းတော်မင်းကြီးကြားသော် ဝမ်းသာတော်မူလျက်ပင် ဆိတ်ဆိတ်နေ၏။ ဤသို့ အစဉ်သဖြင့် ကြီးပွား၍ ဂါမဏိမင်းသားသည် တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လေသော် ဘုန်းတောက်ပ၍ ကျွန်းလုံးနှံ့မျှ ကျော်စောသတည်း။

**သူတော်ကောင်းတို့အား (ပ) "ပဋ္ဌပဒေါရုဝံသ" အမည်ရှိသော မဟာဝံသကျမ်း၌ (၈၈) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော "ဂါမဏိ ကုမာရသုတိ" အမည်ရှိသော ဗာဝီသတိမအပိုင်း အခန်းကားပြီး၏။**

---

# ယောဓလာဘကဏ္ဍ၊ တေဝီသတိမပိုင်း

## ဒုဋ္ဌဂါမဏိမင်း၏ သူရဲတစ်ကျိပ်

ဒုဋ္ဌဂါမဏိ အဘယမင်းဖွားစက ရခဲ့သော ကဏ္ဍုလ ဆင်သည်လည်း ကိုယ်ဖြင့် အင်အားကြီးမားလှသည်။ ရဲရင့် သန်မြန် စွမ်းအင်တေဇော်တို့နှင့် ပြည့်စုံသည်၊ အရာရာ၌ လိမ္မာခြင်း ကျေးဇူးနှင့် ပြည့်စုံသည်ဖြစ်၍ ထင်ရှား၏။ မင်းသား၏ ရှေးကောင်းမှုကံကြောင့် ကျွန်ခံလာကြသော (သူရဲကောင်းတို့ကား နန္ဒိမိတ္တလည်း တစ်ယောက်၊ သူရနိမိလလည်း တစ်ယောက်၊ မဟာသောဏလည်း တစ်ယောက်၊ *ကောဋ္ဌတိမ္ဗရလည်း တစ်ယောက်၊ ဝေဠုသုမနလည်း တစ်ယောက်၊ ခဉ္စဒေဝလည်းတစ်ယောက်၊ ဖုဿဒေဝလည်း တစ်ယောက်၊ လဘိယျဝသဘလည်း တစ်ယောက်) ဤတစ်ကျိပ်သော သူရဲကြီးတို့သည် ကျွန်တော်လာ၍ ခံကုန်၏။

## နန္ဒိမိတ္တ၏ အကြောင်းကား

ထိုတစ်ကျိပ်တို့တွင် ဧဠာရ ကျေးမင်း၏ စစ်သူကြီး ဖြစ်သော မိတ္တအမည်ရှိသော အမတ်သည် မိမိ ပိုင်စားရသော နယ်၏အတွင်း † စိတ္တမည်သော တောင်၏အနီး၌ ရွာကြီးတစ်ခုကို မိမိနှမအား ပေး၍နေစေ၏။ ထိုနှမ၏သားသည် အအိမ်ဖြင့် ဖုံးလွှမ်းသော လျှို့ဝှက်စရာ အင်္ဂါရှိ၏။ အလွန်သော အားခွန်ဗလနှင့် ပြည့်စုံရကား ဦးရီးစစ်သူကြီး

---

* "ဂေါဋ္ဌယိမ္ဗရ" (သီဟိုဠ်မှ-၁၂၆)။
† "မိတ္တ" (မြန်မာမဟာဝံသ ပေမူ)

www.burmeseclassic.com



မိတ္တ၏အမည်ကိုယူ၍ မိတ္တဟုမှည့်၏။ ထိုသူငယ်သည် ခုနစ်နှစ် ရှစ်နှစ်အရွယ်ကပင် လည်ပတ်လှသောကြောင့် မိဘတို့သည် လိုက်၍ ခါး၌ကြီးစွာသော ကြိုးလွန်ဖြင့် ချည်နှောင်ဆောင်ခဲ့၏။ အိမ်သို့ရောက်၍ တံခါးခုံကို လွန်သောအခါ ရုံး၍ လွန်ကိုပြတ်စေလျက် ပြေး၏။ ထို့ကြောင့် °(နန္ဒိမိတ္တ) ခေါ်ဝေါ်ကြသတည်း။

ထိုနန္ဒိမိတ္တသည် အရွယ်ရောက်သောအခါ ဆင်ပြောင်ဆယ်စီးအားကို ဆောင်နိုင်၍ မြို့သို့လာပြီးလျှင် ဦးရီးစစ်သူကြီးထံမှာ နေလာ၏။ သာသနာတော်ကိုလည်း ကြည်ညိုလေးမြတ်၏။ ထိုအခါ အနုရာဓမြို့၏ အနီးအပါး၌ ဘုရားစေတီ စသည်ကို ဖျက်ဖောက်သော ကျေးကုလား၊ ဘုရားကို မပူဇော်ဘဲ ပျက်ချော်သဖြင့် ပြောဆိုသော ကျေးကုလားတို့ကို ရုတ်ခြည်းလှဲ၍ ပေါင်တစ်ဖက်ကို ခြေဖြင့်နင်း လျက် လက်ဖြင့် ပေါင်တစ်ဖက်ကိုကိုင်၍ ဝါးခွဲသကဲ့သို့ ခွဲ၍ ပစ်လေ၏။ ပစ်သမျှသော အကောင်ကိုလည်း နတ်တို့သည် ကွယ်ပျောက်စေ၏။ ကျေးကုလားတို့သည် ကုန်ပျောက်ခြင်းများ၍ ရိပ်မိကြရကား မင်းအား ကြားလျှောက်ကုန်သော် ထိုနန္ဒိမိတ္တကို ဖမ်းကြကုန်ဟုဆို၏။

ထိုကုလားတို့သည် ဖမ်းခြင်းငှာ မတတ်နိုင်ကုန်၊ ထိုအခါ နန္ဒိမိတ္တလည်း ဤသို့ ပြုသည်များသဖြင့် လူကုန်ခြင်းသာ ဖြစ်လေရာသည် သာသနာတော်၏ ထွန်းပခြင်းသည် မဖြစ်နိုင်ရာ။ ရတနာသုံးပါးကို ကြည်ညိုသော မင်းတို့သည် ရောဟနဇနပုဒ်မှာ ရှိကုန်သည်။ ထိုသို့သွား၍ မင်းထံ ခစားပြီးလျှင် ဤကျေးကုလားတို့ကို ဖမ်းသတ်၍ ပြည်ကို ထိုမင်းအား အပ်ပြီးလျှင် သာသနာတော် တောက်ပအောင် ငါပြုအံ့ဟု ကြံ၍ ဂါမဏိမင်းသားထံသို့ လာခဲ့၏။ ဂါမဏိမင်းသားလည်း မယ်တော်နှင့် တိုင်ပင်၍ နန္ဒိမိတ္တအား သိမ်းပိုက်ပြီးလျှင် များစွာသောအခြံအရံ စည်းစိမ်ပေး၍ ချီးမြှောက်တော်မူ၏။

**"သူရနိမိလ"** အကြောင်းကား၊ ကာက ဝဏ္ဏတိဿမင်းကြီးသည် ဒွာရကျေးမင်းတို့အား တားမြစ်ခြင်းငှာ ဂင်္ဂါမြစ်ကြီး၏ အလုံးစုံသော ဆိပ်တို့၌ အစောင့်အရှောက်ဖြစ်သော လူတို့ကို ထားရ၏။ ထိုသို့ထားရာတွင် ဝိဟာရဒေဝီမှ တစ်ပါးသော မိဖုရား၏သားဖြစ်သော ဒီဃာဘယမင်းကိုလည်း ထိုဂင်္ဂါမြစ် ကစ္ဆကမည်သော ဆိပ်၌ စိုလ်ပါနှင့်တကွ စောင့်စေ၏။ ထိုဒီဃာဘယမင်းလည်း တစ်ယူဇနာ, နှစ်ယူဇနာနီးသော မြို့ရွာ၌ ဆွေကြီးမျိုးကြီးတို့မှ တစ်ယောက် တစ်ယောက်စီသော သားကို မိမိထံသို့ ပို့စေ၏။ ကောဋ္ဌိဝါလဇနပုဒ် ခဏ္ဍကပိဋ္ဌိက အမည်ရှိသောရွာ၌ သံဃမည်သော သူကြီးအား သားခုနစ်ယောက်ရှိ၏။ ထိုတွင် အငယ်ဆုံးဖြစ်သော သားကား နိမိလအမည်ရှိ၏။

ထိုနိမိလသည် ဆင်ပြောင်ဆယ်စီးအားကို ဆောင်နိုင်၏။ ထိုနိမိလကို အလိုရှိရကား ဒီဃာဘယမင်းသည် သူကြီးကိုခေါ်၍ သင်၏သားကို ငါ့ထံ၌ ထားလှည့်ပါဟု တောင်း၏။ သူကြီးလင်မယားတို့ကား သားကို မင်းထံ၌ မထားလိုကုန်၊ အစ်ကိုခြောက်ယောက်တို့မူကား ထိုနိမိလသည် အမှုလုပ်ခြင်း၌ ပျင်းရိသည်၏ အဖြစ်ကြောင့် သွားစေလိုကြသတည်း။ နိမိလလည်း အစ်ကိုတို့ကို အမျက်ထွက်၍ နံနက်စောစောကလျှင် သုံးယူဇနာရှိသော အရပ်ကို အရောက်လာ၍ ဒီဃာဘယမင်းအား ခစား၏။ မင်းသားလည်း စုံစမ်းခြင်းငှာ ဝေးစွာသောခရီး၌ ကိစ္စကို စေ၏။

"အချင်းနိမိလ၊ စေတိယ တောင်အနီး ဒွါရမဏ္ဍလရွာကြီး၌ ငါ့အဆွေဖြစ်သော ကုဏ္ဍလပုဏ္ဏားသည် ရှိ၏။ ထိုပုဏ္ဏား၏အထံသို့ သင်သွားချေ၊ ထိုပုဏ္ဏားအား သမုဒ္ဒရာတစ်ဖက်၌ဖြစ်သော ဥစ္စာတို့သည် ရှိကုန်၏။ ထိုပုဏ္ဏားပေးလိုက်သမျှသော ဘဏ္ဍာကို ဤကစ္ဆကဆိပ်သို့ဆောင်ခဲ့လော့" ဟု ဆို၍ သဝဏ်စာရေးပြီးလျှင် လွှတ်လိုက်၏။ ထိုကစ္ဆကဆိပ်နှင့် အနုရာဓမြို့ကား ကိုးယူဇနာကွာ၏။ နိမိလလည်း နံနက်အရုဏ်တက်က သွားလေ၏။ ထမင်းနံနက်စာ မစားမီ ပုဏ္ဏားထံသို့ရောက်လျှင် ဒီဃာဘယမင်း စေလိုက်ကြောင်းကို ပြောကြား၏။

ပုဏ္ဏားကလည်း "လုလင်၊ သင်၏ကိုယ်၌ ချေးယိုလှ၏။ ရေချိုးချေဦးလော့" ဟု ဆို၏။ ထိုနိမိလလည်း အနုရာဓမြို့ကို မရောက်ဖူးသောကြောင့် တိဿဝါပိ ရေကန်၌ ရေချိုး၍ မဟာဗောဓိကို လည်းကောင်း, ထူပါရုံစေတီကို လည်းကောင်း ပူဇော်ပြီးသော် မြို့တွင်းခရီးသို့ ဝင်၍ အလုံးစုံသော မြို့ကိုလည်၍ ကြည့်ရှုပြီးမှ ပန်းဈေးဆိုင်၌ နံ့သာတို့ကို ဝယ်ပြီးလျှင် မြောက်တံခါးဖြင့် ထွက်၍ ပုဏ္ဏားအိမ်သို့ လာခဲ့သော် ထမင်းကျက်နပ်သောအခါ၌ပင် ရောက်၏။ ပုဏ္ဏားလည်း "လုလင်၊ အဘယ်နေ့က လာသနည်း၊ အဘယ်မျှရက်ကြာအောင် လာရသနည်း" ဟု မေး၏။ နိမိလကလည်း "ယနေ့ နံနက် အရုဏ်တက်ကထ၍ လာပါသည်။ အရှင့်အိမ်သို့ ရောက်သောကာလ ရေချိုးချေစေသောကြောင့် တိဿဝါပိ ရေကန်၌ ရေချိုး၍ ဗောဓိပင်စေတီကို ပူဇော်ပြီးမှ အနုရာဓမြို့အလုံးကို ကြည့်ရှု၍ နံ့မှလာခဲ့ပါသည်" ဟု ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားလည်း ထိုစကားကိုကြားလျှင် "အမောင်ကား အဲ့ဖွယ်သရဲ မဖြစ်ဖူးသော သူပေတကား၊ အာဇာနည်ယောကျ်ားပေတကား" ဟု ကျောလက်သပ်၍ ချီးမွမ်းပြီးလျှင် စားဖွယ်သောက်ရာ များစွာ ကျွေးမွေး၏။ ဤယောကျ်ားကို ဓမ္မာရမင်းတို့သိမှု လက်တွင်းက မလွှတ်ဘိရာ၊ ထို့ကြောင့် ဤမြို့မှာထား၍ မသင့်ချေ။ ကာကဝဏ္ဏတိဿမင်း၏ထံ၌သာနေခြင်း သင့်ပေသည်ဟု ကြံ၍ သဝဏ်စာချွေ ရေးပြီးလျှင် ဒီဃာဘယမင်းအား ပေးဖွယ်ကမ်းဖွယ်ဖြစ်သော ပုဏ္ဏဝမုနအမည်ရှိသော များစွာ အဖိုးထိုက်တန်သော အဝတ်ပုဆိုး ရွှေငွေအသပြာတို့ကိုပေး၍ "အမောင်၏ အရှင်ဖြစ်သော ဒီဃာဘယ မင်းသားထံသို့ ပြန်တော့" ဟု လွှတ်လိုက်၏။

နိမိလလည်း ပုဏ္ဏားပေးလိုက်သမျှကိုယူ၍ နေမွန်းတည့်အခါက လာခဲ့သည်။ ညဦးသုံးချက်မတီးမီပင် ကစ္ဆကဆိပ်သို့ ရောက်၍ မင်းသားအား ဆက်သတည်း။ မင်းသားလည်း အလွန်နှစ်သက်သည်ဖြစ်၍ ထိုနိမိလကို တစ်ထောင်မျှသော ရတနာဖြင့် တန်ဆာဆင်စေ၍ တစ်ထောင်သော ရိက္ခာကိုပေး၍ မြှောက်စား၏။ တစ်ပါးသော မင်းခယောကျ်ားတို့ ငြူစူစကားဆိုသည်ကို ကြားလေလျှင် ထိုသူတို့ကို နိမိလအား ချေးတွန်းခြင်း၊ အဝတ်ဖွပ်ခြင်းကို ပြုစေ၏။ ဒီဃာဘယမင်းသားသည် မိမိသုံးဆောင်သော အဖိုးများစွာထိုက်သော အိပ်ရာ၊ နေရာ၊ အဝတ်ပုဆိုးတို့ကို အသပြာတစ်သောင်းနှင့်တကွ ပေး၏။

ထိုနိမိလလည်း ရသမျှသောဥစ္စာကို ငါ၏မိဘအား ကျေးဇူးဆပ်သင့်ပေသည်ဟု နှလုံးပြုလျက် ထိုနေ့ညဦးပင် မိဘရွာသို့သွား၍ အမိအား တစ်သောင်း၊ အဖအား အိပ်ရာကို လက်ဆောင်ပေးပြီးမှ နံနက်ထ၍ ကစ္ဆကဆိပ်သို့ ပြန်လာ၍ အရုဏ်မတက်မီ ရောက်၏။ မင်းသားလည်း ထိုအကြောင်းကိုသိလျှင် အလွန်ဝမ်းမြောက်လျက် ကျေးမက်၊ ရွာပြည်အခြံအရံနှင့်တကွ တစ်သောင်းမျှသော ဥစ္စာကိုပေး၍ ခမည်းတော် ကာကဝဏ္ဏတိဿမင်းကြီးထံသို့ ပို့ပေ၏။ မင်းကြီးလည်း "သူရနိမိလ" ဟူသော အမည်ကို ဘွဲ့ပေး၍ သားတော် ဂါမဏိမင်းအား အပ်နှင်းတော်မူ၏။

**"မဟာသောဏ"** သူရဲအကြောင်းကား၊ ကုဋမ္ဗရိကဏ္ဏိကအရပ်၌ ဟုန္နရိဝါပိ မည်သော ရွာသည်ရှိ၏။ ထိုရွာ၌ သူကြီးပြုလုပ်သော တိဿသူကြွယ်အား သားရှစ်ယောက်တို့သည် ရှိကုန်၏။ ထိုရှစ်ယောက်တို့တွင် အငယ်ဆုံးဖြစ်သော သားသည် သောဏအမည်ရှိ၏။ ထိုသောဏသည် ငါးနှစ်ရွယ်ငယ်သောကာလကပင် ထန်းပင် အုန်းပင်ငယ်တို့ကို နုတ်နိုင်၏။ ဆယ်နှစ်ရှိသောအခါ ကြီးစွာသော ခွန်အားရှိသည်ဖြစ်၍ ထန်းပင် အုန်းပင်ကြီးတို့ကို နုတ်နိုင်၏။ တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ ဆင်ပြောင်ဆယ်စီးအားကို ဆောင်နိုင်သည်ဖြစ်၍ ကျော်စောထင်ရှား၏။ ကာကဝဏ္ဏတိဿမင်းကြီး ကြားသိတော်မူလျှင် ခေါ်ဆောင်၍ တစ်ထောင်သော ရိက္ခာနှင့် မြို့ရွာကံကျေးပေး၍ သားတော် ဂါမဏိမင်းအား ဆောင်နှင်းပေ၏။

**"ဂောဌယိမ္ဗရ"** ၏ အကြောင်းကား ဂိရိ မဏ္ဍလိကမည်သော ဇနပုဒ်၏ နိဋ္ဌေလဝိဋ္ဌိက မည်သောရွာ၌ မဟာနဂမည်သော သူကြီးတွင် သားခုနစ်ယောက်ရှိသတည်း။ အငယ်ဆုံးဖြစ်သော သားသည် ပုသောကွသော ကိုယ်ရှိ၏။ ပျင်းလည်းပျင်း၏။ ထို့ကြောင့် ဂောဌကဟူသောအမည်ကို မှည့်၏။ စွမ်းအင်မှုကား ဆင်ဆယ်စီးအားကို ဆောင်နိုင်၏။ အစ်ကိုခြောက်ယောက်တို့သည် ပဲကြီးခင်းအလို့ငှာ ယာထွန်ကြကုန်သော် အဖော်မရသည်ဖြစ်၍ ထိုညီငယ်အား ပြက်ရယ်စကားများစွာ ဆိုကြကုန်၏။ ဆိုဖန်များသော် "အစ်ကိုတို့၊ ကျွန်ုပ်တာဝန်ကို ထားကြပါ၊ ကျွန်ုပ် လုပ်ကိုင်မည်" ဟု ဆို၏။

အစ်ကိုတို့လည်း တည်ပင်၊ ယင်းတိုက်ပင် စသည်တို့များရာ ကျယ်စွာသောဌာနကိုထား၍ မိမိတို့အား ထိုက်သောအရပ်ကို အသီးသီး ပြုပြင်ပြီးသော် "ငကွ၊ သင်၏အဖို့သာ ကျန်တော့သည်၊ သွား၍ ခုတ်ထွင်လော့" ဟု ဆို၏။ ထိုအခါ ဂောဌကလည်း လျင်စွာ သွား၍ ထားသောအရပ်၌ တည်ပင် စသည်တို့ကို ဆွဲကာ ဆွဲကာနုတ်၍ မြေညီညွတ်ပြီးမှ အိမ်သို့ပြန်လာ၏။ အစ်ကိုခြောက်ယောက်တို့လည်း ထိုဂောဌက၏ အံ့ဖွယ်သရဲဖြစ်သော အပြုအမူကိုမြင်လျှင် ရင်သပ်လက်တီးချီးမွမ်းကြကုန်လျက် ငါ့ညီသည် ဤအရပ်၌ လည်းကောင်း၊ ဆင်းရဲသားအမှုနှင့် လည်းကောင်း မတန်ချေ မင်းခစားပြုရသော် လျင်စွာ သူကောင်းဖြစ်ရာ၏ဟု ဆိုကြကုန်၏။ ထိုသို့တည်ပင်ကို နုတ်နိုင်သော စွမ်းပကားကြောင့် "ဂောဌယိမ္ဗရ" ဟူသော အမည်သည် ဖြစ်၏။ ထိုအကြောင်းကို ကာကဝဏ္ဏတိဿမင်းကြီး ကြားသိတော်မူလျှင် ထိုသူကို ခေါ်ဆောင်၍ တစ်ထောင်သော ရိက္ခာကိုလည်းကောင်း၊ မြို့ရွာကံကျေးကို လည်းကောင်း ပေး၍ သားတော် ဂါမဏိမင်းအား ဆောင်နှင်းပေ၏။

www.burmeseclassic.com

www.burmeseclassic.com



**"အဘယသူရဲ"** ၏ အကြောင်းကား ကောဋတောင်၏အနီး ကတ္တိရွာကြီး၌ အုပ်ချုပ်၍နေသော ရောဟဏမည်သော သူကြွယ်သည်ရှိ၏။ ထိုသူကြွယ်၏သားသည် အဘယအမည်ရှိ၏။ ထိုအဘယသည် တစ်ဆယ့်နှစ်နှစ်ရွယ်ကပင် လူလေးယောက်, ငါးယောက်, ချိကြွလောက်သော ကျောက်ခဲ ကျောက်ဖျာတို့ကို ခုံညင်းကဲ့သို့ ထိုး၍ ထိုး၍ ပစ်လွှင့်သောအားဖြင့် ကစား၏။ တစ်ဆယ့်ခြောက်နှစ်ရှိသောအခါ အဘယသူကြွယ်က ဘေးအန္တရာယ်ကို တားစိမ့်သောငှာ အလျားတစ်ဆယ့်ခြောက်တောင်ရှည်သော သုံးဆယ့်ရှစ်လက်သစ် လုံးပတ်ရှိသော ရှားနှစ်ဆောက်ပုတ်ကို ပြုလုပ်၍ ပေး၏။ အဘယလုလင်သည် ထိုဆောက်ပုတ်ဖြင့် အုန်းပင် ထန်းပင်တို့ကို ရိုက်ခတ်၍ ဖြတ်နိုင် လှဲနိုင်သတည်း။ မိဘတို့ကလည်း ငါတို့သားသည် အားအင်ကြီးလှသည်၊ မင်းစိုးတို့သိလျှင် အန္တရာယ်ပြုလေတော့မည်ဟု စိုးရိမ်၍ သားကို နားချပြီးလျှင် အစဉ်ကိုးကွယ်ထားသော *မဟာသုမနထေရ်၏ အထံ၌ သာမဏေပြု၍ နေစေ၏။

ထိုသာမဏေသည် ဇောဓိပင်ကို လည်းကောင်း, ကျောင်းအရံဖြစ်သော ထန်းပင်၊ အုန်းပင်တို့ကို လည်းကောင်း ရေလောင်း၍ ကျောင်းပရိက်ကဲတို့ကို အလွန်ရွက်ဆောင်၏။ တစ်ရံသောအခါ ကောဋတိမ္ဗရသည် မိမိအခြံအရံနှင့်တကွ မိဘရှိရာသို့ လာလတ်သော် ထိုကောဋတောင်ကျောင်းအရပ်သို့ရောက်၍ ကျောင်းအရံတွင်းဝယ် ထမင်းအဖျော်စားသောက်ပြီးမှ အုန်းပင်တို့၏ အသီးကိုမြင်လျှင် နောက်တွင်ပါသော လူတို့အား စားစေလိုရကား လှုပ်ကာလှုပ်ကာချ၍ ပေး၏။ အုန်းပင်အချို့လည်း ကျိုး၍ကျလေ၏။ စားသောက်ပြီးမှ တစ်ခုသော သစ်ပင်ရင်းတွင် အိပ်၍နေ၏။

အဘယသာမဏေသည် ဆွမ်းခံရာမှ ပြန်လာ၍မြင်သော် "ဤအုန်းပင်တို့ကို အသူဖျက်သနည်း" ဟု မေး၏။ ကာကဝဏ္ဏတိဿမင်း၏ သူရဲကောင်းဖြစ်သော ကောဋတိမ္ဗရသည် လှုပ်ချသည်နှင့် ကျိုးကြောင်းကိုဆိုလျှင် ဤငကြွသည် မိမိစွမ်းအင်ကိုသာ စွမ်းအင်မှတ်သည် သူတထူး အစွမ်းကို မမြင်ဖူးရှာလေ။ ယခု သိစေအံ့ဟုဆို၍ အိပ်နေရာ၌ ခြေမကို မိမိခြေနှင့် ညှပ်ပြီးသော ပတ်ပတ်လည်အောင် ဝင့်၏။ ကောဋတိမ္ဗရသည် အားပြု၍ထပါသော်လည်း မထနိုင်၊ ထိုသာမဏေ လျှော့သောအခါ အဘယာတမရှိဘဲ "အရှင်ဘုရား၊ အကျွန်ုပ် အားကြီးမားလှသောကြောင့် အတုမရနိုင်ဟု ထင်ပေသည်။ အရှင်နှင့်တွေ့ပြန်မှ ငါ့အဖော်ရှိပြန်ပေသည်၊ ဝမ်းမြောက်ပါသည်" ဟု အသာအယာ ပြောဟောကြပြီးလျှင် သို့စင်သောအစွမ်းနှင့် ပြည့်စုံပါလျက်၊ သာမဏေပြု၍ ဘယ့်ကြောင့်နေသနည်း။ ကာကဝဏ္ဏတိဿ မင်းကြီးထံလာ၍ အမှုထမ်းပါလျှင် ငါတို့ကဲ့သို့ သူကောင်းဖြစ်အံ့ဟု ဆို၏။

"ငကြွ၊ ငါကားမင်းပေးချမ်းသာကို ဘယ်မှာလိုအံ့နည်း၊ ငါတို့မိဘတွင်ပင် ရွှေငွေရတနာသည် များစွာရှိ၏" ဟု ဆိုလျှင် "ကိုယ်တော်တို့မှာ သာသနာတော်ကို မချီးမြှောက်လျှင် ဘယ်သူ ချီးမြှောက်တော့အံ့နည်း။ ယခုအခါ မိစ္ဆာဒိဋ္ဌိဖြစ်သော ကျေးကုလားတို့ ဘုရားကျောင်းကို ဖျက်၍ မင်းပြုကြသည်ကို မမြင်ပါသလော" ဟု မေး၏။ သာမဏေသည် ဤအကြောင်းကို ဆင်ခြင်၍ အမှုထမ်းချင်စိတ် ရှိသေး၏ဟု ဆို၏။ ထိုစကားကို ကောဋတိမ္ဗရသည် မိဘထံသို့ သွား၍ ပြန်သောအခါ ကာကဝဏ္ဏတိဿ မင်းကြီးအားအကြောင်းကို လျှောက်ထား၏။ မင်းကြီးလည်း သာမဏေကိုခေါ်၍ လူပြုစေပြီးသော် တန်းဆာတစ်ထောင် ရိက္ခာတစ်ထောင်နှင့်တကွ မြို့ရွာကံကျေးပေး၍ သားတော်ဂါမဏိမင်းအား ဆောင်နှင်းပေ၏။ အဘယသူကြွယ်ကား မဟာသုမနထေရ်၏ အလုပ်အကျွေးဖြစ်၍ တစ်နေ့မပြတ် ကျောင်းသို့ဆည်းကပ်၍ တရားတော်ကို နာရာတွင် တစ်ရံသောအခါ၌ သောတာပတ္တိဖိုလ်သို့ရောက်၍ လူချမ်းသာ၌ ပြင်းစွာသော သံဝေဂရှိရကား များစွာသော စည်းစိမ်ဘဏ္ဍာတို့ကို သားအား ဆောင်နှင်းခဲ့၍ မဟာသုမနထေရ်ထံ၌ ရဟန်းပြုလေသဖြင့် မရှည်မြင့်မီပင် ရဟန္တာဖြစ်လေ၏။ ထို့ကြောင့် အဘယသူရဲကို "ထေရပုတ္တာဘယ" ဟု ခေါ်ဆိုကြကုန်၏။

**"ဘရဏသူရဲ"** ၏ အကြောင်းကား ကပ္ပကန္ဒရ ရွာ၌ ကုမာရမည်သော သူ၏သားသည် ဘရဏအမည်ရှိ၏။ ထိုဘရဏသည် တစ်ဆယ့်နှစ်နှစ်အရွယ်ကပင် သူငယ်တို့နှင့်တောသို့ လှည့်လည်၍ ယုန်လိုက်ကြသော် များစွာသော ယုန်တို့ကို အမိလိုက်၍ ခြေဖြင့်မတ်လျက် နှစ်ပိုင်းပြတ်၍ သေစေ၏။ လိုက်လိုက်သမျှသော သတ္တဝါသည် လွတ်ရသည်မရှိ မိလေသည်သာတည်း။ တစ်ဆယ့်ခြောက်နှစ်သို့ ရောက်သောအခါ ရွာသားတို့နှင့် တောတို့ လှည့်လည်၍ သမင်သား ငါးလိုက်ကြကုန်သော် ဆိုင် ပြောင် ကြံ့ ဝက်တို့ကို တွေ့လျှင် ရုတ်ခြည်းဝင်၍ ဦးချိုနားရွက်ကို ကိုင်

* "မဟာသုမန" ဟု (ရသဝါဟိနီ-၉၅) မဟာသုမ္မ-မဟာသုမ (မဟာဝံသပါဠိ-ပေမူ-သီဟိုဠ်မူ)

www.burmeseclassic.com



ပြီးလျှင် လက်သီးနှင့်ထိုး၍သော်လည်း သေစေသည်။ မြေမှာရိုက်၍သော်လည်း သေစေသည်။ သမင်၊ ဒရယ်တို့ကိုကား ခုန်လွှား၍ ခြေနှင့် ခတ်လေသဖြင့် အပိုင်းပိုင်းပြတ်စေသတည်း။ ဆင်ပြောင်ဆင်စီး အားကိုဆောင်နိုင်သော အစွမ်းရှိသတည်း။ ထို့ကြောင့် ဘရဏသူရဲဟု ကျော်စောထင်ရှား၏။ ကာကဝဏ္ဏတိဿမင်းကြီး ကြားသိတော်မူလေလျှင် တန်းဆာတစ်ထောင် ရိက္ခာတစ်ထောင်နှင့်တကွ စည်းစိမ်အခြံအရံကိုပေး၍ သားတော် ဂါမဏိမင်းအား ဆောင်နှင်းပေ၏။

**"ဝေဠုသုမန"** အကြောင်းကား ဂိရိဇနပုဒ်* ကုဋိယဂ်နရွာ၌ အလွန် သူတော်ကောင်းသော ဝသဘမည်သော သူကြွယ်သည်ရှိ၏။ ထိုသူကြွယ်၏ မယားဝယ် သားဖွားသောနေ့၌ သူကြွယ်၏မိတ်ဆွေဖြစ်သော ဝေဠုဇနပုဒ်သားသည် လည်းကောင်း, ဂိရိရွာစားဖြစ်သော သုမနသူကြီးသည် လည်းကောင်း ပေးဖွယ် ကမ်းဖွယ်နှင့်တကွ ရောက်လာသတည်း။ ထိုကိုအကြောင်းပြု၍ သားကို ဝေဠုသုမနဟု အမည်မှည့်၏။ ထိုသူငယ်သည် သွင်ပြင်လည်း လျောက်ပတ် အားလည်း ကြီးမြတ်ရကား ဂိရိရွာစားသည် ယူ၍ မိမိအိမ်၌ နေစေ၏။ ထိုရွာစား၏အိမ်၌လည်း ကြီးမားချောမောလှသော သိန္ဓောမြင်းတစ်စီးသည် မည်သူ၏အစီးကိုမျှ မခံဘဲရှိ၏။ ဝေဠုသုမနအရွယ်သို့ ရောက်သောအခါ ရွာစားကလည်း ငါ၏မြင်းကို သင်စီးစမ်းလော့ဟုဆို၏။

ထိုဝေဠုသုမနလည်း သိန္ဓောမြင်းကို စီးလေ၏။ မြင်ကတည်း ငါ၏အရှင်ဖြစ်ထိုက်သူကား ဤသူငယ်တည်းဟု နှလုံးထား၍ အားရဝမ်းသာရယ်ပြီးလျှင် မြင်းတင်းကုပ်ကြီးကို လှည့်လည်လေသည်။ ညဦးအခါ၌ လျှင်စွာဝင့်သော မီးအစဉ်ကဲ့သို့ အလျှဉ်မပြတ်မှု၍ ထင်၏။ ထို့နောက်မှ ရွာကိုလှည့်၍ စီးပြန်သော် လျှပ်လျှပ်ပြေးသကဲ့သို့ ဖြစ်၏။ ဝေဠုသုမနလည်း ထိုမြင်း၏ ကျောက်ကုန်းထက်၌ ရပ်၍လည်းကောင်း, ထ၍လည်းကောင်း, ဦးပေါင်းပေါင်း၍လည်းကောင်း, ပုဆိုးဝတ်၍ လည်းကောင်း လိုက်၏။ ခပ်သိမ်းသော လူပရိသတ်တို့ မြင်ကြသော် ကြွေးကြော် ချီးမြှောက်ကြသော အသံသည် မိုးယံအပြင်၌ ပဲ့တင်တပ်မျှရှိ၏။ ဂိရိရွာစားကလည်း ဤသူကား မင်းကြီးအား လျောက်ပတ်သော သူပေတည်းဟု နှလုံးပြု၍ ကာကဝဏ္ဏတိဿမင်းကြီးအား ဆက်ပေ၏။ မင်းကြီးလည်း တန်ဆာတစ်ထောင်ရိက္ခာ တစ်ထောင်သောသပြာနှင့်တကွ မြို့ရွာ ကံကျေးပေး၍ သားတော် ဂါမဏိမင်းအား ဆောင်နှင်းပေ၏။

**"ခဉ္စဒေဝ"** အကြောင်းကား နကုလနဂရကွာ ဇနပုဒ် မဟိန္ဒဒေါဏိကအမည်ရှိသော ရွာ၌ အဘယသူကြွယ်အား သားသုံးယောက်ရှိသည်တွင် အထွေးဆုံးဖြစ်သော သားသည် ဒေဝအမည်ရှိ၏။ ထိုဒေဝသည် စဉ်းငယ်ခွင်သော သဘောရှိရကား ခဉ္စဒေဝဟု ခေါ်ဝေါ်ကြကုန်၏။ ထိုခဉ္စဒေဝသည် တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ ကြီးစွာသောအားရှိသည်ဖြစ်၍ ဆင်ပြောင်ဆယ်စီးအားကို ဆောင်နိုင်၏။ တစ်ရံသောအခါ ရွာသားတို့နှင့် အတူတကွ သမင်တောသို့ သွားကြလေသော် စိုင်ကြီး ကျွဲကြီးတို့ကိုမြင်လျှင် အစဉ်လိုက်၍ ပြေး၍ ကျွဲ၏ခြေနှစ်ဖက်ကို လက်ဖြင့်ကိုင်၍ မြှောက်ပြီးသော် ခုံညင်းဒိုးကဲ့သို့ ကောင်းကင်သို့ ထိုးမြှောက်၍ ပစ်လိုက်၏။ ကျ၍သေသောအခါမှ ထိုအသားကိုယူ၏။ အချို့သောကျွဲတို့ကိုလည်း ဦးချိုတို့ကို ကိုင်၍ လှဲပြီးလျှင် မြေ၌ပုတ်ခတ်၍ မှုန့်မှုန့်ညက်ညက်ကြေစေ၏။ ထိုအကြောင်းကို ကာကဝဏ္ဏတိဿမင်းကြီး ကြားသိလေသော် အထံတော်သို့ခေါ်ဆောင်၍ တစ်ထောင်သော ရိက္ခာနှင့်တကွ မြို့ရွာကံကျေးပေး၍ မြှောက်စားပြီးမှ သားတော် ဂါမဏိမင်းအား ဆောင်နှင်းပေ၏။

**"ဖုဿဒေဝ"** ၏အကြောင်းကား စိတ္တလတောင်၏ အနီး၌ သဃကပိဋ္ဌမည်သော ရွာသည်ရှိ၏။ ထိုရွာ၌ ဥပ္ပလမည်သော သူ၏သားသည် ဖုဿဒေဝအမည်ရှိ၏။ ထိုဖုဿဒေဝသည် တစ်ဆယ့်နှစ်နှစ်ရွယ်ကပင် သူငယ်တို့နှင့်တကွ ကျောင်းသို့သွား၍ ဗောဓိပင်၌ ပူဇော်၍ထားသော ခရုသင်းကိုယူ၍ အားကုန်ထုတ်သဖြင့် မှုတ်သော် ထိုခရုသင်းသံသည် မိုးကြိုးထစ်သကဲ့သို့ဖြစ်၍ အလုံးစုံသော လူငယ်တို့သည် အလန့်တကြား ရူးသကဲ့သို့ လည်းကောင်း, မိန်းမောသကဲ့သို့ လည်းကောင်း ဖြစ်၏။ ထို့ကြောင့် ဖုဿဒေဝကို ဥမ္မာဒဖုဿဒေဝဟု သမုတ်ကြကုန်၏။ ဤဖုဿဒေဝကို အဖဖြစ်သော ဥပ္ပလသူကြီးသည် အမျိုးအနွယ်မှလာသော လေးအတတ်ကို သင်စေသော် လွန်စွာ တတ်မြောက်၏။ အသံဖြင့် မှန်အောင်ပင် ပစ်နိုင်သော သဒ္ဒဝေဓိ အတတ်ကို လည်းကောင်း, လျှပ်စစ်ရောင်ဖြင့် မှန်အောင်ပစ်နိုင်သော ဝိဇ္ဇုဝေဓိအတတ်ကို လည်းကောင်း သားမြီးကို မှန်အောင်ပစ်နိုင်သော ဝါဠဝေဓိအတတ်ကို လည်းကောင်း, ရှေ့မြားကို နောက်မြားဖြင့်မှန်အောင် ပစ်နိုင်သော သရဝေဓိအတတ်ကိုလည်းကောင်း တတ်မြောက်၏။ သဲအပြည့်တင်သောလှည်းကို ထွင်းအောင်ပစ်ခြင်း, အထပ်ထူသော သားရေကို ထွင်းအောင်ပစ်ခြင်း, ရှစ်သစ်ထူသော ပိတောက်နှစ်

* ကုဋိယဂ်န–ဟု အချို့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကို ထွင်းအောင်ပစ်ခြင်း, တစ်ဆယ့်ခြောက်သစ်ထုသော ရေသဖန်းပျဉ်ကို ထွင်းအောင်ပစ်ခြင်း, လက်နှစ်သစ်ထုသောသံပြား လက်လေးသစ်ထုသော ကြေးနီပြားကို ထွင်းအောင်ပစ်ခြင်းငှာလည်း စွမ်းနိုင်၏။ ကုန်းကြည်း၌ မြားကို လွှတ်သည်ရှိသော် တစ်ဥသဘတိုင်သွား၏။ ရေ၌လွှတ်သော် တစ်ဥသဘတိုင်အောင် သွား၏။ ထိုဖုဿဒေဝ၏ အကြောင်းကို ကာကဝဏ္ဏတိဿမင်းကြီး ကြားသော် ခေါ်တော်မူ၍ တန်ဆာရိက္ခာ သပြာတစ်ထောင်စီ ပေးပြီးမှ ဂါမဏိမင်းသား၏အထံ၌ နေစေ၏။

**"ဝသဘသူရဲ"** အကြောင်းကား တုလာဓာရတောင်၏အနီးဖြစ်သော ဝိဟာရပေါ်ပိရွာ၌ မတ္တမည်သော သူကြွယ်အား ဝသဘမည်သော သားသည် ရှိ၏။ ထိုသားသည် တင့်တယ်ရှုချင်ဖွယ်သော ကိုယ်အင်္ဂါရှိရကား လဘိယျဝသဘဟူ၍ ခေါ်ကြကုန်၏။ ထိုဝသဘသည် အသက်နှစ်ဆယ်ရှယ်ရှိသောအခါ ကြီးစွာသော ကာယဗလရှိ၏။ မိမိတို့ လယ်လုပ်ရာ၌ ရေမလောက်သောအခါ ရေသွင်းစရာအလို့ငှာ ကျယ်စွာသော ရေကန်ကိုပြုကြသော် ထိုဝသဘသည် မိမိနှင့် သက်ရွယ်တူသော လူတစ်ကျိပ် နှစ်ကျိပ်တို့နှင့်ပြိုင်၍ မြေစိုင် မြေခဲတို့ကို ရွက်ဆောင်ကာ လျင်စွာရေကန်ကိုပြု၏။ ထိုအမှုဖြင့် ထက်ဝန်းကျင် ထင်ရှားလေရကား ကာကဝဏ္ဏတိဿမင်းကြီး ကြားလေသော် ထိုဝသဘကိုခေါ်၍ ချီးမြှောက်တော် မူမြဲဖြစ်သော တန်းဆာရိက္ခာကိုပေး၍ သားတော် ဂါမဏိအား အပ်နှင်းပေ၏။

ကာကဝဏ္ဏတိဿကြီးမင်းသည် ဤတစ်ကျိပ်သော သူရဲကြီးတို့အား သင်တို့ကဲ့သို့ အားခွန်ကြီးသော ရဲရင့်သော သူတို့ကိုထောက်လျှင် တစ်ကျိပ်တစ်ကျိပ်စီရှာဦး၊ ငါ ရိက္ခာကို ကျွေးပေးမည်ဆို၍ ရှာစေသော် မင်းအာဏာအတိုင်း တစ်ကျိပ်စီပင် ရပြန်သဖြင့် တစ်ရာနှင့် တစ်ကျိပ် ဖြစ်လေ၏။ ထိုသူရဲတို့အားလည်း တစ်ယောက်လျှင် တစ်ကျိပ်ရအောင် ရှာဦးဆို၍ ရှာစေပြန်သဖြင့် တစ်ကျိပ်စီ ရလေရကား သူရဲပေါင်း တစ်သောင်းတစ်ထောင်တစ်ရာတစ်ကျိပ်တို့သည် ပေါင်းရုံးမိလေကုန်၏။ ထိုမျှလောက် သူရဲကောင်းတို့လည်း သားတော်ဂါမဏိမင်းအား ခြံရံလျက် နေစေကုန်၏။

**သူတော်ကောင်းတို့အား (ပ) "ပဋ္ဌပသေါရဝံသ" အမည်ရှိသော မဟာဝံသကျမ်း၌ (၁၀၂) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော "ယောဓလာဘ" အမည်ရှိသော ဆောဠသတိမ အပိုင်းအခန်းကား ပြီး၏။**

---

# ဒွေဘာတိကယုဒ္ဓကဏ္ဍ
# စတုဝီသတိမပိုင်း

## ဒုဋ္ဌဂါမဏိ မင်းညီနောင်တို့ စစ်ထိုးကြခြင်း

### ဂါမဏိနှင့် တိဿ

ဂါမဏိမင်းသားလည်း ထိုသူရဲအပေါင်းတို့နှင့်တကွ ဆင်စီး မြင်းစီး အတတ်, လေးပစ် လှံထိုးအတတ်တို့ကို သာ လေ့လာလျက် မဟာဂါမ၌ နေရသတည်း။ ညီတော် တိဿ မင်းသားကိုကား ခမည်းတော် ကာကဝဏ္ဏတိဿ မင်းကြီးက ဇနပုဒ်ကို စောင့်ရှောက်စိမ့်သောငှာ သင့်လျော်သော ဒိဃဝါပိရွာ၌ ဗိုလ်ပါရဲမက်နှင့်တကွ ဒိဃဝါပိအရပ်၌ အုပ်ကွပ်၍ နေစေသတည်း။

### စစ်တိုက်ခွင့်မရ

ဂါမဏိမင်းသားလည်း မိမိ၏ ဗိုလ်ပါအင်အား ပြည့်စုံသည်ကို မြင်သဖြင့် ကျေးမင်းတို့နှင့် စစ်ထိုးချင်သော အကြံဖြစ်ရကား ခမည်းတော် ကာကဝဏ္ဏတိဿ မင်းကြီးအား ကြားလျှောက်ခွင့် တောင်း၏။ မင်းကြီးကလည်း သားကို စောင့်ရှောက်ခြင်းငှာ "ချစ်သား ဂါမဏိ၊ ငါတို့၏ ရှေးကောင်းမှု အစွမ်းဖြင့် အုပ်လွှမ်းစိုးမိုးရသော ဂင်္ဂါ၏ ဤမှာဘက် နယ်ပယ်မျှဖြင့် စိတ်ပြေလောက်ပါပြီ။ ထိုမှာဘက်သို့သွား၍ စစ်မထိုးလေလင့်" ဟု တားမြစ်၏။ မင်းသားလည်း တစ်ဖန် ထပ်မံ၍ ခွင့်တောင်း၏။ ခမည်းတော်လည်း သုံးကြိမ်မြောက်အောင် ခွင့်မပြုဘဲ မြစ်တားတော်မူသလျှင်ကတည်း။

### ခမည်းတော်အား ပြစ်မှားခြင်း

ထိုအခါ ဂါမဏိမင်းသားက ငါ့ခမည်းတော်သည် ယောကျ်ားမှန်က ဤသို့သောစကားကို မဆိုရာ၊ မိန်းမတို့၏ ဆင်ဝတ်ရာ တန်ဆာ ဝတ်စားတို့ကို သွား၍ ဆက်ချေလော့ဆို၍ ထဘီ, တဘက်, စသော မိန်းမတို့၏ တန်ဆာကို ဆက်စေ၏။ ထိုအခါ ကာကဝဏ္ဏတိဿမင်းလည်း အမျက်ထွက်၍ ငါကဲ့သို့သော ဖခင်ကို ပြစ်မှားသည်၊ ရွှေခြေကျင်းဖြင့် ဖွဲ့၍ထားမှ သင့်မည်ဆို၍ ရွှေခြေကျင်းတို့ကို လုပ်စေ၏။ မင်းသားလည်း ခမည်းတော်အား ကြောက်ရွံ့သည်ဖြစ်၍ အတန်ငယ်သော ကျေးကျွန်တို့ကို ခေါ်ပြီးလျှင် မလယမည်သော ဇနပုဒ်သို့ ပြေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဒုဋ္ဌဂါမဏိ

ထိုအခါမှစ၍ ခမည်းတော်အပေါ်၌ ဆိုးသွမ်းပြစ်မှားသောကြောင့် မင်းသားကို "ဒုဋ္ဌဂါမဏိ" ဟု ခေါ်ကြကုန်၏။

## သစ္စာပြုစေခြင်း

ကာကဝဏ္ဏတိဿမင်းကြီးလည်း မဟာနုဂ္ဂလမည်သော စေတီတော်ကိုတည်၍ ပြီးမြောက်သောအခါ စိတ္တလတောင်၌ နေတော်မူသော ရဟန်းတစ်သောင်းနှစ်ထောင်, ထိုထိုသော အရပ်၌နေသော ရဟန်းတော်တစ်သောင်းနှစ်ထောင်အားဖြင့်နှစ်သောင်းလေးထောင်သော ရဟန်းတို့ကို စည်းဝေးစေ၍ ပရိက္ခရာ ရှစ်ပါးတို့ဖြင့် လှူဒါန်းပြီးလျှင် စေတီတော် ပူဇော်ကုန်ပြီးသော် သူရဲကြီးတို့ကိုခေါ်၍ စည်းဝေးစေပြီးမှ သံဃာတော်တို့၏ ရှေ့၌ ဤသို့သော သစ္စာကို ပြုစေကုန်၏။ "ငါ၏ သားနှစ်ယောက်တို့သည် တစ်စုံတစ်ခုသော အကြောင်းကြောင့် ခိုက်ရန်ဖြစ်ခဲ့သော် သင်သူရဲကြီးတို့သည် တစ်ဦးတစ်ဦး၏ဘက်က ကူညီ၍ မလိုက်ပါကုန်လင့်၊ အကယ်၍ လိုက်သည်ဖြစ်အံ့ သင်တို့အား ငါ ပေးကျွေးသမျှသော ရိက္ခာသည် အဆိပ်ဖြစ်၍ လတ်တလော သေစေသောဟု သစ္စာပြုကုန်လော့" ဟု ဆိုတော်မူ၏။ သူရဲကြီးတို့ကလည်း မင်းအမိန့်အတိုင်းပင် ကျိန်ဆိုကာ သစ္စာပြုကြ၏။

## ကာကဝဏ္ဏတိဿမင်းကြီးနတ်ရွာစံခြင်း

ကာကဝဏ္ဏတိဿ မင်းကြီးသည်လည်း ခြောက်ဆယ့်လေးရပ်သော ကျောင်းကြီး စေတီကြီးတို့ကိုလည်း ပြုစုတည်ထား၍ သက်တော်ခြောက်ဆယ့်လေးနှစ် ရှိသောအခါ ကိုယ်တွင်းရောဂါဖြင့် ကြမ္မာကုန်တော်မူ၏။ ထိုအခါ ဝိဟာရဒေဝီမိဖုရားလည်း မင်းကြီးအလောင်းကို ဖုံးလွှမ်းပြီးသော် ယာဉ်ရထားဖြင့် ဆောင်၍ တိဿ ကျောင်းကြီး၌ ထားပြီးလျှင် သံဃာတော်တို့အား တရားအလှည့်အလှည့် ဟောစေ၏။

## တိဿမင်း

ဒီဃဝါပိ အရပ်၌နေသော တိဿမင်းသားသည် ထိုအကြောင်းကို ကြားလေလျှင် လျင်စွာလာ၍ ခမည်းတော်၏ အလောင်းကို ကောင်းမွန် ရှိသေစွာ သင်္ဂြိုဟ်ပြီးမှ မယ်တော် ဝိဟာရဒေဝီကို လည်းကောင်း, ကဏ္ဍုလ ဆင်တော်ကို လည်းကောင်း ယူ၍ နောင်တော်အား ကြောက်သောကြောင့် မိမိ၏နေရာ မြို့ရွာသို့ လျင်စွာသွား၏။

## ဒုဋ္ဌဂါမဏိမင်း အဘိသိက်ခံခြင်း

အလုံးစုံသော မှူးတော်မတ်တော်တို့လည်း စည်းဝေးကုန်ကြ၍ ခမည်းတော် လွန်သောအကြောင်း၊ အလောင်းတော်ကို ညီတော် တိဿမင်း သင်္ဂြိုဟ်လာကြောင်း, မယ်တော်ကို လည်းကောင်း, ဆင်တော်ကို လည်းကောင်း, ဆောင်သွားကြောင်းများကို သဝဏ်စာရေး၍ ဒုဋ္ဌဂါမဏိမင်းထံသို့ တမန်စေလွှတ်၏။ မင်းသားလည်း ထိုအကြောင်းကိုကြားလျှင် များစွာသော ဗိုလ်ပါနှင့်တကွ ကိုယ်တိုင်လာ၍ မဟာဂါမသို့ရောက်လျှင် ဖခင်၏အရိပ်အရာဖြစ်သော ထီးနန်းကိုသိမ်း၍ အဘိသိက်ခံတော်မူသတည်း။

## ညီနောင် ၂ ဦး ပထမစစ်ပွဲ

အဘိသိက်ခံပြီးလျှင် မယ်တော်ကို လည်းကောင်း၊ ကဏ္ဍုလ ဆင်တော်ကို လည်းကောင်း ပို့လာစိမ့်သောငှာ ညီတော် တိဿ၏ထံသို့ စာတမန်ဖြင့် စေတော်မူ၏။ သုံးကြိမ်တောင်း၍မှ မပို့ဘဲ နေလေလျှင် ဂါမဏိမင်းသည် အမျက်တော်ရှိရကား ညီတော်အား စစ်ထိုးခြင်းငှာ ဆင်မြင်းဗိုလ်ပါနှင့်တကွ ချီလေ၍ စူဠင်္ဂဏိယ အပြင်၌ တပ်ချတော်မူ၏။ ညီတော် တိဿလည်း နောင်တော်ချီလာပြီ ကြားလျှင် ရဲမက်အများနှင့်တကွ ဒီဃဝါပိမှထွက်၍ ထိုစူဠင်္ဂဏိယ အပြင်၌ပင် ရပ်တန့်လျက် စစ်မျက်နှာဆိုင်ကြ၏။

## ဒုဋ္ဌဂါမဏိမင်းပြေးရခြင်း

ယင်းသို့ စစ်ထိုးကြရာတွင် ဒုဋ္ဌဂါမဏိမင်း၏ စစ်သည်တော်တို့သည် တစ်ထောင်မျှလောက် ကျကုန်၍ ဖရိဖရဲ ကွဲပြားလေ၏။ ဒုဋ္ဌဂါမဏိမင်းလည်း ဒီဃထူနိကာမည်သော မြင်းမကိုစီး၍ တိဿအမတ်နှင့်တကွ ဤသုံးယောက်သား ပြေးရ၏။

## တောင်ခြား၍ စစ်တားခြင်း

ညီတော် တိဿလည်း ဆင်စီး၍ နောင်တော်ကို အစဉ်လိုက်လေသော် အဘိညာဉ်ရသော ရဟန်းတို့မြင်လျှင် မင်းညီနောင် နှစ်ပါးတို့ မထိမပါးရစေခြင်းငှာ အကြား၌

www.burmeseclassic.com

www.burmeseclassic.com



ကြီးစွာသောတောင်ကို ဖန်ဆင်း၏။ ညီတော် တိဿလည်း ရဟန်းတို့၏ အမှုတည်းဟုသိ၍ ထိုတောင်ကို မတက်မူ၍ ပြန်လေ၏။ ဒုဋ္ဌဂါမဏိမင်းလည်း တောင်ခြားသည်ကို မြင်လျှင် အရှင်ရဟန်းတို့၏ အစွမ်းပေတည်းဟု သိ၍ ငါ ချမ်းသာခွင့်ရပြီဟု စိတ်ချကာ လာခဲ့သဖြင့် ကပ္ပကန္ဒရမြစ်၏ ဇီဝမာလိဆိပ်သို့ ရောက်သောအခါ တိဿအမတ်ကို ဤသို့ ဆို၏။ "အမောင်တိဿ၊ ငါကား ယမန်နေ့၌ ပွဲတော်မတည်ရသည်ဖြစ်၍ ယနေ့ ဆာမွတ်လှချေပြီ၊ သင် စားဖွယ် ရှာနိုင်အံ့လော" ဟု မေး၏။ တိဿအမတ်လည်း "ကျွန်ုပ်၌ ရွှေခွက်တွင် ထည့်အပ်သော တစ်နပ်စာ ထမင်း ပါပါသေး၏" ဟု ဆို၍ ထမင်းကို ရွှေခွက်ဖြင့်ထည့်၍ ဆက်၏။ မင်းကလည်း "ငါသည် စားဦးကိုမလှူဘဲ စားလေ့မရှိ။ ထို့ကြောင့် ဤထမင်းကို လှူရန်လည်း တစ်ဖို့, ကျွန်, အရှင်, သုံးဦး တစ်ဖို့စီအားဖြင့် လေးဖို့ပြုလော့" ဟု ဆို၏။ တိဿအမတ်လည်း မင်းဆိုတိုင်း လေးစုပြုလျှင် အလှူခံရှင်တို့ကို ကြွေးကြော်ကြလော့ဟု ဆိုပြန်၏။ တိဿအမတ်လည်း မင်းဆိုတိုင်း ကြွေးကြော်လေ၏။

## သပိတ်ပျံ

ထိုအခါ ဒုဋ္ဌဂါမဏိမင်းအား သရဏဂုံ သိက္ခာကို ပေးသော ပိယင်္ဂုကျွန်း၌နေသော ဂေါတမထေရ်သည် ဒိဗ္ဗသောတနားဖြင့် ကြားတော်မူ၍ တပည့်ဖြစ်သော ကုဋုမ္ဗိကတိဿထေရ်အား သင်သွား၍ ဆွမ်းခံချေဟု စေလွှတ်၏။ ထိုမထေရ်လည်း ကောင်းကင်ဖြင့်လာ၍ မင်း၏အနီးမှာ ရပ်ပေ၏။ တိဿအမတ်လည်း ကုဋုမ္ဗိကတိဿထေရ်၏ လက်တော်မှ သပိတ်တော်ကိုယူ၍ မင်းအား အပ်ပေ၏။ မင်းကြီးလည်း အလွန်ဝမ်းမြောက်သည်ဖြစ်၍ လှူရန်ပြုသောအဖို့သာမက မိမိစားရန်အဖို့နှင့်တကွ သပိတ်တော်၌ ထည့်၏။ တိဿအမတ်လည်း မိမိအဖို့ကို ထည့်ပြန်၏။ မြင်း၏အဖို့ကို မြင်းအားပေးသော် မြင်းလည်း မစားမူ၍ လှူလိုသော အခြင်းအရာတို့ကို ပြုရကား ထိုသပိတ်တော် တွင်ပင် ထည့်ရပြန်၏။ သပိတ်၌ ဆွမ်းပြည့်လေသော် မင်းကြီးသည် မိမိကိုယ်တိုင်ယူ၍ မထေရ်မြတ်အား ကပ်ပေ၏။ မထေရ်မြတ်သည်လည်း ကောင်းကင်ခရီးဖြင့် လျင်စွာ လာ၍ ဆရာဖြစ်သော ဂေါတမထေရ်အား ကပ်ပေ၏။ ဂေါတမထေရ်သည်လည်း ဆွမ်းစားဆဲဖြစ်ကုန်သော ရဟန်းငါးရာအား ဝေမျှ၍ ပေးတော်မူ၏။ ထိုရဟန်းတို့၏ ဆွမ်းကြွင်းကိုလည်း သပိတ်တော်၌ ထည့်စေ၍ ပြည့်သောအခါ ဒုဋ္ဌဂါမဏိမင်း၏ အထံသို့ သပိတ်ကို ပစ်လိုက်၏။ သပိတ်တော်သည် ကောင်းကင်ဖြင့် လာသည်ကို တိဿအမတ်မြင်လျှင် ယူငင်၍ မင်းကြီးအား စားစေပြီးမှ မိမိသည်လည်း စား၍ မြင်းမအားလည်း စားစေ၏။ ထမင်းစားပြီးသော် သပိတ်တော်ကိုဆေး၍ မင်းကြီးသည် မိမိခါး၌စီးသော နူးညံ့စွာသော အဝတ်ကို သပိတ်သုတ်ပဝါပြု၍ သပိတ်၌ရစ်ပြီးလျှင် ကောင်းကင်ဖြင့် လွှတ်ပေ၏။

## ညီနောင် ၂ ဦး ဒုတိယစစ်ပွဲ

ဒုဋ္ဌဂါမဏိမင်းလည်း ထိုဇီဝမာလိဆိပ်မှသည် မဟာဂါမသို့ လာခဲ့၍ ရောက်သောအခါ ရဲရင့်စွာသော ဗိုလ်ပါ ခြောက်သောင်းမျှလောက် စည်းကြပ်ပြီးလျှင် စစ်ဆင်ရာသို့ သွားပြန်၍ စစ်၏စည်သံကို ပြု၏။ ညီတော်တိဿမင်းလည်း ကဏ္ဍုလ ဆင်တော်ကိုစီး၍ ခံ၏။ မင်းကြီးလည်း မြင်းမကိုစီး၍ စစ်မျက်နှာဆိုင်ပြီးလျှင် ကဏ္ဍုလဆင်ကို မြင်းမဖြင့် လှည့်ပတ်၏။ ယင်းသို့ လှည့်ပတ်လျက် လက်နက်လွှတ်ခွင့်ကို မမြင်လေလျှင် မြင်းမကို ဆင်ထက်သို့ ခုန်စေ၍ ညီတော်၏ ကျောက်ကုန်းနားသို့ကျအောင် လှံမကို လွှတ်၏။ ကဏ္ဍုလ ဆင်တော်လည်း တိဿမင်းသည် ဆင်စီးခြင်း၌ မလိမ္မာသောကြောင့် မြင်းမသည် ငါ့အပေါ်သို့ ခုန်သည်ကို ငါ ခံရသည်ဟု အမျက်ထွက်၍ တိဿမင်းကို ကျစိမ့်သောငှာ ဆတ်ဆတ်ခါခြင်းကို ပြု၍ တစ်ခုသော သစ်ပင်သို့ကပ်၏။ မင်းသားလည်း သစ်ပင်ကိုဆွဲ၍ နေရလေလျှင် ဆင်တော်သည် မိမိ သခင်ဖြစ်သော ဒုဋ္ဌဂါမဏိမင်းထံသို့ ကပ်လေ၏။ ဤစစ်ပွဲ၌ တိဿမင်းသား၏ စစ်သည်တော်တို့သည် တစ်ထောင်မက ကျကုန်သဖြင့် များစွာသော ဗိုလ်ပါတို့သည် ကွဲပြိုကာ ပြေးလေကုန်၏။

## မဟာထေရ်ကြောင့် သေကံမရောက်

မင်းကြီးလည်း ကဏ္ဍုလ ဆင်တော်ကိုစီး၍ ပြေးလေသော ညီတော်အား လိုက်သော် ညီတော်တိဿ မင်းသားလည်း အလွန်ကြောက်ရကား ကျောင်းသို့ဝင်၍ မထေရ်မြတ်၏ ညောင်စောင်းအောက်၌ အိပ်၍နေ၏။ မဟာထေရ်ကြီးလည်း ထိုညောင်စောင်းကို သင်္ကန်းဖြင့်ဖြန့်၍ အုပ်ထား၏။ မင်းလည်း ကျောင်းသို့ဝင်၍ "အရှင်ဘုရား၊ တိဿသည် အဘယ်မှာနည်း" ဟု မေး၏။ မဟာထေရ်ကလည်း "မင်းကြီး၊ တိဿသည် ညောင်စောင်းထက်၌မရှိ" ဟု ဆို

www.burmeseclassic.com

www.burmeseclassic.com



၏။ မင်းကလည်း ညောင်စောင်းအောက်၌ရှိသည်ဟု သိလျက်ပင် မသိချင်ပြု၍ ထွက်ခဲ့ပြီးသော် ကျောင်း၏ ထက်ဝန်းကျင်၌ အစောင့်အရှောက်ကို ပေးထား၏။ ရဟန်းတော်တို့ကလည်း တိဿမင်းသားကို ညောင်စောင်းထက်၌ အိပ်စေ၍ သင်္ကန်းခြုံလွှမ်းပြီးလျှင် ရဟန်းငယ် လေးဦးတို့အား ညောင်စောင်းခြေကို ကိုင်စေ၍ ရဟန်းသေကို ထုတ်သော အဟန်ဖြင့် ပြင်သို့ ထုတ်ရ၏။ ဒုဋ္ဌဂါမဏိမင်းလည်း ထိုအမူအရာဖြင့် သိတော်မူ၍ "ဟယ်... တေိဿ နင်သည် အမျိုးတို့၏နတ်ဖြစ်သော အရှင်တို့၏ ခေါင်းထက်၌စီး၍ သင် ထွက်သည်တကား၊ ငါသည် ဘိုး-ဘ အစဉ်ဖြင့် သခင်ပြုသော အရှင်မြတ်တို့၏ လက်မှ ဗလက္ကာရမှု၍ ဖမ်းယူခြင်းကိုမပြုပြီ၊ ဤကျေးဇူးကို ထောက်မျှော်၍ အမျိုးတို့၏နတ်ဖြစ်သော သံဃာတော်တို့၏ဂုဏ်ကို တလုံးလဲလဲ အောက်မေ့လော့" ဟု ဆိုလိုက်၏။ မင်းကြီးလည်း ထိုအရပ်မှသွာ၍ မဟာဂါမသို့ ပြန်ခဲ့၏။ မယ်တော်ကိုလည်း ကောင်းစွာ ဆောင်ယူပေ၏။

## ရဟန်းတော်ငါးရာ၏ မေတ္တာရပ်ခံချက်

ညီတော်တိဿမင်းသားလည်း ရဟန်းတို့ထုတ်ဆောင်၍ ပြင်သို့ရောက်သောအခါ မိမိနေရာဖြစ်သော ဒီဃဝါပိအရပ်သို့ ပြေးခဲ့၍ တစ်လခန့်ကြာသောအခါ မင်းသားသည် ဂေါဓဂတ္တတိဿ မထေရ်၏ထံသို့ ကပ်၍ "အရှင်မြတ် အကျွန်ုပ်သည် နောင်တော်အား ပြစ်မှားသည်ကို ကန်တော့လိုပါသည် အရှင်မြတ်တို့ ဆောင်ယူ၍ ပို့တော်မူပါ" ဟု လျှောက်၏။ ထိုအခါ ဂေါဓဂတ္တတိဿမထေရ်လည်း တိဿမင်းသားကို ဝေယျာဝစ္စကရ တပည့်အသွင်ပြုပြီးလျှင် ရဟန်းငါးရာတို့ကိုခေါ်၍ မင်းကြီးထံသို့ သွားလေ၏။ မင်းအိမ်သို့ ရောက်သောအခါ မင်းသားကို နန်းတော် စောင်းတန်းဦး၌ ထားခဲ့၍ သံဃာငါးရာနှင့်တကွ မင်းထံသို့ ဝင်လေ၏။ မင်းကြီးလည်း နေရာကောင်းစွာ၌ နေစေပြီးမှ သုံးတော်မူရန်ဖြစ်သော ယာဂုခဲဖွယ်တို့ကို ဆောင်ခဲ့ပေ၏။ မထေရ်သည် သပိတ်တော်ကို မဖွင့်ဘဲနေ၏။

မင်းကြီးက "အရှင်ဘုရား၊ ဘယ်အကြောင်းကြောင့် သပိတ်ကို မဖွင့်ပါသနည်းဟု" မေးလျှင် "ဒါယကာ မင်းကြီး၊ ညီတော် တိဿသည် မင်းကြီးအား ကန်တော့လိုလှသည်ဖြစ်၍ ငါတို့ ဆောင်ခဲ့ရသည် ညီတော်၏အပြစ်ကို သည်းခံပါ" ဟု ဆို၏။ "အရှင်ဘုရား နီးသားတေိဿသည် အဘယ်မှာနည်း" ဟု မေး၏။ မထေရ်မြတ်ကလည်း "စောင်းတန်းဦး၌ ထားခဲ့သည်" ဟု ပြော၏။ မယ်တော်ဝိဟာရဒေဝီ မိဖုရားလည်း မြန်စွာ သွား၍ တိဿမင်းသားကို အဝတ်ဖြင့် ဖုံးလွှမ်း၍နေ၏။ ဒုဋ္ဌဂါမဏိ မင်းကြီးကလည်း "အရှင်ဘုရား၊ အကျွန်ုပ်တို့သည် ရဟန်းသံဃာတို့၏ ကျွန်အဖြစ်ကို ငယ်စဉ်က ခံသောအမှုသည် ယခုအခါ ထင်ရှားပါပြီ၊ အရှင်မြတ်တို့သည် ခုနစ်နှစ်ရွယ် သာမဏေငယ်ကိုစေ၍ ပြောကြားသော်လည်း စကားတော်ကို မလွန်ဆန်ပါပြီ၊ ရဲမက်ဗိုလ်ပါများစွာ ပျက်ပြားသော်လည်း ညီတော်အား ခိုက်ရန်မပြုပါပြီ။ အရှင်တို့ ဆုံးမရာ နာခံ၍ သင့်မြတ်ပါတော့မည်" ဟု ဝန်ခံ၍ ရဟန်းတော်တို့အားလည်း ယာဂုဆွမ်းကပ်လှူပြီးလျှင် ညီတော်ကိုခေါ်စေ၍ အပြေအချော ပြောဆိုပြီးမှ သံဃာတို့၏ အလယ်၌ ညီတော် နောင်တော်အတူနေ၍ ထမင်းအတူတကွစားကြ၏။ သံဃာတို့ကိုလည်း ကြွတော်မူပါတော့ဟု လျှောက်၏။ တစ်လမြောက်သောအခါ များစွာသော စပါးတို့ကို ပြုလုပ်စိမ့်သောငှာ ညီတော်ကို ဒီဃဝါပိ အရပ်သို့စေ၏ ။ မင်းကြီးလည်း နယ်အတွင်း၌ စည်လည်စေ၍ များစွာသော ကောက်ပဲတို့ကို ပြုလုပ်စေ၏။

**သူတော်ကောင်းတို့အား (ပ) "ပဿဒေါရဂံသ" အမည်ရှိသော မဟာဝံသကျမ်း၌ (၅၉) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော "ဒွေဘာတိကယုဒ္ဓ" အမည်ရှိသော စတုဝီသတိမ-အပိုင်း-အခန်းကား ပြီး၏။**

---

# ဒုဋ္ဌဂါမဏိဝိဇယကဏ္ဍ

# ပဥ္စဝီသတိမပိုင်း

## ဒုဋ္ဌဂါမဏိမင်းသည် ကျေးကုလားတို့နှင့် စစ်တိုက်ရာ အောင်မြင်သည်ကို ပြဆိုခြင်း

### စစ်တိုက်ရာသို့ ရဟန်းပျို့ငါးရာ

ဒုဋ္ဌဂါမဏိမင်းသည် လူအပေါင်းတို့အား အသီးသီး ချီးမြှောက်ခြင်းကိုပြု၍ မိမိစွဲသောလှံ၌ ဘုရားဓာတ်တော်ကို ဌာပနာပြီးလျှင် ဆင်မြင်း ဗိုလ်ပါနှင့်တကွ တိဿအမည်ရှိသော ကျောင်းကြီးသို့သွား၍ သံဃာတော်တို့အား ပူဇော်ရှိခိုးပြီးလျှင် "အရှင်ဘုရားတို့၊ အကျွန်ုပ်သည် ဘုရားသာသနာတော်ကို ထွန်းပစိမ့်သောငှာ ဂင်္ဂါတစ်ဖက်သို့သွား

www.burmeseclassic.com



ပါအံ့၊ ရဟန်းတို့ကို ဖူးမြင်ရခြင်းသည် အကျွန်ုပ်အား မြတ်သောမင်္ဂလာ ဖြစ်ပါသည်။ ဘေးရန်အစောင့်အရှောက်လည်း ဖြစ်ပါသည်။ ထို့ကြောင့် အကျွန်ုပ်သည် မပြတ်ဖူးမြင်ရအောင် ဒါနကောင်းမှုကိုလည်း ပြုရအောင် ရဟန်းများလည်း အတူတကွ လိုက်စေလိုပါသည်" ဟု လျှောက်၏။ မဟာထေရ်တို့ကလည်း ပျိုမျစ်သော ရဟန်းငါးရာတို့ကို ပေးပေ၏။ မင်းကြီးလည်း ထိုရဟန်းတို့ကို ပင့်ခဲ့၍ မဟာဂါမမှ ထွက်ခဲ့ပြီးလျှင် ဤမှာဘက် ခရီးကို သုတ်သင်၍ ကတ္တာလ ဆင်တော်စီးလျက် ရဲမက်အပေါင်း ခြံရံကာ ချီတော်မူသော် ဂုတ္တဟာလကရွာသို့ ရောက်လေ၏။

## ခံတပ်သဖွယ် မြို့ကြီးမြို့ငယ်

စစ်သည်တော်တို့ကား မဟာဂါမနှင့် စပ်လျက်ပင် ရှိသတည်း။ ဓျောရကျေးမင်းတို့သည်လည်း ဒုဋ္ဌဂါမဏိမင်း၏ ဘုန်းတန်ခိုးကြီးခြင်းကို သတင်းကြားသည်ကစ၍ မြို့ကြီး ရှစ်ရပ်တို့ကို အမြင့်တစ်ဆယ့်ရှစ်တောင်, အထုကိုးတောင်ရှိအောင် မြို့ရိုးဖြင့်ပတ်လျက် ကျုံးသုံးတန် သံတံခါးတို့ဖြင့် မြဲမြံခိုင်လုံစွာ ပြုလုပ်ထား၏။ မြို့ငယ်နှစ်ဆယ့်လေးရပ်တို့ကိုလည်း သစ်တပ် မြေတပ်တို့ဖြင့် ဝန်းရံ၍ စီမံပြုလုပ်ထား၏။

## ပရိယာယ်

ဒုဋ္ဌဂါမဏိမင်းလည်း မဟိယင်္ဂဏအရပ်သို့လာ၍ ထိုမြို့ငယ်၌နေသော ဆတ္တမည်သော ကျေးမင်းကိုဖမ်း၏။ အခြံအရံဖြစ်သော ကျေးတို့ကို သတ်လေ၏။ ထိုနောက် ဂင်္ဂါမြစ်တစ်ဖက်မှ ကျုံးတို့ဖြင့်ရံလျက် စီမံအပ်သော အမ္ဗတိတ္ထမြို့သို့ကပ်၍ စစ်ထိုးခြင်းသည် လေးလတိုင်တိုင် ကြာ၍မျှ မင်းကြီးကို ဖမ်းခြင်းငှာ မတတ်နိုင်ရကား မယ်တော် ဝိဟာရဒေဝီမိဖုရားကို ရထားနှင့်တင်၍ *လက်ထပ်ချင်ယောင်ဆို၍ ခေါ်ပြီးမှ အမ္ဗတိတ္ထကျေးကို ဖမ်းယူရ၏။ ထိုမှတပါး စွမ်းအားကြီးလှစွာသော ကျေးမင်း ခုနစ်ယောက်တို့ကိုလည်း တစ်နေ့ချင်းဖြင့် ဖမ်းယူလေ၏။ မင်းကြီးသည် စစ်အောင်ခြင်းဖြစ်ရကား အားရတော်မူလှ၍ လုပ်ကြသမျှသော ဗိုလ်ပါတို့အား များစွာသော ရွှေငွေ ဆုပေးတော်မူသည်။ ထိုအရပ်သည် "ခေမာရာမ"ဟု တွင်သတည်း။

## မြို့ရွာအနှံ့ ကျောင်းရှိသမျှ

ထိုနောက်မှ များစွာသော ထုံးအိုင်မ,များစွာသော ကျီကျုရှိသော ဒေါဏမည်သောမြို့၌ ဂဝရမည်သော ကျေးကိုလည်းကောင်း၊ ဟာလကောလမြို့၌ ဣဿရိယမည်သော ကျေးကိုလည်း၊ နာဠိသောဗ္ဘမြို့၌ နာဠိကကျေးကိုလည်းကောင်း၊ ဒီဃာဘယဂလ္လကမြို့၌ ဒီဃာဘယကျေးကိုလည်းကောင်း၊ ကစ္ဆတိတ္ထမြို့၌ ကပိသီသကျေးကိုလည်းကောင်း လေးလဖြင့် အရဖမ်းယူတော်မူ၏။ ကောဋမြို့၌ ကောဋကျေးကိုလည်းကောင်း၊ ဟာလဝဘာဏကမြို့၌ ဟာလဝဘာဏကကျေးကိုလည်းကောင်း၊ ဝဟိဋ္ဌမြို့၌ ဝဟိဋ္ဌကျေးကိုလည်းကောင်း၊ ဂါမဏိမြို့၌ ဂါမဏိကျေးကိုလည်းကောင်း၊ ကုမ္ဘရွာ၌ ကုမ္ဘကျေးကိုလည်းကောင်း၊ နန္ဒိရွာ၌ နန္ဒိကျေးကိုလည်းကောင်း၊ ခါဏုရွာ၌ ခါဏုကျေးကိုလည်းကောင်း †တမ္ဗရွာ၌ တမ္ဗကျေးမင်း, ဥဏ္ဏမရွာ၌ ဥဏ္ဏမကျေးမင်း နှစ်ယောက်တို့ကိုလည်းကောင်း၊ တမ္ဗကုန္တမရွာ၌ ဦးရီးနှင့် တူဖြစ်သော ကျေးမင်းနှစ်ယောက်တို့ကို လည်းကောင်း ဖမ်းတော်မူ၏။ ထိုထိုသော မြို့ရွာ၌ မင်းပြု၍နေသော ကျေးတို့ကိုလည်း စစ်သူကြီးတို့အား စေ၍ဖမ်းစေသတည်း။

## မီးအလျှံကဲ့သို့ စစ်ဝတ်တန်ဆာ

ယင်းသို့ စစ်ထိုးကြရာ၌ ဒုဋ္ဌဂါမဏိမင်း၏ စစ်သည်တော်သည် များလှသောကြောင့် မသိရကား မိမိတို့ချင်းချင်း သတ်မိကြသည်ဟု မင်းကြီးကြားတော်မူလျှင် ဤသို့ သစ္စာပြု၏။ "ငါ ယခု စစ်ထိုးခြင်းသည် မင်းချမ်းသာကို ခံလိုသော လုံ့လဖြင့်သာ ငါစစ်ထိုးသည်မဟုတ်၊ လူနတ်တို့၏ မှီခိုရာ ဘုရားသခင်၏ သာသနာတော်ကို ကောင်းစွာထားလို၍သာ စစ်ပြုသည်မှန်ပါ၏။ ဤသစ္စာကြောင့် ငါ၏ စစ်သည်တော်တို့၏ ကိုယ်၌ဆင်သော တန်ဆာသည် မီးအလျှံ အဝါကဲ့သို့ ထွန်းလင်းစွာ ဖြစ်စေသတည်း"ဟု သစ္စာပြုတော်မူ၏။ ယင်းသို့ပြုသော သစ္စာ၏ အာနုဘော်ကြောင့် စစ်သည်တော်ဟူသမျှတို့၏ တန်ဆာသည် မီးအလျှံကဲ့သို့သာ ဖြစ်ကုန်၏။

---

* အချို့မှု (စကားပြောချင်ယောင်) အချို့မှု (လက်ထပ်ချင်ယောင်)ဟု မူအထွေထွေရှိ၏။ မဟာဝံသအဋ္ဌကထာ၌ကား (မာတရံ ဒသယိတွာ နတေန လေသေန အဂ္ဂဟိ)ဟု ရှိ၏။

† မဟာဝင်ဝတ္ထု စကားပြေမှု အစောင်စောင်၌ (သုံးရက်ချင်းဖြင့်သာဖမ်း၏။) ဟူ၍လည်းကောင်း (နှစ်ရက်ချင်းဖြင့်သာဖမ်း၏။) ဟူ၍လည်းကောင်း အထွေထွေရှိ၏။ "ဒွေတုတမ္ဗုဏ္ဏမေပန" (မဟာဝံသအဋ္ဌကထာ သီဟိုဠ်မူ ၁၄၀–၁၄) မာတုလံဘာဂိနေယျဉ္စ တမ္ဗကုန္တမနာမကေ (၄င်း–၁၅)

www.burmeseclassic.com



## ဝိဇိတမြို့ တိုက်ပွဲကြီး

ဂင်္ဂါ၏ အနီးဖြစ်သော မြို့ရွာတို့၌ သတ်၍ကြွင်းသမျှသော ကျေးအပေါင်းတို့သည်လည်း ကိုးကွယ်ရာအကျိုးငှာ လုံ့စွာပြုထားသော ဝိဇိတမြို့သို့ချည်းဝင်၍ နေကြကုန်၏။

## နန္ဒိမိတ္တစွမ်းရည်

ဒုဋ္ဌဂါမဏိ မင်းကြီးလည်း ထိုဝိဇိတမြို့အနီးသို့ ရှိပြန်၍ လျော်ကန်သာယာသောအရပ်၌ သစ်တပ်ဖွဲ့၍ နေတော်မူ၏။ ထိုအခါ နန္ဒိမိတ္တသူရဲကြီးက ဤဝိဇိတမြို့ကို ကျွန်ုပ်သိမ်းယူ၍ ဆက်ပါမည်ဟု ဝန်ခံ၍ မိမိအရံသူရဲနှင့်တကွ ထွက်၏။ ထိုအခါ သူရဲကြီး၏ အစွမ်းကို စမ်းလိုသောကြောင့် မင်းကြီးက ကဏ္ဍုလ ဆင်တော်ကို "သင်သည် နန္ဒိမိတ္တကို ဖမ်းချေလော့"ဟု စေလိုက်၏။ ဆင်တော်လည်း မြန်စွာသွား၍ သူရဲကြီးအား ဖမ်းမည်ပြုလေသော် နန္ဒိမိတ္တသည် ရုတ်ခြည်း လက်ပန်းတီးလျက် ဆင်၏အစွယ်နှစ်ချောင်းကိုကိုင်၍ နောက်သို့တွန်းလေလျှင် ဆင်မင်းသည် ခွေးကဲ့သို့ ဆောင့်ကြောင့်ထိုင်လျက် နေရ၏။ နန္ဒိမိတ္တကလည်း "ဟယ်-ကဏ္ဍုလ... အရှင့် ကျွန်ရင်းဖြစ်သောကြောင့်သာ ငါညှာတော့သည်။ ခြေဖြင့်ခတ်ရမူ သင် ခါးပြတ်လိမ့်မည်" ဤသို့ကြုံးဝါးပြီးမှ လွှတ်ပေ၏။

## ဟတ္ထိပေါရ

ယင်းသို့ နန္ဒိမိတ္တနှင့် ကဏ္ဍုလ ဆင်တော်စစ်ထိုးရာဌာန၌ တည်သောရွာသည် "ဟတ္ထိပေါရ" ရွာဟု တွင်၏။ ဆင်တော်လည်း နန္ဒိမိတ္တသူရဲသည် ငါ့ကို အရှက်ခွဲလေသည်ဟု စိတ်မကြေရှိ၏။

## တာဝန်ခွဲ၍ တိုက်ပွဲဆင်

မင်းကြီးလည်း သူရဲကြီးတို့၏ စွမ်းအင်ကို စုံစမ်းပြီးသော် ဝိဇိတမြို့ကို ဝန်းရံလျက် လုပ်ကြံစိမ့်သောငှာ သူရဲတို့ကို လွှတ်တော်မူသည်။ ကဏ္ဍုလ ဆင်တော်, နန္ဒိမိတ္တသူရဲ, နိမိလသူရဲ, ဤသူရဲကြီး သုံးဦးတို့သည် မြို့၏ တောင်မျက်နှာတံခါးကို ဖျက်ဆီးသည်။ ဝေဠုသုမန သူရဲကား မြင်းကို စီးလျက် အရှေ့တံခါးဖြင့်ထွက်သော ကျေးတို့ကိုသတ်သည်။ လူကောင်ချင်းထပ်အောင် သေသတည်း။ ကျေးတို့လည်း ထိုတံခါးကို ပိတ်ထားကုန်၏။ မဟာသောဏ သူရဲကြီးသည် မြောက်တံခါးဖြင့်, ဂောဋ္ဌယိမ္ဗရနှင့် ထေရပုတ္တာဘယ သူရဲကြီးတို့သည် အနောက်တံခါးဖြင့် ဖျက်ဆီးခြင်းတို့ကို ပြုသည်။

ထိုအခါ တောင်မျက်နှာတံခါးဖြင့် ထွက်၍ ကြောက်မက်ဖွယ် စစ်ထိုးကုန်သော ကျေးတို့ကို သတ်ပြီးလျှင် မြို့တံခါးကို ဖျက်ဆီးခြင်းငှာ ကဏ္ဍုလဆင်တော်သည် ပုဆစ်တုပ်၍ အုတ်ကျောက် အင်္ဂတေတို့ကို အစွယ်ဖြင့်ကော်ပြီးလျှင် သံတံခါးကို ဖွင့်ခြင်းငှာ ကပ်၏။ အထက်တံခါးမုခ်၌ နေကုန်သော ကျေးတို့သည် အထူးထူးသော ဓား, လှံ, လက်နက်တို့ကို လည်းကောင်း ပြောင်ပြောင်တောက်သော သံတွေ ခဲတို့ကိုလည်းကောင်း, ကြို့က်ကြို့က်ဆူသောပွဲလျက်လုံးတို့ကို လည်းကောင်း ပစ်လွှတ်၏။ ဆင်၏ ကျောက်ကုန်း၌ ပွဲလျက်လုံးသည် အခိုးခြောင်းခြောင်းထလျက် ကပ်လေရကား ပူလှသောကြောင့် ရေရှိရာသို့သွား၍ တစ်ခုသော ရေကန်၌ ငုပ်၏။

ထိုသို့ ငုပ်သည်ကို ဂောဋ္ဌယိမ္ဗရသူရဲမြင်လျှင် "ဟယ် ဆင်ကြီး၊ ဤရေကန်သည် သံတံခါးဖျက်ဆီးနိုင်အောင်ထားသော သေအဖျော် မှတ်သလော၊ မင်း၏ အချီးအမြှောက်တို့ကိုခံလျက် တံခါးတစ်ပေါက်ကိုမျှ သင်မဖျက်နိုင်သော် ရှက်ဖွယ်မရှိလော၊ မြန်စွာသွား၍ တံခါးကိုဖျက်ချေ" ဟု ဆို၏။ ထိုစကားကိုကြားလျှင် ဆင်တော်လည်း ကြုံးကြာသံကိုပြုလျက် ရေမှတက်၍ ကုန်းထက်၌ ရပ်ပြီးလျှင် ကိုယ်တွင်ကပ်သော ပွဲလျက်တို့ကို ဆေးစေ၍ အနာ၌ ဆေးဝါးတင်ပြီးမှ ဒုဋ္ဌဂါမဏိမင်းလည်း ဆင်တော်၏ ဦးကင်းကို လက်ဖြင့် သုံးသပ်၍ "ချစ်သား ကဏ္ဍုလ၊ ကြိုးပမ်း၍အစွမ်းကိုထုတ်လော့။ ဤသီဟိုဠ်ကျွန်း၌ မင်း၏အဖြစ်ကို သင့်အား ငါပေးမည်" ဟု ဆို၍ မြိန်မြတ်သော အစာတို့ကို ကျွေးပြီးမှ နူးညံ့သောပုဆိုးဖြင့် ကိုယ်ကို ရစ်ပတ်၍ ချပ်တန်ဆာတို့ကို ကောင်းစွာ ကျောက်ကုန်းပြင်၌ ကျွဲရေခုနစ်ထပ်ကို ဖွဲ့၍ ဆီဆွတ်သော သားရေကို လွှမ်းပြီးမှ လွှတ်ပေ၏။

ကဏ္ဍုလဆင်မင်းသည်လည်း မိုးကြိုးသံကဲ့သို့ လွန်စွာသော အသံကို ပြုပြီးလျှင် လျှင်မြန်လှသော အဟုန်ဖြင့် သွား၍ သံတံခါး၏အတွင်းပျဉ်ချပ်ကို အစွယ်ဖြင့်ထိုး၍ တံခါးခုံကို ခြေဖြင့်နင်း၏။ တံခါးဘောင်နှင့်တကွသော ထိုတံခါးသည် လန့်ကြား ကြောက်မက်ဖွယ်သော အသံဖြင့် ပြိုလေ၏။ နန္ဒိမိတ္တသူရဲသည်လည်း ဆင်၏ ကျောက်ကုန်းထက်၌ ပြို၍ကျသော တံခါးမုခ်၌ အုတ်ခဲ, ကျောက်ခဲ အစရှိသော အဆောက်အဦတို့ကို လက်ရုံးဖြင့်သာ ပုတ်ခတ်၍ ထိုထိုအရပ်သို့ လွင့်စေ၏။ ထိုသို့ပြုသော အမှုအရာကိုမြင်မှ နန္ဒိမိတ္တအား ကဏ္ဍုလ ဆင်မင်းသည် အစွယ်ကို

www.burmeseclassic.com

www.burmeseclassic.com



တွန်းခြင်းကြောင့် ဖွဲ့ခဲ့သော ရန်ငြိုးသည်ပျောက်၏။ ဆင်မင်းလည်း မိမိဖွင့်ပြီးသောတံခါးဖြင့် ဝင်စိမ့်သောငှာ ကြိုးကြာသံကဲ့သို့ မြည်လျက် နောက်ပါ သူရဲတို့ကိုကြည့်၏။

နန္ဒိမိတ္တ သူရဲကလည်း "ဟယ် ကဏ္ဍုလ၊ သင်ဖွင့်သော တံခါးဖြင့်ဝင်ရမူ ငါ ယောက်ျားကောင်းမည်တော့အံ့လော၊ သင် ကြည့်ဦးလော့" ဟု ဆို၍ အမြင့်တစ်ဆယ့်ရှစ်တောင်၊ ထုကိုးတောင်ရှိသော မြို့တံခါးတိုင်ကို လက်မောင်းဖြင့် ခတ်သော် ရှစ်ဥသဘသောအရပ်သည် ကျိုးပြတ်ပျက်ပြိုလေ၏။ ထိုနန္ဒိမိတ္တက သူရနိမိလကို ကြည့်ပြန်လျှင် သူရနိမိလလည်း သင်တို့ဖျက်သော နေရာဖြင့် ငါ မဝင်ဟု ဆို၍ မြို့ရိုးကို ခုန်ကျော်ကာ ဝင်လေ၏။ ဂောဌတိမ္ဗရနှင့် မဟာသောဏသူရဲတို့လည်း တံခါးတစ်ခုစီဖျက်၍ ဝင်ကြ၏။

ဝင်မိသောအခါ ကဏ္ဍုလဆင်မှာ ရထားဘီးကို နှာမောင်းဖြင့်ကိုင်၍ နန္ဒိမိတ္တမှာလည်း အိမ်ကို ကိုင်၍, ဂောဌတိမ္ဗရမှာ အုန်းပင်ကို ကိုင်၍, နိမိလမှာ အလျား သုံးတောင်ဇျက်တစ်ဆယ့်ခြောက်သစ်ရှိသော သန်လျက်ကို ကိုင်၍, မဟာသောဏသူရဲမှာ ထန်းပင်ကို ကိုင်၍, ထေရပုတ္တာဘယမှာ ဆောက်ပုတ်ကြီးကို ကိုင်၍ လမ်းမ, လမ်းသေး, အိမ်ဈေး ဟူသမျှတို့သို့လိုက်၍ ကျေးတို့ကို သတ်လေကုန်၏။ ဤဝိဇိတမြို့ကို လေးလတိုင်တိုင် လုပ်ကြမှ အောင်မြင်သတည်း။

## ဂိရိလကမြို့

ဒုဋ္ဌဂါမဏိမင်းကြီးလည်း ဝိဇိတမြို့ကို အောင်ပြီးသော် ဂိရိလကမြို့သို့ ချီပြန်၍ မြို့ကိုဝန်းရံပြီးလျှင် မင်းပြုသောသူကို ဖမ်းယူ၍ သတ်တော်မူ၏။

## နလုံးရည်

ထိုမှသည် မဟောလမြို့သို့ ချီလေ၍ မြို့နှင့်မဝေးသော မင်းလွင်ကြီးတစ်ခု၌ တပ်ချ၍နေတော်မူ၏။ ဤမဟောလမြို့ကား ကျုံးသုံးတန့်တို့ဖြင့် ဝန်းရံ၏။ *ထိန်ပွင့်နှင့်တူသော အပွင့်ရှိသော နွယ်ချုံတို့ဖြင့်လည်း ခြံရံ၏။ တစ်ပေါက်သော တံခါးသာရှိသည်ဖြစ်၍ ရန်သူတို့သည် ဝင်နိုင်ခဲ၏၊ သူရဲ သူခက်တို့သည် ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်ကုန်။ ထိုမြို့ကိုကား လေးလပတ်လုံး ဝန်းရံပြီးမှ မြို့သူမြို့သားတို့စပါး, ထင်း, ရေခပ်သောအခါ **မဟောလမင်းကို** †ပညာစစ်ထိုးခြင်းဖြင့် အောင်တော်မူသတည်း။

## ဒုဋ္ဌဂါမဏိမင်းနှင့် ဧဠာရကျေးမင်း

ထိုမဟောလမြို့ကို ရပြီးလျှင် **အနုရာဓ**မြို့သို့ ချီတော်မူ၍ ကာသတောင်၏ တစ်ဖက်၌ သစ်တပ်တည်၍ နေတော်မူ၏။ *နယုန်လ၊ ဝါဆိုလအခါ **ပဏ္ဍာတ**မည်သော ကြီးသော တစ်ဖက်ဆည်ကန်ကိုပြု၍ ပေါ်သောနမည်သော ရွာသူတို့နှင့် ရေပွဲသဘင် ကစားတော်မူ၏၊ **ဧဠာရကျေးမင်း**သည် ထိုအကြောင်းကို ကြားသိတော်မူသော် အမတ်ကိုခေါ်၍ ဤသို့တိုင်ပင်၏။ "အချင်းအမတ်... ဒုဋ္ဌဂါမဏိမင်းသည် စစ်ထိုးခြင်းငှာ ငါတို့ထံသို့ လာသတည်း။ ထိုမင်းသည် ကိုယ်တိုင်စစ်ထိုးလေ့ရှိ၏။ အစွမ်းကောင်းရှိသော သူရဲသူခက်လည်းများ၏။ ငါတို့သည် ဘယ်သို့ပြုသော် လျော်အံ့နည်း။ စစ်ပြိုင်သင့်သလော, သူ့ထံသို့ ဝင်သင့်သလော"ဟု တိုင်ပင်၏။ အမတ်တို့ကလည်း "အရှင်မင်းမြတ်၊ သူ့ထံသို့ ဝင်သော်လည်း စင်စစ်သတ်မည် ဖြစ်ရကား စစ်ထိုးခြင်းသာ သင့်ပါသည်"ဟု လျှောက်၏။ ကျေးမင်း၏ စစ်သူကြီးဖြစ်သော ဒီဃဇန္တုသူရဲနှင့်တကွ တစ်ပါးသော သူရဲတို့ကလည်း နက်ဖြန်သဘက်တွင် စစ်ထွက်၍ ထိုးပါမည်ဟု လျှောက်ကြကုန်၏။

## မယ်တော်အစီအမံ

ဒုဋ္ဌဂါမဏိမင်းလည်း မယ်တော်နှင့် တိုင်ပင်သော် မယ်တော်မိဖုရားက မြို့ရင်းသို့သွား၍ မသင့်၊ ဤနေရာက စစ်ခံပြု၍သာ စစ်ထိုးသင့်သည်။ သို့ရာတွင် ကျေးမင်းမှာ အသက်ကိုစွန့်၍ အမှုထမ်းမည့် သူရဲကောင်းလည်း များရာသည်။ ဥပါယ်တံမျဉ်ဖြင့် ပြုမှသင့်မည်။ သုံးဆယ့်နှစ်ခုသော ဗိုလ်တဲတို့ကိုပြုလျက် တစ်ခု တစ်ခုသော ဗိုလ်တဲ၌ ထီးဖြူဆောင်းသော မင်း၏အရုပ်ကိုထား၍ ရံမက်အများရံလျက် နေစေရမည်။ သင်တမူကား အတွင်းဗိုလ်တဲက သူရဲကြီးတို့ရံလျက် နေစေရမည်ဟု စီမံ၏။

## သူရနိမိလနှင့် ဒီဃဇန္တု

ဒုဋ္ဌဂါမဏိမင်းလည်း မယ်တော် စီမံတိုင်း ပြုပြင်ပြီးလျှင် တိုက်စည်တီး၍ အချိန်းအချက်ကိုပေး၏။ ဧဠာရ

---

* ကဒမ္ဗပုပ္ဖဝလ္လိဟိ၊ သမန္တာပရိဝါရိတံ (မဟာဝံသအဋ္ဌကထာ–၁၄၂–၄၈)

† ဂဏှိမဟောလရာဇာနံ၊ မန္တယုဒ္ဓေနဘူမိပေါ (မဟာဝံသအဋ္ဌကထာ–၁၄၂–၄၉)

* မာသမှိဇေဋ္ဌမူလမှိ၊ တဠာကံတတ္ထကာရိယ (မဟာဝံသအဋ္ဌကထာ–၁၄၂–၅၁)

www.burmeseclassic.com



ကျေးမင်းလည်း ကိုယ်ချုပ်တန်ဆာ ဖွဲ့ဆင်လျက် တောင်ငယ်မျှရှိသော မဟာပဗ္ဗတဆင်ကိုစီး၍ ဗိုလ်ပါဝန်းရံလျက် ထွက်လာ၏။ ဒုဋ္ဌဂါမဏိမင်း၏ တပ်နှင့် မျက်နှာဆိုင်မိလျှင် ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်သော ဒီဃဇန္တု မည်သော သူရဲကြီးလည်း လက်တစ်ဖက်မှ သန်လျက်,လက်တစ်ဖက်မှ ကာကိုယူ၍ ကြောက်မက်ဖွယ်လာပြီးလျှင် ဗိုလ်တဲပေါ်မှာ ထီးဖြူဆောင်းကာနေသောမင်းရုပ်ကို တစ်ဆယ့်ရှစ်တောင်မြင့်သော ကောင်းကင်မှခုန်၍ ခုတ်ပြီးလျှင် ပထမဗိုလ်တဲကိုဖျက်၏။ ဤအတူ ကြွင်းသော မင်းရုပ်တို့ကို ခုတ်၏။ ဗိုလ်တဲတို့ကို ဖျက်ပြီးမှ မင်းကြီးနေသော အတွင်းဗိုလ်တဲသို့ ကပ်လာ၏။

ထိုအခါ သူရနိမိလ သူရဲကြီးသည် လျှင်စွာထခဲ့၍ လက်ပန်းခတ်ပြီးမှ "ဟဲ့အမိုက်သား ဒီဃဇန္တု... ငါ့ကို သူရနိမိလဟု သင် မကြားဖူးသလော၊ ငါထင်ရှားရှိလျက် သင် ဘယ်သို့သွားအံ့နည်း"ဟု ဆဲရေး၍ဆို၏။ ထိုစကားကိုကြားသော် ဒီဃဇန္တုလည်း အမျက်ထွက်၍ သူရနိမိလကို သတ်ခြင်းငှာ ကောင်းကင်သို့ ခုန်တက်၍ သန်လျက်ရွယ်ကာ ဆင်း၏။ သူရနိမိလလည်း ကာဖြင့်ခံ၏။ ကာကို သံလျက်ဖြင့် ခုတ်လေသော် ကာလွတ်လိုက်သောကြောင့် ဒီဃဇန္တုသည် အားလွန်၍ ထိုနေရာ၌လဲ၏။ သူရနိမိလလည်း စွဲသောသန်လျက်ဖြင့် လဲသောဒီဃဇန္တုကို ထိုးလေသော် နေရာ၌ပင် သေလေ၏။

## လုံဆေးကန်

ထိုအခါ ဖုဿဒေဝလည်း ခရုသင်းကို မှုတ်လေသော် ဧဠာရမင်း၏ စစ်သည် ပြိုကွဲ၍ ဖရိုဖရဲ ပြေးကြကုန်၏။ ကျေးမင်းလည်း မြို့ကိုပြန်လေ၏။ သတ်ရလေသော ကျေးတို့၏ သွေးလူးသော ဓားလှံကို တစ်ခုသော ရေကန်၌ ဆေးလျှင် သွေးအတိ ပြည့်လေသတည်း။ ထို့ကြောင့် ထိုကန်သည် *လှံ ဆေးကန်ဟု ယခုတိုင်တွင်သတည်း။

## မင်း ၂ ပါးစီးချင်းပြိုင်

ဒုဋ္ဌဂါမဏိ မင်းကြီးလည်း တပ်တော်၌ပါသော ဗိုလ်မှူး ဗိုလ်ချုပ်တို့အား ဘုရင်ပြုလုပ်သော ကျေးမင်းကိုကား ငါမှတစ်ပါးသော သူတို့သည် မသတ်ကြကုန်လင့်၊ ငါသာလျှင် သတ်တော်မူမည်ဟု စည်လည်စေပြီးသော် ကိုယ်တော်တိုင် ကဏ္ဍုလ ဆင်တော်ကိုစီးပြီးလျှင် ကျေးမင်းသွားရာသို့ လျှင်စွာ လိုက်လေ၏။ သူရဲကြီးတို့လည်း အသီးအသီးသော ဗိုလ်ပါဖြင့် ခြံရံကာလိုက်၏။ အနုရာဓမြို့ တောင်တံခါးဝသို့ ရောက်သောအခါ ဧဠာရကျေးမင်းလည်း မဟာပဗ္ဗတ ဆင်တော်ကိုစီးလျက်ခံ၏။ မင်းနှစ်ပါးတို့ စစ်မျက်နှာဆိုင်မိလျှင် ကျေးမင်းက လှံမကိုလွှတ်၏။ ဂါမဏိမင်းက အနီးသို့လာသော လှံမကို ကာဖြင့်ခတ်၍ လွဲစေပြီးလျှင် ဆင်တော်အစွယ်ဖြင့် မဟာပဗ္ဗတဆင်ကိုလည်း ထိုးစေသည်။ စွဲတော်မူသော လှံဖြင့် ကျေးမင်းကိုလည်း ထိုးလေသည်။ ကျေးမင်းသည် ဆင်နှင့်တကွ လဲ၍ ခန္ဓာစဲလေ၏။ ရံလျက်ပါသော ကျေးမင်း စစ်သည်အပေါင်းတို့သည်လည်း ဖရိုဖရဲ ကွဲပျက်၍ ပြေးလေကုန်သတည်း။

## ဧဠာရကျေးမင်း၏ ဈာပန

ဒုဋ္ဌဂါမဏိမင်းလည်း ကျေးမင်းကို အောင်တော်မူလျှင် အနုရာဓမြို့သို့ ဝင်၍ ထက်ဝန်းကျင်၌ စည်လည်စေပြီးသော် တစ်ယူဇနာရှိလောက်သော အရပ်မှ လူများကို စည်းဝေးစေ၍ ကျေးမင်း၏အလောင်းကို ကောင်းမွန်စွာ မှုဖော်စေပြီးသော် ထိုကျရာအရပ်၌ပင် စုလစ်မွန်းချွန်တပ်သော ပြာသာဒ်ဆောင်ဖြင့် သင်္ဂြိုဟ်စေ၏။ ထိုအရပ်၌ စေတီတည်ပြီးလျှင် အနီးသို့ ရောက်လာသမျှသော သူတို့အား ကခုန်တီးမှုတ်ခြင်းကို ပြုကြကုန်ဟု အမိန့်ထုတ်တော်မူ၏။

မင်းကြီးလည်း သုံးကျိပ်နှစ်ယောက်သော ကျေးမင်းတို့ကို အောင်ပြီးသော် ဧကရာဇ်မင်း၏ ထီးကို ဆောင်းတော်မူ၍ အနုရာဓမြို့၌ ရာဇအဘိသိက် ခံတော်မူသည်။

## ဘလ္လုက

ဝိဇိတမြို့ ပျက်စဉ်အခါက ဒီဃဇန္တု အမည်ရှိသော ဧဠာရမင်း၏ သူရဲသည် မိမိ၏ တူဖြစ်သော ဘလ္လုကကို သူရဲကြီး ပြုစိမ့်သောငှာ အနုရာဓမြို့သို့ ခေါ်ပါဟု ဧဠာရမင်းအား လျှောက်ထားသည်နှင့် ဧဠာရမင်းလည်း ထိုဘလ္လုကကို ရဲမက်နှင့်တကွ လာခဲ့ရမည် ခေါ်သည်။ ထိုဘလ္လုကလည်း မင်းအာဏာအတိုင်း သူရဲခြောက်သောင်းနှင့်တကွ လာခဲ့၍ ဧဠာရမင်းကို မီးသင်္ဂြိုဟ်ပြီးနောက် ခုနစ်ရက်မြောက်သောနေ့မှ အနုရာဓမြို့သို့ ရောက်သတည်း။ ရောက်၍ ဧဠာရကျေးမင်း ကျလေသောအကြောင်းကို ကြားလျှင် စစ်မဘက်ပဲ ဝန်ချမူ ငါတို့ ရှက်လှသည် စစ်ဘက်ဦးအံ့ဟု ကြိမ်းပ၍မဟာတိတ္ထဆိပ်နှင့်အနုရာဓမြို့၏အကြား ကောဋမ္ဗဟာလက အမည်ရှိသောရွာ၌ သစ်တပ်တည်၍နေ၏။

---

• တတ္ထဝါပိဇမဟံအာသိ၊ ဟတာရံသောဟိတာဝိဋ္ဌ။ တသ္မာကုလတ္ထဝါပီတိ၊ နာမတောဝိဿုတာအဟု (မဟာဝံသ အဋ္ဌကထာ ၁၄၃-၆၆)

www.burmeseclassic.com

www.burmeseclassic.com



## နောက်ဆုံးစစ်ပွဲ

ဒုဋ္ဌဂါမဏိမင်းလည်း ထိုအကြောင်းကို ကြားတော်မူလျှင် ရွှင်သော စိတ်ရှိသည်ဖြစ်၍ ဆင်စီးသူရဲ, မြင်းစီးသူရဲ, ရထားစီးသူရဲတို့ကို ဝန်းရံစေပြီးလျှင် ကိုယ်တော်မှာ ချပ်တန်ဆာတို့ဖြင့် တင့်တယ်စွာ ဆင်ယင်လျက် ကဏ္ဍုလဆင်တော်ကိုစီးလျက် ဖုဿဒေဝ သူရဲကြီးကို နောက်တော်မှ စီးစေလျက် အနုရာဓမြို့မှ ထွက်၍ စစ်မျက်နှာဖြန့်ကာ လာတော်မူ၏။ ဘလ္လုကသူရဲကလည်း ဆင်စီး မြင်းစီးသူရဲ အပေါင်း ခြံရံလျက် တပ်မှထွက်၍ စစ်ဆိုင်လာ၏။

ထိုအခါ ကဏ္ဍုလ ဆင်တော်သည် ဘလ္လုကသူရဲကို အဟုန် ညှဲစိမ့်သောငှာ တဖြည်းဖြည်း နောက်သို့ဆုတ်၏။ စစ်သည်တော်တို့လည်း ထိုအတူ နောက်သို့ဆုတ်ရ၏။ ထိုအခါ မင်းကြီးက ပဲ့စီးဖြစ်သော ဖုဿဒေဝကို ဤသို့မေး၏။ "အချင်း ဖုဿဒေဝ၊ ရှေးတိုက်ခဲ့သော ၂၈နှစ်ဆယ့်ရှစ်ကြိမ်သော စစ်ပွဲတို့၌ ဤဆင်သည် နောက်သို့ မဆုတ်ဘဲ ယခုမှ ဆုတ်ခြင်းသည် ဘယ်အကြောင်း ရှိလိမ့်နည်း" ဟု မေး၏။ ဖုဿဒေဝကလည်း "အရှင်မင်းကြီး၊ ဤဆင်သည် အောင်မြေအရပ်ကို အလွန်သိ၏။ အောင်မည့်နေရာ၌ ရပ်ပါလိမ့်မည် အကျွန်ုပ်တို့သည် မချွတ် အောင်မြင်ပါလတ္တံ့." ဟု လျှောက်၏။ ကဏ္ဍုလ ဆင်တော်လည်း မဟာဝိဟာရ သိမ်အနီးသို့ရောက်လျှင် ဘလ္လုကကို ရှေးရှုလျက် ကောင်းစွာ ရပ်လေ၏။ စစ်သည်တော်တို့လည်း ဆင်တော်၏ လက်ဝဲ၌ စီကာ စီကာ ရပ်လေ၏။

## ဖုဿဒေဝစွမ်းရည်

ကျေးသူရဲကြီးဖြစ်သော ဘလ္လုကလည်း မင်းသို့ ရှေးရှုလာ၍ လေးကိုင်လျက် မင်းကို ပျက်ရယ်ပြု၏။ မင်းကြီးလည်း ခံတွင်းကို သန်လျက်သွားဖြင့် ပိတ်လျက် ဘလ္လုကကို ခေါ်လေသော် ဘလ္လုကလည်း မင်း၏ ခံတွင်း၌ မြားကျစေအံ့ဟုဆို၍ လွှတ်၏။ ထိုမြားသည် သန်လျက်သွားအပြင်ကို မှန်လျက် မြေသို့ကျလေ၏။ ဘလ္လုကလည်း မင်း၏ခံတွင်းကို စူးပြီဟူသော အမှတ်နှင့် ခံတွင်းကိုဟ၍ ကြွေးကြော်၏။ မင်း၏နောက်မှ လိုက်သော ဖုဿဒေဝသည် မင်း၏ နားရွက်ကို ခတ်မိစေလျက် မြားကို လွှတ်လေသော် မြားသည် ဘလ္လုက၏ခံတွင်းကိုဝင်၍ ချက်ချင်းပင် နောက်သို့လန်၍ လဲမည်ပြု၏။ ဖုဿဒေဝလည်း မင်းကို ခြေပြု၍ မလဲစိမ့်သောငှာ မြားတစ်စင်း ပြင်းစွာ လွှတ်လေသော် ဘလ္လုက၏ ပုဆစ်ဒူးကိုထွင်း၍ သွားသဖြင့် မင်းကြီး ရှိရာသို့ ဦးခေါင်းပြုကာလဲလေ၏။

## ဆုလာဘ်တော်

ဘလ္လုက ကျလေလျှင် အောင်ပြီ, အောင်ပြီဟု ကြွေးကြော်သောအသံသည် မိုးယံနှံ့မျှ ဖြစ်လေ၏။ ဖုဿဒေဝလည်း ထိုအရပ်၌ပင် မိမိနားရွက်စွန်းကိုလှီး၍ မင်းကြီးအား သွေးကိုပြပြီးသော် "အရှင်မင်းကြီး၊ အကျွန်ုပ်အား မင်းဒဏ်ကို ထားပြီ" ဟု လျှောက်၏။ "သင့်အား ဘယ်အပြစ်ရှိ၍ ဤသို့ပြုသနည်း" ဟု မေးလျှင် "အရှင်မင်း၏ နားရွက်ကို မြားထိလျက် လွှတ်မိပေ၏" ဟု လျှောက်သော် "ကိုယ့်အပြစ် မဟုတ်သည်ကို အပြစ်ဟူသောအမှတ်ဖြင့် အဘယ့်ကြောင့် ပြုသနည်း။ ဤအောင်ပွဲကား သင်၏ အောင်ပွဲတကား၊ သင်၏ မြားနှင့်တမျှ ရွှေပုံ ငွေပုံရလတ္တံ့." ဟု မိန့်တော်မူ၏။ ယင်းသို့ မိန့်တော်မူပြီးလျှင် စစ်သဘင်မှသည် အနုရာဓမြို့ နန်းသို့ဝင်တော်မူ၏။ ယုဇနာသုံးရာ ရှိသော သီဟိုဠ်ကျွန်း အပြင်၌ ဆန့်ကျင်ဘက်ဖြစ်သော တစ်စုံယောက်သောရန်သည် မရှိလေရကား ပြည်သူပြည်သားတို့အား များစွာသော အောင်ပွဲသဘင်ဖြင့် ပျော်ရွှင်စေကုန်၏။ တစ်နေ့သ၌ ဖုဿဒေဝကို ခေါ်တော်မူ၍ မြားကို ဆောင်စေပြီးသော် ဘလ္လုက၏ ခံတွင်းကိုဝင်သော မြားတစ်စင်း, ပုဆစ်ဒူးကို ထွင်းသော မြားတစ်စင်း, ဤမြားနှစ်စင်းကိုဆက်၍ မတ်မတ်ထောင်စေပြီးလျှင် ထိုမြားကို ငွေသပြာဖြင့် လည်းကောင်း, ရွှေသပြာဖြင့် လည်းကောင်း လွှမ်းအောင်ပုံစေ၍ ဖုဿဒေဝအား ဆုပေးတော်မူသတည်း။

## ကုဏ္ဍလုစ္ဆကြောင့် စက်မပျော်

တစ်ရံသောအခါ ဝေဇယန္တာပြာသာဒ်ကဲ့သို့ တင့်တယ်ဆန်းကြယ်သော ပြာသာဒ်အပြင်၌ နတ်သမီးအသွင်နှင့်တူသော ကချေသည် မောင်းမအပေါင်းတို့သည် စည်, စောင်း, ပတ်သာဖြင့် ခြံရံကာ တီးမှုတ်လျက် အထူးထူးသော ပန်းမျိုး, နံ့သာမျိုး အခိုးအထုံတို့ဖြင့် တကြိုင်ကြိုင်လှိုင်သော အဖိုးများစွာထိုက်သော နူးညံ့သိမ်မွေ့စွာသော အခင်းတို့ဖြင့်ပြည့်သော မင်း၏နေရာ၌ လျောင်းစက်ကာ စံတော်မူသော မင်းကြီးအား ဤသို့ စိတ်အကြံတော်သည် ဖြစ်၏။ ငါသည် ဤကြီးမြတ်စွာသော မင်း၏ ချမ်းသာကိုရခြင်းသည် အပြစ်ကင်းလျက် ရသည်မဟုတ် •အကျောဘိဏီ

• (အမရဒီကာ) ၌ အကျောဘိဏီ ၂၁၈၇၀၀–မဟာအကျောဘိဏီ ၁၃၂၁၂၄၉၉၀၀–ဟူ၍ (မဟာဝံသဋီကာပါဠိ) ကို သုတ်သင်၍ ပုံရိုက်သော–သိရိဒေဝရက္ခိတထေရ်မှာသည်။

www.burmeseclassic.com



မကသော ကျေးတို့ကို ပျက်စီးသေကြေအောင် ကြံဆောင်သဖြင့်သာ ရချေသည်။ ဘုရားရှင် သာသနာကို ငါ ချီးမြှောက်ပြုစုငြားသော်လည်း အပါယ်လားခြင်းမှ မလွတ်နိုင်ရာ ငါပြုသော လုံ့လသည် နိရတ္ထကသာ ရှိလတ္တံ့ဟု ကြံ၍ ပူပန်ခြင်းဖြစ်ရကား စက်တော်ခေါ်၍ မပျော်နိုင်ရှိ၏။

## ရဟန္တာ ၈ ပါး

ထိုအကြောင်းကို ပိယင်္ဂုကျွန်း၌ သီတင်းသုံးနေတော်မူသော ရဟန္တာကြီးတို့သည် ပရစိတ္တဝိဇာနန အဘိညာဉ်ဖြင့် သိတော်မူ၍ ရှစ်ဦးသောရဟန္တာတို့ကို သင်တို့သွား၍ မင်းကြီး၏ ယုံမှားခြင်းကို ဖျောက်ချေကုန်ဟု စေတော်မူ၏။ ရဟန္တာရှစ်ဦးတို့လည်း ကောင်းကင်ခရီးဖြင့် ကြွလာ၍ မဇ္ဈိမယာမ်အခါ၌ မင်းအိမ်တံခါးဝဖြင့် သက်ကြကုန်၏။ တံခါးစောင့်တို့အား နန်းတော်သို့ဝင်လိုကြောင်းကို ကြား၍ အခွင့်ရလေသော် နန်းတော်ပြာသာဒ်သို့ သက်၍ လျောက်ပတ်သောနေရာ၌ သီတင်းသုံးကုန်၏။ မင်းကြီးလည်း ရှိခိုး ဝပ်တွားကာ များစွာသော ပူဇော်သက္ကာရပြု၍ "အရှင်မြတ်တို့သည် အဘယ်အကျိုးငှာ ကြွလာကုန်သနည်း" ဟု လျှောက်၏။ ရဟန္တာမြတ်တို့ကလည်း "ဒကာတော်မင်းကြီးသည် မင်းနေရာထက်၌ လျောင်းစက်ကာ ဆင်ခြင်သဖြင့် စိတ်ပင်ပန်းသောအမှုကို ပိယင်္ဂုကျွန်း၌ သီတင်းသုံးသော ရဟန္တာအရှင်တို့ သိမြင်တော်မူသောကြောင့် သင့်ထံသွား၍ တရား ဟောချေစေသဖြင့်လာသည်" ဟုပြော၏။

## တစ်ယောက်နှင့်တစ်ပိုင်း

ထိုအခါ မင်းကြီးက "အရှင်ဘုရား၊ အကျွန်ုပ်သည် အကြောင်းဘီဏာမကသော ကျေးအပေါင်းတို့ကို သတ်စေ၍ ဤမင်းအဖြစ်ကို ရချေသည်။ သာသနာတော်ကို ငါ ချီးမြှောက်သော်လည်း အပါယ်မှ ငါ မလွတ်နိုင်ရာဟု ကြံသည် မှန်ပါ၏" ဟု လျှောက်လျှင် အရှင်မြတ်တို့ကလည်း "မင်းကြီး၊ ဤကျေးစစ်သည်တို့ကို သတ်ဖြတ်ခြင်းဟူသော ကံဖြင့် နတ်ဌာန်သို့လားခြင်းကိုလည်း မတားမြစ်နိုင်၊ မဂ်ဖိုလ်ရခြင်းကိုလည်း မတားဆီးနိုင်၊ ထို့ကြောင့် သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ်မဖြစ်၊ သေလေသော စစ်သည်အပေါင်းတို့တွင် လူတစ်ယောက်နှင့်တစ်ပိုင်းကိုသာ သတ်မိ၏။ ဤမှတစ်ပါးသော သူကား မိစ္ဆာအယူလည်းရှိ၏။ ထိုသူတို့ကား သားနွားနှင့်သာ တူ၏။ သားကိုလည်းကောင်း, နွားကိုလည်းကောင်း, သတ်သောအပြစ်မျှသာရှိ၏။

၁ (လူတစ်ယောက်ဟူသည်ကား ပဉ္စသီလ၌ တည်သောသူတည်း။ တစ်ပိုင်းဟူသည်ကား သရဏဂုံတည်သောသူတည်း။)

ဒကာမင်းကြီး၊ သင်သည် ဘုရားရှင်သာသနာကို စင်ကြယ်စွာ ထွန်းပစေလတ္တံ့သော သူတည်း။ ထိုသို့ သာသနာတော်ကို ချီးမြှောက်သော ကုသိုလ်ကံ၏ အန္တရာယ်ကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်၊ ထို့ကြောင့် နှလုံးမသာမရှိလင့်၊ ရှေးဦးစွာ ကြံစည်သောအတိုင်း ကျွန်းသူကျွန်းသား အများသတ္တဝါတို့ ဘုရားရှင်သာသနာတော်ကို ကောင်းစွာ သက်ဝင်အောင် ရွက်ဆောင်တော်မူလော့" ဟု ဟောပြောပေ၏။

## ငရုတ်တစ်တောင့်

ထိုစကားကိုကြားမှ မင်းကြီးလည်း သက်သာရာရတော်မူ၍ အရှင်မြတ်တို့ ကြွတော်မူပါလော့ဟု လွှတ်လိုက်ပြီးမှ မင်းနေရာ၌ လျောင်းပြီးသော် ကြံတော်မူပြန်သည်ကား ငါတို့ငယ်စဉ်က မယ်တော်၊ ခမည်းတော်တို့သည် ထမင်းခွံ့သောအခါ ငါတို့၏ အမျိုးနတ်ဖြစ်သော သံဃာတော်နှင့် ကင်း၍ ထမင်းစားသော အာဟာရကို တစ်ရုံတစ်ဆစ်မျှ မစားကြကုန်လင့်ဟု ဆုံးမပေကုန်သည်။ ငါသည် ထိုဩဝါဒအတိုင်း မတည်ဘဲ ဘယ်အခါတွင် သံဃာတို့နှင့်ကင်း၍ စားခြင်းကို ပြုမိဖူးသနည်းဟု ဆင်ခြင်လေသော် စစ်ပြုသည်အတွင်း နံနက်စားတော်ခေါ်ရာဝယ် သံဃာ၏ အဖို့ကို မထားမူ၍ စားမိသော ငရုတ်တစ်တောင့်မျှကို မြင်တော်မူ၏။ ဤငရုတ်တစ်တောင့်၏အကျိုးငှာကား ငါ ဒဏ်ထားရပေမည်ဟုကြံ၏။ နောက်အခါ ထိုနေရာ၌ ကြီးစွာသော ကျောင်းကို ဆောက်၍ သံဃာတော်တို့အား ကပ်လှူ၍ ထိုကျောင်းသည် "မရိစဝဋ္ဋိ" ကျောင်းဟု တွင်သတည်း။

**သူတော်ကောင်းတို့အား (ပ) "ပဇ္ဇပဒေါရုဝံသ" အမည်ရှိသော မဟာဝံသကျမ်း၌ (၁၁၆) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော "ဒုဋ္ဌဂါမဏိဝိဇယ" အမည်ရှိသော ပဉ္စဝီသတိမအပိုင်း အခန်းကားပြီး၏။**

www.burmeseclassic.com



# မရိစဝဋ္ဋိဝိဟာရမဟာကဿ

## ဆဗ္ဗိသတိမပိုင်း

## ကဿပစေတီနှင့် မရိစဝဋ္ဋိကျောင်းပူဇော်ပွဲကိုပြခြင်း

### ထေရပုတ္တာဘယ

ဒုဋ္ဌဂါမဏိ မင်းကြီးသည် ရန်သူတို့ကို အောင်ပြီးသော် သီဟိုဠ်ကျွန်းအလုံး၌ မင်းတစ်ပါးသာ ရှိသောအဖြစ်ကိုပြု၍ အဘိသိက်ခံတော်မူပြီးမှ သူရဲကြီးတို့အား အသီးသီးသော မြို့ကျေးရွာဖြင့် ဌာနန္တရ ဝိသေသရာထူးကို စီရင်တော်မူ၏။ ထိုအခါ ထေရပုတ္တာဘယမည်သော သူရဲကြီးသည် ပေးတော်မူသော ရာထူးကိုမယူဘဲ နေ၏။ ဘယ်ကြောင့် မယူသနည်းဟုမေးလျှင် "အရှင်မင်းကြီး၊ စစ်ထိုးရန် ရှိပါသေးသည်" ဟု လျှောက်၏။ "သင်တို့သခင် ငါလျှင်ဧကရာဇ်ဖြစ်တပြီးကား အဘယ်မည်သော စစ်ထိုးခြင်း ရှိသေးသနည်း" ဟု မေးသော် ထေရပုတ္တာဘယကလည်း "မြတ်သောမင်းကြီး၊ ကျွန်ုပ်အား အလွန်အောင်နိုင်ခဲသော ကိလေသာတည်းဟူသော ခိုးသူတို့၏စစ် ရှိပါသည်။ ကိလေသာရန်သူတို့နှင့် စစ်မှုခြင်းကို ပြုပါအံ့။ ကျွန်ုပ်အား ခွင့်လွှတ်တော်မူပါ" ဟု တောင်းပန်၏။ မင်းကြီးလည်း အကြိမ်များစွာ မြစ်တားတော်မူ၏။ သူရဲကြီးလည်း အဖန်တလဲလဲ တောင်းပန်၍ ရဟန်းပြုလေသဖြင့် မရှည်မြင့်မီပင် ရဟန္တာအဖြစ်သို့ ရောက်လေ၍ ရဟန္တာငါးရာခြံရံလျက်နေလေ၏။ ထိုအကြောင်းကို မင်းကြီးအား ကြားသော် ငါတို့ စစ်ထိုးသောအမှုသည် သဂ္ဂန္တရာယ်, မဂ္ဂန္တရာယ်, မဖြစ်ဟု ရဟန္တာမြတ်တို့ ဟောသောတရားသည် မှန်ပေစွဟု ဝမ်းမြောက်တော်မူ၏။

### ငရုတ်တစ်တောင့် ကျောင်းရေစက်ချပွဲ

ဧကရာဇ်မင်းတို့၏ ထီးဆောင်းခြင်း အဘိသိက်ခံခြင်းကို ပြုတော်မူပြီးသည်နောက် ခုနစ်ရက်မြောက်သောအခါ ဒုဋ္ဌဂါမဏိမင်းမြတ်သည် ကြီးစွာသော မင်း၏စည်းစိမ်ဖြင့် ကစားပျော်ပါးခြင်းဖြင့် လည်းကောင်း, အဘိသိက်ခံသောမင်းတို့၏ စာရိတ္တကို စောင့်ရှောက်ခြင်းငှာ လည်းကောင်း, များစွာသော မင်းမိဖုရား များစွာသော ကျေးကျွန်ခြံရံလျက် တိဿဝါပိရေကန်သို့ ထွက်တော်မူ၏။ တဲနန်းသို့ ရောက်သောအခါ ထိုထိုမြို့ရွာမှ ဆက်သလာကုန်သော ပဏ္ဏာကာရတို့ကို ကျောင်းတည်အံ့သောအရာ၌ ထားရကုန်၏။ ဓာတ်တော် ဌာပနာသော လှံကိုလည်း မင်း၏တဲနန်းဦး၌ပင် ကိုယ်ရံတော်သားတို့ စိုက်ထားကြပေ၏။

မင်းကြီးလည်း မောင်းမတော်များနှင့်တကွ ရေကစားတော်မူပြီး၍ တဲတော်သို့တက်၍ စားဖွယ်သောက်ရန် သုံးတော်မူပြီးမှ ညချမ်းသောအခါ ပြည်တော်သို့ ဝင်အံ့ဟု မင်းချင်းတို့အား ဆင့်ဆို၍ အဆောင်အရောင်တို့ကို ယူစေသော် စိုက်ထားအပ်သောလှံသည် နုတ်၍ မရနိုင်ရှိခဲ့၏။ ထိုအကြောင်းကို မင်းအား လျှောက်ကြား၍ ဗိုလ်ပါအများနုတ်စေသော်လည်း မနုတ်နိုင်လေလျှင် အံ့ဖွယ်သရဲဖြစ်ခြင်းကို မြင်၍ ဤလှံတွင် ကိန်းဝပ်သော ဓာတ်တော်သည် ဤအရပ်၌ သီတင်းသုံးလိုသည်ဟု သိသဖြင့် အလုံးစုံသော စစ်သည်တော်တို့ကို ပန်းနံ့သာ လက်စွဲလျက် ပူဇော်စေပြီးမှ လှံတော်ကို အစောင့်အရှောက်နှင့်တကွ ထားခဲ့၍ မြို့သို့ဝင်တော်မူ၏။

နောက်တစ်နေ့တွင် ဗိုလ်ပါတို့နှင့် ထွက်တော်မူ၍ လှံကို ကျောက်, အုတ်တို့ဖြင့် ဝန်းရံလျက် စေတီတည်တော်မူသည်။ ထိုစေတီ၏အနီး ကျောင်းကြီးကိုလည်း ဆောက်လုပ်တော်မူသည်။ သုံးနှစ်တိုင်မှ ပြီးသတည်း။ ကျောင်းပြီးသောအခါ ရဟန်းယောက်ျား သံဃာတစ်သိန်း, ရဟန်းမိန်းမ ကိုးသောင်းတို့ကို စည်းဝေးစေတော်မူ၍ ဤသို့ လျှောက်ဆို၏။ "အရှင်ဘုရားတို့၊ အကျွန်ုပ်သည် ငရုတ်တစ်တောင့်မျှကို သံဃာတို့အား ဦးမထားဘဲ စားသည်ဖြစ်၍ နှလုံးမွေ့လျော်ဖွယ် တင့်တယ်လှစွာသော ဤစေတီနှင့်တကွသော ကျောင်းကို ဆောက်လုပ်တည်ထောင်သဖြင့် ဒဏ်ထားသောအမှုကို ပြုပါပြီ၊ မရိစဝဋ္ဋိကျောင်းကြီးကို သံဃာတော်တို့ အလှူခံ၍ သီတင်းသုံးတော်မူပါဟု လျှောက်၍ သံဃာတော်တို့၏ လက်၌ ရေစက်သွန်းချတော်မူ၏။

### တစ်ဆယ့်ကိုးကုဋေ

ကျောင်းအာရာမ်၌ လည်းကောင်း, ထက်ဝန်းကျင်သော အရပ်၌ လည်းကောင်း, ကောင်းမွန်တင့်တယ် ကြီးကျယ်စွာသော မဏ္ဍပ်ကြီးကိုပြုစေ၍ ထိုမဏ္ဍပ်၌ သံဃာတို့အား အလှူကြီးပေး၏။ အဘယဝါပိရေကန်၏ အလယ်၌လည်း ကြီးကျယ်သောမဏ္ဍပ်ကို ပြု၍ သံဃာတော်တို့ကို သီတင်းသုံးစေ၏။ မင်းကြီးလည်း ခုနစ်ရက်ပတ်လုံး သံဃာတော်တို့အား အလှူကြီးပေးပြီးလျှင် အလွန်ကောင်းမြတ်သော ကပ္ပိယ ပရိက္ခရာတို့ကို စုံလင်စွာ လှူတော်မူ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သံဃာကြီးတစ်ပါးတစ်ပါး၏ အလှူခါနသည် သပြေတစ်သိန်းစီ ထိုက်၏။ အငယ်ဆုံး သံဃာ၏ ပရိက္ခရာသည် သပြေတစ်ထောင်ထိုက်သတည်း။

စစ်ထိုးခြင်း၌လည်း ရဲရင့်ခြင်းရှိသော ရတနာသုံးပါးအပေါင်း၌ အလွန်ကြည်ညိုစွာ သာသနာတော်ကို ပူဇော်ချီးမြှောက်လျက် ထွန်းတောက်ခြင်းကို အလိုရှိလှသော သူ၏ ကျေးဇူးကို အထူးသဖြင့် သိတတ်သော ဒုဋ္ဌဂါမဏိမင်းမြတ်သည် စေတီတည်သည်မှစ၍ ကျောင်းအနုမောဒနာပွဲပြီးသည်တိုင်အောင် ရတနာသုံးပါး အလို့ငှာ စွန့်အပ်ကုန်သော ဥစ္စာတို့သည် အဘိုးအနဂ္ဃထိုက်သော ကျောက် စိန်စသော ရတနာကို လွတ်၍ ဝယ်ယူအပ်သော ဥစ္စာပင် သပြေတစ်ဆယ့်ကိုးကုဋေ ဖြစ်သတည်း။

(ကဏ္ဍစေတီနှင့် မရိစဝဋ္ဋိကျောင်းပြုသောအခန်းပြီး၏)

**သူတော်ကောင်းတို့အား (ပ) "ပဿပဒေါရုဝံသ" အမည်ရှိသော မဟာဝံသကျမ်း၌ (၂၆) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော "မရိစဝဋ္ဋိဝိဟာရ,မဟ" အမည်ရှိသော ဆဗ္ဗိသတိမပိုင်းအခန်းကား ပြီး၏။**

---

# လောဟပါသာဒမဟာကဏ္ဍ သတ္တဝီသတိမပိုင်း

## လောဟပါသာဒပြာသာဒ်တည်ဆောက်ပူဇော်ခြင်း အကြောင်းကိုပြခြင်း

### အရှင်မဟိန္ဒ၏ ဗျာဒိတ်

ကောင်းမှု၌ မွေ့လျော်တော်မူသော ကြီးသော ပညာတော်ရှိသော ဒုဋ္ဌဂါမဏိမင်းသည် စေတီတော်ကျောင်းတော်တို့ကို ပူဇော်တည်ထောင်ပြီးသောအခါ အဘယ်အရာကို ငါ ပြုရအံ့နည်းဟု ကြံပြန်သော် ဘေးတော်ဖြစ်သော ဒေဝါနံပိယတိဿမင်းကြီးအား အရှင်မဟိန္ဒသည် ဤမည်သော နေရာ၌ ဒကာမင်းကြီး၏ မြေးတော်ဖြစ်သော ဒုဋ္ဌဂါမဏိအဘယမင်းသည် ကြီးစွာသောစေတီကို တည်လတ္တံ့။ အထူးထူးသော ရတနာတို့ဖြင့် တန်ဆာဆင်အပ်သော ဥပုသ်အိမ်သိမ်ကိုလည်း ပြုလတ္တံ့။ ကြီးစွာသော လောဟပါသာဒကိုလည်း ပြုလတ္တံ့ဟု မိန့်ဆိုသောစကားကို ကြားရဖူးသည်နှင့် စူးစမ်းရှာဖွေသော် မင်းအိမ်တော်တွင် အစဉ်ထားအပ်သော သံသေတ္တာ၌ ရေးကရေးထားခဲ့သော ရွှေပေအက္ခရာတို့ကို တွေ့လေ၏။

ထိုအက္ခရာတို့ကို ဖတ်စေသော် ငါ၏နောက် နှစ်ပေါင်း တစ်ရာလေးဆယ့်ခြောက်နှစ်လွန်၍ သာသနာတော် သုံးရာခုနစ်ဆယ့်နှစ်နှစ် ရောက်သောအခါ ကာကဝဏ္ဏတိဿမင်း၏ သားဖြစ်သော ဒုဋ္ဌဂါမဏိမင်းသည် ဘုရားသခင် သမာပတ်ဝင်ရာဖြစ်သော ဤဌာန၌ သံတောင်တစ်ရာနှစ်ဆယ်မြင့်သော ဟေမမာလီအမည်ရှိသော မဟာစေတီကြီးကို တည်လတ္တံ့။ ဤမည်သောဌာန၌ ဥပုသ်အိမ်သိမ်ကြီးကိုလည်း ပြုလတ္တံ့။ ဤမည်သောအရပ်၌ ဘုံကိုးဆင့်ရှိသော ကြေးပြာသာဒ်ကြီးကိုလည်း ပြုလတ္တံ့ဟူ၍ ရှင်မဟိန္ဒဗျာဒိတ်စကား ထားတော်မူသည်ဟု ရေးခဲ့သော စာကို ကြားပေ၏။

### နတ်ဗိမာန်ပုံစံ

ထိုအခါ ဒုဋ္ဌဂါမဏိမင်းကြီးသည် ငါသည် ရဟန္တာအရှင်မြတ်တို့၏ ဗျာဒိတ်တွင်ဝင်သောသူတကားဟု အလွန်အားရတော်မူ၍ လက်ပန်းပေါက်ခတ်တော်မူ၏။ ထို့နောက်မှ စောစွာထလျက် မဟာမေဃဝန်ဥယျာဉ်သို့ ထွက်တော်မူ၍ မဟာဝိဟာရတိုက်၌နေသော သံဃာတော်တို့ကို စည်းဝေးစေပြီးလျှင် "အရှင်ဘုရားတို့၊ အကျွန်ုပ်သည် အရှင်မြတ်တို့ သီတင်းသုံးရန် နတ်ဗိမာန်နှင့်တူသော ပြာသာဒ်ကို ပြုလုပ်ပါမည် အရှင်မြတ်တို့သည် နတ်ရွာသို့ ကြွပြီးလျှင် နတ်ဗိမာန်ကို ပုံစံရေးပေးတော်မူပါ" ဟု လျှောက်၏။ ရဟန်းတော်တို့လည်း ရှစ်ပါးသောရဟန္တာတို့ကို နတ်ရွာသို့သွား၍ ပုံစံရေးချေဟု စေလွှတ်၏။ ထိုအရှင်မြတ်တို့လည်း လျှောက်ပတ် ဆန်းကြယ် ရှုချင်ဖွယ်ရှိလှသော ဘရဏီ နတ်သမီးဗိမာန်ပုံကို ပုရပိုက်ဖြူတွင် ဟင်္သပြဒါးဖြင့် ရေးတင်၍ ယူခဲ့ကုန်၏။

### ဘရဏီနတ်သမီး

ထိုနတ်သမီးအကြောင်းကား ကဿပဘုရား သခင်၏ လက်ထက်တော်၌ အသောကမည်သော ပုဏ္ဏားသည် ရှစ်လုံးသော စာရေးတံဆွမ်းတို့ကို သံဃာတော်မြတ်တို့အား မပြတ်ဝတ်တည်၏။ ထိုပုဏ္ဏား၏အိမ်၌နေသော ဘရဏီမည်သော ကျွန်မကို သင်သည် အမြဲချက်လှူလော့ဟု အပ်ပေ၏။ ကျွန်မလည်း ထိုဆွမ်းဝတ်တို့ကို လေးမြတ်ရိုသေစွာ ရံခါမပျက်ချက်၍ ကပ်လှူပေ၏။ ထိုကောင်းမှုကြောင့်

www.burmeseclassic.com



ထိုအဖြစ်မှ စုတေခဲ့သော် စာတုမဟာရာဇ်နတ်ပြည်ဝယ် ကောင်းကင်အလယ်၌ ကြီးကျယ်စွာသော ဗိမာန်ပေါက်၍ တစ်ထောင်မျှလောက်သော နတ်သမီးအရံဖြင့် ပျော်စံရလေသတည်း။ ထိုဗိမာန်ပြာသာဒ်ကား အစောက်အားဖြင့် တစ်ဆယ့်နှစ်ယူဇနာ၊ အဝန်းအားဖြင့် လေးဆယ့်ရှစ်ယူဇနာ ရှိ၏။ စုလစ်မွန်းချွန်တပ်သော ပြာသာဒ်တစ်ထောင်ရံလျက် အလယ်၌ ဘုံကိုးဆင့်ရှိသော ပြာသာဒ်ကြီးသည် တည်၍ အရပ်လေးမျက်နှာ၌ဝင်ရာ တံခါးဝရှိ၏။ အထူးထူးသော ရွှေချူကွန်ရက်တို့ဖြင့် ဆွဲလျက် ပုလဲ, သန္တာ, ဂီဝါအဆင်းနှင့်တူသော ပွတ်တိုင်တို့ဖြင့် ခြံရံအပ်၏။ ထိုရတနာ ပြာသာဒ်၏ အလယ်၌ တင့်တယ်စွာ သရက်ပင်ပျိုးရောက်သော ပြာသာဒ်သည် တည်၏။ အထူးထူးသော တံခွန်တို့ကို ကောင်းမွန်စွာ ဆွဲထား၏။

ဤနတ်သမီး၏ ဗိမာန်ကို ပုံစံကျအောင် ရေးခဲ့ပြီးလျှင် သံဃာကြီးတို့အားအပ်၏။ သံဃာတော်တို့လည်း မင်းကြီးအထံသို့ ပို့ပေ၏။ မင်းကြီးလည်း ထိုဗိမာန်ကို မြင်လျှင် ရွှင်လန်းဝမ်းမြောက်လှသည်ဖြစ်၍ မဟာဝိဟာရ တိုက်သို့ လာပြီးလျှင် သာယာကောင်းမွန်သော မြေအရပ်၌ ဆောက်ခဲ့အပ်သော ပုံစံနှင့် တူစွာ သေချာစေစပ်သော လောဟပါသာဒ ကြေးပြာသာဒ်ကို ပြုလုပ်ပေ၏။ ပြာသာဒ် တည်သည်မှစ၍ လက်သမားတို့အား လက်ခံအလို့ငှာ မြို့တံခါးလေးမျက်နှာ၌ ကြီးစွာသောတိုက်ကိုပြု၍ ရှစ်သောင်း ရှစ်သောင်းစီသော ငွေသပြာတို့ကိုလည်းကောင်း, တစ်ထောင် တစ်ထောင်မျှသော ပုဆိုး အဝတ်တို့ကို လည်းကောင်း, ထား၍လုပ်သော အမှုထိုက်သမျှကို နေ့တိုင်း ပေးရမည်ဟု အမတ်တို့ကို အပ်ထား၏။ ဆီပျား တင်လဲ သကာဖြင့် ပြည့်ကုန်သော အိုးစရည်းကြီးတို့ကို အလိုရှိတိုင်း သုံးလေစေဟု ထားတော်မူ၏။

ဤလောဟပါသာဒတံခါး နံ့ပါးတစ်ဖက်တစ်ချက်မှ သံတောင် တစ်ရာစီကျယ်၏။ အမြင့်လည်း အတောင် တစ်ရာပင်မြင့်၏။ အရပ်လေးဖြာလုံး မျက်နှာဝရှိ၏။ ဘုံကိုးဆင့်တို့ဖြင့် တင့်တယ်၏။ တစ်ဘုံတစ်ဘုံ၌ စုလစ်မွန်းချွန်ဆောင်တစ်ရာ တစ်ရာစီရံ၏။ ထိုမွန်းချွန်ဆောင်တို့ကို ငွေဖြင့်သာ မွမ်းမံအပ်၏။ အထူးထူးသော ရတနာတို့ဖြင့် တန်ဆာဆင်အပ်သော ပွတ်တိုင်တို့ကိုလည်း စီအပ်ကုန်၏။ ထိုပွတ်တိုင်တို့၏ အကြားအကြား၌ ရွှေဖြင့်ပြီးသော ပဒုမ္မာပွင့်တို့ကို လည်းကောင်း, ငွေဆည်းလည်းတို့ကို လည်းကောင်း, ဆွဲထားအပ်ကုန်၏။ အောက်နံရံအခြေခံတို့၌ ခြသေ့, သစ်, ကျား, သားရဲရုပ်တို့ဖြင့် လည်းကောင်း၊ အထက်နံရံတို့၌ လူရုပ်တို့ဖြင့် လည်းကောင်း ခြံရံအပ်၏။ အလုံးစုံသော သည်တိုင်တို့၌ ရတနာခုနစ်ပါးတို့ဖြင့် အတင့်အတယ် ခြယ်စီအပ်၏။

## မဏ္ဍပ်

ဝေဿဝဏ် နတ်မင်းကြီးသည် နတ်မိန်းမတို့သာ ရှက်ဆောင်ရသော ယာဉ်ပြာသာဒ်ဖြင့် လှည့်ပတ်လေ့ရှိသည်ဟု ကြားဖူးရကား ထိုဝေဿဝဏ်နတ်မင်း၏ နာရီဝါဟနယာဉ်၏ ပုံစံနှင့်တူစွာ ရတနာမဏ္ဍပ်ကိုလည်း လောဟပါသာဒ၏ အတွင်း၌ ပြုလုပ်စေ၏။ ထိုမဏ္ဍပ်၏ အစွန်းထက်ဝန်းကျင်အရပ်၌ ပုလဲကွန်ရက်တို့ဖြင့် ခြံရံအပ်၏။ သန္တာဖြင့် ပြီးသော ပွတ်လုံး၊ ပွတ်တိုင်တို့ဖြင့် ရံ၏။ မဏ္ဍပ်၏ အလယ်၌ နလုံးမွေ့လျော်ဖွယ် တင့်တယ်ထွန်းပသော ဖန်အဆင်းရှိသော ဆင်စွယ်ပလ္လင်ကို ထားအပ်၏။ ထိုဆင်စွယ်ပလ္လင်၌ ဆင်စွယ်ဖြင့်ပြုအပ်သော တံကဲပျဉ်ကို ထောင်၍ ထိုအထက်၌ ရွှေဖြင့်ပြီးသော နေဝန်းကို လည်းကောင်း, ငွေဖြင့်ပြီးသော လဝန်းကိုလည်းကောင်း, ပုလဲဖြင့်ပြီးသော ကြယ်တာရာတို့ကို လည်းကောင်း, တင့်တယ်စွာ စီထားအပ်ကုန်၏။ ထိုပလ္လင်ထက်၌ နှစ်သက်ဖွယ်ရာ အရောင်ရှိသော အခင်းကောင်းတို့ကို ခင်းပြီးလျှင် ဖြူဝင်းသော အရောင်ဖြင့် လူတို့၏နှလုံးကို ဆောင်တတ်သော ဆင်စွယ်ယပ်ကိုလည်း ထားပေ၏။ ထိုပလ္လင်၏ အနီး၌ သန္တာဖြင့်ပြီးသော ခုံခံလျက် ငွေအရိုးတပ်သော ထီးဖြူရတနာကိုလည်း ဖြန့်အုပ်ကာထားပေ၏။ ထိုထီးဖြူ၏အနား ဆွဲထားအပ်သော သန္တာဆိုင်း, ရွှဲဆိုင်းတို့သည် လည်းကောင်း, အကြား အကြား၌ ပတ္တမြားလုံးတို့သည် လည်းကောင်း အလွန်တင့်တယ်ကုန်၏။ ပြာသာဒ်, ထီးဖြူ, ပလ္လင်, မဏ္ဍပ်, ဤလေးရပ်တို့သည် အဖိုးမဖြတ်နိုင်သည်သာ ဖြစ်ကုန်၏။ ထိုပြာသာဒ်၏ အတွင်း၌ အခင်းနှင့်တကွသော ညောင်စောင်းတို့ကိုလည်း ကောင်းစွာ ခင်းထားပေ၏။ မြေအခင်းကမ္ဗလာတို့ကိုလည်း စပ်လျက် စပ်လျက်သာ ခင်းပေ၏။ သန့်သက်အိုး, သန့်သက်ရေမှုတ်ကိုလည်း ရွှေကိုသာ ပြုလုပ်ပေ၏။

## လောဟပါသာဒ

ထိုပြာသာဒ်ကို တင့်တယ်စွာ အုတ်တံတိုင်းတို့ဖြင့် ရံလျက် လေးမျက်နှာ တံခါးမုခ်ကိုလည်း ပြုလုပ်အပ်၏။ ထိုပြာသာဒ်သည် တာဝတိံသာ နတ်သဘင်ကဲ့သို့ အလွန်တင့်တယ်ခြင်းသို့ ရောက်၏။ ကြေးနီအုတ်ကြွပ်ကိုသာ မိုးရကား "လောဟပါသာဒ" ဟု ထင်ရှားသတည်း။ မင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးလည်း လောဟ ပါသာဒ ပြာသာဒ်ပြီးသောအခါ သံဃာတော် အပေါင်းတို့ကို စည်းဝေးစေ၍ မရိစဝဋ္ဋိကျောင်းကို အနုမောဒနာ ပြုသကဲ့သို့ ကြီးကျယ်စွာ အနုမောဒနာ ပြုပေ၏။

### အတန်းခွဲခြား

ထိုလောဟပါသာဒ၌ ပထမဘုံ၌ ပုထုဇဉ် ရဟန်းတို့ကို သီတင်းသုံးစေ၏။ ဒုတိယဘုံ၌ ပိဋကတ် သုံးပုံကို ဆောင်သော ရဟန်းတို့ကို သီတင်းသုံးစေ၏။ တတိယဘုံ စသည်၌ကား သောတာပန်, သကဒါဂါမိ အနာဂါမ်တို့ကို သီတင်းသုံးစေ၏။ အထက်ဆုံး ဘုံ၌ကား ရဟန္တာ အရှင်တို့ကိုသာ သီတင်းသုံးစေ၏။

### ကုဋေသုံးဆယ်

မင်းကြီးသည် ပြာသာဒ်ဟူသော အကြောင်းကြောင့် စွန့်ကြဲ လှူဒါန်းအပ်သော ဥစ္စာတို့သည် အဖိုးအနဂ္ဃထိုက်သော ရတနာတို့ကိုထား၍ ဒင်္ဂါးသပြာပေါင်း ကုဋေသုံးဆယ်ဖြစ်သတည်း။

**သူတော်ကောင်းတို့အား (ပ) "ပဋ္ဌပအေါရုဝံသ" အမည်ရှိသော မဟာဝံသကျမ်း၌ (၄၈) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော "လောဟပါသာဒမဟ" အမည်ရှိသော သတ္တဝီသတိမအပိုင်းအခန်းကား ပြီး၏။**

---

## မဟာထူပသာ ဓနလာဘကဏ္ဍ အဋ္ဌဝီသတိမပိုင်း

### မဟာစေတီတည်ရန် အဆောက်အဦတို့ ဖြစ်ပေါ်လာရသည်ကို ပြဆိုခြင်း

### နတ်အုတ်

ဒုဋ္ဌဂါမဏိအဘယ မင်းကြီးသည် လောဟပါသာဒကို အနုမောဒနာပြုပြီးသော် ဘေးတော် ဒေဝါနံပိယတိဿမင်း စိုက်ခဲ့သော ဒက္ခိဏာသာခါ မဟာဗောဓိပင်ကို ပူဇော်ဦးအံ့ဟုကြံ၍ ဗိုလ်ရုံသင်းပင်းနှင့်တကွ ထွက်တော်မူ၍ တစ်သိန်းသော ဥစ္စာတို့ကို စွန့်လျက် ဗောဓိပင်ကို ပလ္လင်မြင့်ခြင်း, တံတိုင်းကာခြင်း, တံခွန်ဆွဲခြင်း, ရွှေသလဲ ငွေသလဲ ကြဲခြင်း အစရှိသော ပူဇော်ခြင်းအထူးကို ပြုတော်မူ၏။ ထိုသို့ပူဇော်ပြီး၍ မြို့နန်းသို့ဝင်သောအခါ မဟာစေတီတည်ရာ အရပ်၌ ဘိုးတော်စိုက်ထားခဲ့သော ကျောက်တိုင်ကို မြင်၍ အစဉ်ကြားဖူးသော စကားကို အောက်မေ့မိသဖြင့် အလွန်ရွှင်လန်းသော စိတ်ရှိလျက် စေတီတည်လိုသော အကြံနှင့်တကွ လာခဲ့၍ စံရာပြာသာဒ်သို့ တက်ပြီးသော် မင်း၏နေရာတော်၌ လျောင်းလျက် ဤသို့ ကြံ၏။

ငါသည် ကျေးကုလားတို့ကို နှစ်နှစ်ကျော်အောင် နှိမ်နင်းပယ်ရှားရသဖြင့် ကျွန်းသူကျွန်းသား အပေါင်းတို့သည် ကျဉ်းမြောင်း ဆင်းရဲကို ရကုန်သည်။ ထိုသူတို့အား အခွန်အတုတ်ကိုယူသဖြင့် မသင့်ချေ၊ စေတီတည်ရန်ဖြစ်သော အုတ်ကို တရားသဖြင့် ပြီးအောင် ဘယ်သို့လုပ်ဆောင်ရအံ့နည်းဟု ကြံတော်မူ၏။ အကြံကို နန်းတော်ပြာသာဒ်၌နေသော ထီးချက်စောင့်နတ်သမီး သိလေသော် နတ်ပြည်၌ ပြောကြား၍ သိကြားမင်း သိလေသဖြင့် ဝိသုကြံ့နတ်သား ကိုခေါ်၍ "အမောင်နတ်သား၊ သီဟိုဠ်ကျွန်း၌ ဒုဋ္ဌဂါမဏိ မင်းသည် စေတီတည်လုပ်ရန် အုတ်လိုသောအကြံရှိ၏။ ထိုအကြံကို ပြည့်စေခြင်းငှာ အနုရာဓမြို့မှ တစ်ယူဇနာရှိသော ဂမ္ဘီရမြစ်၏အနီး၌ အုတ်တို့ကိုဖန်ဆင်း၍ ထားချေလော့" ဟု ဆိုတော်မူ၏။ ဝိသုကြံ့နတ်သားလည်း သိကြားမင်းဆိုတိုင်း များစွာသော အုတ်တို့ကို ဖန်ဆင်းပေ၏။

နံနက်သောအခါ မုဆိုးတစ်ယောက်သည် ခွေးတို့နှင့်တကွ တောလည်လာရာ ဤအရပ်သို့ရောက်လျှင် ဘုမ္မစိုးနတ်သည် ဖွတ်ကြီးယောင် ဖန်ဆင်း၍ ပြ၏။ မုဆိုးလည်း ဖွတ်ကိုမြင်လျှင် အစဉ်လိုက်လေသော် အုတ်တို့ကို တွေ့လေ၏။ ဖွတ်လည်း ကွယ်ပျောက်၍ မုဆိုး ဝမ်းမြောက်ဝမ်းသာလျက် ငါတို့၏ အရှင်မင်းကြီးသည် မဟာစေတီတည်လိုသော အကြံတော်ရှိ၏။ ငါသည် ဤအုတ်ကို လက်ဆောင်ပြု၍ မင်းကြီးအား လျှောက်ကြားအံ့ဟု ကြံပြီးလျှင် မြန်စွာလာပြီး အုတ်တွေ့ပါကြောင်းကို လျှောက်၏။ မင်းကြီးသည်လည်း ဝမ်းမြောက်တော်မူလှ၍ မုဆိုးအား အဖိုးတစ်ထောင်ထိုက်သော ပုဆိုးတစ်စုံ, ရွှေပန်း, ငွေပန်း, နှစ်သောင်း, သပြာနှစ်သောင်းထွက်သော လယ်ပယ်, သိန္ဓောမြင်း လေးစီးကသော ရထားတည်းဟူသော ဆုလာဘ်ကို ပေးတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



## ရွှေညှောက်ကြေးနီညှောက်

*ထိုဂါမဏီမင်းကြီး၏ ဘုန်းတော်ကြောင့် အနုရာဓမြို့ပြည်မှ အရှေ့မြောက်သုံးယူဇနာကွာသော အာစာရဝိဋ္ဋိမည်သော ရွာ၌ တစ်ဆယ့်ခြောက်ပတ်ရှိသော မြေပြင်ဝယ် အကြီးသည် အရှည်တစ်ထွာ, အငယ်လက်လေးသစ်ပမာဏရှိသော ရွှေညှောက်တို့သည် ပေါက်လတ်ကုန်၏။ ရွာသားတို့သည် ထိုရွှေညှောက်ကို အတန်ငယ်ယူ၍ မင်းကြီးအား ပြလျှောက်ကုန်၏။ ပြည်၏ အရှေ့မျက်နှာ ခုနစ်ယူဇနာကွာသော ဂင်္ဂါမြစ်၏ တစ်ဖက်ဖြစ်သော တမ္ဗပိဋ္ဌဇနပုဒ်၌ နှားဦးချိုပမာဏရှိသော ကြေးနီညှောက်တို့သည် ပေါက်ကုန်၏။ ရွာသားတို့သည် အတန်ငယ်ယူ၍ မင်းကြီးအား ပြလျှောက်ကုန်၏။

## ပတ္တမြားကျောက်တိုင်

ပြည်၏အရှေ့တောင်ထောင့် မျက်နှာလေးယူဇနာကွာသော သုမနဝါပိရွာ၌ များစွာကုန်သော ပတ္တမြားကျောက်တိုင်တို့သည် ပေါ်ပေါက်ကြကုန်၏။ ရွာသားတို့သည် ထိုပတ္တမြားတို့ကို ကုရုဝိန္ဒမည်သောကျောက်, ဥပ္ပလမည်သော ကျောက်တို့နှင့် ရောလျက် ပြဆက်လာကုန်၏။

## ငွေစိုင်ခဲ

ပြည်၏တောင်မျက်နှာ ရှစ်ယူဇနာကွာသော အမ္ဗဋ္ဌကောလလိုဏ်၌ ငွေစိုင်အခဲတို့သည် များစွာဖြစ်ကြကုန်၏။ အနုရာဓမြို့၌နေသော ကုန်သည်တစ်ယောက်သည် များစွာသော လှည်းတို့ကိုယူ၍ မလယဇနပုဒ်မှ ချင်းစိမ်းတို့ကို ဆောင်ခြင်းငှာ သွားလေသော် ထိုလိုဏ်၏ အနီးဖြစ်သော တောင်ခြေရင်း၌ လှည်းတို့ကို ဖြုတ်ထား၍ နှင်တံအကျိုးငှာ တောင်သို့တက်လေသော် အသီးမှည့်လေးခြင်းကြောင့် ညွှတ်သော ပိန္နဲကိုင်းမှ အိုးစရည်းမျှလောက်သော ပိန္နဲသီးကိုရ၍ ထိုပိန္နဲသီးကိုခွဲသောအခါ လွန်စွာသော အနံ့အရသာနှင့် ပြည့်စုံသည်ကိုမြင်၍ အဦးကိုလှူချင်သောစိတ်ရှိရကား အလှူခံတို့အား ကြွေးကြော်၏။

ထိုအသံကိုကြားသောအခါ ရဟန္တာလေးဦးတို့သည် သပိတ်ပိုက်ကာ ကြွလာကုန်ရကား အားရဝမ်းသာစွာလျက် အညာမှထွက်၍ ကျောက်ခွက်ပြည့်မှ တည်သော ပိန္နဲရည်တို့ကို သပိတ်ဖြင့် ကပ်ပေ၏။ ထိုအရှင်တို့ ကြွသွားသောအခါ ရဟန္တာလေးဦးတို့သည် တစ်ဖန် ကြွလာပြန်၏။ ကုန်သည်လည်း ထိုအရှင်တို့၏သပိတ်ကို ပိန္နဲသီးတို့ဖြင့် ပြည့်စုံစေလျက် ကပ်ဆက်ပေ၏။ အရှင်မြတ်သုံးပါးတို့သည် လိုရာသို့ ကြွကြကုန်၏။

ရဟန္တာတစ်ပါးမူကား ထိုကုန်သည်အား ငွေကိုပြခြင်းငှာ ဝေးစွာမကြွဘဲ တောင်မှသက်ခဲ့၍ လိုဏ်ဝ၌ ထိုပိန္နဲသီးကို ဘုဉ်းပေး၏။ ကုန်သည်လည်း လှူ၍ ကျန်သော ပိန္နဲနှစ်တို့ကို စားပြီးလျှင် အရှင်မြတ် ဘုဉ်းပေးရာသို့ လိုက်လာ၍ ဝေယျာဝစ္စကိုပြု၏။ ရဟန္တာအရှင်မြတ်လည်း လိုဏ်သို့ဝင်ခြင်းငှာ လမ်းပြလေသော် ကုန်သည်လည်းဝင်၍ ကြည့်သည်နှင့် များပြားစွာသော ငွေစိုင်တို့ကို မြင်သဖြင့် ပါသော ပဲကွပ်ဖြင့် ခုတ်ဖြတ်လေသော် ငွေစိုင်ဖြစ်ကြောင်းတို့ကိုသိ၍ လှည်းရှိရာအရပ်သို့ တစ်ဖန် သွားပြီးမှ ထိုငွေစိုင်တို့ကို တင်ယူကာ ပြန်ခဲ့၍ မင်းကြီးအား ကြားလျှောက်ပေ၏။

## ပုလဲ

အနုရာဓပြည်၏ အနောက်မျက်နှာ ငါးယူဇနာထက်၌ ဥရုဝေဠမည်သော သမုဒ္ဒရာဆိပ်၌ ရှိရှားသီးကြီး၏ ပမာဏရှိကုန်သော ပုလဲတို့သည် လည်းကောင်း, အကြား အကြား၌ သန္တာတို့သည် လည်းကောင်း, လှည်းအစီး ခြောက်ဆယ်တိုက်ခန့်မျှ ကြည်းသို့ တက်လတ်ကုန်၏။ တံငါတို့သည် ထိုပုလဲတို့ကို မြင်၍ ရုံးစုခဲ့ပြီးလျှင် မင်းကြီးအား ကြားလျှောက်ကုန်၏။

## ပတ္တမြား

ပြည်၏မြောက်မျက်နှာ ခုနစ်ယူဇနာ၏ အထက်၌ ပေဠိဝါပိက ရွာသည်ရှိ၏။ ထိုရွာ၏အနီးသို့ စီးဝင်လာသော ချောင်းထဲ သဲအပြင်၌ အောင်မဲညိုအပွင့်နှင့်တူသော အဆင်းရှိသော အလျား တစ်ဆယ့်ခြောက်သစ်, လုံးပတ် ဆေးကြိတ်ကျောက်လုံး ပမာဏရှိကုန်သော အလွန်တင့်တယ်သော အရောင်ရှိသော ပတ္တမြားတို့သည် ဖြစ်ကုန်၏။ မတ္တအမည်ရှိသော ခွေးမုဆိုးတို့သည် ထိုပတ္တမြားကိုမြင်၍ မင်းကြီးအား ကြားလျှောက်ကုန်၏။ မင်းကြီးလည်း မဟာစေတီတည်ခြင်း အကျိုးငှာ ဖြစ်လာကုန်သော ဤအုတ်တို့ကို လည်းကောင်း, ရတနာတို့ကို လည်းကောင်း, ကြားတော်မူလျှင် ဝမ်းမြောက်တော်မူလှ၍ ကြားလျှောက်လာသော သူတို့အား ထိုက်လျောက်သော ဆုလာဘ်ပေးတော်မူ

* မဟာစေတီယဝံသအဋ္ဌကထာ၌ ဆိုသည်ဟု (မဟာဝင်ဋီကာ–၃၆၈) ၌ မှာ၏။

www.burmeseclassic.com

www.burmeseclassic.com



၍ ထိုသူတို့ကို စောင့်ရှောက်စေလျက် ဘဏ္ဍာတိုက်တော်သို့ ယူဆောင်ပေ၏။

ဤသို့လျှင် ဒုဋ္ဌဂါမဏိအဘယမင်းသည် ထိုအဖြစ်သို့ မရောက်မီ ရှေးဘဝ သာမဏေဖြစ်စဉ်က တစ်သပြာမျှ ဥစ္စာမကုန်ဘဲ ကိုယ်၏ ဆင်းရဲခြင်းကိုမထင် ကြည်ရွှင်သော စိတ်ထားဖြင့် ကိုယ်အားကို အရင်းထုတ်လျက် စောင်းတန်း လုပ်ခဲ့သော ကုသိုလ်, သင်္ဃာတော်တို့အား သောက်ရေ, သုံးရေ လှူခြင်း, သူ့ခပ်သိမ်းတို့၏ သောက်သုံးရန် ရေကန်, ရေတွင်းပြုခြင်း ကုသိုလ်တို့ကြောင့် အလိုလို ပေါ်ပေါက် လာကြ၍ ချမ်းသာရခြင်း၏ အကြောင်းဖြစ်ကုန်သော ဥစ္စာ ရတနာ ဘဏ္ဍာအဆောက်အဦတို့သည် ပြည့်စုံလေသည် ကို ထောက်ထားသဖြင့် အများသူတော်ကောင်းတို့သည် ကောင်းမှုပုညကို စွမ်းနိုင်သမျှ အားထုတ်ရာသတည်း။

**သူတော်ကောင်းတို့အား (ပ) "ပဋ္ဌပဒေါရှဝံသ" အမည်ရှိသော မဟာဝံသကျမ်း၌ (၄၃) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော "မဟာထူပ-သာဓန-လာဘ" အမည်ရှိသော အဋ္ဌဝီသတိမ အပိုင်းအခန်းကား ပြီး၏။**

---

# ထူပါရုံ့ဘကဏ္ဍ၊ ကုန်တိံသမပိုင်း

## မဟာစေတီတည်ခြင်းကို ပြဆိုခြင်း

### အုတ်မြစ်ချ အစီအစဉ်

ဤသို့လျှင် စေတီတည်ခြင်း၏ အစအဆောက်အဦ တို့ ပြည့်စုံသည်ရှိသော် ၃၇၂-ခု၊ ကဆုန်လပြည့်နေ့ ဝိသာခါ နက္ခတ်အကြိုက်တွင် စတည်၍ အားထုတ်တော်မူ၏။

ဘယ်သို့ စီမံသနည်းဟူမူကား ရှေးက စိုက်ထားခဲ့ သော ကျောက်တိုင်ကို ပယ်ပြီးလျှင် ထိုနေရာ၌ စေတီတော် ၏ မယိမ်းမယိုင် နိုင်ခံ့စွာ တည်စေခြင်းငှာ အရပ်လေး မျက်နှာပတ်လျက် အနက်ခုနစ်တောင်ရှိသော တွင်းကို တူး စေပြီးမှ ဆင်ပြောင်ဆယ်စီးအားကို ဆောင်နိုင်သော သူရဲ ကြီးတို့အား ကျောက်မျက်ကြီးတို့ကို ဆောင်ယူကာ ခဲစေ၍ ထို၏ အထက်၌ ကျောက်လုံးတို့ကို တူဖြင့် ညက်စွာထု၍ ကြဲစေပြီးမှ သားရေစွပ်သော ခြေရှိကုန်သော ဆင်ကြီးတို့ ကို နင်းသိပ်စေသည်။ ထိုအထက်၌ကား ဆီဦးထောပတ် နှင့်တူသော ညွန်မြေတို့ကို ဖြန့်စေသည်။ အာကာသဂင်္ဂါ ကျရာအရပ်၌ ထက်ဝန်းကျင် ယူနေသုံးဆယ်ရှိသော အရပ် သည် အမြဲစိုစွတ်၍ မြေညက်တို့သည် သိမ်မွေ့စေးထန်းစွာ ထောပတ်ယနာနှင့်တူလျက် တည်၏။ ခီဏာသဝ ဆဋ္ဌာ ဘိညဖြစ်သော သာမဏေတို့သည် ထိုအရပ်မှ ထောပတ်နှင့် တူသော မြေညက်တို့ကို တန်ခိုးဖြင့် ဆောင်ယူ၍ မင်းကြီး အား အပ်ပေ၏။ မင်းကြီးလည်း ထိုညွန်မြေညက်တို့ကို ကျောက်ကြေ၏ အထက်၌ ဖြန့်၍ အုတ်တို့ကို ခင်းစေ သတည်း။ ထိုအုတ်၏ အထက်၌လည်း ကြမ်းသောအင်္ဂတေ ကို ခင်းစေပြီးမှ ကုရုဝိန္ဒမည်သော ကျောက်တို့ကို ခင်း စေသတည်း။ ထိုကျောက်၏အထက်၌ သံကွန်ရက်တို့ကို ခင်းစေသည်။ ထို၏အထက်၌ ယခင်သာမဏေတို့သည် ဟိမဝန္တာမှ ဆောင်အပ်သော ကောင်းသောအနံ့ရှိသော မြ ကျောက်တို့ကိုခင်းစေသည်။ ထို၏အထက်၌ ဖန်ချပ်ကို ခင်းစေသည်။ ထို၏အထက်၌ ကျောက်တို့ကို ခင်းစေသည်။ ယင်းသို့ ခင်းစေသမျှ မြေသရွတ်ကိုစွ၌ ညောင်ကြပ်စေး သကာရည်တို့ဖြင့် ရောလတ်သော ထောပတ်နှင့်တူသော ယခင်ညွန့်မြေသာလျှင် ဖြစ်၏။ ထိုကျောက်တို့၏အထက် ၌ကား လက်ရှစ်သစ်ထူသော ကြေးနီပြားကို နှမ်းဆီဖြင့် သွေးအပ်သော ဆေးဒန်းမြင်းသီလာသရွတ်ဖြင့် ခင်း၏။ ထိုကြေးနီပြား၏ အထက်၌ကား လက်ခုနစ်သစ်ထူသော ငွေပြားကို ခင်း၏။

ဤသို့ခင်းစေပြီးမှ ဝါဆိုလဆန်းဆယ့်လေးရက်နေ့သို့ ရောက်သောအခါ သံဃာတော်တို့အား "အရှင်ဘုရား၊စေတီ၌ မင်္ဂလာအုတ်စ၍ ချတော်မူခြင်းငှာ အလုံးစုံသော သံဃာ သည် စည်းဝေးတော်မူပါလော့" ဟု လျှောက်၏။ မင်းကြီး လည်း အလုံးစုံသော ပြည်သူ ပရိသတ်တို့အား ဘုရားရှင်ကို ပူဇော်ခြင်းအကျိုးငှာ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောဥပုသ်ကို ဆောက်တည်၍ ပန်းနံ့သာ လက်စွဲကာ စေတီတည်ရာဌာန သို့ လာကြရမည်ဟု စည်လည်စေ၏။ မှူးတော် မတ် တော်တို့ကိုလည်း စေတီတည်ရာသို့ သွား၍ များစွာကုန် သော တံကွန်း, မဏ္ဍပ်, ဇရပ်, နေရာတို့ကိုလည်း ပြုပြင် စေ၏။

မြို့တော်မှသည် စေတီတည်ရာဌာနသို့ကျအောင် ခရီး အစဉ်ကို ပြုပြင်သန့်ရှင်း၍ ထမင်းဆိုင်, ရေဆိုင်, စားဖွယ် စားရာဆိုင်တို့ကို ပြည့်လျှံစွာ ခင်းကျင်းစေ၏။ မြို့တော် အပေါက် တံခါးလေးမျက်နှာ၌ ဒုဋ္ဌဂါမဏိမင်းကြီးမှ စရိတ် တော်ခံလျက် မိုလ်ပါတို့၏ သုံးဆောင်ရန်အကျိုးငှာ ရေ ချိုးတတ်သောသူ, ခဝါဖွပ်သောသူတို့ကို လည်းကောင်း, ဆတ္တာသည်တို့ကို လည်းကောင်း, ပုဆိုး, အဝတ်, အင်္ကျီ,

www.burmeseclassic.com

www.burmeseclassic.com



ဦးပေါင်းတို့ကို လည်းကောင်း၊ ပန်းနံ့သာတို့ကို လည်းကောင်း၊ စားဖွယ်ရာဖြစ်သော ထမင်းအဖျော်တို့ကို လည်းကောင်း၊ ပုပ္ပားသကာတို့ကို လည်းကောင်း ကောင်းစွာ တည်ထား၍ မြို့သူမြို့သားတို့သည် အလိုရှိသမျှ စားသုံး ဝတ်ဆင်၍ ဘုရားရှင်တည်ရာသို့ သွားကြကုန်ဟု ဆင့်ဆိုတော်မူ၏။

ဌာနန္တရ ရာထူးရသော မှူးတော် မတ်တော်တို့သည်လည်း မိမိ၏ အခြံအရံနှင့် တန်ဆာဆင်ကာ လက်ယာလက်ဝဲမှ စောင့်ရှောက် ဝန်းရံစေ၍ ရေမြေ့သခင်ဖြစ်သော မင်းကြီးလည်း နတ်သမီးကညာနှင့်တူစွာ တန်ဆာဆင်အပ်သော ကချေသည်အပေါင်း ခြံရံလျက် စစ်တန်ဆာဆင်ယင်လျက် လက်နက်စွဲသော သူရဲအပေါင်း လေးသောင်းရံခလျက် မြင်းမိုရ်ထိပ်ဖျားဝယ် သိကြားမင်း၏ အသရေကဲ့သို့ ပြည်အလုံးကို ရှင်ပြုံးနှစ်သက်စေလျက် ညနေချမ်းအခါ၌ အနုရာဓမြို့မှ ထွက်၍ စေတီတည်ရာဌာနသို့ ကြွတော်မူသတည်း။

ရောက်တော်မူလျှင် စေတီတည်ရာဌာန၏ အလယ်၌ ဆယ်ထည်စီ ထုပ်အပ်သော ပုဆိုးထုပ်ပေါင်း တစ်ထောင့်ရှစ်ထုပ်ထား၍ အနားလေးမျက်နှာ၌ များစွာသော အဝတ်ပုဆိုးတို့ကို လည်းကောင်း၊ များစွာသော ပျားထောပတ်၊ ဆီတို့ကို လည်းကောင်း ထားစေတော်မူ၏။ အရပ်ရပ် ပင့်ခေါ်အပ်သော မင်း၏သဝဏ်စာကြောင့် ဤလင်္ကာဒီပ၌ ရှိသမျှသော ရဟန်းသံဃာတို့သည် ဤစေတီတည်ရာသို့ ရောက်လာကုန်သည်။ ဤမျှ ဤရွေ့ဟူ၍ကား မရေတွက်နိုင်ပြီ။

## တန်ခိုးကြီးမထေရ်များ

ဇမ္ဗုဒိပ်ကျွန်း ရာဇဂြိုဟ်ပြည်၌နေသော တန်ခိုးကြီးမြတ်လှသော ဣန္ဒဂုတ္တအမည်ရှိသော မထေရ်သည် အရပ်ထက်ဝန်းကျင်၌နေသော အဖော်သံဃာအပေါင်း ရှစ်သောင်းနှင့်တကွ ကြွလာတော်မူသည်။

ဣသိပတန မိဂဒါဝုန်၌နေသော ဓမ္မသေနမထေရ်မြတ်သည်လည်း ရဟန်းပရိသတ် တစ်သောင်းနှစ်ထောင်နှင့်တကွ ကြွလာတော်မူသည်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌နေသော ဓမ္မသေနမထေရ်မြတ်သည်လည်း ရဟန်းပရိသတ် တစ်သောင်းနှစ်ထောင်နှင့်တကွ ကြွလာတော်မူသည်။

ဝေသာလီပြည် မဟာဝုန်တောရကျောင်း၌နေသော မဟာဗုဒ္ဓ ရက္ခိတမထေရ်သည် တစ်သောင်းရှစ်ထောင်သော ရဟန်း ပရိသတ်တို့ကိုခေါ်၍ ကြွလာတော်မူသည်။

ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌နေသော ဓမ္မရက္ခိတမထေရ်သည် သုံးသောင်းသော ရဟန်းတို့ကိုခေါ်၍ ကြွလာတော်မူသည်။

ဥဇ္ဇေနီပြည် ဒက္ခိဏာဂိရိကျောင်း၌နေသော *မဟာဓမ္မရက္ခိတမထေရ်သည် လေးသောင်းသော ရဟန်းတို့ကိုခေါ်၍ ကြွလာတော်မူသည်။

ပါဋလိပုတ်ပြည်၌နေသော မိတ္တိန္နမထေရ်သည် အသောကာရာမကျောင်းမှ တစ်သိန်းခြောက်သောင်းသော ရဟန်းတို့ကိုခေါ်၍ ကြွလာတော်မူသည်။

ကသ္မီရမဏ္ဍလအရပ်၌နေသော အနုတ္တိန္နမထေရ်သည် နှစ်သိန်းရှစ်သောင်းသော ရဟန်းတို့ကိုခေါ်၍ ကြွလာတော်မူသည်။

ပလ္လဝဘောဂအရပ်၌နေသော မဟာဒေဝမည်သော မထေရ်သည် ရဟန်းပရိသတ် လေးသိန်းခြောက်သောင်းနှင့်တကွ ကြွလာတော်မူသည်။

ယောနကတိုင်း အလသန္ဒကျွန်း၌နေသော ယောနကမဟာဓမ္မရက္ခိတမထေရ်သည် သုံးသောင်းသော ရဟန်းတို့ကိုခေါ်၍ ကြွလာတော်မူသည်။

ဝိဥ္ဈာဋဝိတောအုပ် ဝတ္တနိယ ကျောင်း၌နေသော ဥတ္တရ မထေရ်သည် ခြောက်သောင်းသော ရဟန်းတို့ကိုခေါ်၍ ကြွလာတော်မူသည်။

ဗောဓိမဏ္ဍိုင်ကျောင်း၌နေသော စိတ္တဂုတ္တ မထေရ်သည် သုံးသောင်းသော ရဟန်းတို့နှင့်တကွ ကြွလာတော်မူသည်။

ဝနဝါသီအရပ်၌နေသော စန္ဒဂုတ္တမထေရ်သည် ရှစ်သောင်းသော ရဟန်းတို့ကိုခေါ်၍ ကြွလာတော်မူသည်။

ကေလာသမည်သော ကျောင်းကြီး၌နေသော သူရိယ ဂုတ္တမထေရ်သည် ကိုးသောင်းခြောက်ထောင်သော ရဟန်းတို့နှင့်တကွ ကြွလာတော်မူသည်။

ဤမဟာစေတီတည်ရာသို့ ကြွရောက်လာကုန်သော ရဟန်းအပေါင်းတို့ကို ရေတွက်သော် သီဟိုဠ်ကျွန်းသား ရဟန်းတို့ကား မရေတွက်နိုင်ဖြစ်၏။

---

* မဟာဓမ္မရက္ခိတ (မဟာဝင်စာကိုယ်–၁၅၉) မဟာသယ်ရက္ခိတ (မဟာဝင်ဋီကာ–၃၇၆)

www.burmeseclassic.com



## ရဟန္တာ ၉၆ ကုဋေ

အလုံးစုံသော သံဃာတို့၌ ရဟန္တာကိုချည်း ရေတွက်သော် ကိုးဆယ့်ခြောက်ကုဋေ ရှိကုန်၏။ ထိုရဟန်းတို့သည် မဟာစေတီတည်ရာဌာနဝယ် အလယ်၌ မင်း၏နေရာကိုထား၍ ဝန်းရံကာ နေကြကုန်၏။ မင်းကြီးလည်း သံဃာတော်၏ အလယ်သို့ဝင်၍ အရှင်မြတ်တို့အား ရှိခိုးပြီးသော် ရွှင်ပျော် ဝမ်းမြောက်လှသော စိတ်ရှိသည်ဖြစ်၍ ပန်းနံ့သာ လက်စွဲလျက် လက်ယာရစ်လည်ပြီးလျှင် အလယ်၌ ရွှေပန္နက်ကိုစိုက်၍ ငွေစင် အတိပြီးသော စေတီဝန်းလှည့်ရန် လှံတံကို မင်္ဂလာရှိသော အမတ်ကိုကိုင်စေ၍ ကျယ်ဝန်းသော အရေးကို ပြုခြင်းငှာ အားထုတ်၏။

ထိုအခါ လွန်စွာ တန်ခိုးကြီးမြတ်သော သိဒ္ဓတ္ထမည်သော မဟာထေရ်အား ဤသို့ အကြံတော်ဖြစ်၏။ ဤမျှလောက် ကြီးကျယ်သော စေတီကို ပြုလုပ်သော် မပြီးမီ မင်းကြီး သေလွန်ခဲ့ရာ၏။ ငါ မြစ်ဦးမှသင့်မည်ဟု ကြံပြီးလျှင် "ဒကာမင်းကြီး၊ ဤမျှလောက် ကျယ်ဝန်းအောင် မပြုလင့်။ နောက်ဆင့်၍ ပြုခြင်းငှာ ခဲယဉ်းလှသည် ဤမျှလောက်သာ ပြုရမည်" ဟု မိန့်ဆို၏။ မင်းကြီးလည်း သိဒ္ဓတ္ထမထေရ်ကို ရိုသေသောအားဖြင့် ထိုမထေရ် ညွှန်ပြသော ဥပဒေသအတိုင်း မဇ္ဈိမပမာဏဖြင့်သာ ပြုတော်မူ၏။ *မင်းကြီးလည်း အုတ်တို့ကို တည်စိမ့်သောငှာ ရှစ်လုံးရှစ်လုံးသော ရွှေအိုး, ငွေအိုးတို့ကို အလယ်၌ထားစေလျက် တစ်ထောင့်ရှစ်လုံးသော ပန်းအိုးတို့ကို ရံလျက် ထားစေ၏။ ရှစ်စုံအလွန်ရှိသော တစ်ရာသော ပုဆိုးတို့ကိုလည်း ရံလျက် ထားစေ၏။

ယင်းသို့ထားစေပြီးမှ မင်္ဂလာရှိသော အမတ်ကြီးရှစ်ဦးတို့ကို ဝိသုကြုံနတ်၏သဖွယ် တင့်တယ်စွာ တန်ဆာဆင်စေပြီးသော် ရွှေအုတ်နှစ်ချပ်တို့ကို တစ်ယောက်လျှင် တစ်ချပ်စီ ကိုင်စေပြီးမှ ရှေးဦးစွာ မင်္ဂလာဟု ဆိုအပ်သော အရှေ့မျက်နှာ၌ တည်ရာအုတ်ကို နံ့သာညွှန်ဖြင့် ရိုသေစွာ တည်ထားစေ၏။ ထိုအုတ်ကို မြတ်လေးပန်းတို့ဖြင့် ကြဲဖြန့်ကာ ပူဇော်၏။ ထိုခဏ၌ ပြင်းစွာသော မြေလှုပ်ခြင်းသည်ဖြစ်၏။ ထို့နောက်မှ ခုနစ်ချပ်သော အုတ်တို့ကိုလည်း အမတ်ခုနစ်ယောက်တို့အား အသီးအသီး တည်ထားစေ၏။ ပန်းနံ့သာဖြင့် ကြဲဖြန့်ကာ ပူဇော်ခြင်းကိုလည်း ပြု၏။ ထိုသို့လျှင် ဝါဆိုလဆန်း ဆယ့်ငါးရက်ဖြစ်သော ဥပုသ်နေ့၌စ၍ တည်တော်မူသတည်း။

---

* ဤကစ၍ ဒီကာလာစကားတို့ကို ဝတ္ထုစကားပြေဆရာများစွာ ချန်ခဲ့သည်။

မင်းကြီးလည်း အရပ်ရှစ်မျက်နှာမှ ရှမ်းပျော်ကာနေကြကုန်သော ရဟန္တာဖြစ်ကုန်သော မထေရ်တို့တွင် အရှေ့မြောက် မျက်နှာ၌နေသော ပိယဒဿီထေရ်၏ထံသို့ ကပ်၍ ရှိခိုးကာတည်၏။ ထိုအရှင်မြတ်လည်း မင်္ဂလာကို အဦးထားလျက် မင်းကြီးအား တရားဟောပေ၏။ ထိုတရားကို နာ၍ သုံးသောင်းလေးထောင်သော သူတို့သည် သစ္စာလေးပါး၌ ယုံမှားကင်းကြကုန်၏။ သုံးသောင်းလေးထောင်သော သူတို့သည် သောတာပတ္တိဖိုလ်၌တည်ကုန်၏။ တစ်ထောင်မျှလောက်သောသူတို့သည် သကဒါဂါမ်၊ တစ်ထောင်မျှလောက်သောသူတို့သည် အနာဂါမ်၊ တစ်ထောင်မျှလောက်သော သူတို့သည် အရဟတ္တဖိုလ်ကို ရကြကုန်၏။ ရဟန်းယောကျ်ားတစ်သောင်းရှစ်ထောင်၊ ရဟန်းမိန်းမတစ်သောင်းလေးထောင်တို့လည်း ရဟန္တာဖြစ်ကုန်သတည်း။

**သူတော်ကောင်းတို့အား (ပ) "ပဋ္ဌပဒေါရုဝံသ" အမည်ရှိသော မဟာဝံသကျမ်း၌ ဂါထာ (၇၀) တို့ဖြင့် တန်ဆာဆင်အပ်သော "ထူပါရမ္ဘ" အမည်ရှိသော ကျေနတိသတိမအပိုင်း အခန်းကားပြီး၏။**

---

# ဓာတုဂဗ္ဘရစနကထာ၊ တိံသတိမပိုင်း

## မဟာစေတီဌာပနာတိုက်စီရင်ခြင်း

ဒုဋ္ဌဂါမဏိအဘယ မင်းကြီးလည်း ထိုစည်းဝေးလာသမျှသော သံဃာတော်တို့အား ဤသို့ လျှောက်၏။ "အရှင်ဘုရားတို့၊ စည်းဝေးရောက်လာသမျှသော သံဃာတော်တို့သည် ဤစေတီပြီးသည်တိုင်အောင် ဤအရပ်၌နေ၍ ကျွန်ုပ်၏ ဆွမ်းအလှူကို ခံတော်မူပါ" ဟု လျှောက်၏။ သံဃာတို့ကလည်း ဝန်မခံကုန်၊ ထိုအခါ မင်းကြီးကလည်း "အရှင်မြတ်တို့သည် စေတီပြီးအောင် မနေနိုင်သော် ခုနစ်လမျှနေ၍ အလှူခံတော်မူပါ" ဟု လျှောက်၏။ ထိုမျှလောက်လည်း ဝန်မခံကြလေလျှင် ငါးလ, လေးလ, သုံးလ, နှစ်လမျှ နေတော်မူပါဟု တောင်းပန်၏။ သံဃာတို့လည်း ဝန်မခံကုန်ရကား ခုနစ်ရက်မျှ နေတော်မူပါဟု တောင်းပန်၏။ ထက်ဝက်သော သံဃာတော်တို့က ခုနစ်ရက်မျှဖြစ်လျှင် နေအံ့ဟု ဝန်ခံ၏။ ထက်ဝက်သော သံဃာတော်တို့ကား ကြွတော်မူကုန်သတည်း။

မင်းကြီးလည်း ထက်ဝက်သော သံဃာတို့၏ ပဋိညာဉ်ကိုရလျှင် ဝမ်းမြောက်တော်မူလှ၍ စေတီတည်ရာ၏ ထက်ဝန်းကျင်သော ဌာန၌ တစ်ဆယ့်ရှစ်ရပ်သော မဏ္ဍပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တို့ကို ပြုစေ၍ ထိုသံဃာတော်တို့အား ပူဇော်လုပ်ကျွေးခြင်းကို ပြုတော်မူ၏။ ရက်စေ့သော ကာလမှ သံဃာတော်တို့အား ကြွတော်မူပါဟု ခွင့်လွှတ်၏။ ထို့နောက် အုတ်လက်သမား ငါးရာကို စုရုံးစေပြီးလျှင် "သင်တို့သည် တစ်နေ့လျှင် အုတ်အဘယ်မျှလုပ်၍ သွင်းနိုင်အံ့နည်း" ဟု မေးတော်မူ၏။ လက်သမားတစ်ဦးက "ကျွန်ုပ် တစ်နေ့လျှင် လှည်းတစ်စီးတိုက်သော မြေမှုန့်ကို အုတ်ဖြစ်စေအံ့" ဟု လျှောက်၏။ တစ်ဦးကလည်း "လှည်းတစ်စီးဝက်သော မြေမှုန့်ကို အုတ်ဖြစ်စေအံ့" ဟု လျှောက်၏။ တစ်ဦးကလည်း 'တစ်အမွှဏမျှသော မြေမှုန့်ကို အုတ်ဖြစ်စေအံ့'ဟု လျှောက်၏။ ဤသို့ အသီးသီးလျှောက်ကြသည်ကို မင်းကြီးလည်း ပယ်တော်မူသည် သာတည်း။

တစ်ယောက်သော လက်သမားမူကား မင်း၏အလိုကိုသိ၍ "အရှင်မင်းကြီး၊ အကျွန်ုပ်သည် တစ်အမွှဏမျှသော မြေမှုန့်ကိုညက်စွာ ထောင်း၍ ကျောက်ပြင်၌ ကြိတ်ပြီးမှ အုတ်ကို လုပ်ပြီးစေပါမည်" ဟု လျှောက်၏။ သိကြားမင်းကဲ့သို့ ပြင်းထန်သော လုံ့လရှိသော မင်းကြီးလည်း ဤသို့ မြေမှုန့်ကို ညက်စွာပြု၍ အုတ်လုပ်မှ ဤစေတီ၌ နောက်သောအခါ မြက်သစ်ပင် မပေါက်ဘဲရှိရာသည်ဟုဆို၍ ထိုလက်သမားအား အုတ်ပြုခြင်းငှာ ခွင့်ပေး၏။ စေတီသဏ္ဌာန်ကို ဘယ်သို့ ပြုသင့်သနည်းဟု မေးတော်မူပြန်၏။ ဝိသကြုံနတ်သားသည် ထိုသိရိဝမုန လက်သမားထံ၌ ကပ်ပြီးလျှင် တစ်ခုသော ရွှေခွက်၌ ရေကိုအပြည့်ထည့်၍ လက်ဖြင့်ခတ်သည်ရှိသော် ဖန်လုံးနှင့်တူသော ရေမြှုပ်ရေပွက်သည် ထလတ်၏။ "အရှင်မင်းကြီး၊ ဤရေပွက်နှင့်တူစွာ ပြုသင့်ပါသည်" ဟု လျှောက်၏။

မင်းကြီးလည်း ထိုစကားကို နှစ်သက်တော်မူ၍ ထိုအုတ် လက်သမားအား သပြာတစ်ထောင်ထိုက်သော ပုဆိုးတစ်စုံ, တစ်သောင်းနှစ်ထောင်သော သပြာတို့ကို ပေးတော်မူ၍ ဤစေတီ၌ ကူဝင်လုပ်ကိုင်သမျှသော သူတို့သည် အဖိုးမရမူ မလုပ်ကြလင့်ဟု ဆင့်ဆိုတော်မူ၏။ ထို့နောက် မင်းကြီးလည်း ဤသို့ကြံ၏။ ငါသည် လူတို့ကို မပင်ပန်းစေ၍ အုတ်တို့ကို ဘယ်သို့ရနိုင်ပါအံ့နည်းဟု ကြံ၏။ ထိုအကြံကို နတ်တို့သိလေလျှင် တစ်ရက်တစ်ရက်စီလုပ်သော အုတ်တို့ကို ညဉ့်တိုင်းညဉ့်တိုင်း စေတီလေးမျက်နှာ၌ ပေါ်လာစေကုန်၏။ ထိုအကြောင်းကို မင်းကြီးကြားလျှင် အလွန်ဝမ်းမြောက်တော်မူ၍ ဤစေတီကို တရားသဖြင့် ငါ ပြုရပေသည်။ နတ်သိကြားတို့ ငါ့အား ချီးမြှောက်ပေသည်ဟု ဆို၍ စေတီလုပ်ရာ လေးမျက်နှာ၌ အသပြာတစ်သောင်း ခြောက်ထောင်တို့ကို လည်းကောင်း, အဝတ်တန်ဆာတို့ကို လည်းကောင်း, အထူးထူးအပြားပြားသော စားဖွယ်သောက်ဖွယ် နံ့သာပန်းတို့ကို လည်းကောင်း ထား၍ အလိုရှိသမျှ စားသောက်ကြ၍ ဤစေတီ၌ အမှုကိုပြုလေကုန်လိုသမျှ အဖိုးငွေကို ယူလေကုန်ဟု ကမ္ပည်းရေး၍ ထားတော်မူ၏။

ရဟန်းတစ်ဦးသည် စေတီတည်ရာ၌ အဖော်ဖြစ်ခြင်းကို အလိုရှိသည်ဖြစ်၍ တည်သော အုတ်နှင့် တူမျှသော ပမာဏရှိအောင် အုတ်ကို မိမိကိုယ်တိုင်ပြု၍ ထိုအုတ်တို့ကို မြေညက်စိုင်ဖြင့် မံပြီးလျှင် စေတီတည်ရာသို့လာ၍ မင်း၏ အမှုလုပ်တို့အား ဤမြေညက်စိုင်ကို လက်သမားအား ပေးပါဟုဆို၍ပေးစေ၏။ လက်သမားလည်း ယူလျှင်ပင် ထိုရဟန်း၏ အခြင်းအရာကိုသိ၍ အုတ်ကိုရောကာ စီလိုက်၏။ များစွာသော သူတို့သည်လည်း အုတ်အုတ်ကျက်ကျက် ပြောဆို၍ မင်းကြီးကြားလေသော် လက်သမားကို မေး၏။ လက်သမားကလည်း "အရှင်မင်းကြီး၊ ထိုရဟန်းသည် လက်တစ်ဖက်ဖြင့် ပန်းတို့ကိုကိုင်၍ လက်တစ်ဖက်ဖြင့် မြေညက်စိုင်တို့ကို ကိုင်၍ ကျွန်ုပ်အား ပေးသည်ဖြစ်၍ စီလိုက်ပေသည်။ ဤရဟန်းသည် အာဂန္တုသာဖြစ်သည်။ အာဝါသိက မဟုတ်" ဟု လျှောက်၏။

မင်းကြီးလည်း "ထိုရဟန်းကို သင်ပြနိုင်အံ့လော" ဟု မေး၏။ ပြနိုင်ပါ၏ဟု လျှောက်လျှင် တစ်ယောက်သော တံခါးမှူးကိုခေါ်၍ ဤသူကိုပြလော့ဟုဆို၍ လက်သမားလည်း တံခါးမှူးအား ပြပေ၏။ တံခါးမှူးကလည်း ရဟန်းတို့သိလျှင် ထိုအရှင်၏ထံသို့ကပ်၍ "အရှင်မြတ်သည် စေတီ၌ အုတ်ချပ်ကို ကူဝင်ပါသလော" ဟု မေး၏။ ရဟန်းကလည်း "ငါတို့သည် ဤစေတီတော်၌ ကုသိုလ်ဝင်လိုလှသောကြောင့် ငါကိုယ်တိုင် အုတ်ကို ကောင်းမွန်စွာလုပ်၍ သူမသိအောင် သွင်းပေသည်" ဟု ပြော၏။ တံခါးမှူးလည်း ထိုရဟန်း၏ သွားအံ့သော ရက်ကိုလည်းကောင်း, နေရာအရပ်ကို လည်းကောင်း မေး၏။ "အရှင်ဘုရားတို့၊ နေရပ်သို့ ကြွသောအခါ အကျွန်ုပ်တို့ လိုက်ပါအံ့" ဟု ဆို၍ ပြန်ခဲ့ပြီးလျှင် မင်းကြီးအား အလုံးစုံသော အကြောင်းကို ကြားလျှောက်၏။ မင်းကြီးလည်း ထိုတံခါးမှူးအား ဩဝါဒပေး၍ သပြာတစ်ထောင်ထိုက်သော ပုဆိုးအစုံကိုလည်းကောင်း, အဖိုးများစွာတိုက်သော ကမ္ဗလာနီကိုလည်းကောင်း, ရဟန်း၏ ပရိက္ခရာ သကြားအဖျော်

www.burmeseclassic.com



တို့ကို လည်းကောင်း, ဆီမွှေးနံ့သာတို့ကို လည်းကောင်း ပေးအပ်၍ ထိုအုတ်ကျဝင်သော ရဟန်းအား နေရာရောက်အောင် ပို့လှူချေဟု စေ၏။

ထိုတံခါးမှူးလည်း အလှူဝတ္ထုတို့ကို ဆောင်ကာသွား၍ ပိယင်္ဂုလှူရာ၌ ရဟန်းကို မြင်သည်ရှိသော် ချမ်းမြေ့သော အရိပ်၌ သီတင်းသုံးစေ၍ သကြားအဖျော်တို့ကို ကပ်ပြီးလျှင် ခြေကိုဆီဖြင့်နယ်၍ ဖိနပ်ကို စီးစေ၍ မိမိ၌ပါသော ပရိက္ခရာ လှူဒါန်းဖွယ် ဝတ္ထုတို့ကို ကပ်လှူပေ၏။ ပြီးစီးသောအခါမှ မင်းကြီးမှာဆိုသမျှ အကြောင်းကိုပြန်ပြော၏။

ဤမဟာစေတီ တည်လုပ်ရာ၌ အခဖြင့်ငှား၍ ပြုကြသော ယောက်ျားမိန်းမတို့သည် ကြည်ညိုသောစိတ်ဖြင့် လုပ်ဆောင်ကြသည်ဖြစ်၍ ဘဝလားသောအခါ နတ်ရွာသုဂတိသို့ ရောက်သော သူတို့ကား များကုန်သလျှင်ကတည်း။ ထို့ကြောင့် ပညာရှိကုန်သော သူတော်ကောင်းတို့သည် စေတီပုထိုးတို့၌ ရှိခိုးကော်ရော် ပူဇော်ခြင်းကို ပြုအပ်ကုန်သည်သာတည်း။

နှစ်ဦးသော သူဆင်းရဲ မိန်းမတို့သည် အခဖြင့်ငှား၍ ဤမဟာစေတီ၌ အုတ်သယ်ခြင်းအမှုကို ပြုကြသတည်း။ ထိုမိန်းမတို့သည် စေတီ ပြီးစဉ်ပင် သေကြကုန်၍ တာဝတိံသာ နတ်ပြည်၌ ဖြစ်လေကုန်၏။ မိမိတို့၏ ကောင်းမှုကို ဆင်ခြင်ကုန်သော် ဤစေတီတော်၏ ကျေးဇူးပေတကားဟု သိ၍ နတ်ပြည်မှ ပန်းနံ့သာ လက်စွဲကာ မဟာစေတီသို့လာ၍ ပူဇော်ကြသတည်း။

ထိုခဏ၌ ဘာတိဝက်၌နေသော မဟာသိဝ မထေရ်သည် စေတီကို ရှိခိုးခြင်းငှာ ညဉ့်အခါ၌ လာသည်တွင် နတ်သမီးနှစ်ဦးကို မြင်တော်မူ၍ စေတီ၏အနီး စရည်းပင်ကြီးသို့ ကပ်၍ ကိုယ်ကိုဝှက်ကာ ကြည့်နေပြီးမှ နတ်သမီးတို့ စေတီကို ပူဇော်ရှိခိုး၍ ပြီးဆုံးသောကာလအနီးသို့ကပ်၍ "လွန်မြတ်သော အဆင်းအရောင် လောင်ဘနန်းသော ကိုယ်ဖြင့် သီဟိုဠ်ကျွန်းအလုံးကို လွှမ်းဖုံးတောက်ပ တင့်တယ်လှသော အိုနတ်သမီး၊ သင်တို့သည် ဤလူ့ပြည်က ဘယ်ကောင်းမှု ပြုခဲ့ဖူးသောကြောင့် ထူးမြတ်လှသော နတ်၏စည်းစိမ် ချမ်းသာကိုရသနည်း"ဟု မေး၏။

နတ်သမီးတို့ကလည်း "အရှင်ဘုရား၊ အကျွန်ုပ်တို့သည် ဤမဟာစေတီတည်လုပ်သောအခါ အခပင် ယူပါသော်လည်း ကြည်ညိုစွာသော စိတ်ဖြင့် အုတ်ကို သယ်ဖူးပါသည်။ ထိုကောင်းမှုကြောင့် စုတေသောအခါ တာဝတိံသာ နတ်၏ချမ်းသာကို ရပေသတည်း" ဟု လျှောက်၏။

တန်ခိုးကြီးသော ရဟန္တာအရှင်တို့သည် စေတီတော်ပန်းတင်သုံးဆင့်သို့ရောက်သောအခါ စိတိုင်းစိတိုင်းသော အုတ်ကို အောက်ရစ် မြေကြီးနှင့်ညီမျှအောင် ပြုကြကုန်၏။ မင်းကြီးသည် ကိုးကြိမ်တိုင်တိုင် ပြုပါသော်လည်း စိတိုင်းစိတိုင်းသော အုတ်တို့သည် အထက်သို့ မတက်ဘဲ အောက်ရစ်အတိုင်း နစ်လျက်သာ တည်သဖြင့် ရဟန်းသံဃာတို့ကို စည်းဝေးစေ၍ ရှစ်သောင်းမျှလောက်ရှိသောအခါ "အရှင်ဘုရားတို့၊ ဤစေတီ၌ စီသမျှသော အုတ်တို့သည် အထက်သို့မတက် နစ်လျက်သာ တည်ကုန်သည် အကြောင်းဘယ်သို့ ရှိပါသနည်း" ဟု မေးလျှောက်၏။

သံဃာတော်တို့ကလည်း "မြတ်သောမင်းကြီး၊ တန်ခိုးကြီးသော ရဟန္တာတို့သည် ဤစေတီ၏နောင်သောအခါ အောက်သို့ မနစ်စေခြင်းငှာ ပြုတော်မူသည်။ နောင်ကိုကား စီတိုင်းမြင့်၍ တက်ပါလတ္တံ့" ဟု ဆိုကြ၏။ ထိုအခါမှ မင်းကြီးလည်း စိတ်ချမ်းသာတော်မူ၏။ ပန်းတင်ဆယ်ဆင့်ရောက်သော် အုတ်ပေါင်း ဆယ်ကုဋေ ကုန်သတည်း။ သံဃာတော်တို့ကလည်း မင်းကြီး ဤနေရာ၌ ဌာပနာတိုက်ကို ပြုခြင်းငှာ သင့်ပြီဆို၍ ဌာပနာတိုက်ကို အားထုတ်ကြ၏။ ဥတ္တရသာမဏေ, သုမနသာမဏေ ဤနှစ်ပါးတို့ကို ခေါ်၍ သင်တို့သည် ဌာပနာတိုက်ကိုပြုခြင်းငှာ ထူးမြတ်စွာသော မေဒဝဏ္ဏကျောက်ကို ဆောင်ချေကုန်လော့ဟု စေလွှတ်၏။ သာမဏေနှစ်ပါးတို့သည် ဥတ္တရကုရုကျွန်းသို့ သွား၍ အလျား၊ အနံ သံဘောင်နှစ်ဆယ်, အထုတစ်ထောင်ပမာဏရှိသော တက်သစ်သော နေ၏ ကိုယ်ရောင်ကဲ့သို့ ပြောင်ပြောင်ဝင်းဝင်း ထွန်းလင်းတောက်ပသော မေဒဝဏ္ဏအမည်ရှိသော ကျောက်ဖျာကြီး ခြောက်ချပ်တို့ကိုဆောင်ခဲ့၍ ပန်းတင်၍ အလယ်၌ တစ်ချပ်ကိုခင်း၏။ လေးချပ်ကို အရပ်လေးမျက်နှာ၌ သေတ္တာကဲ့သို့ ထောင်ပြီးလျှင် တစ်ချပ်ကို အပေါ်ကပိတ်ခြင်းငှာ အရှေ့မျက်နှာ၌ ဝှက်သိုကာထားပေ၏။

မင်းကြီးလည်း ထိုဓာတ်တော်တိုက်၏ အလယ်၌ ခပ်သိမ်းသော အခြင်းအရာဖြင့် လွန်စွာ မွေ့လျော်ဖွယ်ရှိသော ရတနာဖြင့်ပြီးသော ဗောဓိပင်ကိုပြုစေ၏။ ထိုဗောဓိပင်၏ ပင်စည်သည် ရှစ်တောင်မြင့်၏။ ခက်မကြီး ငါးဖြာတို့လည်း တစ်ဆယ့်ရှစ်တောင်စီပင်ထွက်၍ ခက်ငယ်, ခက်သေးတို့ဖြင့် တင့်တယ်၏။ ထိုဗောဓိပင်သည် ဣန္ဒနီလာကျောက်ထက်၌ တည်၏။ အမြစ်ကား သန္တာခနီဖြင့်ပြီး၏။ ပင်စည်ခက်မတို့ကား ငွေသားဖြင့် ပြီး၏။ အရွက်ချပ်တို့

www.burmeseclassic.com



သည် မြဖြင့်ပြီး၏။ ရော်သော အရွက်အသီးကား ရွှေဖြင့်ပြီး၏။ ပင်စည်၌ ခရုသင်း, စကြာ, အစရှိသော ပုံစံတို့ဖြင့် တင့်တယ်၏။ အညွန့်ကား သန္တာအဆင်းရှိ၏။ ခက်မခက်သေးတို့၌ ဟင်္သာရုပ်၏ အစဉ်တို့ကို လည်းကောင်း, ပုလဲကွန်ရက်တို့ကို လည်းကောင်း, ရွှေပန်းဆိုင်း, ငွေပန်းဆိုင်းတို့ကို လည်းကောင်း, ဆွဲထားကုန်၏။ ထိုဗောဓိပင်၏ အထက်၌ ငွေပြားဗိတာန်ကို ကြက်၍ ပုလဲကွန်ရက် စသည်တို့ကို လည်းကောင်း, ပုလဲပန်းဆိုင်းတို့ကို လည်းကောင်း, ဆွဲထားအပ်ကုန်၏။ ထိုပန်းဆိုင်းကွန်ရက်တို့သည် အဖိုးကိုးသိန်းထိုက်၏။

အထက်ဗိတာန်၌စီအပ်သော နေဝန်း လဝန်း ထွန်းပသော ကြယ်လုံးတို့ကို လည်းကောင်း, ကြာပဒုမ္မာပွင့်တို့ကို လည်းကောင်း အထူးထူးသော ရတနာဖြင့် ပြုအပ်ကုန်၏။ ထိုဗိတာန်၌ အထူးထူး အပြားပြားသော ရတနာရှိကုန်သော များစွာ အဖိုးထိုက်တန်ကုန်သော တစ်ထောင့်ရှစ်ခု အရေအတွက်ရှိသော ပုဆိုးတို့ကိုလည်း ဆွဲထားအပ်ကုန်၏။ ထိုဗောဓိပင်ကို ရံကာ၍ ရတနာဖြင့်ပြီးသော ပွတ်တိုင်စိုက်ပြီးလျှင် ထိုပွတ်တိုင်တို့၏ အကြားအကြား၌ ရှိရှားသီးပမာဏရှိသော ပုလဲတို့ဖြင့် ခင်းအပ်၏။ ဗောဓိပင်ရင်း၌ ထူးမြတ်သင့်တင့်စွာ ရတနာစိုက်လျက် နံ့သာရည်တို့ဖြင့် ပြည့်သော ရွှေမြူတာတို့ကို စီကာထားအပ်ကုန်၏။

ဗောဓိပင်၏ အရှေ့အရပ်၌ စီခင်းအပ်သော အဖိုးတစ်ကုဋေထိုက်သော ပလ္လင်ထက်၌ ပြိုးပြိုးပြက် ထွန်းပသော အရောင်ရှိသော ဘုရားဆင်းတုတော်ကို ပြုထားပေ၏။ ထိုဆင်းတုတော်၏ ကိုယ်တော်အစိတ်တို့၌ ထိုက်သည်အားလျော်စွာ ထူးမြတ်သော ရတနာတို့ဖြင့် ကောင်းစွာ စီမံအပ်၏။ ထိုရုပ်တုတော်၏ လက်သည်း, ခြေသည်း, မျက်စိတော်ဖြူရာ အရပ်တို့၌ ဖန်စစ်ဖြင့်ပြုအပ်ကုန်၏။ လက်ဖဝါး, ခြေဖဝါး, နှုတ်ခမ်း စသည်တို့၌ နီသောသန္တာဖြင့် မျက်မှောင်နှစ်ဖက် မျက်လုံးတော်၏ ညိုရာအရပ်တို့၌ ဣန္ဒနီလာ ပတ္တမြားဖြင့် လေးဆယ်သော သွားတို့၌ ဝဇီရစိန်ဖြင့် ဥဏ္ဏာလုံမွေးရှင်တော်၌ ငွေဖြင့်ပြုအပ်ကုန်၏။

ထိုဗောဓိပင်၏ အနီး၌ ငွေထီးဆောင်းဟန်တည်ထားသော ဗြဟ္မာရုပ်, ဝိဇယုတ္တရခရုသင်းဖြင့် အဘိသိက်ပေးဟန်တည်သော သိကြားရုပ်, စောင်းလက်စွဲဟန်တည်သော ပဥ္စသိခနတ်သားရုပ်, နဂါးမ ကချေသည်အပေါင်းနှင့်တကွ ကဟန်တည်သော ကာလနဂါးရုပ်တို့ကိုလည်း ထားပေ၏။ ဂိရိမေခလာဆင်ကို စီးလျက် လက်ရုံးတစ်ထောင်ဆောင်ကာ စစ်သည် ဗိုလ်ပါနှင့်တကွသော မာရ်နတ်ရုပ်ကို ထား၏။

ထိုမှကြွင်းသော အရပ်ခုနစ်မျက်နှာတို့၌ အရှေ့မျက်နှာပလ္လင်နှင့်တူစွာသပြာ တစ်ကုဋေထိုက်ကုန်သော ပလ္လင်တို့ကိုလည်း ထားပေ၏။ ဗောဓိပင်ကို ခေါင်းရင်းပြုလျက် တစ်ကုဋေ အဖိုးထိုက်သော အိပ်ရာအခင်းကို ခင်းထား၍ ခုနစ်ပါးသော သတ္တာဟတို့၌ နေတော်မူသော ဘုရားရုပ်တုသဏ္ဍာန်ကို လည်းကောင်း၊ သဟမ္ပတိ ဗြဟ္မာမင်းလာ၍ တရားဟောစိမ့်သောငှာ တောင်းပန်ဟန်ကို လည်းကောင်း၊ ဓမ္မစကြာတရားဟောတော်မူဟန်ကို လည်းကောင်း၊ ယသအမျိုးရှိသော ငါးကျိပ်ငါးဦးသော သူဌေးသားတို့၏ ရဟန်းပြုဟန်ကို လည်းကောင်း၊ ဘဒ္ဒဝဂ္ဂီမင်းသားတို့အား ရဟန်းပြုဟန်ကို လည်းကောင်း၊ ဥရုဝေလစသော ရသေ့တို့အား ဆုံးမဟန်ကို လည်းကောင်း၊ ထန်းတော ဥယျာဉ်၌ ဗိမ္ဗိသာရမင်း ဆည်းကပ်ဟန်ကို လည်းကောင်း၊ ရာဇဂြိုဟ်ပြည်သို့ ဝင်ဟန်, ဝေဠုဝန်ကျောင်းတော်ကို အလှူခံဟန်ကို လည်းကောင်း၊ ရှစ်ကျိပ်သော သာဝကတို့ ခစားဟန်, ကပိလဝတ်ပြည်သို့ ကြွတော်မူဟန်, ထိုပြည်၌ ရတနာစင်္ကြံကို ဖန်ဆင်း၍ တန်ခိုးပြဟန်, ရာဟုလာ မင်းသားနန္ဒမင်းသားတို့အား ရဟန်းပြုဟန်ကို လည်းကောင်း၊ သာဝတ္ထိပြည်၌ အနာထပိဏ်သူဌေး၏ ဇေတဝန်ကျောင်းတော်ကို အလှူခံဟန်, သရက်ဖြူပင်ရင်း၌ ယမိုက် ပြာဋိဟာကို ပြတော်မူဟန်ကို လည်းကောင်း၊ တာဝတိံသာနတ်ပြည်၌ နတ်တို့အား တရားဟောဟန်, နတ်ပြည်မှ သက်တော်မူသောအခါ လောက ဝိဝရဏ ပြာဋိဟာ ပြဟန်ကိုလည်းကောင်း၊ အရှင်သာရိပုတြာ၏ ပြဿနာကို ဖြေတော်မူသောအခါ အစည်းအဝေးဖြစ်ဟန်ကို လည်းကောင်း၊ မဟာသမယသုတ် ဟောဟန်, ရာဟုလောဝါဒသုတ် ဟောဟန်, မင်္ဂလသုတ် ဟောဟန်ကို လည်းကောင်း၊ နာဠာဂိရိဆင်ကို ဆုံးမသောအခါ အစည်းအဝေးဖြစ်ဟန်, အာဠဝကဘီလူးကို ဆုံးမဟန်, အင်္ဂုလိမာလကို ဆုံးမဟန်, ပါရာယနိကသုတ်ကို ဟောသောအခါ အစည်းအဝေး ဖြစ်ဟန်ကိုလည်းကောင်း၊ မာရ်နတ် တောင်းပန်၍ အာယုသင်္ခါရ လွှတ်တော်မူဟန်ကို လည်းကောင်း၊ ဝက်သား ပြွမ်းဆွမ်း ခံတော်မူဟန်, ပုဆိုးအစုံကို ခံတော်မူဟန် ရေကြည်သောက်တော်မူဟန်, သုဘဒ္ဒပရိဗိုဇ် ရဟန်းပြုဟန်, ပရိနိဗ္ဗာန် ပြုတော်မူဟန်ကို လည်းကောင်း၊ နတ်လူတို့ ငိုကြွေးဟန်ကို

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ အရှင်မဟာကဿပထေရ်သည် ခြေတော်ကို ရှိခိုးဟန်, မီးသင်္ဂြိုဟ်ဟန်ကို လည်းကောင်း၊ သချိုင်းတော်ရာ၌ လူရဟန်းတို့ ပူဇော်သက္ကာပြုဟန်, ဒေါဏပုဏ္ဏားဓာတ်တော်ဝေဟန်ကို လည်းကောင်း ပြုလုပ်၍ ထားပေ၏။ ဝေဿန္တရာ ဇာတ်ကိုလည်း အကျယ်အားဖြင့် ပြုစေ၏။ တုသိတာနတ်ပြည်မှ မဟာဗောဓိမဏ္ဍိုင်တိုင်အောင်သောအဖြစ်ကိုလည်း စေ့စုံစွာ ထုလုပ်၍ ထားတော်မူ၏။

အရပ်လေးမျက်နှာ၌ စတုမဟာရာဇ် နတ်မင်း၏အရပ်ကိုလည်းကောင်း၊ သုံးကျိပ်သုံးပါးသော သိကြားတို့၏ အရပ်တို့ကို လည်းကောင်း၊ သုံးကျိပ် သုံးယောက်သော နတ်သမီးရုပ်တို့ကို လည်းကောင်း၊ နှစ်ကျိပ်နှစ်ယောက်သော နတ်စစ်သည်မှူးတို့၏ အရုပ်တို့ကို လည်းကောင်း ထားအပ်ကုန်၏။ ထိုနတ်စစ်သည်မှူးတို့၏ အရပ်အထက်၌ လက်အုပ်ချီသော နတ်ရုပ်တို့ကို ထားကုန်၏။ ထိုအရှေ့မှ ပန်းသွတ်သော ရေပြည့်အိုးတို့ကို ထားကုန်၏။ ထို့နောက်မှ ကကုန်သော နတ်သား၊ နတ်သမီးရုပ်တို့ကို လည်းကောင်း၊ တီးမှုတ်ကုန်သော နတ်ရုပ်တို့ကို လည်းကောင်း၊ ကြေးမုံကိုင်စွဲသော နတ်ရုပ်တို့ကို လည်းကောင်း၊ ပန်းခက်ဆောင်သော နတ်ရုပ်တို့ကို လည်းကောင်း၊ ထိုမှတစ်ပါး အထူးထူး အပြားပြားသော နတ်ရုပ်တို့ကို လည်းကောင်း ထားပေ၏။ ထို၏ ပြင်ဘက်၌ သန့်လျက် ဆောင်ကုန်သော နတ်ရုပ်အစဉ်တို့ကို လည်းကောင်း၊ ဆီမီးခွက်ဆောင်သော နတ်ရုပ်အစဉ်တို့ကို လည်းကောင်း ထားပေ၏။

ဆီမီးခွက်ကိုကား နတ်ရုပ်တို့ ဦးခေါင်းထက်၌ ငါးတောင်မြင့်သော ဆီမီးတိုင်ဖျား၌ ခွက်ကိုထား၍ နံ့သာဆီဖြင့် အခါခပ်သိမ်း ထွန်းလင်းစေကုန်၏။ ဓာတ်တော်တိုက်၏ လေးထောင့်၌ ဖန်စေတီလေးဆူကိုထား၍ တစ်ဆူတစ်ဆူသော စေတီဘုရား၌ ပတ္တမြား ထီးတို့ကို တပ်ကုန်၏။ ထိုစေတီ၏ အပါး၌လည်း ရွှေ, ပတ္တမြား, ပုလဲ, ဝဇီရစိန်ဟူသော ရတနာတို့၏ အစုအပုံတို့ကိုလည်း ထားတော်မူ၏။ မေဒဝဏ္ဏကျောက်နံရံ၌လည်း ထွန်းပသော အရောင်ရှိသော ဝိဇ္ဇုလတာမည်သော နတ်သမီးရုပ်တို့ကို ဆွဲထားကုန်၏။

ဤအလုံးစုံသော အရုပ်ဟူသမျှတို့ကို ရွှေကဲ့သို့ခပ်၍ သာလျှင် ပြုလုပ်စေ၏။ ကြီးသော ပညာရှိတော်မူသော ဆဋ္ဌာဘိည ဝသီပတ္တဖြစ်သော ဣန္ဒဂုတ္တ အမည်ရှိသော ရဟန္တာကြီးသည် ဤဓာတ်တော်တိုက်၌ အလုံးစုံသော အမှုကို စီမံတော်မူ၏။ ဤအလုံးစုံသည် မင်းကြီး၏ တန်ခိုးအားဖြင့် လည်းကောင်း၊ နတ်တို့၏ တန်ခိုးအားဖြင့် လည်းကောင်း၊ ရဟန္တာမြတ်တို့၏ တန်ခိုးအားဖြင့် လည်းကောင်း မကျဉ်းမြောင်းသည်သာဖြစ်၍ တည်၏။ *ဤကား ဓာတ်တော်ကို ပထမ ဌာပနာရာဖြစ်သော အခန်းတည်း။

**သူတော်ကောင်းတို့အား (ပ) "ပဋ္ဌပဒေါရုဝံသ" အမည်ရှိသော မဟာဝံသကျမ်း၌ ဂါထာ (၁၀၀) တို့ဖြင့် တန်ဆာဆင်အပ်သော "ဓာတုဂဗ္ဘ, ရစန" အမည်ရှိသော တိံသတိမ အပိုင်းအခန်းအား ပြီး၏။**

---

# ဓာတုနိဓာနကထာ၊ ကေတိံသတိမပိုင်း

## မဟာစေတီ၌ ဓာတ်တော်ဌာပနာသည်ကို ပြဆိုခြင်း

### သောဏုတ္တရမထေရ်

ဒုဋ္ဌဂါမဏိ မင်းကြီးလည်း ဓာတ်တော်တိုက်ကို စီမံ၍ ပြီးလေသော် သံဃာတော်တို့ကို စည်းဝေးစေ၍ ဤသို့ လျှောက်၏။ "အရှင်ဘုရားတို့၊ ဓာတ်တော်ထားရာ တိုက်ကား ပြီးပါပြီ။ နက်ဖြန် ဓာတ်တော် ဌာပနာရအောင် အရှင်မြတ်တို့ အားထုတ်တော် မူပါကုန်" ဟု လျှောက်ပြီး၍ အနုရာဓမြို့သို့ ဝင်တော်မူ၏။ သံဃာတော်တို့လည်း ဓာတ်တော်ကို ဆောင်နိုင်အံ့သော ရဟန်းကို ရွေးချယ်ကြကုန်သော် ပူဇာပရိဝုဏ်၌ သီတင်းသုံးနေသော ဆဋ္ဌာဘိညဖြစ်သော သောဏုတ္တရမထေရ်ကို မြင်၏။

### အတိတ်ကာလ

ဤမထေရ်၏ အကြောင်းမူကား မြတ်စွာဘုရားသည် သက်တော်ထင်ရှားရှိသောအခါ ဗာရာဏသီပြည် ဂင်္ဂါမြစ်၏အနီး၌ နန္ဒုတ္တရမည်သော လုလင်ဖြစ်သတည်း။ ဘုရားသခင်သည် ဒေသစာရီချီ၍ ဗာရာဏသီသို့ရောက်လျှင် ဘဒ္ဒဇိထေရ်အား တရားရစေတော်မူပြီးမှ ကြွတော်မူအံ့သောအခါ ထိုနန္ဒုတ္တရ ဒါယကာသည် သံဃာနှင့်တကွသော ဘုရားသခင်အား ဆွမ်းဖိတ်၍လုပ်ကျွေး၏။ ပြီးသောအခါ မြတ်စွာဘုရားလည်း ဂင်္ဂါမြစ်ကို ကူးခြင်းငှာ ပယာဂဆိပ်ဖြင့် သက်၍ လှေထက်သို့ တက်တော်မူ၏။ သံဃာတော်တို့လည်း အသီးအသီး လှေစီးကြ၏။ ဘဒ္ဒဇိမထေရ်ကိုကား ဘုရားသခင်က ငါစီးသောလှေတွင် လိုက်လှည့်ဟု မိန့်တော်မူသောကြောင့် လိုက်ရ၏။

* ဤနေရာတွင် မဟာဝင်ပိုကာ၌ဆိုသောစကား အလွန်ကျယ်လှ၍ ဓာ ၄–ရွက်သာသာဝတ္ထု စကားပြေ ဆရာချန်ခဲ့လေသည်။

www.burmeseclassic.com



တေဝိဇ္ဇဆဋ္ဌာဘိညာဖြစ်သော ဘဒ္ဒဇိမထေရ်သည် ဂင်္ဂါမြစ်လယ်၌ 'ရေရှော်ရာအရပ်တို့ကို မြင်သော် ဤတွင်ဖြစ်ဖူးခဲ့သော အကြောင်းများတို့ကို အောက်မေ့မိ၍ သံဃာတို့အား ဤသို့ ပြောကြား၏။ "အရှင်ဘုရားတို့၊ အကျွန်ုပ် ပနာဒမင်းဖြစ်သောအခါက စမွယ်ရဖူးသော မြားကျနှစ်ဆယ့်ငါးပြန်ရှိသော ရွှေပြာသာဒ်သည် ဤအရပ်၌ မြုပ်နေသည် ဖြစ်၍' ရေရှော်သတည်း" ဟု ပြော၏။ သံဃာတို့က ထိုစကားကို မယုံမကြည်ရကား မြတ်စွာဘုရားက "အချင်းဘဒ္ဒဇိ၊ သင်သည် သံဃာတော်တို့၏ ယုံမှားခြင်းကို ဖျောက်ပေ" ဟု မိန့်တော်မူ၏။

ဘဒ္ဒဇိမထေရ်ကလည်း ထိုခဏ၌ စတုတ္ထဈာန်ကို ဝင်တော်မူ၍ ရေ၏အပြင်ထန်း ခုနစ်ဆင့်မြင့်သော ကောင်းကင်၌ရပ်ပြီးလျှင် ရှည်စွာ လက်ကို ဖန်ဆင်း၍ ဗြဟ္မာ့ပြည်၌ရှိသော တစ်ဆယ့်နှစ်ယူဇနာကြီးသော ဒုဿစေတီကိုယူ၍ ပြတော်မူ၏။ ထိုနောက် စေတီကို နေရာ၌ထားပြီးမှ ဂင်္ဂါမြစ်သို့သက်၍ ရေထဲ၌ရှိသော ရွှေပြာသာဒ်၏ ထုပိကာကို ခြေမတော်ဖြင့်ထုတ်ကာ ဖော်လတ်၍ ပရိသတ်တို့အား ပြတော်မူ၏။ ပြီးမှ ဂင်္ဂါမြစ်၌ ချမြဲချပြန်၏။

## ဆုတောင်း

ထိုသို့သော တန်ခိုးပြာဋိဟာကို လေ့ပေါ်၌ရှိသော နန္ဒုတ္တရလုလင်မြင်လျှင် ရွှင်လန်းစုံမက်သည်ရှိ၍ "ငါသည် သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးရသော ကုသိုလ်, ကူးတို့ပို့ရသော ကုသိုလ်တို့ကြောင့် နောင်သောအခါ ဤဘဒ္ဒဇိအရှင်ကဲ့သို့ စွမ်းအင်တန်ခိုး ကြီးမြတ်သည်ဖြစ်စေသော, သူတစ်ပါးဆန္ဒကို ပြည့်ဝအောင် ဆောင်နိုင်ပါစေသော" ဟု ဆုတောင်း၏။ ထိုကောင်းမှုကြောင့် သီဟိုဠ်ကျွန်း၌ သောဏုတ္တရ လုလင်ဖြစ်သောအခါ အသက် တစ်ဆယ့်ခြောက်နှစ်ရှိ၍ ရှင်ရဟန်းပြုလျှင်ပင် အဘိညာဉ် သမာပတ်နှင့် ပြည့်စုံလေသတည်း။

## သိကြားအား မိန့်မှာချက်

ထို့ကြောင့် သောဏုတ္တရ မထေရ်ကို ဓာတ်တော်ဆောင်စိမ့်သောငှာ သံဃာတို့က တိုက်တွန်းကြသတည်း။ ထိုသောဏုတ္တရလည်း "အရှင်ဘုရားတို့၊ အဘယ်အရပ်မှ ဓာတ်တော်ကို ယူဆောင်ရအံ့နည်း" ဟု လျှောက်၏။ ထိုအခါ သံဃာကြီးတို့က ဤသို့ဆိုကြ၏။ ငါ့ရှင်သောဏုတ္တရ ဘုရားသခင်သည် နိဗ္ဗာန်ဝင်တော်မူရာ ရတနာညောင်စောင်း၌ လျောင်းသောအခါ သိကြားမင်းအား ဤသို့ မိန့်ဆိုဖူး၏။ တကာသိကြားမင်း၊ ငါ နိဗ္ဗာန်လွန်သောကာလ ရှစ်စိတ်မျှသော ဓာတ်တော်တို့တွင် တစ်စိတ်သောဓာတ်တော်ကို ကောလိယမင်းတို့ရ၍ ရာမရွာ၌ စေတီတည်ထားကိုးကွယ်လတ္တံ့။ ထိုစေတီမှသည် နဂါးပြည်သို့ ရောက်လတ္တံ့။ ထိုဓာတ်တော်ကို သီဟိုဠ်ကျွန်း မဟာစေတီ၌ ဌာပနာလတ္တံ့။ သင်သည် စောင့်ရစ်လော့ဟု မိန့်တော်မူ၏။

အရှင်မဟာကဿပမထေရ်လည်း အရှင့်ကို မျှော်တော်မူကာ ဓမ္မာသောကမင်းကြီးသည် ဓာတ်တော်ကို ဇမ္ဗူဒိပ်အနှံ့ ဖြန့်လတ္တံ့သော အကြောင်းကို မြင်တော်မူ၍ ရာဇဂြိုဟ်ပြည်ရှင်ဖြစ်သော အဇာတသတ်မင်းနှင့် တိုင်ပင်လျက် ဓာတ်တော်တို့ကို ယူဆောင်၍ မြှုပ်ထားသော ကာလလည်း ဘုရားအလိုတော်ကို သိသောကြောင့် ရာမရွာ၌ရှိသော ဓာတ်တော် တစ်စိတ်ကို မယူဘဲ ခုနစ်စိတ်မျှသော ဓာတ်တော်ကိုသာယူ၍ ထားလေ၏။ ထိုဓာတ်တော်တွင်မှ ဓမ္မာသောကမင်းယူသောအခါ ခုနစ်စိတ်မျှသာ ရသောကြောင့် တစ်စိတ်သော ဓာတ်တော်တို့ကို ဆောင်စိမ့်သောငှာ ရဟန္တာမြတ်တို့ကို လျှောက်လတ်သော် ရဟန္တာမြတ်တို့က "မြတ်သော မင်းကြီး၊ ထိုတစ်စိတ်သော ဓာတ်တော်တို့ကို သီဟိုဠ်ကျွန်း၌ မဟာစေတီ တည်စိမ့်သောငှာ ဆောက်တည်တော်မူခဲ့သည်" ဆို၍ တားမြစ်၏။

## နဂါးပြည်မှဓာတ်တော်

ရာမရွာ၌ ဂင်္ဂါမြစ်၏အနီးတွင် ပြုအပ်သော စေတီသည် ရေအယဉ်ကြောင့် ပြိုလေသော် ဓာတ်တော်ကြုပ်သည် သမုဒ္ဒရာသို့ ရောက်လေ၍ နှစ်ဖြာသောရေ၏အလယ်တင့်တယ်လှစွာ ရတနာဖြင့်ပြီးသော ကျောက်ပြင်ထက်၌ ပြိုးပြိုးပြက်သော ရောင်ခြည်တော်ကို လွှတ်လျက် တည်လေ၏။ ထိုဓာတ်တော်ကြုပ်ကို နဂါးတို့မြင်လျှင် "မဥ္ဇေရိက" နဂါးပြည်သို့ ဆောင်ခဲ့လေ၍ ကာလနဂါးမင်းကြီးအား ကြားလျှောက်၏။ နဂါးမင်းလည်း ကုဋေတစ်သောင်းမျှလောက်သော နဂါးပရိသတ်နှင့်သွား၍ ဓာတ်တော်အား ပူဇော်ပြီးလျှင် မိမိ၏နေရာသို့ဆောင်ယူ၍ ရတနာဖြင့်ပြီးသော စေတီကိုတည်၍ ပူဇော်ကိုးကွယ်လေ၏။ ကြီးစွာသော အစောင့်အရှောက်ကိုလည်း ထား၏။ ထိုအကြောင်းကြောင့် ငါ့ရှင်

• "လေပက္ခလီတဗ္ဗာနံ၊ ဒီသွာဘိက္ခူဟုဒံဝဒိ။ ပ။ တံပါပုဏ်ထိတွာ ဂင်္ဂါယ၊ လေပက္ခလီ တံက္ခဏေ (မဟာဝံသအဋ္ဌကထာ)

www.burmeseclassic.com

www.burmeseclassic.com



သောဏုတ္တရ နဂါးပြည်၌ရှိသော ဓာတ်တော်ကို ဤသီဟိုဠ်ကျွန်းသို့ ဆောင်ခဲ့လော့ဟု ဆို၏။

သောဏုတ္တရမထေရ်လည်း ကောင်းပါပြီဟု ဝန်ခံပြီးလျှင် မိမိ ပရိဝုဏ်သို့ လာခဲ့၍ သွားအံ့သောအခါကို ကြည့်ကာနေလေသည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် နက်ဖြန်မဟာစေတီတော်၌ ဓာတ်တော်ကို ဌာပနာလတ္တံ့။ မြို့သူမြို့သားအပေါင်းတို့သည် ပန်းနံ့သာလက်စွဲကုန်လျက် ဥပုသ်ဆောက်တည်၍ ဓာတ်တော်ကို ပူဇော်ခြင်းငှာ သွားကြကုန်ဟု စည်လည်စေ၏။ အလုံးစုံသော မြို့ကိုလည်းကောင်း, လမ်းကိုလည်းကောင်း, ကောင်းမွန်စွာ တန်ဆာဆင်စေ၏။ သိကြားမင်းလည်း ဝိသုကြုံနတ်သားကိုခေါ်၍ အလုံးစုံသော သီဟိုဠ်ကျွန်းကို တန်ဆာဆင်ယင်စေ၏။

## မဟာစေတီတည်ရာသို့

မင်းကြီးလည်း အနုရာဓမြို့တံခါး လေးမျက်နှာ၌ များစွာသောသူတို့ သုံးဆောင်စေခြင်းငှာ စားဖွယ်ရာ သောက်ဖွယ်ရာတို့ကို လည်းကောင်း, အဝတ်တန်ဆာတို့ကို လည်းကောင်း, စုပုံကာ ထားစေ၏။ လပြည့်နေ့နံနက်၌ များစွာသော ဗိုလ်ပါ အခြံအရံနှင့် ခင်းကျင်းလျက် ကိုယ်လုံးဖြူသော သိန္ဓောမြင်းလေးစီးကသော ရထားကိုစီးလျက် တန်ဆာ ဆင်ပြီးသော် ကဏ္ဍုလဆင်တော်ကို ရှေ့ထားလျက် ဆင်ကျောက်ကုန်းထက်၌ ထီးဖြူအုပ်သော ရွှေပန်းတောင်းကို ဆောင်းလျက် ထွက်တော်မူ၏။

မင်းစီးသော ရထားကိုကား ရေပြည့်အိုးရွက်သော မိန်းမပေါင်း တစ်ထောင့်ရှစ်ယောက် ခြံရံကာလိုက်ရ၏။ အထူးထူးသော ပန်းအုပ်ကိုရွက်သော မိန်းမလည်း တစ်ထောင့်ရှစ်ယောက်, ထွန်းပြီးသော ဆီမီးတိုင်ကိုင်သော မိန်းမလည်း တစ်ထောင့်ရှစ်ယောက်ပင် ခြံရံကာ လိုက်ရ၏။ ထို၏ ပြင်ပ၌ ကောင်းစွာ တန်ဆာဆင်အပ်သော ယောကျ်ားလုလင်တို့သည် အထူးထူးသော တံခွန်ကိုထောင်လျက် ခြံရံကာ လိုက်ရ၏။

တာဝတိံသာနတ်ရွာ၌ သိကြားမင်းသည် နန္ဒဝန်ဥယျာဉ်သို့ ထွက်သောအခါ တင့်တယ်စွာသော အသရေကို ဆောင်သကဲ့သို့ ထိုထိုသောအရပ်၌ များစွာကုန်သော ကချေသည်တို့သည် အထူးထူးသော တီးမှုတ်မျိုးတို့၏ အသံဖြင့် လည်းကောင်း, ဆင်သံ, မြင်းသံ, ရထားသံ, စရသင်းသံတို့ဖြင့် လည်းကောင်း ညံညံမစဲ မြေကြီးကွဲအံ့သကဲ့သို့ လွန်ကဲသောမင်း၏ အသရေကို ဆောင်လျက် ထွက်တော်မူ၏။

## ရဟန်းနဂါးနှင့် မြွေနဂါး

သောဏုတ္တရ အမည်ရသော ရဟန်းငယ်သည်လည်း အနုရာဓမြို့မှ မင်းကြီး ထွက်တော်မူခြင်းငှာ အထူးထူးသော တီးမှုတ်မျိုးတို့ဖြင့် တီးမှုတ်ကြွေးကြော်သောအသံကို ကြားလျှင် မြေကိုငုပ်၍ "မဉ္ဇေရိက"နဂါးပြည်သို့သွားလေပြီးလျှင် ကာလနဂါးမင်းရှေ့၌ ထင်ရှားပြလေ၏။ ကာလနဂါးမင်းလည်း နေရာမှထ၍ ရှိသေစွာ ရှိခိုးပြီးလျှင် ပလ္လင်ထက်၌ နေစေ၍ "အရှင်မြတ်သည် အဘယ်အလို့ငှာ ကြွလာပါသနည်း" ဟု မေး၏။ ရဟန်းငယ်ကလည်း "နဂါးမင်း၊ သီဟိုဠ်ကျွန်း၌ ရှိနေကြသော သံဃာတော်အပေါင်းတို့ ငါ့အား စေလွှတ်၍ လာရချေသည်။ လာသောအလိုမှာ မြတ်စွာဘုရားသည် မဟာစေတီ၌ ဌာပနာစိမ့်သောငှာ မိန့်မှာတော်မူအပ်သော ဓာတ်တော် တစ်စိတ်သည်သင် နဂါးမင်း၏ လက်၌ရှိသတည်း။ ထိုဓာတ်တော်တို့ကို ငါ့အားပေးအပ်လော့" ဟု ဆို၏။

ထိုစကားကိုကြားသော် ကာလနဂါးမင်းလည်း လွန်စွာနှလုံးမသာရှိသည်ဖြစ်၍ ဤရဟန်းသည် နိုင်ထက်မူ၍ ယူခြင်းငှာ စွမ်းနိုင်၏။ ထို့ကြောင့် ဓာတ်တော်တို့ကို တစ်ပါးသောအရပ်သို့ ဆောင်ထားမှသင့်မည်ဟုကြံ၍ အနီး၌တည်သော မိမိ၏တူဖြစ်သော ဝါသုလဒတ္တနဂါးကို တစ်ပါးသို့စေသော အခြင်းအရာဖြင့် ဆို၏။ ထိုဝါသုလဒတ္တလည်း ဦးရီးတော်ဖြစ်သော နဂါးမင်း၏အလိုကိုသိ၍ ထိုစေတီအိမ်သို့သွား၍ ဓာတ်တော်ကြုပ်ကို မျိုပြီးလျှင် မြင်းမိုရ်တောင်ရင်းသို့သွား၍ နားချောင်းခွေကဲ့သို့ ခွေ၍နေ၏။ ထိုအခွေကား ယူဇနာသုံးရာ အလျားရှည်သော ကိုယ်ကိုခွေသဖြင့် ယူဇနာတရာ အခွေရှိသတည်း။ မိမိဦးခေါင်းကို အခွေထက်၌ တင်လျက်အထောင်မကသော ပါးပျဉ်းတို့ကို ဖြန့်လျက် ကြောက်မက်ဖွယ်သော အခိုးအလျှံကိုလွှတ်၏။ မိမိမှတစ်ပါးအထောင်မကသော နဂါးတို့ကိုလည်း မိမိနှင့်တူသော ကိုယ်ကို ဖန်ဆင်းစေလျက် ထက်ဝန်းကျင်မှ ခြံရံ၍ နေစေ၏။ ထိုအခါများစွာကုန်သော နဂါးတို့သည် လည်းကောင်း, နတ်တို့သည် လည်းကောင်း ငါတို့သည် ရဟန်းနဂါးနှင့် မြွေနဂါးနှစ်ပါး၏ စစ်ထိုးခြင်းကို ကြည့်ရကုန်လတ္တံ့ဟု ကြံ၍ ထိုအရပ်၌ စည်းဝေးလာကြကုန်၏။

www.burmeseclassic.com



## လှည့်ပတ်သော်လည်းမရ

ကာလနဂါးလည်း တူတော်ဖြစ်သော ဝါသုလဒတ္တသည် ဓာတ်တော်ကို ဆောင်လေပြီဟုသိ၍ အရှင်သောဏုတ္တရအား ဤသို့ လျှောက်၏။ "အရှင်ဘုရား၊ အကျွန်ုပ်ထံတွင် ဓာတ်တော် မရှိပါ" ဟု ဆို၏။ သောဏုတ္တရထေရ်ကလည်း "ဒကာနဂါးမင်း၊ ရာမရွာ၏အနီး စေတီပျက်စီးရာမှ သမုဒ္ဒရာသို့ရောက်သော ဓာတ်တော်ကို ကြုပ်နှင့်တကွ ဒကာရ၍ ကိုးကွယ်ထားသည် မဟုတ်လော၊ ထိုဓာတ်တော်တို့ကို ငါ့အား အပ်လော့" ဟု ဆိုပေ၏။ နဂါးမင်းကလည်း မထေရ်ကို လှည့်ပတ်လို၍ "အရှင်ဘုရား၊ ဓာတ်တော်ထားသော စေတီသို့လိုက်၍ ကြည့်တော်မူပါ" ဟု လျှောက်ပြီးလျှင် အရှင်သောဏုတ္တရကိုပင့်၍ စေတီကိုပြ၏။ "အရှင်ဘုရား၊ များစွာအဖိုးထိုက်သော ရတနာတို့ဖြင့် ကောင်းစွာစီမံအပ်သော စေတီမြတ်ကို ရှုတော်မူပါ၊ အရှင်တို့၏ ဒါယကာဖြစ်သော ဒုဋ္ဌဂါမဏီမင်းသည် သီဟိုဠ်ကျွန်း၌ မဟာစေတီကို များစွာသော ရတနာတို့ဖြင့် ပြုလုပ်ခြင်းသည် အကျွန်ုပ် စေတီရင်း၌ ခင်းထားအပ်သော လထက်ဝက်သဏ္ဌာန်ရှိသော ဤခြေနင်း ပတ္တမြားမျှလောက် အဖိုးမထိုက်ပါ၊ တစ်ပါးသော ရတနာကို အဘယ်ဆိုဖွယ် ရှိအံ့နည်း။ အရှင်ရဟန်း၊ များစွာသော ပူဇော်သက္ကာရ ရှိရာမှ နည်းသော ပူဇော်ခြင်းရှိရာသို့ ဓာတ်တော်ကို ဆောင် ခြင်းငှာ မသင့်ပါဟု" လျှောက်၏။

သောဏုတ္တရ ထေရ်ကလည်း "ဒကာနဂါးမင်း၊ သင်တို့အား သစ္စာလေးပါးတို့ကို သိခြင်းသည် မရှိ၊ ထို့ကြောင့် သစ္စာလေးပါးကို သိခြင်းငှာ လျောက်ပတ်သော အရပ်သို့ ဆောင်ခြင်းငှာလျော့်သည်။ မြတ်စွာဘုရားတို့လည်း သံသရာမှ လွတ်စိမ့်သောငှာသာလျှင် ဖြစ်တော်မူသည်။ သီဟိုဠ်ကျွန်း၌ ဤဓာတ်တော်တည်စိမ့်သောငှာ အလိုရှိသည်။ ထိုဒုဋ္ဌဂါမဏီမင်းကြီးလည်း ယနေ့ပင်လျှင် ဓာတ်တော်ဌာပနာခြင်းကို ပြုလိုပါသည်။ ထို့ကြောင့် ကြာမြင့်အောင် မပြုနှင့် ထိုဓာတ်တော်ကို ငါ့အား အပ်ပါ"ဟု တောင်း၏။

ကာလနဂါးမင်းကလည်း "အရှင်ဘုရား၊ ဓာတ်တော်တို့ကို မြင်မူ ယူ၍သွားပါလော့" ဟု ဆို၏။ မထေရ်မြတ်လည်း ကာလနဂါးအား ထိုစကားကို သုံးကြိမ်မြောက်အောင် ဆိုစေပြီးမှ ထိုနေရာ၌ရပ်လျက် သိမ်မွေ့စွာသော လက်ကို ဖန်ဆင်း၍ မြင်းမိုရ်တောင်ရင်း၌နေသော ဝါသုလဒတ္တနဂါး၏ ခံတွင်းသို့သွင်း၍ ဓာတ်တော်ကြုပ်ကိုယူပြီးလျှင် "နဂါးမင်း၊ နေရစ်လော့၊ ငါ သွားတော့အံ့" ဆို၍ မြေ၌ငုပ်ပြီးမှ ကျောင်းပရိဝုဏ်အတွင်းမှာ ပေါ်တော်မူ၏။

နဂါးမင်းလည်း ဤရဟန်းမြတ်ကား ငါ လှည့်ပတ်၍ ဓာတ်တော်မရဘဲ သွားလေပြီဟု နှလုံးသွင်း၍ တူရင်းဖြစ်သော ဝါသုလဒတ္တနဂါးကို ခေါ်စေသော် တူရင်းနဂါးလည်း မိမိဝမ်း၌ မျိုထားသော ဓာတ်တော်ကြုပ်မရှိသည်ကိုသိ၍ ငိုယိုလျက် ဦးရီးထံသို့လာ၏။ ထိုအခါမှ နဂါးမင်းသိ၍ ရဟန်းသည် ငါ့အား လှည့်ပတ်၍ ဓာတ်တော်ကို ယူဆောင်လေပြီဟု ပြင်းစွာ ငိုကြွေး၏။ စည်းဝေးသမျှသော နဂါးတို့လည်း ငိုကျွေးကြကုန်၏။

ထိုအခါ စစ်ထိုးရာကို ရှုမျှော်၍နေကုန်သော နတ်နဂါးတို့၏ အောင်မြင်ခြင်းသည် အလွန်နှစ်သက်ဖွယ်ရှိပေစွဟု ချီးပကြွေးကြော်ကြကုန်၏။

ထို့နောက်မှ နဂါးတို့သည် သံဃာတော်တို့၏ အထံသို့ ငိုကြွေးကာ လိုက်လာကုန်၏။ သံဃာတော်တို့ကလည်း ထိုနဂါးအား သနားသဖြင့် အတန်ငယ်သော ဓာတ်တော်တို့ကို ပူဇော်စိမ့်သောငှာ ပေး၏။ ယင်းသို့ ဓာတ်တော်ကို ရသောအခါမှ ဝမ်းပန်းသာ၍ "မဉ္ဇေရိယ" နဂါးရွာသို့ ပြန်ရှာကုန်သတည်း။

## နတ်သိကြားဗြဟ္မာတို့ စောင့်ရှောက်ပူဇော်ခြင်း

သိကြားမင်းသည် ရတနာ ပလ္လင်ကိုယူ၍ များစွာသော နတ်တို့နှင့်တကွ အရှင်သောဏုတ္တရ၏ခြေမှ ပေါ်ထွက်ရာအရပ်သို့ ရောက်လာ၏။ ဝိသကြုံနတ်သားလည်း ထိုပေါ်ရာ၌ ရတနာမဏ္ဍပ်ကို ဖန်ဆင်း၏။ သိကြားမင်းလည်း မဏ္ဍပ်တွင်း၌ ပလ္လင်ကိုထား၍ အရှင်မြတ်လက်မှ ဓာတ်တော်ကြုပ်ကို ယူပြီးလျှင် ထိုပလ္လင်ထက်၌ ရွှေပန်းတောင်းဖြင့် ထား၏။ ထိုထားရာ၌ ဗြဟ္မာမင်းသည် ထီးဖြူဖြင့် မိုးကာ၏။ သန္တုသိတနတ်သားသည် သားမြီးယပ်ကို ကိုင်၏။ သုယာမနတ်မင်းသည် ပတ္တမြား ယပ်ဝန်းကို ကိုင်၏။ သိကြားမင်းသည် နံ့သာရေနှင့်တကွသော ဝိဇယုတ္တရ ခရုသင်းကို ကိုင်၏။ စတုမဟာရာဇ်နတ်မင်း လေးယောက်တို့သည် သံလျက်လက်စွဲလျက် ရပ်ကုန်၏။ သုံးကျိပ်သုံးယောက်သော မဟိဒ္ဓိက နတ်သားတို့သည် ကသစ်ပန်းဖြင့် ပြည့်သော ပန်းအုပ်ကို လက်စွဲကုန်လျက် ထိုထိုအရပ်၌ ပန်းဖြင့် ကြဲဖြန့်ကာ ပူဇော်ကုန်၏။ သုံးကျိပ်သုံးဦးသော နတ်သမီးတို့သည် ဆီမီးတိုင်ကိုင်လျက် တည်ကုန်၏။ နှစ်ကျိပ်ရှစ်ယောက်သော နတ်စစ်သူကြီးတို့သည် မကောင်း

www.burmeseclassic.com

www.burmeseclassic.com



သော နတ်ယုတ်တို့ကို ပြေးစေလျက် စောင့်ရှောက်ကာ နေကုန်၏။ ပဉ္စသိခ နတ်သားသည် သီချင်းသီလျက် စောင်းကိုတီး၏။ များစွာသော နတ်အပေါင်းတို့သည် သီချင်းကျူးလျက် မြူးထူးရွှင်ပျကြကုန်၏။ ကာလနဂါးမင်းလည်း များစွာသော ပရိသတ်နှင့်တကွ ကခုန်မြူးထူးကာ ပူဇော်လာပေ၏။ နတ်၌ဖြစ်သော ပန်းနံ့သာမိုးတို့သည် ဖြိုးဖြိုးပြည့်မျှ ရွာကုန်၏။

ထိုအခါ ဣန္ဒဂုတ္တမထေရ်သည် မာရ်နတ်မင်းကို တားမြစ်ခြင်းအကျိုးငှာ စကြဝဠာပြည့်မျှသော သံထီးကို ဖန်ဆင်းလျက် ဆောင်းလေ၏။ ထိုအရပ်၌ စည်းဝေးသမျှ ရဟန်းတော်တို့လည်း ဓာတ်တော်ကို ခြံရံလျက် အပေါင်း၏ သရဇ္ဈာယ်ခြင်းကို ပြုကြကုန်သတည်း။

## မင်းစည်းစိမ်ဖြင့် သုံးကြိမ်ပူဇော်ခြင်း

ဒုဋ္ဌဂါမဏိ မင်းကြီးသည်လည်း ထိုဓာတ်တော်ရှိရာသို့သွား၍ မိမိဦးခေါင်းဖြင့် ဓာတ်တော်ပန်းတောင်းကို ရွက်၍ တရိုက်မက်မက် ရှိခိုးပူဇော်ပြီးမှ ပလ္လင်ပေါ်၌ ထားပြန်၍ လက်အုပ်ချီကာ တည်၏။ ထက်ဝန်းကျင်သောအရပ်မှ နတ်တို့ တီးမှုတ်သော စည်စောင်းပတ်သာ တူရိယာသံကို ကြား၍လည်းကောင်း, နတ်တို့၏ ပန်းနံ့သာတို့သည် မိုးရွာသကဲ့သို့ ကျသည်ကိုမြင်၍ လည်းကောင်း နတ်ဗြဟ္မာတို့၏ ကိုယ်ကို မမြင်ရဘဲ အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲသော ဖြစ်ခြင်းကြောင့် နတ်မင်းတို့ ပူဇော်လာသည်ဟု သိရကား အတိုင်းမသိသော ပီတိသောမနဿသည် ဖြစ်လျက် ဓာတ်တော်တို့ကို သီဟိုဠ်မင်း၏အဖြစ်၌ အဘိသိက်သွန်း၍ ထီးဖြူဖြင့် ပူဇော်ပြီးမှ လူမင်း၏ထီး, နတ်မင်း၏ထီး, အရဟတ္တဖိုလ်တည်းဟူသော ထီး, ဤထီးသုံးစင်းကို ဆောင်းတော်မူသော သယမ္ဘူထွတ်ထား မြတ်ဘုရားကို ဤသီဟိုဠ်ကျွန်း၌ မင်း၏စည်းစိမ်ဖြင့် ကပ်လှူပူဇော်ပါ၏ဟူ၍ သုံးကြိမ်တိုင်အောင် လှူတော်မူ၏။ ထို့နောက်မှ သရီရဓာတ်တော်တို့ကိုလည်း ထို့နည်းအတူ ကပ်လှူပူဇော်ပေ၏။

## ဘုရားရှင်အသွင်တော်ကဲ့သို့

ယင်းသို့ပူဇော်ပြီးမှ မင်းကြီးသည် ဓာတ်တော် ပန်းတောင်းကို ဦးခေါင်းဖြင့်ရွက်ကာ ယူ၍ ရဟန်းသံဃာအပေါင်း ခြံရံလျက် စေတီတည်ရာသို့ ဆောင်ပြီးလျှင် စေတီတော်ကို လက်ယာရစ် သုံးပတ်လှည့်ပြီး၍ အရှေ့မျက်နှာဖြင့် တက်၍ ဓာတ်တော်တိုက်သို့ ဝင်၏။ ထိုအခါ ကိုးဆယ့်ခြောက်ကုဋေ အရေအတွက် ရှိကုန်သော ရဟန္တာတို့သည် စေတီကို ခြံရံလျက် လက်အုပ်ချီ၍ ရပ်ကြ၏။ ရဟန်းတို့၏အပြင်မှ လူတို့ပူဇော်ရ၏။

ဓာတ်တော်တိုက်သို့ သက်၍ အဖိုးအနဂ္ဃထိုက်သော နေရာ၌ ကောင်းစွာထားအံ့ဟု ကြံစည်သည်တွင် ယခင် ဓာတ်တော်ကြုပ်နှင့်တကွ ရွှေပန်းတောင်းသည် မင်းကြီး၏ ဦးခေါင်းမှ အထက်သို့ ပျံတက်၍ ထန်းခုနစ်ဆင့်မြင့်သော ကောင်းကင်၌ တည်ပြီးသော် လက္ခဏာတော်ကြီး, ငယ်, အသွယ်သွယ်နှင့် ပြည့်စုံသောဘုရားကိုယ်တော်၏ သဏ္ဌာန်ကဲ့သို့ ဖန်ဆင်းတော်မူ၍ သရက်ဖြူပင်ရင်း၌ တန်ခိုးပြသည်နှင့်တူစွာ ခြောက်ဖြာသော ရောင်ခြည်တော်ကိုလွှတ်ပြီးမှ ရေမီးအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူ၏။

ထိုသို့သော တန်ခိုးပြာဋိဟာကို များစွာကုန်သော လူတို့ တပ်အပ်ဖူးမြင်ရလေလျှင် ရွှင်လန်းဝမ်းသာ ကြည်ညိုစွာတည်သောစိတ် ရှိကြသည်ဖြစ်၍ တစ်ဆယ့်နှစ်ကုဋေမျှသော နတ်လူတို့ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်သည်။ သောတာပန်, သကဒါဂါမ် ဖြစ်သူတို့ကား ပိုင်းခြားရေတွက်ခြင်းငှာ မတတ်နိုင်ရာကုန်သာလျှင်ကတည်း။

## ဓာတ်တော်ဌာပနာ

ဓာတ်တော်တို့သည်လည်း ဖန်ဆင်းအပ်သော ဘုရားအသွင်တော်ကို ကွယ်စေ၍ ကြုပ်တွင်းသို့ ဝင်ကြပြီးသော် ရတနာပန်းတောင်းနှင့်တကွ ကောင်းကင်မှ သက်ဆင်း၍ မင်းကြီးဦးခေါင်းထက်၌ တည်လာ၏။ သာသနာ၏ ထွန်းပခြင်းကို အလိုရှိလှသော ဒုဋ္ဌဂါမဏိ မင်းမြတ်သည်ကား မဟာဣန္ဒဂုတ္တ မထေရ်နှင့် လည်းကောင်း, ကချေသည် အပေါင်းနှင့် လည်းကောင်း, ခြံရံလျက် ဌာပနာတိုက်သို့ ဝင်ပြီးလျှင်ခင်းထားအပ်သော အိပ်ရာထက် ရတနာပလ္လင်ကို တင်၍ ထိုပလ္လင်ထက်၌ ဓာတ်တော်ပန်းတောင်းကို ထားပေ၏။

ထို့နောက်မှ အထူးထူးသော နံ့သာမှုန့်တို့ဖြင့် သွန်းခြင်းငှာ ဓာတ်တော်ကြုပ်ကိုဖွင့်၍ ရေစွက်သော လက်ဖြင့် သုံးသပ်ပြီးလျှင် ဘုရားရှင်ကိုယ်တော်မြတ်သည် တစ်စုံတစ်ယောက်သောသူတို့ နှောင့်ယှက်ခြင်းမရှိဘဲ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်၍ ဤနေရာ၌ တည်မည်ဖြစ်အံ့။ ဘုရားဘုန်းလျှံသည် နိဗ္ဗာန်ဝင်ရာ ညောင်စောင်း၌ လျောင်းတော်မူသကဲ့သို့ ခင်းထားအပ်သောနေရာမြတ်၌ လျောင်းစက်ကာ တည်ပါစေသတည်းဟု မနောမိဋ္ဌာန်ပြုသည်နှင့် တစ်

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်နက် ဓာတ်တော်တို့သည် အိပ်ရာထက်၌ လျောင်းစက်ကာ တည်လေ၏။ ထိုသို့တည်သည်နှင့် တစ်ပြိုင်နက် ပြင်းစွာမြေလှုပ်ခြင်းသည် ဖြစ်၏။ များစွာသော တန်ခိုးပြာဋိဟာတို့သည် ဖြစ်လာကုန်၏။ သာသနာတော် သုံးရာခုနစ်ဆယ့်သုံးခု ဥတ္တရာသဠ် နက္ခတ်နှင့်ယှဉ်သော ဝါဆိုလဆန်း ပက္ခ ပန္နရသီ ဥပုသ်နေ့၌ ဓာတ်တော်ကို ဌာပနာလေသတည်း။

မင်းကြီးသည်လည်း အလွန်နှစ်သက်ခြင်းရှိသည်ဖြစ်၍ ကိုယ်တော်တွင် ဆင်ယင်သမျှ သုံးသောင်းတန်သော ဗောင်း နားဒွေါင်း စသော မင်း၏ တန်ဆာတို့ကို ဓာတ်တော်တိုက်မှာ ပူဇော်ပေ၏။ မင်းမိဖုရား ကချေသည်မောင်းမ အမတ် ပရိသတ်တို့သည်လည်း ထို့အတူ မြတ်သောတန်ဆာတို့ကို ချွတ်ကာ ချွတ်ကာ ပူဇော်ကြကုန်၏။ ယင်းသို့ ပူဇော်ပြီးမှ သံဃာတော်တို့အား အဝတ်သင်္ကန်းစတုမဓုဆေးတို့ကို ကပ်လှူ၍ ညဉ့်သုံးယံပတ်လုံး လေ့ကျက်အပ်သော တရားအပေါင်းကို သရဇ္ဈာယ်ခြင်းကို ပြုစေကုန်၏။ နံနက်သောကာလ ဤနေ့မှစ၍ ခုနစ်ရက်တိုင်အောင် ပြည်သူအားလုံးတို့သည် ဓာတ်တော်ကို ရှိခိုးပူဇော်ကြကုန်ဟူ၍ အနရာဓပြည်၌ စည်လည်စေ၏။

### ဣန္ဒဂုတ္တမထေရ်၏ အဓိဋ္ဌာန်

ဣန္ဒဂုတ္တအမည်ရှိသော မဟိဒ္ဓိကရဟန္တာကြီးသည်လည်း ဓာတ်တော်ကို ပူဇော်ခြင်းငှာ လာကုန်သမျှသော ပရိသတ်တို့သည် မိုးလေ စသော ဘေးရန်မတွေ့ဘဲ လျင်စွာစေတီသို့ရောက်၍ လျင်စွာ မိမိ၏နေရာသို့ ပြန်နိုင်စေသတည်းဟု အဓိဋ္ဌာန်၏။ ယင်းသို့ မိဋ္ဌာန်သည်အတိုင်း လူဟူသမျှတို့သည် မိမိ၏အိမ်ဝတွင် ဖူးမြင်ရသကဲ့သို့ချည်းဖြစ်ကုန်၏။

### သာမဏေ ၂ ပါး

ခုနစ်ရက်စေ့သောအခါ မင်းကြီးသည် သံဃာတော်တို့အား ဤသို့လျှောက်၏။ အကျွန်ုပ်၏ကိစ္စ ပြီးငြိမ်းပါပြီ။ ဓာတ်တော်တိုက်ကိုပိတ်ခြင်းငှာ သံဃာတော်တို့ အရေးသာလိုပါတော့သည်ဟု လျှောက်၏။ သံဃာတော်တို့ကလည်း ဥတ္တရသာမဏေ, သုမနသာမဏေတို့ကို တိုက်တွန်းလေသော် ထိုသာမဏေ နှစ်ဦးတို့လည်း မိမိတို့ဆောင်ခဲ့သော မေဒဝဏ္ဏကျောက်ဖျာကို ချီယူကာပိတ်စေ၍ ဤစေတီတိုက်၌ ပူဇော်လိုသမျှသော ပန်းတို့သည်လည်း မနွမ်းမညှိုးစေသတည်း, နံ့သာရေတို့သည် မခန်းစေသတည်း, ဆီမီးတို့သည်လည်း မငြိမ်းဘဲတည်စေသတည်း, တစ်စုံတစ်ခုသော ဝတ္ထုသည် မပျက်ဘဲ တည်စေသတည်းဟု အဓိဋ္ဌာန်၏။ ထိုကျောက်ဖျာအစပ်တို့သည်လည်း အရှင်မြတ်၏ အာနုဘော်ကြောင့် ဂဟောဆော်၍ စပ်သကဲ့သို့ ထိကပ်လျက်တည်လေကုန်၏။

လူတို့စီးပွားကို ဆောင်တော်မူတတ်သော ဒုဋ္ဌဂါမဏိမင်းမြတ်သည်လည်း ထိုဓာတ်တော်တိုက်ကြီး၏အနီးဘက်၌ တိုက်ငယ်တစ်ခုကို ပြုစေ၍ အလုံးစုံသော ပြည်သူတို့သည် အစွမ်းရှိသည် အားလျော်စွာ ဓာတ်တော် ဌာပနာခြင်းတို့ကို အလိုရှိတိုင်း ပြုကြကုန်ဟု စည်လည်စေ၏။ လူများအပေါင်းတို့လည်း ဝမ်းမြောက်ဝမ်းသာ ဌာပနာကြကုန်၏။ ယင်းသို့ ဌာပနာတိုက် နှစ်ဆင့်ထားပြီးမှ အုတ်တို့ဖြင့် မွမ်းမံလျက် စေတီကိုအပြီးသတ်တော်မူ၏။ ဤဒုဋ္ဌဂါမဏိမင်းနှင့်အတူ သူတော်ကောင်းတကာတို့သည် တမလွန် လူ့ရွာနတ်ရွာ၌ ချမ်းသာခြင်း၏အကြောင်းဖြစ်သောကောင်းမှုပုညတို့ကို စင်ကြယ် ကြည်ညိုလှသော စိတ်ဖြင့်မိမိကိုယ်တိုင် အားထုတ်ခြင်း၊ သူတစ်ပါးတို့အား အားထုတ်စေခြင်းတည်းဟူသော လုံ့လဝါယာမတို့ကို ပြုကြကုန်သတည်း။

**သူတော်ကောင်းတို့အား (ပ) "ပဒ္မပဒေါရုဝံသ" အမည်ရှိသော မဟာဝံသကျမ်း၌ (၁၂၅) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော "ဓာတုနိဓာန" အမည်ရှိသော စေတီသမအပိုင်း အခန်းကား ပြီး၏။**

---

# တုသိတပုရဂမနကဏ္ဍာ
# ဗာတ္တိံသတိမပိုင်း

## ဒုဋ္ဌဂါမဏိမင်း နတ်ရွာစံ၍ တုသိတာနတ်ပြည်သို့ ရောက်ခြင်းကို ပြဆိုခြင်း

### နောက်ဆုံးအကြိမ် သွားရောက်ဖူးမြော်ခြင်း

ဒုဋ္ဌဂါမဏိမင်းကြီးသည် မဟာစေတီ အုတ်ရိုးသာပြီး၍ ထီးတင်ခြင်း အင်္ဂတေ လိမ်းကျံခြင်းကိစ္စသည် မပြီးမီပင် သေခြင်းအနီးရှိသော ရောဂါသည် ပြင်းစွာ ကပ်ငြိတော်မူ၏။ ထိုအခါ ဒီဃဝါပိအရပ်၌နေသော ညီတော် တိဿကို

www.burmeseclassic.com



ခေါ်တော်မူ၍ ဤစေတီ၌ မပြီးသမျှသော ကိစ္စကိုပြီးအောင် ပြုလော့ဟု ဆိုတော်မူ၏။ ညီတော်မင်းသားလည်း နောင်တော်အားနည်းသောကြောင့် မြန်စွာပြီးစေခြင်းငှာ အပ်လျှို သမားတို့ကိုခေါ်၍ စင်ကြယ်သောအဝတ်တို့ကို ရစ်ပတ်စေပြီးလျှင် ပန်းချီသမားတို့ကို ခြယ်လှယ်စေ၍ ပွတ်တိုင်တို့ကို လည်းကောင်း, ရေပြည့်အိုးတို့ကို လည်းကောင်း, တံခွန်ကုက္ကား အစရှိသည်ကို လည်းကောင်း, တင့်တယ်စွာ ပြုစေ၏။ တောင်းရွေသမားတို့ကိုခေါ်၍ ဝါးဖြင့်ပြီးသော ထီးကို လည်းကောင်း, ပဒုမ္မာကြာရွက်ဖြင့် ပြီးသော လဝန်း-နေဝန်းတို့ကို လည်းကောင်း အထက်ပွတ်တိုင်တို့ကို လည်းကောင်း, ဆည်းလည်း ညောင်ရွက်တို့ကို လည်းကောင်း ပြုစေ၏။ ပန်းချီဆေးတို့ဖြင့် ရေးသားခြယ်လှယ်ပြီးသော် စေတီတော်ပြီးပါကြောင်းကို မင်းအား ကြားလျှောက်၏။ မင်းကြီးလည်း စီးမြဲသောယာဉ်ဖြင့် လျောင်းလျက်ပင် ထမ်းစေ၍ စေတီတော်ကို လက်ယာရစ် လှည့်လည်ခြင်းကိုပြု၍ ရှိသေစွာ ရှိခိုးလျက် တောင်တံခါးဝတွင် သန့်စွာ ခင်းအပ်သော မြေအခင်းထက်၌ လက်ယာနံပါးဖြင့် လျောင်းလျက် မဟာစေတီကို ပူဇော်ရှိခိုး၏။ ထို့နောက် လက်ဝဲနံပါးဖြင့် လျောင်းပြန်လျက် လောဟပါသာဒကို ရှုမျှော်၍ ပူဇော်ရှိခိုး၏။

## ရဟန်းတော် ၉၆-ကုဋေ

မင်းကြီးနာသည်ကို ကြည့်ရှုမေးမြန်းခြင်းငှာ ထိုထိုအရပ်မှ ကြွရောက်လာကုန်သော ရဟန်းတော်တို့လည်း ကိုးဆယ့်ခြောက်ကုဋေမျှလောက်ပင် စုဝေးမိကြ၏။ထိုရဟန်းတော်တို့လည်း အစုဖွဲ့သဖြင့် တရားတော်မြတ်ကို ရွတ်ဖတ် သရဇ္ဈာယ်ကြ၏။ မင်းကြီးလည်း ထိုအစည်းအဝေး၌ ထေရပုတ္တာဘယမထေရ်ကို မမြင်သည်ဖြစ်၍ ဤသို့ကြံ၏။

## ကြံတွေးပုံ

အကြင်အဘယမည်သော သူရဲကြီးသည် ကျေးမင်းတို့နှင့် နှစ်ဆယ့်ရှစ်ကြိမ်တိုင်အောင် ကြီးစွာသော စစ်ထိုးခြင်းဖြင့် စစ်ထိုးကြရာ၌ ငါ မရှုံးအံ့သည်ဖြစ်၍ ငါ့ထံ၌ ဝန်းရံကာ အဖော်ပြုလုပ်သည်။ ယခုအခါ သေမင်းနှင့် စစ်ထိုးရာ၌ ငါ၏ရှုံးလတ္တံ့သည်ကို မြင်သောကြောင့် ငါ့ထံသို့ မကပ်လာဆိုသည်ထင်၏ဟု ကြံတွေး၏။

## အဘယမထေရ်နှင့် ရဟန္တာ ငါးရာ

ထိုအကြံကို အဘယမထေရ်သည် ကရိန္ဒမြစ်၏ အမွန်ဖြစ်သော ပဉ္စလိတောင်၌ နေလျက်ပင် သိတော်မူ၍ ရဟန္တာငါးရာအရံနှင့်တကွ ကောင်းကင်ဖြင့် ပျံလာ၍ မင်းကြီးအနီးမှ ရံလျက်တည်၏။ မင်းကြီးလည်း အဘယထေရ်ကိုမြင်အောင် ခင်မင်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ရှေ့အနီးကြွစေပြီးမှ "အရှင်ဘုရား၊ အကျွန်ုပ်သည် ရှေးအခါ သူရဲကြီးတစ်ကျိပ် ဖြစ်ကုန်သော အရှင်မြတ်တို့နှင့်တကွ စစ်ထိုးရပ်ပေပြီ။ ယခုမူကား ကျွန်ုပ် တစ်ယောက်တည်းသာလျှင် သေမင်းနှင့် စစ်ထိုးခြင်းငှာ အားထုတ်ရ၏။ သေမင်းတည်းဟူသော ရန်သူကို ရှုံးစိမ့်သောငှာ မတတ်နိုင်ချေ" ဟု လျှောက်ပေ၏။

## ရုပ်နာမ်ဟူသမျှ စိုးမရ

ထေရပုတ္တာဘယ မထေရ်ကလည်း "လူတို့ကို အစိုးရသောမင်းကြီး၊ ကြောက်ရွံ့တော် မမူလင့်။ ကိလေသာတည်းဟူသော ရန်သူကို မအောင်လျှင် သေမင်းတည်းဟူသော ရန်သူကို မအောင်နိုင်ချေ။ အလုံးစုံသောရုပ်, နာမ်, ခန္ဓာ, သင်္ခါရ တရားတို့သည် အမြဲမရှိကုန်ဟူ၍ ဘုရားဟောတော်မူချေသည်။ ထို့ကြောင့် အလုံးစုံသော သင်္ခါရတို့သည် ပျက်ရမည်တည်းဖြစ်၍ ဇရာမရဏ အနိစ္စတို့သည် ရှက်ခြင်းကြောက်ခြင်းမှ ကင်းသည်ဖြစ်၍ အတုမရှိသော တန်ခိုး၏ အရှင်ဘုရားသခင်ကိုယ်တော်ကိုလည်း ကပ်၍ နှိပ်စက်ကုန်၏။ ထို့ကြောင့် ငါ၏ ရုပ်, နာမ်, ခန္ဓာဟူသမျှတို့သည် အမြဲမရှိ ဆင်းရဲအတိသာ အစိုးမရချေတကား" ဟု နှလုံးထားတော်မူလော့ဟု မိန့်တော်မူ၏။

## အောင်မြင်သူမရှိသောစစ်

ဒုဋ္ဌဂါမဏိမင်းကြီးသည် "အရှင်ဘုရား၊ ယခုအခါ၌ ငိုကြွေးခြင်းစစ်သည်တို့ တည်ပါ၏။ မသိခြင်းမိုလ်ပါအစုသည်ဖွဲ့ပါ၏။ ပြင်းစွာ တွေဝေခြင်း လှံသည် ထပါ၏။ ယောင်ယမ်းမြည်တမ်းခြင်း အလံတံခွန်ကို မြှောက်ထောင်ပါ၏။ နှလုံးမသာယာခြင်း စည်ကြီးကိုတီးပါ၏။ ရင်ကိုထုခြင်းတည်းဟူသော ကြေးနင်းခွက်ခွင်းသည် ဖြစ်၏။ ပြင်းစွာ ပင်ပန်းခြင်းတည်းဟူသော ခရုသင်းကို မှုတ်ကုန်၏။ မျက်ရည်တည်းဟူသော သွေးတို့ ယိုစီးကုန်၏။ ဒုက္ခဝေဒနာတည်းဟူသောလှံဖြင့် ထိုးကုန်၏။ စိတ်၌ဖြစ်သော ဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



တည်းဟူသော မိုန်းတို့သည် ထိုးကုန်၏။ ကာယိက ဒုက္ခတည်းဟူသော ဆောက်ပုတ်လက်ရိုက်တို့ကို ဆောင်ကုန်၏။ ထိတ်လန့်ခြင်းတည်းဟူသော သံစက်ကိုင်ကုန်၏။ ပြိုးပြမ်းသော တံတွေးတည်းဟူသော ယိုစီးခြင်းရှိ၏။ သံဝေဂတည်းဟူသော ဖရင်းသည် လွှမ်းမိုး၏။ သေခြင်းတည်းဟူသော မြားသည် စူးဝင်၏။ မစ္ဆုတည်းဟူသော ဆင်သည် နင်း၏။ ကုသိုလ် အကုသိုလ်တို့တည်းဟူသော သူရဲတို့သည် စစ်ထိုးတိုက်ခိုက်ကုန်၏။ ယမမင်း၏ တမန်သည် လှည့်လည်ကုန်၏။ သေခြင်းတည်းဟူသော စစ်သည်ဖြစ်၏။ ဤစစ်ကို အောင်ခြင်းငှာ စွမ်းနိုင်သော သတ္တဝါမည်သည် မရှိ" ဟု လျှောက်၏။

## နတ်၏ချမ်းသာသို့ လျင်စွာရောက်လတ္တံ့

•"မြတ်သောမင်းကြီး၊ သင်သည် နှစ်ခုမြောက်သော အတိတ်ဘဝ သာမဏေဖြစ်စဉ်ကလည်း ကြီးစွာသော ကုသိုလ် သမ္ဘာရသမာဆန္နကြောင့် နတ်ပြည်သို့ရောက်ကြောင်း နိမိတ်သည် ထင်လျက် နတ်၏ချမ်းသာကို ပယ်လျက် ဤမင်းအဖြစ်သို့လာ၍ များစွာသောကုသိုလ်ကောင်းမှုကို ပြုတော်မူသည်။ မင်းကြီး၏ ဧကရာဇ်အဖြစ်ကို ရတော်မူခြင်းသည်လည်း ဘုရားသာသနာကို ထွန်းပစိမ့်သောငှာသာလျှင် ပြုတော်မူသည်။ အလွန်များလှသော ကောင်းမှုရှိတော်မူသော မင်းကြီး သင်မင်းမြတ်သည် မပြတ်ဆည်းပူးတော်မူ၏။ ယနေ့ထက်တိုင်အောင်ပြုသော ကုသိုလ်တို့ကို အောက်မေ့တော်မူလော့။ ဤသို့ အောက်မေ့တတ်က နတ်၏ချမ်းသာသည် လျင်စွာ ရောက်လတ္တံ့." ဟု ဆိုတော်မူကုန်၏။

ထိုစကားကိုကြားသောကာလ မင်းကြီးလည်း ဝမ်းမြောက်လှသည်ဖြစ်၍ "အရှင်ဘုရား၊ အရှင်မြတ်သည် အကျွန်ုပ်၏ နှစ်ကြိမ်သော စစ်ပွဲ၌လည်း အဖော်သဟဲဖြစ်ပေသည်" ဆို၍ ရိုသေစွာရှိခိုးပြီးမှ ကောင်းမှုစာရင်း ပုရပိုက်ကိုဆောင်စေ၍ စာရေးကို ဖတ်လော့ဟုဆိုတော်မူ၏။ စာရေးလည်း အစဉ်အတိုင်း ဖတ်ပေ၏။

## ကောင်းမှုစာရင်း

"မြတ်သောမင်းကြီး၊ အရှင်မင်းကြီးသည် သာသနာတော်၏ အကျိုးစီးပွား များစိမ့်သောငှာ ကိုးဆယ့်ကိုးဆောင်သော ကျောင်းတို့ကို ကောင်းစွာ ဆောက်တော်မူပြီ။ တစ်ဆယ့်ကိုးကုဋေသော ဥစ္စာတို့ဖြင့် မရိစဝဋ္ဋိမည်သော ကျောင်းကိုလည်း ဆောက်တော်မူပြီ။ ကုဋေသုံးဆယ်သော ဥစ္စာတို့ဖြင့် နတ်ဗိမာန်နှင့်တူစွာသော လောဟပါသာဒကို ဆောက်တော်မူပြီ။ မဟာစေတီလုပ်ရာ၌ အဖိုးဖြတ်ခြင်းငှာ မတတ်ကောင်းသော နှစ်ဆယ်သော အလှူဝတ္ထုတို့ဖြင့် ပြု၏။ မဟာစေတီတော် တည်သည်မှ အခြားသော အလှူဝတ္ထုတို့ဖြင့် ပြု၏။ မဟာစေတီတော် တည်သည်မှ အခြားသော အလှူဝတ္ထုတို့သည် ကုဋေတစ်ထောင်ထိုက်ကုန်သည်။ မင်းကြီးသည် "ကောဋ္ဋမ္မ" အမည်ရှိသော ရောဟနဇနပုဒ်မလယအရပ်၌နေသောအခါ အလွန်ရှားပါးသော ဒုဗ္ဘိက္ခကပ်ကြုံသည်ဖြစ်၍ လူအမျိုးမျိုးတို့သည် မရိုးသိုးပြုတ်၍ စားရသောကာလ အဖိုးအနဂ္ဃထိုက်သော နားဒောင်းတော်နှစ်ခုကိုပေး၍ ဆပ်ဆန်ကိုဝယ်ပြီးလျှင်² (မလိယ မဟာဒေဝ မထေရ် အမှူးရှိသောငါးဦးသော ရဟန္တာအရှင်တို့အား) ခင်မင်ကြည်ညိုစွာ ဟင်းလေး ယာဂုနှင့်တကွသော ဆပ်ဆွမ်းကို လှူဒါန်းတော်မူရပြီ။ စူဠင်္ဂဏိယအပြင်၌ ညီတော်တိဿနှင့် စစ်ထိုးကြ၍ အရေးမလှသဖြင့် ပြေးရသောအခါ တစ်ယောက်စာသောထမင်းကို ရွှေခွက်၌ထည့်၍ စားမည်အကြံတွင် အလှူခံတို့ကို ကြွေးကြော်သဖြင့် ကြွတော်မူလာသော ရဟန္တာအရှင်မြတ်အား ကိုယ့်အသက်ကို မငဲ့ကွက်ဘဲ ရွှေခွက်၌ ထည့်သမျှထမင်းကို အကုန်လှူလိုက်ရပြီ။

ဤအကြောင်းကို ဖတ်သောအခါ မင်းကြီးသည် ကြည်လင်စွာရှိသဖြင့် ဤသို့ မိန့်ဆို၏။ ငါသည် မရိစဝဋ္ဋိကျောင်းကို အနုမောဒနာပြုသော သတ္တာဟ၌လည်းကောင်း၊ လောဟပါသာဒကို အနုမောဒနာပြုသော သတ္တာဟ၌ လည်းကောင်း၊ မဟာစေတီကို စ၍ တည်သောသတ္တာဟ၌ လည်းကောင်း၊ ဓာတ်တော်ဌာပနာသော သတ္တာဟ၌လည်းကောင်း၊ အရပ်လေးမျက်နှာမှ ရောက်လာသော များစွာသော ဥဘတော သံဃာအား အဖိုးများစွာထိုက်သော အလှူကြီးကို အကြွင်းမဲ့ဖြစ်စေအပ်ပြီ။ ကဆုန်လပြည့်နေ့ ပွဲတော်ပြု၍ ကြီးစွာသော ပူဇော်ခြင်းကို နှစ်ဆယ့်လေးကြိမ်ပြု၍ ပူဇော်လှူဒါန်းအပ်ပြီ။ သီဟိုဠ်ကျွန်း၌ရှိသော သံဃာတော်အားလုံးအား သုံးကြိမ်တိုင်အောင် တိစီဝရိက်သင်္ကန်းဖြင့် လှူဒါန်းအပ်ပြီ။ ဤသီဟိုဠ်ကျွန်း၌ အလုံးစုံသော မင်း၏အဖြစ်ကို သာသနာတော်အား ပူဇော်လိုသည်ဖြစ်၍ ငါးကြိမ်တိုင်တိုင် လှူဒါန်းအပ်ပြီ။ တစ်ဆယ့်နှစ်ရပ်သော ဌာနတို့၌ စင်ကြယ်လှသော ဆီမီးတစ်ထောင်ကိုလည်း ညိုထွန်းလှူဒါန်းအပ်

• ဤနေရာမှနောက်၌ ထေရပုဗ္ဗာဘယရဟန္တာ အရှင်ဟောတော်မူသော စကားအများ မဟာဝင်ဋီကာ ၄၂၆–၌ရှိ၏။ ဤစကားပြေ ဝတ္ထု၌မပါ။

www.burmeseclassic.com



ပြီ။ တစ်ဆယ့်ရှစ်ရပ်သော ဌာနတို့၌ နေကုန်သော ရဟန်းတို့အား လုပ်ကျွေးရန်ဖြစ်သော ဆွမ်း, ယာဂု, ဆေးပစ္စည်းတို့ဖြင့် လည်းကောင်း၊ သမားဟူးရားတို့ဖြင့် လည်းကောင်း ကောင်းစွာ လုပ်ကျွေးပြုစုအပ်ပြီ။ လေးဆယ့်လေးဌာနတို့၌ ကောင်းစွာ စီရင်အပ်သော ပျားဆွမ်း ယနာဆွမ်းတို့ကို လှူဒါန်းရပြီ။ လေးဆယ့်လေးဌာနတို့၌ ထောပတ်ဖြင့် ချက်အပ်သော မဟာဇာလမုန့်တို့ကို ဆွမ်းနှင့်တကွ နိစ္စဗဒ်ဖြင့် ကပ်လှူရပြီ။ လတိုင်းလတိုင်း ရှစ်ရက်သော ဥပုသ်နေ့တို့၌ သီဟိုဠ်ကျွန်းတွင်ရှိသမျှ ကျောင်းတို့၌ ဆီမီးထွန်းရန် ဆီကိုလည်း ကပ်လှူအပ်ပြီ။ အာမိသဒါနထက် ဓမ္မဒါန အကျိုးကြီးမြတ်၏ဟူ၍ ဟောတော်မူသောကြောင့် လောဟပါသာဒ၏ အောက်ဖြစ်သော သံဃာနေရာ၌ သံဃာ အလယ်တွင်နေ၍ **မင်္ဂလသုတ်တရား ဟောခြင်းငှာ** အလိုရှိပါသော်လည်း သံဃာကို ရိုသေသောအားဖြင့် မဟောဝံ့ရကား သီဟိုဠ်ကျွန်း၌ ရှိသမျှသော ဓမ္မကထိက ပုဂ္ဂိုလ်တို့အား ပူဇော်၍ တရားစကားကို များစွာ ဟောစေရပြီ။ ထိုတရားဟောပုဂ္ဂိုလ်တို့အား တစ်ကွမ်းစား တစ်ကွမ်းစားသော ထောပတ်, တင်လဲ, သကာကိုလည်း လှူစေပြီ။ လက်လေးသစ်ရှည်သော တစ်ဆုပ်ပမာဏရှိသော နွယ်ချိုကိုလည်း ထိုအရှင်တို့အား ကပ်လှူရပြီ။ ပုဆိုးအစုံအစုံကိုလည်း ကပ်လှူရပြီ။

## အနှစ်သက်ဆုံးအလှူ

ထိုအခါ မင်းကြီးက ဤသို့ဆို၏။ ဤသို့ အစိုးရသောအခါ၌ ငါ လှူခဲ့သော ဒါနသည် များလှစွာရှိသော်လည်း စိတ်က မနှစ်သက်လွန်းသေး၊ ဆင်းရဲဘေး တွေ့လျက်ကို အသက်ကို မငဲ့မူ၍လှူရသော ဆပ်ဆွမ်းနှင့်တစ်ယောက်စာ ထမင်းအလှူကိုသာလျှင် ငါ အလွန်နှစ်သက်သည်ဟု ဆိုပေ၏။

## ဆပ်ဆွမ်း

ထိုစကားကို အဘယမထေရ်ကြားလျှင် မင်းကြီးအား ကြည်ညိုခြင်း တိုးပွားစိမ့်သောငှာ ထိုဒါနနှစ်ရပ်ကို ထပ်ကာ ထပ်ကာ ချီးမွမ်း၏။ မင်းကြီး၏ဆပ်ဆွမ်းကို ခံသော ရဟန်း ငါးပါးတို့တွင် မလယအရပ်၌ သီတင်းသုံးနေသော မလိယဒေဝမဟာထေရ်သည် ထိုဆပ်ဆွမ်းကို ခံပြီးသော် သုမနတောင်၌နေသော ရဟန်းကိုးရာတို့အား ခွဲဝေလှူဒါန်း၍ ဘုဉ်းပေး၏။ မြေလှုပ်ခြင်းကို ဖြစ်စေတတ်သော ဓမ္မဂုတ္တမထေရ်သည် ထိုဆပ်ဆွမ်းကို ခံပြီးလျှင် ကလျာဏီကျောင်း၌ ရဟန်းငါးရာတို့နှင့် ဝေဖန်၍ ဘုဉ်းပေး၏။ ကိုယ်တိုင်လည်း သုံးဆောင်၏။ တလင်္ဂအရပ်၌နေသော ဓမ္မဒိန္နမထေရ်သည် ပိယင်္ဂုကျွန်း၌နေသော တစ်သောင်းသော ရဟန်းတို့နှင့် ဝေခြမ်း၍ ဘုဉ်းပေး၏။ မင်္ဂလာအရပ်၌နေသော တန်ခိုးကြီးသော ခုဒ္ဒတိဿမထေရ်သည် ကေလာသကျောင်း၌ ခြောက်သောင်းသော ရဟန်းတို့အား လှူဒါန်း၍ ဘုဉ်းပေး၏။ မဟာဗျဂ္ဃမထေရ်သည် ဆွမ်းကိုခံ၍ ဥက္ကနဂကျောင်း၌နေသော ခုနစ်ရာသော ရဟန်းတို့အား လှူဒါန်းပြီးမှ ကိုယ်တိုင်လည်း ဘုဉ်းပေး၏။

## တစ်ယောက်စာဆွမ်း

ရွှေခွက်ဖြင့်ထည့်သော တစ်ယောက်စာသောဆွမ်းကို အလှူခံသော ကုဋမ္ဗိကပုဿတိဿ မထေရ်သည်လည်း တစ်သောင်းနှစ်ထောင်ကုန်သော ရဟန်းတို့အား လှူဒါန်း၍ ဘုဉ်းပေးလေသတည်း။

## မှာတမ်း

ဤသို့လျှင် ထေရပုဿာဘယမထေရ်သည် မင်းကြီး၏စိတ်ကို ကြည်ညိုခြင်း တိုးပွားစိမ့်သောငှာ သုံးဆောင်သော အခြင်းအရာကို မိန့်ဆိုတော်မူလျှင် "အရှင်ဘုရား၊ အကျွန်ုပ်သည် နှစ်ဆယ့်လေးနှစ်တို့ပတ်လုံး သံဃာတော်တို့အား များစွာ ကျေးဇူးကိုပြုပါသည်။ ဤသို့ သံဃာတော်တို့၏ ကျွန်ဖြစ်သော ကျွန်ုပ်၏ ရုပ်အစုသည်လည်း သံဃာအား ကျေးဇူးများခြင်းငှာ ဖြစ်ပါစေသတည်း။ ဤမဟာစေတီကို မြင်ရာအရပ်ဖြစ်သော သံဃာတို့ ကံကြီးကံငယ်ပြုရာ ဥပုသ်အိမ်၌ ကျွန်ုပ်ကိုယ်ကို မီးသဂြိုဟ်ပါလော့" ဟု လျှောက်ဆို၏။ ပြီးသကာလမှ ညီတော် တိဿကိုခေါ်၍ "ငါ့ညီတိဿ၊ သင်သည် မဟာစေတီ၌ မပြီးသမျှ အလုံးစုံသော ကိစ္စကို ရိုသေကောင်းမွန်စွာ ပြီးစေပါလော့။ နံနက်အခါ ညဉ့်အခါတို့၌ ဤမဟာစေတီတော်ဝယ် ဆွမ်း, ပန်း, ရေချမ်း ကပ်လှူခြင်း, ပဉ္စင်တူရိယာသံဖြင့် ပူဇော်ခြင်းကို ပြုရစ်လော့။ ငါသည် ဘုရားရှင်တို့၏ သာသနာတို့၌ အကြင်အလှူဝတ်ကို စီရင်အပ်၏။ ထိုအလှူဝတ်ကိုလည်း မပျက်မယုတ်အောင် အားထုတ်ရစ်လော့။ သံဃာတော်တို့၏ကိစ္စ၌ မမေ့မလျော့ရစ်ပါလင့်" ဟု ဆိုပြီးလျှင် ဆိတ်ဆိတ်နေတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



## နတ်ရထားခြောက်စင်း

ထိုအခါ ရဟန်းသံဃာတို့လည်း အပေါင်းသရဇ္ဈာယ်ခြင်းကို ပြုတော်မူကြ၏။ ထိုအခါ နတ်ရွာခြောက်ထပ်မှ နတ်ရထားခြောက်ဆူတို့သည် ဆိုက်ရောက်လာ၍ ရထား၌ပါသော နတ်တို့က "အရှင်မင်းကြီး၊ ကျွန်ုပ်တို့၏ နတ်ပြည်သည် မွေ့လျော်ဖွယ်ရှိ၏၊ ထိုနတ်ပြည်သို့ ရောက်ခြင်းငှာ ဤရထား၌ စီးတော်မူပါ" ဟု အသီးအသီး လျှောက်ကြ၏။ မင်းလည်း ထိုနတ်တို့၏ စကားကိုကြား၍ အမောင်တို့ ငါသည် တရားနာသေး၏။ ထိုမျှလောက် ငံ့ပါဦးလော့ ဟု ဆိုခြင်းငှာ လက်ဝါးကာခြင်းကို ပြု၏။ သံဃာတော်တို့လည်း တရားသရဇ္ဈာယ်ခြင်းကို မြစ်သည် ထင်မှတ်၍ ရပ်ကြကုန်၏။ မင်းကလည်း အဘယ်ကြောင့် ရပ်ပါသနည်းဟု မေး၏။ သံဃာတို့က ရပ်စေလိုသောကြောင့် အမှတ်ပေးသည်ထင်၍ ရပ်သည်ဟုပြောလျှင် အရှင်ဘုရားတို့၊ တရားရွတ်သည်ကို ရပ်စေလို၍ အမှတ်ပေးသည် မဟုတ်ပါ၊ ရထားခြောက်ဆူဖြင့်လာ၍ နတ်တို့ တောင်းပန်သည်ကိုသာ သည်းခံပါဦးဟု အမှတ်ပေးကြောင်းကို ဆိုပေ၏။

ထိုစကားကိုကြားသော် အချို့သောသူတို့က ထိုမင်းကြီးသည် သေဘေးမှ ကြောက်သောကြောင့် တောက်တီးမြည်တမ်းသည်ဟု အောက်မေ့ကြကုန်၏။ ထိုသူတို့ ယုံမှားခြင်း ပျောက်စိမ့်သောငှာ အဘယမထေရ်က ဤသို့ဆို၏။ "မင်းမြတ်၊ သင်၏အလို့ငှာ ရထားရောက်လာသည်ကို ဘယ်သို့ သိနိုင်ပါအံ့နည်း" ဟု မေး၏။ မင်းကြီးကလည်း "အရှင်ဘုရား၊ ပန်းကုံးကို ဤအရပ်မျက်နှာသို့ ပစ်လော့ဟုဆို၍ ပစ်စေ၏။ ထိုပန်းကုံးတို့သည် ရထားလှည်းသံတို့၌ အသီးသီး ငြိလေကုန်ရကား တွဲရရွဲ ဆွဲလျက်တည်ကုန်၏။ ထိုသို့ ကောင်းကင်၌ တွဲရရွဲ ဆွဲသည်ကို မြင်မှ လူအများတို့ သံသယ ကင်းကုန်သတည်း။ မင်းကြီးလည်း အဘယ မထေရ်ကို ဤသို့ လျှောက်ဆို၏။ "အရှင်ဘုရား၊ ခြောက်ပါးသော နတ်ရွာတို့တွင် အဘယ်နတ်ရွာသည် သာ၍ မွေ့လျော်ဖွယ် ရှိပါသနည်း" ဟု မေး၏။ မထေရ်မြတ်လည်း "မြတ်သော မင်းကြီး၊ ဘုရားဖြစ်ထိုက်သောအခါကို ကြည့်မျှော်ကာနေသော ကြီးသော ကရုဏာတော်ရှိသော မေတ္တေယျဘုရားအလောင်းသည် တုသိတာနတ်ပြည်၌နေ၏။ ထို့ကြောင့် တုသိတာနတ်ပြည်သည် မွေ့လျော်ဖွယ်ရှိသည်ဟူ၍ သူတော်ကောင်းတို့ ချီးမွမ်းကြသည်" ဟု ဆိုပေ၏။ မင်းကြီးလည်း မထေရ်မြတ်စကားကို ကြားရသော် မဟာစေတီကို ရှုမျှော်ကာ လျောင်းလျက်သာလျှင် မျက်စိမှိတ်တော်မူ၏။ ထိုခဏ၌ စုတေ၍ တုသိတာနတ်ပြည်မှလာသော ရထား၌ ဥပပတ်နတ်၍ ကိုယ်သည် ထင်ရှားဖြစ်လေ၏။ မိမိပြုအပ်သော ကောင်းမှုကံ၏ အကျိုးတရားကို ထင်ရှားစိမ့်သောငှာ နတ်၏တန်ဆာတို့ဖြင့် လွန်စွာ တင့်တယ်သော ကိုယ်ကို လူအများတို့အား ထင်ရှားပြလျက် မဟာစေတီတော်ကို လက်ယာရစ်သုံးပတ်လည်၍ စေတီကို လည်းကောင်း, သံဃာတော်တို့ကို လည်းကောင်း, ရှိခိုးပြီးမှ တုသိတာနတ်ပြည်သို့ တက်တော်မူလေ၏။

## မကုဋမုတ္တ

မဟာစေတီသို့ ပူဇော်ခြင်းငှာ မင်းကြီး၏ မောင်းမကချေသည်တို့ လာသည်တွင် အကြင်အရပ်၌ မကိုဋ်ဆံထိုးစသည်ကို ဖြေချွတ်ကုန်၏။ ထိုအရပ်၌ တည်ဆောက်အပ်သော ဇရပ်ကြီးသည် "မကုဋမုတ္တ" ဇရပ်မည်သည်။

## ရာဝဝဋ္ဋိ, ရာဇမာလ

မင်း၏အလောင်းကို ထင်းပုံထက် တင်ထား၍ အများလူတို့ ကြည့်မျှော်လျက် ပူဇော် ငိုကြွေးရာ၌ ဆောက်အပ်သော ဇရပ်သည် "ရာဝဝဋ္ဋိ" ဇရပ်မည်သည်။ စေတီကို မြင်ရာဌာန သိမ်၏ အပဖြစ်သော တန်ဆောင်း၌ မင်း၏ အလောင်းကို သဂြိုဟ်၏။ ထိုဌာနကို "ရာဇမာလ" ဟု ခေါ်သတည်း။

## ရဟန္တာအရှင်တို့ ဗျာဒိတ်

ဤဒုဋ္ဌဂါမဏိ အဘယမင်းကြီးသည်ကား၊ နောင်ပွင့်လတ္တံ့သော[၁] (မေတ္တေယျဘုရား) ၏ လက်ယာရံ အဂ္ဂသာဝက ဖြစ်လတ္တံ့။ မင်း၏ညီတော် သဒ္ဓါတိဿမင်းကား လက်ဝဲရံ အဂ္ဂသာဝက ဖြစ်လတ္တံ့။ မင်း၏ခမည်းတော်ဖြစ်သော ကာကဝဏ္ဏတိဿမင်းကား မေတ္တေယျဘုရား၏ ခမည်းတော် ဖြစ်လတ္တံ့။ မင်း၏မယ်တော် ဝိဟာရဒေဝီ မိဖုရားကား မေတ္တာယျဘုရား၏ မယ်တော်ဖြစ်လတ္တံ့။ ဒုဋ္ဌဂါမဏိမင်းကြီး၏ သားတော်ဖြစ်သော သာလိကုမာရ မင်းသားကား မေတ္တေယျဘုရားလောင်း၏ သားတော်ဖြစ်လတ္တံ့။ ဤသို့ ရဟန္တာအရှင်တို့ မိန့်ဆိုသော ဗျာဒိတ်သံကို ခံရသောပုဂ္ဂိုလ်တို့တည်း။

www.burmeseclassic.com

www.burmeseclassic.com



### ဩဝါဒ

ဤဒုဋ္ဌဂါမဏိမင်းကြီးသည် ကျေးမင်းတို့အား စစ်တိုက်ခြင်းကြောင့် များစွာသော အကုသိုလ်ကံကို ပြုမိခြားသော်လည်း ထိုအကုသိုလ်တရားတို့သည် အခြားမဲ့သော ဘဝ၌ အကျိုးပေး မမြဲသော အနိယတကံသာဖြစ်၍ များစွာ အားသစ်သော ကုသိုလ်ကံတရားသည် တားမြစ်ပိတ်ပင်၍ ခြောက်ခွင်သော နတ်ပြည်ကို မိမိ၏အိမ်ကဲ့သို့ ရောက်ဝင်နိုင်သည်ကို သက်သေထားသဖြင့် များစွာသော ပညာရှိသူတော် ကောင်းတို့သည်လည်း ကောင်းမှု ပုညတို့ကို အားထုတ် ကြရာသည်ဟု မဟာဝင်၌ ဩဝါဒဂါထာကို ဆိုတော်မူသည်။

**သူတော်ကောင်းတို့အား (ပ) "ပဋ္ဌပဒေါရဝံသ" အမည်ရှိသော မဟာဝံသကျမ်း၌ (၈၄) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော "တုသိတ, ပုရ, ဂမန" အမည်ရှိသော တတ္တိံသတိမ အပိုင်းအခန်းကား ပြီး၏။**

---

## ဒသရာဇကဏ္ဍ၊ တေတ္တိံသတိမပိုင်း

### ဒုဋ္ဌဂါမဏိမင်းကြီး၏ သားတော် သာလိကုမာရ မင်းသားအကြောင်း

### ညီတော်ကိုသာ အဘိသိက်သွန်းခြင်း

ထိုဒုဋ္ဌဂါမဏိမင်းကြီးအား ဘုန်းပညာ လက္ခဏာနှင့် ပြည့်စုံသော သာလိကုမာရ အမည်ရှိသော မင်းသားသည် ရှိ၏။ ထိုမင်းသားသည် စဏ္ဍာလ၏သမီးဖြစ်သော အသောက မာလာဒေဝီအား အလွန်တင့်တယ်သော အဆင်းကြောင့် တပ်မက်ခြင်း ရှိသည်ဖြစ်၍ မိဖုရားပြုလေသောကြောင့် မင်းကြီးနှင့်တကွသော မှူးမတ်တို့ ပယ်ရှား၍ ခမည်းတော် လွန်ခြားသော်လည်း မင်းမပြုစေဘဲ မင်းကြီး၏ ညီတော် တိဿမင်းသားကိုသာလျှင် သဒ္ဓါတိဿဟူ သောအမည်ဖြင့် အဘိသိက်သွန်းကြ၍ မင်းပြုစေသတည်း။

*သာလိကုမာရမင်း၏ အကြောင်းကား ဤသို့တည်း။

ဤသီဟိုဠ်ကျွန်း ဂင်္ဂါမြစ်၏အနီး "မုဏ္ဍာဂင်္ဂါ" အမည်ရှိသော ရွာကြီးသည်ရှိ၏။ ထိုရွာ၌ တိဿအမည်ရှိသော ပန်းပဲသမားသည် ရှိ၏။ မယားကား † "နာဂါ" အမည်ရှိ၏။ ထိုသမီးခင်ပွန်း နှစ်ဦးတို့သည် လွန်ကျူးစွာ သဒ္ဓါ သီလနှင့် ပြည့်စုံခြင်းကြောင့် စားဖွယ်သောက်ဖွယ်ရသမျှ၌ အဦးမလှူဘဲ မစားကြသည်သာတည်း။ သီတင်းနေ့အခါ၌လည်း အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်သီလကို စောင့်ကြပေကုန်၏။

### ဖိတ်မံကြွေးကျော်ခြင်း

တစ်ရံသောအခါ မုဆိုးတစ်ဦးသည် တောဝက်ကို သတ်ယူခဲ့၍ ပန်းပဲဖိုအား စားလက်ခအလို့ငှာပေး၏။ ပန်းပဲလင်မယားကလည်း ဤဝက်သားကို တရားနှင့်ညီစွာ ငါတို့ရပေသည်၊ အလှူကောင်းမှုပြုပြီးမှ အကြွင်းကိုသာ ငါတို့စားအံ့ဟုကြံ၍ ကောင်းမွန်စွာ ချက်ပြုတ်လုပ်ကိုင်၍ ထားပြီးမှ ညချမ်းသောအခါ ပန်းပဲမောင်တိဿသည် ဤသို့ဖိတ်မန်၏။ သီဟိုဠ်ကျွန်း၌ တန်ခိုးရှိကြသော ရဟန္တာတို့တွင် ရှစ်ဦးသော ရဟန္တာအရှင်တို့သည် နက်ဖြန် နံနက်အခါ အိမ်သို့ကြွလာ၍ ဆွမ်းအလှူကို ခံတော်မူပါကုန်လော့ဟု ကြွေးကြော်၏။ ယင်းသို့ ကြွေးကြော်ပြီးမှ ဇနီးမောင်နှံတို့သည် လှူရန်ဝတ္ထုကို ပြုပြင်လျက် အိပ်ကြ၏။ ညဥ့်အခါ မောင်တိဿအား မီးပုံကြီးရှစ်ပုံတို့သည် အိမ်သို့ဝင်လာသည်ဟု အိပ်မက်မြင်၏။ နိုးလေသော် ယနေ့ကား ငါ၏နှလုံးအလိုသည် ပြီးစီးလတ္တံ့ဟု ဝမ်းမြောက်လှလျက် မယားနာဂါနှင့် တိုင်ပင်၍ အရှင်မြတ်တို့အား လျောက်ပတ်စွာ နေရာခင်းထား၍ ဗိတာန်ကြက်ခြင်း, မီးတိုင်ထွန်းခြင်း, အထုံအနံ့ ရေဖြင့်အိုးတည်ခြင်း စသော ပရိက်တို့ကို စီမံပြုထားလျက် အိမ်တံခါးမှသည် ရွာတံခါးတိုင်အောင် ခရီးကို သုတ်သင်ပြင်ဆင်ပြီးမှ အရှင်မြတ်တို့ လာအံ့သည်ကို ကြည့်မျှော်ကာနေလေ၏။

### ရဟန္တာ ၈ ပါး ကြွလာခြင်း

ထိုအခါ ပိယင်္ဂုကျွန်း ဝါလင်္ဂတိဿတောင်ကျောင်း၌နေသော ဓမ္မဒိန္နထေရ်သည် ပန်းပဲဆရာ ဒကာမောင်တိဿ၏ စိတ်အကြံကိုသိ၍ ထိုနေ့ပင်လျှင် မိမိဥပဇ္ဈာယ်ဆရာဖြစ်သော ဓါမိယမဟာတိဿမထေရ်အား လျှောက်ကြား၍ နောက်နေ့၌ ဓါမိယမဟာတိဿထေရ်ကို လည်းကောင်း၊

---

* ဤစကားသည် ရသဝါဟိနီပါဠိ၊ လက်ဘီပုပ္ဖွတ္ထုဝတ္ထု-၃၆ မြောက် ဝတ္ထု၌ အကျယ်လာ၏ (မဟာဝင်)၌ အမြွက်မျှတည်း။

† သုမန အချို့မူ၊ သုမနာ ရသဝါဟိနီ – ၁၁၄။

www.burmeseclassic.com



သမုဒ္ဒကျောင်း၌ နေတော်မူသော မဟာနာဂထေရ်ကို လည်းကောင်း၊ ကာလဝလ္လိက မဏ္ဍပ်ကြီး၌နေသော မဟာနာဂထေရ်ကို လည်းကောင်း၊ စေတိယကဏ္ဍက ကျောင်း၌နေသော မဟာသဃံရက္ခိတထေရ်ကိုလည်းကောင်း၊ ပထဝီစာလက မွေဂုတ္တထေရ်ကို လည်းကောင်း၊ ဘာတိယဝက်ဝါသီ မဟာနာဂထေရ်ကို လည်းကောင်း၊ ဂေါဠတောင်၌ နေတော်မူသော မလိယမဟာဒေဝထေရ်ကိုလည်းကောင်း ပင့်ခေါ်၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူခဲ့၍ ထိုပန်းပဲ ဒါယကာ တိဿ၏အိမ်သို့ ဝင်ကြလေသတည်း။

ပန်းပဲမောင်တိဿနှင့် နာဂါတို့သည်လည်း ရဟန္တာ ရှစ်ပါးတို့ သပိတ်ပိုက်ကာ ကြွလာသည်ကိုမြင်လျှင် ရွှင်လန်းဝမ်းမြောက်ခြင်းရှိရကား ငါးပါးသောရှိခိုးခြင်းတို့ဖြင့် ရှိခိုးလျက် ခင်းအပ်သောနေရာ၌ နေစေပြီးလျှင် အသီးသီး ပြင်ဆင်ထားအပ်သော ယာဂုကို လည်းကောင်း, ဆွမ်းခဲဖွယ်ကို လည်းကောင်း, ကပ်လှူပူဇော်၏။ အရှင်မြတ်တို့လည်း ဆွမ်းစားပြီးသော် တရားတော်ကို နာစေပြီးမှ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၏။ ပန်းပဲသမားတိဿလည်း ထိုနောင်မှစ၍ သီလကို အားထုတ်လျက် အသက်တမ်းစေ့၍ စုတေသောအခါ ဒုဋ္ဌဂါမဏိမင်း၏ မိဖုရားကြီး၏ဝမ်း၌ ဖွဲ့လမ်းတည်နေလေ၏။

## သလေးမင်းသား

မင်းသားဖွားသောနေ့၌ သီဟိုဠ်ကျွန်း အလုံးဝယ် သလေး ဆန်မိုးသည် ရွာလတ်သတည်း။ စပါး၌ ချက်ထားသော လူးပြောင်းဆပ် ထမင်းတို့သည်လည်း သလေးထမင်း သာလျှင် ဖြစ်ကုန်၏။ လူးပြောင်းဆပ်တို့ဖြင့် ပြည့်သော ကျီကျများ၌လည်း သလေးစပါးသာ ဖြစ်ကုန်၏။ ထိုအကြောင်းကြောင့် မင်းသားကို "သာလိကုမာရ" ဟု မှည့်ခေါ်ကြသတည်း။

## မင်းသားဘုန်းကံ

ထိုမင်းသားသည် အရွယ်သို့ရောက်လေသော် တင့်တယ်လျောက်ပတ်သော ကိုယ်အင်္ဂါဖြင့် လှန်စွာ ထွန်းပ၏။ သဒ္ဓါခြင်းနှင့်လည်း ပြည့်စုံ၏။ ရဟန်း ပုဏ္ဏား ခရီးသွားစသော အလှူခံတို့ကို တစ်ရံတစ်ခါမျှ မပြတ်ပေးလှူလေ့ရှိ၏။ အတတ်ပညာတို့၌ လိမ္မာပြွမ်းတီး၏။ ခမည်းတော်မင်းကြီးသည်လည်း သားတော်အား အိမ်ရှေ့အရာ၌ထား၍ မြို့၏တောင်တံခါးဝဝယ် ကြီးကျယ်သော ပြာသာဒ်ဖြင့် နေစေ၏။ တောင်မျက်နှာ၌ရှိသော ဇနပုဒ်သားတို့လည်း အခွန်အတုတ်ဆက်သောအခါ မင်းသားအထံတော်မှာ ဆက်ကြကုန်၏။

တစ်ရံသောအခါ သာလိကုမာရမင်းသားသည် ဣဿရ ကျောင်းရပ်သို့သွား၍ အဋ္ဌက်ဥပုသ်ကို ဆောက်တည်လျက် မဟိန္ဒဂူ၌နေ၏။ ထိုအခါ မလယဇနပုဒ်သားတို့သည် လှည်းတစ်ရာဖြင့် များစွာသော လက်ဆောင်ကိုယူ၍ ဒုဋ္ဌဂါမဏိ မင်းကြီးအားဆက်ခြင်းငှာ လာလတ်ကုန်သော် ဣဿရ ကျောင်း၏အနီးသို့ရောက်လျှင် နွားတို့သည် ထမ်းပိုးကို ဖျက်၍ ရုန်းထွက်ကြကုန်၏။ လူတို့သည် မရုန်းစိမ့်သောငှာ အားထုတ်ပါသော်လည်း မတတ်နိုင်ကုန် ပြေးထွက်သောနွားတို့လည်း အိမ်ရှေ့မင်းသားရှိရာသို့ သွားကြကုန်၏။

လူတို့လည်း နွားကိုလိုက်ကြသဖြင့် မင်းသားကို တွေ့လေသော် "အမောင်တို့၊ အဘယ်အလို့ငှာ လာပါသနည်း" ဟု မေး၏။ "အရှင်၊ လက်ဆောင်တော်ဆက်ခြင်းငှာ လာပါသည်" ဟု လျှောက်လျှင် ဤကျောင်းတွင်းသို့ ဝင်ခဲ့လောဟု မိန့်တော်မူ၍ လှည်းနှင့်တကွ ပါသမျှသော လက်ဆောင်တို့ကို ဆက်ရလေ၏။ မင်းသားလည်း တစ်သောင်းမျှလောက်သော သံဃာတို့ကို စည်းဝေးစေ၍ ထိုလက်ဆောင်တို့ဖြင့် အလှူကြီးပေး၏။ ထိုအကြောင်းကို အခွန်သိမ်းအမတ်ကြီးသည် မင်းကြီးအား လျှောက်ထား၍ ကြာ.တော်မူသော် မင်းသားကိုတောင် မျက်နှာ၌မနေစေဘဲ အနောက်မျက်နှာ၌ ပြာသာဒ်ကြီးစွာဖြင့် နေစေပြန်၏။ ထိုသို့နေစေပြန်ရာ နေသောနေ့၌ပင်လျှင် နတ်တို့သည် တိုက်တွန်း၍ ရှေးကဲ့သို့ပင် နေ့တိုင်း နေ့တိုင်း လက်ဆောင်ပဏ္ဏာများစွာ ဆက်စေကုန်၏။ မင်းသားလည်း ရသမျှသောဘဏ္ဍာကို အလှူပေးသည်သာတည်း။

## ကောင်းမှု အတူပြုခဲ့သူနှင့်

တစ်ရံရောအခါ မင်းသားသည် ဥယျာဉ်သို့ ကစားခြင်းငှာ ထွက်လေ၏။ ချမ်းမြေ့သော အရိပ်ရှိသောဥယျာဉ်၌ အစဉ်လှည့်ပတ်သော် ရှေ့ဘဝက ကောင်းမှုပြုဖော်ဖြစ်သော မိန်းမနာဂါသည် ဟလ္လောလရွာကို အစိုးရသောစဏ္ဍာလကြီး၏သမီး ဒေဝီမည်သော သူငယ်မဖြစ်လေသည်။ ထိုသူငယ်မသည် ထိုဥယျာဉ်အတွင်း အသောကမည်သော ပန်းပင်၌တက်၍နေသည်ကို မင်းသားသည် တပ်အပ်မြင်လေ၏။ မြင်လျှင် ယခင်ဘဝ၌ ပြုခဲ့ဖူးသော ကောင်းမှုဝိသေသကြောင့် လည်းကောင်း, မိုးတိမ်အထက်၌ ပြက်လတ်သော လျှပ်စစ်အရောင်ကဲ့သို့ လောင်ဘနန်းမျှ ထွန်းပ

www.burmeseclassic.com

www.burmeseclassic.com



သော အရောင်အဝါကြောင့် လည်းကောင်း လွန်စွာ ချစ်မြတ်နိုးခြင်းရှိသည်ဖြစ်၍ သစ်ပင်မှ ဆင်းသက်စေ၍ အခြင်းအရာကို ဤသို့မေး၏။

"မြင်မငြီးဖွယ် တင့်တယ်လှပသော အဆွေနှမ၊ သင်သည် လူလော နတ်လော နဂါးလော၊ မြေအပြင်တွင် သင်နှမနှင့်တူမျှသော မိန်းမကိုရှံခါမျှပင် မမြင်ချေတကား" ဟု ဤသို့ မေး၏။ "အရှင်မင်းသား၊ အကျွန်ုပ်ကား နဂါးမဟုတ်။ ဂန္ဓဗ္ဗလည်းမဟုတ်။ ယက္ခအမျိုးလည်း မဟုတ်။ မနုဿအစစ်မှန်ပါသည်" ဟု လျှောက်၏။ သင်၏မိခင်ဖခင်အဘယ်သူပေနည်းဟု မေးလေလျှင် "အရှင်မင်းသားအကျွန်ုပ်ကား ဟလ္လောလရွာကို အုပ်စိုးရသော ပန်းပဲသူကြီး၏ သမီးပါတည်း။ ကြမ်းထန်သော အမှုတို့ကို ပြုလုပ်ရသောကြောင့် စဏ္ဍာလမျိုးဟု ခေါ်ကြ၏။ အကျွန်ုပ်၏အမည်သညာမှာ ဒေဝီဟူ၍ ခေါ်ကြပါ၏" ဟု လျှောက်လျှင် သင့်အား ထိမ်းမြားအပ်သောသူ ရှိပြီးလော" ဟု မေး၏။ မရှိပါဟု လျှောက်လျှင် မင်းသားလည်း ဤသို့ ဆင်ခြင်၏။

## အမျိုးညံ့မှာဖြစ်သော်လည်း

ဤလူ့ခွင်၌ မျက်ရှင်ပတ္တမြားကို အဖိုးမပြတ်နိုင်ငြားသော်လည်း သိမ်းထားကောင်းသည်သာ ဖြစ်သကဲ့သို့ မိန်းမမြတ်ရတနာကို အမျိုးညံ့မှာ ဖြစ်သော်လည်း သိမ်းထားထိုက်သည်သာလျှင် ဖြစ်၏။ ထို့ကြောင့် ငါ သိမ်းပိုက်အံ့ဟု ကြံပြီးလျှင် လုံခြုံသော ရထားယာဉ်၌ အတူစီး၍ မြို့သို့ဝင်လေ၏။ အသောကပန်းပင်ထက်မှ ရသောကြောင့် "အသောကမာလာဒေဝီ" ဟူသော အမည်ကိုမှည့်၏။ ထိုမိန်းမသည် ဘုန်းလက္ခဏာ လွန်စွာရှိသောသူ ဖြစ်လျက် စဏ္ဍာလမျိုး၌ အဘယ်ကြောင့်ဖြစ်သနည်းဟူမူကား

## ဆဲရေးပြစ်

ရှေးဘဝနာဂါဖြစ်သောအခါ ပန်းပဲတိဿ၏အိမ်သို့ မရောက်မီ သူငယ်မဖြစ်စဉ်က မိခင်နှင့်အတူ စေတီကိုလည်းကောင်း၊ ဗောဓိပင်ကို လည်းကောင်း၊ ပူဇော်လျှုဒါန်း၍ ပြန်ခဲ့သဖြင့် အိမ်သို့ရောက်လျှင် မိခင်က ရေခပ်ခြင်းငှာ ဆိပ်သို့သွားလေ၏။ သူငယ်မလည်း ဆာမွတ်ခြင်းကို သည်းမခံနိုင်သောကြောင့် အိမ်တွင် ယာဂုကိုသောက်နှင့်၏။ မိခင်ပြန်လာ၍ အိမ်ကြမ်းမှာ ယာဂုလိမ်းကျံသည်ကို မြင်လျှင် မိခင်က "ဟဲ့စဏ္ဍာလအယုတ်မ၊ အဘယ့်ကြောင့် အိမ်စက်ဆုပ်ဖွယ်ရှိအောင် ပြုဘိသနည်း" ဟု ဆဲရေး၏။ သူငယ်မလည်း ဒေါသထွက်၍ "အမယ်သာ စဏ္ဍာလယုတ်ဖြစ်ပါ၏။ ငါ မဖြစ်ပါဘူး" ဟု မိခင်ကိုပြန်၍ ဆဲရေးဖူး၏။ ဤသို့ မိခင်ကို စကားတုံ့လှန်ပြန်၍ ဆဲရေးဖူးသောကြောင့် ပန်းပဲမျိုးဟူသော စဏ္ဍာလ၏သမီး ဖြစ်ရလေသတည်း။

## အဆင်းအရောင်နှင့် မွှေးရနံ့

ထိုအသောကဒေဝီနှင့် တူမျှပေသော အဆင်းရုပ်ဝါလက္ခဏာ ကောင်းမြတ်သောသူမရှိ။ ပကတိသော ကိုယ်အရောင်သည် လေးတောင်မျှသောအရပ်ကိုနှံ့၍ ထွန်း၏။ ခံတွင်းမှ ကြာညိုပန်းရနံ့ကဲ့သို့ မွှေးကြိုင်၏။ ကိုယ်ရနံ့လည်း စန္ဒကူး သရက်ခွံ့ကဲ့သို့ သင်းပျံ့၏။ လက်ဖြင့်ကိုင်အပ်သော ထမင်းစသော စားဖွယ်သောက်ဖွယ်တို့သည် လေးလတိုင်အောင် ထားသော် ပုပ်သိုးခြင်းမရှိ။ ယနေ့ချက်သစ်သကဲ့သို့သာ တည်၏။ ဤသို့ ဘုန်းရှိသော မိန်းမပေတည်း။

## ဖျက်သော်လည်းမပျက်

သာလိကုမာရ မင်းသားလည်း စဏ္ဍာလသမီးဒေဝီကို ယူဆောင်၍ မြို့သို့ဝင်သောအခါ အနုရာဓမြို့အလုံးသည် အုတ်အုတ်ကျက်ကျက် ပြောဆိုကြ၏။ ထိုသို့ ပြောဆိုကြသောစကားကို ခမည်းတော် ဒုဋ္ဌဂါမဏိမင်းကြီး ကြားလေသော် အကျွမ်းဝင်သော မိန်းမတစ်ယောက်ကိုခေါ်၍ "သားတော်အား သင် သွား၍ပြောဆိုချေ။ အရှင့်ခမည်းတော်သည် အရှင်နှစ်သက်သော မင်းမျိုးဖြစ်သော မိန်းမနှင့် ထိမ်းမြား၍ ဘိသိက်သွန်းခြင်းငှာ ကြံဆဲဖြစ်သည်။ ဒွန်းစဏ္ဍားမကို မယူပါလင့်။ မင်းမျိုးကို ဖျက်သည်မည်ပါတော့မည်ဟု ဆိုချေ" ဟူ၍ စေတော်မူ၏။ ထိုမိန်းမလည်း မင်းကြီးစေလိုက်တိုင်းသွား၍ မင်းသားအား လျှောက်ပေသော် မင်းသားက ဤသို့ဆို၏။ "ဟယ် နန်းတွင်းသူမ၊ စားချင်အာသာရှိလှသောသူသည် ကောင်းစွာမှည့်သော သလဲသီးကိုသာ စားရပြီးဖြစ်လျက် အမှိုက်တောဌ်သီးသော သခွားသီး၊ ဖရဲသီးကို အသို့အလိုရှိတော့အံ့နည်း။ နတ်သမီးကို ရပြီးသောသူလည်း လူမိန်းမကို အလိုမရှိသကဲ့သို့သာဖြစ်၏"ဟူ၍ ဆိုပေ၏။

နန်းတွင်းသူမလည်း မင်းသားဆိုလိုက်သော စကားကို ခမည်းတော်အား လျှောက်၏။ မင်းကြီးလည်း တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



သဉ် ပုဏ္ဏားတို့ကိုခေါ်၍ ငါ့သားတော် သိမ်းပိုက်သော ဒွန်းစဏ္ဍားမိန်းမ၏ ကြန်လက္ခဏာကို ယုတ်သည်မြတ်သည် ကြည့်ရှုချေဟု စေတော်မူ၏။ ပုဏ္ဏားတို့လည်း မင်းကြီး စေလိုက်တိုင်း လာ၍ ရုပ်လက္ခဏာကို ကြည့်ရှုပြီးလျှင် မင်းကြီးအား ဤသို့ လျှောက်၏။

## လူ့တိုင်းရပ်ခွင် နှိုင်းမမြင်

"အရှင်မင်းကြီး၊ သားတော်၏ မိန်းမကား ဤလောကဉ် တူမျှသောသူမမြင် အလွန်လျှင် ဘုန်းရှိသောသူပေတည်း။ နီဖလ်ရွှေနှင့်တူစွာ ဝင်းဝင်းဝါသော အသားအရေလည်းရှိ၏။ ကြည်လင်သန့်သက် ဖိတ်ဖိတ်လက်သော မျက်လုံး၊ အလွန်တင့်တယ် ရှည်ဖွယ်သော ဆံလည်းရှိ၏။ ဖွံ့ထွားနုထွတ်လျက် ဖပ်ဖပ်စိုသော အသားအရေလည်း ရှိ၏။ အဆစ်အမြက် မထွက်မပေါ် ချောမွေ့တင့်တယ် ရှုချင်ဖွယ်သော သားလုံးမြင်းခေါင်း လက်မောင်း လက်တံလည်း ရှိ၏။ လေးတောင်သော တိုက်ခန်း၌ ထွန်းပသော ကိုယ်ရောင်လည်းရှိ၏။ စန္ဒကူးနံ့သာတုံးကဲ့သို့ ကိုယ်လုံး မွှေးကြိုင်ပေ၏။ ဤလူ့ဘုံတွင် တစ်ခုံတစ်ယောက်မျှ နှိုင်းယှောက်စရာမရှိပါ။ ဤဣတ္ထိရတနာသည် စကြဝတေးမင်းတို့နှင့်သာ ထိုက်တန်စွာသော သူပေတည်း" ဟု လျှောက်ကြားလေ၏။

## သမီးအမှတ်ဖြင့် အဘိသိက်သွန်း

မင်းကြီးလည်း ပုဏ္ဏားတို့၏ စကားကို ကြားလျှင် ကိုယ်တိုင်ပင် ရှုမြင်လိုသော ဆန္ဒရှိရကား မင်းသား၏ထံသို့ တမန်စေလိုက်၏။ မင်းသားလည်း ခမည်းတော် ထွက်လာမည့်အကြောင်းကို ကြားလျှင် မင်းသမီးအား ခေါ်၍ ခမည်းတော်သည် သင့်အား ကြည့်ရှုခြင်းငှာ လာလတ္တံ့။ သင်သည် ပြုထိုက်သမျှသော ဝတ်တို့ကို မချွတ်အောင် ပြုလောဟု မှာထား၏။ အသောကမာလာဒေဝီလည်း မင်းကြီးအား လည်းကောင်း၊ မှူးမတ်တို့အား လည်းကောင်း ထိုက်လျောက်သော ခဲဖွယ်ဘောဇဉ်တို့ကို ပြုပြင်စီမံ၍ထား၏။

ခမည်းတော် မင်းကြီးလည်း ဗိုလ်ပါအပေါင်း ခြံရံလျက် ကြီးစွာသောမင်း၏ အသရေဖြင့် သားတော် အိမ်သို့ လာတော်မူ၏။ သာလိကုမာရ မင်းသားလည်း မိဖုရား အသောကမာလာဒေဝီနှင့်တကွ ခရီးဦးကြိုဆိုကြ၍ မင်း၏ နေရာ၌ နေစေပြီးသော် အနီး၌ ရှိခိုးကာနေ၏။ မင်းကြီးလည်း မင်းသမီး၏ တင့်တယ်ခြင်းကို မြင်လျှင် "အသောကမာလာဒေဝီဟူသည် ဤမိန်းမလော" ဟု မေး၏။ မင်းသမီးကလည်း မှန်ပါကြောင်းကို သံတော်ဦးတင်လျှင် ခံတွင်းမှထွက်သော ကြာညိုနံ့သည် မင်းကြီးထံ ပျံ့လေ၍ အံ့ဖွယ်သရဲ မဖြစ်ဖူးမြဲသော မိန်းမပေတကားဟု အားရဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၏။ မင်းသမီးကလည်း မိမိစီမံ၍ထားသော စားဖွယ် သောက်ဖွယ်တို့ကို ဆက်ပေ၏။ မင်းကြီး သုံးဆောင်မိသောအခါ လွန်စွာ နှစ်သိမ့်သော စိတ်ရှိသည်ဖြစ်၍ "သူငယ်မ၊ သင့်အား ငါ့သားတော်သည် နှစ်သက်လောက်သော သူပေတည်း။ သင်၏ ဘုန်းကံသတ္တိကို မသိ၍ ငါရှေးက ဆိုမိပေသည်။ သင် သည်းခံလော့၊ ယနေ့မှစ၍ ငါလည်း သမီးမှတ်တော့မည်" ဆို၍ သားချွေးမနှစ်ဦးကို အဘိသိက်သွန်းတော်မူခဲ့၏။

## အမျိုးဇာတ်သည် အပြစ်ကိုမပြု

အသောက မာလာဒေဝီသည်လည်း ခမည်းတော်နှင့် ပါသမျှသော ဗိုလ်ပါမှူးမတ်တို့ကို လျောက်ပတ်စွာ ကျွေးမွေးပြီးမှ မင်းကြီးအပါး၌ ခစားကာ နေပေ၏။ မှူးတော်မတ်တော်တို့ကလည်း "အရှင်မင်းကြီး၊ နွားကောင်ပုပ်မှ အမြုတေဖြစ်သော ဂေါရာဇဉ်းကို မင်္ဂလာအကျိုးငှာ ယူဆောင်၍ ရသကဲ့သို့ လည်းကောင်း၊ ဆင်ကောင် မြွေကောင်တို့မှ ပုလဲအမြုတေကို ယူဆောင်၍ ရသကဲ့သို့ လည်းကောင်း၊ အမျိုးညံ့မှသော်လည်း ထူးမြတ်သော ဂုဏ်ကျေးဇူးရှိသူကို ယူအပ်လှပါသည်။ ဤအမျိုးဇာတိ မည်သည်ကား အဘယ်အပြစ်ကို ပြုနိုင်ပါအံ့နည်း။ ဂုဏ်ကျေးဇူးသာလျှင် ပမာဏဖြစ်ပါသည်။ အရှင့်ချွေးမတော်နှင့်တူသော မိန်းမသည် လောက၌မရှိပါ" ဟု ချီးမွမ်းကာ လျှောက်ဆိုကြ၏။ ဤသို့ပြောဆိုကြပြီးမှ မင်းကြီးလည်း နန်းသို့ ပြန်တော်မူ၏။

တစ်ရံသောအခါ မင်းကြီးသည် သားတော်အား မြောက်မျက်နှာအရပ်၌ ပြာသာဒ်ကိုပြု၍ နေစေ၏။ မြောက်မျက်နှာ ဇနပုဒ်သားတို့လည်း များစွာသော လက်ဆောင်ကို ဆက်လာကုန်၏။ မင်းသားလည်း ထိုအရပ်၌ သံဃာတို့အား ကြီးစွာသော အလှူကိုပေး၏။ အိမ်ရှေ့မင်းသည် တစ်ရံသောအခါ ဟလ္လောလရွာ၏အနီး မြင်းခင်းရပ်၌ စံတော်မူ၏။ ထိုအခါ များစွာသော လက်ဆောင်တို့ရောက်လာသဖြင့် အလှူပေးခြင်းငှာ အလှူခံတို့ကို ကြွေးကြော်သော် ရောဟနဇနပုဒ် တုလာဓာရတောင်ထက်နေသော

www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာငါးရာတို့ ကြွလာကုန်၏။ မင်းသားလည်း တိစိဝရိက် သက်န်းနှင့်တကွ ရဟန်းပရိက္ခရာတို့ကို ကပ်၍ "အရှင်မြတ်တို့သည် အဘယ်အရပ်မှ ကြွလာကုန်သနည်း" ဟု မေး၏။ ရဟန္တာမြတ်တို့လည်း နေရပ်ကို ပြောကြလေလျှင် "အရှင်ဘုရားတို့၊ ဝေးစွာသောအရပ်မှ ကြွတော်မူပေသည်။ အကျွန်ုပ်တို့ ဤအရပ်၌ ကျောင်းဆောက်ပါအံ့" ဟု လျှောက်၏။ ကျောင်းကြီးကို ဆောက်ပြီးလျှင် ထိုအရှင်တို့အား ကပ်လှူပေ၏။ ယင်းသို့မြောက်မျက်နှာ၌ ကြာမြင့်စွာ နေစေပြီးမှ အရှေ့မျက်နှာ၌ ကျယ်စွာသော ပြာသာဒ်ကို ဆောက်၍ နေစေ၏။ ထိုအခါလည်း အရှေ့မြို့၌ ဗနပုဒ်သားတို့သည် များစွာသော ပဏ္ဏာလက်ဆောင်ကို ဆက်လာကုန်၏။ မင်းသားလည်း သံဃာတော်တို့အား အလှူပေးသည်သာတည်း။

## ဘုန်းကံချင်းပြိုင်

တစ်ရံသောအခါ မင်းသားမောင်နှံ နှစ်ဦးတို့သည် ဤသို့ စကားဆို၏။ ဤစည်းစိမ်မှာ ငါ၏ကောင်းမှုကြောင့်သာ ဖြစ်၏ဟု ဆို၏။ မင်းသမီးကလည်း ကျွန်ုပ်၏ကောင်းမှုကြောင့်လည်း ဖြစ်ပါ၏ဟုဆိုလျှင် သင် သိသာအောင် ငါ ပြအံ့ဆို၍ မထင်ရှားသောအရပ်၌ မင်းသားတစ်ယောက်တည်း နေ၏။ ထိုအခါ များစွာသော လူတို့သည် လှည်းတစ်ထောင်ဖြင့် လက်ဆောင် ဆက်လာသတည်း။ မင်းသားသည်လည်း ဝမ်းသာလှသဖြင့် အသောကဒေဝီအား သင် မြင်ပြီလောဟု ရယ်မောကာ ဆိုပေ၏။

မင်းသမီးကလည်း ကျွန်ုပ်၏ ဘုန်းကံကိုပြပါမည် တစ်ရက်မျှ တစ်ယောက်တည်းနေခြင်းကို ခွင့်ပြုပါဆို၍ တစ်ခုသော နေရာ၌နေသော် အိမ်တော်၌ စောင့်နေသော နတ်သည် ထူးမြတ်သော ယာဂုကို ဆောင်၍ ဆက်လာ၏။ ထိုအခါ ယာဂုကို မင်းသားထံ ဆောင်၍ ကျွန်ုပ်ကောင်းမှုကြောင့် ရသည်ကို ရှုဦးလော့ဟုပြ၏။ မင်းသားကလည်း ရှင်မ၏ လာဘ်သည် ရတတ်ကြွယ်ဝချမ်းသာလောက်လှ၏ တကား ဆို၍ ရယ်မောကြ၏။

## ယာဂုသတ္တိ

အသောကဒေဝီကလည်း သင် မင်းသား ယာဂု၏ သတ္တိကို မသိ၍ ဆိုရှာသည်။ ယခု သိပါစိမ့်မည်ဆို၍ လူများစွာတို့ကို စည်းဝေးစေ၍ ခပ်ကာ ခပ်ကာပေး၏။ ယာဂုအိုးသည်လည်း ပြည့်မြဲ ပြည့်၍ပင်နေ၏။ သုံးဆောင်လေသော သူတို့မှာလည်း ရင်နာ၊ ယားနာ စသော အနာဟူသမျှသည် ပပျောက်ကြလေကုန်၏။ ကန်းသောသူတို့လည်း မျက်စိ၌ ကွင်းကာမျှဖြင့် မြင်ရကြကုန်၏။ နားပင်းသောသူ၊ ဆွံ့အသောသူတို့လည်း ပြကတေဖြစ်ကြကုန်၏။ တစ်ယောက်သော သူအိုကို သောက်စေသော် အရေတွန့်လိပ်ခြင်း၊ ဆံဖြူခြင်း၊ ခါးကိုင်းခြင်းကိုသည် ပျောက်၍ သန်မာသောအဖြစ်သို့ရောက်၏။ ထိုသို့ဖြစ်သည်ကို မြင်မှ အံ့သြကြလျက် အသောကဒေဝီ ဘုန်းကံပင် အလွန်ထူးမြတ်ပေစွဟု ချီးမွမ်းကြသတည်း။

## အမျိုးညှံ့နှင့် ဆက်ဆံ၍နန်းမတင်

နောင်သောအခါ ဒုဋ္ဌဂါမဏိမင်းကြီးသည် သားတော်ကို ခေါ်စေ၍ "ချစ်သား၊ ငါ လွန်သဖြင့် မင်း၏စည်းစိမ်ကို ရလိုသလော" ဟု မေး၏။ မင်းသားကလည်း "ကျွန်ုပ်မင်း၏အဖြစ်ကို အလိုမရှိပါ ကောင်းမှုတို့ကို ပြု၍သာ နေလိုပါသည်။ ဘထွေးတော်ကိုသာ မင်းပြုပါစေ" ဟု လျှောက်၏။ မင်းကြီးကလည်း သင်မင်းပြု၍ မသင့်ပေ။ အမျိုးညှံ့နှင့် ဆက်ဆံချေသည်ဟု မိန့်တော်မူ၏။ ဤအကြောင်းကြောင့် မှူးမတ်များတို့သည် တိဿမင်းသားအား နန်းတင်လေသတည်း။ (မဓုရရသဝါဟိနီ၌ လာသည်ကိုသွင်း၍ ပြလိုက်သည်)

---

# လောဟပါသာဒ ပြာသာဒ်မီးလောင်၍ နောက်ထပ် ပြုပြင်ရခြင်း

## သဒ္ဓါတိဿမင်း ကောင်းမှုကုသိုလ်

သဒ္ဓါတိဿမင်းသည် အဘိသိက်ခံပြီးသော် မဟာစေတီတော်၌ ထီးတင်ခြင်းကို လည်းကောင်း ပြုတော်မူသည်။

ဒုဋ္ဌဂါမဏိမင်းကြီး ဆောက်လုပ်ခဲ့သော လောဟပါသာဒသည် ဆီမီးထွန်းရာမှ မီးလောင်လေသောကြောင့် သဒ္ဓါတိဿမင်း တစ်ဖန် ထပ်မံ၍ ဘုံခုနစ်ဆင့်ရှိသော လောဟပါသာဒကို ပြုလုပ်ရသည်။ အဖိုးကိုးသန်းမျှ ကုန်သတည်း။ ထိုမင်းသည် ကုဋ္ဌမ္ဗာလကျောင်းကို လည်းကောင်း ဒုဗ္ဗလဝါပိတိဿကျောင်းကို လည်းကောင်း၊ ကလမ္ဗကျောင်းကို လည်းကောင်း၊ ပေတ္တင်္ဂဝါလိကကျောင်းကို

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း, ဝေလင်္ဂဝိဋ္ဌိကကျောင်းကို လည်းကောင်း, ဒွိရတိဿကဝါပိကျောင်းကို လည်းကောင်း,မာတုဝိဟာရက ကျောင်းကို လည်းကောင်း, အနုရာဓမြို့မှ စ၍ ဒီဃဝါပိ အရပ်တိုင်အောင် တစ်ယူဇနာလျှင် တစ်ဆောင် တစ်ဆောင် စီသော ကျောင်းတစ်ခု တစ်ခုသော ဥယျာဉ်တို့ကို ပြုတော်မူသည်။ ဒီဃဝါပိအရပ်၌ကား စေတီနှင့်တကွသော ကျောင်းကြီးကို ပြုစုစေ၏။ ထိုစေတီ၌ အထူးထူးသော ရတနာကွန်ရက် လွှမ်းလေသည်။ ကွန်ရက်၏ အစပ်တိုင်း အစပ်တိုင်း၌ ရထားဘီး ပမာဏရှိသော ရွှေပန်းပွင့်ပြုစေသတည်း။

ဘုရားဟောတော်မူသော ဒေသနာသည် ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိသည်ဆိုသောကြောင့် ရှစ်သောင်းလေးထောင်သော ပူဇော်ခြင်းကို ပြုစေသည်။ ဤသို့လျှင် သဒ္ဓါတိဿမင်းသည် များစွာသော ကောင်းမှုတို့ကို ဆည်းပူးလျက် တစ်ဆယ့်ရှစ်နှစ် မင်းပြု၍ စုတေသောအခါ တုသိတာနတ်ပြည်၌ ဖြစ်လေသတည်း။

## သားတော်လေးယောက်

ထိုသဒ္ဓါတိဿမင်းအား *လဇ္ဇကတိဿ မင်းသားတစ်ယောက် †ထူလတ္ထနမင်းသားတစ်ယောက်, ခလ္လာဋနာဂ မင်းသား တစ်ယောက်, ဝဋ္ဋဂါမဏိမင်းသား တစ်ယောက်, ဤလေးယောက်သော သားတော်တို့လည်း ရှိ၏။ ထိုလေးယောက်တို့တွင် အကြီးဖြစ်သော လဇ္ဇကတိဿမင်းသားသည် ဂိရိဂုမ္ဗိလမည်သော ကျောင်းကိုဆောက်၏။ ထူလတ္ထနမင်းသားသည် ကန္ဒရမည်သော ကျောင်းကို ဆောက်၏။ သဒ္ဓါတိဿမင်းသည် နောင်တော် အရိပ်အရာကို ခံခြင်းငှာ အနုရာဓမြို့သို့လာသောအခါ အငယ်ဖြစ်သော ထူလတ္ထန မင်းသားသည် ခမည်းတော်နှင့်အတူ ပါလာ၏။ သားကြီး လဇ္ဇကတိဿကား ဒီဃဝါပိ၌ နေရစ်ရ၏။

## နန်းသက်ရက်လေးဆယ်

သဒ္ဓါတိဿမင်း နတ်ရွာစံသောအခါ မှူးမတ်တို့သည် သံဃာတော်တို့အား စည်းဝေးပြီးလျှင် ဘယ်သူကို မင်းမြှောက်စေအံ့နည်းဟု လျှောက်ကုန်၏။ သံဃာတော်တို့ကလည်း ထူလတ္ထနမင်းသားကို ညွှန်ပြကြသဖြင့် ထိုထူလတ္ထနမင်းကိုပင် နန်းတင်၍ အဘိသိက်သွန်းကုန်၏။

## လဇ္ဇကတိဿမင်း

တစ်လနှင့် ဆယ်ရက်ခန့်ရှိသောအခါ နောင်တော် လဇ္ဇကတိဿမင်းသည် လာလတ်၍ ညီတော်ကို နန်းကချပြီးလျှင် မိမိပင် မင်းပြု၏။ သံဃာတော်တို့အားလည်း ဤရဟန်းတို့သည် ကြီးစဉ်ငယ်လျှောက် ခွင့်မပြုကုန်ဟု အမျက်ရှိ၍ ပူဇော်မြဲသောဝတ်ကို ဖျက်လေကုန်၏။ သုံးနှစ်ရှိမှ အမျက်ပြေ၍ ရှိသေစွာ သံဃာတို့အား ကန်တော့ပြီးလျှင် ဒဏ်ထမ်းခြင်းငှာ မဟာစေတီ၌ သပြာသုံးသိန်းတို့ကိုလှူ၍ ကျောက်ဖြင့်ပြီးသော ပန်းသုံးဆင့်တို့ကို ပြုစေ၏။ ထိုမှတစ်ပါး မဟာစေတီနှင့် ထူပါရာမစေတီ၏ အကြား၌ မြေကို ညီညွတ်စွာပြု၏။ တံတားကိုလည်း ခင်းပေ၏။ ထူပါရာမစေတီကိုလည်း ကျောက်ဖြင့်သွန်း၍ တည်ပေ၏။ ထိုထူပါရာမစေတီ၏ အရှေ့ဘက်၌ ကျောင်းစေတီကို လည်းကောင်း, စေတီယတောင်ကျောင်း၌လည်း သပြာတစ်သိန်းကုန်အောင် ကဏ္ဍကစေတီတော်ကို ကျောက်ဖြင့်လွှမ်းထပ်ပေ၏။ ထိုမင်းသည် ဂိရိဂုမ္ဗိလမည်သောကျောင်းကို အနုမောဒနာပြုသောအခါ ခြောက်သောင်းသော ရဟန်းတို့အား သုံးထည်သောသင်္ကန်းတို့ဖြင့် လှူဒါန်းပူဇော်၏။

## လဇ္ဇကမင်းနတ်ရွာစံခြင်း

အရိဋ္ဌ ကျောင်း, ကန္ဒရဟိနက မည်သောကျောင်းကိုလည်း ဆောက်ပေ၏။ ခရီးသွားရဟန်းတို့အား ဆေးအလှူ, ရဟန်းမိန်းမတို့အား မြဲသောဆန်ဝတ်အလှူကိုလည်း ပြုပေ၏။ ဤလဇ္ဇကတိဿမင်းသည် ကိုးနှစ်နှင့် လခွဲပတ်လုံး မင်းပြု၍ လွန်တော်မူ၏။

## ခလ္လာဋနာဂမင်း

ထိုမင်းလွန်သော် မင်း၏ညီတော်ဖြစ်သော ခလ္လာဋနာဂမင်းသည် နန်းတက်၍ မင်းပြုတော်မူ၏။ ထိုမင်းသည် ဘကြီးတော် ဒုဋ္ဌဂါမဏိမင်း၊ ခမည်းတော် သဒ္ဓါတိဿမင်းတို့ ပြုလုပ်ခဲ့သော လောဟပါသာဒပြာသာဒ်ကို တင့်တယ်စေခြင်းငှာ အခြံအရံဖြစ်သော သုံးဆယ့်နှစ်ဆောင်သော ပြာသာဒ်တို့ကို ပြုစေသည်။ ဟေမမာလီမည်သော မဟာစေတီ၏ အရှေ့မျက်နှာ၌လည်း ပျဉ်ခင်း၍ တံတိုင်းအရံကိုလည်း ပြုစေသည်။ ကုရုန္ဒပါသက ကျောင်းကိုလည်း ဆောက်လုပ် လှူဒါန်းသည်။ ဤမှတစ်ပါး များစွာသော ကောင်းမှုကိုလည်း ပြုတော်မူသည်။

---

* လဇ္ဇိကတိဿ၊ † တုလ္လတ္ထန၊ (သီဟိုဠ်မူ၊ ၁၈၆)

www.burmeseclassic.com

www.burmeseclassic.com



### စစ်သူကြီးမင်း

မင်းဖြစ်၍ ခြောက်နှစ်ရှိသောအခါ ပြုဖွယ်ရေးရာကို စီရင်စေသော ထိုမင်း၏ စစ်သူကြီး မဟာရဋ္ဌကသည် ခလ္လာဋမင်းကိုဖမ်း၍ မိမိမင်းပြုလေ၏။

---

## ဝဋ္ဋဂါမဏိမင်းလက်ထက် ဗြဟ္မဏတိဿ သူပုန်နှင့် ကျေးကုလားတို့ရန် စစ်ပြုခြင်းအကြောင်း

### ဝဋ္ဋဂါမဏိမင်း

ထိုအကြောင်းကို ခလ္လာဋမင်း၏ ညီတော်ရင်းဖြစ်သော ဝဋ္ဋဂါမဏိမင်းသား ကြားလေလျှင် သူရဲ သူခက်တို့နှင့် ရုတ်ခြည်းလာ၍ မင်းအား ပြစ်မှားသော စစ်သူကြီးကို ဖမ်း၍ သတ်ပြီးမှ ထီးနန်းကိုသိမ်း၍ မင်းပြုပေ၏။ ခလ္လာဋမင်း၏ မိဖုရား အနုဠာဒေဝီကိုလည်း မိဖုရားမြှောက်၍ ၎င်းသား မဟာစူဠိက မင်းသားကိုလည်း ပြုစုချီးမြှောက်ပေ၏။ နန်းမွေဖြစ်သော မဟာစူဠိကမင်းသား၏ အဖအရာ တည်သောကြောင့် ထိုဝဋ္ဋဂါမဏိမင်းကို ပိတုရာဇာဟူ၍လည်း ခေါ်ကြကုန်၏။

### ဗြဟ္မဏတိဿ

ဝဋ္ဋဂါမဏိမင်း အဘိသိက်ခံ၍ ငါးလရှိသောအခါ ကုလနဂရ၌နေသော ပုဏ္ဏား၏ သားဖြစ်သော •တိဿ အမည်ရှိသော သူတစ်ဦးသည် ငယ်စဉ်အခါက နက္ခတ်ဆရာဖြစ်သော ပုဏ္ဏားက "သင်သည် ဤသီဟိုဠ်ကျွန်း၌ မင်းဖြစ်လတ္တံ့" ဟူ၍ ဆိုဖူးသော စကားကို ယုံကြည်လှသဖြင့် မိမိနှင့် သဘောတူသော လူသွမ်းတို့ကို ရုံးစု၍ အများရသောအခါ* (ဗြဟ္မဏဏီသ) ဟူသော အမည်ကိုခံလျက် ရွာကြီး ရွာငယ်တို့၌ လုယက်၍ ဥစ္စာတို့ကို ရုံးစု၏။ ရုံးစုပြီးသော် အနုရာဓမြို့ကို စစ်ပြုခြင်းငှာ ချီလာ၍ ဝဋ္ဋဂါမဏိမင်း၏ထံသို့ တမန်စေလွှတ်၍ ထီးနန်းကိုသော်လည်း အပ်ရမည်။ စစ်ထိုးလိုသော်လည်း ထိုးရမည်ဟု တမန်စေလိုက်၏။

### ကျေးမင်းဆက် ၇ ဦး

ဒမိဠကျေးမင်း၏ အဆက်ဖြစ်ကုန်သော ကျေးမင်းခုနစ်ဦးတို့သည် ဗိုလ်ပါအရံနှင့်တကွ မဟာတိတ္ထသို့ ရောက်လာ၍ ငါတို့အား စစ်ထိုးလိုသော်လည်း ထိုး၊ မထိုးလိုလျှင် ထီးနန်းကို အပ်ရမည်ဟု တမန်စေလိုက်ပြန်၏။

ဝဋ္ဋဂါမဏိမင်းလည်း နီတိကျမ်း၌ လိမ္မာသူဖြစ်၍ ဗြဟ္မဏတိဿခိုးသားအား ဤသို့ စကားပြန်လိုက်ရ၏။ "အဆွေ ဗြဟ္မဏတိဿ၊ သင်မူကား ဤကျွန်းသားလည်း ဖြစ်သည်။ ရတနာသုံးပါးကိုလည်း ကိုးကွယ်သူဖြစ်၍ အယူတူကြသည်။ ထို့ကြောင့် သင့်အား ထီးနန်းကို အပ်နိုင်ပါ၏။ ယခု ကျေးမင်း ခုနစ်ဦးတို့က စစ်ပြုမည်ဟု ရောက်လျက် ရှိသည်။ ဤကျေးမင်းတို့ကိုသာ နိုင်အောင် တားဆီးပါ" ဟု မှာလိုက်၏။ ဗြဟ္မဏတိဿလည်း မှာစာရောက်၍ ဝမ်းမြောက်စွာလျက် ရောက်လာသော ကျေးမင်းတို့အား စစ်ထိုးလေ၏။ ယင်းသို့ စစ်ထိုးကြရာ၌ ဗြဟ္မဏတိဿကို ကျေးမင်းတို့က သတ်ရလေသတည်း။

### ဝဋ္ဋဂါမဏိမင်း အရေးမသာ

ဗြဟ္မဏတိဿကို အောင်ပြီးသော် ဝဋ္ဋဂါမဏိမင်းကြီးအား စစ်ထိုးခြင်းငှာ ချီလာကြ၏။ မင်းကြီးလည်း ဗိုလ်ပါနှင့်တကွ မြို့မှထွက်၍ ကောဠမ္ဗာလက ရွာ၏အနီး၌ စစ်ထိုးကြသော် ဝဋ္ဋဂါမဏိမင်းသားသည် ရှုံးချေရကား ရထားစီး၍ တိတ္ထိတို့၏ ကျောင်းအနီးဖြင့် ပြေးရလေ၏။ ဤတိတ္ထိတို့၏ကျောင်းကား ပဏ္ဍုကာဘယမင်းသည် တည်လုပ်ခဲ့သော ကျောင်းတည်း။ ထိုအခါမှစ၍ မင်းနှစ်ဆယ့်တစ်ဆက်တိုင်အောင် တပည့်စဉ်ဆက် မပြတ်သည်ဖြစ်၍ တည်သတည်း။ ထိုတိတ္ထိတို့၏ ကျောင်းတံခါး၌နေသော ဂိရိမည်သော နိဂဏ္ဌသည် ပြေးလာသောမင်းကိုမြင်လျှင် မဟာကာလသီဟိုဠ်သည် စစ်ရှုံး၍ ပြေးလာသတည်းဟု ကျယ်စွာသောအသံဖြင့် ကြွေးကြော်၏။ ထိုအသံကို ကြားသော် ဝဋ္ဋဂါမဏိမင်းက မသူတော်မှန်းကို သိ၍ ငါသည် အလိုပြည့်သည်ရှိသော် ဤအရပ်၌ ရဟန်းကောင်းတို့၏ ကျောင်းကို တည်စေအံ့ဟု ကြံခဲ့၏။

### တစ်ရပ်မှ တစ်ရပ်သို့

ဝဋ္ဋဂါမဏိမင်းလည်း စစ်ထိုးထွက်စကပင် စစ်ရှုံးမည်, နိုင်မည်ကို မသိသာချေတကား၊ ငါ၏ မိဖုရားနှစ်ဦးကိုလည်းကောင်း, သားတော်နှစ်ယောက်ကို လည်းကောင်း စောင့်ရှောက်အပ်လှသည်ဟု နှလုံးသွင်း၍ ကိုယ်ဝန်ရှိသော အနုဠာဒေဝီ မိဖုရားကို သားတော် မဟာစူဠမင်း, မဟာနာဂ

• တိဿ (သီဟိုဠ်မှု–၁၈၇)

www.burmeseclassic.com

www.burmeseclassic.com



မင်းနှင့် အတူပင် ရထားစီးစေ၍ သောမဒေဝီမိဖုရားကို ကား ရထားပေါ်စိမ့်သောငှာ ခြေဖြင့်လိုက်စေ၍ ယူဆောင်ခဲ့ သတည်း။

မိမိကိုးကွယ်၍ထားသော သုမနသာမဏေဆောင်ခဲ့ သော ဘုရားသခင်သပိတ်တော်ကိုကား မယူခဲ့မိချေ။ မင်း ကြီးလည်း ထိုမိဖုရားနှစ်ပါး သားတော်နှစ်ဦးနှင့်တကွ ပြေး ခဲ့၍ ဝေဿဂိရိတောကျောင်းအနီးဖြစ်သော တောအုပ်၌ ပုန်းရလေ၏။ ထိုအခါ ကျောင်း၌နေသော *ကုပိက်လမဟာ တိဿထေရ်သည် ပုန်းနေသော မင်းကို မြင်၍ ဆွမ်းဦး ယူပြီးသော ဆွမ်းတို့ဖြင့် ပေးကျွေးပေ၏။ မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာစားပြီးမှ ဆက်သွားရွက်၌ စာရေး၍ ကျောင်းသံဃာတို့၏ အသုံးအဆောင်ကို လှူခဲ့၏။

## မထေရ်ထံ ၁၄ နှစ် ခိုအောင်းခြင်း

ထိုမှသည် တစ်ဖန်သွားပြန်၍ ကျောက်ရေကန်ရှိသော သီလာသောဗ္ဘကဏ္ဍက ရွာ၌နေ၍ ထိုမှသည် တစ်ဖန်သွား ပြန်၍ သောမဂလ္လရွာ၏အနီးသို့ ရောက်၏။ ထိုအခါ ရှေး က မ,စဖူးသော ကုပိက်လမထေရ်ကို တွေ့ပြန်၏။ မထေရ် လည်း မိမိ၏တပည့်ရင်းဖြစ်သော တနသိဝ မထေရ်အား ဤမင်းကြီးကို ကောင်းစွာ စောင့်မရစ်လော့ဟူ၍ အပ်ထား ၏။ ဝဋ္ဋဂါမဏိမင်းလည်း ထိုတနသိဝမထေရ်၏ ကျွေးမွေး မ,စခြင်းခံလျက် မထေရ်ထံ၌သာလျှင် တစ်ဆယ့်လေးနှစ် ပတ်လုံး နေရလေ၏။

## သောမဒေဝီနှင့် သပိတ်တော်

ကျေးမင်း ခုနစ်ယောက်တို့တွင် တစ်ယောက်သော ကျေးမင်းသည် ရာဂဖြင့်ယစ်ခြင်းကို ဆောင်လတ်သော် သောမဒေဝီ မိဖုရားကို မြင်လျှင် တပ်စွမ်းသောစိတ် ရှိလှ သည်ဖြစ်၍ ထိုသောမဒေဝီ မိဖုရားကိုယူ၍ ထိုမှာဘက်သို့ ကူးလေ၏။ တစ်ယောက်သော ကျေးသည် အနုရာဓမြို့ ကျန်ရစ်သော ဘုရားသပိတ်တော်ကို ယူလေ၍ ထိုမှာဘက် သို့ ပြန်လေ၏။

## တစ်ယောက်သတ် တစ်ယောက်တက်

ငါးယောက်သော ကျေးတို့တွင် ပုဠဟတ္ထမည်သော ကျေးသည် ဗာဟိယမည်သော ကျေးကို စစ်သူကြီးပြု၍ အနုရာဓမြို့၌ သုံးနှစ်ပတ်လုံး မင်းပြု၏။ သုံးနှစ်စေသော

* ကုပ္ပိက္ကလမဟာတိဿ (သီဟိုဠ်မှု-၁၈၈)

အခါ ထိုဗာဟိယစစ်သူကြီးသည် ပုဠဟတ္ထကို သတ်၍ နှစ်နှစ်ပတ်လုံး မင်းပြု၏။ ထိုဗာယိယကျေး၏ စစ်သူကြီး ကား ပဏာယမာရ အမည်ရှိ၏။ ထိုပဏာယမာရ စစ်သူကြီး လည်း ဗာဟိယကျေးကိုသတ်၍ ခုနစ်နှစ်ပတ်လုံး မင်းပြု ပြန်၏။ ထိုပဏာ ယမာရမင်း၏ စစ်သူကြီးကား ပိဠယမာရ ကျေးတည်း။ ထိုစစ်သူကြီးလည်း ပဏာယမာရ ကျေးမင်း ကိုသတ်၍ ခုနစ်လပတ်လုံး မင်းပြု၍ ထိုပိဠယမာရ၏ စစ်သူကြီးကား ဒါဌိယကျေးတည်း။ ထိုဒါဌိယစစ်သူကြီး လည်း ပိဠယမာရကျေး မင်းကို သတ်၍ နှစ်နှစ်ပတ်လုံး မင်းပြု၏။ ဤငါးယောက်သော ကျေးမင်းတို့၏ မင်းပြု သောကာလသည် တစ်ဆယ့်လေးနှစ်နှင့် ခုနစ်လတိုင် လေ၏။

## တိဿမထေရ်ကြောင့် မင်းပြန်ဖြစ်

ဝဋ္ဋဂါမဏိသည် တောရွာ၌ ပုန်းအောင်း၍နေရာ မိဖုရား အနုဠာဒေဝီသည် မလယဇနပုဒ်သို့ ရိက္ခာအလို့ငှာ သွားသည်တွင် ရွာသူကြီး ဖြစ်လေသော တနသိဝ၏ မယား သည် မိဖုရား၏ ခေါင်းရွက်သော တောင်းကို ခြေဖြင့်ခတ် ၏။ အနုဠာဒေဝီသည် အမျက်ထွက်၍ ငိုလျက် မင်း၏ထံ သို့ ကပ်၏။ သူကြီး တနသိဝလည်း ရန်ဖြစ်ကြသောအသံ ကို ကြားလေသော် သားမယားနှင့်တကွ မင်းကို သတ်ခြင်း ငှာ ဓားလက်နက်စွဲကာ ထွက်လာ၏။ ဝဋ္ဋဂါမဏိမင်းလည်း မိဖုရားနှင့်တကွ သားနှစ်ယောက်ကိုယူ၍ အိမ်မှထွက်ပြီး လျှင် မိမိသို့ ရှေးရှုလာသော တနသိဝကို ငါကား သဒ္ဓါ တိဿမင်း၏သား ပိတုမင်းဟူ၍ မသိလောဟု ကြုံးဝါး လျက် လေးနှင့်ပစ်၍ သတ်လေ၏။ ထိုနောက်မှ စွမ်းပကား ရှိကုန်သော သူတို့ကို ရွေးကောက်၍ ချီးမြှောက်လေသဖြင့် အမတ်သူရဲ ရှစ်ယောက်တို့ကို လည်းကောင်း, များစွာသော အခြံအရံတို့ကို လည်းကောင်း ရလေ၏။

ယင်းသို့ ဗိုလ်ပါရသောအခါ ကမ္ဗီလက မဟာတိဿ ထေရ်၏ထံသို့ သွားလေ၏။ အစ္ဆဂလ္လကျောင်း အာကာသ တောင်၌ ဘုရားအား ပူဇော်ခြင်းကိုပြု၏။ ထိုအခါ မိမိ နှင့်အတူပါသော ကပိသီသအမတ်သည် စေတီကို ပူဇော် ၍ တောင်မှ ဆင်းသက်လေသော် ဝဋ္ဋဂါမဏိမင်းလည်း စေတီကို ပူဇော်ခြင်းငှာ မိဖုရားနှင့်တကွ တက်လာသည်နှင့် ဆိုင်မိ၍ ထိုင်ကာနေသည်ကို မဝပ်ကောင်းလောဟု အမျက် ထွက်၍ ကပိသီသအမတ်ကို သတ်လေ၏။ ထိုအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို မြင်ကြသော် ကြွင်းသော အမတ်ခုနစ်ယောက်တို့သည် ဤမင်းကား မာန်ခက်ထန်စွဟု ရွံရှာကြသည်ဖြစ်၍ မိမိ၏ အခြံအရံနှင့်တကွ ခွာခဲ့ကြလေ၏။

ခရီးအကြား ဟမ္ဗုဂလ္လကကျောင်းသို့ ရောက်၍ နိကာယ်လေးရပ်ကိုဆောင်သော တိဿမထေရ်ကို တွေ့လေလျှင် ထိုအရှင်က အဝတ်, တင်လဲ, ဆီ, ဆန် အစရှိသော စားနပ်ရိက္ခာ စသည်ကို ထောက်၍ စားသောက်စေပြီးမှ သင် အမတ်ကြီးတို့သည် ဘယ်သို့သွားကြအံ့နည်းဟု မေး၏။ အမတ်တို့ကလည်း ဝဋ္ဋဂါမဏိမင်းနှင့်အတူ မြို့ကို သိမ်းယူမည်ကြသော်လည်း မင်းသည် မာန်ခက်ထန်သောကြောင့် ရွံရှာကြရကား ကျေးမင်း၏ထံသို့ သွားမည်ဟု အကြံရှိကြောင်းကို ပြောကြ၏။ မထေရ်ကလည်း ဝဋ္ဋဂါမဏိမင်း, ကျေးမင်း နှစ်ဦးသားတို့တွင် မင်းဖြစ်သော် ဘယ်သူသည် ဘုရားသာသနာကို ချီးမြှောက်ရာသနည်းဟု မေးလေ၏။ ကျေးမင်းကား မချီးမြှောက်၊ ဝဋ္ဋဂါမဏိမင်းကား ချီးမြှောက်ရာသည်ဟု လျှောက်လျှင် ယင်းသို့ဖြစ်တပြီးကား ဝဋ္ဋဂါမဏိမင်း၏ ဘက်ကသာ ကူကြလောဟု ဆို၏။

ထိုအမတ်တို့သည်လည်း မင်း၏ထံသို့ မပြန်ဝံ့ကြောင်းကိုဆိုလျှင် ငါတို့ စေစပ်မည်ဆို အမတ်ခုနစ်ယောက်ကို ခေါ်ပြီးမှ ကုတ္ထိကုလမဟာတိဿထေရ်, ဟမ္ဗုဂလ္လက မဟာတိဿထေရ် နှစ်ပါးတို့သည် မင်း၏အထံသို့ စေ့စပ်ပြောဆိုကာ သစ္စာပြု၍ ပေါင်းကြစေ၏။ မင်းနှင့် အမတ်တို့ သင့်မြတ်ကြပြီးလျှင် အရှင်မြတ်သည် အကျွန်ုပ်တို့ ပင့်သောအခါ ကြွတော်မူပါဟု လျှောက်ခဲ့၍ အနုရာဓမြို့သို့ ရှေ့ရှုလာကြ၏။ ရောက်သောအခါ မင်းပြုကာနေသော ဒါဌိက ကျေးမင်းကိုဖမ်း၍ သတ်ပြီးမှ ဝဋ္ဋဂါမဏိမင်းသည် မင်းပြုတော်မူ၏။

---

## အဘယဂိရိကျောင်းတည်ခြင်းနှင့် ပိဋကတ်သုံးပုံကို ပေထက်အက္ခရာတင်ခြင်းအကြောင်း

### အဘယဂိရိကျောင်း

ထိုမင်းသည် မင်းဖြစ်တော်မူလျှင် နိဂဏ္ဌတို့၏ကျောင်းကို ဖျက်၍ ထိုအရပ်၌ ပရိဝုဏ် တစ်ဆယ့်နှစ်ခုရှိသော ကျောင်းကို ဆောက်လေသည်။ ထိုကျောင်း၌ ရှေးဦးစွာ ကျေးဇူးပြုပေသော ဟမ္ဗုဂလ္လကတိဿမထေရ်, ကုပိက်လ မဟာတိဿမထေရ်တို့ကိုပင့်၍ တင်လှူသည်။ ဂိရိအမည်ရှိသော တိတ္ထိတို့၏ အာရာမ်၌ဆောက်သောကြောင့် အဘယဂိရိကျောင်းမည်သည်။ *ဤကျောင်းသည် မဟာဝိဟာရကျောင်းကြီး တည်သည်မှ နှစ်ရာတစ်ဆယ့်ခုနစ်နှစ်နှင့် ဆယ်လမြောက်သောအခါ ဖြစ်သတည်း။

### သောမဝိဟာရ

ဝဋ္ဋဂါမဏိမင်းလည်း မိဖုရားသောမဒေဝီကို ခေါ်စေ၍ ထားတိုက်သောနေရာ၌ ထားတော်မူ၏။ ထိုမိဖုရားသည် ရထားမှ ဆင်းသက်၍ တောအုပ်ဖြင့်ပြေးသောအခါ ထိန်ပွင့်နှင့်တူသော အပွင့်ရှိသောချုံ၌ ပုန်းအောင်း၍ နေစဉ် သာမဏေ တစ်ဦးသည် ပဿာဝမဂ်ကို လက်ဝါးဖြင့် ဖုံးဖက်၍ ကျင်ငယ်သွားသည်ကို မြင်ရာအရပ်၌ ကျောင်းကို ဆောက်လုပ်၍ သံဃာတော်တို့အား လှူ၏။ ထိုကျောင်းသည် သောမဝိဟာရမည်သတည်း။

### သိလာသောဗ္ဘကဏ္ဍကစေတီ

မင်းကြီးလည်း မဟာစေတီ၏ မြောက်မျက်နှာ၌ မြင့်သော အကျည်ရှိသော သိလာသောဗ္ဘကဏ္ဍက မည်သော စေတီကိုတည်၏။

### ကျောင်း ၅ ဆောင်

ခုနစ်ယောက်သော အမတ်တို့တွင် ဥတ္တိယမည်သော အမတ်သည် အနုရာဓမြို့၏ တောင်ဘက်၌ ဒက္ခိဏမည်သောကျောင်းကို ဆောက်၏။ မူလမည်သော အမတ်သည်လည်း ထိုတောင်အရပ်ပင် မူလမည်သော ကျောင်းကို ဆောက်၏။ ထိုကျောင်းသည် အမတ်၏အမည်ဖြင့် မူလဟူသော အမည်တွင်သတည်း။ သာလိယမည်သော အမတ်သည်လည်း သာလိယမည်သော ကျောင်းကို ဆောက်၏။ ပဗ္ဗတမည်သော အမတ်သည်လည်း ပဗ္ဗတမည်သော ကျောင်းကို ဆောက်၏။ တိဿမည်သောအမတ်သည် မြို့၏ မြောက်မျက်နှာ၌ ဥတ္တရတိဿမည်သော ကျောင်းကို ဆောက်၏။

### ကျောင်းအလှူ

ကျောင်းပြီးလတ်သော် ထိုအမတ်တို့သည် ဟမ္ဗုဂလ္လက မဟာတိဿ မထေရ်သို့ကပ်၍ အရှင်ဘုရားတို့ကို ပင့်

---

* သာသနာတော် ၄၅၂–ခုနှ် တည်သည်။

www.burmeseclassic.com

www.burmeseclassic.com



သန္ဓာရှ၏အစွမ်းဖြင့် ကျွန်ုပ်တို့ ကျောင်းဆောက်ရပါကုန်သည်။ ဤကျောင်းကို အရှင်တို့အား ကပ်လှူပါ၏ဆို၍ လှူကြကုန်၏။ မထေရ်လည်း ထိုကျောင်းတို့၌ ထိုက်သည့်အားလျော်စွာသော ရဟန်းသံဃာတို့ကို နေစေ၏။ အမတ်တို့လည်း ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေးလှူဒါန်းကြ၏။ ဝဋ္ဋဂါမဏိမင်းကြီးလည်း မိမိဆောက်လုပ်သော အဘယဂိရိကျောင်း၌နေသော ရဟန်းတို့အား ပစ္စည်းလေးပါးတို့ဖြင့် များစွာလုပ်ကျွေးပြုစု၏။ ထို့ကြောင့် ကျောင်း၌ ရဟန်းတို့သည် များစွာဖြစ်ကုန်၏။

## အဘယဂိရိဂိုဏ်းခွဲ

ကုပိက်လတိဿ မထေရ်သည်လည်း ဒါယကာတို့နှင့် ရောနှောခြင်းများသည်ဖြစ်၍ ထင်ရှားကျော်စော၏။ ထိုအခါ သံဃာတော်တို့သည် ကုပိက်လမထေရ်အား ဂိဟိသံသဂ္ဂဒေါသကြောင့် မဟာဝိဟာရဂိုဏ်းမှ ထုတ်ကြကုန်၏။ ထိုမထေရ်၏ တပည့်ဖြစ်သော ဗဟလမဿုတိဿ မထေရ်သည်လည်း အမျက်ထွက်ရကား အဘယဂိရိကျောင်းသို့သွား၍ အသီးဖြစ်သော အာစရိယဝါဒပက္ခကို ဆောင်လျက်ဂိုဏ်းအသီးထောင်၍ နေလေ၏။ ထိုအခါမှစ၍ ထိုဆရာတပည့်နှစ်ဦးတို့သည် မဟာဝိဟာရသို့ မလာမဝင်ကုန်။

## ပေထက်တင်

ဒက္ခိဏကျောင်း၌နေသော ရဟန်းတို့လည်း အဘယဂိရိကျောင်းနေ ရဟန်းတို့နှင့် ကွဲပြားကုန်၏။ ဤသီဟိုဠ်ကျွန်း၌ အရှင်မဟိန္ဒရောက်သည်မှစ၍ ဝဋ္ဋဂါမဏိမင်း၏လက်ထက်တိုင်အောင် အဆက်ဆက်သော ဆရာတို့သည် ပိဋကတ်သုံးပုံဖြစ်သော ပါဠိတော် အဋ္ဌကထာကို နှုတ်ဖြင့်သာ ဆောင်ရွက်ခဲ့ကြကုန်သည်။ စက္ကူထက်ပေထက်၌ကား အနည်းငယ်သာ ရေးထားကြသည်။ ထိုမင်း၏လက်ထက်၌ကား နှောင်သောအခါ သတ္တဝါတို့၏ ပညာ, သတိ ဆုတ်ယုတ်ကြသဖြင့် မှဲပါဌပြု၍ မဆောင်နိုင်အံ့သည်ကို ဆင်ခြင်မိရကား မင်းကြီးအား အကြောင်းကြားပြီးလျှင် အညီအညွတ် စည်းဝေးကြ၍ တရားတော်၏ မြင့်ရှည်စွာ တည်ခြင်းအကျိုးငှာ ပါဠိတော်, အဋ္ဌကထာတို့ကို ပေထက်၌ ရေးတင်၍ ထားကုန်၏။

ဤသို့ဆိုအပ်ပြီးသောအပြားဖြင့် ဝဋ္ဋဂါမဏိမင်းကြီးသည် တစ်ဆယ့်နှစ်နှစ်နှင့် ငါးလပတ်လုံး သာသနာတော်၏ အကျိုးစီးပွား, ပြည်သူ ပြည်သားတို့ အကျိုးစီးပွား, မိမိအကျိုးစီးပွားကို များစွာ ရွက်ဆောင်ပေသတည်း။ ပညာမရှိသော စည်းစိမ်ဥစ္စာကို လွန်စွာ မက်မောသော သူမိုက်တို့မူကား အလွန်ပြန့်သော စည်းစိမ်ချမ်းသာကို ရကြသော်လည်း စီးပွားနှစ်ဖြာကို မရှာမကြံဘဲ စားရန်နှင့်သာ ပျောက်ပျက်စေကုန်၏။ ပိဋကတ်ကို ပေထက်တင်သည်ကို ပြသောအခန်းပြီး၏။

**သူတော်ကောင်းတို့အား (ပ) "ပဇ္ဇပဒေါရုဝံသ" အမည်ရှိသော မဟာဝံသကျမ်း၌ (၁၀၅) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော "ဒသ,ရာဇကေ" အမည်ရှိသော တေတ္တိံသတိမ အပိုင်းအခန်းကား ပြီး၏။**

---

# ကောဒသရာဇဒီပနကဏ္ဍ စတုတ္တိံသတိမပိုင်း

## ဝဋ္ဋဂါမဏိမင်းနောက် တစ်ကျိပ်တစ်ယောက်သော မင်းတို့ကိုပြခြင်း

### မဟာစူဠိတိဿမင်း

ဝဋ္ဋဂါမဏိမင်း ကံကုန်လျှင် သားတော် မဟာစူဠိတိဿမင်းသည် နန်းတက်၍ တစ်ဆယ့်လေးနှစ် မင်းပြု၏။ ထိုမင်းသည် ကောင်းမှုကို အလိုရှိသည်ဖြစ်၍ မိမိလက်ဖြင့် လုပ်ကိုင်ရသော ပစ္စည်းဖြင့် လှူဒါန်းရခြင်းသည် အကျိုးကြီး၏ဟူ၍ ဟောသောတရားကို နာရသဖြင့် မင်းဖြစ်၍ မကြာမီ ပြည်ရေးရွာမှုကို အမတ်ကြီးတို့အား အပ်ပြီးလျှင် မိမိသည် မထင်ရှားသောအသွင်ဖြင့် သလေးစပါးကို အရိတ်ငှား၍ ရအပ်သောအခဖြင့် မဟာသုမ္မထေရ်အားဆွမ်းလုပ်ကျွေးခြင်းကို ပြု၏။ တစ်ဖန်လည်း အမ္ဗဋ္ဌကောလယအရပ် သောဏ္ဏဂိရိတောင်သို့သွား၍ သုံးနှစ်ပတ်လုံး ကြံညှစ်ငှားပြီးလျှင် ရအပ်သောအခဖြင့် တင်လဲတို့ကို လည်းကောင်း, ဆန်စသည်တို့ကို လည်းကောင်း ဝယ်ပြီးလျှင် သံဃာတော်တို့အား အလှူကြီးကိုပေး၏။ သုံးသောင်းမျှလောက်သော ရဟန်းတို့အား လည်းကောင်း, တစ်သောင်းနှစ်ထောင်သော ဘိက္ခုနီမတို့အား လည်းကောင်း သင်္ကန်းသပိတ် ပရိက္ခရာတို့ကို လှူ၏။ ထိုမင်းသည် သုပ္ပတိဋ္ဌိတမည်သော ကျောင်းကိုဆောက်၍ အနုမောဒနာ ပြုသောအခါ

www.burmeseclassic.com

www.burmeseclassic.com



၌ ရဟန်းယောက်ျား ခြောက်သောင်း, ရဟန်းမိန်းမ သုံးသောင်းတို့အား သုံးထည်စီသော သင်္ကန်းနှင့် ဆွမ်းဘောဇဉ်တို့ကို ကပ်လှူ၏။ ထိုမှတစ်ပါးသော အဘယဂလ္လကမည်သော ကျောင်းကို လည်းကောင်း, ဝဏ်္ဏ ဝဍ္ဍကဂလ္လကမည်သော ကျောင်းကို လည်းကောင်း, ဒီဃဗာဟုဂလ္လကမည်သော ကျောင်းကို လည်းကောင်း, ဝါလဂါမကျောင်းကို လည်းကောင်း ဆောက်လုပ်လှူဒါန်း၏။ ဤသို့ များစွာသော ကုသိုလ်ကောင်းမှုကို ပြုစုလျက် တစ်ဆယ့်လေးနှစ်ရှိသောအခါ ကြမ္မာကုန်သဖြင့် နတ်ရွာသို့လားတော်မူ၏။

### စောရနာဂမင်း

မဟာစူဠိတိဿမင်းလွန်လေသော် ထိုမင်း၏ညီတော် မဟာနာဂမင်းသည် နန်းတက်၍ ဆယ်နှစ်ပတ်လုံး မင်းပြု၏။ ထိုမင်းကား နောင်တော် မင်းပြု၍နေသောအခါ မိမိသည် ခိုးသားပြု၍ နေ၏။ ထို့ကြောင့် စောရနာဂဟု သမုတ်ကြကုန်၏။ ထိုစောရနာဂသည် ခိုးသားပြု၍နေစဉ်က တစ်ဆယ့်ရှစ်ရပ်သော ကျောင်းတို့၌ တည်းခိုခြင်းကို မပြုရကုန်၊ ထိုအကြောင်းကြောင့် ထိုတစ်ဆယ့်ရှစ်ရပ်သော ကျောင်းတို့ကို မင်းဖြစ်သောအခါ ဖျက်ဆီးစေကုန်၏။ ထိုစောရနာဂသည် မင်းဖြစ်၍ တစ်ဆယ့်နှစ်နှစ်ရှိသောအခါ အနုဠာဒေဝီမိဖုရားသည် အဆိပ်ခပ်သော အစာကိုပေးသဖြင့် သေလေ၍ လောကန္တရိတ်ငရဲ၌ ခံရလေသတည်း။

### တိဿမင်း

စောရနာဂမင်း လွန်လေသော် မဟာစူဠိမင်း၏ သားဖြစ်သော တိဿမင်းသည် နန်းတက်၍ ထိုအနုဠာဒေဝီကိုပင် မိဖုရားပြု၍ မင်းမူသတည်း။

### တံခါးမှူးမင်း

တိဿမင်း သုံးနှစ်ရှိသောအခါ ယုတ်မာသော အလိုရမ္မက်ကြီးသော အနုဠာဒေဝီ မိဖုရားသည် သိဝမည်သော တံခါးမှူးယောက်ျား၌ တပ်စွမ်းသော စိတ်ရှိရကား တိဿမင်းအား အဆိပ်ပေး၍ သေစေပြီးလျှင် သိဝမည်သော တံခါးမှူးကိုပင် နန်းတင်၍ မင်းပြုစေ၏။

### လက်သမားမင်းနှင့် သစ်ရွေသမားမင်း

တိုသိဝမင်း တစ်နှစ်နှင့် နှစ်လရှိသောအခါ ထိုအနုဠာဒေဝီမိဖုရားသည် မြို့တွင် လက်သမားပြု၍နေသော ဝဋုကမည်သော ကျေး၌ တပ်စွမ်းခြင်းရှိပြန်၍ သိဝမင်းကို အဆိပ်ပေး၍ သတ်ပြီးမှ ဝဋုကကျေးကို နန်းတင်ပြန်၍ ဝဋုကကျေးလည်း တစ်နှစ်နှင့်နှစ်လရှိသောအခါ အနုဠာဒေဝီ မိဖုရားသည် သစ်ရွေသမား၌ တပ်စွမ်းခြင်း ရှိပြန်၍ ထိုဝဋုကကျေးကို အဆိပ်ဖြင့် သတ်ပြီးမှ သစ်ရွေသမား ဒါရုဘတိကကို မင်းပြုစေပြန်၏။

### ပုဏ္ဏားမင်း

ထိုဒါရုဘတိကလည်း ငါသည် မင်းပြုရသောအခါ ကုသိုလ်ပြုမှ သင့်မည်ဟု ကြံ၍ မဟာမေဃဝန် ဥယျာဉ်၌ လေးထောင့်ကန်ကို လျှင်စွာပြုစေ၏။ မင်းဖြစ်၍ တစ်နှစ်တစ်လရှိသောအခါ အနုဠာ မိဖုရားသည် နီလိယမည်သော ကျေးပုရောဟိတ်ပုဏ္ဏားကို ပေါင်းဖက်လိုပြန်သည်ဖြစ်၍ ထိုဒါရုဘတိကကို အဆိပ်ဖြင့် သတ်ပြီးမှ နီလိယပုဏ္ဏားကို မင်းပြုစေပြန်၏။

### မိဖုရားနန်းစံ

ပုဏ္ဏားမင်းပြု၍ ခြောက်လရှိသောအခါ ထိုအနုဠာမိဖုရားသည် သုံးဆယ့်နှစ်ယောက် ကုန်သော တံခါးစောင့်တို့နှင့် အလိုရှိတိုင်း မွေ့လျော်လိုသည်ဖြစ်၍ ပုဏ္ဏားကို အဆိပ်ကျွေး၍ သတ်ပြီးသော် မိမိသည်ပင် လေးလပတ်လုံး မင်းပြု၏။

### ကုဋကဏ္ဏတိဿမင်း

မဟာစူဠိကမင်း၏ နှစ်ယောက်မြောက် သားတော်ဖြစ်သော *ကုဋကဏ္ဏတိဿ မင်းသားသည် အနုဠာဒေဝီမှ ကြောက်သည်ဖြစ်၍ မြို့မှထွက်ပြေး၍ ရဟန်းပြုကာနေသဖြင့် ခုနစ်နှစ်ကြာ၍ ဗိုလ်ပါစုရုံးမိသောအခါ မြို့သို့ ချီလာ၍ ယုတ်မာညစ်ညမ်း သော့သွမ်းသော အကျင့်ရှိသော ထိုအနုဠာဒေဝီကို ဖမ်း၍ သွမ်းသောအကျင့်အလျောက် သေစေပြီးမှ ထီးနန်းကို သိမ်းချုပ်၍ မင်းလုပ်ပေ၏။

ကုဋကဏ္ဏတိဿ မင်းဖြစ်သောအခါ စေတိယတောင်၌ ကြီးစွာသော ဥပုသ်အိမ်သိမ်ကို လည်းကောင်း, ထိုသိမ်၏ရှေ့၌ ကျောက်စေတီကို လည်းကောင်း, တည်လုပ်၍ စေတီဦး၌ ဗောဓိပင်ကို စိုက်လေ၏။

အန္တရဂင်္ဂါ၏အနီး၌လည်း ပေလဂါမကျောင်းကို လည်းကောင်း, ဝဏ္ဏကမည်သော မြောင်းကြီးကို လည်း

* ကာဠကဏ္ဏတိဿ (သီဟိုဠ်မှု ၁၉၅)

www.burmeseclassic.com



ကောင်း၊ အမွေဒုဂ္ဂမည်သော ရေကန်ကြီးကို လည်းကောင်း၊ အယောလုပ္ပလ ရေကန်ကို လည်းကောင်း ပြုလုပ်တော်မူ၏။ အနုရာဓမြို့ရှိ တံတိုင်းကိုလည်း ခုနစ်တောင်မြင့်အောင် ပြု၍ ပြင်မှကျုံးကို တူးစေ၏။ အနုဋ္ဌာဒေဝီ၏ အလောင်းကိုလည်း မင်း သိမ်းဆည်းသောမြေအရပ်၌ သင်္ဂြိုဟ်စေသည်။ မြို့တွင်း၌ ပဒုမဿရမည်သော ဥယျာဉ်ကိုလည်း ပြုတော်မူသည်။ ထိုကုဋကဏ္ဏမင်း၏ မယ်တော်သည် သွားတို့ကို ဆေး၍ ဘုရားသာသနာတော်၌ ရဟန်းပြုလေ၏။ ပြုပြီးသော် ဆွေမျိုးတို့၏ အိမ်တံခါးအနီး၌ ရဟန်းမိန်းမတို့၏ နေရန် ကျောင်းဆောက်လုပ်၍ မယ်တော်ကို လည်းကောင်း၊ အခြား ရဟန်းမိန်းမတို့ကို လည်းကောင်း နေစေ၍ ထိုကျောင်းသည် "ဒန္တဂေဟ" ကျောင်းဟူ၍ ထင်ရှားသတည်း။

## ဘာတိကာဘယမင်း

ထိုကုဋကဏ္ဏမင်းသည် နှစ်ဆယ့်နှစ်နှစ် ပတ်လုံးမင်းပြု၍ လွန်လေသော် ထိုမင်းသားတော် နှစ်ယောက်တို့တွင် နောင်တော်ဖြစ်သော ဘာတိကာဘယမင်းသည် တရားနှင့်ညီစွာ နှစ်ဆယ့်ရှစ်နှစ်ပတ်လုံး မင်းပြုတော်မူ၏။ ညီတော်ကား မဟာဒါဋ္ဌိကမင်းတည်း။ ထိုဘာတိကာဘယမင်းသည် လောဟပါသာဒ၌ ယိုယွင်းသမျှကိုလည်း ပြုပြင်စေ၏။ မဟာစေတီ၌ အလယ်ပွတ်တိုင်၊ အထက်ပွတ်တိုင် နှစ်ပါးကိုလည်း ပြုစေ၏။ ထူပါရာမကျောင်း၌ ဥပုသ်အိမ်ကိုလည်း ပြု၏။ အနုရာဓမြို့ ထက်ဝန်းကျင် တစ်ယူဇနာသော အရပ်၌ မင်းအား ဆက်ထိုက်သော အခွန်ကိုမယူဘဲ မုလေးပင် မုလေးနွယ်တို့ကို စိုက်ပျိုးစေ၍ မဟာစေတီ၌ ခြေရင်းပွတ်တိုင်မှသည် ထီးတိုင်အောင် လက်လေးသစ်အထုရှိသော နံ့သာပြောင်းဖြင့် လိမ်းကျံ၍ မုလေးပန်းတို့ကို အညာဖြင့် စိုက်စေလျက် ပူဇော်တော်မူသည်။ တစ်ဖန်လည်း လက်ရှစ်သစ်ထုသော မြင်းသီလာဖြင့် လိမ်းကျံစေလျက် မုလေးပန်းစိုက်၍ ပူဇော်သည်။ တစ်ဖန်လည်း ဆင်ခံတံတိုင်းမှသည် ထီးတိုင်အောင် ပန်းတို့ဖြင့် လောင်း၍ ပူဇော်သည်။

အဘယရေကန်မှ ရေကို ယန္တရားစက်ဖြင့် တက်စေ၍ မဟာစေတီကို ရေသွန်း၍ ပူဇော်သည်။ ပုလဲလှည်းအစီး တစ်ရာတိုက်ကို အင်္ဂတေပြု၍ မဟာစေတီကို အင်္ဂတေဖြင့် ထပ်မံသည်။ သန္တာကွန်ရက်ကိုပြု၍ ထိုကွန်ရက်ကို စေတီ၌လွှမ်း၍ အစပ်တို့၌ လှည်းဘီးမျှလောက်သော ရွှေကြာပွင့်တို့ကိုဆွဲ၍ ထိုအောက်မှ ပုလဲပန်းဆိုင်းဆွဲ၍ ပူဇော်တော်မူသည်။

ထိုသို့ ဘာတိကာဘယမင်းသည် တစ်ရံသောအခါ စေတီတော်ပူဇော်၍နေရာ၌ ဓာတ်တော်တိုက်တွင်းမှ ရဟန္တာအရှင်တို့အပေါင်း သရဇ္ဈာယ်ကြသော အသံကိုကြား၍ ဓာတ်တော်တိုက်ကို မမြင်ရသော် ဤနေရာမှ ငါ မထအံ့ဟု မိဋ္ဌာန်၍ အရှေ့စေတီရင်း၌ အာဟာရ ကင်းလျက်နေ၏။ ထိုအခါ တစ်ဦးသော မထေရ်သည် တံခါးကို ဖန်ဆင်း၍ မင်းကြီးအား ဆောင်လျက် ဓာတ်တော်တိုက်ကို ပြ၏။ မင်းကြီးလည်း အလုံးစုံသော ဓာတ်တော်တိုက်၏ တင့်တယ်ခြင်းကို မြင်ရသဖြင့် အံ့သြသောစိတ်ရှိလှသည်ဖြစ်၍ ကောင်းစွာ မှတ်သားခဲ့ပြီးသော် ထိုနှင့် ပန်းချီဆေးတို့ဖြင့် ရေးစေ၍ ပူဇော်ပေ၏။

ပျားလဘို့ဖြင့် လည်းကောင်း၊ နံ့သာတို့ဖြင့် လည်းကောင်း၊ ကြာပန်းစိုက်သောရေဖြင့် ပြည့်သောအိုးတို့ဖြင့် လည်းကောင်း၊ နံ့သာရည် မျက်စဉ်းဆေးဒန်းတို့ဖြင့် လည်းကောင်း၊ မြင်းသီလာတို့ဖြင့် လည်းကောင်း ပူဇော်ပေ၏။

အလုံးစုံသော စေတီရင်ပြင်ကို နံ့သာညွန်ပြောင်းတို့ဖြင့် ပြည့်စေ၍ ဖျာခင်းပြီးသော် ဖျာပေါ်၌ စိုက်အပ်သော ကြာပန်းတို့ဖြင့် လည်းကောင်း ပူဇော်၏။

စေတီ၌ ရေပြွန်ပေါက်ကို ပိတ်၍ ထောပတ်လောင်းပြီးသော် စင်ကြယ်စွာသော ပုဆိုးဆီမီးစာဖြင့် ညီထွန်းကာ ပူဇော်စေ၏။ ဤအတူသစ်မည် စည်ဆီကို လောင်း၍လည်းကောင်း၊ နှမ်းဆီကိုလောင်း၍ လည်းကောင်း၊ ဆီမီးပူဇော်ပေ၏။ ဤသို့သောနည်းဖြင့် ခုနစ်ကြိမ်တိုင်အောင် ပူဇော်သတည်း။

ဤမှတစ်ပါး နှစ်စဉ်မပြတ် ဗောဓိပင်ကို ရေသွန်းပူဇော်ခြင်းကို လည်းကောင်း၊ ကဆုန်လပြည့် ဘုရားဖြစ်သည့်နေ့၌ ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် စေတီပူဇော်ခြင်းကို လည်းကောင်း၊ မဟာစေတီ၌ အထူးထူးသော ကချေသည် တီးမှုတ်ခြင်းတို့ဖြင့် ပူဇော်ခြင်းကို လည်းကောင်း၊ တစ်နေ့ တစ်နေ့၌ သုံးကြိမ် ဘုရားသို့ ဆည်းကပ်ခြင်းငှာ သွားခြင်းကို လည်းကောင်း၊ နှစ်ကြိမ် ပန်းပူဇော်ခြင်းကို လည်းကောင်း ပြုတော်မူ၏။ ရဟန်းသံဃာတို့အား ဆန်၊ တင်လဲ၊ ထောပတ်တို့ကို လည်းကောင်း၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာတို့ကို လည်းကောင်း၊ ဝါဆိုနေ့၊ ပဝါရဏာနေ့တို့၌ တစ်နှစ်မပြတ် လှူပေ၏။ စေတီတော်အား ပူဇော်ရန် ဆွမ်းဝတ် ဆီမီးဝတ် အကျိုးငှာလည်းကောင်း၊ ယိုယွင်း

www.burmeseclassic.com



ပျက်စီးသော အမှုကြီးငယ်ကို ပြုခြင်းငှာ လည်းကောင်း လယ်ယာမြေကိုလည်း လှူတော်မူ၏။

ထိုဘာတိကာဘယမင်းသည် စေတီယတောင်ကျောင်း၌နေသော ရဟန်းတစ်ထောင်တို့အား အမြဲစာရေးတံဆွမ်းဝတ်ကိုလည်း လှူပေ၏။ စိတ္တမည်သော ပြာသာဒ်, မဏိမည်သော ပြာသာဒ်, မုစေလမည်သော ပြာသာဒ်, ပဒုမဃရမည်သော ပြာသာဒ်, ဆတ္တမည်သော ပြာသာဒ်, ဤငါးရပ်သော ဌာနတို့၌ ကျမ်းဂန်ကို လေ့လာဆောင်ရွက်သော ရဟန်းမြတ်တို့ကို နေစေ၍ ဆွမ်းသင်္ကန်း ပစ္စည်းတို့ဖြင့် မပြတ်လုပ်ကျွေးတော်မူ၏။ ရှေးမင်းတို့အား အမြဲပြုအပ်သော သာသနာတော်ကို မှီသောကိစ္စကိုလည်း မလပ်ရအောင် ပြုတော်မူ၏။ ဤသို့သော ကုသိုလ်တရားကို အားထုတ်လျက် နန်းသက်နှစ်ဆယ့်နှစ်နှစ်ရှိသောအခါ နတ်ပြည်မှဆောင်လာ၍ ကြမ္မာကုန်တော်မူ၏။

## မဟာဒါဌိကမင်း

ဘာတိကာဘယမင်း လွန်ခဲ့သော် ညီတော်မဟာဒါဌိကမည်သော မင်းသားသည် ဆယ့်နှစ်နှစ်ပတ်လုံး မင်းပြု၏။ ထိုမင်းလည်း နောင်တော်ကဲ့သို့ မဟာစေတီအား များစွာပူဇော်၏။ ကြာပွင့်သဏ္ဌာန်ရှိကုန်သော ကျောက်တို့ကိုလည်း စေတီရင်ပြင်၌ ခင်းစေ၏။ ကျယ်စွာသော စေတီရင်ပြင်ကို ပြု၍ သဲကြဲပေ၏။ သီဟိုဠ်ကျွန်း အလုံး၌ရှိသော ကျောင်းတို့၌ တရားဟောပလ္လင်ကိုလည်း လှူပေ၏။ ထိုမင်းသည် အမ္ဗတ္ထလမည်သော စေတီကြီးကို တည်၏။ စေတီအစ်တည်အံ့သောအရပ်၌ မင်းလည်း ဘုရားကျေးဇူးတော်ကို အောက်မေ့လျက် အသက်ကိုစွန့်ပြီးလျှင် မိမိကိုယ်ကို လျှောင်းလျက်ခံပေ၏။ ထိုလျှောင်းရာအရပ်၌ အုတ်ကျောက်စီပြီးလျှင် စေတီအခံကို ပြီးစေလျက် အထက်သို့ စီတက်၏။ စေတီ၏တံခါးလေးမျက်နှာတို့၌ လိမ္မာစွာသော ပန်းထိမ်သမားတို့သည် အထူးထူးသော ရတနာတို့ဖြင့် ထွန်းပသော စေတီရုပ်ပွားတော်တို့ကို ထားပေ၏။ စေတီတော်၌ နီစွာသော ကမ္ဗလာကိုစပ်၍ သင်တိုင်းကဲ့သို့ စွပ်ပြီးလျှင် ရွှေကြာပန်းတို့ကို ကပ်၍ ပုလဲသွယ်တို့ဖြင့် ရစ်ပတ်၏။

စေတီယတောင်ကျောင်းကို ဝန်းရံ၍ကာ တစ်ယူဇနာသော ခရီးအရပ်ကိုလည်း ကောင်းစွာ သုတ်သင်၍ ထက်ဝန်းကျင် အရပ်လေးမျက်နှာတို့၌ တံခါးလေးခုထား၍ ခရီးနံပါးနှစ်ဖက်တို့၌ ဈေးအိမ်ခင်းစေ၍ လမ်းတစ်လျှောက်၌ တံခွန်တိုင် တုရိဏ်တိုင်တို့ကို စိုက်၍ ဆီမီးအစဉ်တို့ဖြင့် ထွန်းစေ၍ ကချေသည်တို့ကို လည်းကောင်း, ပဥ္စင် တူရိယာတို့ကို လည်းကောင်း များစွာ တီးမှုတ်ကခုန်စေ၏။ ကဒမ္ဗမြစ်မှ စေတီယတောင်တိုင်အောင် ခရီးကိုလည်း ခင်းနီးကမ္ဗလာကို ခင်းစေလျက် ထိုခရီး၌ နတ်တို့သည်လည်း ကခြင်း၊ သီခြင်းနှင့်တကွသော ပွဲသဘင်ကို ပြုကြ၏။ အနုရာဓမြို့ လေးမျက်နှာ၌ မဏ္ဍပ်ဆောက်၍ အလှူကြီးကို ပေး၏။ သီဟိုဠ်ကျွန်း အလုံး၌ ဆီမီးကို မပြတ်အောင် ထွန်းပေ၏။ ကျွန်းထက်ဝန်းကျင်ရှိသော သမုဒ္ဒရာ၏ ရေစပ်၌လည်း ဆီမီးအစဉ်ဖြင့် အခြားမရှိသည်ကို ပြုပေ၏။ အမ္ဗတ္ထလစေတီကို အနုမောဒနာ ပြုသောအခါ၌လည်း ကြီးကျယ်သော အလှူဝတ္ထုတို့ဖြင့် နှစ်သောင်းလေးထောင်သော ရဟန်းတို့အား လှူဒါန်းတော်မူ၏။ ခြောက်ထည်စီသော သင်္ကန်းတို့ကိုလည်း လှူတော်မူသည်။ ထိတ်ကြိုး ခြေကျဉ်း အကျဉ်းခံရသော သူအပေါင်းတို့ကိုလည်း လွှတ်ပေ၏။ နောင်တော် မင်းတရားသည် ထားအပ်သော အလှူဝတ်ကိုလည်း မချွတ်အောင် ပြုတော်မူ၏။

ထိုမဟာဒါဌိကမင်းသည် မိမိကိုယ်ကို လည်းကောင်း, မိဖုရားကိုယ်ကို လည်းကောင်း, သားတော် ဂါမဏိအဘယမင်းသား တိဿမင်းသားတို့ကို လည်းကောင်း, မင်္ဂလာဆင်တော် မင်္ဂလာမြင်းတော်တို့ကို လည်းကောင်း, သံဃာတော်တို့က တားမြစ်လျက် သံဃာတော်တို့အား လှူတော်မူ၏။ ယင်းသို့လှူပြီးမှ ဘိက္ခုသံဃာအား အဖိုးခြောက်သိန်းထိုက်သော အထူးထူးသော ကပ္ပိယဘဏ္ဍာကိုလှူ၍ ဘိက္ခုနီတို့အားလည်း ခြောက်သိန်းထိုက်သော ကပ္ပိယဘဏ္ဍာကိုလှူ၍ ကိုယ်တော်နှင့်တကွ လှူသမျှသောသူတို့ကို သံဃာ့ကျွန်အဖြစ်မှ လွှတ်စေတော်မူ၏။ ထိုမင်းသည် ကာလာယနကဏ္ဏိကမည်သော အရပ်၌ မဏိနာဂပဗ္ဗတ ကျောင်းကို လည်းကောင်း, ကလန္ဒမည်သောကျောင်းကို လည်းကောင်း, ကုဗ္ဗန္ဒမြစ်နား၌ သမုဒ္ဒမည်သောကျောင်းကို လည်းကောင်း, စူဠနာဂပဗ္ဗတမည်သောကျောင်းကို လည်းကောင်း ဆောက်လုပ်ပေ၏။

ထိုမှတစ်ပါး ပါသာဏဒီပမည်သော ကျောင်း၌ သံဃာတို့ သုံးဆောင်ရန် သောက်ရေဝတ်တည်သော သာမဏေအား ဒါန သီလ တရားအားထုတ်ခြင်း၌ ကြည်ညိုလှသောကြောင့် ကျောင်းမှ ထက်ဝန်းကျင် ရစ်ယူဇနာရှိသောအရပ်ကို နယ်သတ်၍ ကျောင်းအား လှူပေ၏။

ပဏ္ဍဝါပိကျောင်း၌နေသော သာမဏေတို့အား ဤနည်းတူ တစ်ယူဇနာရှိသောအရပ်တို့ကို သံဃာ၏အသုံးအဆောင် ဖြစ်စိမ့်သောငှာ လှူ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် မျက်မြင်သံသရာ လမ်းနှစ်ဖြာ၌ လိမ္မာ မြော်မြင်သော ပညာရှိသော မင်းတို့သည် မင်းမာန်ယစ်ခြင်း ကာမဂုဏ်၌ စုံမက်မြူးထူး မွေ့လျော်ကြူးခြင်းကို မဖြစ် စေမူ၍ သူတော်ကောင်းဘဝကို ရခြင်းငှာ သဒ္ဓါကြည်ညို သဖြင့် ကုသိုလ်ဖြစ်ကြောင်း ကောင်းမှုတရားကို အားထုတ် ကြကုန်သည်။ များစွာသော စည်းစိမ်ကို ရသော်လည်း တစ်ဘဝသာ ခံစား၍မဖျောက် နောက်နောက်သော ဘဝ၌ ထိုထက်အလွန်ကို ရအောင်ကြံရာကြသည်ကို နိဿယ မှတ် ထား၍ နောက်နောက်သော အမျိုးကောင်းသားတို့လည်း ကုသိုလ်တရား တိုးပွားအောင် ကြံဆောင်ကုန်ရာသည်။

**သူတော်ကောင်းတို့အား (ပ) "ပဋ္ဌပဒေါရုဝံသ" အမည်ရှိသော မဟာဝံသကျမ်း၌ (၉၄) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော "ဧကာဒသ, ရာဇဒီပန" အမည် ရှိသော စတုတ္တိံသတိမအပိုင်း အခန်းကား ပြီး၏။**

---

# ဒွါဒသရာဇကဏ္ဍ၊ ပဉ္စတိံသတိမပိုင်း

## နားရှည်လူမျိုးတို့ စစ်ပြုခြင်း

### အာမဏ္ဍဂါမဏိအဘယမင်း

မဟာဒါဌိကမင်း လွန်ခဲ့သော ငယ်သားတော်ဖြစ်သော အာမဏ္ဍဂါမဏိ အဘယမင်းသည် နန်းတက်၍ ကိုးနှစ်နှင့် ရှစ်လပတ်လုံး မင်းပြု၏။ ထိုမင်းသည် မဟာစေတီ၌ ရေး ထီး၏ အထက်၌ ထီးဆင့်၍တင်ခြင်းကို လည်းကောင်း, စေတီရင်း ပွတ်တိုင် အထက်ပွတ်တိုင်တို့ကို လည်းကောင်း ပြင်ဆင်လုပ်ကိုင်ပေ၏။

လောဟပါသာဒ၌ ယိုယွင်းသမျှကိုလည်း ပြုပြင်ပေ ၏။ ထုပါရုံစေတီ၌ ဥပုသ်အိမ်ကို လည်းကောင်း, အလယ် ပွတ်တိုင်တို့ကို လည်းကောင်း, အလယ်ဆောင်ဦးကို လည်း ကောင်း ပြုလုပ်၏။ မဟာစေတီ ထုပါရုံစေတီ နှစ်ဆူ၌ တင့်တယ်စွာသော မဏ္ဍပ်ကိုလည်းကောင်း ရဇတလေဏ ကျောင်းကို လည်းကောင်း ပြုလုပ်၏။

### သားပြွမ်းဖရုံဟင်း

ထိုမင်းသည် မဟာဂါမ၌ ရေကန်ကိုပြုလုပ်၍ ဒက္ခိဏ ကျောင်း သံဃာတော်တို့အား လှူဒါန်း၏။ သီဟိုဠ်ကျွန်း အလုံး၌လည်း သား, ငါး သတ်ခြင်းမရှိအောင် သတ္တဝါ တို့အား ဘေးမဲ့ပေး၏။ နွယ်သီး မျိုးစေ့တို့ကို စိုက်စေ၍ သားဖြင့်ပြွမ်းသော ဖရုံဟင်းကိုချက်၍ သံဃာတော်ခပ်သိမ်း တို့အား သပိတ်ပြည့် လှူတော်မူ၏။ ဤသားပြွမ်းဖရုံဟင်း တို့ကို အကြိမ်များစွာ လှူတတ်သောကြောင့် အာမဏ္ဍ ဂါမဏိမင်းဟူ၍ ခေါ်သတည်း။

### ကဏိဇဏုတိဿမင်း

ထိုမင်းကို ညီတော် ကဏိဇဏုတိဿမင်းသည် သတ် ၍ အနုရာဓမြို့၌ သုံးနှစ်ပတ်လုံး မင်းပြုသတည်း။ ဤမင်း သည် ဥပုသ်အိမ်၌ အငြင်းအခုံ ဖြစ်ကြသော ရဟန်းတို့၏ တရားကို ဆုံးဖြတ်ပေ၏။ မင်းကို ပြစ်မှားခြင်းငှာ ကြံစည် ကြကုန်သော ခြောက်ကျိပ်မျှလောက်သော ဒုဿီလရဟန်း တို့အား ဥစ္စာလက်နက်နှင့်တကွ ဖမ်းစေ၍ စေတိယတောင် ၏ ကရိန္ဒမည်သော ချောက်၌ပင်ချ၍ သတ်လေ၏။

### စူဠာဘယမင်း

ကဏိဇဏုမင်း လွန်လတ်သော် အာမဏ္ဍဂါမဏိမင်း ၏သားဖြစ်သော စူဠာဘယမင်းသည် နန်းတက်၍ တစ်နှစ် မင်းပြု၏။ ထိုမင်းသည် အနုရာဓမြို့၏ တောင်မျက်နှာ ဂေါဏကမြစ်နား၌ စူဠဂလ္လကမည်သောကျောင်းကို ဆောက် ပေ၏။

### သီဝလိမင်းသမီး

စူဠာဘယမင်း လွန်လတ်သော် ထိုမင်း၏နှမငယ်ဖြစ် သော သီဝလိမင်းသမီးသည် လေးလပတ်လုံး မင်းပြု၏။

### ဣဠနာဂမင်းနှင့် နားရှည်လူမျိုး

ထိုသီဝလိကို အာမဏ္ဍဂါမဏိမင်း၏ တူဖြစ်သော ဣဠနာဂမင်းသည် နန်းကချ၍ မိမိသည် ထီးဖြူဆောင်း၍ မင်းပြုလေ၏။ ထိုမင်းသည် အစစွာသောနှစ်၌ ရှေးမင်းတို့ ထုံးစံအတိုင်း တိဿဝါပိကန်၌ ရေသဘင်ပြုလတ်သော် များစွာသော နားရှည်လူမျိုးတို့သည် ထိုဣဠနာဂမင်းကို ထား ခဲ့၍ မြို့တွင်းသို့ ဝင်လေကုန်၏။ မင်းသည် ထိုအကြောင်း ကို သိလေသော် အမျက်ထွက်၍ ထိုနားရှည်လူမျိုးတို့အား ရေကန်၏ နံပါးဖြစ်သော မဟာစေတီလမ်းကို ဖို့၍ ဆင် ကဲ့သို့ နင်းစေကုန်၏။ စဏ္ဍာလတို့ကိုလည်း အကြပ်ပြု၍ စီရင်စေ၏။

### ဣဠနာဂမင်း အကျဉ်းချခြင်း

ထို့ကြောင့် နားရှည်လူမျိုးတို့သည် အမျက်ထွက်ကုန် ရကား ပေါင်းသင်း၍ မင်းကိုဖမ်းပြီးလျှင် ခြေကျဉ်းခတ်၍ နှောင်အိမ်၌ အကျဉ်းထား၍ မိမိတို့နိုင်ငံကို စီရင်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



## မင်္ဂလာဆင်တော်

ထိုအခါ ဣဋ္ဌနာဂမင်း၏ မိဖုရားသည် သားငယ်ဖြစ်သော စန္ဒမုခသီဝမင်းသားကို တန်ဆာဆင်ယင်၍ အထိန်းတို့၏လက်သို့အပ်၍ မင်္ဂလာဆင်တော်၏ထံသို့ မှာဆို၍ ပို့စေကုန်၏။ အထိန်းတို့လည်း မိဖုရား သင်လိုက်တိုင်း ဆောင်လေ၍ ဆင်၏ရှေ့၌ ထားပြီးလျှင် အရှင်ဆင်ကြီး ဤသူငယ်ကား သင့်အရှင်၏သားတည်း။ သင့်အရှင်ကို နားရှည်လူမျိုးတို့သည် ခြေကျဉ်းခတ်၍ နှောင်အိမ်၌ထား၏။ ဤသူငယ်ကို ရန်သူသတ်၍ သေရသည်ထက် သင် ဆင်မင်း သတ်၍ သေခြင်းသည် မြတ်၏။ ဤမင်းသားကို သတ်စိမ့်သောငှာ သူ့မယ်တော်က ပို့ပါချေဆို၍ လာရသည်ဟုပြော၍ မင်းသားကိုလည်း ဆင့်ခြေရင်း၌ အိပ်စေ၏။ ထိုစကားကိုကြားသော မင်္ဂလာဆင်တော်သည် သည်းစွာငို၍ ဆင်ချည်တိုင်ကို ချိုးဖျက်ပြီးမှ မင်းအိမ်သို့ ဝင်၍ နှောင်အိမ်တံခါးကိုဖွင့်လျက် မင်းကို ကျောက်ကုန်းထက်၌ တင်၍ မဟာတိတ္ထသို့ သွားလေ၏။ ဆိပ်သို့ရောက်သော် မင်းကို လှေသို့တင်၍ မိမိသည် အနောက်သမုဒ္ဒရာနားဖြင့် သွားလျက် မလယဇနပုဒ်သို့ တက်လေ၏။

## နန်းတက်၍ အဘိသိက်ခံခြင်း

ဣဋ္ဌနာဂမင်းလည်း ထိုမှာဘက်၌ သုံးနှစ်ပတ်လုံး နေ၍ ဗိုလ်ပါတို့ကို ရုံးစု၏။ ဗိုလ်ပါတို့ကို ရုံးစုသည်းဝေးစေမိပြီးသော် သက္ကရသောမ္မမည်သော ဆိပ်သို့ကူး၍ ထိုရောဟန ဇနပုဒ်၌ များစွာသော ဗိုလ်ပါတို့ကို သင်္ဂြိုဟ်ချီးမြှောက်ပြီးမှ မင်္ဂလာဆင်တော်ကို ဆောင်၍ တုလာဓာရ ကျောင်း၌နေသော ဓာတ်ကို ဟောလေ့ရှိသော "မဟာပဒုမ" မဟာထေရ်၏ထံ၌ မျောက်မင်းဇာတ်ကို နာရ၍ ဘုရားလောင်း၌ ကြည်ညိုခြင်းရှိလှသဖြင့် ညီ့မလွှတ်သောလေးအပြန်တရာရှိသော နာဂအမည်ရှိသော ကျောင်းကြီးကို ဆောက်၏။ တည်မြဲတိုင်းသော စေတီကိုလည်း ဆိုအပ်ပြီးသော ပမာဏအားဖြင့် ပွားစေ၏။ တိဿရေကန်ကိုလည်း ပြုစေ၏။

ထို့နောင်မှ ဣဋ္ဌနာဂမင်းလည်း ဗိုလ်ပါကိုဆောင်လျက် စစ်ထိုးခြင်းငှာ ထွက်လေသော ထိုနားရှည်လူမျိုးတို့လည်း အကြောင်းကို ကြား၍ စစ်ထိုးခြင်းငှာ ထွက်လာပြီးလျှင် တဝလ္လကဏ္ဍမည်သော လယ်ပြင်၌ ရင်ဆိုင်ကပ်၍ စစ်ထိုးကြသည်။ ထိုအခါ ဣဋ္ဌနာဂမင်း၏ ရဲမက်တို့သည် လှေကစားခြင်းကြောင့် ပင်ပန်းသော လက်ရှိကုန်ရကား နောက်သို့ ဆုတ်ကြကုန်၏။ ဣဋ္ဌနာဂမင်းက ငါသည် ဤသီဟိုဠ်ကျွန်းခရိုင်ကို အမွေဆိုင်သူ မဟုတ်လောဟု ကြွေးဝါးလျက် ဓားတစ်ဖက်တစ်စင်းကို ကိုင်၍ ဗိုလ်ထုအတွင်းသို့ဝင်၏။ နားရှည်လူမျိုးတို့သည်လည်း ကြောက်ကုန်၏။ ထိုသူတို့၏ ဦးခေါင်းကိုဖြတ်၍ စုထားသည်မှာ ရထားပုန်းတောင်းနှင့်အမျှ ရှိကုန်၏။ ဤအတူ သုံးကြိမ်ပြုပြီးမှ ထိုသူတို့အား သနားခြင်းဖြင့် မသတ်ဘဲ အရှင်ဖမ်းခြင်းကို ပြုပေ၏။

ဤသို့လျှင် နားရှည်လူမျိုးတို့ကို အောင်တော်မူ၍ အနုရာဓမြို့ကို သိမ်းယူလျက် နန်းတက်တော်မူ၏။ အဘိသိက်ခံပြီးလျှင် ရေသဘင် ကစားခြင်းငှာ တိဿရေကန်သို့ သွားတော်မူ၏။ ထိုရေကန်မှ ပြန်သောအခါ မိမိစည်းစိမ်၏ အန္တရာယ်ကို ပြုကုန်သော နားရှည်လူမျိုးတို့၏ အပြစ်ကို အောက်မေ့၍ စီးတော်မူသော ရထား၌ နွားကဲ့သို့ ထမ်းပိုးအဆင့်ဆင့်တပ်၍ ရုန်းစေလျက် မြို့အတွင်းသို့ ဝင်တော်မူလေ၏။ မင်းသည် မြို့တွင်းသို့ ဝင်မိသော် တံခါးခုံ၌ ရပ်၍ "အမတ်တို့၊ ဤနားရှည်လူမျိုးတို့၏ ဦးခေါင်းကိုဖြတ်ကြကုန်" ဟု စေ၏။ ထိုအခါ မင်း၏ မယ်တော်က "ဤနားရှည်လူမျိုးတို့လည်း စီးတော်ရထား၌ ကသောနွားဖြစ်ကုန်ပြီ။ ဦးချိုနှင့်ခွာကိုသာ ဖြတ်သင့်ပါတော့သည်" ဟု ဆိုသောကြောင့် အသက်ချမ်းသာစေလျက် နှာခေါင်းဖျားနှင့် ခြေမဖျားကိုသာ ဖြတ်စေကုန်၏။ မင်္ဂလာဆင်တော်နေသော ရွာကိုလည်း ဆင်တော်အား ရွာစားပေးသည်ဖြစ်၍ ထိုအရပ်ရွာသည် "ဟတ္ထိဘောဂဇနပုဒ်" ဟု တွင်သတည်း။

## စန္ဒမုခသီဝမင်း

ဣဋ္ဌနာဂမင်းသည် ခြောက်နှစ်ပတ်လုံး မင်းပြု၍ ကံကုန်လေသော် ထိုမင်း၏ သားတော်ဖြစ်သော စန္ဒမုခသီဝမင်းသည် နန်းတက်၍ ရှစ်နှစ်နှင့်ခုနစ်လ မင်းပြု၏။ ထိုမင်းသည် မဏိကာရရွာ၏ အနီး၌ ရေကန်ကြီးကိုပြု၍ ဣဿရသမဏကျောင်းအား လှူပေ၏။ ဒမိဠာဒေဝီမည်သော ထိုမင်း၏ မိဖုရားသည်လည်း မိမိစားသော မဏိကာရရွာမှ အခွန်အတုတ်ကို ထိုကျောင်းအား လှူလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



### ယသဠာလကတိဿမင်း

မင်းပြု၍ ခြောက်နှစ်ရှိသောအခါ တိဿဝါပိကန်၌ ရေသဘင်ကစားရာဝယ် ထိုစန္ဒမုခသီဝမင်း၏ ညီတော်ဖြစ်သော ယသဠာလကတိဿမင်းသည် သတ်၍ အနုရာဓမြို့နန်းကို သိမ်းမြန်း၍ ခုနစ်နှစ်နှင့် ရှစ်လပတ်လုံး မင်းပြုသတည်း။

### မင်းနှင့်မတော် ပြက်ချော်ချော်

ဤမင်းကား ရယ်ရွှင်ပျော်ပါးခြင်း ကြူး၏။ တံခါးစောင့်ဖြစ်သော ဒတ္တအမည်ရှိသော သူသည် မင်းနှင့်အသွင်အပြင်တူသတည်း။ ထိုတံခါးစောင့် ဒတ္တကို မင်း၏အဝတ်တန်ဆာတို့ကို ဆင်ယင်စေ၍ မင်းနေရာပလ္လင်၌ နေစေပြီးသော် မိမိကား တံခါးစောင့်၏ ဦးရစ်ပုဆိုးတို့ကို ဝတ်၍ ကြိမ်လုံးကိုကိုင်၍ တံခါးအနီး၌နေ၏။ မှူးမတ်တို့ ညီလာခံဝင်လာ၍ မင်းနေရာ၌နေသော တံခါးမှူးကို ရှိခိုးလေသော် ယသဠာလကတိဿမင်းသည် ပြင်းစွာ ရယ်ရွှင်၏။ ဤသို့ ကြိုးကြား ကြိုးကြား ပြုဖန်များသဖြင့် မှူးမတ်တို့လည်း နလုံးမသာ ရှိကြကုန်၏။

### ရွှင်မြူးပြက်ချော်ရာမှ တံခါးမှူးမင်းဖြစ်ခြင်း

တစ်ရံသောအခါ မင်းသည် တံခါးမှူးယောင်ပြုစေ၍ တံခါးမှူးသည် မင်းနေရာ၌ နေစေ၍ ရှေးကဲ့သို့ ရယ်လေသော် ငါသို့သော မင်းကို ဤတံခါးမှူးသည် မလေးမစား ရယ်ရာသလော ဤနေရာတွင် သတ်ဆို၍ သတ်လေ၏။ သတ်ပြီးသော် တံခါးမှူး ဒတ္တသည်ပင် သုဘမင်းဟူသော အမည်ကိုယူလျက် ခြောက်နှစ်ပတ်လုံး မင်းပြု၏။

ထိုသုဘမင်းသည် မဟာဝိဟာရကျောင်း, အဘယဂိရိကျောင်းဟူသော ကျောင်းကြီးနှစ်ရပ်၌ မွေ့လျော်ဖွယ်ရှိသော သုဘမည်သော ပရိဝုဏ်ကို ပြုလုပ်၏။ ထိုနောင်ဥရုဝေလ၏ အနီးဝလ္လိမည်သော ကျောင်းကြီးကို လည်းကောင်း, အနုရာဓမြို့၏ အရှေ့၌ ကေဒ္ဒါရမည်သော ကျောင်းကြီးကို လည်းကောင်း, ကဏ္ဍကဂင်္ဂါ၏ ကမ်းနား၌ နန္ဒိဂါမမည်သော ကျောင်းကြီးကို လည်းကောင်း ဆောက်လုပ်ပေ၏။

---

## ဝသဘာမင်းအား အသက်ရှည်ရှည် နေရအံ့သောနည်းကို သံယာတော်တို့ ဟောကြားညွှန်ပြခြင်း

### ဝသဘာမင်း

နားရှည်လူမျိုးသားဖြစ်သော အနုရာဓမြို့၏ မြောက်မျက်နှာ၌နေသော ဝသဘာအမည်ရှိသော သူသည် ဦးရီးဖြစ်သော စစ်သူကြီးအား ခစား၍နေ၏။ ထိုအခါ ပညာရှိသော ဟူးရားသမားတို့သည် ဝသဘာမည်သော သူသည် မင်းဖြစ်လတ္တံ့ဟု ဟောပြောကြ၏။ ထိုစကားကို ယသဠာလကမင်းကြား၍ မင်းချင်းတို့အား လွှတ်ပြီးလျှင် သီဟိုဠ်ကျွန်းအားလုံး၌ ဝသဘာအမည်ရှိသော သူဟူသမျှကို ဖမ်း၍ သတ်စေ၏။ ထိုစစ်သူကြီးလည်း ဤဝသဘာကို မင်းအားပေးကြကုန်ဟု ပေါတ္ထအမည်ရှိသော မယားနှင့်တိုင်ပင်၍ နံနက်စောစောကပင် အိမ်သို့ သွား၏။ ထိုစစ်သူကြီး၏ မယားသည် ထိုဝသဘာကို ထုံးယူလွှတ်စိမ့်သောငှာ ထုံးမပါသော ကွမ်းထုပ်ကို ပေးလိုက်၏။

စစ်သူကြီးလည်း မင်းအိမ်တံခါးဝသို့ရောက်၍ ကွမ်းစားမည်ဟု ကြည့်လျှင် ထုံးမပါသည်ကိုမြင်၍ သင် အိမ်သို့သွား၍ ထုံးယူချေဟု စေလိုက်၏။ ဝသဘာထုံးယူလာသော် စစ်သူကြီး၏ မယားသည် "ဝသဘာ၊ သင်၏ ဦးရီးသည် သင့်အား မင်းကိုအပ်၍ သတ်စေလတ္တံ့၊ သင်သည် လွတ်အောင် ပြေးလေလော့" ဆို၍ သပြာတစ်ထောင်ပေး၍ ပြေးစေ၏။ ထိုဝသဘာလည်း မဟာဝိဟာရ အရပ်သို့သွား၍ ကျောင်း၌ ကပ်နေ၏။ မထေရ်တို့ကလည်း နို့ထမင်းအဝတ်တို့ဖြင့်ပေး၍ ချီးမြှောက်၏။

### သူ့ကျေးဇူး

တစ်ရံသောအခါ ပညာရှိသော လူနူတစ်ယောက်သည် ဝသဘာ၏ ဇာတာကို တွက်စစ်၍ "သင်သည် မင်းဖြစ်လတ္တံ့" ဟု ဟောသောစကားကို ကြားရ၍ ဝမ်းမြောက်သော စိတ်ရှိရကား စွမ်းရည်သတ္တိရှိသော ယောက်ျားတို့ကို ရုံးစု၏။ အတန်ရုံးစုမိသော် "မုန့်သည်မသားသည် မုန့်အနားကစ၍ စားရာသည်" ဟူသော စကားထုံးကို လက်သုံးပြုသဖြင့် မြို့စွန် ရွာစွန်မှ တစ်စတစ်စသိမ်း၍ နှစ်နှစ်ကြာသဖြင့် ဗိုလ်ပါဆင်မြင်းအား ရှိသောအခါ အနုရာဓမြို့အနီးသို့ ချီလာ၍ ဝန်းရံ၏။ သုဘမင်းလည်း အလုံးအရင်းနှင့်တကွ ထွက်၍ စစ်ဘက်လေသော် စစ်မြေပြင်၌ သုဘာ

www.burmeseclassic.com



မင်းကျ၍ တိသဘမင်းဖြစ်လေ၏။ ဦးရီးဖြစ်သော စစ်သူကြီးကား စစ်ထိုးရာ၌ ကြမ္မာကုန်လေ၏။ ထို ဝသဘမင်းသည် ဦးရီး၏မယားဖြစ်သော ပေါတ္ထကို မိမိအား မ,စ,ပြောဆိုဖူးသော ကျေးဇူးကို ထောက်ထား၍ မိဖုရားပြုလေ၏။

## အသက်ရှည်ကြောင်းကောင်းမှု

ထိုဝသဘမင်းသည် မင်းဖြစ်သောအခါ ပညာရှိ ဟူးရားတို့အား ဆိတ်ကွယ်ရာသို့ခေါ်၍ ကျွန်ုပ် ဘယ်မျှလောက် မင်းပြုရအံ့နည်းဟု မေး၏။ တစ်ဆယ့်နှစ်နှစ် မင်းပြုရလိမ့်မည်ဟု ဟောသော် ထိုဟူးရားဆရာကို စကားစောင့်စိမ့်သောငှာ သပြာတစ်ထောင်ပေး၍ မည်သူအားမျှ မပြောကြားလင့်ဆို၍ လွှတ်လိုက်၏။ ထို့နောက်မှ သံဃာတော်တို့ကို စည်းဝေးစေ၍ ရှိခိုးပြီးလျှင် "အရှင်ဘုရားတို့၊ အသက်ရှည်လျား တိုးပွားခြင်းအကြောင်း ကောင်းမှုမရှိပါသလော" ဟု မေး၏။ ထိုအခါ သံဃာတော်တို့က ဤသို့ ဟောပေ၏။

* ပရိဿာဝန ဒါနဥ္စ၊ အာဝါသဒါန မေဝစ။
ဂိလာနဝတ္တဒါနဥ္စ၊ ဒါတဗ္ဗံ မနုဇာဓိပ။ ။
ကာတဗ္ဗံ ဇိဏ္ဏကာဝါသ၊ ပဋိသင်္ခရဏံတထာ။
ပဉ္စသီလ သမာဒါနံ၊ ကတွာ တံ သာဓု ရက္ခိယံ။ ။
ဥပေါသထူပဝါသောစ။ ကတ္တဗ္ဗော ပေါသထေ ဣတိ။ ။
(ပဏ္ဍာဝတ္ထ–သုံးဂါထာ)

မနုဇာဓိပ၊ လူတို့ကို အစိုးရသော မင်းကြီး။ ပရိဿာဝနဒါနဥ္စ၊ ရေစစ်အလှူကို လည်းကောင်း။ အာဝါသဒါနမေဝစ၊ ကျောင်းကန်နေရာ အလှူကိုလည်းကောင်း။ ဂိလာနဝတ္တဒါနဥ္စ၊ လူနာ၊ ရဟန်းနာတို့အား ယာဂုဝတ်၊ ဆေးဝတ် အလှူကို လည်းကောင်း။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏။

တထာ၊ ထိုမှတစ်ပါး။ ဇိဏ္ဏကာဝါသပဋိသင်္ခရဏံ၊ ဟောင်းမြင်းဆွေးမြေ့သော ကျောင်းကန်နေရာ မွမ်းမံပြုပြင်ခြင်းကိုလည်း။ ကာတဗ္ဗံ၊ ပြုအပ်၏။ ပဉ္စသီလသမာဒါနံ၊ ငါးပါးသီလ ပဉ္စသီကို ဆောက်တည်ခံယူခြင်းကို၊ ကတွာ၊ ပြု၍။ တံ၊ ထိုငါးပါးသီလ ပဉ္စသီကို။ သာဓုရက္ခိယံ၊ ကောင်းစွာ စောင့်ရှောက်ရာ၏။

ဥပေါသထေ၊ ဥပုသ်နေ့တိုင်း၌ ဥပေါသထူပဝါသောစ၊ ဥပုသ်ဆောက်တည် စောင့်သုံးခြင်းကိုလည်း။ ကာတဗ္ဗော၊ ပြုအပ်၏။

"ဝသဘမင်းမြတ်၊ ငါးပါးသီဟူသော ပဉ္စသီကို နေ့ညဥ့်မပြတ် အမြဲဆောက်တည်ထား၍ အကြားအကြား ဥပုသ်နေ့၌ ရှစ်ပါး ဆယ်ပါး စသော ဥပုသ်သီလ ဆောက်တည်ရာ၏။ ရေစစ်, ကျောင်းကန်နေရာ, ဂိလာန သူနာတို့ အလို့ငှာ ယာဂု, ဆေးစသည်ကိုလည်း ပေးလှူရာ၏။ ဆွေးမြေ့ယိုယွင်း ဟောင်းမြင်းသော ကျောင်းကန်နေရာကိုလည်း ပြုပြင်ရာ၏။ ဤသို့ပြုလျှင် အသက်ရှည်စွာ နေရရာသတည်း" ဟု ဟောတော်မူကြကုန်၏။

## ကောင်းမှုကုသိုလ်

ဝသဘမင်းလည်း သံဃာတော်တို့ ဟောသောတရားကို နာရလျှင် အကျွန်ုပ် ပြုပါမည်ဟု ဝန်ခံ၍ ပဉ္စသီကိုလည်း အမြဲဆောက်တည်သည်။ ဥပေါသထသီလကိုလည်း သီတင်းဟူသမျှ မလပ်အောင် ဆောက်တည်သည်။ သီဟိုဠ်ကျွန်း၌ရှိသော အလုံးစုံသော သံဃာတော်တို့အား သုံးနှစ်တစ်ကြိမ် တိစီဝရိက်သင်္ကန်းဖြင့် လှူဒါန်းသည်။ မလာနိုင်သော ရဟန်းတို့အား သွား၍ပို့စေသည်။

ရှေးမင်းတို့ပြုခဲ့သော သုံးဆယ့်နှစ်ဌာနတို့၌ ပျား, ဃနာဆွမ်းကိုလည်း လှူဒါန်းသည်။ ခြောက်ဆယ်လေးဌာနတို့၌ မိဿက ဒါနကိုလည်း လှူဒါန်းသည်။ စေတီယတောင်, ထူပါရုံစေတီတော်, မဟာစေတီတော်, မဟာဗောဓိအိမ် ဤလေးဌာနတို့၌ တစ်ထောင်မျှစီသော ဆီမီးကို ထွန်းတော်မူလေသည်။

စိတ္တလတောင်ထိပ်၌ နှလုံးမွေ့လျော်ဖွယ် ဆယ်ဆူသော စေတီတို့ကို တည်တော်မူသည်။ အလုံးစုံသော သီဟိုဠ်ကျွန်း၌ ဟောင်းနွမ်းပျက်စီးသမျှသော ကျောင်းတို့ကို ပြုပြင်တော်မူသည်။ ဝလ္လိယေရမည်သော ကျောင်းကိုဆောက်၍ ထိုကျောင်းနေမထေရ်အား လှူလေသည်။ မဟာဝလ္လိဂေါတ္တမည်သောကျောင်းကို လည်းကောင်း, မဟာဂါ၏ အနီး၌ အနုရာမည်သောကျောင်းကို လည်းကောင်း ဆောက်လုပ်၍ သံဃာတို့အား လှူတော်မူသည်။ ထိုကျောင်းအား တစ်ထောင့်ရှစ်ပယ်သော လယ်ကိုလည်းကောင်း ဝတ္ထုကာမ်ပြု၍ လှူတော်မူသည်။ အနုရာမြို့ အရှေ့အရပ်၌ မုစေလမည်သောကျောင်းကို ဆောက်၍ တိဿဝဟမာနကအရပ်မှ ဆိုးရည်ဆိုးသောအခွန်ကို ကျောင်းအား လှူလေသည်။

---

* မဟာဝင်ဝတ္ထုစကားပြေမူရင်း၌ အနက်ယောနောသာပါ၍ ဂါထာပါဠိမပါ။ မဟာဝံသအဋ္ဌကထာ (၂၀၅) မျက်နှာမှယူ၍ သွင်းထည့်လိုက်သော (၇၄–၇၅–၇၆) ဂါထာတို့တည်း။

www.burmeseclassic.com



ဂလမ္ဗမည်သောဆိပ်၌ စေတီကိုလည်း အုတ်တံတိုင်း ထပ်လွှမ်းသည်။ ဥပုသ်အိမ်ကိုလည်း ပြုလုပ်၍ ထိုအိမ်၌ ဆီမီးဝတ်အကျိုးငှာ ပယပရိယမည်သော ရေကန်ကိုပြု၍ လှူလေသည်။ ကုမ္ဘိဂလ္လကမည်သော ကျောင်း၌ ဥပုသ်အိမ်ကိုလည်း ပြုစေသည်။ ဉာဿရသမဏာကျောင်း၌ လည်းကောင်း, ထူပါရုံကျောင်း၌ လည်းကောင်း ဥပုသ်အိမ်ကို ပြုစေသည်။ မဟာဝိဟာရတိုက်၏ အနောက်မျက်နှာ၌ ပရိဝုဏ်အစဉ်ကိုလည်း ပြုပြင်သည်။ ဆွေးမြေ့သော စတုသာလကိုလည်း အသစ်ပြုပြင်သည်။ မဟာဗောဓိပင်အပြင်၌ ကြည်ရွှင်မွေ့လျော်ဖွယ်ရှိသော ဆင်းတုတော် လေးဆူကိုလည်း ဝူလိုဏ်နှင့်တကွ ပြုတော်မူသည်။

ပေါတ္တမည်သော ထိုမင်း၏ မိဖုရားသည် ထိုဘုရားလေးဆူ၏အနီး၌ စေတီအိမ်နှင့်တကွသော စေတီကိုလည်း တည်သည်။ ထိုစေတီဆင်းတု ပြီးသောအခါ ကြီးစွာသော အလှူကိုပေးတော်မူသည်။ ပိဋကတ်တော်ကို သင်ကြားလေ့ကျက် ဆောင်ရွက် အားထုတ်ကုန်သော ရဟန်းတို့အား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့တော်မူသည်။ ဓမ္မကထိကပုဂ္ဂိုလ်တို့အား ထောပတ်, တင်လဲ, ပျား, သကာလှူတော်မူသည်။ မြို့တံခါးလေးမျက်နှာ၌ ဆင်းရဲနွမ်းပါးသောသူ အထီးကျန်သော သူတို့အား အဝတ်အစား ပေးကမ်းစေသည်။ နာကုန်သော ရဟန်းတို့အား ဂိလာနဝတ်ကိုလည်း မပြတ်ပြုသည်။

(၁) မယေတ္တိရေကန်၊ (၂) ရာဇုပ္ပလရေကန်၊ (၃) စဟရေကန်၊ (၄) ကောဠမ္ဗရေကန်၊ (၅) မဟာနိကဝတ္တိရေကန်၊ (၆) မဟာရာမေတ္တိရေကန်၊ (၇) ကေဟာဠရေကန်၊ (၈) ကေဠိဝါသရေကန်၊ (၉) ဇမ္ဗုယဋ္ဌိရေကန်၊ (၁၀) ဝါတမင်္ဂနရေကန်၊ (၁၁) အဘိဝမုမနကရေကန်။ ဤတစ်ဆယ့်တစ်ကန်တို့ကို လည်းကောင်း, တစ်ဆယ့်နှစ်ခုသော ရေမြောင်းတို့ကို လည်းကောင်း, သတ္တဝါအများတို့ ဝပြောစေခြင်းငှာ ပြုတော်မူသည်။ အနုရာဓမြို့ကိုလည်း တစ်ဆယ့်ရှစ်တောင်သော မြို့ရိုးဖြင့် ပတ်၍တည်သည်။ လေးမျက်နှာသော တံခါးကြီး တံခါးမုခ်တို့ကိုလည်း ခိုင်ခံ့စွာလုပ်စေသည်။ မြို့တွင်းမြို့ပြင်၌ များစွာသော လေးထောင့်ကန် ရေပြွန်ရေမြောင်းတို့ကို ပြုတော်မူသည်။

## ၁၄–နှစ်မှ ၄၄–နှစ်ကြာ

ဤသို့လျှင် ဝသဘမင်းသည် ပြည်သူ လူ ရဟန်းတို့၏အကျိုးငှာ များစွာသော ကုသိုလ်ကောင်းမှုကို ပြုတော်မူသောကြောင့် မကောင်းသော အန္တရာယ်တို့သည် စဉ်းငယ်မျှမရှိဘဲ လေးဆယ့်လေးနှစ်ပတ်လုံး မင်းပြုတော်မူရသတည်း။

## သုဘမင်း၏ သမီးတော်

တံခါးမှူးမှဖြစ်သော သုဘမင်းသည် ထင်ရှားရှိစဉ်က ဝသဘမင်းဗိုလ်ပါနှင့်တကွ ချီလာပြီးကြားလျှင် ကြောက်လန့်ရကား မိမိ၏ တစ်ယောက်တည်းသော သမီးငယ်ကို အုတ်လက်သမားထံအပ်၍ ထား၏။ မင်းနှင့်တန်သော ကမ္ဗလာကို လည်းကောင်း, လက်စွပ်, လက်ကောက်, ဆံထိုး စသော ဘဏ္ဍာကိုလည်းကောင်း အပ်၍ ထား၏။ ထိုသုဘမင်းကို ဝသဘမင်းသတ်လေသော် အုတ်လက်သမားသည် ထိုမိန့်မငယ်အား သမီးပြု၍ မွေး၏။ ထိုသူငယ်မသည် အုတ်လက်သမား လုပ်ရာဌာနသို့ သွား၍ ထမင်းပို့ရ၏။

တစ်ရံရောအခါ ထိုသူငယ်မသည် အဖလက်သမားအား ထမင်းပို့သွားရာဝယ် ခရီး၏အပါး ဆူးရစ်ချုံ၌ နိရောဓသမာပတ်ကို ဝင်စား၍နေသော ရဟန္တာတစ်ဦးကို မြင်လျှင် အလွန်ကြည်ညိုသော စိတ်ရှိရကား ရှိခိုးပူဇော်၍ သွား၏။ ခုနစ်ရက်မြောက်သောနေ့၌ ထိုရဟန္တာ သမာပတ်မှ ထသည်ကိုမြင်လျှင် မိမိတွင်ပါသော ဆွမ်းယာဂုတို့ကို ကပ်လှူ၍ တစ်ဖန်ပြန်၍ ချက်ပြီးမှ အဖထံသို့ ထမင်းပို့၏။ အဘက "သမီး. အဘယ့်ကြောင့် ကြာမြင့်သနည်း" ဟု မေးသော် ရဟန်းတော်တစ်ပါး သမာပတ်မှထသည်ကို မြင်သဖြင့် လှူခဲ့ပါသည်။ တစ်ဖန်ပြန်၍ ချက်ရသောကြောင့် ကြာမြင့်ပါသည်" ဟု ဆို၏။ အဖလက်သမားက ဝမ်းမြောက်စွာ သာဓုခေါ်ပြီးမှ "ချစ်သမီး၊ ဤအရှင်အား မပြတ်လျှင် ဆွမ်းကျွေးခဲ့လော့" ဟု ဆို၍ နေ့တိုင်းကျွေး၏။ ရဟန္တာအရှင်လည်း အနာဂတ်ကို ဆင်ခြင်၍ မြင်တော်မူသဖြင့် သူငယ်မအား ချီးမြှောက်ခြင်းငှာ "သူငယ်မ၊ သင်သည် အစိုးရဖြစ်သောအခါ ဤနေရာကို မမေ့လင့် မပြတ်သတိရစေလော့" ဟု ဆုံးမ၍ မကြာမီပင် ပရိနိဗ္ဗာန်ပြုတော်မူ၏။

## သားတော်နှင့် ထိမ်းမြားခြင်း

ဝသဘမင်းသည် ဝင်္ကနာသိကတိဿမည်သော မိမိ၏သားကို အရွယ်သို့ရောက်သော် ထိုမင်းသားအား လျောက်

www.burmeseclassic.com



ပတ်သော သတို့သမီးကို ရှာစေ၏။ ဤဥစ္စာလက္ခဏာ၌ လိမ္မာသောပညာရှိအမတ်သည် အုတ်လက်သမား၏အိမ်၌ နေသော သတို့သမီးကိုမြင်၍ မင်းအား ကြားလျှောက်ကုန်၏။ မင်းလည်း အုတ်လက်သမားကိုခေါ်၍ မေးသည်တွင် "အရှင်မင်းကြီး၊ ဤသူငယ်မကား ကျွန်ုပ်၏ သမီးရင်း မဟုတ်ပါ၊ သုဘမင်း၏ သမီးပါတည်း" ဟု လျှောက်ကြား၍ လက်၌ အပ်ထားသော ကမ္ဗလာ, မင်းဘဏ္ဍာတို့ကို ပြ၏။ ဝသဘမင်းလည်း အလွန်အားရသဖြင့် သူငယ်မအား ဆောင်ယူ၍ ကောင်းမွန်ကြီးကျယ်စွာ မင်္ဂလာပြု၍ သားတော်နှင့် ထိမ်းမြားပေ၏။

## ဝင်္ကနာသိကတိဿမင်း

ဝသဘမင်း လွန်လေသော် သားတော် ဝင်္ကနာသိကတိဿမင်းသည် နန်းတက်၍ သုံးနှစ်တိုင်အောင် မင်းပြုလေသတည်း။ ထိုသူငယ်မလည်း မိဖုရားဖြစ်လေသည်။ ထိုမင်းသည်လည်း ဂေါဏမြစ်၏ ကမ်းနား၌ မဟာမင်္ဂလာမည်သော ကျောင်းကိုဆောက်၏။

## ဂဇဗာဟုကဂါမဏီမင်း

ပညာရှိသော မိဖုရားသည်လည်း မထေရ်ဆိုခဲ့သော စကားကို အောက်မေ့၍ ကျောင်းဆောက်ခြင်းငှာ ဥစ္စာတို့ကို ရုံးစု၍ ရုံးစုစဉ်ပင် ဝင်္ကနာသိကမင်းသည် လွန်လေ၍ သားတော် ဂဇဗာဟုကဂါမဏီမင်းသည် မင်းအဖြစ်သို့ ရောက်လေသတည်း။ ထိုမင်းသည် မယ်တော်၏စကားကိုကြား၍ မယ်တော်၏ အလို့ငှာ ဆူးရစ်ချုံရာ၌ ကြီးစွာသော ကျောင်းကြီးကို ဆောက်၏။ မယ်တော်လည်း ကျောင်းရာမြေကို အပိုင်ရခြင်းငှာ သပြာတစ်သိန်းကို ပေး၏။ ထိုကျောင်းဦး၌ ကျောက်စေတီကို မိမိပင်တည်လုပ်၏။ ထိုထိုသောအရပ်မှဝယ်၍ သံဃာ၏ အသုံးအဆောင်ကိုလည်း လှူပေ၏။ အဘယုတ္တရမည်သော စေတီကိုလည်း ကြီးအောင် ထပ်မံ၍ တည်ပေ၏။

ထိုဂဇဗာဟုကဂါမဏီမင်းသည် ဂါမဏိတိဿရေကန်ကိုပြု၍ အဘယဂိရိကျောင်းအား ဆွမ်းဝတ်အလို့ငှာ လှူပေ၏။ မရိစဝဋ္ဋိကစေတီကိုလည်း လွှမ်း၍ တည်သည်။ ထိုမရိစဝဋ္ဋိက ကျောင်းအားလည်း တစ်သိန်းသောဥစ္စာဖြင့် ဝယ်၍ သံဃာတို့၏ အသုံးအဆောင်ကို လှူပေ၏။ အနုရာဓမြို့ အနောက်မျက်နှာ၌ *ဘမုကမည်သော ကျောင်းကို ဆောက်၏။ အနုရာဓမြို့တွင်း၌ † ကြီးစွာသော နေရာဇရပ်ကိုလည်း ဆောက်ပေ၏။

## မဟလ္လကနာဂမင်း

ဤသို့ အထူးထူးသော လောကီစီးပွားကို ဆောင်လျက် နှစ်ဆယ့်နှစ်နှစ်ပတ်လုံး မင်းပြု၍ လွန်လေသော် ထိုမင်း၏ ယောက္ခမဖြစ်သော မဟလ္လကနာဂ မင်းသည် မြို့၏ အရှေ့၌ ပေဇလကကျောင်း၊ မြို့၏တောင်၌ ကောဋိပဗ္ဗတကျောင်း၊ မြို့၏ အနောက်၌ ဒကပါသာဏကျောင်း၊ နာဂဒိပ၌ သာလိပဗ္ဗတကျောင်း၊ ဗီဇဂါမ၌ တေလိကျောင်း၊ ရောဟနဇနပုဒ်၌ တောဗ္ဗလာ နာဂ ပဗ္ဗတမည်သော ကျောင်း, အန္တောဒ္ဒရှာ၌ ဂိရိဟာလိကကျောင်း ဤခုနစ်ဆောင်တို့ကို ဆောက်လုပ်စေ၏။

ဤသို့လျှင် ပညာရှိစွာလျက် လိမ္မာကုန်သောသူတို့သည် အနှစ်မရှိသော ဗာဟိရဥစ္စာဖြင့် များစွာသော ကုသိုလ်ကောင်းမှု ပြုကြ၍ လားလတ္တံ့သော ဘဝ၌ မြတ်လှသော အကျိုးတည်းဟူသော အနှစ်ကို ရှာကြကုန်သည်။ မလိမ္မာသော သူမိုက်တို့ကား စည်းစိမ်ဥစ္စာ များစွာရလျှင် ကာမဂုဏ်ကိစ္စဖြင့်သာ ကုန်စေ၍ မရေမတွက်နိုင်သော ဒုက္ခကို ခံရခြင်း၏အကြောင်း မကောင်းမှုသာ များစွာ ပွားစေကုန်သတည်း။

**သူတော်ကောင်းတို့အား (ပ) "ပဋ္ဌပဒေါရုဝံသ" အမည်ရှိသော မဟာဝံသကျမ်း၌ (၁၂၇) ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော "ဒွါဒသရာဇက" အမည်ရှိသော ပဥ္စတ်ိသတိမ အပိုင်းအခန်းကား ပြီး၏။**

---

* သီဟိုဠ်မူ၌ (ရာမက) ရှိ၏။ ၎င်းသီဟိုဠ်မူ၌လည်း "ဘမုက" ဟု မြန်မာမူရှိကြောင်း မှတ်ချက်ပြထားသည်။ † အချို့မူ၌ (မယောဇနတ်၏ နေရာနတ်ကွန်းကို) ဟု ရှိ၏။ မဟာအာသနသာလဥ၊ နဂရဗို့အကာရယီ။ (မဟာဝံသအဋ္ဌကထာ–၂၀၈–၁၂၂)

www.burmeseclassic.com



# တယောဒသကရာဇာကဏ္ဍ
# ဆတ္တိံသတိမပိုင်း

## ဘာတိကတိဿမင်းမှစ၍ တစ်ကျိပ်သုံးယောက်သော မင်းတို့အကြောင်းကိုပြခြင်း

### ဘာတိကတိဿမင်း

မဟလ္လကနာဂမင်း လွန်လေသော် ထိုမင်း၏သား တော်ဖြစ်သော ဘာတိကတိဿမင်းသည် နန်းတက်၍ နှစ်ဆယ့်လေးနှစ်ပတ်လုံး မင်းပြု၏။ ထိုဘာတိကတိဿမင်းကား ရတနာသုံးပါး၌ ရိုသေခြင်းရှိ၏။ သတ္တဝါခပ်သိမ်းတို့အား ရင်ဝယ်သားကဲ့သို့ သနားတတ်သည်ဖြစ်၍ အလွန်နူးညံ့သောစိတ် ရှိ၏။ ထိုမင်းသည် မဟာဝိဟာရတိုက်၌ အုတ်တံတိုင်းအရံကိုလည်း ပြု၏။ ဂဝရတိဿမည်သော ကျောင်းကြီးကို ဆောက်လုပ်၍ မဟာဂါမဏိမည်သော ရေကန်ကြီးကိုပြု၍ ထိုကျောင်းအားလှူ၏။ ဘာတိကတိဿအမည်ရှိသော ကျောင်းကြီးကိုလည်း ဆောက်ပေ၏။ ထိုထူပါရုံ၌ မွေ့လျော်ဖွယ်သော ဥပုသ်အိမ်ကြီးကိုလည်း ပြုပေ၏။ ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာတို့ကိုလည်း တစ်နှစ်တစ်ခါ အလှူကြီးပေး၏။

### ကဏိဋ္ဌတိဿမင်း

ထိုဘာတိကတိဿမင်းသည် နှစ်ဆယ့်လေးနှစ် စေ့၍ လွန်လတ်သော် ထိုမင်း၏ ညီတော်ဖြစ်သော တိဿမင်းသည် နန်းတက်၍ နှစ်ဆယ့်ရှစ်နှစ်ပတ်လုံး မင်းပြု၏။ ကဏိဋ္ဌတိဿမင်းဟု တွင်၏။

ထိုမင်းသည် ဘူတာရာမ၌နေသော မဟာနာဂထေရ်အား အလွန်ကြည်ညိုသည်ဖြစ်၍ အဘယဂိရိကျောင်းတိုက်၌ ရတနာပြာသာဒ်ကို ဆောက်လုပ်၍ လှူ၏။ အဘယဂိရိကျောင်း၌ အုတ်တံတိုင်း ပရိဝုဏ်ကြီးကိုလည်း ပြုပေ၏။ မဏိသောမမည်သော ကျောင်း၌ ပရိဝုဏ်ကြီးကိုလည်း ပြုပေ၏။ ကျောင်းဦးစေတီကိုလည်း တည်လုပ်၏။ အမ္ဗတ္ထလကျောင်း၌ ကျောင်းဦးစေတီကိုလည်း တည်လုပ်၏။ နာဂဒီပကျွန်း၌ စေတီကြီးကိုလည်း ပြုပြင်စီမံပေ၏။ မဟာဝိဟာရတိုက်၌ တစ်ဆယ့်နှစ်ဆောင်ကုန်သော ရှုဖွယ်ဘနန်းထူးဆန်းလှသော လေးထောင့် ပြာသာဒ်ကြီးကိုလည်း ဆောက်ပေ၏။ ဒက္ခိဏကျောင်းဦး စေတီကိုလည်း အုတ်လွှမ်းစီ၍ မဟာမေဃဝန်သိမ်စွန်းကို နင်း၍ ဒက္ခိဏကျောင်းနှင့် ဆွမ်းစားဇရပ်ကိုလည်း ဆောက်လုပ်ပေ၏။ မဟာဝိဟာရကျောင်းမှ ဒက္ခိဏဝိဟာရသို့ သွားရာဖြစ်သော ခရီးတံတားကြီးကိုလည်း ပြုစေ၏။ ဘူတာရာမကျောင်း, ဓါနကကျောင်း, နာနာတိဿကျောင်းကိုလည်း ဆောက်ပေ၏။ အရှေ့ဂင်္ဂါ၌လည်း အနုဋ္ဌတိဿပဗ္ဗတကျောင်း, နိယေလတိဿကျောင်း, ပိဋ္ဌပိဋ္ဌိကျောင်း, ဤကျောင်း သုံးရပ်တို့ကို ဥပုသ်အိမ် သိမ်နှင့်တကွ ပြုပေ၏။ ရှေးမင်းတို့ ဆောက်လုပ်ခဲ့သော ကလျာဏီကျောင်း, မဏ္ဍလဂိရိကျောင်း, ဒုဗ္ဗဝါပိတိဿကျောင်းတို့၌လည်း ဥပုသ်အိမ်ပြု၍ လှူပေ၏။

### စူဠနာဂမင်း

ကဏိဋ္ဌတိဿမင်း လွန်လေသော် ထိုမင်းသားတော်ဖြစ်သော စူဠနာဂမင်းသည် နန်းတက်၍ နှစ်နှစ်မင်းပြု၏။

### ကုဍ္ဍနာဂမင်း

နှစ်နှစ်ရှိလေသော် ထိုမင်း၏ ညီတော်ဖြစ်သော ကုဍ္ဍနာဂမင်းသည် နောင်တော်ကို သတ်၍ တစ်နှစ်မင်းပြု၏။ ထိုမင်း၏ လက်ထက်၌ မိုးခေါင်ရကား အလွန်ရှားပါးသော ဒုဗ္ဘိက္ခကပ်သည်ဖြစ်၍ တစ်ကွမ်းစားသော ဆန်ကို တစ်သပြာပေး၍ ဝယ်ရလေ၏။

ထိုအခါ မင်းသည် ရဟန်းငါးရာတို့အား မပြတ်ဆွမ်းဝတ်တည်၏။ ထိုကုဍ္ဍနာဂမင်းသည် မိဖုရား၏မောင်ဖြစ်သော သိရိနာဂကို စစ်သူကြီးအရာ၌ ထား၏။ ထိုစစ်သူကြီးသည် မိမိစားသော မြို့ရွာသို့ သွား၍ ဗိုလ်ပါရုံးစုပြီးသော် မင်းကို စစ်ပြုခြင်းငှာ အနုရာဓမြို့သို့ ချီလာ၏။ ကုဍ္ဍနာဂမင်းလည်း စစ်ခံ၍ ထိုးသော် မတတ်နိုင်ရကား ထွက်ပြေးရလေ၏။

### သိရိနာဂမင်း

သိရိနာဂ စစ်သူကြီးလည်း ထီးနန်းကို သိမ်းယူလျက် တစ်ဆယ့်ကိုးနှစ်ပတ်လုံး မင်းပြု၏။ ထိုမင်းသည် မဟာစေတီ၌ ထီးတင်ခြင်းကို ပြု၏။ ရွှေဖြင့် မွမ်းမံပေ၏။ လောဟပါသာဒကိုလည်း ခြံ၍ ဘုံငါးဆင့်ရှိသည်ကို ပြု၍ မဟာဗောဓိ၏ တံခါးလေးမျက်နှာ၌လည်း တင့်တယ်စွာသော စောင်းတန်းကို ပြုပေ၏။ ထိုမင်းသည် သတ္တဝါတို့အား သနားခြင်းအား ကြီးလှသည်ဖြစ်၍ ကျွန်းအလုံး၌ ချိန်ခွင်ခွန်, တောင်းခွန်တို့ကို လွှတ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဝေါဟာရကတိဿမင်း

သိရိနာဂမင်း လွန်လေသော် ထိုမင်းသားတော်ဖြစ်သော တိဿမင်းသားသည် နန်းတက်၍ နှစ်ဆယ့်နှစ်နှစ်ပတ်လုံး မင်းပြု၏။ ထိုမင်းကား တရားကို ဆုံးဖြတ်ခြင်း၌ အလွန်လိမ္မာ၏။ ပြည်သူတို့အား ညှဉ်းဆဲခြင်းမှ လွတ်သောတရား အဆုံးအဖြတ်ကိုထား၏။ ထို့ကြောင့် ဝေါဟာရကတိဿမင်းဟု ခေါ်ဝေါ်ကြကုန်၏။ ထိုမင်းသည် ကမ္ဗုဂ္ဂာ၌ သီတင်းသုံးနေသော ဒေဝထေရ်၏အထံ၌ တရားကိုနာ၍ သာသနာ၌ လွန်စွာ ကြည်ညိုရကား ငါးရပ်သော ကျောင်းကြီးတို့၌ ဂိလာနဝတ် ထားလှူခြင်းကိုလည်း ပြု၏။ အနုရာဓမြို့၌နေသော မဟာတိဿထေရ်အား ကြည်ညိုလှသည်ဖြစ်၍ မုစေလဆိပ်၌ အလှူဝတ်ထားခြင်းကိုလည်း ပြု၏။ မဟာဝိဟာရတိုက်၌ တိဿရာဇမဏ္ဍပ်ကို လည်းကောင်း, မဟာဗောဓိအိမ်၏ အရှေ့၌ ကြေးရုပ်ကြီးနှစ်ခုကို လည်းကောင်း, စရည်းသား ပြာသာဒ်ကို လည်းကောင်း ပြုစေ၍ မဟာဝိဟာရတိုက် သံဃာတို့အား လတိုင်းလတိုင်း တစ်ထောင်သော ဥစ္စာတို့ကို သက်န်းအကျိုးငှာ လှူ၏။

အဘယဂိရိ ကျောင်းစေတီ၊ ဒက္ခိဏမူလ ကျောင်းစေတီ၊ မရိစဝဋ္ဋိကျောင်းစေတီ၊ ကုဋ္ဋတိဿ ကျောင်းစေတီ၊ မဟိယင်္ဂဏကျောင်းစေတီ၊ မဟာဂါမကျောင်းစေတီ၊ မဟာနာဂတိဿကျောင်းစေတီ၊ ကလျာဏီကျောင်းစေတီ၊ ဤရှစ်ဆူသော စေတီတို့၌ ထီးတင်သောအမှုကို ပြုတော်မူ၏။

မူကနာဂသေနာဂတိဿကျောင်း, ဒက္ခိဏာကျောင်း, မရိစဝဋ္ဋိကျောင်း, ပုတ္တဘာဂကျောင်း, ဣဿရသမဏကျောင်း, နာဂဒီပ၌ရှိသော တိဿကျောင်း ဤကျောင်းခြောက်ရပ်၌ တံတိုင်းပြုလုပ်သည်။ အနုရာဝေါမဟူသော ကျောင်း၌လည်း ဥပုသ်အိမ်ပြုသည်။ ဤမင်းသည် သူတော်ကောင်းတရား၌ အလွန်ရှိသေသဖြင့် သီဟိုဠ်ကျွန်း အလုံး၌ အရိယဝံသ အရပ်ဟူသမျှတွင် ဒါနဝတ်ကို ထားတော်မူသည်။ ကဆုန်လပြည့် ဘုရားဖြစ်တော်မူသောနေ့၌ ကြီးစွာသော ပူဇော်သက္ကာကိုပြု၍ ကျွန်းအလုံး၌ ရှိကုန်သော ရဟန်းအပေါင်းတို့အား တိစီဝရိက်သက်န်းဖြင့် နှစ်စဉ် လှူဒါန်းသည်။ အဘယဂိရိဝါသီအရှင်တို့၏ အယူဝါဒကို နှိမ်နင်း၍ ကပိလမည်သော အမတ်ကို သာသနာစောင့်ပြုစေလျက် သာသနာကို ထွန်းပစေသည်။

## ဦးရီးတော်သူလျှို

ထိုမင်း၏ ညီတော်ဖြစ်သော အဘယနာဂမင်းသားသည် နောင်တော်၏ မိဖုရားနှင့် နီးနှောကြသည်ဟု ထင်ရကား နောင်တော်ရန်မှ ကြောက်သောကြောင့် ဗိုလ်ပါနှင့်တကွ ပြေးထွက်၍ ဂလ္လမည်သော ဆိပ်သို့သွား၏။ ဆိပ်သို့ရောက်လျှင် သုဘဒေဝမည်သော ဦးရီးအား အမျက်ထွက်ဟန်ပြု၍ လက်ဖျား, ခြေဖျားကို ဖြတ်စေပြီးလျှင် သမင်လိုက်သော ခွေးကို ဥပမာပြု၍ သီဟိုဠ်ကျွန်း၌ ထားခဲ့ပြီးမှ မိမိအား စုံမက်သော သူတို့ကိုယူ၍ လှေဖောင်စီးပြီးလျှင် ဂင်္ဂါတစ်ဖက်ကို ကူးလေ၏။

ဦးရီးဖြစ်သော သုဘဒေဝ အမတ်သည်လည်း ဝေါဟာရကတိဿမင်းထံသို့ လာ၍ ထိုမင်း၏အကျိုးကို လိုဟန်ပြု၍ နိုင်ငံ၌နေသော သူတို့ကို မင်းအား နှလုံးပျက်အောင် ဖျက်ဆီး၏။ အဘယမင်းသားလည်း အကြောင်းကို သိစေခြင်းငှာ သီဟိုဠ်ကျွန်းသို့ တမန်စေလိုက်၏။ သုဘဒေဝ ဦးရီးကလည်း တမန်ကိုလျှင် ကွမ်းသီးပင်ကို လှံသွားဖြင့်ရစ်၍ အားနည်းသည်ကိုပြု၍ လက်ဖြင့် တွန်းလှည်း၍ ပြပြီးမှ ထိုတမန်ကို ခြိမ်းခြောက်၍ ပြေးစေ၏။ တမန်လည်း ဦးရီးပြလိုက်သော အခြင်းအရာကို အဘယမင်းအား ကြားလျှောက်လေလျှင် နောင်တော်အား ဗိုလ်ပါကွဲပြား၍ အားနည်းသောအကြောင်းကို သိရကား သမုဒ္ဒရာတစ်ဖက်မှ ကျေးကုလားတို့ကို ယူပြီးလျှင် နောင်တော်နှင့် ကိုယ်တိုင် စစ်ထိုးခြင်းငှာ အနုရာဓမြို့သို့ ချီလာ၏။

ဝေါဟာရကတိဿမင်းလည်း ညီတော် ချီလာကြောင်းကို ကြား၍ အမတ်များကို ရုံးစုခြင်းငှာ မတတ်နိုင်ရကား မိဖုရားနှင့်တကွ မြင်းစီး၍ မလယဇနပုဒ်သို့ ပြေးလေ၏။ ညီတော် အဘယမင်းလည်း နောင်တော်ပြေးရာသို့လိုက်၍ မင်းကိုသတ်ပြီးလျှင် မိဖုရားကို ယူခဲ့၍ အနုရာဓမြို့၌ ရှစ်နှစ်ပတ်လုံး မင်းပြု၏။ မိဖုရားသည် မဟာဗောဓိပင်၏ ထက်ဝန်းကျင်မှ ပြာသာဒ်ကို လည်းကောင်း, လောဟပါသာဒ အပြင်၌ ရာဇမဏ္ဍပ်ကို လည်းကောင်း ပြုလုပ်၏။ အဘယမင်းသည် နှစ်သိန်းသော ဥစ္စာတို့ဖြင့် ကောင်းမွန်စွာသော အဝတ်ပုဆိုးတို့ကိုဝယ်၍ ကျွန်းအလုံး၌ရှိသော ရဟန်းသံဃာတို့အား အဝတ်အလှူကို ပေး၏။

ထိုအဘယမင်းသည် နောင်တော်၏ မိဖုရားကို ပြစ်မှားသော မိစ္ဆာစာရကံ, နောင်တော်ကိုသတ်၍ မိဖုရားကို ယူသောကံကြောင့် မင်းပြု၍ ရှစ်နှစ်ရှိသောအခါ ကိုယ်အလုံးပုပ်သော ရောဂါဖြစ်၍ ကြမ္မာကုန်လေ၏။

www.burmeseclassic.com



### သိရိနာဂမင်း

ထိုမင်းလွန်သောအခါ နောင်တော် ဝေါဟာရကတိဿမင်း၏သားဖြစ်သော သိရိနာဂသည် နန်းတက်၍ နှစ်နှစ်ပတ်လုံး မင်းပြု၏။ ထိုမင်းသည် မဟာဗောဓိပင်၏ တံတိုင်းကိုလည်း ပြုပြင်၏။ သဲမွေ့ရာကြီးသော အပြင်၌ မုစေလမည်သော သစ်ပင်၏အရှေ့မှ ဟင်္သာတောင်လည်း၍ မိုးသော မဏ္ဍပ်ကြီးကိုလည်း လုပ်၏။

### ဝိဇယကုမာရမင်း

ထိုသိရိနာဂမင်း လွန်သောအခါ မင်း၏သားတော်ဖြစ်သော ဝိဇယကုမာရသည် နန်းတက်၍ တစ်နှစ်မင်းပြု၏။ ထိုမင်း၏လက်ထက်၌ ဖြစ်လတ်သည်ကား မဟိယင်္ဂဏအရပ်မှ နားရှည်မျိုးဖြစ်သော သင်္ဃတိဿတစ်ယောက်, သင်္ဃဗောဓိတစ်ယောက်, ဂေါဋ္ဌာဘယ တစ်ယောက်အားဖြင့် သုံးယောက်သော လုလင်တို့သည် မင်းအား ခစားကြသတည်း။ တစ်ရံသောအခါ မင်းခစားခြင်းငှာ သုံးယောက် သွားရာတွင် တိဿဝါပိ ရေကန်နား၌နေသော ပညာရှိသော သူကန်းတစ်ယောက်သည် သူတို့၏ ခြေသံကြားသဖြင့် ဤသူသုံးယောက်တို့သည် မြေကြီး၏ အရှင်ဖြစ်လတ္တံ့ဟု ဆို၏။

ထိုစကားကို ကြားသော် နောက်မှလိုက်သော ဂေါဋ္ဌာဘယသည် "ဆရာ ဘယ်သို့ဆိုသနည်း" ဟု မေးပြန်၏။ ပညာရှိကလည်း "ဤခြေသံသုံးခုကား မင်းပြုလတ္တံ့သောသူ၏ ခြေသံဟူ၍ ဆိုပါသည်" ဟု ပြော၏။ "ဘယ်သူ၏အနွယ်သည် အရှည်တည်လတ္တံ့နည်း" ဟု မေးပြန်သော် "နောက်မှလိုက်သောသူ၏ အနွယ်သည် တည်လတ္တံ့" ဟု ဆိုပြန်၏။ ထိုစကားကိုမှတ်သား၍ သုံးယောက် အတူသွား၍ မင်းအား ကျိုးနွံစွာ ခစားသဖြင့် အကျွမ်းဝင်ကြလျက် မင်းကိစ္စအလုံးစုံကို ဆောင်ရွက်၏။ မင်းလည်း သင်္ဃတိဿကို စစ်သူကြီးအရာ၌ထား၏။

### သင်္ဃတိဿမင်း

တစ်ရံသောအခါ ဝိဇယကုမာရမင်းကို သတ်၍ စစ်သူကြီး သင်္ဃတိဿကို မင်းပြုစေကုန်၏။ ထိုမင်းသည် လေးနှစ်ပတ်လုံး မင်းပြုရသတည်း။ မင်းဖြစ်သောအခါ မဟာစေတီ၌ ထီးသစ်တင်၍ ရွှေသင်္ကန်း မွမ်းမံခြင်းကိုလည်းပြုပေ၏။ အဖိုးတစ်သိန်းတစ်သိန်းထိုက်သော ပတ္တမြား လေးခုကိုလည်း နေဝန်း လဝန်း၏အလယ်၌ ထားလေ၏။ မဟာစေတီ၏ အထက်၌ အဖိုးမဖြတ်နိုင်သော ဝဇီရစိန်လက်ကောက်ကိုလည်း ထီးအောက်၌ထားပေ၏။ ထိုထီးအနုမောဒနာကို ပြုသောပွဲကြီး၌ သံဃာတော် လေးသောင်းတို့အား ခြောက်ထည်စီသော သင်္ကန်းကို ကပ်လှူ၏။ ဒါမဂလ္လကၕ သီတင်းသုံးနေသော မဟာဒေဝမထေရ်သည် ဟောအပ်သော ""အန္ဓကဝိန္ဒ" သုတ်ကို နာရ၍ ယာဂု၏အကျိုး ခံလိုလှသဖြင့် မြို့တံခါးလေးမျက်နှာ၌ သံဃာတော်တို့အား လည်းကောင်း, လူတို့အား လည်းကောင်း ယာဂု အလှူပေး၏။ ထိုမင်းသည် ကြိုကြားကြိုကြား သပြေသီးစားခြင်းငှာ မင်းမောင်းမနှင့် လည်းကောင်း, အမတ်တို့နှင့် လည်းကောင်း အရှေ့ကျွန်းငယ်သို့ သွား၏။ အရှေ့မျက်နှာ၌ နေသောသူတို့သည် မင်းထွက်လာသည်ရှိသော် များစွာ နှိပ်စက်ခြင်းရှိရကား မင်းစားရန် သပြေသီးတို့၌ အဆိပ်ကိုထည့်၍ ဆက်ကုန်၏။ မင်းလည်း ထိုသပြေသီးကိုစားမိ၍ ထိုကျွန်းမှာပင် ကြမ္မာကုန်လေ၏။

### သိရိသံဃဗောဓိမင်း

ဂေါဋ္ဌာဘယလည်း သံဃဗောဓိမည်သော စစ်သူကြီးကို မင်းပြုစေပြန်၏။* (ထိုသံဃဗောဓိကား ငါးပါးသောသီလကို မြဲစွာဆောက်တည်၍ မဟာဝိဟာရတိုက်၌ မွေ့လျော်ဖွယ်သော စာရေးတံ တင်းကုပ်ကို ဆောက်လုပ်၏)

### မိုးခေါင်ရေရှားဘေး

ထိုမင်း မင်းပြုသောအခါ သီဟိုဠ်ကျွန်း၌ မိုးခေါင်ခြင်းကြောင့် လူတို့သည် ဒုဗ္ဘိက္ခကပ်ဖြင့် နှိပ်စက်ကြ၏။ သိရိသံဃဗောဓိမင်းလည်း လူတို့အား သနားလှသောကြောင့် မဟာစေတီအပြင်၌ သီလကို ဆောက်တည်ပြီးလျှင် မြေကြီး၌အိပ်၍ ငါသည် သီလကို စောင့်ထိန်းပါလျက် သတ္တဝါတို့အား ချမ်းသာမရရှိခဲ့သည် မိုးသည်းထန်စွာရွာ၍ ငါ၏ကိုယ်သည် ရေ၌ မမျောသည်ရှိသော် အသက်ပင်သေသော်လည်း ဤစေတီတော်ရင်ပြင်မှ ငါ မထပြီဆို၍ နေလေ၏။ တစ်ရက်လွန်သောအခါ မိုးသည် ထက်ဝန်းကျင်မှရွာ၍ လင်္ကာဒီပကျွန်း အလုံး၌ ရေဖြိုင်ဖြိုင်စီး၏။ ထိုသို့ မိုးရွာသော်လည်း ငါ၏ကိုယ် ရေမမျောသမျှကို မထဟုဆို၍ နေမြဲနေလျှင် အမတ်တို့သည်လည်း ရေပြွန်ပေါက်တို့ကဆို့ပိတ်၍ မင်း၏ ကိုယ်ကိုမျောအောင် ပြုရ၏။ တရား

---

* ဝိနည်းမဟာဝါ ပါဠိတော်၊ ၆-ဘေဘဇ္ဇက္ခန္ဓက-၂၈၃။

www.burmeseclassic.com

www.burmeseclassic.com



စောင့်လှသော သံဃဗောဓိမင်းသည် မိုယ်းခေါင်သောဘေးကြီးကို ဤသို့သော သစ္စာ ကရုဏာအားဖြင့် ဖျက်ဆီးပေ၏။

## ခိုးသူဘေး

ထိုထိုသောမြို့ရွာတို့၌ ခိုးသူတို့သည် များစွာ ဖျက်ဆီးကုန်သည်ဟုကြားလျှင် မင်းသည် စွမ်းအင်ရှိသော သူတို့အား သပြာပေး၍ ခိုးသားတို့ကို ဖမ်းစေပြီးလျှင် ထိုခိုးသားတို့အား လျှို့ဝှက်သောအားဖြင့် ရှောင်ရှားပြေးလွဲစေ၏။ ဤသို့သောနည်းဖြင့် ခိုးသူဘေးကိုလည်း ပျောက်စေ၏။

## နတ်ဘီလူးဘေး

ရတ္တက္ခိမည်သော နတ်ဘီလူးသည် သီဟိုဠ်ကျွန်းသို့ ရောက်လာ၍ ထိုထိုအရပ်၌ လူတို့၏ မျက်စိကိုနီအောင်ပြု၏။ တစ်ယောက်သည် တစ်ယောက်အား သင့်မျက်စိနီသည်ဟု ပြောကြားလျှင် ထိတ်လန့်၍ မကြာမီသေ၏။ ထိုအသေကောင်ကို သုသာန်သို့ ပို့လတ်သော် ဘီလူးလည်း လူတို့မြင်စဉ်ပင် သူကောင်ကိုစား၏။ ဤသို့ သေဖန်များသည်ကို သံဃဗောဓိမင်း ကြားသော် ထိတ်လန့်သောစိတ်ရှိရကား ရှစ်ပါးသောအင်္ဂါနှင့်ပြည့်စုံသော ဥပုသ်ကို ဆောက်တည်၍ တစ်ခုသော စေတီရင်ပြင်၌ နေပြီးသော် ဤဘီလူးကို ငါ မမြင်ရသော် ဤနေရာမှ ငါမထဟု အဓိဋ္ဌာန်ပြု၍ အိပ်၏။ သုံးရက်ခန့်ရှိလျှင် မင်း၏ သီလတန်ခိုးကြောင့် ဘီလူးသည် မင်း၏ထံသို့လာ၍ ပြ၏။

"သင် အသူနည်း" ဟု မေးသော် "ငါကား ရတ္တက္ခိဘီလူးတည်းဟူ၍" ဆို၏။ "သင် အဘယ့်ကြောင့် ငါ၏ပြည်သားတို့ကို စားသနည်း။ ယနေ့မှစ၍ မစားလင့်" ဟု ဆို၏။ "မင်းကြီး မစားစေလိုမူကား ငါ့အား ဇနပုဒ်တစ်ခုကိုပေးလော့" ဟု ဆို၏။ "ငါမပေး" ဟုဆိုလျှင် အစဉ်သဖြင့် နည်းစေ၍ "လူတစ်ယောက်ကိုပေးလော့" ဟု ဆို၏။ မင်းကလည်း "ငါသည် သူတစ်ပါး၏ အသက်ကို အစိုးမရ၍ မပေးသော ငါ၏ကိုယ်ကိုစားလော့" ဟု ဆို၏။ ဘီလူးကလည်း "သင်မင်းကြီးကိုကား မစားနိုင်၊ နိုင်ငံသားတို့အား မစားစေလိုလျှင် ထိုထိုအရပ်သူတို့ ငါ့ကို ပူဇော်ပါစေလော့" ဟု ဆို၏။ မင်းလည်း ကောင်းပြီဟု ဝန်ခံ၍ ထိုထိုမြို့ရွာ တံခါး၌ ဘီလူးအား ပူဇော်သက္ကာကို ပြုစေ၏။ ဤသို့သော အခြင်းအရာဖြင့် ကြီးစွာသော ရောဂါတို့ကို ဖျက်ဆီးရ၏။

## ဂေါဌာဘယ

ထိုသိရိသံဃဗောဓိမင်းသည် မိမိနှင့် အမှုထမ်းဘက်ဖြစ်သော ဂေါဌာဘယကို မိမိမင်းဖြစ်စဉ်အခါကပင် ဘဏ္ဍာစိုးအရာ၌ ထား၏။ ဂေါဌာဘယသည် ရန်သူပြု၍ သူ့ရဲသူခက် ရုံးစုပြီးလျှင် စစ်ထိုးခြင်းငှာ မြို့သို့ ချဉ်းလာ၏။

## ဦးခေါင်းဖြင့် ထမင်းရှင်ကျေးဇူးကိုဆပ်ခဲ့ခြင်း

မင်းကြီးလည်း သူတစ်ပါးအား ညှဉ်းဆဲခြင်းကို မပြုလိုသည်ဖြစ်၍ တောင်တံခါးမှ ဆင်းရဲသားအသွင်ဖြင့် တစ်ယောက်ချင်း ပြေးထွက်၏။ ထမင်းထုပ်ကိုထမ်း၍ ခရီးသွားသော ယောကျ်ားတစ်ယောက်သည် ထမင်းစားသောအခါ မင်းကို အဖန်တလဲလဲခေါ်၏။ သနားခြင်းများလှသော မင်းလည်း ရေကိုစစ်၍ ထမင်းကိုဝင်၍ စား၏။ စားပြီးသော် ခရီးသွားအား ချီးမြှောက်ခြင်းငှာ "အမောင် ယောကျ်ား၊ ငါကား သံဃဗောဓိမင်းပင်တည်း၊ ငါ့ဦးခေါင်းကိုဖြတ်၍ ဂေါဌာဘယမင်းအား ပြချေလော့၊ သင့်အား ရွှေငွေများစွာ ပေးလတ္တံ့" ဟု ဆို၏။ ထိုယောကျ်ားက မဖြတ်လိုပါဟု အခါခါငြင်းပယ်လျှင် မင်းကြီးလည်း တစ်ခုသောနေရာ၌ ထိုင်လျက် ရန်သူသတ်၍ သေရသည်ထက်ပင် ထမင်းရှင်၏ ကျေးဇူးကိုဆပ်၍ သေရခြင်းသည် အလွန်မြတ်၏။ ထို့ကြောင့် ဤငါ၏ဦးခေါင်းဖြင့် ဤသူ၏ ကျေးဇူးကို ဆပ်ရစေသောဟု အဓိဋ္ဌာန်၍နေလျှင် ထိုင်လျက် သေခြင်းသို့ ရောက်လေ၏။

ထိုအခါမှ ခရီးသွားယောကျ်ားလည်း မင်း၏ဦးခေါင်းကိုဖြတ်၍ ဂေါဌာဘယမင်းအား ပြပေ၏။ ဂေါဌာဘယမင်းလည်း အလွန် အံ့ဖွယ်သရဲသောစိတ် ရှိသည်ဖြစ်၍ ဦးခေါင်းဆက်လာသော ယောကျ်ားအား ဥစ္စာများစွာပေးပြီးလျှင် သံဃဗောဓိမင်း၏ ကိုယ်ကိုလည်း ကောင်းစွာ သင်္ဂြိုဟ်ပေ၏။ ဤဂေါဌာဘယမင်းသည် နန်းတက်၍ ဆယ့်သုံးနှစ်ပတ်လုံး မင်းပြု၏။ အဘိသိက်ခံပြီးသည်မှစ၍ မင်းအိမ်တော်ဦး၌ မဏ္ဍပ်ကြီးစွာ ဆောက်လုပ်၍ သံဃာတော် တစ်ထောင့်ရှစ်ပါးကိုပင့်၍ မွန်မြတ်သော ယာဂုခဲဖွယ် ဘောဇဉ်ဖြင့် နေ့တိုင်း နေ့တိုင်း လုပ်ကျွေးလျက် နှစ်ဆယ့်တစ်ရက်ရှိသောအခါ ခြောက်ထည်စီသော သင်္ကန်းကို လှူဒါန်းလေသတည်း။ မဟာဝိဟာရတိုက်၌ ကျောက်မဏ္ဍပ်ကိုလည်း ဆောက်လုပ်၏။ လောဟပါသာဒ၌ တိုင်ဟောင်းကိုလဲ၍ တိုင်သစ်ပြုပြင်၏။

www.burmeseclassic.com

www.burmeseclassic.com



မဟာဗောဓိ၌ရှိသော ပွတ်တိုင်တို့ကို လည်းကောင်း, စက်နှင့်တကွသော တံခါးကျည်တို့ကို လည်းကောင်း ပြုလုပ်၏။ တံခါးဝသုံးခုတို့၌ ကျောက်ဆင်းတု သုံးခုကို လည်းကောင်း, တောင်မျက်နှာ၌ ကျောက်ဖြင့်ပြီးသော ပလ္လင်ကို လည်းကောင်း တည်ထားပေ၏။

မဟာဝိဟာရတိုက်၏ အနောက်မှ ကမ္မဋ္ဌာန်းစီးဖြန်းရာ ဇရပ်ကိုလည်း ပြုလုပ်၏။ အလုံးစုံသော သီဟိုဠ်ကျွန်း၌ ဟောင်းနွမ်းသော ကျောင်း ဘုရားတို့ကိုလည်း ပြုလုပ်၏။

မေဃဝဏ္ဏာဘယမည်သော ကျောင်းကြီးကိုးကျောင်းကိုလည်း ဆောက်ပေ၏။ ထို့ကြောင့် "မေဃဝဏ္ဏာဘယ" ဟူ၍လည်း ခေါ်ကြကုန်၏။ ကျောင်းအနုမောဒနပြုသောအခါ ကျွန်းအလုံး၌ နေကုန်သော ရဟန်းသုံးသောင်းတို့အား ခြောက်ထည်စီသော သင်္ကန်းတို့ဖြင့် လှူဒါန်းတော်မူသည်။ ကဆုန်လပြည့်နေ့၌ ကြီးစွာသောသဘင်ကိုပြု၍ စေတီ ဗောဓိပူဇာသမှုကိုလည်း ပူဇော်စေသည်။ သံဃာတော်တို့အား ခြောက်ထည်စီသော သင်္ကန်းဖြင့် နှစ်စဉ် လှူဒါန်းတော်မူသည်။

## သာသနာတော် စင်ကြယ်အောင်

ထိုမင်းသည် ယုတ်မာသော အကျင့်ရှိသော ရဟန်းတို့ကိုနှိပ်စက်၍ သာသနာတော်ကို စင်ကြယ်စွာ ပြုတော်မူသည်။ ဝေတုလ္လအယူရှိသော အဘယဂိရိ ကျောင်းနေရဟန်းတို့သည် သာသနာတော်၏ ဆူးငြောင့်သဖွယ် ပြုကြသောကြောင့် ခြောက်ကျိပ်သော ရဟန်းတို့ကိုဖမ်း၍ သမုဒ္ဒရာ၏ ဘစ်ဖက်စောဠတိုင်းသို့ ပို့စေသည်။

ထိုပို့သော မထေရ်တို့၏ တပည့်ဖြစ်သော ဘူတဝိဇ္ဇာအခရှိသော ဆေးကျမ်းတို့၌ ပြွမ်းလှသော စောဠတိုင်းသားဖြစ်သော သံဃမိတ္တမထေရ်သည် မဟာဝိဟာရတိုက်နေရဟန်းတို့အား အမျက်ထွက်၍ ဖျက်ဆီးခြင်းငှာ သီဟိုဠ်သို့ ကူးလာ၏။ ရောက်သောအခါ ထိုသံဃမိတ္တရဟန်းသည် ထူပါရုံကျောင်း အစည်းအဝေးသို့ဝင်၍ ဂေါဌာဘယမင်း၏ ဦးရီးဖြစ်သော သံဃပါလဂဏ အမည်ရှိသော ပရိဝုဏ်၌နေသော မထေရ်ကြီးအား ခစား၏။ ဤမထေရ်ကြီးသည် မင်းကို "အမောင်ဂေါဌာဘယ၊ အမောင်ဂေါဌာဘယ" ဟူ၍ ငယ်မည်ဖြင့် ခေါ်လေ့ရှိသည်ကို တားမြစ်၍ ပိယဝါစာဖြင့် ခေါ်စေ၏။ ဂေါဌာဘယမင်းလည်း ဤရဟန်းသည် လောကဝတ် ဓမ္မဝတ်၌ လိမ္မာပေသည်ဟု ကြည်ညိုခြင်းဖြစ်၍ ဆည်းကပ် ချီးမြှောက်၏။ မင်းကျွမ်းဝင်လတ်သော် ဂေါဌာဘယမင်းသည် ဇေဋ္ဌတိဿ, မဟာသေန ဟူသော သားတော်နှစ်ယောက်တို့ကို ထိုသံဃမိတ္တထေရ်၏ထံ၌ အပ်နှံ၍ထား၏။ ထိုမထေရ်လည်း သားငယ်ဖြစ်သော မဟာသေနမင်းသားကိုသာ များစွာ ချီးမြှောက်၏။ အစ်ကို ဇေဋ္ဌတိဿကိုကား မချီးမြှောက်။ ထို့ကြောင့် ဇေဋ္ဌတိဿမင်းကား ထိုမထေရ်အား ရန်ညိုးထား၏။

## ဇေဋ္ဌတိဿမင်း

အဖ လွန်လတ်သော် သားတော် ဇေဋ္ဌတိဿမင်းသားသည် မင်းအဖြစ်သို့ ရောက်၏။ ထိုမင်းသည် ခမည်းတော်၏အလောင်းကို သင်္ဂြိုဟ်ခြင်းငှာ သုသာန်သို့ဆောင်လတ်သော် ထွက်ခြင်းငှာ အလိုမရှိကုန်သော ပြစ်မှားသော အမတ်တို့ကို ခေါ်စေ၍ ညီတော်ကို အလောင်း၏ရှေ့က သွားစေ၍ ထိုအမတ်တို့ကိုလည်း အလောင်း၏အနောက်မှ လိုက်စေ၍ မိမိလည်း နောက်မှလိုက်၍ ထွက်၏။ မြို့မှ ထွက်လျှင် တံခါးကို ပိတ်ခဲ့၍ ပြစ်မှားသော အမတ်တို့ကို သတ်ပြီးလျှင် အဖကို သင်္ဂြိုဟ်သော ထင်းပုံ၏ ထက်ဝန်းကျင်၌ တံကျင်လျှို၍ထား၏။ ထိုသို့ ရက်စက်စွာပြုသောကြောင့် ထိုမင်းကို "ကက္ခဠတိဿ" ဟု ခေါ်ကြ၏။ သံဃမိတ္တထေရ်လည်း ထိုမင်းမှ ကြောက်သောကြောင့် တပည့်ဖြစ်သော မဟာသေနမင်းအား "သင်၏ နောင်တော်မင်းပြုသမျှကို ငါ မလာပြီ၊ သင်မင်းဖြစ်မှသာ ငါ လာတော့မည်" ပြော၍ သမုဒ္ဒရာ၏ တစ်ဖက်သို့ သွားလေ၏။ ထိုဇေဋ္ဌတိဿမင်းလည်း ခမည်းတော် ပြု၍မပြီးသော လောဟပါသာဒကို ထပ်မံ၍ ပြုစေသည်။ ဥစ္စာ တစ်ကုဋေကုန်သဖြင့် ဘုံခုနှစ်ဆင့်ရှိသော ပြာသာဒ်သည် ပြီး၏။

ထိုပြာသာဒ်၌ အဖိုးခြောက်သောင်းထိုက်သော ပတ္တမြားကို ပူဇော်၍ "မဏိပါသာဒ" ဟု အမည်သမုတ်သတည်း။ မဟာစေတီ၌လည်း အဖိုးများစွာထိုက်သော ပတ္တမြားချည်ကို ပူဇော်၍ မဟာဗောဓိအိမ်ကိုလည်း ပြုပြင်ပေ၏။ ပါစီနတိဿပဗ္ဗတမည်သော ကျောင်းကို ဆောက်ပြီးလျှင် ကျောင်းကြီး ငါးရပ်၌ရှိသော သံဃာတို့အား လှူ၏။ ရှေးအခါ ဒေဝါနံပိယတိဿမင်းသည် ထူပါရုံ၌ တည်ထားခဲ့သော ကျောက်ဆင်းတုကြီးကို အရှေ့ဖြစ်သော ပါစီနတိဿပဗ္ဗတ ကျောင်း၌ ထားစေ၏။ ကာဠမတ္တိကရေကန်ကိုလည်း စေတီယတောင်ကျောင်းအား လှူ၏။ ပါစီနတိဿကျောင်းကို အနုမောဒနာပြုခြင်း, လောဟပါ

www.burmeseclassic.com

www.burmeseclassic.com



သာဒကို အနုမောဒနာပြုခြင်း၊ ဝိသာခါသဘင် ပူဇော်ခြင်းတို့ကို ပြုသောအခါ သုံးသောင်းသော သံဃာတော်တို့အား ခြောက်ထည်စီသော သင်္ကန်းကို လှူဒါန်း ပူဇော်ပေ၏။ အဋ္ဌမ္ဗဂါမ ရေကန်ကိုလည်း ပြုလုပ်ပေ၏။

ဤသို့လျှင် ဇေဋ္ဌတိဿမင်းသည် များစွာသော ကုသိုလ်ကောင်းမှုကိုပြုလျက် ဆယ့်နှစ်နှစ်ပတ်လုံး မင်းပြု၍ ကြွမှာကုန်၏။ ထို့ကြောင့် မင်း၏အဖြစ်သည်ကား များစွာသော မကောင်းမှု၏အကြောင်းသည် ဖြစ်၏။ ထို့ကြောင့် သူတော်ကောင်းတို့၏ စိတ်၌ အဆိပ်နှင့်ရောသော ပျားသကာကဲ့သို့ သာယာဖွယ် မရှိသည်သာဟု ယူကြသတည်း။

**သူတော်ကောင်းတို့အား ကြည်ညိုခြင်း ပသာဒ, ထိတ်လန့်ခြင်း သံဝေဂဉာဏ် ဖြစ်စေရန်အကျိုးငှာ သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာမေဃဝနဥယျာဉ် မဟာဝိဟာရအာရာမ် ကျောင်းတိုက်အတွင်း ဒေဝါနံပိယတိဿမင်းကြီး၏ "ဒီဃသန္ဓ" အမည်ရှိသော စစ်သူကြီး ဆောက်လုပ်အပ်သော ပြာသာဒ်၌ သီတင်းသုံးတော်မူသော "မဟာနာမ" မဟာထေရ် စီရင်တော်မူအပ်သော "ပဇ္ဇပဒေါရုဝံသ" အမည်ရှိသော မဟာဝံသကျမ်း၌ ဂါထာ (၁၃၃) တို့ဖြင့် တန်ဆာဆင်အပ်သော "တယော, ဒသ, ရာဇက" အမည်ရှိသော ဆတ္တိံသတိမ အပိုင်းအခန်းကား ပြီး၏။**

---

# ဆတ္တိံသတိမကဏ္ဍ၏ နောက်ဂါထာ (၅၀) စကားပြေ

## မဟာဝိဟာရပျက်စီးခြင်း

ဇေဋ္ဌတိဿမင်း လွန်ခဲ့သော ညီတော် မဟာသေနမင်းသည် နန်းတက်၍ နှစ်ဆယ့်ခုနစ်နှစ် မင်းပြု၏။ မဟာသေနမင်း နန်းတက်ကြောင်းကို သမုဒ္ဒရာတစ်ဖက်၌နေသော သီလကို စောင့်ရှောက်ခြင်းမှ ကင်းသော သံဃမိတ္တထေရ် ကြားလျှင် သီဟိုဠ်သို့ ကူးလာ၍ မင်းအား အဘိသိက်ခံခြင်း ကိစ္စကို လည်းကောင်း၊ အခြားသော ကိစ္စကို လည်းကောင်း၊ စီမံလျက် ပြုစေ၏။ ထိုနောက်မှ မဟာဝိဟာရတိုက်ကို ဖျက်လိုသည်ဖြစ်၍ မင်းကို ဤသို့ ပြော၏။ "မင်းကြီး၊ ဤမဟာဝိဟာရ ကျောင်းနေ ရဟန်းတို့သည် ဝိနည်းတရားအမှန်ကို ယူလေ့မရှိကုန်၊ ငါတို့သာဝိနယဝါဒီ ဖြစ်ပါသည်။ ယင်းသို့ဖြစ်လျက် ရှေးမင်းတို့နှင့် ဝလ္လဘဖြစ်ကြ၍ ဝိနယဝါဒီတို့အား နှိပ်စက်၍ ထွက်ပြေးရကုန်သည်။ ထို့ကြောင့် ဤရဟန်းတို့ကို ခဲဘွယ်သောဇဉ် လှူဒါန်းသော ဒါယကာတို့ကို ဒဏ်တစ်ရာစီ ထားရမည်" ဆို၏။

ပညာမဲ့သော မဟာသေနမင်းလည်း သံဃမိတ္တထေရ်၏ စကားကို ယုံကြည်လှသဖြင့် ထိုအတိုင်းပင် ဒဏ်ထားရမည်ဟု စည်လည်စေ၏။ မဟာဝိဟာရ၌နေသော ရဟန်းတို့လည်း မင်း၏ နှိပ်စက်ခြင်းကို မခံနိုင်ရကား ကျောင်းကိုပစ်ထားခဲ့၍ မလယဇနပုဒ်သို့ သွားကြကုန်၏။ ကိုးနှစ်ပတ်လုံး ကျောင်း၌ ရဟန်းဆိတ်လေသတည်း။ ထိုအခါ သံဃမိတ္တထေရ်လည်း မင်းကို ဤသို့ဆို၏။ "မြတ်သော မင်းကြီး၊ အရှင်မရှိသော ဥစ္စာကား ရေမြေ့ရှင် မင်းတို့သာ ပိုင်၏။ ထို့ကြောင့် မဟာဝိဟာရကို ဖျက်၍ လျော်ရာ၌ ပြုပြင်ရမည်" ဟု ဆို၏။ ထိုစကားအတိုင်း မင်းကလည်း အခွင့်ပြု၏။ အခွင့်ရသော် မိမိ၏စကားကို နာယူသော သူတို့အား မဟာဝိဟာရကို ဖျက်စေ၏။

သံဃမိတ္တထေရ်အား မှီဝဲဆည်းကပ်သော မင်းကျွမ်းဝင်လှသော သောဏအမည်ရှိသော အမတ်သည် လည်းကောင်း၊ အလဇ္ဇီရဟန်းတို့သည် လည်းကောင်း၊ မဟာဝိဟာရတိုက်၌ ဘုံခုနစ်ဆင့်ရှိသော လောဟပါသာဒကို လည်းကောင်း၊ အထူးထူးသော ကျောင်းတို့ကို လည်းကောင်း ဖျက်၍ အဘယဂိရိသို့ ဆောင်၍ ဆောက်လုပ်ကြသဖြင့် ထိုတိုက်၌ များသော ပြာသာဒ်ရှိကုန်၏။

မဟာသေနမင်းသည် ပါစီနတိဿကျောင်းမှ မွေ့လျော်ဖွယ်ရှိသော ကျော်ကဲဆင်းတုကြီးကိုလည်း အဘယဂိရိသို့ဆောင်၍ ထားပေ၏။ မွေ့လျော်ဖွယ်သော ဆင်းတုအိမ်ကို လည်းကောင်း၊ ဗောဓိအိမ်ကို လည်းကောင်း၊ ဓာတ်တော်ဇရပ်ကို လည်းကောင်း၊ စတုသာလကို လည်းကောင်း ပြုစေ၏။ ကုက္ကုဋမည်သော ပရိဝုဏ်ကိုလည်း ပြုပြင်ပေ၏။ ကြမ်းကြုတ်သော အမှုအရာရှိသော သံဃမိတ္တထေရ်ကြောင့် ထိုအဘယဂိရိကျောင်းသည် ရှုချင်စဖွယ် တင့်တယ်ခြင်းသို့ ရောက်၏။

မဟာသေနမင်းလည်း အဆွေခင်ပွန်းယုတ်ဖြစ်သော သံဃမိတ္တထေရ်ကို လည်းကောင်း၊ သောဏအမတ်ကို လည်းကောင်း၊ အမှီပြု၍ များစွာသော မကောင်းမှုတို့သည် ပွားစီးကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



## မေဃဝဏ္ဏာဘယအမတ်

မဟာသေနမင်း၏ ကိစ္စကြီးငယ်ကို သည်ပိုးရွက်ဆောင်တတ်သော ချစ်လှစွာသော မေဃဝဏ္ဏာဘယအမတ်သည် မဟာဝိဟာရကို ဖျက်စေခြင်းကြောင့် မင်းအား အမျက်ထွက်၍ ရန်သူပြုပြီးလျှင် မလယဇနပုဒ်သို့ သွား၍ များစွာသော ဗိုလ်ပါတို့ကို ရုံးစုလျက် ဒူရတိဿက ရေကန်နား၌ သစ်တပ်တည်၍ နေ၏။ မဟာသေနမင်းလည်း ထိုအကြောင်းကို ကြားသော် အမတ်အား စစ်ထိုးခြင်းငှာ ဗိုလ်ပါနှင့်တကွ သွားလေ၍ ထိုအပါး၌ သစ်တပ်ဖြင့်နေ၏။ ထိုအခါ မေဃဝဏ္ဏာဘယ အမတ်အား မလယဇနပုဒ်မှ ဆောင်သော အမဲဟင်းလျာကို လည်းကောင်း, ကောင်းသောအဖျော်ကို လည်းကောင်းရ၍ အဆွေခင်ပွန်းဖြစ်သော မင်းနှင့် အတူစားခြင်းငှာ ကိုယ်တိုင် အမဲကို လည်းကောင်း, အဖျော်ကို လည်းကောင်း ယူ၍ ညဥ့်အခါ၌ တစ်ယောက်တည်း မင်း၏ထံသို့လာ၏။ မင်းလည်း ဝမ်းမြောက်ဝမ်းသာပြော၍ အတူစားကြပြီးလျှင် "သင်အမတ်သည် ဘယ်ကြောင့် ငါ့ရန်သူ ပြုသနည်း" ဟု မေး၏။ အမတ်ကလည်း "သင်မင်းကြီးသည် ရှေးသာသနာပြု မင်းတို့ တည်ထောင်ခဲ့သော မဟာဝိဟာရကို ဖျက်ဆီးသောကြောင့် ရန်သူပြုသည်" ဟု ဆို၏။ ယင်းသို့ဖြစ်မူကား ငါ့အား သည်းခံပါလော့။ မဟာဝိဟာရ၌ ရဟန်းတို့ကို ချမ်းသာစွာ နေပါစေတော့အံ့ဟု တောင်းပန်၏။ အမတ်ကလည်း အကျွန်ုပ်သည် ကျေးဇူးရှင်အား ပြစ်မှားလိုသောစိတ် မရှိပါ။ ရဟန်းသံဃာကိုနှိပ်စက်၍ သာသနာကို ဖျက်သောသူကား ဘုရား၏ ရန်သူဖြစ်သောကြောင့် တားမြစ်ခြင်းငှာသာ ကြံစည်ပါသည်၊ အကျွန်ုပ်အပြစ်ကိုလည်း သည်းခံပါဟု အချင်းချင်း ကန်တော့ကြ၍ နှစ်သိမ့်စေပြီးမှ မင်းကို တိုင်းပြည်သို့ ပြန်စေ၍ မေဃဝဏ္ဏာဘယ အမတ်မှုကား မဟာဝိဟာရမှ အဆောက်အအုံတို့ကိုယူ၍ ပြုပြင်လိုသောကြောင့် မင်းကို ခွင့်တောင်း၍ နေရစ်၏။

## မကောင်းပြု မကောင်းခံ

မင်းနှင့် ချစ်ကျွမ်းဝင်လှသော မင်းအိမ်၌ရှိသမျှ ဘဏ္ဍာကို စာရင်းယူရသော မိဖုရားကြီးသည်လည်း မဟာဝိဟာရတိုက်ကို ဖျက်ဆီးခြင်းကြောင့် အလွန်ဆင်းရဲသောစိတ် ရှိသည်ဖြစ်၍ သဃမိတ္တရဟန်းကို အမျက်ရှိလှရကား သတ်စိမ့်သောငှာ လက်သမားတစ်ယောက်ကို သပြာတစ်ထောင်သော ဥစ္စာဖြင့် ချီးမြှောက်၏။ လက်သမားလည်း ခါးကိုင်၍ မပြတ်သွားသဖြင့် ထုပါရုံ ပြာသာဒ်ကို ဖျက်ခြင်းငှာ လာသော သဃမိတ္တမည်သော ဒုဿီလရဟန်းကို ထိုနေရာ၌ပင် သတ်လေ၏။ ကြမ်းကြုတ်လှသော သောဏအမတ်ကိုလည်း သတ်စေ၏။

## မဟာဝိဟာရကို ပြန်လည်ပြုပြင်ခြင်း

ထိုအကြောင်းကို မဟာသေနမင်းကြားလျှင် အလွန်ထိတ်လန့်၏။ မေဃဝဏ္ဏာဘယအမတ်လည်း ဒဗ္ဗသမ္ဘာရတို့ကိုဆောင်၍ မဟာဝိဟာရ၌ များစွာသော ကျောင်း ပရိဝုဏ်တို့ကို ပြုပြင်၏။ ထိုအမတ်တို့ကြောင့် မဟာဝိဟာရတိုက် သံဃာတို့၏ ဘေးငြိမ်းလေသော် ထိုထိုအရပ်၌ နေလေသော ရဟန်းကောင်းတို့သည် မဟာဝိဟာရသို့ လာ၍ နေကြကုန်သတည်း။

## ဇေတဝန်ကျောင်း

မဟာသေနမင်းလည်း မဟာဗောဓိအိမ်၏ အနောက်မျက်နှာ၌ နှစ်ခုသော ကြေးရုပ်တို့ကို ပြုလုပ်၍ထား၏။ ထိုမှသည် ဒက္ခိဏာရာမကျောင်း၌နေသော ကောက်ကျစ်သော စိတ်ထားပလွှားသော အမူအရာရှိသော ယုတ်မာသော ခင်ပွန်းနှင့်ပေါင်း၍ မကောင်းကြံလေ့ရှိသော တိဿမထေရ်အား ကြည်ညိုသည်ဖြစ်၍ မဟာဝိဟာရတိုက် သိမ်အတွင်း ဇောတိမည်သော ဥယျာဉ်၌ *ဇေတဝန်ကျောင်းကို ဆောက်၏။ သံဃာတို့က ဤရဟန်းကား ငါတို့နှင့် အကျင့်အယူမတူပါ အပနေရာမှ ဆောက်လုပ်၍ ထားပါဟု တားမြစ်သော်လည်း မနေဘဲ တိုက်တွင်း၌ ဆောက်လေ၏။ ဆောက်ပြီးမှ ရဟန်းသံဃာတို့အား သိမ်နုတ်ခြင်းကို တောင်းပန်၏။ ရဟန်းတို့ကလည်း သိမ်နုတ်ခြင်းကို ငါတို့ မပြုလိုကုန်ဟူ၍ ကျောင်းမှဖယ်ကာ သွားရှာရကုန်၏။ အချို့သောရဟန်းတို့လည်း ဝိသဘာဂပုဂ္ဂိုလ်တို့ သိမ်နုတ်ခြင်းကို ပြုခဲ့သော် တားမြစ်ခြင်းငှာ လျော်ရာ၌ ပုန်း၍နေကုန်၏။ ထိုအခါလည်း မဟာဝိဟာရသည် ကိုးလတိုင်အောင် ရဟန်းတို့မှ ပြတ်၏။ ထိုနောက်မှ ရဟန်းတို့သည် ဤတိုက်၌ သိမ်နုတ်ခြင်းကိစ္စပြီးပြီဟု နှလုံးထား၍ လာကြကုန်၏။

---

* သာသနာတော် ၈၃၆ နှစ်၌ ရှင်းကျောင်းကိုတည်သည်။

www.burmeseclassic.com



## တိဿမထေရ် လူထွက်စေ

ဇေတဝန်ကျောင်းခဲသော ထိုတိဿမထေရ်အား ဟုတ်မှန်သော သဘောရှိသော အန္တိမဝတ္ထုဖြင့် စောဒနာခြင်းသည် သံဃာ့ဘောင်သို့ ရောက်လတ်၏။ ထိုအခါ သံဃာတော်တို့သည် ဝိနည်းတရား၌ ကျွမ်းကျင်လိမ္မာ၍ လွန်စွာ တရားစောင့်သည်ဟု သမုတ်သော အမတ်ကြီးအား အပ်၍ ထိုမင်းသည် အလိုမရှိဘဲ ဟုတ်မှန်သောသဘောဖြင့် ဆုံးဖြတ်၍ လူထွက်စေ၏။

## ကောင်းမှုကုသိုလ်

ထိုမဟာသေနမင်းသည် မဏိဟီရမည်သော ကျောင်းကို လည်းကောင်း၊ နတ်ကွန်းကို လည်းကောင်း ဖျက်၍ ဂေါကဏ္ဏရွာ၏ အနီးကျောင်း, ကေကာပိလ္လရွာ၏အနီးကျောင်း, လကန္ဒပုဏ္ဏား ရွာ၏အနီးကျောင်းတို့ကို လည်းကောင်း။ မိဂဂါမိကကျောင်း, ဂင်္ဂါသေနက ပဗ္ဗတကျောင်း, ဓာတုသေန ပဗ္ဗတကျောင်း, ကောကဝါတ ကျောင်းတို့ကို လည်းကောင်း၊ ရူပါရမ္မကျောင်း, စူဠဝိဋ္ဋိကျောင်း, ဥတ္တရာ ဟယမည်သော ရဟန်း မိန်းမတို့၏ ကျောင်းကို လည်းကောင်း ဆောက်လုပ်၏။

ကာဠဝေလဘီလူး၏ နေရာ၌ ကြီးစွာသော စေတီကိုတည်၍ သီဟိုဠ်ကျွန်းအလုံး၌ များစွာကုန်သော ဟောင်းနွမ်းပျက်စီးသောကျောင်းတို့ကို ကောင်းစွာ ပြုပြင်၏။ သံဃာ့ထေရ်ဖြစ်ကုန်သော ရဟန်းတစ်ထောင်တို့အားလည်း အသပြာ တစ်ထောင်စီထိုက်သော ရဟန်းပရိက္ခရာတို့ဖြင့် ထေရဒါနပြု၍ လှူ၏။ ကြွင်းသော ရဟန်းတို့အားလည်း နှစ်စဉ်မပြတ် တိစီဝရ ဒါနဖြင့် လှူဒါန်း၏။ ဆွမ်းအဖျော်စသော အလှူတို့ကိုကား ရေတွက်ခြင်းငှာ မတတ်နိုင်ကုန်။ တိုင်းသူ တိုင်းသားတို့အား ရှားပါးခြင်းမရှိ ဝပြောစေခြင်းငှာ ကြီးစွာသော ရေကန်တို့ကို ပြုတော်မူသည်ကား မဏိဟီရကန်၊ ဇလ္လုရကန်၊ ခါဏုကန်၊ မဟာမဏိကန်၊ ကောကဝါသတန်၊ မောရက ကန်၊ ပရက ကန်၊ ကုမ္ဗာလက ကန်၊ ဝါဟတ ကန်၊ ရတ္တမာလကဏ္ဍက ကန်၊ တိဿဝ ကန်၊ ဝေဠင်္ဂဝိဋ္ဋိက ကန်၊ မဟာပလ္လ ကန်၊ စီရကန်၊ မဟာဒါရဂလ္လက ကန်၊ ကာဠပါသာဏကန်၊ ဝါပိခေါ်သော ရေကန်ကြီး တစ်ဆယ့်ခြောက်လုံတို့ကို လည်းကောင်း, ဂင်္ဂါမြစ်မှ သွယ်ယူအပ်သော "ပဗ္ဗတ" အမည်ရှိသော ရေမြောင်းကြီးကို လည်းကောင်း ပြုတော်မူသည်။

ဤသို့လျှင် မဟာသေနမင်းသည် များလှစွာသော ကုသိုလ်ဖြစ်ကြောင်း ကောင်းမှု အထူးကိုလည်း ဆည်းပူးတော်မူသည်။ မလိမ္မာသော ဆရာဒုဿီလ၏ စကားကို နာယူမှားသဖြင့် များစွာသော မကောင်းမှုကိုလည်း ပြုမိလေသည်။ ယင်းသို့ဖြစ်၍ နောက်နောက်သော အမျိုးသားတို့သည် အယုဝါဒ ပျက်ပြား၍ သူတစ်ပါးတို့အား ထိပါးနှိပ်စက်တတ်သော ပုဂ္ဂိုလ်, ခွပ်စွဲကဲ့ရဲ့ အပြစ်ဖွဲ့၍ အကျိုးမဲ့ပြုတတ်သော ပုဂ္ဂိုလ်တို့ကို ကြည်ညိုလေးမြတ် ဆည်းကပ်မှီဝဲခြင်းမှ ကင်းစေကုန်ရာသည်။*

**†နှစ်ထောင့်ရှစ်ရာသုံးဆယ့်ခုနစ်ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော မဟာဝင်ကျမ်း၏ မြန်မာဘာသာ စကားအစဉ်သည် ဤတွင် ပြီးပြီ။**

---

* ဆတ္တိံသတိမကဏ္ဍ၏ နောက်ဂါထာ (၅၀) ၏ စကားပြေ ဤတွင်ပြီး၏။

† ဤနှိဂါထာ အရေအတွက်ကား "ကဝိန္ဒာဘိသဒ္ဒမ္မဓရ-ဓဇ-မဟာဓမ္မရာဇဂုရု" ဆရာတော်ဘုရားရေး။ မဟာဝင်နိဿယဟောင်း အလို (၂၈၃၇) မဟာဝံသ အဋ္ဌကထာ သီဟိုဠ်မူအလို (၂၉၀၆) ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



# ကျမ်းပြီးနိဂုံး

စတုစတ္တ သမ္ဗုဏ္ဏာသာ၊ ကဥ္စနဂိရိ နဂြသာ။
စက္ကဒွေတိလကဉ္ဇုတော၊ ကျိုးသဲဏ္ဍုတျာသိ သမ္ဘတော။

မဟာနိဂမေ ဇာတတ္တာစ တဿ ပါစီနဘူမိဇေဋ္ဌေ သာသနဒ္ဓရာယ ပုဗ္ဗဒါရာနံ မဟာမဇ္ဈေန ကာရာပိတေ စတုဘူမိကာဝါသေ ပဌမံ ဝသိ တတ္တာစ ကျိုးသဲလေးထပ် တိ ဘိဓာနေန စက္ကသန္တရာစေရာနံ ဝံသာလင်္ကာရဘူတေန သဒ္ဓမ္မာဘိရမန္တေန သီလာဒိဂုဏယုတ္တေန ဝေပုလ္လပညာ ဝေယျတ္တိယေန တိပေဋကဝေဒတ္တယ ဂန္ထန္တရဗဟုသုတ ဂုဏောဟိ ဝိသုတေန ဂဏဝါစကဘူတေန မုနိန္ဒာဘိဓေ သညိနာ မဟာဥတ္တ ရတိတ္ထ နာမဓေနပဒ မုပနိဿာယ နဝဝိဟာရဂတ္ထ ပဋ္ဌပေန္တော သုခါဝသိ။ တဒါ သိက္ခာကာမာနံ ဓမ္မန္တေဝါသိကာနံ ပရိ ယတ္တိဂန္ထာဒိ ကောဟော စတုပဋ္ဌဝါ ရာဒိ နိရန္တရံ ဝါစေသိ။ ဝါစကန္တရေစ အာယာစိတာနံ ပုဂ္ဂလာနံ ဝသမန္တာယ မင်္ဂလတ္ထဒီပနိယာ နိဿယဥ္စ ဝေယျာ ကရဏ ဂန္ထဥ္စ အညာနိ သာသနောဒယကာရဏာနိ ဇိနတ္ထ ပကာသနီ-သီလဘေဒ ပကာသနီ-ဒိဋ္ဌိဒီပက-ပဥ္စဗျာ ကရဏ-နိဗ္ဗာန်လမ်းပြ- သံသယ ဝိသောဓန-မနောရထ ပူရဏီ - ဝိမတိစ္ဆေဒနိဂန္ထာဒိ သင်္ဂဟနိဿယာဒီနိစ သံလိက္ခိသိ သိဿာန သိဿဟိ တတ္ထံ။ ထေရဝရဿေ တဿ နဝတိကစမ္ဘရူပေဂါဇေ ပတ္တော မော်ရဝံ ဒေသတော အာနေတွာ သုပါသကင်္သမ္ဘု ဏ္ဏောဟိ သဒ္ဓါဘိဝုမိုတ ဂုဏောဃေဟိ သယံပြဒ္ဓကာဒိကိစ္စရ မန္တေဟိ မဖ္လိမဝယ ရူပသောဘဏ သမ္ဘန္နေဟိမဟန္တသောဘဂ သာမိဟိကုဋုမ္ဗ ယုဂေဟိသဂ္ဂမောက္ခာယသုမာပိတံ သုသင္ဌိတ ဘူမိကမ္ဘံ အယောမယ မာလာကမ္မာဒိ ပရိက္ခိတ္တံ ဒွါရကဝါဋ ဝါတ ပါနာဒိသောဘိတံ သောဏ္ဏရတ္တဖလိကာဒိသု မဏ္ဍိတံ သာသနဋ္ဌိ တဋ္ဌာနာရဟံ အရိယာလယနန္ဒဂုဟာဒိသံကာသံ မင်္လာဘုံကျော်တိလဋ္ဌိ တံ ဣဋ္ဌကာမယမဟာဝိဟာရံ ပရိဇ္ဇ ဓိတွာနိယျာတေသိပူဇေသိ။ သပရိဝါရံ နိရန္တရံဥပဋ္ဌာတိ ပစ္စယေတိ။ တသ္မိံစဝသန္တော ထေရနဝမဖ္လိမာနံ သောတုနဥ္စ နာနာဂန္ထာနိဝါစေသိ။ ဝါစကန္တရေစ ပိတုသမ မဟာမစ္စဿ အာယာစနံ နဿရန္တော မဟာဝံသဂန္ထဿအတ္ထက္ကမံ ပရမ္ပ ရာနံ သုခဗုဒ္ဓိယာ သုဒ္ဓိက မြမ္မဘာသာယ ဝိရစိတံ။ သောန ဘာဒိယေ ဂေါဇေ မိဂသိရ သုက္ကပက္ခ ပဥ္စာဟေ ဇိဝဒိနေ နိဋ္ဌင်္ဂတော။ ။

သုခါဝဟော အဟုရိဝ၊ မဟာမေဃော ဒိလံဇန်။
ဘူမိလေယံ သုတေသိနံ၊ သိယံဟောတု ဆန္ဒန္ဒရော။

စတုစက္ကသမ္ဗုဏ္ဏသာ၊ ပတိရူပ စသည်အင်္ဂါ စက်လေးဖြာနှင့် လွန်စွာ ပြည့်စုံထသော။ ကဥ္စနဂိရိနဂြသာ၊ "ရွှေတောင်" အမည်ရှိသော မြို့ကြီး၏။ တိလကဉ္ဇုတော၊ မှန်ကင်းအတူ မှန်ကူသဖွယ်လည်း ဖြစ်ထသော။ စက္ကဒွေ၊ ဘုရားသြဝါ သာသနာ၏ တည်ရာ ခေတ်မြတ်လည်း ဖြစ်ထသော။ ကျိုးသဲဏ္ဍုတျာဘိသမ္ဘတော၊ "ကျိုးသဲ" ဟူ၍ ဗိုလ်လူသမိုက်အပ်ထသော။ မဟာနိဂမေ၊ နိဂုံးမည်သီး ရွာရပ်ကြီး၌။ ဇာတတ္တာစ၊ သန္ဓေကိန်းပျော် ဖွားမြော်ကြီးရင့်သည်၏အဖြစ်ကြောင့် လည်းကောင်း။ တဿနိဂမဿ၊ ထိုကျိုးသဲ အမည်ရှိသော နိဂုံး၏။ ပါစီနဘူမိဇေဋ္ဌေ၊ အရှေ့မျက်နှာ တာနှစ်ရာခန့်, ပျော်ရာဘွေဘုံ မြေခုံညွှတ်မြိတ်ကုန်းဦးထိပ်၌။ မဟာမဇ္ဈေန၊ ရွှေတောင်, ပန်းတောင်း, ကူးပြောင်းလှယ်ကာ ဟံသာဝတီ ဌာနီပိုက်ချုပ် ဝန်ကြီးလုပ်ရသော "မင်းကြီးမဟာမင်း ကျော်နော်ရထာ" ကြော်ကြောတွင်ပြီး အမတ်ကြီးသည်။ သာသနဒ္ဓရာယ၊ သာသနာကိုစည်ပင်စွာ ဆောင်ရွက်စေခြင်း အကျိုးငှာ။ ပုဗ္ဗဒါရာနံ၊ ရင်နှစ်နှစ်ဖော် ကြင်ဖော်ဇနီး မျောက်သားကြီးတို့ကို။ ကာရာပိတေ၊ မိမွေဘင်ုတ် ကံကျွေးထုတ်၍ ဆောက်လုပ်တည်ထောင်စေအပ်သော။ စတုဘူမိကာဝါသေ၊ "လေးထပ်ကျောင်းကြီး" ၌။ ပဌမံ၊ ရှေးဦးစွာ။ ဝသိတတ္တာစ၊ ယာပိုထိဖြည့်တင်း သီတင်းသုံးဖူးသည်၏ အဖြစ်ကြောင့် လည်းကောင်း။ ကျိုးသဲလေးထပ် တိဘိဓာနေန၊ "ကျိုးသဲလေးထပ်"ဆရာတော်ဟု ခေါ်ဝေါ်သမုတ်အပ်ထသော။ စက္ကသန္တရာစေရာနံ၊ ပရိယတ်, ပဋိပတ်, နှစ်ရပ်သော သာသနာကိုကောင်းစွာ ဆောင်ကုန်သော ဆရာမွန် ဆရာမြတ်တို့၏။ ဝံသာလင်္ကာရဘူတေန၊ အဆက်အနွယ်ကို တင့်တယ်စွာ တန်ဆာဆင်သကဲ့သို့ဖြစ်သော။ သဒ္ဓမ္မေ၊ သူတော်ကောင်းတို့၏ တရား၌။ အဘိရမန္တေန၊ အလွန်မွေ့လျော်စွာထသော။ သီလာဒိဂုဏယုတ္တေန၊ သံဝရဝိနည်း, အာစာရဝိနည်း, စောင့်စည်းမြဲခြဲ မြူမရှိသော သီလ, ပညာ, သမာဓိ ဂုဏ်နှင့်လည်း ယှဉ်ထသော။ ဝေပုလ္လပညာ ဝေယျတ္တိယေန၊ ပြန့်ပြောကျယ်ဝန်း ထိုးထွင်း၍နည်း ခွဲခြမ်းဝေဖန်နိုင်သော ဉာဏ်ပညာ အစွမ်းလည်းရှိထသော။ တိပေဋကဝေဒတ္တယ ဂန္ထန္တရဗဟုသုတဂုဏောဟိ၊ ပါဠိအဋ္ဌကထာ, ဋီကာ, ဥသံ့၊ ကျမ်းသုံးပုံကို ချက်ကုံထုတ်ဖောက် လုံ့မစောက်ဖြင့် ပြန်ခေါက်များစွာ လေ့လာနိုင်ခြင်းတည်းဟူသော ဗိဋကတ္တယ ဗဟုသုတ ဆန်း, အလင်္ကာ, သဒ္ဒါ, နေတ္တိ, ဝိဒင်္ဂ, ဒဏ္ဍီ, ဗျဉ္ဇီ, ကလာပ်, ဗြို့ဟာဒ်, ရာဇမတ္တဏ်, ကာတန္တ,

www.burmeseclassic.com

www.burmeseclassic.com



သရော ဒယ, ဓောတိတတ္ထ, သုရိယသိဒ္ဓန္တ စသည်သုံးခန်းဝေဒလ် ကျမ်းတို့၌ ပြွမ်းတီးလေ့လာ လိမ္မာသိမြင်ခြင်းတည်းဟူသော ဗေဒတ္တယ ဗဟုဿုတ၊ ထိုထိုရာဇဝင် ပုံပြင်လင်္ကာ ကဗျာအရပ်ရပ် ဓမ္မသတ်ဆေးကျမ်း ဓာတ်ကျမ်းစာမ လောကဝိဇ္ဇာ အရာရာတို့၌ ကောင်းစွာ သိမြင်ခြင်းတည်းဟူသော ဂန္ထန္တရဗဟုဿုတဂုဏ်တို့ကြောင့်။ ဝိဿုတေန၊ နိုင်ငံမဆန့်ပြန့်သော ကျော်စောခြင်းရှိထသော။ ဂဏဝါစကဘူတေန၊ ရှစ်ခွင်ဒိသာ၊ ရောက်ဝင်လာသော သံဃာတော်အပေါင်းတို့၏ စာပို့ဆရာလည်း ဖြစ်ထသော။ မုနိန္ဒာဘိဓဇသညိနာ၊ "မုနိန္ဒာဘိဓဇ" အမည်ရှိထသော။ မယာ၊ ငါသည်။ (သုခါဝသိမှာစပ်) ဥတ္တရတိတ္ထနာမ ဇနပဒံ၊ "မြောက်ဆိပ်ရွာ" ဟု ကြော်ငြာကြော်ချီး ဇနပုဒ်ကြီးကို။ ဥနိပဿာယ၊ ဓေါ်စရဂါမ်မှ၊ အမှီပြု၍။ နဝဝိဟာရဂတ္တံ၊ အသစ်သော ကျောင်းတိုက်ကို။ ပဋ္ဌပေန္တော၊ ဖြစ်စေလျက်။ ဝါ၊ ပြုစုတည်ထောင်လျက်။ သုခါဝသိ၊ ချမ်းသာစွာနေ၏။ တဒါ၊ ထိုအခါ၌။ သိက္ခာကာမာနံ၊ သိက္ခာသုံးပါးကို အလိုရှိကုန်သော။ ဓမ္မန္တေ ဝါသိကာနံ၊ စာသင်တပည့်တို့အား။ ပရိယတ္တိ ဂန္ထာနိ၊ နေ့ညဉ့်မပြတ် သင်ကြားအပ်သော ပရိယတ်ကျမ်းဂန်တို့ကို။ ဧကာဟေ၊ တစ်ရက် တစ်ရက်၌။ စတုပဉ္စဝါရာနိ၊ လေးဝါငါးဝါတို့ကို။ နိရန္တရံ၊ မပြတ်မလပ်။ ဝါစေသိ၊ ပို့ချ၏။ ဝါစကန္တရေစ၊ စာပေပို့သော အကြား၌လည်း။ အာယာစိတာနံ၊ တောင်းပန်ကုန်သော။ ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်တို့၏။ ဝသံ၊ အလိုကို။ အနွာယ၊ စွဲ၍။ မင်္ဂလတ္ထဒီပနိယာ၊ **"မင်္ဂလတ္ထဒီပနီ"** ကျမ်းမြတ်၏။ နိဿယဥ္စ၊ မိရာအတ္ထ၊ နိသျကို လည်းကောင်း။ ဝေယျာကရဏဂန္ထဉ္စ၊ **ဗွယ်စုံကျော်ထင်**၊ မည်သော ပုစ္ဆာကိုဖြေရာ ဝေယျာကရိုဏ်းကျမ်းကို လည်းကောင်း။ အညာနိ၊ ဤမှတစ်ပါးကုန်သော။ သာသနော ဒယကာရဏာနိ၊ သာသနာတော်ဖြစ်ပွားခြင်း၏ အကြောင်းဖြစ်ကုန်သော။ ဓိနတ္ထပကာသနီ–သီလဘောဒပကာသနီ–ဒိဋ္ဌိဒီပက–ပဉ္စာဗျာကရဏ–နိဗ္ဗာန်လမ်းပြ–သံသယဝိသောဓ–မနောရထပူရဏီ–ဝိမတိစ္ဆေဒနီတဂန္ထာနိစ၊ **ဓိနတ္ထပကာသနီကျမ်း, သီလဘောဒပကာသနီကျမ်း, ဒိဋ္ဌိဒီပကကျမ်း, ပဉ္စာဗျာကရဏကျမ်း, နိဗ္ဗာန်လမ်းပြကျမ်း, သံသယဝိသောဓနကျမ်း, မနောရထပူရဏီကျမ်း, ဝိမတိစ္ဆေဒနီကျမ်း,** တို့ကို လည်းကောင်း။ သင်္ဂဟနိဿယာဒီနိစ **"သင်္ဂြိုဟ်နိသျ"** အစရှိသည်တို့ကို လည်းကောင်း။ သိဿာနုသိဿပဂိတတ္ထ၊ အဆက်ဆက်သော တပည့်သားတို့၏ စီးပွားခြင်း အကျိုးငှာ။ သံလိက္ခေသိ၊ ကောင်းစွာ ရေးသားစီရင်၏။ (သင်္ဂဟနိဿယာဒီနိ၌ အာဒိဝန်ဖြင့် သဒ္ဒါနိသျ, ဆန်း ဋီကာနိသျ, ဝိနည်းနိသျ, ဓမ္မဒေသနာ, ဗုဒ္ဓဝန္ဒနာ, ပရိတ်နိဒါန်း စသည်တို့ကို ယူ)။ နဝတိကဓမ္မရူပေဂေါဇေ၊ ၁၂၃၉–ခုဖြစ်သော နှစ်ဂေါဇာသို့။ ပတ္တေ၊ ရောက်လတ်သော်။ ဓေတဿထေရ ဝရဿ၊ ထိုမုနိန္ဒာဘိဓေ မထေရ်မြတ်အား။ မော်ရဝံဒေသတော၊ မော်ရမြိုင်မြို့အရပ်မှ။ သုပါသကင်္ဂသမ္ဘူတ္တော္ဟိ၊ ဥပါသကာ ဥပါသိကာ ကောင်းတို့၏အင်္ဂါနှင့် ပြည့်စုံကုန်ထသော။ သဒ္ဓါဘိဝုမိုတဂုဏောဃေဟိ၊ ကြည်ညိုထိုက်စွာ ရတနာ၌ လွန်စွာ ကြည်ညို ရှိသလေးမြတ်ခြင်းဖြင့် ထွန်းလင်းကြီးမွားသော ဂုဏ်ကျက်သရေလည်း ရှိကုန်ထသော။ သံဃုပဋ္ဌကာဒိ ကိစ္စရမန္တေဟိ၊ သံဃာတော်တို့အား မြတ်မြတ်လေးလေး လုပ်ကျွေးခြင်းကိစ္စဖြင့်သာ လွန်စွာ မွေ့လျော်ကုန်ထသော။ မချိုမဝယ ရူပသောဘဏာသမ္ပန္နေဟိ၊ သက်ရွယ်ကောင်းလှ ပချိုမရွယ် ချီးပစဖွယ် တင့်တယ်သော ဆင်းရောင်အင်္ဂါ လက္ခဏာနှင့်လည်း လွန်စွာ ပြည့်စုံကုန်ထသော။ မဟန္တဘောဂသာမိဟိ၊ အသိန်းမက များပြားလှသော စည်းစိမ်ဥစ္စာ ရတနာတို့၏ အရှင်လည်း ဖြစ်ကုန်ထသော။ ကုဋုမ္ဗယုဂေဟိ၊ "ကျောင်းဒကာ မောင်ကြင်ဥ–ကျောင်းအမ မယ်ရွှေပွင့်" အမည်ရှိသော သူဌေး မောင်မယ်အစုံတို့သည်။ အာနေတွာ၊ ပင့်ဆောင်၍။ သင္ဂမောကွာယ၊ နတ်ရွာနိဗ္ဗာန် ပျော်စံရခြင်းအကျိုးငှာ။ သုမာဂတံ၊ ကောင်းစွာ ဖန်ဆောင် တည်ထောင်ဆောက် ဆောက်လုပ်အပ်ထသော။ သုသဏ္ဌိတ ဘူမိကမ္မံ၊ တောင်ကိုဖို့ကာ ကောင်းစွာ စီရင်အပ်သော မြေအမှုလည်းရှိထသော။ အယောမယ မာလာကမ္မာဒိ ပရိက္ခိတ္တံ၊ သံဖြင့်ပြီးသော ခြူးပန်း ခြူးနွယ် စသည်တို့ဖြင့် ရှုချင်စဖွယ် တင့်တယ်စွာ ခြံရံအပ်ထသော။ ဒွါရကဝါဋဝါတပါနာဒိ သောဘိတံ၊ တံခါးမ, တံခါးခေါက်, လေသောက်တံခါး စသည်တို့ဖြင့်လည်း တင့်တယ်ထသော။ သောဏ္ဏရတ္တ ဖလိကာဒိ သုမဏ္ဍိတံ၊ ရွှေရည်မျက်ပါး ဟသ်ပြတားနှင့် ဖန်သားမှန်ပွင့်အဆင့်ဆင့်တို့ဖြင့် သင့်ရာသင့်ရာတင့်တယ်စွာ ဆင်ယင် အပ်ထသော။ သာသနဋ္ဌိတဋ္ဌာနာရဟံ၊ သာသနာတော်၏ တည်ရာဖြစ်ခြင်းငှာ ထိုက်ထသော။ ဝါ၊ သာသနာငါးတောင်၊ ထွန်းပြောင်ရှည်စွာ တည်ခြင်းငှာထိုက်ထသော။ အရိယာလယ နန္ဒဂူဟာ ဒိသံကာသံ၊ ဘုရား,အရိယာ,ပစ္စေကာတို့၏ နေရာဖြစ်သော နန္ဒမူလိုဏ်နှင့်လည်း တူထသော။ မင်္ဂလာဘုံကျော်တိလဋ္ဌိတံ၊ "မင်္ဂလာဘုံကျော်" ခေါ်ဝေါ်ပညတ် တံဆိပ်ခပ်ထသော။ ဣဋ္ဌကာမယမဟာဝိဟာရံ၊

www.burmeseclassic.com



အုတ်ဖြင့်ပြီးသော ကျောင်းကြီးကို။ ပရိစ္စဇိတ္ဝာ၊ စွန့်လွှတ်၍။ နိယျာတေသိ၊ ဆောင်းနှင်းလှူဒါန်း၏။ ပူဇေသိ၊ ပူဇော်၏။ သပရိဝါရံ၊ ခြံရံလက်သား တပည့်များနှင့်တကွ။ နိရုန္ဓ ရုံ၊ မပြတ်မလတ်။ ပစ္စယေဟိ၊ ပစ္စည်းအရပ်ရပ်တို့ဖြင့်။ ဥပဋ္ဌာတိ။ လုပ်ကျွေးပြုစု၏။

တသ္မိံ စ ပိဟာရေ၊ ထိုကျောင်းကြီး၌လည်း။ ဝသန္တေ၊ သီတင်းသုံးနေစဉ်။ ထေရနဝမဇ္ဈိမာနံ၊ ထေရ်ငယ်, ထေရ်ကြီး, ထေရ်လတ် ဖြစ်ကုန်သော။ သောတူနဥ္စ၊ စာသင်သားတို့အားလည်း။ နာနာဂန္ထာဒိ၊ အထူးထူးသော ကျမ်းဂန်တို့ကို။ ဝါစေသိ၊ ပို့ချသင်ကြား၏။ ဝါစကန္တ ရေစ၊ စာပို့သော အကြားအကြား၌လည်း။ ပိတုသမမဟာမစ္စဿ၊ သခင်ထပ်တူ ချီးပယူသော ကျောင်းဒကာအမတ်ကြီး၏။ အာယာစနံ၊ တောင်းပန်ဖူးခြင်းအကြောင်းကို။ အနုဿရန္တော၊ အောက်မေ့လျက်။ မဟာဝံသဂန္ထဿ၊ "မဟာဝင်ကျမ်း၏" အတ္ထက္ကမံ၊ အနက်အစဉ်ကို။ ပရမ္ပရာနံ၊ အဆက်ဆက်သော တပည့်သားတို့၏။ သုခဗုဒ္ဓိယာ၊ သိလွယ်စေခြင်း အကျိုးငှာ။ သုဒ္ဓိကမြမ္မဘာသာယ၊ သက်သက်သော မြန်မာဘာသာဖြင့်။ ဝိရစိတံ၊ ရေးသားစီရင်အပ်ပြီ။ (ဝိရစိတော၊ ရေးသားစီရင်အပ်ပြီးသော) သောဂန္ထော၊ ထိုမဟာဝင် စကားပြေကျမ်းသည်။ နဘာခီလေ၊ ၁၂၄၀–ပြည့်ဖြစ်သော။ ဂေါဇေ၊ လူတို့ဝေါဟာ နှစ်ဝေါဇာ၌။ မိဂသီရ သုက္ကပက္ခ ပဥ္စာယေ၊ နတ်တော်လဆန်း ငါးရက်ဖြစ်သော။ ဓီဝဒိနေ၊ ကြာသပတေးနေ့၌။ နိဋ္ဌံ ဂတော၊ ပြီးဆုံးခြင်းသို့ ရောက်၏။

**ဤတွင်ရွှေ ရွှေတောင်မြို့–ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး စီရင်ရေးသားတော်မူအပ်သော မဟာဝင်ဝတ္ထုကျမ်းကြီး အပြီးအဆုံးသို့ ရောက်၏။**

---

# မဟာဝင်ဝတ္ထု

## (နောက်ဆက်တွဲ)

### စာမျက်နှာနံပါတ်–၃၅ (၁)

ဒုတိယသင်္ဂါယနာကို ဝေသာလီပြည် ဝါလုကာရုံကျောင်းတော်၌ တင်သောအခါ ကာလာသောကမင်းသည် ပါတလိပုတ် မြို့တော်၌ ထီးနန်းစံနိုက်ဖြစ်သည်။ ထို့ကြောင့် ဒီပဝင်ကျမ်း ပဥ္စမပရိစ္ဆေဒ စာမျက်နှာ ၂၉ ဂါထာနံပါတ် ၃၀ ၌။

သုသုနာဂဿ ပုတ္တော သော၊ ကာလာသောကော မဟီပတိ။

ပါတလိပုတ္တ နာဂရမှိ၊ ရဇ္ဇံ ကာရေသိ ခတ္တိယော။

ဟု မိန့်ဆိုပြီ။

### စာမျက်နှာ နံပါတ်–၃၅ (၂)

ဂိုက်း ၁၈–ပါး ကွဲပြားသော အမည်တို့သည် ဤမဟာဝင်စာကိုယ် ပဥ္စမပိုင်းအစ အာစရိယကုလဘေဒ၌ လည်းကောင်း, မဟာဝင်ဋီကာ၌ လည်းကောင်း, ဒီပဝံသ ပဥ္စမပရိစ္ဆေဒ (၂၉) ၌ လည်းကောင်း သာသနဗောတိကာ အမည်ရှိသော ဒီပဝံသဋီကာ၌ လည်းကောင်း, ကထာဝတ္ထု အဋ္ဌကထာအစ (၉၉) ၌ လည်းကောင်း, သာရတ္ထဒီပနီဋီကာ တတိယသံဂီတိဝဏ္ဏနာ (၁၁၀) ၌ လည်းကောင်း လာကုန်၏။

### စာမျက်နှာ နံပါတ်–၃၅ (၃)

သာရတ္ထဒီပနီဋီကာ ဗာဟိရနိဒါန်းအဖွင့် (၁၅၁) ၌ လာသော ကာလာသောကမင်း၏ သားတော်တစ်ကျိပ်ကား ဘဒ္ဒသေနမင်း, ကောရဏ္ဍဝဏ္ဏမင်း, မင်္ဂုရမင်း, သဗ္ဗဇဟမင်း, ဇာလိကမင်း, ဥဘကမင်း, သဥ္စယမင်း, ကောရဗျမင်း, နန္ဒိဝဍ္ဎနမင်း, ပဥ္စမကမင်း။

ငင်းဋီကာ ငင်းမျက်နှာ၌ နန္ဒမင်း ကိုးယောက်ကား ဥဂ္ဂသေန နန္ဒမင်း, ပဏ္ဍုကနန္ဒမင်း, ပဏ္ဍုဂတိနန္ဒမင်း, ဘူတပါလနန္ဒမင်း, ရဋ္ဌပါလနန္ဒမင်း, ဂေါဝိသာဏကနန္ဒမင်း, သဝိဒ္ဓကနန္ဒမင်း, ကေဝဋ္ဋကနန္ဒမင်း, ဓနနန္ဒမင်း, ဤမဟာဝင်ဝတ္ထု၌ သာရတ္ထဒီပနီဋီကာနှင့် တစ်မျိုးပြန်ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



## စာမျက်နှာ နံပါတ်–၃၈ (၁)

စောရေသု ဥပနီတေသု အန ယုဋ္ဌိတွာ ဒေါသံ အာရောပေတွာ အတ္တနော ဒဿိတေသု ဝိနိစ္ဆယာမဇ္ဈေဟိ ဌပိတာ နိယာမေနေဝ "ဇတေသံ ယတ္တုပါဒေ ဆိန္ဒထာ" တိ ရာဇပုရိသေ အာဏာပေသိ တေသု "နတ္တိဒေဝ ဖရသု" တိ ဝုတ္တေသု မေဏ္ဍကသိင်္ဂ ဖရသုဒဏ္ဍံ ကာသမဒ္ဒဒလံ ဖရသု (ဖ) လံ ကတွာ တေနဖရသုနာ "စန္ဒဂုတ္တဿ အာဏာတိ စောရာနံ ပါဒေဆိန္ဒထာ" တိ အာဟ၊ တေသု တထေဝ ကတွာ ဖရဲသုနာ ပဟာရိတမတ္တာတေသံပါဒါ ဆိန္ဒိတွာ ဂတာ ပုန တေနေဝ သန္ဓိယန္တိုတိ အာဏတ္တော တေ ပါကတိကာ ဇာတာ။ (မဟာဝင်ဋီကာ ၉–ကြောင်း ဆေ။ စံချပ်ကျော်ဘက်, သီဟိုဠ်စာအုပ်–၁၂၂) တို့၌ လာသည်ကို ထောက်၍ ဆိတ်ချိုအရိုး, ကစော့ရွက်ပြတ် သို့မဟုတ် ကစော့ရိုးပြတ်ကို အသွားတပ်သော ပေါက်ဆိန်ဟု ယူဖွယ်ရှိသည်။ ရာဇဝင် ပထမတွဲ (၈၅) ၌ သစ်သားအသွားတပ်သော ပေါက်ဆိန်ဖြင့်ဟု ဆိုသည်။

## စာမျက်နှာ နံပါ–၄၁ (၁)

(ဇဝံ "ဇနသာန" ဿ အဓိကာရဋ္ဌ ဓမ္မာသောကမာတုယာ ဒေါဟဠုပ္ပတ္တိကထာစ မဇ္ဈိမသံဂီတိယာ (၁၁) စူဠသီဟနာဒ သုတ္တ ဝဏ္ဏနာယ သီဟဠဋ္ဌကထာယဝုတ္တာ) ဟူ၍ ဝံသတ္ထပကာသိနီ အမည်ရှိသော မဟာဝံသဋီကာ (၅) ပဉ္စမပရိစ္ဆေဒဝဏ္ဏနာ (၁၂၈) ၌ အသေအချာမှာတော်မူသော်လည်း ယခုအခါ မဇ္ဈိမနိကာယ် (၁) မူလပဏ္ဏာသက (၁၁) စူဠသီဟနာဒသုတ် အဖွင့်အဋ္ဌကထာ။ ပေစာမူ စက္ကူစာမူ အဆူဆုတို့၌ မတွေ့ရပေ **"သီဟဠဋ္ဌကထာယ"** ဟု ဆိုသောကြောင့် သီဟိုဠ်ဘာသာ သီဟိုဠ်အက္ခရာဖြင့် ရေးစီရင်တော်မူခဲ့သော မဟာအဋ္ဌကထာတို့၌သာလျှင် ရှိသည်။ ပါဠိဘာသာသီဟိုဠ်အက္ခရာဖြင့် ရေးစီရင်တော်မူအပ်သော အရှင်မဟာဗုဒ္ဓဃောသ၏ သင်္ဂဟအဋ္ဌကထာသစ် မြန်မာအက္ခရာ ပေစာစက္ကူပုံရိုက်စာ ယိုးဒယား အက္ခရာပုံရိုက်စာ စသည် စူဠသီဟနာဒသုတ္တ ဝဏ္ဏနာတို့၌ မရှိဟူ၍ ယူဖွယ်ရှိ၏။

ပညာရှိတို့ စုံစမ်းထောက်လှမ်းရှာဖွေ၍ ယူတော်မူကြပါကုန်။ ဒေဝါနံ ပိယတိဿ အဘိသေက ဝဏ္ဏနာ၌လည်း ၎င်းနည်းတူ ယူတော်မူကြပါကုန်။

အဘိသိက်ခန်း အကျယ်ကို အလိုရှိသူတို့သည် မောင်းထောင်သာသနာပိုင် ဆရာတော်ကြီး၏ မုဒ္ဓါဘိသေက စာတမ်း၌ ယူတော်မူကြပါကုန်။

## စာမျက်နှာ နံပါတ်–၄၂ (၁)

ဤစကားတို့သည် (ဗြဟ္မသံယုတ် ကောကာလိကသုတ် အဋ္ဌကထာ ၁၇၀။ ဒသကင်္ဂုတ္တရ ကောကာလိကသုတ် အဋ္ဌကထာ–၃၁၃။ ၎င်းဋီကာ ၄၇၇။ သုတ္တနိပါတ် ကောကာလိကသုတ် အဋ္ဌကထာ။ သာရတ္ထဒီပနီဋီကာ တတိယသံဂီတိဝဏ္ဏနာ–၁၁၆၊ အဘိဓာန်) စသည်တို့နှင့် မတူ ကွဲပြားသောစကားဖြစ်၍ ပညာရှင်တို့ နှိုင်းညှိယူရန် စကားစုဖြစ်ကုန်၏။

## စာမျက်နှာ နံပါတ်–၄၈ (၁)

"ဇမ္ဗိ တိဟိ သံဝစ္ဆရေဟိ ဝိဟာရ ကမ္မံ နိဋ္ဌာပေသိ" ပါရာဇိကဏ် အဋ္ဌကထာ။ ဗာဟိရနိဒါနကထာ–စာမျက်နှာ ၃၃–၌ လာသောကြောင့် လည်းကောင်း။

အန္တော တီဏိစ ဝဿာနိ၊ ဝိဟာရံ ကတွာန ဓတ္တိယော။
ပရိနိဋ္ဌိတေ အာရာမေ၊ ပူဇံ သတ္တာဟ ကာရယိ။

ဟူသော ဒီပဝံသပါဠိ ဆဋ္ဌပရိစ္ဆေဒ ၄၆–အဆုံးဂါထာ လာသောကြောင့် လည်းကောင်း။

သာဓုကံ တီဟိ ဝဿေဟိ၊ နိဋ္ဌာပေသုံ မနောရမေ။
ထေရဿ ဣန္ဒဂုတ္တဿ၊ ကမ္မာဓိဋ္ဌာယ ကဿ တု။

မဟာဝင်စာကိုယ် ပဉ္စမပရိစ္ဆေဒ–သီဟိုဠ်စာ ၃၁–၌ လာသောကြောင့် လည်းကောင်း။ "မနောရမေ သာဓုကံ တီဟိ ဝဿေဟိ နိဋ္ဌာပေသုန္တိ သမ္ဗန္ဓော" ၎င်းမဟာဝင်ဋီကာ ၎င်းစာ ၁၅၃–၌ လာသောကြောင့် လည်းကောင်း။ သုံးနှစ်ရှိလျှင်။ လ။ ပြီးကုန်၏။ ဟူသောစကားကို မှတ်အပ်၏။ ရှေးရှေး မဟာဝင်ဝတ္ထုတို့၌ကား "ခြောက်လရှိလျှင် ပြီးကုန်၏" ဟု ရှိသည်။

## စာမျက်နှာ နံပါတ်–၄၉ (၁)

ဤနေရာ၌ မဟာဝင်ဝတ္ထုကို ကြည့်ရှုလေ့လာသူတို့၏အကျိုးငှာ **အရှင်ဥပဂုတ်**၏ အတ္ထုပ္ပတ္တိကို ရေးပေအံ့။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံတော်မူရာ ထိုမင်းကြီးတွင် ထီးဆက်နန်းရံ အမွေခံ သားသမီးတစ်ယောက်မျှ မရ၍ ပုဏ္ဏားပညာရှိတို့ကို တိုင်ပင်ဆွေးနွေး မေးမြန်းတော်မူသော် ပုဏ္ဏားတို့က မဟာဒါန ပြုလုပ်ပါလျှင် အမွေခံ သားသမီး ပေါ်လာပါလိမ့်မည်ဟု ဟောပြောလျှောက်တင်ချက်အရ မင်းကြီးသည် မဟာဒါနကို ပြုတော်မူလေ၏။ မကြာမီ တံငါတို့က ငါး၏ဝမ်းထဲမှရသော လူမိန်းကလေးတစ်ယောက်ကို မင်းကြီးသို့ ဆက်သလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးလည်း ထိုသတို့သမီးငယ်ကိုကား နတ်တို့ ဆက်လာပေသည်ဟု ထင်မှတ်၍ ရင်သွေးအရင်းကဲ့သို့ ချစ်ခင်ခြင်း သည်းထန်လျက် အထိန်းအယတို့နှင့် ကောင်းစွာထားလေ၏။ အမည်ကိုလည်း သူ၏ ပဝတ္တကိုထောက်၍ မဏ္ဍဒေဝီဟု ဘွဲ့ချီတော်မူလေသည်။

ထိုနောက် မင်းသမီးသည် အရွယ်ကြီးမြင့်လာသောအခါ ကိုယ်မှ မကောင်းသော အပုပ်အနံ့ ထွက်သဖြင့် အပါး၌ ခစားသော အခြွေအရံတို့ မနေနိုင်ကြသည်ကို မင်းကြီးကိုယ်တော်တိုင် သိတော်မူသည်နှင့် ထိုအပုပ်နံ့ မထွက်အောင် ကြံစည်၍ မရသောကြောင့် မဏ္ဍဒေဝီကို စားနပ်ရိက္ခာအစုံနှင့် ဖောင်ပေါ်၌တင်ပြီးလျှင် မြစ်လယ်ကြောသို့ မျှောလိုက်လေ၏။ မြို့နှင့်ဝေးကွာသော တောင်ကြီးကမ်းကြီးရှိရာသို့ရောက်ရာ တစ်ခုသော မြစ်ကွေ့ကမ်းငူက ရှင်ဥပ, ရသေ့သည် မြစ်တစ်ဖက်ကမ်းသို့ ကူးလိုသဖြင့် အလဲထူပြသည်ကို မဏ္ဍဒေဝီ မြင်သည်နှင့် ဝင်၍ ဖောင်ကပ်ပြီးလျှင် အကြောင်းကိုမေးသော် ရှင်ဥပ, ရသေ့က "ငါသည် ထိုမှာဘက်ကမ်းသို့ ရောက်လိုသည်ပို့ပါ" ဟု ဆိုလေ၏။ မင်းသမီးက "အကျွန်ုပ် မိန်းမသားဖြစ်သည် မဖွယ်ရာရှိမည်။ သို့သော် အကျွန်ုပ်၏ မျက်နှာကို သင်မကြည့်လျှင် ပို့ပါမည်" ဟု ဝန်ခံချက် တောင်းလေ၏။ ဥပ, ရသေ့ကလည်း အာမဝန္တံ ရဲရဲခံသဖြင့် ဖောင်ပေါ်၌ တင်၍ ပို့ရာ မြစ်တစ်ဖက်ကမ်း စည်းထိပ်ဘောင်စပ်သို့ ကပ်၍ ပေးလေ၏။ ဥပ, ရသေ့လည်း စည်းဘောင်ပေါ်သို့ ဆင်းသောအခါ ထိုမိန်းမသည် မည်သည့်အမျိုးအနွယ် ဖြစ်မည်ကို သိချင်သောကြောင့် အမှတ်မဲ့ ကြည့်သည်ရှိသော် မျက်နှာချင်းဆိုင်ပြုမိကြ၍ မဏ္ဍဒေဝီ၌ ပဋိသန္ဓေ ကိုယ်ဝန်ရှိ၏။

ထိုအခါ မဏ္ဍဒေဝီက အသင်သည် ငါ့ကို မကြည့်ပါဟု ဝန်ခံသည့်အတိုင်း မညီ။ အသင် ကြည့်သောကြောင့် အသင်၏ ဝန်သည် ငါ့တွင် တည်ချေပြီ။ သင်သည် သစ္စာမတည်သောသူဖြစ်သည်။ သို့အတွက် အသင့်ဝန်ကို အသင်စောင့်ရှောက်ရမည်ဆိုသော် ရသေ့လည်း အသည်း၌ ဆွတ်ဆွတ်ကြင်နာလှသဖြင့် ကောင်းစွာ စောင့်ရှောက်လေသော် နေ့လစေ့၍ သားရတနာကို ဖွားလေ၏။ ထိုသားကို ဥပ, ရသေ့က မွေ့ချီယုယ နေ့ညမပြတ် ကြည့်ရှုစောင့်ရှောက်ကျွေးမွေးသည်ကို အစွဲပြု၍ "ဥပဂုတ္တ" သတို့သားဟု အမည်ပေး၏။ အရွယ်ရောက်သည့် နောက်အခါ၌ ရဟန္တာဖြစ်၍ တောင်သမုဒ္ဒရာ၌ ကြေးပြာသာဒ်နှင့် နေတော်မူသည်။

လောကပညတ္တိပါဠိ၌ လာသည်လောက်ပင် အခြားကျမ်းဂန်တို့၌ လာသည်ကို မတွေ့ရဘူးချေ။ ဝဇီရဗုဒ္ဓိဋီကာ ဝေရဉ္စကဏ္ဍဝဏ္ဏနာ စာမျက်နှာ ၅၉-၌ "ဧတ္ထာဟကိ`ဘဂဝတော မာရာဝဋ္ဋနပဋိယာတာယ သတ္တိနတ္ထိတိ အတ္ထိ။ တထာပိ သ ဥပဂုတ္တကာလေ ပသာဒဟေတုတ္တာ အဓိဝါသေတိ။ ဧတ္ထ ဥပဂုတ္တာဓိဋ္ဌာနံ ဝတ္တဗ္ဗံ" ဟူ၍ လာသည်။ ကစ္စည်းကျမ်း ကာရက (၂၈၁) ယော ကရောတိသကတ္တာ သုတ်၏ ဥဒါဟရုဏ်၌ "ဥပဂုတ္တေန မာရော ဗန္ဓော" ဟူ၍ လာသည်။ ကစ္စာယန ဝိဂ္ဂဟဋီကာ အမည်သာသော ဂျွန်ပုံပါဠိ ၎င်းသုတ်၏အဖွင့် ပြည်ကြီးမိတ်ဆွေ ရိုက် စာမျက်နှာ (၇၂) သီဟိုဠ်ရိုက် (၆၆) ၌ "ဥပအဓိကံ ကရောတိ အာစရတိတိ ဥပကုတ္တော"ဟူ၍ ကကြီး တစ်ချောင်းငင်နှင့် လာသည်။ "ယထာမောဂ္ဂလိပုတ္တတိဿတ္ထေရ (ဥပဂုတ္တတ္ထေရာ) ဒယော နိဒ္ဒိသတိ" အစရှိသည်ဖြင့် ယိုးဒယား အက္ခရာဖြင့် ပုံရိုက်သော မိလိန္ဒပဉှာပါဠိတော်၌ ပါသည်။ ဟံသာဝတီ, သုဓမ္မဝတီ, ပြည်ကြီးမဏ္ဍိုင်, ဇမ္ဗူ့မိတ်ဆွေ ဗြိတိသျှဘားမား ပုံနှိပ်တိုက်တို့၌ ပုံရိုက်သော မိလိန္ဒပဉှာပါဠိတော်စာမူ၌ (ဥပဂုတ္တထေရာ) ပုဒ်မပါလေ။ သမန္တစက္ခုဒီပနီကျမ်း ပထမတွဲ (၄)ပုစ္ဆာ၏ ဝိသဇ္ဇနာ (၁၁) ၌ပါသည်။ အရှင်ဥပဂုတ်၏ တန်ခိုးကြီးသော အကြောင်းသည် လောကပညာတ္တိပါဠိ၌လာသည်။ လာသောအတိုင်းပင်လျှင် ဤမဟာဝင်ဝတ္ထုကျမ်း၌ ရှေးဆရာတို့ ဖော်ပြပြီးဖြစ်၍ အသစ်ရေးရန် မလိုပြီ။ တသ္မာယေဝ (လောကပညတ္တိပ္ပကရဏော) ဟု သာသနာတော်နှစ် (၁၇၀၀) က သီဟိုဠ်ကျွန်း ရောဟနဇနပုဒ်နေ ရှင်ဗုဒ္ဓရက္ခိတထေရ် စီရင်တော်မူခဲ့သော ဇိနာလင်္ကာရဋီကာ တိဝိဓဗုဒ္ဓခေတ္တဝဏ္ဏနာ (၅၆) ၌ကိုးရအောင်ရေးကျသော လောကပညတ္တိပါဠိ၌ အဋ္ဌကထာနှင့်မတူသောအရာတို့သည် များစွာရှိကြကုန်၏။ အချို့လည်း အဋ္ဌကထာတို့ကိုချဲ့၍ ပြသကဲ့သို့ထင်သော အရာတို့သည် များစွာရှိကြကုန်၏။ ရာဇဂြိုဟ် သူဌေးသား"ပိယဒဿီ" သူငယ်ဖုတ်ဆွမ်းလောင်းသော ဝတ္ထုသည်လည်း လောကပညတ္တိပါဠိ၌ပင်လာသည်။ ၎င်း ကို အနာဂတေ "ပိယဒါသော" နာမကုမာရော ဆတ္တံ့ ဥဿာပေတွာ "အသောကော" နာမဓမ္မရာဇာ ဘဝိဿတိ စသော သုတ်မဟာဝါအဋ္ဌကထာ (၃) မဟာပရိနိဗ္ဗာနသုတ် အဖွင့် မဟာဓာတုနိဓာန ကထာ-၁၁၆။ မဟာထူပဝံသ-သီဟိုဠ်စာ-၃၃။ အဋ္ဌသာလိနီ

www.burmeseclassic.com



အဋ္ဌကထာ (၄) အဋ္ဌကထာ ကဏ္ဍဝဏ္ဏနာ–၃၉၆ တို့နှင့် နှီးနှောသော် အစပေါ်လာသကဲ့သို့ ထင်သည်။

### စာမျက်နှာ နံပါတ်–၅၁ (၁)

ကေန ကာရဏေန မာရေတိ သမ္ဗေသံ သတ္တာနံ ပုနပ္ပုနံဝန်ဓ္ဓတ္တာခံ့ စတ္တုဟိ မာရေဟိ ပုနပ္ပုနံ မာရယတီတိ တသ္မာ မာရေတိ။ ကထံပါပိ မာတိနာမံ လဘာတေ။ ပါပ မုန္ဒိ၊ ပါပသက်ပ္ပေါတိ ဝုတ္တံ ပါပမဿအတ္တိတိသော ပါပိ မာတိ ကေန ကာရဏေန ဣဒ္ဓိမာစ ဝသီဘာဝပ္ပတ္တောစ။ သောစ အတီတေ ပုဗ္ဗဗုဒ္ဓေသု–ပုဗ္ဗမာရဿ ဣဒ္ဓိပ္ပတ္တဿ ဝိဝိဓကာရဏံ ပဿိတွာ ဗုဒ္ဓသာသနေစ ကတာဓိကာရော သီလသမာဒါနေန ဥပေါသထဝါသေန ဒါနသံဝိဘာဂေနစ, အတ္တနာ နိယမံဒါနံဒတွာ ယထာ သော မာရော ပါပိမာ ဗုဒ္ဓုပ္ပါဒေ အန္တရာယ ကရော အဟောသိ။ ဣဒ္ဓိမာစ ဝသ ဝတ္တိစ ဓတေန ကုသလေန ပါပစိတ္တေနစ ပဏိဓာနံ အကာ သိ ဣဒ္ဓိုတိ မနောပဏိဓာနံ။ တတော မနုဿဘာဝတော စဝိတွာ မာရလောကေ ဥပ္ပန္နော။ တေန ကုသလသမာဒါ နေန ပါပမနောပဏိဓာနေနစ သဗ္ဗဘဝသမ္ပတ္တိ သမ္ပန္နော ဟုလာသော လောကပညတ္တိပါဠိ–၁၈ ဓေဝလောက ဝိဘာဂ ကဏ္ဍကို ထောက်၍ မာရ်နတ်ဖြစ်ခြင်း၏ အကြောင်းကို သိအပ်၏။

### စာမျက်နှာ နံပါတ်–၅၅ (၁)

ကုန္တိဝါတောသမုဋ္ဌာသိ။ လ။ သော ပန ကုန္တိဝါတော ဗလဝတရော ဃဋ္ဋသတေနာပိ ဝူပသမေထုံ အသက္ကုဏေယျော အဟောတိ။ (သာရတ္ထ ဒီပနီဋီကာ၊ နိဒါနကထာဝဏ္ဏနာ–၁၂၇) ၌ ဝမ်းတွင်း လေနာဟု လာသည်။

### စာမျက်နှာ နံပါတ်–၅၅ (၂)

ပါဒေ ကိဋ္ဌဝိသေန ဖုဋ္ဌော, သဝေဒနာပ္ပတ္တော အာသိ တိ အတ္တော။ ကိဋ္ဌဿ ကိဋ္ဌာနံ ဝါဝိသံ ကိဋ္ဌဝိသံ၊ တေန ကိဋ္ဌဝိသေန ဖုဋ္ဌောတိအတ္တော။ တဿ်ဟိ အထေကာဒိဝသံ ဂုမ္ဗဝါသိ ကိဋံ့ ပရိအက္ကမန္တော တဿ သရိရံ ဝိသံ ပါဝိသိ၊ တေန သော အာတုရော အဟောသီတိ ဝုတ္တံ ဟောတိ။ ဟူ၍ ဝံသတ္ထပ္ပကာသိနီခေါ် မဟာဝံသဋီကာ၊ သီဟိုဠ်စာမျက်နှာ (၁၅၉) ၌ လာသည်။ (၆၂၃) ကိဋ္ဌ,ဗန္ဓနေ အကိဋ္ဌ, ဂမနေ–ဝါ–ဒီဃာဒိ–ဟု အဘိဓာန်ဋီကာ (၂၉၇) ၌ လာသည်။ အတ္တနော ကာယေန သတ္တေဟိံသတီတိ ကိဋံ။ ကိဋ္ဌ,ဟိံသာယံဟု သမာသ်ဂဠုန်ပုံပါဠိ (၇၉) ၌ လာသည်။ ကိဋ္ဌော၊ ပိုး။ ဟု အဘိဓာန်နိသျ ကျော်အောင်စံထားမှု၌ လာသည်။ ကိဋ္ဌောစ၊ ပေါက်ဖတ်လည်းဟု သဒ္ဒါကြီးနိသျ၊ ထိုထို သဒ္ဒနီတိ သုတ္တမာလာနိသျတို့ ဆိုကြကုန်သော်လည်း။ ကေစိ ပန ဝိစ္ဆိကာနာမကေန "ကိဋ္ဌ" ဝိသေန ဍဋ္ဌော ထေရော–ဟူ၍ သာရတ္ထဒီပနီဋီကာ (၁၂၇) ၌ ဆိုသော ကြောင့် "ကင်းမြီးကောက်" ဟူ၍ ဆိုသင့်၏။

### စာမျက်နှာ နံပါတ်–၆၆ (၁)

နဂ္ဂ–အချည်းနှီး အဝတ်မရှိသောသူ။ ဒီပ–ကျွန်း။ အချည်းနှီးအဝတ်မပါသော သူတို့ တက်ရောက်ရာ ကျွန်း ဆိုလိုသည်။

မဟိလာ–မိန်းမ။ ဒီပ–ကျွန်း။ မိန်းမတို့ တက်ရောက်ရာကျွန်း ဆိုလိုသည်။ ဘရိယောဏ္ဏနဒီပဟူရာ၌ကား မယား ခုနစ်ရာတို့ တက်ရောက်ရာကျွန်းဟု အဓိပ္ပာယ်ယူ။

> မဟိလာနံ့ အာရုဠ္ဌနာဝါ၊ ဂတာ ဒီပံ အဝဿကံ။
> နာမဓေယျံ တဒါ အာသိ၊ မဟိလာရဋ္ဌန္တိ ဝုစ္စတိ။ ။
>
> (ဒီပဝံသ–နဝမရိစ္ဆေဒ ၅၄–၁၄)

**သုပ္ပါရကဆိပ်** ဟူသည် ဓမ္မပဒအဋ္ဌကထာ စသည်၌ လာ သော ဇမ္ဗူဒိပ်ရှိ သုပ္ပါရကသင်္ဘောဆိပ် ဖြစ်ကြောင်းကို အောက်ပါ ဒီပဝင်ကို ရှု၍ ယူသင့်၏။

(၁၆) ဩရောဟိတွာန သုပ္ပါရံ၊ သတ္တသတဠ တေ တဒါ။ ဝိပုလံ သက္ကာရသမ္မာနံ၊ အကံသု တေ သုပ္ပါရကာ။
(၂၂) လင်္ကာဒိပံ အနုပ္ပတ္တော၊ ဇဟိတွာ ဇမ္ဗုဒိပကံ။
(၂၆) တယော မာသေ ဝသိတွာန၊ ဝိဇယော ဘာရုကစ္ဆကော။
(၂၇) လင်္ကာဒိပ မုပါဂမ္မ၊ ဩရောဟိတွာ ထလေ ဋ္ဌိတာ။

(ဒီပဝံသ–နဝမပရိစ္ဆေဒ–၅၅)

ဤဒီပဝင်အဆိုဇမ္ဗူဒိပ်ကို ရောက်ပြီးမှ သီဟိုဠ်သို့ ရောက်သည်။

### စာမျက်နှာနံပါတ်–၆၉ (၁)

"သိရီသဝတ္ထု" အမည်ရှိသော ဘီလူးမြို့သည် သီဟိုဠ် ကျွန်း၌ ဂေါတမ မြတ်စွာဘုရားလက်ထက်တော်အခါ၌သာ တည်သည် မဟုတ်၊ ရှေးအခါ ငါတို့ဘုရား အလောင်းတော်

www.burmeseclassic.com



ဝလာဟက မြင်းဖြစ်စဉ်ကပင် ရှိသည်။ ထို့ကြောင့် (ဒုက နိပါတ် ၅ ရှုဟကဝဂ် ၁၉၆–ဝလာဟက ဇာတ်အဋ္ဌကထာ ၁၂၂–၉၂) တို့၌ "အတီတေ တမ္ဗပဏ္ဏိဒီပေ "သိရီသဝတ္ထု" နာမ ယက္ခနာဂရံ အဟောသိ" စသည်ဖြင့် မိန့်တော်မူလေပြီ။

## စာမျက်နှာနံပါတ်–၇၀ (၁)

**တမ္ဗပါဏိ**

တမ္ဗပဏ္ဏိဟူသော အမည်သည် ဇမ္ဗူဒိပ်၌လည်း ရှိသည်။ ထို့ကြောင့် သုတ္တနိပါတ် ပါဠိတော် အဋ္ဌကဝဂ်၏ အဖွင့် အရှင်သာရိပုတြာ ဟောတော်မူသော မဟာနိဒ္ဒေသ ပါဠိတော် ၇–တိဿမေတ္တေယျသုတ္တနိဒ္ဒေသ ၁၀၇–၁၇ အတ္တဒဏ္ဍ သုတ္တနိဒ္ဒေသ ၂၉၀ တို့၌ တိဂုမ္ဗံ ဂစ္ဆတိ။ လ။ တမ္ဗပဏ္ဏိံ ဂစ္ဆတိ။ လ။ မူလပဒံ ဂစ္ဆတိဟု မိန့်တော်မူပြီ။ တိဂုမ္ဗံဂစ္ဆတီတိ အာဒီနိ, မူလပဒံ ဂစ္ဆတီတိ ပရိယောသာနာနိ, စတုဝီသတိပဒါနိ, ရဋ္ဌနာမေန ဝုတ္တာနိ, ဟု တိုင်းအမည် ဖြစ်ကြောင်းကို တိဿမေတ္တေယျသုတ္တနိဒ္ဒေသ အဋ္ဌကထာ၌ မိန့်တော်မူ၏။

## စာမျက်နှာ နံပါတ်–၇၀ (၂)

"သီဟဿ လာနေတော ဂဟာဏတော သီဟဗ္ဗော သီဟကုမာရော တံ ဝံသေ ဇာတတာယ တမ္ဗပဏ္ဏိဒီပေ ခတ္တိယာနံ တေသံ နိဝါသ တာယ တမ္ဗပဏ္ဏိဒီပဿ သီဟဠဘာဝေါ ဝေဒိတဗ္ဗော" (ဒီဃနိကာယ်, သုတ်သီလက္ခန် ဋီကာဟောင်း ဂန္ထာရမ္ဘ သတ္တမဂါထာအဖွင့် ၁၆။ ၎င်းဂါထာအဖွင့် မဇ္ဈိမနိကာယ, မူလပဏ္ဏာသဋီကာ။ သံယုတ္တနိကာယ် သဂါထာ ဝဂ္ဂသံယုတ်ဋီကာ။ အင်္ဂုတ္တရနိကာယ်, ဧကက နိပါတ်ဋီကာ ၁၉။ ခုဒ္ဒကနိကာယ်။ သာရတ္ထဒီပနီဋီကာ။ အဋ္ဌမဂါထာအဖွင့်–၁၈) "သီဟံ လာတိဂဏှာတီတိ သီဟလော လကာရဿ ဠကာရံ ကတွာ ယထာ ဂရုဠောတိ။ လ။ သီဟဠောတိဝေဒိတဗ္ဗော" (သီလက္ခန်ဋီကာသစ်–၂၇။ မဟာဝံသ ၄၆။ မဟာဝံသဋီကာ–၁၈၀။ အဘိဓာန်ဋီကာ–၁၈၅–ဂါထာအဖွင့်–၉၇ သဒ္ဒနီတိဓာတုမာလာ။ ၁၁၃။ ၄၂၀)

## စာမျက်နှာနံပါတ်–၇၄ (၁)

ဒီပဝံသ ကျမ်း၌ကား ဤညီနောင်ခြောက်ယောက် အမည်ကို တစ်မျိုးဆို၏။ ထိုခြောက်ယောက်အမည်ကား ရာမ, တိဿ, အနုရာဓ, မဟာလိ, ဒီဃာဝု, ရောဟိဏီ, ဟူ၏။

(၆) ရာမော, တိဿော, အနုရာဓော, မဟာလိ,
ဒီဃာဝုရောဟိဏီ၊ ဂါမဏိ သတ္တမော တေသံ၊
လောကနာထဿ ဝံသဇာ။
(ဒီပဝံသ၊ ဒသမပရိစ္ဆေဒ–၅၇)

## စာမျက်နှာနံပါတ်–၇၈ (၁)

မင်းသားသည် မြည်းမကို ယူဆောင်၍ ဥဒုမ္ဗရတောင်သို့သွားပြီးလျှင် ထိုတောင်၌ လေးနှစ်ပတ်လုံးနေ၏။ ထိုတောင်၌ လေးနှစ်နေပြီးမှ အရိဋ္ဌတောင်သို့ ပဏ္ဍုကာဘယမင်း သွားကြောင်း မဟာဝင်စာကိုယ်၌ ဆိုသည်။

(၆၂) ဂန္တ္ဝာတံ ရမရကၡံသော၊ တမာရုယှ မဟာဗလော၊
တတ္ထ စတ္တာရိ ဝဿာနိ၊ ရုမရကၡနဂေ ဝသီ။
(၆၃) တတော နိက္ခမ္မသဗလော၊ အာဂမ္မာ ရိဋ္ဌ သဗ္ဗတံ၊
ယုဒ္ဓကာလ မပေက္ခန္တော၊ တတ္ထ သတ္တ သမာဝသီ။
(မဟာဝံသ၊ ဒသမပရိစ္ဆေဒ–၅၇)

## စာမျက်နှာနံပါတ်–၈၁ (၁)

အဘယမင်းသား, ဒေဝါနံပိယတိဿမင်းသား, မဟာနာဂမင်းသား, ဥတ္တိယမင်းသား, မတ္တာဘယမင်းသား, မိတ္တမင်းသား, မဟာသိဝမင်းသား, အသေလမင်းသား, သုဝဏ္ဏပိဏ္ဍတိဿမင်းသား, ခီရမင်းသား, ပေါင်းသားတော် တစ်ကျိပ်။ သိဝလိဒေဝီမင်းသမီး, အနုဠာဒေဝီမင်းသမီး, ပေါင်းသမီးတော်နှစ်ပါး။ (ဒီပဝင်ကျမ်း သတ္တရသမပရိစ္ဆေဒ စာမျက်နှာနံပါတ်–၁၀၀) ၌ လာသော မုဋသိဝမင်းကြီး၏ သားတော်, သမီးတော်တို့၏ အမည်တို့တည်း။ မုဋသိဝဿ ဇေဋ္ဌပုတ္တော အဘယောနာမ, ဒေဝါနမ္ပိယတိဿော, ဥတ္တိယော, မဟာသီဝေါ, မဟာနာဂေါ, မတ္တာဘယော, သူရတိဿော, ကီရနာမကော, တိ ဣမေသံ နဝဇော အသေလောတိ ဒဋ္ဌဗ္ဗော။ (မဟာဝံသဋီကာ–၃၀၃)

## စာမျက်နှာနံပါတ်–၈၅ (၁)

သံယုတ္တနိကာယ် (၃) သဠာယတန ဝဂ္ဂသံယုတ်၊ အာသိဝိသဝဂ် ပထမသုတ်တည်း။ စတုက္ကင်္ဂုတ္တရပါဠိတော် ဝလာဟကဝဂ် (၁၀) သုတ် ၃၆၃။ ပုဂ္ဂလပညတ်ပါဠိတော် စတုက္ကနိဒ္ဒေသ ၁၂၃–တို့၌လည်း တစ်မျိုးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



### စာမျက်နှာ နံပါတ်–၈၅ (၂)

မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသပါဠိတော် (၁၀) ဒေဝဒူတသုတ်–၁၉၅ ၌ လည်းကောင်း။ တိကင်္ဂုတ္တိုရ်ပါဠိတော် ၄–ဒေဝဒူတဝဂ်။ ဆဋ္ဌမသုတ် ၁၂၁–၌ လည်းကောင်း လာသည်။

### စာမျက်နှာနံပါတ်–၈၅ (၃)

သံယုတ္တနိကာယ် နိဒါနဝဂ်–၄။ အနမတဂ္ဂသံယုတ်–၃၂၀ စသည်တည်း။

### စာမျက်နှာနံပါတ်–၈၅ (၄)

အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်–၇။ မဟာဝဂ်။ အဋ္ဌမသုတ်–၄၃၃ ၌ လာသည်တည်း။

### စာမျက်နှာနံပါတ်–၈၆ (၁)

ခုဒ္ဒကနိကာယ်–၂၂။ မဟာနိပါတ်–၅၄၄။ မဃာနာရဒ ကဿပဇာတ်–၄၁၄–၌ လာသည်။

### စာမျက်နှာနံပါတ်–၈၆ (၂)

စတုက္ကင်္ဂုတ္တရ–၃။ ဥရုဝေလဝဂ်။ စတုတ္ထသုတ်–၂၈၅ ၌ ကောဋိကာရာမေဟု မြန်မာစာမူ ကာဠကာရာမေဟု သီဟိုလ်စာမူ ၂၁၂–၌ ရှိသည်။

### စာမျက်နှာနံပါတ်–၈၆ (၃)

ကဿပဂေါတ္တထေရ်၊ မူလကဒေဝထေရ်၊ ဒုန္နတိဿရထေရ်၊ သဟာဿ ဒေဝထေရ်၊ ဟူ၍ သီဟဠကျွရာမဟာဝံသဋီကာ ၂၂၂–၌ လာ၏။

### စာမျက်နှာနံပါတ်–၈၆ (၄)

သံယုတ်နိကာယ် ၅။ မဟာဝဂ် ၁၂။ သစ္စ သံယုတ် ပဌမသုတ်–၃၀၃ ၌ လည်းကောင်း။ ခုဒ္ဒကနိကာယ် ဝိနည်းမဟာဝါပါဠိတော် (၁) မဟာခန္ဓက ၁၃ ၌ လည်းကောင်း လာသည်။

### စာမျက်နှာနံပါတ်–၉၁ (၁)

အနုဋ္ဌာဒေဝီတိ ရညော ဇေဋ္ဌဘာတုဇာယာ အနုဋ္ဌာဒေဝီ (သာရတ္ထ ဒီပနီဋီကာ ၁၆၅။ ဝိမတိဝိနောဒနီ ဋီကာ ၃၄) တို့နှင့် မဟာဝင် စာကိုယ်ညီအောင် ဒေဝါနံပိယတိဿမင်း၏ ညီတော်ရစ်ယောက်တို့တွင် အကြီးဆုံး မဟာနာဂမင်းကို "ဇေဋ္ဌဘာတု" ယူရာ၏။ သို့မှ ကိုက်မည်။

### စာမျက်နှာနံပါတ်–၁၀၀ (၁)

မဟာဝင်ဋီကာ၌ ၁၂–ဂါထာမပါ။ အချို့မဟာဝင် စာကိုယ် (၉၀) ၌ ပါသည်။

### စာမျက်နှာနံပါတ်–၁၀၀ (၂)

သံယုတ္တနိကာယ် ခန္ဓ ဝဂ္ဂသံယုတ် ၃–ခန္ဓနိယဝဂ် သတ္တမသုတ် (၆၀) ၌ လာသည်။

### စာမျက်နှာနံပါတ်–၁၀၀ (၃)

၎င်း ခန္ဓဝဂ္ဂသံယုတ် ၅–ပုပ္ပဝဂ် စတုတ္ထသုတ် (၁၀၀) ၌ လာသည်။

### စာမျက်နှာနံပါတ်–၁၀၂ (၁)

"ပဥ္စပညာသဘာတုဟိ" ဟူသော မဟာဝင်ပါဠိ၌ ဆိုလတ္တံ့သော (ဇတေ) ဒွါသဋ္ဌိအရဟန္တေဟိနှင့်ညီအောင် "စတုပညာသဘာတုဟိ" ဆိုလို၏။ သိန်းယိုဘာသာဖြင့် ရေးအပ်သော မဟာဝင်၌ "စတုပညာသာယသဒ္ဓိ" ဆိုသည် ဟူ၏။ ဟူ၍ ၉–ကြောင်းပေ, ဟားချပ် ကျောဘက် ၂–ကြောင်းတွင် ကဝိန္ဒာဘိ သဒ္ဓမ္မဓရ, ဓဇမဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး စီရင်တော်မူခဲ့သော မဟာဝင်နိသျှပောင်း၌ ဆိုသည်။

### စာမျက်နှာနံပါတ်–၁၀၃ (၁)

သဟာယော တေ မဟာရာဇ၊ မဟာရာဇာ (မရုပ္ပိယော)
ပသန္နော ဗုဒ္ဓသမယေ၊ ထူပံ ကာရေတု မိဿတိ။ ။
(မဟာဝင်အဋ္ဌကထာ စာမျက်နှာ ၉၅)။ ။ (၁၁)

"မရုပ္ပိယော" တိ "ဒေဝါနမ္ပိယတိဿော" တိ ပဋိလဒ္ဓဂုဏနာမကောရာဇာ။ ။ (မဟာဝင်ဋီကာစာမျက်နှာ ၂၆၆)။ (၅၀) အာကာသေန ဂတာမရူ။ (၆၉) အာမောဒိတာနရမရူ။ ဗုဒ္ဓဝင်ပါဠိတော်။ သုမေဓပတ္ထနာကထာ ၅၉၀။ အဋ္ဌသာလိနီအဋ္ဌကထာနိဒါန်း။ ဇာတ်အဋ္ဌကထာ နိဒါန်း။ မရုမ,တိ ရူပကာယေန သဟေဝါတိ မရုဒေဝေါ။ ဏွာဒိမောဂ္ဂလာန်

www.burmeseclassic.com



ဒုတိယသုတ် ၁၀-တို့လာပါလျက် အချို့က "မရုပ္ပိယတိ သ" ကို သီဟိုဠ်ဘာသာဟု မှတ်ထင်ကြကုန်၏။ မာဂဓ ဘာသာလျှင်တည်း။

## စာမျက်နှာနံပါတ်–၁၁၂ (၁)

ဘိက္ခုနီမ တစ်ကျိပ်တစ်ယောက်ကား (၁) သဃမိတ္တာ ထေရီ။ (၂) ဥတ္တရာထေရီ။ (၃) ဝိစက္ခဏာထေရီ။ (၄) ဟေမာထေရီ။ (၅) မသာရဂလ္လာထေရီ။ (၆) အဂ္ဂိမိတ္တာထေရီ။ (၇) ဒါသိကာထေရီ။ (၈) ဖေဂ္ဂုပဗ္ဗတာထေရီ။ (၉) မတ္တာ ထေရီ။ (၁၀) မလ္လာထေရီ။ (၁၁) ဓမ္မဒါသိယာထေရီ။ ပေါင်းတစ်ကျိပ် တစ်ယောက်တည်း။ (ဒီပဝင် အဋ္ဌကထာ အဌာရသမပရိစ္ဆေဒ စာမျက်နှာ ၁၀၄–၁၀၅) တို့၌ လာကုန်၏။

## စာမျက်နှာနံပါတ်–၁၁၅ (၁)

ကာဒမ္ဗ ပုပ္ဖ ဂုမ္ဗန္တေ၊ ဆူးရစ်ချုံအစွန်း၌ဟူ၍ ကဝိန္ဓာ ဘိသဒ္ဒမ္မဓရ၊ ဓဇ–မဟာဓမ္မရာဇဂုရု၊ တံဆိပ်တော်ရ ဆရာ တော်ဘုရားကြီး စီရင်ခဲ့သော မဟာဝင်နိဿယဟောင်း၊ ၉ ကြောင်းရေး ပေ၊ 'တ' ချပ်–ကျောဘက် တစ်ကြောင်း ၌ ဆိုသည်။ ကာဒမ္ဗော၊ ထိမ်။ ပိယကော၊ ထိမ်။ နီပေါ၊ ထိမ်။ (မအူလည်းဟူ၏) ဟူ၍ အဘိဓာန်ဂါထာပုဒ်ရေ (၅၆၁) ကျော်အောင်စံထားနိဿယ၌ ဆိုသည်။

## စာမျက်နှာနံပါတ်–၁၁၆ (၁)

ဉာတိကောဝဒသံဂန္တွာ၊ အတ္တနော နတ္တုကာရိကာ။
မဏ္ဍုကဏ္ဍကယောဂေန၊ မဟာဗောဓိ မယာတယိ။
(မဟာဝံသအဋ္ဌကထာ၊ စာမျက်နှာ–၁၁၂)
မဏ္ဍုကဏ္ဍကယောဂေနာတိ ဝိသမဏ္ဍုကကဏ္ ကောဋ္ဌနေန။ တတောတိ တတောမဟာဗောဓိမတကာလာ။

## မဟာဝံသဋီကာ၊ စာမျက်နှာ–၁၃၃

"သိရိဓမ္မာသောကမင်းကြီး၏ မိဖုရားငယ် (အာဒရာ သျှိတာ) သည် တစ်ညဉ့်တည်းပင် မဟာဗောဓိပင်ကို တူး ဖြိုသတ်ဖြတ်ပစ်၍ သိရိဓမ္မာသောက မင်းကြီးသည် တစ်ခု သော ညောင်စေ့ကိုရ၍ အဓိဋ္ဌာန်ပြု၍ စိုက်တော်မူလျှင် တစ်ခဏချင်းပင် မီးနီးကဲ့သို့ တက်၍ ခက်လက်ပင်စည် နှင့်တကွ အပြည့်အစုံ ဖြစ်ထွန်း စည်ကားလာလေသည် စသည်ဖြင့် "အဂ္ဂမဟာပဏ္ဍိတ ကဝိဓဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု"၊ တံဆိပ်တော်ရ သဃဇာ ဆရာတော်ဘုရားကြီး ၏ စကားပုံစာအုပ်မျက်နှာ (၂၂၈) ၌ ဆိုသည်။ သက္ကရာဇ် ၁၁၇၁–ခု၊ တန်ခူးလဆန်း–၁၃ ရက်နေ့ မဟာဗောဓိပင် သို့ ဧယျကျော်သူ၊ ဧယျကျော်ထင်၊ ဧယျကျော်စွာ၊ တို့ ရောက်၍ တောင်စူးစူးထွက်သည့် ခက်မက ခက်လက် သုံးကိုင်းဖြာသည်တွင် အောက်ပိုင်း လုံးပတ် ငါးထွာတစ် မိုက်ကို သိရိဓမ္မာသောကမင်းကြီး ပင့်ဆောင်လေသော ကြောင့် ပြတ်လျက်ရှိသည်။ စသည်ဖြင့် သုဿောဇိတ မဟာ ရာဇဝင်တော်–ပဌမအုပ်စာမျက်နှာ (၁၈၁) ၌ ဆိုသည်။

"ဗုဒ္ဓဂယာ" ဟူ၍ ယခုတိုင်အောင်ခေါ်လေ့ရှိသော အခါ၌။ လ။ ပေ–၃၀ ခန့်အမြင့်ရှိသော မြေကတုတ်ပေါ် တွင် အပင်တစ်ခြမ်းသေလျက်ဖြစ်သော ညောင်ဗုဒ္ဓဟောပင် ကြီး တစ်ပင်ရှိလေ၏ဟူ၍ ခရစ်သက္ကရာဇ် ၁၈၇၄ ခုနှစ် ပုံရိုက်သော (ပထဝီဝင်ချုပ်စာအုပ်) နံပါတ် (၂၁၅) ၌ ဆို သည်။ ၎င်းစကားအရပ်ရပ်တို့ကို ရှေ့နောက်နှီးနှော၍ ရှု တော်မူကြပါကုန်။

## စာမျက်နှာနံပါတ်–၁၁၉ (၁)

"ဒမိဠ" ကို ကျေးကုလားဟူ၍ လည်းကောင်း၊ ကျည်းကုလားလူမျိုးဟူ၍ လည်းကောင်း၊ ရေးကြကုန်၏။ ကြေးအိုး၊ ကြေးခွက်တို့ကို အသုံးများသောကြောင့် ကြေး ကုလားလူမျိုးဟူ၍လည်း ဆိုကြကုန်၏။

## စာမျက်နှာနံပါတ်–၁၂၃

ကလျာဏီမြို့၌ ဝိဟာရဒေဝီမိဖုရား၏ ခမည်းတော် တိဿမင်းကြီး၏ အဆက်ကား မုဋသီဝမင်းကြီး၏ သား တော် ဥတ္တိယမင်းသည်ရှိ၏။ ၎င်း၏ သားတော်ဥတ္တိယပင် ရှိ၏။ ၎င်းဥတ္တိယမင်း၌ သားတော်နှစ်ယောက် ရှိ၏။ ၎င်း တို့တွင် အကြီးကို ဘကြီးတော် ဒေဝါနမ္ပိယတိဿမင်း၏ အမည်တူပြု၍ "မရုပိယတိဿ" မှည့်၏။ ကလျာဏီ တိဿ–တွင်၏။ သားအငယ်ကို မိမိ ခမည်းတော်၏ အမည် တူမှည့်၏။ ဤသို့ ဆွေမျိုးဆက်စပ်သော် ကာကဝဏ္ဏတိဿ မင်းကြီးနှင့် ဝိဟာရဒေဝီ မိဖုရားကြီးသည် မောင်နှမသုံး ဝမ်းကွဲတော်စပ်လေသည်။ (မဟာဝင်ဋီကာလာ အဓိပ္ပာယ် တည်း။)

www.burmeseclassic.com

www.burmeseclassic.com



### စာမျက်နှာနံပါတ်–၁၂၃ (*)

မဟာဝင်စာကိုယ် ဋီကာပါဌ် တေလကဋာဟဂါထာ (၁၀၀) ပါဌ်တို့၌ မထေရ်၏အမည်မပါ။

### စာမျက်နှာနံပါတ်–၁၂၄ (၁)

ကလျာဏီက ရဟန္တာအရှင်သည် ဟောကြားဆုံးမတော်မူခဲ့သော ၁၄ လုံးဘွဲ့ချည်း ဂါထာ ၁၀၀–ကို ဆီပူဒယ်အိုးအတွင်းက ဟောတော်မူခဲ့ခြင်းကြောင့် "တေလကဋာဟဂါထာ" ဟူ၍ လည်းကောင်း၊ ဂါထာ ၁၀၀ ရှိသောကြောင့် "တေလကဋာဟသတက" ဟူ၍ လည်းကောင်း ခေါ်ဝေါ်ကြကုန်၏။ ၎င်းကို သက္ကရာဇ်ဗင်္ဂလီ ဘာသာမှ ပဲခွယ်ကုန်းမြို့ သိမ်ကျောင်းဘုန်းကြီး အရှင်စန္ဒောဘာသ မဟာထေရ် မာဂဓဘာသာသို့ ပြန်၍ မန်လည် ဆရာတော်ဘုရားကြီးအား နိသျ စီရင်တော်မူရန် လျှောက်တောင်းပန်ရာ ၎င်းဆရာတော်ဘုရားကြီး စီရင်တော်မူရန် လျှောက်တောင်းပန်ရာ ၎င်းဆရာတော်ဘုရားကြီး စီရင်တော်မူခဲ့သော နိသျကို ၁၂၈၁–ခု၊ တန်ခူးလဆန်း ၄–ရက်နေ့က ပုံရိုက်ပြီးသော စာမျက်နှာ ၉၅–ရှိ တေလကဋာဟဂါထာပါဌ် နိသျကိုလည်းကောင်း၊ ယူ၊ ပီ၊ ဇေနာယကသည် စီရင်သောဗျာချာဟူ၍လည်းကောင်း၊ သန္နဟူ၍လည်းကောင်း ခေါ်ဝေါ်သော သီဟိုဠ်ဘာသာ နိသျသန္နသဟိတ တေလ ကဋာဟဂါထာ ပေါတ္ထကစာမျက်နှာ ၄၀–ရှိကို လည်းကောင်းကောင်းစွာ ကြည့်ရ၏။ ၎င်းမှတစ်ပါး "ပဇ္ဇမဓုသတက" "အနုရုဒ္ဓသတက" "ဇာတကသတက" "ဝုတ္တမာလာသတက" စသော–သကတ များစွာတို့သည် သီဟိုဠ်ကျွန်း၌ ရှိကြကုန်၏။ ထိုရဟန္တာအလောင်းသည် ရှေးသောဘဝက နွားကျောင်းသား သူငယ်ဖြစ်စဉ် ကျိုက်ကျိုက်ဆူသော နွားနို့ပူထဲသို့ ယင်ငယ်ကို ထည့်ဖူးသော အကုသိုလ်ကံ မကောင်းမှုကြောင့်ဟူ၍ (ရသဝါဟိနီပါဌ် ကာကဝဏ္ဏတိဿ ဝတ္ထု၊ စာမျက်နှာ–၅၇) ၌ လာသည်။

### စာမျက်နှာနံပါတ်–၁၂၈ (၁)

ကာကဝဏ္ဏတိဿမင်းကြီး၊ ဒုဋ္ဌဂါမဏီအဘယမင်းကြီး၊ နန္ဒိမိတ္တ အစရှိသော သူရဲကြီးတစ်ကျိပ်တို့၏ ရှေးဘဝ အတ္ထုပ္ပတ္တိတို့သည် သဟာဿဝတ္ထု အမည်ရှိသော ရသဝါဟိနီပါဌ်စာကိုယ် ဋီကာ၌လာသည်။

### စာမျက်နှာနံပါတ်–၁၂၉ (၁)

နယုတေ ဗန္ဓိယတေ ယာယ သာနန္ဒီ၊ နဟ၊ ဗန္ဓနေ တော နဒါဒီ ဟူ၍ အဘိဓာန်ဋီကာ–ဂါထာနံပါတ် ၅၂၆–အဘိဓာနပ္ပ ဒီပိကာ သူစိ ၃၁၉–၌လာသောကြောင့် လည်းကောင်း (န,သံယုတ်နှင့်လည်း ရှိ၏။ အနက်အတူပင်) ဟူ၍ ကျော်အောင်စံထား အဘိဓာန်နိသျ၌ မှာသောကြောင့်လည်းကောင်း၊ နန္ဒိမိတ္တ၊ နိန္ဒိမိတ္တ၊ နှစ်မျိုးပင် ရေးသင့်၏။ နန္ဒိန္တိ သပ္ပိတိကံ တဏှာရာဂန္တိ" နိပ္ပိတိကံ တဏှာ ၉၄။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။ ၂၆၆–ဣတိဝုတ် အဋ္ဌကထာ စသည်တို့၌ တဏှာကို နန္ဒီ–ဟု ဒထွေးနှင့် ရေးကုန်၏။ ဤ၌ ကြိုးဟော၊ လွန်ဟောဖြစ်၍ နန္ဒိဟု မရေးသင့်။

### စာမျက်နှာ နံပါတ်–၁၄၁ (၁)

**ကျေး ၂၈ ပြည်ထောင်**

(၁) မဟိယင်္ဂဏအရပ်၊ (၂) အမ္ဗတိတ္ထမြို့၊ (၉) ထို့နောက် ကျေးမင်း ၇–ယောက်၊ (၁၀) ဒေါဏမြို့၊ (၁၁) ဟာလကောလမြို့၊ (၁၂) နာဠိသောဗ္ဘမြို့၊ (၁၃) ဒီဃာဘယဂလ္လကမြို့၊ (၁၄) ကစ္ဆတိတ္ထမြို့၊ (၁၅) ကောဋမြို့၊ (၁၆) ဟလဝဘာဏကမြို့၊ (၁၇) ဝဟိဋ္ဌမြို့၊ (၁၈) ဂါမဏီမြို့၊ (၁၉) ကုမ္ဘရွာ၊ (၂၀) နန္ဒိရွာ၊ (၂၁) ခါဏုရွာ၊ (၂၂) တမ္ဗရွာ၊ (၂၃) ဥဏ္ဏမရွာ၊ (၂၄) တမ္ဗကုန္နမမြို့၊ (၂၅) ဝိဇိတမြို့၊ (၂၆) ဂိရိလကမြို့၊ (၂၇) မဟေလမြို့၊ (၂၈) အနုရာဓမြို့၊ ဤကား ဒုဋ္ဌဂါမဏီမင်းကြီး တိုက်တော်မူသော မြန်မာပြည်၌ ပြောရိုး ပြောစဉ်ရှိသော သီဟိုဠ်ကျွန်းပေါ်ရှိ ကျေး ၂၈ ပြည်ထောင်တည်း။ ဘလ္လုက စစ်သူကြီးနှင့်တိုက်သော စစ်ပွဲကား ၂၉ ကြိမ်မြောက်ဖြစ်၍ ဤ၌ မပါပေ။

### စာမျက်နှာ–၁၄၂ (၁)

(၁၀၉) သဂ္ဂမဂ္ဂန္တရာယောဝ၊ နတ္ထိတေ တေန ကမ္မုနာ။
ဒီယမှ မနုဇာ စေတ္တ၊ ယာတိတာ မနုဇာဓိပ။

(၁၁၀) သရဏေသု,ဋ္ဌိတော ဧကော၊ ပဉ္စသီလေပိ စာပရော။
မိစ္ဆာဒိဋ္ဌိစ ဒုဿီလာ၊ သေသာ, ပသုသမာ မတာ။

ဟူ၍ မဟာဝင်ပါဌ်ရှိသောကြောင့် တစ်ယောက်ကို သရဏဂုမ်တည်သောလူ၊ တစ်ပိုင်းကို ပဉ္စသီလရှိသောလူဟု ယူရအံ့သကဲ့သို့ နေ၏။ အပ္ပသာဝဇ္ဇ အပြစ်နည်း၊

www.burmeseclassic.com

www.burmeseclassic.com



မဟာသာဝဇ္ဇ အပြစ်ကြီး လည်းကောင်း ၂ ရပ်တို့ကို ပြဆိုရာသမ္မောဟဝိနောဒနီ အဋ္ဌကထာ။ ၁၄-သိက္ခာပဒဝိဘင်းအဖွင့် ၃၃၀။ အင်္ဂုတ္တိုရ်အဋ္ဌကထာ ဒုကနိပါတ ၁၂၅-စသည်တို့ကို ထောက်က မဟာဝင်ဝတ္ထု၌ ရှိသောအတိုင်း သင့်လျော်လှပေ၏။

## စာမျက်နှာနံပါတ်-၁၆၁ (၁)

**ရှင်မာလဲ**

ထိုမလိယ မဟာဒေဝ ရဟန္တာ မဟာထေရ်ကိုပင် ရှင်မလယဟူ၍ လည်းကောင်း၊ ရှင်မာလဲဟူ၍ လည်းကောင်း မြန်မာပြည်၌ ခေါ်ဝေါ်ကြကုန်၏။ ပါဠိလေယျက ဆင်ကို ပလလဲဆင် ခေါ်သကဲ့သို့တည်း။ မလိယမဟာဒေဝထေရ်သည် စူဠဂလ္လက ရွာသား ဥပါသကာတစ်ယောက်ကိုခေါ်၍ စူဠာမဏိစေတီတော်ကို ပူဇော်ရန်ကြွတော်မူရာတွင် တာဝတိံသာနတ်ပြည်၌ မေတ္တေယျအလောင်းတော် နတ်သားနှင့်တွေ့၍ ၎င်းက ၎င်းဥပါသကာအား နတ်ပုဆိုးတစ်စုံပေးလိုက်ကြောင်း စသည်သည် ရသဝါဟိနီ စာကိုယ်ပါဠိစူဠဂလ္လဝတ္ထု-၁၆၃။ ရသဝါဟိနီဋီကာပါဠိ ၈၁ ၌ လာသည်။ ၎င်းမှတစ်ပါး သီဟဠဝတ္ထုပါဠိ သုံးခုမြောက်သော မေတ္တေယျ ဝတ္ထု၌လည်း ဓမ္မနသုယျတေ။ တမ္ပပဏ္ဏိဒီပေ၊ ရောဟနဇနပဒေ၊ ကမ္ဗောဇဂါမေ၊ မာလေယျထေရောပတိဝသတိ။ ဟူ၍ မဟာဒေဝ ထေရ်ကိုပင် ဆိုသည်။

## စာမျက်နှာနံပါတ်-၁၆၃ (၁)

**မေတ္တေယျဘုရားရှင်**

လူတို့သက်တမ်း ရှစ်သောင်းရှိကုန်လတ်သော် ဤဗာရာဏသီပြည်သည် ကေတုမတီ မင်းနေပြည် ဖြစ်လတ္တံ့။ လ။ အသက်-၈၀၀၀၀-တမ်း၌ အရပ်အစရှိသော ဂုဏ်တော် ၉ ပါးရှိသော မေတ္တေယျဘုရားရှင် ပွင့်တော်မူလတ္တံ့ဟု သုတ်ပါထေယျပါဠိတော် ၃-စက္ကဝတ္တိသုတ် ၅၄-၌ ဆိုသည်။ သုဗြဟ္မာပုဏ္ဏား၊ ဗြဟ္မဝတီ ပုဏ္ဏေးမတို့သည် မေတ္တေယျမြတ်စွာဘုရား၏ ခမည်းတော် မယ်တော် ဖြစ်လတ္တံ့ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၁၃-အဘိညာနိဒ္ဒေသ ၃၈၅။ အင်္ဂုတ္တိုရ် အဋ္ဌကထာ ၄-အဋ္ဌကထာကဏ္ဍ ၃၉၃-တို့၌ ဆိုကုန်၏။ မေတ္တေယျ မြတ်စွာဘုရားလောင်း၏ မယ်တော် ဗြဟ္မဝတီပုဏ္ဏေးမ၊ ခမည်းတော် သုဗြဟ္မာပုဏ္ဏား၊ ဘုရားလောင်း၏ ငယ်မည်တော် အဇိတ၊ ကြင်ရာတော်တစ်သိန်းတို့တွင် စန္ဒမုခီ မိဖုရားသည် အဂ္ဂမဟေသီ၊ သားတော်ကား ဗြဟ္မဝဍ္ဍန၊ စံတော်မူသော ပြာသာဒ်တော်ကား သိရိဝဍ္ဍပြာသာဒ်၊ ဝဍ္ဍမာနပြာသာဒ်၊ သိဒ္ဓတ္ထပြာသာဒ်၊ စန္ဒကပြာသာဒ်အားဖြင့် လေးဆောင်တည်း။ အနှစ်ရှစ်ထောင် လူ့ဝတ်နှင့် နေတော်မူ၍ ရဟန်းပြုလတ္တံ့။ လက်ျာရံ အဂ္ဂသာဝက အရှင်အသောက၊ လက်ဝဲရံ အဂ္ဂသာဝက အရှင်ဗြဟ္မဒေဝ၊ အလုပ်အကျွေး အရှင်သီဟထေရ် အစရှိသည်ဖြင့် (၁၄၂) ဂါထာရှိသော အနာဂတဝင်ပါဠိတော်၌ လည်းကောင်း၊ သမန္တဘဒ္ဒိကာ အမည်ရှိသော အနာဂတဝင် အဋ္ဌကထာ၌ လည်းကောင်း၊ ပါဒစက္ကသာရ ကျမ်းအလို အနာဂတဝင် ဋီကာ၌လည်းကောင်း လာသည်။ အလိုရှိသူတို့ ထိုကျမ်းတို့၌ ရှာပါကုန်။

## စာမျက်နှာနံပါတ်-၁၇၀ (၁)

**ဗြဟ္မဇာတိဿ**

ဤဗြဟ္မဇာတိဿ နိုးသူကြီး၏ အကြောင်းသည် မဟာဝင်ကျမ်း၌ အမြွက်မျှသာလျှင် ပါသည်။ ဂတိသမ္ပတ္တိ၊ ဥပဓိသမ္ပတ္တိ၊ ကာလသမ္ပတ္တိ၊ ပယောဂသမ္ပတ္တိ၊ ဂတိဝိပတ္တိ၊ ဥပဓိဝိပတ္တိ၊ ကာလဝိပတ္တိ၊ ပယောဂဝိပတ္တိဟူသော သမ္ပတ္တိတရားလေးပါး၊ ဝိပတ္တိတရားလေးပါးတို့တွင် ကာလဝိပတ္တိကို ဖွင့်ပြရာဖြစ်သော သမ္မောဟဝိနောဒနီ အဋ္ဌကထာ (၁၆) ဉာဏဝိဘင်းအဖွင့် သုခမ္မဝတီရိုက် စာမျက်နှာနံပါတ် ၃၈၄ ၌ "တတြိဒံ မဟာသောဏတ္ထေရဿ ဝတ္ထု ကထေတဗ္ဗံ။ ဗြဟ္မဇာတိဿဘယေကိရ" အစရှိသည်ဖြင့်လာသော သံယုတ္တနိကာယ်ဆောင်သော စူဠသိဝထေရ်၊ ဣသိဒတ္တထေရ်၊ မဟာသောဏထေရ်တို့၏ ဝတ္ထု၌ စိတ္တလပဗ္ဗတကျောင်းတိုက်၌ ရဟန္တာ ၁၂၀၀၀ တို့ သီတင်းသုံးတော်မူကြကုန်ရာ ထိုကျောင်းတို့၌ သုံးနှစ်စာ ဝတ်ဆွမ်းအကျိုးငှာ လှူဒါန်းထားသော စပါးတို့ကို တစ်ညဉ့်ချင်းပင်လျှင် ကြီးစွာသော ကြွက်တို့စား၍ ဖွဲချည်းထားသောကြောင့် ၂၄၀၀၀ သော ရဟန္တာအရှင်တို့၏ အနုပါဒိသေသပရိနိဗ္ဗာန် စံတော်မူကြရရှာကုန်သော ဝတ္ထု၊ ဝတ္တဗ္ဗကနိဂြောဓထေရ်၏ ဝတ္ထုတို့သည် ကျယ်ဝန်းစွာ လာကုန်၏။ အလိုရှိသော သူတော်ကောင်းတို့သည် ထိုအဋ္ဌကထာ၌ ယူတော်မူကြပါကုန်။

ဗြဟ္မဇာတိဿ နိုးသူကြီးဘေးသည် တမ္ပပဏ္ဏိ အမည်ရှိသော သီဟိုဠ်ကျွန်း၌ တစ်ဆယ့်နှစ်နှစ်ဖြစ်ကြောင်း။ ထိုအခါ လင်မယားတို့အား **"လင်စိတ် မယားစိတ်ကိုစွ မဖြစ်ပေါ်လာနိုင်ကြောင်း"** ကို သံယုတ္တနိကာယ် (၂) နိဒါနဝဂ္ဂ

www.burmeseclassic.com

www.burmeseclassic.com



သံယုတ် (၇) မဟာဝဂ် (၃) ပုတ္တမံသူပမသုတ်။ ပဥ္စမာဟာရ အဖွင့်ဆုံးလုနီး သံယုတ်အဋ္ဌကထာပါဠိ စာမျက်နှာ နံပါတ် ၃၂၉-၁၀၄။ ၉၈ ၌ "ဗြာဟ္မဏာတိဿဘယေကိရ ဒွါဒသ ဝဿာနိ ဓာယမ္ဗတိကာနံ ဥပနိဗ္ဗာနစိတ္တံ နာမ, နာဟောသိ, ကသ္မာ အာဟာရ မန္ဒတာယ ဘယေပန ဂူပသန္တေ ယောဇနသတိကော တမ္ဗပဏ္ဏိဒီပေါ ဒါရကာနံ ဓာတမဂ်လေဟိကောမဂ်လော အဟောသိ" ဟူ၍ မိန့်တော်မူသည်။

### စာမျက်နှာနံပါတ် ၁၇၃

မုခပါဠေနေ အာနီတံ၊ ဓမ္မဥ, ဝိနယ ဝရံ။
သဒ္ဒိဝဌကထာဟောဝ၊ ပေါတ္ထကေသု, လိခါပယံ။ ။

နိဌာပေသေ က ဝဿေနံ၊ စတုတ္တံ ဝိယ သင်္ဂဟံ။
တဒါဝသုန္ဓရာ စာယံ၊ နေကာကာရေဟိ ကမ္ပိတာ။

ဟူ၍ သာသနာတော်နှစ် ၂၄၂၃-ခု၊ သီဟိုဠ်ကျွန်း အမရပုရနိကာယိက ဝိမလသာရ မဟာထေရ် စီရင်တော်မူအပ်သော ဂါထာ ၁၆၇၁-ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော "သာသနဝံသဒီပပါဠိ" စာမျက်နှာ နံပါတ်-၁၂၁။ ဂါထာနံပါတ်-၁၀၈၉-၁၀၉၀ ၌၊ တစ်နှစ်တင်ရသည်ဟု လာသည်။

၎င်းကျမ်း၌ ပေထက်တင်သော အခန်းကိုဆိုသော ဂါထာသည် ၂၀ မျှရှိသည်။ ၁၀၇၅-ကစ၍ ၁၀၉၄-၌ဆုံးသည်။

### ပေထက်တင်စာလုံးအက္ခရာ

ဒီပဝံသ အဋ္ဌကထာ, ဒီပဝံသ ဋီကာ, မဟာဝံသ အဋ္ဌကထာ, မဟာဝံသဋီကာပါဠိတို့၌ မည်သည့်ဘာသာ မည်သည့်စာလုံး အက္ခရာတို့ဖြင့် ပေထက်တင်ထားသည်ဟု မဆိုလေ၊ မလာပေ။ သို့သော်လည်း အရှင် မဟာဗုဒ္ဓဃောသ မဟာထေရ် စီရင်တော်မူသော အဋ္ဌကထာ၊ ဂန္ထာရမ္ဘဂါထာတို့၌ "တန္တိနယာနုစ္ဆဝိကံဟူ၍ လည်းကောင်း, တန္တိဘာသံ မနောရမံဟူ၍ လည်းကောင်း, တသ္မာ ဣမံ ပါဠိနယာနုရူပံဟူ၍ လည်းကောင်း, ဘာသံတန္တိနာယာနုဂံ" ဟူ၍ လည်းကောင်း ဆိုတော်မူသောကြောင့် ပါဠိဘာသာဖြင့် တင်သည်ဟု ဆိုတော်သင့်ရာ၏။ အက္ခရာစာလုံးကိုသော်ကား ရတနာပုံ မန္တလေးမြို့တော်၌ ပဉ္စမသင်္ဂါယနာတင်သောအခါ အဘယ်စာလုံးမျိုးတို့ဖြင့် ကျောက်ထက် တင်ထားသည်ဟု ရာဇဝင်တို့၌ မဆိုသော်လည်း မြန်မာပြည်၌ မြန်မာစာလုံးဟု ယုံမှားဖွယ်မရှိ သိရသကဲ့သို့ သီဟိုဠ်ကျွန်း၌ သီဟိုဠ်စာလုံးဟု သန္နိဋ္ဌာန်ကျသိသင့်၏။

### စာမျက်နှာနံပါတ် ၁၈၅ (၁)

ထိုသယ်ဇောဓိမင်း၏ အကြောင်း အကျယ်ကား စုဏ္ဏိယ ဂါထာ ၅၆ မျက်နှာ ၇၁ ရှိသော ဟတ္ထဝန ဂလ္လဝိဟာရဝံသပါဠိ၌ လည်းကောင်း, သီဟိုဠ်ကျွန်းနေ အရှင်ဝေဒေဟ မဟာထေရ်သူမြတ် စီရင်တော်မူအပ်သော ဂါထာ ၇၉၆ ရှိ သမန္တကူဋဝဏ္ဏနာပါဠိ၌ လည်းကောင်း လာသည်။

### လက်ဝဲအောက်စွယ်တော်

မဟာသေနမင်း၏ သားတော် ကိတ္တိသိရိမေဃဟူ၍ လည်းကောင်း, သိရိမေဃ ဝဏ္ဏဟူ၍ လည်းကောင်း ကျော်စော ထင်ရှားသော မင်းသားသည် သာသနာတော် ၈၄၆-နှစ်၌ နန်းတက်၍ ၂၈ နှစ် ထီးနန်းစိုးစံတော်မူ၏။ ၎င်း၏ နန်းစံကိုးနှစ် သာသနာတော် ၈၅၅-ခုနှစ် ရောက်သောအခါ ဇမ္ဗူဒိပ်ကျွန်း ကာလိင်္ဂတိုင်း ဒန္တပုရမြို့တော်မှ ဂုဟာသိဝမင်း၏ သမီးတော် ဟေမ မာလာမင်းသမီး၊ ၎င်းဂုဟာသိဝမင်း၏ တူတော် ဥဇ္ဇေနီမြို့ဘွား ဒန္တကုမာရမင်းသား လင်မယားတို့သည်။

ဒက္ခိဏာပရိမာဒေဝေ၊ နာဂေ ဒက္ခိဏာဟေဋ္ဌိမာ။
ဝါမုပရိ ဂန္ဓာရ, ရဋ္ဌေ၊ ကာလိင်္ဂေ, ဝါမဟေဋ္ဌိမာ။
ဗုဒ္ဓဿ စတုရော ဒါဠော အဟံ ဝန္ဒာမိ ဒူရတော။
(သာဒရံ)

ဟူသော စွယ်တော် ၄ ဆူတို့တွင် လက်ဝဲအောက် စွယ်တော် တစ်ဆူကို သဆောင်နှင့်ဆောင်ယူ၍ သီဟိုဠ်ကျွန်း အနုရာဓမြို့တော်သို့ ရောက်လာကြကုန်၏။

ထိုကိတ္တိသိရိမင်း၏ ညီတော် (ဒုတိယ) ဇေဋ္ဌတိဿမင်းသည် သာသနာတော် ၈၇၄-ခုနှစ် နန်းတက်၍ ၉ နှစ် နန်းစံသည်။ ထိုမင်းလွန်သော်-

### သားတော် ၈၀ ဖခင်မင်း

ထိုမင်း၏ သားတော် ဗုဒ္ဓဒါသမင်းသည် သာသနာတော် ၈၈၃-ခုနှစ် နန်းတက်၍ ၂၉ နှစ် မင်းပြုသည်။ ထိုမင်းသည် ဆေးအတတ်၌ ကျွမ်းကျင် နားလည်လှသဖြင့် **ယောဂရတနာကရ** အမည်ရှိသော **ဆေးကျမ်း**ကိုလည်း စီရင်

www.burmeseclassic.com



ခဲ့သည်။ ထိုဗုဒ္ဓဒါသမင်း၌ ဂေါတမမြတ်စွာဘုရားရှင်၏ အသီတိမဟာသာဝကတို့နှင့် အမည်တူ သားတော် ၈၀ ရှိ၏။ ထို့ကြောင့် မဟာဝင်သတ္တတိံ သတိမပရိစ္ဆေဒ၌

(၁၇၆) အသီတိပုတ္တာ တဿာသုံ၊ သူရာ ဝီရင်္ဂရူပိနော၊
အသီတိယာ သာဝကာနံ၊ နာမကာ ဝိယဒဿနာ၊

(၁၇၇) သာရိပုတ္တာဒိ, နာမေဟိ၊ ပုတ္တေဟိ ပရိဝါရိတော။

ဟူ၍ ဆိုတော်မူပြီ။

ထိုမင်းလွန်သော် ထိုမင်း၏သားတော် အကြီးဆုံး (ဒုတိယ) ဥပတိဿ မင်းသားသည် သာသနာတော်နှစ် ၉၁၂-ခုနှစ်၌ နန်းတက်၍ ၄၂ နှစ် မင်းပြု၏။

ထိုမင်း လွန်သော် ထိုမင်း၏ညီတော် **မဟာနာမ** မင်းသားသည် သာသနာတော် ၉၅၄-ခုနှစ် နန်းတက်၍ (သိရိပါလမင်း) ဟူသော ဘွဲ့တံဆိပ်တော်ကို ခံယူလျက် ၂၂-နှစ် မင်းပြု၏။

## အရှင်မဟာဗုဒ္ဓဃောသနှင့် အဋ္ဌကထာများ

ထိုမဟာနာမ မင်း၏ လက်ထက်တော်အခါ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မဟာဗောဓိပင်၏အနီး ဃောသရွာနေ ကေသိပုဏ္ဏား, ကေသိနီပုဏ္ဏေးမတို့၏သား အရှင်မဟာဗုဒ္ဓဃောသထေရ် သီဟိုဠ်ကျွန်း အနုရာဓမြို့တော် မဟာမေဃဝန် ဥယျာဉ်၌တည်သော မဟာဝိဟာရ အမည်ရှိသော ကျောင်းတိုက်သို့ ရောက်၍ သင်္ဃပါလမဟာထေရ်, ဗုဒ္ဓမိတ္တမဟာထေရ်တို့၏ထံ၌ **သီဟိုဠ်ဘာသာ** မဟာအဋ္ဌကထာ မဟာပစ္စရီ အဋ္ဌကထာ ကုရုန္ဒီအဋ္ဌကထာ ၎င်းအဋ္ဌကထာ သုံးစောင်တို့ကို ထေရဝါဒ ဝိနိစ္ဆယနှင့်တကွ ကောင်းစွာ သင်ကြားနာယူပြီးလျှင် ဆရာဖြစ်သော သင်္ဃပါလ မထေရ်၏ တောင်းပန် တိုက်တွန်းခြင်းကို အရင်းပြု၍ ၅၈ ဘာဏဝါရ စာမျက်နှာနံပါတ်-၉၅၇ ရှိ ဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဠ်ကို စီရင်တော်မူသည်။ သုမင်္ဂလ ပရိဝုဏ်၌နေသော ဒါဌာနာဂသံဃာ့ထေရ် တောင်းပန်၍ ၈၁-ဘာဏဝါရ စာမျက်နှာ ၈၇၄-ရှိ၊ သုမင်္ဂလဝိလာသိနီ အမည်ရှိသော ဒီဃနိကာယ် အဋ္ဌကထာပါဠ်ကို စီရင်တော်မူသည်။ မယူရရူတပဋ္ဋနဆိပ်၌ ရှေးက အတူနေဖူးသော ဗုဒ္ဓပုတ္တထေရ် တောင်းပန်၍ ၁၀၇ ဘာဏဝါရ စာမျက်နှာ ၁၁၃၂ ရှိ၊ ပပဉ္စသူဒနီ အမည်ရှိသော မဇ္ဈိမနိကာယ် အဋ္ဌကထာပါဠ်ကို။ လ။ ကဉ္စိပုရမြို့, အစရှိသည်တို့၌ အတူနေဖူးသော ဇောတိပါလထေရ် တောင်းပန်၍ ၇၈-ဘာဏဝါရ။ စာမျက်နှာ ၉၂၀-ရှိ။ သာရတ္ထပ္ပကာသိနီ အမည်ရှိသော သံယုတ္တနိကာယ် အဋ္ဌကထာပါဠ်ကို။ လ။ ၎င်းဇောတိပါလထေရ်နှင့် အာဇီဝကတစ်ဦးတောင်းပန်၍ ၉၂-ဘာဏဝါရ စာမျက်နှာ ၁၁၆၀ ရှိ၊ မနောရထပူရဏီအမည်ရှိသော အင်္ဂုတ္တရနိကာယ် အဋ္ဌကထာပါဠ်ကို။ လ။ တောင်းပန်သူမပါ ဘာဏဝါရ အရေအတွက်မပါ စာမျက်နှာ ၂၆၆-ရှိ ပရမတ္ထဇောတိကာ အမည်ရှိသော ခုဒ္ဒကပါဠ် အဋ္ဌကထာပါဠ်ကို။ လ။ ကုမာရကဿပထေရ် တောင်းပန်၍ ၇၂-ဘာဏဝါရ စာမျက်နှာ ၈၅၆-ရှိ၊ ဓမ္မပဒအဋ္ဌကထာပါဠ်ကို။ လ။ တောင်းပန်သူမပါ ၄၄-ဘာဏဝါရ စာမျက်နှာ ၄၉၀ ရှိ၊ ပရမတ္ထဇောတိကာ အမည်ရှိသော သုတ္တနိပါတ် အဋ္ဌကထာပါဠ်ကို။ လ။ အတ္ထဒဿီထေရ်, ဗုဒ္ဓမိတ္တထေရ်, မဟိံသာသကမင်းမျိုး၌ဖြစ်သော ဗုဒ္ဓဒေဝထေရ်တို့ တောင်းပန်၍ နိဂုံးကို မတွေ့ရသဖြင့် ဘာဏဝါရ-အရေ မသိရသော စာမျက်နှာ ၃၁၃၉-ရှိ၊ ဇာတ်အဋ္ဌကထာပါဠ်ကို။ လ။ ဗုဒ္ဓသိရိထေရ် တောင်းပန်၍ ၁၀၈-ဘာဏဝါရစာမျက်နှာ ၁၂၂၉-ရှိ။ သမန္တပါသာဒိကာ အမည်ရှိသော ဝိနည်း အဋ္ဌကထာပါဠ်ကို။ လ။ သောဏထေရ် တောင်းပန်၍ ၂၂-ဘာဏဝါရ စာမျက်နှာ ၂၄၆-ရှိ၊ ကင်္ခါဝိတရဏီ အမည်ရှိသော ဒွေမာတိကာ အဋ္ဌကထာပါဠ်ကို။ လ။ စူဠဗုဒ္ဓဃောသထေရ် တောင်းပန်၍ အဘိဓမ္မာ ခုနစ်ကျမ်းအဖွင့် အဋ္ဌကထာပါဠ်တို့ကို စီရင်တော်မူခဲ့၏။ ၎င်းတို့တွင် ဓမ္မသင်္ဂဏီကျမ်းအဖွင့် အဋ္ဌကထာ၌ ၃၉-ဘာဏဝါရ စာမျက်နှာ ၄၀၆ ရှိ၏။ အဋ္ဌသာလိနီဟု အမည်မှည့်၏။ ဝိဘင်းကျမ်းအဖွင့် အဋ္ဌကထာ၌ ၄၁-ဘာဏဝါရ စာမျက်နှာ ၄၅၄-ရှိ၏။ သမ္မောဟ ဝိနောဒနီ အမည်မှည့်၏။ ကြွင်း အထက်ငါးကျမ်း အဋ္ဌကထာကို အမည်မမှည့်ခဲ့၊ ပဉ္စပကြိုဏ် အဋ္ဌကထာပါဠ်ဟု ခေါ်ကြကုန်၏။

ဓာတုကထာ အဋ္ဌကထာ၌ ၂ ဘာဏဝါရ ပုဂ္ဂလပညတ် အဋ္ဌကထာ၌ ၇-ဘာဏဝါရ။ ကထာဝတ္ထုအဋ္ဌကထာ၌ ၁၃-ဘာဏဝါရယမိုက် အဋ္ဌကရာ၌ ၅-ဘာဏဝါရပဋ္ဌာန်း အဋ္ဌကထာ၌ ၁၄-ဘာဏဝါရ ရှိကြကုန်၏။(၎င်းအဋ္ဌကထာတို့ကို စီရင်တော်မူပြီး၍ ဗုဒ္ဓဂယာ မဟာဗောဓိကို ဖူးမြော်ခြင်းငှာ ဇမ္ဗူဒိပ်သို့ကြွတော်မူ၍ အသက်၏အဆုံး၌ တုသိတာနတ်ပြည်၌ နတ်သားဖြစ်၍ မေတ္တေယျ ဘုရားလက်ထက်တော်အခါ၌ "ဗုဒ္ဓဃောသ" အမည်ရှိသော သာဝက မြတ်ဖြစ်၍ ခုနစ်ကြိမ် မေတ္တေယျမြတ်စွာဘုရားက တောဒဂ် ထားတော်မူလတ္တံ့။ ဤမှုသာ "မဟာဝင်သတ္တတိံ သတိမ ပရိစ္ဆေဒ၌ ၃၂-ဂါထာ ဗုဒ္ဓဃောသုပ္ပတ္တိပါဠ်" တို့၌ အစီပွာယ် လာချေသည်။

www.burmeseclassic.com



ပထမအုပ်၌ စာမျက်နှာနံပါတ် ၆၁၇။ ဒုတိယအုပ်၌ စာမျက်နှာနံပါတ် ၆၄၄။ ၂-ရပ်ပေါင်း စာမျက်နှာနံပါတ် ၁၂၆၁၊ မာတိကာဦးရေ ၂၉၅-ရှိ၊ သက္ကရာဇ် ၁၁၃၄-ခုနှစ်က ဒီပဲရင်းမြို့ အနောက်တောင်အရပ်၌ ဇေယဝဓု အမည်ရှိသော မြို့သူကြီး၏ သုံးထပ်ကျောင်း၌ သီက္ခာတော် ၃၈ ဝါရ "သိရိသဒ္ဓမ္မာဘိ လင်္ကာရ" ဆရာတော်ဘုရားကြီး စီရင်တော်မူခဲ့သော "တထာဂတ ဥဒါနဒီပနီကျမ်း" စာအုပ်မျက်နှာ နံပါတ် ၆၂၃-ဒုတိယတွဲ ၁-မှစ၍ မာတိကာ ၁၂၁-၌ (ဗုဒ္ဓါသမင်းလွန်လျှင် ထိုမင်းသား ဥပတိဿ ၄၂-နှစ်မင်းပြု၏။ ဥပတိဿလွန်လျှင် ဥပတိဿညီမဟာနာမ မင်းပြု၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည့် နှစ်မှသည် အနှစ် ၉၄၃-နှစ်မင်းဆက် ၆၆ ဆက်မြောက် မဟာနာမမင်း လက်ထက်ရောက်သောအခါ ဇမ္ဗူဒီပ်၌ မဇ္ဈိမဒေသ၏ အရှေ့တောင် ရာမညတိုင်း မွန်လူမျိုးတို့၏ နေရာ သုဝဏ္ဏဘူမိဖြစ်သော သထုံပြည်၌ မြတ်စွာဘုရား သာသနာ ၂၃၆-နှစ်အခါက သာသနာပြုလာသော အရှင်သောဏ အရှင်ဥတ္တရမထေရ်တို့၏ အနွယ်အဆက်ဖြစ်သော အရှင်ဗုဒ္ဓဃောသ မထေရ်သည် သုဝဏ္ဏဘူမိဖြစ်သော သထုံပြည်မှ သီဟိုဠ်ကျွန်းသို့ သင်္ဘောဖြင့်ကူး၍ သီဟိုဠ်ဘာသာ အက္ခရာဖြင့် ပေ၌ရေးတင်၍ရှိသော ပိဋကတ်သုံးပုံကို မြန်မာအက္ခရာဖြင့် မာဂဓ ဘာသာရေးကူး၍ ရာမညတိုင်း သုဝဏ္ဏဘူမသို့ ဆောင်ခဲ့သတည်း။)

ဟူ၍ ဆိုလေ၏။ ကျမ်းဂန် အထောက်အထား ခိုင်လုံစွာ မရှိ၍ ထိုစကားကို များများကြီး ပညာရှင်တို့ ဆင်ခြင်တော်မူကြပါကုန်။ မြန်မာပြည်က အချို့ဆရာတို့သည် အဋ္ဌကထာ ဆရာတော်ဘုရားကြီး အရှင်မဟာဗုဒ္ဓဃောသထေရ်ကို မွန်တလိုင်းလူမျိုး သထုံသားဟု အခိုင်အမာအားဖြင့် မှတ်သား ပြောကြကုန်၏။ ယိုးဒယားပြည်ကလည်း အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသကို ယိုးဒယားပြည်သား ဖြစ်သည်ဟု အယူရှိကြကြောင်းကို ကြားဖူးရ၏။

သာသနာတော် ၂၄၄၂ ခုနှစ် ခရစ် ၁၈၉၈-ခု ကောဠမ္ဗိုမြို့ ဝိနာလင်္ကာရ စာပုံနှိပ်တိုက်၌ ပုံရိုက်အပ်သော အဘိဓမ္မတ္ထ သင်္ဂဟပ္ပကာသာရနှင့် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာတို့၏ ဝိညတ္တိခေါ်ဝေါ်သော ပါဠိဘာသာ သီဟိုဠ်စာ နိဒါန်း၌ အရှင်မဟာ ဗုဒ္ဓဃောသထေရ်သည် ဒက္ခိဏဇမ္ဗူဒီပိက ဒမိဠ လူမျိုးတို့၏ ထူးသော တေလိင်္ဂဟူ၍ ခေါ်ဝေါ်ခြင်းသို့ရောက်သော အန္ဓက ဗြာဟ္မဏဂေါတ္တဖြစ်ကြောင်း ဗုဒ္ဓဃော သုပ္ပတ္တိ ကထာ ပကရဏ စသည်တို့၌ လာသောအတိုင်း ဥတ္တရဇမ္ဗူဒီပိက မဟုတ်ကြောင်းကို ဝါလုကာ တိတ္ထဂါမိက ပညာနန္ဒထေရ် သီဟိုဠ်ဆရာတော်ဆိုသည်။ ဤနောက်ဆုံးဝါဒပင် နီးစပ်သကဲ့သို့ ထင်ရသည်။

**ဤကား နောက်ထပ် ထည့်သွင်းသောစကားစုတည်း။**

---

www.burmeseclassic.com



# သီဟဠရာဇ နာမ မာလာ

| ဦးရေ | မင်းအမည် | နန်းတက်သာသနာနှစ် | နန်းစံနှစ် | လ |
|---|---|---|---|---|
| ၁။ | ဝိဇယမင်း | ၁ | ၃၈ | |
| ၂။ | ဥပတိဿအမတ်အစရှိ သည်တို့ ဥပတိဿရွာ၌ နိုင်ငံကို အုပ်ထိန်းခြင်း | ၃၉ | ၁ | |
| ၃။ | ပဏ္ဍုဝါသုဒေဝမင်း | ၄၀ | ၃၀ | |
| ၄။ | အဘယမင်း အဘယမင်းနန်းကျ၍ သီဟိုဠ်ကျွန်း၌ မင်းမဲ့သော နှစ်ပေါင်း | ၇၀<br>၉၀ | ၂၀<br>၁၇ | |
| ၅။ | ပဏ္ဍုကာဘယမင်း | ၁၀၇ | ၇၀ | |
| ၆။ | မုဋသိဝမင်း | ၁၇၇ | ၆၀ | |
| ၇။ | ဒေဝါနံပိယတိဿမင်း (မရုပိယတိဿ မင်းလည်း မည်၏) | ၂၃၇ | ၄၀ | |
| ၈။ | ဥတ္တိယမင်း (ဒေဝါနံပိယ တိဿ၏ ညီတော်ရင်းတည်း။) | ၂၇၇ | ၁၀ | |
| ၉။ | မဟာသိဝမင်း ၎င်း | ၂၈၇ | ၁၀ | |
| ၁၀။ | သူရတိဿမင်း ၎င်း | ၂၉၇ | ၁၀ | |
| ၁၁။ | သေနကျည်းမင်း (ဂုတ္တိကကျည်းမင်း) | ၃၀၇ | ၂၂ | |
| ၁၂။ | အသေလမင်း (ဒေဝါနံပိယတိဿမင်း၏ ညီတည်း) | ၃၂၉ | ၁၀ | |
| ၁၃။ | ဧဠာရ ကျည်းမင်း | ၃၃၉ | ၄၄ | |
| ၁၄။ | ဒုဋ္ဌဂါမဏီမင်း | ၃၈၃ | ၂၄ | |
| ၁၅။ | သဒ္ဓါတိဿမင်း | ၄၀၇ | ၁၈ | |
| ၁၆။ | ထုလ္လတ္ထနမင်း | ၄၂၅ | ၀ | ၁–လ |
| ၁၇။ | လဇ္ဇိတိဿမင်း | ၄၂၅ | ၉ | ၈–လ |
| ၁၈။ | ခလ္လာဋနာဂမင်း | ၄၃၄ | ၆ | |
| ၁၉။ | ဝဋ္ဋဂါမဏီမင်း–ပထမအကြိမ် | ၄၄၀ | ၀ | ၅–လ |
| ၂၀။ | ပုလဟတ္ထ ကျည်းမင်း | ၄၄၁ | ၃ | |
| ၂၀။ | ဗာဟိယ ကျည်းမင်း | ၄၄၄ | ၂ | |
| ၂၀။ | ပဏယမာရ ကျည်းမင်း | ၄၄၆ | ၇ | |
| ၂၀။ | ပိလယမာရ ကျည်းမင်း | ၄၅၃ | ၀ | ၇–လ |
| ၂၀။ | ဒါဌိယ ကျည်းမင်း | ၄၅၃ | ၂ | |
| ၂၁။ | ဝဋ္ဋပါမဏီအဘယမင်း (ဒုတိယအကြိမ်) | ၄၅၅ | ၁၂ | |
| ၂၂။ | မဟာစူဠိကမင်း | ၄၆၇ | ၁၄ | |
| ၂၃။ | စောရနာဂမင်း | ၄၈၁ | ၁၂ | |
| ၂၄။ | တိဿမင်း | ၄၉၃ | ၃ | |
| ၂၅။ | သိဝ တံခါးစောင့် | ၄၉၆ | ၁ | ၂–လ |
| ၂၅။ | ဝဋုက | ၄၉၇ | ၁ | ၂–လ |

www.burmeseclassic.com

www.burmeseclassic.com



| ဦးရေ | မင်းအမည် | နန်းတက်သာသနာနှစ် | နန်းစံနှစ် | လ |
|---|---|---|---|---|
| ၂၅။ | ဒါရုဘတိကတိဿ | ၄၉၉ | ၁ | ၁–လ |
| ၂၅။ | နီလိယဗြာဟ္မဏ | ၅၀၀ | ၀ | ၆–လ |
| ၂၅။ | အနုဠာဒေဝီ | ၅၀၀ | ၀ | ၄–လ |
| ၂၆။ | ကာလကဏ္ဏိတိဿ | ၅၀၁ | ၂၂ | |
| ၂၇။ | ဘာတိကာဘယတိဿ | ၅၂၃ | ၂၈ | |
| ၂၈။ | မဟာဒါဋ္ဌိမဟာနာဂ | ၅၅၁ | ၁၂ | |
| ၂၉။ | အာမဏ္ဍဂါမဏိအဘယ | ၅၆၃ | ၉ | ၈–လ |
| ၃၀။ | ကဏိရဇာနုတိဿ | ၅၇၂ | ၃ | |
| ၃၁။ | စူဠာဘယမင်း | ၅၇၅ | ၁ | |
| ၃၂။ | သီဝလိမင်းသမီး (လမ္ဗကဏ္ဏခေါ်သော နားရှည် | ၅၇၆ | | ၄–လ |
| | လူမျိုးတို့ကြောင့် မင်းသုံးနှစ်ဆိတ်ခြင်း) | ၅၇၇ | ၃ | |
| ၃၃။ | ဣလနာဂမင်း | ၅၈၀ | ၆ | |
| ၃၄။ | စန္ဒမုခမင်း | ၅၈၆ | ၈ | ၇–လ |
| ၃၅။ | ယသလာလကတိဿမင်း | ၅၉၄ | ၇ | ၈–လ |
| ၃၆။ | သုဘတံခါးစောင့်မင်း | ၆၀၂ | ၆ | |
| ၃၇။ | ဝသဘမင်း နားရှည်လူမျိုး | ၆၀၈ | ၄၄ | |
| ၃၈။ | ဝင်္ကနာသိကတိဿမင်း | ၆၅၂ | ၃ | |
| ၃၉။ | ဂဇဗာဟုဂါမဏိမင်း | ၆၅၅ | ၂၂ | |
| ၄၀။ | မဟလ္လကနာဂမင်း | ၆၇၇ | ၆ | |
| ၄၁။ | ဘာတိကတိဿမင်း | ၆၈၃ | ၂၄ | |
| ၄၂။ | (ဒုတိယ) ကနိဋ္ဌတိဿမင်း | ၇၀၇ | ၂၈ | |
| ၄၃။ | စူဠနာဂမင်း | ၇၃၅ | ၂ | |
| ၄၄။ | ကုဍ္ဍနာဂမင်း | ၇၃၇ | ၁ | |
| ၄၅။ | သိရိနာဂမင်း | ၇၃၈ | ၁၉ | |
| ၄၆။ | ဝေါဟာရကတိဿမင်း | ၇၅၇ | ၂၂ | |
| ၄၇။ | အဘယတိဿမင်း | ၇၇၉ | ၈ | |
| ၄၈။ | (ဒုတိယ) သိရိနာဂမင်း | ၇၈၇ | ၂ | |
| ၄၉။ | (ဒုတိယ) ဝိဇယမင်း | ၇၈၉ | ၁ | |
| ၅၀။ | သင်္ဃတိဿမင်း | ၇၉၀ | ၄ | |
| ၅၁။ | သိရိသင်္ဃဗောဓိမင်း | ၉၄၇ | ၂ | |
| ၅၂။ | ဂေါဌာဘယမင်း (မေဃဝဏ္ဏာဘယ မင်းလည်းခေါ်သည်။) | ၇၉၆ | ၁၃ | |
| ၅၃။ | ဇေဋ္ဌတိဿမင်း | ၈၀၉ | ၁၀ | |
| ၅၄။ | မဟာသေနမင်း (၎င်းမင်းတွင် မဟာဝင် ၃၆–ပိုင်းနှင့် ဂါထာ ၅၀–ဆုံးသည်) | ၈၁၉ | ၂၇ | |

www.burmeseclassic.com

www.burmeseclassic.com



| ဦးရေ | မင်းအမည် | နန်းတက်သာသနာနှစ် | နန်းစံနှစ် | လ |
|---|---|---|---|---|
| ၅၅။ | သိရိမေဃဝဏ္ဏမင်း (ကိတ္တိသိရိမေဃမင်း) လည်းခေါ်၏။ ထိုမင်းနန်းစံ ၉ နှစ်တွင် လက်ဝဲအောက်စွယ်တော် ဒန္တပုရမြို့မှ သီဟိုဠ်သို့ရောက်သည်) | ၈၄၆ | ၂၈ | |
| ၅၆။ | (ဒုတိယ) ဇေဋ္ဌတိဿမင်း | ၈၇၄ | ၉ | |
| ၅၇။ | ဗုဒ္ဓဒါသမင်း | ၈၈၃ | ၂၉ | |
| ၅၈။ | (ဒုတိယ) ဥပတိဿမင်း | ၉၁၂ | ၄၂ | |
| ၅၉။ | မဟာနာမမင်း (သိရိပါလမင်းဟု ဝိနည်းအဋ္ဌကထာ နိဂုံး၌ ဆိုသည်။) | ၉၅၄ | ၂၂ | |
| ၆၀။ | သောတ္ထိသေနမင်း | ၉၇၆ | ၀ | ၁–ရက် |
| ၆၁။ | ဆတ္တဂါဟကမင်း | ၉၇၆ | ၁ | |
| ၆၂။ | မိတ္တသေနအမည်ရှိသော ဝိဟိစောရမင်း | ၉၇၇ | ၁ | |
| ၆၃။ | ပဏ္ဍုကျည်းမင်း | ၉၇၈ | ၅ | |
| ၆၄။ | ပါရိန္ဒကျည်းမင်း | ၉၈၃ | ၃ | |
| ၆၅။ | ခုဒ္ဒပါရိန္ဒကျည်းမင်း | ၉၈၆ | ၁၆ | |
| ၆၆။ | တိရိတရကျည်းမင်း | ၁၀၀၂ | ၀ | ၂–လ |
| ၆၇။ | ဒါဌိယကျည်းမင်း | ၁၀၀၂ | ၃ | |
| ၆၈။ | ပိဋ္ဌိယကျည်းမင်း | ၁၀၀၅ | ၀ | ၇–လ |
| ၆၉။ | ဓာတုသေနမင်း | ၁၀၀၆ | ၁၈ | |
| ၇၀။ | ကဿပမင်း | ၁၀၂၄ | ၁၈ | |
| ၇၁။ | မောဂ္ဂလ္လာနမင်း | ၁၀၄၂ | ၁၈ | |
| ၇၂။ | ကုမာရဓာတုသေနမင်း | ၁၀၆၀ | ၉ | |
| ၇၃။ | ကိတ္တိသေနမင်း | ၁၀၆၉ | ၀ | ၉–လ |
| ၇၄။ | သိဝမင်း | ၁၀၆၉ | ၀ | ၂၅–ရက် |
| ၇၅။ | (တတိယ) ဥပတိဿမင်း | ၁၀၆၉ | ၁ | ၆–လ |
| ၇၆။ | အမ္ဗသာမဏေရသိလာကာလမင်း | ၁၀၇၁ | ၁၃ | |
| ၇၇။ | ဒါဌပ္ပဘုတိကမင်း | ၁၀၈၄ | ၀ | ၆–လ ၆–ရက် |
| ၇၈။ | ဇူဠမောဂ္ဂလ္လာနမင်း | ၁၀၈၄ | ၂၀ | |
| ၇၉။ | ကိတ္တိသိရိမေဃမင်း | ၁၁၀၄ | ၀ | ၁၉–ရက် |
| ၈၀။ | မဟာနာဂမင်း | ၁၁၀၄ | ၃ | |
| ၈၁။ | အဂ္ဂဗောဓိမင်း (သိရိသင်္ဃ ဗောဓိမင်းဟု ဇူဠနိဒ္ဒေသဋ္ဌကထာနိဂုံး၌ ဆိုသည်။) | ၁၁၀၇ | ၃၄ | |
| ၈၂။ | ခုဒ္ဒဂ္ဂဗောဓိမင်း | ၁၁၄၁ | ၁၀ | |
| ၈၃။ | အသိဂ္ဂါဟသင်္ဃတိဿမင်း နန်းစံနှစ်ကို မဟာဝင်၌မပြ ဖြစ်ရာ၏ | ၁၁၅၁ | | |
| ၈၄။ | (ဒလ္လ) မောဂ္ဂလ္လာနမင်း | ၁၁၅၂ | ၆ | |

www.burmeseclassic.com

www.burmeseclassic.com



| ဦးရေ | မင်းအမည် | နန်းတက်သာသနာနှစ် | နန်းစံနှစ် | လ |
|---|---|---|---|---|
| ၈၅။ | အသိဂ္ဂါဟာသိလာ မေဃဝဏ္ဏမင်း | ၁၁၅၈ | ၉ | |
| ၈၆။ | (ဒုတိယ) အဂ္ဂဗောဓိမင်း၊ သိရိသင်္ဃဗောဓိလည်းတွင်၏။ | ၁၁၆၇ | ၀ | ၆-လ |
| ၈၇။ | ဓေဋ္ဌတိဿမင်း | ၁၁၆၇ | ၀ | ၅-လ |
| ၈၈။ | (ဒုတိယ) အဂ္ဂဗောဓိမင်း (ဒုတိယအကြိမ် သိရိသင်္ဃ ဗောဓိမင်းလည်းတွင်သည်။) | ၁၁၆၇ | ၁၆ | |
| ၈၉။ | ဒါဌောပတိဿမင်း | ၁၁၈၃ | ၁၂ | |
| ၉၀။ | (ဒုတိယ) ကဿပမင်း | ၁၁၉၅ | ၉ | |
| ၉၁။ | ဒပ္ပုလမင်း*အချို့ပေစာ၌ ၇ နှစ်ဟုရှိသည်။ | ၁၂၀၄ | *၃ | |
| ၉၂။ | ဟတ္ထဒါဌမင်း (ဒါဌောပမင်းလည်း ခေါ်သည်) | ၁၂၀၇ | ၉ | |
| ၉၃။ | (တတိယ) အဂ္ဂဗောဓိမင်း (သိရိသင်္ဃဗောဓိဟူ၍လည်း ကျော်စောသည်။) | ၁၂၁၆ | ၁၆ | |
| ၉၄။ | ဓနပိဋ္ဌိကမင်း (ဒတ္တမင်းလည်း ခေါ်သည်။) | ၁၂၃၂ | ၂ | |
| ၉၅။ | ဥဏှာနာဂရိကမင်း (ဟတ္ထဒါဌမင်းလည်း ခေါ်သည်။) | ၁၂၃၄ | ၀ | ၆-လ |
| ၉၆။ | မာဏဝမ္မမင်း (ဤမင်းနန်းစံနှစ် ၆-နှစ်ဟူ၍ အချို့ သိဟိုဠ်မှုရှိသည်။) | ၁၂၃၅ | ၃၅ | |
| ၉၇။ | (စတုတ္ထ) အဂ္ဂဗောဓိမင်း | ၁၂၇၀ | ၆ | |
| ၉၈။ | (တတိယ) ကဿပမင်း (ဤမင်း၌ နန်းစံနှစ်ယုံမှားဖွယ်ရှိသည်။) | ၁၂၇၆ | *၆ | |
| ၉၉။ | မဟိန္ဒမင်း | ၁၂၈၂ | ၃ | |
| ၁၀၀။ | အဂ္ဂဗောဓိသိလာမေဃမင်း | ၁၂၈၅ | ၄၀ | |
| ၁၀၁။ | (ဒုတိယ) ခုဒ္ဒဂ္ဂဗောဓိမင်း | ၁၃၂၅ | ၆ | |

www.burmeseclassic.com